# ဖားအောက်တောရဆရာတော်

## နာထသုတ္တန်တရားဒေသနာတော်



www.shwehinthar.com



©shwehinthar.com

*သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊*

*သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။*

*သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊*

*တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။*

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။
အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။
မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။
ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

*စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။*

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်
အခွန့်ရှည်စွာ တည်ပါစေသတည်း။
သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

# “ဓမ္မဒါန”

**ဓမ္မဒါနအဖြစ် အသုံးပြုရန်အတွက်သာ ဖြစ်သည်။**


©shwehinthar.com

# “ကိုးကွယ်အားထားရာ”

## . . ဟူသည်

## (နာထသုတ္တန်တရားဒေသနာတော်)

ဖားအောက်တောရဆရာတော်



**မှီခိုအားထားရာကို ပြုပေးတတ်သော နာထတရား (၁၀) ပါး**

- ♦ **သီလရှိခြင်း**
- ♦ **ဗဟုသုတရှိခြင်း**
- ♦ **ကလျာဏမိတ္တရှိခြင်း**
- ♦ **ဆုံးမလွယ်ကူခြင်း**
- ♦ **ကူညီရိုင်းပင်းမှုရှိခြင်း**
- ♦ **တရားကို မြတ်နိုးခြင်း**
- ♦ **လုံ့လဝီရိယရှိခြင်း**
- ♦ **ရောင့်ရဲလွယ်ခြင်း**
- ♦ **သတိရှိခြင်း**
- ♦ **ဝိပဿနာပညာ မဂ်ပညာနှင့် ပြည့်စုံခြင်း**


©shwehinthar.com

## ပြုံးပြုံးကလေးနှင့် သေနိုင်အောင်

■ နာထတရား (၁၀)ပါးလုံးနှင့် ပြည့်စုံအောင်
ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို
အပတ်တကုတ် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်သဖြင့်
အောက်ထစ်ဆုံးအားဖြင့်
ယုံမှားမှု ဝိစိကိစ္ဆာတရားကို အကြွင်းမဲ့ ပယ်ရှားနိုင်သည့်
သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်အောင် ,
ထို့ထက်အလွန် ကျင့်နိုင်သဖြင့် . .
သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်,
အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်အောင်
ဆိုက်ရောက်ပြီးသူတို့ကား . .
ရတနာ သုံးတန်, ကံ-ကံ၏အကျိုးတရား စသည်တို့အပေါ်၌
လုံးဝ သံသယ မရှိဘဲ သေခါနီးကာလဝယ်
ပြုံးပြုံးကလေးနှင့် ဘဝကို အဆုံးသတ်နိုင်သူတို့ **ဖြစ်ကြ၏။**

■ မိမိကိုယ်ကို မိမိ
ချစ်မြတ်နိုးသူတိုင်း သနားကြင်နာသူတိုင်းသည်
ဤကဲ့သို့ . .
ပြုံးပြုံးကလေးနှင့် သေနိုင်အောင် စွမ်းဆောင်ပေးနိုင်သည့်
စွမ်းအင် အပြည့်အဝရှိသော
နာထတရား (၁၀)ပါးတို့ကို
မအိုမီ မနာမီ မသေမီ (အချိန်မီ . .)
မိမိသန္တာန်၌ပြည့်စုံလာအောင်
ကြိုးစားအားထုတ်ထားသင့်ပေသည်။

(နိဒါနကထာ၊ စာမျက်နှာ-န။)


©shwehinthar.com

## နိဒါနကထာ – အကြောင်းပြစာတမ်းလွှာ

တစ်ချိန် ဗိမ္ဗိသာရမင်းကြီး၏ မင်းဆရာဖြစ်သော ဇာဏုသောဏိပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်စကား ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တစ်ခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏။

အရှင်ဂေါတမ. . . “သေခြင်းသဘောရှိသည် ဖြစ်ပါလျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သော သူမည်သည် မရှိနိုင်”ဟု တပည့်တော်သည် ဤသို့ ဝါဒ ရှိပါသည်၊ ဤသို့ အယူ ရှိပါသည် – ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က အောက်ပါအတိုင်း ရှင်းလင်း မိန့်ကြားတော်မူ၏။

ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ ရောက်သော သူလည်း ရှိ၏၊ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သော သူလည်း ရှိ၏။

ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် အဘယ်နည်း?

ဒါယကာတော် ပုဏ္ဏား . . . ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ မကင်းသော တပ်မက်မှု (= ရာဂ) ရှိ၏၊ မကင်းသော လိုလား တောင့်တမှု (= ဆန္ဒ) ရှိ၏၊ မကင်းသော ချစ်မြတ်နိုးခြင်း (= ပေမ) ရှိ၏၊ မကင်းသော မွတ်သိပ် ဆာလောင်ခြင်း (= ပိပါသ) ရှိ၏၊ မကင်းသော ပူပန်ခြင်း (= ပရိဠာဟ) ရှိ၏၊ မကင်းသော တွယ်တာမှု (= တဏှာ) ရှိ၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက်လာ၏။ သေလောက်သော ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား “ချစ်ခင်မြတ်နိုးဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ဧကန် စွန့်ခွာသွားကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်မြတ်နိုးဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ခွာသွားရပေတော့အံ့”ဟု စိတ်အကြံ ဖြစ်၏။ ထိုသူသည် စိုးရိမ် ပူဆွေး၏၊ စိတ် ပင်ပန်း နွမ်းနယ်၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘော ရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် ဤသူပင်တည်း။ (၁)

ဒါယကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား – ဤလောက၌ အချို့သောသူသည် မိမိ၏ခန္ဓာကိုယ်၌ မကင်းသော တပ်မက်မှု (= ရာဂ)ရှိ၏၊ မကင်းသော လိုလားတောင့်တမှု (= ဆန္ဒ) ရှိ၏၊ မကင်းသော ချစ်ခင်မြတ်နိုးခြင်း (= ပေမ) ရှိ၏၊ မကင်းသော မွတ်သိပ်ခြင်း (= ပိပါသ) ရှိ၏၊ မကင်းသော ပူပန်ခြင်း (= ပရိဠာဟ) ရှိ၏၊ မကင်းသော တွယ်တာမှု (= တဏှာ) ရှိ၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက်လာ၏။ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား “ချစ်ခင်မြတ်နိုးဖွယ်ရာ ငါ၏ ခန္ဓာကိုယ်သည် ငါ့ကို ဧကန် စွန့်ခွာသွားလိမ့်မည်၊ ငါသည်လည်း ချစ်ခင်မြတ်နိုးဖွယ်ရာ ငါ၏ ခန္ဓာကိုယ်ကို စွန့်ခွာသွားရပေတော့အံ့”ဟု စိတ်အကြံ ဖြစ်၏။ ထိုသူသည် စိုးရိမ် ပူဆွေး၏၊ စိတ် ပင်ပန်း နွမ်းနယ်၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘော ရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ရောက်သော သူဟူသည် ဤသူပင်တည်း။ (၂)

ဒါယကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား – ဤလောက၌ အချို့သောသူသည် အားကိုးထိုက်သည့် ကောင်းမှုကို မပြုလုပ်ရသေး ဖြစ်နေ ၏၊ အားကိုးထိုက်သည့် ကုသိုလ်ကို မပြုစု မပျိုးထောင်ရသေး ဖြစ်နေ၏၊ ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေး ကုသိုလ်ကို မဆည်းပူးရသေး ဖြစ်နေ၏၊ မကောင်းမှုကိုကား ပြုပြီး ဖြစ်နေ၏၊ ရက်စက် ကြမ်းကြုတ်မှုကိုကား ပြုပြီး ဖြစ်နေ၏၊ ညစ်နွမ်းမှု (= အကုသိုလ်)ကိုကား ပြုပြီး ဖြစ်နေ၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက် လာ၏၊ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက် သူအား – “ငါသည် အားကိုးထိုက်သည့် ကောင်းမှုကို မပြုမိလေစွတကား၊


©shwehinthar.com

အားကိုးထိုက်သည့် ကုသိုလ်ကို မပြုမိလေစွတကား၊ ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေး ကုသိုလ်ကို မပြုမိလေစွတကား၊ မကောင်းမှုကို ပြုမိခဲ့ပြီတကား၊ ရက်စက် ကြမ်းကြုတ်မှုကို ပြုမိခဲ့ပြီတကား၊ ညစ်နွမ်းမှု (= အကုသိုလ်)ကို ပြုမိခဲ့ပြီတကား။ အချင်းတို့ . . . အားကိုးထိုက်သည့် ကောင်းမှုကို မပြုရသေးသော, အားကိုးထိုက်သည့် ကုသိုလ်ကို မပြုရသေး သော, ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကို မပြုရသေးသော, မကောင်းမှုကို ပြုပြီးဖြစ်နေသော, ရက်စက်ကြမ်းကြုတ်မှုကို ပြုပြီးဖြစ်နေသော, ညစ်နွမ်းမှု (= အကုသိုလ်)ကို ပြုပြီး ဖြစ်နေသော ပုဂ္ဂိုလ်တို့၏ လားရောက်ရာ ဒုဂ္ဂတိသို့ ဘဝနောင်ခါ ငါ လားရောက်ရပေတော့အံ့တကား" — ဟု ဤသို့ စိတ်အကြံ ဖြစ်၏။ ထိုသူသည် စိုးရိမ် ပူဆွေး၏၊ စိတ် ပင်ပန်း နွမ်းနယ်၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် ဤသူပင်တည်း။ (၃)

ဒါယကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား --- ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ ယုံမှား၏၊ မဝေခွဲနိုင်၊ ဆုံးဖြတ် ချက် ချခြင်းသို့ မရောက်နိုင်။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက်လာ၏။ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား "စင်စစ် ငါသည် သူတော်ကောင်းတရား၌ ယုံမှားခဲ့စွတကား၊ မဝေခွဲနိုင်ခဲ့စွတကား၊ မဆုံးဖြတ်နိုင်ခဲ့စွတကား"ဟု ဤသို့ စိတ်အကြံ ဖြစ်၏။ ထိုသူသည် စိုးရိမ် ပူဆွေး၏၊ စိတ် ပင်ပန်း နွမ်းနယ်၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘော ရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ ရောက်သော သူဟူသည် ဤသူပင်တည်း။ (၄)

ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော, ထိတ်လန့်ခြင်းသို့ ရောက်သော သူတို့သည် ဤ (၄)မျိုးတို့တည်း။

ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သော သူဟူသည် အဘယ်နည်း?

ဒါယကာတော် ပုဏ္ဏား . . . ဤလောက၌ အချို့သောသူသည် . . ကာမဂုဏ်တို့၌ တပ်မက်မှု (= ရာဂ) ကင်း၏၊ လိုလားတောင့်တမှု (= ဆန္ဒ) ကင်း၏၊ ချစ်မြတ်နိုးခြင်း (= ပေမ) ကင်း၏၊ မွတ်သိပ်ခြင်း (= ပိပါသ) ကင်း၏၊ ပူပန်ခြင်း (= ပရိဠာဟ) ကင်း၏၊ တွယ်တာမှု (= တဏှာ) ကင်း၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက် လာ၏။ ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား "ချစ်ခင်မြတ်နိုးဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ဧကန် စွန့်ခွာသွားကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင် မြတ်နိုးဖွယ်ရာ ကာမ-ဂုဏ်တို့ကို စွန့်ခွာသွားရပေတော့ အံ့"ဟု စိတ်အကြံ မဖြစ်။ ထိုသူသည် မစိုးရိမ် မပူဆွေး၊ စိတ် မပင်ပန်း မနွမ်းနယ်၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်း-သဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သော သူဟူသည် ဤသူပင်တည်း။ (၁)

ဒါယကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား — ဤလောက၌ အချို့သောသူသည် မိမိခန္ဓာကိုယ်၌ တပ်မက်မှု (= ရာဂ) ကင်း၏၊ လိုလားတောင့်တမှု (= ဆန္ဒ) ကင်း၏၊ ချစ်မြတ်နိုးခြင်း (= ပေမ) ကင်း၏၊ မွတ်သိပ်ခြင်း (= ပိပါသ) ကင်း၏၊ ပူပန်ခြင်း (= ပရိဠာဟ) ကင်း၏၊ တွယ်တာမှု (= တဏှာ) ကင်း၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး သည် ကျရောက်လာ၏။ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား "ချစ်ခင်မြတ်နိုးဖွယ်ရာ ငါ၏ခန္ဓာကိုယ်သည် ငါ့ကို ဧကန် စွန့်ခွာသွားလိမ့်မည်၊ ငါသည်လည်း ချစ်ခင်မြတ်နိုးဖွယ်ရာ ခန္ဓာကိုယ်ကို စွန့်ခွာသွားရပေတော့အံ့"ဟု ဤသို့ စိတ်အကြံ မဖြစ်။ ထိုသူ သည် မစိုးရိမ် မပူဆွေး၊ စိတ် မပင်ပန်း မနွမ်းနယ်၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော, ထိတ်လန့် ခြင်းသို့ မရောက်သော သူဟူသည် ဤသူပင်တည်း။ (၂)


©shwehinthar.com

ဒါယကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား — ဤလောက၌ အချို့သောသူသည် မကောင်းမှုကို မပြု၊ ရက်စက်ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှု (= အကုသိုလ်)ကို မပြု၊ အားကိုးထိုက်သည့် ကောင်းမှုကို ပြုပြီး ဖြစ်၏၊ အားကိုးထိုက်သည့် ကုသိုလ်ကို ပြုပြီး ဖြစ်၏။ ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကို ပြုပြီး ဖြစ်၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက်လာ၏။ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား "ငါသည် မကောင်းမှုကို မပြုမိခဲ့စွတကား၊ ရက်စက်ကြမ်းကြုတ်မှုကို မပြုမိခဲ့စွတကား၊ ညစ်နွမ်းမှု (= အကုသိုလ်)ကို မပြုမိခဲ့စွတကား၊ အားကိုးထိုက်သည့် ကောင်းမှု ကို ပြုပြီး ဖြစ်ပေ၏၊ အားကိုးထိုက်သည့် ကုသိုလ်ကို ပြုပြီးဖြစ်ပေ၏၊ ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကို ပြုပြီး ဖြစ်ပေ၏။ အချင်းတို့ . . . စင်စစ် မကောင်းမှုကို မပြုမိသော, ရက်စက်ကြမ်းကြုတ်မှုကို မပြုမိသော, ညစ်နွမ်းမှု (= အကုသိုလ်)ကို မပြုမိသော, အားကိုးထိုက်သည့် ကောင်းမှုကို ပြုပြီးဖြစ်သော, အားကိုးထိုက်သည့် ကုသိုလ်ကို ပြုပြီးဖြစ်သော, ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကို ပြုပြီးဖြစ်သော သူတို့၏ လားရောက် ရာ သုဂတိဘုံဘဝသို့ ဘဝနောင်ခါ ငါ လားရောက်ရပေတော့အံ့တကား" ဟု ဤသို့ စိတ်အကြံ ဖြစ်၏။ ထိုသူသည် မစိုးရိမ် မပူဆွေး၊ စိတ် မပင်ပန်း မနွမ်းနယ်၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သော သူဟူသည် ဤသူပင်တည်း။ (၃)

ဒါယကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား — ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ ယုံမှားမှု မရှိ၊ ဝေခွဲနိုင်၏၊ ဆုံးဖြတ်ချက် ချနိုင်၏။ ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုးသည် ကျရောက်လာ၏။ (သေလောက်သော) ပြင်းပြသော ရောဂါ အနာ တစ်မျိုးမျိုး ကျရောက်သူအား "ငါသည် စင်စစ် သူတော်ကောင်း တရား၌ ယုံမှားမှု မရှိ၊ ဝေခွဲနိုင်၏၊ ဆုံးဖြတ်ချက် ချနိုင်၏"ဟု ဤသို့ စိတ်အကြံ ဖြစ်၏။ ထိုသူသည် မစိုးရိမ် မပူဆွေး၊ စိတ် မပင်ပန်း မနွမ်းနယ်၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ဒါယကာ တော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက် သော, ထိတ်လန့်ခြင်းသို့ မရောက်သော သူဟူသည် ဤသူပင်တည်း။ (၄)

ဒါယကာတော် ပုဏ္ဏား . . . သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သောသူတို့သည် ဤ (၄)မျိုးတို့တည်း – ဟု မိန့်တော်မူ၏။ (အံ၊၁၊၄၉၃-၄၉၅။)

ဤကား အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်၌ လာရှိသော **အဘယသုတ္တန်** ဖြစ်ပါသည်။ ဤသုတ္တန်တွင် သေခြင်းမှ ကြောက်ရွံ့ ထိတ်လန့်သူ ပုဂ္ဂိုလ် (၄)မျိုး, မကြောက်ရွံ့ မထိတ်လန့်သူ ပုဂ္ဂိုလ် (၄)မျိုး — ပေါင်း ပုဂ္ဂိုလ် (၈)မျိုးတို့ကို ခွဲခြားဝေဖန်၍ ဟောကြားထားတော်မူ၏။

ထိုတွင် ပထမအုပ်စု ပုဂ္ဂိုလ် (၄)မျိုးတို့ကား ကိုးကွယ်အားထားရမည့် နာထတရား ထင်ရှား မရှိကြသည့်အတွက် ငိုပွဲဆင်ကာ **"မဲ့သေ" သေရသည့်** ပုဂ္ဂိုလ် (၄)မျိုးတို့ ဖြစ်ကြ၏။ ဒုတိယအုပ်စု ပုဂ္ဂိုလ်လေးမျိုးတို့ကား ကိုးကွယ် အားထားရမည့် နာထတရား ထင်ရှား ရှိကြသည့်အတွက် **"ပြုံးသေ" သေရသည့်** ပုဂ္ဂိုလ် (၄)မျိုးတို့ ဖြစ်ကြ၏။

ပထမအုပ်စု "မဲ့သေ"သေရသည့်ပုဂ္ဂိုလ် (၄)မျိုးတို့တွင် နံပါတ် (၁) ပုဂ္ဂိုလ် ကား မိမိပိုင်ဆိုင်သည့် သက်ရှိသက်မဲ့ ကာမဝတ္ထုအစုစုတို့ အပေါ်၌ မခွဲရက် မခွာနိုင်အောင် တွယ်တာမက်မောမှု အားကြီးသော ပုဂ္ဂိုလ်ဖြစ်၏။ နံပါတ် (၂) ပုဂ္ဂိုလ်ကား မိမိ ခန္ဓာကိုယ်ကို မှန်တကြည့်ကြည့်ဖြင့် အလွန်မက်မောသူ ဖြစ်၏။ မခွဲရက် မခွာနိုင်သူ မခွဲရက် မခွာချင်သူ ဖြစ်၏။ တကယ်တမ်း ခွဲရတော့မည့်အခါ၌ အလွန် စိတ်ထိခိုက်ကာ ငိုပွဲဆင်ကာ သေပွဲဝင်ရသူတို့ ဖြစ်ကြ၏။ နံပါတ် (၃) ပုဂ္ဂိုလ်ကား မကောင်းမှု အကုသိုလ် ဒုစရိုက်တွေကို လက်သွက်သွက်ဖြင့် စုဆောင်း ရှာဖွေထားပြီးသူ ဖြစ်၏။ သေခါနီးကာလဝယ် ထိုအကုသိုလ်ကံတို့၏ စွမ်းအင်ကြောင့် ဒုဂ္ဂတိဘုံဘဝသို့ သွားရတော့မည့် မကောင်းသည့် အာရုံနိမိတ်တို့သည် — ညနေချမ်းအခါ တောင်၏ အရှေ့ဘက်ခြမ်း၌ တောင်အရိပ်တို့သည် တွဲလောင်းကျနေသကဲ့သို့ — ထိုသူ၏ သန္တာန်ဝယ် တွဲလဲဆွဲနေကြကုန်၏။ ထိုမကောင်းသည့် အာရုံနိမိတ်တို့ကို တွန်းဖယ်၍ မရနိုင်တော့ဘဲ ငိုပွဲဆင်ကာ သေပွဲဝင်ရသူ ဖြစ်၏။ ဤကျမ်းစာ စာမျက်နှာ (၂၉)စသည်တို့၌ တင်ပြထားသော လက္ခဏာသံယုတ်၌


©shwehinthar.com

လာရှိ သော ပြိတ္တာတို့ကဲ့သို့ သေခါနီးကာလဝယ် မကောင်းသည့် အာရုံနိမိတ်တို့ ထင်လာသူများ ဖြစ်ကြ၏။ နံပါတ် (၄) ပုဂ္ဂိုလ်ကား — ဘုရား, တရား, သံဃာ, သိက္ခာသုံးရပ် အကျင့်မြတ်, သံသရာ၏ ရှေ့အစွန်း (= အတိတ်ဘဝ), သံသရာ၏ နောက်အစွန်း (= အနာဂတ်ဘဝ), သံသရာ၏ရှေ့အစွန်း နောက် အစွန်း (= အတိတ် အနာဂတ်ဘဝ), ကြောင်းကျိုး ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရား — ဤ (၈)ဌာနတည်းဟူသော ယုံကြည်ထိုက်သည့် သူတော်ကောင်းတရားတို့၌ ယုံမှားသံသယ ရှိနေ၏၊ သင်သိ ကျင့်သိတို့ဖြင့် ပိုင်ပိုင်နိုင်နိုင် "မှန်ကန်ပါသည်"ဟု ဆုံးဖြတ်ချက် မချနိုင်သူ ဖြစ်၏။ သေခါနီး ကာလ အားကိုးဆုပ်ကိုင်ရမည့် တရား မရှိသဖြင့် တရားလက်လွတ်ကာ ငိုပွဲ ဆင်၍ သေပွဲဝင်ရသူပင် ဖြစ်၏။ ဤပုဂ္ဂိုလ် (၄)မျိုးတို့ကား ကိုးကွယ်အားထား ရမည့် နာထတရား ထင်ရှား မရှိဘဲ သေကျေပျက်စီးရသူတို့ ဖြစ်ကြ၏။

တစ်ဖန် ဒုတိယအုပ်စု **"ပြုံးသေ" သေရသည့်** ပုဂ္ဂိုလ် (၄)မျိုးတို့တွင် နံပါတ် (၁) ပုဂ္ဂိုလ်ကား မိမိပိုင်ဆိုင်သည့် သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌၊ နံပါတ် (၂) ပုဂ္ဂိုလ်ကား မိမိခန္ဓာကိုယ်အပေါ်၌ တပ်မက်တွယ်တာမှု မရှိဘဲ သေကျေပျက်စီးရသူတို့တည်း။ ထိုပုဂ္ဂိုလ်တို့သည် ယင်းရာဂ ဦးဆောင်သည့် အကုသိုလ်တရားတို့ကို —

၁။ တဒင်္ဂပဟာန်
၂။ ဝိက္ခမ္ဘနပဟာန်
၃။ သမုစ္ဆေဒပဟာန် –

ဟူသော ပဟာန် သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပယ်ရှားထားနိုင်သူတို့ ဖြစ်ကြ၏။

ဝိပဿနာဘာဝနာသည် ကိလေသာတို့ကို တဒင်္ဂအားဖြင့် ပယ်ရှားနိုင်၏၊ ဝိပဿနာဘာဝနာကို စီးဖြန်းနေခိုက် ကွယ်လွန်သွားခဲ့လျှင် ယင်းဝိပဿနာက ရာဂနှင့်တကွသော ကိလေသာကို တဒင်္ဂအားဖြင့် ပယ်ရှားထားသဖြင့် ထို အချိန်အခါတွင် မိမိ ပိုင်ဆိုင်သည့် သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုအပေါ်၌ လည်းကောင်း, မိမိ ခန္ဓာကိုယ်အပေါ်၌လည်းကောင်း တွယ်တာမက်မောမှု မရှိဘဲ ဘဝကို အဆုံးသတ်နိုင်သဖြင့် ပြုံးပြုံးကလေးနှင့် သေရသူ တစ်ဦး ဖြစ်၏။

ဈာန်သမာပတ်များကလည်း ရာဂနှင့် တကွသော ကိလေသာတို့ကို ခပ် ကြာကြာ ခွာထားနိုင်သဖြင့် ဈာန်ကို ဝင်စားကာ ဘဝကို အဆုံးသတ်နိုင်လျှင် လည်း ပြုံးပြုံးကလေးနှင့်ပင် သေနိုင်သူ ဖြစ်၏။

အရိယမဂ်ဉာဏ်တို့ကား ဆိုင်ရာ ဆိုင်ရာ ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်ရှားနိုင်သဖြင့် အကယ်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်အထိ ဆိုက်ရောက်သူ ဖြစ်ခဲ့ပါမူ ထိုသူတော်ကောင်းကား တွယ်တာမက်မောမှု အားလုံး ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းပြီးဖြစ်သဖြင့် အပြုံးကြီးပြုံးကာ ဘဝကို သို့မဟုတ် သံသရာခရီးကို အဆုံးသတ်နိုင်သည့်သူပင် ဖြစ်ပေသည်။

တတိယမြောက်ပုဂ္ဂိုလ်ကား မကောင်းမှုဟူသမျှမှ ဝေးစွာ ရှောင်၍ ကိုးကွယ်အားထားရမည့် ကုသိုလ်တရား (= နာထတရား)တို့ကို အောင်အောင် မြင်မြင် ဆည်းပူးစုဆောင်းထားပြီးသူ ဖြစ်၏။ အားကိုးထိုက်သည့် ကိုးကွယ် အားထားရမည့် နာထတရားတွေ ထင်ရှား ရှိနေသည့်အတွက် သေခါနီး ကာလဝယ် ကောင်းသည့်အာရုံနိမိတ်တို့သာ ထင်လာကြသဖြင့် ပြုံးပြုံးကလေး နှင့် ဘဝကို အဆုံးသတ်နိုင်သူ ဖြစ်၏။

စတုတ္ထပုဂ္ဂိုလ်ကား အောက်ထစ်ဆုံးအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိရေးအတွက် ဆရာသမားတို့အထံ၌ ရှေးဦးစွာ ဒုက္ခသစ္စာ အမည်ရသည့် ရုပ်တရား နာမ်တရား, သမုဒယသစ္စာ အမည် ရသည့် အကြောင်းတရားတို့ကို တစ်နည်းဆိုရသော် ကြောင်းကျိုးဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားတို့ကို ကျင့်စဉ်နှင့် တကွ သင်ယူ၏။ ယင်း ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရားတို့ကို သင်သိအနေဖြင့် သိအောင် ဆရာသမားတို့အထံ၌ သင်ယူပြီးသည့်အခါ ကျင့်သိအနေဖြင့် တကယ်လက်တွေ့ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ထားပြီးသူသော်လည်း ဖြစ်နိုင်၏။ နာမ်နှင့် ရုပ်ကို ပိုင်းခြားသိတတ်သည့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သည့်


©shwehinthar.com

ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိထားပြီးသူဟု ဆိုလို၏။ နာထတရား (၁၀)ပါးတို့တွင် ဒုတိယ နာထတရား နှင့် ပြည့်စုံသူပင်တည်း။ ယင်း နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် တို့က ရတနာ သုံးတန်, ကံ-ကံ၏အကျိုးတရား စသည်တို့အပေါ်၌ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာတရားကို တဒင်္ဂအားဖြင့် ပယ်ရှား ထားနိုင်၏။

တစ်ဖန် ယင်းစတုတ္ထပုဂ္ဂိုလ်မှာ ထို နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟ ဉာဏ်မျှတွင် ရပ်တန့်မနေဘဲ ထိုမှ တစ်ဆင့်တက်ကာ နာထတရား (၁၀)ပါး လုံးနှင့် ပြည့်စုံအောင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို အပတ်တကုတ် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်သဖြင့် အောက်ထစ်ဆုံးအားဖြင့် ယုံမှားမှု ဝိစိကိစ္ဆာတရားကို အကြွင်းမဲ့ ပယ်ရှားနိုင်သည့် သောတာပတ္တိမဂ် ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်အောင် ပေါက်ရောက်ပြီးသူသော်လည်း ဖြစ်နိုင်၏။ ထို့ထက်အလွန် ကျင့်နိုင်သဖြင့် သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်, အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်အောင် ဆိုက်ရောက်ပြီးသူသော်လည်း ဖြစ်နိုင်၏။ ရတနာ သုံးတန်, ကံ-ကံ၏အကျိုးတရား စသည်တို့အပေါ်၌ လုံးဝ သံသယ မရှိဘဲ သေခါနီးကာလဝယ် ကောင်းသော အာရုံနိမိတ်တို့ကိုသာ ရင်ဝယ် ပိုက်ထွေးလျက် မိမိတို့ ပွားများထားပြီးသည့် တရားတို့ကိုသာ နှလုံးသွင်းလျက် ပြုံးပြုံးကလေးနှင့် ဘဝကို အဆုံးသတ်နိုင်သူတို့ ဖြစ်ကြ၏။

မိမိကိုယ်ကို မိမိ ချစ်မြတ်နိုးသူတိုင်း သနားကြင်နာသူတိုင်းသည် ဤကဲ့သို့ ပြုံးပြုံးကလေးနှင့် သေနိုင်အောင် စွမ်းဆောင်ပေးနိုင်သည့် စွမ်းအင် အပြည့် အဝ ရှိသော ကိုးကွယ်အားထားရမည့် နာထတရား (၁၀)ပါးတို့ကို မအိုမီ မနာမီ မသေမီ အချိန်မီ မိမိသန္တာန်၌ ပြည့်စုံလာအောင် ကြိုးစားအားထုတ် ထားသင့်ပေသည်။ ယင်းနာထတရား (၁၀)ပါးတို့နှင့် ပြည့်စုံအောင် ကျင့်ကြံ ကြိုးကုတ် ပွားများအားထုတ်လိုသူတို့အတွက် ရည်ရွယ်လျက် ဤကျမ်းစာတွင်

၁။ **အနာထမရဏပိုင်း**

၂။ **သနာထဝိဟာရီပိုင်း**

၃။ **သမထကမ္မဋ္ဌာန်းပိုင်း**

၄။ **ရုပ်ကမ္မဋ္ဌာန်းပိုင်း**

၅။ **နာမ်ကမ္မဋ္ဌာန်းပိုင်း**

၆။ **ပဋိစ္စသမုပ္ပါဒ်ပိုင်း**

၇။ **ဝိပဿနာပိုင်း** - ဟု

ဤသို့လျှင် အပိုင်း (၇)ပိုင်း ခွဲခြားကာ နာထတရား (၁၀)ပါးတို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်နိုင်သည့် **သနာထဝိဟာရီပုဂ္ဂိုလ်**များ ဖြစ်အောင် မည်သို့ မည်ပုံ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမည်ဟူသည့် ပွားများအားထုတ်ပုံ အစီအစဉ် အရပ်ရပ်ကို အကျဉ်းချုပ်ကာ တင်ပြထားပါသည်။

**ကတံ ခေါ ဘိက္ခဝေ ဝိဝဋော မယာ ခေမော မဂ္ဂေါ သောဝတ္ထိကော ပီတိဂမနီယော၊ ပိဟိတော ကုမ္မဂ္ဂေါ၊ ဦဟတော ဩကစရော၊ နာသိတာ ဩကစရိကာ။ ယံ ဘိက္ခဝေ သတ္ထာရာ ကရဏီယံ သာဝကာနံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ၊ ကတံ ဝေါ တံ မယာ။ ဧတာနိ ဘိက္ခဝေ ရုက္ခမူလာနိ၊ ဧတာနိ သုညာဂါရာနိ၊ ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။ အယံ ဝေါ အမှာကံ အနုသာသနီ။**

(မ၁၊၁၆၇။)

ရဟန်းတို့ . . . ဤသို့လျှင် ငါဘုရားရှင်သည်. . ဘေး မရှိသော, ကောင်းကျိုးချမ်းသာနှင့် နှစ်သက်ခြင်းကို ဖြစ်စေတတ်သည့် ဘေးရန် ကင်းသော "အရိယမဂ်လမ်း"ကို ဖွင့်ထားအပ်ပြီ။ မမှန်သော "မိစ္ဆာမဂ်လမ်း ဆိုး"ကို ပိတ်ဆို့ထားအပ်ပြီ။ ထိုထိုအာရုံ ထိုထိုဘုံဘဝ၌ တွယ်တာမက်မော တတ်သည့် နန္ဒီရာဂတည်းဟူသော 'တယ်သမင်ဖို'ကို ပယ်ရှားလျက် အဝိဇ္ဇာ တည်းဟူသော 'တယ်သမင်မ'ကို ဖျောက်ဖျက်ထားခဲ့လေပြီ။

ရဟန်းတို့ . . . တပည့်သာဝကတို့၏ အကျိုးစီးပွားကို ရှာမှီးလိုလား လျက် အစဉ်သနားစိတ်ရှိသော ဆရာဖြစ်တော်မူသည့် ငါဘုရားရှင်သည် အစဉ်သနားစိတ်ကို အစွဲပြု၍ ပြုသင့်ပြုထိုက်သော တာဝန်ကို သင်ချစ်သားတို့ အတွက် ပြုပြီးပြီ။ ရဟန်းတို့ . . . ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာ ဌာနတို့တည်း။


©shwehinthar.com

ရဟန်းတို့ . . . မိမိတို့သန္တာန်၌ တည်ရှိကြသော ကိလေသာအပူမီးတို့ကို လောင်ကျွမ်းသွားအောင် သမထ ဝိပဿနာ ဘာဝနာမီးတို့ဖြင့် ရှို့မြှိုက်ကြကုန်လော့၊ သမထ ဝိပဿနာ အစဖြာ သည့် ကုသိုလ်တရားတို့၌ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေထိုင်ကြ ကုန်လင့်၊ နောင်သောအခါ သေခါနီးကာလကျမှ စိတ်နှလုံး မသာမယာ မဖြစ်ကြကုန်လင့်။ ဤသည်ကား သင်ချစ်သားတို့အတွက် ငါဘုရားရှင်တို့၏ အဆုံးအမတော်ပင်တည်း။ (မ၁၊၁၆၇။)

သူတော်ကောင်းအပေါင်းတို့သည် မိမိတို့ ကိုးကွယ်အားထားရမည့် ယင်း နာထတရား (၁၀)ပါးတို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်နိုင်သည့် **သနာထဝိဟာရီ ပုဂ္ဂိုလ်**များ ဖြစ်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေ သောဝ် . . . ။

**■ ဖားအောက်တောရဆရာတော်**

**စိတ္တလတောင်ကျောင်း၊**

**ဖားအောက်တော ရစကြီးကျောင်းတိုက်၊**

✧✧✧

## ဆုတောင်း ပန်ထွာပါ

■ စိတ်ဓာတ်ကို
ခိုင်ခိုင်မာမာ ဆောက်တည်ကာ
ဆုတောင်းပန်ထွာမှုကို ပြုကျင့်ခြင်းကြောင့်
ထိုက်က အကျိုးပေးသည့်ဘဝဝယ်
မည်သူ့ကိုမျှ မချစ်တတ်ဟုဆိုလျှင် . .
ဤစာကို ဖတ်ရှု၍နေသော
(ခါးတောင်းကျိုက် ဖြတ်လိုသော စိတ်ထားရှိသော)
အသင်သူတော်ကောင်းသည်လည်း
အဘယ့်ကြောင့် . .
ကောင်းမှုကုသိုလ်ပြုပြီးတိုင်း
ဤကဲ့သို့သော
ဆုတောင်း ပန်ထွာမှု ,
စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆောက်တည်မှုကို
မပြုထိုက်ဘဲ ရှိသင့်ပါအံ့နည်း၊
သတ္တဝါတွေကို
အများဆုံး ဒုက္ခပေးနေသော သဘာဝတရား တစ်ခုမှာ
ဤချစ်ခြင်းတရားပင် မဟုတ်ပါလော။

(စာမျက်နှာ၊ ၂၄။)


©shwehinthar.com

# အခန်း (၁)
## အနာထမရဏပိုင်း

ဘုရားရှင်သည် အင်္ဂုတ္တရနိကာယ် ဒသကနိပါတ်တော်၌ —

၁။ ပဌမနာထသုတ္တန် (အံ၊၃၊၂၇၅-၂၇၆။)
၂။ ဒုတိယနာထသုတ္တန် (အံ၊၃၊၂၇၆-၂၇၉။) –

ဟု နာထသုတ္တန် နှစ်ခုတို့ကို ဟောကြားထားတော်မူခဲ့၏။ သုတ္တန်ကို ဘုရားရှင်က ဤသို့ နိဒါန်းပျိုးထားတော်မူ၏။

သနာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အနာထာ၊ ဒုက္ခံ ဘိက္ခဝေ အနာထော ဝိဟရတိ။ (အံ၊၃၊၂၇၅။)

“ရဟန်းတို့ . . . မှီခိုအားထားရာ နာထတရား ထင်ရှား ရှိကုန်လျက် နေထိုင်ကြပါ၊ မှီခိုအားထားရာ နာထတရား ထင်ရှား မရှိကုန်ဘဲ မနေထိုင်ကြ ပါကုန်လင့်။ ရဟန်းတို့ . . . မှီခိုအားထားရာ နာထတရား ထင်ရှား မရှိသော ပုဂ္ဂိုလ်သည် ဆင်းဆင်းရဲရဲ နေထိုင်ရ၏။” –

ဤသို့ စသည်ဖြင့် တရားတော်ကို နိဒါန်းပျိုးထားတော်မူ၏။

မှီခိုအားထားရာ နာထတရား ထင်ရှား မရှိဘဲ နေထိုင်သူ (အနာထ ပုဂ္ဂိုလ်) သည် ဆင်းဆင်းရဲရဲ နေထိုင်ရရုံတွင်သာမက ဆင်းဆင်းရဲရဲလည်း သေကျေပျက်စီးရတတ်၏။ ဤနေရာတွင် အနာထမရဏ (= မှီခိုအားထား ရာမဲ့ သေကျေပျက်စီးရပုံ)အကြောင်းကို ရှေးဦးစွာ တင်ပြလိုပေသည်။

ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များကို လေ့လာကြည့်ရှုလိုက်သည့် အခါ **အနာထမရဏ** (= မှီခိုအားထားရာမဲ့ သေကျေပျက်စီးရပုံ)အကြောင်း နှင့် ဆက်စပ်၍ ဟောကြားထားတော်မူသည့် ဇာတ်တော်အချို့ကို တွေ့ရ၏။ ထိုဇာတ်တော်များထဲမှ ရှေးဦးစွာ ဓမ္မဒ္ဓဇဇာတ်တော်အကြောင်းကို ဆွေးနွေး တင်ပြလိုပေသည်။

### ဓမ္မဒ္ဓဇဇာတ်တော်၌ လာရှိသော အနာထမရဏ

ဧဝံ သန္တေ ပရေသံ ဟတ္ထေ မရဏတော အရညေ အနာထမရဏမေဝ ဝရတရံ။ (ဇာ၊ဋ္ဌ၊၂၊၁၇၄။)

= ဤသို့ ဖြစ်လတ်သော် သူတစ်ပါးတို့၏ လက်တွင်း၌ သေကျေပျက်စီး ရခြင်းထက် တောထဲ၌ မှီခိုအားထားရာမဲ့ သေကျေပျက်စီးရခြင်း (= အနာထ မရဏ)ကသာလျှင် သာလွန်၍ မြင့်မြတ်သေး၏။ (ဇာ၊ဋ္ဌ၊၂၊၁၇၄။)

ဤစကားရပ်ကား ဘုရားအလောင်းတော် ဓမ္မဒ္ဓဇပုရောဟိတ်ပုဏ္ဏားကြီး၏ စဉ်းစားတွေးတောခန်း တစ်ခု ဖြစ်၏။ အကြောင်းကား ဤသို့ ဖြစ်၏။

လွန်လေပြီးသော အတိတ်ဘဝတစ်ခုဝယ် ဗာရာဏသီပြည်၌ **ယသပါဏိ**အမည်ရှိသော ရှင်ဘုရင်တစ်ဦးက တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခဲ့၏။ ထိုရှင်ဘုရင်၏ စစ်သူကြီးကား **ကာဠက** အမည် ရှိ၏၊ အရှင်ဒေဝဒတ် အလောင်းလျာပင်တည်း။ ဘုရားအလောင်းတော်ကား **ဓမ္မဒ္ဓဇ**အမည်ရသည့် မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်ခဲ့၏။ ရှင်ဘုရင်ကြီး၏ ဆံမုတ်ဆိတ်ကို သန့်ရှင်းပေးရသူ **ဆတ္တပါဏိ** အမည်ရှိသော လုလင်သည်ကား ဘုရားအလောင်းတော်၏ ပါရမီဖြည့်ဖက် မိတ်ဟောင်းကြီး အရှင်သာရိပုတ္တရာ အလောင်းလျာပင်တည်း။

ရှင်ဘုရင်ကြီးကား တရားသော နည်းလမ်းဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေ သူ တရားမင်းကြီး တစ်ဦးပင် ဖြစ်၏။ သို့သော် ကာဠကစစ်သူကြီးက တံစိုး လက်ဆောင် စားကာ တရားစီရင်တတ်သူဖြစ်သဖြင့် တိုင်းသူပြည်သားတို့က မကျေနပ်ကြပေ။ တရားရှုံးသူ တစ်ဦးက ငိုယိုကာ တိုင်တန်းသဖြင့် ဘုရား အလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီးက အမှုတွဲကို ပြန်လည်စစ်ဆေးကာ တရားမှန်အတိုင်း အဆုံးအဖြတ် ပြန်၍ ပေးလိုက်၏။ တိုင်းသူပြည်သားတို့က ကောင်းချီး-ပေးကြ၏။ ဤကောင်းချီးပေးသံကား အလွန်ကျယ်လောင်သည့် အသံ ဖြစ်သဖြင့် ရှင်ဘုရင်ကြီး သိသွား၏။ အကျိုး-အကြောင်း အစုံအလင်ကို လည်း ကုန်စင်အောင် သိသွားတော်မူခဲ့သည့်အတွက် – “ဤနေ့မှ စ၍ သင်သည်သာလျှင်


©shwehinthar.com

တရားစီရင်ပါ၊ ငါ့ရှင်ဘုရင်၏ နားလည်း ချမ်းသာပေလိမ့် မည်၊ လူအပေါင်း၏ ကြီးပွားတိုးတက်မှုလည်း ဖြစ်ပေါ်လာပါလိမ့်မည်”ဟု ပြောဆိုကာ ရှင်ဘုရင်က အလောင်းတော် ဓမ္မဇပုရောဟိတ်ပုဏ္ဏားကြီးအား တာဝန်ပေးအပ်လိုက်၏။

ဤအချက်ကား ဘုရားအလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီးအပေါ်၌ ကာဠကစစ်သူကြီးက ရန်ငြိုးဖွဲ့ရန် အလွန်ကောင်းသည့် အကြောင်းခြင်းရာ တစ်ခု ဖြစ်သွား၏။

ဤရန်ငြိုးဖွဲ့မှုကို အခြေခံကာ ယသပါဏိမင်းအား ကာဠကစစ်သူကြီးက ဓမ္မဇပညာရှိသည် မင်းစည်းစိမ်ကို လိုလားတောင့်တလျက်ရှိကြောင်းကို နည်းအမျိုးမျိုးဖြင့် ကုန်းတိုက်စကား ပြောကြားလာ၏။ တရားစီရင်ရာအရပ်၌ တည်ရှိစုရုံးနေသော ပရိသတ်ကို ဓမ္မဇ၏ ပရိသတ်အဖြစ် တင်ပြလာ၏။ ရှင်ဘုရင်ကလည်း ကုန်းတိုက်ပါ များလာသောအခါ ကာဠကစစ်သူကြီး၏ စကားကို ယုံကြည်လာ၏။

မစွမ်းဆောင်နိုင်သော လုပ်ငန်းရပ် တစ်ခုကို ပြုလုပ်ခိုင်းကာ မပြုလုပ် နိုင်ပါက သေဒဏ်ချမှတ်ရန် ရှင်ဘုရင်ကြီးအား ‘ကာဠက’က တင်ပြလာ၏။ ရှင်ဘုရင်ကလည်း သဘောတူညီလိုက်၏။

နံပါတ်တစ်အဖြစ် ကာဠက၏ အကြံပေးချက်အတိုင်း ရှင်ဘုရင်ကြီးက နက်ဖြန်ခါတွင် ဥယျာဉ်ကစားလိုသဖြင့် ဥယျာဉ်တစ်ခုကို ဖန်ဆင်းပေးရန် ဓမ္မဇပညာရှိအား ခိုင်းစေလိုက်၏။ အကယ်၍ ဖန်ဆင်း မပေးနိုင်ပါက သေဒဏ်အမိန့်ပေးမည့် အကြောင်းကိုလည်း ပြောကြားလိုက်၏။

“စွမ်းနိုင်ပါက ဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာတာကို သိရှိရပါလိမ့်မည်” ဟု ပြောဆိုကာ ဓမ္မဇပညာရှိလည်း အိမ်သို့ ပြန်သွားခဲ့၏။ ကောင်းမွန်သော ဘောဇဉ်များကို စားသုံးပြီးနောက် ဥယျာဉ်အကြောင်းကို ကြံစည်စဉ်းစားလျက် အိပ်ရာထက်၌ အိပ်စက်ခဲ့၏။ ထည်ဝါခန့်ငြားသည့် မင်းဥယျာဉ်တော် တစ်ခု ဟူသည် မြေဆီ မြေနှစ် ပြည့်နှက်လျက်ရှိသော မြေပြင်၌ စိုက်ပျိုးပြီးကာ ပြုစုလုပ်ကျွေးနိုင်ပါမှ သုံးလေးနှစ်ကြာမှ အသီးအပွင့်ကို ပေးနိုင်သည့်သဘော ရှိ၏။ နက်ဖြန်တွင် အပြီး ဖန်ဆင်းတည်ထောင်ရန်မှာကား မဖြစ်နိုင်သည့် သဘောသာ ရှိခဲ့၏။ မစွမ်းဆောင်နိုင်သည့် လုပ်ငန်းရပ်ကိုသာ တမင် ရွေးချယ်၍လည်း ခိုင်းစေခြင်း ဖြစ်၏။ သို့သော် ဂတရားကား လက်ပိုက်၍ ကြည့်မနေတတ်ပေ။ ဘုရားအလောင်းတော်၏ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီတော်တို့၏ စွမ်းအား, ဆောက်တည်ကျင့်သုံးနေဆဲဖြစ်သော သီလတော်၏ စွမ်းအားကား ကြီးမားလှပေ၏။ အကြောင်းကား ဤသို့ ဖြစ်လာပြန်၏။

ဘုရားအလောင်းတော်၏ သီလတန်ခိုးအာနုဘော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူလောင်တင်းမာသော အခြင်းအရာကို ထင်ရှား ဖော်ပြလာ၏။ ပါရမီဖြည့်ဖက်ဟောင်း မိတ်ဟောင်းကြီး အစစ် ဖြစ်သည့် အရှင်အနုရုဒ္ဓါအလောင်းလျာဖြစ်သူ သိကြားမင်းကြီးက လူ့ပြည်သို့ ဆင်းသက်လာကာ ဓမ္မဇပညာရှိ ဘုရားအလောင်းတော်အား စိုးရိမ်သောက မဖြစ်ရန် ပြောကြားပြီး အလိုရှိရာအရပ်၌ ဥယျာဉ်တော်ကြီးတစ်ခုကို ဖန်ဆင်းပေးလိုက်၏။

နောက်တစ်နေ့တွင် ဘုရားအလောင်းတော်သည် ဥယျာဉ်ကြီးကို ပစ္စက္ခအားဖြင့် ကိုယ်တိုင်တွေ့မြင်ရသည့်အတွက် ရှင်ဘုရင်ထံသို့ သွားရောက်ကာ ရှင်ဘုရင်ကြီးအား ဥယျာဉ်တော်ကြီး ပြီးစီးပြီဖြစ်၍ ဥယျာဉ်ကစားတော်မူရန် သံတော်ဦးတင်လိုက်၏။ ရှင်ဘုရင်ကြီးက ဥယျာဉ်တော်သို့ သွားရောက်ကာ ရှုစားတော်မူလတ်သော် (၁၈)တောင် အမြင့်ရှိသော ဆေးဒါန်းမြင်းသီလာရောင် အရောင်အဆင်းရှိသည့် တံတိုင်းဖြင့် ခြံရံလျက်ရှိသော, တံခါး ပစ်စင် ပြအိုးတို့နှင့် ပြည့်စုံသော, အပွင့်အသီးတို့ဖြင့် ပြည့်နှက်နေသည့် သစ်ပင် အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထားသည့် ဥယျာဉ်တော်ကြီးကို တွေ့မြင်ရသော အခါ ကာဠကစစ်သူကြီးနှင့် နောက်ထပ် ပြုလုပ်သင့်သည့် လုပ်ငန်းရပ်ကို တိုင်ပင်ပြန်၏။

ကာဠကစစ်သူကြီးက – “အရှင်မင်းမြတ် . . . တစ်ညတည်းဖြင့် ဥယျာဉ်တော်ကို အပြီးဖန်ဆင်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ မင်းအဖြစ်ကို သိမ်းပိုက်ဖို့ရန် အဘယ်ကြောင့် မစွမ်းဆောင်နိုင်ရမှာလဲ”ဟု သံတော်ဦးတင်လိုက်သောအခါ ကာဠက၏ စကားကို ရှင်ဘုရင်ကြီးက လက်ခံ အတည်ပြုသွားခဲ့၏။ သို့အတွက် နောက်ထပ် မစွမ်းနိုင်သည့် လုပ်ငန်းတစ်ခုကို ခိုင်းစေရန် သဘော တူလိုက်၏။

ဥယျာဉ်တော်အတွင်း၌ ရတနာ (၇)ပါးဖြင့် ပြီးစီးနေသည့် ရေကန်ကြီး တစ်ခုကို ဖန်ဆင်းခိုင်းပြန်၏။


©shwehinthar.com

ဤအကြိမ်တွင်လည်း သိကြားမင်းကြီးက ရတနာ (၇)ပါးဖြင့် ပြီးသည့် ရေကန်ကြီးတစ်ခုကို ဖန်ဆင်းပေးလိုက်ပြန်၏။ ထိုရေကန်ကြီးတွင် ဆိပ်ကမ်းပေါင်း တစ်ရာ ရှိ၏။ အကွေ့အကောက်ပေါင်း တစ်ထောင် ရှိ၏။ အရောင်အဆင်း ငါးမျိုးရှိသည့် ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးအုပ်ထား၏။ တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ရေကန်နှင့် တူညီနေ၏။ အလွန်တင့်တယ်သည့် ရေကန်တစ်ခု ဖြစ်၏။

ရေကန်ကြီးကို မျက်မြင်တွေ့ရှိသည့်အခါ တတိယအကြိမ် ရှင်ဘုရင်ကြီးက ဥယျာဉ်တော်အတွင်း၌ ဘုရင်မင်းမြတ်တို့နှင့် သင့်လျော်သည့် ဆင်စွယ်ဖြင့် ပြီးသည့် နန်းတော်အိမ်ကြီး တစ်ခုကို ဖန်ဆင်းပေးရန် ခိုင်းစေပြန်၏။ ဤအကြိမ်တွင်လည်း သိကြားမင်းကြီးကပင် ကူညီ၍ ဖန်ဆင်းပေးလိုက်ပြန် ၏။

နန်းတော်အိမ်ကြီးကို တွေ့မြင်ရသောအခါ စတုတ္ထအကြိမ်အနေဖြင့် ရှင်ဘုရင်ကြီးက နန်းတော်အိမ်နှင့် လျော်သည့် ထွန်းလင်းတောက်ပသည့် ပတ္တမြားရတနာကြီး တစ်ခု ဖန်ဆင်းပေးရန် အမိန့် ချလိုက်ပြန်၏။ ထို နန်းတော်အိမ်-အတွင်း၌ ပတ္တမြားရောင်ဖြင့် လှည့်လည်သွားလာရန် ဖြစ်၏။ ဤအကြိမ်တွင်လည်း သိကြားမင်းကြီးက ကူညီကာ ပတ္တမြားရတနာကြီးကို ဖန်ဆင်းပေးလိုက်ပြန်၏။ နောက်တစ်နေ့တွင် ရှင်ဘုရင်ကြီးလည်း ပတ္တမြား ရတနာကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ရပြန်၏။

အကြံအိုက်သွားကြပြီ ဖြစ်၏။

ကာဠကစစ်သူကြီးက — "အရှင်မင်းမြတ်. . . ဓမ္မဓဇ ပုရောဟိတ် ပုဏ္ဏားကြီး အလိုရှိရာကို ဖန်ဆင်းပေးနေတဲ့ နတ်တစ်ဦးဦးတော့ ရှိနေပုံ ရတယ်။ ဒီတော့ နတ်တို့သော်လည်း ဖန်ဆင်းပေးခြင်းငှာ မစွမ်းနိုင်တဲ့ အရာတစ်ခုကို ဖန်ဆင်းခိုင်းတော်မူပါ။ ထိုဥယျာဉ်တော်ကို စောင့်ရှောက်ရန် အင်္ဂါလေးပါးနှင့် ပြည့်စုံနေတဲ့ ဥယျာဉ်စောင့်ကို ဖန်ဆင်း-ခိုင်းတော်မူပါ"ဟု အကြံပေးပြန်၏။

ကာဠက၏ အကြံပေးချက်အတိုင်း ရှင်ဘုရင်ကြီးက ပုရောဟိတ်ပုဏ္ဏားကြီးအား "ဆရာ. . . သင်သည် ငါတို့အတွက် ဥယျာဉ်တော်, ရေကန်, ဆင်စွယ်ဖြင့် ပြီးသော နန်းပြသာဒ်, ထိုနန်းပြသာဒ်အား အလင်းရောင်ကို ပြုလုပ်ပေးခြင်းငှာ စွမ်းနိုင်သည့် ပတ္တမြားရတနာ — ဤလေးမျိုးတို့ကို ဖန်ဆင်း ၍ကား ပေးပြီးလေပြီ။ ယခုအခါမှာတော့ ငါ့အား ဥယျာဉ်တော်ကို ထိန်းသိမ်း စောင့်ရှောက်မည့် အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ဥယျာဉ်စောင့်ကို ဖန်ဆင်း ပေးပါ။ အကယ်၍ မဖန်ဆင်းပေးနိုင်ပါက သင်၏ အသက်သည် ရှိတော့မည် မဟုတ်"ဟု အမိန့်တော်မြတ် သတ်မှတ်လိုက်ပြန်၏။

ထိုအခါတွင် ဘုရားအလောင်းတော်သည် မိမိနေအိမ်သို့ ပြန်သွားကာ အစားကောင်းကောင်းကို စားပြီးလျှင် အိပ်စက်လိုက်၏။ မိုးသောက်ထအခါ အိပ်ရာမှ နိုးလာလတ်သော် အိပ်ရာထက်၌ ထိုင်လျက် စဉ်းစားခဲ့၏။

**"သက္ကော ဒေဝရာဇာ ယံ အတ္တနာ သက္ကာ မာပေတုံ၊ တံ မာပေသိ၊ စတုရင်္ဂသမန္နာဂတံ ပန ဉယျာနပါလံ န သက္ကာ မာပေတုံ၊ ဧဝံ သန္တေ ပရေသံ ဟတ္ထေ မရဏတော အရညေ အနာထမရဏမေဝ ဝရတရံ။"**

(ဇာ၊ဠ၊၂၊၁၇၃-၁၇၄။)

= "သိကြားနတ်မင်းသည်ကား မိမိစွမ်းနိုင်သည့် အရာဝတ္ထုကို ဖန်ဆင်း ပေးခဲ့၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ဥယျာဉ်စောင့်ကို ဖန်ဆင်းပေးဖို့ရန်ကား စွမ်းနိုင်မည် မဟုတ်၊ ဤသို့ဖြစ်လတ်သော် သူတစ်ပါးတို့၏ လက်တွင်း၌ သေကျေပျက်စီးရခြင်းထက် တောထဲ၌ မှီခိုအားထားရာမဲ့ သေကျေပျက်စီး ရခြင်း (= အနာထမရဏ)ကသာလျှင် သာလွန်၍ မြင့်မြတ်လှ၏" —

ဤသို့ စဉ်းစားခဲ့၏။

ဤနေရာ၌ **အနာထမရဏ (= မှီခိုအားထားရာမဲ့ သေကျေပျက်စီးရခြင်း)** ဟူသည် မှီခိုအားထားရမည့် နာထတရား ထင်ရှား မရှိဘဲ သေကျေပျက်စီး ရခြင်းတည်း။ အထူးသဖြင့် မှီခိုအားထားရာ နာထတရား (၁၀)ပါးတို့တွင် တတိယ-မြောက် နာထတရားဖြစ်သည့် မှီခိုအားထားရမည့် ဆရာကောင်း သမားကောင်း, မိတ်ကောင်းဆွေကောင်း အပေါင်းအဖော်ကောင်းဟူသော ကလျာဏမိတ္တ မရှိဘဲ သေကျေပျက်စီးရခြင်းမျိုးကို ရည်ညွှန်းထားဟန် တူပေသည်။

ဤသို့ စဉ်းစား ဆင်ခြင်ပြီးနောက် ထိုဘုရားအလောင်းတော်သည် မည်သူ့ကိုမျှ မပြောကြားတော့ဘဲ ပြသာဒ်ထက်မှ သက်ဆင်းကာ မြတ်သော မင်္ဂလာတံခါးဖြင့်ပင် မြို့မှ ထွက်ခဲ့၍ တောတွင်းသို့ ဝင်ရောက်ကာ သစ်ပင်ရင်း တစ်ခု၌


©shwehinthar.com

ထိုင်လျက် လာဘ်ရခြင်း လာဘ်မရခြင်း, အခြံအရံများခြင်း အခြံအရံ နည်းပါးခြင်း, အကဲ့ရဲ့ခံရခြင်း အချီးမွမ်းခံရခြင်း, ချမ်းသာခြင်း ဆင်းရဲခြင်း ဟူသည့် သူတော်ကောင်းတို့ အမြဲမပြတ် နှလုံးသွင်း ဆင်ခြင်အပ်သည့် လောကဓံတရား-တည်းဟူသော သူတော်ကောင်းတရားကို ဆင်ခြင်လျက် ထိုင်နေ၏။ ဤကား ဓမ္မဇေဇာတ်တော်၌ လာရှိသော **အနာထ-မရဏ** (=မှီခိုအားထားရာမဲ့ သေကျေပျက်စီးရခြင်း) အကြောင်းအရာပင် ဖြစ်၏။

သို့သော် ဤဇာတ်တော်၌ပင် ဆက်လက်၍ လာရှိသော **ဆတ္တပါဏိ** လုလင်အကြောင်းကား စာဖတ်ပရိသတ်အတွက် ပြုကျင့် လိုက်နာဖွယ်အချက်တို့နှင့် ပြည့်စုံနေသဖြင့် ဆတ္တပါဏိလုလင်အကြောင်းကို ဆက်လက်၍ တင်ပြအပ်ပါသည်။

**ဆတ္တပါဏိလုလင်**

ထိုအခါ သိကြားမင်းကြီးက တောမုဆိုးအသွင်ဖြင့် လာရောက်ကာ မေးမြန်းပြောဆို၏။ အကျိုးအကြောင်း အစုံအလင်ကို အကုန်အစင် သိရှိသဖြင့် "သင်တို့၏ ရှင်ဘုရင်ကြီး၏ ဦးခေါင်းတော်ကို သ,၍ပေးနေသော **ဆတ္တပါဏိ** အမည်ရှိသော ဆတ္တာသည်လုလင်သည်ကား အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို အလိုရှိခဲ့သော် ထိုဆတ္တာသည်ကို ဥယျာဉ်စောင့်ပြုလုပ်ရန် လျှောက်ထားပါလေ"ဟု ပြောဆိုကာ ဘုရားအလောင်းတော်ကို သက်သာရာကို ရစေခဲ့၏။

ဘုရားအလောင်းတော်သည် အိမ်သို့ ပြန်ကာ နံနက်စာ စားသုံးပြီး နောက် မင်းနန်းတော်တံခါးသို့ သွားရောက်လတ်သော် ဆတ္တပါဏိလုလင်ကို ထိုတံခါးအရပ်၌ပင် တွေ့မြင်သဖြင့် လက်ကို ဆွဲကာ —

"အဆွေတော် ဆတ္တပါဏိ . . . သင်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသည်ဆိုသည်မှာ မှန်ပါသလား"ဟု မေးကြည့်၏။

"ကျွန်တော်မျိုးမှာ အင်္ဂါလေးပါးရှိတယ်လို့ သင့်ကို ဘယ်သူက ပြောပါ သလဲ"ဟု ဆတ္တပါဏိလုလင်က မေးမြန်း-လိုက်သောအခါ အလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီးက — နတ်တို့သနင်း သိကြားမင်းကြီးက ပြောပြသွား ကြောင်းကို — ပြန်ပြောပြလိုက်၏။

"ဘယ်အကြောင်းကြောင့် ယခုကဲ့သို့ မေးမြန်းလာရပါသနည်း"ဟု ဆတ္တပါဏိလုလင်က မေးမြန်းလိုက်သော် ဘုရားအလောင်းတော် ပုဏ္ဏားကြီး ကလည်း အကျိုးအကြောင်း အစုံအလင်ကို ကုန်စင်အောင် ပြောပြလိုက်၏။ ထိုအခါ ဆတ္တပါဏိလုလင်ကလည်း သူ့မှာ အင်္ဂါလေးပါးရှိကြောင်းမှာ မှန်ကန်ပါကြောင်း ဝန်ခံစကား ပြောကြားလိုက်၏။

ထိုအခါ ဘုရားအလောင်းတော်က ထိုဆတ္တပါဏိလုလင်ကို ရှင်ဘုရင် ထံသို့ ခေါ်ဆောင်သွားခဲ့၏။ ဆတ္တပါဏိလုလင်ဟူသည်မှာလည်း အရှင်သာရိပုတ္တရာ အလောင်းလျာ ပါရမီဖြည့်ဖက်ဟောင်း မိတ်ဟောင်းကြီးပင် ဖြစ်၏။ ထို့ကြောင့် ပွဲခ မယူဘဲ ကြည်ဖြူစွာဖြင့် အမှုတွဲကို ရင်ဆိုင်ရန် လိုက်ပါ သွားခဲ့၏။

ရှင်ဘုရင်ထံသို့ ရောက်ရှိသောအခါ အလောင်းတော် ပုရောဟိတ် ပုဏ္ဏားကြီးက "အရှင်မင်းမြတ် . . . ဤ ဆတ္တပါဏိလုလင်ကား အင်္ဂါလေးပါး နှင့် ပြည့်စုံပါ၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ဥယျာဉ်စောင့်ဖြင့် အလိုရှိခဲ့ပါမူ ဤဆတ္တပါဏိလုလင်ကိုပင် ဥယျာဉ်စောင့် ပြုတော်မူကြပါ"ဟု လျှောက်ထားလိုက်၏။

ရှင်ဘုရင်ကြီးကလည်း ဆတ္တပါဏိလုလင်ကို အင်္ဂါလေးပါးနှင့် ပြည့်စုံ သည်ဆိုသည်မှာ မှန်ကန်ပါသလားဟု စစ်ဆေးမေးမြန်းလိုက်၏။ မှန်ကန်ပါကြောင်းကို ဆတ္တပါဏိလုလင်က ဝန်ခံစကား လျှောက်ထားလိုက်သောအခါ အဘယ်အင်္ဂါလေးပါးတို့နှင့် ပြည့်စုံပါသနည်းဟု ဆက်လက် မေးမြန်းတော် မူလိုက်ပြန်၏။ ထိုအခါ ဆတ္တပါဏိလုလင်က အင်္ဂါလေးပါးကို ဤသို့ တင်ပြ ခဲ့၏။

**အင်္ဂါ လေးပါး**

"အရှင်မင်းမြတ် . . . ဤအင်္ဂါလေးပါးတို့ကား

၁။ **အနုသူယက** = မငြူစူတတ်ခြင်း,

၂။ **အမဇ္ဇပါယက** = အရက် မသောက်တတ်ခြင်း,

၃။ နိသ္နေဟက = မည်သူ့ကိုမျှ မချစ်တတ်ခြင်း,


©shwehinthar.com

၄။ အက္ကောဓနေ = မည်သူ့ကိုမျှ မမုန်းတတ်ခြင်း (= အမျက်မထွက်တတ်ခြင်း) —

ဆိုသည့် အင်္ဂါလေးပါးတို့ ဖြစ်ကြပါသည်။

အရှင်မင်းမြတ် . . . ကျွန်တော်မျိုးသည် မည်သူ့အပေါ်၌မျှ ငြူစူ စောင်းမြောင်းသည့် စိတ်ထား မရှိပါ။ သေရည်-သေရက်ကိုလည်း ဘယ်တုန်းကမှ မသောက်စဖူးပါ။ သူတစ်ပါးတို့အပေါ်၌ ချစ်ခြင်းသည်လည်းကောင်း, မုန်းခြင်းသည်-လည်းကောင်း (အမျက်ထွက်ခြင်းသည်လည်းကောင်း) တစ်ခါမျှ မဖြစ်ခဲ့စဖူးပါ။ ကျွန်တော်မျိုးသည် ဤအင်္ဂါလေးပါးတို့နှင့် ပြည့်စုံပါသည်”ဟု တင်ပြလျှောက်ထားလိုက်၏။

ယနေ့ မျက်မှောက်ခေတ်တွင် ကိုယ့်ထက်သာ မနာလိုသည့် စိတ်ထား, ကိုယ့်စည်းစိမ် ရာထူးဂုဏ်သိန်ကို အထိ-မခံနိုင်သည့် စိတ်ထား — ဤစိတ် ထားများသည် လူသားတို့ကို အများဆုံး ဒုက္ခပေးနေသည် မဟုတ်ပါလား၊ ဤစိတ်ထားမျိုးများ မရှိအောင် အရှင်သာရိပုတ္တရာအလောင်းလျာဖြစ်သည့် ဆတ္တပါဏိလုလင်သည် ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ကြိုးစား ခဲ့ပါသနည်း။ ဆတ္တပါဏိလုလင်က ယသပါဏိရှင်ဘုရင်ကြီးအား ရှေးဖြစ် ဟောင်း အောက်မေ့ဖွယ်ဇာတ်လမ်းကို ဤသို့ တင်ပြလျှောက်ထားခဲ့၏။

**(၁) မငြူစူတတ်ခြင်း**

“အရှင်မင်းမြတ် . . . ကျွန်တော်မျိုးသည် ဟို ရှေးယခင် တစ်ခုသော ဘဝဝယ် ဤဗာရာဏသီပြည်မှာပင် ရှင်ဘုရင် တစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ အမျိုးသမီးဟူသော အကြောင်းကြောင့် ပုရောဟိတ်ပုဏ္ဏားကြီးကို နှောင်ဖွဲ့ ခဲ့ဖူးပါတယ်” ဤသို့ စသည်ဖြင့် မိမိ၏ မှားကွက်ကို တင်ပြလျှောက်ထားခဲ့၏။

ထိုမှားကွက်ကား ဤသို့တည်း . . ။

လွန်လေပြီးသော အတိတ်ဘဝ တစ်ခုတွင် . . အရှင်သာရိပုတ္တရာ အလောင်းလျာ ဖြစ်သည့် သူတော်ကောင်းသည် ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း အဖြစ်ဖြင့် ထီးဖြူအုပ်ချုပ်မင်းလုပ်ခဲ့၏။ ဘုရားအလောင်းတော် ကား ထိုရှင်ဘုရင်၏ ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်ခဲ့၏။ ရှင်ဘုရင်ကြီးကလည်း မိမိ၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအား လိုရာဆုကို ယူစေဟု ဆုပေးထားခဲ့၏။ မိဖုရားကြီးကလည်း —

“ကျွန်တော်မအဖို့ရာ အခြားတစ်ပါးသော ဆုဟူသည် ရခဲတဲ့သဘော မရှိပါ၊ ဤနေ့မှ စ၍ အရှင်မင်းမြတ်သည် အခြားတစ်ပါးသော အမျိုးသမီးကို ကိလေသာ၏ အစွမ်းဖြင့်, ဖောက်ပြန်သော စိတ်ထားဖြင့် ဘယ်တော့မှ မကြည့်-ရဘူး၊ ဒီဆုကိုပဲ ပေးပါ”ဟု ဆုယူလေသည်။

ဤဆုမျိုးကိုလည်း ရှင်ဘုရင်ကြီးအနေဖြင့် ပေးဖို့ရန် အလွန် ခက်ခဲသောကြောင့် အကြိမ်ကြိမ် ငြင်းဆန်ခဲ့၏။ သို့သော် မိဖုရားကြီးက အကြိမ်ကြိမ် အတင်းအကြပ် တောင်းဆိုနေသဖြင့် ရှင်ဘုရင်ကြီးက ထိုဆုကို ပေးရန် သဘောတူညီလိုက်၏။ ထိုအချိန်မှ စ၍ တစ်သောင်းခြောက်ထောင်ကုန်သော ကချေသည် မောင်းမမိဿံတို့အပေါ်၌ တစ်ဦးသော အမျိုးသမီးကိုမျှလည်း ကိလေသာ၏ အစွမ်းဖြင့်, ဖောက်ပြန်သော စိတ်ထားဖြင့် မကြည့်ခဲ့စဖူးပေ။ “မင်းမှာ သစ္စာ၊ လူမှာ ကတိ”ဟု ဆိုရိုးရှိသည့်အတိုင်း မိမိထားရှိသည့် ကတိ သစ္စာကို ရိုသေစွာ စောင့်ထိန်းခဲ့၏။ သို့သော် အကြောင်းကား ဖြစ်ပေါ်လာခဲ့ ပြန်၏။

ထိုအခါဝယ် ပစ္စန္တရာဇ်အရပ်၌ ခိုးသားဓားပြ သူပုန်ဘေးရန်ကြောင့် ပျက်စီးနေ၏။ ပစ္စန္တရာဇ်အရပ်၌ ချထားသော စစ်သည်တော်တို့ကလည်း ခိုးသားဓားပြ သူပုန်တို့နှင့် နှစ်ကြိမ် သုံးကြိမ် စစ်ဆင်ကြရာ ငြိမ်းအေးရန် မစွမ်းဆောင်နိုင်ကြသဖြင့် ရှင်ဘုရင်၏ ထံတော်သို့ သံတော်ဦးတင်လာကြ၏။

ရှင်ဘုရင်ကြီးက စစ်သည်ဗိုလ်ပါထုကို စုရုံးကာ ကိုယ်တိုင်စစ်ချီရန် ပြင်ဆင်ပြီးသောအခါ မိဖုရားကြီးကို ဤသို့ နှုတ်ဆက်စကားပြောကြား၏။ “ရှင်မ . . . ငါသည် ပစ္စန္တရာဇ်အရပ်သို့ သွားတော့မယ်၊ ထိုပစ္စန္တရာဇ်မှာ စစ်ထိုးရမဲ့ တိုက်ပွဲတွေကတော့ များပြားလှတယ်၊ အအောင်အရှုံးဆိုတာလည်း အမြဲသတ်မှတ်လို့ မရနိုင်ဘူး၊ ဒီလို စစ်မြေပြင်အရပ်မှာ အမျိုးသမီးတစ်ဦးကို ခေါ်ဆောင်သွားဖို့ဆိုတာ ခက်ခဲလှပါတယ်။ ဒါကြောင့် သင်ဟာ ဒီနန်းတော်မှာပဲ နေရစ်ခဲ့ပါ”ဟု အမှာစကားပြောကြား၏။


©shwehinthar.com

မိဖုရားကြီးက ရှင်ဘုရင်ကြီး မရှိဘဲ သူ့ချည်း တစ်ယောက်တည်း နန်းတော်၌ မနေရစ်နိုင်ပါကြောင်းကို တင်ပြလျှောက်ထား၏။

လူရိုးကြီး အရှင်သာရိပုတ္တရာအလောင်းဖြစ်သော ရှင်ဘုရင်ကြီးကလည်း မိဖုရားရဲ့စကားကို ခြွင်းချက်မရှိ ယုံကြည်နေ၏။ ဤအကြောင်းခြင်းရာ အချက်တွေသည် နောက်ဆုံးဘ၀ဝယ် အရှင်သာရိပုတ္တရာအလောင်းလျာ ဖြစ်သည့် ဥပတိဿသူတော်ကောင်းကြီး လူပျိုကြီးဖြစ်ဖို့ရန် အကြောင်းအချို့တို့ပင် ဖြစ်ပေသည်။ မိဖုရားကြီးမှာလည်း အခြားသူ မဟုတ်ပါ၊ နာမည်ကျော်ဖြစ်သော မယ်မင်းကြီးမ စိဉ္စမာဏအလောင်းလျာပင် ဖြစ်ခဲ့ပေသည်။

ကလိန်ဉာဏ်အကွက်ဆင်သည့်နေရာမှာ ကျွမ်းကျင်သည့် ဓာတ်ခံ အပြည့်အဝရှိသူ မယ်မင်းကြီးမ စိဉ္စမာဏ အလောင်းလျာဖြစ်သည့် မိဖုရား ကြီးက အကွက်ဆင်ကာ လူရိုး ရှင်ဘုရင်ကြီး ယုံကြည်သွားအောင် ဤသို့ လျှောက်ထားပြန်၏။ "ဒီလိုဆိုလျှင် တစ်ယူဇနာ တစ်ယူဇနာ အရပ်သို့ ရောက်တိုင်း ရောက်တိုင်း ကျွန်တော်မရဲ့ သုခ-ဒုက္ခ အဝဝကို သိရှိနိုင်ရန် အတွက် မင်းချင်းယောက်ျား တစ်ယောက် တစ်ယောက်ကို စေလွှတ်ပေး တော်မူပါ"ဟု လျှောက်ထား၏။ လူရိုး ရှင်ဘုရင်ကြီးကလည်း ချစ်မြတ်နိုးမှု ကြင်နာသနားမှု အပြည့်အဝရှိနေသူ ဖြစ်သဖြင့် ယုံယုံကြည်ကြည်နှင့်ပင် ထို တောင်းဆိုချက်ကို သဘောတူလိုက်၏။

ဘုရားအလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီးကို မြို့စောင့်အဖြစ် ထားခဲ့ကာ များပြားလှသော စစ်သည်ဗိုလ်ပါ-ထုဖြင့် စစ်ချီထွက်တော်မူရာ တစ်ယူဇနာရှိရာ အရပ်သို့ ရောက်တိုင်း ရောက်တိုင်း တစ်ယောက် တစ်ယောက်သော မင်းချင်းယောက်ျားကို "ငါတို့ရဲ့ အနာရောဂါကင်းကြောင်း သတင်းကောင်းကို လျှောက်ထားသံတော်ဦးတင်ပြီးလျှင် မိဖုရားကြီးရဲ့ သုခ-ဒုက္ခ အဝဝကို သိအောင် မေးမြန်းပြီးတော့ ပြန်လာပါ"ဟု စေခိုင်းလိုက်၏။

မယ်မင်းကြီးမကလည်း ဆိုက်ရောက်လာတိုင်း ဆိုက်ရောက်လာတိုင်း သော မင်းချင်းယောက်ျားကို "ရှင်ဘုရင်-ကြီးက ဘာအတွက် သင့်ကို စေလွှတ် လိုက်ပါသလဲ?"ဟု မေးမြန်း၏။ မင်းချင်းယောက်ျားကလည်း – "အရှင် မိဖုရားတို့ရဲ့ သုခ-ဒုက္ခ အဝဝကို သိရှိရန် စေလွှတ်လိုက်ပါတယ်"ဟု တင်ပြ လျှောက်ထားသောအခါ "ဒီလိုဆိုလျှင် ငါ့ရဲ့ သုခ-ဒုက္ခ အဝဝကို သိအောင် လာပေတော့"ဟု ခေါ်ကာ ထိုမင်းချင်းယောက်ျားနှင့် မသူတော်အကျင့်ကို ပြုကျင့်လေသည်။

ရှင်ဘုရင်ကြီးက (၃၂)ယူဇနာ ရှိသော ခရီးကို စစ်ချီရသည်ဖြစ်ရာ အားလုံး (၃၂)ယောက်သော မင်းချင်းယောက်ျားတို့ကို စေလွှတ်ခဲ့၏။ (၃၂)ယောက်လုံးသော ယောက်ျားတို့နှင့် ပုံစံတူ ဖောက်ပြားခဲ့၏။ အသွား (၃၂)ယူဇနာ ရှိသလို အပြန်လည်း (၃၂)ယူဇနာရှိရာ (၃၂)ယောက်သော မင်းချင်းယောက်ျားတို့ကို အလားတူ စေလွှတ်ပြန်၏။ အလားတူပင် မင်းချင်း ယောက်ျားတိုင်းနှင့် ဖောက်ပြားပြန်၏။ တမန် ခြောက်ကျိပ်လေးယောက်တို့နှင့် ဖောက်ပြန်၍ အားမရနိုင်သေးသော မယ်မင်းကြီးမက ဘုရားအလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီးကို သွေးဆောင်လာပြန်၏။

စစ်အောင်ပြီး၍ မြို့သို့ ပြန်လာရာ မြို့တွင်းသို့ ချက်ချင်း မဝင်သေးဘဲ မြို့ကို တန်ဆာဆင်ရန် ဘုရားအလောင်း-တော် ပုရောဟိတ်ပုဏ္ဏားကြီးကို ရှင်ဘုရင်က အမိန့်ပေးလိုက်၏။ ပုရောဟိတ်ပုဏ္ဏားကြီးကလည်း မြို့ကို တန်ဆာဆင်ပြီး-နောက် နန်းတော်ကိုပါ ဆက်လက် တန်ဆာဆင်ကာ အကျိုး အကြောင်းကို သံတော်ဦးတင်ရန် မိဖုရားထံသို့ သွားရောက်-ခဲ့၏။ မယ်မင်းကြီးမက ဘုရားအလောင်းတော်၏ ရူပကာယ၏ တင့်တယ်စံပယ်ခြင်းသို့ ရောက်ရှိနေသည့် ခန္ဓာကိုယ်ကို တွေ့မြင်ရသောအခါ "သွားရည်ယို ခံတွင်း ချဉ်လာသဖြင့်" မည်သို့မျှ မရပ်တည်နိုင်သည့်အတွက် မသူတော်အကျင့်ကို ပြုကျင့်ဖို့ရန် ဖိတ်ခေါ်ပြန်၏။ ပုရောဟိတ်ပုဏ္ဏားကြီးကလည်း "ဤစကားမျိုးကို မပြောဆိုပါနှင့်၊ ရှင်ဘုရင်ကြီးဟာလည်း ကြောက်ရွံ့ရိုသေရမည့် ပုဂ္ဂိုလ် ဖြစ်တယ်။ ကျွန်တော်မျိုးဟာလည်း အကုသိုလ်ကို ကြောက်ရွံ့လှပါတယ်။ ဤလို မသူတော်-အမှုကို ပြုလုပ်ဖို့ရန် မဝံ့ရဲပါဘူး"ဟု တင်ပြလျှောက်ထား၏။ ထိုအခါ မယ်မင်းကြီးမက –

"ခြောက်ကျိပ်လေးယောက်ကုန်သော ခြေရင်းအလုပ်အကျွေးဖြစ်ကြတဲ့ မင်းချင်းယောက်ျားတွေဟာ ရှင်ဘုရင်-ကြီးကိုလည်း မကြောက်ရွံ့ကြဘူး၊ အကုသိုလ်ကိုလည်း မကြောက်ရွံ့ကြဘူး။ သင်တစ်ယောက်တည်းကပဲ ရှင်ဘုရင်ကြီးကို ကြောက်ရွံ့ရသလား၊ သင်တစ်ယောက်တည်းကပဲ အကုသိုလ် ကိုရော ကြောက်ရွံ့နေရသေးသလား"ဟု ပြောဆိုလိုက်-ပြန်၏။


©shwehinthar.com

"မှန်ပါတယ် အရှင်မိဖုရား . . . ထိုမင်းချင်းတမန်တွေဟာလည်း ကျွန်တော်မျိုးလိုသာ ဖြစ်ကြမယ်ဆိုလျှင် ဒီလို အမှုမျိုးကို ပြုကျင့်ကြမှာ မဟုတ်ကြပါဘူး။ ကျွန်တော်မျိုးကတော့ ဒီလိုအပြစ်တွေကို သိနေတဲ့အတွက် ဒီလို လွန်ကျူးမှုမျိုးကို မပြုလုပ်နိုင်ပါ"ဟု တင်ပြလျှောက်ထား၏။

"နင် ဘာတွေပြောနေတာလဲ၊ စကားတွေ အများကြီး လျှောက်ပြော မနေနဲ့။ အကယ်၍ ငါ့စကားကို မလိုက်နာလျှင် သင့်ဦးခေါင်းကို ဖြတ်စေရမယ်"ဟု မယ်မင်းကြီးမက ပြောပြန်၏။ ထိုအခါဝယ် "အသက်ကိုသာ စွန့်အံ့၊ သီလကို မစွန့်အံ့"ဟူသော ဘုရားအလောင်းတော်၏ စိတ်ဓာတ်ကား အလွန် ကြည်ညိုဖွယ်ကောင်းလှ၏။ ဘုရားအလောင်းတော်က —

"တစ်ခုသော အတ္တဘော၌ ဦးခေါင်းကို ဖြတ်တောက်ခံရခြင်းကို ထားလိုက်ပါဦး၊ အတ္တဘောပေါင်း အထောင်၌သော်လည်း ဦးခေါင်းကို အဖြတ်ခံရသည်ဖြစ်ပါစေ၊ ကျွန်တော်မျိုးသည် ဤကဲ့သို့သော ယုတ်မာမှုမျိုးကို မပြုလုပ်နိုင်ပါ"ဟု လျှောက်ထားလိုက်၏။

အသက်ကိုသာ စွန့်၍ သီလကို မစွန့်သော ဘုရားအလောင်းတော်၏ စိတ်ထားကို အဘယ်မည်သော သူတော်ကောင်းသည် မကြည်ညိုဘဲ ရှိနိုင် ပါအံ့နည်း။

မယ်မင်းကြီးမက "ကိုင်း . . ရှိစေ၊ သိစေရမယ်"ဟု ဘုရားအလောင်းတော်ကို ကြုံးဝါးလိုက်၏၊ ခြိမ်းခြောက်လိုက်၏။ မိမိရဲ့ တိုက်ခန်းအတွင်းသို့ ဝင်ကာ မိမိကိုယ်ကို မိမိ လက်သည်း ခြေသည်းတို့ဖြင့် ကုတ်ဖွဲ့လိုက်၏၊ ဆီဖြင့် ကိုယ်ကို လိမ်းကျံလိုက်၏၊ အဝတ်ဟောင်းတွေကို ဝတ်လိုက်၏၊ လူမမာ အသွင်ကို ဖန်တီးလိုက်၏။ အခိုင်းအစေ ကျွန်မတွေကိုလည်း ရှင်ဘုရင်ကြီး မေးက ဖျားနာနေကြောင်းကို သံတော်ဦးတင်ရန် မှာကြားထားလိုက်၏။

ဤကလိန်ဉာဏ်တို့ကား သံသရာအဆက်ဆက်က ကပ်ပါလာနေသော ဓာတ်ငွေ့များပင်တည်း။ နောက်ဆုံး ဘုရားရှင်နှင့် တွေ့ဆုံသည့် ဘဝတွင်လည်း ဤဓာတ်ငွေ့အရှိန်အဝါတွေကြောင့်ပင် ဘုရားရှင်အပေါ်၌ မဟုတ် မတရား စွပ်စွဲခဲ့၏။ သေသည်၏ အခြားမဲ့၌လည်း အဝီစိငရဲသို့ ရောက်ခဲ့၏။ မှီခိုအားထားရာ **နာထတရား** ထင်ရှားမရှိဘဲ သေကျေပျက်စီးရခြင်း တစ်မျိုး ပင်တည်း။

ရှင်ဘုရင်ကြီးကလည်း မြို့သို့ ဝင်ပြီးနောက် နန်းတော်သို့ အရောက် မိဖုရားကြီးကို မတွေ့သဖြင့် မေးမြန်းလိုက်သောအခါ ဖျားနာကြောင်း သတင်းကို ကြားသိသဖြင့် မိဖုရားအဆောင်သို့ အရောက်သွားခဲ့၏။ မိမိ အကွက်ဆင်ထားသည့်အတိုင်း မိမိကို ပုရောဟိတ်ပုဏ္ဏားကြီးက အဓမ္မ ပြုကျင့်ရန် ကြံစည်ကြောင်းတို့ကို ကုတ်ခြစ်ထားသော ဒဏ်ရာဒဏ်ချက်တို့ကို ညွှန်ပြကာ တိုင်တန်းလေတော့၏။ ရှင်ဘုရင်ကြီးကလည်း ယုံကြည်သွားခဲ့၏။ မီးကျီးတွင်းထဲသို့ ပစ်သွင်းလိုက်သော ဆားကျောက်ပမာ အမျက်ဒေါသ ထောင်းထောင်း ထကာ "ပုရောဟိတ်ပုဏ္ဏားကြီးကို လက်ပြန်ကြိုးဖြင့် တုပ်နှောင်ကာ သုသာန်သို့ ထုတ်ကာ ဦးခေါင်းဖြတ်၍ သတ်စေ"ဟု အမိန့် ချမှတ်လိုက်၏။

ဘုရားအလောင်းတော်ပုရောဟိတ်ပုဏ္ဏားကြီးကလည်း မိဖုရားကြီး၏ ကလိန်ဉာဏ်ကြောင့် ယခုလို အဖမ်းခံရကြောင်းကို သဘောပေါက်သဖြင့် မိမိကို ရှင်ဘုရင်ကြီးအား ပြသပြီးမှသာလျှင် သတ်လိုက သတ်ရန် မေတ္တာရပ်ခံလိုက်၏။ လက်မရွံ့အာဏာသားတို့ကလည်း ထိုပုရောဟိတ်ပုဏ္ဏားကြီးကို ရှင်ဘုရင်ထံသို့ ခေါ်ဆောင်ကာ ရှင်ဘုရင်အား ပြသကြ၏။ ရှင်ဘုရင်ကြီးကလည်း ပုရောဟိတ်ပုဏ္ဏားကြီးကို မြင်လျှင်မြင်ချင်းပင် "အို ပုဏ္ဏားကြီး . . . ငါ့အပေါ်၌ ရှက်သင့် ရှက်ထိုက်တဲ့ အမှုကို ဘာကြောင့် သင် မပြုရသလဲ၊ ဘာကြောင့် သင်ဟာ ဒီလို ယုတ်ညံ့တဲ့ အမှုကို ပြုကျင့်ရသလဲ"ဟု မေးမြန်းစကားပြောကြားလိုက်၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးက ဤသို့ တင်ပြလျှောက်ထားလိုက်၏။

"အရှင်မင်းမြတ် . . . ကျွန်တော်မျိုးဟာ အလွန်စင်ကြယ်တဲ့ သောတ္ထိယ ပုဏ္ဏားအမျိုးအနွယ်မှာ လူဖြစ်လာရတဲ့သူ တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်မျိုးဟာ —

၁။ ပိုးရွ ခြပုန်းမျှကိုသော်လည်း တစ်ခါမျှ မသတ်စဖူးပါ။

၂။ သူတစ်ပါး၏ ပစ္စည်းကို ဆိုလျှင် မြက်, ဝါးခြမ်းစိတ်မျှကိုသော်လည်း မတရား မယူစဖူးပါ။


©shwehinthar.com

၃။ တပ်မက်သည့် လောဘစိတ်ဖြင့် သူတစ်ပါးတို့၏ အမျိုးသမီးကို မျက်စိ ဖွင့်၍သော်လည်း မကြည့်ခဲ့စဖူးပါ။

၄။ မြှူးထူးပျော်ပါးလိုသော စိတ်ထားဖြင့်သော်လည်း မုသားစကားကို မပြောဆိုခဲ့စဖူးပါ။

၅။ သမန်းမြက်ဖျားဖြင့်ပင်သော်လည်း တို့၍ သေရည် သေရက်ကို မသောက်သုံးခဲ့စဖူးပါ။

ကျွန်တော်မျိုးသည် အရှင်မင်းမြတ်တို့ အပေါ်၌ အပြစ် မရှိပါ။ ထို မိဖုရားကြီးကသာ တပ်မက်သည့် လောဘ၏ အစွမ်းဖြင့် ကျွန်တော်မျိုး၏ လက်ကို ကိုင်ဆွဲလျက် မသမာမှုကို ပြုကျင့်ခိုင်းခဲ့၏။ ကျွန်တော်မျိုးက ပယ်ရှား လိုက်သည့်အတွက် ကျွန်တော်မျိုးကို ခြိမ်းခြောက်ကာ မိမိ၏ ခြောက်ကျိပ် လေးယောက်ကုန်သော တမန်တို့နှင့် ဖောက်ပြားမှုအပြစ်ကို ဒေါသတကြီးနှင့် ပေါ်လွင်အောင် ကျွန်တော်မျိုးအား ပြောပြကာ တိုက်ခန်းအတွင်းသို့ ဝင်ရောက်သွားကာ လူနာဖြစ်အောင် ကလိန်ဉာဏ်ဆင်ခဲ့ပါသည်။ ကျွန်တော် မျိုးသည်ကား အပြစ် မရှိပါ။ လက်ဆောင်ပဏ္ဏာကို ယူဆောင်လာကြတဲ့ ထိုခြောက်ကျိပ်လေးယောက်ကုန်သော တမန်တို့သည်သာ အပြစ်နှင့်တကွ ဖြစ်ကြပါသည်။ ထိုတမန်သည်တို့ကို ခေါ်၍ အမှု မှန်မမှန်ကို စစ်ဆေးတော် မူပါ”ဟု တင်ပြလျှောက်ထားလိုက်၏။

ရှင်ဘုရင်ကြီးကလည်း ထိုတမန်တို့ကို နှောင်ဖွဲ့စေပြီးလျှင် မိဖုရားကြီးကို ခေါ်၍ “သင်သည် ထိုတမန်တို့နှင့် မကောင်းမှုကို ပြုသလား မပြုသလား”ဟု မေးစိစစ်ခဲ့၏။ ယုတ်မာသည့် အမှုကို ပြုကျင့်မိပါကြောင်းကို မိဖုရားကြီးကလည်း မငြင်းသာသဖြင့် ဝန်ခံစကား တင်ပြလျှောက်ထားလိုက်၏။ ထိုအခါ ရှင်ဘုရင်ကြီးက ထိုသူအားလုံးကိုပင် သေဒဏ်အမိန့် ချမှတ်တော်မူလိုက်၏။ သက်ဦးဆံပိုင်စနစ်အတိုင်း ကျင့်သုံးခြင်းပင် ဖြစ်၏။

ထိုအခါ ဘုရားအလောင်းတော်က ရှင်ဘုရင်ကြီးကို ဤသို့ လျှောက်ထား၏။

“အရှင်မင်းမြတ် . . . ဤတမန်သည်တို့အားလည်း အပြစ် မရှိပါ။ မိဖုရားကြီးက မိမိအလိုအတိုင်း ပြုကျင့်ခိုင်းခြင်းသာ ဖြစ်ပါသည်။ ထိုသူတို့မှာ အပြစ် မရှိကြပါ။ ဒါကြောင့် ထိုသူတွေကို သည်းခံခွင့်လွှတ်တော်မူပါ။

ထိုမိဖုရားကြီးမှာလည်း အပြစ် မရှိပါ။ အမျိုးသမီးတို့မည်သည် မေထုန် မှုဖြင့် ရောင့်ရဲသည်ဟူ၍ မရှိပါ။ မှန်ပါသည် — ဤသို့ မရောင့်ရဲခြင်းသည် အမျိုးသမီးတို့ရဲ့မွေးရာပါ ဇာတိသဘာဝတစ်ခု ဖြစ်ပါသည်။ ထိုအမျိုးသမီးတို့အား သည်းခံခွင့်လွှတ်ခြင်း သဘောတရားနှင့် ယှဉ်တွဲထားရမည်သာ ဖြစ်ပါသည်။ ဒါကြောင့် မိဖုရားကြီးအားလည်း သည်းခံခွင့်လွှတ်တော်မူပါ” ဤသို့ စသည်ဖြင့် နည်းအမျိုးမျိုးတို့ဖြင့် ရှင်ဘုရင်ကြီးအား ဆိုဆုံးမတော်မူ၏။

ထိုတမန်ခြောက်ကျိပ်လေးယောက်တို့ကိုလည်းကောင်း, မိဖုရားကြီးကို လည်းကောင်း မိမိတို့၏ မူလရာထူး ဌာနန္တရ၌ပင် ထားမြဲထားစေတော်မူခဲ့၏။ ထိုသို့ ပြုကျင့်ပြီးနောက် ဘုရားအလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီးက ရှင်ဘုရင်ကြီးအား ဤသို့လျှောက်ထား၏။

“အရှင်မင်းမြတ်. . . ပညာမျက်စိကာဏ်းနေတဲ့ လူမိုက်တို့မည်သည် မဟုတ်မမှန် လုပ်ကြံထားတဲ့ အကြောင်းဝတ္ထုကို အခြေခံနေတဲ့စကားဖြင့် မနှောင်ဖွဲ့သင့် မနှောင်ဖွဲ့ထိုက်တဲ့ ပညာရှိတို့ကို လက်ပြန်ကြိုးတုတ်ကာ အနှောင်အဖွဲ့ ထားကြပါတယ်။ ပညာရှိသူတော်ကောင်းတို့ကတော့ ဟုတ်မှန် တဲ့ အကြောင်းယုတ္တိရှိတဲ့စကားကြောင့် လက်ပြန်ကြိုးတုတ်ကာ နှောင်ဖွဲ့သင့် နှောင်ဖွဲ့ထိုက်သူတို့ကိုသော်လည်း လွတ်မြောက်စေကြပါတယ်။ အလားတူပဲ လူမိုက်တွေဟာ မနှောင်ဖွဲ့သင့်တဲ့သူတွေကိုသော်လည်း နှောင်ဖွဲ့ကြတယ်။ ပညာရှိသူတော်ကောင်းတို့ကတော့ နှောင်ဖွဲ့သင့် နှောင်ဖွဲ့ထိုက်တဲ့သူတွေကို သော်လည်း လွတ်မြောက်စေကြပါတယ်”ဟု ပြောဆိုကာ အောက်ပါဂါထာဖြင့် ဆက်လက်ကာ ဆိုဆုံးမတော်မူ၏။

*အဗဒ္ဓါ တတ္ထ ဗဇ္ဈန္တိ၊ ယတ္ထ ဗာလာ ပဘာသရေ။*

*ဗဒ္ဓါပိ တတ္ထ မုစ္စန္တိ၊ ယတ္ထ ဓီရာ ပဘာသရေ။*

= အကြင် တိုင်းနိုင်ငံ၌ လူမိုက်တို့သည် ဘုန်းတန်ခိုး တောက်ပလျက် ရှိကြ၏။ ထိုတိုင်းနိုင်ငံမျိုး၌ မနှောင်ဖွဲ့သင့် မနှောင်ဖွဲ့ထိုက်သည့်သူတွေကို နှောင်ဖွဲ့ထားတတ်ကြကုန်၏။

အကြင် တိုင်းနိုင်ငံ၌ကား လူလိမ္မာ ပညာရှိတို့သည် ဘုန်းတန်ခိုး တောက်ပလျက် ရှိကြကုန်၏။ ထိုကဲ့သို့သော တိုင်းနိုင်ငံမျိုး၌ နှောင်ဖွဲ့သင့် နှောင်ဖွဲ့ထိုက်သည့် သူတွေသော်မှလည်း အပြစ်မှ လွတ်မြောက်ကြကုန်၏။


©shwehinthar.com

(ဇာ၊၄၊၁၊၄၆၅။ ဇာ၊၄၊၂၊၁၇၆။)

ဘုရားအလောင်းတော် ပုရောဟိတ်ပုဏ္ဏားကြီး၏ အဆုံးအမကို ကြားနာ ရသောအခါ အရှင်သာရိပုတ္တရာ အလောင်းလျာဖြစ်သော ဗာရာဏသီဘုရင်ကြီးသည် ဤသို့ စဉ်းစားတော်မူ၏ — "ငါသည် တစ်သောင်း ခြောက်ထောင်ကုန်သော အမျိုးသမီးတို့ကို ပယ်စွန့်ကာ ဤမယ်မင်းကြီးမ တစ်ဦးတည်းကိုပဲ ကိလေသာ၏ အစွမ်းဖြင့် ချီးမြှောက်သော်လည်း မယ်မင်းကြီးမအဖို့ ရောင့်ရဲခြင်းငှာ မစွမ်းနိုင်ပါလား၊ ဒီလို အလိုဆန္ဒ ပြည့်ဝနိုင်ခဲတဲ့ အမျိုး-သမီးတွေကို အမျက်ထွက်နေခြင်းဆိုတာ — ဝတ်ပြီးတဲ့အဝတ်ဟာ ဝတ်ပါများလို့ ဟောင်းနွမ်းသွားခဲ့သော် ဘာကြောင့် ဟောင်းနွမ်းသွားရသလဲလို့ အမျက်ထွက်နေတာနှင့်လည်း တူတယ်၊ စားပြီးတဲ့ အစားအစာဟာ မစင်အဖြစ်သို့ ရောက်သွားတဲ့အခါ ဘာကြောင့် ဒီအစာဟာ မစင်ဖြစ်သွားရသလဲလို့ အမျက်ထွက်နေတာနှင့်လည်း တူတယ်" – ဒီလိုဆင်ခြင်ပြီးနောက် အောက်ပါ အတိုင်း အဓိဋ္ဌာန်ပြုကာ ဆုတောင်းပန်ထွာလိုက်လေသည်။

**"ဣတော ဒါနိ ပဋ္ဌာယ ယာဝ အရဟတ္တံ န ပါပုဏာမိ၊ တာဝ ကိလေသံ နိဿာယ မယိ ဥသူယာ မာ ဥပ္ပဇ္ဇတူ"တိ အဓိဋ္ဌဟိ။** (ဇာ၊၄၊၂၊၁၇၆။)

= "ဤနေ့ ဤအချိန်ခါမှ စ၍ အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ကိလေသာကို အမှီပြု၍ အကျွန်ုပ်၏ သန္တာန်၌ ငြူစူစောင်းမြောင်းခြင်း (= ဥသူယတရား)သည် မဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန် ပြုကာ ဆုတောင်းပန်ထွာခဲ့၏။

ဤဇာတ်လမ်းကား အရှင်သာရိပုတ္တရာအလောင်းလျာဖြစ်သော ဆတ္တပါဏိလုလင်၏ သန္တာန်၌ ငြူစူစောင်း-မြောင်းတတ်သည့် ဥသူယတရား ထင်ရှား မရှိခြင်း၏ အကြောင်းရင်းပင် ဖြစ်ပေသည်။ ထိုဘဝမှ စ၍ အရှင်သာရိ-ပုတ္တရာအလောင်းလျာ၏ သန္တာန်၌ ငြူစူစောင်းမြောင်းတတ်သည့် ဥသူယတရားသည် ထင်ရှား မဖြစ်တော့ပေ။ ဤဇာတ်လမ်းကို ပြန်ပြောင်းကာ ပြောပြလျက် မိမိ (= ဆတ္တပါဏိလုလင်)၏ သန္တာန်၌ ငြူစူစောင်းမြောင်း တတ်သည့် ဥသူယတရား ထင်ရှား မရှိကြောင်းကို ယသပါဏိမင်းအား တင်ပြ လျှောက်ထားလိုက်၏။

လောက၌ သတ္တဝါတို့ကို အများဆုံး ဒုက္ခပေးနေသည့် ကိလေသာ တရားဆိုးတို့တွင် မိမိစည်းစိမ်ကို အထိမခံနိုင်ခြင်းဆိုသည့် ငြူစူစောင်းမြောင်း တတ်သည့် စိတ်ထားလည်း ပါဝင်လျက် ရှိ၏။ ထိုကဲ့သို့သော စိတ်ထားမျိုးတွေ မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်၌ မတည်ရှိအောင် ထင်ရှား မဖြစ်ပေါ်လာအောင် ယခုကဲ့သို့ ဆုတောင်းပန်ထွာခြင်း အဓိဋ္ဌာန်ပြုခြင်းဖြင့်လည်း ထိုကိလေသာများကို ပယ်ရှားနိုင်သည်ဟု ဆိုလျှင် အဘယ်မည်သော သူတော်ကောင်းသည် ကောင်းမှုကုသိုလ်ပြုတိုင်း ထိုကဲ့သို့ ဆုတောင်းပန်ထွာမှု အဓိဋ္ဌာန်မှုကို မပြုလုပ်ဘဲ ရှိသင့်ပါအံ့နည်း၊ ဆုတောင်းပန်ထွာမှုဖြင့်လည်း ကိလေသာတရားဆိုးတို့ကို နှိပ်ကွပ်နိုင်သည်ဟုဆိုလျှင် ရာဂ ဒေါသ မောဟ မာန်မာန ဣဿာ မစ္ဆရိယစသည့် ကိလေသာတရားဆိုးတို့ မိမိ၏ရုပ်နာမ်သန္တာန်အစဉ်၌ ထင်ရှား မဖြစ်ပေါ်လာအောင် ကောင်းမှုကုသိုလ်ပြုတိုင်း ဆုတောင်းပန်ထွာ သင့်လှ ပေသည်။ ဤဇာတ်လမ်းကား နောက်ဆုံးဘဝ အဝင်အပါ ဘဝ တော်တော် များများ၌ အရှင်သာရိပုတ္တရာအလောင်းလျာဖြစ်သည့် သူတော်ကောင်း၏ လူပျိုကြီး ဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ခုပင် ဖြစ်ပေသည်။ စာဖတ်သူ (စာဘာသ်သူ) အသင်သူတော်ကောင်းသည်လည်း လူပျိုကြီး ဖြစ်လိုက သို့မဟုတ် မောင်မင်းကြီးသားတို့၏ ရက်စက်ကြမ်းကြုတ်သည့် စရိုက်ဆိုး တွေကြောင့် ယင်းတို့အပေါ်၌ စိတ်ကုန်သဖြင့် အပျိုကြီး ဖြစ်လိုပါက ထိုထုံး ကို အတုယူကာ လိုက်နာပြုကျင့်ပါလေ။

**(၂) သေရည်သေရက် မသောက်တတ်ခြင်း**

အရက်မသောက်တတ်ခြင်း၏ အကြောင်းရင်းကို မေးမြန်းသော အခါ၌လည်း ယသပါဏိမင်းအား ဆတ္တပါဏိလုလင်က ဤသို့ ဆက်လက်ကာ တင်ပြလျှောက်ထားပြန်၏။

"အရှင်မင်းမြတ် . . . ကျွန်တော်မျိုးသည် ရှေးယခင် တစ်ခုသောဘဝဝယ် ဗာရာဏသီမင်းပင် ဖြစ်ခဲ့၍ ယစ်ထုတ်ကြီး ဖြစ်ခဲ့ဖူးပါ၏။ အရက်နှင့် ကင်း၍ ရပ်တည်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ။ အသား မပါလျှင် မစားတတ်သူလည်း ဖြစ်ခဲ့ဖူးပါ၏" စသည်ဖြင့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဇာတ်လမ်းကို တင်ပြလျှောက်ထား၏။

ထိုအခါတွင် ဥပုသ်နေ့၌ သားမသတ်ရန် တိုင်းပြည်ကို ကြေညာထားပြီး ဖြစ်၏။ ဥပုသ်နေ့အတွက် အသားကို

အဖိတ်နေ့က ကြိုတင်ကာ စီမံ ထားသော်လည်း စားဖိုသည်၏ မေ့လျော့မှုကြောင့် ကင်ထားသောအသားကို ခွေးက ဆွဲစားသွားခဲ့၏။ စားဖိုသည်က အသား မပါသည့် ပွဲတော်အုပ်ကို မဆက်သရဲသဖြင့် မိဖုရား၏ အကူအညီကို ရယူကာ ပွဲတော်အုပ်ကို ဆက်သလာ၏။ ရှင်ဘုရင်ကြီးကား သားငယ်ကို အလွန် ချစ်မြတ်နိုးသဖြင့် မိဖုရားကြီးက သားငယ်ကို တန်ဆာဆင်ကာ ရှင်ဘုရင်ကြီး၏ ရင်ခွင်တွင် တည်ထားခိုက်တွင် ပွဲတော်အုပ်ကို ဆက်သလာ၏။ အမူးကြီးမူး အရူးကြီး ရူးနေသည့် အချိန်ဖြစ်သဖြင့် ပွဲတော်၌ အသား မပါသည်ကို မြင်သောအခါ ရင်ခွင်တွင် ပွေ့တင်ထားသော သားငယ်၏ လည်ပင်းကို လိမ်ချိုးကာ စဖိုသည်အား ချက်ရန် ပစ်ပေးလိုက်၏။ စဖိုသည်ကလည်း ရှင်ဘုရင် ခိုင်းစေ သည့်အတိုင်း ချက်ပြုတ်ကာ ပွဲတော်အုပ်ကို တစ်ဖန် ဆက်သရပြန်၏။ ချစ်လှစွာသော သားငယ်အသားဖြင့် ရှင်ဘုရင်ကြီး ပွဲတော်အုပ် တည်လေ၏။ ရှင်ဘုရင်အား ကြောက်ရွံ့သဖြင့် ငိုကြွေးခြင်းငှာ, တားမြစ်စကား ပြန်လည် ပြောကြားခြင်းငှာ စွမ်းနိုင်-သောသူမည်သည် တစ်ဦးတစ်ယောက်သော်မျှလည်း မရှိခဲ့ပေ။

သို့သော် ရှင်ဘုရင်ကြီးကား စားပြီး အိပ်စက်လိုက်၏။ မိုးသောက်ထအခါ အိပ်ရာမှ နိုးလာသော် အမူးပြေသွားသဖြင့် သားငယ်ကို သတိရ၍ ခေါ်ဆောင်လာရန် အမိန့်ရှိပြန်၏။ ထိုအခါကျမှ မိဖုရားကြီးက - ယမန်နေ့က သားငယ်ကို သတ်ကာ အသားကို ပွဲတော်အုပ်တည်ခဲ့ကြောင်းကို တင်ပြ လျှောက်ထားလိုက်၏။ ထိုအခါတွင် ရှင်ဘုရင်ကြီးသည် သားသောကဖြင့် ငိုကြွေးမြည်တမ်းကာ "ဤကဲ့သို့သော ဆင်းရဲဒုက္ခသည် သေရည်သေရက် သောက်သုံးမှုကို အမှီပြု၍ ငါ၏ရဲ့သန္တာန်၌ ဖြစ်ပေါ်ခဲ့၏"ဟု သုရာသောက်ခြင်း ၌ အပြစ်ဒေါသကို မြင်တွေ့သောအခါ —

**"ဣတော ပဋ္ဌာယ ယာဝ အရဟတ္တံ န ပါပုဏာမိ၊ တာဝ ဧဝရူပံ ဝိနာသကာရကံ သုရံ နာမ န ပိဝိဿာမိ။"**
(ဇာ၊ဌ၊၂၁၇၈။)

= "ဤနေ့မှစ၍ အရဟတ္တဖိုလ်သို့ မဆိုက်ရောက်သေးသမျှ ကာလပတ်လုံး ဤကဲ့သို့ သဘောရှိသော ပျက်စီးခြင်းကို ပြုလုပ်တတ်သော သုရာမည်သည် ကို မသောက်သုံးရပါစေသား . . ."ဟု မြေမှုန့်ကို ဆုပ်ကိုင်ကာ မျက်နှာကို လိမ်းကျံလျက် အဓိဋ္ဌာန်ပြုခဲ့၏၊ ဆုတောင်းပန်ထွာခဲ့၏။

ထိုအချိန်အခါမှ စ၍ မူးယစ်ဆေးဝါးမည်သည်ကို မသောက်သုံးစဖူးပါ ဟု ဆတ္တပါဏိလုလင်က ယသပါဏိမင်းအား တင်ပြ လျှောက်ထားလိုက်၏။

ဒုစရိုက်အိုး လူမိုက်မျိုးဘဝသို့ ရောက်အောင် တွန်းပို့ပေးတတ်သည့် သေရည်သောက်သုံးခြင်းစသည့် ဒုစရိုက်-မှုတို့ကို စိတ်က အဓိဋ္ဌာန်ပြုကာ ဆောက်တည်သည့်အတိုင်း ဆုတောင်းပန်ထွာသည့်အတိုင်း ထိုဒုစရိုက်တွေကို ချိုးဖဲ့ ဖျက်ဆီးနိုင်သည်, မိမိရုပ်နာမ်သန္တာန်အစဉ်၌ ဖြစ်ပေါ်မလာအောင် တားမြစ် ပိတ်ပင်နိုင်သည် ဖြစ်ပါက မိမိအကျိုးကို လိုလားတောင့်တလျက်ရှိသော အဘယ်မည်သော ပညာရှိတစ်စုံတစ်ဦးသည် ကောင်းမှုကုသိုလ်ပြုကာ သို့မဟုတ် ကောင်းမှုကုသိုလ်ပြုတိုင်း ထိုကဲ့သို့သော ဒုစရိုက်အိုး လူမိုက်မျိုး ဘဝသို့ မရောက်အောင် ဆုတောင်းပန်ထွာမှု မပြုဘဲ နေထိုက်ပါအံ့နည်း။ စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆောက်တည်လျက် ဆုတောင်းပန်ထွာသင့်လှ ပေသည်။

## (၃) မည်သူ့ကိုမျှ မချစ်တတ်ခြင်း

မည်သူ့ကိုမျှ မချစ်တတ်ခြင်း၏ အကြောင်းရင်းကိုလည်း ဆတ္တပါဏိ လုလင်က ယသပါဏိမင်းအား ဤသို့ တင်ပြ လျှောက်ထားပြန်၏။

"အရှင်မင်းမြတ် . . . ရှေးယခင် တစ်ခုသော ဘဝဝယ် ကျွန်တော်မျိုးသည် ဗာရာဏသီပြည်၌ပင်လျှင် **ကိတဝါသ** အမည်ရှိသော ရှင်ဘုရင် ဖြစ်ခဲ့ဖူးပါသည်။ သားတစ်ယောက် မွေးဖွားခဲ့ပါ၏။ လက္ခဏာဖတ်တတ်သည့် ပုဏ္ဏားပညာရှိတို့က ထိုသားကိုကြည့်၍ 'အရှင်မင်းမြတ် . . . ဤသူငယ်သည် ရေငတ်၍ သေလိမ့်မည်'ဟု နိမိတ် ဖတ်ကြပါ၏။ **ဒုဋ္ဌကုမာရ**ဟု နာမည် ပေးထားပါ၏။ ထိုမင်းသား အရွယ်သို့ ရောက်သည့်အခါ အိမ်ရှေ့မင်း ပြုလုပ်ထားပါ၏။ ထိုအိမ်ရှေ့စံမင်းသားကို မိမိသွားလေရာတွင် ရှေ့မှလည်းကောင်း နောက်မှလည်းကောင်း လိုက်ပါစေခဲ့ပါ၏။ ထိုမင်းသား ရေငတ် မသေရန် မြို့တွင်း ထိုထိုအရပ်တို့၌ ရေတွင်းရေကန်တို့ကို တူးဖော်ထားခဲ့ပါ၏။ လမ်းဆုံတို့၌ မဏ္ဍပ်တို့ကို ထိုးကာ အိုးစရည်းကြီးတို့ဖြင့် ရေတို့ကို အသင့်တည်ထားပါကုန်၏။" – ဤသို့စသည်ဖြင့် ဖြစ်ရပ်အစုံအလင်ကို ကုန်စင်အောင် တင်ပြ လျှောက်-ထားလေသည်။ ဆက်လက်ဖြစ်ပေါ်လာသည့် ဇာတ်လမ်းမှာ ဤသို့ ဖြစ်၏။


©shwehinthar.com

ကံဆိုးမိုးမှောင်ကျမည့် တစ်နေ့သို့ကား ဆိုက်ရောက်လာ၏။ ထိုမင်းသားငယ်သည် တစ်နေ့တွင် ဥယျာဉ်ကစားရန်-အသွား လမ်းခုလတ် တစ်နေရာတွင် ပစ္စေကဗုဒ္ဓါဘုရားရှင်နှင့် ရင်ဆိုင်တိုးမိနေ၏။ လူများအပေါင်းက ပစ္စေကဗုဒ္ဓါဘုရားရှင်အား ရိုသေကြ၏၊ မြတ်နိုးကြ၏၊ ရှိခိုးဝတ်ပြုကြ၏၊ ချီးမွမ်းကြ၏၊ လက်အုပ်ချီမိုးကာ ရှိခိုးဝတ်ပြုလျက် ရပ်တည်-နေကြ၏။

အိမ်ရှေ့မင်းသားက "ငါကဲ့သို့သောသူနှင့် အတူလိုက်ပါလာကြတဲ့သူတွေဟာလည်း ဒီခေါင်းတုံးဦးပြည်းကို ရှိခိုးကြတယ်၊ ချီးမွမ်းကြတယ်၊ လက်အုပ်ချီမိုးကာ အရိုအသေပြုကြတယ်၊ ငါ့ကိုတော့ ထိုကဲ့သို့ မပြုကြဘူး"ဟု စဉ်းစားကာ အမျက်ဒေါသထွက်လျက် ဆင်ပေါ်မှ ဆင်းကာ ပစ္စေကဗုဒ္ဓါဘုရားရှင်ထံသို့ ချဉ်းကပ်လိုက်၏။

"ရဟန်း . . . သင့်မှာ ဆွမ်းကော ရပါရဲ့လား" ဟု မထီလေးစား ရွဲ့ရှာသော စိတ်ထားဖြင့် မေးမြန်းလိုက်၏။ ရရှိပါကြောင်းကို ပစ္စေကဗုဒ္ဓါ ဘုရားရှင်က မိန့်ကြားတော် မူလိုက်သောအခါ ဘုရားရှင့်လက်တော်မှ သပိတ်တော်ကို ယူကာ မြေပြင်ပေါ်သို့ လွှင့်ပစ်ကာ ခြေထောက်ဖြင့် မုန့်မုန့် ညက်ညက် ကြေအောင် နင်းခြေပစ်လိုက်၏။

ပစ္စေကဗုဒ္ဓါဘုရားရှင်ကလည်း "ဤသတ္တဝါတော့ ပျက်စီးပါပေါ့"ဟု ပြောဆိုကာ ထိုမင်းသား၏မျက်နှာကို ကြည့်ရှုတော်မူ၏။ ထိုအခါ မင်းသားက "အို ရဟန်း . . . ငါဟာ ကိတဝါသဘုရင်ရဲ့သား ဖြစ်တယ်။ ဒုဋ္ဌကုမာရ အမည် ရှိတယ်၊ သင်က ငါ့ကို အမျက်ထွက်ကာ မျက်လုံးဖွင့်ကြည့်ပြီးတော့ ဘာလုပ်ချင်သလဲ"ဟု ပြောဆိုလိုက်၏။

ပစ္စေကဗုဒ္ဓါဘုရားရှင်သည် ထိုနေ့၌ . . ဆွမ်းပြတ်တော်မူသည်ဖြစ်၍ ကောင်းကင်သို့ ဈာန်အဘိညာဏ်ဖြင့် ပြန်-ကြွတော်မူကာ ဟိမဝန္တာမြောက်ပိုင်း နန္ဒမူလိုဏ်ဂူသို့သာလျှင် ကြွတော်မူလေသည်။

မင်းသား၏သန္တာန်၌ ထိုခဏမှာပင် မကောင်းမှု အကုသိုလ်ကံသည် အကျိုးပေးဖို့ရန် ရင့်ကျက်လာ၏။ ထိုမင်းသားသည် "ပူလှချည်ရဲ့ ပူလှချည်ရဲ့"ဟု အော်မြည်ကာ အလွန် ပူလောင်လာသဖြင့် ထိုနေရာ၌ပင် လဲကျ သွား-လေသည်။ ထိုထိုအရပ်၌ ရှိသမျှ ရေအားလုံးတို့သည် အပူရှိန်ကြောင့် ခန်းခြောက်သွားကြကုန်၏။ ထိုအရပ်မှာပင် အသက် ကုန်ဆုံးသွားလေသည်။ သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့ ဆိုက်ရောက်သွားပေသည်။

ခမည်းတော် ကိတဝါသဘုရင်ကြီးက ထိုသတင်းကို ကြားသိသောအခါ သားသောကဖြင့် အလွန်ပြင်းထန်စွာ အနှိပ်စက်ခံရသဖြင့် ဤသို့ စဉ်းစားခဲ့၏။

**"အယံ မေ သောကော ပိယဝတ္ထုတော ဥပ္ပန္နော၊ သစေ မေ သ္နေဟော နာဘဝိဿ၊ သောကော န ဥပ္ပဇ္ဇိဿ၊ ဣတော ဒါနိ မေ ပဋ္ဌာယ သဝိညာဏကေ ဝါ အဝိညာဏကေ ဝါ ကိသ္မိဉ္စိ ဝတ္ထုသ္မိံ သ္နေဟော နာမ မာ ဥပ္ပဇ္ဇတု။"**

(ဇာ၊ဋ္ဌ၊၂၊၁၇၉။)

= "ငါရဲ့ ဤသောကသည် ချစ်ခင်မြတ်နိုးအပ်သော ဝတ္ထုကြောင့် ဖြစ်ပေါ် ခဲ့၏။ ငါ၏သန္တာန်၌ ဤချစ်ခင်မြတ်နိုးမှုတရားသည် ထင်ရှား မဖြစ်ငြားအံ့၊ သောကဟူသည် မဖြစ်လေရာ၊ ဤယခုအခါမှ စ၍ ငါ၏သန္တာန်၌ သက်ရှိ အရာဝတ္ထုအပေါ်၌သော်လည်းကောင်း, သက်မဲ့အရာဝတ္ထုအပေါ်၌သော် လည်းကောင်း မည်သည့်တစ်စုံတစ်ခုသော အရာဝတ္ထုအပေါ်၌မဆို ချစ်ခင် မြတ်နိုးခြင်းမည်သည် မဖြစ်ရပါစေသား"ဟု စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆောက်တည်ကာ ဆုတောင်းပန်ထွာမှု ပြုလေသည်။

ဤသည်ကား မည်သူ့ကိုမျှ မချစ်တတ်ခြင်း၏ အကြောင်းရင်းဝတ္ထု ဖြစ်ပေသည်။ ဤကဲ့သို့ စိတ်ဓာတ်ကို ခိုင်ခိုင်-မာမာ ဆောက်တည်ကာ ဆုတောင်းပန်ထွာမှုကို ပြုကျင့်ခြင်းကြောင့် ထိုကံက အကျိုးပေးသည့်ဘဝဝယ် မည်သူ့ကိုမျှ မချစ်တတ်ဟုဆိုလျှင် ဤစာကို ဖတ်ရှု၍နေသော (ခါးတောင်း ကျိုက် ဖြုတ်လိုသော စိတ်ထားရှိသော) အသင်သူတော်-ကောင်းသည်လည်း အဘယ့်ကြောင့် ကောင်းမှုကုသိုလ်ပြုပြီးတိုင်း ဤကဲ့သို့သော ဆုတောင်း ပန်ထွာမှု, စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆောက်တည်မှုကို မပြုထိုက်ဘဲ ရှိသင့်ပါအံ့နည်း၊ သတ္တဝါတွေကို အများဆုံး ဒုက္ခပေးနေသော သဘာဝ-တရား တစ်ခုမှာ ဤချစ်ခြင်းတရားပင် မဟုတ်ပါလော။

**(၄) မည်သူ့ကိုမျှ မမုန်းတတ်ခြင်း**

မည်သူ့ကိုမျှ မမုန်းတတ်ခြင်း၏ အကြောင်းကိုလည်း ဆတ္တပါဏိ လုလင်က ယသပါဏိမင်းအား ဤသို့ ဆက်-


©shwehinthar.com

လက်ကာ တင်ပြ လျှောက်ထားလေသည်။

“အရှင်မင်းမြတ် . . . ကျွန်တော်မျိုးသည် ရှေးယခင် တစ်ခုသော ဘဝဝယ် **အရက** အမည်ရသော ရသေ့ဖြစ်စဉ်. . (၇)နှစ်တို့ကာလပတ်လုံး မေတ္တာစျာန်စိတ်ကို ပွားများခဲ့ဖူးပါ၏။ ထိုမေတ္တာစျာန်ကြောင့် (၇)ခုသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်တို့ပတ်လုံး ဗြဟ္မာပြည်၌ ဖြစ်ခဲ့ရ၍ မေတ္တာစျာန်ကို ပွားများကာ နေထိုင်ခဲ့ဖူးပါ၏။ ထိုကြောင့် ကျွန်တော်မျိုးသည် မေတ္တာဘာဝနာဖြင့် လေ့ကျက်အပ် အမြဲမပြတ် ထုံမွမ်းထားအပ်သော စိတ်ဓာတ် ရှိသည့်အဖြစ်ကြောင့် မည်သူ့ကိုမျှလည်း မမုန်းတတ်ခြင်း အမျက်မထွက် တတ်ခြင်း ဖြစ်ပါသည်”ဟု တင်ပြလျှောက်ထားလိုက်၏။

မေတ္တာဘာဝနာဖြင့် ထုံမွမ်းထားအပ်သော စိတ်ဓာတ်ကား ဒေါသကို တိုက်ဖျက်နိုင်သော စွမ်းအား ရှိခဲ့၏။ မည်သူ့-ကိုမျှ မမုန်းတီးလိုသော အသင် သူတော်ကောင်းသည်လည်း မေတ္တာစျာန်ဘာဝနာကို အကြိမ်များစွာ ပွားများ လေ့လာပါ။ ဤသည်တို့ကား ဆတ္တပါဏိလုလင် သန္တာန်၌ တည်ရှိသော အင်္ဂါ လေးပါးတို့ပင်တည်း။

**အမ္ဗဇာတ်၌ လာရှိသော အနာထမရဏ**

ဤအမ္ဗဇာတ်၌လာရှိသော **အနာထမရဏ**ကား — မှီခိုအားထားရာ နာထတရား မရှိဘဲ သေကျေပျက်စီးရခြင်းကို ရည်ညွှန်းထားပေသည်။

အရှင်ဒေဝဒတ်ကား “ငါသည် ဘုရားဖြစ်ပေတော့အံ့၊ ရဟန်းဂေါတမ သည်ကား ငါ၏ ဆရာသမားလည်း မဟုတ်၊ ဥပဇ္ဈာယ်ဆရာလည်း မဟုတ်”ဟု ဆရာအဖြစ်ကို စွန့်ပယ်လိုက်ခြင်းကြောင့် စျာန်လျှောကျ ပျက်စီးသွားခဲ့၏။ သံဃာကို သင်းခွဲပြီးနောက် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာသောအခါ ဇေတဝန်ကျောင်းတိုက်နှင့် မလှမ်းမကမ်း တစ်နေရာတွင် မြေမျို ခံရ၏။ သေသည်၏ အခြားမဲ့၌ အဝီစိသို့ ရောက်ရှိသွားခဲ့၏။ ဤဝတ္ထုကို အကြောင်းပြု၍ **အမ္ဗဇာတ်တော်**ကို ဟောကြားတော်မူခြင်း ဖြစ်၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဘုရင်မင်းမြတ်၏ ပုရောဟိတ် ပုဏ္ဏားကြီး၏ တစ်ဦးတည်းသော သား-သည် တက္ကသိုလ်၌ ပညာသင်ကြားပြီးနောက် ထွက်ခွာလာခဲ့သော် အရပ်ဒေသ အကျင့်စာရိတ္တ ယဉ်ကျေးမှု အမျိုးမျိုး-တို့ကို သိရှိရန် ခရီးဒေသစာရီလှည့်လည်စဉ် တိုင်းစွန်ပြည်နား မြို့ တစ်မြို့သို့ ဆိုက်ရောက်ခဲ့၏။ ထိုအခါ ဘုရားအလောင်း-တော်ကား ထိုမြို့အနီး စဏ္ဍာလရွာကြီး၌ နေထိုင်လျက်ရှိ၏၊ ပညာရှိ၏၊ လိမ္မာကျွမ်းကျင်၏၊ အခါ မဟုတ်သည်၌ အသီးကို သီးစေတတ်သော မန္တာန်ကို တတ်သိနားလည်၏။

ထိုဘုရားအလောင်းတော်သည် နံနက်စောစော အိပ်ရာမှထကာ ဆိုင်း ထမ်းပိုးကို ယူဆောင်လျက် ထိုရွာမှ ထွက်ကာ တောသို့ ဝင်ရောက်ပြီးလျှင် သရက်ပင်တစ်ပင်သို့ ချဉ်းကပ်ကာ သရက်ပင်မှ ခြေ (၇)လှမ်းခန့် အရပ်၌ ရပ်တည်လျက် ထိုမန္တာန်ကို မန်းမှုတ်သည်ရှိသော် သရက်ပင်ကို ကောင်းကင်မှ ကျဆင်းလာသော ရေအိုးအလုံးတစ်ရာမျှမကသော တစ်ခဲနက် ရေအယဉ်က တိုက်ခတ်မိ၏။ တစ်ခဏအတွင်း သရက်ပင်မှ သစ်ရွက်ဟောင်းတို့သည် ကြွေကျကြကုန်၏။ ရွက်နုတို့သည် ထမြောက်လာကြကုန်၏။ သရက်ပန်း အပွင့်တို့သည် ပွင့်ကာ ကြွေကျကြကုန်၏၊ သရက်သီးတို့ ဖြစ်-ပေါ်လာကာ တစ်ခဏအတွင်းမှာပင် မှည့်ကာ ချိုမြိန်ကောင်းမြတ်သော အရသာရှိသော ဩဇာရှိသော နတ်ဩဇာနှင့် တူကုန်သော သရက်သီးတို့ ဖြစ်ကာ အပင်မှ ကြွေကြကုန်၏။ ဘုရားအလောင်းသည် ထိုသရက်သီးတို့ကို ရွေးချယ်ကာ အလိုရှိတိုင်း ခဲစားပြီးလျှင် ဆိုင်းထမ်းပိုးကို ပြည့်စေလျက် အိမ်သို့ပြန်ကာ ထိုသရက်သီးတို့ကို ရောင်းချလျက် သားမယားကို မွေးမြူလေသည်။

တက္ကသိုလ်ပြည်မှ ပြန်လာသော ထိုပုဏ္ဏားလုလင်သည် ဘုရားအလောင်းတော်ကို, အချိန်အခါ မဟုတ်ဘဲ သရက်-သီးမှည့်တို့ကို ဆောင်ယူကာ ရောင်းချနေသည်ကို မြင်လတ်သော် ‘ဧကန္တ . . မန္တာန်၏ စွမ်းအားပင် ဖြစ်တန်ရာ-သည်’ဟု သဘောပေါက်ကာ မန္တာန်သင်ယူရန် ဘုရားအလောင်းတော် ထံသို့ ရိုသေကျိုးနွံစွာ ချဉ်းကပ်လေ၏။ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ရိုသေစွာ ပြုစုကာ မန္တာန်ကို သင်ယူရန် အချိန်ကြာကြာ ကြိုးစားခဲ့ရ၏။ အမျိုးဇာတ်နှင့် ပြည့်စုံခြင်း, ဆရာအပေါ် ဆရာ့ကတော်အပေါ်တို့၌ ပြုစု ထိုက်သည့် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်နှင့် ပြည့်စုံခြင်းကြောင့် ဘုရား အလောင်းတော်က မန္တာန်ကို သင်ပေးလိုက်၏။


©shwehinthar.com

သို့သော် ဘုရားအလောင်းတော်က အမှာစကားတစ်ခု ပြောကြားလိုက်၏။ "သင့်ဆရာ ဘယ်သူပါလဲဟု အများက မေးခဲ့သော် ငါ့ကို လျှို့ဝှက် မထားပါနှင့်။ အကယ်၍ ငါသည် စဏ္ဍာလ၏ အထံမှ မန္တာန်ကို သင်ယူခဲ့ပါသည်ဟု ပြောရမှာ ရှက်သဖြင့် ငါ၏ ဆရာသည် ဗြာဟ္မဏမဟာသာလ ဖြစ်ပါသည်ဟု ပြောဆိုငြားအံ့၊ ဤမန္တာန်၏ အကျိုးတရားကို သင်ရရှိလိမ့်မည်မဟုတ်"ဟု မှာကြားလိုက်၏။ "အမှန်အတိုင်း ပြောဆိုပါမည်"ဟု ဝန်ခံကာ ဘုရားအလောင်းတော်ထံမှ ထွက်ခွာခဲ့၏။

သို့သော် တကယ် အရေးကြုံလာသည့်အခါ စဏ္ဍာလထံမှ သင်ယူ ခဲ့သည်ကို ပြောပြရန် ရှက်နေပြန်၏။ တစ်နေ့တွင် ရှင်ဘုရင်ကြီးက ထို သရက်သီးကို စားရသဖြင့် အလွန် သဘောကျသွား၏။ ဆုလာဘ်များစွာ ချီးမြှင့်လိုက်၏။ အတတ်ပညာကိုလည်း ဥယျာဉ်တော်တွင်းသို့ သွားကာ လက်တွေ့ ပြသလိုက်၏။ ရှင်ဘုရင်ကြီးကလည်း သဘောကျလွန်းသဖြင့် "ဤမန္တာန်ကို မည်သူ့ထံမှ သင်ယူခဲ့ပါသနည်း"ဟု မေးမြန်းသောအခါ "ငါ အဝါးဝစွာ လေ့ကျက်ထားပြီးဖြစ်တဲ့ ဒီမန္တာန်ဟာ မပျောက်ပျက်နိုင်တော့ပါ"ဟု သဘောပိုက်ကာ စဏ္ဍာလထံမှ သင်ယူခဲ့ပါသည်ဟု ပြောရန် ရှက်နိုးသဖြင့် "တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့ပါသည်"ဟု မုသား စကား ပြောကြားလိုက်၏။ ထိုခဏမှာပင် မန္တာန်လည်း ပျောက်ကွယ်သွားလေ သည်။ နောက်ထပ် မန္တာန်ကို မရွတ်ဖတ်နိုင်သဖြင့် မန္တာန်စွမ်းအားလည်း ကုန်ခန်းပျက်စီးသွားလေသည်။

ဆရာထံသို့ တစ်ဖန် ပြန်သွားသော်လည်း ဆရာက ထိုမန္တာန်ကို မုသား စကား ခပ်များများ ပြောကြားတတ်သူ ထိုပုဏ္ဏားလုလင်အား သင်မပေးတော့ဘဲ နှင်ထုတ်ပစ်လိုက်၏။

**သော စဝံ အာစရိယေန ဥယျောဇိတော "ကိံ မယှံ ဇီဝိတေနာ"တိ အရညံ ပဝိသိတွာ အနာထမရဏံ မရိ။** (ဇာ၊၄၊၄၊၂၀၇။)

ထိုပုဏ္ဏားလုလင်သည် ဤသို့ ဆရာဖြစ်သူက နှင်ထုတ်လိုက်သည်ရှိသော် "ငါ့အား အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုးရှိနိုင်ပါအံ့နည်း" ဟု နှလုံးပိုက်ကာ တောသို့ဝင်၍ မှီခိုအားထားရာမဲ့ သေကျေပျက်စီးရခြင်း **အနာထမရဏ**ဖြင့် သေကျေပျက်စီးရလေသည်။ ဆရာကို ဆရာဟု ပြောဆို ဝန်ခံရမည်ကို ရှက်နိုးသူ ဝန်လေးသူတို့ သတိပြုဖွယ်ရာ ဇာတ်လမ်းတစ်ခု ဖြစ်ပေသည်။

ကျေးဇူးမသိတတ်သူ ဤပုဏ္ဏားလုလင်ကား အခြားသူမဟုတ် အရှင်ဒေဝဒတ်အလောင်းပင် ဖြစ်ခဲ့၏။ ထိုဘဝတုန်းကလည်း ဆရာကို ဆရာဟု ပြောဆိုရန် ဝန်လေးခဲ့သဖြင့် အနာထမရဏဖြင့် သေကျေပျက်စီးခဲ့ရ၏။ ဂေါတမဘုရားရှင်၏ သာသနာတော်၌လည်း ဆရာဖြစ်တော်မူသော ဘုရားရှင်ကို ဆရာမဟုတ်ဟု ကျေးဇူးမဲ့စကား ပြောကြားကာ ဘုရားရှင်အား သွေးစိမ်း တည်စေခြင်း, သံဃာသင်းခွဲခြင်းစသည့် မကောင်းမှုအကုသိုလ်တို့ကို လွန်ကျူးခဲ့၏။ မိမိ မကောင်းမှုကြောင့်ပင် မှီခိုအားထားရာ နာထတရား မရှိဘဲ အနာထမရဏဖြင့်ပင် သေကျေပျက်စီးခဲ့ရ၏။ သေသည်၏ အခြားမဲ့ ၌လည်း အဝီစိငရဲ၌ ကျက်ရပြန်၏။ တစ်လုတ်စားဖူး သူ့ကျေးဇူးကိုမျှ မသိတတ်သူတို့ သွားရာလမ်းတည်း။

မှီခိုအားထားရမည့် ကလျာဏမိတ္တအမည်ရသည့် ပုဂ္ဂိုလ် တစ်စုံတစ်ရာ မရှိဘဲ သေကျေပျက်စီးရခြင်း, မှီခိုအားထားရမည့် အခြားအခြားသော **နာထ** တရား ထင်ရှား မရှိဘဲ သေကျေပျက်စီးရခြင်းမျိုးကို ရည်ညွှန်းထားပေသည်။

**လက္ခဏသံယုတ်** (သံ၊၂၊၄၄၆-၄၄၉။)

ပိဋကစာပေတွင် ကိုးကွယ်အားထားရမည့် နာထတရား ထင်ရှား မရှိဘဲ သေကျေပျက်စီးသွားရပုံနှင့် ဆက်စပ်သည့် ဝတ္ထုဇာတ်လမ်းများ များစွာ လာရှိပေသည်။ ယင်းဝတ္ထုဇာတ်လမ်းတို့ထဲမှ လက္ခဏသံယုတ်တွင်လာရှိသော ဝတ္ထုဇာတ်လမ်းအချို့ကို ဆက်လက် တင်ပြအပ်ပါသည်။

တစ်ချိန်တွင် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဖြစ်သော ဝါးတော ပတ်ရံသည့် ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံး စံနေတော်မူဆဲ ဖြစ်၏။ ထိုအချိန်အခါ၌ အရှင်လက္ခဏမထေရ်မြတ်ကြီးနှင့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ် မြတ်ကြီးတို့သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး စံနေတော်မူကြ၏။

**အရှင်လက္ခဏမထေရ်မြတ်** — အရှင်လက္ခဏမထေရ်မြတ်ကား ဥရုဝေလကဿပ, ဂယာကဿပ, နဒီကဿပ ဟူသော ကဿပညီနောင်တို့ ဦးဆောင်သည့် ရသေ့ညီနောင် ရှင်တစ်ထောင်တို့တွင် တစ်ပါး အပါအဝင် ဖြစ်တော်မူ၏။ ဘုရားရှင် ထံတော်မှောက်၌ - 'ဧဟိ ဘိက္ခု' ရဟန်းအဖြစ်ကို ခံယူရရှိတော်မူသော သူတော်ကောင်းတစ်ဦး ဖြစ်တော်မူ၏။ ယင်း 'ဧဟိ ဘိက္ခု' ရဟန်းတော် တစ်ထောင်တို့အား ဘုရားရှင်သည် ဂယာသီသအရပ်၌ **အာဒိတ္တသုတ္တန်** (သံ၊၂၊၂၅၁-၂၅၂)ကို ဟောကြားပြသတော်မူ၏။ ထိုသုတ္တန်၏ အဆုံးတွင် ယင်း အားလုံးသော ရှင်တစ်ထောင်တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြ၏။ ယင်း 'ဧဟိ ဘိက္ခု' ရဟန္တာမထေရ်မြတ် တစ်ထောင်တို့တွင် အရှင်လက္ခဏမထေရ်မြတ်လည်း တစ်ပါးအပါအဝင် ဖြစ်တော်မူ၏၊ မဟာသာဝကတစ်ပါးလည်း ဖြစ်တော်မူ၏။ ယောက်ျားမြတ် တို့၏ အသွင်-အပြင်လက္ခဏာနှင့် ပြည့်စုံရကား ခပ်သိမ်းသော အခြင်းအရာ အားဖြင့် ပြည့်စုံသော ဗြဟ္မာနှင့်တူသော ခန္ဓာကိုယ်အတ္တဘောနှင့် ပြည့်ဝ စုံလင်နေသည့်အတွက် လက္ခဏဟူသော အမည်ဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်၏။

(သံ၊၄၊၂၊၁၉၉။)

**အရိုးစုပြိတ္တာ** — တစ်နေ့တွင် ဒုတိယအဂ္ဂသာဝက ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးသည် အရှင်လက္ခဏနှင့်အတူ ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံရန်အတွက် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်တော် မူလာ၏။

ထိုသို့ ဆင်းသက်တော်မူလာစဉ် အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ဝင်စားတော်မူလျက် ကောင်းကင်သို့ အဘိညာဏ်ဉာဏ်ဖြင့် အာရုံယူကာ လှမ်းမျှော်ကြည့်ရှုတော်မူလတ်သော် ကောင်းကင်ယံတွင် အရိုးစုပြိတ္တာစသည့် ပြိတ္တာတို့ကို မြင်တော်မူလေသော် ဖြည်းညင်းစွာ ပြုံးရယ်တော်မူလေသည်။

ဤကဲ့သို့ သဘောရှိသော ခန္ဓာကိုယ်အတ္တဘောကို တွေ့မြင်ရသည့် အခါ သနားကရုဏာ ဖြစ်သင့်ပြသင့်ပါလျက် အဘယ်ကြောင့် ပြုံးရယ်တော် မူရပါသနည်းဟု မေးရန်ရှိ၏။ မိမိ၏ ပြည့်စုံမှု သမ္ပတ္တိကိုလည်းကောင်း, ဘုရားရှင်၏ ဉာဏ်တော်မြတ်၏ ပြည့်စုံမှု သမ္ပတ္တိကိုလည်းကောင်း အဖန်ဖန် အောက်မေ့ အမှတ်ရသောကြောင့် ပြုံးရယ်တော်မူခြင်း ဖြစ်၏။ ထိုပြိတ္တာကို မြင်တော်မူသောအခါ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်က ဤသို့ စဉ်းစားတော်မူ၏။

"သစ္စာလေးရပ် တရားမြတ်ကို ထွင်းဖောက် မသိမြင်သေးသော ပုဂ္ဂိုလ် တစ်ဦးအနေဖြင့် ရသင့်ရထိုက်သော ဤကဲ့သို့သော ခန္ဓာကိုယ် အတ္တဘောမျိုးမှ ငါသည် လွတ်မြောက်ရပေပေ၏၊ ငါသည် အရတော်လေစွ၊ ငါသည် ဘဝကို ကောင်းစွာ ရအပ်ပါပေစွ"ဟု မိမိ၏ ပြည့်စုံခြင်း သမ္ပတ္တိဂုဏ်ကို အောက်မေ့မိသောကြောင့်လည်းကောင်း, "ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏ ဉာဏ်တော်မြတ်၏ ပြည့်စုံခြင်းသည်ကား သြော် . . . အံ့သြဖွယ် ကောင်းပေစွ၊ 'ရဟန်းတို့ . . . ကံ၏အကျိုးတရားကို မကြံစည်အပ် မကြံစည်ထိုက်'ဟူသော အကြင်တရားစကားတော်ကို ဟောကြားထားတော် မူ၏။ ထိုတရားစကားတော်ကို စင်စစ် ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်-သိမြင်ပြီးရာအခါ၌သာ ဘုရားရှင်တို့သည် ဟောကြားတော် မူကုန်၏။ ဘုရားရှင်တို့သည် ဓမ္မဓာတ်ကို ထွင်းဖောက် သိမြင်တော်မူကြကုန်၏"ဟု ဤသို့လျှင် ဘုရားရှင်၏ ဉာဏ်တော်မြတ်၏ ပြည့်စုံခြင်းကိုလည်း အောက်မေ့ အမှတ်ရသောကြောင့်လည်းကောင်း ဖြည်းညင်းစွာ ပြုံးရယ်တော် မူခြင်းကို ထင်ရှား ပြုတော်မူလေသည်။ (သံ၊၄၊၂၊၁၉၉။ )

ရဟန္တာအရှင်မြတ်တို့သည် အကြောင်းထူး တစ်ခုခု မရှိဘဲ ပြုံးရယ်မှုကို ပြုတော်မူကြရိုး ဓမ္မတာကား မရှိ ဖြစ်ခဲ့၏။ သို့အတွက် အရှင်လက္ခဏမထေရ်မြတ်က ပြုံးရယ်တော်မူရခြင်း၏ အကြောင်းရင်းကို သိတော်မူလိုသည့်အတွက် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်အား ပြုံးရယ်တော်မူရခြင်း၏ အကြောင်း ရင်းကို မေးမြန်း လျှောက်ထားတော်မူလိုက်၏။

ဤအရာတွင် မေးစရာတစ်ခု ရှိလာပြန်၏၊ "အရှင်လက္ခဏမထေရ်မြတ်က ထိုအရိုးစုပြိတ္တာ စသည်တို့ကို မမြင်သလော၊ ထိုအရှင်လက္ခဏအား ဒိဗ္ဗစက္ခု အဘိညာဏ်သည် မရှိသလော"ဟု မေးရန် ရှိ၏။ အဖြေကား — မရှိသည် မဟုတ်၊ ရှိပါ၏။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်က ဒိဗ္ဗစက္ခု အဘိညာဏ်ကို ဝင်စားလျက် ဆင်ခြင်တော်မူသောကြောင့် ယင်းအရိုးစုပြိတ္တာ စသည်တို့ကို မြင်တော်မူခြင်း ဖြစ်၏။ အရှင်လက္ခဏမထေရ်မြတ်ကား ထိုသို့ ဆင်ခြင်တော် မမူသောကြောင့် မမြင်ခြင်း ဖြစ်ပေသည်။ (သံ၊၄၊၂၊၁၉၉။)


©shwehinthar.com

ထိုသို့ မေးမြန်း လျှောက်ထားတော်မူသောအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်က "အရှင်ဘုရား လက္ခဏ . . . ဤပြဿနာကို ဖြေဆိုခြင်းငှာ အခါ မဟုတ်သေး၊ မြတ်စွာဘုရား၏ ထံတော်မှောက်သို့ ရောက်ရှိသော အခါမှ တပည့်တော်အား ဤပြဿနာကို ထပ်မံ မေးတော်မူပါ" — ဟု လျှောက်ထား ပြောဆိုလိုက်၏။

အကြောင်းကား — ဤသို့ အရိုးစုပြိတ္တာစသည့် ဖြစ်ရပ်ကား ကိုယ်တိုင် မမြင်သူတို့အဖို့ ယုံကြည်ဖို့ရန် အလွန်ခက်ခဲလှ၏၊ ထိုကြောင့် မြတ်စွာဘုရား ကို သက်သေပြုကာ ဖြေကြားတော်မူလိုသည့်အတွက် ထိုကဲ့သို့ လျှောက်ထားတော်မူခြင်း ဖြစ်၏။ (သံ၊၄၊၂၊၂၀၀။)

ထိုနောက် အရှင်လက္ခဏမထေရ်မြတ်နှင့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်တို့သည် ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားခြင်းကိစ္စ ပြုလုပ်ပြီးနောက် ဆွမ်းစားဇရပ်မှ ဖဲခွာလာကြပြီးလျှင် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ကြ၍ မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသော နေရာ၌ ထိုင်နေကြပြီးသော် အရှင်လက္ခဏမထေရ်မြတ်က အရှင် မဟာမောဂ္ဂလ္လာန် မထေရ်မြတ်အား "အရှင်မဟာမောဂ္ဂလ္လာန်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက် လတ်သော် နေရာတစ်ခု၌ ပြုံးတော်မူ၏။ အရှင်ဘုရားမောဂ္ဂလ္လာန် . . . ပြုံးရယ်တော်မူခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း"ဟု မေးမြန်း လျှောက်ထားတော်မူလိုက်၏။

အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အရိုးစုပြိတ္တာကို မြင်ရ၏၊ ထိုအရိုးစု ပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ်ကြကုန်၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ အရှင်ဘုရား . . . ထိုတပည့်တော်အား "အချင်းတို့ . . အံ့ဖွယ် ရှိစွတကား၊ အချင်းတို့ . . မဖြစ်ဖူးမြဲ ဖြစ်စွတကား၊ ဤကဲ့သို့သော သတ္တဝါဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော ပြိတ္တာဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော အတ္တဘောကို ရသူဟု ရှိတုံဘိ၏"ဟု စိတ်အကြံ ဖြစ်ခဲ့ပါသည်ဟု ပြောဆို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။ — "ရဟန်းတို့ . . . တပည့်သာဝကတို့သည် စင်စစ် မျက်စိအမြင် ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ ရဟန်းတို့ . . . တပည့်သာဝကတို့သည် ဉာဏ်အမြင် ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား။ အကြင်သို့သော တပည့်သာဝက စင်လျက် ဤသို့သော သတ္တဝါကို သိလည်း သိနိုင်တုံဘိ၏၊ မြင်လည်း မြင်နိုင်တုံဘိ၏၊ သက်သေကိုသော်လည်း ပြုနိုင်တုံဘိ၏။

ရဟန်းတို့ . . . ရှေးကပင် (= ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်တော်မြတ်ကို ထိုးထွင်း သိမြင်တော်မူခဲ့စဉ်ကပင် အတိုင်းအတာပမာဏ မရှိသော စကြဝဠာတို့၌ အတိုင်းအတာပမာဏ မရှိသော သတ္တဝါတို့ကို ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ဖြင့် မျက်မှောက်ပြုတော်မူစဉ်) ထိုသတ္တဝါကို ငါဘုရား ရှင်သည် မြင်တော်မူခဲ့၏။ သို့သော်လည်း ငါဘုရားရှင်သည် မပြောဆိုခဲ့ပေ။ ငါဘုရားရှင်သည် ထိုအကြောင်းအရာကို ပြောဆိုခဲ့ပါမူ သူတစ်ပါးတို့သည် ငါဘုရားရှင်အား မယုံကြည်နိုင်ကြပေရာ။ ငါဘုရားရှင်ကို မယုံကြည် ကြသူအား ထိုမယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး အကျိုး စီးပွား မဲ့ခြင်းငှာ, ဆင်းရဲခြင်းငှာ ဖြစ်လေရာ၏။ ရဟန်းတို့ . . . ထိုအရိုးစု ပြိတ္တာ သတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် နွားသတ်သမား ဖြစ်ခဲ့ဖူးလေပြီ၊ ထိုသတ္တဝါသည် ထိုကံ၏ အကျိုးအဖြစ်ဖြင့် များစွာသော နှစ်တို့ပတ်လုံး, များစွာသော နှစ်အရာတို့ပတ်လုံး, များစွာသော နှစ်အထောင်တို့ပတ်လုံး, များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့၍ ထိုကံ၏ အကျိုးကြွင်း အဖြစ်ဖြင့်လျှင် ဤသို့သော အတ္တဘောကို ရရှိခံစားနေရ၏"ဟု မိန့်ကြားတော်မူ၏။ (သံ၊၁၊၄၄၆-၄၄၇။)

[အလုံးစုံသော အောက်ပါ အကြောင်းအရာတို့၌ ။ပ။ (ပေယျာလ) ဟူမျှကို ဤနည်းအတိုင်း ချဲ့လေ။]

ဤနွားသတ်သမားကား နွားတို့ကို သတ်ပြီးလျှင် အရိုးမှ အသားကို ခွာပြီးလျှင် နွားသားကို ရောင်းချကာ အသက်မွေးသူ အထီးကျန် သူသတ်သမားတည်း။ ထိုနွားသတ်သမား၏ အထူးထူး အပြားပြားကုန်သော အကုသိုလ်စေတနာတို့ဖြင့် အားထုတ်ဆည်းပူးအပ်ခဲ့သည့် (ဘဝအဆက်ဆက် ၌ အကျိုးပေးဖို့ရန် စွမ်းအားရှိနေသော) အပရာပရိယကံ၏ စွမ်းအားကြောင့် ယခုကဲ့သို့ ပြိတ္တာဘဝသို့ ဆိုက်ရောက်လာရခြင်း ဖြစ်၏။ ထိုသတ္တဝါ၏ သန္တာန်ဝယ် ငရဲ၌ အကျိုးပေးနေသော အကုသိုလ်ကံတို့၏ စွမ်းအင်များ ကုန်ခန်းသွားသောအခါ ငရဲမှ စုတေခါနီး အချိန်ကာလ


©shwehinthar.com

မရဏာသန္နဇော စောသည့် အချိန်ကာလဝယ် အသားမရှိအောင် ထွင်ထား လှီးဖြတ်ထားအပ်ကုန်သော နွားတို့၏ အရိုးစု အစုအပုံကြီးသည်သာလျှင် ကမ္မနိမိတ်အဖြစ် ထင်လာ၏။ ထိုသတ္တဝါ၏ ဖုံးကွယ်နေသော ထိုအကုသိုလ်ကံသည်လည်း ပညာရှိတို့အား ထင်ရှားအောင် ပြသကဲ့သို့ ထိုသတ္တဝါသည် ထိုအကုသိုလ်ကံကြောင့် ကံကို ထူထောင်စဉ်က အာရုံတွင် ထင်လာနေသော အရိုးစု အာရုံနှင့် တူစွာ အရိုးစုပြိတ္တာ ဖြစ်လာပေသည်။ (သံ၊၌၊၂၊၂၀၁။ )

**အသားတစ်ပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အသားတစ် ပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကြကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် နွားသတ်သမား ဖြစ်ခဲ့ဖူးလေပြီ။ ပ ။ (သံ၊၁၊၄၄၇။)

ဤအသားသစ်ပြိတ္တာကား လူ့ဘဝက နွားကို သတ်ပြီးလျှင် အသားတုံး ပြုလုပ်ကာ အခြောက် လှမ်းပြီးလျှင် အသားခြောက် ရောင်းချခြင်းဖြင့် နှစ်ပေါင်းများစွာ အသက်မွေးခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ထိုသတ္တဝါ၏ သန္တာန်ဝယ် ငရဲမှ စုတေခါနီး ကာလ၌ အသားတစ်သည်သာလျှင် မရဏာသန္နဇော၏ အာရုံနိမိတ် ဖြစ်လာ ထင်လာပေသည်။ ထိုသတ္တဝါသည် အသားတစ်ပြိတ္တာ ဖြစ်လာရပေသည်။ (သံ၊၌၊၂၊၂၀၁။)

**အသားတုံးပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အသားတုံး ပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ငှက်မုဆိုး ဖြစ်ခဲ့ဖူးပြီ။ ။ပ။ (သံ၊၁၊၄၄၇။)

ဤငှက်မုဆိုးကား ငှက်တို့ကို ဖမ်းယူပြီး ရောင်းချသောအခါ အမွေးအတောင်နှင့် အရေခွံကို ဆုတ်ကာ အသားတုံးမျှ ပြုလုပ်ကာ ရောင်းချ အသက်မွေးခဲ့၏။ ထို့ကြောင့် ထိုသတ္တဝါ၏ သန္တာန်ဝယ် ယင်း အပရာပရိယ အကုသိုလ်ကံ၏ စွမ်းအားကြောင့် ငရဲမှ စုတေခါနီး အခါဝယ် အသားတုံးသည်သာလျှင် မရဏာသန္နဇော၏ နိမိတ်အဖြစ် ထင်လာပေသည်။ ထို့ကြောင့် ထိုသတ္တဝါသည် မိမိ ပြုစုပျိုးထောင်ခဲ့သော ကံနှင့် လျော်ညီစွာ အသားတုံးပြိတ္တာ ဖြစ်လာရပေသည်။ (သံ၊၌၊၂၊၂၀၁။)

**အရေ မရှိသော ယောက်ျားပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အရေ မရှိသော ယောက်ျားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကြကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ဆိတ်သတ်သမား ဖြစ်ခဲ့ဖူးလေပြီ။ ။ပ။ (သံ၊၁၊၄၄၈။)

ထိုဆိတ်သတ်သမားကား သိုး ဆိတ်တို့ကို သတ်ပြီး အရေခွံကို ဆုတ်ကာ အသားတို့ကို ရောင်းချလျက် အသက်မွေးသော ပုဂ္ဂိုလ်ဖြစ်၏။ ယင်း အကုသိုလ်ကံတို့ကို ထူထောင်ခဲ့စဉ်က ပြိတ္တာဘဝသို့ ဖြစ်စေနိုင်သည့် စွမ်းအား ရှိသော အကုသိုလ် အပရာပရိယကံတို့၏ စွမ်းအားကြောင့် ထိုကံကို ထူထောင်ခဲ့စဉ်က အာရုံနိမိတ်တစ်ခုအဖြစ် ကျေးဇူးပြုပေးနေသော အရေ မရှိသော သိုး ဆိတ်တို့၏ ကိုယ်ကောင်ဟူသော ကမ္မနိမိတ်အာရုံသည် ထိုငရဲသား-သတ္တဝါ၏ မရဏာသန္နဇော၏ အာရုံအဖြစ် ထင်လာပေသည်။ ထို့ကြောင့် ထိုသတ္တဝါသည် ငရဲမှ စုတေသောအခါ ပြိတ္တာဘုံ၌ အရေ မရှိသော ယောက်ျားပြိတ္တာ ဖြစ်လာရပေသည်။ (သံ၊၌၊၂၊၂၀၁။)

**သံလျက် အမွေးပေါက်သော ယောက်ျားပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော သန်လျက်အမွေးပေါက်သော ယောက်ျားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ၏ ထိုသံလျက်အမွေးတို့သည် အထက်သို့ ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ ကိုယ်ပေါ်၌ပင် ကျရောက်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ဝက်သတ်သမား ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၄၈။)


©shwehinthar.com

ဤဝက်သတ်သမားကား နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါ ကာလပတ်လုံး ဝက်တို့ကို အစာကျွေး၍ မွေးမြူခဲ့၏။ ယင်းဝက်တို့ကို သံလျက် ဖြင့် သတ်ကာသတ်ကာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး အသက် မွေးခဲ့ဖူး၏။ ထိုသတ္တဝါသည် ငရဲသို့ ရောက်ပြီးနောက် ငရဲမှ စုတေခါနီးအချိန် ကာလတွင် မိမိ ဝက်တို့ကို သတ်ဖြတ်ခဲ့စဥ်က သန်လျက်ဖြင့် မြောက်ချီကာ ခုတ်ဖြတ်ခဲ့သည့် အာရုံနိမိတ်သည်သာလျှင် မရဏာသန္နဇော၏ အာရုံနိမိတ် အဖြစ် ထင်လာ၏။ ထိုကြောင့် ထိုသတ္တဝါသည် မိမိ ပြုစုပျိုးထောင်ခဲ့သော ကံနှင့် အလားတူစွာ သန်လျက်အမွေးပေါက်သော ပြိတ္တာ ဖြစ်လာရပေသည်။

(သံ၊၄၊၂၊၂၀၂။)

**လှံအမွေးပေါက်သော ယောက်ျားပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော လှံအမွေးပေါက်သော ယောက်ျားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ၏ ထိုလှံအမွေးတို့သည် အထက်သို့ ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ ကိုယ်ပေါ်၌ပင်လျှင် ကျရောက်ကုန်၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် သားမုဆိုး ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၄၈။)

ဤသားမုဆိုးကား တည်သမင် တစ်ကောင်ကိုလည်းကောင်း, လှံကိုလည်းကောင်း ယူဆောင်၍ တောသို့သွားကာ ထိုတည်သမင်အနီးသို့ ရောက် လာတိုင်း ရောက်လာတိုင်းကုန်သော သားသမင်တို့ကို လှံဖြင့် ထိုးသတ်ခဲ့ဖူး၏။ ထိုလုပ်ငန်းရပ်ဖြင့် နှစ်ပေါင်းများစွာ အသက်မွေးခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ ကျက်ရပြီးသည်၏ အဆုံး၌ ထိုသားမုဆိုး၏ သားကောင်တို့ကို လှံဖြင့် ထိုးဆွနေသော အာရုံနိမိတ်သည်သာလျှင် ငရဲမှ စုတေခါနီးအခါဝယ် မရဏာသန္နဇော၏ အာရုံနိမိတ်အဖြစ် ထင်လာပေသည်။ ထိုကြောင့် ထိုသား မုဆိုးသည် မိမိ ပြုစုပျိုးထောင်ခဲ့သော ထိုအကုသိုလ်ကံနှင့် အလားတူစွာ လှံအမွေးပေါက်သော ပြိတ္တာ ဖြစ်လာရပေ၏။ (သံ၊၄၊၂၊၂၀၂။)

**မြားအမွေးပေါက်သော ယောက်ျားပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော မြားအမွေးပေါက်သော ယောက်ျားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ ၏ ထိုမြားအမွေးတို့သည် အထက်သို့ ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ ကိုယ်ပေါ်၌ပင် ကျရောက်ကုန်၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် လက်မရွံ့ အာဏာသား ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၄၈။)

ဤလက်မရွံ့အာဏာသားကား မင်းပြစ်မင်းဒဏ်သင့်သူတို့ကို နည်းမျိုးစုံဖြင့် ညှဥ်းပန်း နှိပ်စက်ပြီးနောက် နောက်ဆုံးတွင် ထိုမင်းဒဏ်ထားခြင်း ခံရသူတို့ကို မြားဖြင့် ပစ်ခွင်းကာ အသေသတ်ခဲ့ဖူးသော ယောက်ျားဖြစ်၏။ ထိုသို့ တရားခံတို့ကို မြားဖြင့် ပစ်ခွင်းလိုက်သောအခါ — "ဤအရပ်ကို ပစ်ခဲ့ သော် သေလိမ့်မည်"ဟု သိရှိမှသာလျှင် မြားဖြင့် ပစ်ခွင်းခဲ့၏။ ဤလုပ်ငန်း ရပ်ဖြင့် နှစ်ပေါင်းများစွာ အသက်မွေးခဲ့သူ ဖြစ်၏။ ဤအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်သိန်းပေါင်းများစွာ ကျက်ခဲ့ရပြီးနောက် ငရဲမှ ကျွတ်ခါနီး အချိန်ဝယ် ပြိတ္တာဘုံသို့ ရောက်သင့်သော အပရာပရိယ-ကံတို့က အကျိုးပေးဖို့ရန် အခါ အခွင့် သင့်လာသဖြင့် ငရဲမှ စုတေခါနီး အခါတွင် တရားခံတို့အား မြားဖြင့် ပစ်ခွင်းခဲ့သော အာရုံနိမိတ်သည်ပင်လျှင် မရဏာသန္နဇော၏ အာရုံနိမိတ် အဖြစ် ထင်လာပေသည်။ ထိုကြောင့် သတ္တဝါသည် မိမိ ပြုစုပျိုးထောင်ခဲ့သော အကုသိုလ်ကံနှင့် လျော်ညီစွာ မြားအမွေးပေါက်သော ပြိတ္တာ ဖြစ်လာရပေ သည်။ (သံ၊၄၊၂၊၂၀၂။ )

**အပ်အမွေးပေါက်သော ယောက်ျားပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အပ်အမွေးပေါက်သော ယောက်ျားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ၏ ထိုအပ်အမွေးတို့သည် အထက်သို့ ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ ၏ ကိုယ်ပေါ်၌ပင် ကျရောက်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ရထားထိန်း ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၄၈-၄၄၉။)

ထိုပြိတ္တာကား တစ်ချိန် လူ့ဘဝတွင် မြင်းတို့ကို သို့မဟုတ် နွားတို့ကို ဆိုဆုံးမသည့် ရထားထိန်းဘဝတွင် နှင်တံ၏

 ©shwehinthar.com

ထိပ်၌ သံစူးကို တပ်ကာ မြင်းတို့ကို (နွားတို့ကို) ထိုသံချွန်တပ် နှင်တံဖြင့် ထိုးဆွကာ ဆိုဆုံးမခဲ့ဖူး၏၊ မောင်းနှင်ခဲ့ဖူး၏။ ထိုလုပ်ငန်းရပ်ဖြင့် နှစ်ပေါင်းများစွာ အသက်မွေးခဲ့ဖူး၏။ ထိုအပရာပရိယကံတို့၏ စွမ်းအားကြောင့် ငရဲမှ စုတေခါနီးကာလဝယ် မြင်း (နွား)တို့ကို သံချွန်တပ်ထားသော နှင်တံဖြင့် ထိုးဆွခဲ့ဖူးသော အာရုံနိမိတ်သည်ပင်လျှင် မရဏာသန္နဇော၏ အာရုံနိမိတ် အဖြစ် ထင်လာပေသည်။ ထိုကြောင့် ထိုသတ္တဝါသည် အပ်အမွေးပေါက်သော ပြိတ္တာဖြစ်လာရပေသည်။

(သံ၊၄၊၂၂၀၂။)

**ဒုတိယ အပ်အမွေးပေါက်သော ပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ ပျံသွားနေသော အပ်အမွေးပေါက်သော ယောကျ်ားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ၏ ထိုအပ်အမွေးတို့သည် ဦးခေါင်းမှ ဝင်၍ ခံတွင်းမှ ထွက်ကုန်၏၊ ခံတွင်းမှ ဝင်၍ ရင်မှ ထွက်ကုန်၏၊ ရင်မှ ဝင်၍ ဝမ်းဗိုက်မှ ထွက်ကုန်၏၊ ဝမ်းဗိုက်မှ ဝင်၍ ပေါင်တို့မှ ထွက်ကုန်၏၊ ပေါင်တို့မှ ဝင်၍ ခြေသလုံးတို့မှ ထွက်ကုန်၏၊ ခြေသလုံးတို့သို့ ဝင်၍ ခြေဖဝါးတို့မှ ထွက်ကုန်၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ကုန်းတိုက်သူ ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၄၉။)

ဤပြိတ္တာကား လူ့ဘဝက ချောပစ်ကုန်းတိုက်သူ ဖြစ်ခဲ့ဖူး၏။ ထိုသူသည် လူ့ဘဝတွင် ချစ်ခင်နေသူ အချင်းချင်းကို စိတ်ဝမ်းကွဲပြားအောင် ပျက်စီးအောင် ပြုလုပ်ခဲ့ဖူး၏၊ မင်းနန်းတော် တရားရုံးစသည်တို့၌ “ဤသူအား ဤမည်သော အမှုသည် ရှိ၏၊ ဤသူသည် ဤမည်သော အမှုကို ပြုခဲ့ဖူး၏” ဤသို့ ချောပစ်ကုန်းတိုက်ကာ ချောပစ်ကုန်းတိုက်ကာ (မတရား ရှေ့နေ လိုက်ကာ) အကျိုးမဲ့ ပျက်စီးခြင်း ဆုံးရှုံးခြင်းသို့ ရောက်စေ၏။ ထိုကြောင့် ထိုသူသည် ချောပစ်ကုန်းတိုက်၍ လူတို့ကို စိတ်ဝမ်းကွဲပြားအောင် ပျက်စီးအောင် ဖျက်ဆီးခဲ့ဖူးသကဲ့သို့ အလားတူပင် မိမိ ပျက်စီးအောင် ဖျက်ဆီးမည့် အပ်တို့ဖြင့် ဖျက်ဆီးသည့် ထိုးဆွခံရသည့် ဒုက္ခကို အစဉ်တစိုက် ခံစားဖို့ရန် အတွက် မိမိ ပြုစုပျိုးထောင်ခဲ့သော ချောပစ်ကုန်းတိုက်သည့် ကံသည်ပင်လျှင် ငရဲမှ စုတေခါနီးကာလတွင် မရဏာသန္နဇော၏ နိမိတ်အဖြစ် ပြုလုပ်ကာ ထင်လာသဖြင့် ယခုကဲ့သို့ အပ်အမွေးပေါက်သော ပြိတ္တာဖြစ်လာရပေသည်။

(သံ၊၄၊၂၂၀၂-၂၀၃။)

ချောပစ်ကုန်းတိုက်စကားကို သယ်ဆောင်ကာ ဤသူထံမှ ကြားသော စကားကို ထိုသူထံသို့ရောက်အောင်, ထိုသူထံမှ ကြားသောစကားကို ဤသူထံသို့ ရောက်အောင် ချောပစ်ကုန်းတိုက်တတ်သူတည်း။ ဤကဲ့သို့သော လုပ်ငန်းရပ်ဖြင့် လူတို့ကို အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်အောင် ပြုလုပ် ဆောင်ရွက်ခဲ့ပေသည်။ (သံ၊ဋီ၊၂၊၁၈၄။)

**အိုးပမာဏမျှ ဝှေးစေ့ရှိသော ပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော် သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အိုးပမာဏမျှ ဝှေးစေ့ရှိသော ယောကျ်ားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာသည် သွားသော်လည်း ထိုဝှေးစေ့တို့ကိုသာလျှင် ပခုံး၌တင်၍ ထမ်း၍ သွားရလေ၏၊ ထိုင်သော်လည်း ထိုဝှေးစေ့တို့အပေါ်၌သာလျှင် ထိုင်ရ၏။ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာ သည် နာကျင်သော အသံကို ပြု၏ ။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် စဉ်းလဲကောက်ကျစ်သော တရားသူကြီး ဖြစ်ခဲ့ဖူးပြီ။ ။ ပ ။ (သံ၊၁၊၄၄၉။)

ဤတရားသူကြီးကား တံစိုးလက်ဆောင်စားကာ တရားစီရင်ခဲ့ဖူးသော ကောက်ကျစ်စဉ်းလဲသည့် တရားသူကြီးတည်း။ ထိုသတ္တဝါအား မိမိ ပြုစုပျိုး ထောင်ခဲ့သော ဆည်းပူးခဲ့သော အကုသိုလ်ကံနှင့် သဘောတူစွာ တစ်ကုဋ္ဌမျှ အတိုင်းအတာပမာဏရှိသော အိုးစရည်းကြီး ပမာဏရှိသော ဝှေးစေ့တို့သည် ဖြစ်ပေါ်နေကြကုန်၏။ ထိုတရားသူကြီးကား လျှို့ဝှက်ဖုံးကွယ်ရာအရပ်၌ တံစိုး လက်ဆောင်ကိုယူကာ ကောက်ကျစ်စဉ်းလဲသော တရားစီရင်မှုဖြင့် အခြား ထင်ရှား-သော အပြစ်ကို ဖော်ပြလျက် ပိုင်ရှင်တို့ကို ပိုင်ရှင်မဟုတ်အောင် ပြုလုပ်တတ်၏။ ထိုကြောင့် ထိုသတ္တဝါ၏ လျှို့ဝှက်ဖုံးကွယ်ထားသင့်သော ကိုယ်အင်္ဂါအစိတ်အပိုင်းသည် ဖုံးကွယ်လို့မရအောင် ထင်ထင်ရှားရှား ဖြစ်ပေါ် လာရ-ပေသည်။ တရားစီရင်ရာ၌ ဒဏ်ထားခဲ့သော် ဒဏ်တပ်ခဲ့သော် သူတစ် ပါးတို့အား သည်းမခံနိုင်လောက်အောင် ကြီးမားသော ဒဏ်ထားခြင်းဟူသော ဝန်ထုပ်ဝန်ပိုးကို အနိုင်အထက် ဒဏ်ပေးတတ်ခဲ့၏။ ထိုမကောင်းမှု အကုသိုလ်ကံ-ကြောင့် ထိုသတ္တဝါ၏ သန္တာန်ဝယ် လျှို့ဝှက်ထားသင့်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို သည်းမခံနိုင်လောက်အောင်


©shwehinthar.com

ထမ်းဆောင်နေရပေ၏။ တစ်ဖန် တရားစီရင်ရာ အရပ်၌ ရပ်တည်သည့်အခါ အညီအညွတ်ဖြစ်အောင် ပြုလုပ်သင့်ပါလျက် မညီညွတ်အောင် ပြုလုပ်ခဲ့၏၊ ထိုမကောင်းမှု အကုသိုလ် ကံကြောင့် လျှို့ဝှက်အပ်သော ဝှေးစေ့အင်္ဂါရပ်ဟူသော မညီညွတ်သည့် အရပ်၌သာလျှင် ထိုင်ခွင့်ကို ရရှိခဲ့ခြင်း ဖြစ်ပေသည်။ (သံ၊၄၊၂၂၀၃။)

**မစင်တွင်း၌ နစ်မြုပ်နေသော ပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော် သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေသော ယောက်ျားပြိတ္တာကို မြင်ရ၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် သူတစ်ပါးမယားကို လွန်ကျူးခဲ့သူ ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၅၀။)

ထိုသတ္တဝါကား သူတစ်ပါး၏ **ရက္ခိတဂေါပိတ (=** စောင့်ရှောက်ထိန်း သိမ်းထားအပ်သော ပိုင်ရှင်ရှိသော) ဖောဋ္ဌဗ္ဗာရုံအတွေ့အထိကို ခိုးဝှက်တွေ့ထိ လျက် မစင်ဘင်ပုပ် ချမ်းသာနှင့်တူသော ကာမချမ်းသာဖြင့် မိမိစိတ်ဓာတ်ကို မွေ့လျော်စေခဲ့သည့်အတွက် မိမိပြုစုပျိုးထောင်လိုက်သည့်ကံနှင့် အလားတူစွာ မစင် အတွေ့အထိဖြင့် တွေ့ထိလျက် ဆင်းရဲဒုက္ခကို ခံစားဖို့ရန် ထိုမစင်တွင်း၌ ပြိတ္တာ ဖြစ်လာရပေသည်။ (သံ၊၄၊၂၂၀၃။)

**မစင်စားသော ပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်လျက် လက်နှစ်ဖက်တို့ဖြင့် မစင်ကို စားနေသော ယောက်ျားပြိတ္တာကို မြင်ရ၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ပုဏ္ဏားပျက် ဖြစ်ခဲ့ဖူးပြီ၊ ထိုပုဏ္ဏားပျက်သည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းသံဃာကို မိမိနေအိမ်သို့ ဆွမ်းစားကြွရန် ပင့်ဖိတ်၍ စားကျင်း၌ မစင်ပြည့်စေလျက် ရဟန်းသံဃာ ကြွလာသောအခါ "အရှင်တို့ . . . အလိုရှိ တိုင်း စားလည်းစားကုန်လော့၊ ဆောင်ယူလည်း ဆောင်ယူကုန်လော့"ဟု ပြောဆိုခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၅၀။)

**အရေ မရှိသော မိန်းမပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အရေ မရှိသာ မိန်းမပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာမသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုပြိတ္တာမသည် ဤရာဇဂြိုဟ်ပြည်၌ပင် မိမိ၏ လင်ကို လွန်ကျူး၍ ကျင့်သော (= အခြားယောက်ျားတို့နှင့် ဖောက်ပြားလေ့ ရှိသော) မိန်းမ ဖြစ်ခဲ့ဖူးလေပြီ။ ပ ။ (သံ၊၁၊၄၅၀။)

အမျိုးသမီးမည်သည်ကား မိမိ၏ ကာမဂုဏ်အတွေ့အထိကို မိမိက မပိုင်ဆိုင်ပေ။ ထိုကာမဂုဏ်အတွေ့အထိကား အိမ်ရှင်ယောက်ျား၏ ကိုယ်ပိုင် ဥစ္စာသာ ဖြစ်၏။ ထိုအမျိုးသမီးသည် အိမ်ရှင်ယောက်ျား၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်သော ထိုကာမဂုဏ်အတွေ့အထိကို အိမ်ရှင်ယောက်ျား မသိအောင် ခိုး၍ ယောက်ျားတစ်ပါးတို့အား မွေ့လျော်ပျော်ပိုက်ခြင်းကို ဖြစ်စေ၏။ ထိုကြောင့် မိမိ ပြုစုပျိုးထောင်ခဲ့သော အကုသိုလ်ကံနှင့် လျော်ညီစွာ တူညီသော အကျိုးကို ပေးဖို့ရန်အတွက် ချမ်းသာသော အတွေ့အထိတို့သည် ပြောင်းပြန် လှန်ကုန်၍ ဆင်းရဲသော အတွေ့အထိကို အစဉ်တစိုက် ခံစားဖို့ရန် အရေ မရှိသော ပြိတ္တာမ ဖြစ်လာရပေသည်။ (သံ၊၄၊၂၂၀၃။)

အနံ့မကောင်းသော အရုပ်ဆိုးသော ပြိတ္တာမ — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အနံ့မကောင်းသော အရုပ်ဆိုးသော ပြိတ္တာမကို မြင်ရ၏။ ထို ပြိတ္တာမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာမသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုပြိတ္တာမ သည် ဤရာဇဂြိုဟ်ပြည်၌ပင် နတ်ဝင်သည်မ ဖြစ်ခဲ့ဖူးပြီ။ ပ ။ (သံ၊၁၊၄၅၀။)

ထိုအမျိုးသမီးကား လူဘဝတွင် နတ်ဝင်သည်မ ဘဝဖြင့် အသက်မွေးစဉ် နတ်ပူးခြင်း အမှုကို ပြုလျက် "ဤမည် ဤမည်သော ဝတ္တုပစ္စည်းဖြင့် ဤသို့ ဗလိနတ်စာ ကျွေးခြင်း ပူဇော်ခြင်းအမှုကို ပြုခဲ့သော် သင်တို့အဖို့ ဤမည်သော ကြီးပွားတိုးတက်မှုသည် ဖြစ်ပေါ်လာလတ္တံ့"ဟု ဤသို့လျှင် လူများအပေါင်း၏ နံ့သာ, ပန်းစသည်တို့ကို လှည့်ပတ်ကာ ယူဆောင်ပြီးလျှင် လူများအပေါင်း ကို မမှန်ကန်သော အယူအမြင် မိစ္ဆာဒိဋ္ဌိကို ဆောက်တည် ကျင့်သုံးစေ၏။ ထို့ကြောင့် ထိုမိမိပြုစုပျိုးထောင်ခဲ့သော အကုသိုလ်ကံနှင့် လျော်ညီစွာ တူညီသော အကျိုးကို ပေးဖို့ရန်အတွက် နံ့သာ, ပန်းစသည်တို့ကို လိမ်လည်ကာ ခိုးယူခဲ့သည့်အတွက် မကောင်းသော အနံ့ရှိသူ ဖြစ်လာရ၏၊ မမှန်ကန်သော အယူအမြင်ကို စွဲယူခဲ့သည့်အတွက် စွဲယူစေခဲ့သည့်အတွက် အရုပ်ဆိုးသော ရွံရှာစက်ဆုပ်ဖွယ်ကောင်းသည့် ပြိတ္တာမ ဖြစ်လာရပေသည်။


©shwehinthar.com

(သံ၊၄၊၂၊၂၀၄။)

မီးကျီးပုံ၌ မီးလောင်ခံနေရသော ပြိတ္တာမ — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော, ထက်ဝန်းကျင် မီးခဲ တဖွားဖွားကျ၍ မီးကျီးပုံ၌ လူးလိမ့်ခံ နေရသော, မီးလောင်ဖုတ်မှ အရည်တစ်စက်စက် ယိုထွက်နေသော ပြိတ္တာမကို မြင်ရ၏။ ထိုပြိတ္တာမသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့. . . ထိုပြိတ္တာမသည် ကလိင်္ဂမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ဖူး၏၊ ထိုမိဖုရားခေါင် ကြီးသည် ငြူစူခြင်းဖြင့် နှိပ်စက်အပ်ရကား လင်တူမိန်းမကို မီးကျီးအိုးကင်းဖြင့် လောင်းခဲ့ဖူးလေပြီ။ ပ ။

ထိုပြိတ္တာမကား ရဲရဲတောက်လောင်နေသော မီးကျီးခဲပုံပေါ်၌ လဲလျောင်း ကာ တုန်တုန်ရီရီဖြင့် လူးလိမ့်ကာ ဆင်းရဲဒုက္ခကို ခံနေရ၏၊ မီးကျီးခဲ၌ ကျက် နေရ၏။ ထို့ကြောင့် ထိုပြိတ္တာမသည် ဝန်းကျင်ပတ်ချာ အရပ်မျက်နှာအားလုံးမှ မီးကျီးခဲတို့ဖြင့် လောင်မြိုက်မှုကိုလည်း ခံနေရ၏၊ အလွန် ပြင်းထန်သော မီးပူဖြင့် ကျက်နေရသော ခန္ဓာကိုယ်လည်း ရှိ၏၊ မီးကျီးခဲတို့က ကိုယ်ပေါ်သို့ တဖွားဖွား ကျနေကြသဖြင့် အလွန်ညှိုးနွမ်းပင်ပန်းသော ခန္ဓာကိုယ်လည်း ရှိနေ၏၊ မီးလောင်ဖုတ်တို့သည် ပေါက်ကွဲကာ ခန္ဓာကိုယ်မှ ယိုစီးကျနေကြ၏၊ မီးကျီးခဲတို့ဖြင့် ထက်ဝန်းကျင် ပြည့်နှက်နေသည့်အတွက် မီးကျီးခဲတို့ဖြင့် တဖွားဖွား အကြဲခံနေရသူလည်း ဖြစ်၏။ ထိုပြိတ္တာမ၏ အောက်အရပ်မှ လည်းကောင်း, ဘေးနှစ်ဘက်တို့မှလည်းကောင်း, အထက်အရပ်ကောင်းကင် မှလည်းကောင်း ပေါက်ပွင့်အဆင်းနှင့် တူကုန်သော ရဲရဲညီ တောက်ပကုန် သော မီးကျီးခဲတို့သည် ပြိတ္တာမ၏ ကိုယ်အထက်သို့ ကျရောက်နေကြကုန်၏။

ထိုပြိတ္တာမသည် ကလိင်္ဂမင်း၏ မိဖုရားဖြစ်ခဲ့စဉ်က ကလိင်္ဂမင်းအား ဖျော်ဖြေအသုံးတော်ခံနေသော ကချေသည် မောင်းမမိသံတစ်ဦးကို ပြစ်မှား ခဲ့ဖူး၏။ ထိုကချေသည်ကား ရေချိုးပြီးစ ဖြစ်သော ရှင်ဘုရင်၏ အနီးတွင် မီးကျီးခဲများ ထည့်ထားသော ခွက်ကို ထား၍ ရှင်ဘုရင်၏ကိုယ်မှ ရေများကို သုတ်ပေးနေ၏၊ လက်ဖြင့်လည်း ရေခြောက်အောင် ပြုလုပ်ပေးနေ၏။ ရှင်ဘုရင်ကလည်း ထိုအမျိုးသမီးနှင့် အတူ စကားပြောနေ၏၊ နှစ်သက် ကျေနပ်သည့် အခြင်းအရာကိုလည်း ထင်ရှားဖော်ပြနေ၏။ မိဖုရားခေါင်ကြီးကား ထိုအပြုအမူကို သည်းမခံနိုင်ဖြစ်ကာ ကိုယ့်ထက်သာ မနာလိုသည့် ဣဿာတရားက ညှဉ်းပန်းနှိပ်စက်အပ်သည်ဖြစ်၍ ရှင်ဘုရင်ကြီး ထွက်ခွာသွား၍ မကြာမီ ထိုမီးကျီးအိုးကင်းကိုယူကာ ထိုကချေသည်မ၏ ခန္ဓာကိုယ်ပေါ်သို့ မီးကျီးခဲတို့ကို လောင်းချလိုက်လေသည်။ ထိုကလိင်္ဂမင်း၏ မိဖုရား ခေါင်ကြီးသည် ထိုမကောင်းမှု အကုသိုလ်ကံကို ပြုစုပျိုးထောင်လိုက်မိသည့် အတွက် ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော မီးကျီးခဲတို့ဖြင့် လောင်မြိုက် ခံရခြင်းတည်းဟူသော အကျိုးတရားကို အစဉ်တစိုက် ခံစားဖို့ရန်အတွက် ပြိတ္တာလောက၌ ဖြစ်လာရပေသည်။ (သံ၊၄၊၂၊၂၀၄။)

**ဦးခေါင်း မရှိသော ပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော ဦးခေါင်းမပါ ကိုယ်သာရှိသော ပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာ၏ ရင်၌ မျက်လုံး နှင့် ပါးစပ်တို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲ တို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ ပ ။ ရဟန်းတို့ . . . ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ဟာရိက ခေါ် ခိုးသူသတ်ယောက်ျား ဖြစ်ခဲ့ဖူးလေပြီ။ (သံ၊၁၊၄၅၁။)

ထိုပြိတ္တာကား လူ့ဘဝတွင် မင်း၏အာဏာဖြင့် သူခိုးဓားပြတို့ကို ရှည်မြင့် စွာသော အချိန်အခါကာလပတ်လုံး ဦးခေါင်းတို့ကို ဖြတ်ကာ သတ်ဖြတ် ခဲ့ဖူး၏။ သေခါနီးကာလတွင် ယင်းဦးခေါင်းပြတ်နေသော အလောင်းကောင် တို့သည် မရဏာသန္နဇော၏ အာရုံအဖြစ် ထင်လာကာ ပြိတ္တာဘုံသို့ ရောက်ရှိ လာသောအခါ ဦးခေါင်းမပါ ကိုယ်သာရှိသောပြိတ္တာ ဖြစ်လာရပေသည်။

(သံ၊၄၊၂၊၂၀၄။)

**ရဟန်းပြိတ္တာ သာမဏေပြိတ္တာ** — အရှင်ဘုရား . . . တပည့်တော်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော ရဟန်းပြိတ္တာကို ။ ပ ။

ရဟန်မိန်းမ ပြိတ္တာကို ။ ပ ။

သိက္ခမာန် (= ရဟန်းမလောင်း) ပြိတ္တာကို ။ ပ ။


©shwehinthar.com

သာမဏေပြိတ္တာကို ။ ပ ။
သာမဏေမ ပြိတ္တာကို မြင်ရ၏။

ထိုပြိတ္တာ၏ ဒုကုဋ်သင်္ကန်း သပိတ် ခါးပန်းကြိုးနှင့် ခန္ဓာကိုယ်တို့သည် မီးအလျှံပြောင်ပြောင် တောက်လောင်နေကုန်၏၊ ထက်ဝန်းကျင် မီးတောက် မီးလျှံနှင့်တကွ အရောင်အလင်းနှင့်တကွ မီးတောက်မီးလျှံ တပြောင်ပြောင် တောက်လောင်နေ၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။

"အရှင်ဘုရား . . . တပည့်တော်အား 'အချင်းတို့ . . အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ . . မဖြစ်ဖူးမြဲ ဖြစ်စွတကား၊ ဤကဲ့သို့သော သတ္တဝါဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော ပြိတ္တာဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော အတ္တဘောကို ရသူဟု ရှိရတုံဘိ၏'ဟု စိတ်အကြံ ဖြစ်ခဲ့ပါသည်"ဟု လျှောက်ထား ပြောဆို၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏ — "ရဟန်းတို့ . . . တပည့်သာဝကတို့သည် မျက်စိအမြင် ရှိကုန်သည်ဖြစ်၍ နေကြပေသည် တကား၊ တပည့်သာဝကတို့သည် ဉာဏ်အမြင် ရှိကုန်သည်ဖြစ်၍ နေကြ ပေသည်တကား။ အကြင်သို့သော တပည့်သာဝက စင်လျက် ဤသို့သော သတ္တဝါကို သိလည်း သိနိုင်တုံဘိ၏၊ မြင်လည်း မြင်နိုင်တုံဘိ၏၊ သက်သေကို သော်လည်း ပြုနိုင်တုံဘိ၏၊ ရဟန်းတို့ . . . ရှေးကပင် (= ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်တော်မြတ်ကို ထိုးထွင်းသိမြင်တော်မူစဉ်ကပင် အတိုင်းအတာ ပမာဏ မရှိသော စကြဝဠာတို့၌ အတိုင်းအတာပမဏ မရှိသော သတ္တဝါတို့ကို ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်ဖြင့် မျက်မှောက်ပြုတော်မူစဉ်) ထိုရဟန်းပြိတ္တာကို ။ ပ ။ ရဟန်းမိန်းမ ပြိတ္တာကို ။ ပ ။ သိက္ခမာန် ပြိတ္တာကို ။ ပ ။ သာမဏေပြိတ္တာကို ။ ပ ။ သာမဏေမ ပြိတ္တာကို ငါဘုရား မြင်တော်မူခဲ့ပြီ။ သို့သော်လည်း ငါဘုရားသည် မပြောဆိုခဲ့ပေ၊ ငါဘုရားသည် ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတစ်ပါးတို့သည် ငါဘုရားအား မယုံကြည်နိုင်ကြပေရာ၊ ထို မယုံကြည်သူတို့အား ထိုမယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်လေရာ၏။ ရဟန်းတို့ . . . ထို ရဟန်းပြိတ္တာသည် ။ ပ ။ ထိုရဟန်းမပြိတ္တာသည် ။ ပ ။ ထိုသိက္ခမာန် ပြိတ္တာသည် ။ ပ ။ ထိုသာမဏေပြိတ္တာသည် ။ ပ ။ ထိုသာမဏေမပြိတ္တာသည် ။ ပ ။ ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်၌ ယုတ်မာသောရဟန်း ။ ပ ။ ယုတ်မာသော ရဟန်းမ ။ ပ ။ ယုတ်မာသော သိက္ခမာန် ။ ပ ။ ယုတ်မာသော သာမဏေ ။ ပ ။ ယုတ်မာသော သာမဏေမ ဖြစ်ခဲ့ဖူးပြီ။ မိမိတို့ ပြုစုပျိုးထောင်ခဲ့သော ထိုအကုသိုလ်ကံ၏ အကျိုးအဖြစ်ဖြင့် များစွာ သော နှစ်တို့ပတ်လုံး, များစွာသော နှစ်အရာတို့ပတ်လုံး, များစွာသော နှစ် အထောင်တို့ပတ်လုံး, များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့ရ၍ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင်လျှင် ဤကဲ့သို့သော အတ္တဘောကို ရရှိခံစား နေရ၏"ဟု ဟောတော်မူ၏။ (သံ၊၁၊၄၅၁-၄၅၂။)

**သော ကိရ လောကဿ သဒ္ဓါဒေယျေ စတ္တာရော ပစ္စယေ ပရိဘုဉ္ဇိတွာ ကာယဝစီဒွါရေဟိ အသံယတော ဘိန္နာဇီဝေါ စိတ္တကေဠိံ ကီဠန္တော ဝိစရိ၊ တတော ဧကံ ဗုဒ္ဓန္တရံ နိရယေ ပစ္စိတွာ ပေတလောကေ နိဗ္ဗတ္တန္တော ဘိက္ခုသဒိသေနေဝ အတ္တဘာဝေန နိဗ္ဗတ္တိ၊ ဘိက္ခုနီသိက္ခမာနာသာမဏေရ သာမဏေရီဝတ္ထုသုပိ အယမေဝ ဝိနိစ္ဆယော။** (သံ၊ဋ္ဌ၊၂၊၂၀၅။)

ထိုရဟန်းပြိတ္တာကား တစ်ချိန်က ကဿပဘုရားရှင်၏ သာသနာတော်၌ ရဟန်းတော်တစ်ပါးပင် ဖြစ်ခဲ့၏။ ထိုရဟန်းသည် ကဿပဘုရားရှင်၏ သာသနာတော်တွင် မှီတင်းနေထိုင်စဉ် လူများအပေါင်း၏ သဒ္ဓါတရား ပြဓာန်းလျက် လှူဒါန်းပူဇော်အပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်ပြီးလျှင် ကာယဒွါရ ဝစီဒွါရတို့ဖြင့် ရဟန်းတို့၏ သီလကို စောင့်စည်းမှု မရှိဘဲ အသက်မွေးမှု အာဇီဝပါရိသုဒ္ဓိသီလ ပျက်စီးလျက် စိတ်၏ အလိုအတိုင်း ထိုထိုအာရုံကို ပျော်မြူးခြင်းကို ပျော်မြူးလျက် လှည့်လည် နေထိုင်ခဲ့၏။

(သီလ, သမာဓိ, ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံး ရေတွက်အပ်သော သာသနဗြဟ္မစရိယကို ဖြူဖြူစင်စင် အားကိုးထိုက်အောင် မှီခိုအားထားရာဖြစ်အောင် မဖြည့်ကျင့်ခဲ့ပေ။) ထိုရဟန်းဘဝမှ စုတေလတ်သော် ငရဲသို့ ရောက်ရှိသွားခဲ့၏။ ကဿပဘုရားရှင်၏ သာသနာတော်မှသည် ဂေါတမဘုရားရှင်၏ သာသနာတော်သို့ တိုင်အောင် **ဗုဒ္ဓန္တရ** အသင်္ချေယျကပ် တစ်ကပ်ပတ်လုံး ငရဲ၌ ကျက်ခဲ့ရပြီးနောက် ပြိတ္တာလောက၌ ပြိတ္တာ ဖြစ်ပြန်လတ်သော် ရဟန်းနှင့် တူညီသော ခန္ဓာကိုယ်အတ္တဘောဖြင့်သာလျှင် ပြိတ္တာ ဖြစ်လာရပေသည်။ ရဟန်းမိန်းမ, သိက္ခမာန်, သာမဏေ, သာမဏေမ ဝတ္ထုတို့၌လည်း ဤအဆုံးအဖြတ်တိုင်းသာ မှတ်သားပါလေ။ (သံ၊ဋ္ဌ၊၂၊၂၀၅။)


©shwehinthar.com

တစ်ချိန် ရဟန်းဘဝတွင် နေထိုင်ခဲ့စဉ်က မစင်ကြယ်သော သီလ, ယုတ်မာသော ကိုယ်ကျင့်တရား ရှိလျက် လူများအပေါင်း၏ သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော သက်န်းကို ချွတ်မပစ်ဘဲ ဆက်လက် သုံးဆောင်ခဲ့၏။သပိတ် စသည်ကိုလည်း အလားတူပင် သုံးဆောင်ခဲ့၏။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ပြိတ္တာဘဝသို့ ရောက်သည့်အခါ၌လည်း အလျှံပြောင်ပြောင် မီးတဟုန်းဟုန်း တောက်လောင်နေသော သက်န်း သပိတ် ပရိက္ခရာတို့ကို ချွတ်ပစ်လို့ မရနိုင် ဖြစ်နေ၏၊ စွန့်ပစ်လို့ မရနိုင် ဖြစ်နေ၏။ အကုသိုလ်များသည် အကျိုးပေးလာပါက အလွန်ကြောက်မက်ဖွယ် ကောင်း လှပေသည်။ အကုသိုလ်ကံ၏ အရှိန်အဝါ မကုန်သရွေ့ ခံနေရဦးမည်သာ ဖြစ်ပေသည်။

ဤအထက်ပါ ဝတ္ထုဇာတ်လမ်း အကြောင်းအရာတို့ကား လက္ခဏသံယုတ်နှင့် ယင်းအဋ္ဌကထာ ဋီကာတို့၌ လာရှိသော အကြောင်းအရာတို့ ဖြစ်ကြသည်။ အလားတူ ဝတ္ထုများသည် ပါရာဇိကပါဠိတော် စတုတ္ထပါရာဇိကဌ၌လည်း လာရှိပေသည်။

သံသရာခရီး ဆက်ရန် ရှိနေသေးသူတို့ သတိတရား ကြီးစွာထားလျက် ရှောင်ရှားသင့်သော အကုသိုလ် ဒုစရိုက်များလည်း ဖြစ်ကြ၏။ မစင်ကြယ်သော သီလဖြင့် ရှင်ဘဝ ရဟန်းဘဝတွင် မနေထိုင်မိဖို့ရန် ဆင်ခြင်နှလုံးသွင်း ရမည့် ဝတ္ထုဇာတ်လမ်းတို့လည်း ဖြစ်ကြပေသည်။ ကိုးကွယ်အားထားရမည့် နာထတရား ထင်ရှားမရှိဘဲ သေကျေပျက်စီးသွားကြရသော ထုံးဟောင်းများ ဖြစ်ကြပေသည်။

**အပရာပရိယဝေဒနီယကံ**

**အပရာပရိယဝေဒနီယကံ**ဟူသည် အဆက်ဆက် ရောက်ထိုက်သော ဘဝ၌ အကျိုးကို ခံစံရမည့် ကံတည်း။ ကာမဇောတို့သည် ယေဘုယျအားဖြင့် ဝီထိစဉ် တစ်ခုအတွင်း၌ (၇)ကြိမ် စောရိုး ဓမ္မတာ ရှိကြ၏။ ထို ဇော (၇)ကြိမ် တို့တွင် ပထမဇော စေတနာကား ကံကို ပြုစုပျိုးထောင်ရာ ထိုမျက်မှောက် ဘဝ၌ အကျိုးကို ဖြစ်စေတတ်သော မျက်မှောက်ဘဝ၌ အကျိုးကို ခံစံရမည့်ကံ ဖြစ်၏၊ **ဒိဋ္ဌဓမ္မဝေဒနီယကံ** ဟု ခေါ်ဆို၏။ ယင်းကံသည် အကယ်၍ မျက်မှောက်ဘဝ၌ အကျိုးမပေးလျှင် အဟောသိကံ ဖြစ်၏။ ကံဖြစ်ရုံသာ ဖြစ်၍ အကျိုးမပေးသော ကံမျိုးတည်း။

ထိုဇော (၇)ကြိမ်တို့တွင် သတ္တမဇော စေတနာကား ဒုတိယဘဝ၌ (=ပထမ လာမည့် အနာဂတ်ဘဝ၌) အကျိုးပေးတတ်၏၊ ဥပပဇ္ဇဝေဒနီယကံ ဟု ခေါ်၏။ ကပ်ရောက်ထိုက်သော ဘဝ၌ အကျိုးကို ခံစံရမည့် ကံမျိုးတည်း။ အထက်ပါ ဝတ္ထုဇာတ်လမ်းတို့၌ အရိုးစုပြိတ္တာဘဝ စသည်သို့ မရောက်မီ ငရဲ၌ အကျိုးပေးသော ကံမျိုးတည်း။ ထိုသတ္တမဇော စေတနာသည် ဒုတိယ ဘဝ၌ အကျိုး မပေးခဲ့သော် အဟောသိကံပင် ဖြစ်သွားပေသည်။ ထို ဇော (၇)တန်တို့အနက် အလယ်ဇော (၅)တန်တို့ကား တတိယဘဝမှ စ၍ (=ဒုတိယမြောက် အနာဂတ်ဘဝမှ စ၍) အဆက်ဆက် ရောက်ထိုက်သော ဘဝတို့၌ နိဗ္ဗာန်မရမချင်း အကျိုးပေးတတ်သော ကံတည်း။ ယင်းကံကို အပရာပရိယဝေဒနီယကံ (= အဆက်ဆက် ရောက်ထိုက်သော ဘဝ၌ အကျိုး ကို ခံစံရမည့် ကံ)ဟု ခေါ်ဆို၏။ ဤကံမျိုးကား သံသရာ၏ ဖြစ်ခြင်းသည် ထင်ရှား ရှိနေပါမူ အဟောသိကံ မဖြစ်နိုင်ပြီ။ တစ်ချိန်ချိန်တွင် အကျိုးပေးခွင့် သာပါက အကျိုးပေးမည်သာ ဖြစ်သည်။ သို့သော် နိဗ္ဗာန်သို့ ဆိုက်ရောက် သွားလျှင်ကား ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် အကျိုးပေးနိုင်သည့် စွမ်းအင်များသည် အဝိဇ္ဇာ တဏှာတည်းဟူသော အပေါင်းအဖော်ကို မရ ရှိသည်ဖြစ်၍ အကျိုးမပေးနိုင်တော့ဘဲ အကျိုးပေးနိုင်သည့် စွမ်းအင်များ ကုန်ခန်းသွားရပေသည်။

ကံတစ်ခုကို ပြုစုပျိုးထောင်ရာ၌ ဇော (၇)ကြိမ် စောသည့် ဇောဝီထိပေါင်းကား များစွာ စောနိုင်ပေသည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ် တစ်တွက် အချိန်ကာလအတွင်း၌ ယင်းကဲသို့သော ဇောဝီထိပေါင်း သိန်းနှင့် ချီ၍ ဖြစ်နိုင်ပေသည်။ ဇောဝီထိတိုင်း၌ ဇော (၇)တန် စောလျက် ရှိသဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကံပေါင်း, ဥပပဇ္ဇဝေဒနီယကံပေါင်း, အပရာပရိယဝေဒနီယကံပေါင်း မည်မျှ များပြားမည်ကို ခန့်မှန်း၍သာ ကြည့်လေရာသည်။ တစ်သက်တာလုံး လွန်ကျူးနေရာ၌ကား ထိုကဲ့သို့သော ကံမျိုးတွေ မည်မျှ များပြားနေမည်ကို အထူး ပြောဖွယ်ရာပင် မလိုတော့ပြီ ဖြစ်ပေသည်။

အရိယမဂ်တရားတည်းဟူသော မွေးညှပ်ဖြင့် မပယ်နှုတ်နိုင်သမျှ ကာလပတ်လုံး ထိုကံတို့မှ မလွတ်မြောက်နိုင်သည်သာ ဖြစ်ပေသည်။


©shwehinthar.com

ထိုကဲ့သို့သော **အနာထမရဏာ**ဘေးမှ လွတ်မြောက်ရန် **နာထတရား (၁၀)ပါး**ကို ဘုရားရှင်သည် အင်္ဂုတ္တရ-နိကာယ် ဒသကနိပါတ်တွင် အောက်ပါ အတိုင်း ဟောကြားထားတော်မူပေသည်။

✧✧✧

**ကိုယ်တိုင်ပင် အားထုတ်ကြပါ**

**■ သင်ချစ်သားတို့ . . .**
**ကိုယ်တိုင် ပြုသင့်ပြုထိုက်သည့်**
**သမထဝိပဿနာ ဘာဝနာလုပ်ငန်းရပ်တို့ကို**
**သင်ချစ်သားတို့ ကိုယ်တိုင်ပင်**
**ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြပါ။**
**တထာဂတ အမည်ရတော်မူသည့်**
**ငါဘုရားရှင်တို့သည်ကား**
**မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတည်းဟူသော လမ်းမှန်ကို**
**ညွှန်ကြား ပြသ ဆိုဆုံးမတတ်သူတို့သာ ဖြစ်ကြ၏။**
(စာမျက်နှာ၊၁၄၅။)

## အခန်း (၂)
## သနာထဝိဟာရီပို့င်း

**နာထတရား (၁၀) ပါး**

ရဟန်းတို့ . . . မှီခိုအားထားရာ နာထတရား ထင်ရှားရှိကြကုန်သည် ဖြစ်၍ နေထိုင်ကြပါကုန်လော့၊ မှီခိုအားထားရာ နာထတရား ထင်ရှား မရှိကြကုန်ဘဲ မနေထိုင်ကြပါကုန်လင့်။ ရဟန်းတို့ . . . မှီခိုအားထားရာ နာထ တရား ထင်ရှား မရှိသူသည် ဆင်းဆင်းရဲရဲ နေထိုင်ရ၏။ (အံ၊၃၊၂၇၅-၂၇၇။)

ဤသို့ တရားနိဒါန်းပျိုးကာ **နာထတရား (၁၀)ပါး**ကို တစ်ပါးပြီး တစ်ပါး ဟောကြားတော်မူလေသည်။ ယင်းနာထတရား (၁၀)ပါးတို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်နေသော ပုဂ္ဂိုလ်မျိုးကို သနာထဝိဟာရ**ီ ပုဂ္ဂိုလ်**ဟု ခေါ်ဆို၏။ ယင်း (၁၀)ပါးတို့တွင် ရှေးဦးစွာ ပထမ နာထတရားကို ဘုရားရှင်က ဤသို့ . . ဟောကြားထားတော်မူ၏။

**ပထမ နာထတရား = သီလရှိခြင်း**

ဣဓ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ၊ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ ။ ပ ။ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အယမ္ပိ ဓမ္မော နာထကရဏော။

(အံ၊၃၊၂၇၅။)

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ ပါတိမောက္ခသံဝရသီလဟု ခေါ်ဆိုအပ်သည့် ဝိနည်းသီလတော်ကို စောင့်စည်းလျက် နေထိုင်၏။ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ခြင်းဟူသော အကျင့် အာစာရ, ကျက်စားသင့် ကျက်စားထိုက်သည့် အာရုံ+အရပ်တို့၌ ကျက်စားခြင်းဟူသည့် ကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။


©shwehinthar.com

အဏုမြူပမာ သေးငယ်လှ သော အပြစ်တို့၌သော်လည်း အလွန် ကြောက်မက်ဖွယ်ဘေးဟု ရှုမြင်လေ့ ရှိ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။

ရဟန်းတို့ . . . ရဟန်းသည် ယင်းကဲ့သို့ သီလရှိ၏။ ပါတိမောက္ခ သံဝရသီလဟု ခေါ်ဆိုအပ်သည့် ဝိနည်းသီလ-တော်ကို စောင့်စည်းလျက် နေထိုင်၏။ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ခြင်းဟူသော အကျင့် အာစာရ, ကျက်စားသင့် ကျက်စားထိုက်သည့် အာရုံ+အရပ်တို့၌ ကျက်စားခြင်းဟူသည့် ကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။ အဏုမြူပမာ သေး-ငယ်လှသော အပြစ် တို့၌သော်လည်း အလွန် ကြောက်မက်ဖွယ်ဘေးဟု ရှုမြင်လေ့ ရှိ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏ – ဟူသော ဤတရားသည် လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားတည်း။ (အံ၊၃၊၂၇၅။)

ထိုရဟန်းမျိုးကို သီတင်းကြီး (= မထေရ်ကြီး)ရဟန်းတို့ကလည်း ပြောဆို သင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏။ သီတင်းလတ် ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏။ သီတင်းငယ် ရဟန်းတို့ ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏။ သီတင်းကြီး (= မထေရ်ကြီး) ရဟန်းတို့၏ အစဉ်သနားစောင့်ရှောက်မှုကို ခံယူရသော, သီတင်းလတ် ရဟန်းတို့၏ အစဉ်သနားစောင့်ရှောက်မှုကို ခံယူရသော, သီတင်းငယ် ရဟန်းတို့၏ အစဉ်သနားစောင့်ရှောက်မှုကို ခံယူရသော ထို ရဟန်းအား သီလ သမာဓိ ပညာ အစဖြာသည့် ကုသိုလ်တရားတို့၌ တိုးပွား မှုသာ မချွတ်ဧကန် ဖြစ်လိမ့်မည်ဟု မျှော်လင့်အပ်၏၊ ဆုတ်ယုတ်မှု ဖြစ်လိမ့် မည်ဟု မမျှော်လင့်အပ်။ ဤသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားတည်း။ (အံ၊၃၊၂၇၅။)

ဝိနည်းဒေသနာတော်၌ လာရှိသော သီလကျင့်စဉ်ပိုင်းဟူသည်မှာလည်း ကျယ်ပြန့်နက်ရှိုင်းသော သဘောရှိ၏။ သာသနာတော်၌ အထွတ်အထိပ် ထားအပ်သော ကျင့်စဉ်ဖြစ်သည့် မဂ္ဂဗြဟ္မစရိယအမည်ရသည့် အရိယမဂ် ကျင့်စဉ်သို့ ဆိုက်ရောက်ရေးအတွက် သာသနဗြဟ္မစရိယအမည်ရသည့် သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်တို့ကို စနစ်-တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမည်ဖြစ်ရာ ထိုသာသနဗြဟ္မစရိယကျင့်စဉ်ပိုင်းတွင် ရှေးဦးစွာ ဖြည့်ကျင့်-ရမည့် ကျင့်စဉ်ကား သီလကျင့်စဉ်ပင် ဖြစ်၏။ မဂ်ဖိုလ် နိဗ္ဗာန်ကို (တစ်နည်းဆိုရသော်) မဂ္ဂဗြဟ္မစရိယအမည်ရသည့် အရိယမဂ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသည့် သူတော်ကောင်းတိုင်း သူတော်ကောင်း တိုင်းသည် မချွတ်ဧကန် ဖြည့်ကျင့်ရမည့် ကျင့်စဉ်ကား သီလကျင့်စဉ်ပင် ဖြစ်၏။

သိက္ခာသုံးရပ် အကျင့်မြတ်တို့တွင် အခြေခံအုတ်မြစ် ဖြစ်သည့် သီလ ကျင့်စဉ်ပိုင်းကို လိုက်နာပြုကျင့်ရာ၌ ရဟန်း-တော်တစ်ပါးအနေဖြင့် ထားရှိသင့်သော စိတ်နေစိတ်ထားကို **နိသီဒနသန္ထတ သိက္ခာပုဒ်**တွင် ဤသို့ ဖော်ပြ ထား၏။

## အရှင်ဥပသေန၏ လျှောက်ထားချက်

(ဝိ၊၁၊၃၃၆-၃၃၈။ ဝိ၊၄၊၂၊၂၆၄-၂၆၅။)

တစ်ချိန်တွင် ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက် တော်၌ သီတင်းသုံး စံနေတော်မူဆဲ ဖြစ်၏။ ထိုနှစ် ဝါတွင်းကာလအတွင်းဝယ် ဘုရားရှင် ချွတ်တော်မူပါမှ ကျွတ်တမ်းဝင်မည့် ဗုဒ္ဓဝေနေယျသတ္တဝါ တစ်စုံတစ်ဦးကိုမျှ မြင်တော်မမူသဖြင့် ဘုရားရှင်က ရဟန်းတော်တို့ကို ဤသို့ မိန့်ကြားတော်မူ၏။

“ရဟန်းတို့ . . . ငါဘုရားရှင်သည် ဝါတွင်းသုံးလတို့ ကာလပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းမွေ့လျော် စံပျော်တော်မူခြင်းငှာ အလိုရှိတော် မူ၏။ ငါဘုရားရှင်ထံသို့ ဆွမ်းပို့ဆောင်လာသော ရဟန်းတော်မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ ငါဘုရားရှင်ထံတော်သို့ မချဉ်းကပ်ရ” ဟု အမိန့်တော်မြတ် သတ်မှတ်ထားတော်မူ၏။ တစ်ပါးထီးတည်း သမာပတ်ဖြင့် ကိန်းအောင်းနေတော်မူ၏။

ရဟန်းတော်တို့ကလည်း ဘုရားရှင်၏ အမိန့်တော်မြတ်အတိုင်း လိုက်နာ ပြုကျင့်ကာ ဆွမ်းပို့ဆောင်သည့် ရဟန်းတော်တစ်ပါးမှ လွဲလျှင် မည်သည့် ရဟန်းတော်မျှ ဘုရားရှင်ထံသို့ မချဉ်းကပ်ခဲ့ကြပေ။ ဘုရားရှင်၏ အမိန့်တော် မြတ်ကို ဦးထိပ်ရွက်ပန်ဆင်ကာ လိုက်နာဆောင်ရွက်တော်မူကြ၏။


©shwehinthar.com

**မေးသင့်သော အချက်တစ်ရပ်**

ထိုဝါတွင်းကာလဝယ် ဘုရားရှင် ချေချွတ်တော်မူပါမှ ကျွတ်တမ်းဝင်မည့် ဗုဒ္ဓဝေနေယျ မရှိပင် မရှိငြားသော်လည်း ရှေးရှေးဘုရားရှင်တို့၏ အစဉ် အလာအတိုင်း တရားတော်ကို ဟောကြားပြသ ဆိုဆုံးမတော်မူသင့်သည် မဟုတ်ပါလား — ဟု မေးရန်ရှိ၏။ ဘုရားရှင်၏ စိတ်အကြံအစည်တော်မှာ ဤသို့ဖြစ်၏။

"ငါဘုရားရှင်သည် ယခုကဲ့သို့ တစ်ပါးထီးတည်း ကိန်းအောင်းတော် မူသည်ရှိသော် ရဟန်းတော်တို့သည် တရားနှင့် မလျော်ညီသည့် အဓမ္မိက ကတိကဝတ်ကို ပြုလုပ်ကြကုန်လတ္တံ့၊ ထိုအဓမ္မိက ကတိကဝတ်ကို ဥပသေန မထေရ်သည် ဖျက်ဆီးပစ်လတ္တံ့။ ထိုအခါ ငါဘုရားရှင်သည် ဥပသေနရဟန်းတော်အား ကြည်ညိုကာ ရဟန်းတော်တို့ကို ငါဘုရားရှင်အား ဖူးမြော်ခွင့်ကို ခွင့်ပြုတော်မူပေအံ့၊ ထိုအခါတွင် ငါဘုရားရှင်ကို ဖူးမြော်လိုကြကုန်သည်ဖြစ်၍ များစွာကုန်သော ရဟန်းတို့သည် ဓုတင်ကျင့်ဝတ် ပဋိပတ်တို့ကို ဆောက်တည်ကြကုန်လတ္တံ့၊ ငါဘုရားရှင်သည်လည်း ထိုထိုဓုတင်ကို ဆောင်လိုကြကုန်သော ရဟန်းတော်တို့က စွန့်ပစ်ထားအပ်ကုန်သော မရက်ဘဲ ကြိတ်ထားအပ်သည့် အခင်း (သန္ထတ) တို့ကို အကြောင်းပြုကာ သိက္ခာပုဒ်တော်ကို ပညတ်တော်မူရပေအံ့။"

ဤသို့သော စိတ်အကြံအစည်ရှိတော်မူသည့်အတွက်ကြောင့် ဘုရားရှင်က တရားဟောတော် မမူဘဲ တစ်ပါးထီး-တည်း ကိန်းအောင်းတော်မူခြင်း ဖြစ်၏။ (ဝိ၊ဋ္ဌ၊၂၊၂၆၄-၂၆၅။)

ထိုအချိန်တွင် ရဟန်းတော်တို့သည် မိမိက ဝါ တစ်ဝါမျှသာ ရရှိသေးသော်လည်း, ဝါ နှစ်ဝါမျှသာ ရရှိသေးသော်-လည်း ရဟန်းလောင်းတစ်ဦးကို ဥပဇ္ဈာယ်ပြုကာ ရဟန်းပြုပေးကြကုန်၏။ ဝင်္ဂန္တပုဏ္ဏားကြီး၏ သားရတနာ တစ်ဦးဖြစ်သော, အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ညီတော်ဖြစ်သူ အရှင်ဥပသေနသည်လည်း မိမိက ရဟန်းဝါ တစ်ဝါမျှသာ ရရှိသေးသော်လည်း အခြားရဟန်းလောင်းတစ်ဦးကို ဥပဇ္ဈာယ်ပြုကာ ရဟန်းပြုပေးတော် မူလေသည်။ ရဟန်းဝါ နှစ်ဝါမျှသာ ရရှိသေးသော ထိုအရှင်ဥပသေနသည် တစ်ဝါမျှသာ ရရှိသေးသော မိမိ၏ တပည့်ရဟန်းတော်ကို ခေါ်ဆောင်ကာ ဝါကျွတ်သောအခါ ဘုရားရှင်အား သွားရောက်ဖူးမြော်ကန်တော့လေသည်။ ဤဝတ္ထုကို အကြောင်းပြုကာ ဘုရားရှင်က အောက်ပါအတိုင်း သိက္ခာပုဒ်တော်ကို ပညတ်တော်မူလေသည်။

**"န ဘိက္ခဝေ ဦနဒသဝဿေန ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ။"** (ဝိ၊၃၊၇၅။)

= ရဟန်းတို့ . . . ဆယ်ဝါ မပြည့်သေးသော ရဟန်းသည် ဥပဇ္ဈာယ်ပြုကာ ရှင်ရဟန်း မပြုပေးအပ်၊ ဥပဇ္ဈာယ်ပြုကာ ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ။ ရဟန်းတို့ . . . ဆယ်ဝါပြည့်သော ရဟန်းသည်လည်းကောင်း, ဆယ်ဝါထက် ပိုလွန်သော ဝါရှိသော ရဟန်းသည် လည်းကောင်း ဥပဇ္ဈာယ်ပြုကာ ရှင်ရဟန်းပြုပေးရန် ငါဘုရား ခွင့်ပြု-တော် မူ၏။ (ဝိ၊၃၊၇၅။)

အရှင်ဥပသေန မထေရ်သည်လည်း —"မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျား . . . သင်သည် သူတစ်ပါးတို့က ဆိုဆုံးမထိုက်သူ, ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဆိုဆုံးမထိုက်သူ ဖြစ်ပါလျက် သူတစ်ပါးကို ဆိုဆုံးမဖို့ရန်, ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဆိုဆုံးမဖို့ရန် အဘယ်အကြောင်းကြောင့် အောက်မေ့မှတ်ထင်ဘိသနည်း"— ဤသို့ စသည်ဖြင့် ဘုရားရှင်၏ ကဲ့ရဲ့မှုကို ခံယူခဲ့ရ၏။ (ဝိ၊၃၊၇၄။)

"ဘုရားရှင်သည် ငါ့အား ပရိသတ်ကို အကြောင်းပြုကာ ကဲ့ရဲ့ရှုတ်ချတော်မူ၏၊ ယခုအခါ၌ ငါသည် လပြည့်ဝန်းပမာ ကျက်သရေမင်္ဂလာအဖြာဖြာ တို့ ပြည့်စုံတော်မူသော ထိုနှုတ်ခမ်းတော်ဖြင့်ပင် ဖြဟ္မာမင်း၏ အသံကို မြွက်ဟတော်မူလျက် ပရိသတ်ကိုပင် အကြောင်းပြုကာ ကောင်းချီးနုမော် သာခုခေါ်ဆိုမှုကို ပြုပေအံ့"ဟု မွန်မြတ်သော စိတ်နှလုံးဓာတ်ခံ ရှိသော အမျိုးကောင်းသားဖြစ်သည့် အရှင်ဥပသေနသည် သာဝတ္ထိမှ ယူဇနာတစ်ရာကျော် ဝေးကွာရာအရပ်သို့ ကြွသွားတော်မူကာ ပရိသတ်ကို ရွေးချယ်တော် မူပြီးလျှင် သီတင်းသုံးနေထိုင်တော်မူ၏။

မြတ်စွာဘုရားရှင်တစ်ပါးထီးတည်း ကိန်းအောင်းတော်မူရာ ထိုဝါတွင်း ကာလ၌ ဘုရားရှင်၏ထံတော်သို့ ဆွမ်းပို့ဆောင်သည့် ရဟန်းတော်မှ တစ်ပါး မည်သည့်ရဟန်းတစ်ပါးမျှ ထိုဝါတွင်းတွင် ဘုရားရှင်၏ထံတော်သို့ ချဉ်းကပ်-


©shwehinthar.com

တော်မမူပေ။ ထိုဝါတွင်း၌ သာဝတ္ထိသံဃာကလည်း ဤသို့ တရားနှင့် မလျော်ညီသည့် အဓမ္မိက ကတိကဝတ် တစ်ခုကို ပြုထားကြ၏။

"ငါ့ရှင်တို့ . . . မြတ်စွာဘုရားသည် ဝါတွင်းသုံးလကာလပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းမွေ့လျော် စံပျော်တော်မူခြင်ငှာ အလိုရှိတော် မူ၏၊ ဘုရားရှင်၏ ထံတော်သို့ ဆွမ်းကို ပို့ဆောင်သည့် ရဟန်းမှ တစ်ပါး မည်သည့် ရဟန်းတော်မျှ မချဉ်းကပ်အပ်၊ ချဉ်းကပ်သော ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာပြောကြားရမည်။"

ဤသို့ တရားနှင့် မလျော်ညီသော အဓမ္မိက ကတိကဝတ်ကို ပြုလုပ်ထားတော်မူ၏။ [အာပတ်ဟူသည် ဘုရားရှင်တို့သာ ပညတ်တော်မူကြသည့် အရာဌာန ဖြစ်၏၊ သာဝကတို့ ပညတ်နိုင်သည့် အရာဌာန မဟုတ်ပေ။ သာဝကများက ယခုကဲ့သို့ "ပါစိတ်အာပတ် သင့်စေ"ဟု ပညတ်ခြင်းသည် အဓမ္မိက (= တရားနှင့် မလျော်) ဖြစ်နေ၏။]

ထိုအချိန်တွင် အရှင်ဥပသေနသည် ဆယ်ဝါကျော်ကာ ရဟန္တာဖြစ်တော်မူပြီးသည့်အချိန် ဖြစ်ပေသည်။ ထိုအခါ အရှင်ဥပသေနသည် ငါးရာ မျှသော မိမိ၏ ပရိသတ်နှင့်အတူ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ကာ အလွန်ရိုသေစွာ ရှိခိုးဝတ်ပြုပြီးနောက် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကာ သီတင်းသုံးတော် မူလိုက်၏။ အရှင်ဥပသေန၏ ပရိသတ်ကို ကြည့်ကာ ဘုရားရှင်သည်လည်း အလွန် နှစ်မြို့က်တော်မူ၏။ ထိုပရိသတ် အတွင်းမှ ရဟန်းတော်တစ်ပါးကို ဘုရားရှင်က ဤသို့ မေးမြန်းတော်မူ၏။

"ချစ်သား ရဟန်း . . . ပံသုကူသက်န်းတို့သည် သင့်အား နှစ်သက် မြတ်နိုးစေကုန်၏လော၊ မိမိရဲ့ အလိုအကြိုက်အတိုင်း ဆောင်ထားအပ်ပါ ကုန်သလော"ဟု မေးမြန်းတော်မူ၏။

"မြတ်စွာဘုရား . . . တပည့်တော်ကိုယ်တိုင်က မိမိရဲ့ အလိုအကြိုက် အတိုင်း ဤပံသုကူသက်န်းတို့ကို ဆောင်ထားသည်ကား မဟုတ်ပါဘုရား၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာတော်က ပံသုကူသက်န်းကို ဆောင်တော်မူပါ၏။ အလားတူပင် တပည့်တော်သည်လည်းပဲ ပံသုကူသက်န်းကိုဆောင်ခြင်း ဖြစ်ပါသည် မြတ်စွာဘုရား"ဟု တင်ပြ လျှောက်ထားလိုက်လေသည်။

ထိုအခါတွင် ဘုရားရှင်က ဝင်္ဂန္တပုဏ္ဏား၏ သားဖြစ်သော အရှင်ဥပသေန ကို ဤသို့ မိန့်ကြားတော်မူ၏။

"ဥပသေန . . . သင်၏ ဤပရိသတ်တို့သည် ကြည်ညိုဖွယ် ရှိကြပါပေ၏။ သင်သည် ဘယ်ပုံ ဘယ်ပန်း ဘယ်နည်း-လမ်းဖြင့် ဤပရိသတ်ကို ဆိုဆုံးမထားပါသနည်း"ဟု မေးမြန်းတော်မူ၏။

"မြတ်စွာဘုရား . . . တပည့်တော်ထံကို ရဟန်းပြုရန် တောင်းပန်လာသူကို – 'ငါ့ရှင် . . . ငါသည် အာရညကင် (= တောရ) ဓုတင် ဆောက်တည်၏၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်၏၊ ပံသုကူဓုတင် ဆောက်တည်၏။ သင်သည်လည်းပဲ အကယ်၍ အာရညကင်ဓုတင် ဆောက်တည်အံ့၊ ပိဏ္ဍပါတ် ဓုတင် ဆောက်တည်အံ့၊ ပံသုကူဓုတင် ဆောက်တည်အံ့၊ ဤသို့ ဆောက်တည် ကျင့်သုံးခဲ့သော် ငါသည် သင့်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းပြုပေးပါအံ့'ဟု ဤသို့ တပည့်တော်က ဆိုဆုံးမပါသည် မြတ်စွာဘုရား။

အကယ်၍ တပည့်တော်၏ အဆုံးအမကို နာယူပါအံ့၊ တပည့်တော်က ဥပဇ္ဈာယ်လုပ်ကာ ရဟန်းပြုပေးပါသည် မြတ်စွာဘုရား။ အကယ်၍ အဆုံး အမကို မနာယူအံ့၊ တပည့်တော်က ဥပဇ္ဈာယ်ပြုကာ ရဟန်းပြုမပေးပါဘုရား။

တပည့်တော်ကို ဆရာအဖြစ် မှီတင်းနေထိုင်ဖို့ရန် နိဿရည်းတောင်းခံ လာသူကိုလည်း တပည့်တော်က – 'ငါ့ရှင် . . . ငါသည် အာရညကင်ဓုတင် ဆောင်၏၊ ပိဏ္ဍပါတ်ဓုတင် ဆောင်၏၊ ပံ့သူကူဓုတင် ဆောင်၏၊ အကယ်၍ သင်သည်လည်း အာရညကင်ဓုတင် ဆောင်အံ့၊ ပိဏ္ဍပါတ်ဓုတင် ဆောင်အံ့၊ ပံ့သူကူဓုတင် ဆောင်အံ့၊ ငါသည် သင့်ကို နိဿရည်းပေးပါမည်'ဟု ဤသို့ တပည့်တော်က ဆိုဆုံးမပါသည် မြတ်စွာဘုရား" – ဤသို့ လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က – "ဥပသေန . . . သာဓု သာဓု = ကောင်းလေစွ ကောင်းလေစွ။ ဥပသေန . . . သင်သည် ပရိသတ်ကို ကောင်းစွာသာလျှင် ဆိုဆုံးမပေ၏။ ဥပသေန . . . သင်သည် သာဝတ္ထိမြို့၌ နေသော သံဃာ၏ ကတိကဝတ်ကို သိရှိပါသလော"ဟု မေးမြန်းတော်မူ၏။


©shwehinthar.com

"မြတ်စွာဘုရား . . . တပည့်တော်သည် သာဝတ္ထိမြို့၌နေသော သံဃာ၏ ကတိကဝတ်ကို မသိပါ"ဟု လျှောက်ထား၏။

"ဥပသေန . . . သာဝတ္ထိမြို့၌ နေသော သံဃာသည် 'ငါ့ရှင်တို့ . . မြတ်စွာဘုရားသည် ဝါတွင်းသုံးလကာလပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းမွေ့လျော် စံပျော်တော်မူခြင်းငှာ အလိုရှိတော်မူ၏၊ မြတ်စွာဘုရား ထံသို့ ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ ချဉ်းကပ်သော ရဟန်းသည် ပါစိတ်အာပတ် ကို ဒေသနာကြားရမည်'ဟု ကတိကဝတ်ကို ပြုထား၏"ဟု မိန့်ကြားတော်မူ၏။ ထိုအခါ အရှင်ဥပသေနက ဤသို့ တင်ပြလျှောက်ထားတော်မူ၏။

ပညာယိဿတိ ဘန္တေ သာဝတ္ထိယာ သံဃော သကာယ ကတိကာယ၊ န မယံ အပညတ္တံ ပညပေဿာမ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိဿာမ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿာမာတိ။ (ဝိ၊၁၊၃၃၇။)

"ဘုန်းတော်ကြီးမြတ်တော်မူပါပေသော မြတ်စွာဘုရား . . . သာဝတ္ထိမှ သံဃာသည် မိမိ၏ ကတိကဝတ်ဖြင့် ထင်ရှားပါလိမ့်မည်၊ တပည့်တော်တို့သည်ကား မြတ်စွာဘုရား မပညတ်အပ်သေးသည်ကိုလည်း မပညတ်ပါကုန်အံ့၊ ပညတ်တော်မူပြီးသော သိက္ခာပုဒ်ကိုလည်း မဖျက်ဆီးကြပါကုန်အံ့၊ ပညတ်တော်မူတိုင်းသော သိက္ခာပုဒ်တော်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြပါကုန်အံ့"ဟု တင်ပြ လျှောက်ထားတော်မူ၏။

ထိုအခါ ဘုရားရှင်က သာဓုခေါ်တော်မူကာ ဤသို့ မိန့်ကြားတော်မူ၏။

သာဓု သာဓု ဥပသေန၊ အပညတ္တံ န ပညပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗံ။

(ဝိ၊၁၊၃၃၇။)

"သာဓု သာဓု ဥပသေန . . . ငါဘုရား မပညတ်အပ်သည်ကို မပညတ်အပ်၊ ပညတ်အပ်ပြီးသည်ကိုလည်း မဖျက်ဆီးအပ်၊ ပညတ်တော်မူတိုင်းသော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ရမည်"ဟု မိန့်ကြားတော်မူလိုက်၏။

ဤသို့ ဘုရားရှင် ဟောကြားထားတော်မူသည်နှင့် အညီ ရဟန်း တော်တို့မည်သည် ဘုရားရှင် မပညတ်အပ်သည်ကိုလည်း မပညတ်အပ်၊ ပညတ်တော်မူအပ်ပြီးသည်ကိုလည်း မဖျက်ဆီးအပ်၊ ပညတ်တော်မူတိုင်းသော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်အပ်ပေသည်။ သို့မှသာ မိမိတို့ ဖြည့်ကျင့်အပ်သည့် သီလသည် ဖြူစင်နေမည် ဖြစ်ပေသည်။ ခရုသင်း ပွတ်သစ်နှင့်အတူ ဖြူစင်သော ထိုသီလကသာလျှင် မှီခိုအားထားရာ နာထ တရားအစစ် ဖြစ်ပေသည်။ ကျိုး ပေါက် ပြောက် ကျားလျက်ရှိသော, မဖြူ စင်သော သီလကား မှီခိုအားထားရာ နာထတရားအစစ် မဖြစ်နိုင်ပေ။

**အာစာရ နှင့် အနာစာရ**

**အာစာရဂေါစရသမ္ပန္နော** = ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ခြင်းဟူသော အကျင့် "အာစာရ", ကျက်စားသင့် ကျက်စားထိုက်သည့် အာရုံအရပ်တို့၌ ကျက်စားခြင်းဟူသည့် ကျက်စားရာ "ဂေါစရ"နှင့် ပြည့်ပြည့်စုံစုံ နေထိုင်ရန် ကိုလည်း ဘုရားရှင်က ဤသီလကျင့်စဉ်ပိုင်းတွင် ထည့်သွင်းကာ ညွှန်ကြား ထားတော်မူ၏။ ဤညွှန်ကြားချက်နှင့် ဆက်စပ်လျက် **အာစာရနှင့် အနာစာရ, ဂေါစရနှင့် အဂေါစရ**ဟု လေးမျိုးခွဲခြားကာ ဝိဘင်းပါဠိတော်၌ ဘုရားရှင်က ညွှန်ကြားပြသ ဆိုဆုံးမထားတော်မူ၏။ ထိုတွင် ရဟန်းတော်တို့ မပြုကျင့်သင့် မပြုကျင့်ထိုက်သည့် **အနာစာရ**တရားကို ဤသို့ ဟောကြားထားတော်မူ၏။

ထိုတွင် မကျင့်သင့် မကျင့်ထိုက်သော **အနာစာရ**ဟူသည် အဘယ်နည်း။ ကိုယ်၌ ဖြစ်သော လွန်ကျူးခြင်း, နှုတ်၌ ဖြစ်သော လွန်ကျူးခြင်း, ကိုယ်နှုတ် တို့၌ ဖြစ်သော လွန်ကျူးခြင်းကို **အနာစာရ**ဟု ဆိုအပ်၏။ အလုံးစုံသော သီလပျက်စီးမှု (= ဒုဿီလ)သဘောကိုလည်း **အနာစာရ**ဟု ဆိုအပ်၏။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဝါး ပေးခြင်းဖြင့်လည်းကောင်း, အရွက် ပေးခြင်းဖြင့်လည်းကောင်း, ပန်း ပေးခြင်းဖြင့်လည်းကောင်း, သစ်သီး ပေးခြင်းဖြင့်လည်းကောင်း, ရေချိုးကသယ်မှုန့် ပေးခြင်းဖြင့်လည်းကောင်း, ဒန်ပူပေးခြင်းဖြင့်လည်းကောင်း, မိမိကိုယ်ကို ချစ်ခင်ကြည်ညိုလာစေလိုသည့်


©shwehinthar.com

အတွက် မိမိကိုယ်ကို နှိမ့်ချကာ ဒါယကာ ဒါယိကာမတို့အား မြှောက်ပင့်၍ ပြောဆိုခြင်းဖြင့်လည်းကောင်း, ပဲနောက်-ဟင်းနှင့် တူသော မမှန်တချို့ မှန် တချို့သော စကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း, ကလေးသူငယ်တို့အား တန်ဆာဆင်ပေးခြင်း စသည်ဖြင့် အခစား အစေခံ ပြုလုပ်ပေးခြင်းဖြင့် လည်းကောင်း, သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် လူတို့၏ သတင်းစကားကို သယ်ယူပို့ဆောင်ရေး ပြုလုပ်ခြင်းဖြင့်လည်းကောင်း သစ်သီးပေးခြင်း, ပန်း ပေးခြင်း, ဆေးကု-ခြင်း, ဆွမ်းကို အပြန်အလှန် အပေးအယူလုပ်ခြင်း, သံဃာ့ ပစ္စည်း စေတီတော်ပစ္စည်းတို့ကို အလွဲသုံးစားပြုခြင်း စသော ဘုရားရှင် ရှုံ့ရှာစက်ဆုပ်တော်မူသော တစ်မျိုးမျိုးသော မှားယွင်းသော အသက်မွေးမှု (= မိစ္ဆာအာဇီဝမှု) ဖြင့် အသက်မွေးမြူ၏။ ဤကဲ့သို့သော အသက်မွေးမှုမျိုးကို **အနာစာရ (=** မကျင့်သင့် မကျင့်ထိုက်သောအကျင့်)ဟု ဆိုအပ်၏။ (အဘိ၊၂၊၂၅၅။)

ထိုတွင် ကျင့်သင့်ကျင့်ထိုက်သော **အာစာရ** (= ကျင့်ဝတ်ပဋိပတ်)ဟူသည် အဘယ်နည်း။ ကိုယ်၌ ဖြစ်သော မလွန်ကျူးမှု (= ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်မှု), နှုတ်၌ ဖြစ်သော မလွန်ကျူးမှု (= ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်မှု), ကိုယ်နှုတ်၌ ဖြစ်သော မလွန်ကျူးမှုကို အာစာရ (= ကျင့်ဝတ် ပဋိပတ်)ဟု ဆိုအပ်၏။ (ဤစကားရပ်တို့ဖြင့် အာဇီဝဋ္ဌမကသီလကို ရည်ညွှန်း ထားပေသည်။) အလုံးစုံသော သီလကို စောင့်စည်းခြင်း (= သီလသံဝရ) သည်လည်း အာစာရ (= ကျင့်ဝတ်ပဋိပတ်) မည်၏။ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဝါး ပေးခြင်း, အရွက် ပေးခြင်း, ပန်း ပေးခြင်း, သစ်သီး ပေးခြင်း, ရေချိုးကသယ်မှုန့် ပေးခြင်း, ဒန်ပူ ပေးခြင်းစသည့် ဘုရားရှင် ရှုံ့ရှာစက်ဆုပ်တော်မူသော မှားယွင်းသော အသက်မွေးမှု (= မိစ္ဆာအာဇီဝမှု)ဖြင့် လည်း အသက်မွေးမှုကို မပြုလုပ်၊ မိမိကိုယ်ကို ချစ်ခင်ကြည်ညိုလာစေလို သည့်အတွက် မိမိကိုယ်ကို နှိမ့်ချကာ ဒါယကာ ဒါယိကာမတို့အား မြှောက်ပင့် ပြောဆိုခြင်းဖြင့်လည်းကောင်း, ပဲနောက်ဟင်းနှင့် တူသော မမှန်တချို့ မှန်တချို့သော စကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း, ကလေးသူငယ်တို့အား တန်ဆာဆင်ပေးခြင်း စသည်ဖြင့် အခစားအစေခံ ပြုလုပ်ခြင်းဖြင့် လည်းကောင်း, သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် လူတို့၏ သတင်းစကားကို သယ်ယူပို့ဆောင်ရေး ပြုလုပ်ခြင်းဖြင့်လည်းကောင်း ဤသို့စသော ဘုရားရှင် ရှုံ့ရှာစက်ဆုပ်တော်မူသော တစ်မျိုးမျိုးသော မှားယွင်းသော အသက်မွေးမှု (= မိစ္ဆာအာဇီဝ)ဖြင့် အသက်မွေးမှုကို မပြုလုပ်။ ဤသို့ မပြုလုပ်ခြင်းကို **အာစာရ** (= ကျင့်ဝတ်ပဋိပတ်) ဟု ဆိုအပ်၏။ (အဘိ၊၂၊၂၅၅။)

### ဂေါစရ နှင့် အဂေါစရ

ရဟန်းတို့ မကျက်စားသင့်သော **အဂေါစရ**နှင့် ကျက်စားသင့်သော **ဂေါစရ**ကိုလည်း ဤသို့ ဆက်လက်ကာ ဟောကြားထားတော်မူ၏။

ထိုတွင် ရဟန်းတို့ မကျက်စားသင့်သော **အဂေါစရ** ဟူသည် အဘယ် နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပြည့်တန်ဆာမအိမ်၌ (မိတ်ဆွေအဖြစ်ဖြင့်) ကျက်စားမှု များပြား၏၊ လင်ကွာ+မုဆိုးမအိမ်၌ ကျက်စားမှု များပြား၏၊ အပျိုကြီးအိမ်၌ ကျက်စားမှု များပြား၏၊ နပုံးပဏ္ဍုက်အိမ်၌ ကျက်စားမှု များပြား၏၊ ဘိက္ခုနီကျောင်း၌ ကျက်စားမှု များပြား၏၊ သေတင်းကုတ် (= အရက်ဆိုင်)၌ ကျက်စားမှု များပြား၏။ မင်းတို့နှင့်လည်းကောင်း, မင်းအ-မတ်တို့နှင့်လည်းကောင်း, တိတ္ထိတို့နှင့်လည်းကောင်း, တိတ္ထိတို့၏ တပည့်သာဝက ဒါယကာ ဒါယိကာမတို့နှင့် လည်း-ကောင်း သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့နှင့် ထိပ်တိုက်ဆန့်ကျင် ဘက်ဖြစ်သော မလျော်-သော ရောနှောမှုဖြင့် ရောရောနှောနှော နေထိုင်၏။ ရတနာသုံးပါးတို့၌ ယုံကြည်မှု သဒ္ဓါတရား မရှိကြကုန်သော, ရတနာသုံးပါးတို့ကို မကြည်ညိုကြကုန်သော, ရဟန်းတို့၏ ရေတွင်းရေကန်သဖွယ် မဖြစ်ကြကုန်သော, ရဟန်းတို့ကို ဆဲရေးခြိမ်းခြောက်တတ်ကြကုန်သော, ရဟန်းယောက်ျား ရဟန်းမိန်းမ လူဥပါသကာ လူဥပါသိကာမတို့၏ အကျိုးမဲ့ကို လိုလားကြကုန်သော, အစီးအပွားမဲ့ကို လိုလားကြကုန်သော, မကြီးပွားမှုကို လိုလားကြကုန်သော, ယောဂလေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်ကို အလိုမရှိကြ ကုန်သော အမျိုးဒါယကာ ဒါယိကာမတို့ကို မှီဝဲဆည်းကပ် ခစားတတ်၏။ ဤကဲ့သို့ ပြုမူခြင်းကို **အဂေါစရ** (= မကျက်စားသင့်သော အရပ်၌ ကျက်စားမှု) ဟု ဆိုအပ်၏။ (အဘိ၊၂၊၂၅၅-၂၅၆။)

ထိုတွင် ရဟန်းတို့ ကျက်စားသင့်သော **ဂေါစရ** ဟူသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပြည့်တန်ဆာမအိမ်၌ မကျက်စား၊ လင်ကွာ+မုဆိုးမအိမ်၌ မကျက်စား၊ အပျိုကြီးအိမ်၌ မကျက်စား၊ နပုံး ပဏ္ဍုက်အိမ်၌

မကျက်စား၊ ဘိက္ခုနီကျောင်း၌ မကျက်စား၊ သေတင်းကုတ် (= အရက်ဆိုင်)၌ မကျက်စား၊ မင်းတို့နှင့်လည်းကောင်း, မင်းအမတ်တို့နှင့် လည်းကောင်း, တိတ္ထိတို့နှင့်လည်းကောင်း, တိတ္ထိတို့၏ တပည့်သာဝက ဒါယကာ ဒါယိကာမတို့နှင့် လည်းကောင်း သီလ, သမာဓိ, ပညာဟူသော သိက္ခာ သုံးရပ် အကျင့်မြတ်တို့နှင့် ထိပ်တိုက်ဆန့်ကျင်ဘက်ဖြစ်သော မလျော်သော ရောနှောမှုဖြင့် ရောရောနှောနှော မနေထိုင်။ ရတနာသုံးပါးတို့၌ ယုံကြည်မှု သဒ္ဓါတရား ရှိကြကုန်သော, ရတနာသုံးပါးတို့ကို ကြည်ညိုကြကုန်သော, ရဟန်းတို့၏ ရေတွင်း ရေကန်သဖွယ် ဖြစ်ကြကုန်သော, ရဟန်းယောက်ျား ရဟန်းမိန်းမတို့၏ ဝတ်ရုံထားအပ်သော သင်္ကန်းရောင်တို့ဖြင့် တစ်ခဲနက် တောက်ပသော အရောင်ရှိကြကုန်သော, ရဟန်းယောက်ျား ရဟန်းမိန်းမဟု ခေါ်ဆိုအပ်ကုန်သော ရသေ့ ရဟန်းတို့၏ သင်္ကန်းရနံ့ ကိုယ်ရနံ့တို့ဖြင့် ကြိုင်လှိုင်လျက် ရှိကြကုန်သော, ရဟန်းယောက်ျား ရဟန်းမိန်းမ လူဥပါသကာ လူဥပါသိကာမတို့၏ အကျိုးကို လိုလားတောင့်တကြကုန်သော, အစီးအပွား ကို လိုလားတောင့်တကြကုန်သော, ကြီးပွားမှုကို လိုလားတောင့်တကြကုန် သော, ယောဂလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်ကို အလိုရှိကြကုန်သော အမျိုး ဒါယကာ ဒါယိကာမအိမ်တို့သို့ မှီဝဲဆည်းကပ်ခစား၏။ ဤကဲ့သို့သော ပြုကျင့် မှုကို ကျက်စားသင့်သော အရပ်၌ ကျက်စားမှု (= **ဂေါစရ**) ဟု ဆိုအပ်၏။

ဤသို့လျှင် ဤကဲ့သို့သော ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ခြင်း အကျင့် **"အာစာရ"**နှင့် လည်းကောင်း, ကျက်စားသင့် ကျက်စားထိုက်သည့် အာရုံ+ အရပ်တို့၌ ကျက်စားခြင်းဟူသည့် ကျက်စားရာ **"ဂေါစရ"**နှင့် ပြည့်စုံသော ရဟန်းတော်-ကို **အာစာရဂေါစရသမ္ပန္န (= အကျင့် "အာစာရ" + ကျက်စားရာ "ဂေါစရ"**နှင့် ပြည့်စုံသော ရဟန်း) ဟု ခေါ်ဆိုအပ်ပေသည်။ (အဘိ၊၂၊၂၅၅-၂၅၆။)

ဤ၌ **"အာစာရ"**အရ — **"သဗ္ဗောပိ သီလသံဝရော အာစာရော = အလုံးစုံသော သီလကို စောင့်စည်းခြင်း ဟူသမျှသည် အာစာရ မည်၏။** (အဘိ၊၂၊၂၅၅။) — ဟု ဟောကြားထားတော်မူသောကြောင့် အာစာရ (= ကျင့်ဝတ်တို့-)နှင့် ပြည့်စုံရန် ခန္ဓကဌ် လာရှိသော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် တို့ကိုလည်း မပျင်းမရိ လုံ့လရှိရှိဖြင့် ဖြူစင်အောင် ဖြည့်ကျင့်ရမည် ဖြစ်ပေ သည်။ **"ဝတ္တံ အပရိပူရေန္တော၊ န သီလံ ပရိပူရတိ =** ဝတ်ကို မဖြည့်ကျင့်သော သူသည် သီလကို ဖြည့်ကျင့်သည် မမည်" (ဝိ၊၄၊၄၁၆။) — ဟူသည်နှင့် အညီ ခရုသင်းပွတ်သစ်နှင့် အတူ ပြည့်ဝစုံလင် ဖြူစင်မြင့်မြတ်သည့် သီလရှိရေး အတွက် ခန္ဓကဌ် လာရှိသော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကိုလည်း အားသွန်ခွန်စိုက် ဖြည့်ကျင့်ရန် ရည်သန်တောင့်တတော်မူသည့်အတွက် ဘုရားရှင်က အကျင့် "အာစာရ"နှင့် ပြည့်ပြည့်စုံစုံ နေထိုင်-ရန်ကိုလည်း ထည့်သွင်းကာ ဆိုဆုံးမထားတော်မူပေသည်။

တစ်ဖန် ဤ၌ **"ဂေါစရ"**ဟူသည် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါးအတွက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးဖြင့် ပြည့်တန်ဆာမအိမ်, လင်ကွာ+မုဆိုးမအိမ်, အပျိုကြီးအိမ်, နပုံးပဏ္ဍုက်အိမ်, ဘိက္ခုနီမကျောင်း, သေတင်းကုတ် (= အရက်ဆိုင်)တို့၌ အဝင်အထွက် အသွားအလာများမှုကို ဆိုလိုသည်။ အိမ်စဉ်အတိုင်း လှည့်လည်၍ ရွာတွင်း၌ ဆွမ်းခံခြင်းမျိုးကို မဆိုလိုပေ။

ဝေသိယာ ဂေါစရော အဿာတိ ဝေသိယာဂေါစရော၊ မိတ္တသန္ထဝဝသေန ဥပသင်္ကမိတဗ္ဗာဋ္ဌာနန္တိ အတ္ထော။ တတ္ထ ဝေသိယာ နာမ ရူပူပဇီဝိနိယော ယေန ကေနစိဒေဝ သုလဘဇ္ဈာစာရတာ မိတ္တသန္ထဝသိနေဟဝသေန ဥပသင်္ကမန္တော ဝေသိယာ ဂေါစရော နာမ ဟောတိ။ တသ္မာ ဧဝံ ဥပသင်္ကမိတုံ န ဝဋ္ဋတိ။ ကိံ ကာရဏာ? အာရက္ခဝိပတ္တိတော။ ဧဝံ ဥပသင်္ကမန္တဿ ဟိ စိရံ ရက္ခိတဂေါပိတော ပိ သမဏဓမ္မော ကတိပါဟေနေဝ နဿတိ။ သစေပိ န နဿတိ၊ ဂရဟံ လဘတိ။ ဒက္ခိဏာဝသေန ပန ဥပသင်္ကမန္တေန သတိံ ဥပဋ္ဌာပေတွာ ဥပသင်္ကမိတဗ္ဗံ။ (အဘိဋ္ဌ၊၂၊၃၂၅။)

= ပြည့်တန်ဆာမအိမ်၌ ကျက်စားမှု များပြားသော ရဟန်းသည် **ဝေသိယာ ဂေါစရ** မည်၏။ တစ်ယောက်ကို-တစ်ယောက် ချီးမွမ်းစကား ပြောကြားလျက် ခင်မင်ရင်းနှီးသည်၏ အစွမ်းဖြင့် ချဉ်းကပ်ရာဌာနဟု ဆိုလို၏။ ထိုစကားရပ်၌ "ဝေသိယာ"ဟူသည် ပြည့်တန်ဆာမတည်း။ ထိုပြည့်တန်ဆာမကား တစ်စုံ တစ်ခုသော အာမိသဖြင့်ပင်လျှင် လွန်ကျူးမှု (= အဇ္ဈာစာရ)ကို ပြုကျင့်မည် ဆိုပါက ရလွယ်သော သဘောရှိ၏။ ခင်မင်ရင်းနှီးသည်၏ အစွမ်းဖြင့် ယင်းအိမ်သို့ ချဉ်းကပ်မှုသည် "ဝေသိယာဂေါစရ = ပြည့်တန်ဆာမအိမ်၌ ကျက်စားမှု" မည်ပေသည်။ ထိုကြောင့် ဤသို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးဖြင့် မချဉ်းကပ်သင့်ပေ။ အဘယ်ကြောင့်နည်း? ရဟန်းသီလကို စောင့်စည်းမှု၏ ပျက်စီးသွားနိုင်သောကြောင့်-တည်း။ ဤသို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ချဉ်းကပ်သော ရဟန်းအား ကြာမြင့်စွာ ထိမ်းသိမ်း စောင့်ရှောက်ထားအပ်

သော **သမဏာစမ္မ - ရဟန်းတရား**သည်လည်း နှစ်ရက်သုံးရက်အတွင်းမှာပင် ပျက်စီးသွားနိုင်၏။ အကယ်၍ ရဟန်းတရား-သည် မပျက်စီးစေကာမူ လူအများ၏ ကဲ့ရဲ့မှုကိုကား ရရှိနိုင်၏။ ထိုကြောင့် အလှူဒါနအတွက် ယင်း အိမ်သို့ ချဉ်းကပ်ခဲ့သော် သတိကို ရှေးရှုတည်စေ၍သာ ချဉ်းကပ်ပါလေ။

(အဘိ၊ဋ္ဌ၊၂၊၃၂၅။)

ဤအထက်ပါ အဋ္ဌကထာ၏ ဖွင့်ဆိုရှင်းလင်းချက်နှင့် အညီ ဆွမ်းအလှူ စသော အလှူဒါန တစ်ခုခုအတွက် ပြည့်တန်ဆာမအိမ်သို့ သွားခွင့်ကား ရှိနေ၏၊ ဆွမ်းခံသွားကောင်း၏ဟု သိပါ။ သို့သော် သတိထားပါဟု အဋ္ဌကထာ က သတိပေးထား၏။ တစ်ဖန် လင်ကွာ+မုဆိုးမအိမ် စသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ (အဘိ၊ဋ္ဌ၊၂၊၃၂၅။)

**ပဏ္ဍက (= ပဏ္ဍုက်)**တို့ဟူသည် များပြားလွန်းလှသော ကာမဂုဏ်တည်းဟူသော လောကာမိသကို မှီသော စကားရှိကုန်သော, ကိလေသာရာဂ ထူပြောကုန်သော, မငြိမ်းအေးနိုင်သော မငြိမ်းအေးလွယ်သော ကိလေသာရာဂ အပူမီးရှိကုန်သော နပုံးပဏ္ဍုက်တို့ကို ဆိုလိုပေသည်။ ရဟန်းများအတွက် အန္တရာယ်ကြီးမားလှသော ပုဂ္ဂိုလ်တို့ပင်-တည်း။ (အဘိ၊ဋ္ဌ၊၂၊၃၂၅။)

မကျက်စားသင့်သည့် အရပ်ဒေသတို့၌ မကျက်စားရန်မျှသာ မဟုတ်သေး၊ မကျက်စားသင့်သည့် အာရုံတို့၌လည်း မိမိတို့၏ စိတ်ဓာတ်ကို မကျက်စားမိစေရန် ဘုရားရှင်သည် ဆိုဆုံးမခဲ့သည်သာ ဖြစ်၏။ ထိုအဆုံးအမတို့တွင် အောက်ပါ **သကုဏဂ္ဃိသုတ္တန်**သည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

**သကုဏဂ္ဃိသုတ္တန်** (သံ၊၃၊၁၂၇-၁၂၈။)

ရဟန်းတို့ . . . ရှေး၌ ဖြစ်ဖူးသည်ကား — သိန်းငှက်တစ်ကောင်သည် လျင်မြန်စွာ ဆိုက်ရောက်လာ၍ ဗီလုံးငှက်ငယ်ကို ဖမ်းသုတ်လေ၏။ ရဟန်းတို့ ထိုအခါ ဗီလုံးငှက်ငယ်သည် သိန်းငှက်က ထိုးသုတ်ဆောင်ယူအပ်သည် ဖြစ်၍ ဤသို့ ငိုကြွေးမြည်တမ်းလေ၏။ “ငါတို့သာ ကျက်သရေမဲ့ကုန်၏၊ ငါတို့သာ ဘုန်းကံနည်းပါးကုန်၏၊ ငါတို့သည် မကျက်စားသင့်သော သူတစ်ပါးတို့၏ နေရာအရပ်၌ ကျက်စားမိကုန်၏။ ယနေ့ ငါသည် မိမိအဖ၏ ကျက်စားရာ နေရာ မိရိုးဖလာအရပ်ဖြစ်သော ကျက်စားရာ စားကျက်၌ ကျက်စားမိခဲ့ပါမူ ဤသိန်းငှက်သည် ငါ့အား မဖမ်းယူနိုင်လေရာ၊ စစ်ထိုးခြင်းသာ ဖြစ်လေရာ၏” ဟု မြည်တမ်းလေ၏။

“အို ဗီလုံးငှက် . . . မိမိအဖ၏ ကျက်စားရာနေရာဖြစ်သော သင်၏ မိရိုးဖလာကျက်စားရာ စားကျက်ကား အဘယ်နည်း?”— ဟု သိန်းငှက်က မေးလေ၏။

“ထွန်ဖြင့် ထွန်ယက်ခြင်းကိုပြုရာ ထွန်ချေးခဲရှိရာ အရပ်ပါ”— ဟု အဖြေ ပေးလေ၏။

ရဟန်းတို့ . . . ထိုအခါ သိန်းငှက်သည် မိမိ၏အားအစွမ်းကို အားကိုး ယုံကြည်လျက် မိမိ၏ အားအစွမ်းကို အထူးအထွေ မပြောဆိုတော့ဘဲ “ဟဲ့ဗီလုံးငှက် . . . သင်သွားလေလော့၊ ထိုအရပ်သို့ ရောက်ပါသော်လည်း သင်-သည် ငါ့လက်မှ မလွတ်မြောက်နိုင်လတ္တံ့”ဟု ပြောဆိုကာ ဗီလုံးငှက်ငယ်ကို လွှတ်လိုက်လေ၏။

ရဟန်းတို့ . . . ထိုအခါ ဗီလုံးငှက်ငယ်သည် ထွန်ဖြင့် ထွန်ယက်ခြင်းကိုပြုရာ ထွန်ချေးခဲရှိရာ အရပ်သို့ သွားပြီးလျှင် ထွန်ချေးခဲကြီးထက်သို့ တက်၍ “အို . . . သိန်းငှက် ယခု ငါ့နေရာသို့ လာခဲ့လော့၊ အို . . . သိန်းငှက် ယခု ငါ့နေရာသို့ လာခဲ့လော့”ဟု သိန်းငှက်ကို စိန်ခေါ်ကာ ထွန်စာခဲအထက်၌ ရပ်တည်နေလေ၏။

ရဟန်းတို့ . . . ထိုအခါ သိန်းငှက်သည် မိမိ၏ အားအစွမ်းကို အားကိုး ယုံကြည်လျက် မိမိ၏ အားအစွမ်းကို အထူးအထွေ မပြောဆိုတော့ဘဲ အတောင် နှစ်ဖက်တို့ကို ယှက်၍ ဗီလုံးငှက်ငယ်ကို ထိုးသုတ်ရန် ဗီလုံး ငှက်ငယ်ထံသို့ လျင်မြန်သော အဟုန်ဖြင့် ထိုးဆင်းလိုက်လေ၏။

ရဟန်းတို့ . . . ဤသိန်းငှက်သည် ငါ့ကို ထိုးသုတ်ရန် များစွာ နီးကပ် လာပြီဟု ဗီလုံးငှက်ငယ်က သိသောအခါ ထိုထွန်ချေးခဲ၏ အကြားသို့သာ ဝင်ရောက်သွားလေ၏။ ရဟန်းတို့ . . . ထိုအခါ သိန်းငှက်သည် ထိုထွန်ချေးခဲ၌ပင် မိမိ၏ရင်ဘတ်ဖြင့် ပြင်းထန်စွာ တိုက်ခတ်မိလေ၏။

ရဟန်းတို့ . . . မကျက်စားသင့် မကျက်စားထိုက်သော သူတစ်ပါးတို့၏ နေရာအရပ်၌ ကျက်စားသွားလာသော


©shwehinthar.com

သူသည် ဤအတူပင် ပျက်စီး တတ်၏။

ထိုကြောင့်ပင် မကျက်စားသင့်သော သူတစ်ပါးတို့၏ ကျက်စားရာ နေရာအရပ်၌ မကျက်စား မသွားလာကြကုန်လင့်။ ရဟန်းတို့ . . . မကျက်စားသင့်သော သူတစ်ပါးတို့၏ ကျက်စားရာအရပ်၌ ကျက်စားသွားလာကုန်သူတို့အား ကိလေသာမာရ်သည် ဖျက်ဆီးရန်အခွင့်ကို ရတတ်၏။ ကိလေသာမာရ်သည် ဖျက်ဆီးရန်အကြောင်းကို ရတတ်၏။

ရဟန်းတို့ . . . ရဟန်း၏ မကျက်စားသင့်သော သူတစ်ပါးတို့၏ ကျက်စားရာ နေရာအရပ်ကား အဘယ်နည်း? ဤကာမဂုဏ် ငါးပါးတို့ပင် တည်း။ အဘယ်ငါးပါးတို့နည်း?

အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်သော, စိတ်နှလုံးဝယ် အကုသိုလ် တရားကို တိုးပွားစေတတ်ကုန်သော, ချစ်ခင်ဖွယ်သဘောရှိ၍ ကာမနှင့် စပ်ယှဉ်ကုန်သော တပ်မက်ဖွယ်ကောင်းကုန်သော —

၁။ စက္ခုဝိညာဏ်ဖြင့် မြင်သိအပ်သော ရူပါရုံ,
၂။ သောတဝိညာဏ်ဖြင့် ကြားသိအပ်သော သဒ္ဒါရုံ,
၃။ ဃာနဝိညာဏ်ဖြင့် နမ်းရှူသိအပ်သော ဂန္ဓာရုံ,
၄။ ဇိဝှါဝိညာဏ်ဖြင့် လျက်သိအပ်သော ရသာရုံ,
၅။ ကာယဝိညာဏ်ဖြင့် ထိသိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့တည်း။

ရဟန်းတို့ . . . ရဟန်း၏ မကျက်စားသင့်သော သူတစ်ပါးတို့၏ ကျက်စားရာ နေရာအရပ်ကား ဤကာမဂုဏ် ငါးပါးတို့ပင်တည်း။

ရဟန်းတို့ . . . မိမိအဖ၏နေရာ မိရိုးဖလာကျက်စားရာ စားကျက်၌သာ ကျက်စားကြကုန်လော့၊ မိမိအဖ၏နေရာ မိရိုးဖလာကျက်စားရာ စားကျက်၌သာ ကျက်စားကုန်သောသူတို့အား ကိလေသာမာရ်သည် ဖျက်ဆီးရန် အခွင့်ကို မရနိုင်၊ ကိလေသာမာရ်သည် ဖျက်ဆီးရန်အကြောင်းကို မရနိုင်။

ရဟန်းတို့ . . . မိမိအဖ၏နေရာ မိရိုးဖလာ ကျက်စားရာဖြစ်သော စားကျက်ဟူသည်ကား အဘယ်နည်း? ဤသတိပဋ္ဌာန်တရား လေးပါးတို့ပင်တည်း။ အဘယ်လေးပါးတို့နည်း?

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် ကိလေသာတို့ကို ပူပန်စေတတ် လောင်ကျွမ်းစေတတ်သော အပြင်းအထန် ကြိုးစားအားထုတ်သော လုံ့လဝီရိယ ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းအာရုံကို ကွဲကွဲပြားပြား သိတတ်သော သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းအာရုံကို အမှတ်ရမှု သတိရှိသည် ဖြစ်၍ ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော လောက၌ လိုလားတပ်မက်ခြင်း (= အဘိဇ္ဈာတရား), စိတ်မချမ်းသာခြင်း (= ဒေါမနဿတရား)ကို ပယ်ရှား လျက် . .

၁။ ကာယ၌ ကာယဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍,
၂။ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍,
၃။ စိတ်၌ စိတ်ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍,
၄။ ဓမ္မသဘောတရားတို့၌ ဓမ္မသဘောတရားဟု အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့ . . . ရဟန်း၏ မိမိအဖ၏ ကျက်စားရာနေရာဖြစ်သော ကျက်စားရာ စားကျက်သည်ကား ဤသတိ-ပဋ္ဌာန်တရား လေးပါးတို့ပင်တည်း။

(သံ၊၃၊၁၂၇-၁၂၈။)

ဤသုတ္တန်၌ ရဟန်းတို့ မကျက်စားသင့်သော စားကျက် (အဂေါစရ)ကို အာရုံငါးပါး ကာမဂုဏ်တရားဟုလည်း-ကောင်း, ရဟန်းတို့ ကျက်စားသင့် ကျက်စားထိုက်သော ကျက်စားရာ စားကျက် (ဂေါစရ)ကို သတိပဋ္ဌာန်တရား လေးပါးဟုလည်းကောင်း ဟောကြားထားတော်မူ၏။ သတိပဋ္ဌာန်တရား လေးပါးဟူသည်မှာ သတိ၏တည်ရာ အာရုံ ဖြစ်ကုန်သော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသည့် လေးမျိုးကုန်သော တရားတို့ပင်တည်း။

ထိုသတိပဋ္ဌာန်တရားလေးပါးတို့တွင် ကာယာနုပဿနာသတိပဋ္ဌာန်ပိုင်း၌ အာနာပါနကဲ့သို့သော စတုတ္ထဈာန် ဆိုက်သည်အထိ ရှုပွားရသော သမထကမ္မဋ္ဌာန်းများကိုလည်း ထည့်သွင်းကာ ဟောကြားထားတော်မူ၏။


©shwehinthar.com

ဓာတုမနသိကာရကဲ့သို့သော ရုပ်ပရမတ်တရားတို့ကို ပရမတ်သို့ဆိုက်အောင် ရှုပွားသုံးသပ်သည့် ဝိပဿနာကမ္မဋ္ဌာန်းတို့လည်း ယင်းကာယာနုပဿနာ သတိပဋ္ဌာန်ပိုင်း၌ ပါဝင်ကြ၏။ ယင်းသတိပဋ္ဌာန်တရားလေးပါးတို့တွင် —

(က) ရုပ်ကို အဦးမူ၍,

(ခ) ဝေဒနာကို အဦးမူ၍,

(ဂ) စိတ်ကို အဦးမူ၍,

(ဃ) ဓမ္မသဘောတရားတို့ကို အဦးမူ၍ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို သိမ်းဆည်းလျက် ယင်းတို့၏ အကြောင်းတရားနှင့် တကွသော ထိုရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်သို့တင်ကာ ဝိပဿနာရှုပွားပုံ အပိုင်းတို့လည်း ပါဝင်ကြပေသည်။

**စတုပါရိသုဒ္ဓိသီလ**

ဤ နာထသုတ္တန်တွင် ဘုရားရှင်သည် **ပါတိမောက္ခသံဝရသီလ**ကို ဦးတည်ကာ ပဓာနနည်းအားဖြင့် ဟောကြားသွားတော်မူပေသည်။ အပဓာန အားဖြင့် —

၁။ **ဣန္ဒြိယသံဝရသီလ** = မျက်စိ, နား, နှာ, လျှာ, ကိုယ်, နှလုံးတည်းဟူသော ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်မှ ရာဂ, ဒေါသ, မောဟ စသည့် ကိလေသာတို့ မဝင်ရောက်အောင် စောင့်စည်းခြင်း,

၂။ **အာဇီဝပါရိသုဒ္ဓိသီလ** = အသက်မွေးမှု စင်ကြယ်အောင် စောင့်စည်းခြင်း,

၃။ **ပစ္စယသန္နိဿိတသီလ** = ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ကာ သုံးစွဲခြင်း

ဤသီလကြီးတို့ကိုလည်း လိုက်နာပြုကျင့်ရမည်သာ ဖြစ်၏။ ဂေါစရ, အဂေါစရပိုင်းတွင် အာဇီဝပါရိသုဒ္ဓိသီလကို တစ်စိတ်တစ်ဒေသအားဖြင့် ထည့်သွင်းကာ ဟောကြားထားတော်မူပြီးပင် ဖြစ်ပေသည်။ ဤတွင် **ဣန္ဒြိယသံဝရသီလ**-အကြောင်းကို အနည်းငယ် ဆွေးနွေးတင်ပြလိုပေသည်။ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံရန် ရဟန်းတော်တစ်ပါးအနေဖြင့် မည်သို့ လိုက်နာ ပြုကျင့်ရမည်နည်း? အောက်ပါ ကုမ္မောပမသုတ္တန်ကို ဖတ်ရှုကြည့်ပါ။

**ကုမ္မောပမသုတ္တန်** (သံ၊၂၊၃၈၅-၃၈၆။)

ရဟန်းတို့ . . . ဟိုရှေး၌ ဖြစ်ခဲ့ဖူးသည်ကား — (ကျောက်ကုန်းထက်၌ ထက်သော အရိုးရှိသော) လိပ်သည် ညနေချမ်းအခါ မြစ်ကမ်းပါးအနီး၌ အစာအလို့ငှာ လှည့်လည် ကျက်စားလျက် ရှိ၏၊ ရဟန်းတို့ . . . မြေခွေးသည်-လည်း ညနေချမ်းအခါ ယင်းမြစ်ကမ်းပါးအနီး၌ပင် အစာအလို့ငှာ လှည့်လည် ကျက်စားလျက်ရှိ၏။ ရဟန်းတို့ . . . လိပ်သည် အစာအလို့ငှာ လှည့်လည်ကျက်စားသော မြေခွေးကို ခပ်ဝေးဝေးမှ မြင်လေလျှင် (လက်နှစ်ဖက်, ခြေနှစ်ဖက်, ဦးခေါင်းဟူသော) ဦးခေါင်းလျှင် ငါးခုမြောက်ရှိသော မိမိ၏ အင်္ဂါတို့ကို မိမိ၏ အခွံအတွင်းသို့ ထည့်သွင်းပြီးလျှင် ကြောင့်ကြမဲ့ ဆိတ်ဆိတ် နေလိုက်၏။ ရဟန်းတို့ . . . မြေခွေးသည်လည်း အစာအလို့ငှာ လှည့်လည် ကျက်စားသော လိပ်ကို ခပ်ဝေးဝေးမှပင် မြင်လေလျှင် လိပ်ထံသို့ ချဉ်းကပ်၍ ဤလိပ်သည် ဦးခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့တွင် တစ်ခုခုသော အင်္ဂါကို လိပ်ခွံတွင်းမှ အပြင်ဘက်သို့ ထုတ်လိုက်သောအခါ ထိုလိပ်ကို ဖမ်းယူပြီးလျှင် ခဲ၍စားအံ့ဟု လိပ်၏အနီးသို့ ချဉ်းကပ်ကာ ရပ်တည်နေလေ ၏။ ရဟန်းတို့ . . . လိပ်သည် ဦးခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့တွင် တစ်ခုခုသော အင်္ဂါကိုမျှ လိပ်ခွံ၏ အပြင်ဘက်သို့ မထုတ်သောအခါ မြေခွေးသည် ခဲစားဖို့ရန် အခွင့် မရရှိသဖြင့် လိပ်ကို မညည်းဆဲနိုင်ဘဲ လိပ်ထံမှ ဖဲခွာသွားရလေ၏။

ရဟန်းတို့ . . . ဤဥပမာအတူပင် ငါသည် ဤရဟန်းတို့၏ မျက်စိမှသော်လည်း အခွင့်ရရာ၏၊ နားမှသော်လည်း ။ပ။ နှာခေါင်းမှသော်လည်း, လျှာမှသော်လည်း, ကိုယ်မှသော်လည်း, စိတ်မှသော်လည်း အခွင့်ရရာ၏ဟု ကိလေသမာရ်-ယုတ်သည် အမြဲမပြတ် သင်တို့၏ အနီး၌ ရပ်တည်လျက်ရှိ၏။ ရဟန်းတို့ . . . ထိုသို့ ဖြစ်သောကြောင့် ဣန္ဒြေတို့၌ လုံခြုံသော (သတိတည်းဟူသော) တံခါးရှိသည်ဖြစ်၍ နေထိုင်ကြကုန်လော့။ မျက်စိဖြင့် အဆင်း = ရူပါရုံကိုမြင်သော်-ယောကျ်ား မိန်းမစသော သဏ္ဌာန်နိမိတ်ကို မစွဲယူကြကုန်လင့်၊ လက် ခြေ မျက်နှာ စသော ကိုယ်အင်္ဂါ, ပြုံးဟန်


©shwehinthar.com

ရယ်ဟန် စသော အမူအရာ အမှတ်လက္ခဏာကို မစွဲယူကြကုန်လင့်၊ စက္ခုန္ဒြေကို မစောင့်စည်း ဘဲနေလျှင် ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် ယင်းရူပါရုံကို မက်မောခြင်း (= အဘိဇ္ဈာတရား), စိတ်နှလုံးမသာယာခြင်း (= ဒေါမနဿတရား) ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသောသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာသောကြောင့် သင်တို့သည် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်ကြကုန်လော့၊ စက္ခုန္ဒြေကို စောင့်စည်းကြကုန်လော့၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။

နားဖြင့် အသံ (= သဒ္ဒါရုံ)ကို ကြားသော် ။ ပ ။ နှာခေါင်းဖြင့် အနံ့ (=ဂန္ဓာရုံ)ကို နမ်းရှူသော် ။ ပ ။ လျှာဖြင့် အရသာ (= ရသာရုံ)ကို လျှက်သော် ။ ပ ။ ကိုယ်ဖြင့် အတွေ့အထိ (= ဖောဋ္ဌဗ္ဗာရုံ)ကို တွေ့ထိသော်။ ပ ။ စိတ်ဖြင့် ဓမ္မသဘောတရား (= ဓမ္မာရုံ)ကို သိသော် ယောကျ်ား မိန်းမစသော သဏ္ဌာန် နိမိတ်ကို မစွဲယူကြကုန်လင့်၊ လက်ခြေမျက်နှာစသော ကိုယ်အင်္ဂါ, ပြုံးဟန် ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို မစွဲယူကြပါကုန်လင့်။ မနိန္ဒြေကို မစောင့်စည်းဘဲနေလျှင် ယင်းမနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် ယင်း ဓမ္မာရုံကို မက်မောခြင်း (= အဘိဇ္ဈာတရား), စိတ်နှလုံး မသာယာခြင်း (= ဒေါမနဿတရား)တည်းဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမနိန္ဒြေကို မစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာသောကြောင့် သင်တို့သည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်ကြကုန်လော့၊ မနိန္ဒြေကို စောင့်စည်းကြကုန်လော့၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။

ရဟန်းတို့ . . . သင်တို့သည် အကြင်အခါ၌ ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော သတိတည်းဟူသော တံခါးရှိသည်ဖြစ်၍ နေထိုင်ကြကုန်လတ္တံ့၊ ထိုအခါ လိပ်ထံမှ မြေခွေးသည် ဖဲခွာသွားရသကဲ့သို့ သင်တို့အထံမှလည်း ကိလေသာမာရ်ယုတ်သည် အခွင့်မရသည်ဖြစ်၍ မညှဉ်းဆဲနိုင်ဘဲ ဖဲခွာသွားရပေလတ္တံ့.— ဟု မိန့်ကြားတော်မူ၏။ (သံ၊၂၊၃၈၅-၃၈၆။)

ထိုနောင် ဘုရားရှင်သည် အောက်ပါ ဂါထာဒေသနာတော်ကို ဆက်လက်ကာ ဟောကြားတော်မူလေသည်။

*ကုမ္မောဝ အင်္ဂါနိ သကေ ကပါလေ၊*

*သမောဒဟံ ဘိက္ခု မနောဝိတက္ကေ။*

*အနိဿိတော အညမဟေဌယာနော၊*

***ပရိနိဗ္ဗုတော နူပဝဒေယျ ကဉ္စိ။***

**ကုမ္မော** = လိပ်သည်။ **အင်္ဂါနိ** = ခြေ - လက် - ဦးခေါင်း ဟူသော မိမိ၏ ကိုယ်အင်္ဂါတို့ကို။ **သကေ ကပါလေ** = မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော လိပ်ခွံအတွင်း၌။ **သမောဒဟံ** = ကောင်းစွာ ထားသည်ဖြစ်၍။ (သိင်္ဂါလဿ = မြေခွေးအား။ **ဩတာရံ** = ခဲစားခွင့်ကို။ **န ဒေတိ ဣဝ** = မပေးသကဲ့သို့လည်းကောင်း။ **သိင်္ဂါလော** = မြေခွေးသည်။ **နံ** = ထိုလိပ်ကို။ **န ပသဟတိ ဣဝ** = မညှဉ်းဆဲနိုင်သကဲ့သို့လည်းကောင်း။) **ဧဝံ** = ဤဥပမာအတူပင်။ **ဘိက္ခု** = ယောဂါဝစရရဟန်းသည်။ **မနောဝိတက္ကေ** = မိမိ၏ စိတ်အကြံ အစည်တို့ကို။ (**သကေ** = မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော။ **အာရမ္မဏကပါလေ** = ကမ္မဋ္ဌာန်းအာရုံတည်းဟူသော လိပ်ခွံအတွင်း၌။ **သမောဒဟံ** = ကောင်းစွာ ထားသည်ဖြစ်၍။ ကိလေသမာရဿ = ကိလေသမာရ်အား။ **ဩတာရံ** = ဝင်ရောက်ခွင့်ကို။ **န ဒေတိ** = မပေး။ **မာရော စ** = ကိလေသမာရ်သည်လည်း။ **နံ** = ထို ရဟန်းကို။ **န ပသဟတိ** = မညှဉ်းဆဲနိုင်။) **အနိဿိတော** = ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော တစ်စုံတစ်ခုသော လောက၌ "ငါ-ငါ့ဟာ"ဟု တဏှာ-ဒိဋ္ဌိတို့ဖြင့် မှီတွယ်မှု မရှိသည်ဖြစ်၍။ (ဝိဟရန္တော = နေထိုင်လျက် ရှိသော။) **အညံ** = တစ်ပါးသော ပုဂ္ဂိုလ်ကို။ **အဟေဌယာနော** = မညှဉ်းဆဲ သော။ **ပရိနိဗ္ဗုတော** = ကိလေသာအပူမီး ငြိမ်းအေးလေပြီးသောပုဂ္ဂိုလ်သည်။ **ကဉ္စိ** = တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို။ **နူပဝဒေယျ** = **န ဥပဝဒေယျ** = သီလအာစာရ စသည်ဖြင့် မစွပ်စွဲလေရာ။

ဣဒံ ဝုတ္တံ ဟောတိ —ယထာ ကုမ္မော အင်္ဂါနိ သကေ ကပါလေ သမောဒဟန္တော သိင်္ဂါလဿ ဩတာရံ န ဒေတိ၊ န စ နံ သိင်္ဂါလော ပသဟတိ၊ ဧဝံ ဘိက္ခု အတ္တနော မနောဝိတက္ကေ သကေ အာရမ္မဏကပါလေ သမောဒဟန္တော

ကိလေသမာရဿ ဩတာရံ န ဒေတိ၊ န စ နံ မာရော ပသဟတိ။ (သံ၊ဌ၊၃၊၇၃။)

ဤအထက်ပါ အဋ္ဌကထာအဖွင့်နှင့် အညီ အထက်ပါ ဂါထာကို အနက် ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ထိုကြောင့် ဣန္ဒြိယသံဝရသီလကို လုံခြုံစွာ စောင့်စည်းလိုသော ယောဂါဝစရရဟန်းတော်သည် လိပ်ခွံနှင့် တူသည့် မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော ကမ္မဋ္ဌာန်းအာရုံတည်းဟူသော လိပ်ခွံ အတွင်း၌ မိမိ၏ စိတ်ကို အမြဲတမ်း ကောင်းစွာ သွတ်သွင်းထားလေရာသည်။ မိမိက သမထကမ္မဋ္ဌာန်းကို ပွားများခိုက်ဖြစ်လျှင် မိမိပွားများနေသည့် သမထ ကမ္မဋ္ဌာန်းအာရုံ၌၊ မိမိက ဝိပဿနာကို ပွားများအားထုတ်နေလျှင်လည်း ထိုထို အာရုံနှင့် ထိုထိုဆိုင်ရာဆိုင်ရာဒွါရတို့ တိုက်ဆိုင်လာသည့်အခါ ဖြစ်ပေါ်နေကြ သည့် သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအာရုံ၌ မိမိ၏ ဘာဝနာစိတ်ကို အမြဲတမ်း သွတ်သွင်းထားဖို့ လိုအပ်ပေသည်။ တစ်နည်း ဆိုရသော် ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတည်းဟူ-သော သတိ၏တည်ရာ အာရုံ တို့၌ မိမိ၏ ဘာဝနာစိတ်ကို အမြဲတမ်း သွတ်သွင်းထားရမည် ဖြစ်ပေသည်။ ထိုသို့ သမထ ဝိပဿနာဘာဝနာတို့ကို ပွားများအားထုတ်နေသော ပုဂ္ဂိုလ် သည် သတိတည်းဟူသော တံခါးရွက်ဖြင့် ဣန္ဒြေတို့ကို ကိလေသာမာရ် စစ်သည်တို့ မဝင်ရောက်နိုင်အောင် ပိတ်ဆို့နေသည် မည်ပေသည်။ ဝိပဿနာ ဉာဏ်များ ရင့်ကျက်လာသောအခါ ထို ဝိပဿနာဉာဏ်တို့၏ အဆုံး၌ ဖြစ်ပေါ်လာသော အဆင့်ဆင့်သော အရိယမဂ်ဉာဏ်တို့က ကိလေသာ အပူမီးတို့ကို အဆင့်ဆင့် ပယ်သတ်လိုက်သဖြင့် ကိလေသာမီးပုံကြီး အပြီးတိုင် ငြိမ်းအေးသွားခဲ့သော် — **ပရိနိဗ္ဗုတောတိ ကိလေသပရိနိဗ္ဗာနေန ပရိနိဗ္ဗုတော။** (သံ၊ဌ၊၃၊၇၃။) — ကိလေသပရိနိဗ္ဗာန် ဝင်စံရမည် ဖြစ်ပေသည်။

ထိုသို့ ကိလေသာအပူ ငြိမ်းအောင် ကျင့်နေဆဲ ပုဂ္ဂိုလ်သည်လည်း အခြား မည်သည့်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်-ကိုမျှ —

၁။ **သီလဝိပတ္တိ** = သီလပျက်စီးခြင်းဖြင့်လည်းကောင်း,

၂။ **အာစာရဝိပတ္တိ** = အကျင့်အာစာရ ပျက်စီးခြင်းဖြင့်လည်းကောင်း,

၃။ အတ္တုက္ကံသန = မိမိကိုယ်တိုင် ချီးမြှောက်လိုခြင်းကြောင့်လည်းကောင်း,

၄။ ပရဝမ္ဘန = သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချလိုခြင်းကြောင့်လည်းကောင်း

မဟုတ်မတရား မစွပ်စွဲလေရာ။ အကယ်စင်စစ်အားဖြင့်သော်ကား အောက်ပါ ငါးမျိုးကုန်သော တရားတို့ကို မိမိ၏ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ ကောင်းစွာ ရှေးရှုတည်စေပြီးပါမှသာလျှင် —

၁။ ပြောသင့်သော အချိန်ကာလ၌သာ ပြောဆိုအံ့၊ မပြောသင့်သော အချိန် ကာလ၌ မပြောဆိုအံ့၊

၂။ ဟုတ်မှန်သော စကားဖြင့်သာ ပြောဆိုအံ့၊ မဟုတ်မမှန်သော စကားဖြင့် မပြောဆိုအံ့၊

၃။ သိမ်မွေ့သော စကားဖြင့်သာ ပြောဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့် မပြောဆိုအံ့၊

၄။ အကျိုးစီးပွားနှင့် စပ်ယှဉ်သော စကားဖြင့်သာ ပြောဆိုအံ့၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော စကားဖြင့် မပြောဆိုအံ့၊

၅။ မေတ္တာစိတ် ရှိလျက် ပြောဆိုအံ့၊ ဒေါသနှင့်ယှဉ်သော စိတ်ဓာတ်ဖြင့် မပြောဆိုအံ့ —

ဤသို့လျှင် နိဗ္ဗာန်ဟူသည့် ထိုမှာဘက်ကမ်းသို့ ရောက်အောင် ပို့ဆောင်ပေးတတ်သော ဖောင်နှင့် တူသော သဘောတရား၌ ကောင်းစွာ တည်နေသော စိတ်ဓာတ်ဖြင့်သာလျှင် သာသနာတော်၌ နေထိုင်ပါ။ (သံ၊ဌ၊၃၊၇၄။)

ဣန္ဒြိယသံဝရသီလ လုံခြုံရေးအတွက် ကမ္မဋ္ဌာန်းအာရုံအတွင်း၌ မိမိ၏ စိတ်ကို သွတ်သွင်းထားရမည်ဟူသော ဘုရားရှင်၏ ညွှန်ကြားချက်ကို ပိုမိုသဘောပေါက်နားလည်ရန် အောက်ပါ **မက္ကဋသုတ္တန်**ကို ဖတ်ရှုကြည့်ပါ။

**မက္ကဋသုတ္တန်** (သံ၊၃၊၁၂၈-၁၃၀။)

ရဟန်းတို့ . . . မျောက်တို့ လှည့်လည်သွားလာခြင်းလည်း မရှိသော, လူတို့ လှည့်လည်သွားလာခြင်းလည်း မရှိသော, ဟိမဝန္တာတောင်မင်း၏ သွားလာရန် ခက်ခဲ၍ မညီညွတ်ကုန်သော အရပ်တို့သည် ရှိကုန်၏။


©shwehinthar.com

မျောက်တို့ လှည့်လည်သွားလာခြင်းသာရှိ၍ လူတို့လှည့်လည်သွားလာခြင်းမရှိသော, ဟိမဝန္တာတောင်မင်း၏ သွားရန်ခက်ခဲ၍ မညီညွတ်ကုန် သော အရပ်တို့သည် ရှိကုန်၏။

မျောက်တို့ လှည့်လည်သွားလာခြင်းလည်း ရှိသော, လူတို့ လှည့်လည် သွားလာခြင်းလည်း ရှိသော, ဟိမ-ဝန္တာတောင်မင်း၏ ညီညွတ်သော မြေအဖို့ ရှိသော မွေ့လျော်ဖွယ်ရာ အရပ်တို့သည် ရှိကုန်၏။

ရဟန်းတို့ . . . ထိုညီညွတ်သော မြေအဖို့ရှိ၍ မွေ့လျော်ဖွယ်ရာ အရပ်၌ မုဆိုးတို့သည် မျောက်တို့ကို သတ်ဖြတ်ဖျက်ဆီးရန် မျောက်တို့ သွားလာရာလမ်းတို့၌ မျောက်နဲ့စေးကို ထောင်ထားကြကုန်၏။

ရဟန်းတို့ . . . ထိုဟိမဝန္တာတောင်၌ မိုက်မဲသောသဘော မရှိကုန်သော လျှပ်ပေါ်သောသဘောလည်း မရှိကုန်သော မျောက်တို့သည် ထိုအရပ်၌ ထောင်ထားသော မျောက်နဲ့စေးကို မြင်ကုန်သည်ရှိသော် ဝေးစွာ ရှောင်ဖဲ သွားကြကုန်၏။ မိုက်မဲသော သဘောရှိ၍ လျှပ်ပေါ်သော သဘောလည်း ရှိသော မျောက်သည်ကား ထိုမျောက်နဲ့စေး ရှိရာအရပ်သို့ ချဉ်းကပ်၍ လက်တစ်ဖက်ဖြင့် ကိုင်ယူ၏။ ထိုလက်သည် ထိုမျောက်နဲ့စေး၌ ကပ်ငြိ၏။ "ကပ်ငြိနေသော လက်ကို လွတ်စေအံ့"ဟု ဒုတိယလက်ဖြင့် ယင်းမျောက်နဲ့စေး ကို ကိုင်ယူပြန်၏၊ ထိုဒုတိယလက်သည်လည်း ထိုမျောက်နဲ့စေး၌ ကပ်ငြိ ပြန်၏။ "လက်နှစ်ဖက်လုံးတို့ကို လွတ်စေအံ့"ဟု ခြေတစ်ဖက်ဖြင့် ယင်းမျောက် နဲ့စေးကို ကိုင်ယူပြန်၏၊ ထိုခြေသည်လည်း ထိုမျောက်နဲ့စေး၌ ကပ်ငြိပြန်၏။ "လက်နှစ်ဖက်တို့ကိုလည်းကောင်း, ကပ်ငြိနေသော ခြေကိုလည်းကောင်း လွတ်စေအံ့"ဟု ဒုတိယခြေဖြင့် ယင်းမျောက်နဲ့စေးကို ကိုင်ယူပြန်၏၊ ထိုဒုတိယ ခြေသည်လည်း ထိုမျောက်နဲ့စေး၌ ကပ်ငြိပြန်၏။ "လက်နှစ်ဖက်တို့ကိုလည်းကောင်း ခြေနှစ်ဖက်တို့ကိုလည်းကောင်း လွတ်စေအံ့"ဟု နှုတ်သီးဖြင့် ယင်းမျောက်နဲ့စေးကို ကိုက်ယူပြန်၏၊ ထိုနှုတ်သီးသည် ထိုမျောက်နဲ့စေး၌ ကပ်ငြိပြန်၏။

ရဟန်းတို့ . . . ဤသို့လျှင် ထိုမျောက်သည် ငါး႒ာနတို့၌ နှောင်ဖွဲ့ မိသည်ဖြစ်၍သာလျှင် ညည်းတွားလျက် အိပ်ရလေ၏၊ အကျိုးမဲ့ခြင်းသို့ ရောက်ရလေ၏၊ ပျက်စီးခြင်းသို့ ရောက်ရလေ၏၊ မုဆိုး၏ အလိုရှိတိုင်း ပြုလုပ်မှုကို ခံရလေ၏။ ရဟန်းတို့ . . . ထိုမုဆိုးသည် ထိုမျောက်ကို တံစို့ ထိုးလျက် ထိုအရပ်၌ပင်လျှင် ထင်းမီးကျီး၌ ကင်မြှုက်၍ အလိုရှိရာအရပ်သို့ ဖဲခွာသွားလေ၏။ ရဟန်းတို့ . . . မကျက်စားသင့်သော သူတစ်ပါးတို့၏ နေရာအရပ်၌ ကျက်စားသွားလာသောသူသည် ဤအတူပင် ဖြစ်၏။

ရဟန်းတို့ . . . ထို့ကြောင့် မကျက်စားသင့်သော သူတစ်ပါးတို့၏ နေရာ အရပ်၌ မကျက်စား မသွားလာ-ကြကုန်လင့်၊ မကျက်စား မသွားလာသင့်သော သူတစ်ပါးတို့၏ နေရာအရပ်၌ ကျက်စားသူတို့အား ကိလေသာမာရ်-သည် ဖျက်ဆီးရန် အခွင့်ကိုရ၏၊ ကိလေသာမာရ်သည် ဖျက်ဆီးရန် အကြောင်းကို ရ၏။ ရဟန်းတို့ . . . ရဟန်း၏ မကျက်စားသင့်သော သူတစ်ပါးတို့၏ နေရာအရပ်ကား အဘယ်နည်း။ ဤအာရုံငါးပါး ကာမဂုဏ်တရားတို့ပင် တည်း။ အဘယ်ငါးပါးတို့နည်း။

အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွားစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်၍ ကာမနှင့်စပ်ယှဉ်လျက် တပ်မက်ဖွယ်ကောင်း ကုန်သော —

၁။ စက္ခုဝိညာဏ်ဖြင့် မြင်သိအပ်သော ရူပါရုံ ။ ပ ။
၂။ သောတဝိညာဏ်ဖြင့် ကြားသိအပ်သော သဒ္ဒါရုံ ။ ပ ။
၃။ ဃာနဝိညာဏ်ဖြင့် နမ်းရှုသိအပ်သော ဂန္ဓာရုံ ။ ပ ။
၄။ ဇိဝှါဝိညာဏ်ဖြင့် လျှက်သိအပ်သော ရသာရုံ ။ ပ ။
၅။ ကာယဝိညာဏ်ဖြင့် တွေ့သိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့တည်း။

ရဟန်းတို့ . . . ရဟန်း၏ မကျက်စားသင့်သော သူတစ်ပါးတို့၏ နေရာအရပ်ကား ဤအာရုံငါးပါး ကာမဂုဏ်တရားတို့ပင်တည်း။

ရဟန်းတို့ . . . မိမိအဖ၏နေရာ မိရိုးဖလာအရပ် ဖြစ်သော စားကျက်၌ ကျက်စားသွားလာကြကုန်လော့၊ မိမိအဖ၏နေရာ မိရိုးဖလာဖြစ်သော စားကျက်၌ ကျက်စားသွားလာကြသူတို့အား ကိလေသာမာရ်သည် ဖျက်ဆီး ရန်


©shwehinthar.com

အခွင့်ကိုမရ၊ ကိလေသာမာရ်သည် ဖျက်ဆီးရန် အကြောင်းကို မရ။

ရဟန်းတို့ . . . ရဟန်း၏ မိမိအဖ၏နေရာ မိရိုးဖလာဖြစ်သော ကျက်စားရာ စားကျက်ကား အဘယ်နည်း။ ဤသတိပဋ္ဌာန်တရား လေးပါးတို့ပင်တည်း။ ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် ကိလေသာ တို့ကို ပူပန်စေတတ် လောင်ကျွမ်းစေတတ်သော အပြင်းအထန် ကြိုးစားအားထုတ်အပ်သော လုံ့လဝီရိယ ရှိသည်ဖြစ်၍ (ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ တည်းဟူသော အာရုံကို) ကွဲကွဲပြားပြား သိတတ်သော သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍, (ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ တည်းဟူသော အာရုံကို) အောက်မေ့ အမှတ်ရမှု သတိရှိသည်ဖြစ်၍ ဉပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောက၌ တပ်မက်ခြင်း (= အဘိဇ္ဈာတရား), စိတ်နှလုံးမသာယာခြင်း (= ဒေါမနဿတရား)ကို ပယ်ဖျောက်လျက် —

၁။ ကာယ၌ ကာယဟု

၂။ ဝေဒနာတို့၌ ဝေဒနာဟု

၃။ စိတ္တ၌ စိတ်ဟု

၄။ ဓမ္မသဘောတရားတို့၌ ဓမ္မသဘောတရားဟု —

အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ . . . ရဟန်း၏ မိမိအဖ၏နေရာ မိရိုးဖလာအရပ် ဖြစ်သော ကျက်စားရာ စားကျက်သည်ကား ဤသတိပဋ္ဌာန်တရား လေးပါးတို့ပင်တည်း။

(သံ၊၃၊၁၂၈-၁၃၀။)

တစ်ဖန် ထိုကဲ့သို့ သီလကို ဖြည့်ကျင့်သည့်အခါ ကျက်စားရာ စားကျက်၌ ကျက်စားသည့်အခါ —

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ၊ (အံ၊၃၊၂၇၅။)

အဏုမြူပမာ သေးငယ်လှသော အပြစ်တို့၌သော်လည်း သိက္ခာပုဒ် အသေးအဖွဲဟု မရိုမသေ မလေးမစား မပြုလုပ်ဘဲ အလွန် ကြောက်မက်ဖွယ် ကောင်းသော ဘေးဟု ဉာဏ်ဖြင့် ရှုမြင်လျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ပါဟုလည်း တိုက်တွန်းထားတော်မူပြန်၏။ အကြောင်းကား ဤသို့ ဖြစ်၏။

**သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ၊ တိရစ္ဆာနယောနိံ ဝါ။**

(သာရတ္ထ၊၃၊၃၇၉။)

= ရဟန်းတို့ . . . အာပတ် တန်းလန်းနှင့် သေသော ရဟန်းအား ငရဲသို့ သော်လည်းကောင်း, တိရစ္ဆာန်ယောနိသို့သော်လည်းကောင်း ရောက်ရှိလိမ့် မည်ဟု ငါဘုရား ဟောတော်မူ၏။ (သာရတ္ထ၊၃၊၃၇၉။)

ဤစကားရပ်မှာ မျက်မှောက်ခေတ် ပိဋကတ်စာပေ ပါဠိတော်များ၌ ရှာဖွေ၍ မတွေ့ရှိနိုင်သော ပါဠိစကားရပ် ဖြစ်သော်လည်း သာရတ္ထဒီပနီဋီကာဆရာတော်တို့ လက်ထက်က ဤအထက်ပါ စကားရပ်သည် ပါဠိတော်များ၌ တည်ရှိနေဟန်တူသည်။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာဆရာတော်က သူ၏ ကျမ်းစာထဲတွင် ထိုပါဠိတော်ကို ထည့်သွင်း ကိုးကားကာ ဖော်ပြသွားတော် မူခြင်း ဖြစ်ပေရာသည်။ သံယုတ်ပါဠိတော် နိဿယသစ်ကို စီရင်တော်မူကြသော ဆရာတော်တို့က အင်္ဂုတ္တရဋီကာ (၁၁၅)အရ သံယုတ္တနိကာယ်၌ သုတ္တန်ပေါင်း (၃၀၄၉)သုတ် ရှိကြောင်းကိုလည်းကောင်း, အဋ္ဌကထာ ရေတွက်ပုံအရ သုတ္တန်ပေါင်း (၇၇၆၂)သုတ် ရှိကြောင်းကိုလည်းကောင်း ဖော်ပြထား၏။ [သံယုတ်ပါဠိတော်နိဿယ၊ ပထမတွဲ၊ (ကဲ)]

တစ်ဖန် ယခုလက်ရှိ မြန်မာမူ (ဆဋ္ဌမူ)၌ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ဝယ် သုတ္တန်ပေါင်း (၇၁၆)သုတ် ရှိကြောင်းကိုလည်းကောင်း, သီဟိုဠ်မူ၌ (၇၆၄) သုတ် ရှိကြောင်းကိုလည်း ဖော်ပြထားပြန်၏။

[သံယုတ်ပါဠိတော်နိဿယ၊ ပထမတွဲ၊ (ကေ)]

ဤစကားရပ်များအရ သံယုတ္တနိကာယ်တစ်ခုတည်း၌ပင် ပျောက်ဆုံး နေသော သုတ္တန်ပေါင်းများစွာ ရှိနေပေသည်ဟု သိရှိနိုင်၏။ ထိုကဲ့သို့ ပျောက်ဆုံးနေသော သုတ္တန်များတွင် အထက်ပါ သာရတ္ထဒီပနီဋီကာဆရာတော် ကိုးကား ဖော်ပြသော — "သာပတ္တိကဿ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ၊ တိရစ္ဆာနယောနိံ ဝါ"ဟူသော ပါဠိတော်သည် ပါရှိများနေလေရော့သလား ဟု စဉ်းစားဖွယ်ရာ ဖြစ်နေပေသည်။


©shwehinthar.com

ထိုသို့ စဉ်းစားရခြင်း၏ အကြောင်းရင်းမှာ အထက်ပါ သာရတ္ထဒီပနီ ဋီကာစကားရပ်သည် အောက်ပါ ပရိဝါရအဋ္ဌကထာ စကားရပ်နှင့် နီးနှော မိနေသောကြောင့်ပင် ဖြစ်၏။

**အန္တရာယိကာတိ သတ္တပိ အာပတ္တိယော သဉ္စိစ္စ ဝီတိက္ကန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တီတိ အန္တရာယိကာ၊ အဇာနန္တေန ဝီတိက္ကန္တာ ပန ပဏ္ဏတ္တိဝဇ္ဇာပတ္တိ နေဝ သဂ္ဂန္တရာယံ န မောက္ခန္တရာယံ ကရောတီတိ အနန္တရာယိကာ။ အန္တရာယိကံ အာပန္နဿာပိ ဒေသနာဂါမိနိံ ဒေသေတွာ ဝုဋ္ဌာနဂါမိနိတော ဝုဋ္ဌာယ သုဒ္ဓိပတ္တဿ သာမဏေရဘူမိယံ ဌိတဿ စ အဝါရိတော သဂ္ဂမောက္ခမဂ္ဂေါတိ။** (ဝိ၊ဋ္ဌ၊၄၊၁၅၇။)

ဝိနယ ပရိဝါရပါဠိတော် ဧကုတ္တရိကနယတွင် —

အန္တရာယိကာ အာပတ္တိ ဇာနိတဗ္ဗာ၊ အနန္တရာယိကာ အာပတ္တိ ဇာနိတဗ္ဗာ။ (ဝိ၊၅၊၂၁၁။)

သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို ပြုတတ်သော အာပတ်ကို သိရှိသင့်၏။ သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို မပြုတတ်သော အာပတ်ကို သိရှိသင့်၏။ (ဝိ၊၅၊၂၁၁။) — ဤသို့ စသည်ဖြင့် ဟောကြားထားတော်မူ၏။

သဂ္ဂန္တရာယ်ဟူသည် သေသည်၏ အခြားမဲ့၌ ကောင်းရာသုဂတိသို့ ရောက်ရှိဖို့ရန် တားမြစ်တတ် အန္တရာယ်ပြုတတ်၏ဟု ဆိုလိုသည်။ ကောင်းရာ သုဂတိသို့ ရောက်ရှိရေးအတွက် တားမြစ်တတ် အန္တရာယ်ပြုတတ်ခဲ့သော် ကောင်းရာသုဂတိသို့ မရောက်နိုင်ဟု ဆိုလိုရာရောက်၏။

မောက္ခန္တရာယ်ဟူသည် တရားအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ် တရားထူး တရားမြတ်ကို ရရှိဖို့ရန် အန္တရာယ်ကို ပြုတတ်၏၊ မရအောင် တားမြစ်တတ်၏ဟု ဆိုလိုသည်။ ဈာန်မဂ်ဖိုလ်တရားတို့ကား ကိလေသာတို့မှ လွတ်မြောက်ကြောင်းဖြစ်၍ မောက္ခတရားများ ဖြစ်ကြ၏။ ထိုမောက္ခတရားများကို မရရှိအောင် အာပတ်တွေက ဟန့်တားထားတတ်၏။ အာပတ် တန်းလန်းနှင့် သမထ-ဝိပဿနာဘာဝနာတရားတို့ကို ကြိုးစားအားထုတ် သော်လည်း ဈာန်မဂ်ဖိုလ် ရရှိဖို့ရန်ကား အလွန် ခက်ခဲဖွယ်ရာ ရှိပေသည်။ သို့သော် အာပတ်အားလုံး ထိုသို့ ဖြစ်နိုင်သည်ဟုကား မဆိုလိုပါ။ အထက်တွင် ရေးသားတင်ပြထားသော ပရိဝါရအဋ္ဌကထာက ဤသို့ ရှင်းပြထား၏။

**သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို ပြုတတ်၏** ဟူသည် - **သဉ္စိစ္စ ဝီတိက္ကန္တ** (= သိလျက်နှင့် လွန်ကျူးအပ်ကုန်သော) အာပတ် (၇)ပုံလုံးတို့သည်ပင် သဂ္ဂန္တရာယ်ကိုလည်းကောင်း, မောက္ခန္တရာယ်ကိုလည်းကောင်း ပြုတတ် ကုန်သောကြောင့် **အန္တရာယိကာ** မည်ကုန်၏။

မသိသဖြင့် လွန်ကျူးမိကုန်သော **ပဏ္ဏတ္တိဝဇ္ဇ** အာပတ်တို့သည်ကား သဂ္ဂန္တရာယ်ကိုလည်း မပြုတတ်ကုန်၊ မောက္ခန္တရာယ်ကိုလည်း မပြုတတ်ကုန်သောကြောင့် **အနန္တရာယိကာ** မည်ကုန်၏ဟု ဤသို့ ဖွင့်ဆိုထားတော် မူ၏။ (ဝိ၊ဋ္ဌ၊၄၊၁၅၇။)

ဤအဋ္ဌကထာစကားရပ်နှင့် ဆက်စပ်၍ လောကဝဇ္ဇ သိက္ခာပုဒ်နှင့် **ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်**တို့ကို အနည်းငယ် ရှင်းလင်းတင်ပြလိုပေသည်။

**လောကဝဇ္ဇ သိက္ခာပုဒ်** ဟူသည် ဘုရားရှင် ပညတ်တော်မူသည်ဖြစ်စေ, မပညတ်တော်မူသည်ပင်ဖြစ်စေ လောက၌ ပင်ကိုသဘာဝအတိုင်း အပြစ် ရှိနေသော သိက္ခာပုဒ်တို့တည်း။ ဥပမာ - သူ့အသက်ကို သတ်ခြင်း, သူ့ပစ္စည်း ကို မတရားယူခြင်း စသည့် သိက္ခာပုဒ်တို့ပင်တည်း။ ဘုရားရှင်က ပညတ်တော်မူသည်ဖြစ်စေ မပညတ်တော်မူသည်ပင်ဖြစ်စေ သူ့အသက်ကို သတ်က, သူ့ပစ္စည်းကို မတရားယူပါက အပြစ်ရှိသည်သာ ဖြစ်၏။ ထိုအကုသိုလ်ကံသည် ရင့်ကျက်ခဲ့သော် သေသည်၏အခြားမဲ့၌ အပါယ်ပဋိသန္ဓေကို ဖြစ်စေ နိုင်၏။

**ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်**ဟူသည် လောက၌ ပင်ကိုသဘာဝအတိုင်းကား အပြစ်မရှိပေ။ ဘုရားရှင်သည် ပညတ်တော်မူသောကြောင့်သာလျှင် ထိုကဲ့သို့ ပညတ်ထားသော သိက္ခာပုဒ်တို့ကို လွန်ကျူးမိသော ရဟန်းတော်တို့အား အာပတ်သင့်ရခြင်း ဖြစ်၏။ ဥပမာ — မြက်ပင်ပေါ်၌ တံတွေး ထွေးခြင်း, ရွှေငွေကို အလှူခံယူခြင်း (ရူပိယသိက္ခာပုဒ်) စသော သိက္ခာပုဒ်များတည်း။


©shwehinthar.com

လောကဝဇ္ဇသိက္ခာပုဒ်ပင်ဖြစ်စေ, ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ပင်ဖြစ်စေ သိလျက်နှင့် လွန်ကျူးလိုသော စိတ်စေတနာနှင့်တကွ လွန်ကျူးမိပါက အာပတ် (၇)ပုံလုံးသည်ပင် သဂ္ဂန္တရာယ် မောက္ခန္တရာယ်ဖြစ်သည်ဟု အထက်ပါ အဋ္ဌကထာက ဖွင့်ဆိုထား၏။

သို့သော် လောကဝဇ္ဇသိက္ခာပုဒ်တို့ကို သိလျက်နှင့် လွန်ကျူးမိသည်ဖြစ်စေ, မသိ၍ လွန်ကျူးမိသည်ဖြစ်စေ ထို လောကဝဇ္ဇအာပတ်တို့က သဂ္ဂန္တရာယ် မောက္ခန္တရာယ် ဖြစ်နိုင်သည်သာဟု ဆိုလိုနေပေသည်။

ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကို မသိ၍ လွန်ကျူးမိပါက ထိုပဏ္ဏတ္တိဝဇ္ဇ အာပတ်တို့က သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို မပြုနိုင်ဟုလည်း ဖွင့်ဆိုထား၏။

တစ်ဖန် သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို ပြုတတ်သော အာပတ်သို့ သင့်ရောက်မိသော်လည်း ဒေသနာပြောကြားခြင်းဖြင့် ကုစားသင့်သော အာပတ်ကို ဒေသနာပြောကြားပြီးလတ်သော်, ပရိဝါသ် မာနတ် ဆောက်တည် ကျင့်သုံးသင့်သော (သံဃာဒိသိသ်)အာပတ်ကို ပရိဝါသ် မာနတ် ဆောက်တည်ကျင့်သုံးပြီး၍ ထိုပရိဝါသ် မာနတ်မှ ထမြောက်ခဲ့သော်, ပါရာဇိကအာပတ် သင့်၍ သာမဏေဘုံ၌ ရပ်တည်ပြီးလတ်သော် ထိုကဲ့သို့ အာပတ်ကို ကုစားပြီး-သော ရဟန်းအား ထိုကုစားပြီးသော အာပတ်တို့သည် ကောင်းရာ သုဂတိသို့ မရောက်အောင်, ဈာန်ဝိမောက္ခတရား အရိယမဂ်တရားကို မရရှိအောင် မတားမြစ်တော့ပေ။ (ဝိ၊ဌ၊၄၊၁၅၇။) ထိုကုစားပြီးသော အာပတ်က သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို မပြုတော့ဟု ဆိုလိုပေသည်။

**ရူပိယသိက္ခာပုဒ်**

ရွှေငွေကို အလှူခံယူခြင်းဟူသည့် **ရူပိယသိက္ခာပုဒ်**ကား ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တစ်ခုပင် ဖြစ်၏။ (ဝိ၊ဌ၊၂၊၂၇၅။) ဘုရားရှင် ပညတ်တော်မူသောကြောင့် ထိုသိက္ခာပုဒ်ကို လွန်ကျူးမိသော ရဟန်းအား အာပတ်သင့်ရခြင်း ဖြစ်၏။

သို့သော် ထိုသိက္ခာပုဒ်ကို မသိ၍ လွန်ကျူးမိပါက ထိုအာပတ်သည် သဂ္ဂန္တရာယ် မောက္ခန္တရာယ် မဖြစ်သော်လည်း ထိုသိက္ခာပုဒ်ကို သိလျက်နှင့် လွန်ကျူးမိပါက ထိုလွန်ကျူးမိသော အာပတ်က သဂ္ဂန္တရာယ် မောက္ခန္တရာယ် ဖြစ်နိုင်၏။ ထိုအာပတ်ကို မကုစားရသေးဘဲ အာပတ်တန်းလန်းနှင့် သေကျေ ပျက်စီးပါက ကောင်းရာသုဂတိသို့ မရောက်နိုင်။ ထိုကဲ့သို့သော အာပတ်ကို မကုစားရသေးဘဲ အာပတ်တန်းလန်းနှင့် သမထဝိပဿနာဘာဝနာတို့ကို အားထုတ်ပါကလည်း ဈာန်မဂ်ဖိုလ်ဟူသည့် မောက္ခတရားတို့ကို မရရှိနိုင်ပေ။

သို့သော် ထိုရွှေငွေကို မအပ်သောနည်းဖြင့် အလှူခံယူခြင်း၊ ထိုကဲ့သို့ မအပ်သောနည်းဖြင့် အလှူခံယူထားအပ်သော ရွှေငွေဖြင့် ဝယ်ယူထားသော ပစ္စည်းတို့ကို အသုံးပြုခြင်းတို့ကား ကုစားရန်ခက်ခဲသော အာပတ်တို့တွင် ပါဝင်လျက်ရှိကြ၏။ ထိုအာပတ်တို့ကား နိဿဂ္ဂိယပါစိတ်အာပတ် အမျိုးအစားတို့တွင် ပါဝင်လျက် ရှိကြ၏။ နိဿဂ္ဂိတို့၏ သဘောကား စွန့်ခြင်း ဝိနည်းကံ ရှေးရှိသော အာပတ်တို့ ဖြစ်ကြ၏။ “စွန့်ခြင်း ဝိနည်းကံ ရှေးရှိ၏” ဟူသည် ထိုအလှူခံထားသော ရွှေငွေ, ထိုရွှေငွေဖြင့် ဝယ်ယူထားသော ပစ္စည်းတို့ကို ရှေးဦးစွာ စွန့်ရမည် ဖြစ်၏။ စွန့်ပြီးပါမှ ထိုအာပတ်ကို ဒေသနာ ပြောကြားရမည် ဖြစ်သည်။ ထိုအခါမှသာလျှင် ထိုအာပတ်မှ ထနိုင်၏၊ ထိုအာပတ်မှ စင်ကြယ်နိုင်၏။ မစွန့်ဘဲ မစွန့်နိုင်ဘဲ ထိုအာပတ်ကို ဒေသနာ ပြောကြားနေပါက အကြိမ် ရာနှင့် ထောင်နှင့် ချီ၍ ဒေသနာပြောကြားစေကာမူ ထိုအာပတ်မှ မထမြောက်နိုင်သည်သာ ဖြစ်၏။ မစင်ကြယ်နိုင်သည်သာ ဖြစ်၏။ ထိုမစင်ကြယ်သေးသော အာပတ်တန်းလန်းနှင့် သေကျေပျက်စီးခဲ့သော် အထက်ပါ ပါဠိတော် အဋ္ဌကထာတို့က ထိုအာပတ်သည် သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို ပြုတတ်-၏ဟု ဟောကြားထားတော်မူ၏ ဖွင့်ဆိုထားတော် မူ၏။ အာပတ်တန်းလန်းနှင့် သေကျေပျက်စီးပါက ကောင်းရာ သုဂတိသို့ မရောက်နိုင်၊ တရားအားထုတ်ပါကလည်း ဈာန်မဂ်ဖိုလ် တရားထူး တရားမြတ် ကို မရနိုင်ဟု ဟောကြားထားတော်မူ၏ ဖွင့်ဆိုထားတော်မူ၏။

သေသည်၏ အခြားမဲ့၌ ကောင်းရာ သုဂတိသို့ မရောက်သော် အဘယ်သို့ ရောက်ရှိမည်နည်း? အလွန်ကြောက်မက်ဖွယ် ကောင်းလှပေ၏။

**အင်္ဂုတ္တရအဋ္ဌကထာအဖွင့်**


©shwehinthar.com

အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် **ဝေသာရဇ္ဇသုတ္တန်** (အံ၊၁၊၃၁၅-၃၁၆။) ၌ ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်-မြတ်လေးပါး လာရှိ၏။ ထိုတွင် တတိယ မြောက် ဝေသာရဇ္ဇဉာဏ်တော်မြတ်၌ လာရှိသော **အန္တရာယိကာ ဓမ္မာ** (= ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့)ဟူသည်နှင့် ပတ်သက်၍ အင်္ဂုတ္တရအဋ္ဌကထာက အောက်ပါ-အတိုင်း ဖွင့်ဆိုထားတော်မူ၏။

**အန္တရာယိကာ ဓမ္မာ**တိ ဧတ္ထ ပန အန္တရာယံ ကရောန္တီတိ အန္တရာယိကာ။ တေ အတ္ထတော သဉ္စိစ္စ ဝီတိက္ကန္တာ သတ္တ အာပတ္တိက္ခန္ဓာ။ သဉ္စိစ္စ ဝီတိက္ကန္တံ ဟိ အန္တမသော ဒုက္ကဋဒုဗ္ဘာသိတမ္ပိ မဂ္ဂဖလာနံ အန္တရာယံ ကရောတိ။

(အံ၊ဋ္ဌ၊၂၊၂၅၅။)

ဤ အဋ္ဌကထာ၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို အန္တရာယိကဓမ္မဟု ဆိုလို၏။ ထိုတရားတို့ဟူသည် ဆိုလိုရင်းအနက်သဘောအားဖြင့် သိလျက်နှင့် လွန်ကျူးထားအပ်ကုန်သော အာပတ် (၇)ပုံတို့တည်း။ လွန်ကျူး လိုသော စိတ်စေတနာ ထင်ရှားရှိလျက် လွန်ကျူးထားအပ်သော အာပတ်သည် အောက်ထစ်ဆုံးအားဖြင့် ဒုက္ကဋ်, ဒုဗ္ဘာသိတ အာပတ်ပင် ဖြစ်ပါစေ၊ ဈာန်မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သည်သာ ဖြစ်၏။ (အံ၊၂၊၂၅၅။)

ယနေ့ မျက်မှောက်ခေတ်တွင် ရဟန်းတော်များအား ရွှေငွေသည် မအပ်ဟု မသိသော ရဟန်း သာမဏေကား အလွန် ရှားပါးဖွယ်ရာ ရှိပေ သည်။ သိလျက်နှင့် ထိုသိက္ခာပုဒ်ကို လွန်ကျူးနေသူတို့သာ များကြပေသည်။ အပါယ်-ဘေးဆိုးကြီးကို ကြောက်ရွံ့ပါက အထူး သတိပြုသင့်သော အချက် တစ်ရပ်ပင် ဖြစ်ပေသည်။

ထိုကြောင့် အထက်တွင် ဖော်ပြထားသော ပထမ နာထတရားတော်၌ ဘုရားရှင်က “အဏုမြူပမာ အလွန် သေးငယ်လှသော အပြစ်တို့၌သော်လည်း အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ဘေးဆိုးကြီးဟု ရှုမြင်လေ့ ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်ပြီး ကျင့်သုံးပါ”ဟု ဆိုဆုံးမထားတော်မူပေသည်။ သီလပျက်စီးခြင်းကြောင့် ရရှိမည့် ဘေးဆိုး ကြီးကို မကြာခဏ နှလုံးသွင်းသင့်ပေသည်။

**အပ်စပ်သောနည်းဖြင့် အလှူခံယူခွင့်**

သို့သော် အပ်စပ်သော နည်းလမ်းဖြင့် ပြောဆိုလျှောက်ထားကာ ထို ရွှေငွေမှ ဖြစ်ပေါ်လာသော ရဟန်းတို့နှင့် အပ်စပ်သော ပစ္စည်းများကို အလှူ ခံယူခွင့်ကိုလည်း ဘုရားရှင်က ဤသို့ ခွင့်ပြုထားတော်မူပါသည်။

သန္တိ ဘိက္ခဝေ မနုဿာ သဒ္ဓါ ပသန္နာ၊ တေ ကပ္ပိယကာရကာနံ ဟတ္ထေ ဟိရညံ ဥပနိက္ခိပန္တိ ‘ဣမိနာ အယျဿ ယံ ကပ္ပိယံ တံ ဒေထာ’တိ။ အနုဇာနာမိ ဘိက္ခဝေ ယံ တတော ကပ္ပိယံ တံ သာဒိတုံ၊ န တွေဝါဟံ ဘိက္ခဝေ ‘ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗ’န္တိ ဝဒါမိ။ (ဝိ၊၃၊၃၄၂။)

= ရဟန်းတို့ . . . သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော သာသနာတော်ကို ကြည်ညိုလေးစားကြကုန်သော ဒါယကာ ဒါယိကာမတို့သည် ရှိကြကုန်၏။ ထိုသူတို့သည် ရဟန်းတော်တို့အား အပ်စပ်အောင် ပြုလုပ်ပေးတတ်ကြကုန်သော ကပ္ပိယကာရကတို့၏ လက်ဝယ် ရွှေငွေကို အပ်နှံလျက် - ‘ဤရွှေငွေဖြင့် ဤအရှင်မြတ်အား ရဟန်းတော်တို့နှင့် အပ်စပ်သော ပစ္စည်းဝတ္ထုကို လှူပေး ကြပါ’ဟု ပြောဆိုကာ အပ်နှင်း လှူဒါန်းကြကုန်၏။ ရဟန်းတို့ . . . ထိုကဲ့သို့ အပ်နှင်းလှူဒါန်းထားသော ရွှေငွေမှ ဖြစ်ပေါ်လာသော ရဟန်းတော်တို့နှင့် အပ်စပ်သော ပစ္စည်းဝတ္ထုကို သာယာဖို့ရန် ငါဘုရား ခွင့်ပြုတော်မူ၏။ ရဟန်းတို့ . . . ‘မည်သည့် တစ်စုံတစ်ခုသော နည်းပရိယာယ်နှင့်မျှ ရွှေငွေကို သာယာထိုက်၏ ရှာမှီးထိုက်၏’ဟု ငါဘုရား ဟောတော်မမူသည်သာတည်း။

(ဝိ၊၃၊၃၄၂။)

ဤမေဏ္ဍကသိက္ခာပုဒ်၌ ဟောကြားထားတော်မူသည့်အတိုင်း ‘အလှူရှင်’ကဖြစ်စေ ‘ကပ္ပိယကာရက’ကပင်ဖြစ်စေ ရွှေငွေမှ ဖြစ်ပေါ်လာသော ရဟန်းတော်တို့နှင့် အပ်စပ်သော ပစ္စည်းများကို အလှူခံယူပါရန် ရဟန်းတော် အား လျှောက်ထားလာပါက ထိုသို့ ကပ္ပိယကာရကတို့၏ လက်ဝယ် အပ်နှင်း လျက် အပ်အပ်စပ်စပ် လျှောက်ထားကာ အပ်နှင်း လှူဒါန်းထားသော ရွှေငွေမှ ဖြစ်ပေါ်လာသော ရဟန်းတော်တို့နှင့် အပ်စပ်သော ပစ္စည်းဝတ္ထုကိုကား သာယာခွင့်


©shwehinthar.com

ရှိပေသည်။ မအပ်သော နည်းလမ်းဖြင့် လှူဒါန်းထားသော ရွှေငွေများကိုကား အလှူခံယူခွင့် မရှိပေ။

တစ်ချိန်က **မဏိစူဠက** အမည်ရှိသော ရွာသူကြီးတစ်ဦးသည် ဤရွှေငွေနှင့် ပတ်သက်သည့် အကြောင်းတရား တစ်ခုကို ဘုရားရှင်အား မေးမြန်း လျှောက်ထားခဲ့ဖူး၏။ ယင်း **မဏိစူဠကသုတ္တန်**မှာ အောက်ပါအတိုင်း ဖြစ်၏။

**မဏိစူဠကသုတ္တန်** (သံ၊၂၊၅၀၉-၅၁၀။)

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာ ကျွေး၍ မွေးမြူရာဖြစ်သော ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံး စံနေတော်မူ၏။ ထိုအခါ မင်း၏ နန်းတော်တွင်းဝယ် အညီအညွတ် စုဝေး ထိုင်နေသော မင်းပရိသတ်အလယ်၌ "သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့အား ရွှေငွေသည် အပ်၏၊ သာကီဝင်မင်းသား မြတ်စွာ ဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏"ဟူသော (မင်းမှုကိစ္စကို ဆောင်ရွက်ခြင်း၏ စပ်ကြားကာလ၌ ဖြစ်ပေါ် လာသော) ဤအကြားစကားသည် ထင်ရှား ဖြစ်ပေါ်ခဲ့၏။

ထိုအခါ **မဏိစူဠက** ရွာသူကြီးသည် ထိုပရိသတ်အတွင်း၌ ထိုင်လျက် ရှိ၏။ ထို မဏိစူဠက ရွာသူကြီးက ထိုပရိသတ်ကို "အမောင်တို့ . . . ဤသို့ မပြောဆိုကြကုန်လင့်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏"ဟု ပြောဆိုလေ၏။ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်ကို သိနားလည်စေခြင်းငှာ စွမ်းနိုင်ခဲ့ လေ၏။

ထို့နောက် မဏိစူဠက ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်နေလျက် – "မြတ်စွာဘုရား . . . ယခု မင်းနန်းတော်တွင်းဝယ် စုဝေးထိုင်နေသော မင်းပရိသတ်အလယ်၌ 'သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့အား ရွှေငွေသည် အပ်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏'ဟူသော ဤအကြားစကားသည် ဖြစ်ပေါ်ခဲ့ပါသည် မြတ်စွာဘုရား။

မြတ်စွာဘုရား . . . ဤသို့ပြောဆိုသောအခါ တပည့်တော်က ထိုပရိသတ်ကို – 'အမောင်တို့ . . . ဤသို့ မပြောဆိုကြကုန်လင့်၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏'ဟု ပြောဆိုခဲ့ပါသည်။ မြတ်စွာဘုရား . . . တပည့်တော်သည် ထိုပရိသတ်ကို သိနားလည်စေခြင်းငှာ စွမ်းနိုင်ခဲ့ပါ၏။

မြတ်စွာဘုရား . . . တပည့်တော်သည် ဤသို့ ပြောဆိုသော် မြတ်စွာ ဘုရား၏ စကားတော်အတိုင်း ပြောဆိုသည်လည်း ဖြစ်ပါသလော၊ မြတ်စွာ ဘုရားကို မဟုတ်မမှန် မစွပ်စွဲသည်လည်း မည်ပါသလော၊ တရားတော်အား လျော်သော တရားစကားကို အတုလိုက်ကာ ပြောဆိုသည်လည်း မည်ပါသလော၊ မြတ်စွာဘုရား၏ ဝါဒကို အတုယူ၍ ပြောဆိုခြင်းသည် အကြောင်းနှင့် တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ဘဲ ရှိပါသလော"ဟု မေးမြန်းလျှောက်ထား၏။

ထိုအခါ ဘုရားရှင်က အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

"ဒါယကာ ရွာသူကြီး . . . စင်စစ် သင်သည် ဤသို့ ပြောဆိုသော် ငါဘုရားရှင်၏ စကားတော်အတိုင်း ပြောဆိုသည်လည်း ဖြစ်ပါ၏၊ ငါဘုရားရှင်ကို မဟုတ်မမှန် မစွပ်စွဲသည်လည်း ဖြစ်ပါ၏၊ ငါဘုရားရှင် ဟောကြား ထားတော်မူအပ်သည့် တရားတော်အားလျော်သော တရားစကားကို အတု လိုက်ကာ ပြောဆိုသည်လည်း မည်ပါ၏၊ ငါဘုရားရှင်၏ ဝါဒကို အတုယူ၍ ပြောဆိုခြင်းသည် အကြောင်းနှင့် တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှလည်း မရောက်ရှိပေ။


©shwehinthar.com

”

ဤသို့ မိန့်ကြားတော်မူပြီးနောက် ဘုရားရှင်က ရွှေငွေနှင့် ပတ်သက်သည့် အကြောင်းအရာကို အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော် မူပြန်၏။

န ဟိ ဂါမဏိ ကပ္ပတိ သမဏာနံ သကျပုတ္တိယာနံ ဇာတရူပရဇတံ၊ န သာဒိယန္တိ သမဏာ သကျပုတ္တိယာ ဇာတရူပရဇတံ၊ နပ္ပဋိဂ္ဂဏှန္တိ သမဏာ သကျပုတ္တိယာ ဇာတရူပရဇတံ၊ နိက္ခိတ္တမဏိသုဝဏ္ဏော သမဏာ သကျပုတ္တိယာ၊ အပေတဇာတရူပရဇတာ။

ယဿ ခေါ ဂါမဏိ ဇာတရူပရဇတံ ကပ္ပတိ၊ ပဉ္စပိ တဿ ကာမဂုဏာ ကပ္ပန္တိ၊ ယဿ ပဉ္စ ကာမဂုဏာ ကပ္ပန္တိ၊ တဿပိ ဇာတရူပရဇတံ ကပ္ပတိ၊ ဧကံသေနေတံ ဂါမဏိ ဓာရေယျာသိ “အဿမဏဓမ္မော အသကျပုတ္တိယဓမ္မော”တိ။

အပိ စာဟံ ဂါမဏိ ဧဝံ ဝဒါမိ “တိဏံ တိဏတ္ထိကေန ပရိယေသိတဗ္ဗံ၊ ဒါရု ဒါရုတ္ထိကေန ပရိယေသိတဗ္ဗံ၊ သကဋံ သကဋတ္ထိကေန ပရိယေသိတဗ္ဗံ၊ ပုရိသော ပုရိသတ္ထိကေန ပရိယေသိတဗ္ဗော”။ န တွေဝါဟံ ဂါမဏိ “ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗ”န္တိ ဝဒါမိ။ (သံ၊၂၊၅၁၀။)

“ဒါယကာ ရွာသူကြီး . . . ထိုစကားသည် မှန်ပေ၏။ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်း-တို့အား ရွှေငွေသည် မအပ်၊ သာကီဝင် မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သားရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏။

ဒါယကာ ရွာသူကြီး . . . အကြင်ပုဂ္ဂိုလ်အား ရွှေငွေသည် စင်စစ် အပ်၏၊ ထိုပုဂ္ဂိုလ်အား ကာမဂုဏ်ငါးပါးတို့-သည်လည်း အပ်ကုန်၏။ အကြင် ပုဂ္ဂိုလ်အား ကာမဂုဏ်ငါးပါးတို့သည် အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်အား ရွှေငွေသည်လည်း အပ်တော့၏။ ဒါယကာ ရွာသူကြီး . . . အကယ်စင်စစ်အားဖြင့် ဤငါးပါးအာရုံ ကာမဂုဏ်တို့ကို အပ်ခြင်းကို ‘ရဟန်းမဟုတ်သူတို့၏ အကျင့် မည်၏၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သူတို့၏ အကျင့်မည်၏’ ဟူ၍ မှတ်သားပါလေလော့။

ဒါယကာ ရွာသူကြီး . . . အကယ်စင်စစ်အားဖြင့်သော်ကား ငါဘုရားရှင်သည် ‘ကျောင်းကို မိုးရန် မြက်ဖြင့်အလိုရှိသော ရဟန်းသည် ကျောင်းကို မိုးသော မြက်ကို ရှာမှီးထိုက်၏၊ ကျောင်း ပြင်ရန် သစ်ဖြင့် အလိုရှိသော ရဟန်းသည် ကျောင်း ပြင်ရန် သစ်ကို ရှာမှီးထိုက်၏၊ လှည်းဖြင့် ပြုလုပ်ရမည့် လုပ်ငန်းရပ်ကို အလိုရှိသော ရဟန်းသည် လှည်းကို (= လှည်းဖြင့် သယ် ဆောင်ရမည့် လုပ်ငန်းရပ်ကို အခိုက်အတန့်) ရှာမှီးထိုက်၏။ အလုပ်သမား ယောက်ျားဖြင့် အလိုရှိသော ရဟန်းသည် အလုပ်သမား ယောက်ျားကို ရှာမှီးထိုက်၏’ -- ဟူ၍ ဤသို့လျှင် ငါဘုရားရှင်သည် ဟောကြားတော်မူပါ၏။

ဒါယကာ ရွာသူကြီး . . . အဘယ် နည်းပရိယာယ်နှင့်မျှ ရွှေငွေကို သာယာထိုက်၏၊ ရှာမှီးထိုက်၏ဟု ငါဘုရားရှင်သည် ဟောကြားတော်မမူပါ” ဟု မိန့်ကြားတော်မူလိုက်၏။ (သံ၊၂၊၅၀၉-၅၁၀။)

ဤအထက်ပါ ဒေသနာတော်များနှင့်အညီ ရဟန်းတော်တစ်ပါးသည် ကျောင်းပြင်ရန် အမိုး, သစ် စသည်ကို အလိုရှိသောအခါ ဆွေမျိုးတို့အထံ၌ သော်လည်းကောင်း, ပစ္စည်းလေးပါးကို တောင်းခံရန် လျှောက်ကြားဖိတ်မံ ထား-သူတို့အထံ၌သော်လည်းကောင်း တောင်းယူနိုင်ပေသည်။ အကယ်၍ မိမိ သီတင်းသုံးရာအရပ်၌ ကျောင်းကို မိုးရန် မြက်စသည်ကို ဆွေမျိုးတို့အထံ၌ ဖြစ်စေ, ပစ္စည်း လေးပါး တောင်းခံရန် ဖိတ်ကြားထားသူတို့ထံ၌ဖြစ်စေ တောင်းဖို့ရန် အခက်အခဲ ရှိပါက, သို့မဟုတ် တောင်းဖို့ရန် အလိုမရှိပါက ယင်းအလိုရှိရာပစ္စည်းတို့ကို ဆွမ်းခံဝတ်ဖြင့်သော်လည်း ရှာမှီးရန် ဘုရားရှင်က ခွင့်ပြုထားတော်မူပေသည်။

ဆွမ်းခံဝတ်ဖြင့် ရှာဖွေလိုသော ရဟန်းတော်သည် နံနက်ပိုင်း၌ဖြစ်စေ, မွန်းလွဲပိုင်း၌ဖြစ်စေ သင်္ကန်းကိုရုံကာ သပိတ်ကို ယူဆောင်လျက် ရွာတွင်းသို့ ဆွမ်းခံဝင်အပ်ပေသည်။ အလိုရှိရာ အိမ်ရှေ့၌ ဆွမ်းရပ်သကဲ့သို့ ရပ်နေနိုင်ပေ သည်။ ဒါယကာက ပစ္စည်းတစ်ခုခုကို လာရောက် လောင်းလှူသောအခါ မိမိ အလိုမရှိသော ပစ္စည်းဖြစ်ပါက သပိတ်ကို


©shwehinthar.com

ပိတ်ကာ ရပ်တည်နေနိုင်သည်။ ထိုအခါ ဒါယကာက "အဘယ်ကို အလိုရှိပါသနည်း"ဟု မေးမြန်းခဲ့သော် ကျောင်းမိုးရန် မြက်ကို အလိုရှိကြောင်း စသည်ဖြင့် အလိုရှိရာပစ္စည်းကို ပြောကြားနိုင်သည်။ အကယ်၍ ဒါယကာက မမေးမြန်းခဲ့သော်ကား ပြောကြား ခွင့် မရှိပေ။ အလားတူ ရှေ့သို့ဆက်ကာ ဆွမ်းခံကြွနိုင်သည်။ ရဟန်းတော် တို့နှင့် အပ်စပ်သော ပစ္စည်းများကို ဤနည်းဖြင့် ရှာဖွေရန်ကိုလည်း ဘုရားရှင် သည် ခွင့်ပြုထားတော်မူပေသည်။ အရိယပရိယေသန (= ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့၏ ပစ္စည်းလေးပါးကို ရှာဖွေပုံနည်းစနစ်) တစ်မျိုး ပင် ဖြစ်ပေသည်။ သို့သော် မည်သည့်-တစ်စုံတစ်ခုသော နည်းပရိယာယ်နှင့်မျှ, မည်သည့်တစ်စုံတစ်ခုသော အကြောင်းကြောင့်မျှ ရွှေငွေကို ရှာမှီးထိုက်၏ ဟူ၍ကား မြတ်စွာဘုရား ဟောကြားထားတော်မမူပေ။

ခရသင်းပွတ်သစ်နှင့်အတူ ဖြူစင်စွာ ဖြည့်ကျင့်ထားအပ်သော သီလက သာလျှင် နတ်ရွာသုဂတိနှင့် ဈာန် မဂ်ဖိုလ် နိဗ္ဗာန်ကို ရခြင်း ရောက်ခြင်း၏ အကြောင်းအထောက်အပံ့ ဖြစ်သဖြင့် မှီခိုအားထားရာ နာထတရားအစစ် ဖြစ်ပေသည်။ ကျိုး ပေါက် ပြောက် ကျားလျက်ရှိသော မဖြူစင်သော သီလ ကား ထိုကဲ့သို့ အကြောင်းအထောက်အပံ့ကောင်း မဖြစ်နိုင်သည်ကိုကား မိမိ၏ အကျိုး, သာသနာတော်၏ အကျိုးကို လိုလားတောင့်တလျက်ရှိကြကုန်သော သူတော်ကောင်းတို့သည် သတိပြုကုန်ရာသည်။

**သီလ၏ အကျိုးဂုဏ်အင်အာနိသင်**

အာနန္ဒာ . . . ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် နှလုံးသာရွှင်မှု (= အဝိပ္ပဋိသာရ) အကျိုး ရှိကုန်၏၊ နှလုံးသာရွှင်မှု အာနိသင် ရှိကုန်၏။ နှလုံးသာရွှင်မှုသည် ဝမ်းမြောက်မှု (= ပါမောဇ္ဇ) အကျိုး ရှိ၏၊ ဝမ်းမြောက်မှု အာနိသင် ရှိ၏။ ဝမ်းမြောက်မှုသည် နှစ်သက်မှု (= ပီတိ) အကျိုး ရှိ၏၊ နှစ်သက်မှု အာနိသင် ရှိ၏။ နှစ်သက်မှုသည် ကိုယ်စိတ်ငြိမ်းချမ်းမှု (= ပဿဒ္ဓိ) အကျိုး ရှိ၏၊ ကိုယ်စိတ်ငြိမ်းချမ်းမှု အာနိသင် ရှိ၏။ ကိုယ်စိတ်ငြိမ်းချမ်းမှု သည် ချမ်းသာမှု (= သုခ) အကျိုး ရှိ၏၊ ချမ်းသာမှု အာနိသင် ရှိ၏။ ချမ်းသာမှု သည် စိတ်တည်ကြည်မှု (= သမာဓိ) အကျိုး ရှိ၏၊ စိတ်တည်ကြည်မှု အာနိ သင် ရှိ၏။ စိတ်တည်ကြည်မှုသည် ဟုတ်တိုင်းမှန်စွာ သိမြင်မှု (= ယထာဘူတဉာဏဒဿန) အကျိုး ရှိ၏၊ ဟုတ်တိုင်းမှန်စွာ သိမြင်မှု အာနိသင် ရှိ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်မှုသည် ငြီးငွေ့မှု (= နိဗ္ဗိဒါ)နှင့် တပ်မက်ခြင်းကင်းမှု (= ဝိရာဂ) အကျိုး ရှိ၏၊ ငြီးငွေ့မှုနှင့် တပ်မက်ခြင်းကင်းမှု အာနိသင် ရှိ၏။ ငြီးငွေ့မှုနှင့် တပ်မက်ခြင်းကင်းမှုသည် လွတ်မြောက်မှု (= ဝိမုတ္တိ)နှင့် လွတ် မြောက်မှုကို သိသော ဉာဏ်အမြင် (= ဝိမုတ္တိဉာဏဒဿန) အကျိုး ရှိ၏၊ လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် အာနိသင် ရှိ၏။ အာနန္ဒာ. . . ဤသို့လျှင် အပြစ်မရှိသော သီလတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်စေကုန်၏။ (အံ၊၃၊၂၅၈။)

✧✧✧


©shwehinthar.com

## ဒုတိယ နာထတရား = ဗဟုဿုတရှိခြင်း

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဗဟုဿုတော ဟောတိ၊ သုတဓရော သုတသန္နိစယော၊ ယေ တေ ဓမ္မာ အာဒိ-ကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသာနကလျာဏာ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ အဘိဝဒန္တိ၊ တထာရူပါဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ဗဟုဿုတော ဟောတိ။ ပ ။ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ အယမ္ပိ ဓမ္မော နာထကရဏော။ (အံ၊၃၊၂၇၅။)

= ရဟန်းတို့ . . . နောက်တစ်မျိုးကား ရဟန်းသည် အကြား+အမြင် (= ဗဟုဿုတ) များပြား၏။ အကြား+အမြင် (= ဗဟုဿုတ)ကို ဆောင်ထား နိုင်၏။ အကြား+အမြင် (= ဗဟုဿုတ)ကို ဆည်းပူး၏။ (သီလကျင့်စဉ် ဟူသော) အစ၏ ကောင်းခြင်း, (သမာဓိကျင့်စဉ်ဟူသော) အလယ်၏ ကောင်းခြင်း, (ပညာကျင့်စဉ်ဟူသော) အဆုံး၏ ကောင်းခြင်း ဟူသည့် ကောင်းခြင်း သုံးဖြာ လက္ခဏာနှင့် ပြည့်စုံကြကုန်သော, အနက်အဓိပ္ပါယ်နှင့် လည်း ပြည့်စုံ, သဒ္ဒါနှင့်လည်း ပြည့်စုံကုန်သော, အလိုအပို မရှိသဖြင့် အလုံးစုံ ပြည့်စုံကုန်သော, စင်ကြယ်လျက် ဖြူစင်မြင့်မြတ်သော ကျင့်စဉ်ကို ဖော်ပြ တတ်သော သဘောရှိကုန်သော တရားတော်တို့ကို ထိုရဟန်းသည် များစွာ သင်ကြားထားအပ်ကုန်၏၊ နှုတ်ငုံ-ဆောင်ထားအပ်ကုန်၏၊ နှုတ်ဖြင့် အဝါးဝစွာ လေ့ကျက်ထားအပ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှု ဆင်ခြင်ရှုပွားသုံးသပ်ထားအပ်ကုန်၏၊ (တရားကိုယ် အနက်သဘောအားဖြင့် လည်းကောင်း, အကြောင်း-တရားအားဖြင့်လည်းကောင်း) သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ထားအပ်ကုန်၏။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ များစွာ သင်ကြားအပ်၏။ ပ ။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်-၏ဟူသော ဤတရားသည်လည်း မှီခို အားထားရာကို ပြုတတ်သော နာထတရားတည်း။ (အံ၊၃၊၂၇၅။)

### ဗဟုဿုတ (၂) မျိုး

**ဗဟုဿုတောတိ ပရိယတ္တိပဋိဝေဓဝသေန ဒုဝိဓော ဗဟုဿုတော စ ပုဂ္ဂလော။** (အပဒါနအဋ္ဌကထာ၊၁၊၂၆၄။)

ပရိယတ္တိဗဟုဿုတ, ပဋိဝေဓဗဟုဿုတဟု ဗဟုဿုတ နှစ်မျိုး ရှိ၏။ ပရိယတ္တိဗဟုဿုတကို အာဂမသုတဟုလည်း ခေါ်ဆို၏။

**ဝါစုဂ္ဂတဓာရဏေန သမ္မဒေဝ ဂရူနံ သန္တိကေ အာဂမိတဘာဝေန အာဂတော ပရိယတ္တိဓမ္မသင်္ခါတော အာဂမော ဧတေသန္တိ အာဂတာဂမာ။** (အံ၊ဋီ၊၃၊၁၁၆။)

ဤသို့ ဖွင့်ဆိုထားသော အင်္ဂုတ္တရဋီကာနှင့် အညီ ဆရာသမားတို့၏ အထံ၌ နှုတ်တက်ရအောင် နှုတ်ငုံဆောင်ထားနိုင်အောင် သင်ယူပြီးလျှင် သင်ယူထားသည့်အတိုင်း ပရိယတ္တိတရားတော်ကို နှုတ်ငုံဆောင်ကာ သင်သိ အနေဖြင့် ရရှိသော အသိမျိုးကို (= ဗဟုဿုတမျိုးကို) အာဂမသုတဟု ခေါ်ဆို၏၊ ပရိယတ္တိဗဟုဿုတဟုလည်း ခေါ်ဆို၏။ ဆရာသမားထံ၌ နားဖြင့် ဆတ်ဆတ် ကြားနာကာ ရရှိထားအပ်သည့် အသိဖြစ်ခြင်းကြောင့် **အကြား သုတ**ဟု ခေါ်ဆိုသည်။

အထက်တွင် ဖော်ပြထားသော နာထသုတ္တန်တွင် — **တထာရူပဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ** = ထိုသို့သဘောရှိကုန်သော တရားတော်တို့ကို ထိုရဟန်းသည် များစွာ သင်ကြားထားအပ်ကုန်၏၊ နှုတ်ငုံ ဆောင်ထားအပ်ကုန်၏၊ နှုတ်ဖြင့် အဝါးဝစွာ လေ့ကျက်ထားအပ်ကုန်၏ — ဟူသော စကားရပ်တို့ဖြင့် ပရိယတ္တိဗဟုဿုတခေါ် အာဂမသုတ (= သင်သိ ဗဟုဿုတ = အကြားသုတ)ကို ရည်ညွှန်းထားပေသည်။

ပဋိဝေဓဗဟုဿုတကို အဓိဂမသုတဟုလည်း ခေါ်ဆို၏။

**အဓိဂမောတိ စတ္တာရော မဂ္ဂါ စတ္တာရိ ဖလာနိ စတဿော ပဋိသမ္ဘိဒါ တိဿော ဝိဇ္ဇာ ဆ အဘိညာ။** (အံ၊ဋ္ဌ၊၁၊၆၇။)

ဤ အင်္ဂုတ္တရအဋ္ဌကထာ အဖွင့်အရ မဂ် လေးပါး, ဖိုလ် လေးပါး, ပဋိသမ္ဘိဒါဉာဏ် လေးပါး, ဝိဇ္ဇာ သုံးပါး, အဘိညာဉ် ခြောက်ပါးတို့သည် အဓိဂမ မည်ပေသည်။ ဤအဓိဂမကား အထွတ်အထိပ်သို့ ရောက်ရှိနေသော အဓိဂမတည်း။

အထက်တွင် ဖော်ပြထားသော နာထသုတ္တန်တွင်ကား ထိုအထက်ပါ အဓိဂမတို့ကို ရရှိရန်အတွက် အခြေခံ လိုအပ်သော ဗဟုဿုတဖြစ်သည့် အဓိဂမသုတကို —


©shwehinthar.com

မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ (အံ၊၁၊၂၇၅။)

= စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် ရှုပွားသုံးသပ် ထားအပ်ကုန်၏၊ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ထားအပ်ကုန်၏ဟူသော ဤစကားရပ်တို့က ဖော်ပြလျက်ရှိ၏။

**ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါတိ အတ္ထတော စ ကာရဏတော စ ပညာယ သုဋ္ဌု ပဋိဝိဒ္ဓါ ပစ္စက္ခံ ကတာ။** (အံ၊ဋ္ဌ၊၂၊၃၆၄။)

ဤအဋ္ဌကထာအဖွင့်အရ ဤ၌ အဓိဂမသုတဟူသည် အာဂမသုတဖြင့် မိမိသင်ယူထားသော ပရိယတ္တိတရား-တော်၌ လာရှိသော တရားဓမ္မတို့ကို **အတ္ထ**အားဖြင့်လည်းကောင်း, **ကာရဏ**အားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းကို ဆိုလိုပေသည်။

**အတ္ထ ဟူသည် . . , ကာရဏ ဟူသည် . .**

**အတ္ထောတိ သင်္ခေပတော ဟေတုဖလံ။** (အဘိ၊ဋ္ဌ၊၂၊၃၇၁။)

ဤအဋ္ဌကထာအဖွင့်အရ အကြောင်းသမုဒယသစ္စာတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရသော အကျိုးဒုက္ခသစ္စာတရား, နိဗ္ဗာန်, ပရိယတ် တရားတော်၏ ဆိုလိုရင်းအနက်သဘော, အကျိုးဝိပါက်တရား, ကိရိယာ တရား ဤငါးမျိုးသည် **အတ္ထ** မည်၏။ အကြောင်းတရား၏ စွမ်းအားကြောင့် ရအပ်ရောက်အပ်သော တရားဖြစ်၍ အတ္ထဟု ခေါ်ဆိုခြင်းဖြစ်၏။

**ဒုက္ခသစ္စာ**

ထိုငါးမျိုးတို့တွင် ဒုက္ခသစ္စာတရားဟူသည် အဘယ်နည်း?

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ (သံ၊၃၊၃၆၉။ မ၊၁၊၈၂. . . )

အကျဉ်းချုပ်အားဖြင့် ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါ-နက္ခန္ဓာဟူသော ဉပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာတရား မည်၏။ (မ၊၁၊၈၄. . . )

ယံ ကိဉ္စိ ဘိက္ခဝေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ၊ အယံ ဝုစ္စတိ ရူပုပါဒါနက္ခန္ဓော။ (သံ၊၂၊၃၉။)

ဤသို့ ဟောကြားထားတော်မူသော ခန္ဓသုတ္တန် (သံ၊၂၊၃၉။) ဒေသနာ တော်များနှင့်အညီ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက (= အကြမ်း), သုခုမ (= အနု), ဟီန (= အယုတ်), ပဏီတ (= အမြတ်), ဒူရ (= အဝေး), သန္တိက (= အနီး) ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော, အာသဝေါတရားတို့၏ အာရုံဖြစ်သော တဏှာ ဒိဋ္ဌိတို့ဖြင့် "ငါ-ငါ့ဟာ"ဟု စွဲယူအပ်သော (= စွဲလမ်းဆုပ်ကိုင်အပ်သော) —

၁။ ရုပ်တရားအစုအပုံသည် ရူပုပါဒါနက္ခန္ဓာ,
၂။ ဝေဒနာအစုအပုံသည် ဝေဒနုပါဒါနက္ခန္ဓာ,
၃။ သညာအစုအပုံသည် သညုပါဒါနက္ခန္ဓာ,
၄။ သင်္ခါရအစုအပုံသည် သင်္ခါရုပါဒါနက္ခန္ဓာ,
၅။ ဝိညာဏ်အစုအပုံသည် ဝိညာဏုပါဒါနက္ခန္ဓာ —

အသီးအသီး မည်ပေသည်။

ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အာသဝေါတရားတို့၏ အာရုံဖြစ်သော, တဏှာဒိဋ္ဌိတို့သည် "ငါ-ငါ့ဟာ"ဟု စွဲယူအပ်သော (= စွဲလမ်းဆုပ်ကိုင်အပ်သော) ဉပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဒုက္ခသစ္စာ မည်ကုန်၏။ ယင်း ဒုက္ခသစ္စာတရားတို့သည် သမုဒယသစ္စာဟူသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရသော အကျိုး (= **အတ္ထ**) တရားတို့ မည်ကြ၏။


©shwehinthar.com

**သမုဒယသစ္စာ**

ဘုရားရှင်သည် သစ္စဝိဘင်းပါဠိတော် (အဘိ၊၂၊၁၁၂-၁၁၅။) ၌ —

၁။ တဏှာကို,

၂။ ကိလေသာအားလုံးကို,

၃။ အကုသိုလ်တရားအားလုံးကို,

၄။ အကုသိုလ်တရားအားလုံးနှင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော ကုသလမူလတရားသုံးပါးကို,

၅။ အကုသိုလ်တရားအားလုံးနှင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော ကုသိုလ်တရားအားလုံးကို —

သမုဒယသစ္စာမည်ကြောင်းကို အသီးအသီး ငါးမျိုးခွဲကာ ဟောကြား ထားတော်မူ၏။

ထိုတွင် အမှတ်(၅)တွင် ဟောကြားထားတော်မူသော သမုဒယသစ္စာ တရားကို ရည်ညွှန်းလျက် အဋ္ဌကထာကြီးများက အောက်ပါအတိုင်း ဖွင့်ဆို ထားတော်မူကြ၏။

တတ္ထ ယသ္မာ ကုသလာကုသလကမ္မံ အဝိသေသေန သမုဒယသစ္စန္တိ သစ္စဝိဘင်္ဂေ ဝုတ္တံ။

(အဘိ။၊၂၊၁၈၅။ ဝိသုဒ္ဓိ၊၂၊၂၀၆။)

= စေတနာ, စေတနာနှင့်ယှဉ်ဖက်တရားဟု အထူးမပြောတော့ဘဲ သာမည အားဖြင့် ပြောဆိုရမူ ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှကိုပင် သမုဒယသစ္စာ ဟု သစ္စဝိဘင်းပါဠိတော်၌ ဘုရားရှင်သည် ဟောကြားထားတော်မူပေ-သည်။

(အဘိ။၊၂၊၁၈၅။ ဝိသုဒ္ဓိ၊၂၊၂၀၆။)

ယင်းသမုဒယသစ္စာတရားသည်ကား ဒုက္ခသစ္စာတရားစု၏ အကြောင်းရင်း **ကာရဏ**တရားပင်တည်း။

**တိတ္ထာယတနသုတ္တန်၌ လာရှိသော သမုဒယသစ္စာ**

ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ (အံ၊၁၊၁၇၈။)

ရဟန်းတို့ . . . ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာဟူသည် အဘယ် နည်း?

၁။ အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊

၂။ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ် ဖြစ်၏၊

၃။ ဝိညာဏ်အကြောင်းခံကြောင့် နာမ်ရုပ် ဖြစ်၏၊

၄။ နာမ်ရုပ်အကြောင်းခံကြောင့် သဠာယတန ဖြစ်၏၊

၅။ သဠာယတနအကြောင်းခံကြောင့် ဖဿ ဖြစ်၏၊

၆။ ဖဿအကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏၊

၇။ ဝေဒနာအကြောင်းခံကြောင့် တဏှာ ဖြစ်၏၊

၈။ တဏှာအကြောင်းခံကြောင့် ဥပါဒါန် ဖြစ်၏၊

၉။ ဥပါဒါန်အကြောင်းခံကြောင့် ကမ္မဘဝ+ဥပပတ္တိဘဝ ဖြစ်၏၊

၁၀။ ကမ္မဘဝအကြောင်းခံကြောင့် ဇာတိ ဖြစ်၏၊

၁၁။ ဇာတိအကြောင်းခံကြောင့် ဇရာ+မရဏ ဖြစ်၏၊ သောက+ပရိဒေဝ+ ဒုက္ခ+ဒေါမနဿ+ဥပါယာသတို့သည် ဖြစ်ကုန်-၏။


©shwehinthar.com

ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ကြောင်းသဘော + ဖြစ်ခြင်းသဘော-သည် ဖြစ်၏။ ရဟန်းတို့ . . . ဤကြောင်း-ကျိုး-ဆက်နွယ်မှု သဘောတရားကို ဒုက္ခဖြစ်ကြောင်း သမုဒယ အရိယသစ္စာဟူ၍ ဆိုအပ်၏။ (အံ၊၁၊၁၇၈။)

တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ။ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။

(အဘိ၊ဋ္ဌ၊၂၊၁၀၉။)

= သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ သမုဒယသစ္စာဟူသော ရှေးသစ္စာ နှစ်ပါးတို့သည် သံသရာဝဋ်ဆင်းရဲဒုက္ခ၌ လည်ပတ်ရာ + လည်ပတ်ကြောင်း သစ္စာတရားတို့ဖြစ်ခြင်းကြောင့် **ဝဋ္ဋသစ္စာ** မည်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာ ဟူသော နောက်သစ္စာနှစ်ပါးတို့သည် သံသရာဝဋ်မှ ကင်းရာ + ကင်းကြောင်း ထွက်မြောက်ရာ + ထွက်မြောက်ကြောင်းဖြစ်သောကြောင့် **ဝိဝဋ္ဋသစ္စာ**မည်၏။ လောကုတ္တရာနိရောဓသစ္စာ (= နိဗ္ဗာန်တရားတော်မြတ်)နှင့် လောကုတ္တရာ အရိယမဂ္ဂသစ္စာတရားတို့ ဖြစ်ကြ၏။ ယင်း ဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာတရား နှစ်ပါး တို့တွင် ယောဂါဝစရပုဂ္ဂိုလ်သည် ဝဋ္ဋသစ္စာတရား နှစ်ပါး၌သာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း နှလုံးသွင်းခြင်းအမှုကို ပြုလုပ်အပ်၏၊ ဝိဝဋ္ဋ သစ္စာတရား နှစ်ပါး၌ ဝိပဿနာဘာဝနာ နှလုံးသွင်းဖွယ်ရာ မရှိပေ။

(အဘိ၊ဋ္ဌ၊၂၊၁၀၉။)

ယင်းဝဋ္ဋသစ္စာတရားနှစ်ပါးတို့တွင် ဒုက္ခသစ္စာအမည်ရသည့် ဉပါဒါနက္ခန္ဓာငါးပါး (= ရုပ်တရား+နာမ်တရား)တို့ကို ထိုးထွင်းသိတတ်သော သမ္မာဒိဋ္ဌိ ကို နာမရူပပရိစ္ဆေဒဉာဏ်ဟုလည်းကောင်း, ယင်းဒုက္ခသစ္စာ၏ အကြောင်းရင်း သမုဒယသစ္စာကို ထိုးထွင်းသိတတ်သော သမ္မာဒိဋ္ဌိကို ပစ္စယပရိဂ္ဂဟဉာဏ် ဟုလည်းကောင်း ခေါ်ဆိုပေသည်။

ထိုနာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့ကို ရည်ညွှန်း ကာ **ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ** – ဟူသော အထက်ပါ နာထသုတ္တန် စကားရပ်ကို အဋ္ဌကထာက အနက်အဓိပ္ပါယ် ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။

သမ္မာဒိဋ္ဌိဉာဏ်ပညာသည် ထိုဉာဏ်နှစ်ပါးသာ ဖြစ်သည်ဟု အယူအဆ မမှားစေလိုပါ။ ဤနာထသုတ္တန်တွင် ဒုတိယမှီခိုအားထားရမည့် နာထတရားကို **နာမရူပပရိစ္ဆေဒဉာဏ်**ဟူသည့် ဒုက္ခသစ္စာကို ထိုးထွင်းသိတတ်သည့် သမ္မာ-ဒိဋ္ဌိ, ပစ္စယပရိဂ္ဂဟဉာဏ်ဟူသည့် သမုဒယသစ္စာကို ထိုးထွင်းသိတတ် သည့် သမ္မာဒိဋ္ဌိ – ဤ သမ္မာဒိဋ္ဌိ နှစ်မျိုးတို့ကို အဓိကမသုတပိုင်းတွင် ရည်ညွှန်း ထားတော်မူသည်ဟုသာ ဆိုလိုရင်း ဖြစ်ပေသည်။ ဝိပဿနာဉာဏ် အရိယ မဂ်ဉာဏ်တို့ကို ဆယ်ခုမြောက် နာထတရားအဖြစ် ဟောကြားထားတော် မူလတ္တံ့ဖြစ်သောကြောင့် ဤ ဒုတိယနာထတရားအရ သမ္မာဒိဋ္ဌိစာရင်းတွင် မဖော်ပြခြင်း ဖြစ်ပေသည်။

**မှီခိုအားထားရာ နာထတရား ဖြစ်နိုင်ပါသလား**?

ဤနာထတရားတွင် ဖော်ပြထားသော **အာဂမသုတ**ခေါ်သည့် ပရိယတ် တရားတော်တို့ကို 'သင်သိ' အနေနှင့် သိခြင်း, **'အဓိဂမသုတ'**ခေါ်သည့် ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို ကျင့်သိအနေနှင့် နာမရူပပရိစ္ဆေဒ ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် သိခြင်း –ဤအသိဉာဏ် သမ္မာဒိဋ္ဌိသည် မှီခိုအားထားရာ နာထတရားအစစ် ဖြစ်နိုင်ပါသလားဟု မေးရန် ရှိ၏။ အဖြေကို သိလိုပါက အောက်ပါ အဋ္ဌကထာအဖွင့်ကို ဖတ်ရှုကြည့်ပါ။

**ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။** (ဝိသုဒ္ဓိ၊၂၊၂၄၀။)

ဤပစ္စယပရိဂ္ဂဟဉာဏ်သို့တိုင်အောင်သော ဝိပဿနာဉာဏ်နှင့် ပြည့်စုံသော **ဝိပဿက** (= ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ရှိသော) ယောဂါဝစရပုဂ္ဂိုလ်သည် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌ သက်သာရာကို ရရှိသည်မည်၏၊ ထောက်ရာတည်ရာကို ရရှိသည်မည်၏၊ ကောင်းရာသုဂတိ ဟူသော လားရာဂတိ မြဲသော စူဠသောတာပန် (= သောတာပန်ညီထွေး) မည်၏။ (ဝိသုဒ္ဓိ၊၂၊၂၄၀။)

ပရိယတ္တိဗဟုသုတ(=အာဂမသုတ)ဖြင့် သင်ယူထားအပ်သော အသိကို နားဖြင့် ကြားနာကာ သင်ယူရသည့်အတွက်


©shwehinthar.com

**အကြားသုတ**ဟုလည်းကောင်း, အတ္တ+ကာရဏ အမည်ရသည့် ထိုပရိယတ္တိတရားတော်၌ လာရှိသည့် ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ်ဟူသည့် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ကာ ရရှိလာသည့် အသိကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ကာ ရရှိလာသည့် ဗဟုသုတ ဖြစ်ခြင်းကြောင့် အမြင် ဗဟုသုတဟုလည်းကောင်း, ထိုအကြားနှင့် အမြင် နှစ်ခုကို ပေါင်းစပ်ကာ ဗဟုသုတဟူသော စကားရပ်ကို အကြားအမြင် ဗဟုသုတရှိခြင်းဟု ရှေးရှေး ဆရာတော်ဘုရားကြီးတို့က ဘာသာပြန်ဆိုထားတော်မူခဲ့ကြပေသည်။

ဘုရားရှင် ဟောကြားထားတော်မူအပ်သော တရားတော်တို့ကား သစ္စာ လေးပါးကို ဦးတိုက်လျက် ရှိကြ၏။ ယောဂီပုဂ္ဂိုလ်ကား ထိုသစ္စာလေးပါး တို့တွင် ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသည့် ဝဋ္ဋသစ္စာတရားနှစ်ပါးတို့ကို (ဝိဝဋ္ဋသစ္စာ ဖြစ်သည့် နိရောဓသစ္စာ, မဂ္ဂသစ္စာသို့ ဆိုက်ရောက်ရေးအတွက်) ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရမည် ဖြစ်၏။ (အဘိ၊ဋ္ဌ၊၂၊၁၀၉။)

ယောဂီပုဂ္ဂိုလ်သည် မိမိ ဝိပဿနာရှုပွားသုံးသပ်ရမည့် ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို ရှေးဦးစွာ သိအောင် ကြိုးပမ်းရမည် ဖြစ်၏။ ထိုသို့ ကြိုးပမ်းရာ၌ ရှေးဦးစွာ ထိုဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို ဆရာ-သမားထံ၌ စနစ်တကျ သင်ယူရမည်ဖြစ်၏။ သင်သိဖြင့် သိအောင် ပထမ ကြိုးစားရ၏။

ထိုနောင် ထိုဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို သိအောင် ကြိုးစားအားထုတ်ပုံ ကမ္မဋ္ဌာန်းနည်းလမ်းကို စနစ်တကျ သင်ယူကာ လက်တွေ့ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင် အောင် ကြိုးပမ်းရ၏။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိအောင် သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်တို့ကို အဆင့်ဆင့် ကျင့်သုံးရမည် ဖြစ်ပေသည်။ အောင်မြင်မှုကို ရရှိပါက မိမိသည် ဘုရားရှင် ဟောကြားထားတော်မူသည့် ဒုတိယ နာထတရားကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရရှိပြီဟု ပြောဆိုနိုင်ပြီ ဖြစ်ပေသည်။

## အင်္ဂါ (၉) တန်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ တရားတော်

ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူအပ်ကုန်သော တရား တော်တို့၌ အင်္ဂါ (၉)တန်ရှိ၏။ ယင်း အင်္ဂါ (၉)တန်တို့မှာ —

၁။ သုတ္တ = သုတ္တအမည်ရသော တရားတော်,

၂။ ဂေယျ = ဂါထာနှင့် စကားပြေ နှစ်ထွေ ရောနေသော တရားတော်,

၃။ ဝေယျာကရဏ = ဂါထာမဖက် သက်သက်သော စကားပြေတရားတော်,

၄။ ဂါထာ = ဂါထာတရားတော်,

၅။ ဥဒါန = ဥဒါန်း = ဝမ်းမြောက်စွာ မြွက်ဆို ကျူးရင့်ထားအပ်သော တရားတော်,

၆။ ဣတိဝုတ္တက = ဣတိဝုတ် = 'ဝုတ္တံ ဟေတံ ဘဂဝတာ = ဤသို့ ဘုရားရှင်သည် ဟောကြားတော်မူအပ်၏' – ဤသို့ အစချီလျက် နိဒါန်း ပျိုးထားသော တရားတော်,

၇။ ဇာတက = ဇာတ်တော်,

၈။ အဗ္ဘုတဓမ္မ = မဖြစ်စဖူး အဦးအသစ် အံ့ဩဖွယ်ရာတို့နှင့် ဆက်စပ်နေ သော တရားတော်,

၉။ ဝေဒလ္လ = အသိထူး ဉာဏ်ထူးကိုလည်း ရရှိ၍ နှစ်သက် ဝမ်းမြောက်မှု ကိုလည်း ရရှိသော အမေး-အဖြေ တရားတော် —

ဘုရားရှင်၏ တရားတော်တို့သည် ဤကဲ့သို့သော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်တို့ ဖြစ်ကြ၏။ တစ်ချိန် ဗြာဟ္မဏအမျိုးဇာတ်မှ သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုလာကြကုန်သော ရဟန်း ငါးရာတို့သည် — "လိင် သုံးပါး, ဧကဝုစ် ဗဟုဝုစ် နှစ်ပါး, ဝိဘတ် (၇)သွယ်, ပုဒ် ဗျည်း စသည်တို့ဖြင့် တရားတော်ကို


©shwehinthar.com

ဟောကြားတော်မူသည်ရှိသော် ငါတို့ သိရှိပြီးသည်ကိုသာလျှင် ဟောကြားတော်မူလတ္တံ့၊ ငါတို့ မသိသည်ကို အဘယ်မှာလျှင် ဟောကြားနိုင်လတ္တံ့နည်း”ဟု နှလုံးပိုက်ကာ ဘုရားရှင်၏ တရားတော်ကို နာယူဖို့ရန် မသွားရောက်ကြကုန်။ ဘုရားရှင်သည် ထိုအကြောင်းအရာကို ကြားသိတော်မူသောအခါ ထိုရဟန်းတို့ကို ခေါ်စေတော် မူပြီးလျှင် “အဘယ်ကြောင့် သင်တို့သည် ဤကဲ့သို့ ပြုကျင့်ကြကုန်သနည်း? တရားတော်ကို ရိုသေစွာ နာယူကြကုန်လော့၊ ရိုသေစွာ တရားတော်ကို နာယူ သူတို့အား-လည်းကောင်း, ရွတ်ဖတ်သရဇ္ဈာယ်သူတို့အားလည်းကောင်း, သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်-သိမြင်သူတို့အားလည်းကောင်း ဤမျှကုန်သော ဤအကျိုးတရားတို့ကို မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်ကုန်၏။ ” ဤသို့ ညွှန်ကြားပြသ ဆိုဆုံးမတော် မူလိုသည် ဖြစ်၍ အောက်ပါ **သောတာနုဂတသုတ္တန်** တရားဒေသနာတော်ကို အားထုတ်တော်မူပေသည်။ (အံ၊၁၊၂၃၆၄။)

**သောတာနုဂတသုတ္တန်ကောက်နုတ်ချက်**

ရဟန်းတို့ . . . ပသာဒသောတမှ ဉာဏသောတသို့ အစဉ်လျှောက်၍ တည်နေကုန်သော, နှုတ်ဖြင့် အဝါးဝစွာ လေ့ကျက်ထားအပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် ရှုပွားသုံးသပ်အပ်ပြီးကုန်သော, တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ် ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်-ကုန်သော အကျိုးဆက်တို့သည်ကား ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ —

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူသော အင်္ဂါကိုးတန်နှင့် ပြည့်စုံသော ပရိယတ်တရားတော်ကို သင်ကြား၏။ ထိုရဟန်းအား ထိုတရားတို့သည် ပသာဒသောတမှ ဉာဏသောတသို့ အစဉ် လျှောက်၍ တည်နေကုန်၏။ နှုတ်ဖြင့် အဝါးဝစွာ လေ့ကျက်ထားအပ်ပြီး ဖြစ်ကုန်၏။ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် ရှုပွားသုံးသပ်အပ်ပြီး ဖြစ်ကုန်၏။ တရားကိုယ် အနက်သဘောအားဖြင့် လည်းကောင်း, အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိဉာဏ်-ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီး ဖြစ်ကုန်၏။ ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ခဲ့သော် [= ပုထုဇန်အဖြစ်နှင့် သေလွန်ခဲ့သော်ဟု ဆိုလို၏။ (အံ၊၁၊၂၃၆၄။)] နတ်ဘုံ တစ်မျိုးမျိုး၌ ဖြစ်နိုင်၏။ ထိုနတ်ဘုံ၌ ချမ်းသာခြင်းရှိသော ထိုပုဂ္ဂိုလ်အား ဓမ္မပဒ အမည်ရသည့် ဒုက္ခသစ္စာ သမုဒယသစ္စာတရားပုဒ်အစုတို့သည် ပေါ်လွင်ထင်ရှား၍ တည်နေကုန်၏။ ရဟန်းတို့ . . . ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ထိုတရားတို့ကို အမှတ်ရ-တတ် ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှေးနှေးလှသေး၏။ တကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။ ရဟန်းတို့ . . . ဤသည်ကား ပသာဒသောတမှ ဉာဏသောတသို့ အစဉ်လျှောက်၍ တည်နေကုန်သော, နှုတ်ဖြင့် အဝါးဝစွာ လေ့ကျက်ထားအပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန်အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် ရှုပွားသုံးသပ်အပ်ပြီးကုန်သော, တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ်ဧကန်ရလိမ့်မည်ဟု မျှော်လင့်-အပ်သော ပထမအကျိုးဆက်တည်း။ (၁)

အလားတူပင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန်းတော်တစ်ပါးက နတ်ပြည်သို့ တက်ရောက်ကာ တရားဟောတော်မူသောအခါ ထိုတရားတော်ကို နာကြားရလျှင် (၂),

သို့မဟုတ်, ဓမ္မကထိက နတ်သားတစ်ဦးဦး၏ တရားတော်ကို နာကြား ရလျှင် (၃),

သို့မဟုတ်, လူ့ဘဝက တရားကျင့်ဖော်ကျင့်ဖက် ရဟန်းတော်တစ်ပါးက နတ်ပြည်သို့ မိမိထက် အလျင်ရောက်နှင့်၍ နောက်မှ နတ်ပြည်သို့ ရောက် ရှိလာသော မိမိအား ထိုအလျင်ရောက်ရှိနေသော နတ်သားက လူ့ဘဝက ကျင့်ခဲ့သော တရားတို့ကို အမှတ်ရရန် သတိပေးလိုက်သောအခါတို့၌လည်း လူ့ပြည်လူ့လောကဝယ် ရဟန်းဘဝဖြင့် မိမိကျင့်ခဲ့သော တရားတို့ကို အမှတ် ပြန်ရလျှင် (၄),

ထိုအခါ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ဆက်လက်ကာ စီးဖြန်းလိုက် သောအခါ မဂ် ဖိုလ် နိဗ္ဗာန်ဟူသည့် တရားထူး


©shwehinthar.com

တရားမြတ်ကို လျင်လျင် မြန်မြန် ရနိုင်ကြောင်းတို့ကို ဆက်လက် ဟောကြားထားတော်မူပေသည်။

(အံ၊၁၊၅၀၄-၅၀၅။)

ပရိယတ္တိအဆင့်မှ ပဋိပတ္တိအဆင့်သို့ ကူးကာ အောင်အောင်မြင်မြင် လက်တွေ့ကျင့်သုံးနိုင်သဖြင့် ပဋိဝေဓသို့ ဆိုက်ရောက်သွားကြသော ထုံးဟောင်း ဥပဒေသများပင် ဖြစ်ကြပေသည်။

✧✧✧


©shwehinthar.com

## တတိယ နာထတရား = ကလျာဏမိတ္တရှိခြင်း

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်း တည်းဟူသော) အဆွေခင်ပွန်းကောင်း ရှိ၏၊ အပေါင်းအဖော်ကောင်း ရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထား ရှိ၏။ ရဟန်းတို့ . . . ယင်းသို့ အဆွေခင်ပွန်းကောင်း ရှိ၏၊ အပေါင်းအဖော်ကောင်း ရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထား ရှိ၏ - ဟူသော ဤတရားသည်လည်း မှီခို အားထားရာကို ပြုတတ်သော နာထတရားတည်း။ (အံ၊၃၊၂၇၅။)

**ကလျာဏမိတ္တသုတ္တန်** (သံ၊၁၊၈၇-၈၈။)

တစ်ချိန် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်တော်၌ ဘုရားရှင်သည် သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ဘုရားရှင်ရှိရာအရပ်သို့ ချဉ်းကပ်လျက် ဘုရားရှင်အား အလွန်ရိုသေစွာ ရှိခိုး ဝတ်ပြုပြီးလျှင် သင့်တင့်လျောက်ပတ်သော တစ်နေရာ၌ ထိုင်လိုက်၏။ တစ်နေရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းကြီးက မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏။

“မြတ်စွာဘုရား . . . ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်လျက် တစ်ယောက်ထီးတည်းနေသော တပည့်တော်အား ဤသို့သော စိတ်အကြံသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါ၏ - ‘မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားထားတော်မူအပ်၏၊ ကောင်းစွာ ဟောကြားထားတော်မူအပ်သော ထိုတရားတော်သည်လည်း (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူအားသာ ဖြစ်၏။ ယုတ်မာသော အဆွေခင်ပွန်း ရှိသော သူအား မဖြစ်၊ ယုတ်မာသော အပေါင်းအဖော်ရှိသော သူအား မဖြစ်၊ ယုတ်မာသော အဆွေခင်ပွန်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူအား မဖြစ် - ဟူသော ဤစိတ်အကြံသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါ၏ မြတ်စွာ ဘုရား”ဟု တင်ပြလျှောက်ထား၏။

ထိုအခါ ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူ၏။

“ဒါယကာတော်မင်းကြီး . . . သင်၏ ဤစိတ်အကြံသည် သင် ကြံစည် သည့်အတိုင်း မှန်၏။ ဒါယကာတော်မင်းကြီး . . . သင်၏ ဤစိတ်အကြံ သည် ကြံစည်သည့်အတိုင်း မှန်၏။ ငါဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားထားတော်မူအပ်ပါ၏။ ကောင်းစွာ ဟောကြားထားတော်မူအပ် သော ထိုတရားသည်လည်း (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမား ကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်းရှိသော သူအားသာ ဖြစ်၏။ အပေါင်းအဖော်ကောင်းရှိသော သူအားသာ ဖြစ်၏၊ အဆွေခင်ပွန်းကောင်း တို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူအားသာ ဖြစ်၏။ ယုတ်မာ သော အဆွေခင်ပွန်းရှိသော သူအား မဖြစ်၊ ယုတ်မာသော အပေါင်းအဖော် ရှိသော သူအား မဖြစ်၊ ယုတ်မာသော အဆွေခင်ပွန်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူအား မဖြစ်။

ဒါယကာတော်မင်းကြီး . . . အခါတစ်ပါး၌ ငါဘုရားသည် သက္ကတိုင်း သာကီဝင်တို့၏ နဂရကအမည်ရသော နိဂုံးရွာ၌ သီတင်းသုံးနေတော်မူ၏။

ဒါယကာတော်မင်းကြီး . . . ထိုအခါ အာနန္ဒာရဟန်းသည် ငါဘုရားရှင် ထံသို့ ချဉ်းကပ်ကာ ငါဘုရားရှင်ကို ရှိခိုးဝတ်ပြုပြီးနောက် တစ်ခုသောနေရာ၌ ထိုင်ပြီးသော် ငါဘုရားရှင်အား ဤစကားကို လျှောက်ထား၏။

“မြတ်စွာဘုရား . . . (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်း ရှိသော သူ၏အဖြစ်, အပေါင်းအဖော်ကောင်း ရှိသော သူ၏အဖြစ်, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူ၏အဖြစ်သည် ဖြူစင်မြင့်မြတ်သော အရိယမဂ်အကျင့်၏ ထက်ဝက်ကို ပြီးစေနိုင်ပါ၏ မြတ်စွာဘုရား”ဟု တင်ပြ လျှောက်ထားလာ၏။

ဒါယကာတော်မင်းကြီး . . . ဤသို့ လျှောက်ထားလာသည်ရှိသော် ငါဘုရားရှင်သည် အာနန္ဒာရဟန်းအား ဤစကားကို မိန့်ကြားတော်မူခဲ့၏။


©shwehinthar.com

အာနန္ဒာ . . . ဤသို့ မပြောဆိုလင့်၊ အာနန္ဒာ . . . ဤသို့ မပြောဆို လင့်၊ အာနန္ဒာ . . . (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်း တည်းဟူသော) အဆွေခင်ပွန်းကောင်း ရှိသော သူ၏အဖြစ်, အပေါင်း-အဖော်ကောင်း ရှိသော သူ၏အဖြစ်, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်း ရှိုင်းသော စိတ်ထားရှိသော သူ၏အဖြစ်သည် ဖြူစင်မြင့်မြတ်သော အရိယမဂ် အကျင့်အားလုံးကို ပြီးစေနိုင်ပါ၏။ အာနန္ဒာ . . . (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်းရှိသော, အပေါင်းအဖော်ကောင်းရှိသော, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူအား ဖြူစင်မြင့်မြတ်သည့် မဂ္ဂင်ရှစ်ပါးကျင့်စဉ် တရားကို ပွားများအားထုတ်လတ္တံ့၊ ဖြူစင်မြင့်မြတ်သည့် မဂ္ဂင်ရှစ်ပါးကျင့်စဉ် တရားကို ကြိမ်ဖန်များစွာ အလေ့အလာပြုလတ္တံ့ဟူသော ဤအကျိုးကို မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်၏။

အာနန္ဒာ . . . အဘယ်သို့လျှင် (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်း ရှိသော, အပေါင်းအဖော်ကောင်း ရှိသော, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထား ရှိသော ရဟန်းသည် ဖြူစင်မြင့်မြတ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ပွားများအားထုတ်သနည်း? ဖြူစင်မြင့်မြတ်သည့် မဂ္ဂင် ရှစ်ပါး ကျင့်စဉ်တရားကို ကြိမ်ဖန်များစွာ အလေ့အလာပြုသနည်း?

အာနန္ဒာ . . . ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှု (= ဝိဝေက)ကို မှီသော, ရာဂကင်းခြင်းကို မှီသော, ရာဂ၏ ချုပ်ခြင်းကို မှီသော, ကိလေသာကို စွန့်ရာ နိဗ္ဗာန်သို့ ညွတ်သော —

၁။ မှန်ကန်သော ဉာဏ်အမြင် = သမ္မာဒိဋ္ဌိကို ပွား၏၊

၂။ မှန်ကန်သော အကြံအစည် = သမ္မာသင်္ကပ္ပကို ပွား၏၊

၃။ မှန်ကန်သော စကား = သမ္မာဝါစာကို ပွား၏၊

၄။ မှန်ကန်သော အမှု လုပ်ငန်းရပ် = သမ္မာကမ္မန္တကို ပွား၏၊

၅။ မှန်ကန်သော အသက်မွေးမှု = သမ္မာအာဇီဝကို ပွား၏၊

၆။ မှန်ကန်သော အားထုတ်မှု = သမ္မာဝါယာမကို ပွား၏၊

၇။ မှန်ကန်သော အောက်မေ့မှု = သမ္မာသတိကို ပွား၏၊

၈။ မှန်ကန်သော စိတ်တည်ကြည်မှု = သမ္မာသမာဓိကို ပွား၏။

အာနန္ဒာ . . . ဤသို့လျှင် (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်း ရှိသော, အပေါင်း အဖော်ကောင်း ရှိသော, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော ရဟန်းသည်သာလျှင် ဖြူစင်မြင့်မြတ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ပွားများအားထုတ်၏။ ဖြူစင်မြင့်မြတ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ အာနန္ဒာ . . . (မိတ်ကောင်း ဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်းရှိသော သူ၏အဖြစ်, အပေါင်းအဖော်ကောင်းရှိသော သူ၏အဖြစ်, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူ၏အဖြစ်သည် ဖြူစင်မြင့်မြတ်သည့် အရိယမဂ်အကျင့်အားလုံးကိုပင် ပြီးစီးစေနိုင်၏ဟူသော ထိုစကားကို ဤအကြောင်းဖြင့်ပင် သိအပ်၏။

အာနန္ဒာ . . . မှန်ပေသည်၊ ကလျာဏမိတ္တ (= အဆွေခင်ပွန်းကောင်း) ဖြစ်သော ငါဘုရားရှင်ကို အကြောင်းပြု၍ ပဋိသန္ဓေ တည်နေရခြင်း သဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေ တည်နေရခြင်း သဘောတရားမှ လွတ်မြောက်သွားကြကုန်၏။ အိုခြင်းသဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် အိုခြင်းသဘောတရားမှ လွတ်မြောက်သွားကြကုန်၏။ နာခြင်းသဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် နာခြင်းသဘောတရားမှ လွတ်မြောက်သွားကြကုန်၏။ သေခြင်းသဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် သေခြင်း သဘောတရားမှ လွတ်မြောက်သွားကြကုန်၏။ ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပူပန်ခြင်းသဘောတရား ထင်ရှား ရှိကြကုန်သော သတ္တဝါတို့သည် ပူဆွေးရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲ


©shwehinthar.com

ရခြင်း, စိတ်ဆင်းရဲရခြင်း, ပြင်းစွာ ပူပန်ရခြင်း သဘောတရားတို့မှ လွတ်မြောက်သွားကြကုန်၏။

အာနန္ဒာ . . . (ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်း တည်းဟူသော) အဆွေခင်ပွန်းကောင်း- ရှိသော သူ၏အဖြစ်, အပေါင်းအဖော် ကောင်း ရှိသော သူ၏အဖြစ်, အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူ၏အဖြစ်သည် ဖြူစင်မြင့်မြတ်သော အရိယမဂ်အကျင့် အားလုံးကို ပြီးစေနိုင်၏ဟူသော ထိုစကားကို ဤအကြောင်းဖြင့်ပင် သိအပ် ၏ဟု မိန့်ကြားတော်မူခဲ့၏။ (အံ၊၁၊၈၇-၈၉)

ဤစာကို ဖတ်ရှုနေသော အသင်သူတော်ကောင်းသည် ဆရာသမားထံမှ လုံးလုံး မသင်ယူဘဲ မိမိ၏ ထိုးထွင်းဉာဏ် သက်သက်ဖြင့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ကျင့်တတ်ပါသလား? ဤမေးခွန်းကို မိမိကိုယ်ကို မိမိ မေးကြည့်ပါ။

လောက၌ ဘုရားသာ မပွင့်ခဲ့လျှင်. . , ဘုရားရှင်ကသာ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို မဟောပြလျှင် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်လျက် ကျင့်နိုင်သော သာဝကသည် မရှိနိုင်လေရာ။ အရှင်သာရိပုတ္တရာကဲ့သို့သော သူတော်ကောင်းကြီးသည်ပင် အရှင်အဿဇိမထေရ်ထံမှ 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' အစချီသည့် သစ္စာလေးပါးနှင့်စပ်သည့် တရားစကားကို နာကြားခွင့် ရရှိပါမှ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်- တရားကို စနစ်တကျ ကျင့်နိုင်ခဲ့ပေသည်။

လောက၌ ဘုရားသာ မပွင့်ခဲ့သဖြင့်, ဘုရားရှင်ကသာ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို မဟောပြလျှင်, မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို မှန်မှန်ကန်ကန် ကျင့်တတ်ဖို့ကား အလွန့်အလွန် မဖြစ်နိုင်လောက်အောင် ခဲယဉ်း လှပေသည်။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို မကျင့်နိုင်ကလည်း မဂ်ဖိုလ် နိဗ္ဗာန် ကို မည်သည့်နည်းနှင့်မျှ မရရှိနိုင်ပေရာ။ မဂ်ဖိုလ် နိဗ္ဗာန်ကို မရရှိကလည်း အို-နာ-သေရေးစသည့် ဒုက္ခဘေးဆိုးကြီးတို့မှ မလွတ်မြောက်နိုင်လေရာ။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့ကို စနစ်တကျ ညွှန်ကြားပြသ ဆိုဆုံးမမည့် ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းဖော် ယှဉ်တွဲ မှီဝဲဆည်းကပ်ခွင့်, တရားတော်ကို နာကြားခွင့် ရရှိရေးကား နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူတို့အတွက် သံသရာဝဋ်ဒုက္ခမီးပုံကြီး၏ ငြိမ်းရာ နိဗ္ဗာန်ဟူသည့် ဟိုမှာဘက်ကမ်းသို့ ရောက်ရှိရေးအတွက် မရှိမဖြစ်သော လိုအပ် ချက်ကြီး တစ်ခုပင် ဖြစ်ပေသည်။

### ကလျာဏမိတ္တဟူသည်

**ကလျာဏမိတ္တော်တိ စေတ္ထ အရိယော။** (သံ၊ဋီ၊၂၊၄၀၉။)

ဤဋီကာအဖွင့်က အရိယာသူတော်ကောင်းတို့ကိုသာ ကလျာဏမိတ္တဟု ဆိုလို၏။ အကောင်းဆုံးသော ကလျာဏ- မိတ္တကို ထုတ်ဆောင်ပြဆိုသော ဥက္ကဋ္ဌနိဒ္ဒေသနည်းတည်း။ ထိုကလျာဏမိတ္တဟူသမျှတို့တွင် ဘုရားရှင်သည်ကား အလုံးစုံ- သော အခြင်းအရာအားဖြင့် ပြည့်စုံသော ကလျာဏမိတ္တပင် တည်း။ ထိုဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပါ။

မရနိုင်ခဲ့သော် မဟာသာဝကကြီး (၈၀)တို့တွင် တစ်ပါးပါးထံ၌, မရနိုင်ခဲ့ သော် ရဟန္တာအရှင်မြတ်တစ်ပါးပါးထံ၌, မရနိုင်ခဲ့သော် အနာဂါမ်, သကဒါဂါမ်, သောတာပန် တစ်ပါးပါးထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပါ။ ဤအရိယာ သူတော်ကောင်း- တို့ကား မှီဝဲဆည်းကပ်ရမည့် ကလျာဏမိတ္တအစစ်တို့ပင် တည်း။

သို့သော် အရိယာသူတော်ကောင်းတည်းဟူသော ကလျာဏမိတ္တကို မရနိုင်ခဲ့သော် ဈာန်ရ ပုထုဇန်ထံ၌, မရနိုင်ခဲ့သော် ပိဋကတ်သုံးပုံ နှုတ်ငုံ ဆောင်နိုင်သည့် တိပိဋကဓရပုဂ္ဂိုလ်ထံ၌, မရနိုင်ခဲ့သော် ပိဋကတ်နှစ်ပုံ နှုတ်ငုံ ဆောင်နိုင်သည့် ဒွိပိဋကဓရပုဂ္ဂိုလ်ထံ၌, မရနိုင်ခဲ့သော် ပိဋကတ်တစ်ပုံ နှုတ်ငုံ ဆောင်နိုင်သည့် ဧကပိဋကဓရပုဂ္ဂိုလ်ထံ၌, မရနိုင်ခဲ့သော် ပရိယတ္တိတရား တော်၌ ကျွမ်းကျင် လိမ္မာတော်မူသော သိက္ခာပုဒ်တို့ကို လွန်ကျူးရမှာ ရှက် ကြောက်တတ်သည့် လဇ္ဇီသူတော်ကောင်းထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပါ။ ဤအဆင့်ဆင့် ဖော်ပြထားသော ပုထုဇန် သူတော်- ကောင်းတို့သည်လည်း မှီဝဲ ဆည်းကပ်ရမည့် ကလျာဏမိတ္တတို့ပင် ဖြစ်ကြသည်။ (ဝိသုဒ္ဓိ၊၁၊၉၅။)

### ကလျာဏမိတ္တ ပညာရှိတို့၏ သဘော

ဤကဲ့သို့သော ကလျာဏမိတ္တအစစ် ဖြစ်တော်မူကြသည့် သူတော်ကောင်းတို့သည်ကား —


©shwehinthar.com

*နယံ နယတိ မေဓာဝီ၊ အဓုရာယံ န ယုဉ္ဇတိ။*

*သုနယော သေယျသော ဟောတိ၊ သမ္မာ ဝုတ္တော န ကုပ္ပတိ။*

*ဝိနယံ သော ပဇာနာတိ၊ သာဓု တေန သမာဂမော။*

(ခု၊၅၊၂၆၆၊ . . . )

၁။ နည်းမှန်လမ်းမှန်ကို နည်းမှန်လမ်းမှန်ဟု ညွှန်ကြားပြသတတ်၏။

၂။ မတိုက်တွန်းသင့် မတိုက်တွန်းထိုက်သည့်လုပ်ငန်းရပ်တို့ကို မည်သည့်အခါမျှ လုပ်သာလုပ်ပါဟု မတိုက်တွန်းတတ်။

၃။ နည်းမှန်လမ်းမှန် အကျင့်မှန်ကို အထွတ်အမြတ် ထားတတ်၏။

၄။ အကျိုးနှင့် အကြောင်းကို ထင်ရှား ဖော်ပြလျက် ကောင်းမွန်စွာ ဆိုဆုံးမ အပ်သည်ရှိသော် မည်သည့်အခါမျှ အမျက် မထွက်တတ်။

၅။ လူ့ဝိနည်း လူ့ကျင့်ဝတ်, ရဟန်းဝိနည်း ရဟန်းကျင့်ဝတ်ကို ထိုကလျာဏ မိတ္တ သူတော်ကောင်းသည် ကောင်း-ကောင်း သိ၏၊ ကောင်းကောင်း ကျင့်၏။

ထိုကြောင့် ပညာရှိသူတော်ကောင်းတည်းဟူသော ကလျာဏမိတ္တနှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ရခြင်းသည် ကောင်းလှပါပေ၏။

(အကိတ္တိဇာတ်။ ခု၊၅၊၂၆၆. . . )

✧✧✧


©shwehinthar.com

### စတုတ္ထ နာထတရား = ဆုံးမလွယ်ကူခြင်း

"ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား - ရဟန်းသည် ဆိုဆုံးမ လွယ်ကူ၏၊ ဆိုဆုံးမလွယ်ကူကြောင်း တရားတို့နှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ ဆိုဆုံးမလွယ်ကူ၏၊ ဆိုဆုံးမလွယ်ကူကြောင်းတရားတို့နှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏" ဟူသော ဤတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။

(အံ၊၃၊၂၇၅။)

အဆုံးအမကို အရိုအသေ ဦးထိပ်ရွက်ပန်ဆင်လျက် ခံယူတတ်ခြင်းသည်ကား မဂ်ဖိုလ် နိဗ္ဗာန်ကို ရရှိရေးအတွက် အလွန် အရေးကြီးလှ၏။ အချို့ပုဂ္ဂိုလ်သည်ကား ဆုံးမသည့် စကားကို လက်ဝဲနားမှ နာယူကာ လက်ျာ နားမှ ထိုအဆုံးအမကို လွှင့်ပစ်တတ်၏။ မကြားယောင်ဆောင်ကာမူလည်း သွားတတ်၏။ သူတော်ကောင်းဖြစ်ချင်သူကား ဤသို့ မပြုကျင့်ဘဲ "အရှင်ဘုရား . . . တပည့်တော်ကို ဆိုဆုံးမတော်မူပါ၊ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဆိုဆုံးမတော်မူပါ။ အရှင်ဘုရားတို့သည် မဆုံးမအပ်ကုန်သည်ရှိ သော် အဘယ်မည်သော တစ်စုံတစ်ယောက်သော အခြားပုဂ္ဂိုလ်တစ်ဦးသည် ဆိုဆုံးမပါအံ့နည်း"ဟု ပြောဆိုကာ အဆုံးအမကို အရိုအသေ ဦးထိပ်ရွက် ပန်ဆင်လျက် ခံယူတတ်ပေသည်။ (အံ၊ဋ္ဌ၊၃၊၂၉၀-၂၉၁။)

### အရှင်ရာဟုလာ

အရှင်ရာဟုလာကား သိက္ခာသုံးရပ် အကျင့်မြတ်ကို လိုလားတောင့်တသည့် အရာ၌ ဧတဒဂ်ဘွဲ့ထူးကို ဆင်မြန်း ရရှိသူ သူတော်ကောင်းတစ်ဦး ဖြစ်၏။ ဆိုဆုံးမလွယ်ကူသည့် သုဝစဂုဏ်နှင့် ပြည့်စုံသူလည်း ဖြစ်၏။ သည်းခံခြင်း ခန္တီတရားနှင့်လည်း ပြည့်စုံ၏။ အဆုံးအမကို ဦးထိပ်ရွက် ပန်ဆင်လျက် အရိုအသေ ခံယူတတ်၏။ မဟာရာဟုလောဝါဒသုတ္တန် (မ၊၂၊ ၈၆-၈၇။) တွင် အရှင်ရာဟုလာကို စံထား၍ ဘုရားရှင်က ရဟန်းတော်တို့ကို ဤသို့ ဆိုဆုံးမထားတော်မူ၏။

"ရာဟုလာ . . . မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ . . . မဟာပထဝီ မြေကြီးနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ . . . ဥပမာသော်ကား - မဟာပထဝီမြေကြီးပေါ်၌ စင်ကြယ်သော အရာဝတ္ထုကိုလည်း ပစ်ချကြကုန်၏၊ မစင်ကြယ်သော အရာဝတ္ထုကိုလည်း ပစ်ချကြကုန်၏၊ ကျင်ကြီးကိုလည်း ပစ်ချကြကုန်၏၊ ကျင်ငယ်ကိုလည်း ပစ်ချကြကုန်၏၊ တံတွေးကိုလည်း ပစ်ချကြကုန်၏၊ ပြည်ကိုလည်း ပစ်ချကြကုန်၏၊ သွေးကိုလည်း ပစ်ချကြကုန်၏။ မဟာပထဝီ မြေကြီးသည် ထိုစင်ကြယ်သောအရာဝတ္ထု မစင်ကြယ်သောအရာဝတ္ထုဖြင့် ငြီးငွေ့ရွံရှာစက်ဆုပ်မှု မဖြစ်။ ရာဟုလာ . . . သင်ချစ်သားသည် ဤဥပမာ အတူသာလျှင် မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ . . . မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများ အားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ . . . ရေနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရေနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံး ယူငင်၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ . . . ဥပမာသော်ကား - ရေ၌ စင်ကြယ်သော အရာဝတ္ထုကိုလည်း ဆေးကြောကြကုန်၏၊ မစင်ကြယ်သော အရာဝတ္ထုကိုလည်း ဆေးကြောကြကုန်၏၊ ကျင်ကြီးကိုလည်း ဆေးကြော ကြကုန်၏၊ ကျင်ငယ်ကိုလည်း ဆေးကြောကြကုန်၏၊ တံတွေးကိုလည်း ဆေးကြောကြကုန်၏၊ ပြည်ကိုလည်း ဆေးကြောကြကုန်၏။ ရေသည် ထိုစင်ကြယ်သော အရာဝတ္ထု, မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ ရွံရှာ စက်ဆုပ်မှု မဖြစ်။ ရာဟုလာ . . . ဤဥပမာအတူသာလျှင် သင်ချစ်သားသည် ရေနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ


©shwehinthar.com

. . . ရေနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ . . . မီးနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ မီးနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ . . . ဥပမာသော်ကား မီးသည် စင်ကြယ်သော အရာဝတ္ထုကိုလည်း လောင်ကျွမ်းပစ်၏၊ မစင်ကြယ်သော အရာဝတ္ထုကိုလည်း လောင်ကျွမ်းပစ်၏၊ ကျင်ကြီးကိုလည်း လောင်ကျွမ်းပစ်၏၊ ကျင်ငယ်ကိုလည်း လောင်ကျွမ်းပစ်၏၊ တံတွေးကိုလည်း လောင်ကျွမ်းပစ်၏၊ ပြည်ကိုလည်း လောင်ကျွမ်းပစ်၏၊ သွေးကိုလည်း လောင်ကျွမ်းပစ်၏။ မီးသည် ထိုစင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ ရွံရှာစက်ဆုပ်မှု မဖြစ်။ ရာဟုလာ . . . ဤဥပမာအတူသာလျှင် သင်ချစ်သားသည် မီးနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများပါ။ ရာဟုလာ . . . မီးနှင့် တူညီ သွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်လျက်ရှိသော သင့်အား ဖြစ်ပေါ် လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံး ယူငင်၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ. . . လေနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ. . . လေနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ . . . ဥပမာသော်ကား လေသည် စင်ကြယ်သော အရာဝတ္ထုကိုလည်း တိုက်ခတ်ဆောင်ယူသွား၏၊ မစင်ကြယ်သော အရာဝတ္ထုကိုလည်း တိုက်ခတ်ဆောင်ယူသွား၏၊ ကျင်ကြီး နံ့ကိုလည်း တိုက်ခတ်ဆောင်ယူသွား၏၊ ကျင်ငယ်နံ့ကိုလည်း တိုက်ခတ် ဆောင်ယူသွား၏၊ တံတွေးနံ့ကိုလည်း တိုက်ခတ်ဆောင်ယူသွား၏၊ ပြည်နံ့ကိုလည်း တိုက်ခတ်ဆောင်ယူသွား၏၊ သွေးနံ့ကိုလည်း တိုက်ခတ်ဆောင်ယူသွား၏။ လေသည် ထိုစင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ ရွံရှာ စက်ဆုပ်မှု မဖြစ်။ ရာဟုလာ . . . ဤဥပမာအတူသာလျှင် သင်ချစ်သားသည် လေနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ . . . လေနှင့် တူညီသွားအောင် စိတ်ဓာတ် ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ . . . ကောင်းကင်နှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ . . . ကောင်းကင်နှင့် တူညီ သွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ . . . ဥပမာသော်ကား ကောင်းကင်သည် တစ်စုံတစ်ခုသော အရပ်၌ မတည်။ ရာဟုလာ . . . ဤဥပမာအတူသာလျှင် သင်ချစ်သားသည် ကောင်းကင်နှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။ ရာဟုလာ . . . ကောင်းကင်နှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများ အားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံတို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်လတ္တံ့.”
(မ၊၂၊၈၆-၈၇။ မဟာရာဟုလောဝါဒသုတ္တန်။)

ဤအထက်ပါ မဟာရာဟုလောဝါဒသုတ္တန်တွင် ဘုရားရှင်က မိမိတို့၏ စိတ်ဓာတ်ကို မဟာပထဝီမြေကြီးနှင့် တူအောင်၊ ရေနှင့် တူအောင်၊ မီးနှင့် တူအောင်၊ လေနှင့် တူအောင်၊ ကောင်းကင်နှင့် တူအောင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ရန် ညွှန်ကြားထားတော်မူ၏။ ထိုညွှန်ကြားချက်ကား လောကဓံ လေပြင်းမုန်တိုင်းတို့ကြောင့် စိတ်ဓာတ်ကို တုန်လှုပ်မှု မရှိအောင် (= တာဒိဂုဏ်နှင့် ပြည့်စုံအောင်) ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရန် ညွှန်ကြားချက် ဖြစ်၏။ အရှင်ရာဟုလာကို စံထား၍ ရဟန်းအားလုံးအား ဆိုဆုံးမတော်မူခြင်း ဖြစ်၏။ မြေ၊ ရေ၊ မီး၊ လေ၊ ကောင်းကင်တို့နှင့် တူညီသွားအောင် စိတ်ဓာတ်ကို မည်သို့ ပွားများအားထုတ်ရမည်နည်း?


©shwehinthar.com

သမထပိုင်း ဝိပဿနာပိုင်းဟု ကျင့်စဉ်အပိုင်းကဏ္ဍ နှစ်ရပ် ရှိပေသည်။ စူဠသုညတသုတ္တန် (မ၊၃၊၁၄၇-၁၅၁။)၌ ညွှန်ကြားထားတော်မူသည့်အတိုင်း သမထပိုင်းတွင် ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယော-ကသိုဏ်း၊ အာကာသကသိုဏ်းတို့ကို ပွားများနိုင်၏။

ပထဝီကသိုဏ်းကို အောင်အောင်မြင်မြင် ပွားများနိုင်သော ယောဂါဝစရပုဂ္ဂိုလ်သည် ကသိုဏ်းဝန်းကို အရပ် (၁၀)မျက်နှာ အနန္တစကြဝဠာသို့ တိုင်အောင် ဖြန့်ကြက်လိုက်နိုင်သောအခါ သစ်ပင် ရေ မြေ တောတောင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါစသည်ကို မတွေ့တော့ဘဲ မဟာပထဝီ မြေတစ်ခုတည်းအဖြစ်သာ တွေ့မြင်နေ၏။ ထိုကဲ့သို့ ဖြန့်ကြက်-ထားသော ပထဝီကသိုဏ်းကို အာရုံယူကာ သမာဓိကို အဆင့်ဆင့် ထူထောင်နိုင်ခဲ့သော် စတုတ္ထဈာန်သမာဓိအထိ ပေါက်ရောက်နိုင်၏။ ထိုပထဝီကသိုဏ်းကို ခွာကာ အာကာသကို တစ်ဖက်သတ် နှလုံးသွင်းနိုင်ခဲ့သော် အာကာသာ-နဉ္စာယတနဈာန် အစရှိသည့် အရူပဈာန်လေးပါးတို့ကို အစဉ်အတိုင်း ကူးတက်သွားနိုင်၏။ ထိုဈာန်သမာပတ် (၈)ပါးတို့က နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံ အတွေ့အထိကြောင့် ဖြစ်ပေါ်လာမည့် . . လောဘနှင့် ယှဉ်တွဲနေသော စိတ်ဓာတ်၊ ဒေါသနှင့် ယှဉ်တွဲနေသော စိတ်ဓာတ် စသည့် ကိလေသာနှင့် ယှဉ်တွဲနေသော စိတ်ဓာတ်တို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ခပ်ကြာကြာ ခွာထား နိုင်ရကား စိတ်ဓာတ်သည် အခိုက်အတန့်အားဖြင့် ဖြူစင်သန့်ရှင်းလျက် ရှိ၏။ မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများထားခြင်း ပင်ဖြစ်၏။

အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်းတို့၌လည်း နည်းတူ သဘောပေါက်ပါ။ အာကာသ-ကသိုဏ်းကား စတုတ္ထဈာန်သမာဓိ အထိသာ ဆိုက်ရောက်နိုင်၏။ ထိုကဲ့သို့ အဆင့်ဆင့်သော ဈာန်သမာဓိသို့ ဆိုက်အောင် ပွားများအားထုတ်နိုင်ပါက မဟာပထဝီမြေကြီးနှင့် တူညီသော စိတ်ဓာတ်၊ ရေနှင့် တူညီသော စိတ်ဓာတ်၊ မီးနှင့် တူညီသော စိတ်ဓာတ်၊ လေနှင့် တူညီသောစိတ်ဓာတ်၊ ကောင်းကင်နှင့် တူညီသော စိတ်ဓာတ်များ ယာယီအခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လာနိုင်၏။

မြေ-ရေ-မီး-လေ-ကောင်းကင်တို့နှင့် တူညီသော စိတ်ဓာတ် ထာဝရဖြစ်ပေါ်ရေးအတွက်ကား ဝိပဿနာ ဘာဝနာ-ကမ္မဋ္ဌာန်းဖြင့် မိမိတို့၏ စိတ်ဓာတ်ကို ထုံမွမ်းပေးရမည် ဖြစ်၏။ ထိုထိုကသိုဏ်းဈာန်တို့ကို ဝင်စားလျက် ထိုထိုဈာန်မှ ထသောအခါ ထိုထိုဈာန်နာမ်တရားတို့ကို သိမ်းဆည်းရ၏၊ ထိုဈာန်နာမ်တရားတို့၏ မှီရာဝတ္ထုရုပ်တို့ကို သိမ်းဆည်းရ၏။ ထိုရုပ်နာမ်တို့၏ အကြောင်းတရားတို့ကို သိမ်းဆည်းရ၏။ အကြောင်းတရားနှင့် တကွ သော ထိုထိုရုပ်နာမ်တို့ကို လက္ခ-ဏာရေး သုံးတန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုပွားအပ်၏။ အလားတူပင် ကာမာဝစရတရားတို့ကိုလည်း ဝိပဿ-နာရှုပွားသုံးသပ်အပ်၏။ ထိုထိုဝိပဿနာဉာဏ်တို့ကလည်း ကိလေသာတို့ကို တဒင်္ဂအားဖြင့် ပယ်ရှားနိုင်သည်သာ ဖြစ်၏။ ထိုအခိုက်တွင်လည်း မြေ-ရေ-မီး-လေ-ကောင်းကင်တို့နှင့် တူညီသော စိတ်ဓာတ်များ တဒင်္ဂအားဖြင့် ဖြစ်ပေါ်နေပေ-လိမ့်မည်။

တစ်ဖန် ထိုဝိပဿနာဉာဏ်တို့ကို ရင့်ကျက်အောင် ဝိပဿနာဉာဏ်စဉ်အတိုင်း အဆင့်ဆင့် ကြိုးပမ်းလိုက်သော-အခါ ထိုရင့်ကျက်လာသော ဝိပဿနာဉာဏ်တို့၏ အဆုံး၌ အဆင့်ဆင့်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံယူကာ တစ်ဆင့်ပြီးတစ်ဆင့် ပါရမီအားလျော်စွာ ဆက်လက် ဖြစ်ပေါ်-လာကြမည် ဖြစ်၏။ စူဠရာဟုလောဝါဒသုတ္တန် (မ၊၃၊၃၂၄-၃၂၇။)ကို နာကြားခွင့် ရရှိသော အရှင်ရာဟုလာကဲ့သို့လည်း ဖြစ်နိုင်၏။ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်၏။ ထိုအခါ အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တရား-တော်မြတ်ကြီး၏ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရသော အဆင့်ဆင့်သော အရိယမဂ်ဉာဏ်တို့က ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို အဆင့်ဆင့် ပယ်သတ်လိုက်သောအခါ ကိလေသာအပူမီးတို့သည် လောင်စာကုန်သဖြင့် မီးပုံကြီး အပြီးတိုင် ငြိမ်းသကဲ့သို့ အငြိမ်းကြီး ငြိမ်းသွားကြကုန်၏။

ကိလေသာအပူမီးတို့ အငြိမ်းကြီး ငြိမ်းသွားသောအခါ မဟာပထဝီ မြေကြီးနှင့် တူညီသော စိတ်ဓာတ်၊ ရေနှင့် တူညီသော စိတ်ဓာတ်၊ မီးနှင့် တူညီသော စိတ်ဓာတ်၊ လေနှင့် တူညီသော စိတ်ဓာတ်၊ ကောင်းကင်နှင့် တူညီသော စိတ်ဓာတ်ကို အပြီးတိုင် ပွားများထားပြီး ဖြစ်ပေသည်။ ထိုအခါ ထိုကဲ့သို့သော သူတော်ကောင်းသည် ဆိုဆုံးမလွယ်ကူသည့် သုဝစပုဂ္ဂိုလ်နှင့် ပြည့်စုံကြကုန်သော သူတော်ကောင်းတို့တွင် အထွတ်အထိပ်သို့ ဆိုက်ရောက် နေသော သုဝစပုဂ္ဂိုလ်နှင့်


©shwehinthar.com

ပြည့်စုံသည့် သူတော်ကောင်း တစ်ဦးပင် ဖြစ်ပေ သည်။ သို့သော် ထိုကဲ့သို့ အထွတ်အထိပ် မရောက်သေးစေကာမူ စွမ်းနိုင်သမျှ သုဝစဂုဏ်နှင့် ပြည့်စုံအောင်ကား ရှင်ရဟန်းတိုင်း ကြိုးပမ်းရမည်သာ ဖြစ်ပေ သည်။

✧✧✧

## ပဉ္စမ နာထတရား = ကူညီရိုင်းပင်းမှုရှိခြင်း

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်းဟု ဆို၍ ပြုလုပ်အပ်သော အယုတ်အမြတ်ဖြစ်သော အမှုကိစ္စတို့၌ လိမ်မာ၏၊ ပျင်းရိခြင်း မရှိ၊ ထိုအမှုကိစ္စတို့၌ အကြောင်းကို စူးစမ်းသော ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီမံခန့်ခွဲရန် စွမ်းနိုင်၏။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ သီတင်းသုံးဖော်တို့၏။ ပ ။ စီမံခန့်ခွဲရန် စွမ်းနိုင်၏ ဟူသော ဤတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ၊၃၊၂၇၅။)

သာသနာတော်ကို မှီခိုနေထိုင်ကြသူအချင်းချင်း တစ်ဦးကို တစ်ဦး ကူညီရိုင်းပင်းမှုကား လိုအပ်လျက် ရှိ၏။ သပိတ်ဖုတ်ခြင်း, သင်္ကန်းချုပ်ခြင်း, သင်္ကန်းဆိုးခြင်း စသော လုပ်ငန်းရပ်တို့၌ တစ်ဦးကို တစ်ဦးက သွန်သင်ပြသ ပေးမှု ရိုင်းပင်းကူညီမှု, မကျန်းမာသည့်အခါ ကူညီရိုင်းပင်းမှုတို့ကား လိုအပ်လျက်ပင် ရှိ၏။ ဝိနည်းကျင့်ဝတ်များကို သင်ပေးခြင်း, ကမ္မဋ္ဌာန်းသင်ပေးခြင်း စသည်တို့သည်လည်း ကလျာဏမိတ္တအစစ် ဖြစ်ကြသည့် ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းတို့၏ တာဝန်ဝတ္တရားများပင် ဖြစ်ကြ၏။ ထိုကဲ့သို့သော ဝေယျာဝစ္စကုသိုလ် ဓမ္မဒါနကုသိုလ်တို့ကလည်း ကောင်းကျိုးတရားတို့ကို ပေးနိုင်သည့် စွမ်းအားရှိခြင်းကြောင့် မှီခိုအားထားရာ နာထတရား တစ်ခုပင် ဖြစ်ရပေသည်။

✧✧✧

 ©shwehinthar.com

### ဆဋ္ဌ နာထတရား = တရားကို မြတ်နိုးခြင်း

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်စကားကို ပြောဆို-တတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရားတော်၌ များစွာ မြတ်နိုးခြင်းရှိ၏။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ "တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်စကားကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရားတော်၌ များစွာ မြတ်နိုးခြင်း ရှိ၏"ဟူသော ဤတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ၊၃၊၂၇၅-၂၇၆။)

ရဟန်းတော်တစ်ပါးအနေဖြင့် သုတ္တန်တရားတော်, အဘိဓမ္မာတရားတော်, ဝိနည်းတရားတော်ဟူသော လွန်ကဲမြင့်မြတ်သော တရားသုံးမျိုးလုံး၌ ချစ်မြတ်နိုးမှု လိုလားတောင့်တမှု ရှိရမည် ဖြစ်သည်။ အချို့ပုဂ္ဂိုလ်တို့ကား သုတ္တန်-တရားတော်နှင့် ဝိနည်းတရားတော်၌ လွန်စွာ ချစ်မြတ်နိုးမှု ရှိသော်လည်း အဘိဓမ္မာတရားတော်၌ကား လွန်စွာ ချစ်မြတ်နိုးမှု မရှိကြပေ။ ထိုအဘိဓမ္မာ ဒေသနာတော်သည်ကား သာဝကတစ်ဦး မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးအတွက် မလိုအပ်သော အချက်တစ်ရပ်ဟု ယူဆပြောဆိုတတ်ကြ၏။

အထက်တွင် ဒုတိယနာထတရားပိုင်း၌ ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓစသည့် (၁၁)မျိုးသော အခြင်း အရာအားဖြင့် တည်ရှိနေသော ဥပါဒါနက္ခန္ဓာငါးပါး (= ရုပ်တရား နာမ်တရား) ဟူသည့် ဒုက္ခသစ္စာတရားစုနှင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသည့် သမုဒယသစ္စာတရားစုတို့ကား ဝိပဿနာဉာဏ်ဖြင့် ရှုပွားသုံးသပ်ရမည့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတရားတို့ ဖြစ်ကြ၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာမရှုမီ ထိုတရားတို့ကို ပထမရှေးဦးစွာ သိအောင် ကြိုးပမ်းရမည် ဖြစ်၏။

ထိုသို့ ကြိုးပမ်းရာ၌ ယင်းတရားတို့ကို ရှေးဦးစွာ ဆရာသမားထံ၌ သင်ယူရမည်ဖြစ်၏။ ထိုနောင် တကယ်လက်-တွေ့ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းရမည် ဖြစ်၏။

ထိုသို့ ကြိုးပမ်းရာ၌ ထိုဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသည့် ပရမတ္ထ တရားတို့ကို နိရောဓသစ္စာ မဂ္ဂသစ္စာသို့ ဆိုက်သည့်တိုင်အောင် သဘောတရား ရေးရာပိုင်း လက်တွေ့ပိုင်းအားဖြင့် အဘက်ဘက်မှ နားလည်အောင် အသေး-စိတ် ရှင်းလင်းတင်ပြကာ ဟောကြားထားတော်မူသော ဒေသနာတော်ကား အဘိဓမ္မာဒေသနာတော်ပင် ဖြစ်၏။ ထိုအဘိဓမ္မာဒေသနာတော်ကို မဂ် ဖိုလ် နိဗ္ဗာန်ရရှိရေးအတွက် မလိုအပ်ပါဟု ပယ်ရှားနေသူတို့ကား မှန်ကန်တိကျ သည့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကိုပင် ပယ်ရှားနေသူတို့ ဖြစ်ကြ၏။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကိုမျှ မှန်မှန်ကန်ကန် တိတိကျကျ မရရှိသေးသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် မည်သို့မည်ပုံ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ဘုရားရှင်၏ အလိုတော်ကျအတိုင်း စီးဖြန်း နိုင်ပါအံ့နည်း။ ဘုရားရှင် သတ်မှတ်ထားတော်မူသည့် မှန်ကန်တိကျသည့် ဝိပဿနာဉာဏ်ကိုမျှ မရရှိသေးသူသည် အဘယ်မှာလျှင် တကယ်စစ်မှန်သည့် မဂ် ဖိုလ် နိဗ္ဗာန်ကို ရရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် **အဋ္ဌသာလိနီအဋ္ဌကထာ** က ထိုကဲ့သို့ အဘိဓမ္မာကို ပယ်ရှားလိုသူတို့ကို ဤသို့ သတိပေးထား၏။

#### အဘိဓမ္မာကို ပယ်သူ

**အဘိဓမ္မံ ပဋိဗာဟေန္တော ဣမသ္မိံ ဇိနစက္ကေ ပဟာရံ ဒေတိ၊ သဗ္ဗညုတညာဏံ ပဋိဗာဟတိ၊ သတ္ထု ဝေသာရဇ္ဇဉာဏံ ပဋိနိဝတ္တေတိ၊ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ၊ အရိယမဂ္ဂေ အာဝရဏံ ဗန္ဓတိ၊ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု ဧကသ္မိံ သန္ဒိဿတိ ဥက္ခေပနီယကမ္မတဇ္ဇနီယကမ္မာရဟော ဟောတိ။ တံ တံ ကမ္မံ ကတွာ ဥယျောဇေတဗ္ဗော 'ဂစ္ဆ ဝိဃာသာဒေါ ဟုတွာ ဇီဝိဿသီ'တိ။** (အဘိ၊ဋ္ဌ၊၁၊၃၀။)

= အဘိဓမ္မာကို ပယ်ရှားသူသည် (= တားမြစ်ပိတ်ပင်သော သူသည်) ဤ ငါးမာရ်အောင်မြင် ဘုရားရှင်၏ တရားဓမ္မ-စက်၌ ပုတ်ခတ်စော်ကားခြင်းကို ပေး၏။ သဗ္ဗညုတဉာဏ်တော်ကို တားမြစ်၏၊ ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်မြတ်ကို ဆုတ်နစ်စေ၏၊ နာယူလိုသော = လိုက်နာပြုကျင့်လိုသော ပရိသတ်ကို ချွတ်ယွင်းစေ၏။ အရိယမဂ်၌ အတားအမြစ် အပိတ်အပင်ကို ဖွဲ့ချည်ထား၏၊ (၁၈)မျိုးသော သံဃာကွဲပြားခြင်းကို ပြုလုပ်တတ်သော ဘေဒကရဝတ္ထုတို့တွင် တစ်ခုခု၌


©shwehinthar.com

ထင်ရှားပြနေ၏။ သံဃာ့ဘောင်မှ နှင်ထုတ်ခြင်း = ဥက္ခေပနီယကံ, သံဃာတော်က ခြိမ်းခြောက်ခြင်း = တဇ္ဇနီယကံကို ပြုလုပ်ခြင်းငှာ ထိုက်၏။ ထိုထို သံဃာ့ကံကို ပြုလုပ်ကာ 'သွားပေတော့ . . . စားကြွင်းစားဖြစ်ကာ အသက်မွေးပေတော့' ဟု ပြောဆိုကာ သံဃာ့ဘောင်မှ နှင်ထုတ်ထိုက်၏။ (အဘိ၊၄၊၁၊၃၀။)

ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်မြတ်ကို ဆုတ်နစ်စေပုံကို သဘော ပေါက်ရန် ရဲရင့်ကြောင်း (= ဝေသာရဇ္ဇ) ဉာဏ်တော်မြတ် လေးပါးတို့ကို ဆက်လက် တင်ပြအပ်ပါသည်။

**ဝေသာရဇ္ဇဉာဏ်တော်မြတ် (၄) ပါး**

ရဟန်းတို့ . . . မြတ်စွာဘုရား၏ ရဲရင့်ကြောင်း (= ဝေသာရဇ္ဇ)ဉာဏ်တို့သည် ဤလေးမျိုးတို့တည်း။ ယင်း-ဝေသာရဇ္ဇဉာဏ်တော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆိုတော်မူ၏၊ မြတ်သော တရားဓမ္မစက်ကို လည်ပတ်စေတော်မူ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ —

၁။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသည့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဟု ဝန်ခံတော်မူသော အရှင်ဘုရားသည် "ဤမည်သော တရားတို့ကို ထိုးထွင်း၍ မသိအပ်ကုန်သေး"ဟု ငါဘုရားရှင်ကို သမဏဖြစ်စေ, ဗြာဟ္မဏ-ဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ, လောက၌ တစ်စုံတစ်ယောက်သော သူဖြစ်စေ ထိုအရာ၌ အကြောင်း-ယုတ္တိနှင့် တကွ စောဒနာ နိုင်မည့် အရိပ်နိမိတ်ကို ငါဘုရား မြင်တော်မမူသောကြောင့် ငြိမ်းအေးခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက် နေတော်မူရ၏။

၂။ အာသဝေါတရားတို့ ကုန်ပြီဟု ဝန်ခံတော်မူသော အရှင်ဘုရားအား "ဤမည်သော အာသဝေါတရားတို့သည် မကုန်သေးကုန်"ဟု ငါဘုရားရှင်ကို သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ, လောက၌ တစ်စုံတစ်ယောက်သောသူဖြစ်စေ ထိုအရာ၌ အကြောင်းယုတ္တိနှင့် တကွ စောဒနာနိုင်မည့် အရိပ်နိမိတ်ကို ငါဘုရား မြင်တော်မမူသောကြောင့် ငြိမ်းအေးခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက် နေတော်မူရ၏။

၃။ "ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို (တစ်နည်း - သဂ္ဂန္တရာယ် မောက္ခန္တရာယ် ကို) ပြုတတ်ကုန်၏ဟု အရှင်ဘုရား ဟောကြားထားတော်မူသော ထိုတရား တို့သည် [သိလျက်နှင့် လွန်ကျူးအပ်သော အာပတ် (၇)ပုံတို့တည်း။ (အံ၊၄၊၂၊၂၅၅။)] ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို (သဂ္ဂန္တရာယ် မောက္ခန္တရာယ်ကို) မပြု စွမ်းနိုင်ကုန်"ဟု ငါဘုရားရှင်ကို သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ, လောက၌ တစ်စုံတစ်ယောက်သောသူဖြစ်စေ ထိုအရာ၌ အကြောင်းယုတ္တိနှင့် တကွ စောဒနာနိုင်မည့် အရိပ်နိမိတ်ကို ငါဘုရား မြင်တော်မမူသောကြောင့် ငြိမ်းအေးခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက် နေတော်မူရ၏။

၄။ "သံသရာဝဋ်ဆင်းရဲဒုက္ခ ကုန်ခြင်းငှာ အရှင်ဘုရား ဟောကြားထားတော် မူအပ်သော နိယျာနိကတရားတော်-သည် ဟောကြားထားတော်မူသည့်အတိုင်း ကျင့်သောသူအား သံသရာဝဋ်ဆင်းရဲဒုက္ခ ကုန်ရန် ကောင်းစွာ မထုတ်ဆောင်နိုင်"ဟု ငါဘုရားရှင်ကို သမဏဖြစ်စေ, ဗြာဟ္မဏဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ, လောက၌ တစ်စုံတစ်ယောက်သောသူဖြစ်စေ ထိုအရာ၌ အကြောင်းယုတ္တိနှင့် တကွ စောဒနာနိုင်မည့် အရိပ်နိမိတ်ကို ငါဘုရား မြင်တော်မမူသောကြောင့် ငြိမ်းအေးခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေတော်မူရ၏။

ရဟန်းတို့ . . . မြတ်စွာဘုရား၏ ရဲရင့်ကြောင်း (= ဝေသာရဇ္ဇ) ဉာဏ်တော်တို့သည် ဤလေးမျိုးတို့တည်း။ ယင်း-ဝေသာရဇ္ဇဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံတော်မူ၏။ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆိုတော်မူ၏၊ မြတ်သော တရားဓမ္မစက်ကို လည်ပတ်စေတော်မူ၏။ (အံ၊၁၊၃၁၅။)

**နိယျာနိကတရားကောင်း**

ဤလေးမျိုးသော ဝေသာရဇ္ဇဉာဏ်တော်တို့တွင် စတုတ္ထမြောက် ဝေသာရဇ္ဇဉာဏ်တော်မြတ်အကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြ လိုပေသည်။

ဘုရားရှင်သည် သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းအဖြစ် ဖြူစင်မြင့်မြတ်-


©shwehinthar.com

သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ် တရားများကို - **ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ** = ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ် အရိယသစ္စာတရား (မ၊၁၈၈။) - ဟု ဟောကြား ထားတော်မူခဲ့၏။ ထို မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့တွင် သမ္မာဒိဋ္ဌိလည်း အင်္ဂါတစ်ပါး အဖြစ် ပါဝင်လျက်ရှိ၏။ ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန်တွင် သမ္မာဒိဋ္ဌိကို အောက်ပါအတိုင်း လေးမျိုးခွဲကာ ဟောကြား ထားတော်မူ၏။

ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ (မ၊၁၈၈။)

ရဟန်းတို့ . . . ဒုက္ခသစ္စာ၌ သိသောဉာဏ်, သမုဒယသစ္စာ၌ သိသော ဉာဏ်, ဒုက္ခချုပ်ရာ နိရောဓသစ္စာ၌ သိသောဉာဏ်, ဒုက္ခချုပ်ရာ နိရောဓသို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်သည့် မဂ္ဂသစ္စာ၌ သိသောဉာဏ်သည် ရှိ၏။ ရဟန်းတို့ . . . ဤလေးမျိုးသော ဉာဏ်ကို သမ္မာဒိဋ္ဌိဟု ခေါ်ဆိုအပ်၏။

ဤဒေသနာတော်အရ ဒုက္ခသစ္စာ၌ သိသောဉာဏ်သည် သမ္မာဒိဋ္ဌိ မည်၏၊ သမုဒယသစ္စာ၌ သိသောဉာဏ်သည်လည်း သမ္မာဒိဋ္ဌိ မည်၏။ ယင်း နှစ်မျိုးသော သမ္မာဒိဋ္ဌိသည်လည်း သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းတို့တွင် အင်္ဂါရပ်တစ်ခုအဖြစ် ပါဝင်လျက် ရှိ၏။

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။** (မ၊၁၈၂။)ဟူသော ဒေသနာတော်နှင့် အညီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး သည် ဒုက္ခသစ္စာမည်ရကား ယင်းဒုက္ခသစ္စာတရားကို သိသောဉာဏ်သည် သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းပင် ဖြစ်၏။

ယံ ကိဉ္စိ ဘိက္ခဝေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ။ အယံ ဝုစ္စတိ ရူပုပါဒါနက္ခန္ဓော။ (သံ၊၂၊၃၉။ . . . )

ဤသို့စသည်ဖြင့် ဟောကြားထားတော်မူသော ခန္ဓသုတ္တန်နှင့် အညီ အာသဝေါတရားတို့၏ အာရုံဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် ငါ-ငါ့ဥစ္စာဟု စွဲလမ်းဆုပ်ကိုင်ရာဖြစ်သော အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခသစ္စာမည်ရကား, ထိုဒုက္ခသစ္စာကို သိတတ်သော ဉာဏ်သည်လည်း သမ္မာဒိဋ္ဌိမည်ရကား ထိုသမ္မာဒိဋ္ဌိကိုလည်း သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းအဖြစ် အသိအမှတ် ပြုရမည်သာ ဖြစ်သည်။

အကယ်၍ ယောဂီသူတော်ကောင်းတစ်ဦးအနေဖြင့် ထိုအတိတ် အနာဂတ် ပစ္စုပ္ပန် စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသည့် ဥပါဒါနက္ခန္ဓာငါးပါး ပရမတ် ရုပ်တရား နာမ်တရားတို့ကို သာဝကတို့သည် ရှု၍ မရနိုင်၊ ဝိပဿနာမရှုကောင်းဟု ယူဆယုံကြည်ခဲ့လျှင် ပြောဆိုခဲ့လျှင် ထိုယုံကြည်ချက် ပြောဆိုချက်သည် “ယင်းသမ္မာဒိဋ္ဌိ-ဉာဏ်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းဖြစ်သည်”ဟု ရဲရဲဝံ့ဝံ့ ဟောကြားတော်-မူသော ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်မြတ်ကို တားမြစ်ပိတ်ပင်ရာ ရောက်ပေသည်။

တစ်ဖန် အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် တိတ္ထာယတနသုတ္တန် (အံ၊၁၊ ၁၇၈။)နှင့် သစ္စဝိဘင်းပါဠိတော် (အဘိ၊၂၊၁၁၂-၁၁၇။) တို့၌ ဘုရားရှင် ဟောကြား ထားတော်မူသည့်အတိုင်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော အကြောင်း-တရားတို့သည် သမုဒယသစ္စာ မည်ပေသည်။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီး (ပဋိသံ၊၅၀။)ကို ကိုးကား၍ အဋ္ဌကထာကြီး များကလည်း –

*အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။*

*ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။*

(အဘိ၊ဋ္ဌ၊၂၊၁၈၂။ ဝိသုဒ္ဓိ၊၂၊၂၁၄။)

အတိတ်အကြောင်းတရား ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ငါးပါး ဖြစ်၏။ ပစ္စုပ္ပန်အကြောင်းတရား ငါးပါးကြောင့်


©shwehinthar.com

အနာဂတ်အကျိုးတရား ငါးပါးဖြစ်၏ဟု ဖွင့်ဆိုထားကြ၏။

ဤဒေသနာတော်များ ဖွင့်ဆိုချက်များနှင့် အညီ အတိတ်ဘဝက ပြုစု ပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အတိတ်အကြောင်းတရား ငါးပါး သမုဒယသစ္စာတရားကြောင့် ဤဘဝတွင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး ပစ္စုပ္ပန်အကျိုးတရား ငါးပါးဟူသော ဒုက္ခသစ္စာတရား ဖြစ်၏။

တစ်ဖန် ဤဘဝတွင် ပြုစုပျိုးထောင်လိုက်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရား- ငါးပါး သမုဒယသစ္စာတရားကြောင့် နောင်အနာဂတ်ဘဝတွင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး အနာဂတ်အကျိုးတရား ငါးပါးဟူသော ဒုက္ခသစ္စာတရားသည် ထင်ရှားဖြစ်၏။

ယောဂါဝစရပုဂ္ဂိုလ်သည် ဤကဲ့သို့သော သမုဒယသစ္စာကြောင့် ဤ ကဲ့သို့သော ဒုက္ခသစ္စာတရား ထင်ရှားဖြစ်ပုံကို သိအောင် ရှုရမည် ဖြစ်၏။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံကို သိသောဉာဏ်သည်လည်း သမ္မာဒိဋ္ဌိ မည်ရကား ယင်းသမ္မာဒိဋ္ဌိမှာလည်း သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်း နိယျာနိကတရားကောင်း တစ်ခုအဖြစ် ပါဝင်လျက်ပင် ရှိ၏။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးက ဤကဲ့သို့သော သမုဒယသစ္စာကြောင့် ဤကဲ့သို့သော ဒုက္ခသစ္စာဖြစ်ပုံကို သာဝကတစ်ဦး အနေဖြင့် ရှု၍ မရနိုင်ဟု လက်ခံယုံကြည်သည် ဖြစ်အံ့၊ ပြောဆိုလာသည် ဖြစ်အံ့၊ ယင်းသမ္မာဒိဋ္ဌိသည်လည်း သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်း ဖြစ်ပါသည်ဟု ရဲရဲဝံ့ဝံ့ ဟောကြားတော်မူသော ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်မြတ်ကို တားမြစ်ပိတ်ပင်နေသည်ပင် မည်ပေသည်။

## ဘုရားရှင်တို့၏ စကားတော်ဟူသည်

**ယဉ္စ ဘိက္ခဝေ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ရတ္တိံ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ၊ ယံ ဧတသ္မိံ အန္တရေ ဘာသတိ လပတိ နိဒ္ဒိသတိ၊ သဗ္ဗံ တံ တထေဝ ဟောတိ နော အညထာ။ တသ္မာ "တထာဂတော"တိ ဝုစ္စတိ။** (အံ၊၁၊၃၃၂၊လောကသုတ္တန်။)

= ရဟန်းတို့ . . . အကြင်ညဉ့်၌လည်း တထာဂတ အမည်ရတော်မူသော သင်တို့ဆရာ ငါဘုရားသည် အတုမရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ဟု ခေါ်ဆိုအပ်သော သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကို ထိုးထွင်း သိမြင်တော်မူ၏။ အကြင်ညဉ့်၌လည်း ခန္ဓာငါးပါးတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဟု ခေါ်ဆိုအပ်သော အနုပါဒိသေသ- နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။ ထိုညဉ့်တို့၏ အတွင်း၌ အကြင်တရားစကား တော်ကို ပြောဆိုတော်မူ၏၊ မိန့်မြွက်တော်မူ၏၊ ညွှန်ကြားတော်မူ၏။ ထိုအလုံးစုံသော တရားစကားတော်သည် ပြောဆိုတော်မူသည့်အတိုင်း မိန့်မြွက်တော်မူသည့်အတိုင်း ညွှန်ကြားတော်မူသည့်အတိုင်း မှန်သည်သာလျှင် ဖြစ်ပေ၏။ မမှန်ဟူသော အခြားတစ်မျိုးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း မည်သည် မရှိသည်သာတည်း။ ထို့ကြောင့် . . သင်တို့ဆရာ ငါဘုရားကို **"တထာဂတ"**ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (အံ၊၁၊၃၃၂။)

ဤအထက်ပါ လောကသုတ္တန် ဒေသနာတော်နှင့် အညီ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိတော်မူသည့် မဟာသက္ကရာဇ် (၁၀၃)ခု ကဆုန် လပြည့်နေ့ ညဉ့်မှစ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသည့် မဟာသက္ကရာဇ် (၁၄၈)ခု ကဆုန်လပြည့်နေ့ ညဉ့်အထိ (၄၅)ဝါ အတွင်း၌ ဘုရားရှင်၏ ဟောကြားပြသ ဆိုဆုံးမထားတော်မူအပ်သော တရားစကားတော်သည်ကား ဟောကြားပြသ ဆိုဆုံးမထားတော်မူသည့်အတိုင်း အမှန်ချည်းသာ ဖြစ်သောကြောင့် မမှန် ဟူသော အခြားတစ်မျိုးသော အခြင်းအရာအားဖြင့်လည်း ဖြစ်ရိုးဓမ္မတာ မရှိသောကြောင့် ဘုရားရှင်၏ သုတ္တအမည်ရတော်မူသည့် တရားတော်များကို ယောဂီသူတော်ကောင်း တစ်ဦးအနေဖြင့် လက်မခံလိုဘဲ ပယ်လှန်လိုသည် ဖြစ်အံ့၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီ (၁၀)ပါး, အပြား (၃၀)တို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူပြီးမှ ရရှိလာသည့် သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ဟောကြားထားတော်မူသည့် တရားတော်များကို ပယ်ရှားလိုသော သူတော်ကောင်းတစ်ဦး၏ သန္တာန်၌ သဗ္ဗညုတဉာဏ်တော်မြတ်ကို ယှဉ်ပြိုင်ကာ စင်ပြိုင်

သာသနာတစ်ရပ်ကို ထူထောင်နိုင်သည့် ဉာဏ်စွမ်း ဉာဏ်စ ရှိ-မရှိကိုကား စဉ်းစားနှိုင်းချိန်သင့်လှပေသည်။

သို့သော် ဘုရားရှင်ကိုယ်တော်တိုင်က နာမည်ကျော် ဥပကကြီးအား ဤသို့ မိန့်ကြားထားတော်မူခဲ့ဖူး၏ — "ဥပက . . . ငါ့အား သဗ္ဗညုတဉာဏ် ရရှိရေးအတွက် သွန်သင်ပြသ ဆိုဆုံးမသည့် ဆရာဟူ၍ မရှိ၊ ငါနှင့်တူသော သူမရှိ၊ နတ်နှင့်တကွသော တစ်လောကလုံး၌ ငါ့အား ဖက်ပြိုင်နိုင်သော ပုဂ္ဂိုလ်လည်း မရှိ။

ငါသည် လောက၌ ရဟန္တာတည်း၊ ငါသည် အတုမရှိသော သူတည်း၊ နတ်လူတို့၏ ဆရာတည်း။ ငါတစ်ယောက်-တည်းသာလျှင် အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိသော တစ်ဆူတည်းသော ဘုရားတည်း။ ကိလေသာမီး ငြိမ်းသည်ဖြစ်၍ ချမ်းမြေ့စွာ နေရပေ၏" (မ၁၊၂၂၇။ )

ဤမျှဖြင့် ဘဝင်မကျ ဖြစ်နေပါသေးလျှင် အောက်ပါ အာသဝက္ခယ သုတ္တန်ကို ဖတ်ရှုကြည့်ပါ။

**အာသဝက္ခယသုတ္တန်**

ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော အပဿတော၊ ကိဉ္စ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ? "ဣဒံ ဒုက္ခ"န္တိ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ၊ "အယံ ဒုက္ခသမုဒယော"တိ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ၊ "အယံ ဒုက္ခနိရောဓော"တိ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။ ဧဝံ ခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ။ (သံ၊၃၊၃၈၀။)

= ရဟန်းတို့ . . . သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောကြားတော်မူ၏။ မသိသူ မမြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောကြားတော်မမူ။ ရဟန်းတို့ . . . အဘယ်သို့ သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်ပါသနည်း?

"ဤကား ဒုက္ခသစ္စာတည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်ပေါ်လာ၏၊ "ဤကား ဒုက္ခဖြစ်ကြောင်း ဒုက္ခသမုဒယသစ္စာတည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်ပေါ်လာ၏။ "ဤကား ဒုက္ခချုပ်ရာ ဒုက္ခနိရောဓသစ္စာတည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်ပေါ်-လာ၏။ "ဤကား ဒုက္ခချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် မဂ္ဂသစ္စာတည်း"ဟု သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်ပေါ်လာ၏။ ရဟန်းတို့ . . . ဤသို့ သိသူ မြင်သူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်ပေါ်လာ၏။ (သံ၊၃၊၃၈၀။)

အရဟတ္တဖိုလ်တိုင်အောင်သော အဆင့်ဆင့်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိပါမှသာလျှင် အာသဝေါတရား-တို့၏ ကုန်ခြင်းသည် ဖြစ်ပေါ်လာနိုင်၏။ အရဟတ္တဖိုလ်တိုင်အောင်သော အဆင့်ဆင့်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိရေးအတွက် ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသည့် ဝဋ္ဋသစ္စာတရားနှစ်ပါးတို့ကို လက္ခဏာရေးသုံးတန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုပွားရမည် ဖြစ်၏။

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။ (သံ၊၁၊၃၄၄။)

ဤသို့ စသည်ဖြင့် ဟောကြားထားတော်မူသော သုသိမသုတ္တန်နှင့်အညီ ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ၌ ကောင်းစွာတည်သော ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာဉာဏ်သည် ရှေးက ဖြစ်၏၊ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်သည် ဝိပဿနာဉာဏ်၏ နောက်က ဖြစ်၏။ ရင့်ကျက်လာသော ဝိပဿနာဉာဏ်တို့၏အဆုံး၌သာ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဖြစ်ပေါ်လာနိုင်ကုန်၏။ ရင့်ကျက်သော ဝိပဿနာဉာဏ်များကို ရရှိရေး အတွက်ကား ပရမတ္ထဓာတ်သားအစစ် ဖြစ်ကြသည့် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုရမည် ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားရှင်၏ တရားတော်များကို နှစ်သက်မြတ်နိုးခြင်းသည် မှီခိုအားထားရာကို ပြုလုပ်ပေးတတ်သော


©shwehinthar.com

နာထတရားတစ်ပါး ဖြစ်ရပေသည်။ ဘုရားရှင်ဟောကြားထားတော်မူသည့် ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် သင်္ခါရတရား ပရမတ္ထဓာတ်သားတို့ကို ဝိပဿနာရှုဖို့ရန် မမြတ်နိုးတတ်သူတို့ကား ဝေသာရဇ္ဇဉာဏ်တော်မြတ်ကို တားမြစ်ပိတ်ပင်ရုံတွင်သာမက သဗ္ဗညုတဉာဏ်တော်မြတ်ကိုပါ ထိပါးပုတ်ခတ် စော်ကားနေသူတို့ ဖြစ်ကြ ပေသည်။

✧✧✧



©shwehinthar.com

**သတ္တမ နာထတရား = လုံ့လဝီရိယရှိခြင်း**

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရှားရန်, ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယ ရှိသည်ဖြစ်၍ နေ၏။ စွမ်းအင်ကြီးမားသော ကြိုးစားအား-ထုတ်မှု လုံ့လဝီရိယ ရှိ၏။ မြဲမြံခိုင်ခံ့သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယ ရှိ၏။ (သီလ သမာဓိ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ် ဖြင့် သိမ်းကျုံး ရေတွက်အပ်သော) ကုသိုလ်တရားတို့၌ မိမိဖြည့်ကျင့်ရမည့် တာဝန်ကို ပစ်ချထားခြင်း မရှိ။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ အကုသိုလ်တရားတို့ကို ပယ်ရှားရန်, ကုသိုလ်တရားတို့နှင့် ပြည့်စုံစေရန် ထက်သန်သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယရှိသည် ဖြစ်၍ နေ၏။ စွမ်းအင်ကြီးမားသော ကြိုးစား-အားထုတ်မှု လုံ့လဝီရိယ ရှိ၏၊ မြဲမြံ ခိုင်ခံ့သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယ ရှိ၏။ (သီလ သမာဓိ ပညာဟူသော သိက္ခာ သုံးရပ်အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော) ကုသိုလ်တရားတို့၌ မိမိဖြည့်ကျင့်ရမည့် တာဝန်ကို ပစ်ချ-ထားခြင်း မရှိဟူသော ဤတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ၊၃၊၂၇၆။)

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

= ဝီရိယရှိသော သူအား အဘယ်မည်သော အမှုလုပ်ငန်းရပ်သည် မပြီးစီး မပြည့်စုံဘဲ ရှိနိုင်ပါအံ့နည်း၊ ပြီးစီး ပြည့်-စုံနိုင်သည်သာ ဖြစ်၏။

ကြိုးစားက ဘုရား ဖြစ်နိုင်၏၊ စိတ်ဓာတ်၏ ကြီးမားသော စွမ်းအားတစ်မျိုး ဖြစ်၏။

မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန်, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရှားရန်, မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို အတိုင်းထက်အလွန် တိုးပွားစေရန် သတိပဋ္ဌာန်တရား လေးပါးတို့ကို ပွားများ အားထုတ်ရာ၌, တစ်နည်းဆိုရသော် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား-တို့ကို ကြိုးစား အားထုတ်ရာ၌, တစ်နည်းဆိုရသော် သီလ သမာဓိ ပညာဟူသော သိက္ခာ သုံးရပ် အကျင့်မြတ်တို့ကို ဖြည့်ကျင့်ရန် ကြိုးစားအားထုတ်ရာ၌, တစ်နည်း ဆိုရသော် ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးတန်တင်ကာ မင်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်သိသည့်တိုင်အောင် တွင်တွင်ကြီး ဝိပဿနာ ရှုပွားရာ၌ ဤဝီရိယကား မရှိမဖြစ်သော အင်္ဂါရပ် တစ်ခု ဖြစ်၏။ ဤလုပ်ငန်းရပ်ကြီးတို့ကား ပျင်းရိသူတို့၏ လုပ်ငန်းရပ်တို့ မဟုတ်ကြပေ။

ထို့ကြောင့် ဘုရားရှင်က သမ္မပ္ပဓာန်လေးပါးတို့တွင် သမ္မပ္ပဓာန်လုံ့လ ဝီရိယအဖြစ်, တန်ခိုးဣဒ္ဓိပါဒ်အမျိုးမျိုးကို ပြီးစီး ပြည့်စုံစေနိုင်သော ဣဒ္ဓိပါဒ် လေးပါးတို့တွင်လည်း ဝီရိယိဒ္ဓိပါဒ်အဖြစ်, နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းပေါ်မှ ဘေးသို့ တိမ်းစောင်းမသွားအောင် စိတ်အစဉ်ကို ထိန်းချုပ်ထားနိုင်သည့် ဣန္ဒြေငါးပါးတို့တွင်လည်း ဝီရိယိန္ဒြေအဖြစ်, ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်အစဉ်ကို နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင် သယ်ဆောင်သွားနိုင်သော စိတ်၏ စွမ်းအားကြီးငါးရပ်ဟူသည့် ဗိုလ်ငါးပါးတို့တွင်လည်း ဝီရိယဗိုလ်အဖြစ်, အရိယမဂ်တည်းဟူသော ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်း ခုနစ်ခုဟူသော ဗောဇ္ဈင် (၇)ပါးတို့တွင်လည်း ဝီရိယသမ္ဗောဇ္ဈင်အဖြစ်, နိဗ္ဗာန်သို့ သွားရာ လမ်း-ကြောင်းဟု ခေါ်ဆိုအပ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့တွင်လည်း သမ္မာဝါယာမမဂ္ဂင်အဖြစ် ဟောကြားထားတော်-မူခဲ့ပေသည်။

နိရောဓသစ္စာဖြစ်သည့် နိဗ္ဗာန်သို့ ဆိုက်ရောက်ရေးအတွက် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ (= ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ်) အမည် ရသည့် သီလ, သမာဓိ, ပညာဟူသော သိက္ခာ သုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံး-ရေတွက်အပ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့ကို ကျင့်ရာ၌ –

၁။ အရိုးကြွင်းစေ,
၂။ အရေကြွင်းစေ,
၃။ အကြောကြွင်းစေ,
၄။ အသားအသွေးတွေ အကုန် ခန်းခြောက်ချင် ခန်းခြောက်ပါစေ –

ဟူသော အင်္ဂါလေးပါးနှင့်ပြည့်စုံသော လုံ့လဝီရိယ ရှိပါမှ ထိုကဲ့သို့သော လုံ့လဝီရိယရှိသော သူသည်သာလျှင်


©shwehinthar.com

သမထ-ဝိပဿနာဟူသော ဘာဝနာပန်းတို့ကို အောင်အောင်မြင်မြင် ဆွတ်ခူးနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်က **အနုရုဒ္ဓမဟာဝိတက္ကသုတ္တန်**တွင် ဤသို့ ဟောကြားထားတော် မူ၏။

အာရဒ္ဓဝီရိယဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော ကုသီတဿ။

(အံ၊၃၊၆၆။)

= ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် အကုသိုလ်တရား တို့ကို ပယ်ရှားရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် သမထဝိပဿနာ ဘာဝနာတို့ကို အပြင်းအထန် ကြိုးစားအားထုတ်သော ကြီးမားသော ဝီရိယ စွမ်းအားနှင့် ပြည့်စုံသော ထက်သန်မြဲမြံသော ဖွဲလုံ့လဝီရိယရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ပျင်းရိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။

(အံ၊၃၊၆၆။)

**ကြိုးစားက ဘုရား ဖြစ်နိုင်၏၊**

✧✧✧

## အဋ္ဌမ နာထတရား = ရောင့်ရဲလွယ်ခြင်း

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် ရတတ်သမျှသော သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ ဆေးဟူသော အဆောက်အဦဖြင့် ရောင့်ရဲ၏။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ ရတတ် သမျှသော သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ ဆေးဟူသော အဆောက်အဦဖြင့် ရောင့်ရဲ၏ – ဟူသော ဤ တရားသည်လည်း မှီခို အားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ၊၃၊၂၇၆။)

၁။ ရရသမျှသော ပံသုကူသင်္ကန်းဖြင့် ရောင့်ရဲလွယ်ခြင်း **စီဝရသန္တောသ,**

၂။ ဆွမ်းခံဝတ်ဖြင့် ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲလွယ်ခြင်း **ပိဏ္ဍပါတသန္တောသ,**

၃။ ရရသမျှသော သစ်ပင်ရင်းတည်းဟူသော ကျောင်းဖြင့် ရောင့်ရဲလွယ်ခြင်း **သေနာသနသန္တောသ,**

၄။ ရရသမျှသော မြက်သစ်ရွက်အခင်းဖြင့် ရောင့်ရဲလွယ်ခြင်း သယနာသနသန္တောသ,

၅။ ရရသမျှသော နွားကျင်ငယ်ပုပ်ဖြင့် စိမ်ထုံထားအပ်သော ဇီးဖြူသီး ဖန်ခါးသီး စသော ဆေးဖြင့် ရောင့်ရဲလွယ်ခြင်း **ဘေသဇ္ဇသန္တောသ** –

ဤသန္တောသတရား ငါးပါးနှင့် ပြည့်စုံရန် ဘုရားရှင်က ဆိုဆုံးမထားတော်မူ၏။

အပ္ပိစ္ဆဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော မဟိစ္ဆဿ။ (အံ၊၃၊၆၅။)

ရဟန်းတို့ . . . ဤ လောကုတ္တရာတရား ကိုးပါးသည် အလိုနည်းပါးသော, လိုချင်မှု ဣစ္ဆာ (= တဏှာ) မရှိသော အပ္ပိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌ သာလျှင် ပြည့်စုံနိုင်၏။ ဤလောကုတ္တရာတရား ကိုးပါးသည် အလိုရမ္မက် ကြီးမားလှသော မဟိစ္ဆပုဂ္ဂိုလ်၏သန္တာန်၌ မပြည့်စုံနိုင်။ (အံ၊၃၊၆၅။)

ပစ္စည်းလေးပါးကို များများလှူလျှင် နည်းနည်းသာ အလှူခံ၍, နည်းနည်း လှူလျှင်လည်း လှူသည့်အောက် ယုတ်လျော့၍ နည်းနည်းကိုသာ အလှူ ခံပြီးလျှင် အကုန်လုံးကို အလှူမခံသော, ပစ္စည်းလေးပါး၌ အလိုနည်းသော ပစ္စယအပ္ပိစ္ဆပုဂ္ဂိုလ်, မိမိ မဂ်ဖိုလ်တရားထူး တရားမြတ်ရသည်ကို သူတစ်ပါး တို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော အဓိဂမအပ္ပိစ္ဆပုဂ္ဂိုလ်, မိမိ ပရိယတ်ဗဟုသုတ ပေါများတတ်ကျွမ်းသည်ကို သူတစ်ပါးတို့အား အသိ မပေးလိုဘဲ လျှို့ဝှက်ထားသော ပရိယတ္တိအပ္ပိစ္ဆပုဂ္ဂိုလ်, မိမိဓုတင် ဆောက်တည်ကျင့်သုံးထားသည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော ဓုတင်အပ္ပိစ္ဆပုဂ္ဂိုလ်ဟု အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ် လေးမျိုး ရှိ၏။

ထို အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ်သည် အပ္ပိစ္ဆပုဂ္ဂိုလ်ဖြစ်သော်လည်း ဤသူကား အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ်ဟု သူတစ်ပါးတို့ သိမှာကို အလို မရှိ။ ရရသမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်သူဖြစ်လျက် ရောင့်ရဲလွယ်သူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။

တစ်ကိုယ်တည်း ကင်းကင်းရှင်းရှင်း နေထိုင်လိုခြင်း = ကာယဝိဝေက, ဈာန်သမာပတ်တို့ကို ဝင်စားလျက် နီဝရဏတို့မှ ကင်းကင်းရှင်းရှင်း နေလိုခြင်း = စိတ္တဝိဝေက, ဖလသမာပတ်ကို ဝင်စားလျက် ဥပဓိတရားတို့မှ ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဥပဓိတရားတို့မှ ကင်းကင်းရှင်းရှင်း နေလိုခြင်း = ဥပဓိဝိဝေက ဟူသော ဝိဝေကတရားသုံးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူ ဖြစ်လျက် ဝိဝေကတရား သုံးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။

ထက်သန်သော လုံ့လဝီရိယရှိသူ ဖြစ်လျက် ထက်သန်သော လုံ့လဝီရိယရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ထင်လင်းသော သတိရှိသူ ဖြစ်လျက် ထင်လင်းသော သတိရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ဥပစာရ အပ္ပနာနှစ်ဖြာသော သမာဓိရှိသူဖြစ်ပါလျက် သမာဓိရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ပါလျက် ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ သံသရာကို ရှည်လျား ထွေပြားအောင် ချဲ့ထွင်တတ်သည့် တဏှာ မာန ဒိဋ္ဌိတည်းဟူသော ပပဉ္စတရား ကင်းရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူ ဖြစ်ပါလျက် ပပဉ္စတရားကင်းရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူဟု


©shwehinthar.com

သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ထိုမျှ အလိုနည်းပါးသူ ဖြစ်ရမည်။ ထိုကဲ့သို့ အလိုရမ္မက် နည်းပါးသော, လိုချင်မှု ဣစ္ဆာ (= တဏှာ) မရှိသော အပ္ပိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌ သာလျှင် ဤလောကုတ္တရာတရား ကိုးပါးသည် ပြည့်စုံနိုင်၏။ အလိုရမ္မက် ကြီးမားလှသော မဟိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ၊၃၊၆၆။)

သန္တုဋ္ဌဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော အသန္တုဋ္ဌဿ။

(အံ၊၃၊၆၅။)

ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် ရရသမျှသော မျှတရုံသာဖြစ်သော ကြည်ညိုဖွယ်ရုံမျှသာဖြစ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ ဤလောကုတ္တရာတရား ကိုးပါးသည် မရောင့်ရဲနိုင်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ၊၃၊၆၅။)

ပဝိဝိတ္တဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော သင်္ဂဏိကာရာမဿ။

(အံ၊၃၊၆၅။)

ရဟန်းတို့ . . . ဤ လောကုတ္တရာတရား ကိုးပါးသည် ဝိဝေကသုံးဖြာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ ပုဂ္ဂိုလ်သတ္တဝါအပေါင်းအဖော် ကိလေသာအပေါင်းအဖော်၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ၊၃၊၆၅။)

ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကဟု ဝိဝေက သုံးပါး ရှိ၏။ ဂိုဏ်း အပေါင်းအဖော်ကို စွန့်လွှတ်၍ တစ်ယောက်ထီးတည်း သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, စားခြင်း စသည်ဖြင့် တစ်ယောက်ထီးတည်း နေလေ့-ရှိခြင်းသည် ကာယဝိဝေက မည်၏။ ကာယဝိဝေကမျှဖြင့်ကား လောကုတ္တရာတရား ကိုးပါးသည် မပြီးစီး မပြည့်စုံနိုင်ရကား ကသိုဏ်းပရိကံများကို ပြု၍ ဈာန်သမာပတ် ရှစ်ပါးတို့ကို ဖြစ်စေ၏။ ဤဈာန်သမာပတ် ရှစ်ပါးသည် စိတ္တဝိဝေက မည်၏။ နီဝရဏတို့မှ ကင်းဆိတ်နေသော စိတ်ဓာတ်များ ဖြစ်ကြ၏။ ဈာန်သမာပတ် ရှစ်ပါးမျှဖြင့်လည်း လောကုတ္တရာတရား ကိုးပါးသည် မပြီးစီး မပြည့်စုံနိုင်ရကား ယင်းဈာန်သမာပတ်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်သို့ တင်ကာ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများအားထုတ်လေသော် ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့် အတူတကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။ ဤအရဟတ္တဖိုလ် နိဗ္ဗာန်တရားတော်မြတ်သည်ကား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဥပဓိဝိဝေက မည်၏။ ထိုနိဗ္ဗာန်တရားတော်မြတ်သည် ကာမူပဓိတည်းဟူသော ကာမဂုဏ်တို့မှလည်း ကင်းဆိတ်၏။ ကိလေသူပဓိတည်းဟူသော ကိလေသာတို့မှလည်း ကင်းဆိတ်၏။ အဘိသင်္ခါရူပဓိတည်းဟူသော ဘဝသစ်ကို ဖြစ်ပေါ်လာအောင် ပြုပြင်တတ်သော အဘိသင်္ခါရတရားတို့မှလည်း ကင်းဆိတ်၏။ ခန္ဓူပဓိတည်းဟူသော ခန္ဓာငါးပါးတို့မှလည်း ကင်းဆိတ်၏။ ထို့ကြောင့် ယင်း နိဗ္ဗာန်သည် ဥပဓိလေးဖြာတို့မှ ကင်းဆိတ်သောကြောင့် ဥပဓိဝိဝေက မည်၏။ ဤသို့ ဝိဝေကသုံးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်သည် ဆိုက်ရောက်လာသော ပရိသတ်အား မိမိကဲ့သို့ပင် ဝိဝေကသုံးဖြာ၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်သော စိတ်ထားရှိရန် ညွှန်ကြားလျက် ပြန်လွှတ်ကာ သမထ ဝိပဿနာ ဘာဝနာတို့ကိုသာ အပတ်တကုတ် ကြိုးစားအားထုတ်လေသည်။

(အံ၊ဋ္ဌ၊၃၊၂၆၊)

**ဥပဓိ လေးဖြာ**

ဥပဓိ—ဟူသည် တည်ရာတရားတည်း။ ယင်း တည်ရာ ဥပဓိသည် ကာမူပဓိ, ခန္ဓူပဓိ, ကိလေသူပဓိ, အဘိ-သင်္ခါရူပဓိဟု လေးမျိုး ရှိ၏။

“အကြင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အစွဲပြု၍ ချမ်းသာခြင်း ဝမ်းသာခြင်း သုခ သောမနဿ ဝေဒနာသည် ဖြစ်ပေါ်လာ၏။ ဤသုခ သော မနဿ ဝေဒနာကား ကာမဂုဏ်တို့၏ သာယာဖွယ် (= အဿာဒ)တည်း။” (မ၊၁၊၁၂၀။) ဤသို့ ဘုရားရှင် ဟောကြားထားတော်မူအပ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို သုခ၏ တည်ရာဖြစ်သောကြောင့် ဥပဓိဟူ၍ ခေါ်ဆို ၏။ ကာမူပဓိတည်း။

 ©shwehinthar.com

ခန္ဓာတို့သည်လည်း ခန္ဓာလျှင် အကြောင်းရင်းခံရှိသော သံသရာဝဋ်ဆင်းရဲဒုက္ခ၏ တည်ရာဖြစ်သောကြောင့် ယင်းခန္ဓာတို့ကို ဥပဓိဟူ၍ ခေါ်ဆို ၏။ ခန္ဓူပဓိတည်း။

ကိလေသာတို့သည် အပါယ်ဝဋ်ဆင်းရဲဒုက္ခ၏ တည်ရာဖြစ်သောကြောင့် ယင်းကိလေသာတို့ကိုလည်း ဥပဓိဟူ၍ ခေါ်ဆို၏။ ကိလေသူပဓိတည်း။

(သံ၊ဋ္ဌ၊၁၊၃၀။)

ဘဝသစ်ကို ဖြစ်ပေါ်လာအောင် ပြုစီရင်တတ်ကုန်သော ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့သည် ဘဝဒုက္ခအဝ၏ တည်ရာဖြစ်သောကြောင့် ယင်းအဘိသင်္ခါရတရားတို့ကိုလည်း ဥပဓိဟူ၍ ခေါ်ဆို၏။ အဘိသင်္ခါရူပဓိ တည်း။

နိဗ္ဗာန်တရားတော်မြတ်သည် ဤဥပဓိလေးဖြာတို့မှ ကင်းဆိတ်သောကြောင့် ဥပဓိဝိဝေက မည်၏။

ဤသို့လျှင် သူတော်ကောင်းတစ်ဦးသည် ဝိဝေကသုံးဖြာ၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်သော စိတ်ထားရှိလင့်-ကစား "ငါသည် ဝိဝေကသုံးဖြာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော စိတ်ထားရှိသူပါတည်း"ဟု လူများအပေါင်း သိရှိမှာကို အလိုမရှိ၊ သိရှိမှာကိုပင် ရှက်နိုးလှ၏။ ကြော်ငြာမောင်း မထု၊ ထိုဂုဏ်ကို အကြောင်းပြု၍ ပစ္စည်းလေးပါး ပေါများရန် အလိုမရှိ။ ရရသမျှသော ပစ္စည်းလေးပါးဖြင့်သာ ရောင့်ရဲ၏၊ ကျေနပ်၏၊ ထိုသို့ ရောင့်ရဲမှု ကျေနပ်မှု ရရှိနေသော သူတော်ကောင်းတစ်ဦးကား အရောင့်ရဲကြီး ရောင့်ရဲ ရာ ဖြစ်သည့်၊ အကျေနပ်ကြီး ကျေနပ်ရာဖြစ်သည့် ဘဝပန်းတိုင်ဟု ခေါ်ဆိုအပ်သည့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရေးအတွက် သမထဝိပဿနာ ဘာဝနာတို့ကို ကြိုးပမ်းတော့မည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ရရသမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲမှု သန္တုဋ္ဌိတရားသည်လည်း မှီခိုအားထားရာ နာထ-တရားတစ်ခု ဖြစ်ရပေသည်။

**သန္တုဋ္ဌိ ပရမံ ဓနံ** = ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရားသည် အမြတ်ဆုံး သော စည်းစိမ်ဥစ္စာ ဖြစ်၏။ (ဓမ္မပဒ၊၂၀၄။ စာမျက်နှာ၊၄၃။)

✧✧✧


©shwehinthar.com

## နဝမ နာထတရား = သတိရှိခြင်း

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် သတိနှင့် ပြည့်စုံ ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏။ ကြာမြင့်စွာက ပြုခဲ့ပြီးသော အမှုကိစ္စကိုလည်းကောင်း, ကြာမြင့်စွာက ပြောခဲ့ပြီးသော စကားရပ်ကိုလည်းကောင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ ရဟန်းတို့. . . ရဟန်းသည် ယင်းသို့ သတိနှင့် ပြည့်စုံ၏၊ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုခဲ့ပြီးသော အမှုကိစ္စကိုလည်းကောင်း, ကြာမြင့်စွာက ပြောခဲ့ပြီး-သော စကားရပ်ကိုလည်းကောင်း အောက်မေ့နိုင်၏။ အဖန် တလဲလဲ အောက်မေ့နိုင်၏ - ဟူသော ဤတရားသည်လည်း မှီခို အားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ၊၃၊၂၇၆။)

ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသော သတိ၏ တည်ရာ အာရုံ လေးမျိုး ဟူသော သတိပဋ္ဌာန်တရားတို့ကို ပွားများအားထုတ်ရာ၌ သတိကား အရေးအကြီးဆုံးသော ကဏ္ဍမှ ပါဝင်လျက် ရှိ၏။ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟူသော အာရုံတို့ကို အမြဲ အမှတ်ရနေမှု ဖြစ်၏။

ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ ဟူသည့် အာရုံလေးမျိုးတို့ကို အမှတ်ရမှု သတိဟူသည်မှာ တစ်နည်းဆိုရသော် သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့နှင့် ယှဉ်တွဲနေသော သတိပင် ဖြစ်၏။

ဥပဋ္ဌိတဿတိဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော မုဋ္ဌဿတိဿ။

(အံ၊၃၊၆၅။)

= ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် ကာယ ဝေဒနာ စိတ္တ ဓမ္မ အမည်ရသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ, ယင်း ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသည့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အကြောင်းတရားတို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ, အကြောင်းတရားနှင့် တကွသော ယင်းရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ, ဤကဲ့သို့သော ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ၊၃၊၆၅။)

**အယံ ပန ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿတိ၊ န ဟိ သတိဝိရဟိတဿ အနုပဿနာ နာမ အတ္ထိ။** (မဋ္ဌ၁၊၂၄၈။)

ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန်တွင် သတိ၏ တည်ရာအာရုံ တို့ကို ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟု လေးမျိုးခွဲခြား၍ ဟောကြားထားတော် မူခဲ့၏။ ထိုတွင် ကာယာနုပဿနာသတိပဋ္ဌာန်ပိုင်း၌ အာနာပါနဿတိသမာဓိ စသည့် သမထရှုကွက်များလည်း ပါဝင်၏။ အာနာပါနဿတိသမာဓိကဲ့သို့သော သမာဓိတစ်ခုခုကို အောင်အောင်မြင်မြင် ထူထောင်ပြီးနောက် ရှေးဦးစွာ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် နှစ်မျိုးလုံး၌ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသည့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို သိမ်းဆည်းရန် "ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ" (မ၊၁၊၇၀။) စသည်ဖြင့် ညွှန်ကြားထားတော်မူ၏။

ထို့နောင် "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" (မ၊၁၊၇၀။) စသည်ဖြင့် အကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ ထင်ရှားဖြစ်ပုံ, အကြောင်းတရားများ ချုပ်ငြိမ်းခြင်း ကြောင့် အကျိုး ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ ချုပ်ငြိမ်းပုံကို ရှုမြင်သည့်အပိုင်း ဟူသော **ပစ္စယတော ဥဒယဗ္ဗယဒဿန** = အကြောင်းတရားအားဖြင့် ဖြစ်မှု ပျက်မှု (= ဥဒယ-ဝယ)ကို သိမ်းဆည်းရှုပွားရန်ကိုလည်းကောင်း, ခဏတော ဥဒယ-ဗ္ဗယဒဿန = အကြောင်းအကျိုး နှစ်ရပ်လုံးတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှု (= ဥဒယ-ဝယ)ကို သိမ်းဆည်းရှုပွားရန်ကိုလည်းကောင်း ညွှန်ကြား ထားတော်မူ၏။

ထို့နောင် **"အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ"** (မ၊၁၊၇၀။) စသည်ဖြင့် အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အပျက်သက်သက်ကို သိမ်းဆည်းရှုပွားရန် ညွှန်ကြားထားတော် မူ၏။ အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည် ရသည့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်မှု-


©shwehinthar.com

ပျက်မှုကို ရှုသည့်အပိုင်းနှင့် အပျက်သက်သက်ကို ရှုသည့်အပိုင်းတို့၌ လက္ခဏာရေးသုံးတန် တင်ကာ ရှုပွားသည့် အပိုင်းလည်း ပါဝင်ပေသည်။

ထိုသို့ သိမ်းဆည်းရှုပွားရာ၌ သတိက ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်သော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ကို သိမ်းဆည်း၏၊ ပညာက ယင်း ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ကို ပရမတ်သို့ ဆိုက်အောင် ထိုးထွင်းသိ၏။ သတိက အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ-ဝေဒနာ စိတ္တ-ဓမ္မ တို့ ထင်ရှားဖြစ်ပုံကို သိမ်းဆည်း၏၊ ပညာက အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့ ထင်ရှားဖြစ်ပုံကို ထိုးထွင်းသိ၏။ သတိက အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုး ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ ချုပ်ငြိမ်းပုံကို သိမ်းဆည်း၏၊ ပညာက အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ချုပ်ငြိမ်းပုံကို ထိုးထွင်းသိ၏။ သတိက အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း, အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်ကိုလည်းကောင်း သိမ်းဆည်း၏၊ ပညာက အကြောင်းတရားနှင့်တကွသော ယင်းကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း, အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်ကိုလည်းကောင်း ထိုးထွင်းသိ၏။ သတိက အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အပျက်သက်သက်ကိုလည်းကောင်း, ယင်းတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်ကိုလည်းကောင်း သိမ်းဆည်း၏၊ ပညာက ယင်းအကြောင်းတရားနှင့်တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ တို့၏ အပျက်-သက်သက်ကိုလည်းကောင်း, ယင်းတို့၏ အနိစ္စအချက်, ဒုက္ခ အချက်, အနတ္တအချက်ကိုလည်းကောင်း ထိုးထွင်းသိ၏။

ဤသို့လျှင် သတိက သမထအာရုံ ဝိပဿနာအာရုံကို သိမ်းဆည်းတတ်၍ ပညာက ဟုတ်တိုင်းမှန်စွာ အဖန်ဖန် အထပ်ထပ် ရှုတတ်၏၊ သတိ ကင်းသော အနုပဿနာမည်သည် မရှိစကောင်းပေ။ ထို့ကြောင့် အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အနိစ္စအချက်, ဒုက္ခ အချက်, အနတ္တအချက်တို့၌ ထင်လင်းသော သတိရှိ-သည့်ပုဂ္ဂိုလ်၏ သန္တာန်၌ သာလျှင် ဤလောကုတ္တရာတရား ကိုးပါးသည် ပြည့်စုံနိုင်၏။ အကြောင်းတရားနှင့် တကွသော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ အနိစ္စအချက်, ဒုက္ခ အချက်, အနတ္တအချက်တို့၌ ထင်လင်းသော သတိမရှိသည့် သတိ-လွတ်ကင်း သောပုဂ္ဂိုလ်၏ သန္တာန်၌ ဤလောကုတ္တရာတရား ကိုးပါးသည် မပြည့်စုံနိုင် (အံ၊၃၊၆၅။)ဟု ဘုရားရှင် ဟောကြား-ထားတော်မူခြင်း ဖြစ်၏။

ထို့ကြောင့် ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၌ ထင်လင်းသော သတိရှိခြင်း သည် လောကုတ္တရာတရား ကိုးပါးတို့ကို ရခြင်း၏ အကြောင်းရင်းစစ် ဧကန် ဖြစ်သဖြင့် ယောဂါဝစရပုဂ္ဂိုလ်တို့အတွက် မှီခိုအားထားရာ နာထတရား တစ်ပါးပင် ဖြစ်ရပေသည်။

✧✧✧


©shwehinthar.com

**ဒသမမြောက် နာထတရား = ဝိပဿနာပညာ မဂ်ပညာ ရှိခြင်း**

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ၊ အယမ္ပိ ဓမ္မော နာထကရဏော။ (အံ၊၃၊၂၇၆။)

ဥဒယတ္ထဂါမိနိယာ**တိ ပဉ္စန္နံ ခန္ဓာနံ ဥဒယဉ္စ ဝယဉ္စ ပဋိဝိဇ္ဈိတုံ သမတ္ထာယ။ အရိယာယာတိ ဝိက္ခမ္ဘနဝသေန စ သမုစ္ဆေဒဝသေန စ ကိလေသေဟိ အာရကာ ဌိတာယ ပရိသုဒ္ဓါယ။** ပညာယ သမန္နာဂတော**တိ ဝိပဿနာပညာယ စေဝ မဂ္ဂပညာယ စ သမင်္ဂီဘူတော။** (မ႒၊၃၊၂၂။ အံ႒၊၃၊၂။)

= ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် ပညာရှိ၏၊ ခန္ဓာငါးပါးတို့၏ အဖြစ်-အပျက်ကို သိသော, ကိလေသာထု အစိုင်အခဲကို ဖောက်ခွဲနိုင်သော, ကိလေသာဝဋ်ဆင်းရဲဒုက္ခ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော, ဖြူစင်မြင့်မြတ်သော ဝိပဿနာပညာ အရိယမဂ်ပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့ . . . ရဟန်းသည် ယင်းသို့ ပညာရှိ၏၊ ခန္ဓာငါးပါးတို့၏ အဖြစ်-အပျက်ကို သိသော, ကိလေသာ ထု အစိုင်အခဲကို ဖောက်ခွဲနိုင်သော, ကိလေသာဝဋ်ဆင်းရဲဒုက္ခ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော, ဖြူစင်မြင့်မြတ်သော ဝိပဿနာပညာ အရိယမဂ်ပညာနှင့် ပြည့်စုံ၏ — ဟူသော ဤတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ၊၃၊၂၇၆။)

အထက်တွင် တင်ပြထားသော အဋ္ဌကထာအဖွင့်များက **ဥဒယတ္ထဂါမိနိယာ ပညာယ**ဟူသော စကားရပ်ဖြင့် ဥဒယဗ္ဗယဝိပဿနာဉာဏ်မျှကိုသာ ဆိုလိုသည် မဟုတ်ပါ။ ယင်းစကားရပ်ဖြင့် ဝိပဿနာဉာဏ်အားလုံးနှင့် အရိယမဂ်ဉာဏ်တို့ကိုပါ ရည်ညွှန်းထားကြောင်း ဖွင့်ဆိုထားကြ၏။ ယင်းအဋ္ဌကထာ အဖွင့်များအတိုင်း ဆိုရမူ **ဥဒယတ္ထဂါမိနိယာ ပညာယ**ဟူသော စကားရပ်ကို မြွေတစ်ကောင်ကို ခါးလယ်က ကိုင်ကာ မြှောက်ပြလိုက်လျှင် ခါးကိုသာမက မြွေတစ်ကောင်လုံးကိုပါ မြင်နိုင်သကဲ့သို့ ဝိပဿနာဉာဏ်အားလုံးနှင့် အရိယ မဂ်ဉာဏ်တို့ကို ရည်ညွှန်းလျက် **မဇ္ဈေဒီပကနည်း**အားဖြင့် ဝိပဿနာဉာဏ်တို့တွင် အလယ်၌ တည်ရှိသော ဥဒယဗ္ဗယဉာဏ်ကို ဆွဲကိုင်မြှောက်ပြကာ ဘုရားရှင်သည် **ဥဒယတ္ထဂါမိနိယာ**ဟူသော စကားရပ်ကို ဟောကြားသွားတော်မူသည်ဟု သိရှိပါလေ။

"**သမ္မာ ဒုက္ခက္ခယဂါမိနိယာ** = ကိလေသာထု အစိုင်အခဲကို ဖောက်ခွဲ နိုင်သော, ဖြူစင်မြင့်မြတ်သော, ကိလေသာဝဋ်-ဒုက္ခ သံသရာဝဋ်ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာ"ဟူသည် ဝိပဿနာပညာနှင့် အရိယမဂ်-ပညာတည်း။

ဝိပဿနာပညာသည် တဒင်္ဂ၏ အစွမ်းအားဖြင့် ကိလေသာဝဋ်ဒုက္ခကို လည်းကောင်း, ယင်းကိလေသာလျှင် အကြောင်းရင်းခံ ရှိသော ကံကြောင့် ဖြစ်လာမည့် သံသရာဝဋ်ဒုက္ခကိုလည်းကောင်း ကုန်စေလျက် နိဗ္ဗာန်သို့ ညွတ်-ကိုင်းရှိုင်းသောအားဖြင့် နိဗ္ဗာန်ဘက်သို့ ပြေးသွားသက်ဝင်တတ်သောကြောင့် **ဒုက္ခက္ခယဂါမိနီ ပညာ** = ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာမည်၏။ တစ်နည်း — ကိလေသာဝဋ်ဒုက္ခ သံသရာဝဋ်ဒုက္ခကို ကုန်စေတတ်သော အရိယမဂ်ပညာကို ရရှိခြင်းကို ဖြစ်စေတတ်သောကြောင့် ဤဝိပဿနာပညာသည် **ဒုက္ခက္ခယဂါမိနီ ပညာ** (= ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာ) မည်၏။

အရိယမဂ်ပညာသည်ကား ကောင်းမွန်မှန်ကန်သော အကြောင်းတရား ဖြင့် နည်းလမ်းဖြင့် ကိလေသာဝဋ်ဒုက္ခ, ယင်းကိလေသာလျှင် အကြောင်းရင်းခံ ရှိသော ကံကြောင့်ဖြစ်လာမည့် သံသရာဝဋ်ဒုက္ခကို ကုန်စေလျက် နိဗ္ဗာန်သို့ ပြေးသွား သက်ဝင်တတ်သောကြောင့် **သမ္မာ ဒုက္ခက္ခယဂါမိနီ ပညာ** = ကောင်းမွန် မှန်ကန်စွာ ကိလေသာဝဋ်ဒုက္ခ သံသရာဝဋ်ဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာ မည်၏။ ဤသို့ သိရှိပါလေ။

(မ႒၊၃၊၂၂။ အံ႒၊၃၊၂။)

ဤကဲ့သို့သော ဝိပဿနာပညာ မဂ်ပညာသည်ကား ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ဆိုက်ရောက်စေတတ်-သောကြောင့် ယင်းဝိပဿနာပညာ မဂ်ပညာတို့သည် ရဟန်းတော်တို့အတွက် (သို့မဟုတ်) ကျွတ်ထိုက်သသူ ဝေနေယျတို့-အတွက် တကယ့် မှီခိုအားထားရာ နာထတရား ဖြစ်ရပေသည်။


©shwehinthar.com

အားလုံးပေါင်းသော် မှီခိုအားထားရာ နာထတရား (၁၀)ပါး ဖြစ်သည်။ ယင်းနာထတရား (၁၀)ပါးတို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်နေသော သူတော်ကောင်းတစ်ဦးကို **သနာထဝိဟာရီပုဂ္ဂိုလ်** (= မှီခိုအားထားရာ နာထတရားနှင့် အတူတကွ နေထိုင်နေသော ပုဂ္ဂိုလ်) ဟု ခေါ်ဆိုရပေသည်။

ဤကဲ့သို့ နာထတရား (၁၀)ပါးတို့နှင့် ပြည့်စုံလျက် နေထိုင်သော **သနာထဝိဟာရီ** အမည်ရသည့် သူတော်-ကောင်းကို သီတင်းကြီး (= မထေရ် ကြီး) ရဟန်းတို့ကလည်း ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏။ သီတင်းလတ်ရဟန်းတို့ကလည်း ထိုသူတော်ကောင်းကို ပြောဆိုသင့်၏ ဆုံးမ သင့်၏ဟု မှတ်ထင်ကြကုန်၏။ သီတင်းငယ်ရဟန်းတို့ကလည်း ထိုသူတော် ကောင်းကို ပြောဆိုသင့်၏ ဆုံးမသင့်၏ဟု မှတ်ထင်ကြကုန်၏။ သီတင်းကြီး (= မထေရ်ကြီး)တို့က အစဉ်သနားစောင့်ရှောက်အပ်သော, သီတင်းလတ် တို့က အစဉ်သနားစောင့်ရှောက်အပ်သော, သီတင်းငယ်တို့က အစဉ်သနား စောင့်ရှောက်အပ်သော ထိုရဟန်းအား ကုသိုလ်တရားတို့၌ တိုးပွားမှုသာ မချွတ်ဧကန် ဖြစ်လိမ့်မည်ဟု မျှော်လင့်အပ်၏၊ ဆုတ်ယုတ်မှု ဖြစ်လိမ့်မည်ဟု မမျှော်လင့်အပ် မမျှော်လင့်နိုင်။ ထို့ကြောင့် ဤတရား (၁၀)ပါးသည် မှီခို အားထားရာ နာထတရား ဖြစ်ရပေသည်။ (အံ၊၃၊၂၇၇-၂၇၉။)

## ဒေသနာတော်နိဂုံး

သနာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အနာထာ။ ဒုက္ခံ ဘိက္ခဝေ အနာထော ဝိဟရတိ၊ ဣမေ ခေါ ဘိက္ခဝေ ဒသ နာထကရဏာ ဓမ္မာတိ။ (အံ၊၃၊၂၇၆။)

ရဟန်းတို့ . . . မှီခိုအားထားရာ နာထတရား ထင်ရှား ရှိကြကုန်သည်ဖြစ်၍ နေထိုင်ကြပါကုန်လော့၊ မှီခိုအား-ထားရာ နာထတရား ထင်ရှား မရှိကြကုန်ဘဲ မနေထိုင်ကြပါကုန်လင့်။ ရဟန်းတို့ . . . မှီခိုအားထားရာ နာထတရား ထင်ရှား မရှိသောပုဂ္ဂိုလ်သည် ဆင်းဆင်းရဲရဲ နေရတတ်၏။ ရဟန်းတို့ . . . မှီခိုအားထားရာကို ပြုလုပ်တတ်သော နာထတရားတို့သည်ကား ဤတရား (၁၀)ပါးတို့တည်းဟု ဟောကြားတော်မူ၏။ (အံ၊၃၊၂၇၆။)

*တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။*

***ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။***

(ဓမ္မပဒ၊ဂါထာနံပါတ်၊၂၇၆။)

သင်ချစ်သားတို့ . . . ကိုယ်တိုင် ပြုသင့်ပြုထိုက်သည့် သမထဝိပဿနာ ဘာဝနာလုပ်ငန်းရပ်တို့ကို သင်ချစ်သားတို့ ကိုယ်တိုင်ပင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြပါ။ တထာဂတအမည်ရတော်မူသည့် ငါဘုရားရှင်တို့သည်ကား မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတည်းဟူသော လမ်းမှန်ကို ညွှန်ကြား ပြသ ဆိုဆုံးမတတ်သူတို့သာ ဖြစ်ကြ၏။ သမထ ဝိပဿနာ ဘာဝနာတို့ကို တကယ်လက်တွေ့ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြသဖြင့် အာရမ္မဏူပနိဇ္ဈာနစျာန်, လက္ခဏူပနိဇ္ဈာနစျာန်တည်းဟူသော နှစ်မျိုးသော စျာန် တို့ကို ဝင်စားနိုင်ကြကုန်သော သူတို့သည်သာ မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်၏။ (ဓမ္မပဒ၊၂၇၆။)

**အာရမ္မဏူပနိဇ္ဈာနစျာန် နှင့် လက္ခဏူပနိဇ္ဈာနစျာန်** (အဘိ၊ဋ္ဌ၊၁၊၂၁၁။)

စျာန်သည် **အာရမ္မဏူပနိဇ္ဈာနစျာန်, လက္ခဏူပနိဇ္ဈာနစျာန်**ဟု နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် ရူပါဝစရစျာန်လေးပါး, အရူပါဝစရစျာန်လေးပါးတည်း ဟူသော လောကီစျာန်သမာပတ် (၈)ပါးတို့သည် ပထဝီကသိုဏ်းစသော သမထကမ္မဋ္ဌာန်း-အာရုံကို စိုက်စိုက်စူးစူး အထူးမြဲမြံစွာ ကပ်၍ ရှုတတ်သော ကြောင့် **အာရမ္မဏူပနိဇ္ဈာနစျာန်**ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ဝိပဿနာ မဂ်ဖိုလ်တို့သည်ကား **လက္ခဏူပနိဇ္ဈာနစျာန်** မည်၏။ ထိုဝိပဿနာ မဂ်ဖိုလ်တို့တွင် ဝိပဿနာဉာဏ်-သည် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ ၏ အနိစ္စစသော လက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် **လက္ခဏူပနိဇ္ဈာန စျာန်** မည်၏။ ဝိပဿနာဉာဏ်က ပြုလုပ်အပ်သော လုပ်ငန်းကိစ္စရပ်သည် မဂ်ဉာဏ်ကြောင့် ပြီးစီးပြည့်စုံရကား အရိယမဂ်ဉာဏ်-သည်လည်း **လက္ခဏူပနိဇ္ဈာနစျာန်** မည်၏။ အရိယဖိုလ်ဉာဏ်သည်ကား နိရောဓသစ္စာဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်၏ အငြိမ်းဓာတ် အအေးဓာတ် သန္တိလက္ခဏာဟူသော ဟုတ်မှန်သည့် လက္ခဏာကို ဟုတ်မှန်သည့်အတိုင်း ကပ်၍ ရှုတတ်-


©shwehinthar.com

သော ကြောင့် **လက္ခဏူပနိဇ္ဈာနစျာန်** မည်၏။ (အဘိ၊ဌ၊၁၊၂၁၁။)

ဤအာရမ္မဏူပနိဇ္ဈာနစျာန်, လက္ခဏူပနိဇ္ဈာနစျာန်ဟူသော နှစ်မျိုးသော စျာန်တို့ကို ဝင်စားနိုင်ကြကုန်သော သူတော်ကောင်းတို့သည်သာ ကိလေသ မာရ်စသည့် မာရ်စစ်သည်တို့၏ ဘေးရန်မှ လွတ်မြောက်ကြကုန်၏။

ဘုရားရှင်တို့ကား လမ်းမှန်ကိုသာ ညွှန်ကြားပြသ ဆိုဆုံးမတတ်သူတို့ ဖြစ်ကြသဖြင့် သမထဝိပဿနာဘာဝနာ-တို့ကို အောင်အောင်မြင်မြင် မဂ်ဆိုက် ဖိုလ်ဆိုက် နိဗ္ဗာန်ဆိုက်သည်အထိ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ဖို့သည်ကား ငါတို့၏ တာဝန်သာ ဖြစ်သည်ဟု သဘောပိုက်ကာ သမထ ဝိပဿနာဘာဝနာတို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူတို့ ဖြစ်အောင် ကြိုးစားအားထုတ်ပါလေလော့။

ဤ**နာထသုတ္တန်**၌ ဒုတိယ နာထတရားအဖြစ် ဟောကြားထားတော် မူအပ်သော **ဗဟုဿုတ**အင်္ဂါရပ်နှင့် ပြည့်စုံရန်-အတွက်လည်းကောင်း, ဆယ်ခုမြောက် နာထတရားအဖြစ် ဟောကြားထားတော်မူအပ်သော **ဝိပဿနာ ပညာ မဂ်-ပညာ**နှင့် ပြည့်စုံရန်အတွက်လည်းကောင်း ယောဂါဝစရပုဂ္ဂိုလ်အနေဖြင့် မည်သို့မည်ပုံ ပြုကျင့်ရမည်နည်းဟု မေးရန် ရှိ၏။ ယောဂါဝစရပုဂ္ဂိုလ်အနေဖြင့် ဝိသုဒ္ဓိခုနစ်ပါး ကျင့်စဉ်ကို ရိုသေစွာ လိုက်နာပြုကျင့်ရမည် ဖြစ်ပေသည်။ ရှေးဦးစွာ ဤနာထသုတ္တန်တွင် ဘုရားရှင်ဟောကြားပြသ ဆိုဆုံးမထားတော်မူသည့် ပထမ နာထတရားနှင့်အညီ သီလကို ဖြူစင်-အောင် ဆေးကြောသုတ်သင်ပါ။ ထို့နောင် ဒုတိယ နာထတရားနှင့် ပြည့်စုံရေးအတွက် အောက်ပါ သမာဓိသုတ္တန်တွင် ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပါ။


©shwehinthar.com

## အချိန်ရှိခိုက် လုံ့လစိုက်ပါလော့

■ နည်းမှန်လမ်းမှန် နှလုံးသွင်းတတ်သည့်
ယောနိသော မနသိကာရ . . ရှိသူ
ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအနေဖြင့်
ငါးဖြာအာရုံကာမဂုဏ် ညွန့်ဗွက်မှ
စတုတ္ထစျာန်သမာဓိသို့ တိုင်အောင်သော
ဘာဝနာဟူသော အနှစ်သာရကို
အချိန်မရွေး ထုတ်ယူ၍ ရနိုင်၏။

■ ယင်း စတုတ္ထစျာန်သမာဓိကို
ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးခဲ့သော်
ပါရမီအားလျော်စွာ အရဟတ္တဖိုလ်သို့တိုင်အောင်သော
အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်သည်သာ ဖြစ်၏။

■ ပါရမီနု့၍ အရဟတ္တဖိုလ်သို့ မပေါက်ရောက်သေးခဲ့လျှင်လည်း
မလျှောကျသော စျာန်ရှိသော ထိုသူတော်ကောင်းကို
သံသရာခရီးတွင် အလွန် အဆင့်အတန်းမြင့်မားလှသော
ဗြဟ္မာ့ချမ်းသာကြီးက
"လာစမ်းပါ . . လာစမ်းပါ . ." ဟု
ဆီးကြို ဖိတ်ခေါ်လျက် ရှိနေမည်သာ ဖြစ်ပေသည်။

■ ဤမျှ ကြီးမားလှသော ဂုဏ်ကျေးဇူးရှိသည့်
ဤကဲ့သို့သော တရားထူး တရားမြတ်များကို
သာသနာတော်၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားကို
လက်ကိုင်ထားလျက်ရှိသော
သင်ကဲ့သို့သော သူတော်ကောင်းတစ်ဦးသည်
အဘယ့်ကြောင့် . .
မပွားများ အားမထုတ်ဘဲ နေထိုက်ပါအံ့နည်း။

(စာမျက်နှာ၊ ၂၂၃။)


©shwehinthar.com

# အခန်း (၃)
# သမထကမ္မဋ္ဌာန်းပိုင်း

**သစ္စသံယုတ် – သမာဓိသုတ္တန်**

သမာ**ဓိံ** ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာနာတိ၊ "ဣဒံ ဒုက္ခ"န္တိ ယထာဘူတံ ပဇာနာတိ။ "အယံ ဒုက္ခသမုဒယော"တိ ယထာဘူတံ ပဇာနာတိ။ "အယံ ဒုက္ခနိရောဓော"တိ ယထာဘူတံ ပဇာနာတိ။ "အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"တိ ယထာဘူတံ ပဇာနာတိ။ သမာ**ဓိံ** ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ (သံ၊၃၊၃၆၃။)

= ရဟန်းတို့ . . . သမာဓိကို ပွားများကြပါကုန်လော့၊ သမာဓိရှိသော ရဟန်းသည် မဖောက်မပြန် ဟုတ်တိုင်း-မှန်စွာ ကွဲကွဲပြားပြား သိ၏။ အဘယ် တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိလေသနည်း? "ဤကား ဒုက္ခအရိယသစ္စာတည်း"ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲ ပြားပြား သိ၏။ "ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာ"တည်းဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ "ဤကား ဒုက္ခချုပ်ကြောင်း နိရောဓအရိယသစ္စာတည်း"ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ "ဤကား ဒုက္ခချုပ်ရာ နိရောဓ (= နိဗ္ဗာန်)သို့ ရောက် ကြောင်း ကျင့်စဉ် မဂ္ဂအရိယသစ္စာတည်း"ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။

ရဟန်းတို့ . . . သမာဓိကို ပွားများကြကုန်လော့၊ သမာဓိရှိသော ရဟန်း သည် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ (သံ၊၃၊၃၆၃။)

ဤဒေသနာတော်နှင့်အညီ — အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓစသည့် (၁၁)မျိုးသော အခြင်းအ-ရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာငါးပါး (= ဒုက္ခအရိယသစ္စာတရား)တို့ကို မဖောက်မပြန် ဟုတ်တိုင်း မှန်စွာ ကွဲကွဲပြားပြား သိရှိရေးအတွက် သမာဓိကို ထူထောင်ဖို့ လိုအပ်ပေ သည်။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော ဒုက္ခဖြစ်ကြောင်း သမုဒယ အရိယသစ္စာတရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိရှိရေးအတွက်လည်း သမာဓိကို ထူထောင်ဖို့ လိုအပ်ပေသည်။

ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကား ဝိပဿနာဉာဏ်၏ အာရုံခံအာရုံ ဖြစ်ကြသည့် သင်္ခါရတရားတို့ ဖြစ်ကြ၏။ ယင်းသင်္ခါရတရားတို့ကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက်သိမြင်ရေးအတွက် သမာဓိကို ထူထောင်ရန် ဘုရားရှင်က တိုက်တွန်းထားတော်မူ၏။ အကြောင်းကား သမာဓိနှင့် ယှဉ်သော ဉာဏ်ပညာသည် ပရမတ္ထဓမ္မတို့၏ ဟုတ်မှန်တိုင်းသော သဘာဝ လက္ခဏာ သာမညလက္ခဏာကို ထိုးထွင်းသိမြင်ခြင်း (= **ယထာသဘာဝပဋိဝေဓလက္ခဏာ** (အဘိ၊ဋ္ဌ၊၁၊၁၆၆။) ရှိ၏။ သည်မျှသာမကသေး။

**သာ ပနေသာ ဩဘာသနလက္ခဏာ စ ပညာ, ပဇာနနလက္ခဏာ စ။**

(အဘိ၊ဋ္ဌ၊၁၊၁၆၅။)

**ဩဘာသနလက္ခဏာ** = နံရံလေးဘက် ကာရံထားသော အိမ်၌ ညဉ့်အခါဝယ် ဆီမီးကို ထွန်းညှိအပ်သည်ရှိသော် ပကတိမျက်စိကို ကာဏ်းအောင် ပြုလုပ်တတ်သော အမိုက်မှောင်သည် ချုပ်ပျောက်ရသကဲ့သို့ အလင်းရောင် သည် ထင်ရှားဖြစ်ပေါ်လာရသကဲ့သို့ ဤဥပမာအတူပင်လျှင် ပညာသည် ပရမတ္ထဓမ္မအာရုံကို တစ်နည်းဆိုရသော် အရိယသစ္စာ-လေးပါးတည်းဟူသော အာရုံကို ထင်ထင်ရှားရှား ကွဲကွဲပြားပြား ဂဃနဏ သိအောင် ထွန်းလင်း ပြခြင်း (= ဩဘာသန) လက္ခဏာ ရှိပေသည်။

ပညောဘာသသမော ဩဘာသော နာမ နတ္ထိ။ (အဘိ၊ဋ္ဌ၊၁၊၁၆၆။)


©shwehinthar.com

ပညာအရောင်အလင်းနှင့် တူသော အရောင်အလင်းမည်သည် မရှိပေ။ မှန်ပေသည် — ဝိပဿနာဉာဏ်ပညာ-ရှိသော ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံ နေသော ပုဂ္ဂိုလ်သည် တစ်ခုတည်းသော ထက်ဝယ်ဖွဲ့ခွေခြင်းဖြင့် ထိုင်နေလတ်သော် (= တစ်ထိုင်လောက် ထိုင်၍ ဝိပဿနာတရားကို ရှုပွားနှလုံးသွင်းခဲ့သော်) တစ်သောင်းသော လောကဓာတ်-သည် တစ်ခုတည်းသော အရောင်အလင်း ရှိနိုင်၏ (= လောကဓာတ်တိုက်ပေါင်း တစ်သောင်းလုံးသည် တစ်ဆက်တည်း လင်းနေနိုင်ပေသည်)။ ဝိပဿနာပိုင်း ဥဒယဗ္ဗယဉာဏ်ပိုင်း၌ လာရှိသော ဝိပဿနာ၏ ညစ်ညူးကြောင်း (= ဥပက္ကိလေသ) အရောင် အလင်းမျိုးကို အထူးရည်ညွှန်း၍ ဤစကားရပ်ကို ဖွင့်ဆိုတော်မူခြင်း ဖြစ်ပေ သည်ဟု မှတ်ပါ။ (အဘိ၊ဋ္ဌ၊၁၊၁၆၅-၁၆၆။)

ထိုကြောင့် အရှင်နာဂသေနမထေရ်သည် ဤသို့ မိန့်ဆိုထားတော်မူ၏။ ဒါယကာတော် မဟာရာဇ . . . ယောက်ျားတစ်ဦးသည် အမိုက်မှောင်အတိ ဖြစ်နေသော အိမ်ထဲ၌ ဆီမီးကို သွင်းယူသွားလေရာ၏၊ သွင်းအပ်ပြီးသော ဆီမီးသည် အမိုက်မှောင်ကို ဖျက်ဆီးသကဲ့သို့, အရောင်အလင်းကို ဖြစ်စေ သကဲ့သို့, အလင်းရောင်ကို ထင်ရှားပြသကဲ့သို့, ရူပါရုံအမျိုးမျိုးတို့ကို ထင်ရှား အောင် ပြုသကဲ့သို့ — ဒါယကာတော် မဟာရာဇ . . . ဤဥပမာအတူပင်လျှင် ပညာသည် ဖြစ်ပေါ်လာလတ်သော် —

၁။ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးပစ်၏၊
၂။ ဝိဇ္ဇာတည်းဟူသော အရောင်ကို ဖြစ်စေ၏၊
၃။ ဉာဏ်တည်းဟူသော အလင်းရောင်ကို ထင်ရှားပြ၏၊
၄။ အရိယသစ္စာတို့ကို ထင်ရှားအောင် ပြုလုပ်၏။

ဤသို့လျှင် - ဒါယကာတော် မဟာရာဇ . . . ပညာသည် ပရမတ္ထဓမ္မအာရုံ (= အရိယသစ္စာလေးပါးတည်း-ဟူသော အာရုံ) ကို ထင်ထင်ရှားရှား ကွဲကွဲပြားပြား ဂဃနဏ သိအောင် ထွန်းလင်းပြခြင်း ဩဘာသနလက္ခဏာ ရှိပေသည်။ (မိလိန္ဒ၊၃၈။ အဘိ၊ဋ္ဌ၊၁၊၁၆၆။)

**ပညာရောင် = ဉာဏ်ရောင်**

ရဟန်းတို့ . . . အလင်းရောင်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်းဟူမူ — လအလင်းရောင်, နေအလင်းရောင်, မီးအလင်းရောင်, ပညာအလင်းရောင်တို့တည်း။ ရဟန်းတို့ . . . အလင်းရောင်တို့သည် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ . . . ဤအလင်းရောင် လေးမျိုးတို့တွင် ပညာအလင်းရောင်သည် အမြတ်ဆုံး ဖြစ်ပေ၏။ (အံ၊၁၊၄၅၇။)

**အဓိစိတ္တသုတ္တန် ခေါ် နိမိတ္တသုတ္တန်**

ရဟန်းတို့ . . . **အဓိစိတ္တ** (= လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ် (အံ၊ဋ္ဌ၊၂၊၂၂၈။)) ကို အဖန်ဖန် အားထုတ်သော ယောဂါဝစရရဟန်းသည် သမာဓိဖြစ်ကြောင်း သမထနိမိတ်, ဝိပဿနာဉာဏ် ဖြစ်ကြောင်း ဝိပဿနာနိမိတ်ဟူသော အကြောင်းတရားသုံးမျိုးတို့ကို ရံဖန်ရံခါ နှလုံးသွင်းအပ်ကုန်၏။

၁။ ရံဖန်ရံခါ သမာဓိဟူသော အကြောင်းနိမိတ်ကို (= သမာဓိဖြစ်ကြောင်း တရားကို) နှလုံးသွင်းအပ်၏။

၂။ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းနိမိတ်ကို (= ဝီရိယဖြစ်ကြောင်း တရားကို) နှလုံးသွင်းအပ်၏။

၃။ ရံဖန်ရံခါ ဥပေက္ခာဟူသော အကြောင်းနိမိတ်ကို (= ဥပေက္ခာဖြစ်ကြောင်း တရားကို) နှလုံးသွင်းအပ်၏။

ရဟန်းတို့ . . . **အဓိစိတ္တ** (= လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်)ကို အဖန်ဖန် ပွားများအားထုတ်သော ယောဂါဝစရ ရဟန်းသည် ကမ္မဋ္ဌာန်းအာရုံ၌ စိတ်တည်ကြည်မှု သမာဓိဟူသော အကြောင်း နိမိတ်ကိုသာလျှင် (= သမာဓိဖြစ်ကြောင်း တရားကိုသာလျှင်) တစ်ဖက်သတ် နှလုံးသွင်းခဲ့မူ ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်သည် ပျင်းရိ ရာသော အကြောင်းရှိ၏။ (၁)

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်ကို အဖန်ဖန် ပွားများအားထုတ်သော


©shwehinthar.com

ယောဂါဝစရရဟန်းသည် ကြိုးစားအားထုတ်ခြင်း ဝီရိယဟူသော အကြောင်းနိမိတ်ကိုသာလျှင် (= ဝီရိယ ဖြစ်ကြောင်း တရားကိုသာလျှင်) တစ်ဖက်သတ် နှလုံးသွင်းခဲ့မူ ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်သည် ပျံ့လွင့်ခြင်း (= ဥဒ္ဓစ္စ) ဖြစ်ရာသော အကြောင်း ရှိ၏။ (၂)

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကို အဖန်ဖန် ပွားများအားထုတ်သော ယောဂါဝစရရဟန်းသည် ကမ္မဋ္ဌာန်းအာရုံကို လျစ်လျူရှုမှု ဥပေက္ခာဟူသော အကြောင်းနိမိတ်ကိုသာလျှင် (= ဥပေက္ခာဖြစ်ကြောင်း တရားကိုသာလျှင်) တစ်ဖက်သတ် နှလုံး သွင်းခဲ့မူ ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်သည် အာသဝေါတရားတို့ ကုန်ရန် ကောင်းစွာ မတည်ကြည်ရာသော အကြောင်းရှိ၏။ (၃)

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်ကို အဖန်ဖန် ပွားများအားထုတ်သော ယောဂါဝစရရဟန်းသည်

၁။ ရံဖန်ရံခါ သမာဓိဟူသော အကြောင်းနိမိတ်ကို (= သမာဓိဖြစ်ကြောင်း တရားကို) နှလုံးသွင်း၍,

၂။ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းနိမိတ်ကို (= ဝီရိယဖြစ်ကြောင်း တရားကို) နှလုံးသွင်းပြီးလျှင်,

၃။ ရံဖန်ရံခါ ဥပေက္ခာဟူသော အကြောင်းနိမိတ်ကို (= ဥပေက္ခာဖြစ်ကြောင်း တရားကို) နှလုံးသွင်းသောအခါ **ဘာဝနာစိတ်**သည် —

၁။ နူးညံ့ခြင်းသည်လည်းကောင်း (**= မုဒု**),

၂။ သမထဘာဝနာလုပ်ငန်း ဝိပဿနာဘာဝနာလုပ်ငန်း၌ ထိုထိုဘာဝနာ မှုကို ပြုလုပ်ရန် အခန့်သင့်ဖြစ်နေခြင်း သင့်လျော်ခြင်းသည်လည်းကောင်း (= **ကမ္မနိယ**),

၃။ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ထွက်ခြင်းသည်လည်းကောင်း (= **ပဘဿရ**) ဖြစ်၏။

၄။ ပျက်စီးခြင်းသဘောလည်း မရှိ။

၅။ အာသဝေါတရားတို့ ကုန်ရန် ကောင်းစွာ တည်ကြည်၏။

ဤကား သမထဘာဝနာ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း ပွားများရာ၌ ဗောဇ္ဈင် (၇)ပါးတို့ကို ညီမျှအောင် ကျင့်ပါက သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့မှ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ထွက်ပေါ်လာကြောင်းကို ဘုရားရှင်၏ မုခပါဌ်တော်မှ တိုက်ရိုက်ထွက်ပေါ် လာသည့် ဟောကြားထားတော်မူချက် ဒေသနာတော်ပင် ဖြစ်ပေသည်။

**အဓိစိတ္တန္တိ** သမထဝိပဿနာစိတ္တံ။ (အံ၊ဋ္ဌ၊၂၊၂၂၇။)

ကောဒသမေပိ **အဓိစိတ္တံ** သမထဝိပဿနာစိတ္တမေဝ။ (အံ၊ဋ္ဌ၊၂၊၂၂၈။)

ကိံ ပန စိတ္တဿ ဝဏ္ဏော နာမ အတ္ထီတိ? နတ္ထိ။ (အံ၊ဋ္ဌ၊၁၊၄၅။)

= စိတ်၏ ဝဏ္ဏမည်သော အရောင်အဆင်းသည် ရှိပါသလား? မရှိပါ။

(အံ၊ဋ္ဌ၊၁၊၄၅။)

ဤအထက်ပါ အဋ္ဌကထာအဖွင့်နှင့်အညီ စိတ်၌ အရောင်အလင်းကား မရှိပါ။ သို့သော် အလွန် အဆင့်မြင့်နေသော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်သည်ကား အလင်းရောင်ကို ဖြစ်စေနိုင်သည့် စွမ်းအား ရှိပေ သည်။ အလွန် အဆင့်မြင့်နေသော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်တို့၌ အလွန် အဆင့်မြင့်သော ပညိန္ဒြေစေတသိက်လည်း ယှဉ်တွဲလျက်ပင် ရှိ၏။ ယင်း ပညိန္ဒြေစေတသိက်တည်းဟူသော ဉာဏ်၏ အာနုဘော်က ကြီးလျှင်ကြီးသလို ပညာရောင် ဉာဏ်ရောင်မှာ ထွန်းလင်းတောက်ပမြဲ ဓမ္မတာ ဖြစ်၏။ ယင်းသို့ဖြစ်လျှင် ယင်းပညာရောင် ဉာဏ်ရောင်ဟူသည်မှာ အဘယ်နည်းဟု မေးရန် ရှိ၏။ **ပရမတ္ထမဉ္ဇူသာ** အမည်ရှိသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ဆရာတော်က ဥဒယဗ္ဗယဉာဏ်ပိုင်း၌ လာရှိသော ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော **ဩဘာသ** (= **အရောင်အလင်း**)ကို စံထားကာ


©shwehinthar.com

ပညာရောင် (= ဉာဏ်ရောင်)အကြောင်းကို ဖွင့်ဆိုထားပေသည်။

**ဝိပဿနောဘာသော**တိ ဝိပဿနာစိတ္တသမုဋ္ဌိတံ သသန္တတိပတိတံ ဥတုသမုဋ္ဌာနဉ္စ ဘာသုရံ ရူပံ။ **တတ္ထ ဝိပဿနာစိတ္တသမုဋ္ဌိတံ** ယောဂိနော သရီရဋ္ဌမေဝ ပဘဿရံ ဟုတွာ တိဋ္ဌတိ၊ ဣတရံ သရီရံ မုဉ္စိတွာ ဉာဏာနုဘာဝါနု-ရူပံ သမန္တတော ပတ္ထရတိ၊ တံ တဿေဝ ပညာယတိ၊ တေန ဖုဋ္ဌောကာသေ ရူပဂတမ္ပိ ပဿတိ။ ပဿန္တော စ စက္ခုဝိညာဏေန ပဿတိ၊ ဥဒါဟု မနောဝိညာဏေနာတိ ဝီမံသိတဗ္ဗန္တိ ဝဒန္တိ၊ ဒိဗ္ဗစက္ခုလာဘိနော ဝိယ တံ မနောဝိညေယျမေဝါတိ ယုတ္တံ ဝိယ ဒိဿတိ။ (မဟာဋီ၊၂၄၂၈-၄၂၉။)

ဤအထက်ပါ မဟာဋီကာ စကားရပ်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏။

**ဝိပဿနောဘာသ (= ဝိပဿနာဉာဏ်အရောင်အလင်း)** ဟူသည် ဝိပဿနာစိတ်ကြောင့် ဖြစ်သော စိတ္တဇသြဇဋ္ဌ-မကရုပ်တို့တွင် ပါဝင်သော အလွန်တောက်ပသော ရူပါရုံ အရောင်အလင်းနှင့် မိမိသန္တာန်၌ ကျရောက် လျက်ရှိသော တေဇောဓာတ် (= ဥတု)ကြောင့်ဖြစ်သော ဥတုဇသြဇဋ္ဌမကရုပ် တို့တွင် ပါဝင်သော ရူပါရုံ၏ အရောင်အလင်းတည်း။

ထင်ရှားအောင် ဆိုရသော် ဤသို့ ဖြစ်၏။ နှလုံးအိမ်အတွင်း၌ တည်ရှိ သော ဟဒယဝတ္ထုရုပ်ကို မှီတွယ်၍ ဖြစ်-နေသော စိတ်တိုင်းစိတ်တိုင်းသည် သြဇာလျှင် ရှစ်ခုမြောက်ရှိသော စိတ္တဇသြဇဋ္ဌမကရုပ်တို့ကို ဖြစ်စေနိုင်၏။ စိတ်တစ်လုံးတစ်လုံးသည် စိတ္တဇသြဇဋ္ဌမက ရုပ်ကလာပ်ပေါင်းများစွာကို ဖြစ်စေနိုင်၏။ များသောအားဖြင့် ဟဒယဝတ္ထု-ရုပ်ကို မှီ၍ ဖြစ်နေသော စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းသည် ဥပါဒ်ကာလသို့ ရောက်တိုင်း ရောက်တိုင်း စိတ္တဇ-ရုပ်များကို ဖြစ်စေနိုင်သည်ချည်းသာ ဖြစ်၏။ ရုပ်တို့မည်သည် တစ်ခုချင်း တစ်လုံးချင်း ဖြစ်နိုင်သည့် စွမ်းအားမရှိဘဲ ရုပ်ကလာပ်ခေါ်သည့် အုပ်စုအလိုက် အဖွဲ့အစည်းအလိုက်သာ ဖြစ်ရိုး ဓမ္မတာ ရှိကြ၏။ ကလာပ်ဟူသည် မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်၌ အသေးဆုံးသော ရုပ်အဖွဲ့အစည်းတစ်ခု၏ အမည် ဖြစ်သည်။ ပရမာဏုမြူခန့် သို့မဟုတ် ပရမာဏုမြူအောက် အဆပေါင်းများစွာ သေးငယ်သော အမှုန်ကလေး ဖြစ်၏။ ယင်းရုပ်ကလာပ်အမှုန် တစ်ခုတစ်ခုကို ပရမတ္ထသစ္စာဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ကြည့်လျှင် (= ဓာတ်ခွဲ ကြည့်လျှင်) ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာဟု အနည်းဆုံး ရုပ်သဘောတရား (၈)မျိုးစီ အသီးအသီး ရှိ၏။ ယင်းရုပ်တရား တို့ကို သြဇာလျှင် (၈)ခုမြောက် ရှိသောကြောင့် သြဇဋ္ဌမကရုပ်များဟု ခေါ်ဆို၏။ စိတ်ကြောင့် ဖြစ်သောကြောင့် စိတ္တဇရုပ်များဟု ခေါ်ဆို၏။ [ရံခါ အသံပါသော် ရုပ်ကလာပ် တစ်ခုတစ်ခု၌ ရုပ်သဘောတရား (၉)မျိုးစီလည်း ရှိတတ်၏။ သို့သော် ဤအပိုင်းကား သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကြောင့် ဖြစ်သော ရုပ်တို့ကို ပဓာနထား၍ ပြောဆိုနေသဖြင့် အသံ အကြောင်းကို ထည့်၍ မပြောဆိုခြင်း ဖြစ်သည်။]

ယင်းရုပ်သဘောတရား (၈)မျိုးတို့တွင် ပါဝင်သော ဝဏ္ဏခေါ် ရူပါရုံမှာ (သမထဘာဝနာစိတ်) ဝိပဿနာ-ဘာဝနာစိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ် အတွင်း၌ တည်ရှိသော ရူပါရုံ ဖြစ်ခဲ့လျှင် **ဘာသုရရူပ** (= အလွန်တောက်ပ သော ရူပါရုံ) ဖြစ်၏။ ယင်းဘာသုရရူပ (= တောက်ပသော ရူပါရုံ)မှာ စိတ္တဇ ရုပ်ကလာပ်တိုင်းတွင် ပါဝင်သဖြင့် စိတ္တဇရုပ်က-လာပ် အရေအတွက် များလျှင် များသလို တောက်ပသော ရူပါရုံ အရေအတွက်လည်း ပို၍ များသည်သာ ဖြစ်၏။ ယင်းရူပါရုံ၏ တောက်ပမှုမှာလည်း ဉာဏ်အာနုဘော်အားလျော်စွာ တောက်ပ၏။ (သမထဘာဝနာစိတ်) ဝိပဿနာ-ဘာဝနာစိတ်တို့နှင့် ယှဉ်တွဲ လျက်ရှိသော ဉာဏ်အာနုဘော်က ကြီးမားလျှင် ကြီးမားသလို ပို၍ပို၍ တောက်ပပြီးလျှင် ဉာဏ်အာနုဘော်က သေးလျှင် သေးသလို လျော့၍ လျော့၍ တောက်ပ၏။ ထိုထို (သမထအာရုံ) ဝိပဿနာအာရုံတို့ကို အာရုံ ပြု၍ ဖြစ်ပေါ်လာကြကုန်သော (သမထဘာဝနာစိတ်) ဝိပဿနာဘာဝနာ စိတ်တို့နှင့် စိတ္တက္ခဏ တစ်ခုအတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ပေါ်လာကြ ကုန်သော နာမ်တရားစုတို့မှာ ယေဘုယျအားဖြင့် (၃၄)လုံးခန့် ရှိ၏။ [ဤ ကျမ်းစာ နာမ်ကမ္မဋ္ဌာန်းပိုင်း (၄၁၇-၄၂၁။) တွင် ကြည့်ပါ။] ယင်းနာမ်တရားစု တို့တွင် ပညိန္ဒြေစေတသိက် ခေါ် ဉာဏ် (= ပညာ)လည်း ပါဝင်လျက် ရှိ၏။ ယင်းဉာဏ်အာနုဘော်မှာ ကြီးမားလျှင် ကြီးမားသလို သေးလျှင် သေးသလို ရူပါရုံအရောင်မှာ တောက်ပသည်ဟု ဆိုလိုပေသည်။

တစ်ဖန် ယင်းစိတ္တဇရုပ်ကလာပ်တိုင်း ရုပ်ကလာပ်တိုင်းတွင် တေဇောဓာတ်လည်း ပါဝင်လျက် ရှိ၏။ ယင်းတေဇောဓာတ် = ဥတုကလည်း ဥတုဇ သြဇဋ္ဌမကရုပ်ကလာပ် (= ဥတုကြောင့်ဖြစ်သော သြဇာလျှင် ရှစ်ခုမြောက်


©shwehinthar.com

ရှိသော ရုပ်ကလာပ်) အသစ်အသစ်ကို ဆင့်ကာဆင့်ကာ ထပ်ကာထပ်ကာ ထပ်မံ ဖြစ်စေပြန်၏။ (သမထဘာဝနာ-စိတ်) ဝိပဿနာဘာဝနာစိတ်တို့က အာနုဘော်ကြီးလျှင် ကြီးသလို စိတ္တဇကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိ သော တေဇောဓာတ် (= ဥတု)သည် ဥတုဇဩဇဋ္ဌမက ရုပ်ကလာပ်ပေါင်း များစွာကို ဖြစ်စေနိုင်၏။ ယင်းဥတုဇဩဇဋ္ဌမက ရုပ်ကလာပ်တိုင်း ရုပ်ကလာပ် တိုင်းတွင် ပါဝင်တည်ရှိသော ဝဏ္ဏဓါတ် ရူပါရုံကလည်း **ဘာသုရရူပ (= အလွန်** တောက်ပသော ရူပါရုံ)ပင် ဖြစ်၏။ ယင်းရူပါရုံ၏ တောက်ပမှုမှာလည်း ဉာဏ်အာနုဘော်က ကြီးလျှင် ကြီးသလို သေးလျှင် သေးသလိုပင် တောက်ပ ၏။ ယင်းဥတုဇရုပ်တို့ကို **သသန္တတိပတိတ ဥတုသမုဋ္ဌာန =** မိမိ၏ ရုပ်သန္တတိ အစဉ်၌ ကျရောက်လျက်ရှိသော ဥတုသမုဋ္ဌာန်ရုပ်များ (= ဥတုဇရုပ်များ = ဥတုကြောင့် ဖြစ်သောရုပ်များ)ဟု ခေါ်ဝေါ်-သုံးစွဲထားပေသည်။

ထိုစိတ္တသမုဋ္ဌာန်ရုပ် ဥတုသမုဋ္ဌာန်ရုပ် နှစ်မျိုးတို့တွင် (သမထဘာဝနာ စိတ်) ဝိပဿနာဘာဝနာစိတ်တို့ကြောင့် ဖြစ်သော စိတ္တဇဩဇဋ္ဌမကရုပ်များတွင် ပါဝင်တည်ရှိသော ရူပါရုံ (= ဝဏ္ဏဓာတ် အရောင်အလင်း)သည် ယောဂါဝစရပုဂ္ဂိုလ်၏ ရူပကာယ (= ကိုယ်အတွင်း) ၌သာလျှင် ပျံ့နှံ့၍ တည်၏။ ဥတုသမုဋ္ဌာန်အမည်ရသည့် ဥတုဇ-ဩဇဋ္ဌမက ရုပ်ကလာပ်များတွင် ပါဝင်တည်ရှိသော ရူပါရုံ (= ဝဏ္ဏဓာတ် အရောင်အလင်း)သည်ကား ယောဂါဝစရ-ပုဂ္ဂိုလ်၏ ခန္ဓာအိမ်အတွင်း၌သာမက ခန္ဓာကိုယ်၏ အပြင်ဘက် ဗဟိဒ္ဓ လောကဝယ် ဝန်းကျင်ပတ်ချာ အရပ်ဆယ်မျက်နှာ-သို့တိုင်အောင် ဉာဏ်အာနုဘော်က ကြီးလျှင် ကြီးသည့်အားလျော်စွာ အဝေးသို့တိုင်အောင် ပျံ့နှံ့၍ တည်၏။ ထိုအရောင်အလင်းကား ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ သာလျှင် ထင်ရှား၏။

ဘေးပတ်ဝန်းကျင်သို့ ပျံ့နှံ့၍ တည်နေသော ထိုအရောင်အလင်းနှင့် တွေ့ထိမိရာ အရပ်၌ တည်ရှိသော ရူပါရုံအမျိုးမျိုးကိုလည်း ယောဂါဝစရ ပုဂ္ဂိုလ်သည် တွေ့မြင်နေပေ၏။ ထိုသို့ တွေ့မြင်ရာဝယ် စက္ခုဝိညာဏ်ဖြင့်ပင် တွေ့မြင်သလော, မနောဝိညာဏ်ဖြင့်ပင် တွေ့မြင်သလောဟူသော အချက်ကို စူးစမ်းဆင်ခြင်သင့်သည်ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူကြကုန်၏။ မိမိ မဟာဋီကာဆရာ၏ အယူအဆမှာမူ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိတော်မူကြကုန်သော သူတော်ကောင်းတို့သည် ထိုရူပါရုံကို ဒိဗ္ဗစက္ခုအဘိညာဏ်ဟူသော မနောဝိညာဏ်စိတ်ဖြင့် တွေ့မြင်သကဲ့သို့ အလားတူပင် ဤအရာ၌လည်း ထိုရူပါရုံအပေါင်းကို (သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်ဟူသော) မနောဝိညာဏ်ဖြင့်သာလျှင် သိမြင်၏ဟူသော စကားသည်သာလျှင် သင့်မြတ်သကဲ့သို့ ထင်ပေသည်။ — ဤကား အထက်ပါ မဟာဋီကာ စကားရပ်၏ ဆိုလိုရင်းတည်း။

**အနီးစပ်ဆုံးသော အကြောင်းတစ်ရပ်**

ဤဉာဏ်အာနုဘော် ကြီးမားမှု မကြီးမားမှုတို့၏ အနီးစပ်ဆုံးသော အကြောင်းတစ်ရပ်မှာ — **သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ** (အံ၊၃၊၂၅၉။) = တည်ကြည်သော သမာဓိရှိသောသူသည် မဖောက်မပြန် ဟုတ်တိုင်း-မှန်စွာ သိ၏ မြင်၏ — ဟု ဘုရားရှင် ဟောကြားထားတော် မူသောကြောင့် သမာဓိသည် အနီးစပ်ဆုံး အကြောင်းတစ်ရပ် ဖြစ်ပေသည်။

**ဥပစာရစကားဟု မှတ်ပါ**

အထက်ပါ မဟာဋီကာဆရာတော်၏ ရှင်းလင်းချက်အရ ဉာဏ်အရောင် အလင်းဟူသော စကားမှာ တင်စား၍ ခေါ်ဝေါ်သုံးစွဲထားသော ဥပစာရ စကားဟု မှတ်ပါ။ ဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော (သမထဘာဝနာစိတ်) ဝိပဿနာ-ဘာဝနာစိတ်တို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးဖြစ်သော စိတ္တဇ ရုပ်, ထိုစိတ္တဇရုပ်ကလာပ်တို့တွင် အကျုံးဝင်သော တေဇောဓာတ်မှ ထပ်ဆင့် ဖြစ်ပွားလာသော ဥတုဇရုပ်တို့၌ ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် (= ရူပါရုံ)၏ တောက်ပမှု (= အာလောက = ဩဘာသ = အရောင်အလင်း) ဟူသော အမည်ကို အကြောင်းဖြစ်သော ဉာဏ်အပေါ်၌ တင်စား၍ (သမထဉာဏ် ရောင်) ဝိပဿနာဉာဏ်ရောင်ဟု ခေါ်ဝေါ်သုံးစွဲထားသော **ဖလူပစာရစကား** ဟု မှတ်ပါ။ ဤစကားအရ ဉာဏ်၌ အရောင် မရှိ။ ဉာဏ်ကြောင့် ဖြစ်ပေါ် လာသော (အထက်တွင် ရှင်းပြထားသော) ရုပ်တရားတို့၌သာ အရောင် ရှိသည်ဟု အတိုချုပ် မှတ်သားပါလေ။


©shwehinthar.com

## ရူပါရုံ အမျိုးမျိုးကို တွေ့မြင်နိုင်သည်

အထက်ပါ မဟာဋီကာဆရာတော်၏ စကားရပ်တွင် "**တေန ဖုဋ္ဌောကာသေ ရူပဂတမ္ပိ ပဿတိ** - ထိုလင်းရောင်ခြည်ဖြင့် တွေ့ထိမိရာ အရပ်၌ တည်ရှိသော ရူပါရုံအမျိုးမျိုးကိုလည်း ယောဂါဝစရပုဂ္ဂိုလ်က တွေ့မြင်နိုင်ကြောင်း"ကို ဖွင့်ဆိုလျက် ရှိ၏။ ထိုလင်းရောင်ခြည်၏ စွမ်းအင်ဖြင့် ရူပါရုံအမျိုးမျိုးကို တွေ့မြင်ပုံကိုလည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အောက်ပါအတိုင်း ဖွင့်ဆိုထား၏။

ထိုအရောင်အလင်းသည် အချို့သော ရဟန်းတော်အား ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာ အရပ်မျှလောက်ကိုသာ ဖြစ်ပေါ်လာ၏။ အချို့သော ရဟန်းတော်အား တိုက်ခန်းတစ်ခန်း အတွင်းကို, အချို့သော ရဟန်းတော်အား တိုက်ခန်းပြင်ပကိုလည်း ထွန်လင်းလျက် ဖြစ်ပေါ်လာ၏။ အချို့သော ရဟန်းတော်အား ကျောင်းတိုက်တစ်တိုက်လုံးကို, တစ်ဂါဝုတ်ကို, ယူဇနာဝက်ကို, တစ်ယူဇနာကို, နှစ်ယူဇနာကို, သုံးယူဇနာကို။ ပ ။ အချို့သော ရဟန်းတော် အား မဟာပထဝီမြေကြီးအပြင်မှသည် အကနိဋ္ဌဗြဟ္မာ့ပြည်သို့ တိုင်အောင် တစ်ခဲနက် ထူထပ်သော တစ်ဆက်တည်းသော အရောင်အလင်းကို ပြုလျက် ဖြစ်ပေါ်လာ၏။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ ဩဘာသအရောင်အလင်းသည် ကား တစ်သောင်းသော လောကဓာတ် စကြဝဠာတိုက်အပေါင်းကို ထွန်းလင်း စေလျက် ထင်ရှားဖြစ်ပေါ်လာတော်မူ၏။ (ဝိသုဒ္ဓိ၊၂၊၂၇၀။)

ထိုသို့ ဩဘာသခေါ် ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းမှာ ယောဂါဝစရပုဂ္ဂိုလ် တစ်ပါးနှင့် တစ်ပါး မတူဘဲ အနည်းအများ အကြီးအငယ် အဝေးအနီး မတူထူးခြားမှု ရှိခြင်းနှင့် ဆက်စပ်၍ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာက အောက်ပါ ဝတ္ထုနှစ်ရပ်ကို ဖွင့်ဆိုရေးသားထားပေသည်။

နာမည်ကျော်ဖြစ်သော သီဟိုဠ်ကျွန်း စိတ္တလတောင်၌ နှစ်ခုသော အထွဋ်ရှိသော ကျောင်းတစ်ဆောင်၏ အတွင်း၌ ယောဂါဝစရမထေရ်မြတ်ကြီး နှစ်ပါးတို့သည် သီတင်းသုံး စံနေတော်မူကြ၏။ မထေရ်မြတ်ကြီး နှစ်ပါးတို့ ဩဘာသ (= ဉာဏ်လင်းရောင်ခြည်) စွမ်းအင်နှင့် ပတ်သက်၍ ဆွေးနွေးမိသော ထိုညဥ့်ကား လကွယ်ပက္ခဥပုသ်နေ့လည်း ဖြစ်နေ၏။ မိုးသား တိမ်တိုက်တို့ကား ရှစ်နယ်ပတ်ကုံး အပြည့်ဖုံးလျက်ပင် ရှိကြ၏။

၁။ လကွယ်နေ့ည သန်းခေါင်ယာမ် ဖြစ်ခြင်း,

၂။ စိတ္တလတောင် တောရကျောင်းတိုက် တောအုပ်ကြီးအတွင်း၌ ဖြစ်ခြင်း,

၃။ မိုးသားတိမ်တိုက်တို့က ရှစ်ခွင်တိုင်း၌ အပြည့်ဖုံးလျက် ရှိခြင်း,

၄။ လျှပ်စစ်ရောင်စသည့် အရောင်အလင်း လုံးဝမရှိခြင်း —

တည်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်တိုက် အမှောင်ထုကြီးကား ဖုံးအုပ်လျက် ဖြစ်ပေါ်လျက် ရှိ၏။ ထိုအခါ၌ တစ်ဦးသော သီတင်းငယ် မထေရ်က —

"အရှင်ဘုရား . . . တပည့်တော်အား ယခုအခါ၌ စေတီရင်ပြင်တော်၌ သီဟာသန ခေါ် မြတ်သောနေရာ၌ ငါးပါးသော အဆင်းရှိကုန်သော ပန်း တို့သည် ထင်ရှားနေပါကုန်၏"ဟု လျှောက်ထား၏။ (ဝိသုဒ္ဓိ၊၂၊၂၇၀။)

မထေရ်ကြီးများ သီတင်းသုံးတော်မူရာကျောင်းမှာ အတွင်းအိပ်ခန်းများ ပတ်လည်တွင် စင်္ကြံလျှောက်ရန် စင်္ကြံလမ်းများ ရှိနေ၏။ ပတ်လည်စင်္ကြံကို လည်းကောင်း, အတွင်းအိပ်ခန်းကိုလည်းကောင်း ကာရံထားသဖြင့် နှစ်ထပ် အကာအရံရှိသော ကျောင်းဖြစ်ပေသည်။ သီတင်းငယ်ဖြစ်တော်မူသော မထေရ်မြတ်ကြီး၏ ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းမှာ ထိုနှစ်ထပ်သော အကာအရံတို့ကို ထိုးဖောက်ကာ စေတီရင်ပြင်တော်အထိ ပျံ့နှံ့၍ တည်နေ၏။ ညနေချမ်းအခါက စေတီရင်ပြင်တော်၌ တည်ရှိသော သီဟာသနခေါ် မွန်မြတ်သော ပန်းတင်ခုံနေရာ၌ ငါးပါးသော အရောင်အဆင်းရှိကုန်သော ပန်းတို့ကို ဖြန့်ခင်းလျက် စေတီတော်အား ပူဇော်ထားကြကုန်၏။ သန့်ရှင်းစင်ကြယ်သော ဝိပဿနာဉာဏ်ရှိသော ယောဂါဝစရပုဂ္ဂိုလ်အား ဉာဏ်အရောင်အလင်းဖြင့် ပျံ့နှံ့တွေ့ထိမိရာအရပ်၌ တည်ရှိသော ရူပါရုံအပေါင်း ရူပါရုံအမျိုးမျိုးသည်လည်း ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိတော်မူသော


©shwehinthar.com

သူတော်ကောင်း၏ဉာဏ်ဝယ် ထင်ရှားသကဲ့သို့ ထင်ရှား လာကြကုန်၏။ ထို့ကြောင့် — "အရှင်ဘုရား . . . တပည့်တော်အား ယခု အခါ၌ စေတီရင်ပြင်တော်၌ သီဟာသနခေါ် မြတ်သောနေရာ၌ ငါးပါးသော အဆင်းရှိကုန်သော ပန်းတို့သည် ထင်ရှားနေပါကုန်၏"ဟု လျှောက်ထားခြင်း ဖြစ်ပေသည်။ (မဟာဋီ၊၂၊၄၂၉. . . )

ထိုမထေရ်ငယ်ကို သီတင်းဝါကြီးတော်မူသော မထေရ်ကြီးက ဤသို့ ပြန်လည်ကာ အမိန့်ရှိတော်မူ၏။

"ငါ့ရှင် . . . မအံ့ဩလောက်သည်ကို ပြောဆိုဘိ၏၊ ငါ့အားမူကား ယခု အခါ၌ မဟာသမုဒ္ဒရာအတွင်း ယူဇနာအရပ်၌ ငါးလိပ်တို့သည် ထင်ရှား၍ နေကုန်၏"ဟု မိန့်ဆိုတော်မူ၏။ (ဝိသုဒ္ဓိ၊၂၊၂၇၀။)

**ဉာဏ်ရောင် လေးမျိုး**

ထိနမိဒ္ဓဝိနောဒနအာလောကောပိ ဝါ ဟောတု ကသိဏာလောကောပိ ဝါ ပရိကမ္မာလောကောပိ ဝါ၊ ဥပက္ကိလေသာလောကော ဝိယ သဗ္ဗောယံ အာလောကော ဉာဏသမုဋ္ဌာနောဝါတိ။ (အံ၊ဋီ၊၃၊၁၇၇-၁၇၈။)

ဤအထက်ပါ ဋီကာဆရာတော်က —

၁။ ထိနမိဒ္ဓဝိနောဒနအာလောက,

၂။ ကသိဏာလောက,

၃။ ပရိကမ္မာလောက,

၄။ ဥပက္ကိလေသာလောက —

ဤသို့လျှင် ဉာဏ်အရောင်အလင်း လေးမျိုး ရှိကြောင်းကို ဖွင့်ဆိုထား၏။

**၁။ ထိနမိဒ္ဓဝိနောဒန အာလောက** ▪ ထိနမိဒ္ဓကို ပယ်ဖျောက်ကြောင်း အလင်းရောင် ▪ ဒိဗ္ဗစက္ခုအဘိညာဉ် (= နတ်မျက်စိကဲ့သို့ အဝေးအနီးရှိသမျှ အလုံးစုံကို မြင်သိနိုင်စွမ်းရှိသော အဘိညာဉ်) အလို့ငှာ ပွားများထားအပ် သော အာလောကကသိုဏ်းသမာဓိကြောင့် (ဥပစာရ+အပ္ပနာ နှစ်ဖြာသော သမာဓိနှင့်ယှဉ်သော ဉာဏ်ကြောင့်) ဖြစ်ပေါ်လာသော အရောင်အလင်း တည်း။

**၂။ ကသိဏာလောက** ▪ အာလောကကသိုဏ်းမှ ကြွင်းသော ကသိုဏ်းတို့ကို ပွားများရာ၌ ဖြစ်ပေါ်လာသော ဥပစာရ+အပ္ပနာ နှစ်ဖြာသော ကသိုဏ်းသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းတည်း။

**၃။ ပရိကမ္မာလောက** ▪ အဘိညာဉ်၏ အခြေခံဖြစ်သော ပရိကမ္မ, ဈာန်၏ အခြေခံဖြစ်သော ပရိကမ္မ - ဤနှစ်မျိုးသော ပရိကမ္မသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းတည်း။

**၄။ ဥပက္ကိလေသာလောက** ▪ ဝိပဿနာဉာဏ်ကြောင့် အထူးသဖြင့် ဥဒယဗ္ဗယာနုပဿနာ (= သင်္ခါရတရားတို့၏ အဖြစ်-အပျက်ကို ရှုနေသော ဝိပဿနာ)ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းတည်း။

ဤအထက်ပါ မထေရ်မြတ်ကြီးနှစ်ပါးတို့၏ ဆွေးနွေးခန်း၌ လာရှိသော ဝိပဿနာဉာဏ်လင်းရောင်ခြည်ဖြင့် တွေ့ထိမိရာအရပ်၌ တည်ရှိသော ငါးမျိုး သော အရောင်အဆင်းရှိသော ပန်းတို့ကိုလည်းကောင်း, ငါးလိပ်တို့ကိုလည်း- ကောင်း ယောဂါဝစရပုဂ္ဂိုလ်က တွေ့မြင်နိုင်၏ဟူသော အချက်ကို ယောဂီ သူတော်ကောင်းတစ်ဦးသည် သတိပြုကာ မှတ်သားထားသင့်၏၊ မမေ့သင့်ပေ။ တစ်ဖန် ဒိဗ္ဗစက္ခုအဘိညာဉ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်း, ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းတို့နှင့် တွေ့ထိမိရာအရပ်၌ တည်ရှိသော ရူပါရုံအမျိုးမျိုးကို ဒိဗ္ဗစက္ခုအဘိညာဉ် ဝိပဿနာဉာဏ်တို့ဖြင့် တွေ့မြင်ရသကဲ့သို့ အထက်တွင် တင်ပြထားသော ကသိဏာလောက, ပရိကမ္မာလောကဟူသော ကျန်သမထဘာဝနာစိတ်တို့ကြောင့် ဖြစ်ပေါ်လာရသော လင်းရောင်ခြည်ဖြင့် တွေ့ထိမိရာ- အရပ်၌ တည်ရှိသော အရောင်အဆင်း အမျိုးမျိုးကိုလည်း ယောဂါဝစရပုဂ္ဂိုလ်က တွေ့မြင်သည်ဟု ပြောဆိုလာပါလျှင်လည်း ယောဂီသူတော်ကောင်း တစ်ဦးသည် လက်ခံနိုင်လိမ့်မည်ဟု ယူဆပါသည်။ အကြောင်းမူ ဉာဏ်အရောင်အလင်းတို့၏ စွမ်းအင်များသည် တစ်ခုနှင့် တစ်ခု ကွာဟချက်, ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦး

ကွာဟချက် ရှိနိုင်ပြားသော်လည်း အားလုံးကား ဉာဏ်ကြောင့် ဖြစ်ပေါ်လာရသော လင်းရောင်ခြည်များသာ ဖြစ်ကြသော-ကြောင့် ယောဂီသူတော်ကောင်းတစ်ဦးသည် လက်ခံနိုင်လိမ့် မည်ဟု မျှော်လင့်ခြင်း ဖြစ်ပေသည်။ အထက်တွင် တင်ပြထားသော **အမိစိတ္တသုတ္တန်** ခေါ် **နိမိတ္တသုတ္တန်**ကို ထောက်ရှုပါ။ (အံ၊၁၊၂၅၈။ . . ကြည့်)

ဤဉာဏ်ရောင်သည်ကား ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန် သော ဒုက္ခသစ္စာအမည်ရသည့် ဥပါဒါနက္ခန္ဓာငါးပါး, သမုဒယသစ္စာအမည် ရသည့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော အကြောင်းတရား-တို့ကို သိမ်းဆည်းရာ ဉာဏ်ဖြင့် ပိုင်းခြားယူရာ၌ – **ဝိသယောဘာသနရသော ပဒီပေါ ဝိယ။** (ဝိသုဒ္ဓိ၊၂၉၅။ အဘိ၊ဋ္ဌ၊၁၊၁၆၆။ ) = ယင်းဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသော ပရမတ္ထဓမ္မတို့၏ သဘာဝအမှန်ကို ထိုးထွင်းသိနိုင်ရန် ဆီမီး ကဲ့သို့ ထွန်းပြခြင်းကိစ္စ ရှိပေသည်။ အရိယသစ္စာတို့ကို ထင်ရှားအောင် ပြုလုပ် ပေးတတ်ပေသည်။ ထို့ကြောင့် ရုပ်နာမ်တို့၌ အသိအမြင် သန့်ရှင်းမှု ဒိဋ္ဌိဝိသုဒ္ဓိ စခန်းသို့ တက်လှမ်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ စိတ္တဝိသုဒ္ဓိ အမည်ရ-သည့် ဥပစာရ အပ္ပနာ နှစ်ဖြာသော သမာဓိတို့တွင် တစ်မျိုးမျိုးသော သမာဓိဖြင့် သမာဓိကို ရှေးဦးစွာ တည်ထောင်ရခြင်း ဖြစ်ပေသည်။ သမာဓိကို ချစ်မြတ်နိုးလွန်း၍ကား မဟုတ်၊ ပရမတ္ထဓမ္မသဘာဝကို ထွင်းဖောက်သိမြင် နိုင်သည့် ဉာဏ်အရောင်အလင်းကို အလိုရှိသောကြောင့်လည်းကောင်း, သမာဓိသည် ဉာဏ်ဖြစ်ပေါ်လာရေးအတွက် ဉာဏ်၏ အနီးကပ်ဆုံးသော အကြောင်းတရား ဖြစ်သောကြောင့်လည်းကောင်း သမာဓိကို ရှေးဦးစွာ ထူထောင်ရခြင်း ဖြစ်ပေ-သည်။

## သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်

ယင်းသို့ဖြစ်လျှင် သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် သမာဓိကို ထူထောင်မှု ရှိ-မရှိ မေးရန် ရှိ၏။ အောက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအဖွင့်ကို ဖတ်ရှုကြည့်ပါ။

**သုဒ္ဓဝိပဿနာယာနိကော ပန အယမေဝ ဝါ သမထယာနိကော စတုဓာတုဝဝတ္ထာနေ ဝုတ္တာနံ တေသံ တေသံ ဓာတုပရိဂ္ဂဟမုခါနံ အညတရမုခဝသေန သင်္ခေပတော ဝါ ဝိတ္ထာရတော ဝါ စတဿော ဓာတုယော ပရိဂ္ဂဏှာတိ။** (ဝိသုဒ္ဓိ၊၂၊၂၂၂။)

**သုဒ္ဓဝိပဿနာယာနိက** ယောဂါဝစရပုဂ္ဂိုလ်သည်လည်းကောင်း, ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ကူးသောအခါ ဈာန်နာမ်တရားက စ၍ မသိမ်းဆည်းလိုဘဲ ရုပ်ကမ္မဋ္ဌာန်းက စ၍ သိမ်းဆည်းလိုသော **သမထယာနိက** ယောဂါဝစရပုဂ္ဂိုလ် သည်လည်း-ကောင်း စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းပိုင်း၌ ဖွင့်ဆိုရေးသားအပ်ခဲ့ ပြီးကုန်သော ထိုထိုဓာတ်ကြီးလေးပါးတို့ကို သိမ်းဆည်းကြောင်း နည်းလမ်း တို့တွင် တစ်နည်းနည်း၏ အစွမ်းဖြင့်, အကျဉ်းနည်းအားဖြင့်သော်လည်း ကောင်း, အကျယ်နည်းအားဖြင့်သော်လည်းကောင်း ဓာတ်ကြီးလေးပါးတို့ကို သိမ်းဆည်းရှုပွားပါ။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

ဤညွှန်ကြားချက်အရ ဝိပဿနာကို တိုက်ရိုက်သွားလိုသော သုဒ္ဓဝိပဿနာယာနိက ယောဂါဝစရပုဂ္ဂိုလ်သည် ဓာတ်ကမ္မဋ္ဌာန်းကို စတင် သိမ်းဆည်းရှုပွားရမည် ဖြစ်ပေသည်။ အကြောင်းပြချက်မှာ ဤသို့ ဖြစ်၏။

## အကြောင်းပြချက်

သမာဓိကို ထူထောင်ပုံ နည်းစနစ်များကို ညွှန်ကြားပြသရာ သမထပိုင်း၌ကား သမထကမ္မဋ္ဌာန်း (၄၀) ရှိ၏။ သို့သော် ဝိပဿနာပိုင်း၌ကား ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းဟု ကမ္မဋ္ဌာန်းနှစ်မျိုးသာ ရှိကြောင်းကို အဋ္ဌကထာ များ၌ ဖွင့်ဆိုလျက် ရှိ၏။

ဒုဝိဓဉှိ ကမ္မဋ္ဌာနံ ရူပကမ္မဋ္ဌာနဉ္စ အရူပကမ္မဋ္ဌာနဉ္စ။ ရူပပရိဂ္ဂဟော အရူပပရိဂ္ဂဟောတိပိ ဧတဒေဝ ဝုစ္စတိ။ တတ္ထ ဘဂဝါ ရူပကမ္မဋ္ဌာနံ ကထေန္တော သင်္ခေပမနသိကာရဝသေန ဝါ ဝိတ္ထာရမနသိကာရဝသေန ဝါ စတုဓာတုဝဝတ္ထာနံ ကထေသိ။ (ဒီ၊ဋ္ဌ၊၂၊၃၁၄။ မ၊ဋ္ဌ၊၁၊၂၈၀။ အဘိ၊ဋ္ဌ၊၂၊၂၅၂။)

= ဝိပဿနာပိုင်း ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ကူးသောအခါ ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းဟု နှစ်မျိုး ရှိ၏။ ရုပ်ကို သိမ်းဆည်းခြင်း = ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ရူပပရိဂ္ဂဟ, နာမ်ကို သိမ်းဆည်းခြင်း = နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = အရူပပရိဂ္ဂဟဟူ၍လည်း ခေါ်ဆို၏။ ထိုနှစ်မျိုး တို့တွင် ဘုရားရှင်သည် ရုပ်ကမ္မဋ္ဌာန်းကို သို့မဟုတ်


©shwehinthar.com

ရုပ်တရားကို သိမ်းဆည်း ပုံကို ဟောကြားပြသတော်မူသည်ရှိသော် အကျဉ်းနှလုံးသွင်းနည်း၏ အစွမ်း ဖြင့်-သော်လည်းကောင်း, အကျယ်နှလုံးသွင်းနည်း၏ အစွမ်းဖြင့်သော်လည်းကောင်း စတုဓာတုဝဝတ္ထာန် အမည်ရသည့် ဓာတ်ကမ္မဋ္ဌာန်းကို ဟောကြား ပြသတော်မူရိုး ဓမ္မတာ ဖြစ်၏။ (ဒီ၊ဋ္ဌ၊၂၊၃၁၄။ မ၊ဋ္ဌ၊၁၊၂၈၀။ အဘိ၊ဋ္ဌ၊၂၊၂၅၂။)

ဤအဋ္ဌကထာများ၏ သတ်မှတ်ချက်အတိုင်း ပြောဆိုရမူ ရုပ်တရားကို သိမ်းဆည်းပုံ (= ရုပ်ကမ္မဋ္ဌာန်းကို ရှုပွားပုံ)နှင့် ပတ်သက်၍ ရှုပုံနည်းစနစ်ကို ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်းနှင့် ဓာတ်ကမ္မဋ္ဌာန်းအကျယ်နည်းဟု နည်း နှစ်နည်းသာလျှင် ဘုရားရှင် ဟောကြားထားတော်မူသည့်အတွက် ရုပ်တရား ကစ၍ သင်္ခါရတရားတို့ကို သိမ်းဆည်းလိုသော သမထယာနိကပုဂ္ဂိုလ်သည် လည်းကောင်း, သမထစျာန်ကို အခြေမခံသော ဝိပဿနာသက်သက်ကိုသာ အားထုတ်လိုသော သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည်လည်းကောင်း ဓာတ်ကြီး လေးပါးကိုသာလျှင် စတင်၍ သိမ်းဆည်းရခြင်း ရှုပွားရခြင်း ဖြစ်ပေသည်။

အရူပမုခေန ပန ဝိပဿနာဘိနိဝေသော ယေဘုယျေန သမထယာနိကဿ ဣစ္ဆိတဗ္ဗော။ (မ၊ဋီ၊၁၊၃၆၉။)

= နာမ်တရားကို အဦးမူသဖြင့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သည့် သင်္ခါရတရားတို့ကို စ၍ နှလုံးသွင်းခြင်း-သည်ကား ယေဘုယျအားဖြင့် သမထယာနိကပုဂ္ဂိုလ်အားသာလျှင် အလိုရှိအပ်၏။ (မ၊ဋီ၊၁၊၃၆၉။)

ယထာ ရူပေ ဝိပဿနာဘိနိဝေသော ယေဘုယျေန ဝိပဿနာယာနိကဿ၊ ဧဝံ အရူပေ ဝိပဿနာဘိနိဝေသော ယေဘုယျေန သမထယာနိကဿ ဟောတိ။ **အဘိနိဝေသောတိ စ ဝိပဿနာယ ပုဗ္ဗဘာဂေ ကတ္တဗ္ဗနာမရူပပရိစ္ဆေဒေါ ဝေဒိတဗ္ဗော၊ တသ္မာ ပဌမံ ရူပပရိဂ္ဂဟံ ရူပေ အဘိနိဝေသော၊ ဧသ နယော သေသေသုပိ။** (မဟာဋီ၊၂၊၄၇၀။)

ရုပ်တရားကစ၍ ဝိပဿနာနှလုံးသွင်းခြင်းသည် ယေဘုယျအားဖြင့် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်အား ဖြစ်သကဲ့သို့ အလားတူပင် နာမ်တရားက စ၍ ဝိပဿနာနှလုံးသွင်းခြင်းသည်လည်း ယေဘုယျအားဖြင့် စျာန်ရ သမထ-ယာနိကပုဂ္ဂိုလ်အား ဖြစ်ပေသည်။ **အဘိနိဝေသ** (= နှလုံးသွင်းခြင်း) ဟူသည် မှာလည်း ဝိပဿနာ၏ ရှေးအဖို့၌ ပြုသင့်ပြုထိုက်သော နာမ်ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူသော နာမရူပပရိစ္ဆေဒဉာဏ်ဟု သိရှိပါလေ။ ထို့ကြောင့် ရှေးဦးစွာ ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်းသည် ရုပ်တရား၌ နှလုံး သွင်းခြင်း (= **အဘိနိဝေသ**) မည်၏။ ရှေးဦးစွာ နာမ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်းသည် နာမ်တရား၌ နှလုံးသွင်းခြင်း (= **အဘိနိဝေသ**) မည်၏။ (မဟာဋီ၊၂၊၄၇၀။)

[ဤဓာတ်ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ သဒိသူပစာရအားဖြင့် ဥပစာရ သမာဓိနယ်မြေသို့ ဆိုက်သောအခါ၌လည်း ဓာတ်ကြီးလေးပါးတို့ကို သိမ်းဆည်းနေသော ဉာဏ်ကြောင့် လင်းရောင်ခြည်များ ဖြစ်ပေါ်လာသည်သာ ဖြစ်၏။ စာမျက်နှာ (၁၁၄-၁၁၅။)၌ ကြည့်ပါ။]


©shwehinthar.com

## အာနာပါနကမ္မဋ္ဌာန်း

ဤနာထသုတ္တန်ပိုင်းတွင် သမထယာနိကလမ်းမှ ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ကူးပုံနှင့် ဆက်စပ်၍ ရှေးဦးစွာ ဗဟုသုတအင်္ဂါရပ် (ဒုတိယနာထတရား)နှင့် ပြည့်အောင် ကြိုးစားပုံအပိုင်းကို အာနာပါနကျင့်စဉ်ပိုင်းကို အစပြုကာ သမထပိုင်းကျင့်စဉ် အချို့ကို ရေးသားတင်ပြပေအံ့။

ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန်စသည့် ထိုထိုဒေသနာတော် တို့၌ သမထပိုင်း အာနာပါနကျင့်စဉ်ကို အားထုတ်ရာဝယ် "ဝင်သက်လေ+ ထွက်သက်လေ"၏ –

၁။ အရှည်ကို သိအောင်,

၂။ အတိုကို သိအောင်,

၃။ အစ-အလယ်-အဆုံး-အကုန်လုံးကို ထင်ထင်ရှားရှား သိအောင်,

၄။ ဝင်သက်လေ+ထွက်သက်လေကို ငြိမ်အောင် ငြိမ်းအောင်

ကျင့်ရန် ညွှန်ကြားထားတော်မူ၏။ (မ၊၂၈၈ . . . )

ဤ၌ အသက်ရှူနှေးမှုကို အရှည်ဟုလည်းကောင်း, အသက်ရှူမြန်မှုကို အတိုဟုလည်းကောင်း ဆိုလိုပေသည်။ (ဝိသုဒ္ဓိ၊၁၊၂၆၃-၂၆၄။ မဟာဋီ၊၁၊၃၁၈။) အသက်ရှူသည့်အခါ အချိန်ခပ်ကြာကြာ ရှူမှုနှင့် အချိန်ခပ်တိုတို ရှူမှုကို ဆိုလို-ပေသည်။

ယောဂါဝစရပုဂ္ဂိုလ်သည် အသက်ရှူနှေးလျှင်လည်း ဝင်သက်လေ+ ထွက်သက်လေ၏ အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှား သိအောင်, အသက်ရှူ မြန်လျှင်လည်း ဝင်လေ+ထွက်လေ၏ အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှား သိအောင် ဝင်သက်လေ+ထွက်သက် လေ ထိမှုထင်ရှားသည့် နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းအရပ်က စောင့်၍ ဝင်လေ+ထွက်လေအာရုံ၌ သတိကပ်ကာ ရှုနေပါ။

ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိံ ဌပေတွာ ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ၊၁၊၂၇၁။)

= ဝင်သက်လေ+ထွက်သက်လေ ထိမှု ထင်ရှားသည့် နှာသီးဖျား, သို့မဟုတ် အထက်နှုတ်ခမ်းအရပ်မှ စောင့်၍ ဝင်သက်လေ+ထွက်သက်လေ အာရုံ၌ သတိကပ်ကာ ပွားများအားထုတ်သူ၏ သန္တာန်၌သာလျှင် အာနာပါနသတိ သမာဓိဘာဝနာသည် ပြည့်စုံနိုင်၏။ (ဝိသုဒ္ဓိ၊၁၊၂၇၁။)

ဤစည်းကမ်းသတ်မှတ်ချက်ကား အလွန် အရေးကြီးလှပေသည်။ နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းအရပ်မှ စောင့်၍ အသက်ရှူနှေးသည် ဖြစ်စေ, မြန်သည်ဖြစ်စေ ဝင်သက်လေ+ထွက်သက်လေ၏ အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှား သိအောင် သတိဖြင့် ကပ်၍ ရှုနေပါ၊ ထိုသို့ ရှုရာ၌ အသက်ရှူ နှေးအောင် သို့မဟုတ် အသက်ရှူ မြန်အောင် မကြိုးစားပါနှင့်၊ ပင်ကိုသဘာဝအတိုင်းသာ အသက်ရှူကာ ရှုနေပါ။ ထိုသို့ ရှုရာ၌ ဝင်သက်လေ+ထွက်သက်လေ၌ တည်ရှိသော မာမှု, ကြမ်းမှု, လေးမှု, ပျော့မှု, ချော‌မှု, ပေါ့မှု, ယိုစီးမှု, ဖွဲ့စည်းမှု, ပူမှု, အေးမှု, ထောက်ကန်မှု, တွန်းကန်မှုဟူသော ဓာတ်သဘောတရားများကို နှလုံးမသွင်းပါနှင့်၊ ယင်း ဓာတ်သဘော-တရားများကို နှလုံးသွင်းပါက ဓာတ်ကမ္မဋ္ဌာန်း ဖြစ်သွား ပေသည်။ အာနာပါနကမ္မဋ္ဌာန်းနှင့် ဓာတ်ကမ္မဋ္ဌာန်းကို မရော-ယှက်အောင် သတိပြုပါ။

ဝင်သက်လေ+ထွက်သက်လေဟူသော ပညတ်အာရုံ၌သာ ဘာဝနာ စိတ်ကို ကပ်ကာ သမာဓိကို ထူထောင်ပါ။ အကယ်၍ သမာဓိကို ထူထောင်၍ မရနိုင်ဘဲ စိတ်က အပြင်အာရုံတို့သို့ အရောက်များနေပါက ရေတွက်ခြင်း (= ဂဏ-နာ)နည်းကို အသုံးပြုရန် အဋ္ဌကထာများက အကြံပြုထားပေသည်။ ဝင်သက်လေ+ထွက်သက်လေ နှစ်ခုပေါင်းကို တစ် . . စသည်ဖြင့် ရေတွက်ပါ။ ငါးနှင့် တစ်ဆယ်အကြား နှစ်ခြိုက်ရာ နေရာတွင် ရပ်နားနိုင်သည်။

(ဝိသုဒ္ဓိ၊၁၊၂၇၀။)

ရေတွက်ခြင်း (= ဂဏနာ)နည်း၏ အစွမ်းဖြင့်လည်း ဝင်သက်လေ+ ထွက်သက်လေ အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေတတ် ပါသည်။

 ©shwehinthar.com

မရေတွက်ဘဲနှင့် ဖြစ်စေ, ရေတွက်သည့်နည်းဖြင့် ဖြစ်စေ သမာဓိကို ထူထောင်ရာ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ဝင်သက်လေ+ထွက်သက်လေ အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်သက်စွာ ကပ်၍ တည်နေသော် ယေဘုယျအားဖြင့် ဝင်သက်လေ+ထွက်သက်လေမှာ နူးညံ့သိမ်မွေ့လာတတ်ပါသည်။ အကယ်၍ မသိမ်မွေ့ပါက သိမ်မွေ့စေရမည်ဟူသော အာဘောဂ နှလုံး သွင်းဖြင့် ဝင်သက်လေ+ထွက်သက်လေအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားအားထုတ်လိုက်သော် သမာဓိ အားကောင်း လာသောအခါ ဝင်သက်လေ+ထွက်သက်လေမှာ သိမ်မွေ့လာတတ်ပါသည်။

ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်က သိမ်မွေ့သော လေကို ထင်ရှားအောင် သက်သက် မကြိုးစားပါနှင့်။ ထိုသိမ်မွေ့သော လေ၌ အစမှ အဆုံးထိ တောက်လျှောက်သိနေအောင် ဘာဝနာစိတ်ကို ကပ်ထားပါ။ အသက်ရှူ နှေးလျှင်လည်း သိမ်မွေ့နေသော လေ၏ အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှား သိအောင်, အသက်ရှူမြန်လျှင်လည်း ယင်းသို့မြန်နေသော သိမ်မွေ့နေသော လေ၏ အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင် ရှားရှား သိအောင်သာ ဆက်လက်ကြိုးစားပါ။ ယင်းသိမ်မွေ့သော ဝင်သက်လေ+ထွက်သက်လေအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်တည်နေအောင် ကြိုးစားပါ။ ဤအချိန်အခါမျိုး၌ ဝင်သက်လေ+ထွက်သက်လေမှာ သိမ်မွေ့လွန်းသဖြင့် မထင်မရှား ဖြစ်လာတတ်ပါသည်။ ထိုအခါ ထင်ရှားအောင် အသက်ပြင်းပြင်း မရှူပါနှင့်။ ထိုအခါမျိုး၌ အလွန်အားကောင်းသော ဝင်သက်လေ+ထွက်သက်လေကို အမှတ်ရမှု သတိနှင့် ဝင်သက်လေ+ ထွက်သက်လေကို ကွဲကွဲပြားပြား သိတတ်သော သမ္ပဇဉ်ဉာဏ်ရှိဖို့ လိုအပ်ပေ သည်။

နာဟံ ဘိက္ခဝေ မုဋ္ဌသတိဿ အသမ္ပဇာနဿ အာနာပါနဿတိဘာဝနံ (အာနာပါနဿတိသမာဓိဘာဝနံ) ဝဒါမိ။ (မ၊၃၊၁၂၇။ သံ၊၃၊၂၉၄။)

ရဟန်းတို့ . . . ဝင်လေ+ထွက်လေကို အမှတ်ရမှု သတိ ကင်းပျောက်နေ သော, ဝင်လေ+ထွက်လေတို့ကို ကွဲကွဲပြားပြား သိတတ်သည့် သမ္ပဇဉ်ဉာဏ် မရှိသော သူအား အာနာပါနဿတိ (= အာနာပါနဿတိသမာဓိ)ဘာဝနာကို ငါဘုရား ဟောတော်မမူပေ။ (မ၊၃၊၁၂၇။ သံ၊၃၊၂၉၄။)

ထိုအခါမျိုး၌ သတိနှင့် သမ္ပဇဉ်ဉာဏ် အားကောင်းမောင်းသန်ဖို့ လိုအပ် ပေသည်။ သတိသမ္ပဇဉ်ဉာဏ် အားကောင်းကောင်းဖြင့် ဝင်လေ+ထွက်လေ ထိမှု ထင်ရှားသည့် နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းအရပ်က စောင့်၍ ဝင်လေ+ထွက်လေကို စူးစူးစိုက်စိုက် ရှုကာ သတိကို ကပ်ထားနိုင်ခဲ့သော် သမာဓိလည်း အားကောင်းလာခဲ့သော် မကြာမီ အချိန်ကာလအတွင်းဝယ် အာနာပါနနိမိတ် စ၍ ပေါ်လာတတ်ပါသည်။

**အခက်အခဲများ**

အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့၌ နိမိတ်ပေါ်စဝယ် ဝင်သက်လေ+ ထွက်သက်လေနှင့် နိမိတ်မှာ တစ်သားတည်း မဖြစ်ဘဲ ဝင်လေ+ထွက်လေက တခြား, နိမိတ်က တခြား ဖြစ်နေတတ်၏။ နိမိတ်မှာ နှာသီးဖျားမှ တစ်ထွာခန့် တွင်လည်း ပေါ်နေတတ်၏၊ လက်တစ်လုံးခန့် လက်နှစ်လုံးခန့်တွင်လည်း ပေါ်နေတတ်၏၊ နဖူးပေါ်တွင်လည်း ပေါ်နေတတ်၏၊ မျက်မှောင် နှစ်ခုတို့၏ အကြား၌လည်း ပေါ်နေတတ်၏။ အကွာအဝေး အမျိုးမျိုး၌ ပုံသဏ္ဌာန် အမျိုးမျိုး အရောင်အမျိုးမျိုးသော နိမိတ်များ ဖြစ်ပေါ်နေတတ်ကြ၏။ အထက်တွင် ရှင်းပြခဲ့သော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက်ကို မမေ့ ပါနှင့်။ ညွှန်ကြားချက်မှာ ဤသို့ ဖြစ်၏။

ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိံ ဌပေတွာ ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ၊၁၊၂၇၁။)

(နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းတည်းဟူသော) ဝင်သက်လေ+ ထွက်သက်လေ၏ ထိမှုထင်ရှားရာ ထိမှုထင်ရှားရာ နေရာ၌ အာနာပါနကို (= ဝင်သက်လေ+ထွက်သက်လေကို) သိမ်းဆည်းတတ်သော သတိကို ထား၍ (= ရှေးရှု တည်စေ၍) အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် အာနာပါနဿတိသမာဓိဘာဝနာသည် ပြီးစီး ပြည့်စုံနိုင်၏။ (ဝိသုဒ္ဓိ၊၁၊၂၇၁။)

ဤအပိုင်းတွင်လည်း ဤစည်းမျဉ်းဥပဒေသကို မမေ့ပါနှင့်။ အလွန် တိကျစွာ လိုက်နာရမည့် စည်းမျဉ်းဥပဒေသ


©shwehinthar.com

ဖြစ်သည်။

တစ်ဖန် ယင်းနိမိတ်၏ အရောင်ကိုလည်း နှလုံး မသွင်းပါနှင့်။ (ဝိသုဒ္ဓိ၊ ၁၊၂၇၈။) ဤစည်းမျဉ်းဥပဒေသမှာလည်း အလွန်တိကျစွာ လိုက်နာရမည့် စည်းမျဉ်းဥပဒေသ တစ်ခုပင် ဖြစ်သည်။

ယင်းသို့ နိမိတ် ဝေးကွာနေရာ၌ နိမိတ်ကို နှလုံးမသွင်းဘဲ ပကတိသော ဝင်သက်လေ+ထွက်သက်လေ၏ ထိမှုထင်ရှားရာ နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းဟူသော နှစ်နေရာတို့တွင် တစ်နေရာမှ စောင့်၍ ပကတိသော ဝင်သက်လေ+ထွက်သက်လေကိုသာ ရှုနေပါ၊ သမာဓိကို ဆက်လက် ထူထောင်ပါ။ တဖြည်းဖြည်း သမာဓိစွမ်းအင် ပြည့်ဝလာသောအခါ နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းတွင် မြစ်ဖျားခံ၍ အခြေစိုက်၍ နိမိတ်သည် ကပ်၍ တည်နေပေလိမ့်မည်။ နိမိတ်နှင့် ဝင်သက်လေ+ထွက်သက်လေတို့သည် တစ်သားတည်း ဖြစ်သွားပါက တစ်ခုတည်း ဖြစ်သွားပါက (= ဝင်သက်လေ+ ထွက်သက်လေသည်ပင် နိမိတ်, နိမိတ်သည်ပင် ဝင်သက်လေ+ ထွက်သက်လေ ဖြစ်သွားပါက) နှာခေါင်းအတွင်းမှ ထွက်လာသော လေသည်ပင် နိမိတ် ဖြစ်သွားပါက ပုံစံမှန်သွားပြီ ဖြစ်သည်။ ထိုအခါ နိမိတ်ကိုပင် အာရုံယူကာ နိမိတ်မှာပင် ဘာဝနာစိတ်ကို ကပ်ကာ သမာဓိကို ဆက်လက် ထူထောင်ပါ။

**နိမိတ်ကို မကစားပါနှင့်**

တေသု ဟိ အာနာပါနနိမိတ္တံ တာဝ ဝဍ္ဎယတော ဝါတရာသိယေဝ ဝဍ္ဎတိ၊ ဩကာသေနေ စ ပရိစ္ဆိန္နံ၊ ဣတိ သာဒီနဝတ္တာ ဩကာသေန စ ပရိစ္ဆိန္နတ္တာ န ဝဍ္ဎေတဗ္ဗံ။ (ဝိသုဒ္ဓိ၊၁၊၁၀၉။)

= နိမိတ်ကို တိုးပွားအောင် မပြုလုပ်သင့်သော ထိုကမ္မဋ္ဌာန်းတို့တွင် အာနာပါနနိမိတ်လည်း ပါဝင်လျက် ရှိ၏။ အာနာပါနနိမိတ်ကို တိုးပွားအောင် ပြုလုပ်ခဲ့သော် လေအစုအပုံသည်သာလျှင် တိုးပွားလာ၏။ အာနာပါန ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ၌ ဝင်သက်လေ+ထွက်သက်လေ ထိမှု ထင်ရှားရာ နေရာ၌သာ သတိကို ကပ်ထား၍ (= ရှေးရှု တည်စေ၍) ပွားများ ရမည်ဟု ယင်းအာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းရမည့်နေရာ (= သတိ ကပ်ထားရမည့်နေရာ)ဖြင့်လည်း ပိုင်းခြား ကန့်သတ်ထား၏။ ဤသို့လျှင် လေ အစုအပုံ တိုးပွားခြင်းဟူသော အပြစ်ရှိသည့်အတွက်ကြောင့်လည်းကောင်း, ဝင်သက်လေ+ထွက်သက်လေ၏ ထိမှု ထင်ရှားရာ နေရာဖြစ်သည့် နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းဟူသော သတိကပ်ရမည့် နေရာအရပ်ဖြင့် ပိုင်းခြား သတ်မှတ်ထားသည့်အတွက်ကြောင့်လည်းကောင်း အာနာပါနနိမိတ်ကို တိုးပွားအောင် မပြုလုပ်ပါနှင့်။ (ဝိသုဒ္ဓိ၊၁၊၁၀၉။)

ဤစည်းမျဉ်းဥပဒေသမှာလည်း ရိုသေစွာ ဦးထိပ်ရွက်ပန်ဆင်၍ လိုက်နာ ရမည့် စည်းမျဉ်းဥပဒေသ တစ်ခုပင် ဖြစ်သည်။ ထိုကြောင့် ယောဂါဝစရ ပုဂ္ဂိုလ်သည် ယင်း အာနာပါနနိမိတ်ကို ကြီးသွားအောင်, သေးသွားအောင်, ရှည်အောင်, တိုအောင်, ဝေးအောင်, နီးအောင်, ဖြူအောင်, ဝါအောင်, နီအောင်, ပြာအောင် ဤသို့ စသည်ဖြင့် မကြိုးစားပါနှင့်။ ယင်းသို့ ကြိုးစား နေခဲ့သော် ယောဂါဝစရပုဂ္ဂိုလ်က အလိုရှိနေသော အာနာပါနစျာန်သို့ကား မရောက်ရှိနိုင်တော့ပေ။ ဝီရိယလွန်သော် ဥဒ္ဓစ္စဟူသည့် အဆိုအတိုင်း နိမိတ်ကို ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အမျိုးမျိုးဖြစ်အောင် ကြောင့်ကြစိုက်နေရသဖြင့် အာရုံအမျိုးမျိုးသို့ စိတ်ပျံ့လွင့်နေမှု ဥဒ္ဓစ္စနီဝရဏတရားက နေရာခပ်များများ ယူထားသော-ကြောင့်ပင် ဖြစ်ပေသည်။

**ရှောင်ရှားရန်**

အထာနေန တံ နိမိတ္တံ နေဝ ဝဏ္ဏတော မနသိကာတဗ္ဗံ၊ န လက္ခဏတော ပစ္စဝေက္ခိတဗ္ဗံ။ (ဝိသုဒ္ဓိ၊၁၊၂၇၈။)

အာနာပါနကမ္မဋ္ဌာန်း၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ဟု နိမိတ်သုံးမျိုး ရှိ၏။ နိမိတ်ဟူသည် သမာဓိဖြစ်ဖို့ရန် သို့မဟုတ် သမာဓိ၏ အာရုံအကြောင်းတရားဟု ဆိုလို၏။

**၁။ ပရိကမ္မနိမိတ်** — ပကတိသော ဝင်သက်လေ+ထွက်သက်လေသည်လည်း ပရိကမ္မနိမိတ် မည်၏။ အာနာ-ပါနကမ္မဋ္ဌာန်းကို အထက်တွင် တင်ပြခဲ့သည့် ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း အစဉ်အတိုင်း ကျင့်သဖြင့် သမာဓိ အားကောင်းလာသောအခါ ဘာဝနာ၏ စွမ်းဟုန်ကြောင့် ဖြစ်ပေါ်လာသော မီးခိုးရောင်ကဲ့သို့ ညစ်ထပ်ထပ်ရှိသော

အာနာပါနနိမိတ် သည်လည်း ပရိကမ္မနိမိတ် မည်၏။

**၂။ ဥဂ္ဂဟနိမိတ်** — ဘာဝနာစွမ်းဟုန်ကြောင့်ပင် ဖြစ်ပေါ်လာသော ဝါဂွမ်းစိုင်ကဲ့သို့ ဆွတ်ဆွတ်ဖြူဖွေးနေသော အာနာပါနနိမိတ်သည် ဥဂ္ဂဟနိမိတ် မည်၏။ (အခြားအရောင်များလည်း ဖြစ်နိုင်သည်။)

၃။ **ပဋိဘာဂနိမိတ်** — ဘာဝနာစွမ်းဟုန်ကြောင့်ပင် ဖြစ်ပေါ်လာသော သောက်ရှူးကြယ်ကဲ့သို့ အလွန် ကြည်လင်တောက်ပနေသော အာနာပါနနိမိတ်သည် ပဋိဘာဂနိမိတ် မည်၏။ (အခြားအရောင်များလည်း ဖြစ်နိုင် သည်။)

ယောဂါဝစရပုဂ္ဂိုလ်သည် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ မီးခိုးရောင်ကဲ့သို့ ညစ်ထပ်ထပ်ရှိသော ပရိကမ္မနိမိတ်, ဖြူဆွတ်နေသော ဥဂ္ဂဟ နိမိတ်, ကြည်လင်တောက်ပနေသော ပဋိဘာဂနိမိတ်တို့ ဖြစ်ပေါ်လာသော အခါ ယင်းနိမိတ်ကို အရောင်အားဖြင့် နှလုံးမသွင်းပါနှင့် (= ယင်းနိမိတ်တို့၏ အရောင်ကို နှလုံးမသွင်းပါနှင့်။) နှလုံးသွင်းခဲ့သော် အရောင်ကသိုဏ်းဘက်သို့ ကူးသွားမည်။ သို့သော် တကယ့်အရောင်ကသိုဏ်းလည်း မဖြစ်နိုင်။ အရောင် ကသိုဏ်း ပြုလုပ်နိုင်သော အာရုံနိမိတ်တို့တွင် ယင်း အာနာပါနနိမိတ် မပါဝင်သောကြောင့် ဖြစ်၏။ (၁)

မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့ ဟူသော ပထဝီဓာတ်၏ သဘာဝ လက္ခဏာ, ယိုစီး-ဖွဲ့စည်း ဟူသော အာပေါဓာတ်၏ သဘာဝလက္ခဏာ, ပူ-အေး ဟူသော တေဇောဓာတ်၏ သဘာဝလက္ခဏာ, ထောက်ကန်မှုဟူသော ဝါယောဓာတ်၏ သဘာဝလက္ခဏာဟု ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာများ ရှိကြ၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ပကတိသော ဝင်သက်လေ+ထွက်သက်လေ အဝင်အပါဖြစ်သော ပရိကမ္မနိမိတ်, ဥဂ္ဂဟ နိမိတ်, ပဋိဘာဂနိမိတ်ဟူသော ယင်းနိမိတ်အားလုံးကို သဘာဝလက္ခဏာ အားဖြင့်လည်း နှလုံးမသွင်းပါနှင့် (= ယင်း အာနာပါနနိမိတ်အားလုံး၌ တည်ရှိ သော ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ၌လည်း နှလုံးမသွင်းပါနှင့်)။နှလုံးသွင်းခဲ့သော် ဓာတ်ကမ္မဋ္ဌာန်း ဖြစ်သွားမည်၊ အာနာပါနကမ္မဋ္ဌာန်း မဖြစ်တော့ပေ။ သို့သော် ဓာတ်ကမ္မဋ္ဌာန်းမှာလည်း အာနာပါန တစ်ခုတည်း၌ တည်ရှိသော ဓာတ်လေးပါးမျှလောက်ကိုသာ ရှုရုံမျှဖြင့် မလုံလောက်သည်သာ ဖြစ်၏။ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်း၌ကာ တစ်ကိုယ်လုံးကို ခြုံငုံ၍ ဓာတ်ကြီး လေးပါးတို့၏ သဘာဝလက္ခဏာကို ရှုရ၏။ ဓာတ်ကမ္မဋ္ဌာန်း အကျယ်နည်း၌ကား (၄၂)ကောဋ္ဌာသတို့တွင် ကောဋ္ဌာသ တစ်ခုစီ တစ်ခုစီ၌ ခြုံငုံ၍ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို ရှုရ၏။ (၂)

အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဟူသော လက္ခဏာ သုံးပါးတို့သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ အမည်ရသော သင်္ခါရတရား အားလုံးတို့နှင့် သက်ဆိုင်သောကြောင့် အများဆိုင် သာမညလက္ခဏာ မည်၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ပကတိသော ဝင်သက်လေ+ထွက်သက်လေ အဝင်အပါ ဖြစ်သော ယင်းအာနာပါနနိမိတ်အားလုံးကို သာမညလက္ခဏာအားဖြင့်လည်း နှလုံးမသွင်းပါနှင့်၊ အနိစ္စဟု ဒုက္ခဟု အနတ္တဟု လက္ခဏာရေး သုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာ မရှုပွား မသုံးသပ်ပါနှင့်။ အကြောင်းမူ ဝိပဿနာဟူသည် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသော ပရမတ် သင်္ခါရတရားတို့ကိုသာလျှင် လက္ခဏာရေး သုံးတန် တစ်လှည့်စီ တင်ကာ ရှုပွားသုံးသပ်ရသော လုပ်ငန်းခွင် ဖြစ်၏။ ပကတိသော ဝင်သက်လေ+ ထွက်သက်လေ အဝင်အပါ ယင်းအာနာပါနနိမိတ် အားလုံးတို့သည်ကား သမူဟပညတ် သဏ္ဌာနပညတ် စသော ပညတ် မစင်သေးသည့် ပညတ် အတုံးအခဲတို့သာ ဖြစ်ကြသေး၏။ ပညတ်တရားတို့မည်သည်မှာ ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့ မဟုတ်ကြလေကုန်။ ထိုကြောင့် ယင်းနိမိတ်တို့၌ သာမညလက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်။ (၃)

ထိုကြောင့် ပကတိသော ဝင်သက်လေ+ထွက်သက်လေကို အာရုံပြု၍ "ဝင်လေ ဖြစ်-ပျက် အနိစ္စ၊ ထွက်လေ ဖြစ်-ပျက် အနိစ္စ" ဟု မရှုပါနှင့်။ **'ဃန'**ဟူသည့် ရုပ်အတုံးအခဲ မပြိုသေးသော ပကတိသော ဝင်သက်လေ+ ထွက်သက်လေကား ပညတ်သာတည်း။

**အဿာသပဿာသာ စိတ္တသမုဋ္ဌာနာဝ။** (ဝိသုဒ္ဓိ၊၁၊၃၄၆။)

**စိတ္တဇေ အဿာသပဿာသကောဋ္ဌာသေပိ ဩဇဋ္ဌမကန္ဒေဝ သဒ္ဒေါ စာတိ နဝ။** (ဝိသုဒ္ဓိ၊၂၊၂၂၃။)

ယောဂါဝစရပုဂ္ဂိုလ်သည် ဓာတ်ကမ္မဋ္ဌာန်းအကျယ်နည်းကို အောင်မြင်စွာ ရှုပွားနိုင်သော် စိတ်ကြောင့်ဖြစ်သည့်


©shwehinthar.com

ပကတိသော ဝင်သက်လေ+ထွက်သက်လေဟူသော အဿာသပဿာသကောဋ္ဌာသ၌ ဓာတ်ကြီး လေးပါးကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ သိမ်းဆည်းပါ။ သမာဓိစွမ်းအင် ပြည့်ဝလာသောအခါ ဝင်သက်လေ+ထွက်သက်လေကို မတွေ့တော့ဘဲ ရုပ်ကလာပ်အမှုန်များကို သာ တွေ့ရှိမည် ဖြစ်ပေသည်။ ယင်း ရုပ်ကလာပ်တို့၌ တည်ရှိသော ပရမတ် ရုပ်တရားတို့ကို ဆက်လက်သိမ်းဆည်းနိုင်ပါက ရုပ်ကလာပ်တစ်ခုစီ တစ်ခုစီ၌ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ = အရောင်, ဂန္ဓ = အနံ့, ရသ = အရသာ, ဩဇာ = အဆီအစေး, သဒ္ဒ = အသက်ရှုသံဟု (၉)မျိုးသော ရုပ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်မည် ဖြစ်ပေသည်။ ယင်း (၉) မျိုးသော ရုပ်တရားတို့ကား လက္ခဏာရေး သုံးတန်သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ကောင်းသော ရုပ်တရားတို့ ဖြစ်ကြ၏၊ ပရမတ္ထရုပ်တရားတို့ ဖြစ်ကြ၏။ ယင်းပရမတ္ထတရားတို့ကို မသိမ်းဆည်းနိုင်ဘဲ ဉာဏ်ဖြင့် ပိုင်းခြား မယူနိုင်ဘဲ မသိဘဲ မမြင်ဘဲ ပကတိသော ဝင်သက်လေ+ထွက်သက်လေ အဝင်အပါ ယင်းအာနာပါနနိမိတ်အားလုံးကို လက္ခဏာရေး သုံးတန်သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါက တကယ် ဝိပဿနာအစစ် မဟုတ်ဟု မှတ်သားပါလေ။

**အာနာပါနနိမိတ် အမျိုးမျိုး**

ဤအာနာပါနနိမိတ်သည်ကား ခပ်သိမ်းကုန်သောသူတို့အား တစ်ချက်တည်း ထပ်တူသည် မဖြစ်ပေ၊ အမျိုးမျိုး ပေါ်တတ်၏။ အချို့သော ယောဂါ ဝစရပုဂ္ဂိုလ်အား ချမ်းသာသော အတွေ့အထိကို ဖြစ်စေလျက် —

၁။ လဲဝါဂွမ်းကဲ့သို့ (ဥဂ္ဂဟနိမိတ်)

၂။ ဗိုင်းဝါဂွမ်းကဲ့သို့ (ဥဂ္ဂဟနိမိတ်)

၃။ လေအလျဉ်ကဲ့သို့ (ဥဂ္ဂဟနိမိတ်)

၄။ သောက်ရှူးကြယ်ရောင်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)

၅။ ပတ္တမြားလုံးကဲ့သို့ (ပဋိဘာဂနိမိတ်)

၆။ ပုလဲလုံးကဲ့သို့ (ပဋိဘာဂနိမိတ်) ထင်လာတတ်၏။

အချို့သော ယောဂါဝစရ ပုဂ္ဂိုလ်အား ကြမ်းတမ်းသော အတွေ့အထိ ရှိသည်ဖြစ်၍ —

၇။ ဝါရိုးကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)

၈။ သစ်သားနှစ် တံကျင်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်) ထင်လာတတ်၏။

အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား —

၉။ ရှည်စွာသော ဆောက်လုံး ကြိုးမျှင်ကဲ့သို့,

၁၀။ ပန်းဆိုင်းကဲ့သို့,

၁၁။ မီးခိုးညွန့်ကဲ့သို့,

၁၂။ ကျယ်ပြန့်သော ပင့်ကူချည်မျှင်ကဲ့သို့,

၁၃။ တိမ်တိုက်လွှာကဲ့သို့,

၁၄။ ပဒုမ္မာကြာပွင့်ကဲ့သို့,

၁၅။ ရထားစက်ဘီးကဲ့သို့,

၁၆။ လဝန်းကဲ့သို့,

၁၇။ နေဝန်းကဲ့သို့ ထင်လာတတ်၏။ (ဝိသုဒ္ဓိ၊၁၊၂၇၇။ မဟာဋီ၊၁၊၃၃၅။)

အမှတ် (၉ )မှ (၁၇)အထိ အားလုံးသော နိမိတ်တို့သည် ဥဂ္ဂဟနိမိတ်+ ပဋိဘာဂနိမိတ်တို့ ဖြစ်ကြ၏။

တစ်ခုတည်းသာလျှင်ဖြစ်သော တစ်မျိုးတည်းသာလျှင်ဖြစ်သော ဤ အာနာပါနကမ္မဋ္ဌာန်းသည် နိမိတ် မထင်မီ,

နိမိတ်ထင်သည်မှ ရှေးမဆွက ဖြစ်ကုန်သော သညာတို့၏ ထူးထူးထွေထွေ ကွဲပြားမှု ရှိသည်၏အဖြစ်ကြောင့် တစ်ဦးနှင့်တစ်ဦး တစ်ချိန်နှင့်တစ်ချိန် မတူညီဘဲ နိမိတ်အမျိုးမျိုး ထင်လာ ရခြင်း ဖြစ်၏။ မှန်ပေသည် ဤအာနာပါနနိမိတ်သည် အာနာပါနဿတိသမာဓိဘာဝနာသညာကြောင့် ဖြစ်ပေါ်လာရ၏ (= ဘာဝနာသညာဖြင့် မှတ်အပ် ကြံအပ်ကာမျှ ဖြစ်၏)၊ ဘာဝနာသညာဟူသော အကြောင်းရင်း ရှိ၏၊ ဘာဝနာသညာဟူသော အမွန်အစ ရှိ၏။ ထိုကြောင့် ဘာဝနာသညာ ထူးထွေ ကွဲပြားမှု ရှိသောကြောင့် နိမိတ်အမျိုးမျိုး ထင်လာရခြင်း ဖြစ်ပေသည်။

(ဝိသုဒ္ဓိ၊၂၂၇။ မဟာဋီ၊၁၊၃၃၅။)

အာနာပါနဿတိသမာဓိဘာဝနာသည် ရင့်ကျက်လာသောအခါ ခိုင်မြဲ လာသောအခါ နက်ရှိုင်းလာသောအခါ နိမိတ်မပေါ်မီ ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် နိမိတ်နှင့်ပတ်သက်၍ တစ်ဆင့်ကြားဖူး၍ ဖြစ်စေ, စာပေကို ဖတ်ဖူး၍ ဖြစ်စေ "ဤသို့သော နိမိတ်, ဤသို့သော နိမိတ်" စသည်ဖြင့် နိမိတ်နှင့် ပတ်သက်သော အယူအဆ အတွေးအခေါ်များ အမှတ်သညာများ သည် ရံခါ ကြိုးကြားကြိုးကြား ဖြစ်ပေါ်လာတတ်၏။ ယင်း အမှတ်သညာ တို့၏ ထူးထွေ ကွဲပြားမှုကြောင့် နိမိတ်အမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး အရောင် အမျိုးမျိုး ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ နိမိတ်ပေါ်လာပြီး နောက်ပိုင်း၌လည်း ဘာဝနာသညာက ထပ်မံ၍ ကွဲပြားနေပြန်လျှင်လည်း သမာဓိလည်း အားကောင်းမောင်းသန်ပါက စိတ်ကူးသည့်အတိုင်း နိမိတ်မှာ ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အမျိုးမျိုး ပြောင်းလဲနေတတ်ပေသည်။ ထိုကဲ့သို့ အပြောင်းအလဲ များနေပါက ဈာန်သမာဓိသို့ ရောက်ရှိဖို့ရန် အခက်ခဲများစွာ ရှိနိုင်ပေသည်။

ထိုကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် နိမိတ်နှင့် ပတ်သက်သည့် သညာ များကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားပါ။ နှာသီးဖျား သို့မဟုတ် အထက် နှုတ်ခမ်းတွင် ကပ်၍ ပေါ်နေသော ပကတိသော ဝင်သက်လေ ထွက်သက်-လေမှဖြစ်ပေါ်လာသော နိမိတ်၌သာ ဘာဝနာစိတ်ကို ကပ်၍တည်နေအောင် ကြိုးစားပါ။ ရေပြည့်နေသော ဖန်ခွက်တစ်ခု အတွင်းသို့ ပတ္တမြားတစ်လုံးကို သို့မဟုတ် ပုလဲတစ်လုံးကို နှစ်ထားသကဲ့သို့ နှာသီးဖျား သို့မဟုတ် အထက် နှုတ်ခမ်းတွင် ကပ်၍ တည်နေသော နိမိတ်အတွင်း၌သာ ဘာဝနာစိတ်ကို နှစ်ထားပါ။ ယင်း နိမိတ်ကိုသာ စူးစူးစိုက်စိုက် မြဲမြဲမြံမြံ ရှုနေပါ။ တစ်နာရီ နှစ်နာရီစသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားပါ။

### ဥဂ္ဂဟနိမိတ် နှင့် ပဋိဘာဂနိမိတ်

ယေဘုယျအားဖြင့် ဝါဂွမ်းစိုင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေသော နိမိတ်မှာ ဥဂ္ဂဟနိမိတ်ဖြစ်၏။ ဥဂ္ဂဟနိမိတ်ကား မကြည်ပေ။ ဆွတ်ဆွတ်ဖြူရာမှ သောက်ရှူးကြယ်ကဲ့သို့ တောက်ပနေသော ဖန်တုံး မှန်တုံးကဲ့သို့ အလွန် ကြည်လင်တောက်ပနေသော နိမိတ်ကား ပဋိဘာဂနိမိတ်တည်း။ ပတ္တမြားလုံး ကဲ့သို့ ထင်လာရာ၌ မကြည်သော ပတ္တမြားလုံးကဲ့သို့သော နိမိတ်ကား ဥဂ္ဂဟနိမိတ်တည်း၊ ကြည်လင်တောက်ပနေသော ပတ္တမြားလုံးကဲ့သို့သော နိမိတ်ကား ပဋိဘာဂနိမိတ်တည်း။ ကြွင်းကျန်သော အရောင်တို့၌လည်း နည်းတူ သဘောပေါက်ပါ။

အထက်တွင် ဖော်ပြထားသော နိမိတ်အမျိုးမျိုးတို့တွင် အမှတ် (၁၁) အဖြစ် ဖော်ပြထားသော နိမိတ်မှာ မီးခိုးညွန့်ကဲ့သို့သော နိမိတ် ဖြစ်၏။ ယင်း နိမိတ်၌ ညစ်ထပ်ထပ် မီးခိုးရောင်နိမိတ်ကား ပရိကမ္မနိမိတ်တည်း။ ဝါဂွမ်းစိုင် ကဲ့သို့ ဆွတ်ဆွတ်ဖြူသော မီးခိုးညွန့်ရောင်နိမိတ်ကား ဥဂ္ဂဟနိမိတ်တည်း။ ကြည်လင်တောက်ပသော မီးခိုးညွန့်ရောင်-နိမိတ်ကား ပဋိဘာဂနိမိတ်တည်း။

ထိုနိမိတ်တို့ ဖြစ်ပေါ်လာရာ၌ ဆင်စွယ်ကဲ့သို့သော ပုံသဏ္ဌာန်ဖြင့် နှာသီးဝမှ စ၍ အပြင်ဘက်သို့ အတန်းလိုက် ပေါ်လာရာ၌ကား ယင်း နိမိတ်နောက်သို့ စိတ်ကို မလိုက်ဘဲ နှာသီးဝနှင့် အနီးကပ်ဆုံး နေရာ၌ တည်ရှိနေသည့် နိမိတ်အတွင်း၌သာ ဘာဝနာစိတ်ကို သွတ်သွင်းထားပါ။ စိုက်ကြည့်နေပါ။ သို့သော် မျက်စေ့ဖြင့် စိုက်မကြည့်ဘဲ စိတ်ဖြင့်သာ စိုက်ကြည့် ပါ။ မျက်စေ့ဖြင့် စိုက်ကြည့်ဖန်များလာပါက မျက်လုံးများ အောင့်လာတတ်၏။ နိမိတ်က တောက်ပလာသောအခါ အရောင်က မျက်လုံးကို တိုက်ရိုက် ခတ်နေသဖြင့် မျက်ရည်များ ကျကာ သမာဓိလည်း လျှောကျသွားတတ်၏။

နှာခေါင်း၏ အတွင်းဘက်သို့ တည်ရှိနေသော နိမိတ်၌လည်း နှာခေါင်းအတွင်းဘက်သို့တိုင်အောင် လိုက်မကြည့်ဘဲ နှာသီးဝနှင့် အနီးကပ်ဆုံး နေရာ ၌ တည်ရှိသည့် နိမိတ်၌သာ ဘာဝနာစိတ်ကို ကပ်ထားပါ။ အတွင်းဘက် အပြင်-


©shwehinthar.com

ဘက်သို့ ပျံ့နှံ့နေသော နိမိတ်ကို သိတန်သလောက် သိမှုကား ရှိကောင်း ရှိနိုင်၏။ သို့သော် နှာသီးဝတွင် ကပ်နေသော နိမိတ်အတွင်း၌သာ ဘာဝနာစိတ် နစ်မြုပ်နေဖို့သာ လိုရင်း ဖြစ်ပေသည်။

ထိုနိမိတ်အတွင်း၌ ဘာဝနာစိတ်သည် တစ်နာရီ နှစ်နာရီ စသည်ဖြင့် ထိုင်တိုင်းလိုလို ငြိမ်ဝပ်စွာ ကပ်၍ တည်လာပါက ထိုနိမိတ်မှာလည်း တစ်စ တစ်စ တဖြည်းဖြည်း ကြည်လင်သည်ထက် ကြည်လင်လာကာ တောက်ပ သည်ထက် တောက်ပလာပေလိမ့်မည်။ အထူးကြည်လင်တောက်ပလာသော ထိုနိမိတ်ကား ပဋိဘာဂနိမိတ်တည်း။ ထိုအခါ ဥပစာရသမာဓိသို့ ဆိုက်ပုံကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဤသို့ ရှင်းပြထား၏။

ဤသို့ ပဋိဘာဂနိမိတ် ထင်သည့်အခါမှ စ၍ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ နီဝရဏကိလေသာ အညစ်-အကြေးတို့သည် ခွာအပ်ပြီးသာလျှင် ဖြစ်ကုန်၏။ နီဝရဏမှ ကြွင်းသော ကိလေသာတို့သည်လည်း အနည်ထိုင် သွားကြကုန်သည်သာ ဖြစ်ကုန်၏။ အာနာပါနဿတိသည်လည်း ယင်း အာနာပါနပဋိဘာဂနိမိတ် အာရုံ၌ ရှေးရှု တည်-နေသည်သာလျှင်, ကပ်၍ တည်နေသည်သာလျှင် ဖြစ်၏။ ဘာဝနာစိတ်သည် ဥပစာရသမာဓိဖြင့် အာနာပါနပဋိဘာဂ-နိမိတ်အာရုံ၌ ကောင်းစွာ တည်နေသည်သာလျှင် ဖြစ်၏။

(ဝိသုဒ္ဓိ၊၁၊၂၇၈။)

ထိုအခါ၌ ဤယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာနာပါနနိမိတ်ကို ဝါဂွမ်းစိုင် သောက်ရှူးကြယ် စသည်တို့၌ကဲ့သို့ ထင်လာသော အဖြူရောင် စသော အရောင်အဆင်းအားဖြင့်လည်း နှလုံးမသွင်းပါနှင့်။ သဘာဝလက္ခဏာ = ဓာတ်ကြီး-လေးပါးတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ ဟူသော သင်္ခါရတရားအားလုံးတို့နှင့် ဆိုင်သော သာမညလက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်။ (ဝိသုဒ္ဓိ၊၁၊၂၇၈။)

**သတိပြုရန် အချက်တစ်ရပ်**

ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော နှစ်ဆင့်လုံး၌ နိမိတ်နှစ်မျိုးလုံးတို့သည် ခိုင်ခံ့လာသဖြင့် လေနှင့် နိမိတ်တို့သည် တစ်သားတည်း ဖြစ်လာ၍ ထိုနိမိတ်တို့၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစား အားထုတ်သည့် အပိုင်းဝယ် နိမိတ်ကို ကြည့်လိုက်, ဝင်သက်လေ+ထွက်သက် လေကို ကြည့်လိုက် ဤသို့ မပြုလုပ်ပါနှင့်။ ဝင်သက်လေ+ထွက်သက်လေကို လုံးဝ မကြည့်တော့ဘဲ အာနာပါနနိမိတ်၌သာ ဘာဝနာစိတ်ကို ကပ်ထား၍ နိမိတ်ကိုသာ တစ်ဖက်သတ် စိုက်ရှုနေပါ။ အကယ်၍ နိမိတ်က ပျောက်သွားခဲ့သော် ထိုအခါတွင် ဝင်သက်လေ+ထွက်သက်လေကို တစ်ဖန် ပြန်၍ ရှုပါ။ တစ်ဖန် နိမိတ် ပြန်ပေါ်လာ၍ နိမိတ်က ခိုင်ခံ့လာသောအခါ နိမိတ်ကိုသာ တစ်ဖန် ပြန်၍ ရှုနေပါ။ ဤနည်းအတိုင်း လေ့ကျင့်ခဲ့သော် နိမိတ်လည်း ခိုင်လာ၍ တဖြည်းဖြည်း ဥပစာရသမာဓိသို့လည်း ဆိုက်လာမည် ဖြစ်ပေသည်။ လေနှင့် နိမိတ် နှစ်မျိုးလုံးကို ဂရုစိုက်နေပါက ကြည့်နေပါက အာရုံမှာ လေနှင့် နိမိတ်ဟု နှစ်မျိုးဖြစ်နေသဖြင့် သမာဓိမှာ မစူးရှဘဲသော်လည်း ရှိတတ်၏၊ လျှော၍သော်လည်း ကျသွားတတ်၏။ သတိရှိစေ။

အဿာသပဿာသေ နိဿာယ ဥပ္ပန္နနိမိတ္တမ္ပေတ္ထ အဿာသပဿာသသာမညမေဝ ဝုတ္တံ။ (မဟာဋီ၊၁၊၃၁၉။)

ပကတိသော အဿာသပဿာသတို့ကို အမှီပြု၍ သမာဓိ၏ စွမ်းအား ကြောင့် ဖြစ်ပေါ်လာသော နိမိတ်ကိုလည်း ဤအရာ၌ အဿာသပဿာသ အမည်ရှိ၏ဟူ၍သာလျှင် ဆိုအပ်၏။ (မဟာဋီ၊၁၊၃၁၉။)

ထိုကြောင့် ပကတိသော ဝင်သက်လေ+ထွက်သက်လေကို အာရုံယူကာ သမာဓိကို ထူထောင်လာရာ သမာဓိ ရင့်ကျက်လာသောအခါ ပကတိသော ဝင်သက်လေ+ထွက်သက်လေ (= အဿာသပဿာသ)ကို အမှီပြု၍ ဖြစ်ပေါ် လာသော နိမိတ်ကိုလည်း ဝင်သက်လေ+ထွက်သက်လေ (= အဿာသပဿာသ)ဟုပင် ခေါ်ဆိုနိုင်ပေရကား နိမိတ်ကို အာရုံယူကာ ဆက်လက်၍ သမာဓိကို ထူထောင်ရာ၌ အာနာပါနကမ္မဋ္ဌာန်းကို ပွားများနေသည်ဟူ၍ပင် ဆိုရပေသည်။

အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူကာ သမာဓိကို ဆက်လက် ထူထောင်သဖြင့် ဥပစာရသမာဓိသို့ ဆိုက်ရောက်လာသော ယောဂါဝစရ ပုဂ္ဂိုလ်သည် စင်စစ်သော်ကား ခတ္တိယမဟေသီ မိဖုရားခေါင်ကြီးသည် စကြ-ဝတေးမင်းလောင်း ကိုယ်ဝန်ကို (ဖန်ပေါင်းချောင် အတွင်း၌ တည်နေသကဲ့သို့ မြင်တွေ့နေရသဖြင့် မပျက်စီးအောင်)စောင့်ရှောက်အပ်သကဲ့သို့လည်းကောင်း, လယ်သမားသည် သလေး မုယောစပါးဖုံးကို စောင့်ရှောက်အပ်


©shwehinthar.com

သကဲ့သို့လည်းကောင်း ထိုအာနာပါနပဋိဘာဂနိမိတ်ကို စောင့်ရှောက်ပါ၊ ယင်းပဋိဘာဂနိမိတ်ကိုပင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ နှလုံးသွင်းပါ၊ ယင်းသို့ နှလုံးသွင်းခြင်းဖြင့် ယင်း ဥပစာရသမာဓိကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ပါ။ ဝီရိယနှင့် သမာဓိ, သဒ္ဓါနှင့် ပညာတို့ကို ညီမျှအောင် သတိဖြင့် ထိန်းကွပ်လျက် ဣန္ဒြေငါးပါး ညီမျှအောင် ကြိုးစားပါ။ ယင်းသို့ ကြိုးစားအားထုတ်ခဲ့သော် ထိုအာနာပါနပဋိဘာဂနိမိတ် အာရုံ၌ စတုက္ကဈာန် ပဉ္စကဈာန်တို့သည် ဖြစ်ပေါ်လာကြကုန်၏။ (ဝိသုဒ္ဓိ၊၁၊၂၇၈။)

## ဣန္ဒြေငါးပါးတို့ကို ညီမျှအောင်ကျင့်ပုံ

ဤအပိုင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊၁၂၅-၁၂၆။)နှင့် မဟာဋီကာ (မဟာဋီ၊၁၊၁၅၀-၁၅၄။)တို့ကို မှီငြမ်းပြု၍ ရေးသားတင်ပြပေအံ့။

သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟု ဣန္ဒြေ ငါးပါး ရှိ၏။ ယောဂါဝစရ ပုဂ္ဂိုလ်၏ ဘာဝနာစိတ်အစဉ်ကို နိဗ္ဗာန်သို့ သွားရာ သမထဘာဝနာလမ်းကြောင်း ဝိပဿနာဘာဝနာလမ်းကြောင်းမှ တိမ်းစောင်း၍ ဘေးသို့ ကျမသွားအောင် ထိန်းချုပ်ထားနိုင်သော စွမ်းအားကြီး ငါးရပ်ပင် ဖြစ်၏။ ထိုတွင် သဒ္ဓါဟူသည် ရတနာ သုံးတန်, ကံကံ၏အကျိုးတရား စသည့် ယုံကြည်သင့် ယုံကြည်ထိုက်သော **သဒ္ဓေယျဝတ္ထု**တို့၌ ယုံကြည်မှုတည်း။ ရတနာ သုံးပါးတို့တွင် ဘုရားရတနာကို ယုံကြည်ရာ၌ ဘုရားရှင်၏ ဗောဓိဉာဏ်တော်မြတ် အပေါ်၌ ယုံကြည်ဖို့လည်း အထူး လိုအပ်ပေသည်။ ဘုရားရှင်၏ အပေါ်၌ ထိုထိုဤဤ ကြံစည်လျက် မယုံကြည်မှုတွေ များပြား နေပါက ယောဂါဝစရပုဂ္ဂိုလ်၏ ဘာဝနာလုပ်ငန်းခွင်သည် တိုးတက်မှု မရှိနိုင်ဘဲ နောက်သို့ ဆုတ်သွားမည်သာ ဖြစ်၏။ ယင်းသို့ သို့လောသို့လော တွေးတောကြံစည်မှု ဝိစိကိစ္ဆာတရားသည် ဈာန်သမာဓိကို တားမြစ်နှောင့်ယှက်တတ်သော နီဝရဏအညစ်အကြေး တစ်ခု ဖြစ်သောကြောင့်တည်း။ တရားရတနာကို ယုံကြည်ရာ၌လည်း မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန် ဟူသော လောကုတ္တရာတရား ကိုးပါးနှင့်တကွ ဘုရားရှင်ဟောကြားထားတော် မူအပ်သော ပရိယတ်တရားတော်မြတ် အပေါ်၌လည်း ယုံကြည်မှု အပြည့် အဝ ရှိဖို့ကား အထူး လိုအပ်လျက် ရှိ၏။ ဘုရားရှင်၏ ပရိယတ်တရားတော်တို့ကား **ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ** (= ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်)ဖြစ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့ကို အသေးစိတ် ပြည့်ပြည့်စုံစုံ ညွှန်ကြားပြသထားသော တရားတို့သာ ဖြစ်ကြ၏။ သီလကျင့်စဉ်နှင့်တကွ သမထ-ဝိပဿနာဘာဝနာလုပ်ငန်းခွင်ကို လမ်းညွှန်ပေးနေသော တရားတော် တို့သာ ဖြစ်ကြ၏။ ယင်းတရားတော်တို့အပေါ်၌ ယုံကြည်ချက် သဒ္ဓါတရား အပြည့်အဝ ရှိဖို့ကား ဤအပိုင်းတွင် အထူး လိုအပ်ပေသည်။

ဝင်သက်လေ+ထွက်သက်လေကို ရှုနေရုံမျှဖြင့် ဈာန်ရသည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါ့မလား၊ ဝါဂွမ်းစိုင်ကဲ့သို့ ဖြူဖွေးနေသော ဥဂ္ဂဟနိမိတ်, ရေခဲတုံး ဖန်တုံးမှန်တုံးကဲ့သို့ အလွန် ကြည်လင်တောက်ပနေသော ပဋိဘာဂနိမိတ်တို့ ဖြစ်ပေါ်လာသည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါ့မလား — ဤသို့ စသည်ဖြင့် ဘုရားရှင်၏ တရားတော်အပေါ်၌ မယုံကြည်မှု **အဿဒ္ဓိယ**တရားတွေ အားကောင်းနေလျှင်သော်လည်းကောင်း, ယခုခေတ်ကား ဈာန်ရနိုင်သည့်ခေတ် မဟုတ်ဟု ခေတ်ကို လွှဲချနေလျှင်သော်လည်းကောင်း ယင်းကဲ့သို့သော ယုံမှားသံသယ ရှိနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သဒ္ဓါတရားမှာ ယုတ်လျော့ နေသည် မည်၏။ ယင်းသို့ အားပျော့နေသော သဒ္ဓါတရားက ယောဂီ သူတော်ကောင်း၏ သမထဘာဝနာစိတ်ကို သမထဘာဝနာ လမ်းကြောင်းပေါ်မှ ဘေးသို့ တိမ်းစောင်း၍ ကျမသွားအောင် ထိန်းချုပ်ထားနိုင်သည့် စွမ်းအား မရှိတော့ပေ။

သမာဓိကမ္မိကဿ ဗလဝတီပိ သဒ္ဓါ ဝဋ္ဋတိ။ (ဝိသုဒ္ဓိ၊၁၊၁၂၆။)

အာနာပါနကမ္မဋ္ဌာန်းကဲ့သို့ သမထဘာဝနာ တစ်ခုကို ပွားများနေသော သမာဓိကမ္မိက ယောဂါဝစရပုဂ္ဂိုလ်အဖို့ သဒ္ဓါတရား အားကောင်းလျှင်လည်း သင့်မြတ်သည်သာ ဖြစ်၏။ အာနာပါန သမထဘာဝနာလုပ်ငန်းခွင်၌ “ဝင်လေ+ထွက်လေ” ဟု နှလုံးသွင်းမှုကို ပြုနေရုံမျှဖြင့် အဘယ်မှာလျှင် ဈာန်တရားသည် ဖြစ်ပေါ်လာနိုင်ပါအံ့နည်းဟု မကြံစည်တော့ဘဲ —**“အဒ္ဓါ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တဝိဓိ ဣဇ္ဈိဿတိ = သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် ဟောကြားထားတော်မူအပ်သော အစီအရင်သည် မချွတ်ကေန် ပြီးစီး ပြည့်စုံပေလတ္တံ့.”** (မဟာဋီ၊၁၊၁၅၃။) – ဟု ယုံကြည်မှု သဒ္ဓါတရားကို အပြည့် အဝ ဖြစ်စေလျက် အာနာပါနဿတိသမာဓိ ဘာဝနာလုပ်ငန်းရပ်ကို ကျင့်ကြံ ကြိုးကုတ် ပွားများအားထုတ်ပါ။


©shwehinthar.com

တစ်ဖန် ယုံကြည်ထိုက်သော သဒ္ဓေယျဝတ္ထု၌ လွတ်လွတ် သက်ဝင်၍ ဆုံးဖြတ်ခြင်း သဒ္ဓါဓိမောက္ခကိစ္စက, အထူးသဖြင့် အာနာပါနဘာဝနာ လုပ်ငန်းခွင်၌ လွတ်လွတ် သက်ဝင်၍ ဆုံးဖြတ်ခြင်း သဒ္ဓါဓိမောက္ခကိစ္စက အလွန် ထင်ရှားနေသောကြောင့်လည်းကောင်း, ပညိန္ဒြေက (= အသိဉာဏ်က) မသန့်ရှင်းသောကြောင့်လည်းကောင်း, ဝီရိယ, သတိ, သမာဓိ ဣန္ဒြေတို့က လျော့လျော့ရဲရဲ ရှိနေခြင်းစသော အကြောင်းတရားကြောင့်လည်းကောင်း သဒ္ဓိန္ဒြေသည် အလွန် အားကောင်းနေ၏။ ထိုအခါ၌ ဝီရိယိန္ဒြေသည် မိမိနှင့် ယှဉ်ဖက် စိတ်+စေတသိက်တည်းဟူသော သမ္ပယုတ်တရားတို့ကို အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံမှ လျှောကျမသွားအောင် ချီးမြှောက် ထား-ခြင်း ချီးပင့်ထားခြင်း ပဂ္ဂဟလုပ်ငန်းကိစ္စကို မရွက်ဆောင်နိုင်။

သတိန္ဒြေသည်လည်း အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံကို အသိဉာဏ်၌ ထင်ထင်ရှားရှား ဖြစ်ပေါ်လာစေခြင်း **ဥပဋ္ဌာနကိစ္စ**ကို မရွက်ဆောင်နိုင်။ သမာဓိန္ဒြေသည်လည်း အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့ သော သမထအာရုံနိမိတ်မှ ပြင်ပအာရုံသို့ ဘာဝနာစိတ်ကို ပျံ့လွင့် မသွားအောင် ရွက်ဆောင်ပေးခြင်း **အဝိက္ခေပကိစ္စ**ကို မရွက်ဆောင်နိုင်။ ပညိန္ဒြေ သည်လည်း အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံနိမိတ်ကို ထိုးထိုးထွင်းထွင်း ရှင်းရှင်းလင်းလင်း သိမြင်နေခြင်း **ဒဿနကိစ္စ**ကို ပြုလုပ် အံ့သောငှာ မစွမ်းနိုင်။ ထိုကြောင့် ပရမတ္ထဓမ္မသဘာဝကို ဆင်ခြင်ခြင်းဖြင့် လည်းကောင်း, သဒ္ဓိန္ဒြေ အားကောင်းလောက်အောင် အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံကို နှလုံးမသွင်းခြင်းဖြင့်လည်းကောင်း သဒ္ဓိန္ဒြေ ကို ယုတ်လျော့စေရ၏။

ဤအပိုင်း၌ **ပရမတ္ထဓမ္မသဘာဝ**ကို မည်သို့ ဆင်ခြင်မည်နည်းဟု မေးရန် ရှိ၏။ အထက်တွင် ရှင်းပြခဲ့သည့်-အတိုင်း  အဿာသပဿာသ (= ဝင်သက်လေ+ထွက်သက်လေ)ဟူသည် စိတ်ကြောင့်ဖြစ်သည့် စိတ္တဇသဒ္ဒနဝကရုပ် တို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ (ဝိသုဒ္ဓိ၊၁၊၃၄၆။ ဝိသုဒ္ဓိ၊၂၊၂၃။)

ယင်းဝင်သက်လေ+ထွက်သက်လေ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို သိမ်းဆည်းကာ သမာဓိကို ဆက်လက် ထူထောင်လိုက်ပါက သမာဓိဒီဂရီ စံချိန်မီလာသောအခါ ရုပ်ကလာပ်အမှုန်များကို တွေ့ရှိနိုင်၏။ ယင်း ရုပ်ကလာပ်များကို တစ်ခုစီ တစ်ခုစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာလျက် ကြည့်ရှုနိုင်ခဲ့ သော် ရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ ပထဝီ, အာပေါ, တေဇော, ဝါယော, အဆင်း, အနံ့, အရသာ, ဩဇာ, အသံဟု ရုပ်သဘောတရား (၉)မျိုးတို့ကို တွေ့နိုင်၏။ ယင်းရုပ်ပရမတ်-တရားတို့၏ ဖြစ်ပြီးလျှင် ပျက်နေသည့် အနိစ္စ သဘာဝ, ဖြစ်ခြင်း ပျက်ခြင်းဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရ သည့် ဒုက္ခသဘာဝ, မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရ အားဖြင့် တည်ရှိနေနိုင်သည့် အတ္တ မဟုတ်သည့် အနတ္တသဘာဝတို့ကို ဆင်ခြင် ရှုပွားပါ။

တစ်ဖန် အာနာပါနနိမိတ် (= ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်)ဟူသည်မှာ ယင်းစိတ္တဇရုပ်ကလာပ်-တို့၏လည်းကောင်း, ယင်း စိတ္တဇ ရုပ်ကလာပ်တို့၌ ပါဝင်တည်ရှိသော တေဇောဓာတ် (= ဥတု)ကြောင့် ဆင့်ကဲ ဆင့်ကဲ ဖြစ်ပွားလာကြကုန်သော ဥတုဇဩဇဋ္ဌမက ရုပ်ကလာပ်တို့၏လည်းကောင်း အပေါင်းအစုမျှသာ ဖြစ်သည်။ တစ်နည်းဆိုရသော် — ယင်း စိတ္တဇရုပ်ကလာပ် ဥတုဇရုပ်ကလာပ် နှစ်ဖွဲ့တို့၏ ဝဏ္ဏဓာတ် (= ရူပါရုံ)၏ အရောင်-အဆင်းနှင့် တကွသော ရုပ်တို့၏ အပေါင်းအစု ဖြစ်၏။ အဇ္ဈတ္တ၌ စိတ္တဇရုပ် ဥတုဇရုပ်တို့၏ အရောင်အဆင်းတည်း။ ဗဟိဒ္ဓ၌ကား ဥတုဇရုပ်တို့၏ အပေါင်းအစုတည်း။ ယင်း ရုပ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘာဝတို့ကို ဉာဏ်ဖြင့် မတွေ့မြင်နိုင်သေး မရှုနိုင်သေးပါက ဉာဏ်ဖြင့် ဆင်ခြင်ရုံ ဆင်ခြင်ပါ။ ဤသို့သော ပရမတ္ထဓမ္မသဘာဝတို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘာဝကို ဆင်ခြင်ခြင်းဖြင့်လည်း သဒ္ဓိန္ဒြေကို ယုတ်လျော့သွားအောင် ပြုကျင့်ပါ။

အကယ်၍ ဝီရိယိန္ဒြေ (= ကြိုးစားအားထုတ်မှု လုံ့လဝီရိယ)က အားကောင်းနေပြန်လျှင်လည်း သဒ္ဓါ, သတိ, သမာဓိ, ပညာတို့သည်လည်း အဓိမောက္ခကိစ္စ, ဥပဋ္ဌာနကိစ္စ, အဝိက္ခေပကိစ္စ, ဒဿနကိစ္စဟူသော မိမိ၏ဆိုင်ရာ လုပ်ငန်းကိစ္စရပ် အသီးအသီးကို မရွက်ဆောင်နိုင်တော့ပေ။ ထိုကြောင့် ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်များ (= ကိုယ်စိတ်အေးချမ်းမှု စိတ်တည် ကြည်မှု လျစ်လျူရှုမှု ဗောဇ္ဈင်တရားများ) ဖြစ်ပေါ်လာလောက်အောင် အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးပမ်းခြင်းဖြင့် လွန်ကဲနေသော ဝီရိယိန္ဒြေကို ယုတ်လျော့စေရ၏။ သမာဓိနှင့် ပညာတို့ လွန်ကဲရာ၌လည်း နည်းတူပင် သဘောပေါက်ပါ။


©shwehinthar.com

ဤအရာ၌ သဒ္ဓါနှင့် ပညာ, သမာဓိနှင့် ဝီရိယတို့၏ ညီမျှမှုကို ပညာရှိ သူတော်ကောင်းတို့က ချီးမွမ်းတော်မူကြ၏။ သဒ္ဓါက အားကောင်း၍ ပညာက နုံ့နေသော် မုဒ္ဓပ္ပသန္န = အနှစ်မပါ အချည်းနှီးသော အရာဝတ္ထု၌ ကြည်ညို နေတတ်၏။ တိတ္ထိတို့၏ တပည့်သာဝကတို့ကဲ့သို့ မကြည်ညိုသင့် မကြည်ညို ထိုက်သော အရာဝတ္ထု၌ ကြည်ညိုနေတတ်၏။ "အာနာပါနကျင့်စဉ်ဆိုတာ ဤသို့ ဤသို့ ပြုကျင့်ရ၏၊ ပွားများရ၏"ဟု ပြောဆိုလာလျှင် မှန်သည် မှားသည်ကို ဝေဖန်ဆန်းစစ်မှု မပြုတော့ဘဲ တလွဲတချော် ကျင့်နေတတ်၏။

တစ်ဖန် — ပညာက အားကောင်း၍ သဒ္ဓါက နုံ့နေပြန်လျှင်လည်း ကေရာဋိကပက္ခ (= ကောက်ကျစ်စဉ်းလဲသည့်ဘက်)သို့ ယိုင်လဲသွားတတ်၏။ ဆေးကြောင့်ဖြစ်သော ရောဂါသည် ကုစားရခက်သကဲ့သို့ ထိုပုဂ္ဂိုလ်မျိုးသည် လည်း ကုစားဖို့ရန် အလွန်ခက်ခဲတတ်၏။ **"ဒါပေမဲ့". .** ဟူသော စကားလုံး များကို ခပ်များများသုံး၍ ဝေ့လည်ကြောင်ပတ် လုပ်နေတတ်၏။ မလွှဲမရှောင် သာလျှင် "မြွေမသေ-တုတ်မကျိုး" မူဝါဒကို လက်ခံကျင့်သုံးတတ်၏။ "ကောင်းတော့ ကောင်းပါရဲ့၊ မှန်တော့ မှန်ပါရဲ့၊ ဒါပေမဲ့"ဟူသော စကားလုံး များဖြင့် နိဂုံးချုပ်တတ်၏။ ဘုရားတရားတော်ကို ကျောခိုင်းနေသူများတည်း။

သဒ္ဓါနှင့်ပညာ တရား နှစ်ပါး ညီမျှခဲ့ပါမူကား ရတနာ သုံးတန်, ကံ-ကံ၏အကျိုးတရား စသည့် ယုံကြည်သင့် ယုံကြည်ထိုက်သော သဒ္ဓေယျဝတ္ထု၌သာလျှင် ယုံကြည်တတ်၏။ အာနာပါနကျင့်စဉ်ကို ဘုရားဟောအတိုင်း တကယ်လက်တွေ့ စွမ်းစွမ်းတမံ ကျင့်ပါက ပါရမီလည်း အထိုက်အလျောက် အားကောင်းခဲ့ပါမူ အာနာပါနပဋိဘာဂနိမိတ်သို့ ဆိုက်နိုင်၏ဟု ယုံကြည်၏၊ ဈာန်သို့ ဆိုက်နိုင်၏ဟု ယုံကြည်၏။ ယုံကြည်သင့် ယုံကြည်ထိုက်သော အရာဝတ္ထု၌ ယုံကြည်ခြင်းပင်တည်း။ ယင်းကဲ့သို့သော ယုံကြည်မှု သဒ္ဓါတရားလည်း ရှိ၍ တကယ်လက်တွေ့ အာနာပါနကျင့်စဉ်ကိုလည်း "အရိုး ကြွင်းစေ, အရေကြွင်းစေ, အကြောကြွင်းစေ, အသားအသွေးတွေ အကုန် ခန်းခြောက်ချင် ခန်းခြောက်ပါစေ, ယောကျ်ားတို့၏ ဖွဲလုံ့လဝီရိယဖြင့် ရနိုင် သည့် အရာဌာနသို့ မရောက်မချင်း ဝီရိယ၏ ရပ်တန့်သွားခြင်းမည်သည် မဖြစ်စေရ"ဟု ဤကဲ့သို့သော အင်္ဂါလေးပါး ရှိသော ဝီရိယ ခြိုရုံကာ ကျင့်ကြံ ကြိုးကုတ် ပွားများအားထုတ်သောအခါ ဉာဏ်ပညာဖြင့် အာနာပါနပဋိဘာဂနိမိတ်ကိုလည်း ထိုးထိုးထွင်းထွင်း သိမြင်ပါမူ ထိုအခါ သဒ္ဓါနှင့် ပညာ တရား နှစ်ပါးတို့ကား ညီမျှမှု ရှိသွားပြီ ဖြစ်၏။

တစ်ဖန် သမာဓိက အားကောင်း၍ ဝီရိယက နုံ့နေပြန်လျှင်လည်း သမာဓိသည် ပျင်းရိခြင်း (= ကောသဇ္ဇတရား)၏ ဘက်တော်သားဖြစ်ခြင်းကြောင့် ယောဂီသူတော်ကောင်း၏ စိတ်အစဉ်ကို အာနာပါနဘာဝနာ လုပ်ငန်းခွင်၌ ပျင်းရိခြင်း (= ကောသဇ္ဇတရား)က လွှမ်းမိုး ဖိစီးသွားတတ်၏။ ဝီရိယက အားကောင်း၍ သမာဓိက နုံ့နေပြန်လည်း ဝီရိယသည် စိတ်ပျံ့လွင့်မှု (= ဥဒ္ဓစ္စ)၏ ဘက်တော်သား ဖြစ်ခြင်းကြောင့် ယောဂီသူတော်ကောင်း၏ စိတ်အစဉ်ကို ဥဒ္ဓစ္စတရားက လွှမ်းမိုး ဖိစီးတတ်ပြန်၏။ အာနာပါနအာရုံ, အာနာပါနပဋိဘာဂနိမိတ်အာရုံမှ ဘေးအာရုံ အမျိုးမျိုးသို့ စိတ်ပျံ့လွင့်နေ တတ်၏။ "သမာဓိ လွန်သော် ကောသဇ္ဇ၊ ဝီရိယ လွန်သော် ဥဒ္ဓစ္စ" ဟု ရှေးပညာရှိတို့က ဆိုရိုး ပြုတော်မူကြ၏။ အာနာပါနပဋိဘာဂနိမိတ်အာရုံ တစ်ခုတည်းပေါ်၌ စိတ်ကျရောက် တည်ငြိမ်နေမှု (= သမာဓိ)ကို ဝီရိယနှင့် ယှဉ်တွဲပေးလိုက်သော် ယင်းသမာဓိသည် ပျင်းရိခြင်း (= ကောသဇ္ဇ) ၌ ကျရောက်ဖို့ရန် အခွင့်မရနိုင်။ ဝီရိယကို သမာဓိနှင့် ယှဉ်စပ်ပေးလိုက်သော် ယင်းဝီရိယသည် အာနာပါနပဋိဘာဂနိမိတ်အာရုံမှ အခြားအာရုံသို့ စိတ် ပျံ့လွင့်သွားခြင်း (= ဥဒ္ဓစ္စ)၌ ကျရောက်ဖို့ရန် အခွင့်မရနိုင်။ ထိုကြောင့် သမာဓိနှင့် ဝီရိယ နှစ်မျိုးကို ညီမျှအောင် ပြုကျင့်ပါ။ မှန်ပေသည် -- သမာဓိနှင့် ဝီရိယ နှစ်ပါးစုံ ညီမျှခြင်းဖြင့် အပ္ပနာဈာန်သည် ဖြစ်ပေါ်လာနိုင်၏။

တစ်နည်း – သမထကမ္မဋ္ဌာန်းကို ပွားများဆဲ သမာဓိကမ္မိကပုဂ္ဂိုလ်အား စွမ်းအားကြီးမားသော သဒ္ဓါတရားသည်လည်း သင့်သည်သာတည်း။ အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူ၍ သမာဓိကို ထူထောင်နိုင်ခဲ့သော် အပ္ပနာဈာန်သို့ မုချရောက်ရှိနိုင်၏ဟု အာရုံသို့ အစဉ်တစိုက် ဝင်သွားသကဲ့သို့ လွတ်လွတ် သက်ဝင် ဆုံးဖြတ်သည်၏ အစွမ်းဖြင့် ယုံယုံကြည်ကြည်ဖြင့် အာနာပါနပဋိဘာဂနိမိတ်အာရုံသို့ ပြေးဝင်သွားခဲ့သော် အပ္ပနာဈာန်သို့ ရောက်ရှိပေလတ္တံ့။ ဈာန်ကား သမာဓိ ပြဓာန်းသောကြောင့် ဖြစ်၏။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေသော ပုဂ္ဂိုလ်အဖို့ ပညာသည် စွမ်းအင်ကြီးမားခဲ့ပါမူ သင့်သည်သာတည်း။ ဤသို့ စွမ်းအင်ကြီးမားခဲ့သော် ထိုယောဂါဝစရပုဂ္ဂိုလ်သည် လက္ခဏာရေး သုံးတန်ကို ထိုးထွင်းသိမြင်ခြင်း **လက္ခဏာပဋိဝေဓဉာဏ်**သို့ ရောက်ရှိနိုင်၏။


©shwehinthar.com

တစ်ဖန် သမာဓိ ပညာ နှစ်ပါးတို့၏ ညီမျှခြင်းကြောင့်လည်း လောကီ အပ္ပနာစျာန်သည် ဖြစ်ပေါ်လာနိုင်သည်သာတည်း။ သို့သော် — **သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ - သမထနှင့် ဝိပဿနာကို ယှဉ်စုံကလျက် ယုဂနဒ္ဓနည်းအားဖြင့် ပွားများ၏။** (ပဋိသံ၊၂၈၃။) ဤသို့ ဟောကြားထားတော် မူသောကြောင့် လောကုတ္တရာ အပ္ပနာသည်ကား ထိုသမာဓိ ပညာ နှစ်မျိုးတို့၏ ညီမျှသည်၏ အဖြစ်ကြောင့်သာလျှင် ဖြစ်ပေါ်နိုင်၏ဟု အလိုရှိအပ်ပေသည်။

**သတိ–သတိ–သတိ**

သတိကား သဒ္ဓါနှင့်ပညာ ညီမျှရေး, သမာဓိနှင့်ဝီရိယ ညီမျှရေး, သမာဓိ နှင့်ပညာ ညီမျှရေးတို့အတွက် အခါခပ်သိမ်း အမြဲတမ်း အလိုရှိအပ်သော တရားဖြစ်၏။ အခါခပ်သိမ်း နေရာတိုင်း၌ အားကောင်းမှသာလျှင် သင့်မြတ် ၏။ မှန်ပေသည် — သတိသည် ဥဒ္ဓစ္စ၏ ဘက်တော်သား ဖြစ်ကြကုန်သော စွမ်းအင်လွန်ကဲနေသော သဒ္ဓါ, စွမ်းအင်လွန်ကဲနေသော ဝီရိယ, စွမ်းအင် လွန်ကဲနေသော ပညာတို့၏ အားအစွမ်းကြောင့် ဘာဝနာစိတ်ကို အာနာပါန ပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံမှ အခြားအာရုံသို့ ပျံ့လွင့်သွားခြင်း (= ဥဒ္ဓစ္စဘက်သို့ ကျရောက်ခြင်း)မှလည်း စောင့်ရှောက်ပေး၏ (= မကျရောက် အောင် စောင့်ရှောက်ပေး၏)။ ဘာဝနာအာရုံ၌ ပျင်းရိခြင်း (= ကောသဇ္ဇ)၏ ဘက်တော်သားဖြစ်သော သမာဓိကြောင့် ကောသဇ္ဇ (= ပျင်းရိခြင်း)ဘက်သို့ ကျရောက်ခြင်းမှလည်း စိတ်ကို စောင့်ရှောက်ပေး၏ (= မကျရောက်အောင် စောင့်ရှောက်ပေး၏)။ ထိုကြောင့် အလုံးစုံသော ဟင်းလျာတို့၌ ဆားခတ်ခြင်း ကို အလိုရှိအပ်သကဲ့သို့လည်းကောင်း, အလုံးစုံသော မင်းမှုကိစ္စတို့၌ လုပ်ငန်း ကိစ္စ အဝဝတို့၌ ကျွမ်းကျင်လိမ္မာသော အမတ်ကြီးကို အလိုရှိအပ်သကဲ့သို့ လည်းကောင်း အလားတူပင် အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌ လီန (= ဘာဝနာ လုပ်ငန်းခွင်မှ စိတ်ဓာတ်တွန့်ဆုတ်ရာ စိတ်ဓာတ်ကျဆင်းရာ) အခါ, ဥဒ္ဓစ္စ (= ဘာဝနာအာရုံမှ စိတ်ပျံ့လွင့်ရာ)အခါ- ဟူသော အလုံးစုံသော အချိန်အခါ တို့၌ သတိကို အလိုရှိအပ်ပေသည်။ ထိုကြောင့် ရှေးရှေးအဌကထာတို့၌ ဤသို့ ဖွင့်ဆိုထားတော်မူကြ၏။

"သတိကိုကား အခါခပ်သိမ်း ဘာဝနာလုပ်ငန်းခွင်တိုင်း၌ စိတ်ဓာတ် ကျဆင်းရာအခါ စိတ်ပျံ့လွင့်ရာအခါတို့၌ အလိုရှိအပ်၏ဟု ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ အဘယ်ကြောင့်နည်း? ဘာဝနာကုသိုလ်စိတ်သည် သတိလျှင် ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာ ရှိ၏။ မရောက်သေးသော တရားထူးတရားမြတ်သို့ ရောက်ရှိခြင်းငှာ မသိရသေးသော တရားထူး တရားမြတ်ကို သိခြင်းငှာ ဘာဝနာကုသိုလ်စိတ်သည် သတိကို မှီခိုရ၏။ တစ်ဖန် သတိသည် အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော ဘာဝနာအာရုံကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးတတ်၏။ ဘာဝနာစိတ်ကိုလည်း ဘာဝနာအာရုံကို အမှတ်ရနေအောင် ဘာဝနာအာရုံမှ ပျောက်ပျက်မသွားအောင် ဘေးအာရုံသို့ မရောက်အောင် ထိန်းသိမ်း စောင့်ရှောက်ပေးတတ်၏။ ထိုကြောင့် ယင်းသတိကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်တွင် အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော ဘာဝနာအာရုံနှင့် ဘာဝနာစိတ်ကို စောင့်ရှောက်ပေးတတ်သော သဘောတရားဟု ရှေးရှုထင်လာ၏။ သတိနှင့် ကင်း၍ ဘာဝနာစိတ်ကို ချီးပင့်ခြင်း နှိပ်ကွပ်ခြင်း (= စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်း စိတ်ဓာတ်ကို နှိပ်ကွပ်ပေးခြင်း) သည် မဖြစ်နိုင်။"

ထိုကြောင့် ဘုရားရှင်က သတိကို **သဗ္ဗတ္ထိက** (= အခါခပ်သိမ်း အလို ရှိအပ်၏) ဟု ဟောကြားတော်မူပေသည်။

(ဝိသုဒ္ဓိ၊၁၊၁၂၅-၁၂၆။ မဟာဋီ၊၁၊၁၅၀-၁၅၄။)

**ဗောဇ္ဈင် (၇) ပါး ညီမျှအောင် ကျင့်ပုံ**

အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူနေခိုက် . . ဖြစ်ပေါ်နေသော ဗောဇ္ဈင် (၇)ပါးတို့မှာ ဤသို့ ဖြစ်ကြ၏။

၁။ အာနာပါနပဋိဘာဂနိမိတ်အာရုံကို အောက်မေ့ အမှတ်ရနေသော အဖန်ဖန် အထပ်ထပ် သိမ်းဆည်းနေသော သတိကား **သတိသမ္ဗောဇ္ဈင်,**

၂။ အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထိုးထွင်းသိနေသော ပညာကား **ဓမ္မဝိစယသမ္ဗောဇ္ဈင်,**

၃။ အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ဗောဇ္ဈင် (၇)ပါးတို့ စုံစုံညီညီ ညီညီ မျှမျှဖြစ်အောင် ကြိုးစားအားထုတ်ခြင်း,


©shwehinthar.com

အထူးသဖြင့် - ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင်တို့ဖြစ်အောင် ကြိုးစားအားထုတ်ခြင်း ဝီရိယကား **ဝီရိယ-သမ္ဗောဇ္ဈင်,**

၄။ အာနာပါနပဋိဘာဂနိမိတ် အာရုံကို အာရုံပြုကာ ကြည်ရွှင်ဝမ်းမြောက်ခြင်း ပီတိကား **ပီတိသမ္ဗောဇ္ဈင်,**

၅။ အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ် စေတသိက်တို့၏ ငြိမ်းအေးနေခြင်း ပဿဒ္ဓိကား **ပဿဒ္ဓိသမ္ဗောဇ္ဈင်,**

၆။ အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်၏ ငြိမ်ဝပ်စွာ ကပ်၍ တည်နေခြင်း သမာဓိကား **သမာဓိသမ္ဗောဇ္ဈင်,**

၇။ အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်ကို "တက်ကြွခြင်း တွန့်ဆုတ်ခြင်းဘက်သို့" မရောက်အောင် အညီအမျှ ထားခြင်း တတြမဇ္ဈတ္တတာကား **ဥပေက္ခာသမ္ဗောဇ္ဈင်**

ဤဗောဇ္ဈင်မြတ်တရား (၇)ပါးကိုလည်း ယောဂါဝစရပုဂ္ဂိုလ်သည် ညီမျှ အောင် ပွားရမည် ဖြစ်သည်။ အလွန့်အလွန် လုံ့လဝီရိယ လျော့နည်းနေခြင်း ကမ္မဋ္ဌာန်းအာရုံ၌ သာယာမှုကို မရရှိခြင်းစသော အကြောင်းတရားတို့ကြောင့် ဘာဝနာစိတ်သည် အာနာပါနပဋိဘာဂနိမိတ်တည်းဟူသော ကမ္မဋ္ဌာန်းအာရုံမှ တွန့်ဆုတ်နေ၏၊ စိတ်ဓာတ် ကျဆင်းနေ၏။ ထိုအခါ၌ **ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်**ဟူသော ဗောဇ္ဈင်မြတ်တရား သုံးပါး တို့ကို မပွားများပါနှင့်။ **ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင်** ဟူသော ဗောဇ္ဈင်မြတ်တရား သုံးပါးတို့ကို ပွားပေးပါ။ ဤသို့ ပွားသော် စိတ်ဓာတ်ကို ချီးမြှောက်ပေးသည် မည်၏၊ ကျဆင်းနေသော စိတ်ဓာတ်ကို မြှင့်တင်ပေး-ခြင်းတည်း။

အပြင်းအထန် ကြိုးစားအားထုတ်ခြင်း (= ဝီရိယ လွန်ကဲခြင်း) စသော အကြောင်းတရားတို့ကြောင့် ဘာဝနာစိတ်သည် တက်ကြွ တုန်လှုပ်လျက် ရှိ၏၊ ပျံ့လွင့်လျက် ရှိ၏။ ထိုအခါမျိုး၌ **ဓမ္မဝိစယ, ဝီရိယ, ပီတိ**ဟူသော ဗောဇ္ဈင်မြတ်တရား သုံးပါးတို့ကို မပွားပါနှင့်။ **ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ** ဟူသော ဗောဇ္ဈင်မြတ်တရား သုံးပါးတို့ကိုသာ ပွားပေးပါ။ တက်ကြွ-တုန်လှုပ် နေသော စိတ်ဓာတ်, ပျံ့လွင့်နေသော စိတ်ဓာတ်ကို နှိပ်ကွပ်ပေးခြင်းတည်း။

(သံ၊၃၊၉၉ . . . အဂ္ဂိသုတ္တန်နှင့် အညီတည်း။)

**ဗောဓိ**ခေါ်သော အရိယမဂ်ဉာဏ်ကို ရရှိဖို့ရန် အကြောင်းအင်္ဂါရပ်များ ဖြစ်သောကြောင့် ဤတရား (၇)ပါးတို့ကို ဗောဇ္ဈင်ဟု ခေါ်ဆိုသည်။ ဤကား ဣန္ဒြေ ငါးပါး, ဗောဇ္ဈင် ခုနစ်ပါးတို့ကို ညီမျှအောင် ကျင့်ပုံ အကျဉ်းတည်း။

## သမာဓိနှစ်မျိုးတို့၏ ထူးခြားချက်

ဤသို့လျှင် ကြည်လင်တောက်ပနေသော အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူ၍ ဣန္ဒြေ, ဗောဇ္ဈင်တို့ကို ညီမျှအောင် ကျင့်နိုင်ခဲ့သော် သမာဓိမှာ ရင့်ကျက်သထက် ရင့်ကျက်ကာ နက်ရှိုင်းသထက် နက်ရှိုင်းကာ ငြိမ်ဝပ်သထက် ငြိမ်ဝပ်ကာ တည်ကြည်လာပေလိမ့်မည်။ ထိုအခါ ဥပစာရသမာဓိ နယ်မြေသို့ ဆိုက်ရောက်လာပြီ ဖြစ်၏။ ဆက်လက်၍ ယင်းအာနာပါနပဋိဘာဂနိမိတ်ကိုပင် အာရုံယူကာ သမာဓိကို ထူထောင်ခဲ့သော် ဥပစာရသမာဓိမှ အပ္ပနာသမာဓိအဆင့်သို့ ကူးတက်သွားနိုင်ပေသည်။ ဤနေရာတွင် ယင်း ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင်တရားတို့ အားကောင်းလာသော အခါတွင် ဗောဇ္ဈင်တရားများ ညီမျှရေးအတွက် ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယ သမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်မြတ်တရား သုံးပါး တို့ကိုလည်း ပွားပေးပါ။ ယင်း ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိ နှစ်မျိုးတို့၏ ထူးခြားချက်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဤသို့ ဖွင့်ဆိုထား၏။

"အလွန် ကြည်လင်တောက်ပသော အာနာပါနပဋိဘာဂနိမိတ် ဖြစ်ရာ ကာလမှ စ၍သာလျှင် နီဝရဏတရား-တို့သည် ခွာထားအပ်ပြီးသာလျှင် ဖြစ်ကြကုန်၏။ ထိုနီဝရဏတရားတို့နှင့် တူသော တည်ရာ ရှိကုန်သော ကိလေသာ-တို့သည်လည်း ငြိမ်ဝပ်စွာ အနည်ထိုင်သွားကြကုန်သည်သာလျှင် ဖြစ်ကြကုန်၏။ ဥပစာရသမာဓိသည် ဘာဝနာစိတ်ကို အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ကောင်းစွာ ထားအပ်သည်သာလျှင် ဖြစ်ပေသည်။ မှန်ပေသည် သမာဓိသည် **ဥပစာရသမာဓိ, အပ္ပနာသမာဓိ** (= ဈာန်သမာဓိ)ဟု နှစ်မျိုး ရှိ၏။

၁။ ဈာန်တရားတို့၏ ဆန့်ကျင်ဘက် နီဝရဏတရားတို့မှ ဝေးကွာသည်၏ အဖြစ်ကြောင့်လည်းကောင်း,


©shwehinthar.com

၂။ စျာန်တရားတို့၏ မြဲမြဲခိုင်ခဲ့သည်၏အဖြစ်သို့ ရောက်ရှိခြင်းကြောင့် လည်းကောင်း —

ဤ နှစ်မျိုးသော အကြောင်းတရားတို့ကြောင့် ဥပစာရဘုံဟု ခေါ်ဆို အပ်သော ဥပစာရသမာဓိအခိုက်၌လည်း-ကောင်း, ပဋိလာဘဘုံဟု ခေါ်ဆို အပ်သော အပ္ပနာစျာန်ကို ရရှိသည့်အခိုက်၌လည်းကောင်း ဘာဝနာစိတ်ကို အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထနိမိတ်အာရုံ၌ အညီအညွတ် ကောင်းစွာ ထားအပ်၏။ ထိုနှစ်ပါးတို့တွင် ဥပစာရသမာဓိအခိုက် (= ဥပစာရဘုံ)၌ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ပယ်ခွာခြင်းဖြင့် ဘာဝနာစိတ်ကို အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထနိမိတ်အာရုံ၌ အညီအညွတ် ကောင်းစွာ ထားအပ်၏၊ စိတ်သည် တည်ကြည်နေ၏။ ပဋိလာဘဘုံဟု ခေါ်ဆိုအပ်သော အပ္ပနာစျာန်ကို ရရှိခိုက်၌ စျာန်အင်္ဂါတို့၏ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းဖြင့် ဘာဝနာစိတ်ကို အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထနိမိတ်အာရုံ၌ အညီအညွတ် ကောင်းစွာ ထားအပ်၏။ ဘာဝနာစိတ် သည် ကောင်းစွာ တည်ကြည်နေ၏။

ဤဆိုလတ္တံ့သည်ကား သမာဓိနှစ်မျိုးတို့၏ အသီးအသီး ကွဲပြားသည်ကို ပြကြောင်းဖြစ်သော ထူးခြားချက်တည်း။ ဥပစာရသမာဓိအခိုက်၌ စျာန်အင်္ဂါ တို့သည်ကား စွမ်းအင် အပြည့်အဝ ရှိကြသည်ကား မဟုတ်ကုန်သေး၊ စျာန်အင်္ဂါ-တို့၏ စွမ်းအင် အပြည့်အဝ မရှိကြသေးသည့် အဖြစ်ကြောင့် လောကဥပမာမည်သည်ကား — မတ်တတ်ရပ် သင်ခါစ ငယ်ရွယ်နုနယ်သော ကလေးသူငယ်သည် ထူမ၍ ချီမ၍ ထားအပ်လတ်သော် အဖန်ဖန် မြေ၌ လဲကျ၏သို့ ဤ-ဥပမာအတူပင်လျှင် ဥပစာရသမာဓိသည် ဖြစ်ပေါ်လာလတ် သော် စိတ်သည် ရံခါ အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထနိမိတ်ကို အာရုံပြု၏၊ ရံခါ ဘဝင်သို့ သက်ရောက်သွား၏၊ ဘဝင်ကျနေတတ်၏။

သို့သော် အပ္ပနာစျာန်သမာဓိအခိုက်၌ကား စျာန်အင်္ဂါတို့သည် စွမ်းအင် အပြည့်အဝဖြင့် ဖြစ်ပေါ်လာကြကုန်၏။ ထိုစျာန်အင်္ဂါတို့၏ စွမ်းအင် အပြည့် အဝဖြင့် ဖြစ်ပေါ်လာသည့် အတွက်ကြောင့် လောကဥပမာမည်သည်ကား အားကောင်းမောင်းသန်သော ခွန်အားရှိသော ယောကျ်ားသည် နေရာမှ ထ၍ တစ်နေ့ပတ်လုံးသော်လည်း ရပ်တည်-နိုင်၏သို့ ဤဥပမာအတူပင်လျှင် အပ္ပနာစျာန်သမာဓိသည် ဖြစ်ပေါ်လာလတ်သော် စျာန်စိတ်သည် တစ်ကြိမ် ဘဝင်-အလှည့်ကို ဖြတ်တောက်၍ တစ်ညပတ်လုံးသော်လည်း တည်နိုင်၏၊ တစ်နေ့ပတ်လုံးသော်လည်း တည်နိုင်၏၊ စျာန်-ကုသိုလ်ဇော စဉ်ကာစဉ်ကာ ဆက်ကာဆက်ကာ၏ အစွမ်းဖြင့်သာလျှင် ဖြစ်ပေါ်နေ၏။ ဤသည်ကား သမာဓိနှစ်မျိုး-တို့၏ အသီးအသီး ကွဲပြားသည်ကို ပြကြောင်းဖြစ်သော ထူးခြားချက်တည်း။ (ဝိသုဒ္ဓိ၊၁၊၁၂၃။)

အလုံးစုံသော ညဉ့်ပတ်လုံး, အလုံးစုံသော နေ့ပတ်လုံး (= တစ်နေ့လုံး, တစ်ညလုံး) တည်နေနိုင်၏ဟူသော ဤစကားရပ်ကို စျာန်သမာပတ် ဝင်စားနေသည့် အချိန်ကာလကို ရည်ရွယ်၍ အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်-မူခြင်း ဖြစ်သည်။ (မဟာဋီ၊၁၊၁၄၈။)

မည်သည့်ကမ္မဋ္ဌာန်းကိုမဆို အားထုတ်လိုက်သည့်အခါ သမာဓိလည်း အတော်အတန် ဖြစ်လာသောအခါ ဘဝင် ကျကျနေတတ်ပေသည်။ ဘဝင်စိတ်များ အဆက်မပြတ် အဖြစ်များနေမှုကို အချို့ယောဂီများက "ဘာမျှ မသိဘဲ ငြိမ်နေတယ်"ဟု ပြောတတ်ကြ၏။ ဘဝင်စိတ်သည် အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံနိမိတ်နှင့် ပစ္စုပ္ပန်အာရုံမှန်သမျှကို အာရုံ မပြုဘဲ အတိတ်ဘဝ သေခါနီးကာလ မရဏာသန္နဇောက ယူအပ်ခဲ့သည့် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကိုသာ အာရုံပြုသဖြင့် ယောဂီပုဂ္ဂိုလ်အနေဖြင့် ဘာမျှမသိဟု ပြောဆို နေခြင်း ဖြစ်၏။ ယင်းဘဝင်စိတ်က အတိတ်မရဏာသန္နဇော၏ အာရုံကို အာရုံပြုနေပါသည် သိနေပါသည်ဟူသော အချက်ကိုလည်း ယောဂီပုဂ္ဂိုလ်က ကြောင်း-ကျိုး-ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို လက်တွေ့ ရှုနိုင်သောအခါမှ များသောအားဖြင့် သိရှိနိုင်ပေသည်။

**အလွန်ရနိုင်ခဲသောအရာ**

ထိုဥပစာရသမာဓိ အပ္ပနာစျာန်သမာဓိဟူသော နှစ်မျိုးသော သမာဓိ တို့တွင် ဥပစာရသမာဓိနှင့် အတူတကွ အကြင်အာနာပါနပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာ၏။ ထိုပဋိဘာဂနိမိတ်ကို ဖြစ်စေခြင်းမည်သည်ကား အလွန် ငြိုငြင်သဖြင့် ပြုအပ်၏၊ အလွန် ပြုနိုင်ခဲ၏။ ထိုကြောင့် ထိုထက်ဝယ်ပလ္လင် တစ်ထိုင်တည်းဖြင့်ပင်လျှင် ထိုအာနာပါနပဋိဘာဂနိမိတ်ကို အာရုံပြု၍ အပ္ပနာစျာန်ကို ရရှိခြင်းငှာ အကယ်၍ စွမ်းနိုင်ခဲ့သည် ဖြစ်အံ့၊ ဤသို့ စွမ်းနိုင်

သည်ဖြစ်ပေမူကား ကောင်းမြတ်လှသည်သာ ဖြစ်ပေသည်။ အကယ်၍ ထိုတစ်ထိုင်အတွင်းမှာပင် အပ္ပနာစျာန်ကို ရရှိခြင်းငှာ မစွမ်းနိုင် ဖြစ်ခဲ့သော် ဤယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာနာပါနပဋိဘာဂနိမိတ်ကို မမေ့မလျော့သည်ဖြစ်၍ – စကြာမင်းလောင်းဖြစ်သော ကိုယ်ဝန်ကို ဖန်ပေါင်းချောင် အတွင်း၌ သွတ်သွင်းထားသကဲ့သို့ ပကတိသော မံသမျက်စိဖြင့် မြင်တွေ့ရသော မိခင်က မပျက်စီးအောင် သတိကြီးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက် သကဲ့သို့ – စောင့်ရှောက်အပ်ပေ၏။ အကျိုးကား ဤသို့တည်း။ အာနာပါန ပဋိဘာဂနိမိတ်ကို ထိန်းသိမ်းစောင့်ရှောက်သော ယောဂါဝစရပုဂ္ဂိုလ်အား ရရှိပြီးသော ဥပစာရသမာဓိ (= ဥပစာရစျာန်)၏ ယုတ်လျော့သွားခြင်းမည်သည် မရှိစကောင်းပေ။ ရရှိထားပြီးသော အာနာပါနပဋိဘာဂနိမိတ်ကို ထိန်းသိမ်းစောင့်ရှောက်မှုသည် ထင်ရှား မရှိလတ်ပါမူကား ရတိုင်းရတိုင်းသော ဥပစာရ-သမာဓိ (= ဥပစာရစျာန်)သည် ပျောက်ပျက်၍ သွားတတ်၏။

(ဝိသုဒ္ဓိ၊၁၊၁၂၃။)

ရရှိထားပြီးသော အာနာပါနပဋိဘာဂနိမိတ်သည် ပျောက်ပျက် မသွား ခဲ့သော် ထိုအာနာပါနပဋိဘာဂနိမိတ်လျှင် အာရုံရှိသော စျာန်သည်လည်း မလျှောကျခြင်း, မဆုတ်ယုတ်ခြင်းသဘော ရှိသည်သာလျှင် ဖြစ်ပေသည်။ အာနာပါနပဋိဘာဂနိမိတ်ကို ထိန်းသိမ်းစောင့်ရှောက်မှု မရှိသဖြင့် အာနာပါန ပဋိဘာဂနိမိတ်သည် ပျောက်ကွယ်၍ သွားလတ်သော်မူကား ရအပ်တိုင်း ရအပ်တိုင်းသော စျာန်သည်လည်း ပျောက်ပျက်၍ သွားတတ်သည်သာ ဖြစ်ပေ-သည်။ အကြောင်းမူ အာနာပါနစျာန်ဟူသည်မှာလည်း ထိုအာနာပါန ပဋိဘာဂနိမိတ်ကိုသာ အာရုံပြု၍ ဖြစ်ပေါ်လာရသော စျာန်ဖြစ်ရကား ထိုအာနာပါနပဋိဘာဂနိမိတ် အာရုံနှင့် ဆက်စပ်လျက် ဖြစ်ခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့်တည်း။ (မဟာဋီ၊၁၊၁၄၈။)

**ပထမစျာန်သမာဓိသို့**

ယောဂါဝစရပုဂ္ဂိုလ်သည် အလွန် ကြည်လင်တောက်ပနေသော အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီ စသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် သမာဓိကို ထူထောင်နိုင်သောအခါ ယင်း အာ-နာပါနပဋိဘာဂနိမိတ်သည်လည်း အထူးသဖြင့် ပို၍ပို၍ ကြည်လင်တောက်ပလာသောအခါ ယင်း အာနာပါနပဋိဘာ-ဂနိမိတ် အာရုံထဲ၌ ဘာဝနာစိတ်သည် နစ်မြုပ်၍ သွားပေလိမ့်မည်။ ဘာဝနာစိတ်က ယင်း ပဋိဘာဂနိမိတ် အတွင်း၌ နစ်မြုပ်နေသောအခါ ဘာဝနာစိတ်ကလည်း လှုပ်မရအောင် ငြိမ်ဝပ်စွာ တည်နေတတ်ပေသည်။ ထိုအခါ၌ ယောဂီပုဂ္ဂိုလ် အနေဖြင့် အာဇာနည်မြင်း ကထားသော ရထားကို မောင်းနှင်နေသော ရထားထိန်းသည် လမ်းရိုးလမ်းမှန်ကို မှန်မှန်-သွားနေသော အာဇာနည်မြင်းတို့ အပေါ်၌ ကြောင့်ကြမှု မရှိတော့ဘဲ အညီအမျှ အသာကြည့်နေသကဲ့သို့ အာနာပါန-ပဋိဘာဂနိမိတ်အတွင်း၌ နစ်မြုပ်ကာ ငြိမ်ဝပ်စွာ ကပ်တည်နေသော သမာဓိကို ကြောင့်ကြမှု တောင့်တမှု မရှိဘဲ လျစ်လျူသဘော အလယ်အလတ် သဘော၌သာ တည်အောင် ထားပါ။ ယင်းကဲ့သို့ နစ်မြုပ်နေသော သမာဓိကို တစ်နာရီ နှစ်နာရီစသည် တည်တံ့အောင် ဆက်လက် ကြိုးစားပါ။ ယင်း အာနာပါနပဋိဘာဂနိမိတ် အာရုံအတွင်း၌ ဘာဝနာစိတ်၏ နစ်မြုပ်နေမှု သဘောကား **'စိုက်စိုက်စူးစူး၊ အထူး မြဲမြဲ၊ ရှုအားသန်၊ စျာန်ဟု ခေါ်သတတ်''** ဟူသော လယ်တီဆရာတော်ဘုရား၏ အဆိုအမိန့်အတိုင်း စျာန်သမာဓိပင် ဖြစ်ပေသည်။ ယင်း စျာန်သမာဓိကို ခိုင်ခံ့အောင် ဆက်လက် ထူထောင်ပါ။

**ဝင်စားမှု များပါစေ – ဆင်ခြင်မှု နည်းပါစေ**

ထိုအာနာပါနပဋိဘာဂနိမိတ် အာရုံ၌ ရောက်အပ်ရအပ်သော ပထမစျာန်ရှိသော, ပထမစျာန်ကို ရသစ်စဖြစ်-သော အာဒိကမ္မိကပုဂ္ဂိုလ်သည် စျာန်ဝင်စားမှု များပါစေ၊ စျာန်အင်္ဂါကို ဆင်ခြင်မှု နည်းပါစေ။ အပြစ်ကား စျာန်အင်္ဂါ-ကို ဆင်ခြင်ခြင်း များသော သူအား စျာန်အင်္ဂါတို့သည် ရုန့်ရင်း ကုန်သည်ဖြစ်၍ ထင်လာကုန်၏၊ အားမရှိသည်ဖြစ်၍ ထင်လာကုန်၏။

(ဝိသုဒ္ဓိ၊၁၊၁၄၈။)

စျာန်အင်္ဂါများကို ဆင်ခြင်ခြင်း များသည့်အတွက် စျာန်အင်္ဂါတို့သည် ထင်ရှားကုန်သည်၏ အဖြစ်ကြောင့် ရုန့်ရင်းကြမ်းတမ်းကုန်သည်ဖြစ်၍ ထင်လာကုန်၏။ စျာန်ဝင်စားမှုကို နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်ဖြင့် စွမ်းအား


©shwehinthar.com

ကြီးမားသည်၏ အဖြစ်သို့ မရောက်စေအပ်သည်၏ အဖြစ်ကြောင့် ဈာန်အင်္ဂါတို့သည် အသိဉာဏ်၌ ထင်ရှားသော်လည်း အားနည်းသည်ဖြစ်၍ ထင်လာကုန်၏။ (မဟာဋီ၊၁၊၁၇၈။)

ထိုသို့ အသိဉာဏ်၌ ထင်လာလတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်အား ထိုဈာန်အင်္ဂါတို့သည် ဤသို့ ရုန့်ရင်းကြမ်း-တမ်းသောသဘော စွမ်းအင် နည်းပါးသောအားဖြင့် ထင်လာသည်၏ အဖြစ်ကြောင့် အာနာပါနဿတိ သမာဓိဘာဝ-နာဖြင့် အထက်အထက်ဈာန်သို့ တက်ခြင်းငှာ အကြောင်းတရား ဖြစ်မှုသို့ မရောက်နိုင်ကြကုန်။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရရှိပြီးသော ဈာန်ကို ဝသီဘော်ငါးတန် နိုင်နင်းအောင် မပွားများအပ် မလေ့လာအပ်သည်ရှိသော် ဒုတိယဈာန် စသော အထက်အထက်ဈာန်ကို ရစိမ့်သောငှာ အားထုတ်ပါသော်လည်း ရရှိပြီးသော ပထမဈာန်မှလည်း ဆုတ်ယုတ် သွားတတ်၏။ ဒုတိယဈာန်သို့ ရောက်ရှိခြင်းငှာလည်း မစွမ်းနိုင် ဖြစ်တတ်၏။

(ဝိသုဒ္ဓိ၊၁၊၁၄၈။ မဟာဋီ၊၁၊၁၇၈)

**ပထမဈာန်၏ ဈာန်အင်္ဂါငါးပါး**

၁။ ဝိတက် = အာနာပါနပဋိဘာဂနိမိတ် အာရုံပေါ်သို့ စိတ်ကို ရှေးရှု တင်ပေးခြင်းသဘော၊

၂။ ဝိစာရ = အာနာပါနပဋိဘာဂနိမိတ် အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော၊

၃။ ပီတိ = အာနာပါနပဋိဘာဂနိမိတ် အာရုံကို နှစ်သက်ခြင်းသဘော၊

၄။ သုခ = အာနာပါနပဋိဘာဂနိမိတ် အာရုံ၏ အရသာကို ချမ်းချမ်း သာသာ ခံစားခြင်းသဘော၊

၅။ ဧကဂ္ဂတာ = အာနာပါနပဋိဘာဂနိမိတ်အာရုံ တစ်ခုတည်းပေါ်သို့ စိတ် ကျရောက် တည်ငြိမ်နေခြင်းသဘော။

**ဝသီဘော် ငါးတန်**

၁။ အာဝဇ္ဇနဝသီ = ဈာန်ဝင်စား၍ ဈာန်မှ ထကာ ဈာန်အင်္ဂါများကို အလိုရှိတိုင်း ဆင်ခြင်နိုင်စွမ်း ရှိခြင်း၊

၂။ သမာပဇ္ဇနဝသီ = ဈာန်ကို အလိုရှိသလို အလိုရှိတိုင်း ဝင်စားနိုင်စွမ်း ရှိခြင်း၊

၃။ အဓိဋ္ဌာနဝသီ = ဈာန်ကို တစ်နာရီ နှစ်နာရီ စသည်ဖြင့် အလိုရှိ သလောက် အချိန်ကာလကို ပိုင်းခြား၍ အဓိ ဋ္ဌာန်၍ ဝင်စားနိုင်စွမ်း ရှိခြင်း၊

၄။ ဝုဋ္ဌာနဝသီ = ပိုင်းခြားထားသော အချိန်ကာလ စေ့သော် ဈာန်မှ ထနိုင်စွမ်း ရှိခြင်း၊

၅။ ပစ္စဝေက္ခဏာဝသီ = ဈာန်အင်္ဂါတို့ကို အလိုရှိသလို ဆင်ခြင်နိုင်စွမ်း ရှိခြင်း။

ဈာန်အင်္ဂါတို့ကို အမြန်ဆုံး ဆင်ခြင်နိုင်သော မနောဒွါရာဝဇ္ဇန်း၏ သတ္တိကို **အာဝဇ္ဇနဝသီ**ဟု ခေါ်ဆို၍ ဈာန်အင်္ဂါကိုပင် အမြန်ဆုံး ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာဇော၏ သတ္တိကို **ပစ္စဝေက္ခဏာဝသီ**ဟု ခေါ်ဆိုသည်။ ယင်းမနောဒွါရာဝဇ္ဇန်း ယင်းပစ္စဝေက္ခဏာဇောတို့ကား မနောဒွါရဝီထိ တစ်ဝီထိ၏ အတွင်း၌ စိတ္တက္ခဏတစ်ခုပြီးတစ်ခု ဖြစ်နိုင်သော တရားတို့သာ ဖြစ်ကြသည်။ (ဝိသုဒ္ဓိ၊၁၊၁၄၉-၁၅၀။ မဟာဋီ၊၁၊၁၇၈-၁၈၀။ ကြည့်။)

**မနောဒွါရ = ဘဝင်မနောအကြည်**

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ။ (အံ၊၁၊၉။)

**ပဘဿရ**န္တိ ပဏ္ဍရံ ပရိသုဒ္ဓံ။ **စိတ္တ**န္တိ ဘဝင်္ဂစိတ္တံ။ (အံ၊ဋ္ဌ၊၁၊၄၅။)

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာတို့နှင့် အညီ ဘဝင်စိတ်ကား ကြည်လင်လျက် ရှိ၏။ ယင်းဘဝင်စိတ်ကိုပင် **မနောဒွါရံ ပန ဘဝင်္ဂံ ပဝုစ္စတိ** ဟူသော အဘိဓမ္မတ္ထသင်္ဂဟနှင့်အညီ မနောဒွါရဟု ခေါ်ဆို၏။

စိတ်၌ အရောင်အလင်း ရှိပါသလားဟု မေးရန် ရှိ၏။ **"ကိံ ပန စိတ္တဿ ဝဏ္ဏော နာမ အတ္ထီတိ? နတ္ထိ၊** (အံ၊ဋ္ဌ၊၁၊၄၅)။ စိတ်ဝယ် ဝဏ္ဏမည်သော အရောင် အဆင်းသည် ရှိပါသလော? မရှိပါ "– ဟူသော အင်္ဂုတ္တရအဋ္ဌကထာနှင့် အညီ

ဘဝင်စိတ်၌လည်း အရောင်အဆင်း မရှိပေ။ သို့သော် ဘဝင်စိတ် သည်လည်း စိတ္တဇရုပ်ကလာပ်ကို ဖြစ်စေနိုင်သည့် စွမ်းအား ရှိ၏။ ယင်းဘဝင်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့တွင် ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် (= ရူပါရုံ-)သည် ဘဝင်စိတ်နှင့် ယှဉ်တွဲလျက်ရှိသော ဉာဏ်၏ အာနုဘော်က ကြီးလျှင်ကြီးသလို သေးလျှင်သေးသလို ကြည်လင်တောက်ပ သော သဘောရှိ၏။ တစ်ဖန် ယင်း စိတ္တဇရုပ်ကလာပ်တိုင်းတွင် တေဇောဓာတ် (= ဥတု) ပါဝင်-လျက် ရှိ၏။ ယင်းတေဇောဓာတ် (= ဥတု)ကလည်း ဥတုဇရုပ်ကလာပ် အသစ်သစ်ကို ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်စေပြန်၏။ ယင်း ဥတုဇရုပ်တို့တွင် ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် (= ရူပါရုံ)ကလည်း ဘဝင် စိတ်နှင့် ယှဉ်တွဲလျက်ရှိသော ဉာဏ်၏ အာနုဘော်က ကြီးလျှင်ကြီးသလို သေးလျှင်သေးသလို ကြည်လင်တောက်ပခြင်းသဘော ရှိ၏။ ယင်းနှစ်မျိုး သော ရုပ်တရားတို့၏ ကြည်လင်တောက်ပမှုကိုပင် **ဖလူပစာရ**အားဖြင့် တင်စား၍ အကြောင်းဖြစ်သော ဘဝင်ကိုပင် အစွဲပြု၍ ဘဝင်မနောအကြည် ဟု ခေါ်ဝေါ်သုံးစွဲထားပါသည်။

ပရိသုဒ္ဓ – ပရိယောဒါတ – ပဘဿရ

**ပရိသုဒ္ဓတ္တာယေဝ ပရိယောဒါတေ၊ ပဘဿရေတိ ဝုတ္တံ ဟောတိ။**

(ဝိသုဒ္ဓိ၊၂၅။)

**ပရိသုဒ္ဓတ္တာယေဝ** = ထက်ဝန်းကျင် စင်ကြယ်သည်၏အဖြစ်ကြောင့်ပင်လျှင်။ **ပရိယောဒါတေ** - ထက်ဝန်းကျင် ဖြူစင်ပြီးလတ်သော်။ **ပဘဿရေ** - ပြိုးပြိုးပြက် အရောင် ရှိလတ်သော်။ **ဣတိ** - ဤသို့ ။ **ဝုတ္တံ** - ဆိုလိုသည်။ **ဟောတိ** - ဖြစ်၏။ (ဝိသုဒ္ဓိမဂ်နိဿယ၊၃၊၁၂။ ပြည်။)

ဤအထက်ပါ ဘာသာပြန်ဆိုချက်မှာ ပြည်ဆရာတော်ဘုရားကြီး၏ ဘာသာပြန်ဆိုတော်မူချက် ဖြစ်ပါသည်။

ဤအဖွင့်များအရ **"ပရိသုဒ္ဓ", "ပရိယောဒါတ", "ပဘဿရ"**တို့မှာ အဓိပ္ပါယ်တူ စကားလုံးများသာ ဖြစ်ကြသည်ဟု မှတ်ပါ။ သို့သော် ဤဘဝင်စိတ်မှာ အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့က အားပေးထောက်ပံ့-ထားအပ်သော သင်္ခါရ, ကံတို့ကြောင့် ဘဝတစ်လျှောက် ဝယ် စိတ်အစဉ် မပြတ်စဲရေးအတွက် ဖြစ်ပေါ်လာရသော ဝိပါက်စိတ် တစ်မျိုးသာ ဖြစ်သဖြင့် ထိုထိုကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ တို့ကို ဖြစ်စေတတ်ကုန်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့ကဲ့သို့ စွမ်းအင် မကြီးမားလှပေ။ အားနည်းသောသဘော ရှိသဖြင့် ယင်းဘဝင်စိတ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ဘဝင်မနောအကြည်ဓာတ်မှာလည်း သမထ ဉာဏ်ရောင် ဝိပဿနာဉာဏ်ရောင်တို့ကဲ့သို့ အားမကောင်းဘဲ နှလုံးအိမ် ဝန်းကျင်လောက်တွင်သာ ပျံ့နှံ့ တည်ရှိနေပေသည်။ သို့သော် အာရုံ (၆)မျိုး တို့ကား ယင်းဘဝင်မနောအကြည်ဓာတ်၌ ထိုက်သလို ထင်လာကြပေသည်။ ထိုအခါ မနောဓာတ် မနောဝိညာဏဓာတ်ခေါ်သော နာမ်တရားစုတို့သည် ဘဝင်မနောအကြည်ဓာတ်ကိုပင် အစွဲပြု၍ ဟဒယဝတ္ထုရုပ်ကိုပင် မှီတွယ်ကာ ထင်လာသော အာရုံကို အာရုံပြုလျက် ဖြစ်ပေါ်လာကြပေသည်။

အာနာပါနပဋိဘာဂနိမိတ်ကို အာရုံမူနေကြသော ပထမဈာန်၏ ဈာန်အင်္ဂါ ငါးပါးတို့သည်လည်းကောင်း, ယင်းဈာန်အင်္ဂါတို့နှင့် ယှဉ်တွဲလျက် ရှိကြသော ဈာန်နာမ်တရားစုတို့သည်လည်းကောင်း ယင်းဘဝင်မနော-အကြည်ဓာတ်ကိုပင် အစွဲပြု၍ ဟဒယဝတ္ထုရုပ်ကို မှီတွယ်ကာ ယင်းဘဝင် မနောအကြည်ဓာတ်တွင် ထင်လာသော အာနာပါနပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ဖြစ်ပေါ်လာကြပေသည်။

**ဈာန်အင်္ဂါတို့ကို သိမ်းဆည်းပုံ**

ပထမဈာန်၏ ဈာန်အင်္ဂါတို့ကို သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ် သည် ယင်းဘဝင်မနောအကြည်ဓာတ် (= မနောဒွါရ)ကို သိမ်းဆည်းတတ်ဖို့ သိမ်းဆည်းထားပြီးဖြစ်ဖို့ ဉာဏ်ဖြင့် ပိုင်းခြားယူပြီးဖြစ်ဖို့ လိုအပ်ပေသည်။ မဇ္ဈိမ-နိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ အနုပဒသုတ္တန် (မ၊၃၊၇၅-၇၉။)ဝယ် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဈာန်အင်္ဂါတို့နှင့် တကွသော ဈာနဓမ္မအမည်ရသော ဈာန်နာမ်တရားစုတို့ကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ပိုင်းခြား-ယူနိုင်ကြောင်းကိုလည်းကောင်း, ထင်ထင်ရှားရှား သိတော်မူကြောင်း ကိုလည်းကောင်း, ယင်းတရားတို့၏ ဖြစ်မှု-တည်မှု-ပျက်မှုကို ထင်ထင်ရှားရှား သိလျက် ဝိပဿနာရှုပွားသုံးသပ်နိုင်ကြောင်းကိုလည်းကောင်း ဘုရားရှင် ကိုယ်တော်တိုင်က


©shwehinthar.com

ဝန်ခံလျက် ဟောကြားထားတော်မူ၏။ (ပထမဈာန်မှသည် အာကိဉ္စညာယတနဈာန်သို့တိုင်အောင် **အနုပဒဓမ္မဝိပဿနာ** = ပရမတ္ထ ဓာတ်သား တစ်လုံးစီ တစ်လုံးစီကို ခွဲခြားစိတ်ဖြာ၍ ဝိပဿနာရှုရသော နည်းစနစ်ဖြင့် ဝိပဿနာရှုတော်မူ၏။ နေဝသညာနာသညာယတနဈာန် ကိုကား **ကလာပသမ္မသနနည်း**အားဖြင့် ပေါင်းစုခြုံငုံကာ ဝိပဿနာ ရှုပွား သုံးသပ်တော်မူ၏။) (မ၊၃၊၇၈။ မဋ္ဌ၊၄၊၆၀။)

ထိုသို့ ရှုနိုင်ရခြင်း၏ အကြောင်းကိုလည်း အဋ္ဌကထာဆရာတော်က -**ဝတ္ထာရမ္မဏာနံ ပရိဂ္ဂဟိတတာယ။** (မဋ္ဌ၊၄၊၆၀) ဝတ္ထု (= ဒွါရ = မနောဒွါရ)နှင့် အာနာပါနပဋိဘာဂနိမိတ် ကသိုဏ်းပဋိဘာဂနိမိတ်စသော သမထအာရုံ နိမိတ်ကို ပူးတွဲသိမ်းဆည်းလျက် ယင်းဈာန်နာမ်တရားတို့ကို သိမ်းဆည်းနိုင် သည့်အတွက်ကြောင့် ထိုကဲ့သို့ ဝိပဿနာရှုပွားသုံးသပ်တော်မူနိုင်ကြောင်းကို ရှင်းလင်း တင်ပြထား၏။

ဤဥပဒေသကား — ပညာအရာတွင် ထိပ်တန်း ဧတဒဂ်ဘွဲ့ထူးကြီးကို ဆင်မြန်းသွားတော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ရိုသေစွာ ဦးထိပ်ရွက်ပန်ဆင်လျက် လိုက်နာ ပြုကျင့်သွားတော်မူသော နာမ်ကမ္မဋ္ဌာန်းကို အားသစ်ပုံ, နာမ်တရားတို့ကို သိမ်းဆည်းပုံ ရှေးထုံးဟောင်း ဥပဒေသကြီးပင် ဖြစ်၏။ ဤရှေးထုံးဟောင်း ဥပဒေသကို ဈာန်အင်္ဂါတို့ကို လည်းကောင်း, ဈာန်အင်္ဂါနှင့် တကွသော ဈာန်နာမ်တရားစုတို့ကိုလည်းကောင်း သိမ်းဆည်းလိုသော (= ဉာဏ်ဖြင့် ပိုင်းခြားယူလိုသော) ဝိပဿနာ လည်း ရှုပွားသုံးသပ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း ရိုသေစွာ ဦးထိပ်ရွက်ပန်ဆင်၍ လိုက်နာပြုကျင့်ရမည်သာ ဖြစ်ပေသည်။

သို့အတွက် ယောဂါဝစရပုဂ္ဂိုလ်သည် အလွန် ကြည်လင်တောက်ပနေ သော အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူကာ ဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီ စသည်ဖြင့် ယင်းအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် နစ်မြုပ်နေအောင် သမာဓိကို ထူထောင်နိုင်သောအခါ (= ဈာန်ဝင်စားနိုင်သောအခါ), ယင်းဈာန်မှ ထ၍ ဘဝင်မနောအကြည်၏ တည်ရာ နှလုံးအိမ်အတွင်း ဟဒယ ဝတ္ထု ရှိရာဘက်သို့ လှမ်းအာရုံ ယူကြည့်ပါ။ ကြိမ်ဖန်များစွာ လေ့ကျင့်ပါက ဟဒယဝတ္ထုရုပ်ကို မှီဖြစ်နေသော ဘဝင်မနောအကြည် (= မနောဒွါရ)ကို လည်းကောင်း, ယင်းမနောဒွါရတွင် ထင်နေသော အာနာပါနပဋိဘာဂနိမိတ် ကိုလည်းကောင်း လွယ်ကူစွာ သိမ်းဆည်းနိုင်မည် ဖြစ်ပေသည်။ ထိုအခါ ယင်းဘဝင်မနောအကြည် (= မနောဒွါရ)တွင် ယင်းအာနာပါနပဋိဘာဂနိမိတ် အာရုံက ရှေးရှုထင်ခြင်းသို့ ရောက်သောအခါ (= ရှေးရှုကျရောက်လာသော အခါ) ယင်းအာနာပါနပဋိဘာဂနိမိတ်အာရုံကို အာရုံပြုနေသော အာရုံမူနေသော ဈာန်အင်္ဂါတို့ကို တစ်လုံးစီ ထင်ထင်ရှားရှား သိအောင် သိမ်းဆည်းပါ။ ဥပမာ - ဝိတက်ကို သိမ်းဆည်းပါ။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ လေ့ကျင့်ပါ။ ထိုနောင် တစ်ဖန် ပထမဈာန်ကို ပြန်ဝင်စားပါ။ ဈာန်မှထကာ ဒွါရနှင့် အာရုံကို အလားတူ ပူးတွဲသိမ်းဆည်းလျက် ဝိစာရကို သိမ်းဆည်းပါ။ ဤသို့လျှင် ဈာန်ကို ဝင်စားလိုက်, ဈာန်မှ ထကာ ဈာန်အင်္ဂါတို့ကို သိမ်းဆည်း လိုက် –ဤသို့ စသည်ဖြင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ လေ့ကျင့်သော် ဈာန်အင်္ဂါတို့ကို တစ်လုံးစီ ထင်ထင်ရှားရှား သိမ်းဆည်းနိုင်မည် ဖြစ်ပေသည်။ ထိုနောင် တစ်ဖန် ဈာန်ကို ပြန်ဝင်စားကာ ဈာန်မှထပြီးလျှင် အလားတူပင် ဘဝင်မနောအကြည် (= မနောဒွါရ) နှင့် အာနာပါနပဋိဘာဂနိမိတ်ကို ပူးတွဲ သိမ်းဆည်းလျက် ဈာန်အင်္ဂါ (၅)ပါးလုံးကို ပြိုင်တူ မြင်အောင် ရှုပါ၊ သိမ်းဆည်း ပါ။ အောင်မြင်မှုကို ရရှိပါက ဝသီဘော်ငါးတန် နိုင်နင်းအောင် ဆက်လက် လေ့ကျင့်ပါ။

နာမ်ကမ္မဋ္ဌာန်းကို မသိမ်းဆည်းရသေးသော ယောဂါဝစရပုဂ္ဂိုလ် အနေဖြင့် အာဝဇ္ဇနဝသီနှင့် ပစ္စဝေက္ခဏာဝသီကို ခွဲခြားနိုင်ဖို့ရန်ကား မဖြစ် နိုင်သေးပေ။ “ဤဈာန်အင်္ဂါတို့ကား မနောဒွါရာဝဇ္ဇန်းဖြင့် သိနေသော ဈာန်အင်္ဂါတို့တည်း၊ ဤဈာန်အင်္ဂါတို့ကား ပစ္စဝေက္ခဏာဇောတို့ဖြင့် ထိုးထွင်း သိနေသော ဈာန်အင်္ဂါတို့တည်း” ဤသို့ ခွဲခြားဖို့ရန် မလွယ်ကူသေး ဟုလိုသည်။ ဈာန်အင်္ဂါ တို့ကို ဆင်ခြင်ရာ၌ ဈာန်မှ ထပြီး ဈာန်အင်္ဂါတို့ကို ဆင်ခြင် လိုက်ရာ စက္ကန့်ပိုင်းလောက် အတွင်းမှာပင် ဈာန်အင်္ဂါတို့ကို ဆင်ခြင်လို့ ရရှိနိုင်ပါက အာဝဇ္ဇနဝသီနှင့် ပစ္စဝေက္ခဏာဝသီဘော်တို့ကို နိုင်နင်းပြီဟု ဆိုနိုင်ပေပြီ။

**ဒုတိယဈာန်သို့**

ဤဝသီဘော်ငါးတန်တို့၌ ဝသီမြောက်အောင် နိုင်နိုင်နင်းနင်း လေ့ကျင့် ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် အဝါးဝစွာ လေ့လာထားအပ်ပြီးသော ပထမဈာန်မှ ထ၍ –

၁။ ဤပထမဈာန်သမာပတ်သည် (နီဝရဏကို ပယ်ခွာရာဝယ် ပထမဦးဆုံး ဖြစ်ခြင်းကြောင့်) နီးကပ်သော နီဝရဏရန်သူ ရှိ၏။

၂။ ဝိတက် ဝိစာရတို့၏ ရုန့်ရင်းသည်၏ အဖြစ်ကြောင့် (ကျိုးပျက်လွယ်သော သဘော ရှိရကား) အားနည်းသော ဈာန်အင်္ဂါ ရှိ၏။

ဤသို့လျှင် ပထမဈာန်၌ အပြစ်ကို မြင်အောင် ရှု၍,

၃။ ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ သုံးပါးရှိသော ဒုတိယဈာန်ကို ငြိမ်သက်သော တရားဟု နှလုံးသွင်း၍,

၄။ ပထမဈာန်၌ လိုချင်ငဲ့ကွက် တသက်သက်ရှိခြင်း (= နိကန္တိ)ကို ကုန်စေ ၍ ဒုတိယဈာန်ကို ရရှိခြင်းငှာ

အာနာပါနဿတိသမာဓိဘာဝနာ၌ အားထုတ်ခြင်းကို ပြုအပ်၏၊ အာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင် (အထက်ပါ ဦးတည်ချက် လေးမျိုး ဖြင့်) စူးစူးစိုက်စိုက် ရှုအပ်၏။

[ ဤအဆင့်၌ အာနာပါနပဋိဘာဂနိမိတ် အာရုံကို မမှတ်ပါနှင့်၊ စိုက်သာ ကြည့်နေပါ၊ ရှုနေပါ။ ဝင်လေ+ထွက်လေဟု မှတ်နေခဲ့သော် **"ဝိတက္ကဝိစာရာ ဝစီသင်္ခါရော။"** (မ၊၁၊၃၇၅။) ဟူသည်နှင့် အညီ 'ဝင်လေ+ထွက်လေ'ဟု မှတ်နေမှု, စိတ်ဖြင့် ရွတ်ဆိုနေမှု ဝစီသင်္ခါရကို ဝိတက် ဝိစာရတို့က ပြုပြင် ပေးနေသဖြင့် ဝိတက် ဝိစာရတို့ မပြုတ်နိုင် ရှိတတ်၏။ ပြုတ်သွားသော်လည်း ပြန်ပြန်ဝင်နေတတ်၏။ ထို့ကြောင့် ဤဒုတိယဈာန်သို့ ကူးသည့်အပိုင်းမှ စ၍ အထက်ပိုင်းဈာန်တို့၌ မမှတ်ပါနှင့်။ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုသာ စိုက်ကြည့်နေပါ၊ ရှုနေပါ။ ]

ထိုသို့ ကြိုးစားအားထုတ်လတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်အား အကြင် အခါ၌ ပထမဈာန်မှ ထ၍ (= ပထမဈာန်သို့ တစ်ဖန် ပြန်ဆိုက်ပြီး ယင်းဈာန်မှ တစ်ဖန် ပြန်ထ၍) အာနာပါနပဋိဘာဂနိမိတ်ကိုပင် သိမ်းဆည်းတတ် အမှတ် ရတတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍ အာနာပါနပဋိဘာဂနိမိတ်အာရုံ ကိုပင် ထိုးထိုးထွင်းထွင်း လင်းလင်းထင်ထင် သိမြင်တတ်သော သမ္ပဇဉ် ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါတို့ကို ရှေးရှု ဉာဏ်ဖြင့် သက်ဝင်၍ ဆင်ခြင်စဉ် ဝိတက် ဝိစာရတို့သည် ရုန့်ရင်းသောအားဖြင့် ထင်လာကုန်၏၊ ပီတိ သုခသည်လည်းကောင်း, စိတ္တေကဂ္ဂတာ (= ဧကဂ္ဂတာ) သည်လည်း-ကောင်း ငြိမ်သက်သောအားဖြင့် ထင်လာ၏။ ထိုအခါ၌ ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှာလည်းကောင်း, ငြိမ်သက်သော ဈာန်အင်္ဂါကို ရရှိခြင်းငှာလည်းကောင်း ထိုအာနာပါနပဋိဘာဂနိမိတ်အာရုံကိုပင် အဖန်ဖန် အထပ်ထပ် နှလုံးသွင်းအပ်၏၊ စူးစူးစိုက်စိုက် ရှုအပ်၏။ ထိုသို့ နှလုံးသွင်း ရှုပွားလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါသုံးပါး ရှိသော ဒုတိယဈာန်သည် ဖြစ်ပေါ်လာပေလတ္တံ့။

(ဝိသုဒ္ဓိ၊၁၊၁၅၀-၁၅၁။)

**ဒုတိယဈာန်သို့**

ယင်းသို့ ရရှိအပ်ပြီးသော ဒုတိယဈာန်ကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။ ဤသို့သော ဘာဝနာအစဉ်ဖြင့် ဒုတိယဈာန်ကိုလည်း ရအပ်ပြီးသည်ရှိသော် ယင်းဒုတိယဈာန်ကို ဝသီဘော် ငါးတန်တို့ဖြင့် နိုင်နိုင်နင်းနင်း လေ့ကျင့်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ဝသီဘော် ငါးတန် တို့ဖြင့် အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့ကျင့်ပြီးရာ ဒုတိယဈာန်မှ ထ၍ —

၁။ ဤဒုတိယဈာန်သမာပတ်သည် နီးကပ်သော ဝိတက်, ဝိစာရ ဟူသော ရန်သူ ရှိ၏။

၂။ [ ထိုဒုတိယဈာန်သမာပတ်၌ စိတ်၏ လောက်လက်ပေါ်သည်၏အဖြစ် ဟူသော ပေါ်လွင်သော အခြင်း-အရာအားဖြင့်ဖြစ်သော အကြင်ပီတိ သည် ရှိ၏။ ယင်း ပီတိကြောင့်ပင်လျှင် ဤဒုတိယဈာန်ကို ရုန့်ရင်းကြမ်းတမ်း-၏ဟူ၍ ဆိုအပ်၏။ (ဒီ၊၁၊၃၄။) ] — ဤသို့ ဘုရားရှင် ဟောကြားထားတော်မူအပ်သော ပီတိ၏ ရုန့်ရင်းသည့်အတွက်ကြောင့် အားနည်းသော ဈာန်အင်္ဂါ ရှိ၏။

ဤသို့လျှင် ဒုတိယဈာန်သမာပတ်၌ အပြစ်ဒေါသကို မြင်အောင်ရှု၍,

၃။ သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါး ရှိသော တတိယဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍,


©shwehinthar.com

၄။ ဒုတိယဈာန်၌ လိုချင်ငဲ့ကွက် တသက်သက် ရှိခြင်း (= နိကန္တိ )ကို ကုန်စေ၍ တတိယဈာန်ကို ရရှိခြင်းငှာ

အာနာပါနဿတိသမာဓိဘာဝနာ၌ အားထုတ်ခြင်းကို ပြုအပ်၏။ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုပင် (အထက်ပါ ဦးတည်ချက် လေးမျိုးဖြင့်) စူးစူးစိုက်စိုက် ရှုအပ်၏။ (ဝိသုဒ္ဓိ၊၁၊၁၅၃-၁၅၄။)

ထိုသို့ ကြိုးစားအားထုတ်လတ်သော် ဒုတိယဈာန်သို့ပင် တစ်ဖန် ပြန်၍ ဆိုက်ရောက်သွားပေလတ္တံ့၊ ထို-ယောဂါဝစရပုဂ္ဂိုလ်အား အကြင်အခါ၌ ထို ဒုတိယဈာန်မှ ထ၍ အာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင် သိမ်းဆည်းတတ် အမှတ်ရတတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍ အာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင် ထိုးထိုးထွင်းထွင်း လင်းလင်း-ထင်ထင် သိမြင်တတ်သော သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါတို့ကို ရှေးရှု ဉာဏ်သက်ဝင်၍ ဆင်ခြင်စဉ် ပီတိသည် ရုန့်ရင်းသောအားဖြင့် ထင်လာ၏။ သုခသည်လည်းကောင်း, ဧကဂ္ဂတာသည်လည်းကောင်း ငြိမ်သက်သော-အားဖြင့် ထင်လာ၏။ ထိုအခါ၌ ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှာလည်းကောင်း, ငြိမ်သက်သော ဈာန်အင်္ဂါကို ရရှိခြင်းငှာလည်းကောင်း, ထိုအာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင်လျှင် အဖန်ဖန် အထပ်ထပ် နှလုံးသွင်းအပ်၏၊ စူးစူးစိုက်စိုက် ရှုအပ်၏။ ထိုသို့ နှလုံးသွင်းရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော တတိယဈာန်သည် ဖြစ်ပေါ်လာပေလတ္တံ့။ (ဝိသုဒ္ဓိ၊၁၊၁၅၄။)

ဤတတိယဈာန်၌ တတြမဇ္ဈတ္တတာ စေတသိက်ဟူသော တတြမဇ္ဈတ္တုပေက္ခာသည် ဝိတက် ဝိစာရ ပီတိတို့ မရှိခြင်းကြောင့် အလွန် ပေါ်လွင်ထင် ရှားနေ၏။ တတိယဈာန်ချမ်းသာကိုပင် အညီအမျှ လျစ်လျူရှုနိုင်သူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့က ယင်းတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ချီးမွမ်းမြှောက်စားတော်မူကြ ကုန်၏။ ဤဈာန်၌ အာနာပါနပဋိဘာဂနိမိတ် အာရုံ၌ ဘာဝနာစိတ်ကို အညီအမျှ အလယ်အလတ် လျစ်လျူသဘော၌ ထားနိုင်သည့် တတြမဇ္ဈတ္တတာ စေတသိက်၏ စွမ်းအား, ယင်းအာရုံကို အမှတ်ရ-နေမှု သတိ၏ စွမ်းအား, ယင်းအာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားနေမှု သုခ၏ စွမ်းအား— ဤစွမ်းအားတို့ကား အလွန် ပေါ်လွင်ထင်ရှားလျက် အလွန် မြင့်မားလျက် ရှိကြ၏။ လောကီသုခတို့တွင် ဤတတိယဈာန်သုခကား အမြင့်မားဆုံးဖြစ်၏။ အထက်အထက်ဈာန်တို့၌ သုခဝေဒနာ မယှဉ်ဘဲ ဥပေက္ခာဝေဒနာသာ ယှဉ်သောကြောင့် ဖြစ်၏။ ယင်း တတိယဈာန်ကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။

**စတုတ္ထဈာန်သို့**

ဤသို့သော ဘာဝနာအစဉ်ဖြင့် ထိုတတိယဈာန်ကိုလည်း ရအပ်ပြီး သည်ရှိသော် ဆိုအပ်ခဲ့ပြီးသည့် နည်းအ-တိုင်းပင်လျှင် ယင်းတတိယဈာန်ကိုလည်း ဝသီဘော် ငါးတန်တို့ဖြင့် နိုင်နိုင်နင်းနင်း လေ့ကျင့်အပ်ပြီးသော ယောဂါ-ဝစရပုဂ္ဂိုလ်သည် ဝသီဘော် ငါးတန်တို့ဖြင့် အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့ကျင့်ပြီးရာ တတိယဈာန်မှ ထ၍ —

၁။ ဤတတိယဈာန် သမာပတ်သည် 'ပီတိ'ဟူသော နီးကပ်သော ရန်သူ ရှိ၏။

၂။ [ အကြင် ဈာန်အင်္ဂါကို 'သုခ'ဟူ၍ စိတ်၏ နှလုံးသွင်းခြင်းသည် ရှိ၏၊ ဤသုခကြောင့်ပင်လျှင် ထိုတတိယဈာန်ကို ရုန့်ရင်း၏ဟူ၍ ဆိုအပ်၏။ (ဒီ၊၁၊၃၄။) ] — ဤသို့ ဟောကြားထားတော်မူအပ်သော သုခ၏ ရုန့်ရင်း သည်၏ အဖြစ်ကြောင့် အားနည်းသော ဈာန်အင်္ဂါ ရှိ၏။

ဤသို့လျှင် ထိုတတိယဈာန်သမာပတ်၏ အပြစ်ဒေါသကို မြင်အောင်ရှု၍,

၃။ ဥပေက္ခာ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါး ရှိသော စတုတ္ထဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍,

၄။ တတိယဈာန်၌ လိုချင်ငဲ့ကွက် တသက်သက်ရှိခြင်း (= နိကန္တိ) ကို ကုန်စေ၍ စတုတ္ထဈာန်ကို ရရှိခြင်းငှာ

အာနာပါနဿတိသမာဓိဘာဝနာ၌ အားထုတ်ခြင်းကို ပြုအပ်၏၊ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုပင် (အထက်ပါ ဦးတည်ချက် လေးမျိုးဖြင့်) စူးစူးစိုက်စိုက် ရှုအပ်၏။ (ဝိသုဒ္ဓိ၊၁၊၁၅၉။)

ထိုသို့ အပတ်တကုတ် ကြိုးစားအားထုတ်လတ်သော် တတိယဈာန်သို့ပင် ပြန်လည် ဆိုက်ရောက်ပေလတ္တံ့။ အကြင်အခါ၌ ထိုတတိယဈာန်မှ ထ၍ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုပင် သိမ်းဆည်းတတ် အမှတ်ရတတ်သော


©shwehinthar.com

သတိနှင့် ပြည့်စုံသည်ဖြစ်၍ အာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင် ထိုးထိုး ထွင်းထွင်း လင်းလင်းထင်ထင် သိမြင်တတ်သော သမ္မာဇာဉ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါတို့ကို ရှေးရှု ဉာဏ်သက်ဝင်၍ ဆင်ခြင်စဉ် ဆင်ခြင် သော ထိုရ-ဟန်း၏ ဉာဏ်၌ စေတသိကသောမနဿဟု ခေါ်ဆိုအပ်သော သုခသည် ရှန့်ရင်းသောအားဖြင့် ထင်လာ၏။ ဉပေက္ခာဝေဒနာသည်သာလျှင်လည်းကောင်း, စိတ္တေကဂ္ဂတာသည်လည်းကောင်း ငြိမ်သက်သော အားဖြင့် ထင်လာ၏။ ထိုအခါ၌ ရှန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှာလည်းကောင်း, ငြိမ်သက်သော ဈာန်အင်္ဂါကို ရရှိခြင်းငှာလည်းကောင်း ထိုအာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင်လျှင် အဖန်ဖန် အထပ်ထပ် နှလုံးသွင်းနေပါ၊ စူးစူးစိုက်စိုက် ရှုနေပါ။ ထိုသို့ နှလုံးသွင်း ရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဉပေက္ခာ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါး ရှိသော စတုတ္ထဈာန်သည် ဖြစ်ပေါ်လာပေလတ္တံ့။ (ဝိသုဒ္ဓိ၊၁၊၁၅၉။)

ယင်းစတုတ္ထဈာန်ကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။

**ဝေဒနာကို ပယ်စဉ်**

၁။ ကာယိကဒုက္ခဝေဒနာကို ပထမဈာန်၏ ဉပစာရခဏ၌,

၂။ စေတသိကဒေါမနဿဝေဒနာကို ဒုတိယဈာန်၏ ဉပစာရခဏ၌,

၃။ ကာယိကသုခဝေဒနာကို တတိယဈာန်၏ ဉပစာရခဏ၌,

၄။ စေတသိကသောမနဿဝေဒနာကို စတုတ္ထဈာန်၏ ဉပစာရခဏ၌ —အသီးအသီး ပယ်အပ်၏။ (သံ၊၃၊၁၈၈-၁၈၉။ ဝိသုဒ္ဓိ၊၁၊၁၆၀။)

**စတုတ္ထဈာန်၏ ထူးခြားသော မှတ်ကျောက်**

စတုတ္ထဈာနေ အတိသုခုမော အပ္ပဝတ္တိမေဝ ပါပုဏာတိ။ (ဝိသုဒ္ဓိ၊၁၊၂၆၇။)

**အတိသုခုမောတိ** အညတ္ထ လဒ္ဓမာနော ကာယသင်္ခါရော စတုတ္ထဇ္ဈာနေ အတိက္ကန္တသုခုမော။ သုခုမဘာဝေါပိဿ တတ္ထ နတ္ထိ၊ ကုတော ဩဠာရိကတာ အပ္ပဝတ္တနတော။ တေနာဟ **'အပ္ပဝတ္တိမေဝ ပါပုဏာတီ'**တိ။ (မဟာဋီ၊၁၊၃၂၃။)

စတုတ္ထဈာန်၌ ဝင်သက်လေ+ထွက်သက်လေ (= အဿာသပဿာသကာယသင်္ခါရ)သည် သိမ်မွေ့နူးညံ့ခြင်းကို လွန်သွား၏၊ မဖြစ်ခြင်းသို့သာလျှင် ရောက်ရှိသွား၏။ (ဝိသုဒ္ဓိ၊၁၊၂၆၇။)

အတိသုခုမ (= အလွန် သိမ်မွေ့နူးညံ့၏ = လွန်သော သိမ်မွေ့နူးညံ့ခြင်း ရှိ၏။) ဟူသည် ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟူသော အခြား အခြားသော ဈာန်တို့၌ ရအပ်သော အဿာသပဿာသကာယသင်္ခါရသည် စတုတ္ထ-ဈာန်၌ သိမ်မွေ့နူးညံ့မှုကို ကျော်လွန်သွား၏။ ထိုအဿာသပဿာသ ကာယသင်္ခါရ၏ ထိုစတုတ္ထဈာန်၌ သိမ်မွေ့နူးညံ့သည်၏ အဖြစ်သော်လည်း မရှိ ဖြစ်တုံသေး၏၊ ရှန့်ရင်းသည်၏ အဖြစ်ကား အဘယ်မှာလျှင် ဖြစ်နိုင်တော့ အံ့နည်း။ ထိုကြောင့် —**အပ္ပဝတ္တိမေဝ ပါပုဏာတိ =** မဖြစ်ခြင်းသို့သာလျှင် ရောက်ရှိသွား၏ —ဟု အဋ္ဌကထာဆရာတော်-တို့က မိန့်ဆိုတော်မူကြခြင်း ဖြစ်၏။ (မဟာဋီ၊၁၊၃၂၃။)

ဒီဃဘာဏက, မဇ္ဈိမဘာဏက, သံယုတ္တဘာဏကဟူသော ထိုထို ဘာဏက မထေရ်မြတ်တို့၏ အလိုအတိုင်း အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်း ဖြစ်၏။ (ဝိသုဒ္ဓိ၊၁၊၂၆၇။)

**စတုတ္ထဇ္ဈာနသမာပန္နာနံ။** (ဝိသုဒ္ဓိ၊၁၊၂၇၅။) —စတုတ္ထဈာန်ကို ဝင်စား နေသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အဿာသ-ပဿာသတို့ မရှိကြောင်းကိုလည်း အဋ္ဌကထာက ဖွင့်ဆိုထားတော်မူ၏။ သို့သော် ဤအရာ၌ ယောဂါဝစရပုဂ္ဂိုလ် အနေဖြင့် သတိပြုသင့်သော အချက်တစ်ရပ် ရှိနေပေ၏။ ယောဂီပုဂ္ဂိုလ်က "စတုတ္ထဈာန်သို့ ငါ ဆိုက်ရောက်လေပြီ"ဟု မိမိကိုယ်ကို မိမိ ယုံကြည်ယူဆသောအခါ "ငါသည် အသက်ရှုလေသလော, မရှုလေသလော'ဟု ခဏ ခဏ မဆန်းစစ်ပါနှင့်။ ထိုသို့ ဆန်းစစ်နေပါက စူးစမ်းဆင်ခြင်မှု (=ဓမ္မဝိစယ သမ္ဗောဇ္ဈင်)က လွန်ကဲနေသဖြင့် သမာဓိလည်း ပျက်ပြားတတ်၍ ရရှိထားပြီး သည့် ဈာန်မှလည်း လျှောကျတတ်သည်။ စတုတ္ထဈာန်သမာပတ်ကိုသာလျှင် (မှန်သည်ဟု ယူဆလျှင်)


©shwehinthar.com

ခိုင်ခံ့အောင် တည်တံ့အောင် များများ ဝင်စား နေပါဦး။ အကြောင်းမှာ ဤသို့ ဖြစ်၏။

စတုတ္ထဈာန်သမာဓိ အခိုက်၌ အသက် မရှူသော်လည်း, တစ်နည်း ဆိုရသော် စတုတ္ထဈာန်သမာပတ်သည် အဿာသပဿာသကို မဖြစ်စေ သော်လည်း –ဈာန်အင်္ဂါကို ပြန်လည် ဆင်ခြင်နေသော မနောဒွါရိက ပစ္စဝေက္ခဏာဇောဝီထိ, အသက်ရှူ-မရှူကို ပြန်လည် ဆင်ခြင်နေသော ကာမဇော မနောဒွါရိက ဇောဝီထိစိတ်တို့မှာ (နာမ်တရားစုတို့မှာ) အဿာသ ပဿာသကိုဖြစ်စေသော မနောဒွါရိကဇောဝီထိစိတ်အစဉ်တို့ ဖြစ်ကြ၏။ ထို့ကြောင့် အသက်ရှူ-မရှူကို ပြန်လည် ဆန်းစစ်နေသောအခါ ယင်းသို့ ဆန်းစစ်နေသော ကာမဇော မနောဒွါရိကဇောဝီထိစိတ်တို့ကြောင့် ဖြစ်ပေါ်လာသော အလွန် သိမ်မွေ့နူးညံ့သော အဿာသပဿာသကို (= အသက် ငွေ့ငွေ့ကလေး ရှူနေသည်ကို) အချို့ယောဂီများသည် သတိပြုနေမိတတ် ကြ၏။ စတုတ္ထဈာန်သမာပတ်အခိုက်၌ အသက်မရှူသော်လည်း အသက်ရှူ-မရှူကို ပြန်လည်ဆန်းစစ်သောအခိုက်၌ အသက်ရှူနေခြင်းသာ ဖြစ်၏။

ထို့ကြောင့် စတုတ္ထဈာန်ကို ရခါစ အစပိုင်းတွင် အသက်ရှူ-မရှူကို ဆန်းစစ်မှု မပြုသေးဘဲ စတုတ္ထဈာန်ကို ဝင်စားမှုကိုသာ များများပြုလုပ်ပါ။ ကျေနပ်မှု ရရှိသောအခါမှ အသက်ရှူ-မရှူကို ပြန်လည်ဆန်းစစ်ပါ။ ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးတို့မှာလည်း စတုတ္ထဈာန်၏ ဥပစာရသမာဓိအခိုက်၌လည်း ထင်ရှားနေတတ်ရကား စတုတ္ထဈာန်၏ ဥပစာရသမာဓိအခိုက်၌ ဖြစ်ပေါ်နေသော 'ဥပေက္ခာ ဧကဂ္ဂတာ'ဟူသော ဈာန်အင်္ဂါတို့နှင့် စတုတ္ထဈာန်-အခိုက်၌ ဖြစ်ပေါ်နေတတ်သော 'ဥပေက္ခာ ဧကဂ္ဂတာ' ဟူသော ဈာန်အင်္ဂါတို့သည် အနည်းငယ် ရောထွေးတတ်သည်။ ဥပစာရသမာဓိ အခိုက်၌ အသက်ရှူမှု ရှိ၏၊ ရံခါ ဘဝင်ကျနေတတ်၏။ သို့သော် စတုတ္ထဈာန်သမာဓိအခိုက်၌ အထူး-သဖြင့် စတုတ္ထဈာန်သမာပတ်ကို ဝင်စား ခိုက်၌ အသက်မရှူပေ။ ယင်းသမာဓိကိုလည်း ကြာရှည်စွာ တည်တံ့နေ-အောင် ဘဝင်ကျမှု မရှိအောင် ယောဂါဝစရပုဂ္ဂိုလ်က ရှက်ဆောင်ထားနိုင်ပေသည်။

ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းစတုတ္ထဈာန်သမာဓိကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ရ၏။ ယင်းစတုတ္ထဈာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော ဉာဏ်လင်းရောင်ခြည်စွမ်းအင်များ **ပရိယောဒါတ** = ပြိုးပြိုး ပြက်ပြက် တလက်လက် တောက်ပလာသည့် တိုင်အောင် လေ့ကျင့်ပါ။ ထိုအခါဝယ် ဝိပဿနာသို့ ကူးလိုက ကူးနိုင်ပြီ။

အကယ်၍ မြေ-ရေ-မီး-လေတို့နှင့် တူညီသော စိတ်ဓာတ်များ ကိန်းဝပ်လာအောင် ပထဝီကသိုဏ်းစသည့် ကသိုဏ်းကမ္မဋ္ဌာန်းတို့ကို ကူးပြောင်း အားထုတ်လိုကလည်း အားထုတ်နိုင်ပေပြီ။ ဤတွင် ကသိုဏ်းအားထုတ်ပုံ စနစ်ကို အကျဉ်းချုပ်ကာ တင်ပြပေအံ့။

✧✧✧


©shwehinthar.com

## (၃၂) ကောဋ္ဌာသသို့

ယင်း စတုတ္ထစျာန်သမာဓိကြောင့်, တစ်နည်း - သမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် အလင်းရောင်များ ပြိုးပြိုး-ပြက်ပြက် တလက်လက် တောက်ပ လာသောအခါ စျာန်မှထကာ ယင်း လင်းရောင်ခြည် အကူအညီဖြင့် (၃၂)ကောဋ္ဌာ-သတို့ကို အဇ္ဈတ္တ (= မိမိကိုယ်)က စ၍ သိမ်းဆည်းပါ။

၁။ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ,

၂။ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့ = ကျောက်ကပ်,

၃။ နှလုံး, အသည်း, အမြှေး, အဖျဉ်း = သရက်ရွက်, အဆုတ်,

၄။ အူမ, အူသိမ် (= အူသိမ်း = အူထုံး = အူချည်ကြိုး), အစာသစ်, အစာဟောင်း, ဦးနှောက်,

၅။ သည်းခြေ (= အအိမ်သည်းခြေ + အရည်သည်းခြေ), သလိပ်, ပြည်, သွေး (= အိုင်နေသောသွေး + အကြောအတွင်းသွေး), ချွေး, အဆီခဲ,

၆။ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။

ယောဂါဝစရသူတော်ကောင်းသည် ဤ (၃၂)ကောဋ္ဌာသတို့ကို အာနာပါနစတုတ္ထစျာန်ကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်စွမ်းအင်၏ အကူအညီကို ယူ၍ ဆံပင်မှသည် ကျင်ငယ်, ကျင်ငယ်မှသည် ဆံပင်သို့ တိုင်အောင် အဝါးဝစွာ လေ့လာပါ။ ဆံပင်မှသည် အောက်သို့ စိုက်ရှုလိုက်ရာ ကျင်ငယ်သို့တိုင်အောင်, ကျင်ငယ်မှသည် အထက်သို့ လှန်၍ ရှုလိုက်ရာ ဆံပင်သို့တိုင်အောင် တိုးလျှိုပေါက် ဉာဏ်ဖြင့် ထင်ထင်ရှားရှား တွေ့မြင်သည် ဖြစ်အံ့၊ ထိုအခါ အဇ္ဈတ္တ၌ အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့လာပြီး ဖြစ်ပေပြီ (= ပဂုဏ ဖြစ်ပေပြီ)။

ထိုအခါ၌ (၃၂)ကောဋ္ဌာသတို့ကို ဤသို့ သိမ်းဆည်းနေသော ဉာဏ်ကြောင့်လည်း လင်းရောင်ခြည်များသည် ဆက်လက် ထွက်ပေါ်နေမည်သာ ဖြစ်ပေသည်။ ထိုလင်းရောင်ခြည် အကူအညီဖြင့် ဗဟိဒ္ဓ ရှေ့တည့်တည့်၌ တည်ရှိသော ယောဂီပုဂ္ဂိုလ်တစ်ဦးဦး၏ (၃၂)ကောဋ္ဌာသကို ဆက်လက် သိမ်းဆည်းပါ။ ညဥ့်အခါ လက်နှိပ်ဓာတ်မီးဖြင့် အရာဝတ္ထုတစ်ခုကို ထိုးကြည့် သကဲ့သို့ ထိုဉာဏ်ရောင် ပျံ့နှံ့ရာ အရပ်၌ ထိုဉာဏ်ရောင်၏ အကူအညီဖြင့် ပကတိ-မျက်စိဖြင့် တွေ့မြင်နေရသကဲ့သို့ ဉာဏ်မျက်စိဖြင့် (= ဉာဏ်အလင်းရောင်ဖြင့်) ယင်း (၃၂)ကောဋ္ဌာသကို မြင်အောင် ကြည့်ပါ။ အကယ်၍ ဉာဏ်အလင်းရောင်မှာ မလုံလောက်ဟု ယူဆပါက အာနာပါနစတုတ္ထစျာန်ကို တစ်ဖန် ဝင်စားပါ။ ယင်း စတုတ္ထစျာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည် အကူအညီကို ယူကာ တစ်ဖန် ဗဟိဒ္ဓ၌ (၃၂)ကောဋ္ဌာသတို့ကို သိမ်းဆည်းပါ။ လင်းရောင်ခြည် မှိန်သွားတိုင်း ဤစနစ်ကို အသုံးပြုပါ။ ရှေ့တည့်တည့်၌ တည်ရှိသော ယောဂီ တစ်ဦး၏ (၃၂)ကောဋ္ဌာသတို့ကို နိုင်နိုင်နင်းနင်း သိမ်းဆည်းပြီးသောအခါ အဇ္ဈတ္တ (၃၂)ကောဋ္ဌာသတို့ကို တစ်လှည့် ပြန်သိမ်းဆည်းပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် သိမ်းဆည်း ပါ။ သို့မှသာလျှင် ဘာဝနာသည် အရှိန်ကောင်းလာမည် ဖြစ်ပေသည်။

ဤနည်းစနစ်ကို မှီ၍ အနီးမှသည် အဝေးသို့ တစ်စတစ်စ တိုး၍တိုး၍ ရှုကြည့်ပါ။ အရပ် (၁၀)မျက်နှာ အားလုံးသို့ ဖြန့်ကြက်၍ ရှုကြည့်ပါ။ ယင်း အာနာပါနစတုတ္ထစျာန်ကြောင့် သို့မဟုတ် (၃၂)ကောဋ္ဌာသတို့ကို သိမ်းဆည်း ရှုပွားနေသော ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်နှင့် တွေ့ထိမိရာ လူ, တိရစ္ဆာန်စသည့် သတ္တဝါတိုင်း၏ (၃၂)ကောဋ္ဌာသတိုင်းကို တစ်ဦးပြီး တစ်ဦး တစ်ယောက်ပြီးတစ်ယောက် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုကြည့်ပါ။ ယောကျ်ား မိန်းမ ကျွဲ နွား တိရစ္ဆာန်ဟု မတွေ့မြင်ရတော့ဘဲ (၃၂)ကောဋ္ဌာသ အစုအပုံဟု ကြည့်လိုက်တိုင်း တွေ့နေပါက အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ (၃၂)ကောဋ္ဌာသတို့ကို အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့လာပြီး ဖြစ်ပေပြီ (= ပဂုဏ ဖြစ်ပေပြီ)။

**လမ်းသုံးသွယ်**

ကောဋ္ဌာသာနံ ပဂုဏကာလတော ပဋ္ဌာယ တီသု မုခေသု ဇဓကေန မုခေန ဝိမုစ္စိဿတိ၊ ကမ္မဋ္ဌာနံ ဝဏ္ဏတော ဝါ ပဋိကူလတော ဝါ သုညတော ဝါ ဥပဋ္ဌာတိ။ ပ ။ အာကင်္ခမာနဿ ဝဏ္ဏတော အာကင်္ခမာနဿ ပဋိကူလတော


©shwehinthar.com

အာကင်္ခမာနဿ သုညတော ကမ္မဋ္ဌာနံ ဥပဋ္ဌဟိဿတိယေဝ။

(အဘိ၊ဋ္ဌ၊၂၊၂၄၂-၂၄၃။)

= ယင်း (၃၂)ကောဋ္ဌာသတို့ကို အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန် နှစ်မျိုးတို့၌ အဝါးဝစ္စာ နိုင်နိုင်နင်းနင်း လေ့လာပြီးရာ အချိန်အခါမှ စ၍ နိဗ္ဗာန်သို့ ဝင်ရာ မုခ်ဦးကြီး သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော မုခ်ဦးဖြင့် ဝင်ရောက်သွားခဲ့သော် ကိလေသာတို့မှ မချွတ်ဧကန် လွတ်မြောက်လိမ့်မည်သာ ဖြစ်ပေသည်။ ကမ္မဋ္ဌာန်းသည် —

၁။ ဝဏ္ဏ = အရောင်ကသိုဏ်း = ဝဏ္ဏကသိုဏ်းအားဖြင့်သော်လည်းကောင်း,

၂။ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် = ပဋိကူလသဘောအားဖြင့်သော်လည်းကောင်း,

၃။ သုညတ = အတ္တမှ ဆိတ်သုဉ်းသော သုညတဓာတ်သဘောအားဖြင့်သော်လည်းကောင်း ထင်လာနိုင်၏။ ပ ။

၁။ အလိုရှိသသူအား ဝဏ္ဏကသိုဏ်းအားဖြင့်,

၂။ အလိုရှိသသူအား ရွံရှာစက်ဆုပ်ဖွယ် = ပဋိကူလအားဖြင့်,

၃။ အလိုရှိသသူအား သုညတဓာတ်သဘောအားဖြင့် — ကမ္မဋ္ဌာန်းသည် ထင်ရှားလာမည်သာ ဖြစ်ပေသည်။ (အဘိ၊ဋ္ဌ၊၂၊၂၄၃။)

ဤအထက်ပါ သမ္မောဟဝိနောဒနီအဋ္ဌကထာ၏ ဖွင့်ဆိုချက်နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် (၃၂)ကောဋ္ဌာသတို့ကို အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန် နှစ်မျိုးလုံး၌ နိုင်နိုင်နင်းနင်း အဝါးဝစ္စာ လေ့လာပြီးသောအခါ အထက်ပါ လမ်းသုံးသွယ်တို့တွင် မိမိ ကြိုက်နှစ်သက်ရာ လမ်းကို ရွေးချယ်၍ ရှုနိုင်သည် သာ ဖြစ်ပေသည်။ ဤကျမ်းတွင်ကား ဝဏ္ဏကသိုဏ်းလမ်းကို ဦးစားပေးကာ ဖော်ပြပေအံ့။

✧✧✧

 ©shwehinthar.com

## ဝဏ္ဏကသိုဏ်း = အရောင်ကသိုဏ်း

ဘုရားရှင်သည် **ဝိမောက္ခ**တရား (၈)ပါးတို့ကို ဟောကြားထားတော် မူခဲ့၏။ ယင်းဝိမောက္ခတရား (၈)ပါးတို့တွင် ပထမဝိမောက္ခတရားနှင့် ဒုတိယ ဝိမောက္ခတရားတို့မှာ ဤသို့ ဖြစ်၏။

၁။ ရူပီ ရူပါနိ ပဿတိ၊ အယံ ပဌမော ဝိမောက္ခော။

၂။ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ၊ အယံ ဒုတိယော ဝိမောက္ခော။ (အံ၊၃၊၁၂၆။)

ရူပီ ရူပါနိ **ပဿတီ**တိ **ဧတ္ထ** အဇ္ဈတ္တံ ကေသာဒီသု နီလကသိဏာဒိဝသေန ဥပ္ပါဒိတံ ရူပဇ္ဈာနံ ရူပံ၊ တဒဿတ္ထီတိ ရူပီ။ ဗဟိဒ္ဓါပိ နီလကသိဏာဒီနိ ရူပါနိ ဈာနစက္ခုနာ ပဿတိ။ ဣမိနာ အဇ္ဈတ္တဗဟိဒ္ဓဝတ္ထုကေသု ကသိဏေသု ဥပ္ပါဒိတဇ္ဈာနဿ ပုဂ္ဂလဿ စတ္တာရိ ရူပါဝစရဇ္ဈာနာနိ ဒဿိတာနိ။ **အဇ္ဈတ္တံ အရူပသညီ**တိ အဇ္ဈတ္တံ န ရူပသညီ၊ အတ္တနော ကေသာဒီသု အနုပ္ပါဒိတရူပါဝစရဇ္ဈာနောတိ အတ္ထော။ ဣမိနာ ဗဟိဒ္ဓါ ပရိကမ္မံ ကတွာ ဗဟိဒ္ဓါဝ ဥပ္ပါဒိတဇ္ဈာနဿ ရူပါဝစရဇ္ဈာနာနိ ဒဿိတာနိ။ (အံ၊ဋ္ဌ၊၃၊၂၄၅။)

ရူပီတိ ယေနာယံ သသန္တတိပရိယာပန္နေန ရူပေန သမန္နာဂတော၊ တံ ယဿ ဈာနဿ ဟေတုဘာဝေန ဝိသိဋ္ဌရူပံ ဟောတိ၊ ယေန ဝိသိဋ္ဌေန ရူပေန "ရူပီ"တိ ဝုစ္စေယျ ရူပီသဒ္ဒဿ အတိသယတ္ထဒီပနတော၊ တဒေဝ သသန္တတိပရိယာပန္နရူပဿ ဝသေန ပဋိလဒ္ဓဇ္ဈာနံ ဣဓ ပရမတ္ထတော ရူပီဘာဝသာဓကန္တိ ဒဋ္ဌဗ္ဗံ။ တေနာဟ **အဇ္ဈတ္တန္တိအာဒိ**။ ရူပဇ္ဈာနံ ရူပံ ဥတ္တရပဒလောပေန။ ရူပါနီတိ ပနေတ္ထ ပုရိမပဒလောပေါ ဒဋ္ဌဗ္ဗော။ တေန ဝုတ္တံ "**နီလကသိဏာဒီနိ** ရူပါနိ"တိ။ ရူပေ ကသိဏရူပေ သညာ ရူပသညာ။ ဧတဿ အတ္ထီတိ ရူပသညီ၊ သညာသီသေန ဈာနံ ဝဒတိ။ တပ္ပဋိပက္ခေန **အရူပသညီ**။ တေနာဟ "**အဇ္ဈတ္တံ** န **ရူပသညီ**"တိအာဒိ။ (အံ၊ဋီ၊၃၊၂၄၉။)

အထက်ပါ ပါဠိတော် အဋ္ဌကထာ **ဋီကာ**တို့၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

၁။ မိမိ အဇ္ဈတ္တသန္တာန်၌ ကသိုဏ်းရုပ်ဈာန် ရှိသည်ဖြစ်၍ အပြင် ဗဟိဒ္ဓ သန္တာန်၌လည်း ကသိုဏ်းရုပ်ဈာန်တို့ကို ရှု၏။ ဤကား ပထမ လွတ်မြောက်မှု (= **ဝိမောက္ခ**)ပေတည်း။

၂။ မိမိ အဇ္ဈတ္တသန္တာန်၌ ကသိုဏ်းရုပ်ဈာန်ကို မရှုမူ၍ အပြင် ဗဟိဒ္ဓ သန္တာန်၌ ကသိုဏ်းရုပ်ဈာန်တို့ကို ရှု၏။ ဤကား ဒုတိယ လွတ်မြောက်မှု (=**ဝိမောက္ခ**)ပေတည်း။ (အံ၊၃၊၁၂၆။)

ဤတွင် အဋ္ဌကထာက အဇ္ဈတ္တ (၃၂)ကောဋ္ဌာသတို့တွင် ဆံပင်စသော ကောဋ္ဌာသတို့၌ နီလကသိုဏ်း (= အညိုရောင်ကသိုဏ်း)စသည်တို့၏ အစွမ်း ဖြင့် ဖြစ်စေအပ်သော ရူပါဝစရဈာန်ရှိသော ပုဂ္ဂိုလ်ကို ရူပီ (= ကသိုဏ်း-ရုပ်ဈာန်ရှိသော **ပုဂ္ဂိုလ်**)ဟု ဖွင့်ဆိုထား၏။ အဇ္ဈတ္တကောဋ္ဌာသတို့၌ ရူပါဝစရ ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ဗဟိဒ္ဓ ကသိုဏ်းရုပ်တို့ကိုလည်း ဈာန်စက္ခုဖြင့် ရှုပြန်၏ (= ဗဟိဒ္ဓကောဋ္ဌာသတို့၌ လည်း ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိအောင် ကြိုးစားအားထုတ်၏)။ အဇ္ဈတ္တ, ဗဟိဒ္ဓ ကောဋ္ဌာသနှစ်မျိုးလုံး၌ ရူပါဝစရဈာန်တို့ကို ရရှိအောင် အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်တည်း။ ပထမဝိမောက္ခတရားနှင့် ပြည့်စုံသူတည်း။

ဒုတိယပုဂ္ဂိုလ်ကား အဇ္ဈတ္တကောဋ္ဌာသတို့၌ ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိအောင် မကြိုးစားတော့ဘဲ ဗဟိဒ္ဓကောဋ္ဌာသတို့၌သာလျှင် ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိအောင် ကြိုးစားအားထုတ်၏။ ဒုတိယဝိမောက္ခတရားနှင့် ပြည့်စုံသူတည်း။ (အံ၊ဋ္ဌ၊၃၊၂၄၅။ အံ၊ဋီ၊၃၊၂၄၉။ အဘိ၊ဋ္ဌ၊၁၊၂၃၅။)

(၃၂)ကောဋ္ဌာသတို့ကို အာရုံယူကာ ကသိုဏ်းဈာန်တို့ကို ပွားများ အားထုတ်ခဲ့သော် နီလကသိုဏ်း ပီတကသိုဏ်း လောဟိတကသိုဏ်း ဩဒါတ ကသိုဏ်းဟု ဝဏ္ဏကသိုဏ်း (= အရောင်ကသိုဏ်း) လေးမျိုးတို့ကို ရရှိနိုင်၏။

၁။ **နီလကသိုဏ်း - အညိုရောင်ကသိုဏ်း** — ဆံပင်, မွေးညင်း, သည်းခြေ တို့၌လည်းကောင်း, မျက်လုံးတို့၌ မည်းနက်ရာ အရပ်၌လည်းကောင်း ညိုသော အရောင်ကို အာရုံပြု၍ "နီလံ နီလံ" (= အညို အညို)ဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား စတုက္ကဈာန်, ပဉ္စကဈာန်တို့သည် ဖြစ်ပေါ်နိုင်ကုန်၏။ ယင်းဈာန်တို့ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ ဝိပဿနာဉာဏ်ကို ဖြစ်စေ နိုင်သော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်၏။ (အဘိ၊ဋ္ဌ၊၂၊၂၃၉။)


©shwehinthar.com

၂။ **ပီတကသိုဏ်း - အဝါရောင်ကသိုဏ်း** — အဆီခဲ၌လည်းကောင်း, မျက်လုံးတို့၏ ဝါရွှေရာအရပ်၌လည်းကောင်း (= ဝါသော အရေပြား၌လည်းကောင်း, ဝါသော လက်ဖဝါး ခြေဖဝါးတို့၌လည်းကောင်း) အဝါရောင်ကို အာရုံယူ၍ "ပီတကံ ပီတကံ" (= အဝါ အဝါ)ဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား စတုက္ကစျာန် ပဉ္စကစျာန်တို့သည် ဖြစ်ပေါ်နိုင်ကုန်၏။ ယင်းစျာန်ကို ဝိပဿနာ ၏ အခြေပါဒက ပြု၍ ဝိပဿနာဉာဏ်ကို ဖြစ်စေနိုင်သော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်၏။ (အဘိ၊ဋ္ဌ၊၂၊၂၃၉။)

၃။ **လောဟိတကသိုဏ်း - အနီရောင်ကသိုဏ်း** – အသား၌လည်းကောင်း, သွေး၌လည်းကောင်း, (လျှာ၌လည်းကောင်း), မျက်လုံးတို့၏ နီမြန်းရာအရပ်၌ လည်းကောင်း အနီရောင်ကို အာရုံယူ၍ "လောဟိတကံ လောဟိတကံ" (= အနီ အနီ)ဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား စတုက္ကစျာန် ပဉ္စကစျာန်တို့သည် ဖြစ်ပေါ်နိုင်ကုန်၏။ ယင်းစျာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာ ဉာဏ်ကို ဖြစ်စေနိုင်သော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်၏။

(အဘိ၊ဋ္ဌ၊၂၊၂၃၉။)

၄။ **ဩဒါတကသိုဏ်း - အဖြူရောင်ကသိုဏ်း** – ခြေသည်းလက်သည်း၌ လည်းကောင်း, သွား၌လည်းကောင်း, အရေထူ အရေပါး၌လည်းကောင်း, အရိုး၌လည်းကောင်း, မျက်လုံးတို့၏ ဖြူရာအရပ်၌လည်းကောင်း, အဖြူရောင်ကို အာရုံပြု၍ "ဩဒါတံ ဩဒါတံ" (= အဖြူ အဖြူ)ဟု နှလုံးသွင်းသော ပုဂ္ဂိုလ်အား စတုက္ကစျာန်, ပဉ္စကစျာန်တို့သည် ဖြစ်ပေါ်လာနိုင်ကုန်၏။ ယင်းစျာန်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ ဝိပဿနာဉာဏ်ကို ဖြစ်စေ နိုင်သော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်၏။

(ဒီ၊ဋ္ဌ၊၂၊၁၅၁။ အဘိ၊ဋ္ဌ၊၂၊၂၃၉။ အဘိ၊ဋ္ဌ၊၁၊၂၃၅။)


©shwehinthar.com

## ဩဒါတကသိုဏ်း = အဖြူရောင်ကသိုဏ်း

ရဟန်းတို့ . . . ဤအဘိဘာယတနစျာန် (၈)မျိုးတို့တွင် အချို့သော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိအဇ္ဈတ္တသန္တာန်၌ တည်ရှိသော ကောဋ္ဌာသတို့၏ အဆင်းရုပ်တို့ကို မရှုမူ၍ ဗဟိဒ္ဓ၌ ဖြူသော အဆင်း, ဖြူသော အသွေး, ဖြူသော အရောင်ရှိသော, ဖြူသော ကသိုဏ်းရုပ်တို့ကို ရှု၏။ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ "ငါ သိ၏၊ ငါ မြင်၏"ဟု ဤသို့ အမှတ်သညာ ရှိ၏။ ဤ အဘိဘာယတနစျာန်သည်ကား အသာဆုံး အမြတ်ဆုံးတည်း။ (အံ၊၃၊၃၀၆။)

ဤအထက်ပါ ဒေသနာတော်နှင့် အညီ ဝဏ္ဏကသိုဏ်း လေးမျိုးတို့တွင် ဩဒါတ (= အဖြူရောင်)ကသိုဏ်းကား ယောဂါဝစရပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်ကို အထူး ကြည်လင်စေတတ်သဖြင့် အသာဆုံး အမြတ်ဆုံး ကသိုဏ်းတစ်ခု ဖြစ်၏။ ထို့ကြောင့် ဩဒါတကသိုဏ်း ရှုကွက်ကို ရှေးဦးစွာ တင်ပြပေအံ့။

၁။ အာနာပါနစတုတ္ထစျာန်သမာဓိကို ပြန်လည်ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသော အခါ —

၂။ အဇ္ဈတ္တ (၃၂)ကောဋ္ဌာသတို့ကို သိမ်းဆည်းပါ။

၃။ မိမိ၏ ရှေ့တည့်တည့် သို့မဟုတ် အနီးကပ်ဆုံး တစ်နေရာ၌ တည်ရှိသော ဗဟိဒ္ဓ (၃၂)ကောဋ္ဌာသတို့ကို သိမ်းဆည်းပါ။

၄။ ထို အဇ္ဈတ္တ ဗဟိဒ္ဓ ကောဋ္ဌာသတို့တွင် မိမိ ရှု၍ ပိုကောင်းသည့် ကောဋ္ဌာသက စတင်နိုင်သည်။ အကယ်၍ ဗဟိဒ္ဓကောဋ္ဌာသက ပိုပြီး ရှုကောင်းပါက ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသကို သိမ်းဆည်းပါ။

၅။ ထိုဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၏ အဖြူဆုံး တစ်နေရာကို ရွေးချယ်၍ သို့မဟုတ် အရိုးစုအားလုံး ဖြူနေသော် အရိုးစုအားလုံးကို ခြုံငုံ၍ သို့မဟုတ် မိမိဘက်သို့ ကျောပေးထားသော ဦးခေါင်းခွံအရိုးကို အာရုံ ပြု၍ "ဩဒါတံ ဩဒါတံ" (= အဖြူ အဖြူ)ဟု နှလုံးသွင်းပါ။

ထိုသို့ ရှုသောအခါ ထိုအဖြူရောင်အာရုံ၌ ဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီ စသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားပါ။

အာနာပါနစတုတ္ထစျာန် စသော ရှေးရှေး ဘာဝနာသမာဓိတို့၏ ဥပနိဿယသတ္တိ စသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံထားရသော ယောဂါဝစရပုဂ္ဂိုလ်၏ ဩဒါတကသိုဏ်း ဘာဝနာစိတ်သည် အဖြူရောင် အာရုံ၌ မကြာမီ အချိန်ကာလအတွင်းဝယ် ငြိမ်ဝပ်စွာ ကပ်၍ တည်နေမည်သာ ဖြစ်ပေသည်။ ယင်းအဖြူရောင်အာရုံ၌ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေပါက အရိုးစုကောဋ္ဌာသ ပျောက်၍ အဖြူရောင် ကသိုဏ်းဝန်း သက်သက်သာ ကျန်ရှိနေမည် ဖြစ်ပေသည်။ ဝါဂွမ်းစိုင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေသော အဖြူရောင်ကသိုဏ်းဝန်းကား ဥဂ္ဂဟနိမိတ်တည်း။ သောက်ရှူး ကြယ်ကဲ့သို့ အလွန်ကြည်လင်တောက်ပလာသော အဖြူရောင်ကသိုဏ်းဝန်း ကား ပဋိဘာဂနိမိတ်တည်း။ ဥဂ္ဂဟနိမိတ်သို့ မဆိုက်မီ ဆွတ်ဆွတ်မဖြူမီ အရိုးစုနိမိတ်အားလုံးကား ပရိကမ္မနိမိတ်ချည်းသာတည်း။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်သည် ဤသာသနာတော်တွင်း၌ ရှေးရှေး ဘဝများက ဖြစ်စေ, သို့မဟုတ် ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်တွင်း ဘဝထိုထိုက ဖြစ်စေ, သို့မဟုတ် သာသနာပကာလ ရှေးရှေးဘဝတစ်ခုက ဖြစ်စေ ဖြည့်ကျင့်ဆည်းပူးခဲ့သော ဩဒါတကသိုဏ်း ပါရမီကုသိုလ် အဆောက် အဦ ရှိသူ ဖြစ်ပါက အဖြူရောင် ဩဒါတကသိုဏ်းဝန်းမှာ အထူးကြိုးစား၍ မဖြန့်ရတော့ဘဲ ဥဂ္ဂဟနိမိတ် သို့မဟုတ် ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်လာသောအခါ အဖြူရောင် ဩဒါတကသိုဏ်းဝန်းကို "အဖြူ အဖြူ"ဟု စူးစူး စိုက်စိုက် ရှုနေစဉ်မှာပင် ဩဒါတကသိုဏ်းဝန်းသည် အရပ် (၁၀)မျက်နှာသို့ တိုင်အောင် လွယ်ကူစွာ ပြန့်သွားတတ်ပေသည်။

အကယ်၍ အဖြူရောင်ကသိုဏ်းဝန်းမှာ ပြန့်ကျယ်၍ မသွားပါက ထိုအဖြူရောင် ကသိုဏ်းဝန်းကိုပင် ဆွတ်ဆွတ်ဖြူ၍ အထူးကြည်လင်တောက်ပလာသည့်တိုင်အောင် အာရုံယူကာ "အဖြူ အဖြူ"ဟု ရှုနေပါ။ သမာဓိကို ဆက်လက်


©shwehinthar.com

ထူထောင်ပါ။ ဆွတ်ဆွတ်ဖြူ၍ အထူးသန့်ရှင်း ကြည်လင်တောက်ပနေသည့် ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်သောအခါ ယင်းပဋိဘာဂနိမိတ်ကိုပင် အာရုံယူ၍ "အဖြူ အဖြူ"ဟု ဆက်လက် ရှုပွားခဲ့သော် ပထမဈာန်သမာဓိသို့ကား ဆိုက်ရောက်နိုင်၏။ သို့သော် ယင်းသမာဓိမှာ မခိုင်ခံ့ဘဲ အရှည်မတည်တံ့ ဖြစ်တတ်၏။ ထို့ကြောင့် သမာဓိ၏ အရှည်ခိုင်ခံ့ တည်တံ့ရေးအတွက် ယင်းပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလုပ်သင့်ပေသည်။

ယင်း အဖြူရောင် ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်သည် တစ်နာရီ နှစ်နာရီစသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေသောအခါ 'အဖြူရောင်ကသိုဏ်းဝန်းသည် ဘေးပတ်လည်ဝန်းကျင်သို့ လက်တစ်သစ်ခန့် ပြန့်ပါစေ၊ သို့မဟုတ် လက်နှစ်သစ်ခန့် ပြန့်ပါစေ၊ သို့မဟုတ် လက်သုံးသစ်ခန့် ပြန့်ပါစေ၊ သို့မဟုတ် လက်လေးသစ်ခန့် ပြန့်ပါစေ" – ဤသို့ စသည်ဖြင့် မိမိ၏ ဉာဏ်အာနုဘော်စွမ်းအားနှင့် နှိုင်းချိန်လျက် လက်တစ်သစ် လက် နှစ်သစ် စသည်ဖြင့် ပိုင်းခြား၍ အဓိဋ္ဌာန်ပြုကာ ဖြန့်ကြည့်ပါ။ လက်တစ်သစ် လက်နှစ်သစ် စသည်ဖြင့် မပိုင်းခြားဘဲကား ကသိုဏ်းဝန်းကို မဖြန့်ပါနှင့်၊ ပိုင်းခြား၍သာ ဖြန့်ပါ။ ထိုသို့ ပိုင်းခြား၍ အဓိဋ္ဌာန်ပြုကာ ဖြန့်လိုက်သဖြင့် ကသိုဏ်းဝန်းသည် ပြန့်သွားခဲ့သော် ယင်းကသိုဏ်းဝန်းသည် အနည်းငယ် လှုပ်ရှားသွားတတ်၏။ ထိုအခါ ထိုကသိုဏ်းဝန်းကို ငြိမ်သက်သွားအောင် "အဖြူ အဖြူ"ဟု ရှုနေပါ၊ သမာဓိစွမ်းအား ကောင်းလာသောအခါ ကသိုဏ်းဝန်းသည် ငြိမ်သက်သွားမည် ဖြစ်သည်။ ငြိမ်သက်သွားပါက ရှေးနည်းအတူ ပိုင်းခြား၍ ပိုင်းခြား၍ အဓိဋ္ဌာန်ပြုကာ ထပ်မံ၍ ဖြန့်ကြည့်ပါ။

တစ်စတစ်စ ကသိုဏ်းဝန်းသည် ကျယ်ပြန့်လာသောအခါ "တစ်တောင် ပြန့်ပါစေ၊ တစ်လံ ပြန့်ပါစေ" – ဤသို့ စသည်ဖြင့် တိုးချဲ့၍ ဖြန့်ကြည့်ပါ။ ဤနည်းဖြင့် ကသိုဏ်းဝန်းကို အရပ် (၁၀)မျက်နှာသို့ အတိုင်းအတာ ပမာဏ မရှိ-အောင် ဖြန့်ကြက်ပါ။ အရပ် (၁၀)မျက်နှာ၌ မည်သည့်အရပ်ကို မဆို ကြည့်လိုက်တိုင်း ဖြူနေပါစေ။ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ဌာနလုံး၌ သဏ္ဌာန်ဒြပ် လုံးဝမရှိတော့ဘဲ အဖြူရောင်ချည်းသက်သက် တည်ရှိနေသောအခါ ထိုအဖြူ ရောင်-ကသိုဏ်းအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင်, ကသိုဏ်းက လှုပ်ရှားနေပါက လှုပ်ရှားနေသော အဖြူရောင်ကသိုဏ်းအာရုံကိုလည်း ငြိမ်ဝပ်သွားအောင် ဖြန့်ကြက်ပြီးသော ယင်းအဖြူရောင်ကသိုဏ်း၏ တစ်နေရာ၌ – တိုက်နံရံ တစ်ခုပေါ်၌ ဦးထုပ်တစ်လုံးကို ချိတ်ဆွဲထားသကဲ့သို့ ဘာဝနာစိတ်ကို ကပ်ထား၍ "အဖြူ အဖြူ"ဟုသာ ရှုနေပါ။ ယင်းအဖြူရောင် ကသိုဏ်းအာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာသောအခါ အဖြူရောင်ကသိုဏ်းမှာလည်း လှုပ်ရှားမှု မရှိတော့ဘဲ ငြိမ်ဝပ်လာမည် ဖြစ်၏။ ဘာဝနာစိတ်သည်လည်း ငြိမ်သက်-သထက် ငြိမ်သက်လာ၍ အဖြူရောင် ကသိုဏ်းလည်း ငြိမ်ဝပ်လာသောအခါ . . ယင်း အဖြူရောင်ကသိုဏ်းမှာ ဆွတ်ဆွတ်ဖြူ၍ အထူးကြည်လင် သန့်ရှင်းလာမည် ဖြစ်သည်။ အဖြူရောင် ကသိုဏ်းနိမိတ်ကို တိုးပွားအောင် ဖြန့်ကြက်-ပြီးနောက် ထပ်မံ၍ ရရှိလာသော ကသိုဏ်းပဋိဘာဂနိမိတ်တည်း။ ထိုအဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ် အာရုံ၌ တစ်နာရီ နှစ်နာရီခန့် စသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် "အဖြူ အဖြူ"ဟုပင် ရှုနေပါ။ ထိုအခါ ယင်းပဋိဘာဂနိမိတ်ကိုပင် ထပ်ကာ ထပ်ကာ နှလုံးသွင်းနေပါက ရှုနေပါက သမာဓိဒီဂရီ စံချိန်မီလာသောအခါ ရင့်ကျက်-လာသောအခါ ထိုပဋိဘာဂနိမိတ်အာရုံထဲ၌ ဘာဝနာစိတ်သည် နစ်မြုပ်၍ ငြိမ်ဝပ်စွာ ကပ်၍ တည်နေပေလိမ့်မည်။ ထိုသို့ ယင်းပဋိဘာဂနိမိတ် အတွင်း၌ နစ်မြုပ်ကာ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော ယင်းဘာဝနာစိတ် ဝယ် ဈာန်အင်္ဂါ ငါးပါးတို့လည်း ထင်ရှားနေကြပေလိမ့်မည်။ ဈာန်အင်္ဂါတို့သည် စွမ်းအင် ပြည့်ပြည့်ဝဝဖြင့် အားရှိနေကြမည် ဖြစ်ပေသည်။ ထိုအခါ ပထမဈာန်သမာဓိသို့လည်း ဆိုက်ရောက်ပြီး ဖြစ်ပေသည်။

**ဈာန်အင်္ဂါ ငါးပါး**

၁။ **ဝိတက်** = အဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော၊

၂။ ဝိစာရ = အဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို ''အဖြူ အဖြူ''ဟု ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော၊

၃။ ပီတိ = အဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို နှစ်သက် ခြင်းသဘော၊

၄။ သုခ = အဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားခြင်းသဘော၊


©shwehinthar.com

၅။ **ဧကဂ္ဂတာ** = အဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံတစ်ခုတည်း ပေါ်သို့ စိတ်ကျရောက် တည်ငြိမ်နေခြင်း-သဘော၊

ဝိတက်စသည့် တစ်လုံးစီ တစ်လုံးစီကို ဈာန်အင်္ဂါဟု ခေါ်ဆို၍ ယင်း ဈာန်အင်္ဂါတို့၏ အပေါင်းအစုကို ဈာန်ဟု ခေါ်ဆိုသည်။ ယင်း ပထမဈာန် သမာဓိကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။ ဝသီဘော် ငါးတန် နိုင်နင်းသောအခါ အာနာပါနကမ္မဋ္ဌာန်း၌ ရေးသားတင်ပြခဲ့သည့် အတိုင်း ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့-သို့လည်း အစဉ်အတိုင်း ကူးပါလေ။

**စတုက္ကနည်း – ဈာန် (၄) ပါး**

၁။ ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ငါးပါးရှိသော ပထမဈာန်၊

၂။ ပီတိ-သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ သုံးပါးရှိသော ဒုတိယဈာန်၊

၃။ သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော တတိယဈာန်၊

၄။ ဥပေက္ခာ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန်။

**ပဉ္စကနည်း – ဈာန် (၅) ပါး**

၁။ ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ငါးပါးရှိသော ပထမဈာန်၊

၂။ ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်၊

၃။ ပီတိ-သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ သုံးပါးရှိသော တတိယဈာန်၊

၄။ သုခ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန်၊

၅။ ဥပေက္ခာ-ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော ပဉ္စမဈာန်။

ဤသို့လျှင် စတုက္ကနည်း၌ ဈာန် (၄)ပါး, ပဉ္စကနည်း၌ ဈာန် (၅)ပါး ရှိကြပေသည်။ ဈာန်အင်္ဂါတို့ကို ပယ်ရှားရာဝယ် ပဉ္စကနည်း၌ကား ဝိတက် နှင့် ဝိစာရကို တစ်လုံးစီ ဖြုတ်သဖြင့် ဈာန် (၅)ပါး ဖြစ်သည်။ စတုက္ကနည်း၌ ကား ဝိတက်နှင့် ဝိစာရတို့ကို ပြိုင်တူ ဖြုတ်သဖြင့် ဈာန် (၄)ပါး ဖြစ်သည်။ ကျွတ်ထိုက်သသူ နတ်,လူ, ဗြဟ္မာ ဝေနေယျကြာ သတ္တဝါတို့၏ အလိုအကြိုက် စရိုက်နှင့် လျော်ညီစွာ ဉာဏ်နုံ့သူတို့အား ပဉ္စကနည်းကို, ဉာဏ်ထက်မြက်သူတို့အား စတုက္ကနည်းကို ဟောကြားတော်မူသည်။ ရူပါဝစရဈာန်များတည်း။ ရူပါဝစရဘုံသို့ ရောက်စေနိုင်သော စွမ်းအားရှိသော ဈာန်များဟု ဆိုလို၏။ ဤ၌ကား — ရူပါဝစရဘုံသို့ ရောက်ရှိရေးအတွက် ရည်ရွယ်၍ သမာဓိကို ထူထောင်သည့် လုပ်ငန်းရပ်ကို ပြုလုပ်စေသည်ကား မဟုတ်ပါ။ ဝိပဿနာ၏ အခြေပါဒကအဖြစ် ရည်ရွယ်၍ သမာဓိထူထောင်မှုကို တိုက်တွန်းနေခြင်း ဖြစ်ပါသည်။

**နီလကသိုဏ်း စသည်သို့**

ယောဂါဝစရပုဂ္ဂိုလ်သည် ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသကို အာရုံယူ၍ ဩဒါတကသိုဏ်းကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည့်တိုင်အောင် အောင်မြင်စွာ သမာဓိကို ထူထောင်နိုင်ခဲ့သည်ရှိသော် အဇ္ဈတ္တ အရိုးစုကောဋ္ဌာသကို အာရုံ-ယူ၍လည်း အဖြူရောင်ကသိုဏ်းကို အလားတူပင် စတုတ္ထဈာန်သို့ ဆိုက်သည့်တိုင်အောင် ပွားများနိုင်ပေသည်။

တစ်ဖန် ယင်း အဖြူရောင်ကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန် သမာဓိမှ ထသောအခါ —

၁။ ဆံပင်ကဲ့သို့, သည်းခြေကဲ့သို့ ညိုသော ကောဋ္ဌာသကို အာရုံယူ၍ အညိုရောင် နီလကသိုဏ်းကိုလည်းကောင်း,

၂။ အဆီခဲ, ကျင်ငယ်ကဲ့သို့ ဝါသော ကောဋ္ဌာသကို အာရုံယူ၍ အဝါရောင် ပီတကသိုဏ်းကိုလည်းကောင်း,


©shwehinthar.com

၃။ သွေးကဲ့သို့ နီသော ကောဋ္ဌာသကို အာရုံယူ၍ အနီရောင် လောဟိတ ကသိုဏ်းကိုလည်းကောင်း —

အလိုရှိက အလားတူ ပွားများအားထုတ်ခဲ့သော် စတုတ္ထဈာန်သမာဓိသို့ပင် ဆိုက်ရောက်နိုင်ပေသည်။ အဇ္ဈတ္တကောဋ္ဌာသ, ဗဟိဒ္ဓကောဋ္ဌာသ နှစ်မျိုးလုံး၌ ရှုနိုင်သည်။ အောင်မြင်မှုကို ရရှိသောအခါ ဗဟိဒ္ဓ သက်မဲ့လောက၌ တည်ရှိသော ပိတ်စ, ကျောက်, ပန်းပွင့်တို့ကို အာရုံယူ၍လည်း ယင်း ဝဏ္ဏကသိုဏ်းတို့ကို ပွားများနိုင်ပေသည်။ ထိုကဲ့သို့ ဝဏ္ဏကသိုဏ်း၌ ကျွမ်းကျင်နေသူအား —

၁။ အောက်မဲညိုပွင့် မြခွာညိုပွင့်တို့ကလည်း အညိုရောင် နီလကသိုဏ်းကို ပွားများရန်အတွက် "လာစမ်းပါ ရှုကြည့်စမ်းပါ"ဟု ဖိတ်ခေါ်နေသကဲ့သို့ ပင် ရှိကြ၏။

၂။ အတာကူးသည့် လတန်ခူးတွင် ပင်လုံးကျွတ် ဖူးပွင့်ဝေဆာလျက် ရှိကြသော ပန်းပိတောက်နှင့် ငုရွှေဝါတို့ကလည်း အဝါရောင် ပီတ ကသိုဏ်းကို ရှုရန် ဆီးကြို နှုတ်ဆက်နေကြသည့်အလား ရပ်တည် နေကြမည်သာ ဖြစ်၏။

၃။ လယ်ခေါင်ရန်းနှင့် နီမြန်းသော နှင်းဆီပန်းတို့ကလည်း အနီရောင် လောဟိတကသိုဏ်းကို ရှုရန် စောင့်မျှော်နေကြသကဲ့သို့ ရှိကြ၏။

၄။ ပင်လုံးကျွတ် ပွင့်နေကြသော တရုတ်စကားအဖြူနှင့် အကျော်ပန်းတို့ကလည်း အဖြူရောင် ဩဒါတကသိုဏ်းကို ရှုရန် တည်ငြိမ်စွာ ရပ်တည် ပေးနေကြသကဲ့သို့ ရှိကြ၏။

ယောဂါဝစရပုဂ္ဂိုလ်ဘက်ကသာ စွမ်းအင် ပြည့်ဝနေပါစေ၊ မြင်မြင်သမျှ သက်ရှိသက်မဲ့ အရာဝတ္ထုတို့က သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်များ ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် အာရုံအကြောင်းတရားအဖြစ် ရပ်တည်ကာ ကျေးဇူးပြုပေးနေကြမည်သာ ဖြစ်ပေသည်။

ယောနိသောမနသိကာရ (= နည်းမှန်လမ်းမှန် နှလုံးသွင်းမှု) ရှိနေသည့် ယောဂါဝစရပုဂ္ဂိုလ်အဖို့ အလွန် ရွံ့ရှာစက်ဆုပ်ဖွယ်ကောင်းသော သွားတစ်ချောင်းကလည်း အဖြူရောင် ဩဒါတကသိုဏ်းဝန်းတစ်ခု ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်သော စွမ်းအား ရှိနေ၏၊ အလွန် ရွံ့ရှာစက်ဆုပ်ဖွယ်ကောင်းသော အလွန်သေးငယ်သော သည်းခြေကလည်း အညိုရောင် နီလကသိုဏ်းဝန်းတစ်ခု ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်သော စွမ်းအားရှိနေ၏၊ အလွန် ရွံ့ရှာစက်ဆုပ်ဖွယ် ကောင်းသော ကျင်ငယ်ကောဋ္ဌာသတစ်ခုကလည်း အဝါရောင်ပီတကသိုဏ်း ဝန်းတစ်ခု ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်သော စွမ်းအားရှိနေ၏။ အလွန် မြတ်နိုးဖွယ်ရာသော ပတ္တမြားရတနာ တစ်လုံး ကလည်း အနီရောင် လောဟိတကသိုဏ်းဝန်းတစ်ခု ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနိုင်သော စွမ်းအား ရှိနေ၏။ ယင်း ကသိုဏ်းဝန်း အားလုံးတို့က စတုတ္ထဈာန်သမာဓိသို့တိုင်အောင်သော ဈာန်နာမ်တရားစုတို့အား အာရုံ အကြောင်းတရားအဖြစ် ရပ်တည်ကာ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပေးလျက် ရှိနေကြ၏။ နည်းမှန်လမ်းမှန် နှလုံးသွင်းတတ်သည့် ယောနိသော မနသိကာရရှိသူ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ငါးဖြာအာရုံ ကာမဂုဏ် ညွှန်ဗွက်မှ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်သော ဘာဝနာဟူသော အနှစ်သာရကို အချိန်မရွေး ထုတ်ယူ၍ ရနိုင်၏။ ယင်း စတုတ္ထဈာန်သမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးခဲ့သော် ပါရမီအားလျော်စွာ အရဟတ္တဖိုလ်သို့တိုင်အောင်သော အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်သည် သာ ဖြစ်၏။ အကယ်၍ ပါရမီနု၍ အရဟတ္တဖိုလ်သို့ မပေါက်ရောက်သေးခဲ့ လျှင်လည်း မလျှောကျသော ဈာန်ရှိသော ထိုသူတော်ကောင်းကို သံသရာ ခရီးတွင် အလွန် အဆင့်အတန်းမြင့်မားလှသော ဗြဟ္မာ့ချမ်းသာကြီးက "လာစမ်းပါ လာစမ်းပါ"ဟု ဆီးကြို ဖိတ်ခေါ်လျက် ရှိနေမည်သာ ဖြစ်ပေသည်။ ဤမျှ ကြီးမားလှသော ဂုဏ်ကျေးဇူးရှိသည့် ဤကဲ့သို့သော တရားထူး တရားမြတ်များကို သာသနာတော်၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားကို လက်ကိုင်ထားလျက်ရှိသော သင်ကဲ့သို့သော သူတော်ကောင်းတစ်ဦးသည် အဘယ့်ကြောင့် မပွားများ အားမထုတ်ဘဲ နေထိုက်ပါအံ့နည်း။ အချိန်ရှိခိုက် လုံ့လစိုက်ပါလော့ . . .။

✧✧✧


©shwehinthar.com

**ပထဝီကသိုဏ်း = မြေကသိုဏ်း**

၁။ ကသိုဏ်းဝန်းအဖြစ် ပြုပြင်အပ်ပြီးသော မြေ,

၂။ ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော ပြကတေ့ (= ပကတိ)သော ကောက်စပါးနယ်ရာ တလင်းစသော မြေ,

၃။ အပိုင်းအခြား ရှိသည်သာ ဖြစ်သော မြေ,

၄။ မန်းငယ် (= ဗန်းငယ်), ဆန်ကောငယ် ပမာဏရှိသော မြေ,

၅။ အိုးစရည်းဖုံး စလောင်းဖုံး ပမာဏရှိသော မြေ —

ဤမြေတို့၌ ပထဝီကသိုဏ်းနိမိတ်ကို ရယူနိုင်ပေသည်။

(ဝိသုဒ္ဓိ၊၁၊၁၂၀။)

**တတ္ထ ယေန အတီတဘဝေပိ သာသနေ ဝါ ဣသိပဗ္ဗဇ္ဇာယ ဝါ ပဗ္ဗဇိတွာ ပထဝီကသိဏေ စတုက္ကပဉ္စကဇ္ဈာနာနိ နိဗ္ဗတ္တိတပုဗ္ဗာနိ၊ ဧဝရူပဿ ပုညဝတော ဥပနိဿယသမ္ပန္နဿ အကတာယ ပထဝိယာ ကသိတဋ္ဌာနေ ဝါ ခလမဏ္ဍလေ ဝါ နိမိတ္တံ ဥပ္ပဇ္ဇတိ၊** (ဝိသုဒ္ဓိ၊၁၊၁၂၀။)

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ရှေးရှေးအတိတ်ဘဝ၌လည်း သာသနာ တော်တွင်း၌သော်လည်းကောင်း, (သာသနာပ) ရသေ့ရဟန်း အဖြစ်၌ သော်လည်းကောင်း ရသေ့ရဟန်းပြုဖူး၍ ပထဝီကသိုဏ်း၌ စတုက္ကဈာန်, ပဉ္စကဈာန်တို့ကို ဖြစ်စေအပ်ကုန်၏။ ဤသို့သဘောရှိသော ဘာဝနာကြောင့် ဖြစ်သော ကောင်းမှုကုသိုလ် ပါရမီပုညသမ္ဘာရ အဆောက်အဦရှိသော, အားကြီးသော ဘာဝနာကုသိုလ်တည်းဟူသော မှီရာ ဥပနိဿယနှင့် ပြည့်စုံသော ထိုယောဂါဝစရပုဂ္ဂိုလ်မြတ်အဖို့မှုကား [အလောင်းတော် ဟတ္ထိပါလ သတို့သားသည် ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော ဂင်္ဂါမြစ်ရေအယဉ်ကို အာပေါကသိုဏ်းနိမိတ်အဖြစ် လွယ်ကူစွာ ရယူနိုင်သကဲ့သို့ (ဇာ၊ ၠ၄၊၄၈၃။ )] အလားတူပင် ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော ပကတိသော မြေဝယ် လယ်ထွန်ရာအရပ်၌သော်လည်းကောင်း, ကောက်နယ် တလင်းအရပ်၌သော်လည်းကောင်း ပရိကမ္မနိမိတ်ကို ယူခဲ့သော် "ပထဝီ ပထဝီ"ဟု စီးဖြန်းခဲ့သော် ထိုပရိကမ္မနိမိတ်မှ ဥဂ္ဂဟနိမိတ်သို့ တစ်ခဏချင်း ပြောင်းလဲသွား၍ ဥဂ္ဂဟနိမိတ်ကို ရရှိနိုင်ပေသည်။ (ဝိသုဒ္ဓိ၊၁၊၁၂၀။)

ဤအထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း ပထဝီ-ကသိုဏ်းနိမိတ်ကို ရယူလိုခဲ့သော် ညီညာ၍ မြက် သစ်ရွက် ခဲစသော အပြစ်ကင်းသော, ပကတိသော မြေကြီး တစ်-နေရာတွင် တုတ်ဖြင့်ဖြစ်စေ, အရာဝတ္ထုတစ်ခုဖြင့် ဖြစ်စေ ဝန်းဝိုင်းသော အရေးအသားတစ်ခုကို ပြုလုပ်ပါ။ မန်းငယ် (= ဗန်းငယ်), ဆန်ကောငယ် ပမာဏမှ စ၍ မိမိ ဆန္ဒရှိသလောက် ပမာဏကို ပြုပါ။ — **အရုဏဝဏ္ဏာယ မတ္တိကာယ ကသိဏံ ကာတဗ္ဗံ၊** (ဝိသုဒ္ဓိ၊၁၊၁၂၀။) ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ၏ ညွှန်ကြားချက်နှင့် အညီ ကသိုဏ်းဝန်းပြုလုပ်မည့် မြေကြီး၏ အရောင်မှာ မမည်းလွန်း မဖြူလွန်းသော အရုဏ်ရောင် (= အနီရောင်) အသင့်အတင့် သမ်းနေသော မြေကြီးရောင် ကသိုဏ်းဝန်း ဖြစ်ပါစေ။ ထိုမြေကသိုဏ်းဝန်းကို စိုက်ကြည့်၍ —**"ပထဝီ-ပထဝီ-ပထဝီ"**ဟု (သို့မဟုတ်) **"မြေ-မြေ-မြေ"**ဟု နှလုံးသွင်းပါ။

မျက်စိကို ဖွင့်လိုက်ပိတ်လိုက် ပြုလုပ်၍ နိမိတ်ကို ယူကြည့်ပါ။ မျက်စိကို မှိတ်လိုက်သောအခါ ပုံစံတူ နိမိတ်ကို ရှင်းရှင်းလင်းလင်း မြင်နေရပါက နိမိတ် ယူ၍ ရရှိပြီ ဖြစ်၏။ အကယ်၍ မျက်စိကို ဖွင့်တုံမှိတ်တုံ ပြုကာ နိမိတ်ကို အချိန် အတော်အတန် ကြာအောင် ယူနေသော်လည်း မျက်စိမှိတ်လိုက်သောအခါ ပကတိသော မျက်စိဖြင့် မြင်ရသကဲ့သို့ နိမိတ်ကို ယူ၍မရ ဖြစ်နေပါက မိမိ ရရှိထားပြီးဖြစ်သည့် စတုတ္ထဈာန်သမာဓိတို့တွင် မိမိ နှစ်ခြိုက်ရာ သမာဓိတစ်ခုခုကို ထိုနေရာတွင်ပင် ရပ်လျက် ပြန်လည်၍ သမာဓိကို ထူထောင်ပါ။ ထိုစတုတ္ထဈာန်သမာဓိမှ ထသောအခါ တစ်ဖန် မျက်စိကို ဖွင့်တုံမှိတ်တုံ ပြုကာ နိမိတ်ယူကြည့်ပါ။ အောင်မြင်မှုကို ရရှိတတ်ပါသည်။ အကယ်၍ မအောင်မြင်ပါက ယင်း ရရှိပြီး စတုတ္ထဈာန်သမာဓိကို ပုံစံတူပင် တစ်ဖန် ပြန်လည်၍ ထူထောင်ပါ။ ယင်းစတုတ္ထဈာန်သမာဓိကြောင့် လင်းရောင်ခြည်များ


©shwehinthar.com

ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ယင်းဉာဏ်အရောင်အလင်း၏ အကူအညီဖြင့် ထို မိမိပြုပြင်ထားသော ပထဝီကသိုဏ်းဝန်းနိမိတ်ကို လှမ်းအာရုံယူပါ။ ဉာဏ်မျက်စိဖြင့် တွေ့မြင်သော အခါ “ပထဝီ-ပထဝီ-ပထဝီ” (“မြေ-မြေ-မြေ”)ဟု နှလုံးသွင်းပါ။

ဤအထက်ပါနည်းလမ်း တစ်မျိုးမျိုးဖြင့် ပထဝီကသိုဏ်းနိမိတ်ကို ယူသည့်အခါ ပကတိသော မျက်စိဖြင့် မြင်ရသကဲ့သို့ နိမိတ်ကို ယူ၍ရခဲ့သော် မိမိ နှစ်သက်ရာ တရားထိုင်မည့် နေရာသို့ သွား၍ ထိုင်နိုင်ပြီ။ ထိုသို့ ထိုင်၍ ထိုရရှိပြီးသည့် ပထဝီကသိုဏ်းဝန်းသည် ပြန်၍ ပေါ်လာသော် ကသိုဏ်းဝန်း နိမိတ်ကို ယူ၍ရခဲ့သော် ကောင်း၏။ အကယ်၍ ကသိုဏ်းဝန်းနိမိတ်ကို ယူ၍ မရသော်လည်းကောင်း, ကသိုဏ်းဝန်းနိမိတ်မှာ ပေါ်ချီပျောက်ချီ ဖြစ်နေသော် လည်းကောင်း ထိုအခါ မိမိ ရရှိထားပြီးသည့် စတုတ္ထဈာန်သမာဓိကိုပင် တစ်ဖန် ပြန်၍ ထူထောင်ပါ။ ဉာဏ်လင်းရောင်ခြည် စွမ်းအင်များသည် ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ထိုဉာဏ်လင်းရောင် ခြည်၏ အကူအညီဖြင့် ထိုပထဝီကသိုဏ်းဝန်း နိမိတ်ကို ကသိုဏ်းဝန်း တည်ရှိရာဘက်သို့ ဉာဏ်ကို စေလွှတ်ကာ တစ်ဖန် ပြန်လည်၍ လှမ်းကာ အာရုံယူပါ။ ယင်း မိမိပြုပြင်ထားသော ကသိုဏ်းဝန်းနိမိတ်ကို တစ်ဖန် အာရုံယူ၍ ရခဲ့သော် ထိုပထဝီကသိုဏ်းဝန်းနိမိတ်ကို အဖန်ဖန် အထပ်ထပ် မှီဝဲပါ။

**န ဝဏ္ဏော ပစ္စဝေက္ခိတဗ္ဗော၊ န လက္ခဏံ မနသိကာတဗ္ဗံ။ အပိ စ ဝဏ္ဏံ အမုဉ္စိတွာ နိဿယသဝဏ္ဏံ ကတွာ ဥဿဒဝသေန ပဏ္ဏတ္တိဓမ္မေ စိတ္တံ ဌပေတွာ မနသိကာတဗ္ဗံ။** (ဝိသုဒ္ဓိ၊၁၊၁၂၂။)

ထိုသို့ ပထဝီကသိုဏ်းနိမိတ်ကို နှလုံးသွင်းရာ၌ ထိုပထဝီကသိုဏ်းဝန်း၌ တည်သော အရုဏ်ရောင် အဆင်းနှင့် တူသော အရောင်အဆင်းကိုလည်း မနောဝိညာဏ်ဖြင့် မဆင်ခြင်အပ် နှလုံးမသွင်းအပ်။ ထိုပထဝီကသိုဏ်းဝန်း၏ တည်ရာ မြေကြီး၏ ထဒ္ဓလက္ခဏာ (= ခက်မာခြင်း ပထဝီဓာတ်လက္ခဏာ)ကို လည်း နှလုံးမသွင်းအပ်။ စင်စစ်မူကား အရောင်အဆင်းကို မလွှတ်မူ၍ ထို အရောင်အဆင်းကို မိမိအရောင်အဆင်း၏ မှီရာ ပထဝီကသိုဏ်းဝန်းနှင့် တူသော အခြင်းအရာ (= တူသော အလား) ရှိသည်ကို ပြု၍ ပထဝီဓာတ် ထုပြောသည်၏အဖြစ်, သတ္တိအားဖြင့် လွန်သည်၏အဖြစ်ဖြင့် ပထဝီ (= မြေ) ဟူသော လောကဝေါဟာရပညတ်၌ စိတ်ကို ရှေးရှု တည်စေ၍ **“ပထဝီ-ပထဝီ”** (= မြေ-မြေ)ဟု နှလုံးသွင်းပါ။ (ဝိသုဒ္ဓိ၊၁၊၁၂၂။)

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်း၌ တည်ရှိသော ‘‘အရုဏ်ရောင်’’ဟူသော အရောင်အဆင်းကိုသာ တစ်ဖက်သတ် နှလုံးသွင်း ပါက ပထဝီကသိုဏ်း မဖြစ်တော့ဘဲ အရောင်ကသိုဏ်း ဖြစ်သွားလိမ့်မည်။ အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်း၌ ထူပြောလျက် ရှိသော ပထဝီဓာတ်၏ ခက်မာမှုသဘောကိုသာ တစ်ဖက်သတ် နှလုံးသွင်းမိ ပါက ပထဝီကသိုဏ်းကို နှလုံးသွင်းသည် မမည်တော့ဘဲ ဓာတ်ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည် မည်ပေလိမ့်မည်။ ပထဝီကသိုဏ်းလမ်းမှ ဓာတ်ကမ္မဋ္ဌာန်းလမ်းသို့ ပြောင်းသွားပြီ ဖြစ်၏။ ပို၍ ရှုပ်ထွေးသော ပြဿနာတစ်ရပ်ကား ယင်း ပထဝီကသိုဏ်းဝန်း၌ တည်ရှိသော မာမှုသဘောကိုသာ တစ်ဖက်သတ် နှလုံးသွင်းမိပါက နှလုံးသွင်းနေပါက ယင်းမာမှုသဘောက ယောဂါဝစရ ပုဂ္ဂိုလ်၏ ရူပကာယ တစ်ခုလုံးကို လွှမ်းခြုံထားသကဲ့သို့ ဖြစ်ကာ သမာဓိ၏ စွမ်းအင် ထက်မြက်လာသည်နှင့်အမျှ မာမှုသဘောမှာလည်း လွန်ကဲလာကာ ထိုယောဂီသူတော်ကောင်း အနေဖြင့် ထိုမာမှုသဘောကို သည်းမခံနိုင် ဖြစ်တတ်သည်။ သတိရှိစေ။ ဤစည်းကမ်းချက်ကို ပကတိသော မြေဝန်း၌ နိမိတ်ယူစဉ်၌သော်လည်းကောင်း, တစ်နေရာတွင် တရားထိုင်စဉ် ယင်း နိမိတ်ကို တစ်ဖန် ပြန်၍ အာရုံယူစဉ်၌လည်းကောင်း, ပထဝီကသိုဏ်းဝန်းကို ဖြန့်ကြက်ရာအခါ၌လည်းကောင်း လိုက်နာပါ။

မြေကြီး၌ တည်ရှိသော မူလပထဝီကသိုဏ်းဝန်းကို မျက်စိ မှိတ်တုံ ဖွင့်တုံပြု၍ နိမိတ်ကို ယူရာ၌ ပကတိသော ဖွင့်ထားသော မျက်စိဖြင့် ကသိုဏ်း ဝန်းနိမိတ်ကို မြင်ရသကဲ့သို့ မျက်စိမှိတ်ထားသော အခါ၌လည်း ထိုကသိုဏ်းဝန်းနိမိတ်သည် ထင်နေပါက ထိုအခါ **ဥဂ္ဂဟနိမိတ်** ဖြစ်ပေါ်လာပြီ ဖြစ်၏။

တစ်နေရာတွင် သွားရောက်ကာ တရားထိုင်သော အခါ၌လည်း ထို ဥဂ္ဂဟနိမိတ်ကို ပြန်လည်၍ အာရုံယူရာ လွယ်လွယ်ကူကူနှင့် တစ်ဖန် မပေါ် လာသဖြင့် မိမိ ရရှိထားပြီးသော စတုတ္ထဈာန် သမာဓိတို့တွင် တစ်မျိုးမျိုးသော စတုတ္ထဈာန်သမာဓိကို တစ်ဖန် ထူထောင်ပြီးနောက် ထိုစတုတ္ထဈာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်၏


©shwehinthar.com

အကူအညီဖြင့် ထိုမူလနိမိတ် ယူခဲ့ဖူးသော ပထဝီကသိုဏ်းဝန်း နိမိတ်ကိုပင် တစ်ဖန် ပြန်၍ အာရုံယူလိုက် သောအခါ ဖွင့်ထားသော မျက်စိဖြင့် မြင်ရသကဲ့သို့ ပထဝီကသိုဏ်းဝန်း နိမိတ်သည် ထင်လာပါမူ ထိုအခါတွင်လည်း **ဥဂ္ဂဟ-နိမိတ်**သည် ဖြစ်ပေါ်လာသည် မည်၏။

ထိုဥဂ္ဂဟနိမိတ်ကိုပင် ဆက်လက်၍ နှလုံးသွင်းခဲ့သော် မှီဝဲခဲ့သော် ပွားများခဲ့သော် ဩဒါတကသိုဏ်း၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အစဉ်အတိုင်း ကြိုးစားအားထုတ်ခဲ့သော် နီဝရဏတို့သည် ခွာအပ်ပြီး ဖြစ်ကုန်၏၊ ကွာသွားကြကုန်၏။ ကိလေသာတို့သည် အနည်ထိုင်သွားကြကုန်၏။ ဥပစာရသမာဓိဖြင့် စိတ်သည် တည်ကြည်လာ၏၊ ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာ၏။ ထိုပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလုပ်ခဲ့သော် အရပ်ဆယ်မျက်နှာသို့ တိုင်အောင် ဖြန့်ကြက်လျက် သမာဓိကို ဆက်လက်ထူထောင်ခဲ့သော် ပထမဈာန်မှသည် စတုတ္ထဈာန်သို့ တိုင်အောင် အစဉ်အတိုင်း ဆိုက်ရောက် နိုင်ပေသည်။

ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့၏ ထူးခြားချက်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ဤသို့ ဖော်ပြထား၏ –ဥဂ္ဂဟနိမိတ်၌ လက်ချောင်းရာ, တုတ်ရာ စသည့် ကသိုဏ်းအပြစ်ဒေါသများ ထင်ရှားနေတတ်၏။ ပဋိဘာဂနိမိတ်၌ကား အိတ်တွင်းမှ ထုတ်ယူအပ်သော ကြေးမုံဝန်းကဲ့သို့လည်းကောင်း, ကောင်းစွာ ပွတ်အပ်ပြီးသော ခရုသင်းခွက်ကဲ့သို့လည်းကောင်း, တိမ်တိုက်ကြားမှ ထွက်ပေါ်လာသော လပြည့်ဝန်းကဲ့သို့လည်းကောင်း, မိုးတိမ်ညိုဝ၌ ပျံသန်း နေသော ဗျိုင်းတို့ကဲ့သို့လည်းကောင်း ဥဂ္ဂဟနိမိတ်ကို ထွင်းဖောက်၍ ထွက်ပေါ်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆပေါင်း အရာအထောင်မက အလွန် စင်ကြယ်သန့်ရှင်းသည်ဖြစ်၍ ထင်လာတတ်ပေ၏။ (ဝိသုဒ္ဓိ၊၁၊၁၂၂။)

**အာပေါကသိုဏ်း = ရေကသိုဏ်း**

၁။ သပိတ်, ခွက်, ပုံးစသည်၌ အနားရေးနှင့်အမျှ ပြည့်အောင် ထည့်ထားအပ်သော, ကသိုဏ်းဝန်းအဖြစ် ပြုလုပ်ထားအပ်သော, အညို အဝါ အဖြူ အနီ အရောင်တို့ဖြင့် ရောယှက်မှု မရှိ ပကတိ ကြည်လင် သန့်ရှင်း-သော ကောင်းကင်မှ ကျလာသော မိုးရေ သို့မဟုတ် ထိုရေနှင့် အလားတူ သန့်ရှင်းသော ရေ၌သော်လည်းကောင်း,

၂။ ရေတွင်း, ရေကန်, တစ်ဖက်ဆည်ကန်, သမုဒ္ဒရာမှ တက်လာသော ဆားငံရေဖြင့် ပြည့်သော ဆားကျင်း, ဒီချောင်း, သမုဒ္ဒရာစသော ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သော ရေ၌သော်လည်းကောင်း အာပေါကသိုဏ်းနိမိတ်ကို ယူနိုင်ပေသည်။ (ဝိသုဒ္ဓိ၊၁၊၁၆၅။)

ဤညွှန်ကြားချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်အတွက် အကောင်း ဆုံးသော ရေမှာ ကြည်လင်သန့်ရှင်း-သော ရေတွင်းရေပင် ဖြစ်သည်။ ရေတွင်းရေ မရခဲ့သော် သပိတ်၌ ဖြစ်စေ, အိုးခွက်တစ်ခု၌ ဖြစ်စေ ရေပြည့်အောင် နှုတ်ခမ်းနှင့် ညီအောင် ထည့်၍ အာပေါကသိုဏ်းနိမိတ်ကို ယူပါ။ ရေတွင်း၌ တည်ရှိသော ရေ၌ဖြစ်စေ, သပိတ် အိုးခွက်-စသည်၌ တည်ရှိသော ရေ၌ဖြစ်စေ အာပေါကသိုဏ်းနိမိတ်ကို ယူရာ၌ ရေဟူသော ပညတ် သက်သက်ကိုသာ အာရုံယူပါ။ ရေတွင်းနံရံနှင့် ရေတွင်းအောက်ခြေကို လည်းကောင်း, သပိတ် အိုးခွက်တို့၏ နံရံ အောက်ခြေကိုလည်းကောင်း မကြည့်မိရန် သတိပြုပါ။ ရေသက်သက်ကိုသာ ကြည့်၍ နိမိတ်ကို ယူပါ။ တစ်ဖန် ထိုသို့ နိမိတ်ကို ယူရာ၌ မိမိ ရရှိပြီးသော စတုတ္ထဈာန်သမာဓိ တစ်ခုခုကို ဝင်စားပြီးမှ ထိုဈာန်ကြောင့် ဖြစ်ပေါ်လာသည့် ဉာဏ်လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ ထိုဈာန်မှ ထကာ မျက်စိကို ဖွင့်၍ မိမိ သတ်မှတ်ထားသော အာပေါကသိုဏ်းနိမိတ်ကို ယူခဲ့သော် ပို၍ အရမြန်တတ်သည်။ ရှေးရှေးဘာဝနာသမာဓိများက အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု-ပေးနေသောကြောင့် ဖြစ်သည်။

**န ဝဏ္ဏော ပစ္စဝေက္ခိတဗ္ဗော၊ န လက္ခဏံ မနသိကာတဗ္ဗံ။** (ဝိသုဒ္ဓိ၊၁၊၁၆၅။)

ထိုသို့ အာပေါကသိုဏ်းနိမိတ်ကို ယူရာ၌ ရေ၏အရောင်ကို နှလုံးမသွင်း ပါနှင့်၊ အရောင်ကို နှလုံးသွင်းခဲ့သော် ဝဏ္ဏကသိုဏ်း (= အရောင်ကသိုဏ်း) ဘက်သို့ ကူးသွားမည်။ အာပေါကသိုဏ်း မဟုတ်တော့ပေ။ တစ်ဖန် အာပေါ-ဓာတ်၏ ယိုစီးခြင်း **ပဂ္ဃရဏလက္ခဏာ**ကိုလည်း နှလုံးမသွင်းပါနှင့်၊ ရေ၏ အေးမှု သီတလက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်။ ယင်းဓာတ်တို့၏ သဘာဝ လက္ခဏာကို နှလုံးသွင်းခဲ့သော် ဓာတ်ကမ္မဋ္ဌာန်းဘက်သို့ ကူးသွားမည်


©shwehinthar.com

ဖြစ်၏။ အထူးသဖြင့် ရေ၏ အေးမှုသဘောကို နှလုံးသွင်းနေပါက သမာဓိ အားကောင်းလာသောအခါ ထိုသို့ နှလုံးသွင်းနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာကိုယ်၌ ချမ်းတက်လာတတ်၏။ ထိုကြောင့် အဆင်း၏ မှီရာ အာပေါ-ကသိုဏ်းကို အဆင်းနှင့် တကွ တူသော အခြင်းအရာ ရှိသည်ကို ပြု၍ အာပေါဓာတ် ထူပြောသည်၏ အစွမ်းဖြင့် အာပေါ (= ရေ)ဟူသော လောက ဝေါဟာရ ပညတ်အာရုံ၌ စိတ်ကို ထား၍ — "အာပေါ-အာပေါ-အာပေါ = ရေ-ရေ-ရေ"ဟု နှလုံးသွင်း ပွားများပါ။

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော နိမိတ် သုံးမျိုး, ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူသော ဘာဝနာ သုံးမျိုး, ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိ သုံးမျိုး အစဉ်အတိုင်း ဖြစ်ပေါ်လာ၍ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် အစဉ် အတိုင်း ဆိုက်ရောက်နိုင်ပေသည်။

တစ်ဖန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် နိမိတ်ထင်ပုံကို ဤသို့ ရှင်းပြထား၏။ "ဤ အာပေါကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ ထင်လာတတ်၏။ အာပေါကသိုဏ်းနိမိတ်ကို ယူခဲ့စဉ်က ရေသည် ရေမြုပ် ရေပွက်နှင့် ရောသော ရေဖြစ်ခဲ့မူ ထိုပုံစံအတိုင်းသာ ထင်လာတတ်၏၊ လှိုင်းတံပိုး ထခြင်း, ရေမြုပ် ရေပွက်နှင့် ရောနှောနေခြင်း စသော ကသိုဏ်းအပြစ်ဒေါသသည် ထင်လာတတ်၏။ ထိုကြောင့် ငြိမ်သက်၍ နက်ရှိုင်းသော ရေ၌ နိမိတ်ယူခြင်းက အပြစ်ဒေါသ နည်းပါးသဖြင့် ပိုကောင်းလှပေသည်။ ပဋိဘာဂနိမိတ်ကား တုန်လှုပ်ခြင်း ကင်းသည်ဖြစ်၍ ကောင်းကင်၌ ထားအပ်သော မြယပ်ဝန်းကဲ့သို့ လည်းကောင်း, မြကြေးမုံဝန်းကဲ့သို့လည်းကောင်း ဖြစ်၍ ရှေးရှုထင်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်ထင်သည်နှင့် အတူတကွသာ လျှင် ဆိုခဲ့ပြီးသည့်အတိုင်း ဥပစာရဈာန် အပ္ပနာဈာန်သို့ ရောက်ရှိ-နိုင်ပေသည်။

(ဝိသုဒ္ဓိ၊၁၊၁၆၅-၁၆၆။)

**တေဇောကသိုဏ်း = မီးကသိုဏ်း**

ရှေးရှေး ဘဝထိုထိုက ပြုအပ် ဆည်းပူးအပ်ခဲ့ဖူးသော တေဇောကသိုဏ်း ဘာဝနာလုပ်ငန်း၌ ဘာဝနာကုသိုလ် ပုညသမ္ဘာရ ရှိခဲ့ဖူးသော ပုဂ္ဂိုလ်အား ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော မီး၌ တေဇောကသိုဏ်းနိမိတ်ကို ယူခဲ့သော် ရရှိနိုင်သည်သာ ဖြစ်၏။

၁။ ဆီမီးတောက် ဆီမီးလျှံ၌လည်းကောင်း,
၂။ ချက်ပြုတ်ရာ မီးဖို၌လည်းကောင်း,
၃။ သပိတ်ဖုတ်ရာဌာန၌ တည်ရှိသော မီးပုံ၌လည်းကောင်း,
၄။ တောမီးလောင်ရာ မီးတောက်မီးလျှံ၌လည်းကောင်း –
အမှတ်မရှိ မီးတောက်လောင်ရာ အရပ်၌ မီးလျှံကို ကြည့်ရှုစဉ် ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်လာနိုင်၏။

အတိတ်ဘဝ ထိုထိုက တေဇောကသိုဏ်းကို စီးဖြန်းမှု ပါရမီ ပုညသမ္ဘာရ မရှိသော ယောဂါဝစရပုဂ္ဂိုလ်သည်ကား တေဇောကသိုဏ်းဝန်းကို ပြုလုပ်ထိုက်၏။ ပြုလုပ်ပုံ အစီအရင်ကား — အနှစ်အဆီ ရှိ၍ ခြောက်သွေ့သော ထင်းခွဲခြမ်းတို့ကို သင့်တော်ရာ တစ်နေရာ၌ သပိတ်ဖုတ်သည့် ပုံစံအနေ အထားဖြင့် အစုအပုံလိုက် မီးတောက်မီးလျှံ ထွက်ပေါ်လာ-သည့်တိုင်အောင် မီးရှို့ပါ။

သင်ဖြူးဖျာ, သားရေပိုင်း, ပုဆိုးကြမ်း, သစ်သားပျဉ်ချပ်စသည့် တစ်ခုခု တွင် တစ်ထွာလောက် အတိုင်းအရှည် ရှိသော ဝန်းဝိုင်းသော အပေါက်ကို ဖောက်၍ ထိုအပေါက်ဖောက်ထားသော အရာဝတ္ထုကို ရှေ့ထား၍ သို့မဟုတ် တစ်ထွာခန့် ဝိုင်းဝန်းသော အပေါက်ရှိသော ဇလုံပေါက်တစ်ခုကို ရှေ့၌ ထား၍ ထိုင်ပြီးလျှင် –

၁။ မီးပုံအောက်၌ လောင်နေသော မြက်ထင်းကိုလည်းကောင်း,

၂။ အထက်သို့ တက်သော မီးခိုး မီးညွန့်ကိုလည်းကောင်း

နှလုံးမသွင်းမူ၍ အလယ်၌ မကျဲမူ၍ တစ်ခဲနက် တစ်လုံးတည်းအားဖြင့် တောက်လောင်နေသော မီးတောက်မီးလျှံ၌ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ကို ယူပါလေ။ (ဝိသုဒ္ဓိ၊၁၊၁၆၆။)


©shwehinthar.com

ဝဏ္ဏော န ပစ္စဝေက္ခိတဗ္ဗော၊ ဥဏှတ္တဝသေန လက္ခဏံ န မနသိကာတဗ္ဗံ။ (ဝိသုဒ္ဓိ၊၁၊၁၆၆။)

ထိုသို့ တေဇောကသိုဏ်းနိမိတ်ကို ယူရာ၌ ထိုမီးတောက်မီးလျှံ၏ အညို, အဝါ, အနီ စသည်အားဖြင့် ပြားသော အရောင်ကို နှလုံးမသွင်းပါနှင့်။ အရောင်ကို နှလုံးသွင်းခဲ့သော် ဝဏ္ဏကသိုဏ်း (= အရောင်ကသိုဏ်း) ဘက်သို့ ကူးသွားမည် ဖြစ်၏။ ထိုမီးတောက်မီးလျှံ၏ ပူသော လက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်။ ပူသော လက္ခဏာကို နှလုံးသွင်းပါက ဓာတ်ကမ္မဋ္ဌာန်း ဘက်သို့ ပြောင်းသွားမည် ဖြစ်၏။ ပူသော လက္ခဏာကို နှလုံးသွင်းမိပါက နှလုံးသွင်းနေပါက သမာဓိ အားကောင်းလာသောအခါ ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာအိမ်သည်လည်း ပူလောင်လာတတ်ပေသည်။

ထို့ကြောင့် မီးတောက်မီးလျှံ၌ တည်ရှိသော အရောင်အဆင်း၏ တည်ရာ မီးကို အဆင်းနှင့် တကွသာလျှင် ပြု၍ တေဇောဓာတ် များပြား ထူပြောသည်၏ အစွမ်းဖြင့် တေဇော (= မီး)ဟူသော လောကဝေါဟာရ ပညတ်၌ စိတ်ကို ထား၍ **"တေဇော-တေဇော-တေဇော = မီး-မီး-မီး"**ဟု နှလုံးသွင်း ပွားများပါ။ ဤသို့ ပွားများအားထုတ်သော ထိုယောဂါဝစရပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်များ ဖြစ်ပေါ်လာမည် ဖြစ်၏။

(ဝိသုဒ္ဓိ၊၁၊၁၆၆. . . ကြည့်ပါ။)

ဤညွှန်ကြားချက်များနှင့် အညီ တေဇောကသိုဏ်းကို ပွားများအားထုတ် လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် မီးတောက်မီးလျှံရှိရာ အရပ်သို့ ရှေးဦးစွာ ချဉ်းကပ်ပါ။ ထိုနေရာ၌ မိမိ ရရှိထားပြီးသည့် တစ်မျိုးမျိုးသော စတုတ္ထဈာန်-သမာဓိကို ပြန်လည်၍ ထူထောင်ပါ။ ထိုဈာန်မှ ထသောအခါ မျက်စိကို ဖွင့်လျက် ယင်းမီးတောက်မီးလျှံ၌ အောက် မီးလောင်နေသည့် ထင်းစနှင့် အပေါ်ပိုင်း မီးညွန့်တို့ကို မကြည့်ဘဲ အလယ် မီးတောက်ကိုသာ ကြည့်၍ တေဇောကသိုဏ်း နိမိတ်ကို ယူကြည့်ပါ။ မအောင်မြင်ခဲ့သော် ဆယ်လက်မခန့် အပေါက်ရှိသော ဇလုံပေါက်တစ်ခုကို ရှေ့က ခံထား၍ ထိုဇလုံပေါက်၏ ရှေ့၌ တည်ရှိသော မီးတောက်မီးလျှံ၌ တေဇောကသိုဏ်းနိမိတ်ကို ယူကြည့်ပါ။ အောင်မြင်တတ်ပါသည်။

အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့ကား ထိုကဲ့သို့ မပြုလုပ်တော့ဘဲ မိမိ တရားထိုင်နေကျ နေရာမှာပင် မိမိ ရရှိထားပြီးသည့် စတုတ္ထဈာန်သမာဓိ တစ်ခုခုကို ထူထောင်ပြီးသောအခါ ထိုစတုတ္ထဈာန်သမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသော လင်းရောင်ခြည်အကူအညီဖြင့် ရှေးယခင်က မိမိ မြင်ခဲ့ဖူး တွေ့ကြုံခဲ့ဖူးသော တောမီးလောင်သည့်အခါ သို့မဟုတ် အိမ်ကို မီးလောင်သည့်အခါ သို့မဟုတ် အမှိုက်ပုံကို မီးလောင်သည့်အခါ စသည်တို့၌ ဖြစ်ပေါ်နေသော မီးတောက် မီးလျှံကို တစ်ဖန် ပြန်၍ အာရုံယူကြည့်လိုက်သောအခါ ဉာဏ်အလင်းရောင် အောက်တွင် ထိုမီးတောက်မီးလျှံကို ဉာဏ်မျက်စိဖြင့် အာရုံယူ၍ ရတတ်ပေသည်။ ထိုအခါ ထိုမီးတောက်မီးလျှံ၌ပင် ရှေးနည်းအတူ တေဇောကသိုဏ်းနိမိတ်ကို ယူခဲ့သော် ရှေးရှေးသော ဘာဝနာသမာဓိတို့၏ အားကြီး သော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိကို ဆက်ခံရသောကြောင့် လွယ်လွယ်ကူကူပင် တေဇောကသိုဏ်းနိမိတ်ကို ယူရတတ်ပေသည်။ မိမိ ရရှိထားပြီးသည့် တေဇောကသိုဏ်းနိမိတ်ကို ပြန်လည်၍ အာရုံယူသည်နှင့် တူညီပေသည်။

တေဇောကသိုဏ်းနိမိတ်ကို ယူ၍ အောင်မြင်မှု ရရှိခဲ့သော် ထိုနိမိတ်ကိုပင် အာရုံယူကာ သမာဓိကို ဆက်လက် ထူထောင်ပါ။ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော နိမိတ် သုံးမျိုး, ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူသော ဘာဝနာ သုံးမျိုး, ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိ သုံးမျိုးတို့ကို အစဉ်အတိုင်း ရရှိ အောင် ကြိုးစားအားထုတ်ပါ။

ထိုသို့ အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် နှစ်မျိုးတို့တွင် ဥဂ္ဂဟနိမိတ်ကား မီးတောက်မီးလျှံသည် ပြတ်၍ ပြတ်၍ ကျသည်နှင့် တူသည်ဖြစ်၍ ထင်လာ ၏။ ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သော မီးပုံ၌ တေဇောကသိုဏ်းနိမိတ်ကို ယူသော ပုဂ္ဂိုလ်အားကား ကသိုဏ်း၏ အပြစ်ဒေါသသည် ထင်ရှား၏၊ မီး အပိုင်းအစ (= မီးထင်းစ)သည်လည်းကောင်း, မီးကျီးစု မီးကျီးခဲပုံသည် လည်းကောင်း, ပြာသည်လည်းကောင်း, မီးခိုးသည်လည်းကောင်း ထင်နေ တတ်၏။ ပဋိဘာဂနိမိတ်သည်ကား မတုန်လှုပ်သည်ဖြစ်၍ ကောင်းကင်၌ ဖြန့်ခင်းထား-အပ်သော ကမ္ဗလာပိုင်းကဲ့သို့လည်းကောင်း, ရွှေယပ်ဝန်းကဲ့သို့ လည်းကောင်း, ရွှေသည်တိုင်ကဲ့သို့လည်းကောင်း ထင်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်၏ ထင်သည်နှင့် အတူတကွသာလျှင် ဥပစာရဈာန်ကို-


©shwehinthar.com

လည်းကောင်း, အပ္ပနာစျာန်ကိုလည်းကောင်း ရောက်ရှိနိုင် ပေသည်။ (ဝိသုဒ္ဓိ၊၁၊၁၆၆။)

**ဝါယောကသိုဏ်း = လေကသိုဏ်း**

**ဝါယောကသိဏံ ဘာဝေတုကာမေနာပိ ဝါယုသ္မိံ နိမိတ္တံ ဂဏှိတဗ္ဗံ၊ တဉ္စ ခေါ ဒိဋ္ဌဝသေန ဝါ ဖုဋ္ဌဝသေန ဝါ။** (ဝိသုဒ္ဓိ၊၁၊၁၆၇။)

ဝါယောကသိုဏ်းကို ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း လေ၌ နိမိတ်ကို ယူအပ်၏။ ထိုဝါယောကသိုဏ်းနိမိတ်ကိုလည်း

၁။ အမြင်၏ အစွမ်းဖြင့်လည်းကောင်း,

၂။ အတွေ့၏ အစွမ်းဖြင့်လည်းကောင်း ယူအပ်ပေသည်။ ထို့ကြောင့် —

၁။ သစ်ပင်ဖျား သစ်ရွက်ဖျားစသည်တို့၌ တိုက်ခတ်၍နေသော လေကို ကြည့်၍ မြင်၍လည်း ဝါယောကသိုဏ်းနိမိတ်ကို ယူနိုင်၏။

၂။ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်နေရာ၌ လာရောက် တွေ့ထိနေသော လေကိုလည်း ဝါယော-ကသိုဏ်းနိမိတ်အဖြစ် ယူနိုင်၏။

မိမိ၏ ကိုယ်အင်္ဂါ၌ တွေ့ထိသော လေကို ဝါယောကသိုဏ်းနိမိတ်အဖြစ် ယူလိုသော် ရှေးဦးစွာ မိမိ ရရှိထားပြီး-သော တစ်မျိုးမျိုးသော စတုတ္ထစျာန်သမာဓိကို တစ်ဖန် ပြန်၍ ထူထောင်ပါ။ ထိုစတုတ္ထစျာန်ကြောင့် ဖြစ်ပေါ်လာသော ဉာဏ်လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ လေသာပြူတင်းပေါက်စသည်မှ ဝင်လာ၍ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်နေရာ၌ လာရောက်ထိခိုက်သော လေအစု၌ သတိကို ဖြစ်စေ၍ —**"ဝါယော-ဝါယော-ဝါယော - လေ-လေ-လေ"**ဟု နှလုံးသွင်း ပွားများပါ။

အကယ်၍ သစ်ပင်ဖျား သစ်ရွက်ဖျား စသည်တို့၌ တိုက်ခတ်၍နေသော လေကို ကြည့်၍ နိမိတ်ကို ယူလိုခဲ့သော် ရှေးဦးစွာ မိမိ ရရှိထားပြီးသော တစ်မျိုးမျိုးသော စတုတ္ထစျာန်သမာဓိကို ထူထောင်ပြီးနောက် လင်းရောင်ခြည် စွမ်း-အင်များ အားကောင်းလာသောအခါ ထိုလင်းရောင်ခြည်၏ အကူညီဖြင့် ထိုလေကို မြင်အောင် ကြည့်၍ ထိုလေ၌ သတိကို ဖြစ်စေ၍ — **"ဝါယော-ဝါယော-ဝါယော - လေ-လေ-လေ"**ဟု နှလုံးသွင်း ပွားများပါ။ နိမိတ် သုံးမျိုး, ဘာဝနာ သုံးမျိုး, သမာဓိ သုံးမျိုးလုံးကို ရရှိအောင် စတုတ္ထစျာန်သမာဓိသို့ ဆိုက်ရောက်သည့်တိုင်အောင် အစဉ်အတိုင်း ပွားများအား-ထုတ်ပါ။

ဥဂ္ဂဟနိမိတ်ကား ခုံလောက် (= ဖိုခနောက်)မှ ချအပ်ကာမျှ ဖြစ်သော နို့ယနာဆွမ်း၏ အခိုးအငွေ့အလုံးနှင့် တူစွာ တုန်လှုပ်သည်ဖြစ်၍ ထင်လာ၏။ ပဋိဘာဂနိမိတ်သည်ကား ငြိမ်သက်သော အနေအထိုင်ရှိသည် မတုန်လှုပ်-သည်ဖြစ်၍ ထင်လာ၏။ ကြွင်း နည်းတူ မှတ်လေ။ (ဝိသုဒ္ဓိ၊၁၊၁၆၇။)

**အာလောကကသိုဏ်း = အလင်းရောင်ကသိုဏ်း**

အာလောကကသိုဏ်းကို နိမိတ်ယူလိုသော ယောဂါဝစရပုဂ္ဂိုလ်သည်

၁။ နံရံပေါက်ဖြင့် ဝင်၍ ထင်လာသော လရောင် နေရောင်အဝန်း,

၂။ သံကောက်ပေါက်ဖြင့် ဝင်၍ ထင်လာသော လရောင် နေရောင်အဝန်း,

၃။ လေသောက်တံခါးပေါက်ဖြင့် ဝင်၍ ထင်လာသော လရောင် နေရောင်အဝန်း —

ဤအဝန်း တစ်ခုခု၌ နိမိတ်ကို ယူနိုင်၏။ (ဝိသုဒ္ဓိ၊၁၊၁၆၉။)

အာလောကကသိုဏ်း ဘာဝနာလုပ်ငန်း၌ ပြုအပ်ခဲ့ဖူးသော 'အဓိကာရ' ကောင်းမှုကုသိုလ်ပါရမီ ရှိသော ယောဂါဝစရသူတော်ကောင်းအား နံရံပေါက် စသည်တို့တွင် တစ်ခုခုသော အပေါက်ဖြင့် နေရောင်သည်လည်းကောင်း,


©shwehinthar.com

လရောင်သည်လည်းကောင်း ဝင်၍ နံရံ၌လည်းကောင်း, မြေ (= ကြမ်းပြင်)၌ လည်းကောင်း ထင်လာသော အလင်းရောင်အဝန်းကို မြင်၍သာလျှင် ဥဂ္ဂဟ နိမိတ် ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာနိုင်၏။ တစ်ခဲနက် ထူသော အရွက် ရှိသော သစ်ပင်၏ အခက်ကြားဖြင့်လည်းကောင်း, တစ်ခဲနက် ထူသော သစ်ခက်မဏ္ဍပ်ကြားဖြင့်သော်လည်းကောင်း ထွက်၍ မြေ၌သာလျှင် ထင်လာ သော အရောင်အဝန်းကို မြင်၍သာလျှင်လည်း ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် သည် ဖြစ်ပေါ်လာနိုင်၏။ (ဝိသုဒ္ဓိ၊၁၊၁၆၉။)

အာလောကကသိုဏ်း ဘာဝနာလုပ်ငန်း၌ ဖြည့်ဆည်းပူးခဲ့သော ပါရမီ အရှိန်အဝါ အားပျော့သော ယောဂါဝစရပုဂ္ဂိုလ်သည်ကား အထက်တွင် တင်ပြထားသော အလင်းရောင် သုံးမျိုးတို့တွင် တစ်မျိုးမျိုး၌ — **"အာလောကော-အာလောကော-အာလောကော - အလင်းရောင်-အလင်းရောင်-အလင်းရောင်"**ဟု နှလုံးသွင်း ပွားများပါ။ မအောင်မြင်ခဲ့သော် အိုးတစ်လုံး၏ အတွင်း၌ ဆီမီးကို ညှိထွန်း၍ အိုးဝကို ပိတ်၍ အိုး၌ အပေါက်တစ်ခု ပြုလုပ်၍ နံရံဘက်သို့ ရှေးရှုတည်ထားပါ။ ထိုဖောက်ထားသော အိုးပေါက်မှ ဆီမီးရောင်သည် ထွက်၍ နံရံ၌ အဝန်းအဝိုင်း ထင်နေပေမည်။ ထိုနံရံ၌ ထင်နေသော ဆီမီးရောင် အဝန်းအဝိုင်းကို — **"အာလောကော-အာလောကော-အာလောကော - အလင်းရောင်-အလင်းရောင်-အလင်းရောင်"**ဟု နှလုံးသွင်း ပွားများပါလေ။ ဤသို့ ပြုပြင်စီမံထားသော အလင်း-ရောင်ကသိုဏ်းဝန်းကား လရောင် နေရောင်တို့ကြောင့် ထင်နေသော ကသိုဏ်းဝန်းထက် ပို၍ တာရှည် ခံပေသည်။ (ဝိသုဒ္ဓိ၊၁၊၁၆၉။)

အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် လည်းကောင်း, အခြားအခြားသော ကသိုဏ်းတို့၌ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်လည်းကောင်း သမာဓိကို ထူထောင်ထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် နံနက်ခင်းအခါ သို့မဟုတ် ညနေချမ်းအခါဝယ် ထူထဲသော သစ်ခက် သစ်ရွက်ရှိသော သစ်ပင်၏ သစ်ခက် သစ်ရွက်တို့၏ အကြားမှ မြင်တွေ့ရသော နေရောင်ခြည်၏ အလင်းရောင်ကို အာရုံယူ၍ အာလောက ကသိုဏ်းနိမိတ်ကို ရယူခဲ့သော် လွယ်လွယ်ကူကူပင် နိမိတ်ကို ယူ၍ရတတ်ပေ ၏။ ထိုသို့ နိမိတ်ကို ယူနိုင်ခဲ့သော် ထင်လာသော ဥဂ္ဂဟနိမိတ်တို့၏ အလင်း ရောင်၏ စွမ်းအင်မှာလည်း ပို၍ အားကောင်းတတ်ပေသည်။ မှောင်မိုက်နေ သော ညဥ့်အခါဝယ် ယင်းကဲ့သို့-သော အောင်မြင်မှုကို ရရှိထားပြီးဖြစ်သော အာလောကကသိုဏ်းဝန်း နိမိတ်ကို ဖြန့်ကြက်ခဲ့သော် ကသိုဏ်းဝန်းကို ဖြန့်ကြက်ထားပြီးရာအရပ်အတွင်း၌ တည်ရှိနေသော အလင်းရောင်မှာ နေ့အခါ၌ကဲ့သို့ပင် လင်းနေသော ဟူ၏။ အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ်၌ လာရှိသော ပစလယမာနသုတ္တန် (အံ၊၂၊၄၆၃။)၌ လာရှိသော ဘုရားရှင်၏ ညွှန်ကြားတော်မူချက်နှင့် ညီညွတ်လျက်ပင် ရှိပေသည်။

ဤအာလောကကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံ၌လည်းကောင်း, မြေ (= ကြမ်းပြင်)၌လည်းကောင်း, သစ်ခက် သစ်ရွက်ကြားစသည်၌လည်းကောင်း ထင်နေသော ပကတိအလင်းရောင် အဝန်းအဝိုင်းနှင့် တူ၏။ ပဋိဘာဂနိမိတ်-သည်ကား ဘုရားရှင်၏ တစ်လံမျှလောက်သော ရောင်ခြည်တော်ဝန်းကဲ့သို့ တစ်ခဲနက် အတုံးလိုက် အခဲလိုက် ဖြစ်၍ အထူးကြည်လင်လှသော အလင်းရောင်အစုနှင့် တူ၏။ ကြွင်း နည်းတူမှတ်ပါ။ (ဝိသုဒ္ဓိ၊၁၊၁၆၉။)

ဤ အာလောကသညာ ခေါ် အာလောကကသိုဏ်းမှာ ထိနမိဒ္ဓ ပယ်ဖျောက်ရေးတွင် အကောင်းဆုံးသော လက်နက်တစ်မျိုး ဖြစ်၏။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် ပစလယမာနသုတ္တန် (အံ၊၂၊၄၆၃ . .)၌ ထိနမိဒ္ဓကို ပယ်ဖျောက်ကြောင်း ပျောက်ကင်းကြောင်း တရား (၇)မျိုးကို ခွဲခြားကာ ဟောကြားထားတော်မူ၏။ ယင်း (၇)မျိုးတို့တွင် ဤအာလောကသညာသည် လည်း တစ်ခုအပါအဝင် ဖြစ်သည်။ နိဗ္ဗာန်ကို လိုလားတောင့်တလျက်ရှိသော ပုဂ္ဂိုလ်တိုင်း လက်ကိုင်ထားသင့်သော ကမ္မဋ္ဌာန်း တစ်မျိုးပင် ဖြစ်သည်။ဒိဗ္ဗစက္ခုအဘိညာဏ်၏ အခြေခံ တေဇောကသိုဏ်း, ဩဒါတကသိုဏ်း, အာလောကကသိုဏ်းဟူသော သုံးမျိုးသော ကသိုဏ်းတို့တွင် —

(ဣမေသု စ ပန တီသု) အာလောကကသိဏံယေဝ သေဋ္ဌတရံ။

(ဝိသုဒ္ဓိ၊၂၊၅၈။)

ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် အညီ ဤအာလောကကသိုဏ်းမှာ အကောင်းဆုံး အမြတ်ဆုံးသော ကသိုဏ်းတစ်ခုပင် ဖြစ်သည်။


©shwehinthar.com

**အာကာသကသိုဏ်း = ကောင်းကင်ကသိုဏ်း**

၁။ နံရံပေါက်၌သော်လည်းကောင်း,

၂။ သံကောက်ပေါက်၌သော်လည်းကောင်း,

၃။ လေသာပြူတင်းပေါက်ကြား၌သော်လည်းကောင်း —

အာကာသကသိုဏ်း (= အကြားအပေါက်ကသိုဏ်း = ကောင်းကင်ကသိုဏ်း)နိမိတ်ကို ရယူနိုင်ပေသည်။ (ဝိသုဒ္ဓိ၊၁၊၁၆၉။ )

ရှေးရှေးဘဝက အာကာသကသိုဏ်း ဘာဝနာလုပ်ငန်း၌ ပြုအပ်ခဲ့ဖူးသော 'အဓိကာရ'ကောင်းမှုကုသိုလ် ရှိသသူအား နံရံပေါက်စသော အကြား အပေါက် တစ်ခုခုကို တွေ့မြင်ခဲ့သော် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် လွယ်ကူစွာပင် ဖြစ်ပေါ်လာနိုင်၏။ အဓိကာရကောင်းမှုကုသိုလ် အားနည်း သူကား နေပြောက်မထိုးရအောင် ကောင်းစွာ မိုး၍ထားအပ်သော မဏ္ဍပ်၌ သော်လည်းကောင်း, သားရေ ဖျာစသည်တို့တွင် တစ်ခုခု၌သော်လည်း ကောင်း တစ်ထွာ လက်လေးသစ်စသည် ပမာဏရှိသော ဝန်းဝိုင်းသော အပေါက်ကို ပြုလုပ်၍ ထိုကသိုဏ်းဝန်းအဖြစ် ပြုလုပ်ထားအပ်သော အပေါက် ကိုသော်လည်းကောင်း, နံရံပေါက်စသော တစ်ခုခုသော အပေါက်ကိုသော် လည်းကောင်း အာကာသကသိုဏ်းနိမိတ်အဖြစ် အာရုံယူ၍ **"အာကာသော-အာကာသော-အာကာသော = ကောင်းကင်-ကောင်းကင်-ကောင်းကင်"**ဟူ၍ နှလုံးသွင်း ပွားများအပ်၏။ (ဝိသုဒ္ဓိ၊၁၊၁၆၉။)

အကယ်၍ အောင်မြင်မှုကို မရရှိခဲ့လျှင် တစ်ထွာခန့် တစ်ပေခန့် အပေါက်အဝိုင်းတစ်ခုကို သစ်သားပျဉ်ချပ်တွင် စက်ဝိုင်းကျကျ ဖောက်ပါ။ ထိုအာကာသကသိုဏ်းဝန်းပါသော ပျဉ်ချပ်ကို သစ်ပင် မိုးသား တိမ်ရိပ်စသော အပြစ်ကင်းစင်သည့် ကောင်းကင်ဘက်သို့ မြှောက်၍ ကိုင်ထားပါ၊ ထိုအဝန်း အဝိုင်း အာကာသနိမိတ်ကို ပျဉ်ပြားချပ်၏ ဖောက်ထားသော စက်ဝိုင်းအတွင်း၌ စိတ်စိုက်၍ အာရုံယူကြည့်ပါ။ ကသိုဏ်းဝန်းအပေါက်ကို ကျော်လွန်၍ ကောင်းကင်ဘက်သို့ လိုက်မကြည့်ပါနှင့်။ ပျဉ်ပြားချပ်တွင် ဖောက် ထွင်းထားသော ကသိုဏ်းဝန်း၌သာ အာကာသ-ကသိုဏ်းနိမိတ်ကို ယူပါ။ အကယ်၍ မျက်စိကို ဖွင့်တုံ မှိတ်တုံပြုကာ ကသိုဏ်းဝန်းနိမိတ်ကို ယူနေသော်လည်း လွယ်ကူစွာဖြင့် နိမိတ်ကိုယူ၍ မရ ဖြစ်နေသေးလျှင် မိမိရရှိထားပြီး သော တစ်မျိုးမျိုးသော စတုတ္ထဈာန်သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုနောင် ယင်းစတုတ္ထဈာန်မှ ထ၍ ပုံစံတူပင် အာကာသကသိုဏ်းဝန်းနိမိတ်ကို မျက်စိဖွင့်၍ ပြန်ယူကြည့်ပါ။ မျက်စိကို မှိတ်လိုက်သောအခါ ဥဂ္ဂဟနိမိတ်သည် ထင်လာပါက အောင်မြင်မှုကို ရရှိပေပြီ။ အောင်မြင်မှုကို ရရှိ သောအခါ နိမိတ်ကို ခိုင်အောင် ဆက်လက်လေ့ကျင့်၍ မိမိအလိုရှိရာ အရပ်သို့ သွား၍ ထိုင်လျက် ပွားများနိုင်ပေသည်။ မိမိ ကြိုက်နှစ်သက်ရာ နေရာ၌ ထိုင်သောအခါ မိမိရရှိထားပြီးသည့် သမာဓိများကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ အထူးသဖြင့် မိမိနှစ်သက်ရာ တစ်မျိုးမျိုးသော စတုတ္ထဈာန် သမာဓိသို့တိုင်အောင် သမာဓိကို ထူထောင်ပါ။ ထိုနောင် မိမိ နိမိတ်ယူ၍ ရရှိထားပြီးဖြစ်သည့် အာကာသကသိုဏ်းဝန်းနိမိတ်ကိုပင် တစ်ဖန် ပြန်၍ အာရုံယူပါ။ ရှေးရှေးသော ဘာဝနာသမာဓိတို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကို ဆက်ခံရသော နောက်နောက်သော ဘာဝနာသမာဓိမှာလည်း လွယ်ကူချောမောလျက်ပင် ရှိနေတတ်ပါသည်။

ဤအာကာသကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံပေါက်စသည်တို့နှင့် အတူတကွ ထိုမူလနံရံပေါက်စသည်တို့နှင့် တူသည်သာလျှင် ဖြစ်ပေသည်။ ဥဂ္ဂဟနိမိတ်အခိုက်၌ ဘာဝနာစွမ်းအား နည်းပါးသည့် အတွက်ကြောင့် ကသိုဏ်းဝန်းကို တိုးပွားအောင်ပြုလုပ်သော်လည်း မတိုးပွားနိုင်သေးပေ။ ပဋိဘာဂနိမိတ်ကား နံရံစွန်းစသည် မထင်တော့ဘဲ ကောင်းကင်အဝန်း သက်သက်သာ ဖြစ်၍ ထင်လာတော့သည်။ ထိုအခါ အာကာသကသိုဏ်း ဘာဝနာလုပ်ငန်း, အာကာသကသိုဏ်း ဘာဝနာသမာဓိသည် မြဲမြံသွားပြီ ဖြစ်သောကြောင့် ကသိုဏ်းဝန်းကို တိုးပွားစေသော်လည်း ကသိုဏ်းဝန်းသည် တိုးပွားလာနိုင်ပေသည်။ ကြွင်း နည်းတူပေပြီ။ (ဝိသုဒ္ဓိ၊၁၊၁၆၉။)

ကသိုဏ်း (၁၀)ပါးတို့ကို ပွားများပုံ အစီအရင်သည် ဤတွင် ပြီးဆုံးသွား ပေပြီ။ ယောဂါဝစရပုဂ္ဂိုလ်သည် ဘုရားဟော ဒေသနာတော်စဉ်အတိုင်း -ပထဝီ, အာပေါ, တေဇော, ဝါယော, နီလ (= အညိုရောင်), ပီတ (= အဝါရောင်), လောဟိတ


©shwehinthar.com

(= အနီရောင်), ဩဒါတ (= အဖြူရောင်), အာလောက (= အလင်းရောင်), အာကာသ (= ကောင်းကင်)ဟူသော ကသိုဏ်းဆယ်ပါးတို့ကို အစဉ်အတိုင်း ကသိုဏ်းတိုင်း ကသိုဏ်းတိုင်းဝယ် စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည့်တိုင်အောင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ အားထုတ်ပါ။

ထိုသို့ ကြိုးစားအားထုတ်နိုင်ပါက မည်သည့်အရာဝတ္ထုနှင့်ပင် တွေကြုံရသည်ဖြစ်စေ ကသိုဏ်းဝန်းနိမိတ်အဖြစ် အာရုံယူ၍ ရနိုင်သည့် အရာဝတ္ထု မှန်ပါက ကသိုဏ်းနိမိတ်အဖြစ် လှမ်း၍ အာရုံယူလိုက်သည်နှင့် တစ်ပြိုင်နက် ကသိုဏ်းနိမိတ်ကို လွယ်လွယ်ကူကူပင် ရယူနိုင်ပေသည်။ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုမှ ဘာဝနာဟူသော အနှစ်သာရကို ထုတ်ယူတတ်ပါက ယခုကဲ့သို့သော နည်းမှန်လမ်းမှန် နှလုံးသွင်းတတ်မှု (= **ယောနိသောမနသိကာရ**) ထင်ရှားရှိနေသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအဖို့ ပဌမဈာန်သမာဓိ, ဒုတိယဈာန်သမာဓိ, တတိယဈာန်သမာဓိ, စတုတ္ထဈာန်သမာဓိကဲ့သို့သော ဘာဝနာအနှစ်သာရများကား လွယ်လွယ်ကူကူပင် ထွက်ပေါ်လာမည် ဖြစ်ပေသည်။ ယင်း ဈာန်သမာဓိများက နီဝရဏကိလေသာ အညစ်အကြေး တို့ကို ခပ်ကြာကြာ ခွာထားနိုင်သဖြင့် ထိုကဲ့သို့ ပွားများအားထုတ်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် မဟာပထဝီမြေကြီးနှင့် တူညီသော စိတ်ထား, ရေနှင့် တူညီသော စိတ်ထား, မီးနှင့် တူညီသော စိတ်ထား, လေနှင့် တူညီသော စိတ်ထား, ကောင်းကင်နှင့် တူညီသော စိတ်ထားများသည် ယာယီ အခိုက်အတန့်အားဖြင့် အထူးသဖြင့် ဈာန်ကို ဝင်စားနေနိုင်သမျှ ကာလပတ် လုံး ဖြစ်ပေါ်နေကြမည်သာ ဖြစ်ပေသည်။ လာဘ်ရခြင်း, လာဘ်မရခြင်း, အခြံအရံ အကျော်အစော များခြင်း, အခြံအရံ အကျော်အစော နည်းပါးခြင်း, အကဲ့ရဲ့ခံရခြင်း, အချီးမွမ်းခံရခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်းဟူသည့် လောကဓံ လေပြင်းမုန်တိုင်းတို့ တိုက်ခတ်လာသောအခါ၌လည်း အထိုက် အလျှောက် ကြံ့ကြံ့ခိုင်ကြည် ရပ်တည်နိုင်မည် ဖြစ်ပေသည်။ လောကဓံ လေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်း မရှိသည့် **တာဒိဂုဏ်**နှင့် အထိုက် အလျောက် ပြည့်စုံနေမည်သာ ဖြစ်ပေသည်။ တစ်ဖန် ယင်းစတုတ္ထဈာန် သမာဓိတို့ကို ဝိပဿနာ၏ အခြေခံအကြောင်းရင်း ပါဒကဈာန်အဖြစ် ထူထောင်ကာ ဝိပဿနာသို့ ကူးတက်သွားပါက ယင်းသမာဓိတရားတို့က အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးတရားတို့ကို ရရှိလေအောင် အားကြီး သော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးနေကြမည်သာ ဖြစ်ပေသည်။ အကယ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားပါက မြေ-ရေ-မီး-လေ- ကောင်းကင်တို့နှင့် တူညီသော စိတ်ထားများသည် ထာဝရ ကိန်းဝပ်နိုင်ကြပြီ ဖြစ်ကြသဖြင့် တာဒိဂုဏ်နှင့် ခြွင်းချက် မရှိ အပြီးတိုင် ပြည့်စုံပြီ ဖြစ်ပေသည်။

✧✧✧


©shwehinthar.com

## အရူပါဝစရဈာန်ပိုင်း

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်က ဝိပဿနာသို့ မကူးလိုသေးဘဲ အရူပဈာန်သမာပတ်တွေကို ဆက်လက်ကာ လေ့ကျင့်လိုပါကလည်း ဆက်လက် ပွားများ အားထုတ်နိုင်ပေသည်။ ဤစာမူ၌ကား ဖြစ်နိုင်သမျှ အကျဉ်းချုပ်ကာ ရေးသားတင်ပြပေအံ့။ ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်ရေးအတွက်ကား ဆရာသမားများနှင့်သာ ချဉ်းကပ်လေ့လာပါ။

အရူပါဝစရဈာန်သည် —

၁။ **အာကာသာနဉ္စာယတနဈာန်** = အာကာသ (= ကောင်းကင်ပညတ်)လျှင် တည်ရာအာရုံရှိသော ဈာန်,

၂။ **ဝိညာဏဉ္စာယတနဈာန်** = အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော ဈာန်,

၃။ အာကိဉ္စညာယတနဈာန် = အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိမှု (= နတ္ထိဘာဝပညတ်)လျှင် တည်ရာအာရုံရှိသော ဈာန်,

၄။ နေဝသညာနာသညာယတနဈာန် = (ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ၊ အလွန့်အလွန် သိမ်မွေ့နူးညံ့သော သညာသာ ရှိသဖြင့်) သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်သော ဈာန်

ဤသို့လျှင် (၄)မျိုး ရှိပေသည်။

### အာကာသာနဉ္စာယတနဈာန်

ကသိုဏ်းဆယ်ပါးတို့၌ ကသိုဏ်းတစ်ပါးတစ်ပါးလျှင် စတုတ္ထဈာန် သမာဓိသို့တိုင်အောင် အဝါးဝစွာ လေ့ကျင့်-အပ်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းမှသည် အာလောကကသိုဏ်းသို့ တိုင်အောင် (၉)မျိုးသော ကသိုဏ်းတို့တွင် မည်သည့်ကသိုဏ်းမှ မဆို အရူပဈာန်တို့သို့ ကူးလိုက ကူးနိုင်သည်သာ ဖြစ်ပေသည်။ ဤတွင် ပထဝီကသိုဏ်းမှ ကူးပုံကို အကျဉ်းချုပ်ကာ တင်ပြပေအံ့။

အာကာသာနဉ္စာယတနဈာန်ကို ပွားများအားထုတ်လိုသော ယောဂါ ဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ ရုပ်တရားတို့၏ အပြစ်ကို မြင်အောင် ရှုဆင်ခြင် အပ်၏။

မိဘတို့၏ သုက်သွေးကို အမှီပြု၍ ထင်ရှားဖြစ်ပေါ်လာရသော, ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားတို့ကြောင့် ထင်ရှား ဖြစ်ပေါ်လာရသော ဤရူပကာယခန္ဓာကိုယ်ကို **'ကရဇကာယ'**ဟု ခေါ်ဆို၏။ ယင်းကရဇကာယ ထင်ရှား ရှိနေခြင်းကြောင့် တုတ် ဓား စသော လက်နက်ကို စွဲကိုင်လျက် သတ်ပုတ်ကြ၏၊ ရိုက်-နှက်ကြ၏၊ ညှဉ်းပန်းနှိပ်စက်ကြ၏၊ ခိုက်ရန် ဖြစ်ကြ၏၊ ငြင်းခုံကြ၏၊ မျက်စိရောဂါ နားရောဂါစသည်ဖြင့် အနာရောဂါ အမျိုးမျိုးကို ခံစားရ၏။ ဤကရဇကာယ အမည်ရသော ရုပ်တရားသာ ထင်ရှား မရှိပါက ထိုကဲ့သို့သော ဒုက္ခမျိုးစုံမှ လွတ်ပေလိမ့်မည်ဟု ပညာဖြင့် ဆင်ခြင်၍ ရုပ်တရားကိုသာလျှင် ငြီးငွေ့ခြင်းငှာ စက်ဆုပ်ခြင်းငှာ ချုပ်စေခြင်းငှာ အာကာသာနဉ္စာယတနဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရ၏။ ထိုသို့ အားထုတ်ရာဝယ် ရှေးဦးစွာ ကရဇကာယ-အမည်ရသော ရုပ်တရား၌ ယင်းကဲ့သို့ အပြစ်ကို မြင်အောင် ရှု၍ ထိုရုပ်တရားကို ကျော်လွှားလွန်မြောက် ဖို့ရန် ပထဝီကသိုဏ်း၌ စတုတ္ထဈာန်ကို ဖြစ်စေအပ်၏။ ထိုစတုတ္ထဈာန်၏ အာရုံဖြစ်သော ပထဝီကသိုဏ်းရုပ်ကိုလည်း ရုပ်ဟုပင် ယူဆကာ (= မူလ ပထဝီကသိုဏ်းဝန်း နိမိတ်ယူရာ မြေကြီးမှာ ဥတုဇသြဇဋ္ဌမကရုပ်တို့၏ အပေါင်းအစုဖြစ်၍ ရုပ်အစစ်ဖြစ်၏။ ထိုရုပ်တရားတို့ကို မှီ၍ဖြစ်ပေါ်လာသော ဖြန့်ကြက်ထားအပ်သော ပထဝီကသိုဏ်းဝန်းနိမိတ်မှာ ကသိုဏ်းပညတ်မျှသာ ဖြစ်သော်လည်း မူလပထဝီကသိုဏ်းဝန်း ရုပ်အစစ်ကို မှီ၍ ဖြစ်ပေါ်လာသော ကသိုဏ်းပညတ်ဖြစ်ခြင်းကြောင့် ယင်းဖြန့်ကြက်ထားပြီးသော ပထဝီကသိုဏ်း ဝန်းကိုလည်း ရုပ်ဟုပင် ယူဆကာ) ထိုပထဝီကသိုဏ်းရုပ်မှ ငြီးငွေ့၍ ကျော်လွှား လွန်မြောက်လိုသည်ဖြစ်၍ ဝသီဘော် ငါးတန်ကို နိုင်နင်းအောင် လေ့ကျင့်အပ်ပြီးသည်ဖြစ်၍ အဝါးဝစွာ လေ့လာအပ်ပြီးသော ပထဝီကသိုဏ်း လျှင် အာရုံရှိသော စတုတ္ထဈာန်မှ ထ၍ ထိုစတုတ္ထဈာန်၌ အပြစ်ကို ဤသို့ မြင်အောင်ရှု၍ —

၁။ ဤရူပါဝစရစတုတ္ထဈာန်သည် ငါ ငြီးငွေ့အပ်သော ကသိုဏ်းရုပ်ကို အာရုံပြုဘိ၏၊

၂။ သောမနဿဝေဒနာဟူသော (တတိယဈာန်ဟူသော) နီးကပ်သော ရန်သူ ရှိ၏။

၃။ ငြိမ်သက်သော ဝိမောက္ခဖြစ်သော အရူပဈာန်အောက် ရုန့်ရင်း၏။ ဤသို့ အပြစ်ကို မြင်အောင်ရှု၍,

၄။ ထိုစတုတ္ထဈာန်၌ တွယ်တာငဲ့ကွက် တသက်သက် ရှိခြင်းကို ကုန်စေ၍,

၅။ အာကာသာနဉ္စာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍,

၆။ စကြဝဠာ ဆုံးသည့်တိုင်အောင်လည်းကောင်း, အလိုရှိသမျှ အရပ်သို့ တိုင်အောင်လည်းကောင်း မိမိ ပွားထားပြီး- သော ကသိုဏ်းရုပ်ကို ဖြန့်ကြက်၍,

၇။ ထိုကသိုဏ်းရုပ်ဖြင့် တွေ့ထိရာ အရပ်ကို **"အာကာသ-အာကာသ"** ဟု လည်းကောင်း, သို့မဟုတ် **"အနန္တအာကာသ-အနန္တအာကာသ"**ဟု လည်းကောင်း နှလုံးသွင်း၍ ရူပါဝစရစတုတ္ထဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်ကို ခွာပါ။

တစ်နည်း — ထိုပထဝီကသိုဏ်းရုပ်၌ တစ်နေရာကို စိုက်၍ **"အာကာသ-အာကာသ"**ဟု တစ်ဖက်သတ် နှလုံးသွင်းပါ။ အာကာသကို ဉာဏ်ဖြင့် မြင်သောအခါ အာကာသကိုသာ တစ်ဖက်သတ် နှလုံးသွင်းပါ။ ယင်း အာကာသကို ဖြန့်ကြက်ပါ။ အာကာသဖြင့် တွေ့ထိမိရာ ပထဝီကသိုဏ်းရုပ် တည်ရာ အရပ်အားလုံးသည် တဖြည်းဖြည်း အာကာသပြန့်လာသည်နှင့်အမျှ ပျောက်ပျက်ကာ အာကာသချည်း ဖြစ်သွားလိမ့်မည်။ ပထဝီကသိုဏ်းရုပ် ရှိရာ အရပ်အားလုံး၌ အာကာသဖြစ်အောင် နှလုံးသွင်းပါ။ ပထဝီကသိုဏ်းရုပ်ကို ခွာပါ။

ပထဝီကသိုဏ်းကို မဆင်ခြင်ဘဲ နှလုံးမသွင်းဘဲ မသုံးသပ်ဘဲ စင်စစ်မှာမူ ထိုပထဝီကသိုဏ်းရုပ်ဖြင့် တွေ့ထိရာ အာကာသကိုပင် **"အာကာသ-အာကာသ"** ဟူ၍ တစ်ဖက်သတ် နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်သည် ကသိုဏ်းကို ခွာသည်မည်၏။ ယင်းသို့ ခွာအပ်သော ပထဝီကသိုဏ်းရုပ်သည်လည်း မထမကြွ၊ မနစ်မဆုတ်။ ဤယောဂါဝစရပုဂ္ဂိုလ်၏ ပထဝီကသိုဏ်းကို သက်သက် နှလုံးမသွင်းခြင်းကိုလည်းကောင်း, **'အာကာသ- အာကာသ'**ဟု တစ်ဖက်သတ် နှလုံးသွင်းခြင်းကိုလည်းကောင်း အစွဲပြု၍ ပထဝီကသိုဏ်းကို ခွာသည် မည်ပေ၏။ ကသိုဏ်းကို ခွာရာခွာကြောင်း အာကာသကောင်းကင်ပညတ်မျှသည်သာလျှင် ထင်လာ၏။

၁။ **ကသိဏုဂ္ဃာဋိမာကာသ** = ကသိုဏ်းကို ခွာ၍ ရရှိအပ်သော အာကာသ,

၂။ **ကသိဏဖုဋ္ဌောကာသ** = ကသိုဏ်းဖြင့် တွေ့ထိမိရာ အာကာသ,

၃။ **ကသိဏဝိဝိတ္တာကာသ** = ကသိုဏ်းမှ ကင်းဆိတ်သွားသော အာကာသ

ဤသုံးပုဒ်လုံးသည် ပရိယာယ်နှင်နှင် ဖြစ်သောကြောင့် အနက်အားဖြင့် တူသည်သာတည်း။ (ဝိသုဒ္ဓိ၊၁၊၃၂၀-၃၂၁။ )

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုပထဝီကသိုဏ်းကို ခွာ၍ ရရှိလာသော အာကာသနိမိတ်ကို **'အာကာသ-အာကာသ'**ဟူ၍ အဖန်ဖန် အထပ်ထပ် ဆင်ခြင်၏၊ ဝိတက်ဖြင့် 'အာကာသ-အာကာသ'ဟု ရှေးရှု ခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည် ခေါက်သည်ကို ပြု၏။ ဤသို့ အဖန်ဖန် အထပ်ထပ် ဆင်ခြင်သော ဝိတက်ဖြင့် 'အာကာသ-အာကာသ'ဟု ရှေးရှု ခေါက်သည်ကို ထက်ဝန်းကျင် ခေါက်သည်ကို ပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ နီဝရဏတို့သည် ကွာကုန်၏၊ အာကာသနိမိတ်လျှင် အာရုံရှိသော သတိသည် အလွန်ထင်သည်ဖြစ်၍ ကောင်းစွာ- တည်၏။ ဥပစာရဈာန်သမာဓိဖြင့် စိတ်သည် အာကာသနိမိတ်၌ ကောင်းစွာ တည်ကြည်နေ၏။ ထိုယောဂါဝစရ ပုဂ္ဂိုလ်- သည် ထိုအာကာသနိမိတ်ကို အဖန်ဖန် အထပ်ထပ် မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ဤသို့ အဖန်ဖန် အထပ်ထပ် ဆင်ခြင် သော နှလုံးသွင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်အား အာကာသနိမိတ်အာရုံ၌ **အာကာ- သာနဉ္စာယတနစိတ်**သည် အပ္ပနာဈာန်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ ပထဝီကသိုဏ်းစသော ကသိုဏ်းပညတ်အာရုံ၌ ရူပါဝစရဈာန်စိတ်သည် အပ္ပဈာန်၏ အစွမ်းဖြင့် ဖြစ်သကဲ့သို့တည်း။ (ဝိသုဒ္ဓိ၊၁၊၃၂၁။)

**ဝိညာဏဉ္စာယတနဈာန်**


©shwehinthar.com

ဝိညာဏဉ္စာယတနစျာန်ဟူသည် အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော စျာန်တည်း။ အာကာသာနဉ္စာယတနဝိညာဏ်ကို အရှုခံ အာရုံထား၍ ရှုပွားသုံးသပ်သဖြင့် ရရှိလာသော စျာန်တည်း။ ထိုဝိညာဏဉ္စာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ် သည် အာကာသာနဉ္စာယတနစျာန်သမာပတ်ကို ဝသီဘော် ငါးတန် နိုင်နင်း အောင် လေ့ကျင့်အပ်၏။ အာကာသာနဉ္စာယတနစျာန်သမာပတ်၌ ဝသီဘော် ငါးတန်ကို နိုင်နင်းအောင် လေ့ကျင့်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည်

၁။ "ဤ ငါ ရရှိထားသော အာကာသာနဉ္စာယတနစျာန်သမာပတ်သည် ရူပါဝစရစျာန်ဟူသော နီးကပ်သော ရန်သူရှိ၏"။

၂။ ''ဝိညာဏဉ္စာယတနစျာန်သမာပတ်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ် ခဲ့''။ ဤသို့လျှင် အာကာသာနဉ္စာယတနစျာန်သမာပတ်၌ အပြစ်ကို မြင်အောင် ရှု၍ —

၃။ ထို အာကာသာနဉ္စာယတနစျာန်၌ ခုံမင်တပ်မက်ခြင်း တဏှာကို ကုန်စေ၍,

၄။ ဝိညာဏဉ္စာယတနစျာန်ကို 'ငြိမ်သက်၏'ဟူ၍ နှလုံးသွင်းပြီးလျှင်

ထိုပထဝီကသိုဏ်းကို ခွာ၍ ရအပ်သော အာကာသနိမိတ်ကို ပျံ့နှံ့၍ ဖြစ်ပေါ်လာသော ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို **'ဝိညာဏံ- ဝိညာဏံ'**ဟူ၍ အဖန်ဖန် အထပ်ထပ် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ဉာဏ်ဖြင့် သက်ဝင်၍ ဆင်ခြင်အပ်၏။ ဝိတက်ဖြင့် 'ဝိညာဏံ ဝိညာဏံ'ဟု ရှေးရှုခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည်၍ ခေါက်သည်ကို ပြုအပ်၏။ 'အနန္တ-အနန္တ'ဟူ၍ သက်သက် နှလုံးမသွင်းကောင်း၊ 'ဝိညာဏံ-ဝိညာဏံ' ဟုလည်းကောင်း, **'အနန္တံ ဝိညာဏံ - အနန္တံ ဝိညာဏံ'**ဟုလည်းကောင်း နှလုံးသွင်းကောင်း၏။

ဤသို့သော နည်းအားဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်ဟူသော ဝိညာဏ်နိမိတ်၌ အဖန်တလဲလဲ ဘာဝနာစိတ်ကို ဖြစ်စေသော ထိုယောဂါ ဝစရပုဂ္ဂိုလ်အား နီဝရဏတရားတို့သည် ကွာကျသွားကြကုန်၏။ အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာ တည်လာ၏၊ ဥပစာရစျာန်သမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာ၏။

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာယတနဝိညာဏ်ဟု ဆိုအပ်သော ထိုဝိညာဏ်နိမိတ်ကို အဖန်ဖန် အထပ်ထပ် မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ဤသို့သော နည်းဖြင့် အကြိမ်များစွာ ပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပထဝီကသိုဏ်းကို ခွာ၍ ရအပ်သော အာကာသနိမိတ်၌ အာကာသာနဉ္စာယတနစျာန်စိတ်သည် အပ္ပနာ စျာန်၏ အစွမ်းဖြင့် ဖြစ်သကဲ့သို့ – ပထဝီကသိုဏ်းကို ခွာ၍ ရရှိလာသော အာကာသနိမိတ်ကို ပျံ့နှံ့၍ အာရုံပြု၍ ဖြစ်ပေါ်လာသော အာကာသာနဉ္စာယတနဝိညာဏ်အာရုံ၌ ဝိညာဏဉ္စာယတနစျာန်စိတ်သည် အပ္ပနာစျာန်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ၊၁၊၃၂၅။)

ဤအရှုခံ အာရုံမှာ အာကာသာနဉ္စာယတနစျာန်ဝိညာဏ် ဖြစ်၏။ ထို အာကာသာနဉ္စာယတနစျာန်ဝိညာဏ်ကို **'ဝိညာဏံ-ဝိညာဏံ'**ဟု ရှုခဲ့သော် ထိုအာကာသာနဉ္စာယတနစျာန်ဝိညာဏ်အာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေကြသော ဘာဝနာစိတ်တို့တွင် ဥပစာရစျာန်ဇောတို့၏ နောက်၌ အပ္ပနာစျာန် ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော စျာန်စိတ်သည် ဝိညာဏဉ္စာယတနစျာန်စိတ်တည်း။ အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာ အာရုံရှိသော စျာန်စိတ် ဟူလိုသည်။ ဤအရာဝယ် အပ္ပနာစျာန်သို့ မဆိုက်မီ အရှုခံအာရုံမှာ အာကာသာနဉ္စာယတနစျာန်စိတ် ဖြစ်၍ ရှုတတ်သော ဘာဝနာစိတ်တို့ကား ကာမာဝစရ (မဟာကုသိုလ် သို့မဟုတ် မဟာကြိယာ)ဇောတို့တည်း။ အပ္ပနာ စျာန်အခိုက်၌ကား အရှုခံအာရုံမှာ အာကာသာနဉ္စာယတနစျာန်စိတ် ဖြစ်၍ ရှုတတ်သော ဘာဝနာစိတ်မှာ ဝိညာဏဉ္စာယတနစျာန်စိတ်တည်း။ အရှုခံ အာရုံနှင့် ရှုတတ်သောတရား နှစ်မျိုးလုံးမှာ စျာန်စိတ်ချည်းသာတည်း။

## အာကိဉ္စညာယတနစျာန်

အာကိဉ္စညာယတနစျာန်ဟူသည် အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်း (= နတ္ထိဘာဝပညတ်)လျှင် တည်ရာအာရုံရှိသော စျာန်ဟု ဆိုလိုသည်။ အာကိဉ္စညာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါ-


©shwehinthar.com

ဝစရပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနစျာန်သမာပတ်၌ ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်အပ်၏။ ဝသီဘော် ငါးတန်ကို နိုင်နင်းအောင် လေ့ကျင့်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင်အပ်၏။

၁။ "ဤ ငါ ရရှိထားသော ဝိညာဏဉ္စာယတနစျာန်သမာပတ်သည် အာကာသာနဉ္စာယတနစျာန်ဟူသော နီးကပ်သော ရန်သူရှိ၏" (= အချိန် မရွေး အာကာသာနဉ္စာယတနစျာန်သို့ ပြန်၍ လျှောကျနိုင်၏ ဟူလို သည်။)

၂။ "အာကိဉ္စညာယတနစျာန်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်ခဲ့။" ဤသို့လျှင် ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကို မြင်အောင်ရှု၍,

၃။ ထိုဝိညာဏဉ္စာယတနစျာန်၌ တွယ်တာငဲ့ကွက် တသက်သက် ရှိခြင်းကို ကုန်စေ၍,

၄။ အာကိဉ္စညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍,

၅။ အကြင် အာကာသာနဉ္စာယတနစျာန်ဝိညာဏ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနစျာန်သည် ဖြစ်ပေါ်လာရ၏၊ ထိုဝိညာဏဉ္စာယတနစျာန် ၏ပင်လျှင် အာရုံဖြစ်၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏ 'မရှိခြင်း' ဟူသော 'နတ္ထိဘာဝပညတ်'ကို 'ဆိတ်သည်၏အဖြစ်'ကို 'ကင်းသော အခြင်းအရာ'ကို နှလုံးသွင်းအပ်၏။ (ဝိသုဒ္ဓိ၊၁၊၃၂၆-၃၂၇။)

**[ဆိုလိုရင်း** — စိတ်တို့မည်သည် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ နှစ်ခု ပြိုင်တူ ဖြစ်ရိုး ဓမ္မတာ မရှိကြပေ။ စိတ္တက္ခဏတစ်ခု ဖြစ်ပြီး ချုပ်ပြီးမှသာလျှင် နောက်စိတ္တက္ခဏတစ်ခု ဖြစ်ရိုး ဓမ္မတာ ရှိ၏။ အာကာသာနဉ္စာယတနဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားဖြစ်နေသော အချိန်၌ ဝိညာဏဉ္စာယတနဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား မဖြစ်သေးပေ။ ဝိညာဏဉ္စာယတနဝိညာဏ်သည် တစ်နည်းဆိုရသော် ဝိညာဏဉ္စာယတနဝိညာဏ်နှင့် တကွ အာကာသာနဉ္စာယတနဝိညာဏ်ကို ရှုနေ သော ကာမာဝစရဘာဝနာစိတ်အပေါင်းသည် ဥပါဒ်-ဌီ-ဘင် အားဖြင့် ထင်ရှား ဖြစ်နေကြချိန်၌လည်း အာကာသာနဉ္စာယတနဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား မရှိတော့ပေ။ ယင်းအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိမှု သဘောကို 'နတ္ထိဘာဝပညတ်'ဟု ဆိုလို၏။ ယင်း နတ္ထိဘာဝပညတ်ကို အရှုခံအာရုံထားကာ နှလုံးသွင်း ရှုပွားရ၏။]

အဘယ်သို့ နှလုံးသွင်းအပ်သနည်း? ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို အချင်းခပ်သိမ်း နှလုံးမသွင်းမူ၍ ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းသဘော နတ္ထိဘာဝပညတ်ကိုသာ အာရုံပြု၍ —

၁။ **"နတ္ထိ နတ္ထိ - မရှိ မရှိ"** ဟူ၍လည်းကောင်း, "နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ = ဘာမျှမရှိ၊ ဘာမျှမရှိ"ဟူ၍လည်းကောင်း,

၂။ **"သုညံ သုညံ - ဆိတ်၏ ဆိတ်၏"**ဟူ၍လည်းကောင်း,

၃။ **"ဝိဝိတ္တံ ဝိဝိတ္တံ - ကင်း၏ ကင်း၏"**ဟူ၍လည်းကောင်း —

အဖန်ဖန် အထပ်ထပ် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ဉာဏ်ဖြင့် သက်ဝင်၍ ရှုအပ်၏၊ ဝိတက်ဖြင့် ရှေးရှု ခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည်၍ ခေါက်သည်ကို ပြုအပ်၏။ (ဝိသုဒ္ဓိ၊၁၊၃၂၆-၃၂၇။)

ဤဆိုအပ်ခဲ့ပြီးသည့် နည်းအတိုင်း ထိုအာကာသာနဉ္စာယတနဝိညာဏ် ၏ 'မရှိခြင်း = နတ္ထိဘာဝပညတ်'ဟု ဆိုအပ်သော စျာန်ဖြစ်ကြောင်း နိမိတ်၌ ဘာဝနာစိတ်ကို ဖြစ်စေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် နီဝရဏ တရားတို့သည် ကွာကျသွားကြကုန်၏၊ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်လျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာ တည်လာ၏။ ဥပစာရစျာန်သမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော စျာန်ဖြစ်ကြောင်း နိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့ အလာပြု၏။ ဤသို့သောနည်းဖြင့် ပြုကျင့်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပထဝီကသိုဏ်းကို ခွာ၍ ရအပ်သော အာကာသ-နိမိတ်ကို ပျံ့နှံ့၍ ဖြစ်ပေါ်လာသော ထိုမဟဂ္ဂုတ် အာကာသာနဉ္စာယတနဝိညာဏ်၏သာလျှင် ဆိတ်သည်၏အဖြစ်, ကင်းသည်၏အဖြစ်, မရှိသည်၏အဖြစ်ဟူသော နတ္ထိဘာဝပညတ်၌ အာကိဉ္စညာယတနစျာန်စိတ်သည် အပ္ပနာစျာန်၏

အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ အာကာသနိမိတ်၌ ပျံ့နှံ့၍ ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်နိမိတ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနဝိညာဏ်သည် ဖြစ်ပေါ်လာသကဲ့သို့ပင်တည်း။ (ဝိသုဒ္ဓိ၊၁၊၃၂၇။)

## နေဝသညာနာသညာယတနစျာန်

ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ, အလွန့်အလွန် သိမ်မွေ့နူးညံ့ သော သညာသာ ရှိသောကြောင့် သညာရှိသည်လည်း မဟုတ်, သညာ မရှိသည်လည်းမဟုတ်သော စျာန်သည် နေဝသညာနာသညာယတနစျာန် မည်၏။ သညာကို အဦးမူသဖြင့် ဒေသနာတော်ကို ဟောကြားထားတော် မူခြင်း ဖြစ်၏။ ရုန့်ရင်းကြမ်းတမ်းသော နာမ်တရားကား မရှိ၊ အလွန့်အလွန် သိမ်မွေ့နူးညံ့သော နာမ်တရားစုသာ ယင်းသမာပတ်၌ တည်ရှိသည်။ ထို့ကြောင့် ယင်းသမာပတ်ကို **“သင်္ခါရာဝသေသသမာပတ် =** အပိုင်းအခြားကို လွန်၍ သိမ်မွေ့သည်၏ အဖြစ်သို့ရောက်လျက် မပြောစလောက် သင်္ခါရမျှသာ ဖြစ်သော = အသိမ်မွေ့ဆုံး အဖြစ်သို့ ရောက်သော သင်္ခါရမျှသာဖြစ်သော = အသိမ်မွေ့ဆုံး အဖြစ်သို့ ရောက်သော သင်္ခါရမျှသာ ကြွင်းကျန်သော စတုတ္ထအရူပါဝစရသမာပတ်”ဟု ခေါ်ဆို၏။

နေဝသညာနာသညာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အာကိဉ္စညာယတနစျာန်သမာပတ်၌ ဝသီဘော်ငါးတန်ကို နိုင်နင်းအောင် လေ့ကျင့်ရ၏။ လေ့ကျင့်ပြီးသော် —

၁။ “ဤ ငါ ရရှိထားသော အာကိဉ္စညာယတနစျာန်သမာပတ်သည် ဝိညာဏဉ္စာယတနစျာန်သမာပတ်ဟူသော နီးကပ်သော ရန်သူ ရှိ၏။”

၂။ “နေဝသညာနာသညာယတနစျာန်သမာပတ်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်ခဲ့”— ဟုလည်းကောင်း, “သညာသည် ရောဂါတည်း၊ သညာသည် အိုင်းအမာနှင့် တူ၏၊ သညာသည် မြားငြောင့်နှင့် တူ၏၊ အကြင် နေဝသညာနာသညာသည် ရှိ၏၊ ဤနေဝသညာနာသညာယတနစျာန်သည် ငြိမ်သက်၏၊ ဤနေဝသညာနာသညာယတနစျာန်သည် မွန်မြတ်၏”—ဟုလည်းကောင်း, ဤသို့လျှင် အာကိဉ္စညာယတနစျာန်၌ အပြစ်ဒေါသကိုလည်းကောင်း, အထက်ဖြစ်သော နေဝသညာနာသညာ ယတနစျာန်၌ အကျိုးအာနိသင်ကိုလည်းကောင်း မြင်အောင် ရှု၍ —

၃။ အာကိဉ္စညာယတနစျာန်၌ တွယ်တာငဲ့ကွက် တသက်သက်ရှိခြင်း နိကန္တိ တရားကို ကုန်ခန်းစေ၍,

၄။ နေဝသညာနာသညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံး သွင်း၍,

၅။ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ထိုအာကိဉ္စညာယတနစျာန်သမာပတ် ကိုပင် အာရုံပြု၍ **“သန္တာ သန္တာ - ငြိမ်သက်ပေစွ ငြိမ်သက်ပေစွ”**—ဟု အဖန်ဖန် အထပ်ထပ် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ဉာဏ်ဖြင့် သက်ဝင်၍ ရှုအပ်၏၊ ဝိတက်ဖြင့် ‘သန္တာ သန္တာ = ငြိမ်သက်ပေစွ ငြိမ်သက်ပေစွ’—ဟု ရှေးရှု ခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည် ၍ ခေါက်သည်ကို ပြုအပ်၏။ (ဝိသုဒ္ဓိ၊၁၊၃၂၈-၃၂၉။)

ဤ ဆိုအပ်ခဲ့ပြီးသည့် နည်းအတိုင်း ထိုအာကိဉ္စညာယတနစျာန်သမာပတ် အာရုံနိမိတ်၌ အဖန်ဖန် အထပ်ထပ် ဘာဝနာမနသိကာရကို ဖြစ်စေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ နီဝရဏတရားတို့သည် ကွာကျ သွားကြကုန်၏။ အာကိဉ္စညာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာ တည်လာ၏၊ ဥပစာရစျာန်သမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ဖြစ်ကြောင်း ဖြစ်သည့် ထိုအာကိဉ္စညာယတန စျာန်သမာပတ်နိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ဤသို့သော နည်းဖြင့် ပြုကျင့်သော ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ — အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်းဟူသော နတ္ထိဘာဝပညတ်၌ အာကိဉ္စညာယတနစျာန်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသကဲ့သို့ —အာကိဉ္စညာယတနစျာန်သမာပတ်ဟု ခေါ်ဆိုအပ် ကုန်သော နာမ်ခန္ဓာလေးပါးတို့၌ အာရုံပြု၍ နေဝသညာနာသညာယတန စျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ၊၁၊၃၂၉။)

ဤနေဝသညာနာသညာယတနစျာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရာ၌ —


©shwehinthar.com

၁။ "ဧတံ သန္တံ၊ ဧတံ ပဏီတံ = ဤ ဝိညာဏ်သည် ငြိမ်သက်၏၊ ဤ ဝိညာဏ်သည် မွန်မြတ်၏"ဟုလည်းကောင်း,

၂။ **"သန္တံ သန္တံ - သန္တာ သန္တာ - ငြိမ်သက်၏ ငြိမ်သက်၏"**ဟုလည်းကောင်း,

၃။ **"ပဏီတံ ပဏီတံ - မွန်မြတ်၏ မွန်မြတ်၏"**ဟုလည်းကောင်း — ဤသို့ နှလုံးသွင်းနိုင်၏။ (မဟာဋီ၊၁၊၄၀၃။)

ဤနေဝသညာနာသညာယတနစျာန်ကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။ ပထဝီကသိုဏ်းမှ သမာပတ် (၈)ပါး ပေါက်အောင် ရှုသကဲ့သို့ အာပေါကသိုဏ်းမှ အာလောကကသိုဏ်းတိုင်အောင်သော ကြွင်း ကသိုဏ်း (၈)ပါးတို့၌လည်း ကသိုဏ်းတစ်ပါးတစ်ပါး၌ သမာပတ် (၈)ပါးစီ ပေါက်အောင် ဆက်လက် ရှုနိုင်ပေသည်။ ထိုစျာန်တို့တွင် မိမိ နှစ်ခြိုက်ရာစျာန် ကို ဝိပဿနာ၏ အခြေပါဒကအဖြစ် သမာဓိကို ထူထောင်ကာ ဝိပဿနာသို့ ကူးလိုက ကူးနိုင်ပေပြီ။

✧✧✧

## ပါရမီ၏ စွမ်းအား စွမ်းပကား

■ **အတိတ်ဘဝထိုထိုက . .**
**ရုပ်နာမ်ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်သည်တိုင်အောင်**
**ဆည်းပူးခဲ့သော ပါရမီရှင် သူတော်ကောင်းများ အဖို့မှာမူ**
**ထိုအကြည်ပြင် အကြည်တုံး၌ တည်ရှိသော**
**ဓာတ်ကြီးလေးပါးကိုပင် စိုက်၍ ရှုနေရုံမျှဖြင့် အလွယ်တကူပင်**
**အကြည်တုံး အကြည်ပြင်ကြီးများ ပြိုကွဲသွားကာ**
**ရုပ်ကလာပ်အမှုန်များကို စတင် တွေ့ရှိတတ်ပါသည်။**

■ **ယင်းအကြည်ပြင် အကြည်တုံးမှာ ပြိုကွဲ မသွားပါက**
**ထိုအကြည်ပြင်ကြီး၌ အာကာသဓာတ်ကို**
**မြင်အောင် စိုက်၍ ရှုရမည် ဖြစ်သည်။**

■ **အကြည်ပြင်တွင် . .**
**အာကာသဓာတ်ကို မြင်အောင် စိုက်ရှုလိုက်သောအခါ**
**အချိန်အနည်းငယ် အတွင်းမှာပင်**
**အလွန့်အလွန် သေးငယ်သော ရုပ်ကလာပ် အမှုန်ပေါင်းများစွာကို**
**တွေ့မြင်နေတတ်ပါသည်။**

■ **ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ ပါဝင်တည်ရှိသော**
**(၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ရုပ်သဘောတရားများကို**
**မြင်အောင် ရှုနိုင်ပါမှ ရုပ်ပရမတ်နယ်မြေသို့ ရောက်ရှိမည် ဖြစ်သည်။**
**ရုပ်တရားကို သဘာဝလက္ခဏာသို့ ဆိုက်အောင်**
**ပိုင်းပိုင်းခြားခြား သိတတ်သည့်**
**ရူပပရိစ္ဆေဒဉာဏ်ကို ရရှိမည်ဖြစ်သည်။**
**ရုပ်တရားအစစ်ကို ရုပ်ပရမတ်တရားကို**
**သိရှိရုံအဆင့်မျှသာ ရှိသေးသည်။**
**ရှေ့ဆက်ရမည့် လုပ်ငန်းခွင်တို့ကား**
**များစွာပင် . . . ကျန်ရှိနေပေသေးသည်။** (စာမျက်နှာ၊၃၁၇–၃၂၇။)


©shwehinthar.com

## အခန်း (၄)
## ရုပ်ကမ္မဋ္ဌာန်းပိုင်း

**ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့**

တတ္ထ နာမရူပါနံ **ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ** နာမ။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

= ထိုဝိသုဒ္ဓိကျင့်စဉ်တို့တွင် နာမ်+ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း သည် ဒိဋ္ဌိဝိသုဒ္ဓိ (= ဉာဏ်အမြင်၏ သန့်ရှင်းစင်ကြယ်ခြင်း) မည်၏။

(ဝိသုဒ္ဓိ၊၂၊၂၂၂။)

တံ သမ္ပာဒေတုကာမေန **သမထယာနိကေန** တာဝ ဌပေတွာ နေဝသညာနာသညာယတနံ အဝသေသရူပါရူပါဝစရဇ္ဈာနာနံ အညတရတော ဝုဋ္ဌာယ ဝိတက္ကာဒီနိ ဈာနင်္ဂါနိ, တံသမ္ပယုတ္တာ စ ဓမ္မာ **လက္ခဏ-ရသာဒိဝသေန** ပရိဂ္ဂဟေတဗ္ဗာ။ ပရိဂ္ဂဟေတွာ သဗ္ဗမ္ပေတံ အာရမ္မဏာဘိမုခံ နမနတော နမနဋ္ဌေန **နာမန္တိ** ဝဝတ္ထပေတဗ္ဗံ။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

= ထိုဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ကို ပြည့်စုံစေလိုသော **သမထယာနိက** (= ဈာန်သမထယာဉ် ရှိသော) ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ နေဝသညာနာသညာယတနဈာန်ကို ထား၍ နေဝသညာနာသညာယတနဈာန်မှ တစ်ပါးသော ကြွင်းကုန်သော ရူပါဝစရဈာန် အရူပါဝစရဈာန်တို့တွင် ဈာန်တစ်ပါးပါးမှထ၍ ဝိတက်စသော ဈာန်အင်္ဂါတို့ကိုလည်းကောင်း, ထိုဈာန်အင်္ဂါတို့နှင့် ယှဉ်သော သမ္ပယုတ်တရားတို့ကိုလည်းကောင်း **လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်**တို့၏ အစွမ်းဖြင့် သိမ်းဆည်းအပ်၏ (= ဉာဏ်ဖြင့် ပိုင်းခြား ယူအပ်၏)။ ဤအလုံးစုံသော ဈာန်နာမ်တရားကို သိမ်းဆည်းပြီးလတ်သော် (= ဉာဏ်ဖြင့် ပိုင်းခြားယူလတ်ပြီးသော်) ယင်းအလုံးစုံသော ဈာန်နာမ်-တရားကို (အာနာပါနပဋိဘာဂနိမိတ်, ကသိုဏ်းပဋိဘာဂနိမိတ်ကဲ့သို့သော) အာရုံသို့ ရှေးရှုညွတ်-တတ်သည်၏အဖြစ်ကြောင့်, အာရုံသို့ ရှေးရှုညွတ်တတ်သော အနက်သဘောကြောင့် နာမ်ဟူ၍ မရောယှက်သော-အားဖြင့် ပိုင်းခြား မှတ်သားအပ်၏ (= စိတ်နှလုံး၌ ထားအပ်၏)။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

ဈာနေ ဈာနူပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနုယုဥ္ဇန္တဿေတံ နာမံ။

(မဟာဋီ၊၂၊၃၅၀။)

**ဤ သမထယာနိက** (= **သမထယာဉ် ရှိသော**) **ယောဂါဝစရပုဂ္ဂိုလ်** ဟူသည် ဈာန်၌လည်းကောင်း, ဈာန်၏ ဥပစာရသမာဓိ၌လည်းကောင်း ရပ်တည်ပြီး၍ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ပုဂ္ဂိုလ်၏ အမည်တည်း။ (မဟာဋီ၊၂၊၃၅၀။)

နေဝသညာနာသညာယတနဈာန်မှ တစ်ပါး ကြွင်းကျန်သော ဈာန်တို့ ကို ဝိပဿနာကို အားထုတ်စ အာဒိကမ္မိကပုဂ္ဂိုလ်သည် သိမ်းဆည်းရမည်ဟု ညွှန်ကြားထား၏။

အကြောင်းကား —"ဘဝဂ္ဂဓမ္မ"အမည်ရသည့် နေဝသညာနာသညာယတနဈာန်နာမ်တရားတို့သည် နာမ်ကမ္မဋ္ဌာန်းကို သို့မဟုတ် နာမ်တရားတို့ကို သိမ်းဆည်းစသာဖြစ်သော အာဒိကမ္မိက ပုဂ္ဂိုလ်အတွက် သိမ်းဆည်းဖို့ရန် (= ဉာဏ်ဖြင့် ပိုင်းခြားယူဖို့ရန်) ခက်ခဲလှ၏။ ထိုကြောင့် ထိုကဲ့သို့ ဖွင့်ဆိုတော် မူခြင်း ဖြစ်၏။ (မဟာဋီ၊၂၊၃၅၀။)

[သို့သော် နာမ်ကမ္မဋ္ဌာန်းကို သိမ်းဆည်းမှု၌ ကျွမ်းကျွမ်းကျင်ကျင် သိမ်းဆည်းနိုင်သော အခါ၌ကား ယင်းနေဝသညာနာသညာယတနဈာန်နာမ်တရားတို့ကို ပေါင်းစုခြုံငုံ၍ ရှုခြင်း ကလာပသမ္မသနနည်းအားဖြင့် သိမ်းဆည်း ရှုပွားနိုင်ပေသည်။ အနုပဒသုတ္တန် (မ၊၃၊၇၈။)ကို ထောက်ရှုပါ။]

ဤ၌ ဈာန်အင်္ဂါတို့ကိုလည်းကောင်း, ယင်းဈာန်အင်္ဂါတို့နှင့် စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ အတူယှဉ်တွဲဖြစ်သွားကြကုန်သော ဈာနသမ္ပယုတ်တရား တို့ကိုလည်းကောင်း လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်း ရန် (= ဉာဏ်ဖြင့် ပိုင်းခြားယူရန်) အဋ္ဌကထာက ညွှန်ကြားတော်မူ၏။ သိမ်းဆည်းရမည့် အစီအရင်ကိုလည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ ခန္ဓနိဒ္ဒေသပိုင်း (ဝိသုဒ္ဓိ၊၂၊၆၆-၁၁၁။) တွင် အပြည့်အစုံ ဖွင့်ဆိုထားပြီး ဖြစ်ပေ သည်။


©shwehinthar.com

ယင်းသို့ ဖွင့်ဆိုထားသည့်အတိုင်း ဈာန်အင်္ဂါတို့ကိုလည်းကောင်း, ဈာန်နှင့်ယှဉ်သည့် ဈာနသမ္ပယုတ်တရားစုတို့ကို- လည်းကောင်း လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် နည်းလမ်းဖြင့် သိမ်းဆည်းရမည် (= ဉာဏ်ဖြင့် ပိုင်းခြား ယူရမည်)ဟု မှတ်သားပါ။ (မဟာဋီ၊၂၃၅၀။)

**သတိပြု၍ မှတ်သားပါ**

ထိုသို့ သိမ်းဆည်းရာ၌ ဈာန်နာမ်တရားတို့၏ ပရမတ္ထဓာတ်သားတိုင်း၌ ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီး ရှိပေသည်။ တစ်ခုနှင့် တစ်ခု လက္ခဏာချင်း, **ကိစ္စ**(= ရသ)ချင်း, ဉာဏ်အား ရှေးရှုထင်လာသည့် ပစ္စုပဋ္ဌာန် ချင်း, အနီးကပ်ဆုံး အကြောင်းတရားဖြစ်သည့် ပဒဋ္ဌာန်ချင်း မတူညီကြပေ။ ဥပမာ – အာနာပါနပထမဈာန်, ကသိုဏ်းပထမဈာန်တို့၌ ဈာန်နာမ်တရား (၃၄)လုံးအထိ ရှိ၏။ ယင်းတို့မှာ –

၁။ အသိစိတ် (၁)လုံး,
၂။ အညသမာန်းစေတသိက် (၁၃)လုံး,
၃။ သောဘဏသာဓာရဏစေတသိက် (၁၉)လုံး,
၄။ ပညိန္ဒြေစေတသိက် (၁)လုံး

အားလုံးပေါင်းသော် (၃၄)လုံးအထိ ရှိ၏။ ယင်းဈာန်နာမ်တရားတို့တွင်

၁။ **ဖဿ**ကား အာရုံကို တွေ့ထိခြင်း ဖုသနလက္ခဏာ ရှိ၏။

၂။ ဝေဒနာကား အာရုံ၏ အရသာကို ခံစားခြင်း **ဝေဒယိတလက္ခဏာ** (= အနုဘဝန**လက္ခဏာ**) ရှိ၏။

၃။ သညာကား အာရုံကို မှတ်သားခြင်း သဉ္ဇာနနလက္ခဏာ ရှိ၏။

၄။ စေတနာကား အာရုံပေါ်သို့ ယှဉ်ဖက်သမ္ပယုတ်တရားတို့ ရောက်အောင် စေ့ဆော်ပေးခြင်း **စေတနာဘာဝလက္ခဏာ** (= စေတယိတလက္ခဏာ) ရှိ၏။

ဤသို့စသည်ဖြင့် ပရမတ္ထဓာတ်သားတိုင်း၌ ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီး ရှိ၏။ ဤကဲ့သို့ လက္ခဏာချင်း မတူထူးခြား ကွဲပြားသောကြောင့်ပင် ယင်းကဲ့သို့သော ကွဲပြားမှုကို ကြည့်၍ (၃၄)လုံးသော နာမ်တရား တိုင်း၌ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် ရှုရမည် ဖြစ်ပေသည်။ ယင်းကဲ့သို့ လက္ခဏာစသည်ချင်း ပရမတ္ထဓာတ်သား တရား- တစ်လုံးနှင့် တရားတစ်လုံး မတူထူးခြား ကွဲပြားသောကြောင့်သာလျှင် ယောဂါဝစရပုဂ္ဂိုလ် အနေနှင့် –ဤကား အသိစိတ်, ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ စသည်ဖြင့် ကွဲကွဲပြားပြား သိရှိခွင့်ကို ရရှိနေခြင်း ဖြစ်ပေသည်။

**ရုပ်တရားက စ၍ သိမ်းဆည်းလိုသော်**

သမထဈာန်ယာဉ်ရှိသော သမထယာနိကပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိသုဒ္ဓိစခန်းသို့ ကူးရာ၌ ဈာန်နာမ်တရားတို့ကစ၍ မသိမ်းဆည်းလိုဘဲ ရုပ်တရားကစ၍ သိမ်းဆည်းလိုခဲ့သော် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ကဲ့သို့ပင် ဓာတ်ကြီး လေးပါးက စတင်၍ သိမ်းဆည်းရန် ဓာတ်ကမ္မဋ္ဌာန်းက စ၍ အားထုတ်ရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၂၂၂။)တွင် ညွှန်ကြားထား- ပေသည်။ ထိုညွှန်ကြား ချက်နှင့် အညီ ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း လမ်းစဉ်မှ ရုပ်တရားကို သိမ်းဆည်းပုံစနစ်ကို အကျဉ်းချုပ်ကာ တင်ပြပေအံ့။

**ဓာတုမနသိကာရပဗ္ဗ**

**ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ “အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူ”တိ။** (ဒီ၊၂၊၂၃၄။ မ၊၁၊၇၃။)

ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ယောဂါဝစရရဟန်းသည် တည်မြဲတိုင်းသော ထားမြဲတိုင်းသော


©shwehinthar.com

ဤရူပကာယကိုပင် “ဤရူပကာယ၌ ပထဝီဓာတ် ရှိ၏၊ အာပေါဓာတ် ရှိ၏၊ တေဇောဓာတ် ရှိ၏၊ ဝါယောဓာတ် ရှိ၏”-ဟု (ပုဂ္ဂိုလ်-သတ္တဝါ-ဇီဝ-အတ္တ မဟုတ်သောအားဖြင့်) ဓာတ်သဘော အားဖြင့် စေ့စေ့ငုငု မြင်အောင်ကြည့်ရှုလျက် ဆင်ခြင်သုံးသပ် ရှုပွား၍ နေ၏။

(ဒီ၊၂၊၂၃၄။ မ၊၁၊၇၃။)

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ “အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူ”တိ။ (ဒီ၊၂၊၂၃၄။ မ၊၁၊၇၃။)

ရဟန်းတို့ . . . ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်လည်းကောင်း, နွားသတ်သမား၏ တပည့်သည်လည်းကောင်း နွားကို သတ်၍ လမ်းမလေးဖြာ ပေါင်းဆုံမိရာအရပ်၌ နွားသားကို အသားတခြား အရိုးတခြားစသည်ဖြင့် ခွဲခြားဝေဖန်၍ တစ်ပုံစီ တစ်ပုံစီ ပုံလျက် ထိုင်နေရာ သကဲ့သို့ — ရဟန်းတို့ . . . ဤဥပမာအတူပင် ယောဂါဝစရရဟန်းသည် တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရူပကာယကိုပင် “ဤရူပကာယ၌ ပထဝီဓာတ် ရှိ၏၊ အာပေါဓာတ် ရှိ၏၊ တေဇောဓာတ် ရှိ၏၊ ဝါယောဓာတ်ရှိ၏”ဟု (ပုဂ္ဂိုလ်-သတ္တဝါ-ဇီဝ-အတ္တ မဟုတ်သောအားဖြင့်) ဓာတ်သဘောမျှအားဖြင့် အသီးအသီး တစ်လုံးစီ တစ်လုံးစီ ဉာဏ်ပညာမျက်စိဖြင့် စေ့စေ့ငုငု မြင်အောင် ကြည့်ရှုလျက် ဆင်ခြင်သုံးသပ် ရှုပွား၍ နေ၏။(ဒီ၊၂၊၂၃၄။ မ၊၁၊၇၃။)

**ဆိုလိုသော သဘောတရား**

အထက်ပါ ပါဠိတော် စကားရပ်၏ ဆိုလိုသော သဘောတရားကို အဋ္ဌကထာများက (ဝိသုဒ္ဓိ၊၁၊၃၄၃။ ဒီဋ္ဌ၊၂၊၃၆၀-၃၆၁။ မဋ္ဌ၊၁၊၂၇၆။) ဤသို့ ရှင်းပြထား၏။

နွားသတ်ယောက်ျား၏ သန္တာန်ဝယ် နွားကို ကျွေးမွေးစဉ်၌လည်းကောင်း, နွားကို သတ်ရာ သင်းချိုင်းသို့ ဆောင်ယူသွားစဉ်၌လည်းကောင်း, ဆောင်ယူသွားပြီးနောက် ထိုသတ်ရာသင်းချိုင်း၌ ချည်နှောင်၍ ထားစဉ်၌-လည်းကောင်း, နွားကို ရိုက်ပုတ်သတ်ဖြတ်စဉ်၌လည်းကောင်း, သတ်ပြီးနောက် သေပြီးခါစ နွားသေကို မြင်စဉ်၌လည်းကောင်း ထိုနွားကို ဖြတ်လှီး၍ အသား တခြား အရိုးတခြား အူတခြား အသည်းတခြား စသည်ဖြင့် ခွဲခြားဝေဖန်၍ တစ်ပုံစီ တစ်ပုံစီ ပုံ၍ မပြီးသေးသမျှ ကာလပတ်လုံး ‘နွား’ဟူသော အမှတ်သညာ မကွယ်ပျောက်သေးပေ။ အရိုးတခြား အသားတခြား စသည်ဖြင့် ခွဲခြားဝေဖန်၍ တစ်ပုံစီ တစ်ပုံစီ ပုံလျက် လမ်းမ လေးဖြာ ပေါင်းဆုံမိရာ အရပ်၌ ထိုင်လျက် ရောင်းနေသော နွားသတ်သမား၏ သန္တာန်၌ကား နွားဟူသော အမှတ်သညာသည် ကွယ်ပျောက်သွား၏။ ‘အသား’ဟူသော အမှတ်သညာသည် ဖြစ်ပေါ်လာ၏။ ထိုနွားသတ်သမား၏ သန္တာန်ဝယ် “ငါ-သည် နွားကို ရောင်းနေ၏၊ ဤဝယ်သူတို့သည် နွားကို ဝယ်ယူဆောင်ယူကုန်၏”— ဤသို့သော စိတ်အကြံအစည်သည် မဖြစ်ပေါ်လာပေ။ အကယ် စင်စစ်သော်ကား ထိုနွားသတ်ယောက်ျား၏ သန္တာန်ဝယ် “ငါသည် ‘အသား’ကို ရောင်း၏ဟူ၍သာလျှင်, ဤဝယ်ယူသူတို့သည်လည်း ‘အသား’ကို ဝယ်ယူ ဆောင်ယူကုန်၏”ဟူ၍သာလျှင် စိတ်သည် ဖြစ်ပေါ်နေ၏။

ဤဥပမာအတူပင်လျှင် ဤယောဂါဝစရရဟန်းအားလည်း အရိယာ ဖြစ်သည်မှ ရှေးကာလ, အရိယာ မဖြစ်မီ ပရမတ်သို့ ဉာဏ်အမြင် မဆိုက်သေးသည့်အတွက် ပညာမျက်စိကာဏ်းနေသည့် ပုထုဇန် ငမိုက်သား ဖြစ်နေစဉ်အခါ၌ လူဖြစ်စဉ်လည်းကောင်း, သိမ်းဆည်းအပ်သော ကမ္မဋ္ဌာန်း မရှိသော ရဟန်းညံ့ ဖြစ်စဉ်လည်းကောင်း အကြင်မျှလောက်-သော ကာလပတ်လုံး တည်မြဲတိုင်းသော ထားမြဲတိုင်းသော ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ထင်ရှားဖြစ်ပေါ်လာရသော ရုပ်အပေါင်းအစုဖြစ်သော ဤရူပကာယကြီးကိုပင်လျှင် —

၁။ **သန္တတိဃန** = ရုပ်အစဉ်အတန်း အတုံးအခဲ,
၂။ **သမူဟဃန** = ရုပ်အပေါင်းအစု အတုံးအခဲ,
၃။ **ကိစ္စဃန** = ရုပ်လုပ်ငန်းကိစ္စ အတုံးအခဲ —


©shwehinthar.com

ဟူသော သုံးမျိုးသော ရုပ်တုံးရုပ်ခဲ ရုပ်အစိုင်အခဲကြီးကို ဉာဏ်ဖြင့် ခွဲခြား စိတ်ဖြာခြင်းကို ပြု၍ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူသော ဓာတ်သဘောအစုအပုံအားဖြင့် အသီးအသီး ပြု၍ မရှုပွားရသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သတ္တဝါဟူသော အမှတ်သညာသည်လည်းကောင်း, ပေါသ (= သတ္တဝါ)ဟူသော အမှတ်သညာသည်လည်းကောင်း, ပုဂ္ဂိုလ်ဟူသော အမှတ်သညာသည်လည်းကောင်း မကွယ်ပျောက် သေး။ (သတ္တ-ပေါသ-ပုဂ္ဂလဟူသော စကားတို့ကား အတ္တကို ရည်ညွှန်း ခေါ်ဆိုထားသော စကားတို့တည်း။)

သန္တတိဃန သမူဟဃန ကိစ္စဃနဟူသော သုံးမျိုးသော ရုပ်တုံးရုပ်ခဲ ရုပ်အစိုင်အခဲကြီးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာခြင်းကို ပြု၍ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူသော ဓာတ်သဘောအစုအပုံ အားဖြင့် အသီးအသီး ပြု၍ ရှုပွားနိုင်သော်မူကား "သတ္တသညာ = သတ္တဝါ ဟူသောအမှတ်သညာ"သည် (= အသက်ကောင် လိပ်ပြာကောင် ဝိညာဏ် ကောင် အတ္တကောင်ဟု အတ္တထင်ရှားရှိကြောင်းကို စွဲလမ်းယုံကြည်နေသော အတ္တဒိဋ္ဌိနောက်သို့ အစဉ်လိုက်နေသော သတ္တသညာနှင့် လူတို့ ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း ပုဂ္ဂိုလ်သတ္တဝါ တကယ်ထင်ရှား ရှိ၏ဟု စွဲလမ်းယုံ-ကြည် နေသော ဝေါဟာရ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော သတ္တသညာဟူသော ဤနှစ်မျိုးသော သတ္တသညာသည်) ကွယ်ပျောက်၍ သွား၏။

(မဟာဋီ၊၁၊၄၂၈။ ဒီဋီ၊၂၊၃၀၈-၃၀၉။ မဋီ၊၁၊၃၆၅-၃၆၆။)

ဓာတ်၏ အစွမ်းအားဖြင့်သာလျှင် ဘာဝနာစိတ်သည် ကောင်းစွာ တည်နေ၏။ ထိုကြောင့် ဘုရားရှင်သည် "ရဟန်းတို့ . . . ဥပမာသော်ကား ။ ပ ။ ဆင်ခြင်သုံးသပ် ရှုပွား၍ နေ၏"ဟူသော စကားတော်ကို ဟောကြား တော်မူခြင်း ဖြစ်ပေသည်။ (ဝိသုဒ္ဓိ၊၁၊၃၄၃။ ဒီဋ္ဌ၊၂၊၃၆၀-၃၆၁။ မဋ္ဌ၊၁၊၂၇၆။)

**ဃနဝိနိဗ္ဘောဂ = ရုပ်တုံးရုပ်ခဲကို ဖြိုခွဲဖျက်ဆီးခြင်း**

ယာဝ ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဃနဝိနိဗ္ဘောဂံ ကတွာ ဓာတုသော န ပစ္စဝေက္ခတိ။ ဓာတုသော ပစ္စဝေက္ခတော ပန သတ္တသညာ အန္တရဓာယတိ၊ ဓာတုဝသေနေဝ စိတ္တံ သန္တိဋ္ဌတိ။

(ဝိသုဒ္ဓိ၊၁၊၃၄၃။ ဒီဋ္ဌ၊၂၊၃၆၁။ မဋ္ဌ၊၁၊၂၇၆။)

**ဃနဝိနိဗ္ဘောဂန္တိ** သန္တတိ-သမူဟ-ကိစ္စဃနာနံ ဝိနိဗ္ဘုဇနံ ဝိဝေစနံ။

(မဟာဋီ၊၁၊၄၂၈။ ဒီဋီ၊၂၊၃၀၈။ မဋီ၊၁၊၃၆၅။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်အရ ယောဂါဝစရ ပုဂ္ဂိုလ်သည် ဓာတ်ကမ္မဋ္ဌာန်းကို ရှုပွားသုံးသပ်ရာ၌ **သန္တတိဃန သမူဟဃန ကိစ္စဃန**ဟူသော ရုပ်အတုံးအခဲကြီး သုံးမျိုးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ ပါဝင်တည်ရှိသော ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူသော ဓာတ်ကြီး လေးပါး အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာကပ်၍ တည်နေသည့်တိုင်အောင် ရှေးဦးစွာ ကြိုးပမ်းရမည် ဖြစ်ပေသည်။

အထက်ပါ ဋီကာဆရာတော်တို့၏ ဖွင့်ဆိုချက်အရ ရုပ်တရားများ၌ (၁) သန္တတိဃန, (၂) သမူဟဃန, (၃) ကိစ္စဃနဟု ရုပ်အတုံးအခဲ သုံးမျိုးသာ ရှိသည်၊ ရုပ်တရားများ၌ အာရမ္မဏဃန မရှိပေ။ အကြောင်းကား ဤသို့ ဖြစ်၏။

ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ပရမတ္ထတရားတို့ကို သာရမ္မဏဓမ္မ, အနာရမ္မဏဓမ္မဟု နှစ်ဖို့နှစ်စု ပြု၍ အောက်ပါအတိုင်း ခွဲခြားကာ ဟောကြားထားတော်မူခဲ့၏။

**ကတမေ ဓမ္မာ သာရမ္မဏာ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ သာရမ္မဏာ၊**

**ကတမေ ဓမ္မာ အနာရမ္မဏာ၊ သဗ္ဗဉ္စ ရူပံ အသင်္ခတာ စ ဓာတု၊ ဣမေ ဓမ္မာ အနာရမ္မဏာ၊** (အဘိ၊၁၊၂၃၈။)

ဤအထက်ပါ ဓမ္မသင်္ဂဏီပါဠိတော်တွင် ဘုရားရှင်သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာ လေးပါး (=နာမ်တရားအားလုံး)တို့ကို အာရုံယူတတ်သော သာရမ္မဏတရားတို့ဟူ၍ ဟောကြားထားတော်မူခဲ့၏။ တစ်ဖန် ရုပ်တရားအားလုံးနှင့် အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အာရုံမယူတတ်သည့် အနာရမ္မဏတရားတို့ဟူ၍ လည်း ဟောကြားထားတော်မူခဲ့၏။



©shwehinthar.com

သာရမ္မဏာတိ ဟိ ဝစနံ စိတ္တစေတသိကာနံ အာရမ္မဏေန ဝိနာ အပ္ပဝတ္တိဥ္ပေဝ ဒီပေတိ။ (မူလဋီ၊၁၊၁၈၁။)

= **သာရမ္မဏ**ဟူသော စကားသည် စိတ်+စေတသိက်တရားတို့၏ အာရုံနှင့် ကင်း၍ မဖြစ်ခြင်းသဘောကိုသာလျှင် ညွှန်ပြပေ၏။ (မူလဋီ၊၁၊၁၈၁။)

ထိုတွင် အာရုံယူတတ်သည့် သာရမ္မဏတရားတို့၌သာလျှင် အာရမ္မဏဃနရှိကြောင်းကို ဝိသုဒ္ဓိမဂ္ဂမဟာဋီကာတွင် ဤသို့ ဖွင့်ဆိုထားပေသည်။

တထာ သာရမ္မဏာဓမ္မာနံ သတိပိ အာရမ္မဏကရဏဘေဒေ ဧကတော ဂယှမာနာ အာရမ္မဏဃနတာ စ။ (မဟာဋီ၊၂၊၄၃၇။)

= အာရုံယူတတ်သော သာရမ္မဏတရားတို့၏ အာရုံပြုမှု ကွဲပြားပါလျက် လည်း တစ်ခုတည်းအဖြစ် စွဲယူခဲ့သော် အာရမ္မဏဃနဖြစ်သည်ဟု ဖွင့်ဆို ထားပေသည်။ သို့အတွက် အာရုံယူတတ်သော နာမ်တရားတို့၌သာလျှင် အာရမ္မဏဃန (= အာရုံယူမှု အတုံးအခဲ) ရှိပေသည်။ ရုပ်တရားတို့ကား အာရုံ မယူတတ်သော အနာရမ္မဏတရားများ ဖြစ်ကြ၏။ သို့အတွက် ရုပ် တရားတို့၌ အာရမ္မဏဃနဟူသော အတုံးအခဲ မရှိသဖြင့် အထက်ပါ ဋီကာ တို့၌ ရုပ်ပိုင်းတွင် ဃန သုံးမျိုးသာ ဖွင့်ဆိုခြင်း ဖြစ်ပေသည်။

**၁။ သန္တတိဃန = ရုပ်အစဉ်အတန်းအတုံးအခဲ**

သဘောတူ သဘာဂဖြစ်သော တစ်ဥတု တစ်အာဟာရကြောင့် ဖြစ်ပေါ်သွားကြသော ရုပ်ကလာပ်တို့ကို ရုပ်ကလာပ်တစ်ခုချင်း ခွဲခြားပြီး မမြင်ဘဲ အစဉ်အတန်းလိုက် တစ်တန်းတည်း တစ်ခုတည်းအဖြစ် မြင်လျှင် **သန္တတိဃန** (= ရုပ်အစဉ်အတန်း အတုံးအခဲ) ဖုံးအုပ်နေသည် မည်၏။

**တစ်ဥတု** — ကံ-စိတ်-ဥတု-အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် အသီးအသီး ဖြစ်ပေါ်လာသော ရုပ်ကလာပ်တိုင်းတွင် တေဇောဓာတ် ပါဝင်လျက်ရှိ၏၊ ယင်းတေဇောဓာတ်ကို ဥတုဟုလည်း ခေါ်-ဆိုသည်။ ယင်းတေဇောဓာတ် (= ဥတု)သည် ယေဘုယျအားဖြင့် ဌီဇာလျှင် ရှစ်ခုမြောက်ရှိသော ဥတုဇဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်များကို အဆင့်ဆင့် ဖြစ်ပေါ်စေနိုင်၏။ ပုံစံတစ်ခု ဆိုရသော် — စက္ခုဒ-သကကလာပ် (= စက္ခုအကြည်ဓာတ်လျှင် (၁၀)မြောက်ရှိသော ရုပ်ကလာပ်) အမှုန်တစ်ခု ဆိုကြစို့။ ယင်း စက္ခုဒသကကလာပ်ကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုလိုက်သော် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, စက္ခုပသာဒဟု ရုပ်သဘောတရား (၁၀)မျိုးကို တွေ့ရှိမည် ဖြစ်သည်။ ယင်း (၁၀)မျိုးသော ရုပ်တရားတို့တွင် တေဇောဓာတ် (= ဥတု) ပါဝင်လျက် ရှိ၏။ ယင်းတေဇောဓာတ်သည် ဩဇာလျှင် (၈)ခုမြောက်ရှိသော ဥတုဇဩဇဋ္ဌမက ရုပ်ကို ဖြစ်စေ၏။ [စက္ခုဒသကကလာပ်တွင် ပါဝင်တည်ရှိသော တေဇော ဓာတ် (= ဥတု)၏ သားတည်း။]

တစ်ဖန် ယင်းဥတုဇဩဇဋ္ဌမကရုပ်တို့တွင်လည်း သို့မဟုတ် ရုပ်ကလာပ်တွင်လည်း တေဇောဓာတ် (= ဥတု) ပါဝင်လျက် ရှိပြန်၏၊ ယင်းတေဇော ဓာတ် (= ဥတု)သည်လည်း ဥတုဇဩဇဋ္ဌမကရုပ်ကလာပ်အသစ်ကို ဖြစ်စေပြန် ၏။ [မူလ စက္ခုဒသကကလာပ်အတွင်း၌ ပါဝင်တည်ရှိသော တေဇောဓာတ် (= ဥတု)၏ မြေးတည်း။]

ဤနည်းအတိုင်း ရုပ်၏ ဌီကာလသို့ ရောက်တိုင်းရောက်တိုင်း ထိုထို စက္ခုဒသကကလာပ်တို့တွင် ပါဝင်သော တေဇောဓာတ်ဥတုသည် (၄-၅) ဆင့် သော ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းကို ဆက်စပ်စေ၏။ [ထို (၄-၅)ဆင့်သော ရုပ်ကလာပ်တို့၏ ဖြစ်ခြင်းတို့တွင် နောက်ဆုံးအဆင့် နောက်ဆုံးအကြိမ်၌ ဖြစ်သော ရုပ်ကလာပ်တို့တွင် ပါဝင်တည်ရှိသော တေဇောဓာတ် (= ဥတု)ကား ရုပ်ကလာပ်အသစ်အသစ်ကို မဖြစ်စေနိုင်တော့ပေ။ ဤနည်းကို နည်းမှီ၍ ကျန်ရုပ်ကလာပ်တို့၌လည်း သဘောပေါက်ပါလေ။]

အချို့သော ရုပ်ကလာပ်၌ တည်ရှိသော တေဇောဓာတ်က (၃-၄)ဆင့်, အချို့သော ရုပ်ကလာပ်၌ တည်ရှိသော တေဇောဓာတ်က (၄-၅)ဆင့်သော ရုပ်ကလာပ်အသစ်အသစ်ကို ဆင့်ကဲ ကျေးဇူးပြုလျက် ဖြစ်ပေါ်စေ၏။ သမထ-ဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့ကဲ့သို့သော မွန်မြတ်သော ပဏီတစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်များတွင် ပါဝင်တည်ရှိသော တေဇောဓာတ်ဖြစ်မူ အဇ္ဈတ္တတွင်သာမက ဗဟိဒ္ဓသို့တိုင်အောင် အဆင့်ပေါင်း များစွာကို ဆင့်ကဲဆင့်ကဲ


©shwehinthar.com

ကျေးဇူးပြုလျက် ရုပ်ကလာပ် အသစ်အသစ်များကို ဖြစ်စေ၏။ ယင်းဥတုဇသြဇဋ္ဌမကရုပ်များကို သဘောတူ (= သဘာဂ)ဖြစ်သော တစ်ဥတုကြောင့် ဖြစ်သော ရုပ်တရားဟု ခေါ်၏။

**တစ်အာဟာရ** — တစ်ဖန် စားမျိုအပ်သော အစာအာဟာရဟူသည် မစားမီအခိုက်၌ဖြစ်စေ, စားမျိုပြီး၍ အစာအိမ်အတွင်းဝယ် ခန္ဓာအိမ်အတွင်းသို့ မပျံ့နှံ့မီ အစာသစ်ကောဋ္ဌာသအဖြစ်ဖြင့် တည်ရှိနေခိုက်၌ဖြစ်စေ ဥတု ခေါ်သည့် တေဇောဓာတ်ကြောင့် ဖြစ်သည့် ဥတုဇသြဇဋ္ဌမကရုပ်ကလာပ်တို့၏ အပေါင်းအစုမျှသာ ဖြစ်သည်။ (၃၂)ကောဋ္ဌာသတို့တွင် အစာသစ်ကောဋ္ဌာသပင် ဖြစ်သည်။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းအစာသစ်ကောဋ္ဌာသ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့် ပိုင်းခြားယူကာ ယင်းဓာတ်ကြီး လေးပါးကို အာရုံယူ၍ သမာဓိကို ဆက်လက်ထူထောင်နိုင်ပါက သမာဓိဒီဂရီ စံချိန်မီလာသောအခါ ရုပ်ကလာပ်အမှုန်များကိုသာ တွေ့ရှိမည်ဖြစ်သည်။ ယင်းရုပ်ကလာပ်တို့ကား ဥတုခေါ်သည့် တေဇောဓာတ်ကြောင့် ဖြစ်နေ ကြသော ဥတုဇသြဇဋ္ဌမကရုပ်တို့တည်း။ ရုပ်ကလာပ်တစ်ခု၌ တည်ရှိသော တေဇောဓာတ်က နောက်ထပ် ရုပ်ကလာပ်အသစ်တစ်ခု ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးလျက် ရှိ၏၊ ရုပ်ကလာပ်တစ်ခုအတွင်း၌ တည်ရှိသော တေဇော ဓာတ်ကြောင့် နောက်ထပ် ရုပ်ကလာပ်အသစ်တစ်ခု ထပ်ဖြစ်သကဲ့သို့ ယင်း နောက်ထပ်ဖြစ်သည့် ကလာပ်သစ်၌ ပါဝင်တည်ရှိသော တေဇောဓာတ်-ကလည်း အလားတူပင် နောက်ထပ်ရုပ်ကလာပ် အသစ်တစ်ခုကို ထပ်မံ ဖြစ်စေပုံကို ယောဂါဝစရပုဂ္ဂိုလ်က မြင်အောင် ရှုရမည်ဖြစ်ပေသည်။ ယင်း ဥတုဇသြဇဋ္ဌမကရုပ်ကလာပ် အသီးအသီး၌ သြဇာ ပါဝင်လျက် ရှိ၏။ ယင်းဥတုဇသြဇာသည် အစာသစ်အဖြစ်၌ တည်ရှိခိုက် ခန္ဓာကိုယ်တွင်းသို့ မပျံ့နှံ့ခင် ဥတုဇရုပ် ဥတုဇသြဇာ အဆင့်တွင်သာ တည်ရှိနေသေးသည်။ ယင်းဥတုဇသြဇာသည် အစာသစ်အိမ်၏ ဝန်းကျင်တွင် တည်ရှိနေသော ဇီဝိတလျှင် (၉)ခုမြောက်ရှိသော ဇီဝိတနဝကကလာပ်ရုပ်တို့တွင် ပါဝင် တည်ရှိသော တေဇောဓာတ်ဟူသော ပါစကတေဇောဓာတ်ခေါ် အစာကို ကြေကျက်စေသော ကမ္မဇဝမ်းမီး၏ အားပေးထောက်ပံ့မှုကို ရရှိသောအခါ ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေပြန်၏။ သြဇာကြောင့် ဖြစ်ပေါ်လာကြ သော ရုပ်ကလာပ်များ ဖြစ်ခြင်းကြောင့် ယင်းရုပ်ကလာပ်တို့ကို အာဟာရဇ သြဇဋ္ဌမကရုပ်တို့ဟူ၍ ခေါ်ဆိုပေသည်။ ရုပ်တို့မည်သည် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ရိုး ဓမ္မတာကား မရှိပေ။ သို့သော် ယင်းအာဟာရဇ သြဇဋ္ဌမက ရုပ်ကလာပ်တစ်ခုတွင် တည်ရှိသော သြဇာက ကမ္မဇဝမ်းမီး၏ အထောက်အပံ့ကို ရရှိသောအခါ အသစ်အသစ်သော ရုပ်ကလာပ်ကို ဖြစ်စေ ရာ၌ နေရာအသစ်အသစ်၌ ဥပါဒ်စေလျက် ဖြစ်ပေါ်စေ၏။ ယင်းသို့ နေရာ အသစ်အသစ်၌ ဖြစ်စေခြင်းကိုပင် ခန္ဓာအိမ်အတွင်းသို့ ပျံ့နှံ့သွားသည်ဟု ဆိုခြင်းဖြစ်၏။ သမ္မုတိသစ္စာနယ်၌ ရသဓာတ်ရည်များ ခန္ဓာကိုယ်အတွင်းသို့ ပျံ့နှံ့သွားသည်ဟု ဆိုသည်။ ပရမတ္ထသစ္စာနယ်၌ကား ရသဓာတ်ရည်ဟူသည် ယင်း အာဟာရဇသြဇဋ္ဌမကရုပ်တို့၏ အပေါင်းအစုမျှသာ ဖြစ်သည်။ အာ-ဟာရဇသြဇဋ္ဌမကရုပ်ကလာပ်အနေဖြင့်သာ ခန္ဓာအိမ်အတွင်းသို့ ပျံ့နှံ့၍ သွားပေသည်။ (မူလ အစာသစ်ကောဋ္ဌာသ ဥတုဇသြဇာ၏ သားစဉ်မြေးဆက် တည်း)။ ယင်းရုပ်ကလာပ်တို့တွင် ပါဝင်တည်ရှိသော သြဇာကား အာဟာရဇ သြဇာတည်း။

ယင်းအာဟာရဇသြဇာသည် —

၁။ ကမ္မဇရုပ်ကလာပ်တို့၌ တည်ရှိသော ကမ္မဇသြဇာ,

၂။ စိတ္တဇရုပ်ကလာပ်တို့၌ တည်ရှိသော စိတ္တဇသြဇာ,

၃။ ဥတုဇရုပ်ကလာပ်တို့၌ တည်ရှိသော ဥတုဇသြဇာ,

၄။ ကလာပ်ပြား အာဟာရဇရုပ်တို့၌ တည်ရှိသော အာဟာရဇသြဇာ

ဤသြဇာအသီးအသီးအား ထပ်ဆင့် ထောက်ပံ့ပြန်၏။ ယင်းအာဟာရဇ သြဇာ၏ အားပေးထောက်ပံ့မှုနှင့် ကမ္မဇဝမ်းမီး၏ အားပေးထောက်ပံ့မှုကို ရရှိသော အထက်ပါ ကမ္မဇသြဇာ စိတ္တဇသြဇာ ဥတုဇသြဇာ ကလာပ်ပြား အာဟာရဇသြဇာ အသီးအသီးသည် ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေ ပြန်၏။ အာဟာရဇသြဇဋ္ဌမကရုပ်ကလာပ်တို့တည်း။ ထိုသို့ ဖြစ်စေရာ၌ —


©shwehinthar.com

၁။ ကမ္မဇသြဇာက (၄-၅)ဆင့်သော ရုပ်ကလာပ်များကို,

၂။ စိတ္တဇသြဇာက (၃-၄)ဆင့်သော ရုပ်ကလာပ်များကို,

၃။ ဥတုဇသြဇာက ရံခါ (၃-၄)ဆင့်, ရံခါ (၁၀)ဆင့် (၁၂)ဆင့်သို့တိုင်အောင်သော ရုပ်ကလာပ်များကို,

၄။ ကလာပ်ပြား အာဟာရဇသြဇာက (၁၀)ဆင့် (၁၂)ဆင့်သို့တိုင်အောင် သော ရုပ်ကလာပ်များကို ဖြစ်စေနိုင်၏။

ဤနည်းဖြင့် တစ်ကြိမ် စားမျိုလိုက်သော အစာအာဟာရသည် (၇)ရက် သို့တိုင်အောင်ပင် ခန္ဓာအိမ်၏အတွင်း၌ ပျံ့နှံ့၍ ဖြစ်နေသော ဟူ၏။

(ဝိသုဒ္ဓိ၊၂၊၂၄၉-၂၅၂-ကြည့်ပါ။)

ယင်းသို့ အာဟာရဇရုပ်တို့၏ ဖြစ်နေမှုကို (= ကမ္မဇသြဇာ စသည့် လေးမျိုးသော သြဇာတို့တွင် ရုပ်ကလာပ်တစ်ခုတစ်ခု၌ တည်ရှိသော သြဇာ ကြောင့် အာဟာရဇသြဇဋ္ဌမကရုပ်တို့၏ အဆင့်ဆင့် ဖြစ်နေမှုကို) သဘောတူ (= သဘာဂ) ဖြစ်သော တစ်ဟာရ တစ်သြဇာကြောင့်ဖြစ်သော အာဟာရဇရုပ် များဟု ခေါ်ဆိုသည်။

ယင်း တစ်ဥတုကြောင့် ဖြစ်သော ရုပ်များ, တစ်အာဟာရကြောင့် ဖြစ်သော ရုပ်များကို အစဉ်အတန်းတစ်ခုတည်း တစ်ဆက်တည်းအဖြစ် မမြင်ဘဲ ရုပ်ကလာပ် တစ်ခုစီ တစ်ခုစီ ခွဲခြားစိတ်ဖြာ၍ ရှုမြင်နိုင်လျှင် **သန္တတိဃန - ရုပ်အစဉ်အတန်း အတုံးအခဲ** ပြိုသွားပြီ ဖြစ်၏။ အကယ်၍ ယင်းရုပ်များကို မီးပန်းအတန်း တစ်ခုကဲ့သို့ အပ်ချည်ကြိုးတန်း တစ်ခုကဲ့သို့ အစဉ်အတန်း တစ်ခုအဖြစ် တစ်ဆက်တည်း တစ်ခုတည်းအဖြစ် မြင်ခဲ့သော် (= ရုပ်ကလာပ် တစ်ခုချင်းအနေဖြင့် ပြတ်၍ မမြင်ခဲ့သော်) **သန္တတိဃန = ရုပ်အစဉ်အတန်း အတုံးအခဲ** ဖုံးအုပ်နေသည် မည်ပေသည်။

## ၂။ သမူဟဃန = ရုပ်အပေါင်းအစုအတုံးအခဲ

ယောဂါဝစရပုဂ္ဂိုလ်က **သန္တတိဃန = ရုပ်အစဉ်အတန်း အတုံးအခဲ**ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်သဖြင့် ရုပ်ကလာပ် တစ်ခုချင်း တစ်ခုချင်း ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်သော်လည်း ယင်းရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော (၈)မျိုးသောရုပ်, (၉)မျိုးသောရုပ်, (၁၀)မျိုးသော ရုပ်စသည့် ရုပ်ပရမတ်တရားများကို ယင်းတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီးကို မသိမ်းဆည်းနိုင်သေးပါက သမူဟဃန (= ရုပ်အပေါင်းအစု အတုံးအခဲ)ကို ဉာဏ်ဖြင့် မဖြိုခွဲနိုင်သဖြင့် ပရမတ်သို့ ဉာဏ်အမြင် မဆိုက်ရောက်သေးပေ။ ယင်းရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော (၈)မျိုးသောရုပ်, (၉)မျိုးသောရုပ်, (၁၀)မျိုးသောရုပ် စသော ရုပ်ပရမတ် သဘောတရားများကို မိမိ မိမိတို့၏ ဆိုင်ရာဆိုင်ရာ ကိုယ်ပိုင် ပရမတ္ထဓမ္မသဘာဝသတ္တိဟူသော ကိုယ်ပိုင်သဘာဝလက္ခဏာသို့ ဆိုက်အောင် တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုနိုင်ပါက မြင်နိုင်ပါက သိမ်းဆည်းနိုင်ပါက ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ပါက **သမူဟဃန = ရုပ်အပေါင်းအစု အတုံးအခဲ** ပြိုပြီ ဖြစ်၏။ ရုပ်အပေါင်းအစုအတုံးအခဲ (= သမူဟဃန)ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်သည် မည်၏။

## ၃။ ကိစ္စဃန = ရုပ်လုပ်ငန်းကိစ္စအတုံးအခဲ

ယင်းရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော (၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ပရမတ္ထဓာတ်သားဖြစ်သည့် ရုပ်တရား တစ်လုံးစီ တစ်လုံးစီ၌ ဆိုင်ရာဆိုင်ရာ ကိုယ်ပိုင် လုပ်ငန်းကိစ္စရပ် အသီးအသီး ရှိ၏။ ပထဝီဓာတ်သည် ပတိဋ္ဌာနရသ = ကလာပ်တူရုပ်တရားတို့၏ တည်ရာဖြစ်ခြင်း ကိစ္စ ရှိ၏။ အာပေါဓာတ်သည် **ဗြူဟနရသ** (= ရုပ်တရားတို့ကို တိုးပွားစေခြင်း ကိစ္စ) ရှိ၏။ တေဇောဓာတ်သည် **ပရိပါစနရသ** (= ရုပ်တရားတို့ကို ရင့်ကျက်စေခြင်း ဆွေးမြည့်စေခြင်း ကိစ္စ) ရှိ၏။ ဝါယောဓာတ်သည် **သမုဒီရဏရသ** (= တွန်းကန်ခြင်း ကိစ္စ) ရှိ၏။ ဤသို့ စသည်ဖြင့် ပရမတ္ထဓာတ်သားတိုင်း၌ ကိုယ်ပိုင်လုပ်ငန်းကိစ္စ အသီးအသီး ကိုယ်စီ ရှိ၏။ ယင်းရုပ်ပရမတ်တရား တစ်လုံးစီ တစ်လုံးစီ၏ ဆိုင်ရာဆိုင်ရာ ဆိုင်ရာဆိုင်ရာ ကိုယ်ပိုင် လုပ်ငန်းကိစ္စ အထူးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုနိုင်မြင်နိုင်ပါက ကိစ္စဃန (= ရုပ်လုပ်ငန်း ကိစ္စ) အတုံးအခဲ ပြိုပြီဖြစ်၏။ ရုပ်လုပ်ငန်းကိစ္စအတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးနိုင်သည် မည်၏။ ပရမတ္ထဓာတ်သား ရုပ်တရား တစ်လုံးစီ တစ်လုံးစီ ၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းကိစ္စရပ် အသီးအသီးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုနိုင် မြင်နိုင်သဖြင့် ကိစ္စတစ်ခုတည်းအဖြစ် ထင်နေမှု ရုပ်လုပ်ငန်းကိစ္စ အတုံးအခဲ ပြိုကွဲသွားခြင်း ဖြစ်၏။ ထိုသို့ ရုပ်ကလာပ်


©shwehinthar.com

တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော ပရမတ္ထဓာတ်သား ရုပ်တရား အသီးအသီး၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းကိစ္စရပ် အသီးအသီးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ မမြင်ဘဲ ကိစ္စ တစ်ခုတည်းအဖြစ် မြင်နေပါက ကိစ္စဃန အတုံးအခဲ မပြိုနိုင်၊ ကိစ္စဃန အတုံးအခဲက ဖုံးအုပ်ထားသည် မည်ပေသည်။

အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ အပ္ပဋိဝေဓာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ ပ ။ နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

(အဘိ၊ဋ္ဌ၊၂၊၄၇။ ဝိသုဒ္ဓိ၊၂၊၂၇၆။)

အသီးအသီးသော ရုပ်ဓာတ်နာမ်ဓာတ်တို့ကို အသီးအသီး တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာခြင်းကို ပြု၍ နှလုံးမသွင်းခြင်းကြောင့် ဉာဏ်ဖြင့် ထွင်းဖောက် မသိမမြင်ခြင်းကြောင့် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲသည် (= ရုပ်ဃန နာမ်ဃနသည်) ဖုံးကွယ်ထားသည့် အတွက်ကြောင့် အနတ္တလက္ခဏာ (= အနတ္တဉာဏ်အမြင် = အနတ္တရောင်ခြည်တော်) သည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ မတည်လာခြင်းဖြစ်၏။ ပ ။ အသီးအသီး သော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ ခြင်းကို ပြု၍ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ (= ရုပ်ဃန နာမ်ဃန)ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးခြင်းကို ပြုလုပ်နိုင်ခဲ့သည်ရှိသော် အနတ္တလက္ခဏာ (= အနတ္တ ဉာဏ်အမြင် = အနတ္တရောင်ခြည်တော်)သည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောလက္ခဏာအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ တည်လာ ပေ၏။ (အဘိ၊ဋ္ဌ၊၂၊၄၇။ ဝိသုဒ္ဓိ၊၂၊၂၇၆။)

တစ်ဖန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၃၀၁။)တွင် — သင်္ခါရတရားတို့ကို 'အနိစ္စ'ဟု ဝိပဿနာရှုရုံမျှဖြင့်လည်း အရိယမဂ်သို့ မဆိုက်နိုင်၊ 'ဒုက္ခ'ဟု ဝိပဿနာရှုရုံမျှဖြင့်လည်း အရိယမဂ်သို့ မဆိုက်နိုင်၊ 'အနတ္တ'ဟု ဝိပဿနာ ရှု-ရုံမျှဖြင့်လည်း အရိယမဂ်သို့ မဆိုက်နိုင်၊ လက္ခဏာရေး သုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပွားသုံးသပ်ပါမှ အရိယမဂ်သို့ ဆိုက်ရောက်နိုင်မည် ဖြစ်ကြောင်းကို ဆုံးဖြတ်ထားတော်မူ၏။

ထို့ကြောင့် အနတ္တဉာဏ်အမြင် ဆိုက်ရေးအတွက် ရုပ်ဃန နာမ်ဃနတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်ဖို့ လိုအပ်ပေသည်။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်း ရုပ်ဃနဟူသော ရုပ်တုံးရုပ်ခဲ သုံးမျိုး ပြိုရေးအတွက် ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော (၈)မျိုး, (၉)မျိုး, (၁၀)မျိုး စသော ရုပ်ပရမတ်တရား အသီးအသီးကို (= ရုပ်ပရမတ်တရားတိုင်းကို) လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် စနစ်တကျ သိမ်းဆည်းရမည် ဖြစ်ပေသည်။ သိမ်း-ဆည်းပုံ နည်းစနစ်များကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၇၄-၈၀။)၌လည်း ကောင်း, အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ၊ဋ္ဌ၊၁၊၃၄၉. . . ) ၌လည်းကောင်း ရှင်းလင်း တင်ပြထားပေသည်။ ဆရာသမားများနှင့်သာ ချဉ်းကပ်လေ့လာပါ။ ဤ-တွင်ကား ထိုကဲ့သို့ ဃနပြိုရေး, ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးအတွက် ဓာတ်ကမ္မဋ္ဌာန်းလမ်းမှ ရှုပွားပုံနည်းစနစ်များကို ဆက်လက်တင်ပြပေအံ့။


©shwehinthar.com

### ၁။ ပထဝီဓာတ်သဘောတရား (၆) မျိုး

ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ? ပထဝီဓာတု တေဇောဓာတု ဝါယောဓာတု ကက္ခဠံ မုဒုကံ သဏှံ ဖရုသံ ဂရုကံ လဟုကံ . . . (အဘိ၊၁၊၁၇၀။)

ဧတ္ထ စ “ကက္ခဠံ မုဒုကံ သဏှံ ဖရုသံ ဂရုကံ လဟုက”န္တိ ပဒေဟိ ပထဝီဓာတု ဧဝ ဘာဇိတာ။ (အဘိ၌၊၁၊၃၆၈။)

၁။ **ကက္ခဠန္တိ ထဒ္ဓံ** = မာ-မှုသဘော,

၂။ **မုဒုကန္တိ အထဒ္ဓံ** = ပျော့-မှုသဘော,

၃။ **ဖရုသန္တိ ခရံ** = ကြမ်း-မှုသဘော,

၄။ **သဏှန္တိ** မဋ္ဌံ = ချော-မှုသဘော,

၅။ **ဂရုကန္တိ ဘာရိယံ** = လေး-မှုသဘော,

၆။ **လဟုကန္တိ အဘာရိယံ၊ သလ္လဟုကန္တိ အတ္ထော** = ပေါ့-မှုသဘော။

(အဘိ၌၊၁၊၃၆၈။)

### ၂။ အာပေါဓာတ်သဘောတရား (၂) မျိုး

၁။ **ဒြဝဘာဝ = ပဂ္ဃရဏလက္ခဏာ** = ယိုစီး-မှုသဘော,

၂။ **အာဗန္ဓနဘာဝ = အာဗန္ဓနလက္ခဏာ** = ဖွဲ့စည်း-မှုသဘော။

### ၃။ တေဇောဓာတ်သဘောတရား (၂) မျိုး

၁။ **ဥဏှဘာဝ = ဥဏှတေဇော** = ပူ-မှုသဘော,

၂။ **သီတဘာဝ = သီတတေဇော** = အေး-မှုသဘော,

### ၄။ ဝါယောဓာတ်သဘောတရား (၂) မျိုး

၁။ ဝိတ္ထမ္ဘနဘာဝ = ထောက်ကန်-မှုသဘော,

၂။ သမုဒီရဏဘာဝ = တွန်းကန်-မှုသဘော (ဝိသုဒ္ဓိ၊၁၊၃၄၇။)

## အဋ္ဌကထာ၏ လုပ်ငန်းစွင် ညွှန်ကြားချက် (၂) မျိုး

ဤဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်းကို ပွားများအားထုတ်ပုံ နည်းစနစ်နှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊၃၄၆-၃၄၇။)က လုပ်ငန်းခွင် နှစ်မျိုး ကို ညွှန်ကြားထားတော်မူ၏။ ပထမဘာဝနာနယ = ပထမပွားများအားထုတ်ပုံ နည်းစနစ်၌ — **သကလမ္ပိ အတ္တနော ရူပကာယံ အာဝဇ္ဇေတွာ** (ဝိသုဒ္ဓိ၊၁၊၃၄၄) **= မိမိ၏ ရူပကာယ တစ်ခုလုံးကို ဆင်ခြင်၍** — ဟု ညွှန်ကြားထားသဖြင့် မိမိ၏ ရူပကာယတစ်ခုလုံးကို ခြုံငုံ၍ ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာကိုလည်းကောင်း, သို့မဟုတ် လုပ်ငန်းကိစ္စရသကိုလည်းကောင်း အာရုံယူ၍ ရှုရမည် ဖြစ်သည်။

ဒုတိယဘာဝနာနယ = ဒုတိယပွားများအားထုတ်ပုံ ဘာဝနာနည်းလမ်း ၌ကား — **တံ တံ အန္တရာနုသာရိနာ ဉာဏဟတ္ထေန ဝိနိဗ္ဘုဇိတွာ ဝိနိဗ္ဘုဇိတွာ** (ဝိသုဒ္ဓိ၊၁၊၃၄၇) = ထိုထို အရိုး-အကြော-အသား-အရေ ကောဋ္ဌာသတို့၏ အကြားသို့ အစဉ်လျှောက်သော ဉာဏ်တည်းဟူသော လက်ဖြင့် အကြိမ်များစွာ ဖြေ၍ အသီးအသီး ခွဲခြားစိတ်ဖြာမှုကို ပြု၍ ရှုရန် ညွှန်ကြားထားသဖြင့် ထိုထို အရိုး-အကြော-အသား-အရေတို့၏ အကြားသို့ ဉာဏ်ဖြင့် အစဉ်လျှောက်၍ ယင်း (၄)မျိုးသော ကောဋ္ဌာသတို့၌ တည်ရှိသော ဓာတ်ကြီး လေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာကိုသော်လည်းကောင်း, သို့မဟုတ် လုပ်ငန်းကိစ္စရသကိုလည်းကောင်း အာရုံယူ၍ ရှုရမည် ဖြစ်သည်။


©shwehinthar.com

**သမထယာနိကပုဂ္ဂိုလ်**

သမထယာနိက (= သမထစျာန်ယာဉ်ရှိသော) ယောဂါဝစရပုဂ္ဂိုလ်သည် မိမိရရှိထားပြီးသော စျာန်တို့တွင် မိမိနှစ်ခြိုက်ရာ တစ်မျိုးမျိုးသော စတုတ္ထစျာန် သမာဓိကို ထူထောင်ပါ။ ဤစနစ်မှာ တရားထိုင်တိုင်း လိုက်နာပြုကျင့်ရမည့် စနစ်ဖြစ်ပေသည်။ ယင်း စတုတ္ထစျာန်သမာဓိကြောင့် ဉာဏ်လင်းရောင်ခြည်များ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ အောက်ပါ အတိုင်း ဓာတ်ကြီးလေးပါးကို စတင်သိမ်းဆည်းပါ။

၁။ **မာ-မှုသဘော** — သွား-သွားချင်း ထိနေသည့် နေရာ, အရိုး-အရိုးချင်း ထိနေသည့်နေရာစသည့် ထိုထို မာမှုသဘော ထင်ရှားသည့် တစ်နေရာမှ စ၍ မာမှုသဘောကို ထိုထို အရိုးကြား, အကြောကြား, အသားကြား, အရေကြားသို့ ဉာဏ်တည်းဟူသော လက်ကို သွင်း၍ ဦးခေါင်းမှသည် ခြေထောက်, ခြေထောက်မှသည် ဦးခေါင်းသို့တိုင်အောင် တိုးလျှိုပေါက် တစ်ကိုယ်လုံး၌ မြင်အောင်ရှုပါ၊ သိမ်းဆည်းပါ။

၂။ **ကြမ်း-မှုသဘော** — အလားတူပင် ကြမ်းမှု ထင်ရှားသည့် တစ်နေရာမှ စ၍ ကြမ်းမှုသဘောကို တစ်ကိုယ်လုံး၌ မြင်အောင် ဆက်ရှုပါ။

၃။ **လေး-မှုသဘော** — လေးမှု ထင်ရှားသည့် တစ်နေရာမှ စ၍ လေးမှု သဘောကိုလည်းကောင်း,

၄။ **ပျော့-မှုသဘော** — အောက် အတွင်းနှုတ်ခမ်းသားနှင့် လျှာတို့ ထိထားသည့် နေရာကဲ့သို့သော ပျော့မှုထင်ရှားသည့် တစ်နေရာမှ စ၍ ပျော့မှုသဘောကိုလည်းကောင်း,

၅။ **ချော-မှုသဘော** — လျှာကို တံတွေးဆွတ်ကာ အောက်အတွင်း နှုတ်ခမ်းသားကို ပွတ်ကြည့်ပါက ချောမှုသဘောကို တွေ့နိုင်၏။ ယင်းသို့ ချောမှု ထင်ရှားသည့် တစ်နေရာမှ စ၍ ချောမှုသဘောကိုလည်းကောင်း,

၆။ **ပေါ့-မှုသဘော** — ခန္ဓာကိုယ်က လေးလံနေသည့်အခါ လက်ညှိုး တစ်ချောင်းကို အသာ မ-ကြည့်ပါက ပေါ့မှုသဘော ထင်ရှားနေတတ်၏၊ ယင်းသို့ ပေါ့မှုထင်ရှားသည့် တစ်နေရာမှ စ၍ ပေါ့မှုသဘောကိုလည်း ကောင်း တစ်ကိုယ်လုံး၌ မြင်အောင် ဆက်ရှုပါ။

ဤ မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့ သဘောတရား (၆)မျိုးကား ပထဝီဓာတ်တည်း။ ကျေညက်အောင် ထပ်ကာထပ်ကာ ရှုပါ။ ကျေနပ်မှုကို ရရှိပါက တေဇောဓာတ် သဘောတရား (၂)မျိုးကို ဆက်ရှုပါ။

၁။ **ပူ-မှုသဘော** — ခန္ဓာကိုယ်ဝယ် ပူမှု ထင်ရှားသည့် တစ်နေရာမှ စ၍ ပူမှုသဘောတရားကိုလည်းကောင်း,

၂။ **အေး-မှုသဘော** — ခန္ဓာကိုယ်ဝယ် အေးမှု ထင်ရှားသည့် တစ်နေရာမှ စ၍ အေးမှုသဘောတရားကိုလည်းကောင်း တစ်ကိုယ်လုံး၌ ဉာဏ်ဖြင့် မြင်အောင် ဆက်ရှုပါ။ အောင်မြင်မှုကို ရရှိပါက ဝါယောဓာတ် သဘောတရား (၂)မျိုးကို ဆက်ရှုပါ။

၁။ **ထောက်ကန်-မှုသဘော** – ပြိုတော့မည့် အိမ်တစ်အိမ်ကို ကျားခေါ်သည့် သစ်သားချောင်း တစ်ချောင်းဖြင့် ထောက်ထားသကဲ့သို့ ခန္ဓာကိုယ်ကြီးကို တည်မြဲတိုင်း ထားမြဲတိုင်းသော ဣရိယာပုထ်အတိုင်း တည်ရှိနေအောင် ထိန်းထားသည့် စွမ်းအင်တစ်မျိုးကို (= ငြိမ်နေအောင် ထိန်းထားသည့် စွမ်းအင်တစ်မျိုးကို) ထောက်ကန်မှုသဘောဟု ဆို၏။ ထိုင်လျှင် ထိုင်သည့်အတိုင်း တည်နေအောင် ထိန်းထားသည့် ထောက်ထားသည့် စွမ်းအင်တစ်မျိုး စသည်ဖြင့် သဘောပေါက်ပါ။ မာမှု သဘောနှင့် တွဲရှုပါက ပို၍ သဘောပေါက်မြန်တတ်သည်။ ယင်းသို့ ထောက်ကန်မှု ထင်ရှားသည့် တစ်နေရာမှ စ၍ တစ်ကိုယ်လုံး၌ ထောက်ကန်မှုသဘော ကို မြင်အောင် ဆက်ရှုပါ။

၂။ **တွန်းကန်-မှုသဘော** — အသက်ရှုသွင်းလိုက်သည့်အခါ ဝမ်းဗိုက်ကို ဖောင်းတက်လာအောင် တွန်းကန်နေသည့်သဘော, ရင်အုံတစ်ခုလုံးကို ကားတက်လာအောင် တွန်းကန်နေသည့်သဘော, အသက် ရှုသွင်း-လိုက် ရှုထုတ်လိုက်သောအခါ ဦးခေါင်းအတွင်း၌ တွန်းကန်နေသည့် သဘော — ယင်းသို့ တွန်းကန်မှု ထင်ရှားရာ တစ်နေရာမှ စ၍ တစ်ကိုယ်လုံး၌ တွန်းကန်မှုသဘောကို မြင်အောင် ဆက်ရှုပါ။ ထောက်ကန်မှု သဘောကား ဝါယောဓာတ်၏ သဘာဝလက္ခဏာဖြစ်၍ တွန်းကန်မှု သဘောကား ဝါယောဓာတ်၏ လုပ်ငန်းကိစ္စရသ ဖြစ်ပေသည်။


©shwehinthar.com

အားလုံးပေါင်းလိုက်သော် မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့, ပူ-အေး, ထောက်-တွန်းဟု သဘောတရား (၁၀)မျိုး ဖြစ်ပေသည်။ ယင်းသဘောတရား (၁၀)မျိုးကို ခြေဆုံး-ခေါင်းဆုံး ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုနေပါ။ ယင်းသို့ ရှုနေပါက အောက်ပါ အာပေါဓာတ်သဘောတရား (၂)မျိုးကိုလည်း တဖြည်းဖြည်း ရှု၍ ရတတ်ပါသည်။

၁။ **ဖွဲ့စည်း-မှုသဘော** — ယင်းအထက်ပါ ဓာတ်သဘောတရား (၁၀)မျိုးကို ထပ်ကာထပ်ကာ ရှုနေပါက ဖွဲ့စည်းမှုသဘောတရားလည်း ထင်ရှား လာတတ်ပါသည်။ ခန္ဓာကိုယ်ကို ကြိုးနှင့်စည်းထားသကဲ့သို့ ဖွဲ့စည်းနေ-သည့် သဘောကို ဉာဏ်ဖြင့် တွေ့မြင်တတ်သည်။ အောင်မြင်မှုကို မရရှိပါက တွန်းကန်မှုသဘောနှင့် မာမှုသဘော နှစ်မျိုးတို့ကိုပင် ကြိမ်ဖန် များစွာ ထပ်ကာထပ်ကာ ခြေဆုံး-ခေါင်းဆုံး ရှုနေပါက ဖွဲ့စည်းမှု သဘောတရားကို ဉာဏ်ဖြင့် တွေ့မြင်တတ်ပေသည်။

၂။ **ယိုစီး-မှုသဘော** — သွားရင်း, လျှာ စသည့်နေရာတို့၌ တံတွေးများ ယိုစီးနေတတ်၏။ ထိုသို့ ယိုစီးမှုထင်ရှားသည့် နေရာမှ စ၍ ယိုစီးမှု သဘောကို စတင် ရှုနိုင်သည်။ (၃၂)ကောဋ္ဌာသတို့ကို ရှုတတ်ပြီးသူ ယောဂါဝစရပုဂ္ဂိုလ်ဖြစ်မူ သွေးကောဋ္ဌာသကဲ့သို့ ယိုစီးမှု ထင်ရှားသည့် ကောဋ္ဌာသတစ်ခုမှ စတင်၍ ရှုလျှင်လည်း ယိုစီးမှုသဘောကို တွေ့တတ်ပါသည်။ အထူးသဖြင့် သွေးကောဋ္ဌာသကား ခန္ဓာကိုယ်ဝယ် အထက်အောက် စုန်-ဆန် ယိုစီးလျက် ရှိပေသည်၊ ယိုစီးမှု အာပေါဓာတ် လွန်ကဲသော ကောဋ္ဌာသ တစ်ခု ဖြစ်၏။

အကယ်၍ မာမှုသဘောက စ၍ ရှုလာရာ၌ အခက်အခဲ ရှိနေပါက တွန်းကန်မှုသဘောက စ၍လည်း ရှုနိုင်ပါသည်။ တွန်းကန်မှုသဘောကို တစ်ကိုယ်လုံး၌ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောအခါ မာမှုသဘောက စ၍ ဓာတ်သဘောတရား (၁၂)မျိုးလုံးကို ဆက်လက်ပြီး အထက်ပါ အစီအစဉ်အတိုင်း ရှုပါ၊ သိမ်းဆည်းပါ။

အောင်မြင်မှုကို ရရှိပါက ဓာတ်သဘောတရား (၁၂)မျိုးကို အောင်အောင်မြင်မြင် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်ပြီ ဖြစ်ပေသည်။ ထိုအခါ ယင်းသဘောတရား (၁၂)မျိုးကို ခြေဆုံး-ခေါင်းဆုံး ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုနေပါ။ ယင်း သဘောတရား (၁၂)မျိုးကို ခြေဆုံး-ခေါင်းဆုံး ရှုနိုင်ပါက တစ်ခေါက်ဟု မှတ်ပါ။ တစ်မိနစ်အတွင်းဝယ် နှစ်ခေါက် သုံးခေါက် လောက် ရရှိအောင် ကြိုးစားပါ။ ထိုသို့ သွက်သွက်လက်လက် ရှုနိုင်ပါက ဒေသနာတော်စဉ်အတိုင်း —

၁။ မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့,

၂။ ယိုစီး-ဖွဲ့စည်း,

၃။ ပူ-အေး,

၄။ ထောက်-တွန်း —

ဟူသော သဘောတရားတို့ကို အစဉ်အတိုင်း တစ်ခုပြီးတစ်ခု ရှုနေပါ (= သိမ်းဆည်းပါ = ဉာဏ်ဖြင့် ပိုင်းခြားယူပါ)။ သဘောတရားအားလုံးကို ပြိုင်တူလိုလို ဉာဏ်၌ ထင်လာသောအခါ မိမိ၏ ရူပကာယတစ်ခုလုံးကို ခြုံငုံ၍ အပေါ်က စီးကြည့်သည့် ပုံစံဖြင့် ရှုကြည့်ပါ။ ကိုယ်ကို အာရုံမယူဘဲ ကိုယ်၌ တည်ရှိနေသည့် ဓာတ်သဘောတရားများကိုသာ အာရုံယူကာ ရှုနေပါ။ ဓာတ် သဘောတရားတို့ကို ပြိုင်တူလိုလို ဉာဏ်၌ ထင်လာသောအခါ အောက်ပါ အတိုင်း လေးချက် ပြောင်းရှုပါ။

၁။ မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ပထဝီဓာတ်,

၂။ ယိုစီး-ဖွဲ့စည်းကို ကြည့်၍ အာပေါဓာတ်,

၃။ ပူ-အေးကို ကြည့်၍ တေဇောဓာတ်,

၄။ ထောက်-တွန်းကို ကြည့်၍ ဝါယောဓာတ်ဟု —

ကာလအရာ ကာလအထောင် ကာလအသိန်း တိုင်အောင် ရှုနေပါ။ ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားပါ၊ သမာဓိကို ထူထောင်ပါ။

ဤအရာတွင် **ပရမတ္ထမဉ္ဇူသာ** အမည်ရှိသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (မဟာဋီ၊၁၊၄၃၄...)က

**မနသိကာရကောသလ္လတရား (၁၀)ပါး**ကို ဖွင့်ဆို ထားပေသည်။ ယင်း (၁၀)ပါးတို့ကို အကျဉ်းချုပ်ကာ တင်ပြပေအံ့။

**၁။ အနုပုဗ္ဗတော = အစဉ်အတိုင်း** ရှုပါ

အထက်ပါအတိုင်း ခေတ်ကြီးလေးပါးကို နှလုံးသွင်း ရှုပွားရာ၌ ဘုရားရှင် ဟောကြားပြသဆိုဆုံးမထားတော်မူအပ်သော ဒေသနာတော်စဉ်အတိုင်း ဆရာသမားထံမှ သင်ယူအပ်ခဲ့သည့် အစဉ်အတိုင်း **ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်**ဟု ဓာတ်သဘောတရားများကို အာရုံ ယူ၍ အစဉ်အတိုင်းသာ နှလုံးသွင်း ရှုပွားပါ။ "အာပေါဓာတ် ဝါယောဓာတ် ပထဝီဓာတ် တေဇောဓာတ်" — ဤသို့ စသည်ဖြင့် "ဟိုကျော် ဒီကျော်"လျက် အစီအစဉ်မကျ နှလုံးမသွင်းပါနှင့်ဟု ဆိုလိုသည်။ (မဟာဋီ၊၁၊၄၃၄။)

**၂။ နာတိသီဃတော = မမြန်လွန်းစေရ**

ဓာတ်ကြီးလေးပါးတို့၏ သဘောတရားများကို ဤကဲ့သို့ အစီအစဉ်အတိုင်း နှလုံးသွင်းရာ၌လည်း အလွန် လျင်လျင်မြန်မြန်ကြီး ဓာတ်တစ်ပါး ပြီးနောက် ဓာတ်တစ်ပါးကို နှလုံးမသွင်းပါနှင့်။ အပြစ်ကား — အလွန် လျင်လျင်မြန်မြန် ဓာတ်ကို နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား အဆင့်ဆင့်, ဆင့်ကာဆင့်ကာ ဓာတ်တစ်ပါးပြီး ဓာတ်တစ်ပါးဟူသော ကမ္မဋ္ဌာန်းကို နှလုံး သွင်းခြင်းသည် အကယ်၍ကား အဆက်မပြတ် ဖြစ်နေသည် မှန်၏။ သို့သော် ဓာတ်ကြီးလေးပါးတို့၏ လက္ခဏာ သို့မဟုတ် ရသဟူသော ကမ္မဋ္ဌာန်းကား မြန်လွန်းသည့်အတွက် မထင်ရှား ဖြစ်လာတတ်၏။ ရုပ်တရားကို ပိုင်းပိုင်း ခြားခြား သိတတ်သော ရူပပရိစ္ဆေဒဉာဏ်စသော အထက်အထက်သော ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသော တရားထူး တရားမြတ်ကို ရွက်ဆောင်မပေးနိုင်တော့ပေ။ ထို့ကြောင့် ဓာတ်တစ်ပါးပြီးနောက် ဓာတ်-တစ်ပါး၏ သဘာဝသတ္တိကို ဉာဏ်ဖြင့် အာရုံယူ၍ နှလုံးသွင်းရာ၌ အလွန် လျင်လျင်မြန်မြန် နှလုံးမသွင်းပါနှင့်။ (မဟာဋီ၊၁၊၄၃၄။)

**၃။ နာတိသဏိကတော = မနှေးလွန်းစေရ**

ဓာတ်ကြီးလေးပါးကို အလွန် လျင်လျင်မြန်မြန်ကြီး နှလုံးမသွင်းသင့် သကဲ့သို့ အလွန် နှေးနှေးကွေးကွေးအားဖြင့်လည်း နှလုံးမသွင်းသင့်ပေ။ အပြစ်ကား အလွန်နှေးနှေးကွေးကွေးအားဖြင့် ဓာတ်ကြီးလေးပါးကို တစ်ပါးပြီး တစ်ပါး အစဉ်အတိုင်း နှလုံးသွင်းခဲ့သော် ဓာတ်ကမ္မဋ္ဌာန်းသည် ပရိယောသာန ခေါ်သည့် အဆုံးအပိုင်းအခြားသို့ (= သဒိသူပစာရအားဖြင့် ဥပစာရသမာဓိဟု တင်စား၍ ခေါ်ဆိုထားအပ်သော ဥပစာရသမာဓိအဆင့်သို့) ရောက်ရှိနိုင် တော့မည် မဟုတ်ပေ၊ ရုပ်တရားကို ပိုင်းခြားသိတတ်သော ရူပပရိစ္ဆေဒဉာဏ် စသော အထက်အထက်သော ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဟူသော တရားထူးတရားမြတ်ကို ရခြင်း၏ အကြောင်းအထောက်ပံ့သည်ကား မဖြစ်နိုင်တော့ပေ။ အလွန် လျင်မြန်စွာလည်းကောင်း, အလွန် နှေးကွေးစွာ လည်းကောင်း လမ်းခရီးကို သွားကြကုန်သော ယောကျ်ားတို့ကို ဤအရာ၌ ဥပမာအဖြစ် ထုတ်ဆောင်ပြထိုက်ပေသည်။ (မဟာဋီ၊၁၊၄၃၄။)

**၄။ ဝိက္ခေပပဋိဗာဟနတော = ဓာတ်လေးပါး၏ ပြင်ဘက်အာရုံကို** မရှုရ

**ဝိက္ခေပပဋိဗာဟနတောတိ ကမ္မဋ္ဌာနံ ဝိဿဇ္ဇေတွာ ဗဟိဒ္ဓါ ပုထုတ္တာရမ္မဏေ စေတသော ဝိက္ခေပေါ ပဋိဗာဟိတဗ္ဗော။ ဗဟိဒ္ဓါ ဝိက္ခေပေ ဟိ သတိ ကမ္မဋ္ဌာနာ ပရိဟာယတိ ပရိဓံသတိ။ ကေပဒိကမဂ္ဂါမီ ပုရိသော စေတ္ထ နိဒဿေတဗ္ဗော။** (မဟာဋီ၊၁၊၄၃၄။)

ယောဂါဝစရပုဂ္ဂိုလ်ကိုယ်တိုင် ယခု ပွားများအားထုတ်နေသော ကမ္မဋ္ဌာန်းမှာ ဓာတ်ကြီးလေးပါးတို့ကို အာရုံယူကာ သမာဓိကို ထူထောင်နေသည့် ဓာတ်ကမ္မဋ္ဌာန်း ဖြစ်သည်။ ယင်းကဲ့သို့ ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိကို ဉာဏ်စက္ခုဖြင့် အာရုံယူ၍ ဥပစာရသမာဓိ နယ်မြေသို့ ဆိုက်ရောက်ရေးအတွက် ဓာတ်ကမ္မဋ္ဌာန်းကို နှလုံးသွင်း ရှုပွားနေရာဝယ် ဥပစာရသမာဓိနယ်မြေသို့ မဆိုက်မီ အချိန်အတွင်းဝယ် ထိုဓာတ်ကြီးလေးပါး တို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိတည်းဟူသော အာရုံကို နှလုံးသွင်းမှု ကမ္မဋ္ဌာန်းလုပ်ငန်းကို စွန့်လွှတ်၍ ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မ သဘာဝသတ္တိမှ အပဖြစ်သော ပညတ်အာရုံ ပရမတ်အာရုံ အမျိုးမျိုး၌ ဘာဝနာစိတ်ကို ပစ်လွှင့်မှုကို


©shwehinthar.com

တားမြစ်ရမည်။ တစ်နည်းဆိုရသော် — ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိဟူသော အာရုံမှ တစ်ပါးသော အခြားအခြားသော ပညတ်အာရုံ ပရမတ်အာရုံ အမျိုးမျိုးတို့ကို လှမ်း၍ ရှုပွားမှုကို တားမြစ်ရမည်။

အဘယ်ကြောင့်နည်းဟူမူ — ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မ သဘာဝသတ္တိ အာရုံမှ အခြားတစ်ပါးသော ပညတ်အာရုံ ပရမတ်အာရုံတို့ အပေါ်သို့ ဘာဝနာစိတ်ကို ပစ်လွှင့်ချထားခဲ့သော် သို့မဟုတ် ရှုပွားနေခဲ့သော် ဓာတ်ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်သွားတတ်၏၊ လျှောကျသွားတတ်၏။ ဤအရာ၌ ခြေတစ်ဖဝါးစာမျှသာရှိသော လမ်းကို သွားနေသော ယောကျ်ားကို ပုံတူ ဥပမာဆောင်၍ ပြထိုက်၏။ (မဟာဋီ၊၁၊၄၃၄။)

ဤအထက်ပါ စည်းကမ်းသတ်မှတ်ချက်ကို အထူး ဂရုပြု၍ မှတ်သားပါ။ အဘယ်ကြောင့် ဓာတ်ကြီးလေးပါးမှ ပြင်ဘက်ဖြစ်သော ပညတ်အာရုံ ပရမတ်အာရုံ အမျိုးမျိုးကို မရှုရသနည်းဟူသော မေးခွန်းကိုလည်း ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်တတ်၏ လျှောကျတတ်၏ဟု အကြောင်းပြထား၏၊ ဖြေဆိုထား၏။

အဘယ်ကြောင့် ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်ရသနည်း လျှောကျရသနည်း? ယခုကဲ့သို့ ရုပ်ပရမတ်သို့ ဉာဏ်အမြင် မဆိုက်သေးမီ ရုပ်ပရမတ်တရားများကို ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်ရေးဟူသော ဦးတည်ချက်ဖြင့် ဓာတ်ကြီးလေးပါးတို့ကို အာရုံယူ၍ သမာဓိကို ထူထောင်နေခိုက်ဝယ် ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မ သဘာဝသတ္တိကို ဉာဏ်ဖြင့် ရှုပါမှ နှလုံးသွင်းပါမှ **ဓာတုမနသိကာရ**ဟု ခေါ်ဆိုနိုင်သည်။ ဓာတ်ကြီးလေးပါးတို့မှ ပြင်ပဖြစ်သော ပညတ်အာရုံ ပရမတ်အာရုံ အမျိုးမျိုးတို့ကို လိုက်၍ ရှုနေပါက ဤသမာဓိပိုင်းတွင် ဓာတုမနသိကာရ (= ဓာတ်ကို နှလုံးသွင်းမှု)ဟု မခေါ်ဆိုနိုင်တော့ပေ။ ထိုသို့ ဓာတ်ကြီးလေးပါးမှ ပြင်ပဖြစ်သော ပညတ်အာရုံ ပရမတ်အာရုံများကို လိုက်ရှုနေပါက ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မ သဘာဝသတ္တိကို အာရုံ ယူကာ နှလုံးသွင်း ရှုပွားပါမှ ဖြစ်ပေါ်လာနိုင်ခွင့်ရှိသော ဓာတ်ကမ္မဋ္ဌာန်းလမ်းစဉ်မှ ဥပစာရသမာဓိသည်လည်း ဖြစ်နိုင်ခွင့် မရှိတော့ပေ။

ထိုသို့ ဥပစာရသမာဓိမျှ မဖြစ်ခဲ့သော် ရုပ်ကလာပ်များကို နှလုံးသွင်း နိုင်ခြင်း ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်နိုင်ခြင်း, ရုပ်ကလာပ်များကို ဓာတ်ခွဲ၍ 'ဃန'ခေါ်သည့် ရုပ်တုံးရုပ်ခဲ အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ ပါဝင်တည်ရှိကြသော ပရမတ္ထဓာတ်သား ရုပ်တရားအစစ်တို့ကို ထိုးထွင်း သိမြင်နိုင်ရေးမှာ အလွန် အလှမ်းကွာဝေး လျက်ပင် ရှိနေဦးမည် ဖြစ်ပေသည်။ ပရမတ်သို့ ဉာဏ်အမြင် မဆိုက်ရောက် သေးပါက လက္ခဏာရေးသုံးတန် ဉာဏ်အမြင် သန့်ရှင်းရေးမှာလည်း, အထူးသဖြင့် အနတ္တရောင်ခြည်တော်ကြီး တင့်တယ်စမွယ်စွာ ထွန်းလင်းတောက်ပ လာရေးမှာလည်း မမျှော်မှန်းသင့်သော အရာသာ ဖြစ်ပေသည်။ အနတ္တသဘော သုညတသဘောသို့ ဉာဏ်အမြင် မဆိုက်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသည့် တရားထူးတရားမြတ်ကို ရရှိရေးမှာ မိုးနှင့် မြေကြီးပမာ အလွန် အလှမ်းကွာလျက်သာ ရှိနေဦးမည် ဖြစ်ပေသည်။ ဤကား ဓာတ်ကမ္မဋ္ဌာန်းကို အားထုတ်နေပါလျက် ဥပစာရသမာဓိနယ်မြေသို့ မဆိုက်ရောက်မီ အတွင်းဝယ် ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိကို နှလုံးသွင်းရာမှ ပြင်ပဖြစ်သော ပညတ်အာရုံ ပရမတ်အာရုံ အမျိုးမျိုးတို့ကို ပြောင်း၍ နှလုံးသွင်း ရှုပွားမိသဖြင့် ကမ္မဋ္ဌာန်းဆုတ်ယုတ်ပုံ လျှောကျပုံတည်း။

**အယူအဆ မမှားစေလိုပါ**

ဓာတ်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် အခြားအခြားသော ရုပ်တရား နာမ်တရားများကို လုံးဝ မရှုပွားရ နှလုံးမသွင်းရ ဟု ဤသို့ကား အယူအဆ မမှားစေလိုပါ။ ရုပ်ကလာပ်များကို ဉာဏ်ဖြင့် တွေ့မြင်၍ ရုပ်ကလာပ်တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော ဓာတ်ကြီး လေးပါးတို့ကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ထွင်းဖောက် သိမြင်လျှင်ကား ဓာတ်ကမ္မဋ္ဌာန်းလမ်းမှ ဥပစာရသမာဓိနယ်မြေသို့ ဆိုက်ရောက်ပြီ ဖြစ်၏။ ထိုကဲ့သို့သော ဥပစာရသမာဓိသို့ မဆိုက်မီအတွင်းမှာ ဓာတ်ကြီးလေးပါးတို့ကို အာရုံယူ၍ သမာဓိကို ထူထောင်နေခိုက်၌ ဓာတ်ကြီးလေးပါးမှ ပြင်ပဖြစ်သော အခြားအခြားသော ရုပ်တရား နာမ်တရား ပညတ်တရားတို့ကို ပြောင်း၍ မရှုရန်သာ ညွှန်ကြားနေခြင်း ဖြစ်သည်။ ဥပစာရသမာဓိသို့ ဆိုက်ရောက်ပြီး သောအခါ၌ကား ကြွင်းကျန်သော ရုပ်တရားများကိုလည်းကောင်း, နာမ်တရား များကိုလည်းကောင်း, အကြောင်းတရားများကိုလည်းကောင်း သိမ်းဆည်းလျက် ဝိပဿနာသို့ ကူးနိုင်သည်သာ ဖြစ်ပါသည်။


©shwehinthar.com

**သတိကြီးစွာဖြင့် သွားရမည်**

အသူတစ်ရာ နက်သော ချောက်ကမ်းပါးကို ဖြတ်ကျော်၍ ခြေတစ်ဖဝါး စာမျှသာရှိသော တံတားလမ်းတစ်ခုကို ခင်းထားရာ ထိုလမ်းကိုလျှောက်သွား သော ယောကျ်ားသည် နင်းသွားသော ခြေရာကို ကောင်းစွာ မမှတ်သားဘဲ ဟိုဟို ဒီဒီ ထို ဤ တောင် မြောက် ကြည့်ရှု၍ လမ်းလျှောက်နေခဲ့သော် ခြေလှမ်းအကြိမ်သည် ချွတ်ချော်တိမ်းပါးသွားနိုင်၏၊ ခြေချော်သွားနိုင်၏။ ထိုအခါ အသူတစ်ရာ နက်သော ချောက်ကမ်းပါးပြတ်ထဲသို့ ကျရောက်သွားနိုင်ပေသည်။ ဤအတူသာလျှင် ဗဟိဒ္ဓအာရုံ အမျိုးမျိုး၌ စိတ်ပျံ့လွင့်နေ ခဲ့သော် (= ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံမှ အပြင်အပ ဖြစ်သော ပညတ်အာရုံ ပရမတ်အာရုံ အမျိုးမျိုးပေါ်သို့ စိတ်ကို လွှင့်ပစ်ချ ထားခဲ့သော်) ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်ပျက်စီးသွားနိုင်ပေသည်။

**၅။ ပဏ္ဏတ္တိသမတိက္ကမနတော = ပညတ်ကို ကျော်အောင် ကျင့်ပါ**

ဓာတ်ကမ္မဋ္ဌာန်းကို နှလုံးသွင်းရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူသော အမည်နာမ ပညတ်တို့ကို ကျော်လွန်၍ ပရမတ္ထဓမ္မသဘာဝသတ္တိတည်းဟူသော သဘာဝ လက္ခဏာအာရုံ၌သာလျှင် ဘာဝနာစိတ်ကို ကပ်ထားကာ ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။

၁။ ပထဝီဓာတ်၏ မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့ သဘောတရားတို့ကို ဉာဏ်နှင့် မြင်ပါမှ ပထဝီဓာတ်ဟု ရှုပါ။

၂။ အာပေါဓာတ်၏ ယိုစီး-ဖွဲ့စည်း သဘောကို ဉာဏ်နှင့် မြင်ပါမှ အာပေါ ဓာတ်ဟု ရှုပါ။

၃။ တေဇောဓာတ်၏ ပူမှု-အေးမှု သဘောကို ဉာဏ်နှင့် မြင်ပါမှ တေဇော ဓာတ်ဟု ရှုပါ။

၄။ ဝါယောဓာတ်၏ ထောက်ကန်မှု-တွန်းကန်မှု သဘောကို ဉာဏ်နှင့် မြင်ပါမှ ဝါယောဓာတ်ဟု ရှုပါ။

ယင်းသဘောတရားများကို ဉာဏ်နှင့် မတွေ့မမြင်ဘဲ "ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်"ဟု ရှုနေပါက အမည်နာမ ပညတ်ပေါ်၌သာ သောင်တင်နေမည် ဖြစ်ပေသည်။ **"ဆို ကမ္မဋ္ဌာန်း"** အဆင့်မှာသာ ရှိနေသေးသည်။ 'ဆို ကမ္မဋ္ဌာန်း' မဖြစ်အောင် ကြိုးစားပါ။

ဤသို့လျှင် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာဟူသော ပရမတ္ထ ဓမ္မသဘာဝအာရုံ၌သာလျှင် ဘာဝနာစိတ်ကို ထား၍ 'ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်' ဟု ကြိမ်ဖန်များစွာ ရှုနိုင်ခဲ့သော် ပထဝီဓာတ်စသော အမည်နာမ ပညတ်ကို ကျော်လွန်၍ ပရမတ္ထဓမ္မသဘာဝ အာရုံ၌သာလျှင် ဘာဝနာစိတ်ကို ကောင်းစွာ ထားနိုင်သည် မည်ပေသည်။

ဤသို့လျှင် ပထဝီစသော အမည်နာမ ပညတ်ကို ပယ်စွန့်၍ မာမှု စသော ပရမတ္ထဓမ္မသဘာဝအာရုံ၌သာလျှင် နှလုံးသွင်းမှု မနသိကာရ လုပ်ငန်းရပ်ကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ ဉာဏ်၌ ဓာတ်ကြီး လေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝလက္ခဏာတို့သည် ကောင်းစွာ ထင်ရှား ပေါ်လွင်ကုန်သည်ဖြစ်၍ ထင်လာကုန်၏။ ဤသို့ အဖန်ဖန် အထပ်ထပ် နှလုံးသွင်းခြင်း၏ အစွမ်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် အာသေဝန ပစ္စည်းအထုံကို ရရှိလာနိုင်၏ (= ရှေးရှေး ဘာဝနာစိတ်၏ အရှိန်အဝါသည် နောက်နောက် ဘာဝနာစိတ်အား စွမ်းအင်ရှိန်စော် အာနုဘော်ကြီးမားအောင် ကျေးဇူးပြုပေးနိုင်၏)။ အလုံးစုံသော ရူပကာယတစ်ခုလုံးသည် ဓာတ်သဘော မျှအားဖြင့် ထင်လာ၏။

၁။ **သုည** = ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်၏ဟု
၂။ **နိဿတ္တ** = သတ္တဝါ မဟုတ်ဟု
၃။ **နိဇ္ဇီဝ** = ဇီဝအတ္တ မဟုတ်ဟု ထင်လာ၏။

ယန္တရားစက်ကြိုးဖြင့် အဆင့်ဆင့် ပြန်လှန်လှုပ်ရှား သွားလာနေသော ယန္တရားစက်ကဲ့သို့ အဆင့်ဆင့် တပြောင်းပြောင်း တပြန်ပြန် ပြန်လှန်လှုပ်ရှား သွားလာနေသော ရုပ်တရားအပေါင်း၏ ဓာတ်သဘောမျှဟု ထင်လာ၏။

(မဟာဋီ၊၁၊၄၃၄။)

အကယ်၍ကား အပြင် ဗဟိဒ္ဓလောက၌လည်း ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို နှလုံးသွင်းမှုကို ဉာဏ်ဖြင့်


©shwehinthar.com

ကပ်၍ ဆောင်သည် ဖြစ်အံ့၊ ထိုသို့ ဉာဏ်ဖြင့် ကပ်၍ ဆောင်သည်ရှိသော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ လှည့်လည်ကျက်စား သွားလာနေထိုင်ကြကုန်သော လူ တိရစ္ဆာန် စသော သတ္တဝါတို့သည် သတ္တဝါဟူသော အခြင်းအရာကို ပယ်စွန့်၍ ဓာတ်ကြီးလေးပါးတို့၏ အပေါင်းအစု၏ အစွမ်းဖြင့်သာလျှင် ထင်လာကုန်၏။ ထို လူ တိရစ္ဆာန်- စသော သတ္တဝါတို့သည် ပြုလုပ်နေကြသော အပြုအမူအရာ ဟူသမျှတို့သည် ဓာတ်ကြီးလေးပါးဖြင့် ပြီးသော ယန္တရားစက်ဖြင့် ဖြစ်စေ အပ်သော အပြုအမူအရာတို့သည်သာ ဖြစ်ကုန်၍ ထင်လာ၏။ ထိုလူ တိရစ္ဆာန်စသည်တို့သည် စားမျိုအပ်သော သောက်ဖွယ်အဖျော် စားဖွယ် ဘောဇဉ် စသည်သည် ဓာတ်ကြီးလေးပါး အပေါင်းအစု၌ ထည့်သွင်းထား အပ်သော ဓာတ်ကြီးလေးပါး အပေါင်းအစုကဲ့သို့ ထင်လာပေသည်။

(မဟာဋီ၊၁၊၄၃၄-၄၃၅။)

၆။ **အနုပဋ္ဌာနမုဉ္စနတော = မထင်ရှားသော ဓာတ်အချို့ကို လွှတ်ထားနိုင်သည်**

၁။ ပထဝီဓာတ်၏ မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့သဘော,

၂။ အာပေါဓာတ်၏ ယိုစီး-ဖွဲ့စည်းသဘော,

၃။ တေဇောဓာတ်၏ ပူ-အေးသဘော,

၄။ ဝါယောဓာတ်၏ ထောက်ကန်-တွန်းကန်သဘော —

ဤသို့လျှင် ဓာတ်သဘောတရား (၁၂)မျိုး ရှိရာ ယခုကဲ့သို့ သမာဓိကို ထူထောင်နေခိုက်ဝယ် သမာဓိလည်း အတော်အသင့် ဖြစ်လာသောအခါ ရံခါ အချို့သော သဘောတရားများသည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ မထင်မရှား ဖြစ်လာတတ်ကြသဖြင့် ငြိမ်သက်မှု သမာဓိကို ရရှိအောင် ဦးစား ပေး၍ သမာဓိကို ထူထောင်နေခိုက် ဖြစ်ရကား မထင်ရှားသော ဓာတ်သဘော တရားများကို လိုက်၍ တစ်ဖန် ရှာဖွေနေရပါက သမာဓိပျက်ပြားသွားတတ် သဖြင့် မထင်မရှားသော ဓာတ်သဘောတရားများကို လွှတ်၍ ထင်ရှားသော ဓာတ်သဘောတရားများ၌သာ အာရုံစိုက်ကာ ဓာတ်ကမ္မဋ္ဌာန်းကို နှလုံးသွင်းရမည် ဖြစ်သည်။ ပထဝီဓာတ်၌ ထင်ရှားရာ ဓာတ်သဘောတရား တစ်မျိုးမျိုး, အာပေါဓာတ်၌ ထင်ရှားရာ ဓာတ်သဘောတရား တစ်မျိုးမျိုး, တေဇောဓာတ်၌ ထင်ရှားရာ ဓာတ်သဘောတရား တစ်မျိုးမျိုး, ဝါယောဓာတ်၌ ထင်ရှားရာ ဓာတ်သဘောတရား တစ်မျိုးမျိုးကို အာရုံယူ၍ "ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်"ဟု ကြိမ်ဖန်များစွာ နှလုံးသွင်း နေပါ။ ဓာတ်ကြီးလေးပါးတို့တွင် ဓာတ်တစ်မျိုးတစ်မျိုး၌ အနည်းဆုံး သဘောတရားတစ်မျိုးကား ထင်ရှားရမည်သာ ဖြစ်သည်။ ထိုဓာတ်သဘောတရားမှာ လည်း အောက်တွင် အမှတ်(၇)အဖြစ် ဖော်ပြလတ္တံ့သော **'လက္ခဏတော'** ဟူသော အင်္ဂါရပ်နှင့် အညီ သဘာဝလက္ခဏာသာ ဖြစ်သင့်ပေသည်။ သို့မှသာလျှင် ဓာတုမနသိကာရပဗ္ဗ၌ ဘုရားရှင် ဟောကြားထားတော် မူသည့်အတိုင်း "ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်"ဟု ကြိမ်ဖန်များစွာ ရှုနိုင်မည် ဖြစ်သည်။ ဤသည်မှာလည်း ဓာတ်ကြီးလေးပါး အာရုံ၌ သမာဓိ ငြိမ်သက်နေခိုက်ကိုသာ အထူးသဖြင့် ရည်ရွယ်၍ သတ်မှတ် လိုက်သော စည်းကမ်းတစ်ခုဟု မှတ်ပါ။ သို့သော် အားလုံးသော ဓာတ်သဘောတရားများသည် ထင်ရှားနေကြလျှင်ကား ပို၍ ကောင်းသည်သာ ဖြစ်ပါသည်။

၇။ **လက္ခဏတော = သဘာဝလက္ခဏာကိုသာ ဦးစားပေးရှုပါ**

၁။ ပထဝီဓာတ်၏ ကက္ခဠတ္တလက္ခဏာ = မာမှု သဘောလက္ခဏာ,

၂။ အာပေါဓာတ်၏ ပဂ္ဃရဏလက္ခဏာ = ယိုစီးမှု သဘောလက္ခဏာ,

၃။ တေဇောဓာတ်၏ ဥဏှတ္တလက္ခဏာ = ပူမှု သဘောလက္ခဏာ,

၄။ ဝါယောဓာတ်၏ ဝိတ္ထမ္ဘနလက္ခဏာ = ထောက်ကန်မှု သဘောလက္ခဏာ

ဤသဘောလက္ခဏာအာရုံပေါ်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားလျက် ယင်းသဘာဝလက္ခဏာကိုပင် စိုက်စိုက်စူးစူး အထူးမြဲမြဲစွာ ရှုပွားပါ။


©shwehinthar.com

ဤ ညွှန်ကြားချက်ကား အထက်တွင် တင်ပြထားသော သဘောတရား (၁၂)မျိုးတို့ကို အာရုံပြု၍ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟု ကြိမ်ဖန်များစွာ ရှုပွား၍နေပါသော်လည်း, စိတ်ငြိမ်ဝပ်မှု သမာဓိ လည်း ရှိတန်သလောက် ရှိငြားသော်လည်း ဥပစာရသမာဓိနယ်မြေသို့ မရောက်နိုင်ဖြစ်နေသော် မာမှု, ယိုစီးမှု, ပူမှု, ထောက်ကန်မှုဟူသော သဘာဝလက္ခဏာ သက်သက်မျှကိုသာ အာရုံပြု၍ ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟု ကာလအရာ ကာလအထောင် ကာလအသိန်းတိုင်အောင် ရှုပွားနေရန် ညွှန်ကြားချက် ဖြစ်ပေသည်။ ထိုသို့ **မာ-ယို-ပူ-ထောက်**ဟူသော သဘာဝလက္ခဏာကိုသာ ဦးစားပေး၍ ရှုနေပါက ယင်းသဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေတတ်ပေသည်။ နာရီဝက် မိနစ်လေးဆယ် စသည်ဖြင့် ဓာတ်လေးပါးအာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာသော် —"မည်သို့ မည်ပုံ ရှုပါက စိတ်တည်ကြည်မှု သမာဓိသည် ဖြစ်ပေါ်လာတတ်သည်" —ဟူသော သမာဓိဖြစ်ကြောင်း ရှုပုံ အခြင်းအရာ (= သမာဓိ-ဖြစ်ကြောင်း နိမိတ်)ကို မှတ်သား၍ ထိုနည်းအတိုင်း ဆက်လက်၍ ရှုပွားပါ။

**"ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်သည် တစ်နာရီ ငြိမ်ဝပ်စွာ ကပ်၍ တည်နေပါစေ ။ ပ ။ နှစ်နာရီ ငြိမ်ဝပ်စွာ ကပ်၍ တည်နေပါစေ"**

ဤသို့ စသည်ဖြင့် အချိန်ကို ပိုင်းခြားကန့်သတ်၍ အဓိဋ္ဌာန်ပြုကာ ထိုင်ကြည့်ပါ။ အောင်မြင်မှုကို ရရှိလာတတ်ပါသည်။ ယေဘုယျအားဖြင့် ယောဂီ အများစုတို့၌ တစ်နာရီလောက် (၁၀)ကြိမ်လောက် ဆက်တိုက် ဓာတ်လေးပါး အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာသော် ဥပစာရသမာဓိ နယ်မြေသို့ ဆိုက်ရောက်သွားတတ်ပါသည်။

ထိုသို့ ကြိုးစားအားထုတ်ပါလျက် ထိုယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ အဖန်ဖန် အထပ်ထပ် မှိုဝဲခြင်းတည်းဟူသော အာသေဝနပစ္စည်း အကြောင်း အထောက်အပံ့ကို ရရှိ၍နေသော ဘာဝနာစိတ်သည် —

၁။ အလွန်ကြိုးစားအားထုတ်အပ်သော လုံ့လဝီရိယ ရှိသည်၏အဖြစ်ကြောင့် ဝီရိယလွန်၍ ဥဒ္ဓစ္စဖြစ်ကာ စိတ်ပျံ့လွင့်နေသဖြင့်လည်းကောင်း,

၂။ အလွန် တွန့်ဆုတ်သော ဝီရိယရှိသည်၏အဖြစ်ကြောင့် ဝီရိယလျော့၍ ပျင်းရိခြင်း (= ကောသဇ္ဇ) ဖြစ်ကာ စိတ်ဓာတ်သည် ဘာဝနာအာရုံမှ တွန့်ဆုတ်နေသဖြင့်လည်းကောင်း —

'ဥပစာရသမာဓိ'ဟူသော ဘာဝနာလမ်းကြောင်းပေါ်သို့ အကယ်၍ မသက်ရောက်သည်ဖြစ်အံ့။

၈။ **အဓိစိတ္တသုတ္တန်**

၉။ **အနုတ္တရသီတိဘာဝသုတ္တန်**

၁၀။ **ဗောဇ္ဈင်္ဂသုတ္တန်**

ဤသုတ္တန် သုံးမျိုး၌ လာရှိသော နည်းလမ်းဖြင့် ဝီရိယနှင့် သမာဓိကို ညီမျှမှု ရှိအောင် ယှဉ်စေမှုကို ပြုထိုက်ပေ၏။ (မဟာဋီ၊၁၊၄၃၅။)

## ၈။ အဓိစိတ္တသုတ္တန်

ဤသုတ္တန်ကား အင်္ဂုတ္တရနိကာယ် ပထမတွဲ၊ တိကနိပါတ်၊ လောဏကပလ္လဝဂ်၌ **နိမိတ္တသုတ္တန်**ဟူသော အမည်ဖြင့် လာရှိပေသည်။ ထိုသုတ္တန် မြန်မာပြန်ကို ဤတွင် ဖော်ပြအပ်ပါသည်။

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကို အဖန်ဖန် အားထုတ်သော ယောဂါဝစရရဟန်းသည် သမာဓိဖြစ် ကြောင်း သမထနိမိတ်, ဝိပဿနာဉာဏ်ဖြစ်ကြောင်း ဝိပဿနာနိမိတ်ဟူသော အကြောင်းတရား သုံးမျိုးတို့ကို ရံဖန်ရံခါ နှလုံးသွင်းအပ်ကုန်၏

၁။ ရံဖန်ရံခါ သမာဓိဟူသော အကြောင်းနိမိတ်ကို (= သမာဓိဖြစ်ကြောင်း တရားကို) နှလုံးသွင်းအပ်၏။

၂။ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းနိမိတ်ကို (= ဝီရိယဖြစ်ကြောင်း တရားကို) နှလုံးသွင်းအပ်၏။


©shwehinthar.com

၃။ ရံဖန်ရံခါ ဥပေက္ခာဟူသော အကြောင်းနိမိတ်ကို (= ဥပေက္ခာဖြစ်ကြောင်းတရားကို) နှလုံးသွင်းအပ်၏။

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကို အဖန်ဖန် အားထုတ်သော ယောဂါဝစရရဟန်းသည် သမာဓိဟူသော အကြောင်းနိမိတ်ကိုသာလျှင် (= သမာဓိဖြစ်ကြောင်း တရားကိုသာလျှင်) တစ်ဖက်သတ် နှလုံးသွင်းခဲ့မူ ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်သည် ပျင်းရိရာသော အကြောင်း ရှိ၏။ (၁)

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကို အဖန်ဖန် အားထုတ်သော ယောဂါဝစရရဟန်းသည် အားထုတ်ခြင်း (= ဝီရိယ)ဟူသော အကြောင်းနိမိတ်ကိုသာလျှင် (= ဝီရိယဖြစ်ကြောင်း တရားကိုသာလျှင်) တစ်ဖက်သတ် နှလုံးသွင်းခဲ့မူ ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်သည် ပျံ့လွင့်ခြင်း (= ဥဒ္ဓစ္စ) ဖြစ်ရာသော အကြောင်း ရှိ၏။ (၂)

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကို အဖန်ဖန်အားထုတ်သော ယောဂါဝစရရဟန်းသည် ဥပေက္ခာဟူသော အကြောင်းနိမိတ်ကိုသာလျှင် (= ဥပေက္ခာဖြစ်ကြောင်း တရားကိုသာလျှင်) တစ်ဖက်သတ် နှလုံးသွင်းခဲ့မူ ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်သည် အာသဝေါတရားတို့ ကုန်ရန် ကောင်းစွာ မတည်ကြည်ရာသော အကြောင်း ရှိ၏။ (၃)

ရဟန်းတို့ . . . လွန်မြတ်သော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာ စိတ်ကို အဖန်ဖန် အားထုတ်သော ယောဂါဝစရရဟန်းသည် —

၁။ ရံဖန်ရံခါ သမာဓိဟူသော အကြောင်းနိမိတ်ကို (= သမာဓိဖြစ်ကြောင်း တရားကို) နှလုံးသွင်း၍,

၂။ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းနိမိတ်ကို (= ဝီရိယဖြစ်ကြောင်း တရားကို) နှလုံးသွင်းပြီးလျှင်,

၃။ ရံဖန်ရံခါ ဥပေက္ခာဟူသော အကြောင်းနိမိတ်ကို (= ဥပေက္ခာဖြစ်ကြောင်းတရားကို) နှလုံးသွင်းသောအခါ **ဘာဝနာစိတ်**သည် —

၁။ နူးညံ့ခြင်းသည်လည်းကောင်း,

၂။ သမထဘာဝနာလုပ်ငန်း ဝိပဿနာဘာဝနာလုပ်ငန်း၌ ပြုလုပ်ရန် အသင့်ဖြစ်နေခြင်း သင့်လျော်ခြင်းသည်လည်းကောင်း,

၃။ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ထွက်ခြင်းသည်လည်းကောင်း ဖြစ်ပေါ်လာ၏။

၄။ ပျက်စီးခြင်းသဘောလည်း မရှိ။

၅။ အာသဝေါတရားတို့ကုန်ရန် (= အရဟတ္တမဂ်ဉာဏ်အလို့ငှာ) စိတ်သည် ကောင်းစွာ တည်ကြည်နေ၏။

ရဟန်းတို့ . . . ဥပမာသော်ကား ရွှေပန်းထိမ်သည်သည်လည်းကောင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်လည်းကောင်း မီးကျီးဖိုကို ပြုစီရင်ပြီးလျှင် မီးကျီးဖိုဝကို မီးတိုက်လျက် ညှပ်ဖြင့် ရွှေကိုယူ၍ မီးကျီးဖိုဝ၌ (မိုက်လုံတွင်) ထည့်ထားပြီးလျှင် ရံဖန်ရံခါ မီးဖြင့် မှုတ်ပေး၏၊ ရံဖန်ရံခါ ရေဖြင့် ဆွတ်ဖျန်း ပေး၏၊ ရံဖန်ရံခါ လျစ်လျူရှု၏။ ရဟန်းတို့ . . . ရွှေပန်းထိမ်သည်သည်လည်းကောင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်လည်းကောင်း ထိုရွှေကို အစဉ်တစိုက် မီးဖြင့် မှုတ်နေငြားအံ့၊ ထိုရွှေသည် ပူလောင်ရာသောအကြောင်း ရှိ၏။ (၁)

ရဟန်းတို့ . . . ရွှေပန်းထိမ်သည်သည်လည်းကောင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်လည်းကောင်း ထိုရွှေကို အစဉ်တစိုက် ရေဖြင့် ဆွတ်ဖျန်းပေးနေငြားအံ့၊ ထိုရွှေသည် ငြိမ်းအေးရာသော အကြောင်း ရှိ၏။ (၂)

ရဟန်းတို့ . . . ရွှေပန်းထိမ်သည်သည်လည်းကောင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်လည်းကောင်း ထိုရွှေကို အစဉ်တစိုက် လျစ်လျူရှုနေငြားအံ့၊ ထိုရွှေသည် ကောင်းစွာ ရင့်ကျက်ခြင်းသို့ မရောက်ရာသောအကြောင်း ရှိ၏။ (၃)

ရဟန်းတို့ . . . ရွှေပန်းထိမ်သည်သည်လည်းကောင်း, ရွှေပန်းထိမ်သည်၏ တပည့်သည်လည်းကောင်း ထိုရွှေကို


©shwehinthar.com

ရံဖန်ရံခါ မီးဖြင့် မှုတ်ပေး၍ ရံဖန်ရံခါ ရေဖြင့် ဆွတ်ဖျန်းပေးပြီးလျှင် ရံဖန်ရံခါ လျစ်လျူရှုသောအခါ ထို ရွှေသည် နူးညံ့ခြင်းသည်လည်းကောင်း, ထိုထိုလက်ဝတ်တန်ဆာစသည်ကို ပြုလုပ်ရန် သင့်လျော်ခြင်းသည်လည်းကောင်း, ပြိုးပြိုးပြက်ပြက် အရောင် တလက်လက် ထွက်ခြင်းသည်လည်းကောင်း ဖြစ်ပေါ်လာ၏၊ ပျက်စီးခြင်း သဘောလည်း မရှိ၊ အလုပ်ခွင်သို့လည်း ကောင်းစွာ ရောက်၏။ ရွှေပြားဖြင့် ဖြစ်စေ, နားတောင်းဖြင့်ဖြစ်စေ, လည်ရွဲတန်ဆာဖြင့်ဖြစ်စေ, ရွှေပန်းခိုင်ဖြင့် ဖြစ်စေ တစ်စုံတစ်ခုသော တန်ဆာအထူးဖြင့် အလိုရှိခဲ့မူ ထိုသူ၏ ထိုအလို ရှိရာ အကျိုးကိုလည်း ပြီးစေ၏။

ရဟန်းတို့ . . . ဤဥပမာအတူသာလျှင် လွန်မြတ်သော သမထ ဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်ကို အဖန်ဖန် အားထုတ်သော ယောဂါဝစရရဟန်းသည် သမာဓိဖြစ်ကြောင်း သမထနိမိတ်, ဝိပဿနာဉာဏ် ဖြစ်ကြောင်း ဝိပဿနာနိမိတ်ဟူသော အကြောင်းတရား သုံးမျိုးတို့ကို ရံဖန် ရံခါ နှလုံးသွင်းအပ်ကုန်၏ ။ ပ ။

၅။ အာသဝေါတရားတို့ ကုန်ရန် (= အရဟတ္တမဂ်ဉာဏ်အလို့ငှာ) စိတ်သည် ကောင်းစွာ တည်ကြည်နေ၏။

ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တစ်စုံတစ်ခုသော တရားကို ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုရန် စိတ်ကို ရှေးရှုညွတ်စေ၏။ ရှေးရှေးဘဝက ဖြည့်ကျင့်ခဲ့သော ပါရမီအကြောင်းတရားနှင့် ယခုဘဝ၌ ဖြည့်ဆည်းပူးအပ်သော အဘိညာဉ်၏ အခြေခံပါဒကဖြစ်သော စျာန် စသော အကြောင်းတရားသည် ထင်ရှားရှိလတ်သော် ထိုထိုအရာ၌ပင်လျှင် သက်သေထိုက်သည်၏အဖြစ်သို့ (ဣဒ္ဓိဝိဓအဘိညာဉ်စသည်, ဝိပဿနာ ဉာဏ် မဂ်ဉာဏ် စသည်သို့) လည်း ရောက်ရှိနိုင်၏။

"ငါသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ခံစားလို၏။ ပ ။ (အဘိညာဉ် ခြောက်ပါးတို့ကို အကျယ်ချဲ့အပ်ကုန်၏။)

"အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အာသဝေါတရားတို့ မရှိသော ကိလေသာတို့မှ လွတ်မြောက်သော စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင်လျှင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ပြည့်စုံကပ်ရောက်၍ နေလို၏"ဟု ထိုသူသည် အကယ်၍ အလိုရှိခဲ့လျှင် (အခြေခံ) အကြောင်း တရား ရှိလတ်သော် ထိုထို အလိုရှိရာ၌ပင်လျှင် သက်သေထိုက်သည်၏ အဖြစ်သို့ (ဣဒ္ဓိဝိဓဉာဏ်စသည်, ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် စသည်သို့) ရောက်ရှိနိုင်၏ဟု မိန့်တော်မူ၏။ (အံ၊၁၊၂၅၈-၂၆၀။)

ဤကား **အဓိစိတ္တသုတ္တန်**တည်း။

## ၉။ အနုတ္တရသီတိဘာဝသုတ္တန်

ဤသုတ္တန်ကား အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ ဒုတိယပဏ္ဏာသ၊ သီတိဝဂ်၌ သီတိဘာဝသုတ္တန် အမည်ဖြင့် လာရှိပေသည်။ ထိုသုတ္တန်၏ မြန်မာပြန် မှာ အောက်ပါအတိုင်း ဖြစ်၏။

ရဟန်းတို့ . . . တရား (၆)မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့် အဖြစ်ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မထိုက်တန်ပေ။ အဘယ် (၆)မျိုးတို့နည်းဟူမူ —

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် —

၁။ စိတ်ဓာတ်ကို နှိမ့်ချသင့် (= နှိပ်ကွပ်သင့်)သောအခါ စိတ်ဓာတ်ကို မနှိမ့်ချ (= မနှိပ်ကွပ်)။

၂။ စိတ်ဓာတ်ကို ချီးမြှောက်သင့်သော အခါ၌ (= စိတ်ဓာတ်ကို မြှင့်တင်ပေးသင့်သော အခါ၌) စိတ်ဓာတ်ကို မချီးမြှောက် (= စိတ်ဓာတ်ကို မြှင်တင်မပေး)။

၃။ စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေသင့်သော အခါ၌ စိတ်ဓာတ်ကို မရွှင်လန်း မတက်ကြွစေ။

၄။ စိတ်ဓာတ်ကို လျစ်လျူရှုသင့်သော အခါ၌ စိတ်ဓာတ်ကို လျစ်လျူမရှု။

၅။ ဟီနာဓိမုတ္တိက = နှလုံးသွင်းလည်း ယုတ်ညံ့၏။

၆။ **သက္ကာယာဘိရတ** = ခန္ဓာငါးပါး သက္ကာယတရား၌လည်း မွေ့လျော်၏။

ရဟန်းတို့ . . . ဤတရား (၆)မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ်ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မထိုက်တန်ပေ။

ရဟန်းတို့ . . . တရား (၆)မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ်ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ထိုက်တန်ပေ၏။အဘယ် (၆)မျိုးတို့နည်းဟူမူ —

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် —

၁။ စိတ်ဓာတ်ကို နှိမ့်ချသင့် (= နှိပ်ကွပ်သင့်)သောအခါ၌ စိတ်ဓာတ်ကို နှိမ့်ချ၏ (= နှိပ်ကွပ်၏။)

၂။ စိတ်ဓာတ်ကို ချီးမြှောက်သင့်သော အခါ၌ စိတ်ဓာတ်ကို ချီးမြှောက်၏ = စိတ်ဓာတ်ကို မြှင့်တင်ပေးသင့်သော အခါ၌ စိတ်ဓာတ်ကို မြှင့်တင်ပေး၏။

၃။ စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေသင့်သော အခါ၌ စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေ၏။

၄။ စိတ်ဓာတ်ကို လျစ်လျူရှုသင့်သော အခါ၌ စိတ်ဓာတ်ကို လျစ်လျူရှု၏။

၅။ ပဏီတာဓိမုတ္တိက = နှလုံးသွင်းလည်း မွန်မြတ်၏။

၆။ နိဗ္ဗာနာဘိရတ = နိဗ္ဗာန်၌လည်း မွေ့လျော်၏။

ရဟန်းတို့ . . . ဤတရား (၆)မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ်ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ထိုက်တန်ပေ၏ —ဟု မိန့်တော်မူ၏။ (အံ၊၂၃၇၉။)

## ဆိုလိုရင်း သဘောတရား

၁။ လွန်စွာ ကြိုးစားအားထုတ်ခြင်းစသည့် အကြောင်းတရားတို့ကြောင့် ဝီရိယလွန်၍ စိတ်ပျံ့လွင့်မှု (= ဥဒ္ဓစ္စ) ဖြစ်ခဲ့သော် (ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို အာရုံယူကာ) သမာဓိကို ထူထောင်ခြင်းဖြင့် စိတ်ဓာတ်ကို နှိမ့်ချပေးရမည် နှိပ်ကွပ်ပေးရမည်။

၂။ ကြိုးစားအားထုတ်မှု (= ဝီရိယ)လျော့လွန်းခြင်းစသည့် အကြောင်းတရား တို့ကြောင့် (ဓာတ်ကြီးလေးပါးကဲ့သို့သော) ကမ္မဋ္ဌာန်းအာရုံ၌ တွန့်ဆုတ်နေသော စိတ်ဓာတ်ကို ပျင်းရိခြင်း (= ကောသဇ္ဇ)ဘေးမှ စောင့်ရှောက်ခြင်း၏ အစွမ်းဖြင့် ကြိုးစားအားထုတ်ခြင်း (= ဝီရိယ)ကို မြှင့်တင်ပေးခြင်းဖြင့် စိတ်ဓာတ်ကို ချီးမြှောက်ပေးရမည်၊ စိတ်ဓာတ်ကို မြှင့်တင်ပေးရမည်။

၃။ (ဓာတ်ကမ္မဋ္ဌာန်း) ဘာဝနာလမ်းကြောင်းပေါ်၌ စိတ်ဓာတ်သည် အညီ အမျှ ဖြစ်နေသောအခါ ထိုညီမျှနေသော စိတ်ဓာတ်ကို ပညာဖြင့် နှစ်သက် ရွှင်လန်းစေရမည် ထက်မြက်စေရမည်။ နောက်တစ်မျိုးကား (ဓာတ်ကြီး လေးပါးကို ရှုပွား သုံးသပ်နေသော) ဘာဝနာစိတ်နှင့် ယှဉ်တွဲနေသော (ဓာတ်ကြီး လေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိကို ထိုးထွင်းသိနေသော) ပညာ၏ အားနည်းမှုကြောင့်လည်းကောင်း, **ဥပသမသုခ**ဟူသော ကိလေသာ ငြိမ်းအေးမှု ချမ်းသာသုခကို မရရှိခြင်းကြောင့်လည်းကောင်း (ဓာတ်ကြီး လေးပါးတည်းဟူသော) ကမ္မဋ္ဌာန်းအာရုံပေါ်၌ သာယာမှု ကင်းနေသော စိတ်ဓာတ်သည် ဘာဝနာလုပ်ငန်းခွင်၌ ပြေးဝင်မှု မရှိ ဖြစ်နေအံ့ —ထိုအခါ မျိုး၌ ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ (= ပဋိသန္ဓေ တည်နေရမည့် ဒုက္ခ အိုရမည့်ဒုက္ခ နာရမည့်ဒုက္ခ သေရမည့်ဒုက္ခ) အပါယ်ဒုက္ခစသည့် သံဝေဂ ဉာဏ်၏ တည်ရာဝတ္ထုတို့ကို ဉာဏ်ဖြင့် ဆင်ခြင်၍ သမာဓိကို ပြန်လည် ထူထောင်ခြင်းဖြင့် စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေရမည်။

၄။ အကြင်အခါ၌ကား စိတ်ဓာတ်သည် တွန့်ဆုတ်မှုလည်း မရှိ၊ ပျံ့လွင့်မှုလည်း မရှိ၊ ဓာတ်ကမ္မဋ္ဌာန်းအာရုံ၌


©shwehinthar.com

သာယာဖွယ်ကင်းသည်လည်း မဟုတ်၊ (ဓာတ်)ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ဓာတ်သည် အညီအမျှ ဖြစ်နေ၏၊ ထိုအခါမျိုး၌ စိတ်ဓာတ်ကို ချီးမြှောက်ခြင်း = စိတ်ဓာတ်ကို မြင့်တင်ပေးခြင်း, စိတ်ဓာတ်ကို နှိမ့်ချခြင်း = စိတ်ဓာတ်ကို နှိပ်ကွပ်ပေးခြင်း, စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေခြင်းတို့တွင် တစ်စုံတစ်ခုသော ဗျာပါရကိုမျှ မပြုလုပ်တော့ဘဲ အညီအမျှ ပြေးသွားနေသော အာဇာနည်မြင်းတို့အပေါ်၌ လျစ်လျူရှုနေသော ရထားထိန်းကဲ့သို့ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများခြင်းဖြင့် လျစ်လျူရှုရမည်။

(အံ၊ဋ္ဌ၊၃၊၁၄၀။ အံ၊ဋီ၊၃၊၁၄၆။)

**ပဏီတာဓိမုတ္တိက**

**ပဏီတာဓိမုတ္တိကောတိ** ပဏီတေ ဥတ္တမေ မဂ္ဂဖလေ အဓိမုတ္တော နိန္နာပေါဏပဗ္ဘာရော။ (အံ၊ဋီ၊၃၊၁၄၆။)

**နိဗ္ဗာနာဘိရတ**ပုဒ်ဖြင့် နိဗ္ဗာန်တရားတော်မြတ်ကြီး၌ ညွတ်ကိုင်းရှိုင်းမှုကို ဟောကြားထားတော်မူသဖြင့် ဤ **ပဏီတာဓိမုတ္တိက**ပုဒ်ဖြင့် မွန်မြတ်သော မဂ်ဖိုလ်တရားတော်မြတ်၌ နှလုံးသွင်း ညွတ်ကိုင်းရှိုင်းမှု ဖြစ်ကြောင်းကို ဋီကာဆရာတော်က ဖွင့်ဆိုထားပေသည်။ ထိုကြောင့် နိဗ္ဗာန်ကို လိုလားတောင့်တ လျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်တို့၌ နှလုံးသွင်း ညွတ်ကိုင်းရှိုင်းနေသော စိတ်ထားကား အမြဲတမ်း ရှိနေရမည်သာ ဖြစ်ပေသည်။

**၁၀။ ဗောဇ္ဈင်္ဂသုတ္တန် (= အဂ္ဂိသုတ္တန်)** (သံ၊၃၊၉၈-၁၀၀။)

ဤသုတ္တန်ကား မဟာဝဂ္ဂသံယုတ်ပါဠိတော် ဗောဇ္ဈင်္ဂသံယုတ် စာမျက်နှာ (၉၈-၉၉-၁၀၀။) သုတ္တန်နံပါတ် (၂၃၄)၌ **အဂ္ဂိသုတ္တန်**အမည်ဖြင့် လာရှိပေသည်။ ဤသုတ္တန်၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

ကြိုးစားအားထုတ်မှု လုံ့လဝီရိယ အလွန်လျော့နေခြင်း, ဘာဝနာ လုပ်ငန်းခွင်၌ ဝမ်းမြောက်မှု မဖြစ်ခြင်း, သံဝေဂဉာဏ် နည်းပါးခြင်းဟူသော အကြောင်းတရားတို့ကြောင့် ဘာဝနာစိတ်သည် (ဓာတ်ကြီး လေးပါး ကဲ့သို့သော) ဘာဝနာအာရုံမှ တွန့်တိုဆုတ်နစ်သောအခါ (= စိတ်ဓာတ် ကျဆင်းနေသောအခါ) ၌ — **ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်**တို့ကို ပွားများရန် အခါ မဟုတ်၊ **ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်**တို့ကို ပွားများရန် အခါ ဖြစ်သည်။ ယင်း ဗောဇ္ဈင်မြတ်တရားသုံးပါးတို့ကို ပွားများခြင်းဖြင့် ကျဆင်းနေသော စိတ်ဓာတ်ကို မြင့်တင်ပေးရမည်။

ဝီရိယ လွန်ကဲနေခြင်း, (ဓာတ်ကမ္မဋ္ဌာန်းကို ပွားများနေသည့်) ဘာဝနာမှု၌ ဝမ်းမြောက်မှု များနေခြင်း, သံဝေဂဉာဏ် အဖြစ်များနေခြင်း စသော အကြောင်းတရားတို့ကြောင့် ဘာဝနာစိတ်သည် (ဓာတ်ကြီးလေးပါးအာရုံမှ ပြင်ပအာရုံ အမျိုးမျိုးသို့) ပျံ့လွင့်နေသောအခါ၌ (= စိတ်ဓာတ် တက်ကြွ တုန်လှုပ်နေသောအခါ၌) **ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်** တရားတို့ကို ပွားများရန် အခါ မဟုတ်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများရန် အခါ ဖြစ်သည်။ ယင်းဗောဇ္ဈင်မြတ်တရားသုံးပါးတို့ကို ပွားများခြင်းဖြင့် တက်ကြွတုန်လှုပ် မြင့်မောက်နေသော စိတ်ဓာတ်ကို နှိပ်ကွပ်ပေးရမည်။

ဤဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိကို အာရုံယူ၍ ဗောဇ္ဈင်မြတ်တရား ခုနစ်ပါးတို့ကို ညီမျှအောင် ကျင့်ရမည် ဖြစ်ပေသည်။ အထူးသဖြင့် အထက်ပါ **နိမိတ္တသုတ္တန်, အနုတ္တရသီတိဘာဝသုတ္တန်, အဂ္ဂိသုတ္တန်**ဟူသော ဤသုတ္တန် သုံးမျိုးတို့၌ လာရှိသော ဘုရားရှင်၏ ညွှန်ကြားထားတော်မူချက်များအတိုင်း ဝီရိယနှင့် သမာဓိကို ညီမျှအောင် ကျင့်ရမည် ဖြစ်ပေသည်။

**ဣရိယာပထနှင့် သမ္ပဇဉ ရှုကွက်**

ယံ ကိဉ္စိ ကမ္မဋ္ဌာနံ သတတာ သမ္ပဇာနသောဝ သမ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ၊၁၊၂၇၆)

ကမ္မဋ္ဌာန်းမှန်သမျှသည် သတိ သမ္ပဇဉ်ဉာဏ်ယှဉ်မှသာလျှင် ပြည့်စုံနိုင် သည့် သဘောရှိ၏။ သို့အတွက် ဤသမထပိုင်းတွင် ဣရိယာပထရှုကွက်များလည်း အထူးလိုအပ်လာပြီ ဖြစ်ပေသည်။ အာနာပါနဖြင့် သမာဓိကို

ထူထောင်ခိုက်၌ကား ဂေါစရသမ္ပဇဉ်နှင့် ပြည့်စုံရေးအတွက် သွား-ရပ်-ထိုင်-လျောင်းဟူသော ဣရိယာပထပိုင်းနှင့် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ စသည့် သမ္ပဇဉ်ပိုင်းဆိုင်ရာ ရှုကွက်တို့၌ အာနာပါနကမ္မဋ္ဌာန်းကိုပင် မလွတ်တမ်း ရှုပွားနေပါ။ အဖြူရောင် ဩဒါတကသိုဏ်းစသည့် ထိုထို ကသိုဏ်းတို့ကို ပွားများအားထုတ်ခိုက်၌လည်း အလားတူပင် မိမိရှုပွားနေသည့် ကသိုဏ်းပညတ်အာရုံကိုပင် ထိုထို ဣရိယာပုထ်အခိုက် သမ္ပဇဉ်အခိုက်တို့၌ ရှုပွားနေပါ။ ရုပ်နာမ်ကို ပရမတ်သို့ဆိုက်အောင် ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိတတ် သည့် အသမ္မောဟသမ္ပဇဉ်ဉာဏ်နှင့် မပြည့်စုံသေးသည့်အတွက် (= အသမ္မော ဟသမ္ပဇဉ် ဉာဏ် မရရှိသေးသည့်အတွက်) ဂေါစရသမ္ပဇဉ်နှင့် ပြည့်စုံအောင် ကြိုးပမ်းရခြင်း ဖြစ်ပေသည်။ မိမိပွားများနေသည့် သမထကမ္မဋ္ဌာန်းအာရုံ၌ မိမိ၏ ဘာဝနာစိတ်ကို ကျင်လည်ကျက်စားခွင့် ပေးထားခြင်းကို ဂေါစရ-သမ္ပဇဉ်ဟု ဆိုသည်။

အာနာပါနကမ္မဋ္ဌာန်းကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည့်တိုင်အောင် အောင်မြင်စွာ သမာဓိကို ထူထောင်နိုင်ပြီးသည့်အတွက် သို့မဟုတ် ကသိုဏ်း ဆယ်ပါး သမာပတ်ရှစ်ပါးတို့ကို အောင်အောင်မြင်မြင် ပွားများထားပြီးသည့် အတွက် ဂေါစရသမ္ပဇဉ်နှင့် ပြည့်စုံပြီးဖြစ်ရာ ယခုအခါ၌ ယခုရှုပွားနေသည့် အပိုင်းကား ဓာတ်ကြီးလေးပါးကို နှလုံးသွင်း ရှုပွားနေသည့် ဓာတုမနသိကာရပဗ္ဗပိုင်းပင် ဖြစ်သည် = ဓာတ်ကြီးလေးပါးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိ သဘာဝလက္ခဏာကို အာရုံယူ၍ ဥပစာရသမာဓိဆိုက်ရေးကို ရည်မျှော်ကာ သမာဓိကို ထူထောင်နေခိုက်သာ ဖြစ်ပေသည်။

သို့အတွက် ထိုင်ခိုက်၌ ဓာတ်သဘောတရား တစ်မျိုးမျှကိုသာ ရှုနိုင်သေးပါက သွား-ရပ်-ထိုင်-လျောင်းဟူသော ဣရိယာပထပိုင်းနှင့် ရှေ့သို့ တက်ရာ နောက်သို့ဆုတ်ရာ, တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာ, ကွေးရာ ဆန့်ရာ, ဒုကုဋ် သပိတ် သင်္ကန်းကို ကိုင်ဆောင်ရာ, စားရာ သောက်ရာ ခဲရာ လျက်ရာ, ကျင်ကြီးစွန့်ရာ ကျင်ငယ်စွန့်ရာစသည့် သမ္ပဇဉ်ပိုင်းဆိုင်ရာ ရှုကွက်တို့၌လည်း ဓာတ်သဘောတရား တစ်မျိုးကိုပင် ရှုနေပါ။ ဓာတ်သဘော တရား နှစ်မျိုး သုံးမျိုးစသည်ကို ရှုနိုင်ရာ၌လည်း နည်းတူပင် ရှုပါ။

အကယ်၍ တဖြည်းဖြည်း တိုးတက်လာသဖြင့် ထိုင်ခိုက်၌ ဓာတ်လေးပါး လုံးကိုပင် ရှုနိုင်ပါက ဣရိယာပထပိုင်းဆိုင်ရာ သမ္ပဇဉ်ပိုင်းဆိုင်ရာ ရှုကွက်တို့၌ လည်း ဓာတ်ကြီးလေးပါးကိုပင် ရှုနေပါ။ သို့မှသာလျှင် သတိသမ္ပဇဉ်တရားတို့ ပိုမို၍ အားကောင်းလာမည်ဖြစ်ပေသည်။ သတိသမ္ပဇဉ်တရားတို့ အားကောင်း မောင်းသန်လာသောအခါ ရှေးသတိနှင့် နောက်-သတိတို့ ဆက်စပ်မှု များပြား လာသောအခါ သမ္ပဇဉ်ဉာဏ် (ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို ထိုးထိုးထွင်းထွင်း ရှင်းရှင်းလင်းလင်း သိမြင်နေသောဉာဏ်)ကလည်း စွမ်းအင် ပြည့်ဝလာသောအခါ သမာဓိစွမ်းအင်သည် ပိုမို၍ စူးရှထက်မြက်လာမည် ဖြစ်သည်။ ရှေးရှေးသော ဘာဝနာစိတ်၏ အာသေဝနပစ္စည်းဖြင့် ကျေးဇူး ပြုပေးမှု အရှိန်အဝါသတ္တိကို ဆက်ခံရသော နောက်နောက်သော ဘာဝနာ စိတ်သည် ထက်မြက်ရဲရင့်သန့်ရှင်းလာကာ စွမ်းအင်များ ပြည့်ဝလာမည် ဖြစ်သည်။

**သဘာဝလက္ခဏာကိုဦးစားပေး၍ သမာဓိကို ဆက်လက်ထူထောင်ပါ**

ရှေးပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း မိမိရရှိထားပြီးသည့် စတုတ္ထဈာန် သမာဓိတို့တွင် မိမိနှစ်ခြိုက်ရာ တစ်မျိုးမျိုးသော သမာဓိကို တရားထိုင်တိုင်း ပြန်လည်၍ ထူထောင်ပါ။ ထိုစတုတ္ထဈာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်များသည် ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ထိုစတုတ္ထဈာန်မှ ထ၍ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို သိမ်းဆည်းပါ။ မာ-ယို-ပူ-ထောက်ဟူသော ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို ဦးစားပေးကာ အာရုံယူ၍ သမာဓိကို ဆက်လက် ထူထောင်ပါ။ ယင်း သဘာဝလက္ခဏာ အသီးအသီးကိုပင် အာရုံယူ၍ —"ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်"ဟု ကြိမ်ဖန်များစွာ ရှုနေပါ။ ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားပါ။ ဣန္ဒြေ ငါးပါး ညီမျှအောင်, ဗောဇ္ဈင် ခုနစ်ပါး ညီမျှအောင်, အထူးသဖြင့် ဝီရိယနှင့် သမာဓိကို ညီမျှအောင် လေ့ကျင့်ပါ။ ဤသို့ လေ့ကျင့်ခဲ့သော် ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာတတ်ပါသည်။ "ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်သည် တစ်နာရီခန့် ကပ်ငြိမ်နေပါစေ၊ နှစ်နာရီခန့် ကပ်ငြိမ်နေပါစေ"စသည်ဖြင့် အဓိဋ္ဌာန်ပြု၍ ထိုင်ပါ။ သမာဓိစွမ်းအင်


©shwehinthar.com

အားကောင်းလာသောအခါ ခန္ဓာကိုယ်ကြီး ပျောက်ကွယ်၍ ဓာတ်ကြီးလေးပါး အစုအပုံ အတုံးအခဲကြီးကိုသာ ဉာဏ်ဖြင့် တွေ့ရှိ နေမည် ဖြစ်ပေသည်။ ထိုအခါ၌ ယင်းဓာတ်ကြီးလေးပါးကိုပင် အာရုံယူကာ သမာဓိကို ခိုင်ခံ့အောင် ဆက်လက်ထူထောင်ပါ။

## ဥပစာရချာန်သမာဓိ

တဿေဝံ ဝါယမမာနဿ နစိရေနေဝ ဓာတုပ္ပဘေဒါဝဘာသနပညာပရိဂ္ဂဟိတော သဘာဝဓမ္မာရမ္မဏတ္တာ အပ္ပနံ အပ္ပတ္တော ဥပစာရမတ္တော သမာဓိ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ၊၁၊၃၄၇။)

ဇဝံ ပန ဝီရိယသမတံ ယောဇေတွာ တဿိံယေဝ လက္ခဏေ မနသိကာရံ ပဝတ္တေန္တဿ ယဒါ သဒ္ဓါဒီနိ ဣန္ဒြိယာနိ လဒ္ဓသမတာနိ သုဝိသဒါနိ ပဝတ္တန္တိ၊ တဒါ အသဒ္ဓိယာဒီနံ ဒူရီဘာဝေန သာတိသယံ ထာမပ္ပတ္တေဟိ သတ္တဟိ ဗလေဟိ လဒ္ဓူပတ္ထမ္ဘာနိ ဝိတက္ကာဒီနိ ဈာနင်္ဂါနိ ပဋုတရာနိ ဟုတွာ ပါတုဘဝန္တိ၊ တေသံ ဥဇုဝိပစ္စနီကတာယ နီဝရဏာနိ ဝိက္ခမ္ဘိတာနိယေဝ ဟောန္တိ သဒ္ဓိံ တဒေကဋ္ဌေဟိ ပါပဓမ္မေဟိ။ ဧတ္တာဝတာ စာနေန ဥပစာရဇ္ဈာနံ သမဓိဂတံ ဟောတိ ဓာတုလက္ခဏာရမ္မဏံ။ တေန ဝုတ္တံ **"ပုနပ္ပုနံ ပထဝီဓာတု အာပေါဓာတု ။ပ။ ဥပစာရမတ္တော သမာဓိ ဥပ္ပဇ္ဇတီ"**တိ။ (မဟာဋီ၊၁၊၄၃၅။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်းသဘောတရားမှာ ဤသို့ ဖြစ်၏။

ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို ဟုတ်တိုင်းမှန်စွာ သိအောင် ကြိုးစားအားထုတ်ခြင်း ဝီရိယ, ယင်းဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံပေါ်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေ အောင် ကြိုးစားအားထုတ်ခြင်း ဝီရိယနှင့် ယင်းဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ်၏ ငြိမ်ဝပ်စွာ ကပ်၍ တည်နေမှု ဟူသော သမာဓိသည် ရှိ၏။ ဤ ဝီရိယနှင့် သမာဓိ နှစ်ပါးကို ညီမျှအောင် ယှဉ်စေ ဖြစ်စေ၍ ထိုဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ပင်လျှင် နှလုံးသွင်းမှု မနသိကာရကို ကြိမ်ဖန်များစွာ ဖြစ်စေတတ်သော ယောဂါဝစရ ရဟန်းတော်၏ သန္တာန်ဝယ် အကြင်အခါ၌ —

၁။ ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာကို အာရုံယူ၍ သမာဓိကို ထူထောင်နေသော, ယင်းအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော သမာဓိသိက္ခာ (= သမာဓိကျင့်စဉ်)နှင့် ယင်းဓာတ်ကြီး လေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာကို ထိုးထွင်း သိနေသော ပညာသိက္ခာ (= ပညာကျင့်စဉ်) ဖြစ်သော ဓာတ်ကမ္မဋ္ဌာန်း ဘာဝနာ လုပ်ငန်းရပ်၌ ယုံကြည်မှု သဒ္ဓါတရားတည်းဟူသော သဒ္ဓိန္ဒြေ၊

၂။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံကို သိအောင် ကြိုးစား အားထုတ်မှု, ယင်းအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားအားထုတ်မှု ဝီရိယတည်းဟူသော ဝီရိယိန္ဒြေ,

၃။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အာရုံကိုသာ ထပ်ကာ ထပ်ကာ သိမ်းဆည်းခြင်း အမှတ်ရခြင်း သတိတရားတည်းဟူသော သတိန္ဒြေ,

၄။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံပေါ်၌ စိတ်တည်ငြိမ်နေမှု သမာဓိတရားတည်းဟူသော သမာဓိန္ဒြေ,

၅။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကို ခွဲခြား စိတ်ဖြာ၍ ထွင်းဖောက်သိမြင်ခြင်း ပညာတရားတည်းဟူသော ပညိန္ဒြေ

ဤဣန္ဒြေ ငါးပါးတို့သည် တစ်ပါးက တစ်ပါးကို မလွန်ဘဲ ရအပ်သော ညီမျှမှု ရှိကုန်၏၊ ကောင်းစွာ သန့်ရှင်းကုန်၏။ ထိုအခါ၌ မယုံကြည်ခြင်း, ပျင်းရိခြင်း, သတိမေ့လျော့ခြင်း, စိတ်ပျံ့လွင့်ခြင်း, ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းမသိခြင်း တွေဝေခြင်းစသော ဆန့်ကျင်ဘက်တရားတို့၏ ဝေးကွာသည်၏ အဖြစ်ကြောင့် အလွန်အကဲ အားကောင်းခြင်းသို့ ရောက်ရှိလာကုန်သော အားအစွမ်းနှင့် ပြည့်စုံကုန်သော

၁။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို အောက်မေ့ အမှတ်ရနေခြင်း အဖန်ဖန် အထပ်ထပ် သိမ်းဆည်းနေခြင်း သတိသမ္ဗောဇ္ဈင်,


©shwehinthar.com

၂။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို စူးစမ်းဆင်ခြင် ရှုပွား သုံးသပ်နေခြင်း ထိုးထိုးထွင်းထွင်း သိနေခြင်း ဓမ္မဝိစယသမ္ဗောဇ္ဈင်,

၃။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် တကွသော သမ္ပယုတ်တရားစုတို့ ဖြစ်ပေါ်လာအောင် – အထူးသဖြင့် စိတ်ငြိမ်ဝပ်စွာ ကပ်၍ တည်နေမှု သမာဓိ ဖြစ်အောင် ကြိုးစားအားထုတ်နေခြင်း ဝီရိယသမ္ဗောဇ္ဈင်,

၄။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ်၏ ကြည်ရွှင်ဝမ်းမြောက်ခြင်း ပီတိသမ္ဗောဇ္ဈင်,

၅။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ် စေတသိက်တို့၏ ငြိမ်းအေးနေခြင်း ပဿဒ္ဓိသမ္ဗောဇ္ဈင်,

၆။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ်၏ ငြိမ်ဝပ်စွာ ကပ်၍ တည်နေခြင်း သမာဓိသမ္ဗောဇ္ဈင်,

၇။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ်ကို တက်ကြွခြင်း တွန့်ဆုတ်ခြင်းဘက်သို့ မရောက်အောင် အညီအမျှ ထားခြင်း ဥပေက္ခာသမ္ဗောဇ္ဈင် –

ဤဗောဇ္ဈင် ခုနစ်ပါး စွမ်းအားကြီး ခုနစ်ရပ်တို့သည် အားပေးထောက်ပံ့ အပ်ကုန်သည်ဖြစ်၍ ထိုစွမ်းအားကြီး ခုနစ်ရပ်, ခွန်အားကြီး ခုနစ်မျိုးတို့၏ အားပေးထောက်ပံ့မှုကို ရရှိကုန်သည်ဖြစ်၍ –

၁။ **ဝိတက်** = ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံပေါ်သို့ စိတ်ကို ရှေးရှု တင်ပေးခြင်းသဘော,

၂။ **ဝိစာရ** = ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော,

၃။ **ပီတိ** = ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံကို နှစ်သက်ခြင်းသဘော,

၄။ **သုခ** = ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားခြင်းသဘော,

၅။ **ဧကဂ္ဂတာ** = ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ တစ်ခု တည်းပေါ်သို့ စိတ် ကျရောက် တည်ငြိမ်နေခြင်းသဘော ဟူသော –

ဤဈာန်အင်္ဂါငါးပါးတို့သည် အထူး ထက်မြက်ကုန်သည်ဖြစ်၍ ထင်ရှား လာကုန်၏။

၁။ ကာမဂုဏ်တို့၌ လိုလားတောင့်တမှု ကာမရာဂတည်းဟူသော ကာမစ္ဆန္ဒ နီဝရဏ,

၂။ သတ္တဝါသင်္ခါရတို့ အပေါ်၌ ဖျက်ဆီးလိုသော ပျက်စီးစေလိုသော စိတ် ခက်ထန်ကြမ်းတမ်းမှု ဒေါသတည်းဟူသော ဗျာပါဒနီဝရဏ,

၃။ စိတ်-စေတသိက်တို့၏ ထိုင်းမှိုင်းမှုတည်းဟူသော ထိနမိဒ္ဓနီဝရဏ,

၄။ (က) စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စ, (ခ) ပြုပြီးအကုသိုလ်တရား ဒုစရိုက်တရား, မပြုလိုက်မိသော မကျင့်လိုက်မိသော ကုသိုလ်တရား သုစရိုက်တရား တို့၌ နောင်တတစ်ဖန် ပူပန်မှု ကုက္ကုစ္စတရား, အထူးသဖြင့် –ဓာတ်ကမ္မဋ္ဌာန်း-လမ်းစဉ်၌ အောင်မြင်မှု အပြည့်အဝ မရရှိသဖြင့် ပူပန်မှု ကုက္ကုစ္စတရားတည်းဟူသော ဥဒ္ဓစ္စ+ကုက္ကုစ္စနီဝရဏ,

၅။ ဓာတ်ကမ္မဋ္ဌာန်းလမ်းမှ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို အာရုံယူ၍ ထူထောင်ထားအပ်သော သဒ္ဓိသူပစာရအားဖြင့် ဥပစာရ သမာဓိအမည်ရသော သမာဓိသိက္ခာ (= သမာဓိကျင့်စဉ်)နှင့် ဓာတ်ကြီး လေးပါး-တို့၏ သဘာဝလက္ခဏာကို ထွင်းဖောက် သိမြင်သော ပညာသိက္ခာ (= ပညာကျင့်စဉ်)တို့၌ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာနီဝရဏတည်းဟူသော –

ဘာဝနာစိတ်အစဉ်ကို ဘာဝနာလမ်းကြောင်းပေါ်သို့ မရောက်အောင် တားမြစ်ပိတ်ပင်တတ်ကုန်သော


©shwehinthar.com

ဤနီဝရဏတရား ငါးပါးတို့ကိုကား ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးတို့နှင့် တိုက်ရိုက်ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဈာန်အင်္ဂါများသည် အလွန် ထက်မြက်စူးရှ ထင်ရှားလာသောအခါ နီဝရဏတရားတို့သည် ခွာအပ်သည်သာလျှင် ဖြစ်ကုန်၏၊ ကွာကျသွားကြကုန်၏။ နီဝရဏတရားတို့သာမက ထိုနီဝရဏတရားတို့နှင့် တူသော တည်ရာ ရှိကြကုန်သော, ပြိုင်တူ ယှဉ်တွဲ ဖြစ်ဖက် အကုသိုလ်တရားတို့ကိုလည်း ခွာထားအပ်သည်သာ ဖြစ်ကုန်၏။ ဤမျှသော အတိုင်းအရှည်ဖြင့် ဤယောဂါဝစရပုဂ္ဂိုလ်သည် ဓာတ်ကြီး လေးပါးတို့၏ သဘာဝလက္ခဏာလျှင် အာရုံရှိသော ဥပစာရဈာန်ကို ကောင်းစွာ ရအပ်သည် ဖြစ်ပေသည်။ ထိုကြောင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊၃၄၇။)၌ ဤသို့ ဖွင့်ဆိုထားပေသည် –"ကာလအရာ ကာလအထောင် ကာလအသိန်းတိုင်အောင် အကြိမ်ကြိမ် အဖန်ဖန် 'ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်'ဟူ၍ ဓာတ်သဘောမျှအားဖြင့်, သတ္တဝါ မဟုတ်သောအားဖြင့်, ဇီဝအတ္တ မဟုတ်သောအားဖြင့် –

၁။ ဆင်ခြင်အပ်၏ = ကောင်းစွာ အဖန်ဖန်တလဲလဲ နှလုံးသို့ ဆောင်အပ်၏။

၂။ နှလုံးသွင်းအပ်၏ = အဖန်တလဲလဲ ပွားစေသောအားဖြင့် ဓာတ်၏ သဘာဝလက္ခဏာကို နှလုံး၌ ထားအပ်၏။

၃။ အသီးအသီး တစ်လုံးစီ တစ်လုံးစီကို စူးစူးစိုက်စိုက် ရှုအပ်၏ = ဓာတ်၏ သဘာဝလက္ခဏာကိုပင် ဘာဝနာဖြင့်ပြီးသော ဉာဏ်စက္ခုဖြင့် အဆင့်ဆင့် ထပ်ကာထပ်ကာ ဆင်ခြင်သောအားဖြင့် ရှုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် အားထုတ်သော, ဘာဝနာမှု၌ ကောင်းစွာ ယှဉ်စပ်တတ်သော ထိုယောဂါဝစရ ရဟန်းတော်၏ သန္တာန်၌ မကြာမြင့်မီ အချိန်ကာလ အတွင်းမှာပင်လျှင် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်တို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာ အထူးအပြားကို ကွဲကွဲပြားပြား ထင်စေတတ် လင်းစေတတ်သော ပညာ, ဆီမီးကဲ့သို့ ထွန်းလင်းပြခြင်းကိစ္စရှိသောပညာဖြင့် ထက်ဝန်းကျင်မှ သိမ်းဆည်းထားအပ်သော နက်နဲသော ပရမတ္ထဓမ္မ သဘာဝသတ္တိ သဘာဝဓမ္မလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် အပ္ပနာခေါ် မဟဂ္ဂုတ်ဈာန်သို့ မရောက်သော (= အပ္ပနာသမာဓိအဆင့်သို့ မရောက်သော), ဥပစာရမျှသာဖြစ်သော, သိခါပတ္တ (=အထွတ်အထိပ်)သို့ ရောက်သော ကာမာဝစရသမာဓိသည် ဖြစ်ပေါ်လာ၏" ဟု ဤသို့ ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။ ဤကား အထက်ပါ အဋ္ဌကထာ ဋီကာစကားရပ်တို့၏ ဆိုလိုရင်းဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊၁၊၃၄၇။ မဟာဋီ၊၁၊၄၃၅။)

## ထပ်မံ ရှင်းလင်းတင်ပြချက်

အထက်ပါ စကားရပ်ဖြင့်ပင် ဓာတ်ကမ္မဋ္ဌာန်းလမ်းစဉ်မှ ဥပစာရသမာဓိ သို့ ဆိုက်ရောက်သွားပုံကို သဘောပေါက်နိုင်သော ယောဂါဝစရပုဂ္ဂိုလ်မြတ်များလည်း ရှိကြမည် ဖြစ်ပါသည်။ သဘောမပေါက်နိုင်သေးသော ယောဂါဝစရပုဂ္ဂိုလ်မြတ်များလည်း ရှိကောင်းရှိကြမည် ဖြစ်ပါသည်။ သဘောမပေါက် နိုင်သေးသူတို့အတွက် အနည်းငယ် ထပ်မံ၍ ရှင်းလင်းတင်ပြအပ်ပါသည်။

အထက်ပါအတိုင်း ရူပကာယတစ်ခုလုံးကို ခြုံငုံ၍ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို အာရုံယူ၍ 'ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်'ဟု ကြိမ်ဖန်များစွာ ရှုနေသောအခါ သဒ္ဓါနှင့်ပညာ, ဝီရိယနှင့်သမာဓိကို ညီမျှအောင် သတိဖြင့် ထိန်းလျက် ရှုပွားရမည် ဖြစ်ပေသည်။

အထူးသဖြင့် ဓာတ်ကမ္မဋ္ဌာန်း ဘာဝနာလုပ်ငန်းရပ်၌ ယုံကြည်ချက် သဒ္ဓါတရားက အားမကောင်းဘဲ "သာဝကတို့သည် ရုပ်ကလာပ်တို့ကို ရှုလို့ ရနိုင်ပါ့မလား? ရုပ်ပရမတ်တရားတို့ကို ရှုလို့ ရနိုင်ပါ့မလား?" ဤသို့ စသည်ဖြင့် သို့လော သို့လော တွေးတောလျက် စမ်းတဝါးဝါး ဖြစ်နေလျှင်လည်းကောင်း, သမာဓိကို တကယ်တမ်း ထူထောင်ရမည့် အချိန်ဝယ် ဝေဖန်ရေးသမား လုပ်နေလျှင်လည်းကောင်း သဒ္ဓါနှင့် ပညာတို့မှာ အားပျော့ နေမည်သာ ဖြစ်၏။ ဓာတ်ကမ္မဋ္ဌာန်း ဘာဝနာလုပ်ငန်းရပ်၌ ယုံကြည်ချက် သဒ္ဓါတရား ခိုင်ခံ့ဖို့ အားကောင်းဖို့ စွမ်းအင်ပြည့်ဝစုံညီဖို့လည်း အလွန် လိုအပ်သည့်အချိန် ဖြစ်၏။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကို လင်းလင်းထင်ထင် ထိုးထိုးထွင်းထွင်း သိမြင်တတ်သည့် ပညာ ခွန်အားလည်း အလွန်အားကောင်းဖို့ ပညာစွမ်းအင် စုံညီပြည့်ဝဖို့လည်း အလွန်လိုအပ်သည့်အချိန်လည်း ဖြစ်ပါသည်။ သဒ္ဓါလွန်၍ ပညာအားပျော့ နေလျှင်သော်လည်းကောင်း, ပညာလွန်၍


©shwehinthar.com

သဒ္ဓါအားပျော့နေလျှင်သော် လည်းကောင်း ဥပစာရသမာဓိနယ်မြေသို့ ဆိုက်ရောက်ဖို့အရေးမှာ အလွန် အလှမ်းဝေးလျက်ပင် ရှိနေဦးမည် ဖြစ်သည်။

တစ်ဖန် ဝီရိယနှင့် သမာဓိလည်း ညီမျှဖို့ လိုအပ်သည်သာ ဖြစ်ပေသည်။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကို သိအောင်, ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအသီးအသီးအာရုံပေါ်၌ ဘာဝနာ စိတ်၏ ငြိမ်ဝပ်စွာ ကပ်၍ တည်နေမှု သမာဓိဖြစ်အောင် ကြိုးစားအားထုတ်မှု ကာယိကဝီရိယ စေတသိကဝီရိယ နှစ်မျိုးလည်း လိုအပ်-သည့် အချိန်အခါ ဖြစ်၏။ ဝီရိယလျော့လွန်းက ပျင်းရိမှု ကောသဇ္ဇဘက်သို့ ယိုင်လဲသွားတတ်၍ ဘာဝနာလုပ်ငန်းရပ်မှ စိတ်ဓာတ်သည် တွန့်ဆုတ်သွားမည် ဖြစ်၏။ ဝီရိယ လွန်ပြန်ကလည်း စိတ်ပျံ့လွင့်တတ်၍ ဓာတ်ကြီးလေးပါးတို့၏ သဘာဝ-လက္ခဏာတည်းဟူသော ဘာဝနာအာရုံမှ ပြင်ပအာရုံသို့ စိတ်ရောက်နေသဖြင့် စိတ်တည်ငြိမ်မှု သမာဓိကို မရနိုင် ဖြစ်တတ်၏။

တစ်ခါတစ်ရံ လွန်ကဲနေသော ဝီရိယကို လျော့ချကာ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အာရုံပေါ်၌ ဘာဝနာစိတ်ကို ခပ်လျော့လျော့ ထား၍ စိုက်ထားပါက စိတ်သည် တည်ငြိမ်နေတတ်၏။ ထိုသို့ တည်ငြိမ်နေသော အခါ၌ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကို သိလျက် ငြိမ်နေပါက ကောင်းမြတ်သည်သာ ဖြစ်၏။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကို ထင်ထင်ရှားရှား ကွဲကွဲပြားပြား မသိဘဲ သိသလိုလို မသိသလိုလိုဖြင့် ငြိမ်နေပါက ပဿဒ္ဓိ-သမာဓိ-ဥပေက္ခာသမ္ဗောဇ္ဈင်များ လွန်ကဲနေပြီ ဖြစ်၏။ ထိုသို့ ပဿဒ္ဓိ-သမာဓိ-ဥပေက္ခာသမ္ဗောဇ္ဈင် တရားများက လွန်ကဲလာသော် ဓမ္မဝိစယ-ဝီရိယ-ပီတိသမ္ဗောဇ္ဈင် တရားများကို ပွားများရမည် ဖြစ်၏။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို အမှတ်ရနေမှု (= သတိသမ္ဗောဇ္ဈင်)၏ အကူအညီဖြင့် ယင်းအာရုံကို သိအောင် ကြိုးစားအားထုတ်မှု (= ဝီရိယသမ္ဗောဇ္ဈင်) ၏ အားပေးထောက်ပံ့မှုဖြင့် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို လင်းလင်းထင်ထင် သိမှု (=ဓမ္မဝိစယသမ္ဗောဇ္ဈင်) ဖြစ်အောင် ကြိုးစားရမည် ဖြစ်၏။ ဘာဝနာလုပ်ငန်း ရပ်၌ နှစ်သက်ဝမ်းမြောက်မှု (= ပီတိသမ္ဗောဇ္ဈင်)ဖြစ်အောင် ကြိုးစားရမည် ဖြစ်၏၊ အထက်တွင် ဖော်ပြခဲ့သော **အဓိစိတ္တသုတ္တန်, အနုတ္တရသီတိဘာဝ သုတ္တန်, ဗောဇ္ဈင်္ဂသုတ္တန်**တို့ကား ဤအချိန်အခါမျိုးတွင် အသုံးချရတော့မည် ဖြစ်သည်။ ထိုအပိုင်းကို ပြန်လည် ဖတ်ရှုပါ။ ဣန္ဒြေ ငါးပါး ညီမျှအောင်, ဗောဇ္ဈင် ခုနစ်ပါး ညီမျှအောင် ကြိုးစားပါ။

တစ်ခါတစ်ရံ ဝီရိယလွန်ကဲခြင်းစသော အကြောင်းတရားတို့ကြောင့် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အာရုံပေါ်၌ ဘာဝနာစိတ်သည် ကောင်းစွာ မတည်ဘဲ ပျံ့လွင့်နေသည်ဖြစ်အံ့၊ ထိုအခါမျိုး၌ ဓမ္မဝိစယ-ဝီရိယ-ပီတိသမ္ဗောဇ္ဈင်တရားများကို မပွားများသေးဘဲ ပဿဒ္ဓိ-သမာဓိ-ဥပေက္ခာသမ္ဗောဇ္ဈင်တရားများကို ဖြစ်ပေါ်လာအောင် အားကောင်းလာအောင် ပွားများပေးရ၏။

တစ်ခါတစ်ရံ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအသီးအသီးကို ထိုးထွင်းလျက် လင်းလင်းထင်ထင် သိမြင်တတ်သော ပညာလုံ့လပယောဂ၏ အားနည်းမှုကြောင့်ဖြစ်စေ, စိတ်ငြိမ်းအေးမှု (= ဥပသမသုခ)ကို မရရှိခြင်း-ကြောင့်ဖြစ်စေ ဓာတ်ကမ္မဋ္ဌာန်း ဘာဝနာလုပ်ငန်းရပ်၌ စိတ်သည် သာယာမှု ကင်းနေ၏၊ ထိုအခါမျိုး၌ သံဝေဂဝတ္ထုတို့ကို ဆင်ခြင်ခြင်းဖြင့် စိတ်ကို ထိတ်လန့်စေအပ်၏၊ ရတနာ သုံးပါးတို့၏ ဂုဏ်ကို ပွားများခြင်းဖြင့် စိတ်ကို ကြည်လင်စေအပ်၏။ ဤအခါမျိုးတွင် အထူးသဖြင့် မရဏာနုဿတိကမ္မဋ္ဌာန်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းများကို စီးဖြန်းရမည် ဖြစ်ပါသည်။ သို့အတွက် မေတ္တာ, ဗုဒ္ဓါနုဿတိ, မရဏာနုဿတိ, အသုဘဟူသော အစောင့်လေးပါးဟု ခေါ်ဆိုအပ်သော စတုရာရက္ခကမ္မဋ္ဌာန်းများကို ယောဂါဝစရပုဂ္ဂိုလ်သည် ကြိုတင်၍ အောင်မြင်စွာ ပွားများထားပြီး ဖြစ်သင့်ပေသည်။ အရေးကြုံက သက်လုံ ကောင်းရမည် ဖြစ်ပေသည်။

အကြင်အခါ၌ကား ဤသို့ ဆိုအပ်ခဲ့ပြီးသည်အတိုင်း ဣန္ဒြေ ငါးပါး, ဗောဇ္ဈင် ခုနစ်ပါးတို့ကို ညီမျှအောင် ကျင့်နိုင်သဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဘာဝနာစိတ်သည် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံမှ တွန့်ဆုတ်မှုလည်း မရှိ၊ ပျံ့လွင့်မှုလည်း မရှိ၊ ပွားများအားထုတ်၍ ကောင်းသဖြင့် စိတ်ငြိမ်းအေးမှု ဥပသမသုခကို ရရှိခြင်းကြောင့် ဘာဝနာ လုပ်ငန်းခွင်၌ သာယာမှု ရှိနေ၏၊ ဘာဝနာစိတ်သည် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အာရုံ၌ အညီအမျှ ဖြစ်နေ၏၊ စိတ်တည်ငြိမ်မှု ငြိမ်းအေးမှု သမထလမ်းကြောင်းပေါ်သို့ ကျရောက်နေ၏၊ ထိုအခါမျိုး၌ကား ဓာတ်ကြီး


©shwehinthar.com

လေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထား၍ ငြိမ်ဝပ်အောင် စိုက်ရှု၍ ဓာတ်ကြီးလေးပါး အာရုံနှင့် ပတ်သက်၍ ကြောင့်ကြမှု တောင့်တမှု မပြုတော့ဘဲ အညီအမျှ လျစ်လျူသဘောအားဖြင့် ရှုနေပါ။ ရှေးအာနာပါနဿတိသမာဓိပိုင်းတွင် အကျယ်ဖော်ပြထားခဲ့သော ဣန္ဒြေနှင့် ဗောဇ္ဈင်တရားများကို ညီမျှအောင် ကျင့်ပုံနည်းစနစ်များကို နည်းမှီ ၍ ဣန္ဒြေ ငါးပါးနှင့် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ညီမျှအောင် ကျင့်ပါလေ။

### ဘဝင်ကျနေတတ်ပါသည်

ဥပစာရသမာဓိနယ်မြေသို့ ဆိုက်ရောက်စ ယခုကဲ့သို့သော အချိန်မျိုးတွင်လည်း သတိ, ဝီရိယ စသည့် ဗောဇ္ဈင်-တရားများ၏ လျော့လျော့ရဲရဲ ရှိမှုကြောင့် တစ်ခါတစ်ရံ အချို့သော ယောဂါဝစရပုဂ္ဂိုလ်များ၏ သန္တာန်များဝယ် ဘဝင်ကျနေတတ်ပါသည်။ ထိုအခါမျိုးတွင် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံကို မရှုမိတော့ဘဲ ကျော်လွန်သွားတတ်၏။ ယောဂါဝစရပုဂ္ဂိုလ် အများစုကတော့ “ဘာမျှ မသိဘဲ ငြိမ်နေသည်”ဟုလည်းကောင်း, “ဘာမျှမသိဘဲ လစ်လစ်နေသည်”ဟုလည်းကောင်း ပြောဆိုတတ်ကြ၏။ ထိုဘဝင်စိတ်သည် မိမိရှုပွားနေသည့် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို အာရုံမပြုဘဲ အတိတ်ဘဝ သေခါနီးကာလ မရဏာသန္နဇောက ယူခဲ့သော အာရုံကိုပင် ဆက်လက်အာရုံယူတတ်သော အာရုံယူနေသော စိတ်ဖြစ်သဖြင့် ယောဂါဝစရပုဂ္ဂိုလ်အနေဖြင့် “ဘာမျှမသိဘဲ ငြိမ်နေသည်”ဟု လည်းကောင်း, “ဘာမျှမသိဘဲ လစ်လစ်နေသည်”ဟုလည်းကောင်း ထင်မြင် ခြင်း ဖြစ်၏။ ဤအချိန်မျိုး၌ကား ဘဝင်စိတ်က အတိတ် မရဏာသန္နဇော၏ အာရုံကို အာရုံပြုနေသည် သိနေသည်ဟူသော အချက်ကို ယောဂါဝစရ ပုဂ္ဂိုလ်အနေဖြင့် သိဖို့ရန်မှာ အခက်အခဲများစွာ ရှိနေသေးသော အချိန်ပင် ဖြစ်ပါသည်။ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းသို့ ရောက်ရှိပါမှ အတိအကျ သဘော ပေါက်နိုင်မည် ဖြစ်သည်။

ဤကဲ့သို့ ဘဝင်အကျများနေပါက သတိသမ္ဗောဇ္ဈင်၏ အကူအညီဖြင့် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌ ဓမ္မဝိစယ-ဝီရိယ-ပီတိသမ္ဗောဇ္ဈင်တရားများ ထင်ထင်ရှားရှား ဖြစ်ပေါ်လာအောင် ရှေးဦးစွာ ကြိုးပမ်းပါ။ ထိုနောင် ဣန္ဒြေနှင့် ဗောဇ္ဈင်များကို ညီမျှအောင် ဆက်လက် ကြိုးစားပါ။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံပေါ်၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်အောင် ကပ်ထားပါ။ ဘာဝနာစိတ်သည် ဓာတ်ကြီး လေးပါးတို့၏ သဘာဝလက္ခဏာအာရုံပေါ်၌သာ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော် ထိုသမာဓိကိုသာ ခိုင်ခံ့အောင် ဆက်လက်၍ ထူထောင်ပါ။

### ရှေ့ပြေးအမှတ်အသားများ

ဘာဝနာစိတ်သည် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံပေါ်၌သာ ငြိမ်ဝပ်စွာ ကပ်၍ တည်နေခဲ့သော်, သမာဓိကလည်း ခိုင်ခံ့လာသော်, ထိုဓာတ်လေးပါးအာရုံ၌ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ဘာဝနာစိတ် ကလည်း ငြိမ်ဝပ်စွာ ကပ်၍ တည်နေခဲ့သော် ထိုအခါ၌ “ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်”ဟုပင် စိတ်ဖြင့် မရွတ်ဆိုတော့ဘဲ ထိုသဘာဝလက္ခဏာ အသီးအသီးအာရုံ၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားပါ။ ဘာဝနာစိတ်က ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကိုသာလျှင် အာရုံပြုကာ စိုက်ကြည့်နေပါ၊ ရှုနေပါ၊ ဉာဏ်မျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုနေပါ။ ဓာတ်ကြီးလေးပါးလုံးသည် ဉာဏ်တွင် ပြိုင်တူတူလိုလို ထင်နေပါက ပို၍ပို၍ ကောင်းသည်သာ ဖြစ်၏။ ဓာတ်သဘောတရား အားလုံးကိုပင် ခြုံ၍ ယင်းသဘောတရားတို့ အပေါ်၌ သာ ဘာဝနာစိတ်ကို ကပ်ထားပါ။ ကျွမ်းကျင်၍ ကျင့်သားရသွားခဲ့သော် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံနှင့် (= သဘောတရားနှင့်) ဘာဝနာစိတ်သည် တစ်သားတည်းကဲ့သို့ ဖြစ်ကာ ငြိကပ်နေပေလိမ့်မည်။ ငြိကပ်မှုစွမ်းအင် အားကောင်းသည်နှင့်အမျှ သမာဓိသည်လည်း အားကောင်း လာမည် ဖြစ်၏။ သမာဓိ အားကောင်းလာသည်နှင့်အမျှ အရောင်အလင်း များသည်လည်း ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်လာမည် ဖြစ်၏။ အချို့သူတော်ကောင်းများ၌ ယခုကဲ့သို့ သမာဓိ အားကောင်းလာသောအခါ လင်းရောင်ခြည်များ မထွက်ပေါ်မီ အချိန်ပိုင်းဝယ် ခန္ဓာကိုယ်ကြီးက တဖြည်းဖြည်း ကြီးထွားလာသည်ဟု ထင်လာတတ်၏။ ဓာတ်တို့၏ သဘာဝ လက္ခဏာများ ထင်ရှားလာကြသည့် အမှတ်အသားပင် ဖြစ်သည်။ ထိုအချိန် အခါမျိုးတွင် ဗဟိဒ္ဓသို့ စိတ်ကို တစ်စတစ်စ စေလွှတ်၍ (= ဗဟိဒ္ဓလောက၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို တစ်စတစ်စ တိုးချဲ့၍ အာရုံယူကာ) ယင်းဓာတ်ကြီးလေးပါးကို


©shwehinthar.com

ဆက်လက်ရှုပါက ရရှိနိုင်သောသဘော ရှိသည်သာ ဖြစ်၏။

ထိုကြောင့် မဟာဋီကာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထား၏။

အကယ်၍ ဗဟိဒ္ဓလောက၌လည်း ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို နှလုံးသွင်းခြင်း ဘာဝနာမနသိကာရကို ဉာဏ်ဖြင့် ရှေးရှု ကပ်ဆောင်သည် ဖြစ်အံ့၊ ထိုသို့ ဉာဏ်ဖြင့် ရှေးရှု ကပ်ဆောင်သည်ရှိသော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ဝယ် လှည့်လည်ကျက်စား သွားလာ နေထိုင်ကြကုန်သော လူ တိရစ္ဆာန် စသည်တို့သည် သတ္တဝါဟူသော အခြင်း အရာကို စွန့်၍ ဓာတ်ကြီးလေးပါးတို့၏ အပေါင်းအစု အစွမ်းဖြင့်သာလျှင် ထင်လာကုန်၏။ ထို လူ တိရစ္ဆာန်စသည်တို့သည် ပြုလုပ်အပ်သော အပြုအမူ မှန်သမျှသည် ဓာတ်ကြီးလေးပါးဖြင့် ပြီးသော ယန္တရားဖြင့် ဖြစ်စေအပ် သည်ဖြစ်၍ ထင်လာ၏။ စားမျိုအပ်သော အဖျော်ယမကာနှင့် ဘောဇဉ် စသည်သည် ဓာတ်ကြီးလေးပါးတို့၏ အပေါင်းအစု၌ ထည့်သွင်းအပ်သော ဓာတ်ကြီးလေးပါးတို့၏ အပေါင်းအစုကဲ့သို့ ထင်လာ၏။ (မဟာဋီ၊၁၊၄၃၅။)

သို့သော် ဤအပိုင်းတွင် အဇ္ဈတ္တ၌ ဓာတ်ကြီးလေးပါးကို ရှုပွားမှု လိုရင်းကိစ္စ မပြီးသေးသဖြင့် ဗဟိဒ္ဓသို့ မရှုသေးဘဲ အဇ္ဈတ္တ၌သာ ဓာတ်ကြီး လေးပါးကိုပင် ဆက်လက်၍ ရှုပွားလိုကလည်း ရှုပွားနိုင်သည်သာ ဖြစ်သည်။ အဇ္ဈတ္တ၌ ရုပ်နာမ်တို့ကို ပရမတ်သို့ ဉာဏ်အမြင် ဆိုက်သည်တိုင်အောင် သိမ်းဆည်းပြီးသောအခါမှ ဗဟိဒ္ဓသို့ ပြောင်းရှုလိုကလည်း ရှုနိုင်သည်သာ ဖြစ်သည်။

အချို့သော ယောဂါဝစရပုဂ္ဂိုလ်များကား ထိုသို့ ဓာတ်များ ထင်ရှား လာသောအခါ ကြောက်လန့်လာတတ်၏။ ကြောက်လန့်ဖွယ် မလိုပါ။ တစ်ခုခု ဖြစ်လေမလားဟူသော ပူပန်မှု စိုးရိမ်မှုလည်း မဖြစ်သင့်ပေ။ ထိုအခါမျိုး၌ လွန်ကဲနေသော ဓာတ်ကို ညီမျှအောင် ပြုပြင်ပေးရမည် ဖြစ်သည်။ ဓာတ်သဘောတရား (၁၂)မျိုးလုံးကိုပင် ထိုအခါဝယ် ပြန်ရှုခြင်းက ပိုကောင်းပေသည်။

မာမှုသဘော လွန်ကဲနေပါက ပျော့မှုသဘောကို, ပျော့မှုသဘော လွန်ကဲနေပါက မာမှုသဘောကို ဦးစားပေးကာ ရှုခြင်းဖြင့် ဓာတ်သဘော တရားများကို ညီမျှအောင် ပြုပြင်ပေးပါ။ အလားတူပင် ကြမ်း-ချော, လေး-ပေါ့, ယိုစီး-ဖွဲ့စည်း, ပူ-အေး, ထောက်-တွန်းတို့၌လည်း နည်းတူ သဘောပေါက်ပါ။ ဓာတ်သဘောတရား တစ်ခုခု လွန်ကဲလာပါက ထိတ်လန့်မှုစသည် ဖြစ်လာတတ်သဖြင့် သမာဓိလည်း ပျက်ပြားလာတတ်ပေသည်။ သမာဓိက အားကောင်းလာသောအခါ ဓာတ်သဘောတရားများလည်း ညီမျှနေပါက သမာဓိက စူးရှထက်မြက် တည်တံ့လာတတ်ပေသည်။

သို့သော် အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့၏ ဉာဏ်၌ကား ခန္ဓာကိုယ်ကို မတွေ့တော့ဘဲ ဓာတ်ကြီးလေးပါးတို့၏ အစုအပုံအဖြစ်ဖြင့်သာ ထင်လာရာက တဖြည်းဖြည်း ဓာတ်များမှာ လုံးကျစ်လျက် လာတတ်၏။ ဓာတ်ကြီးလေးပါးတို့၏ အတုံးအခဲမှာ သေးငယ်လာတတ်၏။ တစ်ကိုယ်လုံးကို ခြုံ၍ ဓာတ်ကို စိုက်မရှုဘဲ တစ်နေရာရာကို အထူးသဖြင့် ခန္ဓာကိုယ်၏ အတွင်းပိုင်းလောက်ကိုသာ ဦးစားပေး၍ ဓာတ်ကို စိုက်ရှုနေမိသော ယောဂါဝစရပုဂ္ဂိုလ်တို့၌ ဖြစ်လာတတ်သော သဘာဝတစ်မျိုးဖြစ်၏။ ထိုအချိန်အခါ မျိုးတွင် ဓာတ်အတုံးအခဲ ကြီးမှု-သေးမှုကို အာရုံမယူဘဲ ဓာတ်အစုအပုံကိုသာ ဆက်လက်၍ အာရုံယူကာ သမာဓိကို ဆက်လက် ထူထောင်ရမည် ဖြစ်ပေ သည်။

ဤအပိုင်းတွင် ဓာတ်ကြီးလေးပါးကို အာရုံယူ၍ ထူထောင်လာသော သမာဓိမှာ အတော်အသင့် အားကောင်းလာပြီ ဖြစ်သဖြင့် စိတ်ကို စေလွှတ်မိသည့်ဘက်တွင် ဓာတ်များလည်း ထင်ရှားနေတတ်၏။ ယောဂါဝစရပုဂ္ဂိုလ်က စိတ်ကို ထိုထိုဤဤဘက်သို့ မစေလွှတ်မိအောင် ကြိုးစားဖို့ လိုပေသည်။ ထိုသို့ စိတ်ကို ခန္ဓာကိုယ်၏ ပြင်ပသို့တိုင်အောင် စေလွှတ်နေမိပါက စူးစမ်း ဆင်ခြင်မှုတွေ များနေပါက ဓမ္မဝိစယသမ္ဗောဇ္ဈင်က လွန်ကဲလာသဖြင့် သမာဓိသမ္ဗောဇ္ဈင်စသည့် ဗောဇ္ဈင်တရားများလည်း အားနည်းလာတတ်ပေသည်။ ဤအချိန်ကား ရုပ်ကလာပ်များကို ဉာဏ်ဖြင့် မတွေ့မမြင်ခင် အပိုင်းဖြစ်၍ ရုပ်ဃန အသီးအသီးကို ဉာဏ်ဖြင့် မဖြိုခွဲနိုင်သေးသည့်အတွက် ပရမတ်နယ်သို့ ခြေစုံပစ်၍ ဝင်ရောက်မသွားသေးသော အချိန် ဖြစ်၏။ ပညတ်နယ်ကို လုံးဝ မကျော်လွှားနိုင်သေးသဖြင့် စိတ်ကို နေရာအနှံ့အပြား စေလွှတ်နေပါက ပညတ်နှင့် ရောနှောနေသော အာရုံနိမိတ်များကိုလည်း ယောဂီပုဂ္ဂိုလ်က တွေ့မြင်နေတတ်ပေသည်။ ထိုအခါ ထိုအာရုံနိမိတ်များနောက်သို့ စိတ်က လိုက်ကြည့်နေတတ်သဖြင့် ဓာတ်သဘောတရားများကိုလည်း မရှုမိတော့-

သည့်အတွက် သမာဓိမှာ ပျက်ပြားသွားတတ်ပေသည်။ သို့အတွက် ဓာတ်ကြီး လေးပါးတို့၏ သဘာဝလက္ခဏာကိုသာ မလွှတ်တမ်း အာရုံယူလျက် သမာဓိ ကိုသာ ခိုင်ခံ့အောင် ဆက်လက်၍ ထူထောင်ရမည့် အချိန်အခါသာ ဖြစ်သည် ဟု ယောဂီဘက်က သဘောပေါက် နားလည်ဖို့ အထူးလိုအပ်ပေသည်။

ဓာတ်အတုံးအခဲ ကြီးမား ကျယ်ပြန့်လာသည်ဟု အသိဉာဏ်၌ ထင်လာသူနှင့် ဓာတ်အတုံးအခဲ သေးကွေးသွားသည်ဟု အသိဉာဏ်၌ ထင်လာသူ ယောဂီနှစ်ဦးတို့တွင် သေးသေးကွေးကွေး အတုံးအခဲအဖြစ် ထင်လာသူ ယောဂီပုဂ္ဂိုလ်က သမာဓိ ပို၍ စူးရှသည်ကို ရံခါ တွေ့ရတတ်၏။ ကြီးမား ကျယ်ပြန့်သည့် ဓာတ်အတုံးအခဲအဖြစ် ထင်သူအချို့လည်း သမာဓိ စူးရှတတ်ပါသည်။ ဓာတ်အတုံးအခဲ ကြီးမှု-သေးမှုကို အာရုံမပြုဘဲ ဓာတ်အစု အပုံကိုသာ အာရုံပြု၍ သမာဓိကိုသာ ဆက်လက် ထူထောင်နေပါ။

**အဖြူ နှင့် အကြည်ပြင်**

စက္ခာဒိပဉ္စဝိဓံ ရူပါဒီနံ ဂဟဏပစ္စယဘာဝေန အာဒါသတလံ ဝိယ ဝိပ္ပသန္နတ္တာ **ပသာဒရူပံ**။ (ဝိသုဒ္ဓိ၊၂၊၈၁။)

ဤခန္ဓာကိုယ်ဝယ် . .

၁။ **စက္ခုပသာဒ** = မျက်စိအကြည်

၂။ **သောတပသာဒ** = နားအကြည်

၃။ ဃာနပသာဒ = နှာခေါင်းအကြည်

၄။ **ဇိဝှါပသာဒ** = လျှာအကြည်

၅။ **ကာယပသာဒ** = ကိုယ်အကြည်

ဤသို့လျှင် အကြည်ရုပ်(= ပသာဒရုပ်) ငါးမျိုး ရှိပေသည်။ ထိုငါးမျိုးသော ရုပ်သည် ရူပါရုံစသည့် ဆိုင်ရာဆိုင်ရာ အာရုံကို ရယူတတ်သော စက္ခုဝိညာဏ် စသည့် ဆိုင်ရာနာမ်တရားစုတို့၏ မှီရာ အကြောင်းတရားအဖြစ် ဖြစ်ပေါ် နေသော ရုပ်တရားများ ဖြစ်ကြ၏။ ယင်းငါးမျိုးသော ရုပ်သည် ကြေးမုံ မှန်အပြင်ကဲ့သို့ ကြည်လင်နေသောကြောင့် **ပသာဒရုပ်**ဟူသော အမည်ကို ရရှိပေသည်။

**ရူပါဘိဃာတာရဟဘူတပ္ပသာဒလက္ခဏံ ။ ပ ။ စက္ခု၊** (ဝိသုဒ္ဓိ၊၂၊၇၄။)

ရူပါရုံ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော ဘူတရုပ် (= ဓာတ်ကြီး) လေးပါး တို့ကို ကြည်လင်စေတတ်သော သဘောလက္ခဏာရှိသော ရုပ်သည် **စက္ခုပသာဒ** မည်၏။ (ဝိသုဒ္ဓိ၊၂၊၇၄။)

သို့အတွက် **ပသာဒရုပ်**ဟူသည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဟူသော ဆိုင်ရာအာရုံတို့က ရှေးရှုရိုက်ခတ်သည့်အခါ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်ဟူသော နာမ်တရား အသီးအသီးအား မှီရာဝတ္ထုရုပ်အဖြစ် ကျေးဇူးပြုပေးနေသော, ကြေးမုံမှန်အပြင်ကဲ့သို့ ကြည်လင်နေသော, ဘူတရုပ် (= ဓာတ်ကြီး) လေးပါး တို့၏ ကြည်လင်နေသော သဘောတရား ဖြစ်၏။

ယင်းပသာဒရုပ်တို့တွင် စက္ခုပသာဒကား မျက်စိ၌, သောတပသာဒကား နား၌, ဃာနပသာဒကား နှာခေါင်း၌, ဇိဝှါပသာဒကား လျှာ၌သာ အသီးအသီး တည်ရှိ၏။ သို့သော် ကာယပသာဒကား မျက်စိ-နား-နှာ-လျှာ-ကိုယ်-နှလုံးဟူသော ဒွါရခြောက်ပါးလုံး၌ ထိမှုကို သိသည့်နေရာတိုင်း၌ တည်ရှိပေ သည်။ ဆိုင်ရာအာရုံတို့ ရှေးရှုရိုက်ခတ်ခြင်း ထိခိုက်ခြင်းငှာ ထိုက်သော ဓာတ်ကြီးလေးပါးတို့၏ ကြည်လင်မှုသဘောတရားသာ ဖြစ်သည်။

ယောဂါဝစရပုဂ္ဂိုလ်က ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာကို အာရုံယူကာ ယခုကဲ့သို့ သမာဓိကို ထူထောင်နေသော အခိုက်ဝယ် သမာဓိကလည်း အရှိန်အဝါ ကောင်းမွန်လာသောအခါ **'ဃန'**ခေါ်သည့် ရုပ်တုံးရုပ်ခဲတို့ကို ဉာဏ်ဖြင့် မဖြိုခွဲနိုင်မီ ယင်းဓာတ်ကြီးလေးပါးတို့၏ ကြည်လင်မှု သဘောတရားဟူသော ပသာဒရုပ်များကို အတုံးလိုက် အခဲလိုက် တွေ့မြင်တတ်ပေသည်။


©shwehinthar.com

သို့သော် ဤအဆင့်သို့ တစ်ခါမျှ မရောက်ဖူးသေးသော ယောဂါဝစရ ပုဂ္ဂိုလ်ဖြစ်ပါက အဖြူရောင် မီးခိုးရောင်ကဲ့သို့သော အဖြူပြင်ကြီးကို များသောအားဖြင့် စတင်၍ တွေ့ရှိတတ်ပေသည်။ ပကတိသော မှန်သည် ပင်ကို သဘာဝအတိုင်း ကြည်လင်နေသည်ကား မှန်၏၊ သို့သော် မိုးအခါဝယ် ရံခါ ရေငွေ့များက ယင်းမှန်သို့ ကပ်နေသောအခါ မှန်၏ ကြည်လင်မှုကို မတွေ့မြင်ရသေးဘဲ ရေခိုးရေငွေ့များ ကပ်နေသည့် ဖြူရော်ရော် အရောင်-အဆင်းကို တွေ့မြင်ရတတ်၏။ အလားတူပင် ယောဂါဝစရပုဂ္ဂိုလ်က ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီးကို အာရုံယူ၍ သမာဓိကို ထူထောင်လာရာ ဘာဝနာသမာဓိက ယင်းအကြည်ဓာတ် အတုံးအခဲကို ထွင်းဖောက် မြင်နိုင်လောက်အောင် အားမကောင်းသေးသည့်အခါ အဖြူရောင် မီးခိုးရောင်ကဲ့သို့သော အဖြူပြင်ကြီးကို စတင်၍ တွေ့ရှိခြင်း ဖြစ်ပေသည်။

သို့သော် ဤအပိုင်းတွင် ယောဂီပုဂ္ဂိုလ်များသည် တစ်ဦးနှင့် တစ်ဦး စတင်တွေ့ရှိပုံ အခြင်းအရာ မတူထူးခြားမှု အသင့်အတင့် ရှိတတ်ပါသည်။ အချို့ယောဂီများက အလင်းရောင်ကို စတင်၍ အသိအမှတ် ပြုမိတတ်ကြ ၏။ အချို့ယောဂီများက အဖြူကို စတင်၍ အသိအမှတ် ပြုမိတတ်ကြ၏။ လင်းရောင်ခြည်စွမ်းအင် အားပျော့သော ယောဂီပုဂ္ဂိုလ်တို့က လင်းရောင်ခြည်ကို သတိမပြုမိကြဘဲ အဖြူကိုသာ စတင်၍ သတိပြုမိကြခြင်း ဖြစ်၏။ လင်းရောင်ခြည် စွမ်းအင်ကောင်းသော ယောဂီပုဂ္ဂိုလ်တို့ကား လင်းရောင်ခြည်ကို ဦးစွာ သတိပြုမိတတ်ကြ၍ အဖြူကို နောက်မှ သတိပြု-မိတတ်ကြ၏။

ထိုအဖြူမှာ ပေါ်စတွင် အချို့ယောဂီများ၌ မီးခိုးရောင်ကဲ့သို့ ညစ်ထပ်ထပ် အနည်းငယ် ရှိတတ်၏။ ယောဂီပုဂ္ဂိုလ်က ထိုအဖြူကို မကြည့်သေးဘဲ မူလ ရှုမြဲဖြစ်သည့် ဓာတ်ကြီးလေးပါးအာရုံ၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ဆက်လက် ကြိုးပမ်းခဲ့သော် ထိုအဖြူမှာ ဝါဂွမ်းစိုင် ကဲ့သို့ ဆွတ်ဆွတ်ဖြူလာတတ်ပါသည်။ ဤအဖြူကား အကြည်ဓာတ်၏ ရှေ့ပြေးအမှတ်အသား ဖြစ်ပါသည်။ ဤအဖြူကိုလည်း နှလုံးမသွင်းသေးဘဲ မူလ ရှုမြဲဖြစ်သည့် ဓာတ်ကြီးလေးပါး အာရုံ၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားခဲ့သော် ဤအဖြူပြင် အဖြူတုံးဟူသည်မှာလည်း ဓာတ်ကြီးလေးပါးတို့၏ အစုအပုံသာ ဖြစ်သည်ဟု သဘောပေါက်လာတတ်ပါသည်။

အကယ်၍ အဖြူပြင်၌ တည်ရှိနေသော ဓာတ်ကြီးလေးပါးကို သဘော မပေါက်နိုင်သေး ဖြစ်နေခဲ့သော် ထိုအဖြူပြင်အတုံးအခဲမှာလည်း လွယ်လွယ် နှင့် ပျောက်ပျက်မသွားဘဲ ခိုင်ခံ့လျက်သာ တည်ရှိနေခဲ့သော် တစ်ကိုယ်-လုံးကို ခြုံ၍ ရှုနေကျအတိုင်း မာမှုသဘောကို ရှုလိုက်, အဖြူပြင်၌ မာမှု သဘောကို ရှုလိုက် — ဤသို့ ကြိမ်ဖန်များစွာ လေ့ကျင့်ပါ။ လေ့ကျင့်ပါများလာသော် အဖြူပြင်၌ တည်ရှိနေသော မာမှုသဘောကို ဉာဏ်ဖြင့် ထင်ထင်ရှားရှား တွေ့မြင်လာတတ်ပါသည်။ မာမှုသဘောတရားတစ်ခုကို ကျေကျေနပ်နပ် ရှု၍ ရရှိပါက ကျန်နေသေးသည့် သဘောတရား (၁၁)မျိုးကိုလည်း ဆက်လက်၍ နည်းတူ ရှုကြည့်ပါ။ အဖြူပြင်၌ **မာ-ကြမ်း-လေး-ပျော့-ချော-ပေါ့၊ ယိုစီး-ဖွဲ့စည်း၊ ပူ-အေး၊ ထောက်-တွန်း**ဟူသော သဘောတရား (၁၂)မျိုးလုံးကို ဉာဏ်ဖြင့် ထင်ထင်ရှားရှား တွေ့မြင်ပါက “ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်”ဟု လေးချက် ပြောင်း၍ ရှုပါ။ ယင်းဓာတ်လေးပါးကို အာရုံယူကာ သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။

သို့သော် ယောဂီပုဂ္ဂိုလ်အများစု၌ ထိုအဖြူမှာ ပေါ်စတွင် မခိုင်ခံ့ဘဲ ခဏပေါ်လိုက် ခဏပျောက်လိုက် ဖြစ်နေတတ်ပါသည်။ ထိုအခါ ထိုအဖြူ၏ ခိုင်ခံ့ရေးအတွက် မူလ ရှုမြဲဖြစ်သည့် ဓာတ်ကြီးလေးပါး အာရုံ၌သာ ဘာဝနာ-စိတ်ကို ငြိမ်ဝပ်သည်ထက် ပို၍ ငြိမ်ဝပ်စွာ ကပ်တည်နေအောင်သာ ကြိုးစား ပါ။ ထိုသို့ ကြိုးစားရာ၌ ထိုအဖြူမှာ တည်ရှိသော ဓာတ်ကြီးလေးပါးကို ရှုလိုက် တိုင်း ဉာဏ်ဖြင့် မတွေ့မြင်သေးခဲ့သော် ထိုအဖြူပြင် အဖြူအတုံးအခဲမှာလည်း နာရီဝက်ခန့် တစ်နာရီခန့် စသည်ဖြင့် မပျောက်ပျက်ဘဲ ခိုင်ခံ့တည်တံ့ခဲ့သော် ထိုအဖြူပြင် အဖြူအတုံးအခဲ၌ တည်ရှိ-နေသော ဓာတ်ကြီးလေးပါးကိုလည်း သဘောမပေါက်သေး ဖြစ်နေပါက အထက်ပါအတိုင်း — တစ်ကိုယ်လုံး၌ မာမှု သဘောကို ရှုလိုက်, အဖြူ၌ မာမှုသဘောကို ရှုလိုက်, တစ်ကိုယ်လုံး၌ ကြမ်းမှု သဘောကို ရှုလိုက်, အဖြူ၌ ကြမ်းမှုသဘောကို ရှုလိုက် — ဤသို့ စသည်ဖြင့် ပြောင်းရွှေ့ ရှုကြည့်ပါ။ ဓာတ်ကြီးလေးပါး (= သဘောတရား ၁၂-မျိုး)လုံးကို ဉာဏ်နှင့် မြင်အောင် လေ့ကျင့်ပါ။ အောင်မြင်မှုကို ရရှိခဲ့သော် “ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်”ဟု လေးချက် ပြောင်းရှုကာ သမာဓိကို တစ်ဖန်ပြန်၍ ဆက်လက်ထူထောင်ပါ။


©shwehinthar.com

ထိုအဖြူပြင် အဖြူအတုံးအခဲ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို မြင်အောင် ရှုနိုင်၍ သမာဓိကိုလည်း ထူထောင်နိုင်ခဲ့သော် သမာဓိ မြင့်မား လာသောအခါ ထိုအဖြူမှာ တဖြည်းဖြည်း ကြည်လာမည် ဖြစ်သည်။ ရေခဲတုံး ဖန်တုံး မှန်တုံးကဲ့သို့ ကြည်လာမည်ဖြစ်သည်။ ထိုအကြည်ပြင် အကြည် အတုံးအခဲမှာ တည်ရှိသော ဓာတ်ကြီးလေးပါးကိုပင် မြင်အောင် ဆက်လက် သိမ်းဆည်းပါ၊ ဉာဏ်ဖြင့် ပိုင်းခြားယူပါ။ ထိုအကြည်ပြင် အကြည်အတုံးအခဲ၌ တည်ရှိသော ဓာတ်ကြီးလေးပါးအာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေအောင် သမာဓိကို ဆက်လက်ထူထောင်ပါ။ သမာဓိ၏ စွမ်းအင် အားကောင်းလာသည်နှင့်အမျှ ဉာဏ်၏ စွမ်းအင်အာနုဘော်သည်လည်း ကြီးထွားလာမည် ထက်မြက်စူးရှလာမည် ဖြစ်ပေသည်။ ဓာတ်ကြီးလေးပါး တို့၏ သဘာဝလက္ခဏာအသီးအသီးကို ထွင်းဖောက်သိ-မြင်နေသော ဉာဏ်၏ စွမ်းအင်အာနုဘော်က ကြီးမားလာသောအခါ ထက်မြက်စူးရှလာသောအခါ ရဲရင့်လာသောအခါ လင်းရောင်ခြည်စွမ်းအင်များလည်း အလွန် အားကောင်း လာမည် ဖြစ်သည်။ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ထွက်ပေါ်လာ တတ်ပါသည်။

ထိုအရောင်အလင်းများမှာ အချို့ယောဂီများ၌ အလွန်တောက်ပ စူးရှသဖြင့် မျက်စိအကြည်ဓာတ်ကို ထိုလင်းရောင်ခြည်က လာရောက် ဟပ်နေသဖြင့် ရိုက်ခတ်နေသဖြင့် မျက်စိများ ကျိန်းနေတတ်၏။ အလွန် တောက်-ပနေသော နေကို ကြည့်နေသည့်အခါကဲ့သို့ မျက်ရည်များ ထွက်လာ တတ်၏။ ထိုအခါမျိုး၌ အလင်းရောင်ကို နှလုံးမသွင်းသေးဘဲ မူလ ရှုမြဲ ဖြစ်သည့် ဓာတ်ကြီးလေးပါးကိုပင် ဆက်လက်၍ ရှုပွားနေပါ။ လေ့ကျင့်မှု များလာသော-အခါ ထိုလင်းရောင်ခြည်က စက္ခုအကြည်ဓာတ်၌ ရိုက်ခတ်ခြင်း ကြောင့် ဖြစ်ပေါ်လာသည့် မျက်ရည်ထွက်ခြင်း မျက်စိစူးခြင်း စသည့် ဒဏ်ချက်တို့ကို ခံနိုင်ရည်စွမ်းအင် ရှိလာမည် ဖြစ်သည်။ ဤကဲ့သို့သော လင်းရောင်ခြည်စွမ်း-အင်ကိုပင် ရည်ရွယ်၍ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာဆရာတော်က **"ဓာတုပ္ပဘေဒါဝဘာသနပညာပရိဂ္ဂဟိတော** (ဝိသုဒ္ဓိ၊၁၊၃၄၇။ ) **= ဓာတ်ကြီး လေးပါးတို့၏ သဘာဝလက္ခဏာ အထူးအပြားကို မိမိ၏ ပညာအရောင်ဖြင့် ထွန်းပြခြင်း အဝဘာသနကိစ္စရှိသော ပညာဖြင့် သိမ်းဆည်းထားအပ်သော"** ဟု ဖွင့်ဆိုတော်မူခြင်း ဖြစ်ပေသည်။ ဤဖွင့်ဆိုချက်ကား ရုပ်ကလာပ်များကို မြင်၍ ရုပ်ကလာပ် တစ်ခုတစ်ခု၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာ အသီးအသီးကို သိမ်းဆည်းနိုင်သည့် အဆင့်အထိ ရည်ညွှန်းထားပေသည်။

ဤနေရာတွင် သတိပြုရန် အချက်တစ်ခု ရှိလာပြန်၏။ အချို့ယောဂီများ၌ ဤအဖြူပြင်ကို ခန္ဓာကိုယ်၌ မတွေ့ဘဲ မျက်နှာရှေ့ဝန်းကျင် ဗဟိဒ္ဓ၌ စတင်၍ တွေ့တတ်သည်လည်း ရှိ၏။ အကယ်၍ ဗဟိဒ္ဓ၌ အဖြူကို စ၍ တွေ့ခဲ့သော် ထိုအဖြူကို မကြည့်ဘဲ ထိုအဖြူ၌ ဓာတ်လေးပါးကို မရှုဘဲ  မိမိ မူလ ရှုမြဲဖြစ်သည့် မိမိ ခန္ဓာအိမ်၌သာလျှင် ဓာတ်ကြီးလေးပါးကို ဆက်၍ ရှုနေပါ။ မိမိခန္ဓာအိမ်တစ်ခုလုံး ဖြူလာပါမှ ထိုအဖြူ၌ ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်ရှုပါ။ တဖြည်းဖြည်း  အကြည်ပြင်ကို တွေ့ရှိလာပါလိမ့်မည်။

အချို့ယောဂီများ၌ အဖြူကို စတင် တွေ့ရှိစဝယ် ကွက်ကျား ကွက်ကျား တွေ့မြင်နေတတ်၏၊ အကြည်ပြင် အကြည်အတုံးအခဲကို စတင်တွေ့ရှိရာ၌လည်း ကွက်ကျား ကွက်ကျား တွေ့မြင်နေတတ်၏။ အချို့ကို ရင်ဘတ်၌, အချို့ကို မျက်နှာ၌, အချို့ကို ဦးခေါင်း၌ စသည်ဖြင့် ကွက်ကျား ကွက်ကျား တွေ့မြင်နေတတ်၏။ ထိုအခါမျိုး၌ ထိုအဖြူကို သို့မဟုတ် ထိုအကြည်ဓာတ်ကို အာရုံမပြုသေးဘဲ မူလ ရှုမြဲဖြစ်သည့် ဓာတ်ကြီးလေးပါးအာရုံ၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာကပ်ထား၍ အဖြူနှင့် အကြည်ဓာတ်များ မပျံ့နှံ့သေးသည့် ခန္ဓာကိုယ်ဘက်သို့ ဓာတ်ကြီးလေးပါးကိုပင် တဖြည်းဖြည်း ဖြန့်၍ ရှုလိုက်ပါက အဖြူ-အကြည်တို့လည်း တဖြည်းဖြည်း ပြန့်သွားကြမည် ဖြစ်ပေသည်။ ခန္ဓာ-ကိုယ်တစ်ခုလုံး၌ ဝါဂွမ်းပုံကဲ့သို့ အဖြူအတုံးအခဲကိုလည်းကောင်း, သမာဓိ အားကောင်းလာပါက ရေခဲတုံး, ဖန်တုံး, မှန်တုံးကဲ့သို့ အကြည်အတုံးအခဲကို လည်းကောင်း တွေ့ရှိနေမည် ဖြစ်သည်။

ကာယပသာဒ (= ကာယအကြည်ဓာတ်)သည် တစ်ကိုယ်လုံး၌ အနှံ့ အပြား တည်ရှိနေသော ရုပ်တစ်မျိုး ဖြစ်၏။ ထိမှုကို သိသော ကာယဝိညာဏ် စိတ်သည် ကိုယ်အကြည်ဓာတ်ကိုသာ မှီတွယ်ရသဖြင့် ထိမှုကို သိသည့် နေရာတိုင်း၌ ကာယအကြည်ဓာတ် (= ကိုယ်အကြည်ဓာတ်)ကား တည်ရှိ နေမြဲပင် ဖြစ်သည်။ ယင်းကာယအကြည်ဓာတ်ဟူသည် - — **ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏော ။ ပ ။ ကာယော၊** (ဝိသုဒ္ဓိ၊၂၊၇၄။) ဖောဋ္ဌဗ္ဗာရုံ ရှေးရှုရိုက်ခတ်ခြင်း ထိခိုက်ခြင်းငှာထိုက်သော ဓာတ်ကြီးလေးပါး တို့ကို ကြည်လင်စေခြင်း သဘောလက္ခဏာရှိသော ရုပ်တရားတစ်မျိုးသာ



©shwehinthar.com

ဖြစ်သည်။ ဓာတ်ကြီးလေးပါးကို မှီကာ ဖြစ်ပေါ်လာသည့် အကြည်ဓာတ် တစ်မျိုးသာ ဖြစ်သည်။ 'ဃန'ခေါ်သည့် ရုပ်တုံးရုပ်ခဲများကို ဉာဏ်ဖြင့် မဖြိုခွဲနိုင်မီ ဃနအတုံးအခဲများ မပြိုမီ အချိန်၌ အကြည်ဓာတ်များကို တစ်ဆက်တည်း အတုံးလိုက် အခဲလိုက် အပြင်လိုက်ကြီး တွေ့နေရခြင်း ဖြစ်သည်။ ထိုအကြည်ဓာတ် အကြည်ပြင်၌ တည်ရှိသော ဓာတ်ကြီးလေးပါးကိုပင် မြင်အောင် ဆက်ရှုပါ။ ယင်းဓာတ်လေးပါးကို အာရုံယူ၍ သမာဓိကို ဆက်လက် ထူထောင်ပါ။ ဓာတ်ကြီးလေးပါးတို့ကို မှီ၍ ဖြစ်နေသော အကြည်တုံး အကြည်ခဲ အကြည်ပြင်ကြီးသည် ရှုလိုက်တိုင်း ဉာဏ်တွင် ထင်ရှားနေမည် ဖြစ်သည်။

အကယ်၍ အကြည်ပြင်၌ တည်ရှိသော ဓာတ်ကြီးလေးပါးကိုလည်း သဘောမပေါက်နိုင်သေး၊ မသိမ်းဆည်းနိုင်သေး၊ ဉာဏ်ဖြင့် ပိုင်းခြားမယူနိုင် သေး ဖြစ်နေပါက အဖြူပြင်၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို သိမ်းဆည်းသကဲ့သို့ ရှုသကဲ့သို့ပင် "ခန္ဓာကိုယ်တစ်ခုလုံးကို ခြုံ၍ ရှုနေကျအတိုင်း မာမှု သဘောကို ရှုလိုက်, အကြည်ပြင်၌ တည်ရှိသော မာမှုသဘောကို ရှုလိုက်" ဤသို့ စသည်ဖြင့် ဓာတ်သဘောတရားများကို တစ်လုံးစီ တစ်လုံးစီ တိုး၍ တိုး၍ ရှုကြည့်ပါ။ အောင်မြင်မှုကို ရရှိခဲ့သော် ထို အကြည်ပြင် အကြည်အတုံးအခဲ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကိုပင် ခြုံငုံ၍ အာရုံယူကာ "ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်"ဟု ရှုနေပါ၊ သမာဓိ ကို ဆက်လက်ထူထောင်ပါ။

### ပါရမီရှင် သူတော်ကောင်းများ

အတိတ်ဘဝထိုထိုက ရုပ်နာမ်ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်သည့် တိုင်အောင် ဆည်းပူးခဲ့ ဖြည့်ကျင့်ခဲ့သော ပါရမီပုညသမ္ဘာရတည်းဟူသော ပါရမီကောင်းမှုကုသိုလ်အထူးဟူသော အဆောက်အဦ အခိုင်အမာ တည်ရှိ ခဲ့ဖူး- သော ပါရမီရှင် သူတော်ကောင်းများအဖို့မှာမူ ထိုအကြည်ပြင် အကြည်တုံး၌ တည်ရှိသော ဓာတ်ကြီးလေးပါးကိုပင် စိုက်၍ ရှုနေရုံမျှဖြင့် အလွယ်တကူပင် အကြည်တုံး အကြည်ပြင်ကြီးများ ပြိုကွဲသွားကာ ရုပ်ကလာပ် အမှုန်များကို စတင် တွေ့ရှိတတ်ပါသည်။

### အာကာသဓာတ်ကို ရှုရန်

သို့သော် ပါရမီကောင်းမှုကုသိုလ် အဆောက်အဦက အနည်းငယ် အားပျော့နေသော ယောဂီသူတော်ကောင်း ဖြစ်ခဲ့ပါမူ ထိုအကြည်ဓာတ် အကြည်ပြင် အကြည်တုံး အကြည်ခဲကြီးမှာ တည်ရှိသော ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်၍ ရှုလိုက်ရုံမျှဖြင့် ယင်းအကြည်အတုံးအခဲကြီးမှာ ပြိုကွဲ မသွားဘဲ အတုံးလိုက် အခဲလိုက် အပြင်လိုက်ပင် ရှိနေတတ်ပါသည်။ ထိုအခါမျိုးတွင် ထိုအကြည်ပြင်ကြီး၌ အာကာသဓာတ်ကို မြင်အောင် စိုက်၍ ရှုရမည် ဖြစ်သည်။

ဘုရားရှင်သည် မဟာရာဟုလောဝါဒသုတ္တန် (မ၊၂၊၈၆။), ဓာတုဝိဘင်္ဂသုတ္တန် (မ၊၃၊၂၈၅။), အဘိဓမ္မာ ဓာတုဝိဘင်းပါဠိတော် (အဘိ၊၂၊၈၆။) တို့၌ အာကာသဓာတ်ကို ရှုရန် ညွှန်ကြားထားတော်မူ၏။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ နှင့် မဇ္ဈိမပဏ္ဏာသဋီကာတို့ကလည်း အာကာသဓာတ်ကို ရှုရန် ညွှန်ကြားတော်မူရခြင်း၏ အကြောင်းရင်းကို ဤသို့ ရှင်းပြထားတော်မူကြ၏။

အထ အာကာသဓာတုံ ကသ္မာ ဝိတ္ထာရေသီတိ။ ဥပါဒါရူပဒဿနတ္ထံ။ ဟေဋ္ဌာ ဟိ စတ္တာရိ မဟာဘူတာနေဝ ကထိတာနိ၊ န ဥပါဒါရူပံ။ တသ္မာ ဏ္ဏမိနာ မုခေန တံ ဒဿေတုံ အာကာသဓာတုံ ဝိတ္ထာရေသိ။ အပိစ အဇ္ဈတ္တိကေန အာကာသေန ပရိစ္ဆိန္နရူပမ္ပိ ပါကဋံ ဟောတိ။

အာကာသေန ပရိစ္ဆိန္နံ၊ ရူပံ ယာတိ ဝိဘူတတံ။
တဿေဝံ အာဝိဘာဝတ္ထံ၊ တံ ပကာသေသိ နာယကော။

(မ၊ဋ္ဌ၊၃၊၉၇။)

မဟာဘူတာနိ တာဝ ဝိတ္ထာရေတု သမ္မသနူပဂတ္တာ၊ အသမ္မသနူပဂံ အာကာသဓာတုံ အထ ကသ္မာ ဝိတ္ထာရေသီတိ အာဟ "ဥပါဒါရူပဒဿနတ္ထ"န္တိ ။ ပ ။ **ဟေဋ္ဌာ စတ္တာရိ မဟာဘူတာနေဝ ကထိတာနိ, န ဥပါဒါရူပန္တိ** တဿ ပနေတ္ထ လက္ခဏာဟာရနယေန အာကာသဒဿနေန ဒဿိတတာ ဝေဒိတဗ္ဗာ။ တေနာဟ "**ဏ္ဏမိနာ မုခေန တံ ဒဿေတု**"န္တိ။ န ကေဝလံ ဥပါဒါရူပဂ္ဂဟဏဒဿနတ္ထမေဝ အာကာသဓာတု ဝိတ္ထာရိတာ၊ အထ ခေါ ပရိဂ္ဂဟသုခတာယပီတိ ဒဿေန္တော


©shwehinthar.com

**"အပိစာ"**တိအာဒိမာဟ။ တတ္ထ ပရိစ္ဆိန္နံတဗ္ဗသ္သ ရူပဿ နိရဝသေသပရိယာဒါနတ္ထံ **"အဇ္ဈတ္တိကေနာ"**တိ ဝိသေသနမာဟ။ **အာကာသေနာ**တိ အာကာသဓာတုယာ ဂဟိတာယ။ ပရိစ္ဆိန္နရူပတ္တံ တာယ ပရိစ္ဆိန္နံတကလာပဂတမ္ပိ ပါကဋံ ဟောတိ၊ ဝိဘူတံ ဟုတွာ ဥပဋ္ဌာတိ။ (မဋီ၊၃၊၆၃။)

ဤအထက်ပါ အဋ္ဌကထာ **ဋီကာ**တို့၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

မဟာဘုတ် ဓာတ်ကြီးလေးပါးတို့ကား အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးတန်သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ထိုက်သော တရားများ ဖြစ်ခြင်းကြောင့် ထိုဓာတ်ကြီးလေးပါးတို့ကို အကျယ်ချဲ့၍ ဟောကြားတော် မူခြင်းမှာ သင့်တန်စေ၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးတန်သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းငှာ မထိုက်တန်သော အနိပ္ဖန္န အမည်ရသော ရုပ်အတုမျှသာ ဖြစ်သော အာကာသဓာတ်ကို အဘယ်ကြောင့် ဘုရားရှင်သည် အကျယ်ချဲ့၍ ဟောကြားတော်မူအပ်ပါသနည်းဟု မေးရန် ရှိ၏။ ဥပါဒါရုပ်တို့ကို ရှုပွားသုံးသပ်ရန် ညွှန်ကြားတော်မူလိုသည့်အတွက် ဘုရားရှင်သည် အာကာသဓာတ်ကို အကျယ်ချဲ့၍ ဟောကြားတော်မူသည်ဟု ဖြေဆိုရာ၏။

> ဝုတ္တမ္ပိ ဧကဓမ္မေ၊ ယေ ဓမ္မာ ဧကလက္ခဏာ တေန။
> ဝုတ္တာ ဘဝန္တိ သဗ္ဗေ၊ ဣတိ ဝုတ္တော လက္ခဏော ဟာရော။

(နေတ္တိပါဠိတော်၊၂၆-၂၇။ မဋ္ဌ၊၁၊၃၂။)

= ပရမတ္ထဓာတ်သား တရားလုံးတစ်ခုကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ဖို့ရန်အတွက် ဘုရားရှင်သည် ဟောကြားတော်မူသည်ရှိသော် ထိုပရမတ္ထဓာတ်သား တရားလုံးနှင့် လက္ခဏာချင်း တူညီသော ပရမတ္ထဓာတ်သား တရားအားလုံးကို ဝိပဿနာ ရှုပွားသုံးသပ်ရန် ဟောကြား တော်မူပြီးသာ ဖြစ်သည်။ ဤသို့ လက္ခဏာချင်း တူညီရာ တရားအားလုံးကို သိမ်းကျုံးယူရသောနည်းမှာ **လက္ခဏာဟာရ နေတ္တိနည်း** ဖြစ်၏။

ဤ**မဟာရာဟုလောဝါဒသုတ္တန်**ဝယ် အာကာသဓာတ်ကို ရှုပွားဖို့ရန် ဘုရားရှင်၏ ဟောကြားတော်မူခြင်းမှာလည်း လက္ခဏာဟာရနေတ္တိနည်းအရ လက္ခဏာချင်း တူညီရာ ဥပါဒါရုပ်အားလုံးကို အာကာသဓာတ်၌ ပေါင်းစု၍ ဟောကြားသွားတော်မူခြင်း ဖြစ်၏။ သို့အတွက် အာကာသဓာတ်ကို ရှုဖို့ရန် ဘုရားရှင်၏ ညွှန်ကြားတော်မူချက်မှာ ဥပါဒါရုပ် အားလုံးကိုပင် ရှုဖို့ရန် ညွှန်ကြားတော်မူခြင်းပင် ဖြစ်သည်။ ဘုရားရှင်သည် မဟာရာဟုလောဝါဒ သုတ္တန်ဝယ် အာကာသဓာတ်ကို မဟောမီ ရှေးအပိုင်း၌ ဓာတ်ကြီးလေးပါးတို့ကိုပင်လျှင် ဟောကြားတော်မူခဲ့၏၊ ဥပါဒါရုပ်ကို ဟောကြားတော် မမူခဲ့ပေ။ ထိုကြောင့် ဤအာကာသဓာတ်ကို အဦးမူသဖြင့် ထိုဥပါဒါရုပ်အားလုံးကို ရှုပွား သုံးသပ်ရန် ညွှန်ကြားတော်မူလိုသည့်အတွက် အာကာသဓာတ်ကို အကျယ်ချဲ့၍ ဟောကြားတော်မူခြင်း ဖြစ်သည်။ အာကာသဓာတ်သည်လည်း ဓာတ် ကြီး လေးပါးကိုပင် မှီ၍ဖြစ်သော ဥပါဒါရုပ်တစ်မျိုး ဖြစ်၏။ အာကာသဓာတ်မှ ကြွင်းသော (၂၃)မျိုးသော ဥပါဒါရုပ်သည်လည်း ဓာတ်ကြီးလေးပါးကိုပင် မှီ၍ ဖြစ်ပေါ်လာရသော ဥပါဒါရုပ်ပင် ဖြစ်၏။ ဤသို့လျှင် အာကာသဓာတ်နှင့် ကျန်ဥပါဒါရုပ်အားလုံးတို့သည် ဓာတ်ကြီးလေးပါးကိုသာ မှီတွယ်၍ ဖြစ်ပေါ် လာရပုံ လက္ခဏာချင်း တူညီသောကြောင့် အာကာသဓာတ်၌ ဥပါဒါရုပ် အားလုံးကို ပေါင်းစု၍ ဟောကြားသွားတော်မူခြင်း ဖြစ်သည်။ **လက္ခဏာဟာရ နေတ္တိနည်းတည်း**။

သည်မျှသာမကသေး၊ အာကာသဓာတ်၌ ဥပါဒါရုပ်အားလုံးကို ပေါင်းရုံးယူ၍ ရှုပွားသုံးသပ်ဖို့ရန်အတွက်သက်သက်မျှသာ ရည်ရွယ်တော် မူ၍ ဘုရားရှင်သည် အာကာသဓာတ်ကို အကျယ်ချဲ့၍ ဟောကြားတော် မူအပ်သည် မဟုတ်သေး၊ စင်စစ်မှာမူ ရုပ်တရားတို့ကို လွယ်လွယ်ကူကူ သိမ်းဆည်းနိုင်ဖို့ရန်အတွက်လည်း ညွှန်ကြားပြသတော်မူလိုသည့်အတွက် အာကာသဓာတ်ကို ရှုပွားသုံးသပ်ဖို့ရန် ဘုရားရှင်သည် ညွှန်ကြားတော်မူခြင်း ဖြစ်သည်။ အကယ်စင်စစ်မှာမူ **ပရိစ္ဆေဒလက္ခဏာ** (ဝိသုဒ္ဓိ၊၂၇၈။) = ရုပ်ကလာပ် တို့ကို တစ်ခုနှင့်တစ်ခု မရောယှက်ရအောင် ရုပ်ကလာပ်တို့ကို ပိုင်းခြားကြောင်း ဖြစ်သည့် ပရိစ္ဆေဒရုပ် (= ပရိစ္ဆေဒလက္ခဏာရှိသော အာကာသဓာတ်)ကို ဉာဏ်ဖြင့် တွေ့မြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ယင်း အဇ္ဈတ္တိက အာကာသဓာတ်ဖြင့် အပိုင်းအခြားခံရသော **ရုပ်ကလာပ်အပေါင်း သည်**လည်း ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားနေသည်သာ ဖြစ်၏။

အာကာသဓာတ်ဖြင့် အပိုင်းအခြားခံရသော ရုပ်ကလာပ်အပေါင်းကို တွေ့မြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏


©shwehinthar.com

သန္တာန်ဝယ် ယင်းရုပ်ကလာပ် တစ်ခု တစ်ခု၏ အတွင်း၌ တည်ရှိသော ဘူတရုပ် ဥပါဒါရုပ်တို့ကို ထင်ထင်ရှားရှား သိမြင်ခြင်းသို့ ရောက်ရှိလာနိုင်၏။ ထိုသို့ ထင်ထင်ရှားရှား ဖြစ်ပေါ်လာမှုကို ထင်ထင်ရှားရှား ညွှန်ကြားပြသတော်မူခြင်း အကျိုးငှာ လူသုံးပါးတို့၏ ဦးစီး ဦးကိုင် ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ထိုအာကာသဓာတ်ကို ရှုပွားဖို့ရန် ထင်ရှားပြသတော်မူပေသည်။ (မဋ္ဌ၊၃၊၉၇။ မဋီ၊၃၊၆၃။)

**အာကာသဓာတ်ကို မြင်အောင်ရှုပုံ**

အကယ်၍ အကြည်ပြင် အကြည်တုံး အကြည်ခဲ၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီးကို စိုက်၍ ရှုနေသော်လည်း ထိုအကြည်ပြင် အကြည်တုံး အကြည်ခဲကြီးမှာ ပြိုကွဲ၍ မသွားဘဲ အတုံးအခဲအတိုင်းပင် ဖြစ်နေပါမူ ယင်းဓာတ်ကြီးလေးပါးကို ရှုပွား သုံးသပ်လျက်ရှိသော ဘာဝနာသမာဓိနှင့်ယှဉ်သော ဉာဏ်ကြောင့် ဖြစ်ပေါ် လာသော ဉာဏ်လင်းရောင်ခြည်စွမ်းအင် အကူအညီဖြင့် ယင်းအကြည်ပြင်၌ အာကာသဓာတ်ကို မြင်အောင် စိုက်ရှုပါ။ ပကတိသော လက်မောင်းသား စသည်ကို ပကတိပသာဒမျက်စိဖြင့် စိုက်ကြည့်လိုက်ပါက တစ်ဆက်တည်းဟု ထင်ရသော်လည်း သေသေချာချာ စိုက်၍ ကြည့်လိုက်ပါက မွေးညင်းပေါက်များကို တွေ့ရသကဲ့သို့ အလားတူပင် ထိုအကြည်ပြင်၌ အာကာသခေါ် အကြားအပေါက်ကို မြင်အောင် ဉာဏ်လင်းရောင်ခြည်၏ အကူအညီဖြင့် ထိုးစိုက်လျက် ရှုကြည့်ပါ။ အာကာသဓာတ်ကို စတင်တွေ့ရှိလာတတ်ပါသည်။ အာကာသဟူသည် ရုပ်ကလာပ်တို့ကို ပိုင်းခြားကြောင်းဖြစ်သည့် ရုပ်ကလာပ်တို့၏ အကြားအပေါက်ဖြစ်သဖြင့် အာကာသဓာတ်ကို တွေ့ရှိသည်နှင့် တစ်ပြိုင်နက်တည်း ရုပ်ကလာပ်များကိုလည်း စတင် တွေ့ရှိတော့မည်သာ ဖြစ်ပေသည်။

**နဒီသောတော ဝိယ – ဒီပဇာလာ ဝိယ**
**မြစ်ရေအယဉ်ကဲ့သို့ – ဆီမီးအလျှံကဲ့သို့**

အချို့သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်တို့ကား ယခုကဲ့သို့ ဓာတ်ကြီး လေးပါးတို့၏ သဘာဝလက္ခဏာကို အာရုံယူ၍ သမာဓိကို ထူထောင်ခိုက်ဝယ် ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကိုပင် စူးစူးစိုက်စိုက် ရှုနေပါက အကြည်ဓာတ်များကို မတွေ့ရသေးမီ အချိန်တွင်လည်းကောင်း, အကြည်ဓာတ်များကို အတုံးလိုက် အခဲလိုက် အပြင်လိုက် တွေ့စမှာလည်းကောင်း ဓာတ်ကြီးလေးပါးတို့၏ အဆက်မပြတ် ဖြစ်နေမှုကို မြစ်ရေအယဉ် တသွင်သွင် စီးဆင်းနေသကဲ့သို့, ဆီမီးအလျှံ အဆက်မပြတ် တောက်ပနေသကဲ့သို့ တွေ့မြင်တတ်၏။ 'သန္တတိဃန'စသော ရုပ်ဃနများကို မပြိုသေးမီ ရုပ်ဃန အသီးအသီးကို ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် မရှုနိုင်သေးမီ ကာလဝယ် ဃနမပြိုသေးသော ရုပ်တို့၏ သဘာဝကို စတင်တွေ့ရှိခြင်းပင် ဖြစ်၏။ ထိုအခါမျိုးတွင် ဓာတ်ကြီးလေးပါးကို လက်မလွှတ်သေးဘဲ ဓာတ်ကြီး လေးပါး အာရုံ၌သာ ဘာဝနာစိတ်ကို ခိုင်မြဲအောင် ဆက်လက်၍ စိုက်ရှု နေပါ။ တဖြည်းဖြည်း ဓာတ်ကြီးလေးပါးတို့၏ ကြည်သထက် ကြည်နေသော သဘာဝများကို စတင်တွေ့ရှိလာမည် ဖြစ်သည်။ ထိုအကြည်ပြင် အကြည်ဓာတ်၌လည်း ဓာတ်လေးပါးကိုပင် ဆက်လက်၍ စိုက်ရှုနေပါက ရုပ်ကလာပ်များကို စတင် တွေ့ရှိတတ်ပါသည်။ ရုပ်ကလာပ်များကို မတွေ့သော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း အာကာသဓာတ်ကို မြင်အောင် စိုက်ရှုလိုက်ပါက ရုပ်ကလာပ်များကို တွေ့ရှိမည် ဖြစ်သည်။ ရုပ်ကလာပ်များကို တွေ့စအချိန်၌လည်း မြစ်ရေအယဉ် တသွင်သွင် စီးနေသကဲ့သို့, ဆီမီးအလျှံ အဆက်မပြတ် တောက်လောင်နေသကဲ့သို့သော အခြင်းအရာကို တွေ့မြင်တတ်ပါသည်။ သို့သော် . . ပရမတ်နယ်မြေအစစ်သို့ကား မဆိုက်ရောက်သေးပါ။

**အတုံးအခဲ အကြီး – အသေး**

သို့သော် အချို့သော ယောဂါဝစရပုဂ္ဂိုလ်များအဖို့ အာကာသဓာတ်ကို မြင်အောင် စိုက်ရှုလိုက်သောအခါ အာကာသဓာတ်ကို တွေ့တန်သလောက် တွေ့သော်လည်း ရုပ်ကလာပ်အမှုန်များကို ပင်ကိုသဘာဝအတိုင်း မတွေ့ရသေးဘဲ ပဲစေ့ခန့် ဆန်စေ့ခန့် ဆန်ကွဲစေ့ခန့်စသည်ဖြင့် အတုံးအခဲ ခပ်ကြီးကြီး အနေအထားဖြင့် စတင်တွေ့ရှိတတ်သည်လည်း ရှိ၏။ အချို့သော ယောဂါ ဝစရပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ကား ကတ္တီပါအနက်ရောင်ပေါ်တွင် စိန်တုံး ခပ်သေးသေးကလေးများကို ကြဲဖြန့်ထားသကဲ့သို့ တွေ့မြင်နေတတ်၏။ ထိုအခါမျိုးတွင် အကြီးအသေးမဟူ အတုံးအခဲမှန်သမျှ၌ ဓာတ်လေးပါးကိုပင် မြင်အောင် ဆက်ရှုပါ။ အတုံးအခဲများမှာ


©shwehinthar.com

တစ်စတစ်စ ပြိုကွဲသွားတတ်ပါ သည်။ အသေးဆုံး ရုပ်ကလာပ်အဆင့်သို့တိုင်အောင် တွေ့မြင်လာတတ်ပါသည်။ အတုံးအခဲအကြီး၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို စိုက်ရှုနေရုံမျှဖြင့် ယင်းအတုံးအခဲမှာ ပြိုကွဲ၍ မသွားဘဲ အတုံးအခဲအတိုင်းပင် တွေ့မြင်နေရပါမူ ထိုအတုံးအခဲ၌ အာကာသဓာတ်ကို မြင်အောင် ဉာဏ်လင်းရောင်ခြည်စွမ်းအင် အကူအညီဖြင့် ထိုးစိုက်၍ ရှုလိုက်ပါက အာကာသဓာတ်ကို တွေ့မြင်သည်နှင့်တစ်ပြိုင်နက်တည်း ရုပ်ကလာပ်အမှုန်များကိုလည်း တွေ့မြင်တတ်ပါသည်။

အတိတ်က ဆည်းပူးထားသော ပါရမီအရှိန်အဝါအားကောင်းသူ ယောဂီ သူတော်ကောင်းများကား အကြည်ပြင်တွင် အာကာသဓာတ်ကို မြင်အောင် စိုက်ရှုလိုက်သောအခါ အချိန်အနည်းငယ်အတွင်းမှာပင် အလွန့်အလွန် သေးငယ်သော ပရမာဏုမြူခန့်ထက်ပင် သာလွန်၍ သေးငယ်ဖွယ်ရာရှိသော ရုပ်ကလာပ်အမှုန်ပေါင်းများစွာကို တွေ့မြင်နေတတ်ပါသည်။

**ရုပ်ကလာပ်များကို တွေ့စချိန်**

ရုပ်ကလာပ်များကို စတင် တွေ့စအချိန်တွင် ရုပ်ကလာပ်များ၏ ပင်ကို သဘာဝအတိုင်း အလွန်လျင်လျင်မြန်မြန် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေသည်ကို တွေ့ရှိမည် ဖြစ်သည်။

ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿသင်္ခါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

(သံ၊ဋ္ဌ၊၂၊၂၉၅။)

= **နာမ်တရားတို့သည် လက်ဖျစ်တစ်တွက် အချိန်ကာလအတွင်း၌ ကုဋေ တစ်သိန်းခန့် ဖြစ်၍ ချုပ်၏။** (သံ၊ဋ္ဌ၊၂၊၂၉၅။
)

ဤသို့ ဖွင့်ဆိုထားသဖြင့် စိတ္တက္ခဏတစ်ခုအတွင်း၌ တည်ရှိကြသော နာမ်တရားတို့၏ သက်တမ်းမှာ လက်ဖျစ်တစ်တွက် (= တစ်စက္ကန့်) အချိန် ကာလကို ကုဋေတစ်သိန်းခန့် ပုံသော် တစ်ပုံခန့်သာ သက်တမ်းရှိကြ၏။ ရုပ်တရားတို့ကား စိတ္တက္ခဏ (၁၇)ချက် သက်တမ်းရှိ၏ဟု ကျမ်းဂန်များ၌ မိန့်ဆိုထားသဖြင့် ကုဋေတစ်သိန်းကို (၁၇)ဖြင့် စားသော် ကုဋေ (၅၀၀၀)ကျော် အဖြေထွက်လာ၏။ သို့အတွက် ရုပ်ကလာပ်တစ်ခု၏ အတွင်း၌ တည်ရှိသော ရုပ်တို့၏ သက်တမ်းမှာ လက်ဖျစ်တစ်တွက် (= တစ်စက္ကန့်) အချိန်ကာလကို ကုဋေ (၅၀၀၀)ကျော်ခန့် ပုံခဲ့သော် တစ်ပုံခန့်သာ သက်တမ်းရှိကြ၏။ ရုပ်နာမ် တို့သည် ထိုမျှလောက် လျင်လျင်မြန်မြန် ဖြစ်ပြီး ပျက်နေကြ၏။ [ ဤ၌ ကုဋေတစ်သိန်း-ဟူသော စကား, ကုဋေ (၅၀၀၀)ကျော်ဟူသော စကားတို့မှာ အတိအကျ ရေတွက်ပြသည့် စကားတို့ မဟုတ်ကြကုန်၊ အလွန် လျင်မြန်စွာ ဖြစ်ပျက်မှုကိုသာ ခန့်မှန်းနိုင်အောင် ပြောကြားသော စကားတို့သာဖြစ်ကြ၏။]

ထိုကဲ့သို့သော ရုပ်ကလာပ်တို့၏ အလွန် လျင်လျင်မြန်မြန် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေမှုကို ကြည့်၍ ဖြစ်ပျက်ရှုနေပါက သို့မဟုတ် ဝိပဿနာ ရှုနေပါက ဝိပဿနာကား ပညတ်နယ်၌သာ ရှိနေပေသေးသည်။ ပညတ်ဖြစ်ပျက်, ပညတ်အနိစ္စတို့ကား နိဗ္ဗာန်သို့ မရောက်နိုင်သော လုပ်ငန်းရပ်များသာ ဖြစ်ကြ၏။ ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်း၌ ပါဝင်တည်ရှိသော ပထဝီ အာပေါ တေဇော ဝါယောစသည့် ဘူတရုပ် ဥပါဒါရုပ်တို့ကို ဉာဏ်ဖြင့် ခွဲခြား စိတ်ဖြာ၍ ရှုပွားသုံးသပ်နိုင်ပါမှ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်မည် ဖြစ်သည်။ ပရမတ်အစစ် ဓာတ်အနှစ် ဖြစ်ကြသော ရုပ်တရား နာမ်တရားတို့ကား ဒုက္ခသစ္စာတရားစုတို့ ဖြစ်ကြ၏။ ယင်းရုပ်နာမ်တို့၏ အကြောင်းတရားတို့ကား သမုဒယသစ္စာတရားစုတို့ ဖြစ်ကြ၏။ ယင်ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကား သင်္ခါရတရားတို့ ဖြစ်ကြ၏။ ရှေးပိုင်း၌ ရှင်းပြထားသည့်အတိုင်း ဝဋ္ဋသစ္စာဖြစ်ကြသည့် ယင်းသင်္ခါရတရားတို့ကား ဝိပဿနာဉာဏ်၏ အရှုခံ အာရုံ ပရမတ္ထဓာတ်သားတို့ ဖြစ်ကြ၏။ နိဗ္ဗာန်ဟူသည် ပရမတ္ထသစ္စာနယ်မှ သွားမှသာလျှင် (= ယင်းပရမတ္ထဓာတ်သား သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးတန်တို့သို့ တင်ကာ ဝိပဿနာရှုပွားသုံးသပ်ပါမှ ရင့်ကျက်လာသော ဝိပဿနာဉာဏ်တို့၏ အဆုံး၌ ဖြစ်ပေါ်လာသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်သာ) ရောက်ရှိနိုင်သော အရာဌာန ဖြစ်ပေသည်။ ပရမတ်အစစ်ဖြစ်ကြသော သင်္ခါရတရားတို့သည်သာလျှင် အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေး သုံးတန် တင်ကာ ရှုပွားသုံးသပ်ထိုက်သော တရားများ ဖြစ်ကြ၏၊ ဝိပဿနာဉာဏ်၏ အရှုခံအာရုံများ ဖြစ်ကြ၏။ ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်ကြသော သင်္ခါရ တရားတို့ကိုသာလျှင် လက္ခဏာရေး သုံးတန် တင်ကာ ရှုပွားသုံးသပ်ပါမှ ဝိပဿနာဉာဏ်-အစစ် ဖြစ်နိုင်သည်။



©shwehinthar.com

**ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။** (သံ၊၁၊၃၄၄။)

**- ချစ်သား သုသိမ. . . (ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့်) သင်္ခါရတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာ၌ တည်သော ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာဉာဏ်သည် ရှေးက ဖြစ်၏၊ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်သည် ဝိပဿနာဉာဏ်၏ နောက်ကာလ၌ ဖြစ်၏။** (သံ၊၁၊၃၄၄။)

ဤသုသိမသုတ္တန် ဒေသနာတော်အတိုင်း နိဗ္ဗာန်ကို အာရုံယူသည့် အရိယမဂ်ဉာဏ်ဟူသည် ဝိပဿနာဉာဏ်တို့၏ အဆုံး၌သာ ဖြစ်ခွင့်ရှိသော တရား ဖြစ်၏။ စစ်မှန်သော ဝိပဿနာဉာဏ် မဟုတ်ပါက စစ်မှန်သော အရိယ-မဂ်ဉာဏ်သည်လည်း ဖြစ်ပေါ်မလာနိုင်ပေ။ ပရမတ်အစစ် ဓာတ်အနှစ် ဖြစ်သော သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန် တင်ကာ ရှုပွားသုံးသပ်ပါမှသာလျှင် စစ်မှန်သော ဝိပဿနာဉာဏ်သည်လည်း ဖြစ်ပေါ်လာခွင့် ရှိပေသည်။ ထို့ကြောင့် နိဗ္ဗာန်ဟူသည် ပရမတ္ထသစ္စာနယ်မှ သွားမှသာလျှင် ရောက်ရှိနိုင်သော အရာဌာနဖြစ်သည်ဟု ပြောဆိုခြင်း ဖြစ်သည်။

**ရုပ်ကလာပ်တစ်ခု၏ ပမာဏ**

တသ္မာ အဏုနော ဆတ္တိံသတိမဘာဂမတ္တော ပရမာဏု နာမ အာကာသကောဋ္ဌာသိကော မံသစက္ခုဿ အဂေါစရော ဒိဗ္ဗစက္ခုဿေဝ ဂေါစရဘူတော။ (မဟာဋီ၊၁၊၄၄၇။ အဘိ၊ဋ္ဌ၊၂၊၃၂၈။)

ကား, လှည်း စသည်တို့ သွားရာ၌ ထလာသော ပကတိသော ပသာဒမျက်စိဖြင့် တွေ့မြင်ရသော မြူမှုန်များကား **ရထရေဏုမြူ**တည်း။ ယင်း ရထရေဏုမြူကို (၃၆)စိတ် စိတ်ပါက တစ်စိတ်မှာ **တဇ္ဇာရီမြူမှုန်** ဖြစ်၏။ နေရောင်ခြည်သည် အိမ်နံရံပေါက် စသည်မှ အိမ်အတွင်း အဆောက်အဦ အတွင်းသို့ ထိုးဝင်လာသောအခါ ထိုနေရောင်ခြည်အတန်းအတွင်း၌ တွေ့မြင်နေရသော မြူမှုန်များသည် တဇ္ဇာရီမြူမှုန်များ ဖြစ်ကြ၏။ ယင်း တဇ္ဇာရီမြူမှုန်ကို (၃၆)စိတ် စိတ်ပါက တစ်စိတ်မှာ **အဏုမြူ** ဖြစ်၏။ ယင်းအဏုမြူကို (၃၆)စိတ် စိတ်ပါက တစ်စိတ်မှာ **ပရမာဏုမြူ**အမှုန် ဖြစ်၏။

ရုပ်ကလာပ်တစ်ခုကား ယင်းပရမာဏုမြူခန့်လောက် ရှိ၏။ ပရမာဏုမြူခန့်ဟူ၍သာ ဆိုပါသည်။ ပရမာဏုမြူဟူ၍ အတိအကျ မဆိုပါ။ ယင်း ပရမာဏုမြူခန့် ရှိသော ရုပ်ကလာပ်များကား **အာကာသကောဋ္ဌာသိက** (=ဟင်းလင်းပြင် အာကာသကောဋ္ဌာသ) အဖို့အစု၌ ဝင်၏။ ပရမာဏုမြူခန့် သေးငယ်သော ရုပ်ကလာပ်တို့ဖြင့် ပြည့်နေသော အရပ်ကို အာကာသ ဟင်းလင်းပြင်ဟူ၍သာ ထင်ရသည်ဟု ဆိုလိုပေသည်။ ယင်းရုပ်ကလာပ်တို့ကို ပကတိသော မျက်စိဖြင့် မမြင်နိုင်။ ပကတိသော မံသစက္ခု (=စက္ခုဝိညာဏ်) ၏ ကျက်စားရာ အာရုံ မဟုတ်။ ဒိဗ္ဗစက္ခု၏သာလျှင် ကျက်စားရာ အာရုံ ဖြစ်၏။ ဒိဗ္ဗစက္ခုဉာဏ်ကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်စွမ်းအင် နှင့်မှ မြင်နိုင်သည်။ ရှေးတွင် ရှင်းပြခဲ့သည့်အတိုင်း ဒိဗ္ဗစက္ခုဉာဏ်ကြောင့် တစ်နည်းဆိုရသော် ဒိဗ္ဗစက္ခုအဘိညာဉ်အလို့ငှာ ပွားများထားအပ်သော အာလောကကသိုဏ်းလင်းရောင်ခြည်စွမ်းအင်နှင့်မှ မြင်နိုင်သည်ဟု ဆိုလို ပေသည်။ သို့သော် ရှေးပိုင်းတွင် ရှင်းပြခဲ့သည့်အတိုင်း ဒိဗ္ဗစက္ခုဉာဏ်ကြောင့် လင်းရောင်ခြည်များ ထွက်ပေါ်လာသကဲ့သို့ သမထဘာဝနာစိတ် ဝိပဿနာ ဘာဝနာစိတ်တို့ကြောင့်လည်း လင်းရောင်ခြည်များ ဖြစ်ပေါ်လာနိုင်ကြသဖြင့် ထိုသမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့ကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်၏ စွမ်းအင်ဖြင့်လည်း ယင်းရုပ်ကလာပ်များကို တွေ့မြင်နိုင် သည်သာ ဖြစ်ပါသည်။ **လက္ခဏာဟာရနေတ္တိနည်း**ဖြင့် အဋ္ဌကထာဆရာတော် ဋီကာဆရာတော်တို့ ဖွင့်ဆိုသွားတော်မူကြသည်ဟု မှတ်ပါ။ သို့မှသာလျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို မရရှိသည့် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် သမထယာနိကပုဂ္ဂိုလ်တို့လည်း ဝိပဿနာသို့ ကူးနိုင်ကြမည် ဖြစ်ပေသည်။

**လမ်းလွဲသွားတတ်ပုံကို သတိပြုပါ**

ရုပ်ကလာပ်ဟူသည် ရုပ်လောကဝယ် အသေးဆုံး ရုပ်အဖွဲ့အစည်း တစ်ခု၏ အမည်ဖြစ်၏။ ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ ပထဝီ-အာပေါ-တေဇော-ဝါယော-ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာဟု အနည်းဆုံး ရုပ်သဘောတရား (၈)မျိုးစီ ရှိ၏။ အချို့ရုပ်ကလာပ်များ၌ ဇီဝိတပါလျှင် (၉)မျိုး, အချို့ရုပ်ကလာပ် များ၌ အကြည်ဓာတ် (= ပသာဒရုပ်) သို့မဟုတ် ဘာဝရုပ် သို့မဟုတ် ဟဒယ ရုပ်ပါလျှင် (၁၀)မျိုး ဤသို့ စသည်ဖြင့် ရှိတတ်၏။ ယင်းရုပ်ကလာပ်တစ်ခု တစ်ခုအတွင်း၌ ပါဝင်တည်ရှိသော ယင်း (၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ရုပ်သဘောတရားများကို မြင်အောင် ရှုနိုင်ပါမှ


©shwehinthar.com

ရုပ်ပရမတ်နယ်မြေသို့ ရောက် ရှိမည် ဖြစ်သည်။ ရုပ်တရားကို သဘာဝလက္ခဏာသို့ ဆိုက်အောင် ပိုင်းပိုင်း ခြားခြား သိတတ်သည့် ရူပပရိစ္ဆေဒဉာဏ်ကို ရရှိမည်ဖြစ်သည်။ ရုပ်တရား အစစ်ကို ရုပ်ပရမတ်တရားကို သိရှိရုံအဆင့်မျှသာ ရှိသေးသည်။ ရှေ့ဆက် ရမည့် လုပ်ငန်းခွင်တို့ကား များစွာပင် ကျန်ရှိနေပေသေးသည်။

သို့သော် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ထိုသို့ ရုပ်ကလာပ်များကို တွေ့မြင်သောအခါ ထိုရုပ်ကလာပ်တစ်ခုတစ်ခု၏ အတွင်း၌ ပါဝင်တည်ရှိသော (၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ရုပ်ပရမတ် သဘောတရားများကို ဉာဏ်ဖြင့် ပိုင်းခြားမယူဘဲ, ရုပ်ပရမတ်နယ်သို့ အသိဉာဏ် မဆိုက်သေးဘဲ ယင်းရုပ်ကလာပ်တို့၏ ပေါ်မှု-ပျောက်မှုကိုပင် အာရုံယူကာ ဖြစ်-ပျက် ရှုနေပါ က သို့မဟုတ် အနိစ္စဟု ရှုနေပါက သမူဟဃနဟူသော ရုပ်အပေါင်းအစု အတုံးအခဲ သမူဟပညတ် မကွာသေးသဖြင့် ပညတ်ကိုပင် ဝိပဿနာရှုနေသည် မည်ပေသည်။

ရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ ပါဝင်တည်ရှိသော (၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ရုပ်သဘောတရားများကို သဘာဝလက္ခဏာ အသီးအသီးသို့ ဉာဏ်အမြင်ဆိုက်အောင် ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုပွားနိုင်ပါမှ 'သမူဟ ဃန-'ဟူသော ရုပ်အပေါင်းအစု အတုံးအခဲပြို၍ သမူဟပညတ်လည်း ကွာ သွားမည် ဖြစ်သည်။ သို့သော် သမူဟပညတ် မကွာသေးသည့် အသေးဆုံး ရုပ်အဖွဲ့အစည်းဖြစ်သည့် ရုပ်ကလာပ်အတုံးအခဲ ပညတ်ကို ယင်းတို့၏ ဖြစ်မှုပျက်မှုကို အာရုံယူကာ အနိစ္စဟု ဝိပဿနာရှုနေပါက ပညတ်တို့မည်သည် ဉာဏ်ဖြင့် ကြာကြာ ကြိတ်ခြေမှုဒဏ်ကို မခံနိုင်သည့်အတွက် မကြာမီ အချိန်ကာလအတွင်းမှာပင် ရုပ်ကလာပ်များမှာ တစ်စတစ်စ ပါး၍, ပါးရာက ပျောက်၍ အကြည်တုံး အကြည်ပြင်ကြီးကိုပင် ပြန်တွေ့တတ်ပါသည်။ ထို အကြည်ပြင်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားပါကလည်း သမာဓိ အရှိန်အဝါ အတော်အသင့် အားကောင်းနေသည့်အတွက် ဘာဝနာစိတ်သည် ယင်းအကြည်ပြင်၌ ငြိမ်၍ ကပ်နေတတ်ပါသည်။ ထိုအခါမျိုးတွင် အချို့အချို့ သော ယောဂါဝစရပုဂ္ဂိုလ်များက ရုပ်ချုပ်သွားပြီဟု ယူဆလာတတ်ကြ၏၊ ပြောကြားလာတတ်ကြ၏။ တစ်ဖန် ထိုအကြည်ပြင်၌ပင် ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားရာက တဖြည်းဖြည်း စိတ်ကို လျှော့ချလိုက်ပါမူ ရှေးပိုင်း တွင် ရှင်းလင်းတင်ပြထားခဲ့သည့်အတိုင်း ဥပစာရသမာဓိနယ်မြေအခိုက်ဝယ် သို့မဟုတ် သမာဓိနုနယ်သေးသော အခိုက်ဝယ် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့က စိတ်အစဉ်ကို ချီမထားနိုင်သည့်စွမ်းအား မရှိခြင်းကြောင့် ဘဝင်သို့ သက်ရောက်သွားတတ်၏၊ ဘဝင်ကျနေတတ်၏။ ထိုအခါမျိုးတွင်လည်း ယောဂါဝစရပုဂ္ဂိုလ်က "ရုပ်နာမ် နှစ်မျိုးလုံး ချုပ်သွားပြီ" ဟု ယူဆလာတတ်၏၊ ပြောကြားလာတတ်၏။ အကယ်စင်စစ်မှာမူ နာမရူပပရိစ္ဆေဒဉာဏ်ကိုမျှ မရရှိသေးသော အဆင့်တွင်သာ တည်ရှိနေပေသေးသည်။

ဤသို့ ပြောဆိုလာသော ယောဂါဝစရပုဂ္ဂိုလ်မှာ ယေဘုယျအားဖြင့် သမထပိုင်းတွင်လည်း ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မိမိနှစ်ခြိုက်ရာ စိတ်ကြိုက် ကမ္မဋ္ဌာန်းတစ်ခုခုဖြင့် ခိုင်ခိုင်ခံ့ခံ့ သမာဓိကို မထူထောင်ရသေးဘဲ, ရုပ်တရားကို သိမ်းဆည်းရှုပွားရာ၌လည်း ဓာတ်ကြီးလေးပါးက စတင်၍ စနစ်တကျ စည်းကမ်းနည်းလမ်းကျကျ မရှုပွားဘဲ မိမိ နှစ်ခြိုက်သလို ရှုပွားလာရာက ပါရမီအားလျော်စွာ သမာဓိအတော်အသင့် အားကောင်းလာသောအခါ၌ ရုပ်-ကလာပ်များကို တွေ့မြင်လာသူသာ ဖြစ်၏။ မူလကတည်းက ရုပ်ကမ္မဋ္ဌာန်း ကို ရှုရာ၌ ဓာတ်ကမ္မဋ္ဌာန်းကို စနစ်တကျ မရှုပွားထားသဖြင့် ရုပ်ကလာပ် များကို တွေ့မြင်သောအခါ၌လည်း ထိုရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ တည်ရှိ-သော ဓာတ်ကြီးလေးပါးကို ဆက်လက်၍ သိမ်းဆည်းရေး ဉာဏ်ဖြင့် ပိုင်းခြားယူရေးမှာ အလွန်ပင် အလှမ်းဝေးလျက် ရှိနေ၏။ မူလကတည်းက ဓာတ်ကြီးလေးပါးကို လျင်လျင်မြန်မြန် မရှုထားတတ်သူတို့အဖို့ အလွန့်အလွန် လျင်လျင်မြန်မြန် ဖြစ်ပေါ်လာပြီးနောက် ပျောက်သွားသော ရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌လည်း ဖြစ်ပေါ်ပြီးနောက် မပျက်မီ အချိန်-ကာလ အတွင်းဝယ် ဓာတ်ကြီးလေးပါးကို မြင်အောင် ရှုတတ်ရေးမှာ ခက်ခဲသော လုပ်ငန်းတစ်ရပ်ပင် ဖြစ်နေပေ၏။ များသောအားဖြင့် ထိုရုပ်ကလာပ်တစ်ခု တစ်ခုအတွင်း၌လည်း ပါဝင်တည်ရှိသော ဓာတ်ကြီးလေးပါးကို မြင်အောင် ရှုပွားရမည်ဟူသော အမှတ်သညာမျှပင် မရှိသူက များပေသည်။

**ပရမတ္ထသစ္စာနယ်သို့**

ရုပ်ကလာပ်ဟူသည် သမူဟပညတ် သဏ္ဌာနပညတ်စသည့် ပညတ်များ မကွာသေးသည့် အသေးဆုံး အတုံးအခဲ


©shwehinthar.com

ပညတ်သာ ရှိသေးသည်။ ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ မဟာဘုတ် ဓာတ်ကြီးလေးပါးကို မြင်အောင် ဆက်လက်၍ ရှုပွားသိမ်းဆည်းနိုင်ပါမှ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ပါမှ ရုပ်ပရမတ်နယ်မြေသို့ စတင် ရောက်ရှိမည် ဖြစ်သည်။

အကယ်၍ ရုပ်ကလာပ်များ၏ အလွန်လျင်လျင်မြန်မြန် ပေါ်မှု ပျောက်မှုကြောင့် ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော ဓာတ်ကြီး လေးပါးကို စိုက်၍ ရှုမရနိုင် ဖြစ်နေပါက, မမြင်ချင် မတွေ့ချင်သူတစ်ဦးနှင့် တွေ့ဆုံသောအခါ မမြင်ယောင် မတွေ့ယောင် ဆောင်နေသကဲ့သို့, အလားတူပင် ရုပ်ကလာပ်တို့၏ ပေါ်မှု-ပျောက်မှုကို အာရုံမပြုဘဲ မကြည့်ဘဲ နှလုံး မသွင်းဘဲ ရုပ်ကလာပ်တစ်ခုတစ်ခု၌ တည်ရှိသော ဓာတ်ကြီးလေးပါးကိုသာ စူးစူးစိုက်စိုက် နှလုံးသွင်းပါ၊ အာရုံပြုနေပါ၊ ရှုနေပါ။ ပါရမီအရှိန်အဝါ အားကောင်းသူ ယောဂီသူတော်စင်များအဖို့ အောင်မြင်မှုကို ရရှိလာတတ်ပါသည်။

ရုပ်ကလာပ်တို့၏ ပေါ်မှု-ပျောက်မှုက အလွန် လျင်မြန်လွန်းသဖြင့် အောင်မြင်မှုကို မရရှိဖြစ်နေခဲ့သော် ရုပ်ကလာပ် တစ်ခုတစ်ခုကို အာရုံ မယူသေးဘဲ, ရုပ်ကလာပ်တို့၏ ဖြစ်မှု-ပျက်မှုကိုလည်း နှလုံးမသွင်းဘဲ ရုပ်ကလာပ်အများအစုကို ခြုံ၍ဖြစ်စေ, သို့မဟုတ် ရုပ်ကလာပ်အားလုံးကို ခြုံ၍ဖြစ်စေ, သို့မဟုတ် ဓာတ်ကြီးလေးပါးကို ရှုနေကျအတိုင်း တစ်ကိုယ်လုံးကို ခြုံ၍ဖြစ်စေ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကိုသာ အာရုံစိုက်၍ ဆက်လက် ရှုပွားနေပါ။ ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာအာရုံ၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ တည်နေအောင် ကပ်ထားလျက် သမာဓိကို ထူထောင်နေပါ။ သမာဓိ အားကောင်းလာသောအခါ ရုပ်ကလာပ်တစ်ခု တစ်ခုအတွင်း၌လည်း ပါဝင်တည်ရှိနေသော ဓာတ်ကြီးလေးပါးတို့၏ သဘာဝ လက္ခဏာအသီးအသီးကို ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်လာနိုင်ပါသည်။

အကယ်၍ အောင်မြင်မှုကို မရှိခဲ့သော် တစ်ခုစီ ခွဲရှုပါ။ တစ်ကိုယ်လုံး၌ တည်ရှိသော ရုပ်ကလာပ်အားလုံးကို ခြုံ၍ မာမှုသဘောကို ရှုပါ၊ တစ်ဖန် ရုပ်ကလာပ်တစ်ခု၌ မာမှုသဘောကို ရှုပါ။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ လေ့ကျင့်ပါ။ ရုပ်ကလာပ်တစ်ခု၌ မာမှုသဘောကို ရှုလိုက်သည်နှင့် ယင်းရုပ်ကလာပ်က ပျောက်သွားပါက နောက်ရုပ်ကလာပ်တစ်ခု၌ မာမှုသဘောကို နည်းတူ ဆက်ရှုကြည့်ပါ။ ဤသို့ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုခဲ့သော် ရှုလိုက်သည့် ရုပ်ကလာပ်တိုင်း၌ မာမှုသဘောကို ဉာဏ်ဖြင့် တွေ့မြင်နေပါက ကြမ်းမှုသဘောတရားကို တိုး၍ ပုံစံတူ ဆက်ရှုကြည့်ပါ။ ရုပ်ကလာပ် တစ်ခု တစ်ခုအတွင်း၌ ကြမ်းမှုသဘောကို ဉာဏ်ဖြင့် တွေ့မြင်သောအခါ မာမှု-ကြမ်းမှု သဘောနှစ်မျိုးလုံးကို ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်း၌ မြင်အောင် ဆက်၍ လေ့ကျင့်ပါ။

ဤနည်းစနစ်အတိုင်း ဓာတ်သဘောတရား တစ်ခုစီတစ်ခုစီ တစ်စတစ်စ တိုး၍တိုး၍ လေ့ကျင့်ပါ။ ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ အနည်းဆုံး သဘောတရား (၈)မျိုးခန့်ကို ပြိုင်တူလိုလို မြင်အောင် လေ့ကျင့်ပါ။ ရုပ်ကလာပ်-တစ်ခု၌ ပထဝီဓာတ် သဘောတရား (၆)မျိုးတို့တွင် သုံးမျိုးသာ ထင်ရှား၏။ မာ-ကြမ်း-လေး ထင်ရှားပါက ပျော့-ချော-ပေါ့ မထင်ရှားပေ။ ပျော့-ချော-ပေါ့ ထင်ရှားပါကလည်း မာ-ကြမ်း-လေး မထင်ရှားပေ။ အာပေါဓာတ်၌ကား ယိုစီးမှု-ဖွဲ့စည်းမှု နှစ်မျိုးလုံး ထင်ရှားနိုင်၏။ သို့သော် တစ်မျိုးမျိုးမှာ သဘာဝသတ္တိ လွန်ကဲနေတတ်ပေသည်။ တစ်ဖန် တေဇောဓာတ် သဘောတရားနှစ်မျိုးတို့တွင် ပူမှု ထင်ရှားပါက အေးမှု မထင်ရှားပေ၊ အေးမှု ထင်ရှားပါကလည်း ပူမှု မထင်ရှားပေ။ တစ်ခုသာ ထင်ရှားပေသည်။ တစ်ဖန် ဝါယောဓာတ်၌ကား ထောက်ကန်မှု-တွန်းကန်မှု နှစ်မျိုးလုံး ထင်ရှား နိုင်၏။ ထောက်ကန်မှုကား လက္ခဏာ, တွန်းကန်မှုကား ရသကိစ္စ ဖြစ်သည်။ သတိပြု၍ သိမ်းဆည်းပါ။ ထို့ကြောင့် ရုပ်ကလာပ် တစ်ခုတစ်ခု၌ —

၁။ မာ-ကြမ်း-လေး, သို့မဟုတ် ပျော့-ချော-ပေါ့,

၂။ ယိုစီး-ဖွဲ့စည်း,

၃။ ပူ သို့မဟုတ် အေး,

၄။ ထောက်ကန်-တွန်းကန်ဟု

သဘောတရား (၈)မျိုးစီသာ တည်ရှိပေသည်။ သမာဓိစွမ်းအင်ကြီးမား လာ၍ ဉာဏ်အာနုဘော်က


©shwehinthar.com

ထက်မြက်စူးရှလာသောအခါ ရုပ်ကလာပ် တစ်ခု တစ်ခုအတွင်း၌ ပါဝင်တည်ရှိနေသော ယင်းသဘောတရား (၈)မျိုးဟူသော ဓာတ်ကြီးလေးပါးတို့သည် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝဝယ် ပြိုင်တူလိုလို ထင်ရှားနေမည် ဖြစ်ပေသည်။ ဓာတ်ကြီးလေးပါးတို့ကို ပြိုင်တူဉာဏ်ဖြင့် ပိုင်းခြားယူနိုင်အောင်လည်း လေ့ကျင့်ပါ။ ဒွါရ (၆)ပါးလုံး၌ တည်ရှိကြသော ရုပ်ကလာပ်များကို အကြမ်းစားအားဖြင့် ခွဲတမ်းချလိုက်ခဲ့သော် ပသာဒရုပ် တစ်မျိုးမျိုး ပါဝင်သည့် ကြည်သည့်ရုပ်ကလာပ်နှင့် ပသာဒရုပ်တစ်မျိုးမျိုး မပါဝင်သည့် မကြည်သည့်ရုပ်ကလာပ်ဟု နှစ်မျိုး ရှိပေသည်။ ဒွါရ (၆)ပါးလုံး၌ ကြည်သည့် ရုပ်ကလာပ်၌ ဓာတ်လေးပါး, မကြည်သည့် ရုပ်ကလာပ်၌လည်း ဓာတ်လေးပါးတို့ကို ဆက်လက် သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းနိုင်သော အခါ ထိုရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ ပါဝင်တည်ရှိနေသည့် ဓာတ်ကြီး လေးပါးအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော သမာဓိကို အထွတ်အထိပ် သို့ ရောက်ရှိနေသော သဒိသူပစာရအားဖြင့် **ဥပစာရသမာဓိ**-အမည်ရသော ကာမာဝစရသမာဓိဟူ၍ ခေါ်ဆိုအပ်ပေသည်။

## ဥပစာရသမာဓိ

**ဥပစာရသမာဓီ**တိ စ ရုဠှီဝသေန ဝေဒိတဗ္ဗံ။ အပ္ပနံ ဟိ ဥပေစ္စ စာရီ သမာဓိ ဥပစာရသမာဓိ၊ အပ္ပနာ စေတ္ထ နတ္ထိ။ တာဒိသဿ ပန သမာဓိဿ သမာနလက္ခဏတာယ ဧဝံ ဝုတ္တံ။ (မဟာဋီ၊၁၊၄၃၆။)

= ဥပစာရသမာဓိဟူသည့် စကားရပ်ကို တင်စား၍ ခေါ်ဝေါ်သုံးစွဲသည့် အတင်ရုဠှီ၏ အစွမ်းဖြင့် သိရှိပါလေ။ မှန်ပေသည် အပ္ပနာဈာန်သို့ ကပ်၍ ဖြစ်လေ့ရှိသော သမာဓိသည်သာလျှင် ဥပစာရသမာဓိ ဖြစ်၏။ ဤဓာတ်-ကမ္မဋ္ဌာန်းလမ်းစဉ်၌ကား အပ္ပနာဈာန်ကား မရှိ ဖြစ်ခဲ့၏၊ မည်မျှပင် ကြိုးစား အားထုတ်စေကာမူ အပ္ပနာဈာန်သို့ကား မဆိုက်ရောက်နိုင်။ သို့သော် ဤ ဓာတ်ကမ္မဋ္ဌာန်း ကျင့်စဉ်လမ်းမှ အထွတ်အထိပ်သို့ ရောက်ရှိလာသော ကာမာဝစရသမာဓိသည် ထိုအပ္ပနာဈာန်၏ အနီးသို့ ကပ်၍ ဖြစ်လေ့ရှိသော ဥပစာရသမာဓိအစစ်နှင့် သမာဓိဒီဂရီစံချိန်ချင်း တူညီသော လက္ခဏာ ရှိသောကြောင့် သဒိသူပစာရအားဖြင့် တင်စား၍ ယင်းသို့ ဓာတ်ကမ္မဋ္ဌာန်း ကျင့်စဉ်လမ်းမှ အထွတ်အထိပ်သို့ ရောက်ရှိလာသော ကာမာဝစရသမာဓိကို ဥပစာရသမာဓိဟူ၍ အဋ္ဌကထာက (ဝိသုဒ္ဓိ၊၁၊၃၄၇။) ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။ (မဟာဋီ၊၁၊၄၃၆။)

"အဘယ်ကြောင့် အပ္ပနာဈာန်သည် မဖြစ်နိုင်ပါသနည်း"ဟု မေးရန် ရှိ၏။ ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာဟူသော ပရမတ္ထဓမ္မသဘာဝလျှင် အာရုံရှိသောကြောင့်, ယင်းပရမတ္ထသဘာဝကား အလွန်နက်နဲရကား အပ္ပနာဈာန်သို့ မရောက်နိုင်ဟူပေ။ ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော ဓာတ်ကြီး လေးပါးတည်းဟူသော သဘာဝဓမ္မအာရုံ၌ ထိုပရမတ္ထဓမ္မသဘာဝ၏ နက်နဲသည့်အတွက်ကြောင့် ဝိသုဒ္ဓိခုနစ်ပါးကျင့်စဉ် စသည်ကဲ့သို့သော ထူးခြားသည့် ဘာဝနာဝိသေသသည် မရှိခဲ့သော် အပ္ပနာဈာန်ကား မဖြစ်နိုင်။ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ယှဉ်သော လောကုတ္တရာဈာန်သည်ကား ဝိသုဒ္ဓိ ခုနစ်ပါးကျင့်စဉ်ကို အစဉ်အတိုင်း ကျင့်ခြင်းတည်းဟူသော ဝိသုဒ္ဓိဘာဝနာ အစဉ်ကို အစဉ်လျှောက်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာရ၏။ ဝိညာဏဉ္စာ-ယတနဈာန် ဟူသော အရူပါဝစရဈာန်သည် ကသိုဏ်းပညတ်အာရုံ ကောင်းကင်ပညတ်အာရုံတို့ကို ကျော်လွှားလွန်မြောက်သည်၏ အစွမ်းဖြင့် အာကာသာနဉ္စာယတနဈာန်စိတ်ကို အရှုခံအာရုံထား၍ ဘာဝနာကို ပွားများသည်၏ အစွမ်းဖြင့် ပရမတ်အာရုံ၌ အပ္ပနာဈာန် (= ဝိညာဏဉ္စာယတန ဈာန်သည်) ဖြစ်ပေါ်လာရ၏။ နေဝသညာနာသညာယတနဈာန်သည် ရူပါဝစရဈာန်၏ အာရုံနှင့် အောက်အောက် အရူပဈာန်တို့၏ အာရုံကို ကျော်လွှားနိုင်သဖြင့် အာကိဉ္စညာယတနဈာန်စိတ်ဟူသော ပရမတ်အာရုံကို အာရုံပြု၍ကာ ပွားများရသည့် ဘာဝနာစွမ်းအားကြောင့် ဖြစ်ပေါ်လာရ၏ (= နေဝသညာနာသညာယတနဈာန်ဟူသော အပ္ပနာဈာန်သို့ ဆိုက်ရောက်ရပေ၏)။ (မဟာဋီ၊၁၊၄၃၆။)

## ဥပါဒါရုပ်များ ထင်ရှားလာပုံ

ဣမေ စတ္တာရော မဟာဘူတေ ပရိဂ္ဂဏှန္တဿ ဥပါဒါရူပံ ပါကဋံ ဟောတိ။ မဟာဘူတံ နာမ ဥပါဒါရူပေန ပရိစ္ဆိန္နံ၊ ဥပါဒါရူပံ မဟာဘူတေန၊ ယထာ အာတပေါ နာမ ဆာယာယ ပရိစ္ဆိန္နော၊ ဆာယာ အာတပေန။ ဧဝမေဝ မဟာဘူတံ ဥပါဒါရူပေန ပရိစ္ဆိန္နံ၊ ဥပါဒါရူပံ မဟာဘူတေန။

(အဘိ၃၊၂၊၂၄၁။)

**မဟာဘူတံ ဥပါဒါရူပေန ပရိစ္ဆိန္နံ** “နီလံ ပီတံ သုဂန္ဓံ ဒုဂ္ဂန္ဓံ”န္တိအာဒိနာ။ ဥပါဒါရူပံ မဟာဘူတေန တန္ဓိသိတသ တသ တတော ဗဟိ အဘာဝါ။ ဆာယာတပါနံ အာတပပစ္စယဆာယုပ္ပါဒကဘာဝေါ အညမညပရိစ္ဆေဒကတာ။ (မူလဋီ၊၂၊၁၅၄။)

“နီလံ ပီတ”န္တိအာဒိနာ သယ်ာ္ဌေ နီလာဒိဝဏ္ဏာနံ တံနိဿယတ္တာ မဟာဘူတေ ဥပါဒါယာတိ အာဟ “**မဟာဘူတံ**။ ဗ ။ **ဒုဂ္ဂန္ဓန္တိအာဒိနာ**”တိ။ ဥပါဒါယရူပံ မဟာဘူတေန ပရိစ္ဆိန္နန္တိ ယောဇနာ။ **တဿာ**တိ ဥပါဒါရူပဿ။ **တတော**တိ မဟာဘူတတော။ ဆာယာယ အာတပပစ္စယဘာဝေါ အာတပေါ ပစ္စယော ဧတိဿာတိ အာတပဿ ဆာယာယ ဥပ္ပါဒကဘာဝေါ **ဆာယာတပါနံ အာတပပစ္စယဆာယုပ္ပါဒကဘာဝေါ**။ တေန ဥပ္ပါဒေတဗ္ဗဥပ္ပါဒကဘာဝေါ အညမညပရိစ္ဆေဒကတာတိ ဒဿေတိ။ (အနုဋီ၊၂၊၁၅၆။)

ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်းဝယ် ဤဓာတ်ကြီးလေးပါးတို့ကို သိမ်းဆည်းတတ်သော ဉာဏ်ဖြင့် ပိုင်းခြားယူတတ်သော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထိုကလာပ်တူ ဓာတ်ကြီးလေးပါးကိုပင် မှီ၍ဖြစ်ပေါ်လာရသော ဥပါဒါရုပ်သည် ထင်ရှားလာသည်သာ ဖြစ်၏။

မဟာဘုတ် ဓာတ်ကြီးလေးပါးမည်သည်ကို ဥပါဒါရုပ်ဖြင့် ပိုင်းခြားအပ်၏။ ရုပ်ကလာပ်တစ်ခုသည် အညိုရောင်နှင့် ပေါင်းဆုံမိသော် ထိုရုပ်ကလာပ် ကို အညိုရောင်ရုပ်ကလာပ်ဟု ပိုင်းခြားမှတ်သားရ၏။ ရုပ်ကလာပ်တစ်ခုသည် အဝါရောင်နှင့် ပေါင်းဆုံမိသော် ထိုရုပ်ကလာပ်ကို အဝါရောင်ရုပ်ကလာပ်ဟု ပိုင်းခြားမှတ်သားရ၏။ အလားတူပင် ကောင်းသောအနံ့နှင့် ပေါင်းဆုံမိသော် အနံ့ကောင်း၏ဟု, မကောင်းသောအနံ့နှင့် ပေါင်းဆုံမိသော် အနံ့မကောင်းဟု ဤသို့ စသည်ဖြင့် ယင်းရုပ်ကလာပ်ကို ပိုင်းခြား မှတ်သားမှုသည် ဖြစ်၏။ ထိုရုပ်ကလာပ်တစ်ခုတွင် ဓာတ်ကြီးလေးပါးကား အမာခံ အထည်ဝတ္ထု ဖြစ်၏။ သို့အတွက် ဓာတ်ကြီးလေးပါးတို့၏ ညိုမှု, ဝါမှု, အနံ့ကောင်းမှု, အနံ့မကောင်းမှုသာ ဖြစ်၏။

အဝတ်နှင့် ဓာတ်ကြီးလေးပါးသည် တူညီ၏။ အဝတ်ကို မှီတွယ်၍ ဖြစ်ပေါ်လာရသော အညိုရောင် အဝါရောင် ကောင်းသောအနံ့ မကောင်းသော အနံ့စသည်နှင့် ရုပ်ကလာပ်တစ်ခုအတွင်း၌ မဟာဘုတ် ဓာတ်ကြီးလေးပါးကို မှီတွယ်၍ ဖြစ်ပေါ်လာရသော အဆင်းအနံ့စသည့် ဥပါဒါရုပ်သည် တူညီ၏။ သို့အတွက် ရုပ်ကလာပ်တစ်ခုအတွင်း၌ တည်ရှိသော မဟာဘုတ်ဓာတ်ကြီး လေးပါးကို “ညို၏ ဝါ၏ အနံ့ကောင်း၏ အနံ့မကောင်း” ဤသို့ စသည်ဖြင့် ယင်းရုပ်ကလာပ်တူ ဥပါဒါရုပ်ဖြင့် (= အဆင်း အနံ့ စသည့် ဥပါဒါရုပ်က) ပိုင်းခြားမှတ်သားပေး၏။ အလားတူပင် ဥပါဒါရုပ်ကို မဟာဘုတ် ဓာတ်ကြီး လေးပါးဖြင့် ပိုင်းခြားမှတ်သားအပ်၏။ ထိုမဟာဘုတ် ဓာတ်ကြီးလေးပါးကို မှီတွယ်၍ ဖြစ်ပေါ်နေသော ထိုကလာပ်တူ ဥပါဒါရုပ်၏ ထိုကလာပ်တူ မဟာဘုတ် ဓာတ်ကြီးလေးပါးမှ ပြင်ပ၌ မရှိသောကြောင့် ဖြစ်၏။

နေရောင်ခြည်တည်းဟူသော အကြောင်းကြောင့် မြေပြင်ပေါ်တွင် အိမ်၏အရိပ် စသည်သည် ဖြစ်ပေါ်လာ၏။ နေရောင်ခြည်ကြောင့် အရိပ်၏ ဖြစ်ပေါ်လာရမှုသည်ပင် အရိပ်နှင့် နေရောင်ခြည်တို့၏ တစ်ခုနှင့် တစ်ခု အချင်းချင်း ပိုင်းခြားမှုကို ပြခြင်းပင် ဖြစ်၏။ နေသာနေသော (= နေပူ နေသော) အချိန်တွင် မြေပြင်တစ်နေရာကို ကြည့်လိုက်ပါက “ဤကား နေရောင်ခြည်, ဤကား အရိပ်”ဟု သိအောင် နေရောင်ခြည်မည်သည်ကို အရိပ်က ပိုင်းခြားအပ်သကဲ့သို့ အရိပ်ကို “ဤကား အရိပ်”ဟု သိနိုင်အောင် နေရောင်ခြည်ဖြင့်ပင် ပိုင်းခြားအပ်၏။ အလားတူပင် မဟာဘုတ် ဓာတ်ကြီး လေးပါးကို ဥပါဒါရုပ်ဖြင့် ပိုင်းခြားအပ်၏။ ဥပါဒါရုပ်ကို မဟာဘုတ် ဓာတ်ကြီး လေးပါးဖြင့် ပိုင်းခြားအပ်၏။ နေရောင်ခြည်နှင့် မဟာဘုတ် ဓာတ်ကြီး လေးပါးသည် တူညီနေ၏။ နေရောင်ခြည်ကြောင့် ဖြစ်ပေါ်လာရသော သစ်ပင်ရိပ် အိမ်ရိပ် စသည်နှင့် ဥပါဒါရုပ်သည် တူညီ၏။

မဟာဘုတ် ဓာတ်ကြီးလေးပါးကြောင့် ဥပါဒါရုပ်သည် ဖြစ်ပေါ်လာရ၏။ ရုပ်ကလာပ်တစ်ခုအတွင်း၌ တည်ရှိသော မဟာဘုတ် ဓာတ်ကြီးလေးပါးကို မှီတွယ်၍ ယင်းရုပ်ကလာပ်ထဲတွင် အဆင်း, အနံ့, အရသာ စသော ဥပါဒါရုပ်များသည် ဖြစ်ပေါ်လာကြရ၏။ ရုပ်ကလာပ်တစ်ခုအတွင်း၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို ဟုတ်တိုင်းမှန်စွာ သိရှိရေးမှာ ယင်းရုပ်ကလာပ်ကို ရှေးဦးစွာ ဉာဏ်ဖြင့် တွေ့မြင်ဖို့ လိုအပ်၏။ ယင်းသို့ ရုပ်ကလာပ်ကို တွေ့မြင်ပါမှ


©shwehinthar.com

ယင်းရုပ်ကလာပ်တစ်ခု၏ အတွင်း၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို ဆက်လက်၍ ရှုပွားသိမ်းဆည်းနိုင်မည် ဖြစ်သည်။ ယင်းရုပ်ကလာပ်ကို ဉာဏ်ဖြင့် တွေ့မြင်ရေးမှာ ယင်းရုပ်ကလာပ်၏ အရောင်အဆင်း စသည်ကို ဉာဏ်ဖြင့် မြင်ပါမှ ရုပ်ကလာပ်ကိုလည်း ဉာဏ်ဖြင့် မြင်နိုင်မည် ဖြစ်သည်။ ဓာတ်ကြီးလေးပါးကို သိမ်းဆည်းရှုပွားနေသော ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည် အကူအညီဖြင့် ယင်းရုပ်ကလာပ်ကို တွေ့ရှိမည် ဖြစ်သည်။

တစ်ဖန် ရုပ်ကလာပ်ဟူသည့် အမှုန်တို့မည်သည် အဆင်း-အနံ့ (= ဝဏ္ဏ-ဂန္ဓ)စသည် မပါဘဲ ဖြစ်နိုင်သည့် စွမ်းအားကား မရှိပေ။ ရုပ်ကလာပ်ဟူသည် (၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ရုပ်သဘောတရားတို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ ယင်း (၈)မျိုး, (၉)မျိုး, (၁၀)မျိုးစသော ရုပ်သဘောတရားတို့၏ အပေါင်းအစုကိုသာ ရုပ်ကလာပ်ဟု ခေါ်ဆိုခြင်း ဖြစ်၏။ သို့အတွက် ရုပ်ကလာပ်တစ်ခုအတွင်းဝယ် ဘူတရုပ်သည်လည်း ဥပါဒါရုပ်နှင့်, ဥပါဒါရုပ်သည်လည်း ဘူတရုပ်နှင့် ကင်း၍ ဖြစ်နိုင်သည့် စွမ်းအားကား မရှိပေ။ "ကျွန်းကိုင်းမှီ, ကိုင်းကျွန်းမှီ"ဟူ၏သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေသောတရားများ ဖြစ်ကြ၏၊ အချင်းချင်း အပြန်အလှန် ပိုင်းခြားပေးနေသော ပရမတ်သဘောတရားများ ဖြစ်ကြ၏။ ဖြစ်စေအပ်သောတရား ဖြစ်စေတတ်သောတရား ဖြစ်မှုသည် အချင်းချင်း ပိုင်းခြားတတ်သော သဘောတရား ဖြစ်၏။ (အဘိ၊ဋ္ဌ၊၂၊၂၄၁။ မူလဋီ၊၂၊၁၅၄။ အနုဋီ၊၂၊၁၅၆။) — ဖြစ်စေအပ်သော တရား မရှိက ဖြစ်စေတတ်သောတရားလည်း မရှိနိုင်၊ ဖြစ်စေတတ်သော တရား မရှိကလည်း ဖြစ်စေအပ်သောတရားလည်း မရှိနိုင် ဟူလိုသည်။

### ဒွါရ (၆) ပါး၌ တည်ရှိသော ရုပ်ကလာပ်များ

စက္ခုဒွါရသ္မိံ ဟိ စက္ခု-ကာယ-ဘာဝဒသကဝသေန တိံသ ကမ္မဇရူပါနိ၊ ဥပတ္ထမ္ဘကာနိ ပန တေသံ ဥတုစိတ္တာဟာရသမုဋ္ဌာနာနိ စတုဝီသတီတိ စတုပဏ္ဏာသ ဟောန္တိ။ တထာ သောတ-ဃာန-ဇိဝှါဒွါရေသု။ ကာယဒွါရေ ကာယ-ဘာဝဒသကဝသေန စေဝ ဥတုသမုဋ္ဌာနာဒိဝသေန စ စတုစတ္တာလီသ။ မနောဒွါရေ ဟဒယဝတ္ထု-ကာယ-ဘာဝဒသကဝသေန စေဝ ဥတုသမုဋ္ဌာနာဒိဝသေန စ စတုပဏ္ဏာသမေဝ။ (ဝိသုဒ္ဓိ၊၂၊၂၅၉။)

ဤအထက်ပါ နာမည်ကျော် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ဖွင့်ဆိုထားတော် မူသည့်အတိုင်း —

၁။ **စက္ခုဒွါရ ခေါ် မျက်စိ၌** — စက္ခုဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမက ကလာပ်, အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၆)မျိုး, ရုပ်အမျိုးအစား (၅၄)မျိုးတို့ ရှိကြကုန်၏။

၂။ **သောတဒွါရ ခေါ် နား၌** — သောတဒသကကလာပ်, ကာယဒသက ကလာပ်, ဘာဝဒသကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်, အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ် အမျိုးအစား (၆)မျိုး, ရုပ်အမျိုးအစား (၅၄)မျိုးတို့ ရှိကြကုန်၏။

၃။ **ဃာနဒွါရ ခေါ် နှာခေါင်း၌** — ဃာနဒသကကလာပ်, ကာယဒသက ကလာပ်, ဘာဝဒသကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်, အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၆)မျိုး, ရုပ်အမျိုးအစား (၅၄)မျိုးတို့ ရှိကြကုန်၏။

၄။ **ဇိဝှါဒွါရ ခေါ် လျှာ၌** —ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်, အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ် အမျိုးအစား (၆)မျိုး, ရုပ်အမျိုးအစား (၅၄)မျိုးတို့ ရှိကြကုန်၏။

၅။ **ကာယဒွါရ ခေါ် ကိုယ်၌** — ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်, အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၅)မျိုး, ရုပ်အမျိုးအစား (၄၄)မျိုးတို့ ရှိကြကုန်၏။

၆။ **မနောဒွါရ ခေါ် ဟဒယနှလုံး၌** — ဟဒယဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်, အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ် အမျိုးအစား (၆)မျိုး, ရုပ်အမျိုးအစား (၅၄)မျိုးတို့ ရှိကြကုန်၏။


©shwehinthar.com

ဤ၌ ရုပ်ကလာပ်အမျိုးအစားသာ (၆)မျိုး, (၅)မျိုး စသည်ဖြင့်, ရုပ် အမျိုးအစားသာ (၅၄)မျိုး, (၄၄)မျိုး စသည်ဖြင့် ရှိခြင်း ဖြစ်သည်။ တစ်မျိုး တစ်မျိုး၌ အရေအတွက်ကား များစွာရှိနေမည်သာ ဖြစ်သည်။ မျက်စိ၌ စက္ခုဒသကကလာပ် တစ်မျိုး, ကာယဒသကကလာပ် တစ်မျိုး - ဤသို့ စသည် ဖြင့် အမျိုးအစားသာ တစ်မျိုးဟု ဆိုခြင်းဖြစ်သည်။ မျက်စိ၌ စက္ခုဒသက ကလာပ်ပေါင်းများစွာ, ကာယဒသကကလာပ်ပေါင်းများစွာ ရှိကြသည်သာ ဖြစ်သည်။ ဤသို့ စသည်ဖြင့် ဒွါရ (၆)ပါးလုံး၌ သဘောပေါက်ပါလေ။

၁။ **စက္ခုဒသကကလာပ် -** ရူပါရုံ၏ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော စက္ခုအကြည်ဓာတ်လျှင် (၁၀)ခုမြောက်ရှိသော (ကြည်သော) ရုပ်ကလာပ်,

၂။ **သောတဒသကကလာပ် -** သဒ္ဒါရုံ (အသံ)၏ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော သောတအကြည်ဓာတ်လျှင် (၁၀)ခုမြောက်ရှိသော (ကြည်သော) ရုပ်ကလာပ်,

၃။ **ဃာနဒသကကလာပ် -** ဂန္ဓာရုံ (အနံ့)၏ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက် သော ဃာနအကြည်ဓာတ်လျှင် (၁၀)ခုမြောက်ရှိသော (ကြည်သော) ရုပ်ကလာပ်,

၄။ **ဇိဝှါဒသကကလာပ် -** ရသာရုံ (အရသာ)၏ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော ဇိဝှါအကြည်ဓာတ်လျှင် (၁၀)ခုမြောက်ရှိသော (ကြည်သော) ရုပ်ကလာပ်,

၅။ **ကာယဒသကကလာပ် -** ဖောဋ္ဌဗ္ဗာရုံ (ပထဝီ-တေဇော-ဝါယော)၏ ရှေးရှုရိုက်ခတ်ခြင်းငှာ ထိုက်သော ကာယအကြည်ဓာတ်လျှင် (၁၀)ခုမြောက်ရှိသော (ကြည်သော)ရုပ်ကလာပ်,

၆။ **ဘာဝဒသကကလာပ် -** ဘာဝရုပ်လျှင် (၁၀)ခုမြောက်ရှိသော (မကြည်သော) ရုပ်ကလာပ်,

၇။ **ဟဒယဒသကကလာပ် -** မနောဓာတ် မနောဝိညာဏဓာတ်ဟူသော အသိစိတ်တို့၏ မှီ၍ဖြစ်ရာ ဟဒယဝတ္ထုရုပ်လျှင် (၁၀)ခုမြောက်ရှိသော (မကြည်သော) ရုပ်ကလာပ်,

၈။ **စိတ္တဇ ဩဇဋ္ဌမကကလာပ် -** ဟဒယဝတ္ထုကို မှီ၍ ဖြစ်သော စိတ်ကြောင့် ဖြစ်သော ဩဇာလျှင် (၈)ခုမြောက်ရှိသော (မကြည်သော) ရုပ်ကလာပ်,

၉။ **ဥတုဇ ဩဇဋ္ဌမကကလာပ် -** ရုပ်ကလာပ် တစ်ခုအတွင်း၌ ရှိသော တေဇောဓာတ် (= ဥတု)ကြောင့် ဖြစ်သော ဩဇာလျှင် (၈)ခုမြောက် ရှိသော (မကြည်သော) ရုပ်ကလာပ်,

၁၀။ **အာဟာရဇ ဩဇဋ္ဌမကကလာပ် -** အာဟာရ (ဩဇာ)ကြောင့် ဖြစ်သော ဩဇာလျှင် (၈)ခုမြောက်ရှိသော (မကြည်သော) ရုပ်ကလာပ်,

၁၁။ **ဇီဝိတနဝကကလာပ် -** ဇီဝိတလျှင် (၉)ခုမြောက်ရှိသော (မကြည်သော) ရုပ်ကလာပ်,

**[မှတ်ချက်။** ။ ဤဇီဝိတနဝကကလာပ်မှာ အထက်ပါ စာရင်းဇယားတွင် မပါသော်လည်း တေဇောကောဋ္ဌာသ, ဝါယောကောဋ္ဌာသတို့၌ ထည့်သွင်း၍ ဖော်ပြထားပါသည်။ တစ်ကိုယ်လုံး အနှံ့အပြား ရှိသော ရုပ်ကလာပ်တစ်မျိုး ဖြစ်သည်။**]**

**(၃၂) ကောဋ္ဌာသတို့၌ ရုပ်တရားများ**

ချွေး, မျက်ရည်, တံတွေး, နှပ် ဟူသော ဤကောဋ္ဌာသ လေးမျိုးတို့၌ ဥတုဇဩဇဋ္ဌမကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ် အမျိုး အစား (၂)မျိုး, ရုပ်အမျိုးအစား (၁၆)မျိုးစီ ရှိ၏။

အစာသစ်, အစာဟောင်း, ပြည်, ကျင်ငယ်ဟူသော ဤကောဋ္ဌာသ လေးမျိုးတို့၌ ဥတုဇဩဇဋ္ဌမကရုပ်ကလာပ် (၁)မျိုးစီ, ရုပ်အမျိုးအစား (၈)မျိုးစီ သာ အသီးအသီး ရှိ၏။

ကြွင်းကျန်ကုန်သော ဆံပင် အစရှိကုန်သော, ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းတရား (၄)မျိုးတို့ကြောင့် ဖြစ်ကုန်သော ကောဋ္ဌာသ (၂၄)မျိုးတို့တွင် ကောဋ္ဌာသတစ်ခုတစ်ခု၌ ကာယဒွါရတွင် ဖော်ပြခဲ့သော ရုပ်-ကလာပ်အမျိုးအစား (၅)မျိုး, ရုပ်အမျိုးအစား (၄၄)မျိုးစီ အသီးအသီး ရှိပေသည်။ (ဝိသုဒ္ဓိ၊၂၊၂၂၃။)


©shwehinthar.com

**တေဇောကောဋ္ဌာသ (၄) မျိုး**

၁။ **သန္တပ္ပနတေဇော** - တစ်ရက်ခြား ဖျားခြင်း စသည်ဖြင့် ပြင်းထန်စွာ ပူလောင်သော တေဇော,

၂။ **ဇီရဏတေဇော** - အိုစေ ရင့်ကျက်စေ ဆွေးမြည့်စေသော ပူလောင်သော တေဇော,

၃။ **ဍာဟတေဇော** - ထက်ဝန်းကျင် ပူလောင်သော တေဇော,

ဤတေဇောကောဋ္ဌာသ သုံးမျိုးတို့၌ ဇီဝိတနဝကကလာပ်, စိတ္တဇ ဩဇဋ္ဌမကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ်, အာဟာရဇဩဇဋ္ဌမက ကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၄)မျိုး, ရုပ်အမျိုးအစား (၁၃)မျိုးစီ အသီးအသီး ရှိပေသည်။

၄။ **ပါစကတေဇော** - အစာကို ကြေကျက်စေတတ်သော ပူလောင် သော တေဇော,

ဤတေဇောကောဋ္ဌာသ၌ကား ဇီဝိတနဝကကလာပ် တစ်မျိုးသာ ရှိပေသည်။

**ဝါယောဓာတ် လွန်ကဲသော ဝါယောကောဋ္ဌာသ (၆) မျိုး**

၁။ **ဥဒ္ဓင်္ဂမာ ဝါတာ** - အထက်သို့ ဆန်တက်သော လေ,

၂။ **အဓောဂမာ ဝါတာ** - အောက်သို့ စုန်ဆင်းသော လေ,

၃။ **ကုစ္ဆိသယာ ဝါတာ** - ဝမ်းဗိုက်အတွင်း အူအပြင်ဘက်၌ တည်ရှိသော လေ,

၄။ **ကောဋ္ဌာသယာ ဝါတာ** - အူအတွင်း၌ တည်ရှိသော လေ,

၅။ **အင်္ဂမင်္ဂါနုသာရိနော ဝါတာ** - ကိုယ်အင်္ဂါကြီးငယ်သို့ အစဉ်လျှောက် သော အကြောအတွင်း၌ တည်ရှိသော လေ,

ဤဝါယောကောဋ္ဌာသ (၅)မျိုးတို့တွင် ကောဋ္ဌာသတစ်မျိုးတစ်မျိုး၌ ဇီဝိတနဝကကလာပ်, စိတ္တဇဩဇဋ္ဌမကကလာပ်, ဥတုဇဩဇဋ္ဌမကကလာပ် အာဟာရဇဩဇဋ္ဌမကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၄)မျိုး, ရုပ် အမျိုးအစား (၁၃)မျိုးစီ အသီးအသီး ရှိပေသည်။

၆။ **အဿာသပဿာသော** - ဝင်သက်လေ ထွက်သက်လေ,

ဤကောဋ္ဌာသ၌ စိတ္တဇသဒ္ဒနဝကကလာပ် (= စိတ်ကြောင့်ဖြစ်သော အသံလျှင် ကိုးခုမြောက်ရှိသော ရုပ်ကလာပ်) တစ်မျိုးသာ ရှိသည်။

**ဝိပဿနာဉာဏ်၏ အာရုံခံရုပ်တရား**

ဤအထက်တွင် တင်ပြထားသော ဒွါရ (၆)ပါး၌ တည်ရှိသော ရုပ်တရား, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်တရားတို့ကား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန်တို့သို့ တင်ကာ ဝိပဿနာရှုပွားသုံးသပ်ထိုက် သော **သမ္မသနုပဂမ္မ** ရုပ်တရားတို့ ဖြစ်ကြ၏။ (ဝိသုဒ္ဓိ၊၂၊၂၃၃။)

အာကာသဓာတ်, လဟုတာ, မုဒုတာ, ကမ္မညတာ စသည့် ရုပ်အတု တို့ကား လက္ခဏာရေး သုံးတန်တို့သို့ တင်ကာ ဝိပဿနာ မရှုပွားကောင်းကုန်သော ရုပ်တရားတို့ ဖြစ်ကြ၏။ သို့သော် ယင်းရုပ်အတုတို့နှင့် ရောနှောနေကြသော စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကိုလည်း ရုပ်နာမ်ကို သိမ်းဆည်းသည့် နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းတွင် ရောနှော၍ သိမ်းဆည်းရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၂၃၅။)တွင် ညွှန်ကြားထားပေသည်။

ဤအထက်ပါ ဒွါရ (၆)ပါး, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ဥပါဒါ ရုပ်တို့ကို သိမ်းဆည်းပုံကိုလည်းကောင်း, ရုပ်အတုတို့နှင့် ရောနှောနေသော ရုပ်တရားတို့ကို သိမ်းဆည်းပုံကိုလည်းကောင်း ဆရာသမားနှင့် ချဉ်းကပ်လေ့လာပါ။ ယင်းရုပ်တရားတို့ကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းပုံ စနစ်များကိုလည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ခန္ဓနိဒ္ဒေသပိုင်း (ဝိသုဒ္ဓိ၊ ၂၊၇၄-၈၀။) စသည်တို့၌ ညွှန်ကြားထားတော်မူ၏။ ဆရာသမားနှင့်သာ ချဉ်းကပ်လေ့လာပါ။


©shwehinthar.com

## အနတ္တရောင်ခြည်တော်နေဝန်းကြီး

■ ယောဂါဝစရပုဂ္ဂိုလ်သည်
ဉာတ–ဉာဏ အမည်ရသည့် ရုပ်ဓာတ် နာမ်ဓာတ်တို့ကို
တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍
ရုပ်ဃန. ., နာမ်ဃန. . အတုံးအခဲများကို
ပြိုကွဲသွားအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက်
ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင်
ရှုပွားသုံးသပ်ရမည်သာ ဖြစ်ပေသည်။
ထိုသို့ ရှုပွားနိုင်သော အခါတွင်မှ
ထိုသင်္ခါရတရားတို့၏
မဖြစ်ခင်က မရှိခြင်း, ဖြစ်ပြီးနောက် မရှိခြင်းဟူသော
မရှိခြင်း နှစ်မျိုးတို့၏ အလယ်၌ သာ လျှင်
အလွန့်အလွန် တိုတောင်းလှသော
ယာယီအခိုက်အတန့်အားဖြင့်သာ,
အနိစ္စအနေအထား . .
ဒုက္ခအနေအထား . .
အနတ္တအနေအထား . . အားဖြင့်
ဖြစ်ပေါ်လာကြသော သင်္ခါရတရားတို့သာ ဖြစ်ကြသည်ဟု
ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက် ချနိုင်မည် ဖြစ်ပေသည်။
အနတ္တရောင်ခြည်တော်နေဝန်းကြီးသည်လည်း
ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ ဉာဏ်ဝတွင်
တင့်တယ်စမ္ပာယ်စွာ
ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်လျက်
ထွန်းလင်းထွက်ပေါ်လာမည် ဖြစ်ပေသတည်း။

(စာမျက်နှာ၊ ၄၀၉။)


©shwehinthar.com

## အခန်း (၅)
## နာမ်ကမ္မဋ္ဌာန်းပိုင်း

**ဝိပဿနာဉာဏ်၏ အရှုခံနာမ်တရား**

**အပရိဇာနနသုတ္တန် နှင့် သမ္မပရိညာသုတ္တန် ကောက်နုတ်ချက်**

**သဗ္ဗံ ဘိက္ခဝေ အနဘိဇာနံ အပရိဇာနံ အဝိရာဇယံ အပ္ပဇဟံ အဘဗ္ဗော ဒုက္ခက္ခယာယ ။ ပ ။ သဗ္ဗံ စ ခေါ ဘိက္ခဝေ အဘိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ။** (သံ၊၂၊၂၄၉-၂၅၀။)

**သဗ္ဗံ ဘိက္ခဝေ အနဘိဇာနံ အပရိဇာနံ တတ္ထ စိတ္တံ အဝိရာဇယံ အပ္ပဇဟံ အဘဗ္ဗော ဒုက္ခက္ခယာယ။ သဗ္ဗဉ္စ ခေါ ဘိက္ခဝေ အဘိဇာနံ ပရိဇာနံ တတ္ထ စိတ္တံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယာတိ။** (ဣတိဝုတ္တက၊၁၉၇။)

**ဣတိ ဣမသ္မိံ သုတ္တေ တိဿောပိ ပရိညာ ကထိတာ ဟောန္တိ။ "အဘိဇာန"န္တိ ဟိ ဝစနေန ဉာတပရိညာ ကထိတာ၊ "ပရိဇာန"န္တိ ဝစနေန တီရဏပရိညာ၊ "ဝိရာဇယံ ပဇဟ"န္တိ ဒွီဟိ ပဟာနပရိညာတိ။** (သံ၊ဋ္ဌ၊၃၊၆။)

**ပစ္စက္ခကရဏတ္ထေန ဉာတပရိညာ တီရဏပရိညာ စ ဂဟိတာ ဟောတိ။**

(သံ၊ဋီ၊၂၊၆၅။)

= ရဟန်းတို့ . . . အလုံးစုံသော (ဥပါဒါနက္ခန္ဓာ ငါးပါး = အာယတန တစ်ဆယ့်နှစ်ပါး =) ရုပ်နာမ်တရားတို့အပေါ်၌ တွယ်တာမက်မောနေသော တဏှာတရားကို ဉာတပရိညာဖြင့် ထိုးထွင်း မသိခဲ့သော်, တီရဏပရိညာဖြင့် ပိုင်းခြား မသိခဲ့သော်, ပဟာနပရိညာဖြင့် ထိုအလုံးစုံသော ရုပ်နာမ်တရားတို့ အပေါ်၌ တွယ်တာမက်မောနေသည့် တဏှာတရားကို (= တဏှာနှင့် ယှဉ်သော စိတ်ကို) ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းအောင် မကျင့်နိုင်ခဲ့သော် မပယ်စွန့်နိုင်ခဲ့သော် ဒုက္ခကုန်ခြင်းငှာ မထိုက် ။ ပ ။

= ရဟန်းတို့ . . . အမှန်စင်စစ်အားဖြင့်သော်ကား အလုံးစုံသော (ဥပါဒါနက္ခန္ဓာ ငါးပါး = အာယတန တစ်ဆယ့်နှစ်ပါး =) ရုပ်နာမ်တရားတို့ကို ဉာတပရိညာဖြင့် ထိုးထွင်း သိခဲ့သော်, တီရဏပရိညာဖြင့် ပိုင်းခြား သိခဲ့သော်, ပဟာနပရိညာဖြင့် ထိုအလုံးစုံသော ရုပ်နာမ်တရားတို့အပေါ်၌ တွယ်တာ မက်မောနေသော တဏှာတရားကို (= တဏှာနှင့် ယှဉ်သော စိတ်ကို) ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းအောင် ကျင့်နိုင်ခဲ့သော် ပယ်စွန့်နိုင်ခဲ့သော် ဒုက္ခကုန်ခြင်းငှာ ထိုက်၏။ (သံ၊၂၊၂၄၉-၂၅၀။ ဣတိဝုတ္တက၊၁၉၇။)

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းဂန်အဆိုအမိန့်တို့နှင့် အညီ သံသရာဝဋ်ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော ခန္ဓာငါးပါး (= ရုပ်နာမ်တရား)တို့ကို ပရိညာပညာသုံးမျိုးတို့ဖြင့် သိရှိအောင် ကြိုးပမ်းရတော့မည် ဖြစ်ပေသည်။ ယင်း ပရိညာပညာတို့ကား အထက်ပါ သံယုတ်ဋီကာအဖွင့်အရ ယောဂါဝစရ ပုဂ္ဂိုလ်ကိုယ်တိုင် ထွင်းဖောက် သိမြင်ရမည့် အတ္တပစ္စက္ခဉာဏ်တို့သာ ဖြစ်ကြ၏။ ယင်းပရိညာတို့ကို ဆက်လက်၍ ရှင်းလင်း တင်ပြပေအံ့။

ပရိညာသည် လောကီပရိညာ, လောကုတ္တရာပရိညာဟု နှစ်မျိုး ရှိ၏။ လောကီပရိညာသည်လည်း ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဟု သုံးမျိုး ရှိ၏။ လောကုတ္တရာပရိညာသည်လည်း ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဟု သုံးမျိုးပင် ရှိ၏။ ထိုတွင် လောကီပရိညာ သုံးမျိုးတို့ကို ရှေးဦးစွာ တင်ပြအပ်ပါသည်။

**လောကီ ဉာတပရိညာ**

**တတ္ထ "ရုပ္ပနလက္ခဏံ ရူပံ, ဝေဒယိတလက္ခဏာ ဝေဒနာ"တိ ဧဝံ တေသံ တေသံ ဓမ္မာနံ ပစ္စတ္တလက္ခဏသလ္လက္ခဏဝသေန ပဝတ္တာ ပညာ ဉာတပရိညာ နာမ ။ ပ ။ တတ္ထ သင်္ခါရပရိစ္ဆေဒတော ပဋ္ဌာယ ယာဝ ပစ္စယပရိဂ္ဂဟာ ဉာတပရိညာယ ဘူမိ။** (ဝိသုဒ္ဓိ၊၂၊၂၄၃။)

= ထိုပရိညာ သုံးမျိုးတို့တွင် "ဖောက်ပြန်တတ်သော သဘောလက္ခဏာ ရှိသော တရားကား ရုပ်တည်း၊ ခံစားတတ်သော သဘောလက္ခဏာရှိသော တရားကား ဝေဒနာတည်း" — ဤသို့ စသည်ဖြင့် ထိုထိုခန္ဓာငါးပါး ပရမတ္ထ ဓာတ်သားတို့၏ အသီးအသီးသော ကိုယ်ပိုင်သဘာဝလက္ခဏာကို ကောင်းစွာ ပိုင်းခြားမှတ်သားသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ရုပ်နာမ်ကို ပိုင်းခြား ယူတတ် သိမ်းဆည်းတတ်သော နာမရူပပရိစ္ဆေဒဉာဏ်ပညာနှင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ အကြောင်းတရား အကျိုးတရားတို့ကို ပိုင်းခြားယူတတ် သိမ်းဆည်းတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ပညာသည် **ဉာတပရိညာ** မည်ပေသည်။ (ဝိသုဒ္ဓိ၊၂၊၂၄၁။)

သော "ဣဒံ နာမရူပံ န အဟေတု အပ္ပစ္စယာ နိဗ္ဗတ္တံ၊ သဟေတု သပ္ပစ္စယာ နိဗ္ဗတ္တံ။ ကော ပနဿ ဟေတု၊ ကော ပန ပစ္စယော"တိ ဥပပရိက္ခန္တော "အဝိဇ္ဇာပစ္စယာ တဏှာပစ္စယာ ကမ္မပစ္စယာ အာဟာရပစ္စယာ စာ"တိ တဿ ပစ္စယံ ဝဝတ္ထပေတွာ "အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ အနာဂတေပိ ဧတရဟိ ပစ္စယာ စေဝ ပစ္စယမုပ္ပန္နဓမ္မာ စ၊ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ၊ သုဒ္ဓသင်္ခါရပုဥ္ဇော ဧဝါ"တိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။ အယံ ပန ဝိပဿနာသင်္ခါရသလ္လက္ခဏာ **ဉာတပရိညာ** နာမ။ (အဘိ၊ဌ၊၂၊၂၄၁-၂၄၂။)

= ဥပါဒါနက္ခန္ဓာ ငါးပါး (= အာယတန တစ်ဆယ့်နှစ်ပါး = ရုပ်နာမ်တရား) တို့ကို ပရမတ္ထဓမ္မသဘာဝလက္ခဏာသို့ ဆိုက်အောင် ဉာဏ်ဖြင့် ပိုင်းခြားယူပြီး သိမ်းဆည်းပြီးသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် "ဤရုပ်နာမ်သည်ကား တိုက်ရိုက်ဖြစ်ပေါ်စေတတ်သော ဟေတုအကြောင်းတရား (= ဇနကအကြောင်းတရား) ထင်ရှား မရှိဘဲ, အားပေးထောက်ပံ့တတ်သော ပစ္စယ အကြောင်းတရား (= ဥပတ္ထမ္ဘကအကြောင်းတရား) ထင်ရှား မရှိဘဲ ဖြစ်ပေါ် လာရသည်ကား မဟုတ်၊ အဟုတ်သော်ကား တိုက်ရိုက်ဖြစ်ပေါ်စေတတ်သော ဟေတုအကြောင်းတရား (= ဇနကအကြောင်းတရား) ထင်ရှားရှိသည် ဖြစ်၍ သာလျှင်, အားပေးထောက်ပံ့တတ်သော ပစ္စယအကြောင်းတရား (= ဥပတ္ထမ္ဘကအကြောင်းတရား) ထင်ရှားရှိသည် ဖြစ်၍သာလျှင် ဖြစ်ပေါ်လာ၏။ ထိုရုပ်နာမ်၏ တိုက်ရိုက် ဖြစ်ပေါ်စေတတ်သော ဟေတုအကြောင်းတရား (= ဇနကအကြောင်းတရား)ကား အဘယ်ပါနည်း၊ အားပေးထောက်ပံ့တတ် သော ပစ္စယအကြောင်းတရား (= ဥပတ္ထမ္ဘကအကြောင်းတရား)ကား အဘယ် ပါနည်း"ဟု ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်လတ်သော် —

"၁။ အဝိဇ္ဇာဟူသော အကြောင်းကြောင့်,
၂။ တဏှာဟူသော အကြောင်းကြောင့်,
၃။ ကံဟူသော အကြောင်းကြောင့်,
၄။ အာဟာရဟူသော အကြောင်းကြောင့် —

ဖြစ်ပေါ်လာရသည်"ဟု ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်း ဖောက် သိမြင်သောအခါ —

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ကမ္မဇရုပ် ဖြစ်၏၊

အဝိဇ္ဇာက အကြောင်းတရား, ကမ္မဇရုပ်က အကျိုးတရား —

ဤသို့ စသည်ဖြင့် အကြောင်းတရား အကျိုးတရားတို့ကို ပိုင်းခြား မှတ်သား၍ —

"၁။ အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏၊
၂။ အနာဂတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏၊
၃။ ပစ္စုပ္ပန်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။

ထိုအကြောင်းတရား အကျိုးတရားထက် ပိုလွန်၍ ပြုလုပ်တတ် ဖန်ဆင်း တတ်သော ပုဂ္ဂိုလ်သတ္တဝါသည်လည်းကောင်း, အပြုလုပ်ခံရ အဖန်ဆင်း ခံရသော ပုဂ္ဂိုလ်သတ္တဝါသည်လည်းကောင်း မရှိ၊ ရုပ်-နာမ်-ကြောင်း-ကျိုး (= သင်္ခါရတရား)အစုအပုံ သက်သက်သည်သာလျှင် ရှိ၏"— ဟု ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်သည့် ပစ္စက္ခဉာဏ်ဖြင့် ဆုံးဖြတ်ချက် ချနိုင်သဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ သို့လောသို့လော တွေးတော ယုံမှားခြင်း (= ဝိစိကိစ္ဆာတရား) ကို ကျော်လွှားလွန်မြောက်၍ သွားပေ၏။ ဤသည်ကား ဝိပဿနာဉာဏ်၏ အရှုခံ အာရုံဖြစ်သည့် —


©shwehinthar.com

၁။ ရုပ်တရား,

၂။ နာမ်တရား,

၃။ အကြောင်းတရား,

၄။ အကျိုးတရား

တည်းဟူသော သင်္ခါရတရားတို့ကို ကောင်းစွာ ပိုင်းခြားမှတ်သားတတ် သော **ဉာတပရိညာ** မည်၏။ (အဘိ၌၊၂၊၂၄၁-၂၄၂။)

ဤအထက်ပါ အဋ္ဌကထာများ၏ ဖွင့်ဆိုချက်နှင့် အညီ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ အကြောင်းတရား အကျိုးတရားတို့ကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်တတ်သည့် ပစ္စက္ခဉာဏ်ဖြင့် သိမ်းဆည်းနိုင်ပါမှ ပိုင်းခြားယူနိုင်ပါမှ ဉာတပရိညာစခန်းသို့ ဆိုက်ရောက်နိုင်မည်ဟူသော အချက်ကို ရိုသေကျိုးနွံစွာ ဦးထိပ်ရွက်ပန်ဆင်လျက် နာယူ မှတ်သားထားလေရာသည်။

## လောကီ တီရဏပရိညာ

**"ရူပံ အနိစ္စံ, ဝေဒနာ အနိစ္စာ"တိအာဒိနာ နယေန တေသံယေဝ ဓမ္မာနံ သာမညလက္ခဏံ အာရောပေတွာ ပဝတ္တာ လက္ခဏာရမ္မဏိကဝိပဿနာ ပညာ တီရဏပရိညာ နာမ ။ ပ ။ ကလာပသမ္မသနတော ပဋ္ဌာယ ယာဝ ဥဒယဗ္ဗယာနုပဿနာ တီရဏပရိညာယ ဘူမိ။** (ဝိသုဒ္ဓိ၊၂၊၂၄၁။)

= ရုပ်တရား၏ ဖြစ်ခြင်း ပျက်ခြင်း အခြင်းအရာသဘောကို ဉာဏ်နှင့် မြင်အောင် ကြည့်၍ အနိစ္စဟုလည်းကောင်း, ဝေဒနာ၏ ဖြစ်ခြင်း ပျက်ခြင်း အခြင်းအရာသဘောကို ဉာဏ်နှင့် မြင်အောင် ကြည့်၍ အနိစ္စဟုလည်းကောင်း —ဤသို့ စသော နည်းအားဖြင့် ထိုဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတည်းဟူသော လက္ခဏာရေးသုံးတန်တို့သို့ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းဖြင့် ဖြစ်ပေါ်၍လာသော အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာလျှင် တည်ရာ အာရုံရှိသော လက္ခဏာရမ္မဏိက ဝိပဿနာပညာသည် **တီရဏပရိညာ** မည်၏။ ပ ။ ရုပ်တရား နာမ်တရားတို့ကို —

၁။ **"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"**

= **"ဖြစ်သည့်တရားမှန်က ပျက်၏"**ဟု သင်္ခါရတရားအားလုံးတို့ကို တစ်ပုံ တစ်စု ပြု၍ ဖြစ်စေ,

၂။ ရုပ်တရားကို တစ်ပုံ, နာမ်တရားကို တစ်ပုံ —ဤသို့ နှစ်ပုံ ပုံ၍ ဖြစ်စေ,

၃။ ခန္ဓာငါးပါးနည်းဖြင့် ငါးပုံ ပုံ၍ ဖြစ်စေ,

၄။ အာယတန (၁၂)ပါးနည်းဖြင့် (၁၂)ပုံ ပုံ၍ ဖြစ်စေ,

၅။ ဓာတ် (၁၈)ပါးနည်းဖြင့် (၁၈)ပုံ ပုံ၍ ဖြစ်စေ —

ဤသို့ စသည်ဖြင့် အစုလိုက် အပုံလိုက် အပေါင်းအစုအလိုက် ပေါင်းစု ခြုံငုံ၍ လက္ခဏာရေးသုံးတန်တို့သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်သော နည်းစနစ်ကို ကလာပသမ္မသနနည်းဟု ခေါ်ဆို၏။ ထိုကလာပသမ္မသန ဉာဏ်မှ စ၍ ရုပ်-နာမ်-ကြောင်း-ကျိုး (= သင်္ခါရတရား)တို့ကို ယင်းတို့၏ ဖြစ်မှု ပျက်မှုကို **ခဏပစ္စုပ္ပန်**သို့ ဆိုက်သည့်တိုင်အောင် ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ လက္ခဏာရေးသုံးတန်တို့သို့ တင်ကာ ရှုပွားသုံးသပ်တတ်သော ဥဒယဗ္ဗယာ-နုပဿနာဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဉာဏ်၏ ကျက် စားရာနယ်ကား **တီရဏပရိညာ**၏ တည်ရာ ဘုံဌာန ဖြစ်ပေသည်။

(ဝိသုဒ္ဓိ၊၂၊၂၄၁။)

## လောကီ ပဟာနပရိညာ

တေသုယေဝ ပန ဓမ္မေသု နိစ္စသညာဒိပဇဟနဝသေန ပဝတ္တာ လက္ခဏာရမ္မဏိကဝိပဿနာ ပညာ **ပဟာနပရိညာ** နာမ ။ ပ ။ ဘင်္ဂါနုပဿနံ အာဒိံ ကတွာ ဥပရိ ပဟာနပရိညာယ ဘူမိ။ (ဝိသုဒ္ဓိ၊၂၊၂၄၁-၂၄၂။)


©shwehinthar.com

= ထိုရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ပင်လျှင် မြဲ၏ဟု (= နိစ္စဟု) အမှတ်မှားမှု နိစ္စသညာစသည်ကို ပယ်နိုင်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်၍လာသော ယင်း ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တ-လက္ခဏာလျှင် တည်ရာ အာရုံရှိသော လက္ခဏာရမ္မဏိက ဝိပဿနာပညာ သည် **ပဟာနပရိညာ** မည်၏ ။ ပ ။ ယင်းသင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ ရှုမြင်တတ်သော ဘင်္ဂါနုပဿနာဉာဏ်မှ စ၍ အထက်ပိုင်း ဝိပဿနာဉာဏ်အားလုံးသည် **ပဟာနပရိညာ**၏ တည်ရာ ဘုံဌာန ဖြစ်ပေ သည်။ ဤကား လောကီပရိညာ သုံးပါးတည်း။ (ဝိသုဒ္ဓိ၊၂၂၄၁-၂၄၂။)

**လောကုတ္တရာပရိညာ သုံးပါး**

**ယသ္မာ ဝါ ဉာတတီရဏပရိညာယောပိ တဒတ္ထာယေဝ၊ ယသ္မာ စ ယေ ဓမ္မေ ပဇဟတိ၊ တေ နိယမတော ဉာတာ စေဝ တီရိတာ စ ဟောန္တိ၊ တသ္မာ ပရိညာတ္တယမ္ပိ ဣမိနာ ပရိယာယေန မဂ္ဂဉာဏဿ ကိစ္စန္တိ ဝေဒိတဗ္ဗံ။**

(ဝိသုဒ္ဓိ၊၂၃၃၅။)

**[မှတ်ချက်**။ ။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၃၃၄-၃၃၅) တို့တွင် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်မျိုးကို **ဉာတပရိညာ** မည်၏ဟုလည်းကောင်း, ကလာပသမ္မသနဉာဏ်မှ စ၍ အနုလောမဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဉာဏ်များကို **တီရဏပရိညာ**မည်၏ဟုလည်းကောင်း, ဘင်္ဂါနုပဿနာဉာဏ်မှ စ၍ အရိယမဂ်ဉာဏ်သို့တိုင်အောင် ဉာဏ် အားလုံးကို **ပဟာနပရိညာ**မည်၏ဟုလည်းကောင်း ဖွင့်ဆိုထားတော်မူ၏။ထိုနောင် အထက်ပါအတိုင်း တစ်နည်း ထပ်မံ ဖွင့်ဆိုတော်မူသည်။ ယင်း ဖွင့်ဆိုချက်၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်၏။ ]

**တဿာ ဘင်္ဂါနုပဿနတော ပဋ္ဌာယ ယာဝ မဂ္ဂဉာဏာ ဘူမိ။**

(ဝိသုဒ္ဓိ၊၂၃၃၅။)

= ဘင်္ဂါနုပဿနာဉာဏ်မှ စ၍ အရိယမဂ်ဉာဏ်သို့ တိုင်အောင်သော နယ်မြေကား ထိုပဟာနပရိညာ၏ တည်ရာ ဘုံဌာန ဖြစ်ပေသည်။

(ဝိသုဒ္ဓိ၊၂၃၃၅။)

**နိပ္ပရိယာယေန ပဟာနပရိညာ နာမ မဂ္ဂဉာဏန္တိ "ယာဝ မဂ္ဂဉာဏာ ဘူမိ"တိ ဝုတ္တံ။** (မဟာဋီ၊၂၅၀၈။)

= မုချအားဖြင့် **ပဟာနပရိညာ** ဟူသည် အရိယမဂ်ဉာဏ်သာတည်း။ ထို့ကြောင့် အရိယမဂ်ဉာဏ်သို့ တိုင်အောင်သော ဝိပဿနာနယ်မြေကို ပဟာနပရိညာ၏ တည်ရာဘုံ ဖြစ်ကြောင်းကို အဋ္ဌကထာဆရာတော်က မိန့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ၊၂၅၀၈။)

ထို့ကြောင့် တစ်နည်းဆိုရသော် — ဉာတပရိညာနှင့် တီရဏပရိညာ တို့သည် ပဟာနပရိညာ အကျိုးငှာသာ ဖြစ်ကြသည်။ ဉာတပရိညာနှင့် တီရဏပရိညာတို့သည် အရိယမဂ်ဉာဏ် အကျိုးငှာသာ (= အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာနိုင်ရေးအတွက်သာ) ဖြစ်ပေါ်နေကြသော ပရိညာတို့ ဖြစ်ကြသည်။ အကြင် ခန္ဓာငါးပါး (= ရုပ်နာမ်) တရားတို့အပေါ်၌ ဖြစ်ပေါ်နေသော ကိလေသာကို အရိယမဂ်တရားသည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်စွန့် ၏။ ထိုအရိယမဂ်တရားသည် ထိုတရားတို့ကို ကိန်းသေမြဲသော နိယာမ သဘောအားဖြင့် ပိုင်းခြား သိပြီးသာ ဖြစ်ကုန်၏၊ အနိစ္စ-ဒုက္ခ-အနတ္တဟု စူးစမ်းဆင်ခြင် ဆုံးဖြတ်ချက်ချပြီးသာ ဖြစ်ကုန်၏။ ထို့ကြောင့် ပရိညာ သုံးပါး လုံးသည် ဤအကြောင်း ပရိယာယ်အားဖြင့် အရိယမဂ်ဉာဏ်၏ ကိစ္စသာ ဖြစ်သည်ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ၊၂၃၃၅။)

ဤ အထက်ပါ အဋ္ဌကထာအဖွင့်၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

အရိယမဂ်တရားသည် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သည့် စွမ်းအား ရှိခြင်းကြောင့် မုချအားဖြင့် ပဟာနပရိညာဟူသော အမည်ကို ရရှိ ပေသည်။ ဝိပဿနာဉာဏ်တို့ကား တဒင်္ဂအားဖြင့်သာ (= အခိုက်အတန့် အားဖြင့်-သာ) ကိလေသာတို့ကို ပယ်စွန့်နိုင်သည့် စွမ်းအား ရှိခြင်းကြောင့် ကိလေသာတို့ကို တဒင်္ဂ (= အခိုက်အတန့်)အားဖြင့် ပယ်စွန့်နိုင်သည့် ဤအကြောင်း ပရိယာယ်အားဖြင့်သာ ပဟာနပရိညာဟူသောအမည်ကို ရရှိပေ သည်။ တစ်ဖန် အရိယမဂ်တရားသည် မုချအားဖြင့် ပဟာနပရိညာဟူသော အမည်ကို ရရှိ၍ ပရိယာယ်အားဖြင့် ဉာတပရိညာ


©shwehinthar.com

တီရဏပရိညာဟူသော အမည်ကိုလည်း ရရှိပေသည်။ အကြောင်းကား ဤသို့ ဖြစ်၏။

အရိယမဂ်တရားသည် ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်စွန့်တတ် ပယ်သတ်တတ်သောကြောင့် **"ပဟာန"**ဟူသော အမည်ကို ရရှိပေသည်။ သိသင့်သိထိုက်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အာရုံမျက်မှောက် ထွင်းဖောက် သိမြင်သောကြောင့် ပိုင်းပိုင်းခြားခြား သိသောကြောင့် ပရိညာဟူသော အမည်ကိုလည်း ရရှိပေသည်။ သို့အတွက် အရိယမဂ်တရားသည် မုချအားဖြင့် ပဟာနပရိညာဟူသော အမည်ကို ရရှိခြင်း ဖြစ်သည်။

အရိယမဂ်တရားသည် အာရမ္မဏပဋိဝေဓ, အသမ္မောဟပဋိဝေဓဟူသော ပဋိဝေဓ နှစ်မျိုးတို့ဖြင့် သစ္စာလေးပါးကို ထွင်းဖောက် သိမြင်၏။ ထိုပဋိဝေဓနှစ်မျိုးတို့တွင် အာရမ္မဏပဋိဝေဓဟူသည် အာရုံမျက်မှောက် ထွင်းဖောက် သိမြင်ခြင်းတည်း။ အရိယမဂ်တရားသည် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ဟူသော နိရောဓသစ္စာတရားကို အာရုံမျက်မှောက် ဆိုက်ရောက်လျက် ထွင်းဖောက် သိမြင်၏။ ထိုသို့ အသင်္ခတဓာတ် အငြိမ်း ဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အာရုံမျက်မှောက် ဆိုက်ရောက်လျက် ထွင်းဖောက်သိမြင်ရာ၌ သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟ (= အဝိဇ္ဇာ) အမှောင်ထုကိုလည်း အကြွင်းမဲ့ ဖျက်ဆီးလိုက်၏။ အကြွင်းမဲ့ ပယ်သတ်လိုက်၏။ သို့အတွက် ကိစ္စသိဒ္ဓိအားဖြင့် သစ္စာလေးပါးလုံးကို သိမြင်ခြင်းကိစ္စလည်း တစ်ပါတည်း ပြီးစီးသွား၏။ ထိုသို့ သစ္စာလေးပါး ကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟ (= အဝိဇ္ဇာ) အမှောင်ထုကို အကြွင်းမဲ့ ပယ်သတ်ခြင်းဖြင့် သစ္စာလေးပါးကို သိမှုကို အသမ္မောဟပဋိဝေဓ ဟု ခေါ်ဆို၏၊ နိရောဓသစ္စာကို အာရမ္မဏပဋိဝေဓသဘောအားဖြင့် ထွင်းဖောက် သိမြင်ခြင်းကြောင့် ကျန်သစ္စာသုံးပါးကို ကိစ္စသိဒ္ဓိအားဖြင့် သိ၏ ဟု ဆိုရ၏။ (အဘိ၊ဋ္ဌ၊၂၊၁၀၉။) ထို့ကြောင့် အရိယမဂ်တရားသည် ဝိပဿနာ ဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန်သော —

၁။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာငါးပါး (= ဒုက္ခသစ္စာတရား)နှင့်

၂။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော ဒုက္ခသစ္စာ၏ အကြောင်းရင်း သမုဒယသစ္စာတရား —

ဤသစ္စာနှစ်ပါးတို့ကိုလည်း အသမ္မောဟပဋိဝေဓသဘော (= ကိစ္စသိဒ္ဓိ) အားဖြင့် ပိုင်းခြားသိခြင်းကိစ္စ တစ်ပါ-တည်းပြီးစီးသွားရကား ဤအကြောင်း ပရိယာယ်အားဖြင့် **ဉာတပရိညာ**ဟူသော အမည်ကိုလည်း ရရှိပေသည်။

တစ်ဖန် အရိယမဂ်တရားသည် ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာ တရားတို့၏ အနိစ္စ-ဒုက္ခ-အနတ္တအခြင်းအရာကို မသိအောင် ဖုံးလွှမ်းထား သည့် မောဟ (= အဝိဇ္ဇာ)ကိုလည်း အကြွင်းမဲ့ ပယ်သတ်လိုက်၏။ ထို့ကြောင့် ကိစ္စသိဒ္ဓိအားဖြင့် ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တအခြင်းအရာကို စူးစမ်းဆင်ခြင် ဆုံးဖြတ်လျက် ပိုင်းပိုင်းခြားခြား သိခြင်း လုပ်ငန်းကိစ္စသည်လည်း တစ်ပါတည်း ပြီးစီးသွား၏။ ထို့ကြောင့် အရိယမဂ်တရားသည် ဤအကြောင်းပရိယာယ်အားဖြင့် **တီရဏပရိညာ** ဟူသော အမည်ကိုလည်း ရရှိပေသည်။

တစ်ဖန် အရိယမဂ်တရားကို မရမီအတွင်း၌ အရိယမဂ်၏ ရှေးအဖို့ဝယ် ကျင့်ရသော ပုဗ္ဗဘာဂပဋိပဒါကျင့်စဉ်ပိုင်းဝယ် ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို ပိုင်းပိုင်းခြားခြား သိခြင်း ဉာတပရိညာနှင့် ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တအခြင်းအရာကို စူးစမ်းဆင်ခြင် ဆုံးဖြတ်လျက် ပိုင်းခြားသိခြင်းဟူသော တီရဏပရိညာ –– ဤပရိညာ နှစ်ပါးတို့ကို ရရှိအောင် ယောဂါဝစရပုဂ္ဂိုလ်သည် ကြိုးစားအားထုတ်ရ၏။ ယင်းပရိညာနှစ်ပါးတို့ကား ပဟာနပရိညာအမည်ရသည့် အရိယမဂ်တရားကို ရရှိရေးအတွက်သာ ဖြစ်ခြင်းကြောင့် ဤအကြောင်းပရိယာယ်အားဖြင့်လည်း အရိယမဂ်တရားသည် ဉာတပရိညာ တီရဏပရိညာ ဟူသော အမည်ကိုလည်း ရရှိပေသည်။

တစ်ဖန် ယင်း ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တအခြင်းအရာကို ထိုးထွင်းသိနေသော, အရိယမဂ်၏ ရှေးအဖို့၌ ပြုကျင့်ရသော ဝိပဿနာဉာဏ်ကား (= ဝိပဿနာဉာဏ် ပြဓာန်းသော မဂ္ဂင်တရားကိုယ်တို့ကား) လောကီမဂ္ဂသစ္စာတရားတည်း။ ယင်း လောကီမဂ္ဂသစ္စာ အမည်ရသော ဝိပဿနာဉာဏ်ကလည်း ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တအခြင်းအရာကို မသိအောင် ဖုံးလွှမ်း ထားသည့် မောဟကို တဒင်္ဂအားဖြင့်


©shwehinthar.com

ပယ်ရှားနိုင်သောကြောင့် မဂ္ဂသစ္စာဟူသော အမည်ကို ရရှိလေသည်။ (ဝိသုဒ္ဓိ၊၂၂၆၈။) ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းလောကီမဂ္ဂသစ္စာ အမည်ရသည့် ဝိပဿနာဉာဏ် ပြဓာန်းသော နာမ်တရားစုကိုလည်း တစ်ဖန် ပြန်၍ သိမ်းဆည်းကာ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးတန်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ရ၏။ (ဝိသုဒ္ဓိ၊၂၂၆၂-၂၆၃။ ၂၈၈။) ဉာတပရိညာနှင့် တီရဏပရိညာပင်တည်း။ ယင်း ဉာတပရိညာ နှင့် တီရဏပရိညာသည်လည်း ပဟာနပရိညာ အမည်ရသည့် အရိယမဂ် တရားကို ရရှိရေးအတွက်သာ ဖြစ်ခြင်းကြောင့် ဤအကြောင်းပရိယာယ် အားဖြင့်လည်း အရိယမဂ်တရားသည် ဉာတပရိညာနှင့် တီရဏပရိညာ ဟူသော အမည်ကိုလည်း ရရှိပေသည်။

ဤ အထက်ပါ လောကီပရိညာ သုံးမျိုး, လောကုတ္တရာပရိညာ သုံးမျိုး တို့ဖြင့် အလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး (= ရုပ်နာမ်တရား)တို့ကို ပိုင်းပိုင်း ခြားခြား မသိပါက သံသရာဝဋ်ဆင်းရဲဒုက္ခ မကုန်ဆုံးနိုင်၊ ပိုင်းပိုင်းခြားခြား သိမှသာလျှင် သံသရာဝဋ်ဆင်းရဲဒုက္ခ ကုန်ဆုံးနိုင်မည်ဟု အထက်ပါ **အပရိဇာနနသုတ္တန်** (သံ၊၂၂၄၉-၂၅၀။), **သဗ္ဗပရိညာသုတ္တန်** (ဣတိဝုတ္တက၊၁၉၇။)တို့တွင် ဘုရားရှင်က ဟောညွှန်တော်မူလျက် ရှိပေသည်။

ဤ သဗ္ဗပရိညာသုတ္တန်ကိုပင် ကိုးကားတော်မူ၍ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ဆရာတော်က —လက္ခဏာရေး သုံးတန်တို့သို့ တင်ကာ ဝိပဿနာရှုပွား သုံးသပ်ထိုက်သည့် ဘုံသုံးပါးအတွင်း၌ တည်ရှိသော သမ္မသမနုပဂတရားမှန်သမျှကို အကြွင်းအကျန် မရှိ ကုန်စင်အောင် ပရိညာသုံးမျိုးတို့ဖြင့် ပိုင်းပိုင်း ခြားခြား သိအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမည် ဖြစ်ကြောင်းကို ဆုံးဖြတ်ထားတော်မူပေသည်။ (မဟာဋီ၊၂၃၅၈။)

**အဋ္ဌသာလိနီအဋ္ဌကထာ၏ ဆုံးဖြတ်ချက်**

**ဣဓေကစ္စော အာဒိတောဝ အဇ္ဈတ္တံ ပဉ္စသု ခန္ဓေသု အဘိနိဝိသတိ၊ အဘိနိဝိသိတွာ တေ အနိစ္စာဒိတော ပဿတိ။ ယသ္မာ ပန န သုဒ္ဓအဇ္ဈတ္တဒဿနမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ ဟောတိ၊ ဗဟိဒ္ဓါပိ ဒဋ္ဌဗ္ဗမေဝ။ တသ္မာ ပရဿ ခန္ဓေပိ အနုပါဒိန္နသင်္ခါရေပိ "အနိစ္စံ ဒုက္ခမနတ္တာ"တိ ပဿတိ။**

(အဘိ႒၊၁၊၂၇၀။)

အပရော အာဒိတောဝ ရူပေ အဘိနိဝိသတိ၊ အဘိနိဝိသိတွာ ဘူတရူပဉ္စ ဥပါဒါရူပဉ္စ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။ ယသ္မာ ပန န သုဒ္ဓရူပဒဿနမတ္တေနေဝ ဝုဋ္ဌာနံ ဟောတိ၊ အရူပမ္ပိ ဒဋ္ဌဗ္ဗမေဝ၊ တသ္မာ တံ ရူပံ အာရမ္မဏံ ကတွာ ဥပ္ပန္နံ ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏဉ္စ "ဣဒံ အရူပ"န္တိ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။ (အဘိ႒၊၁၊၂၇၁။ )

= ဤသာသနာတော်၌ အချို့သော ယောဂါဝစရပုဂ္ဂိုလ်သည် အားထုတ် ခါစ ရှေးဦးအစ၌ပင်လျှင် မိမိသန္တာန်၌ တည်ရှိသော အဇ္ဈတ္တခန္ဓာငါးပါး သင်္ခါရတရားတို့၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၏ (ယင်းအဇ္ဈတ္တခန္ဓာငါးပါး သင်္ခါရတရား တို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူ၏၊ သိမ်းဆည်း၏)။ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး၍ ထို အဇ္ဈတ္တခန္ဓာငါးပါး သင်္ခါရတရားတို့ကို လက္ခဏာယာဉ် သုံးချက်တို့သို့ တစ်လှည့်စီ တင်ကာ အနိစ္စဟု (ဒုက္ခဟု, အနတ္တဟု) ဝိပဿနာရှု၏။ သို့သော် အဇ္ဈတ္တခန္ဓာငါးပါး သင်္ခါရတရားသက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်ကား အရိယမဂ်သို့ ထမြောက်ကြောင်း (= ဆိုက်ရောက်ကြောင်း) ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဖြစ်ပေါ်မလာနိုင်။ ဗဟိဒ္ဓ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို လည်း ဝိပဿနာရှုပွားသုံးသပ်ရမည်သာလျှင် ဖြစ်ပေသည်။

[**မမံကာရဝတ္ထုနောပိ ပရိစ္ဆေယျတ္တာ။** (မဟာဋီ၊၂၄၇၀။) = ငါ၏ ဥစ္စာဟု နှလုံးသွင်းအပ်သော တဏှာ၏ တည်ရာ စွဲမှီ၍ ဖြစ်ရာ သက်ရှိသက်မဲ့ ဗဟိဒ္ဓ ရုပ်ဝတ္ထု နာမ်ဝတ္ထု၏ ပိုင်းခြား၍ သိအပ်သော ပရိစ္ဆေယျတရားပင် ဖြစ်သော- ကြောင့်တည်း။]

ထို့ကြောင့် သူတစ်ပါး၏ သန္တာန်၌ တည်ရှိသော ဗဟိဒ္ဓခန္ဓာငါးပါး သင်္ခါရ တရားတို့ကိုလည်းကောင်း, အနုပါဒိန္နသင်္ခါရအမည်ရသော သက်မဲ့လောက၌ တည်ရှိသော ဥတုဇရုပ်တရားတို့ကိုလည်းကောင်း အနိစ္စဟု (ဒုက္ခဟု, အနတ္တ ဟု) လက္ခဏာယာဉ် သုံးချက်တို့ကို တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပွား သုံးသပ်၏။

[**ဝုဋ္ဌာနဂါမိနီဝိပဿနာ** — အရိယမဂ်ဉာဏ်နှင့် ဆက်စပ်လျက်ရှိသော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု (ဝေါဒါန်) တို့ကိုလည်းကောင်း, မဂ္ဂဝီထိ၏ ရှေ့တွင် ဘဝင်ခြားလျက် မဂ္ဂဝီထိနှင့် ဆက်စပ်နေသော အလွန်နီးကပ် နေသော


©shwehinthar.com

အထွတ်အထိပ်သို့ ရောက်ရှိလာသည့် သင်္ခါရုပေက္ခာဉာဏ်ပါသည့် ဝိပဿနာဇောဝီထိကိုလည်းကောင်း **ဝုဋ္ဌာနဂါမိနီဝိပဿနာ**ဟု ခေါ်ဆိုပေသည်။ သင်္ခါရုပေက္ခာဉာဏ်ကို သုံးပိုင်း ပိုင်းလျှင် အရိယမဂ်ဉာဏ်နှင့် ဆက်စပ်-နေသည့် အလွန် နီးကပ်နေသည့် နောက်ဆုံးအပိုင်း ဖြစ်သည်။ သင်္ခါရတရားတို့မှ လုံးလုံးကြီး မလွတ်သေးသော်လည်း သင်္ခါရတရားတို့မှ ထမြောက် လျက် သင်္ခါရတရားတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ဘက်သို့ တစ်ဟုန်တည်း ပြေးသွားကြသော ဝိပဿနာဇောဝီထိများတည်း။ (ဝိသုဒ္ဓိ၊၂၃၀၉-၃၁၀။)]

= အခြားတစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည်ကား ရှေးဦးအစ အားထုတ်ခါစ၌ပင်လျှင် (ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးတို့တွင် ရုပ်ကမ္မဋ္ဌာန်း က စ၍) ရုပ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၏ (= ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူ၏ = သိမ်းဆည်း၏။) ရုပ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး၍ ဘူတရုပ် (=ဓာတ်ကြီးလေးပါး)ကိုလည်းကောင်း, ဥပါဒါရုပ်ကိုလည်းကောင်း တစ်ပေါင်း တစ်စုတည်း ပြု၍ (ကလာပသမ္မသနနည်းအားဖြင့် စတင်၍) ဝိပဿနာရှုပွား သုံးသပ်၏။ သို့သော် ရုပ်တရားသက်သက်ကို ဝိပဿနာ ရှုရုံမျှဖြင့်ကား **ဝုဋ္ဌာနဂါမိနီဝိပဿနာ**သည် ဖြစ်ပေါ်မလာနိုင်၊ နာမ်တရားကိုလည်း ဝိပဿနာ ရှုပွားသုံးသပ်ရမည်သာ ဖြစ်ပေသည်။ ထိုကြောင့် ထိုရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝေဒနာကိုလည်းကောင်း သညာကိုလည်းကောင်း သင်္ခါရကိုလည်းကောင်း ဝိညာဏ်ကိုလည်းကောင်း "ဤ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် နာမ်တရားတည်း" —ဟု ဉာဏ်ဖြင့် ပိုင်းခြားယူကာ ယင်း နာမ်တရားတို့ကို အနိစ္စ (ဒုက္ခ, အနတ္တ)ဟု လက္ခဏာယာဉ် သုံးချက်တို့သို့ တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏ (ရှုပွား-သုံးသပ်ပါ)။ (အဘိ႒၊၁၊ ၂၇၀-၂၇၁။) [ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၃၀၀။) တွင်လည်း အဓိပ္ပါယ်တူ ဖွင့်ဆိုချက် လာရှိပေသည်။]

**ဝိပဿနာဉာဏ်၏ အရှုခံနာမ်တရားများ**

အထက်တွင် တင်ပြထားသော ပါဠိတော်နှင့် အဋ္ဌကထာအဖွင့်တို့နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက် အလုံးစုံသော ခန္ဓာငါးပါး (= ရုပ်တရား နာမ်တရား) တို့ကို ပရိညာ သုံးမျိုးတို့ဖြင့် ပိုင်းပိုင်းခြားခြား သိအောင် ကြိုးပမ်းရတော့မည် ဖြစ်ပေသည်။ ထိုသို့ ကြိုးပမ်းရာ၌ သိမ်းဆည်းရှုပွားရမည့်, ဉာဏ်ဖြင့် ပိုင်းခြား ယူရမည့် နာမ်တရားတို့ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက **"ကောသီတိ လောကိယ-စိတ္တာနိ** (ဝိသုဒ္ဓိ၊၂၂၂၃။) = လောကီစိတ် (၈၁)မျိုး"နှင့် ဖဿစသော ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို သိမ်းဆည်းရှုပွားရန် ညွှန်ကြားထားတော်မူ၏။

ဤညွှန်ကြားချက်နှင့် ပတ်သက်၍ မဟာဋီကာဆရာတော်က ဤသို့ ရှင်းပြထားတော်မူ၏။

**သဗ္ဗသင်္ဂါဟိကဝသေန "ကောသီတိ လောကိယစိတ္တာနိ"တိ ဝုတ္တံ၊ လာဘိနော ဧဝ ပန မဟဂ္ဂတစိတ္တာနိ သုပါကဋာနိ ဟောန္တိ။**

(မဟာဋီ၊၂၃၅၃။)

= ပုထုဇန်, သေက္ခ, အသေက္ခ မဟူ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းသူ အားလုံးအတွက် သိမ်းကျုံးကာ လောကီစိတ် (၈၁)မျိုးဟု ဖွင့်ဆို ခြင်း ဖြစ်သည်။ ဈာန်ကို ရရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင် ဈာန်နာမ်တရားတို့သည် ထင်ရှားနိုင်ကုန်၏၊ ဈာန်ရသူတို့သာ ဈာန်နာမ်တရားတို့ကို သိမ်းဆည်းကာ ဝိပဿနာရှုပွားသုံးသပ်နိုင်ကုန်၏။ (မဟာဋီ၊၂၃၅၃။)

တစ်ဖန် ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်းဟူသော ကြိယာစိတ် နှစ်မျိုးတို့ကလွဲလျှင် ကြွင်းကျန်သော ကြိယာစိတ်တို့ကား အသေက္ခ (= ရဟန္တာ အရှင်မြတ်)တို့၏ သန္တာန်၌သာ ဖြစ်ခွင့်ရှိကြသော နာမ်တရားတို့ ဖြစ်ကြ၏။ ပုထုဇန်အဆင့်တွင်သာ တည်ရှိနေသေးသော ယောဂါဝစရပုဂ္ဂိုလ်သည် ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌သာ ဖြစ်ခွင့်ရှိကြသော ကြိယာစိတ်များမှ တစ်ပါးသော ကာမာဝစရစိတ်နာမ်တရားတို့နှင့် မိမိရရှိထားသည့် ဈာန်နာမ်တရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။ ထိုသို့ သိမ်းဆည်း ရှုပွားရာ၌ —

**သဗ္ဗေပိ တေတိ ကောသီတိ လောကိယစိတ္တာနိ, တံသမ္ပယုတ္တဖဿာဒယောတိ သဗ္ဗေပိ တေ အရူပဓမ္မေ၊** (မဟာဋီ၊၂၃၅၃။)


©shwehinthar.com

ဤသို့ ဖွင့်ဆိုထားသော မဟာဋီကာနှင့် အညီ ယင်းစိတ်တို့နှင့် ယှဉ်တွဲ ဖြစ်ကြသည့် ဖဿ စသော ယှဉ်ဖက် သမ္ပယုတ်တရား အားလုံးတို့ကိုပါ သိမ်းဆည်းကာ ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။

## သမထယာနိကပုဂ္ဂိုလ်

တံ သမ္ပာဒေတုကာမေန **သမထယာနိကေန** တာဝ ဌပေတွာ နေဝသညာနာသညာယတနံ အဝသေသရူပါရူပါဝစရဇ္ဈာနာနံ အညတရတော ဝုဋ္ဌာယ ဝိတက္ကာဒီနိ ဈာနင်္ဂါနိ, တံသမ္ပယုတ္တာ စ ဓမ္မာ **လက္ခဏရသာ-ဒိဝသေန** ပရိဂ္ဂဟေတဗ္ဗာ။ ပရိဂ္ဂဟေတွာ သဗ္ဗမ္ပေတံ အာရမ္မဏာဘိမုခံ နမနတော နမနဋ္ဌေန **နာမန္တိ** ဝဝတ္ထပေတဗ္ဗံ။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

= နာမ်ရုပ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သည့် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ကို ပြည့်စုံစေလိုသော ဈာန်သမထယာဉ် ရှိသော **သမထယာနိက ယောဂါဝစရ ပုဂ္ဂိုလ်သည်** ရှေးဦးစွာ နေဝသညာနာသညာယတနဈာန်ကို ချန်ထား၍ ယင်းဈာန်မှ တစ်ပါးကုန်သော ကြွင်းကုန်သော ရူပါဝစရဈာန် အရူပါဝစရဈာန်တို့တွင် တစ်မျိုးမျိုးသော ဈာန်ကို ဝင်စားကာ ယင်းဈာန်မှ ထ၍ ဝိတက် အစရှိကုန်သော ဈာန်အင်္ဂါတို့ကိုလည်းကောင်း, ယင်းဈာန်နှင့် ယှဉ်ဖက် သမ္ပယုတ်တရားဖြစ်ကြကုန်သော နာမ်တရားစုတို့ကိုလည်းကောင်း **လက္ခဏ-ရသ** စသည်တို့၏ အစွမ်းဖြင့် သိမ်းဆည်းအပ်၏ (= ဉာဏ်ဖြင့် ပိုင်းခြား ယူအပ်၏။) သိမ်းဆည်းပြီး၍ (= ဉာဏ်ဖြင့် ပိုင်းခြားယူပြီး၍) ဤအလုံးစုံသော ဈာန်နာမ်တရားစုကို (အာနာပါနပဋိဘာဂနိမိတ် ကသိုဏ်းပဋိဘာဂနိမိတ် စသော) သမထအာရုံနိမိတ်သို့ ရှေးရှု ညွတ်တတ်သောကြောင့် အာရုံသို့ ရှေးရှုညွတ်သော အနက်သဘောအားဖြင့် “နာမ်”ဟူ၍ ပိုင်းခြား မှတ်သား အပ်၏။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နည်းအားဖြင့် နာမ်တရားတို့ကို သိမ်းဆည်းပုံ နည်းစနစ်များကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၉၃ . . . ) စသည် တို့၌လည်းကောင်း, အဋ္ဌသာလိနီအဋ္ဌကထာ စာမျက်နှာ (၁၅၆-၁၅၇ . . ) စသည်တို့၌လည်းကောင်း ဖွင့်ဆိုထားပေသည်။ ဆရာသမားများနှင့်သာ ချဉ်းကပ် လေ့လာဆည်းပူးပါ။ သို့သော် နာမ်ကမ္မဋ္ဌာန်းကို အားသစ်စ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းနာမ်တရားတို့၏ ‘သဘာဝလက္ခဏာ’က စ၍ နာမ်တရားတို့ကို သိမ်းဆည်းပါ၊ သို့သော် သဘာဝလက္ခဏာ မထင်ရှားပါက ယင်းနာမ်တရားတို့၏ လုပ်ငန်းကိစ္စ ‘ရသ’က စ၍သော်လည်း သိမ်းဆည်းနိုင်ပေသည်။

## အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဝိပဿနာရှုပွားပုံ နည်းစနစ် တစ်ခု

သာဝကတို့တွင် ပညာအရာ၌ ဧတဒဂ် ရရှိတော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဈာန်နာမ်တရားတို့ကို ဝိပဿနာ ရှုပွားသွားတော်မူသော ထုံးဟောင်းတစ်ရပ်သည် **ဥပရိပဏ္ဏာသပါဠိတော် အနုပဒသုတ္တန်**တွင် လာရှိပေသည်။

အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး၏ တန်ခိုးဣဒ္ဓိ ကြီးမြတ်တော်မူသော ဂုဏ်, အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး၏ ဓုတင်အရာ၌ ကြီးမြတ်တော်မူသော ဂုဏ်, အရှင်အနုရုဒ္ဓမထေရ်မြတ်ကြီး၏ ဒိဗ္ဗစက္ခု-အဘိညာဏ်အရာ၌ ကြီးမြတ်တော်မူသော ဂုဏ်, အရှင်ဥပါလိမထေရ်မြတ်၏ ဝိနည်းကို ဆောင်တော်မူရာ၌ ကြီးမြတ်တော်မူသော ဂုဏ်, အရှင်ရေဝတ မထေရ်၏ ဈာန်ဝင်စားလေ့ရှိတော်မူရာ၌ ဈာန်ဝင်စားခြင်း၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်တော်မူရာ၌ ကြီးမြတ်တော်မူသော ဂုဏ်, အရှင်အာနန္ဒာ မထေရ်မြတ်၏ အကြားအမြင် ဗဟုသုတ များပြားရာ၌ ကြီးမြတ်တော်မူသော ဂုဏ် — ဤသို့လျှင် ထိုထိုမထေရ်မြတ်ကြီးတို့၏ ထိုထို ဂုဏ်ကျေးဇူး တို့ကား ထင်ရှားလျက် ရှိကြကုန်၏။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးတို့ကား မထင်မရှား ဖြစ်နေကြကုန်၏။ အဘယ်ကြောင့် နည်းဟူမူ — ပညာရှိသော သူ၏ ဂုဏ်ကျေးဇူးတို့ကား မဟောပြခဲ့သော် သိဖို့ရန် မစွမ်းနိုင်ပေ။ ထို့ကြောင့် ဘုရားရှင်သည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးတို့ကို ဟောကြားတော်မူပေအံ့ဟု ရည်ရွယ်တော်မူလျက် သဘောတူ သဘာဂဖြစ်သော ပရိသတ်အစည်းအဝေးကို မျှော်လင့်စောင့်ဆိုင်းတော်မူလျက် ရှိ၏။ သဘောမတူသည့် ဝိသဘာဂပုဂ္ဂိုလ် တို့၏ ထံမှောက်၌ ဂုဏ်ကျေးဇူးတို့ကို ဟောကြားပြသရန်ကား မသင့်တင့် မလျောက်ပတ်ပေ။ ထိုဝိသဘာဂပုဂ္ဂိုလ်တို့ကား ဂုဏ်ကျေးဇူးတို့ကို ဟောပြ ခဲ့သည်ရှိသော် ကျေးဇူးမဲ့


©shwehinthar.com

ကဲ့ရဲ့စကားကိုသာလျှင် ပြောဆိုတတ်ကြ၏။ အနုပဒသုတ္တန်ကို ဟောကြားတော်မူရာ ဤနေ့၌ကား အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ သဘောတူ သဘာဂပရိသတ်သည် စည်းဝေးမိနေ၏။ ထိုသဘာဂပရိသတ်၏ စည်းဝေးမိသည်၏ အဖြစ်ကို သိမြင်တော်မူ၍ ဘုရားရှင်သည် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးတို့ကို ဟောကြားပြသတော်မူလိုသည် ဖြစ်ရကား ဤအနုပဒသုတ္တန်တရားဒေသနာ တော်ကို အားသစ်တော်မူပေသည်။ (မ၊ဋ္ဌ၊၄၊၅၆။)

ထိုသုတ္တန်တွင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ဉာဏ်ပညာ ကြီးမြတ်တော်မူပုံနှင့် ဆက်စပ်လျက် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး သောတာပန်ဖြစ်တော်မူပြီးနောက် မဟာသက္ကရာဇ် (၁၀၃)ခု တပို့တွဲလဆန်း (၁)ရက်မှ တပို့တွဲလပြည့်သို့တိုင်အောင် (၁၅)ရက်တို့ပတ်လုံး အရဟတ္တဖိုလ်ကို မျှော်မှန်းလျက် ဈာန်နာမ်တရားတို့ကို **အနုပဒဓမ္မဝိပဿနာနည်း**အားဖြင့် ဝိပဿနာရှုပွားသုံးသပ်ပုံ အပိုင်းကိုလည်း ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်း၍ ဟောကြားတော်မူခဲ့ပေသည်။

သမ္မုဟဂဟဏဝသေန ပဝတ္တံ **ကလာပသမ္မသနံ**။ ဖဿာဒိဧကေကဓမ္မဂဟဏဝသေန ပဝတ္တာ **အနုပဒဓမ္မဝိပဿနာ**။ (မူလဋီ၊၁၊၁၀၉။)

ဝိပဿနာ၌ **အနုပဒဓမ္မဝိပဿနာ** နှင့် **ကလာပသမ္မသနဝိပဿနာ** သို့မဟုတ် **ကလာပဝိပဿနာ**ဟု နှစ်မျိုး ရှိ၏။

၁။ ရုပ်ပိုင်းတွင် ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော ပထဝီဓာတ်စသော ရုပ်ဓာတ် တစ်လုံးစီ တစ်လုံးစီကိုလည်းကောင်း, နာမ်ပိုင်းတွင် စိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ သို့မဟုတ် သမာပတ် တစ်ခုတစ်ခုအတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြသည့် သမ္ပယုတ်တရားစုတို့တွင် ဖဿစသော နာမ်တရား တစ်လုံးစီ တစ်လုံးစီကိုလည်းကောင်း အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းကို **အနုပဒဓမ္မ ဝိပဿနာ**ရှုနည်းဟု ခေါ်ဆိုပေသည်။

၂။ ရုပ်ပိုင်းတွင်လည်း ဒွါရ (၆)ပါးလုံးနှင့် (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်တရားတို့ကို ခြုံငုံ၍လည်းကောင်း, နာမ်ပိုင်းတွင်လည်း စိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ သို့မဟုတ် သမာပတ်တစ်ခုတစ်ခုအတွင်း၌ တည်ရှိ ကြကုန်သော နာမ်တရားတို့ကို ပေါင်းစုခြုံငုံ၍လည်းကောင်း လက္ခဏာရေး သုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းကို **ကလာပသမ္မသန ဝိပဿနာ** သို့မဟုတ် **ကလာပဝိပဿနာ**ဟု ခေါ်ဆိုပေသည်။

အလားတူပင် ကာမ, ရူပ, အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ တည်ရှိကြကုန်သော ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရား တို့ကို တစ်စုတည်း တစ်ပုံတည်း ပေါင်းစုခြုံငုံ၍လည်းကောင်း, ရုပ်နာမ်နှစ်ပါး နည်းဖြင့် ရုပ်တစ်ပုံ နာမ်တစ်ပုံ ပုံ၍လည်းကောင်း, ခန္ဓာငါးပါးနည်းဖြင့် ငါးပုံ ပုံ၍လည်းကောင်း, အာယတန တစ်ဆယ့်နှစ်ပါးနည်းဖြင့် တစ်ဆယ့်နှစ်ပုံ ပုံ၍လည်းကောင်း, ဓာတ်တစ်ဆယ့်ရှစ်ပါးနည်းအားဖြင့် တစ်ဆယ့်ရှစ်ပုံ ပုံ၍ လည်းကောင်း — ဤသို့ စသည်ဖြင့် ပေါင်းစုခြုံငုံ၍ ဝိပဿနာရှုပွား သုံးသပ်ခြင်းကိုလည်း **ကလာပသမ္မသနဝိပဿနာ** သို့မဟုတ် **ကလာပဝိပဿနာ**ဟုပင် ခေါ်ဆိုပေသည်။

ဤတွင် . . အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ **အနုပဒဓမ္မ ဝိပဿနာ**ရှုနည်း ကောက်နုတ်ချက် တစ်ခုကို ရှေးဦးစွာ တင်ပြအပ်ပါသည်။

**ဣဓ ဘိက္ခဝေ သာရိပုတ္တော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ယေ စ ပဌမေ ဈာနေ ဓမ္မာ ဝိတက္ကော စ ဝိစာရော စ ပီတိ စ သုခဉ္စ စိတ္တေကဂ္ဂတာ စ ဖဿော ဝေဒနာ သညာ စေတနာ စိတ္တံ ဆန္ဒော အဓိမောက္ခော ဝီရိယံ သတိ ဥပေက္ခာ မနသိကာရော။ တျာဿ ဓမ္မာ အနုပဒဝဝတ္ထိတာ ဟောန္တိ၊ တျာဿ ဓမ္မာ ဝိဒိတာ ဥပ္ပဇ္ဇန္တိ၊ ဝိဒိတာ ဥပဋ္ဌဟန္တိ၊ ဝိဒိတာ အဗ္ဘတ္ထံ ဂစ္ဆန္တိ။ သော ဧဝံ ပဇာနာတိ "ဧဝံ ကိရမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ"တိ။ သော တေသု ဓမ္မေသု အနုပါယော အနပါယော အနိဿိတော အပ္ပဋိဗဒ္ဓေါ ဝိပ္ပမုတ္တော ဝိသံယုတ္တော ဝိမရိယာဒီကတေန စေတသာ ဝိဟရတိ၊ သော "အတ္ထိ ဥတ္တရိ နိဿရဏ"န္တိ ပဇာနာတိ။ တဗ္ဗဟုလီကာရာ အတ္ထိတွေဝဿ ဟောတိ။** (မ၊၃၊၇၅။)


©shwehinthar.com

= ရဟန်းတို့ . . . သာရိပုတ္တရာသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်, အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်, ကြံစည်ခြင်း (=ဝိတက်)နှင့် တကွ ဖြစ်သော, သုံးသပ်ဆင်ခြင်ခြင်း (= ဝိစာရ)နှင့် တကွ ဖြစ်သော, နီဝရဏ ကင်းဆိတ်ခြင်းကြောင့် ထင်ရှားဖြစ်ပေါ်၍လာရသော နှစ်သိမ့်ခြင်း (= ပီတိ), ချမ်းသာခြင်း (= သုခ)ရှိသော ပထမစျာန်သို့ ရောက်၍ နေ၏။ ပထမစျာန်သမာပတ်အတွင်း၌ —

၁။ ကြံစည်ခြင်း = ဝိတက်

၂။ သုံးသပ်ဆင်ခြင်ခြင်း = ဝိစာရ

၃။ နှစ်သိမ့်ခြင်း = ပီတိ

၄။ ချမ်းသာခြင်း = သုခ (ဝေဒနာ)

၅။ စိတ်တည်ကြည်ခြင်း = ဧကဂ္ဂတာ (သမာဓိ)

၆။ အာရုံကို တွေ့ထိခြင်း = ဖဿ

၇။ အာရုံ၏ အရသာကို ခံစားခြင်း = ဝေဒနာ

၈။ အာရုံကို မှတ်သားခြင်း = သညာ

၉။ အာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို စေ့ဆော်တိုက်တွန်းခြင်း = စေတနာ

၁၀။ အာရုံကို ရယူခြင်း = အာရုံကို သိခြင်း = စိတ်

၁၁။ အာရုံကို ပြုလိုခြင်း = ဆန္ဒ

၁၂။ အာရုံကို ဆုံးဖြတ်ခြင်း = အဓိမောက္ခ

၁၃။ လုံ့လပြုခြင်း = ကြိုးစားအားထုတ်ခြင်း = ဝီရိယ

၁၄။ အာရုံကို မမေ့ပျောက်ခြင်း = အောက်မေ့ခြင်း = သတိ

၁၅။ အာရုံကို လျစ်လျူရှုခြင်း = ဥပေက္ခာ (= တတြမဇ္ဈတ္တတာ)

၁၆။ အာရုံကို နှလုံးသွင်းခြင်း = မနသိကာရ

ယင်းသဘောတရားတို့သည် ထင်ရှား ရှိကြကုန်၏၊ ထိုသဘောတရားတို့ကို သာရိပုတ္တရာသည် အစဉ်အတိုင်း တစ်လုံးစီ တစ်လုံးစီ ပိုင်းခြား၍ သိ၏။ ထိုသဘောတရားတို့သည် ထိုသာရိပုတ္တရာ၏ အသိဉာဏ်၌ —

၁။ ထင်ထင်ရှားရှား ဖြစ်ကုန်၏၊

၂။ ထင်ထင်ရှားရှား တည်ကုန်၏၊

၃။ ထင်ထင်ရှားရှား ချုပ်ကုန်၏။

“ဤသဘောတရားတို့သည် ရှေးက ထင်ရှား မရှိကြကုန်ဘဲ ယခုမှ ရုတ်ခြည်း အသစ် ဖြစ်ပေါ်လာကြကုန်၏၊ ဖြစ်ကြကုန်ပြီးလျှင် ရုတ်ခြည်း ချုပ်ပျက်ကုန်၏”ဟု သာရိပုတ္တရာသည် ဤသို့ သိ၏။ ထိုသာရိပုတ္တရာသည် ထိုသဘောတရားတို့၌ ရာဂဖြင့် တပ်မက်ခြင်း မရှိ၊ ဒေါသဖြင့် ဖဲခြင်း မရှိ၊ တဏှာ-ဒိဋ္ဌိတို့ဖြင့် “ငါ-ငါ့ဟာ”ဟု မမှီ၊ လိုလားတပ်မက်ခြင်း ဆန္ဒရာဂဖြင့် ဖွဲ့ချည်မထား၊ ကာမရာဂမှ လွတ်မြောက်၏၊ ဆန့်ကျင်ဘက်တရားတို့နှင့် မယှဉ်၊ အပိုင်းအခြားမရှိသော စိတ်ဖြင့် နေ၏။ ထိုသာရိပုတ္တရာသည် “ထိုထက် အလွန် လွတ်မြောက်ရာသည် ရှိ၏”ဟု သိ၏။ ထိုသိခြင်းကို အထပ်ထပ် ပြုခြင်းကြောင့် ထိုသာရိပုတ္တရာအား ထိုထက်အလွန် လွတ်မြောက်ရာသည် ရှိသည်သာတည်းဟု မြဲစွာ ဖြစ်၏။ (မ၊၃၊၇၅။)

ဥပရိပဏ္ဏာသအဋ္ဌကထာ (မဋ္ဌ၊၄၊၆၀။) ကလည်း အောက်ပါအတိုင်း ဆက်လက်၍ ရှင်းလင်း တင်ပြထားပြန်၏။

**ဝိဒိတာ ဥပ္ပဇ္ဇန္တီတိ ဥပ္ပဇ္ဇမာနာ ဝိဒိတာ ပါကဋာဝ ဟုတွာ ဥပ္ပဇ္ဇန္တိ။ ဝိဒိတာ ဥပဋ္ဌဟန္တီတိ တိဋ္ဌမာနာပိ ဝိဒိတာ ပါကဋာဝ ဟုတွာ တိဋ္ဌန္တိ။ ဝိဒိတာ အဗ္ဘတ္ထံ ဂစ္ဆန္တီတိ နိရုဇ္ဈမာနာပိ ဝိဒိတာ ပါကဋာဝ ဟုတွာ နိရုဇ္ဈန္တိ။**

**ဧတ္ထ ပန တံဉာဏတာ စေဝ ဉာဏဗဟုတာ စ မောစေတဗ္ဗာ။ ယထာ ဟိ တေနေဝ အင်္ဂုလဂ္ဂေန တံ အင်္ဂုလဂ္ဂံ န သက္ကာ ဖုသိတုံ၊ ဧဝမေဝ တေနေဝ စိတ္တေန တဿ စိတ္တဿ ဥပ္ပါဒေါ ဝါ ဌိတိ ဝါ ဘင်္ဂေါ ဝါ န သက္ကာ ဇာနိတုန္တိ။ ဧဝံ**


©shwehinthar.com

**တာဝ တံဉာဏတာ မောစေတဗ္ဗာ။**

**ယဒိ ပန ဒွေ စိတ္တာနိ ဧကတော ဥပ္ပဇ္ဇေယျုံ၊ ဧကေန စိတ္တေန ဧကဿ ဥပ္ပါဒေါ ဝါ ဌိတိ ဝါ ဘင်္ဂေါ ဝါ သက္ကာ ဘဝေယျ ဇာနိတုံ၊ ဒွေ ပန ဖဿာ ဝါ ဝေဒနာ ဝါ သညာ ဝါ စေတနာ ဝါ စိတ္တာနိ ဝါ ဧကတော ဥပ္ပဇ္ဇနကာနိ နာမ နတ္ထိ၊ ဧကေကမေဝ ဥပ္ပဇ္ဇတိ၊ ဧဝံ ဉာဏဗဟုတာ မောစေတဗ္ဗာ။**

**ဧဝံ သန္တေ ကထံ မဟာထေရဿ အနုပဒဓမ္မဝိပဿနာယ သောဠသ ဓမ္မာ ဝိဒိတာ ပါကဋာ ဟောန္တီတိ?**

**ဝတ္ထာရမ္မဏာနံ ပရိဂ္ဂဟိတတာယ။ ထေရေန ဟိ ဝတ္ထု စေဝ အာရမ္မဏဉ္စ ပရိဂ္ဂဟိတံ၊ တေနဿ တေသံ ဓမ္မာနံ ဥပ္ပါဒံ အာဝဇ္ဇန္တဿ ဥပ္ပါဒေါ ပါကဋော ဟောတိ၊ ဌာနံ အာဝဇ္ဇန္တဿ ဌာနံ ပါကဋံ ဟောတိ၊ ဘေဒံ အာဝဇ္ဇန္တဿ ဘေဒေါ ပါကဋော ဟောတိ။ တေန ဝုတ္တံ "ဝိဒိတာ ဥပ္ပဇ္ဇန္တိ ဝိဒိတာ ဥပဋ္ဌဟန္တိ ဝိဒိတာ အဗ္ဘတ္ထံ ဂစ္ဆန္တီ"တိ။**

**အဟုတွာ သမ္ဘောန္တီတိ ဣမိနာ ဥဒယံ ပဿတိ။ ဟုတွာ ပဋိဝေန္တီတိ ဣမိနာ ဝယံ ပဿတိ။** (မ႒၄၊၆၀။)

- **"ထင်ထင်ရှားရှား ဖြစ်ပေါ်ကုန်၏"**. . ဟူသည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဉာဏ်ဝယ် ယင်း (၁၆)မျိုးကုန်သော တရားတို့သည် ဖြစ်ပေါ်လာကုန်သည်ရှိသော် ထင်ရှားကုန်သည်သာ ဖြစ်ကြကုန်၍ ဖြစ်ပေါ် လာကြ-ကုန်၏။

**"ထင်ထင်ရှားရှား တည်ကုန်၏"**. . ဟူသည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဉာဏ်၌ ယင်း (၁၆)မျိုးကုန်သော တရားတို့သည် တည်ဆဲ ဌီကာလသို့ ရောက်ကုန်သော်လည်း ထင်ရှားကုန်သာ ဖြစ်ကြကုန်၍ တည်နေကြကုန်၏။

**"ထင်ထင်ရှားရှား ချုပ်ပျက်ကုန်၏"**. . ဟူသည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဉာဏ်၌ ယင်း (၁၆)မျိုးကုန်သော တရားတို့သည် ချုပ်ပျက်ကုန်သော်လည်း ထင်ရှားကုန်သည်သာ ဖြစ်ကြကုန်၍ ချုပ်ပျက် ကြကုန်၏။

ဤအရာဝယ် ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ ရှုတတ်သည့်ဉာဏ်နှင့် အရှုခံဉာဏ်တို့၏ တစ်ခုတည်း ဖြစ်မှုကိုလည်းကောင်း,

၂။ စိတ္တက္ခဏ တစ်ခုအတွင်း၌ ဉာဏ်တို့၏ များစွာ ပြိုင်တူ ဖြစ်မှုကိုလည်းကောင်း —

လွတ်အောင် ယူဆတတ်ရပေမည်။

၁။ ထိုလက်ညှိုး၏ ထိပ်ဖြင့်ပင်လျှင် ထိုလက်ညှိုး၏ ထိပ်ကို တွေ့ထိဖို့ရန် မတတ်ကောင်းသကဲ့သို့ ဤဥပမာအတူပင်လျှင် ထိုစိတ်ဖြင့်ပင်လျှင် ထိုစိတ်၏ ဖြစ်မှု = ဥပါဒ်ကိုလည်းကောင်း, တည်မှု = ဌီကိုလည်းကောင်း, ပျက်မှု = ဘင်ကိုလည်းကောင်း သိရှိဖို့ရန် မတတ်ကောင်းသည်သာ ဖြစ်ပေသည်။ ဤသို့လျှင် ရှေးဦးစွာ ရှုတတ်သည့် ဉာဏ်နှင့် အရှုခံ ဉာဏ်တို့၏ တစ်ခုတည်း ဖြစ်မှုကို လွတ်အောင် ယူဆပါ။ (ရှုတတ်သည့် စိတ်နှင့် အရှုခံစိတ်သည် တစ်ခုတည်း မဟုတ်ဟု ဆိုလိုသည်။ )

၂။ အကယ်၍ စိတ်နှစ်ခုတို့သည် စိတ္တက္ခဏ တစ်ခုဟူသော အချိန်ကာလ တစ်ခု အတွင်း၌ နှစ်ခုပြိုင်တူ တစ်ပေါင်းတည်း ဖြစ်ကုန်ငြားအံ့၊ တစ်ခုသော စိတ်ဖြင့် တစ်ခုသော စိတ်၏ ဖြစ်မှု (= ဥပါဒ်)ကိုလည်းကောင်း, တည်မှု (= ဌီ)ကိုလည်းကောင်း, ပျက်မှု (= ဘင်)ကိုလည်းကောင်း သိရှိဖို့ရန် တတ်ကောင်းသည် ဖြစ်လေရာ၏။ သို့သော် စိတ္တက္ခဏ တစ်ခုဟူသော အချိန် ကာလအတွင်း၌ ဖဿနှစ်မျိုးတို့သည်လည်းကောင်း, ဝေဒနာနှစ်မျိုးတို့သည် လည်းကောင်း, သညာနှစ်မျိုးတို့သည် လည်းကောင်း, စေတနာနှစ်မျိုးတို့သည် လည်းကောင်း, စိတ်နှစ်မျိုးတို့သည်လည်းကောင်း နှစ်ခုပြိုင်တူ တစ်ပေါင်း-တည်း ဖြစ်ကုန်သည်မည်သည် မရှိသည်သာတည်း။ တစ်လုံးစီ တစ်လုံးစီ သာလျှင် (ဖဿတစ်မျိုး ဝေဒနာတစ်မျိုး သညာတစ်မျိုး စေတနာတစ်မျိုး စိတ်တစ်မျိုး ဟူသည့် တစ်မျိုးစီ တစ်မျိုးစီ သာလျှင်) ဖြစ်ရိုး ဓမ္မတာ ရှိ၏။ ဤသို့ စိတ္တက္ခဏတစ်ခုအတွင်း၌ ဉာဏ်တို့၏ များစွာ ပြိုင်တူ ဖြစ်မှုကိုလည်း လွတ်မြောက်စေအပ်၏ (= လွတ်အောင် ယူဆပါ)။ ဤသို့ ဖြစ်ခဲ့သော် အဘယ်သို့လျှင် . . အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ အသိဉာဏ်၌ ဈာန်သမာပတ်အတွင်း၌ ဖြစ်ပေါ်သွားကြကုန်သော (၁၆)မျိုးကုန်သော တရားတို့သည် ထင်ထင်ရှားရှား ဖြစ်ကုန်သနည်းဟု မေးရန် ရှိ၏။ အဖြေမှာ ဤသို့ ဖြစ်၏။

**ဝတ္ထာရမ္မဏာနံ ပရိဂ္ဂဟိတတာယ။** (မ႒၄၊၆၀။)



©shwehinthar.com

**ဝတ္ထာရမ္မဏာနံ ပရိဂ္ဂဟိတတာယာတိ ယသ္မိံ စ အာရမ္မဏေ ယေ ဈာနဓမ္မာ ပဝတ္တန္တိ၊ တေသံ ဝတ္ထာရမ္မဏာနံ ပဂေဝ ဉာဏေန ပရိစ္ဆိန္န ဂဟိတတ္တာ။** (မ၊ဋီ၊၃၊၂၇၈။)

= အကြင် ကသိုဏ်းပညတ်စသော အာရုံ၌ ယင်း ဈာနဓမ္မအမည်ရသည့် ဈာန်နာမ်တရားတို့သည် ဖြစ်ကြကုန်၏၊ ထို ဈာနဓမ္မနာမ်တရားစုတို့၏ မှီရာ ဝတ္ထုရုပ်နှင့် ကသိုဏ်းပညတ်စသော အာရုံတို့ကို ရှေးမဆွကပင် ကြိုတင်၍ ဉာဏ်ဖြင့် ပိုင်းခြားကာ ယူထားပြီး သိမ်းဆည်းထားပြီး ဖြစ်သောကြောင့်ဟု ဖြေဆိုလေရာသည်။

မှန်ပေသည် — အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည်

၁။ ယင်း ဈာနဓမ္မ နာမ်တရားစုတို့၏ စွဲမှီရာ ဘဝင်မနောအကြည်ဓာတ် သို့မဟုတ် ဟဒယဝတ္ထုရုပ်ကိုလည်းကောင်း,

၂။ ကသိုဏ်းပညတ်စသော သမထနိမိတ်ကို အာရုံပြုကြကုန်သော ဈာနဓမ္မ တရားစုတို့၏ ယင်းသမထနိမိတ်အာရုံကိုလည်းကောင်း —

ဤနှစ်မျိုးကုန်သော တရားတို့ကို ကြိုတင်၍ ဉာဏ်ဖြင့် ပိုင်းခြားယူထား တော်မူ၏၊ သိမ်းဆည်းထားတော်မူ၏။ ထိုကြောင့် ထိုဈာနဓမ္မ နာမ်တရား တို့၏ —

၁။ ဖြစ်မှု (ဥပါဒ်)ကို ဆင်ခြင်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ဉာဏ်ဝယ် ဖြစ်မှု (ဥပါဒ်)သည် ထင်ရှားနေ၏။

၂။ တည်မှု (ဌီ)ကို ဆင်ခြင်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ဉာဏ်ဝယ် တည်မှု (ဌီ)သည် ထင်ရှားနေ၏။

၃။ ပျက်မှု (ဘင်)ကို ဆင်ခြင်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ဉာဏ်ဝယ် ပျက်မှု (ဘင်)သည် ထင်ရှားနေ၏။

ထို့ကြောင့် ထိုဈာနဓမ္မ နာမ်တရားတို့သည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ အသိဉာဏ်၌ —

၁။ ထင်ထင်ရှားရှား ဖြစ်ကုန်၏၊

၂။ ထင်ထင်ရှားရှား တည်ကုန်၏၊

၃။ ထင်ထင်ရှားရှား ချုပ်ပျက်ကုန်၏ — ဟု

ဘုရားရှင်သည် ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ (မဋ္ဌ၊၄၊၆၀။)

## (၁၆) မျိုးသော တရား

သောဠသန္နံ ဧဝ စေတ္ထ ဓမ္မာနံ ဂဟဏံ တေသံယေဝ ထေရေန ဝဝတ္ထာပိတဘာဝတော၊ တေ ဧဝသ တဒါ ဥပဋ္ဌဟိံသု န ဣတရေတိ ဝဒန္တိ။ ဝီရိယသတိဂ္ဂဟဏေနေဝ စေတ္ထ ဣန္ဒြိယဘာဝသမညာတော သဒ္ဓါ ပညာ, သတိဂ္ဂဟဏေနေဝ ဧကန္တာနဝဇ္ဇဘာဝသာမညာတော ပဿဒ္ဓိအာဒယော ဆ ယုဂဠာ, အလောဘာဒေါသာ စ သင်္ဂဟိတာ ဈာနစိတ္တုပ္ပါဒပရိယာပန္နတ္တာ တေသံ ဓမ္မာနံ၊ ထေရေန စ ဓမ္မဝဝတ္ထာနသာမညာတော အာရဒ္ဓါ၊ (တသ္မာ) တေ န ဥပဋ္ဌဟိံသူတိ န သက္ကာ ဝတ္တုန္တိ အပရေ။ (မ၊ဋီ၊၃၊၂၇၇။)

ကသိုဏ်းပဋိဘာဂနိမိတ်, အာနာပါနပဋိဘာဂနိမိတ်စသည့် သမထနိမိတ်တို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ပထမဈာန်နာမ်တရား တို့သည် —

| | |
|---|---|
| ၁။ အသိစိတ် | ၁ |
| ၂။ အညသမာန်းစေတသိက် | ၁၃ |
| ၃။ သောဘဏသာဓာရဏစေတသိက် | ၁၉ |
| ၄။ ပညိန္ဒြေစေတသိက် | ၁ |
| အားလုံးပေါင်းသော် | ၃၄ |

ဤအထက်ပါ (၃၄)မျိုးသော နာမ်တရားများ ရှိကြ၏။ ယင်း (၃၄)မျိုးကုန်သော ဈာနဓမ္မ နာမ်တရားစုတို့တွင် ဘုရားရှင်သည် (၁၆)မျိုးကုန်သော ဈာနဓမ္မ နာမ်တရားစုတို့ကိုသာ တိုက်ရိုက်ယူ၍ သရုပ်ထုတ်ကာ ဟောကြား ထားတော်မူ၏။ ဤသို့ ဟောကြားထားတော်မူခြင်းနှင့် ဆက်စပ်၍ ဋီကာ ဆရာတော် အရှင်ဓမ္မပါလမထေရ်မြတ်က


©shwehinthar.com

အောက်ပါအတိုင်း နှစ်နည်း ရှင်းပြထားတော်မူ၏။

၁။ ဤအရာဝယ် (၁၆)မျိုးကုန်သော ဈာနဓမ္မတို့ကိုသာ တိုက်ရိုက် ယူ၍ သရုပ်ထုတ်ကာ ဟောကြားတော်မူခြင်းသည် —"ထို (၁၆)မျိုးကုန်သော တရားတို့ကိုသာလျှင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ပိုင်းခြားယူအပ်သည်၏အဖြစ်ကြောင့်တည်း။ ထို (၁၆)မျိုး ကုန်သော ဈာနဓမ္မတို့သည်သာလျှင် ထိုအရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီး၏ အသိဉာဏ်၌ ထိုအချိန်အခါက ထင်မြင်ခဲ့ကြကုန်၏၊ အခြားအခြား ကုန်သော ဈာနဓမ္မတို့သည် မထင်ခဲ့ကြကုန်"ဟု ဆရာမြတ်တို့ မိန့်ဆိုတော် မူကြကုန်၏။ (ဤကား **ဝဒန္တိဝါဒ**တည်း။)

၂။ ထို (၁၆)မျိုးကုန်သော တရားတို့တွင် ကုန္ဓြေထိုက်သော ဝီရိယနှင့် သတိကို တိုက်ရိုက်ယူ၍ ဟောကြားတော်မူခြင်းဖြင့် ကုန္ဓြေဖြစ်မှုချင်း တူညီသောကြောင့် သဒ္ဓါနှင့် ပညာ တရားနှစ်ပါးကိုလည်း သိမ်းကျုံးယူအပ်၏။ သတိကို တိုက်ရိုက်ယူ၍ သရုပ်ထုတ်ကာ ဟောကြားတော်မူခြင်းဖြင့် သတိကဲ့သို့ ဇာကန်အပြစ်မရှိမှုချင်း တူညီသောကြောင့် ပဿဒ္ဓိစသော အစုံအစုံ-အားဖြင့် ဟောကြားထားတော်မူအပ်ကုန်သော ယုဂဠစေတသိက် (၆)စုံတို့ကိုလည်းကောင်း, အလောဘ အဒေါသ စေတသိက်တို့ကိုလည်းကောင်း သိမ်းကျုံး ရေတွက်အပ်ကုန်၏။ အကြောင်းမူကား ထိုတရားတို့၏ ဈာန် စိတ္တုပ္ပါဒ်၌ (= ဈာနဓမ္မတရားတို့၌) အကျုံးဝင်ကုန်သောကြောင့် ဖြစ်၏။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဈာနဓမ္မအမည်ရသည့် ဈာန်နာမ်တရားတို့ကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ပိုင်းခြားယူရာဝယ် ဉာဏ်ဖြင့် ပိုင်းခြားယူရမည့် တရားတို့၌ ပိုင်းခြား မှတ်သားပုံချင်း တူညီသောကြောင့် ကသိုဏ်းပဋိဘာဂနိမိတ်, အာနာပါနပဋိဘာဂနိမိတ်စသော ထိုထိုပဋိဘာဂနိမိတ် သမထအာရုံသို့ ညွှတ်ကိုင်းရှိုင်းတတ်သော နမနလက္ခဏာချင်း တူညီရာ တရားတို့ကို ပေါင်းစု၍ လက္ခဏာဟာရနေတ္တိနည်းဖြင့် ယင်းအနုပဒ သုတ္တန် တရားဒေသနာတော်ကို ဘုရားရှင်သည် အားသစ်တော်မူခဲ့ပေသည်။ ထိုကြောင့် ထိုဈာနဓမ္မ နာမ်တရားစုတို့သည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ အသိဉာဏ်၌ မထင်လာကုန်ဟု ပြောဆိုခြင်းငှာ မတတ်ကောင်းသည်သာတည်း။ ဤသို့လျှင် အပရေ ဆရာမြတ်တို့ကလည်း မိန့်ဆိုတော် မူကြပြန်သည်။ (မ၊ဋီ၊၃၊၂၇၇။) (ဤကား **အပရေဝါဒ**တည်း။)

**ဇဝံ သဗ္ဗတ္ထ ယော ယော အဋ္ဌကထာဝါဒေါ ဝါ ထေရဝါဒေါ ဝါ ပစ္ဆာ ဝုစ္စတိ၊ သော ပမာဏတော ဒဋ္ဌဗ္ဗော။** (ဝိ၊ဋ္ဌ၊၁၊၂၆၀။)

= နေရာတိုင်း၌ အကြင်အကြင် အဋ္ဌကထာဝါဒကိုလည်းကောင်း, ထေရဝါဒကိုလည်းကောင်း နောက်ဆုံးထား၍ ဖွင့်ဆိုထား၏၊ ထိုဝါဒကိုသာလျှင် ပမာဏအားဖြင့် မှတ်သားပါ။ (ဝိ၊ဋ္ဌ၊၁၊၂၆၀။)

ဤ အထက်ပါ ဋီကာဆရာတော်၏ ရှင်းလင်းချက်၌ ဝဒန္တိဝါဒ နှင့် **အပရေဝါဒ**ဟု ဝါဒ နှစ်မျိုး လာရှိရာ ဋီကာဆရာတော် ဖြစ်တော်မူသော **အာစရိယ ဓမ္မပါလ မထေရ်မြတ်**သည် **အပရေဝါဒ**ကို နောက်ဆုံးထား၍ တင်ပြထား-တော်မူ၏။ ဝါဒအမျိုးမျိုးတို့တွင် နောက်ဆုံးထား၍ ဖွင့်ဆိုသော ဝါဒကိုသာလျှင် အနှစ်သာရအားဖြင့် မှတ်ယူရသော စာပေကျမ်းဂန် ယူဆပုံ စည်းမျဉ်း ဥပဒေသအရ ဤ၌လည်း နောက်ထား၍ ဖွင့်ဆိုသော **အပရေဝါဒ** ကိုသာ အနှစ်သာရအားဖြင့် မှတ်ယူလေရာသည်။ ထိုကြောင့် ကသိုဏ်းပဋိဘာဂနိမိတ်, အာနာပါနပဋိဘာဂနိမိတ်စသော ပဋိဘာဂနိမိတ်တို့ကို အာရုံယူ၍ ဖြစ်ပေါ်လာကြကုန်သော ပထမဈာနဓမ္မ နာမ်တရားစုတို့မှာ (၃၄)လုံး ရှိကြသဖြင့် ထို (၃၄)မျိုးလုံးကုန်သော ဈာနဓမ္မတို့ကို တစ်လုံးစီ တစ်လုံးစီ၏ ဥပါဒ်-ဋ္ဌီ-ဘင် (= ဖြစ်-တည်-ပျက်)ကို မြင်အောင် အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ရှုပွားသုံးသပ်တော်မူသည်ဟုသာ သံသယကင်းရှင်းစွာ မုချပုံသေ မှတ်သား နာယူလေရာသည်။ ပထမဈာန် မှသည် အာကိဉ္စညာယတနဈာန်သို့တိုင်အောင်သော ဈာနဓမ္မ နာမ်တရားစု တို့ကို တစ်လုံးစီ တစ်လုံးစီ၏ ဥပါဒ်-ဋ္ဌီ-ဘင်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေး သုံးတန်တို့သို့ တစ်လှည့်စီ တင်ကာ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ကြိုးပမ်းတော် မူခဲ့ပေသည်။ (မ၊၃၊၇၅-၇၆။ )

**နေဝသညာနာသညာယတနဈာန်**

ပုန စပရံ ဘိက္ခဝေ သာရိပုတ္တော သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ

ဝိဟရတိ။ သော တာယ သမာပတ္တိယာ သတော ဝုဋ္ဌဟတိ။ သော တာယ သမာပတ္တိယာ သတော ဝုဋ္ဌဟိတွာ ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ တေ ဓမ္မေ သမနုပဿတိ "ဧဝံ ကိရမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ"တိ။ သော တေသု ဓမ္မေသု အနုပါယော အနပါယော အနိဿိတော အပ္ပဋိဗဒ္ဓေါ ဝိပ္ပမုတ္တော ဝိသံယုတ္တော ဝိမရိယာဒီကတေန စေတသာ ဝိဟရတိ၊ သော "အတ္ထိ ဥတ္တရိ နိဿရဏ"န္တိ ပဇာနာတိ။ တဗ္ဗဟုလီကာရော အတ္ထိတွေဝဿ ဟောတိ။

(မ၊၃၊၇၈။)

= ရဟန်းတို့ . . . တစ်ဖန် ထို့ပြင်လည်း သာရိပုတ္တရာသည် အာကိဉ္စညာယတနစျာန်ကို လုံးဝ ကျော်လွှားလွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏၊ ထိုသာရိပုတ္တရာသည် ထိုနေဝသညာနာသညာယတနသမာပတ်မှ သတိ ပညာနှင့် ပြည့်စုံ၍ ထ၏။ ထိုသာရိပုတ္တရာသည် ထိုနေဝသညာနာသညာယတနသမာပတ်မှ သတိ ပညာနှင့် ပြည့်စုံ၍ ထပြီးလျှင် လွန်ကုန်ပြီး ချုပ်ကုန်ပြီး ဖောက်ပြန်ပျက်စီးကုန်ပြီးသော နေဝသညာနာသညာယတန စျာနဓမ္မတရားစုတို့ကို "ဤသို့လျှင် ဤစျာနဓမ္မ တရားစုတို့သည် ရှေးက ထင်ရှား မရှိကုန်ဘဲ ယခုမှ ရုတ်ခြည်း အသစ် ဖြစ်ပေါ်လာကြကုန်၏၊ ဖြစ်ပြီးလျှင် ရုတ်ခြည်း ချုပ်ပျက်ကုန်၏"ဟု ယင်း စျာနဓမ္မတရားစုတို့ကို ပေါင်းစုခြုံငုံလျက် အပေါင်းအစုအားဖြင့် (= ကလာပသမ္မသနနည်းအားဖြင့်) ဝိပဿနာရှု၏။ ထိုသာရိပုတ္တရာသည် ထိုတရားတို့၌ ရာဂဖြင့် တပ်မက်ခြင်း မရှိ၊ ဒေါသဖြင့် ဖဲခြင်း မရှိ၊ တဏှာ-ဒိဋ္ဌိတို့ဖြင့် "ငါ-ငါ့ဟာ"ဟု မမှီ၊ လိုလားတပ်မက်ခြင်း (= ဆန္ဒရာဂ)ဖြင့် ဖွဲ့ချည်မထား၊ တွယ်တာတပ်မက်မှု (= ကာမရာဂ)မှ လွတ်၏၊ ဆန့်ကျင်ဘက်တရားတို့နှင့် မယှဉ်၊ အပိုင်းအခြား မရှိသော စိတ်ဖြင့် နေ၏။ ထိုသာရိပုတ္တရာသည် "ထိုထက်အလွန် လွတ်မြောက်ရာ ရှိ၏"ဟု သိ၏။ ထို သိခြင်းကို အထပ်ထပ် ပြုခြင်းကြောင့် ထိုသာရိပုတ္တရာအား ထိုထက်အလွန် လွတ်မြောက်ရာသည် ရှိသည်သာတည်းဟု မြဲစွာ ဖြစ်၏။ (မ၊၃၊၇၈။ )

အနုပဒဓမ္မဝိပဿနာ နှင့် ကလာပသမ္မသနဝိပဿနာ

**တေ ဓမ္မေ သမနုပဿတီတိ ယသ္မာ နေဝသညာနာသညာယတနေ ဗုဒ္ဓါနံယေဝ အနုပဒဓမ္မဝိပဿနာ ဟောတိ၊ န သာဝကာနံ၊ တသ္မာ ဧတ္ထ ကလာပဝိပဿနံ ဒဿေန္တော ဧဝမာဟ။** (မဋ္ဌ၊၄၊၆၀။)

**န သာဝကာနံ အနုပဒဓမ္မဝိပဿနာ ဟောတိ သဗ္ဗီရာဝသေသသုခုမပ္ပဝတ္တိယာ ဒုဝိညေယျတ္တာ ဝိနိဗ္ဘုဇိတွာ ဂဟေတုံ အသက္ကုဏေယျဘာဝတော။** (မဋီ၊၂၊၂၈၀။)

အညေသု ဟိ ခန္ဓေသု အကတာဘိနိဝေသော ဘိက္ခု နေဝသညာနာသညာယတနက္ခန္ဓေ သမ္မသိတွာ နိဗ္ဗိဒံ ပတ္တုံ သမတ္ထော နာမ နတ္ထိ အပိစ **အာယသ္မာ သာရိပုတ္တော**၊ ပကတိဝိပဿကော ပန မဟာပညော သာရိပုတ္တသဒိသောဝ သက္ကုဏေယျ။ သောပိ "ဧဝံ ကိရိမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ"တိ ဧဝံ ကလာပသမ္မသနဝသေနေဝ, နော အနုပဒဓမ္မဝိပဿနာဝသေန။ ဧဝံ သုခုမတ္တံ ဂတာ ဧသာ သမာပတ္တိ။

(အဘိ၊ဋ္ဌ၊၁၊၂၅၃။)

= အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် သမာပတ် ရှစ်ပါးတို့တွင် ပထမစျာန်မှသည် အာကိဉ္စညာယတနစျာန်သို့တိုင်အောင်သော သမာပတ် (၇)ပါးတို့၌ **အနုပဒဓမ္မဝိပဿနာ**နည်းဖြင့် ဝိပဿနာ ရှုပွားသုံးသပ်တော် မူပေသည်။ နေဝသညာနာသညာယတနသမာပတ်၌ကား ယင်းသမာပတ် အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့၏ အလွန့်အလွန် သိမ်မွေ့နူးညံ့သောကြောင့် **အနုပဒဓမ္မဝိပဿနာ**နည်းဖြင့် ဝိပဿနာ ရှုပွားသုံးသပ်ခြင်းငှာ မစွမ်းနိုင်ဘဲ ယင်းသမာပတ်အတွင်း၌ တည်ရှိကြသော စျာနဓမ္မနာမ်တရားစုတို့ကို ပေါင်းစုခြုံငုံလျက် **ကလာပသမ္မသနဝိပဿနာ**နည်းဖြင့်သာလျှင် ဝိပဿနာ ရှုပွားသုံးသပ်တော်မူပေသည်။

ဤနေဝသညာနာသညာယတနစျာန်၌ သဗ္ဗညုတသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့အားသာလျှင် အနုပဒဓမ္မဝိပဿနာသည် ဖြစ်နိုင်၏၊ သာဝကတို့အား အနုပဒဓမ္မဝိပဿနာသည် မဖြစ်နိုင်။ (မဋ္ဌ၊၄၊၆၀။)

အခြားအခြားသော ခန္ဓာတို့၌ (= နေဝသညာနာသညာယတနသမာပတ်မှ တစ်ပါးကုန်သော ကြွင်းကုန်သော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၌) ဝိပဿနာ နှလုံးသွင်းမှု (= အဘိနိဝေသ)ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်းကို မပြုလုပ်ဖူးသေးသော ယောဂါဝစရရဟန်းတော် ဖြစ်ခဲ့ပါမူ နေဝသညာနာသညာယတနခန္ဓာတို့ကို လက္ခဏာရေး

သုံးတန်တို့သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းကြောင့် သင်္ခါရတရားတို့၌ ငြီးငွေ့မှု (= နိဗ္ဗိဒါဉာဏ်)သို့ ရောက်ရှိအံ့သောငှာ စွမ်းနိုင်သော ပုဂ္ဂိုလ်မည်သည် မရှိသည်သာ ဖြစ်၏။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသော်မှလည်း မစွမ်းနိုင် လေရာ။ ပင်ကို ပကတိသဘောအားဖြင့် ဝိပဿနာရှုသော ပကတိဝိပဿက ပုဂ္ဂိုလ်သည် ကြီးကျယ်မြင့်မြတ်သောပညာ ရှိတော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးနှင့် တူသော ပုဂ္ဂိုလ်သည်သာလျှင် စွမ်းနိုင်လေရာ၏။ ထိုအရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီးသော ပုဂ္ဂိုလ်သည်လည်း —

"ဤသို့လျှင် ဤနေဝသညာနာသညာယတနသမာပတ် နာမ်တရားစုတို့သည် ရှေးက ထင်ရှားမရှိကုန်ဘဲ ယခုမှ ရုတ်ခြည်း အသစ် ဖြစ်ပေါ်လာကြ ကုန်၏၊ ဖြစ်ပြီးလျှင် ရုတ်ခြည်း ချုပ်ပျက်သွားကြကုန်၏"— ဟု

အပေါင်းအစုအားဖြင့် ခြုံငုံ၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်း (= **ကလာပသမ္မသနဝိပဿနာနည်း**)၏ အစွမ်းဖြင့်သာလျှင် ဝိပဿနာ ရှုပွားသုံးသပ် ခြင်းငှာ စွမ်းနိုင်လေရာ၏၊ တစ်လုံးစီ တစ်လုံးစီသော သမာပတ်တရားတို့ကို ဝိပဿနာရှုခြင်း (= **အနုပဒဓမ္မဝိပဿနာနည်း**)၏ အစွမ်းဖြင့်ကား မစွမ်းနိုင် လေရာ။ ဤနေဝသညာနာသညာယတနသမာပတ်သည် ဤသို့ကလောက် သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်ရှိပြီး ဖြစ်သည်။ ထို့ကြောင့် ဤသမာပတ်ကို **သင်္ခါရာဝသေသသမာပတ်**ဟုလည်း ခေါ်ဆိုပေသည်။ သညာကို ဦးတည်၍ နေဝသညာနာ-သညာယတနသမာပတ်ဟု ခေါ်ဆိုသော်လည်း ထိုသမာပတ် အတွင်း၌ တည်ရှိကြသော သင်္ခါရတရားအားလုံးတို့ကား အလွန့်အလွန် သိမ်မွေ့ကြ၏။ ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းကျန်သော အကယ်စင်စစ် သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်ရှိသော သင်္ခါရဟူသော စတုတ္ထအရူပသမာပတ်ကို **သင်္ခါရာဝသေသသမာပတ်**ဟု ခေါ်ဆိုပေသည်။

(အဘိ႒၊၁၊၂၅၂-၂၅၃။)

**ဦးထိပ်ရွက်ပန်ဆင်ရမည့် ရှေးထုံးဟောင်း**

ဤကား သာဝကတို့တွင် ပညာအရာ၌ အသာဆုံး အမြတ်ဆုံး ဖြစ်တော် မူသည့် ပညာအရာ၌ ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဈာနသမာပတ္တိဝီထိ အတွင်း၌ တည်ရှိကြသော နာမ်တရားတို့ကို —

၁။ အနုပဒဓမ္မဝိပဿနာနည်း,

၂။ ကလာပသမ္မသနဝိပဿနာနည်း —

ဟူသော နှစ်မျိုးသော နည်းတို့ဖြင့် ဝိပဿနာရှုပွားသုံးသပ်နိုင်ကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင်က ဝန်ခံ၍ ဟောကြားထားတော်မူသော ရှေးထုံးဟောင်းကြီးတစ်ခုပင် ဖြစ်သည်။ ဤသမာပတ်တရားတို့ကို ဝိပဿနာရှုပွား သုံးသပ်တော်မူရာ၌လည်း ယင်းနာမ်တရားတို့၏ —

၁။ မှီရာ ဟဒယဝတ္ထုရုပ် သို့မဟုတ် မနောဒွါရကိုလည်းကောင်း,

၂။ ကသိုဏ်းပဋိဘာဂနိမိတ်စသော အာရုံကိုလည်းကောင်း —

ပူးတွဲသိမ်းဆည်းလျက် ရှုပွားသုံးသပ်တော်မူသည်ဟူသော ဥပဒေသ တစ်ရပ်မှာလည်း နာမ်ကမ္မဋ္ဌာန်းကို ရှုပွားလိုသော သာဝကများအတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးထုံးဟောင်းကြီး တစ်ရပ်ပင် ဖြစ်သည်။ ဤ၌ ဝတ္ထုအရ ဒွါရကိုပင် ဆိုလိုပေသည်။ နာမ်တရားတို့သည် ဆိုင်ရာဆိုင်ရာ ဒွါရတို့၌ ဆိုင်ရာဆိုင်ရာ အာရုံတို့က ရှေးရှု ကျရောက်ခြင်းကြောင့် (= ထင်ခြင်းသို့ ရောက်ရှိခြင်းကြောင့်) ဖြစ်ပေါ်လာကြ၏။

**အနီးကပ်ဆုံးသော အတိတ်**

ဤအရာဝယ် အတိတ်ရှုမှုနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်း တင်ပြအပ်ပါသည်။

၁။ ဤ၌ အရှုခံ နာမ်တရားတို့မှာ သမာပတ် (၈)ပါး အတွင်း၌ တည်ရှိ ကြသော ဈာနဓမ္မအမည်ရသည့် နာမ်တရားစုတို့ ဖြစ်ကြ၏။

၂။ ရှုတတ်သော ဝိပဿနာဉာဏ်မှာ —


©shwehinthar.com

**သဗ္ဗောပိ ပနေသ ပဘေဒေါ မနောဒွါရိကဇဝနေယေဝ လဗ္ဘတိ။**

(အဘိ၊ဋ္ဌ၊၂၊၃၈၈။)

ဤ အထက်ပါ သမ္မောဟဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်း ဖွင့်ဆိုချက်အရ —

(က) ပုထုဇန်နှင့် သေက္ခ အရိယာသူတော်ကောင်းတို့၏ သန္တာန်၌ မဟာကုသိုလ် မနောဒွါရိကဇောဝီထိစိတ်အစဉ် ဖြစ်၍,

(ခ) အသေက္ခ (= ရဟန္တာ)အရှင်မြတ်တို့၏ သန္တာန်၌ မဟာကြိယာ မနောဒွါရိကဇောဝီထိစိတ်အစဉ်များ ဖြစ်ကြ၏။

ယခုကဲ့သို့ ဈာန်နာမ်တရားတို့ကို ဝိပဿနာရှုရာဝယ် အရှုခံနာမ်တရား တို့မှာ ဈာနသမာပတ်တရားတို့ ဖြစ်ခြင်းကြောင့် **မဟဂ္ဂုတ်**တရားတို့ ဖြစ်ကြ၏။ ရှုတတ်သော ဝိပဿနာဉာဏ်မှာ မဟာကုသိုလ် (မဟာကြိယာ) ဖြစ်၍ ကာမာ-ဝစရတရားများ ဖြစ်ကြ၏။ မဟဂ္ဂုတ်တရားနှင့် ကာမာဝစရတရားတို့သည် တစ်နည်းဆိုရသော် မဟဂ္ဂုတ်ဇောနှင့် ကာမဇောတို့သည် စိတ္တက္ခဏတစ်ခု အတွင်း၌လည်း အတူယှဉ်တွဲ၍ ဖြစ်နိုင်သည့် စွမ်းအား မရှိကြပေ။ (မဂ္ဂဝီထိက လွဲလျှင်) အာဝဇ္ဇန်းတစ်ခုသာရှိသည့် ဇောဝီထိစိတ်အစဉ် တစ်ခုအတွင်း၌လည်း မတူကွဲပြားသည့် အာရုံတို့ကို အသီးအသီး အာရုံပြု၍ အတူယှဉ်တွဲ ဖြစ်နိုင်သည့် စွမ်းအားလည်း မရှိကြပေ။ အာရုံချင်း မတူညီသောကြောင့် ဖြစ်၏။

ဤ၌ ဈာနဓမ္မအမည်ရသည့် မဟဂ္ဂုတ်တရားတို့ကား ကသိုဏ်းပဋိဘာဂနိမိတ်, အာနာပါနပဋိဘာဂနိမိတ်စသော သမထနိမိတ်တို့ကို အာရုံ ပြုကြ၏။ ဝိပဿနာဇောတို့ကား ယင်းဈာနသမာပတ်တို့၏ အတွင်း၌ တည်ရှိကြသော ဈာနဓမ္မနာမ်တရားစုတို့ကို အာရုံပြုကြ၏။ ဝီထိစိတ်အစဉ်တစ်ခု အတွင်း၌လည်း အာဝဇ္ဇန်း (= အာရုံကို ဆင်ခြင်သော စိတ်)သည် တစ်မျိုးသာ ရှိ၏။ တစ်ခုတည်းသော အာဝဇ္ဇန်းက —

၁။ ကသိုဏ်းပဋိဘာဂနိမိတ် သို့မဟုတ် အာနာပါနပဋိဘာဂနိမိတ်စသော သမထနိမိတ်ကိုလည်းကောင်း,

၂။ ယင်း နိမိတ်တို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဈာနဓမ္မ နာမ်တရားစုတို့ကိုလည်းကောင်း —

ဤအာရုံ နှစ်မျိုးလုံးကိုကား တစ်ပြိုင်နက်တည်း အာရုံ မပြုနိုင်။ ဇောတို့မည်သည် အာဝဇ္ဇန်းနှင့် ကင်း၍ ဖြစ်သည့် ထုံးမှာ နိရောဓသမာပတ်မှ အထ၌သာ ရှိ၏။ ကျန် အရာဌာနတို့၌ အာဝဇ္ဇန်းနှင့် ကင်း၍ ဖြစ်ရိုး ဓမ္မတာကား မရှိပေ။ သို့အတွက် အထက်တွင် ဥပရိပဏ္ဏာသအဋ္ဌကထာက ရှင်းပြသည့်အတိုင်း —

၁။ အရှုခံ နာမ်တရားနှင့်
၂။ ရှုတတ်သည့် နာမ်တရားတို့မှာ —

စိတ္တက္ခဏ တစ်ခုအတွင်း၌ သို့မဟုတ် ဇောဝီထိစဉ် တစ်ခုအတွင်း၌ ပြိုင်တူ ဖြစ်ကြသော တရားတို့ကား မဟုတ်ကြပေ။ ဈာနသမာပတ္တိဝီထိစဉ် တစ်ခုအတွင်း၌ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုအမည်ရသော ကာမဇော-များနောင်၌ ပထမဈာန်စသော မဟဂ္ဂုတ်တရားများ ဖြစ်ကြသည်ကား မှန်၏။ သို့သော် ယင်း ဈာနသမာပတ္တိဝီထိစဉ် တစ်ခုအတွင်း၌ တည်ရှိကြသော ကာမဇောနှင့် မဟဂ္ဂုတ်ဇောတို့ကား ကသိုဏ်းပညတ် စသော တူညီသော သမထနိမိတ်ကိုသာ အာရုံပြုကြပေသည်။ အာရုံ ကွဲပြားမှုကား မရှိပေ။

သို့အတွက် ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန်သော ဈာနသမာပတ်တရားများသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားဖြစ်နေကြချိန်ဝယ် ရှုတတ်သော ဝိပဿနာဉာဏ် ပြဓာန်းသော မဟာကုသိုလ် (မဟာကြိယာ) မနောဒွါရိကဇောဝီထိစိတ်အစဉ်များသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား မဖြစ်ကြသေးကုန်။ ရှုတတ်သော ဝိပဿနာဉာဏ် ပြဓာန်းသော မဟာကုသိုလ် (မဟာကြိယာ) မနောဒွါရိကဇောဝီထိစိတ်အစဉ်များသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား ဖြစ်ပေါ်လာကြသော အချိန်အခါ၌လည်း အရှုခံနာမ်တရားများ ဖြစ်ကြသည့် ဈာနဓမ္မ (= ဈာန သမာပတ်) နာမ်တရားစုတို့သည် ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှား မရှိကြ တော့ပြီ ဖြစ်ကုန်၏။ သို့အတွက် ဘုရားရှင်က —

**သော တာယ သမာပတ္တိယာ သတော ဝုဋ္ဌဟတိ၊ သော တာယ သမာပတ္တိယာ သတော ဝုဋ္ဌဟိတွာ ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ၊ တေ ဓမ္မေ သမနုပဿတိ “ဧဝံ ကိရမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ”တိ။**

(မ၊၃၊၇၈။)

= ထို သာရိပုတ္တရာသည် ထိုနေဝသညာနာသညာယတနသမာပတ်မှ သတိ ပညာနှင့် ပြည့်စုံ၍ ထ၏။ ထို သာရိပုတ္တရာသည် ထိုနေဝသညာနာသညာယတနသမာပတ်မှ သတိ ပညာနှင့် ပြည့်စုံ၍ ထပြီးလျှင် လွန်ကုန်ပြီး ချုပ်ကုန်ပြီး ဖောက်ပြန်ပျက်စီးကုန်ပြီးသော နေဝသညာနာသညာယတနဈာနစမ္ပ နာမ်တရားစုတို့ကို — "ဤသို့လျှင် ဤဈာနစမ္ပ နာမ်တရားစုတို့သည် ရှေးက ထင်ရှား မရှိကြကုန်ဘဲ ယခုမှ ရုတ်ခြည်း အသစ် ဖြစ်ပေါ်လာကြကုန်၏၊ ဖြစ်ပြီးလျှင် ရုတ်ခြည်း ချုပ်ပျက်ကုန်၏"ဟု ယင်းဈာနစမ္ပ နာမ်တရားစု တို့ကို ပေါင်းစုခြုံငုံလျက် အပေါင်းအစုအားဖြင့် (ကလာပသမ္မ-သနနည်း အားဖြင့်) ဝိပဿနာ ရှု၏။

ဤသို့ စသည်ဖြင့် ဟောကြားထားတော်မူခြင်း ဖြစ်ပေသည်။ ဤ ရှုကွက်မှာ အနီးကပ်ဆုံးသော ချုပ်ပျက်ကုန်ပြီးသော အတိတ်တရားစုတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှု၍ရနိုင်သည်ဟူသော ကျောက်စာတိုင်ကဲ့သို့ လှုပ်ရှား၍ မရနိုင်လောက်-အောင် မြဲခိုင်လှသည့် ရှေးဟောင်းထုံးကြီး တစ်ရပ်, ဥပဒေသ တစ်ရပ်ပင် ဖြစ်ပေသည်။ ကျောက်ထီးတန္တု အလေးဂရုပြုထိုက်သည့် ဘုရားဟော ဗုဒ္ဓပါဝစနကြီးပင် ဖြစ်ပေသည်။

**ကာမာဝစရနာမ်တရားတို့ကိုလည်း ဝိပဿနာရှုရန်**

ဈာန်နာမ်တရားတို့ကိုသာ သိမ်းဆည်းကာ ဝိပဿနာရှုရသည် မဟုတ်သေး၊ ကာမာဝစရ နာမ်တရားတို့ကိုလည်း ဝိပဿနာရှုရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက (ဝိသုဒ္ဓိ၊၂၊၂၅၂-၂၅၃။) ဤသို့လည်း ဖွင့်ဆိုထားပေသည်။

တစ်ဖန် ရုပ်တရားကို လက္ခဏာယာဉ် တင်၍ ဝိပဿနာ ရှုပွားသုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ရုပ်တရား၏ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကို ရှုအပ်သကဲ့သို့ အလားတူပင် နာမ်တရားကိုလည်း လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် နာမ်တရား၏ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကိုလည်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရမည်သာ ဖြစ်သည်။ ထိုနာမ်တရား၏ ဖြစ်ခြင်း (= နိဗ္ဗတ္တိလက္ခဏာ)ကိုလည်း (လောကုတ္တရာတရားများ၏ ဝိပဿနာဉာဏ်၏ အရှုခံ အာရုံ မဟုတ်ကြသဖြင့် ဝိပဿနာရှုပွားရမည့် အရာမဟုတ်-သောကြောင့်) (၈၁)မျိုးသော လောကီစိတ္တုပ္ပါဒ် (= လောကီ စိတ်စေတသိက်)၏ အစွမ်းဖြင့်သာလျှင် ဝိပဿနာ ရှုပွားသုံးသပ်အပ်ပေသည်။ ဤလောကီစိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် ရှုပွားသုံးသပ်ရသော ဝိပဿနာဟူသည် အဘယ်နည်း ဟူမူကား အကျယ်မှာ ဤသို့ဖြစ်၏။

ဤ နာမ်တရားတို့မည်သည်ကား ရှေးဘဝ၌ အားထုတ်အပ်သော ကံ၏ အစွမ်းဖြင့် ပဋိသန္ဓေအခါ၌ (၁၉)မျိုးသော ပဋိသန္ဓေစိတ်တို့တွင် တစ်မျိုးမျိုးသော စိတ်သည် ဘဝတစ်ခုဝယ် ပဋိသန္ဓေစိတ် အဖြစ်ဖြင့် စတင်၍ ဖြစ်ပေါ် လာ၏။ ဖြစ်ပေါ်လာပုံ အခြင်းအရာကို ပဋိစ္စသမုပ္ပါဒ်ပိုင်း (ဝိသုဒ္ဓိ၊၂၊၁၇၇-၁၉၂) တွင် ရှင်းလင်းတင်ပြသည့်အတိုင်းသာ သိရှိပါလေ။ ထိုပဋိသန္ဓေစိတ်သည် ပင်လျှင် ယင်းပဋိသန္ဓေစိတ္တက္ခဏ၏ အခြားမဲ့ဖြစ်သော စိတ်မှ စ၍ ဘဝင်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ အသက်၏ အဆုံး၌ စုတိ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ အကယ်၍ ထိုပဋိသန္ဓေစိတ်သည် ကာမာဝစရစိတ် ဖြစ်အံ့၊ ထိုကာမာဝစရ ပဋိသန္ဓေစိတ် (၁၀)မျိုးသည် ဒွါရ (၆)ပါးတို့၌ အားရှိသော (= ဗလဝ) အာရုံ၌ တဒါရုံ၏ အစွမ်းဖြင့် (= ဇောယူသည့် အာရုံကိုပင် ဆက်လက်ယူတတ်သည့် တဒါရုံစိတ်၏ အစွမ်းဖြင့်) ဖြစ်ပေါ်လာ၏။

တစ်ဖန် ပဝတ္တိအခါဝယ် ဖြစ်ပုံအခြင်းအရာကို ဤသို့ ဆက်လက် ဖွင့်ဆို ထားပြန်၏။

ပဝတ္တေ ပန အသမ္ဘိန္နတ္တာ စက္ခုဿ အာပါထဂတတ္တာ ရူပါနံ အာလောကသန္နိဿိတံ မနသိကာရဟေတုကံ စက္ခုဝိညာဏံ နိဗ္ဗတ္တတိ သဒ္ဓိံ သမ္ပယုတ္တဓမ္မေဟိ။ စက္ခုပသာဒဿ ဟိ ဌိတိက္ခဏေ ဌိတိပ္ပတ္တမေဝ ရူပံ စက္ခုံ ဃဋ္ဋေတိ။ တသ္မိံ ဃဋ္ဋိတေ ဒွိက္ခတ္တုံ ဘဝင်္ဂံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတော တသ္မိံယေဝ အာရမ္မဏေ ကိရိယမနောဓာတု အာဝဇ္ဇနကိစ္စံ သာဓယမာနာ ဥပ္ပဇ္ဇတိ။ တဒနန္တရံ တဒေဝ ရူပံ ပဿမာနံ ကုသလဝိပါကံ အကုသလဝိပါကံ ဝါ စက္ခုဝိညာဏံ။ တတော တဒေဝ ရူပံ သမ္ပဋိစ္ဆမာနာ ဝိပါကမနောဓာတု။ တတော တဒေဝ ရူပံ သန္တီရယမာနာ ဝိပါကာဟေတုကမနောဝိညာဏဓာတု။ တတော တဒေဝ ရူပံ ဝဝတ္ထာပယမာနာ ကိရိယာဟေတုကမနောဝိညာဏ-ဓာတု ဥပေက္ခာသဟဂတာ။ တတော ပရံ ကာမာဝစရကုသလာကုသလကိရိယစိတ္တေသု ဧကံ ဝါ


©shwehinthar.com

ဥပေက္ခာသဟဂတာဟေတုကံ စိတ္တံ ပဉ္စ သတ္တ ဝါ ဇဝနာနိ။ တတော ကာမာဝစရသတ္တာနံ ဇကောဒသသု တဒါရမ္မဏ-စိတ္တေသု ဇဝနာနုရူပံ ယံကိဉ္စိ တဒါရမ္မဏန္တိ။ ဧသ နယော သေသဒွါရေသုပိ။ မနောဒွါရေ ပန မဟဂ္ဂတစိတ္တာနိပိ ဥပ္ပဇ္ဇန္တီတိ။ ဧဝံ ဆသု ဒွါရေသု **အရူပဿ နိဗ္ဗတ္တိ** ပဿိတဗ္ဗာ။ (ဝိသုဒ္ဓိ၊၂၊၂၅၂-၂၅၃။)

= တစ်ဖန် ပဝတ္တိအခါဝယ် စက္ခုပသာဒ မပျက်စီးသေးသည့် သတ္တဝါတို့ သန္တာန်ဝယ် စက္ခုပသာဒ၏ မပျက်စီးသေးသည်၏ အဖြစ်ကြောင့် စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရစသော အကြောင်းတရားများကို အစွဲပြု၍ ဌီကာလသို့ ရောက်ရှိနေသော ရူပါရုံက ဌီကာလသို့ ရောက်ရှိနေသော စက္ခုပသာဒနှင့် အိမ်ရှင် ဘဝင်အကြည်ဓာတ် (= မနောဒွါရ)တို့ကို ပြိုင်တူ ရိုက်ခတ်သောအခါ အာလောက (= အလင်းရောင်)ကို မှီသော, မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်းစိတ္တုပ္ပါဒ်)လျှင် အကြောင်းရင်း ရှိသော စက္ခုဝိညာဏ်စိတ်သည် ယှဉ်ဖက် စေတသိက် (= သမ္ပယုတ်တရား)တို့နှင့် အတူ တကွ ဖြစ်ပေါ်၍လာ၏။

ချဲ့၍ ဆိုဦးအံ့ — စက္ခုပသာဒ၏ ဌီခဏ၌ ဌီခဏသို့ ရောက်သည်သာ လျှင်ဖြစ်သော ရူပါရုံသည် စက္ခုပသာဒကို (= စက္ခုအကြည်ဓာတ်နှင့် ဘဝင်မနောအကြည်ဓာတ်ကို) ထိခိုက်မိ၏။ ထိုရူပါရုံသည် စက္ခုဒွါရ မနောဒွါရ၌ ထိခိုက်သည်ရှိသော် ဘဝင်နှစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထိုဘဝင် ချုပ်သည်မှ နောက်ကာလ၌ ထိုရူပါရုံ၌ပင်လျှင် (= ထိုရူပါရုံကို အာရုံပြု၍ပင်လျှင်) ကိရိယာမနောဓာတ် အမည်ရသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရူပါရုံကို ဆင်ခြင်ခြင်း ကိစ္စကို ပြီးစေလျက် ယှဉ်ဖက် သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။ ထို ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထိုရူပါရုံကိုပင် မြင်သိ-တတ်သော, (ယင်း ရူပါရုံသည် ဣဋ္ဌာရုံ ဖြစ်သော်) ကုသလဝိပါက်မူလည်း ဖြစ်သော, (ယင်းရူပါရုံသည် အနိဋ္ဌာရုံ ဖြစ်သော်) အကုသလဝိပါက်မူလည်း ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်-လာ၏။ ထိုသို့ စက္ခုဝိညာဏ်စိတ် ဖြစ်သည်မှ နောက်ကာလ၌ ထို ရူပါရုံကိုပင်လျှင် ခံလင့်သကဲ့သို့သော ဝိပါက်မနောဓာတ် အမည်ရသော (ကုသလဝိပါက် သို့မဟုတ် အကုသလဝိပါက်) သမ္ပဋိစ္ဆိုင်းစိတ်သည် သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။ ထိုသမ္ပဋိစ္ဆိုင်းစိတ် ဖြစ်သည်မှ နောက်ကာလ၌ ထိုရူပါရုံကိုပင်လျှင် စုံစမ်းလင့်သကဲ့သို့သော (ကုသလဝိပါက် သို့မဟုတ် အကုသလဝိပါက် ဖြစ်သော) ဝိပါက် အဟိတ် မနောဝိညာဏ ဓာတ်အမည်ရသော သန္တီရဏစိတ်သည် ဖြစ်ပေါ်လာ၏။ ထို သန္တီရဏစိတ် ဖြစ်သည်မှ နောက်ကာလ၌ ထိုရူပါရုံကိုပင်လျှင် ဣဋ္ဌ သို့မဟုတ် အနိဋ္ဌ စသည်ဖြင့် ပိုင်းခြားမှတ်သား ဆုံးဖြတ်လင့်သကဲ့သို့သော ကြိယာ အဟိတ် မနောဝိညာဏဓာတ်အမည်ရသော ဥပေက္ခာသဟဂုတ် ဝုဋ္ဌောစိတ်သည် ဖြစ်ပေါ်လာ၏။ ထို ဝုဋ္ဌောစိတ် ဖြစ်သည်မှ နောက်ကာလ၌ ကာမာဝစရ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့တွင် တစ်မျိုးမျိုးသော စိတ်သည် (ယောနိသောမနသိကာရ, အယောနိသော-မနသိကာရအားလျော်စွာ) ငါးကြိမ် သော်လည်းကောင်း, ခုနစ်ကြိမ်သော်လည်းကောင်း ဇောကိစ္စကို ဆောင်ရွက် ကုန်သည် ဖြစ်၍ ဖြစ်ပေါ်လာ၏။ တစ်ကြိမ်သော မနောဒွါရာဝဇ္ဇန်း (= ဝုဋ္ဌော) စိတ်သည်သော်မူလည်း ဇောအရာ၌ ဖြစ်ပေါ်လာတတ်၏။ [ဇော မစော တော့ဘဲ ဝုဋ္ဌောစိတ် (= မနောဒွါရာဝဇ္ဇန်းစိတ်) နှစ်ကြိမ် ဖြစ်မှုကို ရည်ရွယ်၍ မိန့်ဆိုခြင်း ဖြစ်သည်။] ထိုဇောစိတ် ချုပ်သည်မှ နောက်ကာလ၌ ကာမာဝစရသတ္တဝါတို့၏ သန္တာန်ဝယ် (၁၁)မျိုးကုန်သော တဒါရုံစိတ်တို့တွင် (ဇောအားလည်းကောင်း အာရုံအားလည်းကောင်း လျော်စွာ) အမှတ်မရှိ တစ်မျိုးမျိုး သော တဒါရုံစိတ်-သည် ဖြစ်ပေါ်လာ၏။ **ဤသို့ ဖြစ်ပေါ်လာသော ဝီထိစိတ် အစဉ်များကို သမ္ပယုတ်တရားတို့နှင့် အတူတကွ ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါ။**

စက္ခုဒွါရမှ ကြွင်းကုန်သော သောတဒွါရစသည့် ပဉ္စဒွါရတို့၌လည်း ဤနည်းကို သိရှိပါလေ။ မနောဒွါရ၌ကား ဇောအရာဝယ် ကာမဇောတို့တွင်သာမက မဟဂ္ဂုတ်ဇောတို့သည်လည်း ဖြစ်နိုင်ကြကုန်၏။ ယောဂါဝစရပုဂ္ဂိုလ် သည် ဤသို့လျှင် ဒွါရ ခြောက်ပါးတို့၌ နာမ်တရား၏ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါ။ (ဝိသုဒ္ဓိ၊၂၊၂၅၂-၂၅၃။)

အလားတူပင် (ဒီ၊ဋ္ဌ၊၁၊၁၇၄။ မ၊ဋ္ဌ၊၁၊၂၆၆-၂၆၇။ သံ၊ဋ္ဌ၊၃၊၂၂၆-၂၂၇။ အဘိ၊ဋ္ဌ၊၂၊ ၃၄၁။) တို့၌လည်း စက္ခုဒွါရဝီထိ စသည့် နာမ်တရားစုတို့ကို ထိုကဲ့သို့ပင် သိမ်းဆည်းရန် ညွှန်ကြားထားပေသည်။

**ဒွါရနေ့စ်ပါး၌ ထင်ပုံ**


©shwehinthar.com

တတ္ထ ဧကေကံ အာရမ္မဏံ ဒွိသု ဒွိသု ဒွါရေသု အာပါထမာဂစ္ဆတိ။ ရူပါရမ္မဏဉှိ စက္ခုပသာဒံ ယဋ္ဋေတွာ တင်္ခဏညေဝ မနောဒွါရေ အာပါထမာဂစ္ဆတိ၊ ဘဝင်္ဂစလနဿ ပစ္စယော ဟောတီတိ အတ္ထော။ သဒ္ဒ-ဂန္ဓ-ရသ- ဖောဋ္ဌဗ္ဗာရမ္မဏေသုပိ ဧသေဝ နယော။ (အဘိ၊ဋ္ဌ၊၁၊၁၁၄။)

= ရူပါရုံ စသည့် အာရုံငါးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံသည် နှစ်မျိုး နှစ်မျိုးကုန်သော ဒွါရတို့၌ ထင်ခြင်းသို့ ရောက်၏။ မှန်ပေသည် — ရူပါရုံသည် စက္ခုပသာဒ (= စက္ခုဒွါရ)ကို ထိခိုက်ပြီးသော် ထိုခဏ၌ပင်လျှင် မနောဒွါရ၌ ထင်ခြင်းသို့ ရောက်၏။ **ဘဝင်္ဂစလန** (= ဘဝင်လှုပ်ခြင်း)၏ အကြောင်းတရား ဖြစ်၏ဟု ဆိုလို၏။ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌လည်း ဤနည်းပင် တည်း။ (အဘိ၊ဋ္ဌ၊၁၊၁၁၄။)

**မနောဒွါရနှင့် ဟဒယဝတ္ထု**

**မနောတိ ဘဝင်္ဂစိတ္တံ။** (သံ၊ဋ္ဌ၊၃၊၅။)

**မနောတိ သဟာဝဇ္ဇနေန ဘဝင်္ဂံ ဒဋ္ဌဗ္ဗံ။** (သံ၊ဋ္ဌ၊၃၊၅။)

မနောဒွါရံ **နာမ သာဝဇ္ဇနံ ဘဝင်္ဂံ၊ တဿ နိဿယဘာဝတော ဟဒယဝတ္ထုံ သန္ဓာယ နိဿိတဝေါဟာရေန "မနောဒွါရေ"တိ ဝုတ္တံ၊ ယတ္ထ မနောဒွါရုပ္ပတ္တိ။** (မဟာဋီ၊၂၊၄၁၀။)

ဤ အထက်ပါ ဖွင့်ဆိုချက်များနှင့် အညီ —

၁။ ဘဝင်မနောအကြည်ဓာတ်သည်လည်း မနောဒွါရ မည်၏။

၂။ မနောဒွါရာဝဇ္ဇန်းနှင့် တကွသော ဘဝင်မနောအကြည်ဓာတ်သည်လည်း မနောဒွါရ မည်၏။

၃။ ဟဒယဝတ္ထုရုပ်သည်လည်း ဌာနူပစာရအားဖြင့် မနောဒွါရ မည်၏။

**ဌာနူပစာရ** — ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၂၅၉)၌ မနောဒွါရ၌ ရုပ် (၅၄)မျိုးတို့ ရှိကြောင်းကို ဖွင့်ဆိုထား၏။ ယင်းသို့ ဖွင့်ဆိုတော် မူချက်နှင့် ပတ်သက်၍ မဟာဋီကာဆရာတော်က — မနောဒွါရအမည်ရသော မနောဒွါရာဝဇ္ဇန်းနှင့် တကွသော ဘဝင်စိတ်၏ မှီရာဖြစ်သောကြောင့် ဟဒယ ဝတ္ထုကို ရည်ရွယ်၍ မှီတတ်သော ဘဝင်မနောအကြည်ဓာတ်၏ ဝေါဟာရဖြင့် တစ်နည်း မှီတတ်သော ဘဝင်မနောအကြည်ဓာတ်နှင့် အာဝဇ္ဇန်းတို့၏ ဝေါဟာရဖြင့် "မနောဒွါရ"ဟု ဖွင့်ဆိုခြင်း ဖြစ်သည်။ ယင်းဟဒယဝတ္ထု၌ မနော ဒွါရကား မှီ၍ ဖြစ်ပေသည် — ဟု ဖွင့်ဆိုထားပေသည်။ (မဟာဋီ၊၂၊၄၁၀။)

ဌာနီ ဖြစ်သော ဘဝင်မနောအကြည်ဓာတ်၏ မနောဒွါရ ဟူသော အမည်ကို တစ်နည်း ဌာနီဖြစ်သော မနောဒွါရာဝဇ္ဇန်းနှင့် တကွသော ဘဝင်မနောအကြည်ဓာတ်၏ မနောဒွါရဟူသော အမည်ကို ဟဒယဝတ္ထု၌ တင်စား၍ ဌာနဖြစ်သော ဟဒယဝတ္ထုကိုလည်း ဌာနူပစာရအားဖြင့် မနောဒွါရဟု ခေါ်ဝေါ်သုံးစွဲထားသည်ဟု ဆိုလိုပေသည်။

**ဒွါရနှင့် အာရုံကို ပူးတွဲသိမ်းဆည်းပါ**

ဤအထက်တွင် တင်ပြထားသော အရပ်ရပ်သော စည်းမျဉ်းဥပဒေသများ ညွှန်ကြားချက်များနှင့် အညီ နာမ်ကမ္မဋ္ဌာန်းကို အားသစ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် နာမ်တရားတို့ကို သိမ်းဆည်းရာ၌ ဤသို့ လိုက်နာပြုကျင့်ပါ။

စက္ခုဒွါရဝီထိ နာမ်တရားစုတို့ကို သိမ်းဆည်းရှုပွားလိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် —

၁။ စက္ခုဒွါရနှင့် မနောဒွါရကို ပူးတွဲ သိမ်းဆည်းပါ။

၂။ မိမိရှုပွားလိုသည့် ရုပ်တရားတို့၏ ရူပါရုံအရောင်ကို လှမ်း၍ အာရုံယူပါ။

၃။ ယင်းရူပါရုံအရောင်က စက္ခုဒွါရ မနောဒွါရတို့၌ ရှေးရှုရိုက်ခတ်လာသော အခါ, ထင်လာသောအခါ —

ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော (၇)ကြိမ်, တဒါရုံ (၂)ကြိမ်ဟူသော ဝီထိစိတ်တို့ကို ယှဉ်ဖက် သမ္ပယုတ်တရား တို့နှင့် အတူတကွ သိမ်းဆည်းပါ၊ သောတဒွါရ စသည်တို့၌လည်း နည်းမှီ၍ သဘော- ပေါက်ပါ။

အထက်တွင် တင်ပြခဲ့သော အဋ္ဌသာလိနီအဋ္ဌကထာ၏ ညွှန်ကြားချက် အရ ကာမာဝစရ နာမ်တရားတို့ကို သိမ်းဆည်းရာ၌ **"တံ ရူပံ အာရမ္မဏံ ကတွာ ဉပ္ပန္နံ . . .** (အဘိ၊ဋ္ဌ၊၁၊၂၇၁။) စသည်ဖြင့် ညွှန်ကြားထားတော်မူ သည့်အတွက် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံအမည် ရသည့် ပသာဒရုပ် သုခုမရုပ်တို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြ-ကုန်သော နာမ်တရားတို့ကို ဦးစားပေးကာ သိမ်းဆည်းရမည် ဖြစ်ပေသည်။

ဓမ္မာရုံအမည်ရသည့် ရုပ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန် သော မနောဒွါရဝီထိ နာမ်တရားစုတို့ကို သိမ်းဆည်းလိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် —

၁။ ဘဝင်မနောအကြည်ဓာတ် (= မနောဒွါရ) ကိုလည်းကောင်း,

၂။ မိမိ ရှုပွားလိုသည့် အာရုံရုပ်ကိုလည်းကောင်း (= ပသာဒရုပ် သုခုမရုပ် တို့တွင် တစ်မျိုးမျိုးသော ရုပ်ကိုလည်းကောင်း)

ပူးတွဲသိမ်းဆည်းလျက် ယင်းရုပ်တရားကို အာရုံပြု၍ ဘဝင်မနော အကြည်ဓာတ်ကို အစွဲပြု၍ ယောနိ-သောမနသိကာရ သို့မဟုတ် အယော နိသောမနသိကာရအားလျော်စွာ ဖြစ်ပေါ်လာကြကုန်သော မနောဒွါရိက ဇောဝီထိစိတ်အစဉ်တို့ကို ယှဉ်ဖက်သမ္ပယုတ်တရားတို့နှင့် အတူတကွ သိမ်းဆည်းပါ။

အကယ်၍ ဈာန်သမာပတ်တရား (= ဈာနဓမ္မ) တို့ကို သိမ်းဆည်း ရှုပွားလိုသည်ဖြစ်အံ့၊ ရှေးဦးစွာ မိမိရှုလိုသည့် ဈာန်ကို ဝင်စားပြီးလျှင် ဈာန်မှ ထကာ —

၁။ ဘဝင်မနောအကြည်ဓာတ် (= မနောဒွါရ) ကိုလည်းကောင်း,

၂။ မိမိ ရှုပွားလိုသည့် ပထဝီကသိုဏ်းပဋိဘာဂနိမိတ် စသည့် သမထနိမိတ် တစ်ခုခုကိုလည်းကောင်း

ပူးတွဲသိမ်းဆည်းကာ ဈာနဓမ္မနာမ်တရားစုတို့ကို သိမ်းဆည်းရှုပွားရမည် ဖြစ်သည်။ ယင်းသမထနိမိတ်က ဘဝင်မနောအကြည်ဓာတ်၌ ထင်လာသော အခါ ယင်းဈာန်နာမ်တရားတို့ကို သိမ်းဆည်းပါဟု ဆိုလိုသည်။

## အာယတနဒွါရအလိုက် သိမ်းဆည်းပါ

ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဟူသော ဒွါရ သုံးပါးကို ကမ္မဒွါရဟု ခေါ်ဆို၍ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ ဟူသော ဒွါရ (၆)ပါးကို အာယတနဒွါရဟု ခေါ်ဆိုပေသည်။ (မဟာဋီ၊၂၊၄၁၀။)

နာမ်တရားတို့ကို သိမ်းဆည်းလိုသော ဉာဏ်ဖြင့် ပိုင်းခြားယူလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် နာမ်တရားတို့ကို မှီရာဝတ္ထုအလိုက် သိမ်းဆည်းခြင်းမှာ ရောယှက်ရှုပ်ထွေးခြင်း ရှိသဖြင့် အာယတနဒွါရအလိုက် နာမ်တရား တို့ကို သိမ်းဆည်းရန် အဋ္ဌကထာများက (ဝိသုဒ္ဓိ၊၂၊၂၂၃။ အဘိ၊ဋ္ဌ၊၂၊၂၄၁။ မဟာဋီ၊ ၂၊၃၅၂။) ညွှန်ကြားထားတော်မူကြ၏။

ဝတ္ထုရုပ် (၆)မျိုးတို့တွင် ဟဒယဝတ္ထုကား အာရုံ (၆)ပါးလုံးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော, ပဉ္စဝိညာဏ်မှ တစ်ပါးကုန်သော မနောဓာတ် မနောဝိညာဏဓာတ် အမည်ရကြသည့် ဝီထိစိတ်တို့၏ မှီ၍ ဖြစ်ရာ ဝတ္ထုရုပ်လည်း ဖြစ်၏။ ပဋိသန္ဓေ, ဘဝင်, စုတိဟူသော ဝီထိမုတ် စိတ်တို့၏ မှီ၍ဖြစ်ရာ ဝတ္ထုရုပ်လည်း ဖြစ်၏။ သို့ဖြစ်၍ မှီရာဝတ္ထုအလိုက် နာမ်တရားတို့ကို သိမ်းဆည်းရှုပွားခဲ့သော် အာရုံ (၆)ပါးလုံးကို ထိုက်သလို အာရုံပြုနေကြသည့် သိနေကြသည့် ဝီထိစိတ်တို့သည် ဟဒယဝတ္ထု၌ မှီ၍ ဖြစ်နေကြသဖြင့် ရောယှက်ရှုပ်ထွေးမှုကား ရှိနေ၏။ ထို့ကြောင့် ထိုသို့ ရောယှက်ရှုပ်ထွေးမှု ကင်းစေရန် စက္ခုဒွါရ, သောတဒွါရစသော အာယတန ဒွါရအလိုက် ဝီထိစိတ်အစဉ်ဟူသော စိတ္တနိယာမလမ်းကြောင်းအတိုင်း သိမ်းဆည်းရှုပွားရန် အဋ္ဌကထာများက ညွှန်ကြားထားတော်မူခြင်း ဖြစ်သည်။

## ရှိသေစွာ လိုက်နာရမည့် စည်းကမ်းတစ်ရပ်

ထိုသို့ အာယတနဒွါရအလိုက် နာမ်တရားတို့ကို သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ ယင်းအာယတနဒွါရ အမည်ရသည့် ရုပ်တရားတို့ကိုလည်းကောင်း, အာရုံရုပ်တရားတို့ကိုလည်းကောင်း . . ကောင်းမွန်စင်ကြယ်စွာ သိမ်းဆည်းထားပြီး ဉာဏ်ဖြင့် ပိုင်းခြားယူထားပြီး ဖြစ်ရမည်ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အောက်ပါအတိုင်း အလေး အနက် ဖွင့်ဆိုထားပေသည်။


©shwehinthar.com

ယသ္မာ စ ဇဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿေဝ တဿ အရူပဓမ္မာ တီဟာကာရေဟိ ပါကဋာ ဟောန္တိ။ တသ္မာ သုဝိသုဒ္ဓရူပပရိဂ္ဂဟေနေဝ အရူပပရိဂ္ဂဟာယ ယောဂေါ ကာတဗ္ဗော၊ န ဣတရေန။ သစေ ဟိ ဧကသ္မိံ ဝါ ရူပဓမ္မေ ဥပဋ္ဌိတေ ဒွိသု ဝါ ရူပံ ပဟာယ အရူပပရိဂ္ဂဟံ အာရဘတိ၊ ကမ္မဋ္ဌာနတော ပရိဟာယတိ၊ ပထဝီကသိဏဘာဝနာယ ဝုတ္တပ္ပကာရာ ပဗ္ဗတေယျာ ဂါဝီ ဝိယ။ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ ပန အရူပပရိဂ္ဂဟာယ ယောဂံ ကရောတော ကမ္မဋ္ဌာနံ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ ပါပုဏာတိ။

(ဝိသုဒ္ဓိ၊ ၂၊ ၂၂၇။)

= ဤသို့လျှင် ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြား ယူပြီး သိမ်းဆည်းထားပြီးသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်အား သာလျှင် —

၁။ ဖဿက စ၍ နာမ်တရားတို့ ထင်ရှားလာသော နည်း,

၂။ ဝေဒနာက စ၍ နာမ်တရားတို့ ထင်ရှားလာသော နည်း,

၃။ အသိစိတ် ဝိညာဏ်က စ၍ နာမ်တရားတို့ ထင်ရှားလာသော နည်း

ဟူသော နာမ်တရားတို့ကို သိခြင်း၏, နာမ်တရားတို့၏ ဉာဏ်အား ရှေးရှု ထင်ခြင်း၏ အကြောင်းတရား သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အကြောင်း အခြင်းအရာအားဖြင့် နာမ်တရားတို့သည် ထင်ရှားလာကုန်သောကြောင့် ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားကို သိမ်းဆည်းပြီးသော ဉာဏ်ဖြင့် ပိုင်းခြား ယူပြီးသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည်သာလျှင် နာမ်တရားကို သိမ်းဆည်းခြင်းငှာ ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းငှာ ကြိုးစားအားထုတ်ခြင်း လုံ့လ ပယောဂကို ပြုသင့်ပြုထိုက်ပေ၏။ ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားကို မသိမ်းဆည်းရသေးသော ဉာဏ်ဖြင့် ပိုင်းခြားမယူရသေးသော ယောဂါဝစရ ပုဂ္ဂိုလ်သည် နာမ်တရားကို သိမ်းဆည်းခြင်းငှာ ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းငှာ ကြိုးစားအားထုတ်ခြင်း လုံ့လပယောဂကို မပြုသင့် မပြုထိုက်ပေ။ ပြုခဲ့သော် အပြစ်ကား ဤသို့တည်း။ — ရုပ်ဓာတ်တစ်လုံးလောက်, သို့မဟုတ် ရုပ်ဓာတ် နှစ်လုံးလောက် အသိဉာဏ်၌ ထင်လာရုံမျှဖြင့် ရုပ်ကမ္မဋ္ဌာန်းကို (= ရုပ်တရား ကို) သိမ်းဆည်းခြင်း လုပ်ငန်းရပ်ကို စွန့်ပယ်ထားခဲ့၍ နာမ်တရားကို သိမ်းဆည်းခြင်းကို (= ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း ရှုပွားသုံးသပ်ခြင်းကို) အကယ်၍ ကြိုးစားအားထုတ်ခဲ့သည် ဖြစ်ငြားအံ့၊ ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်ပျက်စီးတတ်၏။ ပထဝီကသိုဏ်းဘာဝနာပိုင်း၌ ဖွင့်ဆိုရေးသားအပ်ခဲ့ပြီးသော တောင်၌ ကျက်စားသော မလိမ္မာသော ကျက်စားရာစားကျက်အကြောင်းကို မသိနားမလည်သော နွားမိုက်မကဲ့သို့ ဆုတ်ယုတ်ပျက်စီးတတ်၏။ အလျော်အားဖြင့်ဆိုရမူ ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားကို သိမ်းဆည်းခြင်း ရှိပြီးသည်ဖြစ်၍ နာမ်တရားကို သိမ်းဆည်းခြင်းငှာ ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း ရှုပွားခြင်းငှာ ကြိုးစားအားထုတ်ခြင်း လုံ့လပယောဂကို ပြုလုပ်သော ယောဂါဝစရပုဂ္ဂိုလ်အား ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းသည် မင်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သည့် တိုင်အောင် ကြီးပွားခြင်းသို့, စည်ပင်ခြင်းသို့, ပြန့်ပြောသော အဖြစ်သို့ ရောက်ရှိနိုင်၏။ (ဝိသုဒ္ဓိ၊ ၂၊ ၂၂၇။)

ဘုရားရှင်သည် အင်္ဂုတ္တိုရ်ပါဠိတော် ဂါဝီဥပမာသုတ္တန် (အံ၊ ၃၊ ၂၁၆။)၌ ပထမစျာန် စသည့် အောက်အောက်သော စျာန်ကို ဝသီဘော် ငါးတန် နိုင်နင်းအောင် မလေ့လာအပ်သေးဘဲလျက် ဒုတိယစျာန်စသော အထက်အထက်သော စျာန်ကို ကူးခဲ့သော် ဒုတိယစျာန်စသော အထက်အထက် သော စျာန်မှလည်း လျှောကျတတ်၍ ရရှိပြီးသော ပထမစျာန် စသော အောက်အောက်သော စျာန်သည်လည်း ပျက်စီးတတ်ကြောင်းကို တောင်၌ ကျက်စားသော မလိမ္မာသော နွားမိုက်မကို စံထား၍ ဟောကြားထားတော် မူခဲ့၏။ ဤဥပမာကိုပင် ယူဆောင်၍ ဤ**နာမရူပပရိစ္ဆေဒဉာဏ်ပိုင်း ဒိဋ္ဌိဝိသုဒ္ဓိ စခန်း**၌လည်း အဋ္ဌကထာဆရာတော်က ထပ်မံ ဖွင့်ဆိုတော်မူပြန်သည်။ ဆိုလိုရင်းသဘောတရားကို မဟာဋီကာဆရာတော်က အောက်ပါအတိုင်း ရှင်းလင်းတင်ပြထားပေသည်။

အောက်အောက်ဖြစ်သော စျာန်သည် ကောင်းစွာ ပွားများစေအပ်ပြီး သည်ဖြစ်၍ ဝသီဘော်ငါးတန် နိုင်နင်းသည်၏ အဖြစ်သို့ ရောက်စေအပ်ပြီး သော်သာလျှင် အထက်အထက်ဖြစ်သော စျာန်၏ အခြေပါဒကဖြစ်၍ အထက်အထက်ဖြစ်သော စျာန်ကို ရရှိဖို့ရန် အနီးကပ်ဆုံးသော အကြောင်းတရား ဖြစ်နိုင်၏။ ရအပ်ကာမျှသာဖြစ်သော ဝသီဘော်ငါးတန် နိုင်နင်းခြင်းသို့ ရောက်အောင် ကောင်းစွာ မပွားရသေးသော မလေ့ကျင့်ရသေးသော အောက်အောက်သော စျာန်သည် အထက်အထက်ဖြစ်သော စျာန်၏ အခြေပါဒကလည်း မဖြစ်နိုင်။


©shwehinthar.com

အထက်အထက်ဖြစ်သော စျာန်ကို ရရှိဖို့ရန် အနီးကပ်ဆုံးသော အကြောင်းတရားလည်း မဖြစ်နိုင်။

ဤဥပမာအတူပင်လျှင် ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ်သော ရူပပရိဂ္ဂဟဉာဏ် (= ရူပပရိဂ္ဂဟလုပ်ငန်းရပ်)သည် ကောင်းမွန်စင်ကြယ်သည်ဖြစ်လျက် အရှုပ်အထွေး ကင်းသည်ဖြစ်လျက် ရောယှက်ရှုပ်ထွေးခြင်း မရှိသော်သာလျှင် နာမ်တရားကို ဉာဏ်ဖြင့် ပိုင်းခြား ယူခြင်း သိမ်းဆည်းခြင်း (= အရူပပရိဂ္ဂဟဉာဏ် = အရူပပရိဂ္ဂဟလုပ်ငန်းရပ်) ၏ အခြေပါဒကဖြစ်၍ အနီးကပ်ဆုံးသော အကြောင်းတရားသည် ဖြစ်နိုင်၏။ ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားကို မသိမ်းဆည်းရသေးသဖြင့် မစင်ကြယ် သော ရုပ်တရားကို သိမ်းဆည်းခြင်း (= ရူပပရိဂ္ဂဟလုပ်ငန်းရပ်) သည် နာမ်တရားကို သိမ်းဆည်းဖို့ရန် (= အရူပပရိဂ္ဂဟဉာဏ်ကို ရရှိဖို့ရန်) အနီးကပ် ဆုံးသော အကြောင်းတရားသည် မဖြစ်နိုင်ပေ။

သို့အတွက် ရုပ်တရား နာမ်တရား၏ တစ်စိတ်တစ်ဒေသ တချို့တစ်ဝက် မျှလောက်သော်လည်း အသိဉာဏ်၌ မထင်လာ မမြင်လာသေးသည်ရှိသော် ရုပ်တရားကို သိမ်းဆည်းခြင်း ရူပပရိဂ္ဂဟဉာဏ် (= ရူပပရိဂ္ဂဟလုပ်ငန်းရပ်)နှင့် နာမ်တရားကို သိမ်းဆည်းခြင်း အရူပပရိဂ္ဂဟဉာဏ် (= အရူပပရိဂ္ဂဟ လုပ်ငန်းရပ်)တို့သည် မစင်ကြယ်ကုန်သေးသည်သာလျှင် မည်ကြပေသည်။ များစွာကုန်သော ရုပ်နာမ်ပရမတ်တရားတို့သည် အသိဉာဏ်၌ မထင်လာ မမြင်လာကုန်သည်ရှိသော်ကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်တော့ပါအံ့ နည်း၊ မစင်ကြယ်သည်သာလျှင် ဧကန်ဖြစ်ပေတော့၏ဟု ဤသို့ ထင်ရှား ပြလိုသည် ဖြစ်၍ —

"ရုပ်ဓာတ်တစ်လုံးလောက် အသိဉာဏ်၌ ထင်လာရုံမျှဖြင့်, ရုပ်ဓာတ် နှစ်လုံးလောက် အသိဉာဏ်၌ ထင်လာရုံမျှဖြင့် ရုပ်ကမ္မဋ္ဌာန်းကို (= ရုပ်တရားကို) သိမ်းဆည်းခြင်းလုပ်ငန်းရပ်ကို စွန့်ပယ်ထားခဲ့၍ နာမ်တရားကို သိမ်းဆည်းခြင်းကို အကယ်၍ ကြိုးစားအားထုတ်ခဲ့သည် ဖြစ်ငြားအံ့၊ ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ် ပျက်စီးတတ်၏။"

ဤသို့စသော စကားကို အဋ္ဌကထာဆရာတော်သည် မိန့်ဆိုတော်မူခြင်း ဖြစ်ပေသည်။ (မဟာဋီ၊၂၊၃၅၇။)

မညီညွတ်သော တောင်၌ ကျက်စားလျက်ရှိသော, မလိမ္မာသော, မိမိ၏ ကျက်စားရာ စားကျက်အကြောင်းကို ကောင်းကောင်း တတ်သိနားလည်မှု မရှိသော နွားမိုက်မသည် မရောက်ဖူးသေးသော အရပ်သို့ ရောက်ရှိရန်, မသောက်ဖူး-သေးသော ရေကန်အတွင်းမှ ရေကို သောက်သုံးရန်, မစားဖူးသေးသော ရေကန်ဝန်းကျင်ရှိ စိမ်းလန်းစိုပြည်သည့် မြက် သစ်ရွက်နုတို့ကို စားသုံးရန်ဟူသော ဦးတည်ချက်ဖြင့် မညီညာသော တောင်ပေါ်မှ ဆင်းသက် သောအခါ ရှေ့ခြေနှစ်ချောင်းကို နင်းကွင်းကောင်းကောင်း၌ မနင်းမိသေးဘဲ နောက်ခြေနှစ်ချောင်းကို မြှောက်မိသဖြင့် တောင်ပေါ်မှ တောင်အောက်သို့ ကျဆင်းသွားရသောကြောင့် ရည်ရွယ်ချက် ဦးတည်ချက်အားလုံး ပျက်စီးသွားခဲ့ရ၏။ မူလ စင်းစားခဲ့ရာ တောင်ထိပ်သို့လည်း ပြန်မရောက်နိုင် ဖြစ်ခဲ့ရ၏။ ဤဥပမာအတူပင် ရုပ်တရားကို ကောင်းမွန်စင်ကြယ်စွာ မသိမ်းဆည်း-ရသေးဘဲ နာမ်တရားကို ပြောင်း၍ သိမ်းဆည်းရှုပွားလိုက်ပါက ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်ပျက်စီးသွားတတ်၏။ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးလုံးမှပင် ဆုတ်ယုတ်ပျက်စီးသွားတတ်၏။ သတိရှိစေ။

## နာမ်ကမ္မဋ္ဌာန်း သိမ်းဆည်းနည်း (၃) နည်း

**ဧဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ ပနဿ အရူပမဗ္ဗာ တီဟိ အာကာရေဟိ ဥပဋ္ဌဟန္တိ ဖဿဝသေန ဝါ ဝေဒနာဝသေန ဝါ ဝိညာဏဝသေန ဝါ။**

(ဝိသုဒ္ဓိ၊၂၊၂၂၆။)

**တိဝိဓော ဟိ အရူပကမ္မဋ္ဌာနေ အဘိနိဝေသော ဖဿဝသေန ဝေဒနာဝသေန စိတ္တဝသေနာတိ။ ကထံ? ဧကစ္စဿ ဟိ သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါ ပရိဂ္ဂဟိတေ ရူပကမ္မဋ္ဌာနေ တသ္မိံ အာရမ္မဏေ စိတ္တစေတသိကာနံ ပဌမာဘိနိပါတော တံ အာရမ္မဏံ ဖုသန္တော ဥပ္ပဇ္ဇမာနော ဖဿော ပါကဋော ဟောတိ။ ဧကစ္စဿ တံ အာရမ္မဏံ အနုဘဝန္တီ ဥပ္ပဇ္ဇမာနာ ဝေဒနာ ပါကဋာ ဟောတိ။ ဧကစ္စဿ တံ အာရမ္မဏံ ပရိဂ္ဂဟေတွာ ဝိဇာနန္တံ ဥပ္ပဇ္ဇမာနံ ဝိညာဏံ ပါကဋံ ဟောတိ။**

**တတ္ထ ယဿ ဖဿော ပါကဋော ဟောတိ၊ သောပိ "န ကေဝလံ ဖဿောဝ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ တဒေဝ အာရမ္မဏံ အနုဘဝမာနာ ဝေဒနာပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ, စေတယမာနာ စေတနာပိ, ဝိဇာနနမာနံ**


©shwehinthar.com

**ဝိညာဏမ္ပိ ဉပ္ပဇ္ဇတီ”တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ၊**

**ယဿ ဝေဒနာ ပါကဋာ ဟောတိ၊ သော “န ကေဝလံ ဝေဒနာဝ ဉပ္ပဇ္ဇတိ၊ တာယ သဒ္ဓိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဉပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ, စေတယမာနာ စေတနာပိ, ဝိဇာနနမာနံ ဝိညာဏမ္ပိ ဉပ္ပဇ္ဇတီ”တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ၊**

**ယဿ ဝိညာဏံ ပါကဋံ ဟောတိ၊ သော “န ကေဝလံ ဝိညာဏမေဝ ဉပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဉပ္ပဇ္ဇတိ၊ အနုဘဝမာနာ ဝေဒနာပိ, သဉ္ဇာနနမာနာ သညာပိ, စေတယမာနာ စေတနာပိ ဉပ္ပဇ္ဇတီ”တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ၊**

(ဒီ၊ဋ္ဌ၊၂၃၁၄။ မဋ္ဌ၊၁၊၂၈၀-၂၈၁။ အဘိ၊ဋ္ဌ၊၂၊၂၅၂။)

**အဘိနိဝေသောတိ စ ဝိပဿနာယ ပုဗ္ဗဘာဂေ ကတ္တဗ္ဗနာမရူပပရိစ္ဆေဒေါ ဝေဒိတဗ္ဗော၊ တသ္မာ ပဌမံ ရူပပရိဂ္ဂဏှနံ ရူပေ အဘိနိဝေသော၊ သေ နယော သေသေသုပိ၊** (မဟာဋီ၊၂၊၄၇၀။)

ဇဝံ တဿ တဿေဝ ပါကဋဘာဝေပိ “သဗ္ဗံ ဘိက္ခဝေ အဘိညေယျ”န္တိ, “သဗ္ဗဉ္စ ခေါ ဘိက္ခဝေ အဘိဇာန”န္တိ စ ဧဝမာဒိဝစနတော သဗ္ဗေ သမ္မသနုပဂါ ဓမ္မာ ပရိဂ္ဂဟေတဗ္ဗာတိ ဒဿေန္တော “**တဿ ယဿာ**”တိအာဒိမာဟ။ တတ္ထ **ဖဿပဉ္စမကေယေဝါ**တိ အဝဓာရဏံ တဒန္တောဂဓတ္တာ တဂ္ဂဟဏေနေဝ ဂဟိတတ္တာ စတုန္နံ အရူပက္ခန္ဓာနံ။ ဖဿပဉ္စမကဂ္ဂဟဏံ ဟိ တဿ သဗ္ဗစိတ္တုပ္ပါဒသာဓာရဏဘာဝတော၊ တတ္ထ စ ဖဿစေတနာဂ္ဂဟဏေန သဗ္ဗသင်္ခါရက္ခန္ဓဓမ္မသင်္ဂဟော စေတနာပဓာနတ္တာ တေသံ။ တထာ ဟိ သုတ္တန္တဘာဇနီယေ သင်္ခါရက္ခန္ဓဝိဘင်္ဂေ “စက္ခုသမ္ဖဿဇာ စေတနာ”တိအာဒိနာ စေတနာဝ ဝိဘတ္တာ၊ ဣတရေ ပန ခန္ဓာ သရူပေနေဝ ဂဟိတာ။

(ဒီ၊ဋီ၊၂၊၂၆၀-၂၆၁။ မဋီ၊၁၊၃၇၀။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏။

ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့ပြီးသည့်အတိုင်း ကောင်းမွန် စင်ကြယ်စွာ ရုပ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူပြီး သိမ်းဆည်းထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ သန္တာန်ဝယ် —

၁။ ဖဿ၏ အစွမ်းဖြင့်သော်လည်းကောင်း,

၂။ ဝေဒနာ၏ အစွမ်းဖြင့်သော်လည်းကောင်း,

၃။ အသိစိတ် (= ဝိညာဏ်) ၏ အစွမ်းဖြင့်သော်လည်းကောင်း —

ဤသုံးမျိုးကုန်သော အခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာအားဖြင့် နာမ်တရားတို့ကို အာယတနဒွါရအလိုက် သိမ်းဆည်းလိုက်သော အခါ နာမ်တရားတို့သည် ထင်ရှားလာကုန်၏။

**အဘိနိဝေသ** — ဝိပဿနာဉာဏ်၏ ရှေးအဖို့၌ ပြုသင့်ပြုထိုက်သော ရုပ်တရား နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်း **နာမရူပပရိစ္ဆေဒ** လုပ်ငန်းရပ်ကို **ဝိပဿနာဘိနိဝေသ** (= ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့ကို နှလုံးသွင်းခြင်း)ဟု ခေါ်ဆို၏။ ရုပ်တရားကို နှလုံးသွင်း ခြင်းကို **ရူပေ အဘိနိဝေသ,** နာမ်တရားကို နှလုံးသွင်းခြင်းကို **အရူပေ အဘိနိဝေသ . . .** ဤသို့ စသည်ဖြင့် ခေါ်ဆိုပေသည်။ အကြောင်းတရား အကျိုးတရား-တို့ကို နှလုံးသွင်းခြင်းသည်လည်း ဤအဘိနိဝေသပိုင်းတွင် ပါဝင်လျက် ရှိ၏။ အကြောင်းတရား, အကျိုးတရားဟူသည်မှာလည်း အကြောင်းရုပ်နာမ်အစုအပုံနှင့် အကျိုးရုပ်နာမ်အစုအပုံတို့သာ ဖြစ်ကြသော ကြောင့်တည်း။ ထိုတွင် နာမ်ကမ္မဋ္ဌာန်းပိုင်း၌ နာမ်တရားတို့ကို စတင် နှလုံးသွင်းရာဝယ် —

၁။ ဖဿ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်း,

၂။ ဝေဒနာ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်း,

၃။ အသိစိတ် (= ဝိညာဏ်) ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်းဟု

နှလုံးသွင်းနည်း သုံးနည်း ရှိပေသည်။ အချို့သော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ဝယ် —

၁။ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်း နှလုံးသွင်းနည်းဖြင့်သော်လည်းကောင်း,


©shwehinthar.com

၂။ ခာတ်ကမ္မဋ္ဌာန်း အကျယ် နှလုံးသွင်းနည်းဖြင့်သော်လည်းကောင်း —

ရုပ်ကမ္မဋ္ဌာန်းကို (= ရုပ်တရားကို) ဉာဏ်ဖြင့် ပိုင်းခြားယူပြီး သိမ်းဆည်းပြီးလတ်သော် ထိုရုပ်တရားတည်းဟူသော အာရုံ၌ စိတ်စေတသိက်တို့၏ ရှေးဦးစွာ ကျရောက်ခြင်းသဘောဖြစ်သော ထိုရုပ်တရားတည်းဟူသော အာရုံကို တွေ့ထိလျက် ဖြစ်ပေါ်လာသော (= တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာသော) ဖဿသည် ထင်ရှား၏။ အချို့သော ယောဂါ ဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထိုရုပ်တရားတည်းဟူသော အာရုံကို ခံစားလျက် ဖြစ်ပေါ်လာသော ဝေဒနာသည် ထင်ရှား၏။ အချို့သော ယောဂါဝစရ ပုဂ္ဂိုလ်၏ အသိဉာဏ်ဝယ် ထိုရုပ်တရားတည်းဟူသော အာရုံကို ပိုင်းခြားကာ ယူ၍ ထိုအာရုံကို ပိုင်းပိုင်းခြားခြား သိလျက် ဖြစ်ပေါ်လာသော အသိစိတ် (= ဝိညာဏ်)သည် ထင်ရှား၏။

ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင် အကြင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ ဉာဏ်၌ ဖဿသည် ထင်ရှား၏။ ထိုဖဿထင်ရှားသော ပုဂ္ဂိုလ်သည်လည်း — "ဖဿချည်းသက်သက် ဖဿတစ်ခုတည်းသာလျှင် ဖြစ်ပေါ်နေသည်ကား မဟုတ်၊ ထိုဖဿနှင့် အတူတကွ ထိုအာရုံကိုပင်လျှင် (= ထိုအာရုံ၏ အရသာကိုပင်လျှင်) ခံစားတတ်သော ဝေဒနာသည်လည်း, ထိုအာရုံကိုပင်လျှင် မှတ်သားတတ်သော (= အမှတ်ပြု၍ သိတတ်သော) သညာသည်လည်း, ထိုအာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် စေ့ဆော်ပေးတတ် လှုံ့ဆော်ပေးတတ်သော စေတနာသည်လည်း, ထိုအာရုံကိုပင် ပိုင်းခြားယူတတ်သော (= ပညာ, သညာတို့ သိပုံမှ တစ်မျိုးတစ်ဖုံအားဖြင့် သိတတ်သော) ဝိညာဏ်သည်လည်း ဖြစ်ပေါ်နေ၏"ဟု နှလုံးပိုက်၍ ဖဿလျှင် ငါးခုမြောက် ရှိသော ဖဿပဉ္စမကတရားတို့ကိုပင်လျှင် ဉာဏ်ဖြင့် ပိုင်းခြားယူ၏၊ သိမ်းဆည်း၏။

အကြင်ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာသည် ထင်ရှား၏။ ထိုဝေဒနာထင်ရှားသော ပုဂ္ဂိုလ်သည်လည်း — "ဝေဒနာချည်းသက်သက် ဝေဒနာတစ်ခုတည်းသာ ဖြစ်ပေါ်နေသည်ကား မဟုတ်၊ ထိုဝေဒနာနှင့် အတူတကွ ထိုအာရုံကိုပင်လျှင် တွေ့ထိလျက် ဖြစ်ပေါ်လာသော (= တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာသော) ဖဿသည်လည်း ဖြစ်ပေါ်နေ၏။ ထိုအာရုံကိုပင်လျှင် မှတ်သားတတ်သော (= အမှတ်ပြု၍ သိတတ်သော) သညာလည်း, ထိုအာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် စေ့ဆော်ပေးတတ် လှုံ့ဆော် ပေးတတ်သော စေတနာသည်လည်း, ထိုအာရုံကိုပင်လျှင် ပိုင်းခြားယူတတ် သော (= ပညာ, သညာတို့ သိပုံမှ တစ်မျိုးတစ်ဖုံအားဖြင့် သိတတ်သော) ဝိညာဏ်သည်လည်း ဖြစ်ပေါ်နေ၏"ဟု နှလုံးပိုက်၍ ဖဿလျှင် ငါးခုမြောက် ရှိသော ဖဿပဉ္စမကတရားတို့ကိုပင်လျှင် ဉာဏ်ဖြင့် ပိုင်းခြားယူ၏၊ သိမ်းဆည်း၏။

အကြင်ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ အာရုံကို ပိုင်းခြားယူတတ် သိတတ်သော ဝိညာဏ်သည် ထင်ရှား၏၊ ထိုဝိညာဏ်ထင်ရှားသော ပုဂ္ဂိုလ်သည်လည်း "ဝိညာဏ်ချည်းသက်သက် ဝိညာဏ်တစ်ခုတည်းသာ ဖြစ်ပေါ်နေသည်ကား မဟုတ်၊ ထိုဝိညာဏ်နှင့် အတူတကွ ထိုအာရုံကိုပင်လျှင် တွေ့ထိလျက် ဖြစ်ပေါ်လာသော (= တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာသော) ဖဿသည်လည်း ဖြစ်ပေါ်နေ၏၊ ထိုအာရုံကိုပင်လျှင် (= ထိုအာရုံ၏ အရသာကိုပင်လျှင်) ခံစားတတ်သော ဝေဒနာသည်လည်း, ထိုအာရုံကိုပင်လျှင် မှတ်သားတတ်သော (= အမှတ်ပြု၍ သိတတ်သော) သညာသည်လည်း, ထိုအာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် စေ့ဆော်ပေးတတ် လှုံ့ဆော်ပေးတတ်သော စေတနာသည်လည်း ဖြစ်ပေါ်နေ၏"ဟု နှလုံးပိုက်၍ ဖဿလျှင် ငါးခုမြောက်ရှိသော ဖဿပဉ္စမကတရား တို့ကိုပင်လျှင် ဉာဏ်ဖြင့် ပိုင်းခြားယူ၏၊ သိမ်းဆည်း၏။

(ဒီ၊ဋ္ဌ၊၂၊၃၁၄။ မ၊ဋ္ဌ၊၁၊၂၈၀-၂၈၁။ အဘိ၊ဋ္ဌ၊၂၊၂၅၂။)

**အားလုံးကို သိမ်းဆည်းပါ**

ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ထိုထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဖဿ, ဝေဒနာ, ဝိညာဏ်ဟူသော သုံးမျိုးကုန်သော တရားတို့တွင် တစ်မျိုးမျိုးသော တရားဟူသော ထိုထိုတရား၏သာလျှင် ထင်ရှားမှု ရှိသော်လည်း —

၁။ သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ။ (သံ၊၂၊၂၅၈။ ခု၊၉၊၆။)

၂။ သဗ္ဗဉ္စ ခေါ ဘိက္ခဝေ အဘိဇာနံ။ (သံ၊၂၊၂၅၀။ ဣတိဝုတ္တက၊၁၉၇။)


©shwehinthar.com

၁။ အလုံးစုံသော ရုပ်တရား နာမ်တရားကို ထိုးထွင်းသိအပ်၏ဟုလည်းကောင်း,

၂။ ရဟန်းတို့ . . . အလုံးစုံသော ရုပ်တရား နာမ်တရားကို ထိုးထွင်း သိခဲ့သော် . . . (သံသရာဝဋ်ဆင်းရဲဒုက္ခကုန်ဆုံးနိုင်၏။) —

ဤသို့ စသည်ဖြင့်လည်းကောင်း, ဘုရားရှင်သည် ဟောကြားထားတော် မူသောကြောင့် အလုံးစုံသော လက္ခဏာရေးသုံးတန်သို့ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းငှာ ထိုက်သော သမ္မသနုပဂမ္မ အမည်ရသည့် ရုပ်တရား နာမ်တရားတို့ကို ရှေးဦးစွာ ဉာဏ်ဖြင့် ပိုင်းခြားယူအပ်၏ သိမ်းဆည်းအပ်၏ဟု ညွှန်ပြတော်မူလိုသော အဋ္ဌကထာဆရာတော်သည် အထက်ပါ စကားရပ်များ ကို မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

ယင်းအဋ္ဌကထာစကားဝယ် **ဖဿပဥ္စမကတရားတို့ကိုပင်လျှင်** ဉာဏ်ဖြင့် ပိုင်းခြားယူရန် သိမ်းဆည်းရန် အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်းမှာ ပဓာနနည်းအားဖြင့် ဖွင့်ဆိုခြင်း ဖြစ်သည်။ စိတ္တက္ခဏ တစ်ခုတစ်ခု၏အတွင်း၌ တည်ရှိကြကုန်သော ဖဿ, စေတနာတို့ကို သိမ်းဆည်းပါဟု ဆိုသဖြင့် ပဓာန ဖြစ်သော (= ပြဓာန်းသော) ဖဿ, စေတနာတို့ကို သိမ်းဆည်းရလျှင် အပ္ပဓာန ဖြစ်သော (= မပြဓာန်းသော) ကြွင်းကျန်သည့် ယှဉ်ဖက်သမ္ပယုတ်တရား တို့ကိုလည်း သိမ်းဆည်းရမည်သာ ဖြစ်သည်။ ဖဿ, စေတနာကို ယူသဖြင့် သင်္ခါရက္ခန္ဓာစာရင်းဝင် ပရမတ္ထဓာတ်သားအားလုံးကို သိမ်းကျုံးယူရသော ကြောင့် ဖြစ်သည်။ အကြောင်းမူ ထိုသင်္ခါရက္ခန္ဓာတရားစုတို့တွင် စေတနာ ပြဓာန်းသောကြောင့် ဖြစ်၏။ ဘုရားရှင်ကိုယ်တိုင်ကပင်လျှင် ဝိဘင်းပါဠိတော် ဝယ် သုတ္တန္တဘာဇနီယနည်း၌ သင်္ခါရက္ခန္ဓာမှ တစ်ပါး ကျန်ခန္ဓာလေးပါးတို့ကို သရုပ်ထုတ်၍ ဟောကြားတော်မူအပ်ပါသော်လည်း သင်္ခါရက္ခန္ဓာကို ဝေဖန် ဟောကြားတော်မူရာဝယ် စေတနာကိုသာ ပဓာနထား၍ ဝေဖန်ဟောကြား တော်မူသော ထုံးဟောင်းတစ်ရပ်လည်း ထင်ရှားရှိနေသည်။

(ဒီ၊ဋ္ဌ၊၂၊၂၆၀-၂၆၁။ မ၊ဋ္ဌ၊၁၊၃၇၀။)

နေတ္တိဒေသနာတော်နည်းအရ ပြောဆိုရမူ — ဖဿ, စေတနာတို့မှ ကြွင်းကုန်သော သင်္ခါရက္ခန္ဓာစာရင်းဝင် စေတသိက်တို့သည် ဖဿ, စေတနာတို့နှင့် သင်္ခါရက္ခန္ဓာဖြစ်ပုံ သဘောလက္ခဏာချင်း တူညီသောကြောင့် လက္ခဏာချင်း တူညီရာ ကျန်စေတသိက်တို့ကို ဖဿ စေတနာတို့၌ စုပေါင်း၍ လက္ခဏာဟာရနေတ္တိနည်းအားဖြင့် အဋ္ဌကထာက ဖွင့်ဆိုသွားခြင်း ဖြစ်ပေသည်။

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ ညွှန်ကြားချက်များနှင့် အညီ ဖဿက စ၍ ဖြစ်စေ, ဝေဒနာက စ၍ ဖြစ်စေ, အသိစိတ် ဝိညာဏ်က စ၍ ဖြစ်စေ နာမ်တရားတို့ကို သိမ်းဆည်းရာ၌ စိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ ဖဿတစ်လုံးတည်း, သို့မဟုတ် ဝေဒနာတစ်လုံးတည်း, သို့မဟုတ် အသိစိတ် (= ဝိညာဏ်)တစ်လုံးတည်းကိုသာ သိမ်းဆည်းရသည်ကား မဟုတ်၊ ယှဉ်ဖက် စိတ်+စေတသိက် (= သမ္ပယုတ်တရားစု)အားလုံးကို သိမ်းဆည်းရသည်ဟု မှတ်ပါ။

**မဟာဗုဒ္ဓဝင်၏ ဖွင့်ဆိုချက် 'ဃန' လေးပါး**

ဤအရာ၌ (၁) သန္တတိဃန၊ (၂) သမူဟဃန၊ (၃) ကိစ္စဃန၊ (၄) အာရမ္မဏဃနဟူ၍ 'ဃန' လေးပါး ရှိသည်။

၁။ ထိုလေးပါးတို့တွင် ရှေ့နောက်ဖြစ်သော ရုပ်တရား နာမ်တရားတို့၏ အခြားမရှိ အကြားမထင်သောအားဖြင့် တရားလုံး တစ်ခုတည်းကဲ့သို့ ထင်မှတ် ယူရအောင် ဖြစ်ပွားခြင်း, စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းသည် သန္တတိဃန မည်၏။ ဤ၌ အခြားမရှိသောအားဖြင့် ဖြစ်ခြင်းဟူသည်မှာ ရှေ့တရား၏ ဘင်ခဏနှင့် ပြိုင်လျက် နောက်တရားက ဖြစ်ခြင်း, တစ်နည်း ရှေ့တရား ချုပ်သည်၏ အခြားမဲ့မှာပင် နောက်တရားက ထင်ရှားဖြစ်ခြင်းကို ဆိုလိုသည်။ ၎င်းကို ပုရိမပစ္ဆိမာနံ နိရန္တရတာ (= ရှေ့တရား နောက်တရား တို့၏ အကြားမရှိသည်၏အဖြစ်) ဟူ၍ ဋီကာဆရာတော်ကြီးများ ခေါ်ဆို အသုံးပြုတော်မူကြသည်။ ယင်းကဲ့သို့ အခြားမရှိ အကြားမထင်အောင် ဖြစ်ပွား ခြင်းဖြင့် အဖြစ်တရားဘက်က အားရှိကာ ဖုံးလွှမ်းထားအပ်သကဲ့သို့ ဖြစ်၍ အပျက်တရားဘက်က မထင်ရှားသောကြောင့် "ယခု တွေ့မြင်ရသော တရားသည် ယခင် တွေ့မြင်ရသော တရားပင်တည်း"ဟု မှတ်ယူသော အနေဖြင့် လူများအပေါင်းတို့ ဖောက်ပြန်ထွေပြား


©shwehinthar.com

အထင်မှား အမှတ်မှားကြရလေသည်။ ဤသဘောကို “ထင်းမီးစတစ်ခုကို ကိုင်၍ ဝှေ့ရမ်းလျှင် မီးဝိုင်းကြီး”ဟု ထင်ရမှုက သက်သေခံလျက် ရှိသည်။ (ဤကား သန္တတိ ဃနတည်း။)

၂။ ဖဿအစရှိသော နာမ်တရား, ပထဝီအစရှိသော ရုပ်တရားတို့၏ ထိုထို နာမ်ကလာပ် ရုပ်ကလာပ်တို့၌ တစ်ပေါင်းတည်း တစ်ခုတည်းအနေဖြင့် ပရမတ္ထဓာတ်သား တစ်ခုတည်းကဲ့သို့ ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းသည် သမူဟဃန မည်၏။

နာမ်တရား ရုပ်တရားတို့သည် ဖြစ်ပွားကြသောအခါ တရားလုံး (သဘာဝသတ္တိ) တစ်ခုတည်းသာ ဖြစ်ကြသည် မဟုတ်၊ နာမ်တရားဘက်ကလည်း အနည်းဆုံး (၈)မျိုး (စက္ခုဝိညာဏ်နှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးကို ဆိုလိုသည်), ရုပ်တရားဘက်ကလည်း အနည်းဆုံး (၈)မျိုးပင် (အဋ္ဌကလာပ်ရုပ်ကို ရည်ညွှန်းသည်) ဖြစ်ပွားကြသည်။ ယင်းကဲ့သို့ အနည်းဆုံး သဘာဝသတ္တိ (၈)မျိုးတို့ သဘာဝသတ္တိ တစ်မျိုးတည်းဟု ထင်မှတ်ယူရ အောင် စုလျက် ပေါင်းလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းကို **သမူဟဃန** ခေါ်သည်ဟု ဆိုလိုသည်။ (ဤကား **သမူဟဃန**တည်း။)

၃။ နာမ်ကလာပ် တစ်ခုတစ်ခု, ရုပ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိကြသည့် နာမ်တရား ရုပ်တရား အသီးအသီးတို့သည် ဆိုင်ရာ ဆိုင်ရာ မိမိ မိမိတို့၏ ကိစ္စအလုပ်ကို ပြီးပြေစေကြလျက် ဖြစ်ပွားကြလေသည်။ ထိုသို့ ဖြစ်ပွားကြရာ၌ (အဘိဓမ္မာဉာဏ်ပညာမျက်စိ မရှိသော သူတို့အဖို့မှာ) ဤကား ဖဿ၏ အလုပ်ကိစ္စ, ဤကား ဝေဒနာ၏ အလုပ်ကိစ္စ, ဤကား သညာ၏ အလုပ်ကိစ္စ စသည်ဖြင့်လည်းကောင်း, ဤကား ပထဝီ၏ ကိစ္စ, ဤကား အာပေါ၏ ကိစ္စ, ဤကား တေဇော၏ ကိစ္စ, ဤကား ဝါယော၏ ကိစ္စ စသည်ဖြင့်လည်းကောင်း အလုပ်ကိစ္စအထူးကို သိဖို့ရန် ခဲယဉ်းလှကုန်၏။ ယင်းသို့ နာမ်တရား ရုပ်တရားတို့၏ မိမိ မိမိတို့၏ ဆိုင်ရာကိစ္စအထူးကို သိနိုင်ခဲသော အနေဖြင့် တရားလုံး တစ်ခုတည်းဟု ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားမှုကို **ကိစ္စဃန**ဟု ခေါ်သည်။ (ဤကား **ကိစ္စဃန** တည်း။)

၄။ နာမ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိသော ထိုထိုနာမ်တရားတို့၏ အာရုံ တစ်ခုကို စု၍ ပေါင်း၍ အာရုံပြုသော အနေဖြင့်လည်းကောင်း, ရုပ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိသော ထိုထိုရုပ်တရားတို့၏ အာရုံတစ်ခုတည်းအနေဖြင့် လည်းကောင်း ပရမတ္ထတရားသား (သဘာဝသတ္တိ) တစ်ခုတည်းဟု ထင်မှတ် ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းကို အာရမ္မဏဃနဟု ခေါ်သည်။ (ဤကား **အာရမ္မဏဃန**တည်း။)

အချုပ်အားဖြင့် အကြောင်းပစ္စည်းတရား, အကျိုးပစ္စယုပ္ပန်တရားအနေဖြင့် ဖြစ်ပွားကြသည့် များစွာသော ရုပ်နာမ်တရားတို့၏ ကာလအားဖြင့်, သဘာဝအားဖြင့်, ကိစ္စအားဖြင့်, အာရုံသဘောအားဖြင့် အထူးအပြားကို သိနိုင်ခဲသော အနေအားဖြင့် တရားလုံး တရားသား တစ်ခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွားခြင်းကို အစဉ်အတိုင်း **သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃန**ဟူ၍ ခေါ်ဆိုအပ်လေသည်။ [ဤဃနလေးပါး အကြောင်းကို ဓမ္မသင်္ဂဏီ မူလဋီကာ စာမျက်နှာ (၆၀)နှင့် ဓမ္မသင်္ဂဏီ အနုဋီကာ စာမျက်နှာ (၆၆)တို့မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။]

**“ငရုပ်စေ့၌၊ စိတ်တွေ့သတ်သတ်၊ အစပ်ကို တည့်၊ ရှုမျှော်ကြည့်သို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထမှာ။”**

ဟူသောအတိုင်း ထိုထို နာမ်ရုပ်တရားတို့၏ သဘာဝသတ္တိကို ဉာဏ်မျက်စိဖြင့် ရှုကြည့်နိုင်မှ ပရမတ္ထသို့ အမြင်ဆိုက်ရောက်သည်။ ပရမတ္ထသို့ အသိဉာဏ်အမြင် ဆိုက်ရောက်မှ ဃနပြိုသည်၊ ဃနပြိုမှ အနတ္တအသိဉာဏ် ကို ရနိုင်သည်။ သဘာဝသတ္တိကို ဉာဏ်မျက်စိဖြင့် မရှုကြည့်က ပရမတ္ထသို့ အမြင် မဆိုက်၊ ပရမတ္ထသို့ အသိဉာဏ်အမြင် မဆိုက်လျှင် ဃန မပြို၊ ဃန မပြိုလျှင် အနတ္တအသိဉာဏ်ကို မရနိုင်။ ထို့ကြောင့် **“အနတ္တလက္ခဏာကို ဃနဖုံးသည်”**ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။

(မဟာဗုဒ္ဓဝင်၊စတုတ္ထတွဲ၊စာမျက်နှာ၊၃၂၃-၃၂၅။)

**တိပိဋက ပါဠိ-မြန်မာအဘိဓာန်၏ ဖွင့်ဆိုချက်**

**ဃနဝိနိဗ္ဘောဂ** — (ပု) — [ဃန + ဝိနိဗ္ဘောဂ။ ဝိနိဘုဉ္ဇနံ ဝိနိဗ္ဘောဂေါ၊ ဃနဿ ဝိနိဗ္ဘောဂေါ၊ ဉာဏံ။ ဓမ္မာနံ ဃနဿ ဧကတ္တဿ ဝိနိဗ္ဘောဂေါ ဃနဝိနိဗ္ဘောဂေါ။ အဋ္ဌသာ၊ ယော။ ၇၆။ ဝိနိဘုဇ္ဇနံ ပုထက္ကရဏံ ဝိနိဗ္ဘောဂေါ၊ ဃနဿ သမူဟဿ ဝိနိဗ္ဘောဂေါ ဃနဝိနိဗ္ဘောဂေါ။ သမ္မော၊ ယော။ ၁၄၇]


©shwehinthar.com

အပေါင်းအစုကို ခွဲခြား ဝေဖန် စိတ်ဖြာ၍ သိခြင်း၊ တစ်စုတစ်ပေါင်းတည်းဟု ထင်မှုကို ခွဲခြမ်း စိတ်ဖြာ၍ သိခြင်း၊ တစ်စုတစ်ပေါင်းတည်းဟူသော အယူကို ဖြိုခွဲဖျက်ဆီးခြင်း။

ပရမတ္ထတရားတို့သည် ဝီထိစိတ်အစဉ်အရ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ စသည်ဖြင့် အစဉ်အတိုင်း ဖြစ်နေကြ၏၊ ယင်းသို့ ဖြစ်နေရာ၌ ရှေ့စိတ် နောက်စိတ်တို့သည် တစ်ခုတည်း မဟုတ်သော် လည်း ထိုစိတ်တို့၏ အကြားကာလ အခြား မရှိသောကြောင့် တစ်စိတ်တည်း ကဲ့သို့ ဖြစ်သွားခြင်းသည် **"သန္တတိဃန"** မည်၏။

တစ်စိတ်တည်းကဲ့သို့ (ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌) မထင်ဘဲ "ဤကား ပဉ္စဒွါရာဝဇ္ဇန်း, ဤကား စက္ခုဝိညာဏ်" စသည်ဖြင့် ခွဲခြမ်း ဝေဖန်၍ သိခြင်းသည် "ဃနဝိနိဗ္ဘောဂ = သန္တတိဃနကို ခွဲခြမ်းစိတ်ဖြာ၍ သိခြင်း, သန္တတိဃနကို ဖြိုခွဲဖျက်ဆီးခြင်း" မည်၏။

စိတ်တစ်လုံးတစ်လုံး၌ ဖဿ, ဝေဒနာ, သညာ စသည်ဖြင့် စေတသိက် များစွာ ယှဉ်၏၊ စိတ် တစ်လုံးတစ်လုံးသည် ဖဿ, ဝေဒနာ, သညာ စသော စေတသိက်များစွာနှင့် အတူတကွ ဖြစ်၏။ ထိုသို့ တစ်ပေါင်းတည်း အတူတကွ ဖြစ်နေကြသောကြောင့် ဖဿ, ဝေဒနာ, သညာ စသည်ဖြင့် ခွဲခြား မသိ တော့ဘဲ ဓမ္မတစ်ခုတည်းကဲ့သို့ ဖြစ်၍ နေခြင်းသည် "သမူဟဃန" မည်၏။

ဓမ္မတစ်ခုတည်းကဲ့သို့ မထင်ဘဲ "ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ" စသည်ဖြင့် ခွဲခြမ်းဝေဖန်၍ သိခြင်းသည် "ဃနဝိနိဗ္ဘောဂ = သမူဟဃနကို ခွဲခြမ်းစိတ်ဖြာ၍ သိခြင်း, သမူဟဃနကို ဖြိုခွဲဖျက်ဆီးခြင်း" မည်၏။

ဖဿ, ဝေဒနာ စသော တရားများ၌ ဖဿသည် သံဖုသနကိစ္စ, ဝေဒနာသည် အနုဘဝနကိစ္စ စသည်ဖြင့် ကိစ္စအသီးအသီး ကွဲပြားကြ၏။ ယင်းသို့ ကိစ္စ ကွဲပြားသော်လည်း စိတ်တစ်လုံးတည်းဝယ် အတူတကွ ယှဉ်၍ ဖြစ်ကြ-ရာ၌ ထိုထိုတရားတို့၏ ကိစ္စအထူးကို မသိနိုင်လောက်အောင် ကိစ္စအားဖြင့် တစ်ခုတည်း ဖြစ်နေခြင်းသည် "ကိစ္စဃန"မည်၏။

ကိစ္စတစ်ခုတည်းကဲ့သို့ မထင်ဘဲ ဖဿသည် သံဖုသနကိစ္စ ရှိ၏၊ ဝေဒနာသည် အနုဘဝနကိစ္စရှိ၏ စသည်ဖြင့် ခွဲခြမ်းဝေဖန်၍ သိခြင်းသည် "ဃနဝိနိဗ္ဘောဂ = ကိစ္စဃနကို ခွဲခြမ်းစိတ်ဖြာ၍ သိခြင်း, ကိစ္စဃနကို ဖြိုခွဲ ဖျက်ဆီးခြင်း မည်၏။

စက္ခုဒွါရ၌ ဖြစ်ကြသော စိတ် စေတသိက် တစ်စဉ်တစ်တန်းလုံးသည် ရူပါရုံတစ်ခုတည်းကို အာရုံပြုသည့်အတွက် တစ်ခုတည်း မဟုတ်သော်လည်း တစ်ခုတည်းကဲ့သို့ တစ်ခဲနက် ဖြစ်နေခြင်းသည် **"အာရမ္မဏဃန"**မည်၏။

အာရုံတူ၍ တစ်ခုတည်းဖြစ်နေသော်လည်း တစ်ခုတည်းကဲ့သို့ မထင်ဘဲ ဤကား ပဉ္စဒွါရာဝဇ္ဇန်း, ဤကား စက္ခုဝိညာဏ်စသည်ဖြင့်လည်းကောင်း, ဤကား ဖဿ, ဤကား ဝေဒနာ စသည်ဖြင့်လည်းကောင်း ခွဲခြမ်းဝေဖန်၍ သိခြင်းသည် "ဃနဝိနိဗ္ဘောဂ = အာရမ္မဏဃနကို ခွဲခြမ်းစိတ်ဖြာ၍ သိခြင်း၊ အာရမ္မဏဃနကို ဖြိုခွဲဖျက်ဆီးခြင်း"မည်၏။

(နေတ္တိ၌၁၅၄။ သံဋီ၊၁၊၂၇၁။ မူလဋီ၊၁၊၆၀။)

အနတ္တလက္ခဏာကို ဘုရားပွင့်ရာ သာသနာတွင်းမှာသာ ထင်မြင်နိုင် သည်၊ သာသနာပ၌ မထင်မြင်နိုင်။ (အဘိ၌၊၂၄၆။ )

အနတ္တလက္ခဏာကို 'သန္တတိ'စသော 'ဃန' ဖုံးလွှမ်းမှုကြောင့် မသိနိုင် မမြင်နိုင်ခြင်း ဖြစ်၏။ ဃနကို ဖြိုခွဲဖျက်ဆီးနိုင်လျှင်ကား အနတ္တလက္ခဏာလည်း ဟုတ်မှန်သော သဘောအတိုင်း ထင်မြင်လာတော့သည်။

(အဘိ၌၊၂၄၇။)

ယထာပစ္စယံ ပဝတ္တမာနာနံ ဃနဝိနိဗ္ဘောဂံ ကတွာ။ (မ၌၊၁၊၂၇၆။ ဝိသုဒ္ဓိ၊၂၊၂၇၆။)

**ဃနဝိနိဗ္ဘောဂန္တိ** သန္တတိသမူဟကိစ္စဃနာနံ ဝိနိဗ္ဘုဇနံ ဝိဝေစနံ။

(မဋီ၊၁၊၃၆၅။ ဝိသုဒ္ဓိဋီ၊၁၊၄၂၈။)

**ဃနဝိနိဗ္ဘောဂေ ကတေတိ** သမူဟဃနေ, ကိစ္စာရမ္မဏဃနေ စ ပဘေဒိတေ။ (ဝိသုဒ္ဓိဋီ၊၂၊၄၇၇။)


©shwehinthar.com

**ဃနဝိနိဗ္ဘောဂံ ကတွာ**တိ ကမ္မဋ္ဌာနံ ဂဟေတွာ သမူဟာဒိဃနဂ္ဂဟဏံ ဘိန္ဒိတွာ။ (ဝိသုဒ္ဓိ၊ဋီ၊၂၄၅၄။)
(တိပိဋက ပါဠိ-မြန်မာ အဘိဓာန်-က-ဝဂ်၊ အတွဲ-၆၊ စာမျက်နှာ၉၈၆-၉၈၇။)

ဤကား မဟာဗုဒ္ဓဝင်ကျမ်းနှင့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်း ကြီးတို့၌ လာရှိသော 'ဃန လေးပါး' အကြောင်းအရာများ ဖြစ်ကြပါသည်။ တစ်ဖန် နာမ်ဃန လေးပါးအကြောင်းကို ဉာဏ်နုသူတို့ နားရှင်းစေရန် ထပ်မံ၍ ရှင်းလင်းတင်ပြအပ်ပါသည်။

**နာမ်ဃန (၄) မျိုး**

တစ်ဖန် နာမ်တရားတို့တွင်လည်း —

၁။ **သန္တတိဃန** = နာမ်အစဉ်အတန်းအတုံးအခဲ,
၂။ **သမူဟဃန** = နာမ်အပေါင်းအစုအတုံးအခဲ,
၃။ **ကိစ္စဃန** = နာမ်လုပ်ငန်းကိစ္စအတုံးအခဲ,
၄။ အာရမ္မဏဃန = နာမ်အာရုံယူမှုအတုံးအခဲ — ဟူ၍

နာမ်ဃန (= နာမ်အတုံးအခဲ) လေးမျိုး ရှိ၏။ မူလဋီကာ ကာမာဝစရ မဟာကုသိုလ် အဖွင့်တွင် ဤသို့ ဖွင့်ဆိုထားတော်မူ၏။

သန္တတိဃနာဒီနံ အယံ ဝိသေသော — ပုရိမပစ္ဆိမာနံ နိရန္တရတာယ ဧကီဘူတာနမိဝ ပဝတ္တိ **သန္တတိဃနတာ၊** တထာ ဖဿာဒီနံ ဧကသမူဟဝသေန ဒုဗ္ဗိညေယျကိစ္စဘေဒဝသေန ဧကာရမ္မဏတာဝသေန စ ဧကီဘူတာနမိဝ ပဝတ္တိ **သမူဟာဒိဃနတာ၊** (မူလဋီ၊၁၆၀။)

ဤအထက်ပါ မူလဋီကာတွင် ဖွင့်ဆိုထားတော်မူသော ယင်းနာမ်ပိုင်း ဃနဟူသော နာမ်တုံးနာမ်ခဲ လေးမျိုးတို့၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**၁။ သန္တတိဃန = နာမ်အစဉ်အတန်း အတုံးအခဲ**

နာမ်တရားတို့၌ ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်ဟု နှစ်မျိုး ရှိ၏။ ထိုတွင် ဝီထိမုတ်စိတ်တို့မှာ — ဘဝတစ်ခုတွင် အစဆုံးဖြစ်သည့် ပဋိသန္ဓေစိတ်, နောက်ဆုံးဖြစ်သည့် စုတိစိတ်, အလယ်ဘဝ တစ်လျှောက်လုံး၌ ဝီထိစိတ်များ မဖြစ်က ဘဝတွင် စိတ်အစဉ် မပြတ်စဲရေးအတွက် ဘဝ၏ ဆက်လက် ရပ်တည်နိုင်ဖို့ရန် အကြောင်းတရားအဖြစ် ဖြစ်ပေါ်နေသော ဘဝင်စိတ်ဟု သုံးမျိုး ရှိ၏။ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့မှာ ဘဝတစ်ခုအတွင်း၌ တစ်ကြိမ်စီ သာ ဖြစ်သော်လည်း ဘဝင်စိတ်မှာ ဝီထိစိတ်များ မဖြစ်သည့် အချိန်၌ ဝီထိစိတ်အစဉ်တို့၏ အကြားအကြား၌ အကြိမ်များစွာ ဘဝတစ်လျှောက်လုံး ထိုက်သလို ဖြစ်နေ၏။ ထိုပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့ကို, အထူး သဖြင့် အဆက်မပြတ် အကြိမ်များစွာ ဝီထိစိတ်တို့၏ အကြားအကြား၌ ဖြစ်လေ့ရှိသော ဘဝင်စိတ်တို့ကို, ရှေးဘဝင် နောက်ဘဝင်တရားတို့၏ တစ်ခု နှင့် တစ်ခုအကြား ခြားကွယ်သည့်တရား အကြား မရှိသည့်အတွက်ကြောင့် စိတ္တက္ခဏ တစ်ခုချင်း ခွဲခြားစိတ်ဖြာ၍ မမြင်ဘဲ တစ်ဆက်တည်း တစ်ခုတည်း တစ်စိတ်တည်းအဖြစ် မြင်ခဲ့သော် သန္တတိဃန (= နာမ်အစဉ်အတန်း အတုံး အခဲ) ဖုံးအုပ်နေသည် မည်၏။ စိတ္တက္ခဏ တစ်ခုချင်း တစ်ခုချင်း ခွဲခြား စိတ်ဖြာ၍ မြင်ခဲ့သော် **သန္တတိဃနဝိနိဗ္ဘောဂ** = နာမ်အစဉ်အတန်း အတုံး အခဲကို ဖြိုခွဲ ဖျက်ဆီးနိုင်ပြီ ဖြစ်၏။ နာမ်အစဉ်အတန်း အတုံးအခဲ ပြိုသွားပြီ ဖြစ်၏။

တစ်ဖန် ဝီထိစိတ်တို့သည်လည်း စိတ္တနိယာမဟူသော စိတ်တို့၏ ကိန်းသေမြဲသော နိယာမဓမ္မတာလမ်းကြောင်းအတိုင်းသာလျှင် ဖြစ်ရိုးဓမ္မတာ ရှိကြ၏။ ယင်းဓမ္မတာလမ်းကြောင်းက ပြောင်းလဲ၍ ဖြစ်ရိုးဓမ္မတာ မရှိကြပေ။ ဥပမာ — ရူပါရုံကို သိမြင်သည့် စက္ခုဒွါရဝီထိ စိတ် စေတသိက်များ ဆိုကြပါစို့။ ယင်းစက္ခုဒွါရဝီထိ စိတ် စေတသိက်တို့သည် ရူပါရုံက အလွန် ထင်ရှား၍ (= အတိမဟန္တာရုံ ဖြစ်၍) ဝီထိစိတ္တက္ခဏတို့လည်း အပြည့်အဝ ဖြစ်ခဲ့သော် — ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော (၇)ကြိမ်, တဒါရုံ (၂)ကြိမ်ဟူသော နိယာမလမ်းကြောင်းအတိုင်းသာ ဖြစ်ကြ၏။ မြန်မာလိုဆိုသော် — ဆင်ခြင်, မြင်သိ, လက်ခံ, စုံစမ်း, ဆုံးဖြတ်, ဇော

(၇)ကြိမ်, တဒါရုံ (၂)ကြိမ်ဟူသော နိယာမလမ်းကြောင်းအတိုင်းသာ ဖြစ်ကြ၏။ စိတ္တနိယာမဟု ခေါ်ဆို၏။ ယင်းသို့ စိတ္တနိယာမလမ်းကြောင်းအတိုင်း ဖြစ်သွားသော စိတ်အစဉ်တစ်ခုကို ဝီထိဟု ခေါ်ဆို၏။ ယင်းတစ်ဝီထိ အတွင်း၌ တည်ရှိသော နာမ်တရားတို့ကို ယောဂါဝစရပုဂ္ဂိုလ်က သိမ်းဆည်း ရှုပွားလိုက်သောအခါ စိတ္တက္ခဏတစ်ခုချင်း ခွဲခြား-စိတ်ဖြာ၍ စိတ်တစ်လုံးစီ တစ်လုံးစီကို မမြင်ဘဲ စိတ်တစ်ခုတည်းအဖြစ် မြင်ခဲ့သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ကို သန္တတိဃန (= နာမ်အစဉ်အတန်း အတုံးအခဲ) ဖုံးအုပ်နေသည် မည်ပေသည်။ ဤကား ပဉ္စဒွါရာဝဇ္ဇန်း, ဤကား စက္ခုဝိညာဏ်, ဤကား သမ္ပဋိစ္ဆိုင်း, ဤကား သန္တီရဏ, ဤကား ဝုဋ္ဌော, ဤကား ပထမဇော, ဤကား ဒုတိယဇော. . . စသည်ဖြင့် စိတ္တက္ခဏတိုင်း၌ စိတ္တက္ခဏ တစ်ခုချင်း တစ်ခုချင်း ခွဲခြားစိတ်ဖြာ၍ မြင်ခဲ့သော် **သန္တတိဃန-ဝိနိဗ္ဘောဂ** = နာမ်အစဉ်အတန်း အတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်ပြီ ဖြစ်၏၊ နာမ်အစဉ်အတန်း အတုံးအခဲ ပြိုသွားပြီ ဖြစ်၏။

**၂။ သမူဟဃန = နာမ်အပေါင်းအစု အတုံးအခဲ**

တစ်ဖန် နာမ်တရားတို့သည် တစ်လုံးချင်း ဖြစ်နိုင်သည့်စွမ်းအားကား မရှိကြပေ။ စိတ်နှင့် စေတသိက်တို့သည် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ အတူယှဉ်တွဲ၍သာ ဖြစ်ကြ၏။ ဝီထိမုတ်စိတ်အမည်ရသော ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့၌လည်းကောင်း, ဝီထိစိတ်တို့၌လည်းကောင်း စိတ် စေတသိက်တို့သည် ပေါင်းစု၍ အုပ်စုအလိုက်သာ ဖြစ်ကြ၏။ ပုံစံဆိုရသော် တိဟိတ်ပဋိသန္ဓေ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ ပဋိသန္ဓေအခါ နာမ်တရားတို့မှာ သောမနဿဝေဒနာနှင့် ယှဉ်ခဲ့သည်ဖြစ်အံ့။

၁။ အသိစိတ် = ဝိညာဏ် – (၁)လုံး,

၂။ အညသမာန်းအမည်ရသည့် နှစ်ဖက်ရ စေတသိက် – (၁၃)လုံး,

၃။ အကောင်းစိတ် (= သောဘဏစိတ်) အားလုံးနှင့် ဆက်ဆံသည့် သောဘဏသာဓာရဏစေတသိက် – (၁၉)လုံး,

၄။ ပညိန္ဒြေစေတသိက် – (၁)လုံး

အားလုံးပေါင်းသော် (၃၄)လုံး ရှိ၏။ ပဋိသန္ဓေ၌ နာမ်တရား (၃၄)လုံး ရှိခဲ့သော် ထိုပုဂ္ဂိုလ်၏ ဘဝင်နှင့် စုတိစိတ်တို့မှာလည်း အလားတူပင် (၃၄) လုံးစီပင် ရှိ၏။

တစ်ဖန် အထက်တွင် တင်ပြထားသော စက္ခုဒွါရဝီထိစိတ်အစဉ်ဝယ်

၁။ ပဉ္စဒွါရာဝဇ္ဇန်းစိတ္တက္ခဏ၌ စိတ်စေတသိက် (၁၁)လုံး,

၂။ စက္ခုဝိညာဏ်စိတ္တက္ခဏ၌ စိတ်စေတသိက် (၈)လုံး,

၃။ သမ္ပဋိစ္ဆိုင်းစိတ္တက္ခဏ၌ စိတ်စေတသိက် (၁၁)လုံး,

၄။ သန္တီရဏစိတ္တက္ခဏ၌ စိတ်စေတသိက်(သောမနဿဖြစ်သော်) (၁၂)လုံး,

၅။ ဝုဋ္ဌောစိတ္တက္ခဏ၌ စိတ်စေတသိက် (၁၂)လုံး,

၆။ ဇောစိတ္တက္ခဏ၌ (ဉာဏ်+ပီတိ ယှဉ်သော မဟာကုသိုလ်ဇော ဖြစ်သော်) စိတ်စေတသိက် (၃၄)လုံးစီ,

၇။ တဒါရုံစိတ္တက္ခဏ၌လည်း အလားတူ (၃၄)လုံးစီ စသည်ဖြင့် အသီးအသီး ရှိနိုင်၏။

ဤသို့လျှင် စိတ္တက္ခဏတစ်ခုတစ်ခုအတွင်း၌ စိတ်နှင့် စေတသိက်တို့သည် ထိုက်သလို ယှဉ်တွဲ၍သာ ဖြစ်ရိုးဓမ္မတာ ရှိကြ၏။ ယင်းစိတ္တက္ခဏတစ်ခုတစ်ခု အတွင်း၌ အတူယှဉ်တွဲဖြစ်ကြသော စိတ်+စေတသိက် (= နာမ်တရား)တို့ကို ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်းရှုပွားလိုက်သောအခါ ယောဂီပုဂ္ဂိုလ်က “ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ, ဤကား ဝိညာဏ် စသည်ဖြင့် တစ်လုံးစီ တစ်လုံးစီ ခွဲခြားစိတ်ဖြာ၍ မသိ မမြင်ဘဲ တရားလုံး တစ်ခုတည်းအဖြစ် မြင်ခဲ့သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ကို သမူဟဃန (= နာမ်အပေါင်းအစု အတုံးအခဲ)


©shwehinthar.com

ဖုံးအုပ်ထားသည် ဖုံးအုပ်နေသည် မည်၏။

ယင်း နာမ်အပေါင်းအစု အတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် "ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ, ဤကား ဝိညာဏ် စသည်ဖြင့် (၈)လုံး ရှိက (၈)လုံး, (၃၄)လုံး ရှိက (၃၄)လုံး စသော နာမ်တရားစုတို့ကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုနိုင် မြင်နိုင် သိမ်းဆည်းနိုင်, ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်လျှင် **သမူဟဃနဝိနိဗ္ဘောဂ** = နာမ်အပေါင်းအစု အတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်သည် မည်၏၊ နာမ်အပေါင်းအစု အတုံးအခဲ ပြိုကွဲသွားပြီ ဖြစ်၏။

## ၃။ ကိစ္စဃန = နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ

ယင်းစိတ္တက္ခဏ တစ်ခုအတွင်း၌ တည်ရှိကြသော အတူယှဉ်တွဲဖြစ် ကြသည့် နာမ်တရားစုတို့ကို မဟာဋီကာဆရာတော်က နာမ်ကလာပ်ဟု ခေါ်ဝေါ်သုံးစွဲထား၏။ **(ရူပါရူပကလာပပွဒိနံ. . . .** မဟာဋီ၊၂၊၃၅။) ယင်း နာမ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိကြသော နာမ်ပရမတ္ထဓာတ်သား အသီးအသီးတို့၌ ဆိုင်ရာဆိုင်ရာ လုပ်ငန်းကိစ္စ အသီးအသီး ရှိကြ၏။ အသိစိတ် ဝိညာဏ်သည် အာရုံကို ရယူရာ၌ ပြဓာန်းသော ပဓာနရှေ့သွား ခေါင်းဆောင် ဖြစ်ခြင်း လုပ်ငန်းကိစ္စ (ပုဗ္ဗင်္ဂမရသ) ရှိ၏။ ဖဿသည် အာရုံနှင့် အသိစိတ်ကို ဆက်စပ်ပေးခြင်း, အာရုံကို ပွတ်ချုပ်ထိခိုက်ခြင်း (သဃ်ဋ္ဋနရသ)လုပ်ငန်းကိစ္စ ရှိ၏။ ဝေဒနာသည် အာရုံ၏ အရသာကို အစဉ်ခံစားခြင်း (အနုဘဝနရသ) လုပ်ငန်းကိစ္စ ရှိ၏။ သညာသည် အာရုံကို နောက်ထပ် တစ်ဖန် သိဖို့ရန် အမှတ်နိမိတ်ကို ပြုခြင်း (ပုနသဥ္ဇာနနနိမိတ္တကရဏရသ) လုပ်ငန်းကိစ္စ ရှိ၏။ စေတနာသည် ကြောင့်ကြဗျာပါရပြုခြင်း (အာယူဟနရသ) လုပ်ငန်းကိစ္စ ရှိ၏။ ဤသို့ စသည်ဖြင့် စိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ အတူယှဉ်တွဲဖြစ်ကြသော နာမ်တရားတိုင်း နာမ်တရားတိုင်း၌ ကိုယ်ပိုင် လုပ်ငန်းကိစ္စ အသီးအသီး ကိုယ်စီကိုယ်စီ ရှိ၏။ ယင်း လုပ်ငန်းကိစ္စ အသီးအသီးကို ယောဂါဝစရပုဂ္ဂိုလ်က ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ မမြင်ခဲ့သော် ကိစ္စဃန (= နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ) ဖုံးအုပ်နေသည် မည်၏။ ယောဂါဝစရပုဂ္ဂိုလ်က ယင်းတရားတို့ကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုလိုက်သောအခါ "ဤကား ဖဿ၏ လုပ်ငန်းကိစ္စ, ဤကား ဝေဒနာ၏ လုပ်ငန်းကိစ္စ" ဤသို့ စသည်ဖြင့် ကိစ္စလုပ်ငန်းရပ် အသီးအသီးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုနိုင် သိမ်းဆည်းနိုင် ဉာဏ်ဖြင့် ပိုင်းခြား ယူနိုင်သော် **ကိစ္စဃနဝိနိဗ္ဘောဂ** = နာမ်လုပ်ငန်းကိစ္စ အတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်သည် မည်၏၊ နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ ပြိုကွဲသွားပြီ ဖြစ်၏။

## ၄။ အာရမ္မဏဃန = နာမ်အာရုံယူမှု အတုံးအခဲ

နာမ်တရားအားလုံးတို့သည် အာရုံယူတတ်သော သာရမ္မဏတရားတို့ချည်းသာ ဖြစ်ကြ၏။ သို့သော် ဝိပဿနာနယ်၌ အရှုခံ နာမ်တရားနှင့် ရှုတတ်သော အာရုံယူတတ်သော နာမ်တရားဟု နှစ်မျိုး ရှိ၏။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ အရူပသတ္တကဝိပဿနာရှုနည်းတွင် အကျုံးဝင်သော **ယမကရှုနည်း, ခဏိကရှုနည်း, ပဋိပါဋိရှုနည်း** (ဝိသုဒ္ဓိ၊၂၊၂၆၂။)တို့၌ ရှုနေသော ရှေ့ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် တစ်ဖန်ပြန်၍ ဝိပဿနာရှုရန်, တစ်နည်း ဆိုရသော် ရှေးရှေးဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ကို နောက်နောက်သော ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ဖြင့် တစ်ဖန် ပြန်၍ ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ တစ်ဖန် ဘင်္ဂဉာဏ်ပိုင်း စသည့် အထက်ပိုင်း ဝိပဿနာဉာဏ်ပိုင်းတို့၌လည်း —

**ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ။** (ဝိသုဒ္ဓိ၊၂၊၂၇၈။)

= **ဉာတ**အမည်ရသည့် ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိအပ်သည့် ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားဟူသော သင်္ခါရတရားတို့ကိုလည်းကောင်း, **ဉာဏ**အမည်ရသော ဝိပဿနာရှုနေသည့် ဉာဏ်ပြဓာန်းသော ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ကိုလည်းကောင်း — ဤ ဉာတ-ဉာဏ နှစ်မျိုး လုံးကိုပင် ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။

ထိုတွင် အထက်တွင် ရှင်းပြထားသည့်အတိုင်း စက္ခုဒွါရဝီထိ နာမ် တရားစု စသည့် ဝိပဿနာဉာဏ်၏ အရှုခံ နာမ်တရားဘက်၌ သန္တတိဃန, သမူဟဃန, ကိစ္စဃနဟု နာမ်တုံးနာမ်ခဲ နာမ်ဃန သုံးမျိုး ရှိသလို ရှုနေသည့် ဝိပဿနာဉာဏ် မနောဒွါရိကဇောဝီထိစိတ်အစဉ်ဘက်၌လည်း သန္တတိဃန, သမူဟဃန, ကိစ္စဃနဟု နာမ်တုံးနာမ်ခဲ

နာမ်ယန သုံးမျိုး ရှိသည်သာ ဖြစ်သည်။ ရှုနေသည့် ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ဘက်၌ ရှိသော နာမ်တုံးနာမ်ခဲ နာမ်ယန သုံးမျိုးကိုလည်း ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီး၍ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုရမည်သာ ဖြစ်သည်၊ တစ်ဖန် ပြန်၍ ဝိပဿနာရှုရမည်သာ ဖြစ်သည်။ ထိုရှုနေသော ဝိပဿနာဉာဏ်ကား တစ်နည်း ရှုနေသော ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ကား ဝိပဿနာနယ်၌ အထူးသဖြင့် အာရုံယူတတ်သော **သာရမ္မဏတရား**ပင် ဖြစ်သည်။ ထိုဝိပဿနာဉာဏ် ပြဓာန်းလျက်ရှိသော ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ကိုလည်း နာမ်ယန သုံးမျိုးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ဝိပဿနာ ရှုပွားသုံးသပ်ရမည်သာ ဖြစ်သည်။

၁။ ယင်း ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ကို ဤကား မနောဒွါရာဝဇ္ဇန်း, ဤကား ပထမဇော, ဤကား ဒုတိယဇော — ဤသို့ စသည်ဖြင့် စိတ္တက္ခဏ တစ်ခုစီ တစ်ခုစီကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ မမြင်ဘဲ ဝိပဿနာ-ဉာဏ် ဝိပဿနာစိတ် တစ်ခုအဖြစ်ဖြင့်သာ မြင်ခဲ့သော် သန္တတိယနဟူသော နာမ်အစဉ်အတန်း အတုံးအခဲ ဖုံးနေသည် မည်၏။ ဤကား မနောဒွါရာဝဇ္ဇန်း, ဤကား ပထမဇော, ဤကား ဒုတိယဇော — ဤသို့ စသည်ဖြင့် စိတ္တက္ခဏ တစ်ခုစီ တစ်ခုစီကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ မြင်ခဲ့သော် ဝိပဿနာရှုနိုင်ခဲ့သော် သန္တတိယနဟူသော နာမ်အစဉ်အတန်း အတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီး နိုင်သည် မည်ပေသည်၊ သန္တတိယန ပြိုပြီ ဖြစ်သည်။

၂။ တစ်ဖန် ယင်း ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်၌ ယေဘုယျအားဖြင့် မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်, ဇော ခုနစ်ကြိမ် စောတတ်၏။ မနောဒွါရာဝဇ္ဇန်းစိတ္တက္ခဏ၌ နာမ်တရား (၁၂)လုံး, ဇောအသီးအသီး၌ ဉာဏ် ပီတိ နှစ်မျိုးလုံးယှဉ်သော် နာမ်တရား (၃၄)လုံးစီ အသီးအသီး ရှိ၏။ ယင်းစိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော နာမ်တရားစု တို့ကို ဝိပဿနာဉာဏ် ဝိပဿနာစိတ်တစ်ခုအဖြစ်ဖြင့်သာ မြင်ခဲ့သော် သမူဟယန-ဟူသော နာမ်အပေါင်းအစု အတုံးအခဲ ဖုံးအုပ်နေသည် မည်၏။ ယင်းစိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ တည်ရှိသော နာမ်တရားစုတို့ကို — ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ, ဤကား ဝိညာဏ် - စသည်ဖြင့် တစ်လုံးစီ တစ်လုံးစီ ကို ဉာဏ်ဖြင့် မြင်ခဲ့သော် တစ်ဖန်ပြန်၍ ဝိပဿနာရှုနိုင်ခဲ့သော် သိခဲ့ သော် သမူဟယနဟူသော နာမ်အပေါင်းအစုအတုံးအခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်သည် မည်ပေသည်၊ သမူဟယန ပြိုပြီ ဖြစ်၏။

၃။ တစ်ဖန် ယင်းစိတ္တက္ခဏ တစ်ခုတစ်ခုအတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့၏ လုပ်ငန်းကိစ္စရပ်အသီးအသီးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ ၍ မသိခဲ့သော် မရှုနိုင်ခဲ့သော် ကိစ္စယနဟူသော နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ ဖုံးအုပ်နေသည် မည်၏။ ဤကား ဖဿ၏ လုပ်ငန်းကိစ္စ, ဤကား ဝေဒနာ၏ လုပ်ငန်းကိစ္စ, ဤကား သညာ၏ လုပ်ငန်းကိစ္စ, ဤကား စေတနာ၏ လုပ်ငန်းကိစ္စ, ဤကား ဝိညာဏ်၏ လုပ်ငန်းကိစ္စ စသည်ဖြင့် လုပ်ငန်းကိစ္စရပ် အသီးအသီးကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုနိုင်ခဲ့သော် သိခဲ့သော် ဉာဏ်ဖြင့် မြင်ခဲ့သော် ကိစ္စယနဟူသော နာမ်တုံး နာမ်ခဲကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်သည် မည်ပေသည်။ ကိစ္စယန ဟူသော နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ ပြိုပြီ ဖြစ်၏။

ထိုရှုနေသည့် ဝိပဿနာဉာဏ်ပြဓာန်းသော ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ဘက်၌ တည်ရှိသော သန္တတိယန သမူဟယန ကိစ္စယန ဟူသော နာမ်ယနသုံးမျိုးကိုကား အာရမ္မဏယနဟု အမည်တစ်မျိုးတည်းဖြင့် ခေါ်ဝေါ်သုံးစွဲထားသည်ဟု မှတ်ပါ။ ဝိပဿနာအရာ၌ အထူးသဖြင့် အာရုံ ယူတတ်သော သာရမ္မဏတရားကား ဝိပဿနာဉာဏ် သို့မဟုတ် ဝိပဿနာဉာဏ် ပြဓာန်းသော ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်ပင် ဖြစ်သော-ကြောင့်တည်း။ ဝိပဿနာဉာဏ်၏ အရှုခံနာမ်တရားဘက်၌ သန္တတိယန သမူဟယန ကိစ္စယနဟု ယန သုံးမျိုး ရှိ၍ ရှုတတ်သော ဝိပဿနာဉာဏ် ပြဓာန်းသော မနောဒွါရိက ဝိပဿနာဇောဝီထိစိတ်အစဉ်ဘက်၌ အာရမ္မဏယနတစ်မျိုး — ပေါင်းသော် နာမ်လောက၌ ယန လေးမျိုး ဖြစ်သည်။ ဤသို့ ခွဲခြားယူမှုသာလျှင် နာမ်တရား၌ ယန လေးမျိုး အဓိပ္ပါယ် ရှင်းသွားမည်။

ဤသို့လျှင် ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်ကြသော ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသော ရုပ်နာမ်ကြောင်းကျိုး (= သင်္ခါရတရား)ဟူသော ဉာတတရားနှင့် ရှုနေသည့် ဝိပဿနာဉာဏ် ပြဓာန်းသော ဝိပဿနာမနောဒွါရိက


©shwehinthar.com

ဇောဝီထိစိတ်အစဉ်ဟူသော ဉာဏာတရား — ဤဉာတ-ဉာဏ နှစ်မျိုးလုံး၌ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော ရုပ်ဃန နာမ်ဃန အတုံးအခဲ များကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုပွားသုံးသပ်နိုင်ပါမှ ထိုသင်္ခါရတရားတို့၌ ဖန်ဆင်းရှင် ပရမအတ္တနှင့် အဖန်ဆင်းခံရသော ဇီဝအတ္တ မရှိမှုကိုလည်းကောင်း, ထိုသင်္ခါရတရားတို့၌ တစ်စုံတစ်ယောက်သော အတ္တ၏ အလိုအတိုင်း မဖြစ်မှု အနတ္တသဘောကိုလည်းကောင်း, မပျက်စီးဘဲ အကျိတ် အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမဟုတ်သည့် အနတ္တသဘောကိုလည်းကောင်း, ထိုသင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ပြိုပျက်နေသည့် အစိုးမရမှုသဘောကိုလည်းကောင်း ဉာဏ်ဖြင့် တွေ့မြင် နေရမည် ဖြစ်၏။ ထိုသို့ ဉာဏ်ဖြင့် တွေ့မြင်နေရသောအခါ —

၁။ ဤ ဖြစ်ပေါ်နေသော သင်္ခါရတရားသည် တည်မှု ဌီကာလသို့ မရောက် ပါစေသတည်း။

၂။ တည်မှု ဌီကာလသို့ ရောက်ရှိနေသော ဤသင်္ခါရတရားသည် မဆွေး မြည့် မရင့်ရော်ပါစေသတည်း = မအိုပါစေသတည်း။

၃။ ဆွေးမြည့်ရင့်ရော် အိုမင်းခြင်းသို့ ရောက်ရှိနေသော ဤသင်္ခါရတရား သည် ပျက်ခြင်း ဘင်ကာလဖြင့် မပျက်စီးပါစေသတည်း — ဟု

ဤသုံးမျိုးကုန်သော အရာဌာနတို့၌ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တ၏ အလိုအတိုင်း ဖြစ်မှုသဘောကား မရှိသည်သာတည်း။ ထိုသင်္ခါရတရားတို့၌ ထိုတစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တ၏ အလိုအတိုင်း ဖြစ်သော အခြင်းအရာမှ ဆိတ်သုဉ်းနေ၏။ ထို့ကြောင့် ထိုသင်္ခါရတရားတို့သည် —

၁။ အတ္တမှ ဆိတ်သုဉ်းခြင်း (= သုညတ) သဘောကြောင့်လည်း အနတ္တ မည်ပေသည်။

၂။ ထိုသင်္ခါရတရားတို့ကို အစိုးတရ ပိုင်ဆိုင်သည့် သာမိ (= ပိုင်ရှင်) အတ္တ မရှိခြင်း အနက်သဘောကြောင့်လည်း ထိုသင်္ခါရတရားတို့သည် အနတ္တ မည်ပေသည်။

၃။ ထိုသင်္ခါရတရားတို့၌ တစ်စုံတစ်ယောက်သော အတ္တ၏ အလိုအတိုင်း ပြုလုပ်၍ ရနိုင်သော သဘော မရှိခြင်းကြောင့်လည်း ထိုသင်္ခါရတရား တို့သည် အနတ္တ မည်ပေသည်။

၄။ သာသနာပ အယူအဆရှိကြကုန်သော ပုဂ္ဂိုလ်တို့ ကြံဆထားအပ်သည့် ဖန်ဆင်းရှင် ပရမတ္တ = ပရမအတ္တ, အဖန်ဆင်းခံရသော ဇီဝအတ္တရှိ၏ဟု စွဲယူသော အတ္တဝါဒနှင့် ထိပ်တိုက် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်း ထိုသင်္ခါရတရားတို့သည် အနတ္တ မည်ပေသည်။ (အဘိ၊ဋ၊၂၊၄၅။)

**အနတ္တရောင်ခြည်တော်နေဝန်း**

ဤကဲ့သို့သော အနတ္တဉာဏ်အမြင် အနတ္တရောင်ခြည်တော်နေဝန်းကြီး၏ တင့်တယ်စမ္ပာယ်စွာ ထွန်းလင်းထွက်ပေါ်လာရေးအတွက် ယောဂါဝစရပုဂ္ဂိုလ်သည် ဉာတ-ဉာဏအမည်ရသည့် ရုပ်ဓာတ် နာမ်ဓာတ်တို့ကို တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရုပ်ဃန နာမ်ဃန အတုံးအခဲ များကို ပြိုကွဲသွားအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ရှုပွားသုံးသပ်ရမည်သာ ဖြစ်ပေသည်။ ထိုသို့ ရှုပွားနိုင်သော အခါတွင်မှ ထိုသင်္ခါရတရားတို့၏ မဖြစ်ခင်က မရှိခြင်း, ဖြစ်ပြီးနောက် မရှိခြင်း ဟူသော မရှိခြင်းနှစ်မျိုးတို့၏ အလယ်၌သာလျှင် အလွန့်အလွန် တိုတောင်း လှသော ယာယီအခိုက်အတန့်အားဖြင့်သာ, အနိစ္စအနေအထား ဒုက္ခအနေအထား အနတ္တအနေအထားအားဖြင့် ဖြစ်ပေါ်လာကြသော သင်္ခါရတရား တို့သာ ဖြစ်ကြသည်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက် ချနိုင်မည် ဖြစ်ပေ သည်။ အနတ္တရောင်ခြည်တော်နေဝန်းကြီးသည်လည်း ယောဂါဝစရပုဂ္ဂိုလ် သူမြတ်၏ ဉာဏ်ဝတွင် တင့်တယ်စမ္ပာယ်စွာ ကြွားကြွားဝင့်ဝင့် ငွားငွား စွင့်လျက် ထွန်းလင်းထွက်ပေါ်လာမည် ဖြစ်ပေသတည်း။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာဆရာတော်က သမထယာနိကပုဂ္ဂိုလ်အား အောက်ပါ အတိုင်း ဈာန်နာမ်တရားတို့ကို သိမ်းဆည်းရန် ညွှန်ကြားထားပေသည်။

နာမ်ရုပ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သည့် ထိုဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ကို ပြည့်စုံစေလိုသော ဈာန်သမထယာဉ်


©shwehinthar.com

ရှိသော **သမထယာနိက ယောဂါဝစရပုဂ္ဂိုလ်သည်** ရှေးဦးစွာ နေဝသညာနာသညာယတနစျာန်ကို ချန်ထား၍ ယင်းစျာန်မှ တစ်ပါးကုန်သော ကြွင်းကုန်သော ရူပါဝစရစျာန် အရူပါဝစရစျာန်တို့တွင် တစ်မျိုးမျိုးသော စျာန်ကို ဝင်စားကာ ယင်းစျာန်မှ ထ၍ ဝိတက် အစရှိကုန်သော စျာန်အင်္ဂါတို့ကိုလည်းကောင်း, ယင်းစျာန်နှင့် ယှဉ်ဖက် သမ္ပယုတ်တရား ဖြစ်ကြကုန်သော နာမ်တရားစုတို့ကိုလည်းကောင်း **လက္ခဏ-ရသ-စသည်တို့၏ အစွမ်းဖြင့်** (= လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်- ပဒဋ္ဌာန်အားဖြင့်) သိမ်းဆည်းအပ်၏ (= ဉာဏ်ဖြင့် ပိုင်းခြားယူအပ်၏)။ သိမ်းဆည်းပြီး၍ (= ဉာဏ်ဖြင့် ပိုင်းခြားယူပြီး၍) ဤအလုံးစုံသော စျာန်နာမ်တရားစုကို (အာနာပါနပဋိဘာဂနိမိတ်, ကသိုဏ်းပဋိဘာဂနိမိတ်စသော) သမထအာရုံနိမိတ်သို့ ရှေးရှု ညွတ်တတ်သောကြောင့် အာရုံသို့ ရှေးရှုညွတ် တတ်သော အနက်သဘောအားဖြင့် **နာမ်**ဟူ၍ ပိုင်းခြားမှတ်သားအပ်၏။

(ဝိသုဒ္ဓိ၊၂၊၂၂၂။)

လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် နာမ်တရားတို့ကို သိမ်းဆည်းပုံ နည်းစနစ်များကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ ခန္ဓနိဒ္ဒေသပိုင်း (ဝိသုဒ္ဓိ၊၂၈၂-၁၀၁။)တို့၌လည်းကောင်း, အဋ္ဌသာလိနီအဋ္ဌကထာ ထိုထို နေရာ တို့၌လည်းကောင်း ကြည့်ပါ။ ဆရာသမားများနှင့် ချဉ်းကပ်လေ့လာပါ။

**ခန္ဓာငါးပါးနည်းဖြင့် သိမ်းဆည်းရှုပွားပုံ အမြွက်**

ဧတ္ထ ဟိ စက္ခု စေဝ ရူပဉ္စ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော။ ဧဝမေတေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယေ အာလောကနဝိလောကနံ ပညာယတိ။ တတ္ထ ကော ဧကော အာလောကေတိ၊ ကော ဝိလောကေတိ။ (ဒီ၊ဋ္ဌ၊၁၊၁၇၅။ မ၊ဋ္ဌ၊၁၊၂၆၇-၂၆၈။ သံ၊ဋ္ဌ၊၃၊၂၂၇။ အဘိ၊ဋ္ဌ၊၂၊၃၄၂။)

ဤခန္ဓာငါးပါးနည်းဖြင့် သိအောင် သိမ်းဆည်းရှုပွားရမည့် ရှုကွက်၌–

၁။ စက္ခုအကြည်ဓာတ်နှင့် ရူပါရုံကား ရူပက္ခန္ဓာတည်း။

၂။ ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဏ်ကား ဝိညာဏက္ခန္ဓာတည်း။

၃။ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်သော ဝေဒနာကား ဝေဒနာက္ခန္ဓာတည်း။

၄။ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်သော သညာကား သညာက္ခန္ဓာတည်း။

၅။ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်သော ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရတို့ကား သင်္ခါရက္ခန္ဓာတည်း။

ဤသို့လျှင် ဤခန္ဓာငါးပါးတို့၏ ပေါင်းဆုံခြင်းသည် ထင်ရှားရှိလတ်သော် တည့်တည့်ကြည့်ခြင်း စောင်းငဲ့ကြည့်ခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုသို့ တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာ၌ အဘယ်မည်သော ပုဂ္ဂိုလ် သတ္တဝါ တစ်စုံတစ်ဦးသည် တည့်တည့်ကြည့်လေသနည်း? အဘယ်မည်သော ပုဂ္ဂိုလ် သတ္တဝါ တစ်စုံတစ်ဦးသည် စောင်းငဲ့ကြည့်လေသနည်း? တည့်တည့်ကြည့်သော စောင်းငဲ့ကြည့်သော ပုဂ္ဂိုလ် သတ္တဝါ တစ်စုံတစ်ဦးသည် မရှိသည်-သာတည်း။ ခန္ဓာငါးပါးတို့၏ ပေါင်းဆုံခြင်းမျှသာတည်း။

(ဒီ၊ဋ္ဌ၊၁၊၁၇၅။ မ၊ဋ္ဌ၊၁၊၂၆၇-၂၆၈။ သံ၊ဋ္ဌ၊၃၊၂၂၇။ အဘိ၊ဋ္ဌ၊၂၊၃၄၂။)

ဤသို့ တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာ၌ စက္ခုဝိညာဏ် စိတ္တက္ခဏ အခိုက်ဝယ် ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်သွားပုံကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်သော် အသမ္မောဟသမ္ပဇဉ် ဖြစ်ပေပြီ။ သို့သော် စက္ခုဝိညာဏ်သည် မိမိ၏ ရှေးက ပဉ္စဒွါရာဝဇ္ဇန်း မပါဘဲလည်း မဖြစ်နိုင်။ တစ်ဖန် ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဘဝင်ကို လည်စေခဲ့သည်ရှိသော် ရပ်တန့်စေခဲ့သည်ရှိသော် ဝုဋ္ဌောသို့ မရောက်ဘဲလည်း ဝီထိစိတ်အစဉ်၏ ရပ်တန့်သွားခြင်း (= ဘဝင်သို့ တစ်ဖန်ပြန်၍ ကျဆင်းသွားခြင်း)မည်သည် မရှိကောင်းသည်သာ ဖြစ်၏။

(အဘိ၊ဋ္ဌ၊၁၊၃၀၉-၃၁၀။)

အကယ်၍ ရူပါရုံသည် ပရိတ္တာရုံဖြစ်ခဲ့ပါမူ ဝုဋ္ဌောအထိ, မဟန္တာရုံ ဖြစ်ခဲ့ ပါမူ ဇော (၇)ကြိမ်အထိ, အတိမဟန္တာရုံ ဖြစ်ခဲ့ပါမူ တဒါရုံ (၂)ကြိမ်အထိ ဝီထိစိတ်များသည် ဆက်လက်၍ ဖြစ်ကြမည်သာ ဖြစ်ပေသည်။ သို့အတွက် စက္ခုဝိညာဏ် စိတ္တက္ခဏအခိုက်ဝယ် ခန္ဓာငါးပါး ထင်ရှားဖြစ်သွားသကဲ့သို့ အလားတူပင် –


©shwehinthar.com

၁။ ပဉ္စဒွါရာဝဇ္ဇန်း စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး,

၂။ စက္ခုဝိညာဏ် စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး,

၃။ သမ္ပဋိစ္ဆိုင်း စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး,

၄။ သန္တီရဏ စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး,

၅။ ဝုဋ္ဌော စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး,

၆။ ဇော စိတ္တက္ခဏအသီးအသီးအခိုက်၌ ခန္ဓာငါးပါးစီ,

၇။ တဒါရုံ စိတ္တက္ခဏအသီးအသီးအခိုက်၌ ခန္ဓာငါးပါးစီ —

ဤသို့လျှင် စိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါးစီ အသီးအသီး ဖြစ်သွားကြ၏။ ယင်းခန္ဓာငါးပါးတို့ကို စိတ္တက္ခဏတိုင်းဝယ် ပရမတ်သို့ ဆိုက်အောင် ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင် ဝိပဿနာရှုပွား သုံးသပ်နိုင်ပါက တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာ၌ အသမ္မောဟသမ္ပဇဉ် ဖြစ်ပေပြီ။ ထိုကြောင့် စက္ခုဝိညာဏ်စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါးဖြစ်ပုံကို ဖွင့်ဆိုထားသော အဋ္ဌကထာစကားရပ်ကို အရိပ်ပြလျှင် အကောင်ထင်စေသော ဥပလက္ခဏနည်း နိဒဿနနည်းအားဖြင့် ဖွင့်ဆိုထားသော စကားဟု မှတ်ပါ။

**ပဉ္စဒွါရာဝဇ္ဇန်းစိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး**

၁။ ပဉ္စဒွါရာဝဇ္ဇန်း၏ မှီရာ ဟဒယဝတ္ထုနှင့် ရူပါရုံကား ရူပက္ခန္ဓာ,

၂။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကား ဝိညာဏက္ခန္ဓာ,

၃။ ယင်းပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော သညာကား သညာက္ခန္ဓာ,

၄။ ယင်းပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော ဝေဒနာကား ဝေဒနာက္ခန္ဓာ,

၅။ ယင်းပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ - ဤ (၈)လုံးတို့ကား သင်္ခါရက္ခန္ဓာ

ဤသို့လျှင် ခန္ဓာငါးပါး ဖြစ်ပေသည်။ ကျန်ဝီထိစိတ်တို့၌လည်း နည်းမှီ၍ သိပါလေ။ သောတဒွါရဝီထိစသည့် ဝီထိစိတ်အစဉ်တို့၌လည်း နည်းတူပင် သဘောပေါက်ပါလေ။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၂၂၅)၌-လည်း ခန္ဓာငါးပါးနည်းဖြင့် ရုပ်နာမ်တို့ကို သိမ်းဆည်းရန် ညွှန်ကြားချက်များလည်း လာရှိပေသည်။

**ဈာနသမာပတ္တိဝီထိနာမ်တရားများ**

ဤကျမ်းစာ၌ကား ဈာနသမာပတ္တိဝီထိနာမ်တရားများက စ၍ သိမ်းဆည်းပုံ အမြွက်မျှကို တင်ပြအပ်ပါသည်။ ယင်းဈာန်နာမ်တရားတို့ကို သိမ်းဆည်းရာ၌ ရှေးဦးစွာ သဘာဝလက္ခဏာကို ဦးစားပေးကာ သိမ်းဆည်းပါ။ ကျွမ်းကျင်လာသောအခါ တစ်ဖန် ပြန်၍ လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ ဈာနသမာပတ္တိဝီထိ နာမ်တရားတို့ကို ဝီထိစိတ်အစဉ်အတိုင်း သိမ်းဆည်းရမည်ဖြစ်သဖြင့် ယင်း ဝီထိစိတ်အစဉ်များကို အကျဉ်းချုပ်ကာ တင်ပြအပ်ပါသည်။

**ဈာနသမာပတ္တိဝီထိပုံစံများ**

မန္ဒပုဂ္ဂိုလ် = န-ဒ-မ-ပ-ဉ-နု-ဂေါ-ဈာန်. . . . . .
တိက္ခပုဂ္ဂိုလ် = န-ဒ-မ-ဉ-နု-ဂေါ-ဈာန်. . . . . .

မိမိ ရရှိထားပြီးသော ဈာန်ကို ခိုင်မြဲစေခြင်းငှာလည်းကောင်း, ဝသီဘော်ရောက် ကမ်းတစ်ဖက်သို့ပေါက် ပါရဂူမြောက်စေခြင်းငှာလည်းကောင်း, မျက်မှောက်ဘဝ၌ ဈာနသုခ (= ဈာန်ချမ်းသာ)ကို ခံစား စံစားပါရခြင်းအလို့-


©shwehinthar.com

ငှာလည်းကောင်း, အဘိညာဏ်၏ အခြေပါဒကအကျိုးငှာလည်းကောင်း, ဝိပဿနာ၏ အခြေပါဒကအကျိုးငှာလည်းကောင်း မိမိရရှိထားပြီးသော ဈာန်ကို အဖန်ဖန် အထပ်ထပ် ဝင်စားသော ဝီထိစိတ်အစဉ်ကို **ဈာနသမာပတ္တိဝီထိ**ဟု ခေါ်ဆိုသည်။ ဤတွင် ပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံ ယူ၍ ဖြစ်ပေါ်လာသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုက္ကနည်း ရူပါဝစရဈာန်လေးပါးနှင့် ယင်းပထဝီကသိုဏ်းပညတ်ကို ခွာနိုင်သဖြင့် အဆင့်ဆင့် ဖြစ်ပေါ်လာကြသော အရူပါဝစရဈာန် လေးပါး - ပေါင်း သမာပတ် (၈)ပါးတို့ကို ပုံစံအဖြစ် ဖော်ပြအပ်ပါသည်။

၁။ ပထမဈာနသမာပတ္တိဝီထိ,

၂။ ဒုတိယဈာနသမာပတ္တိဝီထိ,

၃။ တတိယဈာနသမာပတ္တိဝီထိ,

၄။ စတုတ္ထဈာနသမာပတ္တိဝီထိ,

၅။ အာကာသာနဉ္စာယတနဈာနသမာပတ္တိဝီထိ,

၆။ ဝိညာဏဉ္စာယတနဈာနသမာပတ္တိဝီထိ,

၇။ အာကိဉ္စညာယတနဈာနသမာပတ္တိဝီထိ,

၈။ နေဝသညာနာသညာယတနဈာနသမာပတ္တိဝီထိ —

ဤသို့လျှင် (စတုက္ကနည်းအရ) ဈာနသမာပတ္တိဝီထိ (၈)မျိုး ရှိပေသည်။ ယင်းဈာနသမာပတ္တိဝီထိနာမ်တရားစုတို့သည် အထက်တွင် တင်ပြထားသည့် ဝီထိစဉ်အတိုင်း ဖြစ်ရိုးဓမ္မတာ ရှိကြ၏။ ယင်းဓမ္မတာလမ်းကြောင်းမှ တိမ်းစောင်း၍ ဖြစ်ရိုးဓမ္မတာကား မရှိကြပေ။ ယင်းသင်္ကေတတို့၏ အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏။

**န** - **ဘဝင်္ဂစလန** - လှုပ်သောဘဝင် (အတိတ်မရဏာသန္နဇော၏ အာရုံ)

**ဒ** - **ဘဝင်္ဂုပစ္ဆေဒ** - ရပ်သောဘဝင် (အတိတ်မရဏာသန္နဇော၏ အာရုံ)

**မ** - **မနောဒွါရာဝဇ္ဇန်း** - ပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကို ဆင်ခြင်သော စိတ်

**ပ** - **ပရိကံ** - အပ္ပနာဈာန်ဇော ဖြစ်ပေါ်လာရန် ပြုပြင်စီရင်သော စိတ်

**ဥ** - **ဥပစာ** - အပ္ပနာဈာန်၏ အနီး၌ ကပ်၍ ဖြစ်တတ်သောစိတ်

**နု** - **အနုလောမ** - အနုလုံ = ရှေးပရိကံနှင့် နောက်အပ္ပနာဈာန်ဇောတို့ အား လျော်သော စိတ်,

**ဂေါ** - **ဂေါတြဘု** - ကာမအနွယ်ကို လွှမ်းမိုးဖိစီးတတ် ဖြတ်တတ်သောစိတ်

**ဈာန်** - (ပထဝီ)ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်သောစိတ် = အာရမ္မဏူပနိဇ္ဈာနဈာန် = ကသိုဏ်းပဋိဘာဂ နိမိတ်အာရုံသို့ ကပ်၍ စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်သော စိတ်ဟု ဆိုလိုသည်။

**ပရိကံ** — အလွန်အားကောင်းသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော ကာမာဝစရ ဥပစာရသမာဓိဇောစိတ်တစ်မျိုးသည် မဟဂ္ဂုတ်အမည်ရသော အပ္ပနာဈာန်ဇောများ ဖြစ်ပေါ်လာရန် ပြုပြင်စီရင်တတ်သောကြောင့် ပရိကံ မည်၏။ (ဝိသုဒ္ဓိ၊၁၊၁၃၄။)

**ဥပစာရ** — ရွာ၏ အနီးဖြစ်သော အရပ်ကို ရွာဥပစာ, မြို့၏အနီးဖြစ်သော အရပ်ကို မြို့ဥပစာဟု ဤသို့ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲသကဲ့သို့ အလားတူပင် အပ္ပနာဈာန်မှ နီးသည်၏ အဖြစ်ကြောင့်လည်းကောင်း, တစ်နည်းဆိုရသော် အနီး၌ ကျင်လည်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ပရိကံအမည်ရသော ကာမာဝစရ ဥပစာရသမာဓိဇော၏ နောက်၌ ကပ်လျက် ဖြစ်ပေါ်လာသော ဥပစာရသမာဓိဇောစိတ်ကို ဥပစာရဟူ၍ ခေါ်ဆိုအပ်၏။ အပ္ပနာဈာန်ဇောမှ နီးကပ်သည်၏ အဖြစ်ကြောင့် ယင်းသို့ ဥပစာရ အမည်ရခဲ့သော် အပ္ပနာဈာန်ဇောနှင့် တစ်စပ်တည်း ဆက်စပ်နေသော ဂေါတြဘု၏သာလျှင် ဥပစာရဟူသော အမည်သမညာသည် ဖြစ်သင့်၏ဟူသော လျှဉ်းပါးဖွယ်ရာ ရှိလာပြန်၏၊ သို့အတွက် — **သမီပစာရတ္တာ** — ဟု အဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊၁၃၄။)က နောက်တစ်မျိုး ထပ်ဖွင့်ပြန်သည်။ ဤစကား အရ အပ္ပနာဇောနှင့် ကပ်လျက်ရှိသော ဂေါတြဘုဇောကို ဥပစာရဟု မခေါ်ဆိုဘဲ အပ္ပနာဇော၏ အနီးအပါး၌ ကျင်လည်တတ် ဖြစ်တတ်သော,


©shwehinthar.com

ဂေါတြဘု ၏ ရှေးနားက ကာမဇောများကို ဥပစာရဟု ခေါ်ဝေါ်ရသည် မှတ်ပါ။ မှန်ပေသည် အလွန်မနီးကပ်ပါသော်-လည်း မဝေးလွန်းသောအရပ်၌ ဖြစ်သော တရားသည် သမီပစာရီ (= အနီးအပါး၌ ဖြစ်သောတရား) မည်သည်သာ ဖြစ်ပေသည်။ (မဟာဋီ၊၁၊၁၆၁။)

**အနုလောမ** — အနုလောမအမည်ရသော ကာမာဝစရ ဥပစာရသမာဓိ ဇောသည် ရှေးရှေး ပရိကံတို့၏ ကိစ္စကိုလည်း ဆက်လက်၍ ရွက်ဆောင် တတ်၏။ နောက်နောက်သော အပ္ပနာဈာန်ကိုလည်း ပေါ်လာစေတတ်၏။ သို့အတွက် ရှေးရှေးပရိကံနှင့် နောက်နောက်အပ္ပနာတို့အား လျော်စွာဖြစ်တတ်သောကြောင့် ယင်းကာမဇောသည် အနုလောမ မည်၏။ ရှေးရှေး ပရိကံဟူရာ၌ အပ္ပနာဇောဝီထိ၏အတွင်း၌ တည်ရှိသော ပရိကံကို ဆိုလိုသည် မဟုတ်၊ အပ္ပနာဝီထိသို့ မသက်ရောက်မီ အပ္ပနာဝီထိ မကျမီ အထူးထူးသော အာဝဇ္ဇန်းရှိကြကုန်သော ရှေးရှေးဝီထိတို့၏ အတွင်း၌ တည်ရှိကြကုန်သော ဖြစ်ခဲ့သမျှသော ဇောတို့ကိုလည်း အပ္ပနာဈာန်ဇော ဖြစ်ပေါ်လာအောင် စီမံပေးကြသည်ဖြစ်၍ ပရိကံဟုပင် ခေါ်ဆိုရသည်။

(ဝိသုဒ္ဓိ၊၁၊၁၃၄။ မဟာဋီ၊၁၊၁၆၁။)

**ဂေါတြဘု** — ဤကာမာဝစရ ဥပစာရသမာဓိဇောတို့တွင် နောက်ဆုံး ဖြစ်သော ကာမဇောသည် ကာမာဝစရအနွယ်ကို လွှမ်းမိုးကျော်လွန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဂေါတြဘု ( = ဂေါတြဘူ) ဟူ၍လည်း ခေါ်ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသောသဘောရှိကြကုန်သော, မန္ဒပညာပုဂ္ဂိုလ်၏ သန္တာန်၌ လေးကြိမ်, တိက္ခပညာပုဂ္ဂိုလ်၏ သန္တာန်၌ သုံးကြိမ် ဖြစ်ပေါ်သွားကြကုန်သော ပရိကံ ဥပစာရ အနုလုံ ဂေါတြဘု, သို့မဟုတ် ဥပစာရ အနုလုံ ဂေါတြဘုဟူသော ထိုဇောတို့သည် ပြကတေ့ (= ပကတိ)သော ကာမာဝစရစိတ်တို့ထက် အထူး အားရှိသော အလွန်အားကောင်းမောင်းသန်သော စွမ်းအင်အပြည့် အဝ ရှိသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ငါးပါး ထင်ရှားရှိကုန်သော ကာမာဝစရတရားတို့ ဖြစ်ကြကုန်၏။ ဥပစာရ ကာမာဝစရသမာဓိဇောတို့ ဖြစ်ကြကုန်၏။ ဤဈာနသမာပတ္တိဝီထိအတွင်း၌ မဟဂ္ဂုတ် အပ္ပနာဈာန်ဇောတို့ကား အကြိမ်များစွာ စောနိုင်ကြ၏။ ယင်းသို့ အကြိမ်များစွာ စောကြခြင်းကြောင့်လည်း နာမ်ကမ္မဋ္ဌာန်းကို အားထုတ်ခါစ အာဒိကမ္မိကပုဂ္ဂိုလ်အတွက် သိမ်းဆည်းရ လွယ်ကူခြင်း ဖြစ်ပေသည်။

**ကသိုဏ်းပဋိဘာဂနိမိတ်အာရုံ**

**စမ္မာရုံလိုင်း — မနောဒွါရ — ဈာနသမာပတ္တိဝီထိဇယား**

| [ ' , &dS r&Bmow+Kkyf | 54 | 54 | 54 | 54 | 54 | 54 |
|---|---|---|---|---|---|---|
| | မ | ပ | ဥ | နု | ဂေါ | ဈာန် (psnfaZmt B dfsmpOf) |
| yx r psnf | 12 | 34 | 34 | 34 | 34 | 34 . . . |
| ' kwd psnf | 12 | 34 | 34 | 34 | 34 | 32 (0dwu f+0pm&jyKwf) |
| wwd psnf | 12 | 34 | 34 | 34 | 34 | 31 (yDwd-k yjyKwf) |
| pwkw psnf | 12 | 33 | 33 | 33 | 33 | 31 (o kjyKwf-Oayu©mi f) |

**ပဌမဈာန်နာမ်တရား (၃၄) လုံး**

၁။ **အသိစိတ်** = ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို ရယူခြင်းသဘော၊

**[ဝိဇာနနံ အာရမ္မဏဿ ဥပလဒ္ဓိ** (မူလဋီ၊၁၊၈၇။) - ဟူသော မူလဋီကာနှင့် အညီ အာရုံကို သိသည်ဟူရာ၌ ထိုအာရုံကို


©shwehinthar.com

လှမ်း၍ အာရုံယူရာ အာရုံယူ၍ ရမှုသဘောသာ ဖြစ်သည်။ အကယ်၍ အာရုံယူ၍ မရရှိပါက ထိုအာရုံကို သိသည်ဟု မဆိုနိုင်ပေ။]

၂။ **ဖဿ** = ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော (လက္ခဏ)၊
= ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံနှင့် အသိစိတ်ကို ဆက်စပ်ပေးခြင်းသဘော (ရသ)၊

၃။ **ဝေဒနာ** = ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားခြင်းသဘော (ပထမစျာန်၌ သောမနဿဝေဒနာ)၊

**[မှတ်ချက်** ။ ။ နောက်စေတသိက်တို့၌ အာရုံဟုဆိုရာ၌ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်အာရုံကိုပင် အထူးရည်ညွှန်းနေသည်ဟု မှတ်ပါ။]

၄။ **သညာ** = အာရုံကို မှတ်သားခြင်းသဘော၊

၅။ **စေတနာ** = အာရုံပေါ်သို့ ယှဉ်ဖက် သမ္ပယုတ်တရား (= စိတ်-စေတ သိက်တရား) တို့ကို ရောက်အောင် စေ့ဆော်-ပေးခြင်း (=နှိုးဆော်ပေးခြင်း) သဘော၊

၆။ **ဧကဂ္ဂတာ** = အာရုံတစ်ခုတည်းပေါ်သို့ စိတ် ကျရောက်နေခြင်း သဘော (= တည်ငြိမ်နေခြင်းသဘော)၊
= သမ္ပယုတ်တရားတို့ကို ဖရိုဖရဲ မကျဲစေခြင်းသဘော၊

၇။ **ဇီဝိတ** = သမ္ပယုတ်တရားတို့ကို စောင့်ရှောက်ပေးခြင်းသဘော (= နာမ်သက်စောင့်ဓာတ်)၊

၈။ **မနသိကာရ** = အာရုံဘက်သို့ စိတ်ကို (သမ္ပယုတ်တရားတို့ကို) ဦးလှည့် တွန်းပို့ပေးခြင်းသဘော (= မောင်းနှင်ပေးခြင်းသဘော)၊
= အာရုံကို နှလုံးသွင်းခြင်းသဘော၊

၉။ **ဝိတက်** = အာရုံပေါ်သို့ စိတ်ကို (သမ္ပယုတ်တရားတို့ကို) ရှေးရှု တင်ပေးခြင်းသဘော၊
= အာရုံကို ကြံစည်ခြင်းသဘော၊

၁၀။ **ဝိစာရ** = အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်း (= ဆုပ်နယ်ခြင်းသဘော)၊
= အာရုံကို ထပ်၍ထပ်၍ ယူခြင်းသဘော၊

၁၁။ **အဓိမောက္ခ** = အာရုံကို ဆုံးဖြတ်ချက် ချခြင်းသဘော၊

၁၂။ **ဝီရိယ** = အာရုံကို သိအောင် (သမ္ပယုတ်တရားတို့ ဖြစ်အောင်) ကြိုးစားအားထုတ်ခြင်းသဘော၊

**[မှတ်ချက်**။ ။ သမာဓိသိက္ခာပိုင်းဖြစ်သဖြင့် သမာဓိကို ထူထောင်ခိုက်, စျာန်သမာပတ် ဝင်စားခိုက်တို့၌ အထူးသဖြင့် ပထဝီကသိုဏ်းကဲ့သို့သော ကသိုဏ်းပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားအားထုတ်မှု သဘောပင် ဖြစ်သည်။ ဝီရိယသည် သမ္ပယုတ် တရားတို့ကို အာရုံ၌ ခိုင်ခံ့အောင် တည်တံ့-အောင် အားပေးထောက်ပံ့ထားခြင်း ပဂ္ဂဟလုပ်ငန်းကိစ္စကို ပြုလုပ်သည်။]

၁၃။ **ပီတိ** = အာရုံကို နှစ်သက်ခြင်းသဘော၊

၁၄။ **ဆန္ဒ** = အာရုံကို သိလိုခြင်းသဘော၊
= အာရုံ၌ စိတ်တည်ကြည်လိုခြင်း = သမာဓိဖြစ်လိုခြင်း = သမ္ပယုတ်တရားတို့ကို ဖြစ်စေလိုခြင်းသဘော၊

၁၅။ **သဒ္ဓါ** = စျာန်သမာဓိသိက္ခာ (= စျာန်သမာဓိကျင့်စဉ်)ကို ယုံကြည် ခြင်းသဘော၊

[သဒ္ဓါဖြစ်ရာ (၈)ဌာနတို့၌ သိက္ခာ သုံးပါးလည်း ပါဝင်လျက် ရှိ၏။ စျာန်သမာဓိသိက္ခာ (= စျာန်သမာဓိကျင့်စဉ်)ကို ယုံကြည်ခြင်းသည်လည်း သဒ္ဓါပင် ဖြစ်သည်။]

၁၆။ **သတိ** = အာရုံ၌ သမ္ပယုတ်တရားတို့ကို ဘူးတောင်းကဲ့သို့ မပေါ် စေဘဲ ကျောက်ဖျာကဲ့သို့ နစ်မြုပ်စေ-


©shwehinthar.com

ခြင်းသဘော၊
= အာရုံကို မမေ့ပျောက်ခြင်းသဘော၊
= အာရုံ၌ စိတ် ခိုင်မြဲခြင်းသဘော၊

၁၇။ **ဟိရီ** = မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တရားမှ ရှက်ခြင်း သဘော၊

၁၈။ **ဩတ္တပ္ပ** = မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တရားမှ ကြောက် ခြင်းသဘော၊

[ဤ ဟိရီ, ဩတ္တပ္ပ တရား နှစ်ပါးကား ဈာန်သမာဓိအခိုက်၌ ရှေးရှု တည်နေရုံ တည်နေခြင်းသဘောသာ ဖြစ်သည်။ အထူးသဖြင့် ဤအပိုင်းတွင် ပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကိုသာ အာရုံမှုနေသည့်အခိုက် ဖြစ်ရကား အကုသိုလ်ဒုစရိုက်-တို့နှင့် ထိပ်တိုက် တွေ့ဆုံနေသည့် အချိန်အခိုက်လည်း မဟုတ်သောကြောင့် ဖြစ်သည်။ အရှက်အကြောက် ရှိ၍သာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ဖြည့်ကျင့်နေခြင်း ဖြစ်၏။ ရှက်မှု ကြောက်မှုတို့ကား ဈာန် မဝင်စားမီ, ဝင်စားပြီး, ဝင်စားဆဲအချိန်တို့၌ ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ နာမ်သန္တတိအစဉ်ဝယ် ရှေးရှုတည်နေကြသည်သာ ဖြစ်၏။]

၁၉။ **အလောဘ** = အာရုံ၌ စိတ် မကပ်ငြိခြင်း မတပ်မက်ခြင်းသဘော၊
= အာရုံကို ငါ့ဟာဟု မစွဲယူခြင်းသဘော၊

၂၀။ **အဒေါသ** = အာရုံ၌ စိတ် မခက်ထန် မကြမ်းတမ်းခြင်းသဘော၊
= အာရုံကို မဖျက်ဆီးလိုခြင်းသဘော၊

၂၁။ **တတြမဇ္ဈတ္တတာ** = အာရုံ၌ စိတ်ကို အလယ်အလတ် ထားခြင်း သဘော၊
= အာရုံကို လျစ်လျူရှုခြင်းသဘော၊

၂၂။ **ကာယပဿဒ္ဓိ** = အာရုံ၌ စေတသိက်တို့၏ ငြိမ်းအေးခြင်းသဘော၊

၂၃။ **စိတ္တပဿဒ္ဓိ** = အာရုံ၌ စိတ်၏ ငြိမ်းအေးခြင်းသဘော၊

၂၄။ **ကာယလဟုတာ** = အာရုံ၌ စေတသိက်တို့၏ လျင်မြန် ပေါ့ပါးခြင်း သဘော၊

၂၅။ **စိတ္တလဟုတာ** = အာရုံ၌ စိတ်၏ လျင်မြန် ပေါ့ပါးခြင်းသဘော၊

၂၆။ **ကာယမုဒုတာ** = အာရုံ၌ စေတသိက်တို့၏ နူးညံ့ခြင်းသဘော၊

၂၇။ **စိတ္တမုဒုတာ** = အာရုံ၌ စိတ်၏ နူးညံ့ခြင်းသဘော၊

၂၈။ **ကာယကမ္မညတာ** = အာရုံ၌ စေတသိက်တို့၏ ခံ့ညားခြင်းသဘော၊
= စေတသိက်တို့၏ အာရုံကို ရှုလို့ အချိုးကျ အဆင် ပြေခြင်းသဘော၊

၂၉။ **စိတ္တကမ္မညတာ** = အာရုံ၌ စိတ်၏ ခံ့ညားခြင်းသဘော၊
= စိတ်၏ အာရုံကို ရှုလို့ အချိုးကျ အဆင်ပြေခြင်း သဘော၊

၃၀။ **ကာယပါဂုညတာ** = အာရုံ၌ စေတသိက်တို့၏ ပြွမ်းတီးလေ့လာနိုင်နင်း ခြင်းသဘော၊
= ကျွမ်းကျင်လိမ်မာခြင်းသဘော၊
= ကိလေသာအနာကင်းခြင်းသဘော၊

၃၁။ **စိတ္တပါဂုညတာ** = အာရုံ၌ စိတ်၏ ပြွမ်းတီးလေ့လာနိုင်နင်းခြင်း သဘော၊
= ကျွမ်းကျင်လိမ်မာခြင်းသဘော၊
= ကိလေသာအနာကင်းခြင်းသဘော၊

၃၂။ **ကာယုဇုကတာ** = အာရုံ၌ စေတသိက်တို့၏ ဖြောင့်မတ်ခြင်းသဘော၊
= မာယာ-သာဌေယျ အကွေ့အကောက် ကင်းခြင်း သဘော၊

၃၃။ **စိတ္တုဇုကတာ** = အာရုံ၌ စိတ်၏ ဖြောင့်မတ်ခြင်းသဘော၊
= မာယာ-သာဌေယျ အကွေ့အကောက် ကင်းခြင်း သဘော၊

၃၄။ **ပညာ** = ပထဝီကသိုဏ်းပဋိဘာဂနိမိတ် အာရုံကို ထွင်း ဖောက်သိမြင်ခြင်းသဘော၊ (ဈာန-

 ©shwehinthar.com

သမ္မာဒိဋ္ဌိတည်း)

ဤသည်တို့ကား ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို အာရုံယူ၍ ဖြစ်ပေါ်လာကြကုန်သော ပထမဈာန်နာမ်တရား (၃၄)လုံးတို့ပင် ဖြစ်ကြသည်။ ထို (၃၄)လုံးတို့တွင် ဈာန်အင်္ဂါများကို ဇောစိတ္တက္ခဏတိုင်း၌ ငါးလုံးစီ ငါးလုံးစီ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်သောအခါ ကျန် စိတ်+စေတသိက် တရားတို့ကို တစ်စတစ်စ တိုး၍ သိမ်းဆည်းရမည် ဖြစ်သည်။

ရှေးဦးစွာ ပထဝီကသိုဏ်းကို အာရုံယူကာ ပထမဈာန်ကို တစ်ဖန် ပြန်ဝင်စားပါ။ ယင်းဈာန်မှ ထသောအခါ ဘဝင်မနောအကြည်ဓာတ် (= မနော ဒွါရ)နှင့် ပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကို ပူးတွဲသိမ်းဆည်းလျက် မနောဒွါရ၌ ယင်းကသိုဏ်းပဋိဘာဂနိမိတ်အာရုံက ထင်နေသောအခါ (= ရှေးရှုကျရောက် နေသောအခါ) ဈာန်အင်္ဂါ ငါးပါးတို့ အကြိမ်များစွာ ဆက်တိုက်ဖြစ်နေမှုကို မြင်အောင် သိမ်းဆည်းပါ။ ထိုနောင် နာမ်ကမ္မဋ္ဌာန်း သိမ်းဆည်းနည်း သုံးနည်းတို့တွင် အသိစိတ်က စ၍ သိမ်းဆည်းကြည့်ပါ။ အသိစိတ် တစ်လုံးကို ဇောစိတ္တက္ခဏတိုင်း၌ အကြိမ်များစွာ အဟုန်ပြင်းစွာ ဆက်တိုက်ဖြစ်နေမှုကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်သောအခါ နောက်ထပ် ဖဿ တစ်လုံး ထပ်တိုး၍ အသိစိတ်နှင့်ဖဿ နှစ်လုံးတို့သည် ဇောစိတ္တက္ခဏတိုင်း၌ ပြိုင်တူ ဖြစ်နေသည်ကို ဉာဏ်ဖြင့် မြင်အောင် ရှုပါ၊ သိမ်းဆည်းပါ။ ဈာန်ကို ပြန်၍ ဝင်စားလိုက်, ဈာန်မှထကာ ယင်းနာမ်တရားတို့ကို သိမ်းဆည်းလိုက် — ဤသို့ ကြိမ်ဖန်များစွာ လေ့ကျင့်ပါ။ အောင်မြင်မှုကို ရရှိခဲ့သော် ဝေဒနာစသည့် ကျန်စေတသိက်တို့ကိုလည်း တဖြည်းဖြည်း တစ်လုံးစီ တစ်လုံးစီ တိုး၍ တိုး၍ (၃၄)လုံး ပြည့်သည့်တိုင်အောင် ပုံစံတူပင် ဆက်လက်၍ ရှုကြည့်ပါ၊ ဉာဏ်ဖြင့် ပိုင်းခြားယူပါ၊ သိမ်းဆည်းပါ။ ဇောစိတ္တက္ခဏတိုင်းဝယ် ယင်းဈာန်နာမ်တရား တို့၏ သုံးလုံး သုံးလုံး, လေးလုံး လေးလုံး, ငါးလုံး ငါးလုံး — ဤသို့ စသည်ဖြင့် ပြိုင်တူ ဖြစ်နေမှုကို အသိဉာဏ်ဝယ် ရှင်းရှင်းကြီး မြင်နေအောင် လေ့ကျင့်ပါ။

ဤ ဈာနဓမ္မ အမည်ရသည့် ပထမဈာန်နာမ်တရား (၃၄)လုံးတို့ကို ဇော စိတ္တက္ခဏတို့၌ အကြိမ်များစွာ ဖြစ်နေမှုကို ရှင်းရှင်းလင်းလင်းကြီး ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်သောအခါ ဇယားတွင် ဖော်ပြထားသည့် ပထမဈာနသမာပတ္တိဝီထိစဉ်အတိုင်း ပုံစံတူ ဆက်လက်၍ သိမ်းဆည်းပါ။

၁။ မနောဒွါရာဝဇ္ဇန်းစိတ္တက္ခဏ၌ နာမ်တရား - (၁၂)လုံး

၂။ ပရိကံစိတ္တက္ခဏ၌ နာမ်တရား - (၃၄)လုံး

၃။ ဥပစာစိတ္တက္ခဏ၌ နာမ်တရား - (၃၄)လုံး

၄။ အနုလုံစိတ္တက္ခဏ၌ နာမ်တရား - (၃၄)လုံး

၅။ ဂေါတြဘုစိတ္တက္ခဏ၌ နာမ်တရား - (၃၄)လုံး

၆။ ဈာန်ဇောစိတ္တက္ခဏအသီးအသီး၌ နာမ်တရား - (၃၄)လုံးစီ

ဤနာမ်တရားတို့ကို စိတ္တက္ခဏတိုင်း၌ နာမ်ဃနခေါ်သည့် နာမ်တုံး နာမ်ခဲတို့ကို ပြိုကွဲသွားအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။

မနောဒွါရာဝဇ္ဇန်းစိတ္တက္ခဏ၌ နာမ်တရား (၁၂)လုံးဟူသည်မှာ အထက်တွင် ရေတွက်ပြထားသော နာမ်တရားတို့အနက် အသိစိတ်မှ ဝီရိယသို့တိုင်အောင်သော နာမ်တရား (၁၂)လုံးတို့ပင် ဖြစ်ကြသည်။ ယင်းဈာန သမာပတ္တိဝီထိစဉ်အတွင်း စိတ္တက္ခဏတိုင်း၌ တည်ရှိကြသော နာမ်တရား အားလုံးတို့သည် ဤအပိုင်းတွင် အလွန်ကြည်လင်တောက်ပနေသော ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံကိုပင် အာရုံပြုကြပေသည်။

**'နာမ်တရား . . နာမ်တရား . . 'ဟု သိမ်းဆည်းပါ**

ယင်းပထမဈာနသမာပတ္တိဝီထိ၏ အတွင်း၌ တည်ရှိကြသော နာမ်တရားတို့ကို ယင်းကဲ့သို့ နာမ်တုံးနာမ်ခဲ နာမ်ဃနတို့ကို ပြိုကွဲသွားအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် စိတ္တက္ခဏတိုင်းဝယ် တစ်လုံးစီ တစ်လုံးစီ ခွဲခြား စိတ်ဖြာ၍ သိမ်းဆည်းနိုင်ခဲ့သော် ယင်းဈာနသမာပတ္တိဝီထိစဉ်တစ်ခုအတွင်း၌ တည်ရှိကြသော နာမ်တရားအားလုံးတို့ကို ခြုံငုံ၍

 ©shwehinthar.com

သိမ်းဆည်းရန် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာက ဤသို့ ညွှန်ကြားထားတော်မူသည်။

ပရိဂ္ဂဟေတွာ သဗ္ဗမ္ပေတံ အာရမ္မဏာဘိမုခံ နမနတော နမနဋ္ဌေန **နာမန္တိ** ဝဝတ္ထပေတဗ္ဗံ။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

သော သဗ္ဗေပိ တေ အရူပဓမ္မေ **နမနလက္ခဏေန** ဧကတော ကတွာ "ဧတံ နာမ"န္တိ ပဿတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၃။)

= ထိုယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ထိုအလုံးစုံကုန်သော (ပဌမဈာနသမာပတ္တိဝီထိစဉ်အတွင်းဝယ် စိတ္တက္ခဏအသီးအသီး၌ တည်ရှိကြကုန်သော) နာမ်တရားတို့ကို **အလွန်ကြည်လင်တောက်ပနေသော ပဋိဘာဂနိမိတ်အာရုံဘက်သို့ ရှေးရှုညွတ်ကိုင်းရှိုင်းတတ်သောကြောင့် ယင်းသို့ အာရုံသို့ ညွတ်ကိုင်းရှိုင်းတတ်သော သဘောလက္ခဏာအားဖြင့်** တစ်ပေါင်း တစ်စုတည်းပြု၍ **"ဤကား နာမ်တရား"**ဟု ရှု၏ (= ရှုပါ = သိမ်းဆည်းပါ။)

ဤညွှန်ကြားချက်များအရ ပဌမဈာနသမာပတ္တိဝီထိ၏ အတွင်း၌ စိတ္တက္ခဏအသီးအသီးဝယ် တည်ရှိကြကုန်သော နာမ်တရားတို့ကို ရှေးဦးစွာ အသိစိတ် ဖဿ ဝေဒနာ သညာ စေတနာ စသည်ဖြင့် တစ်လုံးစီ တစ်လုံးစီ သဘာဝလက္ခဏာကို ဦးစားပေးကာ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုပါ။ ထိုနောင် မနောဒွါရာဝဇ္ဇန်း စိတ္တက္ခဏ၌ နာမ်တရား (၁၂)လုံး, ဇောစိတ္တက္ခဏ အသီးအသီး၌ နာမ်တရား (၃၄)လုံး ပြိုင်တူ ပြိုင်တူ ဖြစ်မှုကို ဉာဏ်ဖြင့် မြင်အောင် ဆက်လက်ရှုပါ။ ယင်းနာမ်တရားတို့၏ စိတ္တက္ခဏ အသီးအသီး ဝယ် ပြိုင်တူ ပြိုင်တူ ဖြစ်နေမှုကို ထင်ထင်ရှားရှား ဉာဏ်ဖြင့် တွေ့မြင်သော အခါ ယင်းဝီထိစဉ်တစ်ခုလုံးအတွင်း၌ တည်ရှိကြသော နာမ်တရားအားလုံးကို ခြုံငုံ၍ ယင်းနာမ်တရားတို့၏ ပဋိဘာဂနိမိတ်အာရုံသို့ ညွတ် ကိုင်းရှိုင်းနေသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **"နာမ်တရား နာမ်တရား"**ဟု ဆက်လက် သိမ်းဆည်းပါ။ ခွဲရှုခြင်း, ခြုံရှုခြင်း ဟူသော နှစ်နည်းလုံးကို အသုံးပြုရမည် ဖြစ်သည်။

ဤကား အသိစိတ်က စ၍ ဈာနဓမ္မ အမည်ရသည့် နာမ်တရားတို့ကို သိမ်းဆည်းပုံ အမြွက်တည်း။ ဖဿက စ၍ သိမ်းဆည်းရာ, ဝေဒနာက စ၍ သိမ်းဆည်းရာတို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ ကြွင်းကျန်ကုန်သော ဈာနသမာပတ္တိဝီထိတို့၌လည်းကောင်း, ရုပ်တရားတို့ကို အာရုံပြုကာ ဖြစ်ပေါ် လာကြကုန်သော ကာမာဝစရနာမ်တရားတို့၌လည်းကောင်း နည်းတူပင် သဘောပေါက်ပါ။ ဆရာသမားများနှင့် ချဉ်းကပ်လေ့လာပါ။

**ဝဝတ္ထပေတဗ္ဗံ** = ပိုင်းခြားမှတ်သားပါ

ဤဈာနသမာပတ္တိဝီထိအတွင်း၌ တည်ရှိကြသော ဈာနဓမ္မ အမည်ရသည့် နာမ်တရားတို့ကို သိမ်းဆည်းရာဝယ် အသိစိတ် (= ဝိညာဏ်)က စ၍ သိမ်းဆည်းသည့်နည်း, ဝေဒနာက စ၍ သိမ်းဆည်းသည့်နည်း, ဖဿက စ၍ သိမ်းဆည်းသည့်နည်းဟူသော ဤနာမ်ကမ္မဋ္ဌာန်းရှုပွားနည်း သိမ်းဆည်းနည်း သုံးနည်းတို့တွင် တစ်နည်းနည်းဖြင့် နာမ်တရားတို့ကို သိမ်းဆည်းသောအခါ စိတ္တက္ခဏအသီးအသီးဝယ် တည်ရှိကြသော (၁၂)လုံး, (၃၄)လုံးသော နာမ်-တရားတို့ကို ခြုံငုံ၍ 'နာမ်တရား နာမ်တရား'ဟု သိမ်းဆည်းသော်လည်း (၁၂)လုံး, (၃၄)လုံးကုန်သော ပရမတ္ထဓာတ်သားတို့ကို ပရမတ္ထဓာတ်သား တစ်ခုတည်းအနေဖြင့် မမြင်ဘဲ ဖဿ ဝေဒနာ သညာ စေတနာ ဝိညာဏ် စသည်ဖြင့် ပရမတ္ထဓာတ်သား တစ်လုံးစီ တစ်လုံးစီကို ဉာဏ်ဖြင့် ခွဲခြား စိတ်ဖြာ၍ ပိုင်းခြား မှတ်သားနိုင်ရမည်ဟု သိစေလို၍ အဋ္ဌကထာဆရာတော် က **ဝဝတ္ထပေတဗ္ဗံ** (ဝိသုဒ္ဓိ၊၂၊၂၂၂။)ဟု ညွှန်ကြားထားတော်မူပေသည်။

## နာမ်ရုပ်ကို ပိုင်းခြားမှတ်သားပါ

**တတော ယထာ နာမ ပုရိသော အန္တောဂေဟေ သပ္ပံ ဒိသွာ တံ အနုဗန္ဓမာနော တဿ အာသယံ ပဿတိ၊ ဧဝမေဝ အယမ္ပိ ယောဂါဝစရော တံ နာမံ ဥပပရိက္ခန္တော "ဣဒံ နာမံ ကိံ နိဿာယ ပဝတ္တတီ"တိ ပရိယေသမာနော တဿ နိဿယံ ဟဒယရူပံ ပဿတိ။ တတော ဟဒယရူပဿ နိဿယဘူတာနိ, ဘူတနိဿိတာနိ စ သေသုပါဒါယရူပါနီတိ ရူပံ ပရိဂ္ဂဏှာတိ။ သော သဗ္ဗမ္ပေတံ ရုပ္ပနတော ရူပန္တိ ဝဝတ္ထပေတိ။ တတော နမနလက္ခဏံ နာမံ၊ ရုပ္ပနလက္ခဏံ ရူပန္တိ သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိ။**

(ဝိသုဒ္ဓိ၊၂၊၂၂၂။)

= ဈာနသမာပတ္တိဝီထိအတွင်း၌ တည်ရှိကြသော ဈာနဓမ္မအမည်ရသည့် နာမ်တရားတို့ကို သိမ်းဆည်းပြီးသောအခါ — လောကဥပမာအားဖြင့် ယောကျ်ားတစ်ဦးသည် အိမ်တွင်း၌ မြွေကို တွေ့မြင်ခဲ့သော် ထိုမြွေ၏ နောက်သို့


©shwehinthar.com

အစဉ်လိုက်လျက် ကြည့်ရှုသည်ရှိသော် ထိုမြွေ၏ ကိန်းဝပ်တည်နေရာ နေရာကို တွေ့မြင်ရသကဲ့သို့ ဤဥပမာအတူပင်လျှင် ဤယောဂါဝစရပုဂ္ဂိုလ်သည်လည်း ထိုနာမ်တရားကို —"ဤနာမ်တရားသည် အဘယ်ကို မှီ၍ ဖြစ်နေသနည်း" —ဟု ဉာဏ်ပညာဖြင့် စူးစမ်းဆင်ခြင်လတ်သော် ရှာဖွေ ကြည့်လတ်သော် ထိုနာမ်တရား၏ မှီရာ ဟဒယရုပ်ကို တွေ့မြင်လေ၏။ ထိုနောင် ဟဒယရုပ်၏ မှီရာ ဘူတရုပ် (= ဓာတ်ကြီးလေးပါး)တို့ကိုလည်းကောင်း, ဘူတရုပ် (= ဓာတ်ကြီးလေးပါး)ကို မှီ၍ ဖြစ်နေကြကုန်သော ဟဒယရုပ်မှ ကြွင်းကျန်ကုန်သော ဥပါဒါရုပ်တို့ကိုလည်းကောင်း –ဤသို့လျှင် ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူ၏ (= သိမ်းဆည်း၏)။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤအလုံးစုံသော ရုပ်တရားကို ဖောက်ပြန်တတ်သော အနက်သဘောအားဖြင့် 'ရုပ်'ဟု ပိုင်းခြားမှတ်သား၏။ ထိုနောင် —

၁။ အာရုံသို့ ညွတ်တတ်သော သဘောလက္ခဏာရှိသော တရားကား နာမ်,

၂။ ဖောက်ပြန်တတ်သော သဘောလက္ခဏာရှိသော တရားကား ရုပ် –ဟု အကျဉ်းအားဖြင့် နာမ်နှင့် ရုပ်ကို ပိုင်းခြားမှတ်သား၏။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

ဤအထက်ပါ အဋ္ဌကထာ၏ သတ်မှတ်ချက် ညွှန်ကြားတော်မူချက်အတိုင်း ဈာနသမာပတ္တိဝီထိအတွင်း၌ တည်ရှိကြသော နာမ်တရားတို့ကို သိမ်းဆည်းပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းနာမ်တရားတို့၏ မှီရာ ဟဒယ (= နှလုံးအိမ်)၌ တည်ရှိကြကုန်သော, ရှေးရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် တင်ပြထားသည့်အတိုင်း ဟဒယဝတ္ထုနှင့် တကွ (၅၄)မျိုးကုန်သော ဘူတရုပ် ဥပါဒါရုပ်တို့ကိုပါ ဆက်လက်သိမ်းဆည်း၍ နာမ်ရုပ်ကို ပိုင်းခြားမှတ်သားရမည် ဖြစ်သည်။ ဒွါရ (၆)ပါးလုံးတို့၌ နည်းတူ သဘောပေါက်ပါလေ။ ဆရာသမားများထံသို့ ချဉ်းကပ်၍သာ လေ့လာဆည်းပူးပါ။

ပထဝီကသိုဏ်းလျှင် တည်ရာ အာရုံရှိကြသော ရူပါဝစရဈာန်တို့ကိုလည်းကောင်း, ထိုပထဝီကသိုဏ်းကို ခွာ၍ ပွားများထားအပ်ကုန်သော အရူပါဝစရဈာန်တို့ကိုလည်းကောင်း နည်းမှီ၍ သိမ်းဆည်းပါလေ။ ကသိုဏ်း ဆယ်ပါးလုံးတို့၌ ပုံစံတူ သိမ်းဆည်းပါ။ ကြွင်း ဈာန်နာမ်တရားတို့၌လည်း နည်းမှီ၍ သိမ်းဆည်းပါလေ။

**ဝိတက်–ဝိစာရ–ပီတိ**

တတ္ထ **ဝိတက္ကဝိစာရာနံ ဝူပသမာ**တိ ဝိတက္ကဿ စ ဝိစာရဿ စာတိ ဣမေသံ ဒွိန္နံ ဝူပသမာ သမတိက္ကမာ၊ ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝါတိ ဝုတ္တံ ဟောတိ။ (ဝိသုဒ္ဓိ၊၁၊၁၅၁။)

ပဗ္ဗဘာဂေ ပရိကမ္မဥပစာရစိတ္တာနိ သဝိတက္ကသဝိစာရာနိ သပ္ပီတိကာနိ. . . (အဘိ၊ဋ္ဌ၊၂၊၂၃၇။)

ဤအထက်ပါ အဋ္ဌကထာကြီးတို့၏ ဖွင့်ဆိုတော်မူချက်များနှင့် အညီ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟူသော ကာမာဝစရ ဥပစာရသမာဓိဇောတို့၌ ဝိတက် ဝိစာရ ပီတိတို့ကား ယှဉ်လျက်ပင် ရှိကြသည်။ ဒုတိယဈာန် စသည့် အပ္ပနာဈာန်သမာဓိတို့၏ အခိုက်၌သာလျှင် ဝိတက် ဝိစာရတို့ မယှဉ်ကြခြင်း ဖြစ်သည်။ (စတုက္ကနည်းကို ရည်ညွှန်းထားပါသည်။) သို့သော် စတုတ္ထဈာန်၏ ဥပစာရသမာဓိဇောတို့၏ အခိုက်၌လည်း ပီတိ မယှဉ်နိုင်ကြောင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထားတော်မူ၏။

အယံ ပန ဝိသေသော၊ ယသ္မာ သုခဝေဒနာ အဒုက္ခမသုခါယ ဝေဒနာယ အာသေဝနပစ္စယေန ပစ္စယော န ဟောတိ၊ စတုတ္ထဇ္ဈာနေ စ အဒုက္ခမသုခါယ ဝေဒနာယ ဥပ္ပဇ္ဇိတဗ္ဗံ၊ တသ္မာ တာနိ ဥပေက္ခာဝေဒနာသမ္ပယုတ္တာနိ ဟောန္တိ။ ဥပေက္ခာသမ္ပယုတ္တတ္တာယေဝ စေတ္ထ ပီတိပိ ပရိဟာယတီတိ။ (ဝိသုဒ္ဓိ၊၁၊၁၆၀။)

**တာနီ**တိ အပ္ပနာဝီထိယံ ဇဝနာနိ သန္ဓာယာဟ။ (မဟာဋီ၊၁၊၁၈၉။)

= ဤဆိုလတ္တံ့သည်ကား ထူးခြားချက်တည်း။ သုခဝေဒနာသည် အဒုက္ခမသုခအမည်ရသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည့် အလယ်အလတ် ခံစားမှု ဥပေက္ခာဝေဒနာအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင် ဖြစ်ခဲ့၏။ စတုတ္ထဈာန်၌လည်း အဒုက္ခမသုခ အမည်ရသော ဥပေက္ခာဝေဒနာသာ ဖြစ်သင့်၏။ ထို့ကြောင့် စတုတ္ထဈာနဝီထိ ( = ရူပါဝစရစတုတ္ထဈာနဝီထိ+အရူပါဝစရဈာနဝီထိ)၏ အတွင်း၌ တည်ရှိကြကုန်သော လေးကြိမ် သို့မဟုတ် သုံးကြိမ်ကုန်သော ကာမာဝစရ ဥပစာရသမာဓိဇောတို့နှင့် အပ္ပနာဇောတို့သည်လည်း ဥပေက္ခာဝေဒနာနှင့်သာ


©shwehinthar.com

ယှဉ်ကြရကုန်၏။ ယင်းသို့ ဥပေက္ခာဝေဒနာနှင့် ယှဉ်နေသည့်အတွက်ကြောင့်ပင်လျှင် ပီတိသည်လည်း ယုတ်လျော့သွားရပေသည်။ (ဝိသုဒ္ဓိ၊၁၊၁၆၀။ မဟာဋီ၊၁၊၁၈၉။)

သို့သော် ဥပစာရသမာဓိဇောတို့၌ ဝိတက် ဝိစာရတို့ကား ယှဉ်လျက်ပင် ရှိကြသည်။

**ကာမာဝစရနာမ်တရားများ**

တသ္မာ တံ ရူပံ အာရမ္မဏံ ကတွာ ဥပ္ပန္နံ ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏဉ္စ "ဣဒံ အရူပ"န္တိ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။

(အဘိဋ္ဌ၊၁၊၂၇၁။ ဝိသုဒ္ဓိ၊၂၊၃၀၀။)

အချို့သော ကာမာဝစရနာမ်တရားတို့သည် ယေဘုယျအားဖြင့် ပညတ် နှင့် ပရမတ်နှစ်မျိုးလုံးကိုပင် အာရုံပြုကြ၏။ ထိုတွင် အထက်ပါ အဋ္ဌကထာကြီးများ၏ ညွှန်ကြားထားတော်မူချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် ရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော နာမ်တရားစုကို ရှေးဦးစွာ စတင်၍ သိမ်းဆည်း-ရှုပွားရမည် ဖြစ်ပေသည်။

အချို့အရာ၌ ရုပ်ပရမတ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားတို့ကို သိမ်းဆည်းရာဝယ် အထူးသဖြင့် ရုပ်ပရမတ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော အကုသိုလ်နာမ်တရားစု တို့ကို သိမ်းဆည်းရာဝယ် အခက်အခဲ ရှိနေပါက ပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော အကုသိုလ်နာမ်တရားတို့က စ၍ သိမ်းဆည်းပြီးနောက် ပရမတ်ရုပ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော အကုသိုလ်နာမ်တရားတို့ကို ဆက်လက်သိမ်းဆည်းခဲ့သော် လွယ်ကူသော သဘော ရှိပေသည်။ ဤသို့ ပြုကျင့်ရာ၌ ပညတ်ကို ဝိပဿနာရှုနေသည်ကား မဟုတ်၊ ပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားတို့ကိုသာ သိမ်းဆည်းနေခြင်း ဖြစ်သည်။ ပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကဲ့သို့သော ပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဈာန်နာမ်တရားတို့ကို သိမ်းဆည်းရှုပွားသကဲ့သို့ မှတ်ပါ။

တစ်ဖန် နာမ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော နာမ် တရားတို့ကို နာမ်ကမ္မဋ္ဌာန်းကို စတင်၍ အားသစ်စဖြစ်သော အာဒိကမ္မိက ယောဂါဝစရပုဂ္ဂိုလ်အဖို့ "ဒုပ္ပရိဂ္ဂဟ = သိမ်းဆည်းဖို့ရန် ခက်ခဲသောကြောင့်" အဋ္ဌကထာများက မညွှန်ကြားခြင်း ဖြစ်ပါသည်။ ဝိပဿနာပိုင်းသို့ ရောက်ရှိ သောအခါ၌ကား **အရူပသတ္တကဝိပဿနာရှုနည်း**(ဝိသုဒ္ဓိ၊၂၊၂၆၂။)တို့၌လည်းကောင်း, ဘင်္ဂဉာဏ် (ဝိသုဒ္ဓိ၊၂၊၂၈၈။)စသော အထက်ပိုင်း ဝိပဿ-နာဉာဏ်ပိုင်းတို့၌လည်းကောင်း နာမ်တရားကို အာရုံယူ၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားတို့ကိုလည်း ဝိပဿနာရှုပွားပုံစနစ်များကို ဖော်ပြထားပါသည်။ သို့သော် ဤနာမရူပပရိစ္ဆေဒဉာဏ်ပိုင်း၌ကား ရုပ်တရားကို အာရုံယူ၍ ဖြစ်ပေါ်လာကြသော ကာမာဝစရနာမ်တရားတို့ကို သိမ်းဆည်းပုံကို အဋ္ဌကထာများက ဦးစားပေး၍ ညွှန်ကြား-ထားပေသည်။

**အာရုံ (၆) ပါး ခွဲပုံ**

ရုပ်တရားတို့ကို အာရုံအလိုက် ခွဲတမ်းချလိုက်ပါက အာရုံ (၆)မျိုး ရရှိပေသည်။

၁။ ရူပါရုံ = အရောင်အဆင်း,

၂။ သဒ္ဒါရုံ = အသံ,

၃။ ဂန္ဓာရုံ = အနံ့,

၄။ ရသာရုံ = အရသာ,

၅။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိ ( = ပထဝီ-တေဇော-ဝါယော။)

၆။ ဓမ္မာရုံ


©shwehinthar.com

(က) ပသာဒရုပ် = အကြည်ရုပ် (၅)ပါး,
(ခ) သုခုမရုပ် = သိမ်မွေ့သောရုပ် (၁၆)ပါး,

ဤသို့လျှင် ရုပ်တရားတို့ကို အာရုံအလိုက် ခွဲတမ်းချလိုက်သော် အာရုံ (၆)မျိုး ရရှိပေသည်။ ထိုတွင် ဓမ္မာရုံအမည်ရသော ဓမ္မာရုံလိုင်း၌ အကျုံးဝင်သော ရုပ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြသော နာမ်တရား-များမှာ ကာမာဝစရ မနောဒွါရိက ဇောဝီထိစိတ်အစဉ်များသာ ဖြစ်ကြသဖြင့် ဝီထိစိတ်အရေအတွက် နည်းပါးရကား နာမ်ကမ္မဋ္ဌာန်းကို အားသစ်စ ယောဂီ သူတော်စင်တို့အဖို့ ပိုမို၍ လွယ်ကူချောမောပေသည်။

၁။ ရူပါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော စက္ခုဒွါရဝီထိနှင့် ထိုရူပါရုံကိုပင် ဆက်လက်အာရုံယူကြသော တဒနုဝတ္တိကမနောဒွါရဝီထိ စသော မနောဒွါရဝီထိ နာမ်တရားစုတို့ကိုလည်းကောင်း,

အလားတူပင် —

၂။ သဒ္ဒါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော သောတဒွါရဝီထိ မနောဒွါရဝီထိ,

၃။ ဂန္ဓာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဃာနဒွါရဝီထိ မနောဒွါရဝီထိ,

၄။ ရသာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဇိဝှါဒွါရဝီထိ မနောဒွါရဝီထိ,

၅။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ကာယဒွါရဝီထိ မနောဒွါရဝီထိ,

၆။ ဓမ္မာရုံအမည်ရသည့် ရုပ်တရားအသီးအသီးကို အာရုံပြု၍ ဖြစ်ပေါ်လာ ကြကုန်သော မနောဒွါရဝီထိ —

ဤဝီထိအသီးအသီး အတွင်း၌ တည်ရှိကြသော နာမ်တရားတို့ကိုလည်း နာမ်တုံးနာမ်ခဲ နာမ်ဃနအသီးအသီးကို ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားရမည် ဖြစ်ပေသည်။ ဆရာသမားများနှင့်သာ ချဉ်းကပ်လေ့လာပါ။

✧✧✧


©shwehinthar.com

## ဥပနိဿယပစ္စည်း၏ အစွမ်းသတ္တိ

■ စွန့်လွှတ် လှူဒါန်းနေသော
(ကဗဠီကာရာဟာရ ဟူသော) ဘောဇဉ်က
သဒ္ဓါတရားစသော ကုသိုလ်တရားတို့ ဖြစ်ပေါ်လာအောင် . . ,
ထိုဘောဇဉ်ဟူသော ဥတုဇသြဇဋ္ဌမကရုပ်တို့ကို
ဝိပဿနာရှုခဲ့သော်
ဝိပဿနာကုသိုလ်တရားတို့ ဖြစ်ပေါ်လာအောင် . .
အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

■ ထို . . ဘောဇဉ်ကိုပင်
ရသတဏှာစေတ်ဖြင့်
မက်မက်မောမော စားသုံးခဲ့သော် ရာဂစသော ကိလေသာ ,
"ငါမို့ လှူနိုင်တာ". . ဟု
ဂုဏ်ယူဝင့်ကြွားခဲ့လျှင်လည်း မာန ကိလေသာ ,
သူတော်ကောင်းစေတ်ခံ အားပျော့သူတို့၏ သန္တာန်၌
သူတစ်ပါးတို့၏ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို အာရုံပြု၍
ကိုယ့်ထက်သာ မနာလို ငြူစူစောင်းမြောင်းခြင်း ဣဿာတရား ,
မွန်မြတ်သော မိမိ၏ ဘောဇဉ်ကို
သူတစ်ပါးတို့နှင့် ဆက်ဆံမှုကို သည်းမခံနိုင်ခြင်း မစ္ဆရိယ တရား ,
. . စသည်တို့သည်လည်း ထင်ရှားဖြစ်ပွားလာတတ်၏။

■ ဘောဇဉ်ဟူသော ကဗဠီကာရာဟာရက
သဒ္ဓါစသည့် ကုသိုလ်တရားတို့အားလည်းကောင်း ,
ရာဂစသည့် အကုသိုလ်တရားတို့အားလည်းကောင်း
ဤသို့ . . ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို
ဘုရားရှင်သည် . .
"ပဋ္ဌာန်းဒေသနာတော် ပဋ္ဌာဝါရ" ၌ ဟောကြားထားတော်မူ၏။

(စာမျက်နှာ၊ ၅၀၈–၅၁၀။)


©shwehinthar.com

## အခန်း (၆)
## ပဋိစ္စသမုပ္ပါဒ်ပိုင်း

**ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မသိလျှင်**

တစ်ချိန်တွင် ဘုရားရှင်သည် ကုရုတိုင်း ကမ္မာသဓမ္မ အမည်ရှိသည့် နိဂုံးရွာကြီးကို ဆွမ်းခံရွာအဖြစ် အမှီပြုကာ ထိုနိဂုံးကြီးနှင့် မလှမ်းမကမ်း၌ တည်ရှိသော တောအုပ်ကြီးတစ်ခု အတွင်းဝယ် သီတင်းသုံးစံနေတော်မူ၏။ ထိုနေ့ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ အရှင်အာနန္ဒာ ကိုယ်တော်မြတ်သည် ထိုတောအုပ်အတွင်း နေ့သန့်စင်တော်မူရာအရပ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ သောတာပတ္တိ ဖလသမာပတ်ကို ဝင်စားတော်မူ၏။ ထိုနောင် ပိုင်းခြားထားသော အချိန်စေ့သောအခါ ထို သောတာပတ္တိ ဖလသမာပတ်မှ ထတော်မူကာ ပစ္စယာကာရ အမည်ရသည့် ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) တရားတော်သို့ ဉာဏ်ကို သွတ်သွင်းတော် မူလိုက်၏။

၁။ အစ အဝိဇ္ဇာမှသည် အဆုံး ဇရာမရဏသို့တိုင်အောင်လည်းကောင်း,

၂။ အဆုံး ဇရာမရဏမှ အစ အဝိဇ္ဇာသို့တိုင်အောင်လည်းကောင်း,

၃။ နှစ်ဖက်သော အစွန်းတို့မှ အလယ်သို့လည်းကောင်း,

၄။ အလယ်မှ နှစ်ဖက်သော အစွန်းတို့သို့လည်းကောင်း

ဉာဏ်ကို ရောက်စေလျက် သုံးကြိမ်တိုင်တိုင် အင်္ဂါ (၁၂)ရပ် ရှိသော ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ဝိပဿနာ ရှုပွားသုံးသပ်တော်မူ၏။ ထိုသို့ ရှုပွားသုံးသပ်တော်မူသော အရှင်အာနန္ဒာ ကိုယ်တော်မြတ်၏ ဉာဏ်ဝယ် ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည် ထင်ရှား သည်ဖြစ်၍ ပေါ်လွင်သထက် ပေါ်လွင်သည်ဖြစ်၍ ထင်လာ၏။ ထိုနောင် အရှင်အာနန္ဒာကိုယ်တော်မြတ်က ဤသို့ စဉ်းစားတော်မူပြန်၏။

"ဤ ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားကို ဘုရားရှင်အားလုံးတို့က "နက်လည်း နက်နဲ၏၊ နက်နဲသည့်အတွက် နက်နဲ ယောင်လည်း ထင်၏'ဟု ဟောကြားထားတော်မူအပ်၏။ ပဒေသဉာဏ် (=အဘက်ဘက်မှ အကြွင်းအကျန်မရှိ ကုန်စင်အောင် သိနိုင်သည့် နိပ္ပဒေသ ဉာဏ်ကို သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သာ ရရှိနိုင်သဖြင့် သာဝကတို့ အနေဖြင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ရုံမျှ တစ်စိတ်တစ်ဒေသမျှကိုသာ သိသောဉာဏ်)၌သာ ရပ်တည်နေသော သာဝကတစ်ဦးမျှသာဖြစ်သော ငါ၏ အသိဉာဏ်၌ကား ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖြစ်ကာ တည်နေပေ၏။ ငါ၏ ဉာဏ်မှာသာလျှင် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖြစ်ကာ တည်နေလေသလော၊ သို့မဟုတ် သူတစ်ပါးတို့ဉာဏ်မှာလည်း ပေါ်ပေါ်လွင် လွင် ထင်ထင်ရှားရှား ဖြစ်ကာ တည်နေလေသလော"ဟု စဉ်းစားတော်မူ၏။

ဤသို့ စဉ်းစားတော်မူပြီးနောက် ဤအကြောင်းအရာကိုပင် သယ်ဆောင် ကာ ဘုရားရှင်အား မေးမြန်းလျှောက်ထားရမူ တရားကောင်း တစ်ပုဒ်ကို နာကြားခွင့် ရရှိလိမ့်မည်ဟု မျှော်လင့်ကာ ညနေချမ်းအခါဝယ် ဘုရားရှင် ထံတော်မှောက်သို့ ချဉ်းကပ်တော်မူလေသည်။ ချဉ်းကပ်တော်မူပြီးနောက် ဤသို့ လျှောက်ထားတော်မူလိုက်၏။

"ဤ ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည် နက်နဲသည် ခက်ခဲသည်ဟု ဆိုသော်လည်း တပည့်တော်၏ ဉာဏ်ဝယ် ပေါ်လွင်သကဲ့သို့ လွယ်သကဲ့သို့ ထင်နေပါသည် မြတ်စွာဘုရား"ဟု တင်ပြ လျှောက်ထားတော်မူ၏။ ထိုအခါ ဘုရားရှင်က အောက်ပါအတိုင်း မိန့်ကြား တော်မူလိုက်၏။

**မာဟေဝံ အာနန္ဒ အဝစ၊ မာဟေဝံ အာနန္ဒ အဝစ။ ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ၊ ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။**

(ဒီ။၂။၄၇။ သံ၊၁၊၃၁၈။)


©shwehinthar.com

**အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ၊**

**အပ္ပဋိဝေဓာတိ တီရဏပ္ပဟာနပရိညာဝသေန အပ္ပဋိဝိဇ္ဈနာ၊**

(ဒီ၊ဋ္ဌ၊၂၈၅။ သံ၊ဋ္ဌ၊၂၈၈။)

= အာနန္ဒာ . . . ဤသို့ မပြောဆိုလင့်၊ အာနန္ဒာ . . . ဤသို့ မပြောဆိုလင့်၊ ဤကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည် နက်လည်း နက်နဲ၏၊ နက်နဲသည့်အတွက်ကြောင့် နက်နဲယောင်လည်း ထင်၏။ အာနန္ဒာ . . . ဤကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားကို ဉာတပရိညာဟူသော အနုဗောဓ-ဉာဏ်ဖြင့် လျော်စွာ ထိုးထွင်း၍ မသိခြင်းကြောင့်, တီရဏပရိညာ ပဟာနပရိညာဟူသော ပဋိဝေဓ ဉာဏ်ဖြင့် မင်ဆိုက် ဖိုလ်ဆိုက် ထွင်းဖောက် မသိခြင်းကြောင့် ဤသတ္တဝါ အပေါင်းသည် ဤသို့ကလောက် ရက်ကန်းသည်တို့၏ ရှုပ်ထွေးပွေလီလှသော ချည်ခင် ချည်ထွေးကဲ့သို့ ဖြစ်၍ နေကြရ၏။ စာပေါင်းသောင်းငှက်မ၏ အသိုက်သဖွယ် ဖြစ်၍ နေကြရ၏။ ဖြူဆံမြက် ပြိန်းမြက်ဖြင့် ပြုလုပ်ထား အပ်သော ခြေသုတ်ကြိုးဝန်း၏ အရင်းအဖျား ရှာမရအောင် ရှုပ်ထွေး၍ နေသကဲ့သို့ သံသရာကြီးထဲ၌ ရှုပ်ထွေးပွေလီ၍ နေကြရ၏။ အလိုအာသာဆန္ဒ ကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော အပါယ် ဒုဂ္ဂတိ သံသရာကိုလည်းကောင်း, အပါယ်မှ ကြွင်းသော သုဂတိ သံသရာကိုလည်း-ကောင်း မကျော်လွှား မလွန်မြောက်နိုင်ပေ။ (ဒီ၊၂၄၇။ သံ၊၁၊၃၁၈။)

ဤအထက်ပါ မဟာနိဒါနသုတ္တန် ဒေသနာတော်ကိုပင် ကိုးကား၍ အဋ္ဌကထာကြီးများကလည်း အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချထားတော် မူကြပြန်၏။

**ဣဒဉ္စိ အတိဂမ္ဘီရတော အဂါဓံ၊ နာနာနယဂဟနတော ဒုရဘိယာနံ၊ ဉာဏာသိနာ သမာဓိပဝရသီလာယံ သုနိသိတေန —**

**ဘဝစက္ကမပဒါလေတွာ၊ အသနိဝိစက္ကမိဝ နိစ္စနိမ္မထနံ၊**
**သံသာရဘယမတီတော၊ န ကောစိ သုပိနန္တရေပျတ္ထိ၊**

(အဘိ၊ဋ္ဌ၊၂၊၁၈၉။ ဝိသုဒ္ဓိ၊၂၊၂၂၁။)

= ဤ ကြောင်း-ကျိုး-ဆက်နွယ်မှု (ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည်ကား နက်နဲသည့်အတွက်ကြောင့် ထောက်ရာတည်ရာကို မရနိုင်။ အထူးထူးသော နည်းနာနယတည်းဟူသော ချုံပုတ်တို့ဖြင့် ထူထပ်သည့်အတွက်ကြောင့် ကျော်လွှား လွန်မြောက်နိုင်ခဲ၏။ သမာဓိတည်းဟူသော မြတ်သော ကျောက်ဖြာထက်၌ မြမြထက်အောင် ကောင်းစွာ သွေး၍ ထားအပ်သော ဉာဏ်တည်းဟူသော သန်လျက်ဖြင့် မိုးကြိုးစက်ဝန်းကဲ့သို့ သတ္တဝါတို့ကို အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်တတ်သော ကြောင်း-ကျိုး-ဆက်နွယ်မှုသဘော တရားတည်းဟူသော ပဋိစ္စသမုပ္ပါဒ် (= သံသရာဘဝစက်)ကို မဖောက်ခွဲနိုင်ဘဲ သံသရာဝဋ်ဆင်းရဲဒုက္ခ ဘေးဆိုးကြီးကို ကျော်လွှားလွန်မြောက်သွားသော တစ်စုံတစ်ယောက်သော သူမည်သည် အိမ်မက်၏ အတွင်း၌သော်မျှလည်း မရှိခဲ့စဖူးပေ။ (အဘိ၊ဋ္ဌ၊၂၊၁၈၉။ ဝိသုဒ္ဓိ၊၂၊၂၂၁။ )

ဤအထက်ပါ မဟာနိဒါနသုတ္တန်ဒေသနာတော် ကောက်နုတ်ချက်နှင့် အဋ္ဌကထာကြီးတို့၏ ဖြတ်ထုံးများနှင့် အညီ အသခ်တခတ် မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီးကို ဖြူစင်ဖြောင့်စင်းသော သမ္မာဆန္ဒဖြင့် လိုလားတောင့်တလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် မည်မျှပင် အသိခက်၍ နက်နဲငြားသော်လည်း ဤကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားတို့ကို အနုဗောဓဉာဏ် အမည်ရသော ဉာတ ပရိညာနှင့် ပဋိဝေဓဉာဏ် အမည်ရသော တီရဏပရိညာ ပဟာနပရိညာ ဟူသော ပရိညာ သုံးမျိုးတို့ဖြင့် ပိုင်းပိုင်းခြားခြား ဃနဏ ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်အောင် ကြိုးပမ်းရမည်သာ ဖြစ်ပေသည်။ အထက်ပါ မဟာနိဒါနသုတ္တန်တွင် ဘုရားရှင်က အနနုဗောဓာ အပ္ပဋိဝေဓာ . . . စသည်ဖြင့် ဟောကြားထားတော်မူခဲ့၏။ ယင်းကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားကို အနုဗောဓဉာဏ်ဖြင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိခြင်းကြောင့် ပဋိဝေဓဉာဏ်ဖြင့်လည်း မင်ဆိုက် ဖိုလ်ဆိုက်သည့်တိုင်အောင် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် မသိခြင်းကြောင့် အပါယ်ဘေးဆိုးကြီးနှင့် သံသရာ ဝဋ်ဆင်းရဲဒုက္ခ ဘေးဆိုးကြီးမှ မကျော်လွှား


©shwehinthar.com

မလွန်မြောက်နိုင်ဟု ဘုရားရှင် ကိုယ်တော်တိုင်က သတ္တဝါတို့၏ အကျိုးစီးပွားကို အလွန်လိုလားတော်မူသော မဟာကရုဏာတော် ရှေ့သွားရှိသော ဒေသနာဉာဏ်တော် မြတ်ဖြင့် ဟောကြားပြသ ဆိုဆုံးမထားတော်မူခြင်းကြောင့် သံသရာဝဋ်ဆင်းရဲ ဒုက္ခမှ လွတ်မြောက်လိုသူတိုင်းသည် ယင်း ပဋိစ္စသမုပ္ပါဒ်သဘောတရားကို အနုဗောဓသိ ပဋိဝေဓသိဟူသော ပရိညာပညာ သုံးချက်တို့ဖြင့် ပိုင်းပိုင်း ခြားခြား သိအောင် ကြိုးစားအားထုတ်ရမည်သာ ဖြစ်ပေသည်။ အနုမာန မျက်ရမ်းမှန်းဆ၍ သိအောင် ကြိုးစားအားထုတ်ရမည်လည်း မဟုတ်၊ ဆရာ့အပြောနှင့်သာ ပါးစပ်ဟလျက် အလွမ်းကြီး လွမ်း အဆွေးကြီး ဆွေး အငေးကြီး ငေးနေရမည့် လုပ်ငန်းခွင်မျိုးလည်း မဟုတ်ဟု သဘောပေါက် ပါလေ။

ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ပရိညာသုံးမျိုးတို့ဖြင့် ပိုင်းပိုင်းခြားခြား သိပါမှ မြင်ပါမှ သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွန်မြောက်နိုင်မည် ဖြစ်သဖြင့် ယင်းပရိညာ သုံးမျိုးတို့ကို ဆက်လက်၍ တင်ပြအပ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့် ဆက်စပ်နေသော ပရိညာသည် လောကီပရိညာ, လောကုတ္တရာပရိညာဟု နှစ်မျိုး ရှိ၏။ လောကီပရိညာသည်လည်း ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဟု သုံးမျိုး ရှိ၏။ လောကုတ္တရာပရိညာသည်လည်း ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဟု သုံးမျိုးပင် ရှိ၏။ ယင်းပရိညာတို့ကို ဆက်လက်၍ တင်ပြပေအံ့။

**လောကီပရိညာ သုံးပါး**

ဉာတပရိညာ — အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ စသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်တို့ကို ဉာဏ်ဖြင့် ကြိုတ်ခြေနိုင် ရှုပွားနိုင်လျှင် ထိုဉာဏ်မှာ နာမရူပပရိစ္ဆေဒဉာဏ်ပင်တည်း။

တစ်ဖန် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ, ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ စသည့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ တစ်ခုနှင့် တစ်ခု ကြောင်း-ကျိုး-ဆက်နွယ်မှုသဘောကို ကိုယ်တိုင်မျက်မှောက် ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်လျှင် ထိုဉာဏ်မှာ အကြောင်းတရားတို့ကို သိမ်းဆည်း တတ် ပိုင်းခြားယူတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ပင်တည်း။

ဤ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်မျိုးတို့သည်ကား ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန်သော သိသင့်သိထိုက်သော သင်္ခါရတရားတို့ကို ကောင်းစွာ ပိုင်းခြားလျက် သိတတ်သော ဉာဏ်များ ဖြစ်သောကြောင့် **ဉာတပရိညာ** မည်၏။

တီရဏပရိညာ — သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ဤနှစ်မျိုးသည် တီရဏပရိညာ မည်၏။

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ် အစရှိသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် တို့၏ —

၁။ ဖြစ်ပြီးလျှင် ပျက်သွားသော အနိစ္စအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ 'အနိစ္စ'ဟုလည်းကောင်း,

၂။ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက် ခံရတတ်သည့် ဒုက္ခအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ 'ဒုက္ခ'ဟုလည်းကောင်း,

၃။ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေ သည့် အတ္တမဟုတ်သည့် အနက်သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ 'အနတ္တ'ဟုလည်းကောင်း —

ဤသို့ အနိစ္စဟု, ဒုက္ခဟု, အနတ္တဟု စူးစမ်း ဆင်ခြင် ဆုံးဖြတ်ချက် ချနိုင်သော သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ဤနှစ်မျိုးသည် **တီရဏပရိညာ** မည်၏။ တစ်ဖန် —

၁။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ စသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်း ထင်ရှားရှိခြင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ စသော အကျိုးဝိပါကဝဋ်ခန္ဓာတို့၏ ထင်ရှားဖြစ်ပုံကို ရှုမြင် တတ်သော **ပစ္စယတော ဥဒယဒဿနဉာဏ်,**


©shwehinthar.com

၂။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ စသော အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်း၍ သွားခြင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ စသော အကျိုးဝိပါကဝဋ်ခန္ဓာတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓ သဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းမှုကို ရှုမြင်တတ်သော ပစ္စယတော ဝယဒဿနဉာဏ်,

၃။ ယင်း အကြောင်း-အကျိုး နှစ်မျိုးလုံးသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ ဖြစ်မှု နိဗ္ဗတ္တိလက္ခဏာကို ရှုမြင်တတ်သော ခဏတော ဥဒယဒဿနဉာဏ်,

၄။ ယင်း အကြောင်း-အကျိုး နှစ်မျိုးလုံးသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ ပျက်မှု ဝယသဘောတည်းဟူသော ဖောက်ပြန်ပျက်စီးမှု ဝိပရိဏာမလက္ခဏာ ကို ရှုမြင်တတ်သော ခဏတော ဝယဒဿနဉာဏ်,

ပစ္စယတော ဥဒယဒဿနဉာဏ်နှင့် ပစ္စယတော ဝယဒဿနဉာဏ် နှစ်ပါးကို ပေါင်းသော် ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ် ဖြစ်၏။ ခဏတော ဥဒယဒဿနဉာဏ်နှင့် ခဏတော ဝယဒဿနဉာဏ် နှစ်ပါးကို ပေါင်းသော် ခဏတော ဥဒယဗ္ဗယဒဿနဉာဏ် ဖြစ်၏။ ယင်း ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ်နှင့် ခဏတော ဥဒယဗ္ဗယဒဿနဉာဏ်သည်လည်း သင်္ခါရ တရားတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု စူးစမ်းဆင်ခြင် ဆုံးဖြတ်ချက်ချသော ဉာဏ်များပင် ဖြစ်ရကား **တီရဏပရိညာ**ပင် မည်၏။

**ပဟာနပရိညာ** — ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ အပျက်သက်သက် ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ လက္ခဏာရေး သုံးတန် တစ်လှည့်စီ တင်ကာ ကြိတ်ခြေနေသော ဘင်္ဂဉာဏ်မှ စ၍ အထက်ပိုင်း ဝိပဿနာဉာဏ် တို့သည်ကား ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့ကို တဒင်္ဂအားဖြင့် ပယ်စွန့်လျက် သိသင့်သိထိုက်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာကို ပိုင်းခြားသိသောကြောင့် ပဟာနပရိညာဟူသော အမည်ကို ရရှိကြပေသည်။ ဤကား လောကီပရိညာ သုံးပါးတည်း။

**လောကုတ္တရာပရိညာ သုံးပါး**

ဤလောကီပရိညာဟူသော ဝိပဿနာဉာဏ်တို့၏ အဆုံး၌ အရိယမဂ်တရားသည် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အာရုံယူ၍ ထင်ရှားဖြစ်ပေါ်လာ၏။ ယင်း အရိယမဂ်တရားသည် ပယ်သင့် ပယ်ထိုက်သော ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်သတ်လျက် သိသင့်သိထိုက်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန် တရားတော်မြတ်ကို ထွင်းဖောက်သိ၏။ ထို့ကြောင့် အရိယမဂ်တရားသည် မုချအားဖြင့် **ပဟာနပရိညာ**ဟူသော အမည်ကို ရရှိပေသည်။

အရိယမဂ်တရားသည် အာရုံမျက်မှောက် ထွင်းဖောက် သိမြင်ခြင်း (=အာရမ္မဏပဋိဝေဓ) သဘောအားဖြင့် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန် တရားတော်မြတ်ကို မျက်မှောက်ပြုလျက် သိ၏။ ထိုသို့ သိရာ၌ ယင်းအရိယ မဂ်တရားက အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်၏ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အကူအညီ အရှိန်အဝါသတ္တိကို ရရှိသဖြင့် သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟတရား ကိုလည်း အကြွင်းမဲ့ ပယ်သတ်လိုက်၏။ ထိုသို့ သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟကို ပယ်သတ်နိုင်သည့်- အတွက် ကိစ္စသိဒ္ဓိအားဖြင့် သစ္စာလေးပါးလုံးကို သိခြင်းကိစ္စသည်လည်း တစ်ပါတည်း ပြီးစီးသွား၏။ ယင်းသို့ ကိစ္စသိဒ္ဓိအားဖြင့် သစ္စာလေးပါးကို သိမှုကို အသမ္မောဟပဋိဝေဓဟု ခေါ်ဆိုပေသည်။ ထိုတွင် အရိယမဂ်တရားသည် အာရမ္မဏပဋိဝေဓအားဖြင့် နိရောဓသစ္စာ (နိဗ္ဗာန်) တရားတော်မြတ်ကို သိ၏။ အသမ္မောဟပဋိဝေဓ အားဖြင့် ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာတို့ကို သိ၏။ ထိုသို့ သိခြင်း ကြောင့် အရိယမဂ်တရားသည် ဒုက္ခသစ္စာတရား သမုဒယသစ္စာတရား အမည်ရကြသည့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့နှင့် ယင်းအင်္ဂါရပ်တို့၏ အချင်းချင်း ကြောင်း-ကျိုး-ဆက်နွယ်မှု သဘောတရားတို့ကို သိခြင်းကိစ္စသည်လည်း ကိစ္စသိဒ္ဓိအားဖြင့် တစ်ပါတည်း ပြီးစီးသွား၏။ ထို့ကြောင့် အရိယမဂ်တရား သည် ဤအကြောင်းပရိယာယ်အားဖြင့် **ဉာတပရိညာ**ဟူသော အမည်ကိုလည်း ရရှိပေသည်။


©shwehinthar.com

တစ်ဖန် အရိယမဂ်တရားသည် ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟကိုလည်း အကြွင်းမဲ့ ပယ်သတ်လိုက်၏။ ယင်းသို့ ပယ်သတ်လိုက်သဖြင့် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် ယင်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တည်းဟူသော ရုပ်-နာမ်-ကြောင်း-ကျိုး (= သင်္ခါရ တရား)တို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတို့ကို စူးစမ်းဆင်ခြင် ဆုံးဖြတ်ခြင်း လုပ်ငန်းကိစ္စသည်လည်း ကိစ္စသိဒ္ဓိအားဖြင့် တစ်ပါတည်း ပြီးစီးပြီး ဖြစ်သွား၏။ ထို့ကြောင့် အရိယမဂ်-တရားသည် ဤအကြောင်းပရိယာယ်အားဖြင့် တီရဏပရိညာဟူသော အမည်ကိုလည်း ရရှိပေသည်။ ဤကား လောကုတ္တရာပရိညာ သုံးပါးတည်း။

ဤသို့လျှင် လောကီပရိညာ သုံးပါး, လောကုတ္တရာပရိညာ သုံးပါးတည်း ဟူသော အတ္တပစ္စက္ခဉာဏ်ဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားတို့ကို ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်ပါမှသာလျှင် **အနုဗောဓသိ ပဋိဝေဓသိ**ဟု ခေါ်ဆိုနိုင်ပေသည်။ ထိုအနုဗောဓသိ ပဋိဝေဓသိတည်းဟူသော အတ္တပစ္စက္ခ ဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိရှိပါမှသာလျှင် အပါယ်သံသရာဝဋ်ဆင်းရဲဒုက္ခမှလည်းကောင်း, အပါယ်မှ ကြွင်းသော သံသရာဝဋ်ဆင်းရဲဒုက္ခမှလည်းကောင်း ကျော်လွှား လွန်မြောက်နိုင်မည် ဖြစ်ပေသည်။ ထိုအနုဗောဓသိ ပဋိဝေဓသိတည်းဟူသော အတ္တပစ္စက္ခဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိပါမူကား. . ယင်းသို့ မသိပါဘဲလျက် မမြင်ပါဘဲလျက် မသိမှုတွေ တစ်ပုံကြီး ထမ်းကာ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကျော်လွှား လွန်မြောက်သွားသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါမည်သည် အိပ်မက်၏ အတွင်း၌သော်မှ-လည်း မရှိခဲ့စဖူးပေ။ ဤကား အထက်ပါ မဟာနိဒါနသုတ္တန် ကောက်နုတ်ချက်နှင့် အဋ္ဌကထာအဖွင့်တို့၏ ဆိုလိုရင်း သဘောတရားတည်း။

**အရှင်အာနန္ဒာမထေရ်မြတ်၏ ဂုဏ်ရည် လေးမျိုး**

**ထေရဿ ဟိ စတူဟိ ကာရဏေဟိ ဂမ္ဘီရောပိ ပဋိစ္စသမုပ္ပါဒေါ ဉတ္တာနောတိ ဥပဋ္ဌာတိ။ ကတမေဟိ စတူဟိ? ပုဗ္ဗူပနိဿယသမ္ပတ္တိယာ, တိတ္ထဝါသေန, သောတာပန္နတာယ, ဗဟုဿုတဘာဝေနာတိ။** (ဒီ၊ဋ္ဌ၊၂၇၈။)

= အရှင်အာနန္ဒာ မထေရ်မြတ်၏ အသိဉာဏ်၌ လေးမျိုးကုန်သော အကြောင်းတရားတို့ကြောင့် ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားသည် နက်နဲသော်လည်း ပေါ်လွင်သကဲ့သို့ ဖြစ်ကာ ထင်လာ ပေသည်။ ယင်း လေးမျိုးကုန်သော အကြောင်းတရားတို့မှာ —

၁။ **ပုဗ္ဗူပနိဿယသမ္ပတ္တိ** = ရှေးကောင်းမှု ဥပနိဿယနှင့် ပြည့်စုံခြင်း,

၂။ **တိတ္ထဝါသ** = ဆိပ်ကမ်းကောင်းကြီးများကို မှီတင်းနေထိုင်ခြင်း,

၃။ **သောတာပန္နတာ** = သောတာပန်ဖြစ်တော်မူခြင်း,

၄။ **ဗဟုဿုတဘာဝ** = အကြားအမြင် ဗဟုဿုတ များပြားခြင်း —

ဤလေးမျိုးတို့တည်း။

**၁။ ရှေးကောင်းမှု ဥပနိဿယနှင့် ပြည့်စုံခြင်း**

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပွင့်ထွန်းတော်မူခဲ့သော ပဒုမုတ္တရ ဘုရားရှင်၏ သာသနာတော်မှ စတင်ကာ ဘုရားရှင်၏ ဥပဋ္ဌာက (= အလုပ် အကျွေး) ဧတဒဂ်ဘွဲ့ထူးကို မျှော်မှန်းကာ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ ကောင်းတို့ကို ထူထောင်ခဲ့သူ ဖြစ်၏။ ပဒုမုတ္တရဘုရားရှင်နှင့် ဖတူ မိကွဲ မင်းသား တစ်ပါး ဖြစ်ခဲ့၏။ မိမိ အပိုင်စားရသော ဘောဂဂါမ-အရပ်ဝယ် ပဒုမုတ္တရဘုရား အမှူးရှိသော ရဟန္တာသံဃာတော် တစ်သိန်းတို့အတွက် ကျောင်းများ ဆောက်လုပ် လှူဒါန်း ပူဇော်ခဲ့၏။ ဝါတွင်း သုံးလပတ်လုံး ဆယ်ပါးသီလကို ဆောက်တည်ကျင့်သုံးကာ ဘုရားအမှူးရှိသော ရဟန္တာ-သံဃာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးခဲ့၏။ တရားတော်ကို အလေးဂရုပြုကာ ကျောင်းတွင်ပင် နေထိုင်လျက် တရားတော်ကို နာယူခြင်း တရားတော်ကို ကျင့်သုံးခြင်းအမှုတို့ကို ပြုလုပ်ခဲ့၏။ လူတို့၏ သက်တမ်း-


©shwehinthar.com

ကာလ အနှစ်တစ်သိန်းတမ်းဝယ် ဘုရားရှင် ပွင့်ထွန်းတော်မူခဲ့သဖြင့် အရှင်အာနန္ဒာအလောင်း အမျိုးကောင်း-သားသည်လည်း ထိုအနှစ်တစ်သိန်းတို့ အတွင်း၌ ဒါန သီလ သမထ ဝိပဿနာ အစဖြာသည့် ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းတို့ကို ဆည်းပူးစုဆောင်းခဲ့ပေသည်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၇၂)တွင် အရှင်အာနန္ဒာ ကိုယ်တော်မြတ်သည် (ဂေါတမဘုရားရှင်၏ သာသနာဝယ်) သောတာပန် ဖြစ်တော်မူသောအခါ သေက္ခပဋိသမ္ဘိဒါဉာဏ်ကိုပါ ပူးတွဲရရှိကြောင်းကို ဖော်ပြထား၏။ တစ်ဖန် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့ သန့်ရှင်းဖို့ရန်, ပဋိသမ္ဘိဒါ ဉာဏ်ကို ရရှိဖို့ရန် ပြည့်စုံရမည့် အင်္ဂါရပ်တို့ကိုလည်း အောက်ပါအတိုင်း ဖွင့်ဆိုထားတော်မူသည်။

၁။ **အဓိဂမ** — အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခြင်း၊ သို့မဟုတ် အရိယာ အဖြစ်သို့ ဆိုက်ရောက်တော်မူခြင်း။ အရှင်အာနန္ဒာအတွက် ပြောဆိုရမူ သောတာပန် ဖြစ်တော်မူခြင်းဟူသည့် အင်္ဂါရပ်ပင် ဖြစ်သည်။ သောတာပန်ဘဝဖြင့်ပင် ပဋိသမ္ဘိဒါဉာဏ်တို့ကို ရရှိတော်မူသောကြောင့် ဖြစ်သည်။

၂။ **ပရိယတ္တိ** — ရှေးရှေးဘုရားရှင်တို့၏ သာသနာတွင်းမှာပင်ဖြစ်စေ, ဤဂေါတမဘုရားရှင်၏ သာသနာတွင်းမှာပင် ဖြစ်စေ ဘုရားရှင်၏ ပရိယတ်တရားစကားတော်ကို သင်ယူခြင်းတည်း။

၃။ **သဝန** — တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍ နာယူခြင်းတည်း။

၄။ **ပရိပုစ္ဆာ** — ပါဠိတော် အဋ္ဌကထာ စသည်တို့၌ အထုံးအဖွဲ့ ခက်ဆစ် ခဲရပ် အနက်အဓိပ္ပါယ် အဆုံးအဖြတ်စကားတို့ကို သင်ယူခြင်းတည်း။

၅။ ပုဗ္ဗယောဂ —

**ပုဗ္ဗယောဂေါ** နာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ ဂတပစ္စာဂတိကဘာဝေန ယာဝ အနုလောမံ ဂေါတြဘုသမီပံ, တာဝ ဝိပဿနာနုယောဂေါ။ (ဝိသုဒ္ဓိ၊၂၇၂။)

= ပုဗ္ဗယောဂဟူသည် ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်တွင်း၌ ဆွမ်းခံရွာသို့ သွားရာ ဆွမ်းခံရွာမှ ကျောင်းသို့ ပြန်လာရာတို့၌ ကမ္မဋ္ဌာန်းကို အသွားအပြန် ဆောင်သည့် ကျင့်ဝတ်ကို ဆောက်တည်ကျင့်သုံးလျက် သမထ ဝိပဿနာဘာဝနာတို့ကို ပွားများအားထုတ်လေရာ အနုလောမဉာဏ် ဂေါတြဘုဉာဏ်တို့၏ အနီးအပါး၌ တည်ရှိသော, အထွတ်အထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင် ဝိပဿနာဘာဝနာကို စီးဖြန်းပွားများအားထုတ်ခဲ့ဖူးခြင်းတည်း။

ဤအင်္ဂါရပ် ငါးချက်တို့ကား ပဋိသမ္ဘိဒါဉာဏ်တို့ကို ရရှိတော်မူသည့် အရိယာသူတော်ကောင်းတိုင်း ဖြည့်ကျင့်ရမည့် အင်္ဂါရပ်တို့ ဖြစ်ကြ၏။ ထို့ကြောင့် အရှင်အာနန္ဒာကိုယ်တော်မြတ်သည် သောတာပန် ဖြစ်တော်မူခြင်း (= အဓိဂမ)ဟူသော အင်္ဂါရပ်မှ တစ်ပါး ကြွင်းကျန်ကုန်သော လေးမျိုး ကုန်သော အင်္ဂါရပ်တို့ကို ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်တွင်း၌ပင် ဖြည့်ကျင့်တော်မူခဲ့ဖူးသည်ဟု သိရှိနိုင်ပေသည်။ ထိုကျင့်စဉ်တို့ကား အရှင် အာနန္ဒာအဖို့ ပဒုမုတ္တရဘုရားရှင်၏ သာသနာတော်ကို မြစ်ဖျားခံလျက် ရှိပေသည်။ ဤကား ရှေးကောင်းမှု ဥပနိဿယနှင့် ပြည့်စုံခြင်းတည်း။

## ၂။ တိတ္ထဝါသ

'တိတ္ထဝါသ'ဟူသည် အဖန်ဖန် အထပ်ထပ် ဆရာသမားတို့၏ အထံ၌ (ဘုရားရှင်၏ အထံတော်၌) ပါဠိတော်ကို သင်ယူခြင်း, တရားတော်ကို နာကြားခြင်း, အဋ္ဌကထာကို မေးမြန်းခြင်း သင်ယူခြင်း, ယင်းပါဠိတော် အဋ္ဌကထာတို့ကို နှုတ်ငုံဆောင်ထားခြင်းတို့ကို ဆိုလို၏။ ယင်း တိတ္ထဝါသ အင်္ဂါရပ်သည်လည်း အရှင်အာနန္ဒာမထေရ်မြတ်၏ သန္တာန်၌ အလွန်လျှင် စင်ကြယ်သန့်ရှင်းလှပေသည်။ ထို့ကြောင့်လည်း ထိုအရှင်အာနန္ဒာ ကိုယ်တော်မြတ်၏ အသိဉာဏ်၌ ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားသည် နက်နဲသော်လည်း ပေါ်လွင်သကဲ့သို့ ထင်လာပေသည်။

(ဒီ၊ဋ္ဌ၊၂၈၃။)

## ၃။ သောတာပန်ဖြစ်တော်မူခြင်း


©shwehinthar.com

**သောတာပန္နာနဉ္စ နာမ ပစ္စယာကာရော ဥတ္တာနကောဝ ဟုတွာ ဥပဋ္ဌာတိ၊ အယဉ္စ အာယသ္မာ သောတာပန္နော။** (ဒီ၊ဋ္ဌ၊၂၈၃။)

= သောတာပန်သာ မှန်ပါစေ၊ သောတာပန်ပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ပစ္စယာကာရအမည်ရသည့် ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားသည် ပေါ်ပေါ်လွင်လွင်ကြီးသာ ဖြစ်ပြီး တည်နေပါသည်။ ဤအရှင်အာနန္ဒာ ကိုယ်တော်မြတ်သည်လည်း သောတာပန် ဖြစ်တော်မူ၏။ ထို့ကြောင့်လည်း အရှင်အာနန္ဒာ မထေရ်မြတ်၏ အသိဉာဏ်ဝယ် ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည် နက်နဲသော်လည်း ပေါ်လွင်သကဲ့သို့ ဖြစ်နေပေသည်။

၄။ **ဗဟုသုတ** များပြားခြင်း

**ဗဟုဿုတာနဉ္စ စတုဟတ္ထေ ဩဝရကေ ပဒီပေ ဇလမာနေ မဉ္စပီဌံ ဝိယ နာမရူပပရိစ္ဆေဒေါ ပါကဋော ဟောတိ၊ အယဉ္စ အာယသ္မာ ဗဟုဿုတာနံ အဂ္ဂေါ ဟောတိ၊ ဗာဟုသစ္စာနုဘာဝေနပိဿ ဂမ္ဘီရောပိ ပစ္စယာကာရော ဥတ္တာနကော ဝိယ ဥပဋ္ဌာသိ။** (ဒီ၊ဋ္ဌ၊၂၈၃။)

**နာမရူပပရိစ္ဆေဒေါတိ သဟ ပစ္စယေန နာမရူပဿ ပရိစ္ဆိန္န အဝဗောဓော။** (ဒီ၊ဋီ၊၂၈၄။)

အကြားအမြင် ဗဟုသုတ များပြားနေသည့် သူတော်ကောင်းတို့အဖို့ လေးတောင်ခန့် ရှိသော တိုက်ခန်းအတွင်းဝယ် ဆီမီးကို ညှိထွန်းအပ်သည် ရှိသော် အခန်းတွင်း၌ ရှိသော ညောင်စောင်း (= ကုဋင်), ကုလားထိုင်တို့ကို ထင်ထင်ရှားရှား တွေ့မြင်ရသကဲ့သို့ အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ကို ပိုင်းပိုင်းခြားခြား သိတတ်သော နာမရူပပရိစ္ဆေဒဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်)သည် ထင်ရှားနေသည်သာ ဖြစ်ပေသည်။ (နာထတရား ဆယ်ပါးတို့တွင် ဒုတိယမြောက် နာထတရားနှင့် ပြည့်စုံခြင်းတည်း။) ဤ အရှင်အာနန္ဒာ ကိုယ်တော်မြတ်သည်လည်း အကြားအမြင် ဗဟုသုတ များပြားကြကုန်သော သူတော်ကောင်းအပေါင်းတို့တွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိသူ သူတော်ကောင်း ဖြစ်ပေသည်။ ထိုကဲ့သို့ နာမ်ရုပ်ကို ဟုတ်တိုင်းမှန်စွာ ပရမတ်သို့ ဆိုက်အောင် ထိုးထွင်းသိခြင်း ယင်းနာမ်ရုပ်တို့၏ အကြောင်းတရားကို ဟုတ်တိုင်းမှန်စွာ ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းဟူသော အကြားအမြင် ဗဟုသုတများပြားခြင်း၏ စွမ်းအားရှိန်စော် အာနုဘော်ကြောင့်လည်း အလွန့်အလွန် ခက်ခဲနက်နဲလှသော ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည်လည်း ပေါ်လွင်ထင်ရှားသကဲ့သို့ အရှင်အာနန္ဒာမထေရ်မြတ်၏ အသိဉာဏ်၌ တည်ရှိ နေပေသည်။ (ဒီ၊ဋ္ဌ၊၂၈၃။)

သောတာပန်သာ မှန်ပါစေ၊ နာမ်ရုပ်ကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြား သိသည့် နာမရူပပရိစ္ဆေဒဉာဏ်, ယင်းနာမ်ရုပ်တို့၏ အကြောင်းတရားကို ဟုတ်တိုင်းမှန်စွာ သိသည့် ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးကို ရရှိထား သည့် အကြားအမြင် ဗဟုသုတများပြားသည့် သူတော်ကောင်းသာ မှန်ပါစေ၊ ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်)သဘောတရားသည် ထိုသူတော်ကောင်း၏ အသိဉာဏ်၌ ပေါ်လွင်ထင်ရှားနေသည်သာ ဖြစ်ပေသည်။ ဤအချက်ကိုလည်း သတိပြု၍ မှတ်သားထားပါလေ။

### ကစ္စာနဂေါတ္တသုတ္တန် ကောက်နုတ်ချက်

ယောဂါဝစရပုဂ္ဂိုလ်သည် ကြောင်း-ကျိုး-ဆက်နွယ်မှု (= ပဋိစ္စသမုပ္ပါဒ်) သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် (= အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ် ဖြင့်) သိအောင် မြင်အောင် ရှုရာ၌ — အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ စသည့် သင်္ခါရလောက၏ ဖြစ်စဉ်ကိုသာ ရှုရသည် မဟုတ်သေး၊ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်ပုံ၊ သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်ပုံ — ဤသို့စသည့် သင်္ခါရလောက၏ ချုပ်စဉ်ကိုလည်း ရှုရမည်သာ ဖြစ်သည်။ ထိုသို့ ရှုရန် **ကစ္စာနဂေါတ္တသုတ္တန်** (သံ၊၁၊၂၅၇ . . .)စသော ထိုထိုသုတ္တန်တို့၌ ဘုရားရှင်ကိုယ်တော်တိုင်က ညွှန်ကြားထားတော်မူ၏။

သင်္ခါရတို့၏ ဖြစ်မှု ဥဒယကို **လောကသမုဒယ**ဟုလည်းကောင်း, သင်္ခါရတို့၏ ပျက်ခြင်း ဝယကို **လောကနိရောဓ**ဟုလည်းကောင်း ခေါ်ဆို၏။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပုံ, သင်္ခါရကြောင့် ဝိညာဏ် ဖြစ်ပုံ စသည့် သင်္ခါရ လောက၏ ဖြစ်စဉ်ကိုလည်း **လောကသမုဒယ**ဟု ခေါ်ဆို၏၊ **အနုလောမ ပစ္စယာကာရ**ဟုလည်း ခေါ်ဆို၏။


©shwehinthar.com

အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာစသော အကြောင်းတရားတို့၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း (= **အသေသဝိရာဂ**) သဘော, နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်း (= **အနုပ္ပါဒ နိရောဓ**) သဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရ စသော အကျိုးတရား တို့၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း (= **အသေသဝိရာဂ**), နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်း (= **အနုပ္ပါဒနိရောဓ**) ဟူသည့် သင်္ခါရလောက၏ ချုပ်စဉ်ကိုလည်း လောကနိရောဓဟု ခေါ်ဆို၏၊ ပဋိလောမ ပစ္စယာကာရဟုလည်း ခေါ်ဆို၏။

ယင်း လောကသမုဒယ, လောကနိရောဓဟု ခေါ်ဆိုသည့် သင်္ခါရတို့၏ ဖြစ်မှု ပျက်မှုနှင့် အနုလောမပစ္စယာကာရ (= အနုလောမပဋိစ္စသမုပ္ပါဒ်), ပဋိလောမပစ္စယာကာရ (= ပဋိလောမပဋိစ္စသမုပ္ပါဒ်) သဘောတရားတို့ကို ရှုခြင်းကြောင့် မည်သို့ အကျိုးရှိပါသနည်း? ထိုသို့ ရှုရာ၌ ဆရာ့အပြောနှင့်သာ အလွမ်းကြီး လွမ်းနေရမည်လော? အန္ဓယဉာဏ်သက်သက်ဖြင့်သာ မျက်ရမ်း မှန်းဆ ရှုရမည်လော? - ဤသို့ မေးရန် ရှိ၏။ အဖြေကို သိလိုပါက အောက်ပါ ကစ္စာနဂေါတ္တသုတ္တန် ကောက်နုတ်ချက်များကို ဖတ်ရှုကြည့်ပါ။

တစ်ချိန် ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်တော် ၌ သီတင်းသုံးစံနေတော်မူဆဲ ဖြစ်၏။ ထိုအခါ အရှင်ကစ္စာနဂေါတ္တသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ကာ မြတ်စွာဘုရားကို အလွန် ရိုသေစွာ ရှိခိုးပြီးနောက် တစ်ခုသော နေရာ၌ ထိုင်ပြီးသော် ဘုရားရှင်အား ဤသို့ လျှောက်ထား၏။

“မြတ်စွာဘုရား . . . မှန်သောအမြင် (= သမ္မာဒိဋ္ဌိ), မှန်သောအမြင် (= သမ္မာဒိဋ္ဌိ)ဟူ၍ ဆိုပါ၏။ မြတ်စွာဘုရား . . . အဘယ်မျှဖြင့် မှန်သော အမြင် (= သမ္မာဒိဋ္ဌိ)သည် ဖြစ်ပါသနည်း”ဟု ဤစကားကို လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က ကစ္စာနဂေါတ္တသုတ္တန်ဟု အမည်တပ်ထားသော တရားဒေသနာတော်ကို ဟောကြားပေးတော်မူ၏။ ယင်းသုတ္တန်မှ အချို့ကို ကောက်နုတ်၍ တင်ပြအပ်ပါသည်။

**ဒွယနိဿိတော ခွါယံ ကစ္စာန လောကော ယေဘုယျေန — အတ္ထိတဉ္စေဝ နတ္ထိတဉ္စ။ လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ နတ္ထိတာ သာ န ဟောတိ။ လောကနိရောဓံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ အတ္ထိတာ သာ န ဟောတိ။ ဥပယုပါဒါနာဘိနိဝေသ-ဝိနိဗန္ဓော ခွါယံ ကစ္စာန လောကော ယေဘုယျေန။ တဉ္စာယံ ဥပယုပါဒါနံ စေတသော အဓိဋ္ဌာနံ အဘိနိဝေသာနုသယံ န ဥပေတိ န ဥပါဒိယတိ နာဓိဋ္ဌာတိ ‘အတ္တာ မေ’တိ။ ‘ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတီ’တိ န ကင်္ခတိ န ဝိစိကိစ္ဆတိ၊ အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ။ ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ။** (သံ၊၁၊၂၅၇-၂၅၈။)

**သမ္မပ္ပညာယ ပဿတောတိ သမ္မာပညာ နာမ သဝိပဿနာ မဂ္ဂပညာ၊ တာယ ပဿန္တဿာတိ အတ္ထော။** (သံ၊ဋ္ဌ၊၂၊၃၁။ )

**အပိစ လောကသမုဒယန္တိ အနုလောမပစ္စယာကာရံ။ လောကနိရောဓန္တိ ပဋိလောမပစ္စယာကာရံ။ လောကနိဿယေ ပဿန္တဿာပိ ဟိ ပစ္စယာနံ အနုစ္ဆေဒေန ပစ္စယုပ္ပန္နဿ အနုစ္ဆေဒံ ပဿတော ယာ နတ္ထီတိ ဥစ္ဆေဒဒိဋ္ဌိ ဥပ္ပဇ္ဇေယျ၊ သာ န ဟောတိ။ ပစ္စယနိရောဓံ ပဿန္တဿာပိ ပစ္စယနိရောဓေန ပစ္စယုပ္ပန္နနိရောဓံ ပဿတော ယာ အတ္ထီတိ သဿတဒိဋ္ဌိ ဥပ္ပဇ္ဇေယျ၊ သာ န ဟောတီတိ အယမေတ္ထ အတ္ထော။** (သံ၊ဋ္ဌ၊၂၊၃၁။)

**အပရပ္ပစ္စယာတိ န ပရပ္ပစ္စယေန၊ အညဿ အပတ္တိယာယေတွာ အတ္တပစ္စက္ခဉာဏမေဝဿ ဧတ္ထ ဟောတီတိ၊ ဧတ္တာဝတာ ခေါ ကစ္စာန သမ္မာဒိဋ္ဌီ ဟောတီတိ ဧဝံ သတ္တသညာယ ပဟီနတ္တာ ဧတ္တကေန သမ္မာဒဿနံ နာမ ဟောတီတိ မိဿကသမ္မာဒိဋ္ဌိံ အာဟ။** (သံ၊ဋ္ဌ၊၂၊၃၂။)

**အယမှီတိ န ကေဝလံ ခဏတော ဥဒယဝယနိဟရဏနယော၊ အထ ခေါ ပစ္စယတော ဥဒယဝယနိဟရဏနယောပိ။** (သံ၊ဋီ၊၂၊၃၇။။)

**န ပရပ္ပစ္စယေနာတိ ပရဿ အသဒ္ဒဟနေန။ မိဿကသမ္မာဒိဋ္ဌိံ အာဟာတိ နာမရူပပရိစ္ဆေဒတော ပဋ္ဌာယ သမ္မာဒိဋ္ဌိယာ ဝုတ္တတ္တာ လောကိယလောကုတ္တရမိဿကံ သမ္မာဒိဋ္ဌိံ အဝေါစ။** (သံ၊ဋီ၊၂၊၃၈။)

 ©shwehinthar.com

= ကစ္စာန . . . ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် (အတ္တသည် အမြဲရှိ၏ဟု ယူသော အတ္တ)ရှိသည်၏ အဖြစ်ကိုလည်းကောင်း, (အတ္တသည် ပြတ်၏ဟု ယူသော အတ္တ) မရှိသည်၏ အဖြစ်ကိုလည်းကောင်း အစွန်း နှစ်ပါးကို မှီ၍ နေ၏။ (သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော အစွန်း နှစ်ပါးကို မှီ၍ နေ၏ဟု ဆိုလိုသည်။)

ကစ္စာန . . . သင်္ခါရလောက၏ ဖြစ်ကြောင်း (= သမုဒယ) သဘောနှင့် ဖြစ်ခြင်း (= သမုဒယ) သဘောကို ဟုတ်မှန်သောအတိုင်း ကောင်းမွန် မှန်ကန်သော ဝိပဿနာပညာ မဂ်ပညာဖြင့် မြင်သောသူအား (အတ္တသည် သေလျှင် ပြတ်၏ဟု စွဲယူသော) မရှိဟူသော အယူသည် မဖြစ်။ (ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ဟု ဆိုလိုသည်။)

ကစ္စာန . . . သင်္ခါရလောက၏ ချုပ်ကြောင်း (= နိရောဓ) သဘောနှင့် ချုပ်ခြင်း (= နိရောဓ)သဘောကို ဟုတ်မှန်သောအတိုင်း ကောင်းမွန်မှန်ကန်သော ဝိပဿနာပညာ မဂ်ပညာဖြင့် မြင်သောသူအား သင်္ခါရလောက၌ (အတ္တသည် မသေမပျောက် အမြဲတည်၏ဟု စွဲယူအပ်သော အတ္တ) ရှိ၏ ဟူသော အယူသည် မဖြစ်။ (သဿတဒိဋ္ဌိ မဖြစ်ဟု ဆိုလိုသည်။)

ကစ္စာန . . . သင်္ခါရတရားတို့၌ "ငါ့ဟာ . . ငါ့ဟာ"ဟု တဏှာဖြင့် ကပ်ရောက်မှု = တဏှူပယ, "ငါ၏ အတ္တ"ဟု ဒိဋ္ဌိဖြင့် ကပ်ရောက်မှု = ဒိဋ္ဌုပယ, ပြင်းစွာ စွဲလမ်းမှု = ဥပါဒါန်, နှစ်မြှုပ်စူးဝင်မှု = အဘိနိဝေသတို့သည် ဤသတ္တဝါအပေါင်းကို များသောအားဖြင့် နှောင်ဖွဲ့၍ ထားအပ်၏။

အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ ဤတပည့်သာဝကသည်ကား စိတ်၏ တည်ရာ နှစ်မြှုပ်စူးဝင်ရာ ကိန်းအောင်းရာ ဖြစ်သော ထိုကပ်ရောက်မှု = ဥပယ, ပြင်းစွာ စွဲလမ်းမှု = ဥပါဒါန်ကို "ငါ၏ အတ္တတည်း"ဟု မကပ်ရောက်၊ မစွဲလမ်း၊ မဆောက်တည်။

**"ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ - ဖြစ်ခဲ့သော် ဒုက္ခသာ ဖြစ်၏၊ ချုပ်ခဲ့သော် ဒုက္ခသာ ချုပ်၏"**ဟု ယုံမှားမှု မရှိ၊ တွေးတောမှု မရှိ။

"အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ = ဤအရာ၌ ထို တပည့်သာဝကအား သူတစ်ပါးကို အားထား၍ ယုံကြည်သည် မဟုတ်၊ အတ္တပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် သိခြင်းသည်သာလျှင် ဖြစ်၏" ကစ္စာန . . . ဤမျှဖြင့် မှန်သောအမြင် (= သမ္မာဒိဋ္ဌိ)သည် ဖြစ်ပေသည်။

(သံ၊၁၊၂၅၇-၂၅၈။)

**လောကသမုဒယ – လောကနိရောဓ**

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်ပုံ, သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်ပုံဟူသည့် သင်္ခါရလောက၏ ဖြစ်စဉ် (= အနုလောမပစ္စယာကာရ = အနုလောမပဋိစ္စသမုပ္ပါဒ်သဘောတရား)ကိုလည်း လောကသမုဒယဟု ခေါ်ဆို၏။ အဝိဇ္ဇာ, သင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ နိဗ္ဗတ္တိလက္ခဏာဟူသော ဖြစ်မှု (= ဥပါဒ်)သဘောကိုလည်း လောကသမုဒယဟု ခေါ်ဆို၏။

အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ၏ အသေသဝိရာဂသဘော (= အကြွင်းအကျန် မရှိ ကုန်စင်အောင် ချုပ်ခြင်းသဘော) အနုပ္ပါဒနိရောဓသဘော (=နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းခြင်းသဘော) အားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် သင်္ခါရစသော အကျိုးတရား၏ အသေသဝိရာဂ သဘော (အနုပ္ပါဒနိရောဓသဘော) အားဖြင့် အကြွင်းအကျန် မရှိ ကုန်စင် အောင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော သင်္ခါရလောက၏ ချုပ်စဉ် (= ပဋိလောမပစ္စယာကာရ = ပဋိလောမပဋိစ္စသမုပ္ပါဒ်သဘောတရား)ကိုလည်း **လောကနိရောဓ**ဟု ခေါ်ဆို၏။ အဝိဇ္ဇာ သင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ ဝိပရိဏာမလက္ခဏာဟူသော ပျက်ခြင်း (= ဘင်)ကိုလည်း **လောကနိရောဓ**ဟု ခေါ်ဆို၏။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (ပဋိသံ၊၅၀။)နည်းအရ ဆိုရမူ - အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အကြောင်း သမုဒယသစ္စာတရားတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုး ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ ထင်ရှားဖြစ်မှု သဘော တရားကိုလည်း **လောကသမုဒယ**ဟု ခေါ်ဆို၏။


©shwehinthar.com

ယင်းဥပါဒါနက္ခန္ဓာတို့၏ (တစ်နည်း - အကြောင်း = သမုဒယသစ္စာ, အကျိုး = ဒုက္ခသစ္စာ - တရား နှစ်မျိုးလုံးတို့၏) နိဗ္ဗတ္တိလက္ခဏာဟူသော ဖြစ်မှု (= ဥပါဒ်)သဘောကိုလည်း **လောကသမုဒယ**ဟု ခေါ်ဆို၏။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အကြောင်းသမုဒယသစ္စာ တရားတို့၏ အရဟတ္တမဂ်ကြောင့် အသေသဝိရာဂသဘော (= အကြွင်းအကျန် မရှိ ကုန်စင်အောင် ချုပ်ငြိမ်းခြင်းသဘော) အနုပ္ပါဒနိရောဓသဘော (= နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းခြင်းသဘော)အားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုး ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ အသေသဝိရာဂ သဘော (အနုပ္ပါဒနိရောဓသဘော)အားဖြင့် အကြွင်းအကျန် မရှိ ကုန်စင် အောင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှုသဘောတရား ကိုလည်း လောကနိရောဓဟု ခေါ်ဆို၏။ ယင်းဥပါဒါနက္ခန္ဓာငါးပါးတို့၏ (တစ်နည်း - အကြောင်း = သမုဒယသစ္စာ, အကျိုး = ဒုက္ခသစ္စာ - တရား နှစ်မျိုးလုံးတို့၏) ဝိပရိဏာမလက္ခဏာဟူသော ချုပ်ခြင်း (= ဘင်)ကိုလည်း **လောကနိရောဓ**ဟု ခေါ်ဆို၏။

ဤအထက်ပါ သင်္ခါရလောက၏ ဖြစ်စဉ်နှင့် ဖြစ်မှုဟူသော လောကသမုဒယ, ချုပ်စဉ်နှင့် ချုပ်မှုဟူသော လောကနိရောဓကို အရိယာဖြစ်တော် မူသော ဘုရားရှင်၏ တပည့်သာဝကသည် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်တို့ဖြင့် လှမ်းရှုလိုက်သောအခါ —

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ - ဖြစ်ခဲ့သော် ဒုက္ခသာ ဖြစ်၏၊ ချုပ်ခဲ့သော် ဒုက္ခသာ ချုပ်၏**ဟု သိ၏၊ ယုံမှားမှု မရှိ၊ တွေးတောမှု မရှိ။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသည့် ကိလေသဝဋ်တရားတို့သည် ယှဉ်ဖက် သမ္ပယုတ်တရားတို့နှင့် အတူယှဉ်တွဲ၍ ဖြစ်ရိုးဓမ္မတာ ရှိကြ၏။ ယင်းသမ္ပယုတ် တရားစုတို့တွင် ဝေဒနာကား ဝေဒနာက္ခန္ဓာ, သညာကား သညာက္ခန္ဓာ, ကျန်စေတသိက်တို့ကား သင်္ခါရက္ခန္ဓာ, အသိစိတ်(ဝိညာဏ်)ကား ဝိညာဏက္ခန္ဓာတို့ ဖြစ်ကြ၏။ ယင်း နာမ်တရားစုတို့၏ မှီရာ ဝတ္ထုရုပ်တို့ကား ရူပက္ခန္ဓာတည်း။ အားလုံးပေါင်းသော် ကိလေသဝဋ်တရားစုတို့မှာ ဥပါဒါနက္ခန္ဓာတို့သာ ဖြစ်ကြ၏။ အလားတူပင် သင်္ခါရ, ကံဟူသော ကမ္မဝဋ်တရားတို့မှာလည်း ဥပါဒါနက္ခန္ဓာတို့သာ ဖြစ်ကြ၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဝိပါကဝဋ်တရားတို့မှာလည်း ဥပါဒါနက္ခန္ဓာတို့သာ ဖြစ်ကြ၏။ ယင်းဥပါဒါနက္ခန္ဓာတို့မှာ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရသော တရားတို့သာ ဖြစ်ခြင်းကြောင့် ဒုက္ခ တရားတို့သာ ဖြစ်ကြ၏။

ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်က သင်္ခါရလောက၏ “ဖြစ်စဉ်နှင့် ဖြစ်ပုံ, ချုပ်စဉ်နှင့် ချုပ်ပုံ”ကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရှုလိုက် သောအခါ “ဖြစ်ခဲ့သော် ဒုက္ခသာ ဖြစ်၏၊ ချုပ်ခဲ့သော် ဒုက္ခသာ ချုပ်၏”ဟု သိ၏ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။ ယင်း လောကသမုဒယ, လောကနိရောဓဟူသည့် ဒုက္ခ၏ ဖြစ်စဉ်ဖြစ်မှု, ချုပ်စဉ်ချုပ်မှုကို သိရာ၌ ပစ္စက္ခဉာဏ်ဖြင့် သိလေသလော၊ အနွယဉာဏ်ဖြင့် သိလေသလောဟူမူ —

**အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ။** (သံ၊၁၊၂၅၈။)

**အပရပ္ပစ္စယာတိ န ပရပ္ပစ္စယေန၊ အညဿ အပတ္တိယာယေတွာ အတ္တပစ္စက္ခဉာဏမေဝဿ ဧတ္ထ ဟောတီတိ။** (သံ၊ဋ္ဌ၊၂၊၃၂။)

ဤပါဠိတော် အဋ္ဌကထာတို့နှင့် အညီ ဆရာ့အပြောနှင့် အလွမ်းကြီး လွမ်း, အဆွေးကြီး ဆွေး, အတွေးကြီး တွေး, အငေးကြီး ငေးနေရသည့် သူများ၏ ပါးစပ်တွင်သာ လမ်းဆုံးနေရသည့် အသိမျိုးကား မဟုတ်ပေ။ အဟုတ်သော်ကား —“ဤအရာ၌ ထိုတပည့်သာဝကအား သူတစ်ပါးကို အားထား၍ ယုံကြည်သည် မဟုတ်၊ အတ္တပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် သိခြင်းသည်သာလျှင် ဖြစ်၏”ဟု ဘုရားရှင် ဟောကြားထားတော် မူသည့် အတ္တပစ္စက္ခဉာဏ်အသိပင် ဖြစ်ပေသည်။

**နာမရူပပရိစ္ဆေဒတော ပဉ္စာယ သမ္မာဒိဋ္ဌိယာ ဝုတ္တတ္တာ လောကိယလောကုတ္တရမိဿကံ သမ္မာဒိဋ္ဌိံ အဝေါစ။** (သံ၊ဋ္ဌ၊၂၊၃၈။)

နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ သမ္မာဒိဋ္ဌိဉာဏ်ကို ဘုရားရှင်သည် ဟောကြားထားတော်မူအပ်သည်၏ အဖြစ်ကြောင့် လောကီ-လောကုတ္တရာ ရောပြွမ်းသော သမ္မာဒိဋ္ဌိကို ဤသုတ္တန်၌ ဘုရားရှင်သည် ဟောကြားထားတော်မူအပ်၏ ဟူပေ။ (သံ၊ဋီ၊၂၊၃၈။)

ဤသမ္မာဒိဋ္ဌိမှာ စတုသစ္စသမ္မာဒိဋ္ဌိပင် ဖြစ်သည်၊ ဒုက္ခသစ္စာကို သိသော သမ္မာဒိဋ္ဌိ, သမုဒယသစ္စာကို သိသော သမ္မာဒိဋ္ဌိ, နိရောဓသစ္စာကို သိသော သမ္မာဒိဋ္ဌိ, မဂ္ဂသစ္စာကို သိသော သမ္မာဒိဋ္ဌိတို့ပင်တည်း။ ယင်းသမ္မာဒိဋ္ဌိဉာဏ်ကို အတ္တပစ္စက္ခဉာဏ်ဟု ဤကစ္စာနဂေါတ္တသုတ္တန်၌ ဘုရားရှင်ကလည်း ဟော ကြားထားတော်မူ၏၊ အဋ္ဌကထာကလည်း ဖွင့်ဆိုထားတော်မူ၏။ တစ်ဖန် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အရိယမဂ်ဉာဏ်သို့တိုင်အောင်သော စတုသစ္စ သမ္မာဒိဋ္ဌိဟူသည့် အတ္တပစ္စက္ခဉာဏ်ကို ဤသုတ္တန်၌ ဘုရားရှင် ဟောကြား ထားတော်မူကြောင်းကို ဋီကာဆရာတော်ကလည်း ထပ်ဆင့်၍ ဖွင့်ဆိုထား တော်မူ၏။

ဤကဲ့သို့သော ညွှန်ကြားချက်များကို ဦးထိပ်ရွက်ပန်ဆင်၍ လိုက်နာ ပြုကျင့်သဖြင့် အတ္တပစ္စက္ခဉာဏ်ဟူသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် လောကသမုဒယ, လောကနိရောဓသဘောတရားတို့ကို ထိုးထွင်းသိမြင်သွားကြသော တပည့်သာဝကများသည် ရှိကြပါလေရဲ့လားဟု ယောဂါဝစရပုဂ္ဂိုလ်သည် တွေးထင်ကောင်း တွေးထင်မိလေရာ၏။ ထိုသို့ဖြစ်လျှင် အောက်ပါ မဟာတဏှာသင်္ခယသုတ္တန်မှ ထုတ်နုတ်၍ ရေးသားတင်ပြထားအပ်သော ကောက်နုတ်ချက်တို့ကို ဖတ်ရှုကြည့်ပါ။

**မဟာတဏှာသင်္ခယသုတ္တန်မှ ကောက်နုတ်ချက်**

**ဘူတမိဒန္တိ ဘိက္ခဝေ ပဿထာတိ။ ဧဝံ ဘန္တေ။ တဒါဟာရသမ္ဘဝန္တိ ဘိက္ခဝေ ပဿထာတိ။ ဧဝံ ဘန္တေ၊ တဒါဟာရနိရောဓာ ယံ ဘူတံ၊ တံ နိရောဓဓမ္မန္တိ ဘိက္ခဝေ ပဿထာတိ။ ဧဝံ ဘန္တေ။** (မ၊၁၊၃၂၆။)

**သမ္မပ္ပညာယ ပဿတောတိ ဣဒံ ခန္ဓပဉ္စကံ ဇာတံ ဘူတံ နိဗ္ဗတ္တန္တိ ယာထာဝသရသလက္ခဏတော ဝိပဿနာပညာယ သမ္မာ ပဿန္တဿ။ ပညာယ သုဒိဋ္ဌန္တိ ဝုတ္တနယေနေဝ ဝိပဿနာပညာယ သုဋ္ဌု ဒိဋ္ဌံ၊**

(မဋ္ဌ၊၂၊၂၀၇။)

= ရဟန်းတို့ . . . ဤ ခန္ဓာငါးပါးသည် ထင်ရှားဖြစ်ပေါ်လာ၏ဟု ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရှုမြင်ကြကုန်၏လောဟု ဘုရားရှင်က မေးတော် မူ၏။

မြတ်စွာဘုရား . . . ရှုမြင်ကြပါကုန်၏ဟု (ရဟန်းတော်တို့က) ပြန်လည် လျှောက်ထားကြကုန်၏။

ရဟန်းတို့ . . . ထိုခန္ဓာသည် အကြောင်းတရား ထင်ရှားဖြစ်ခြင်း, အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် ဖြစ်ပေါ်လာ၏ဟု ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ရှုမြင်ကြကုန်၏လောဟု မေးမြန်းတော်မူ၏။

မြတ်စွာဘုရား . . . ရှုမြင်ကြပါကုန်၏ဟု ပြန်လည် လျှောက်ထားကြကုန်၏။

ရဟန်းတို့ . . . ထင်ရှားဖြစ်ပေါ်လာသော ထိုခန္ဓာသည် ထို အကြောင်း တရား၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်း (= အနုပ္ပါဒနိရောဓသဘော) အားဖြင့် ချုပ်ခြင်းကြောင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်း (= အနုပ္ပါဒ နိရောဓသဘော)အားဖြင့် ချုပ်ခြင်းသဘောရှိ၏ဟု ရှုမြင်ကြကုန်၏လောဟု မေးမြန်းတော်မူ၏။

မြတ်စွာဘုရား . . . ရှုမြင်ကြပါကုန်၏ဟု ပြန်လည် လျှောက်ထားကြကုန်၏။ (မ၊၁၊၃၂၆။)

ထိုရဟန်းတော်တို့ကား အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်ပုံ, သင်္ခါရ ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်ပုံ စသည့် သင်္ခါရလောက၏ ဖြစ်စဉ်ဟူသော အနုလောမပစ္စယာကာရ (= အနုလောမပဋိစ္စသမုပ္ပါဒ်)ဟူသည့် လောက-သမုဒယသဘောကိုလည်းကောင်း, အဝိဇ္ဇာ၏ အရဟတ္တမဂ်ကြောင့် အကြွင်းအကျန် မရှိ အကုန်အစင် ချုပ်ခြင်း (= အသေသဝိရာဂသဘော) နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်း (= အနုပ္ပါဒနိရောဓသဘော)အားဖြင့် အကြွင်းအကျန် မရှိ ကုန်စင်အောင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရစသော အကျိုးတရား၏ အသေသဝိရာဂသဘော (အနုပ္ပါဒနိရောဓသဘော)အားဖြင့် အကြွင်းအကျန် မရှိ ကုန်စင်အောင် နောင်တစ်ဖန်


©shwehinthar.com

မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းပုံ လောကနိရောဓသဘော ကိုလည်းကောင်း ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီးကြသော ရဟန်းတော်တို့ ဖြစ်တော်မူကြ၏။ [အကျယ်ကို (မ၊၁၊၃၂၇ . . .) စသည်တို့၌ ကြည့်ပါ။]

ဤကဲ့သို့သော ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင် ရရှိမှုနှင့် ဆက်စပ်၍ ဘုရားရှင်က ထိုရဟန်းတော်တို့အား မေးခွန်းပေါင်းများစွာ မေးမြန်းတော် မူ၏။ ရဟန်းတော်တို့ကလည်း ဘုရားရှင် နှစ်သက်ကျေနပ်တော်မူသဖြင့် သာဓုခေါ်တော်မူသည့်တိုင်အောင် ဖြေကြားလျှောက်ထားတော်မူကြ၏။ ထိုအမေး-အဖြေများထဲမှ ဤ၌ လိုအပ်သော အမေး-အဖြေ အချို့ကို ကောက်နုတ်တင်ပြအပ်ပါသည်။

**အမေးနှင့် အဖြေများ**

ရဟန်းတို့ . . . စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် – "ဆရာမြတ်စွာဘုရားသည် ငါတို့ အလေးပြုသင့် သူတည်း၊ ဆရာမြတ်စွာဘုရားအား ရိုသေခြင်းဖြင့် ငါတို့သည် ဤအတိုင်း ဆိုကုန်၏"ဟု ဤသို့ ပြောဆိုကုန်ရာသလောဟု မေးတော်မူ၏။

မြတ်စွာဘုရား . . . ဤသို့ ပြောဆိုခြင်း မဟုတ်ပါဟု ပြန်လည် လျှောက်ထားကြကုန်၏။

ရဟန်းတို့ . . . စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် – "သမဏဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏၊ သမဏမည်သော ငါတို့သည်လည်း ဤအတိုင်းပင် ဆိုရာကုန်၏"ဟု ဤသို့ ပြောဆိုကုန်ရာသလောဟု မေးမြန်းတော်မူ၏။

မြတ်စွာဘုရား . . . ဤသို့ ပြောဆိုခြင်း မဟုတ်ပါဟု ပြန်လည်လျှောက်ထားကြကုန်၏။

ရဟန်းတို့ . . . စင်စစ် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် တစ်ပါးသော ဆရာကို ညွှန်ပြကုန်ရာသလောဟု မေးမြန်းတော်မူ၏။

မြတ်စွာဘုရား . . . ဤသို့ ညွှန်ပြကုန်ရာသည် မဟုတ်ပါဟု ပြန်လည် လျှောက်ထားကြကုန်၏။

ရဟန်းတို့ . . . စင်စစ် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် များစွာကုန်သော သမဏ ဗြာဟ္မဏတို့၏ ဝတ်အကျင့်နှင့် ကောတုဟလမင်္ဂလာတို့ကို အနှစ်သာရအားဖြင့် တစ်ဖန် ယူကုန်ရာသလော ဟု မေးတော်မူ၏။

မြတ်စွာဘုရား . . . ဤသို့ တစ်ဖန် ယူခြင်းသည် မဖြစ်ရာပါဟု ပြန်လည်လျှောက်ထားကြကုန်၏။

**နနု ဘိက္ခဝေ ယဒေဝ တုမှာကံ သာမံ ဉာတံ သာမံ ဒိဋ္ဌံ သာမံ ဝိဒိတံ၊ တဒေဝ တုမှေ ဝဒထာတိ။ ဧဝံ ဘန္တေ။** (မ၊၁၊၃၃၂။)

**သာမံ ဉာတန္တိ သယံ ဉာဏေန ဉာတံ။ သာမံ ဒိဋ္ဌန္တိ သယံ ပညာစက္ခုနာ ဒိဋ္ဌံ။ သာမံ ဝိဒိတန္တိ သယံ ဝိဘာဝိတံ ပါကဋံ ကတံ။** (မဋ္ဌ၊၂၊၂၀၉။)

**သယံ ဉာဏေန ဉာတန္တိ ပရနေယျတံ မုဉ္စိတွာ အတ္တနော ဧဝ ဉာဏေန ယာထာဝတော ဉာတံ။ ဧဝံ ဘူတဉ္စ သယံ ပစ္စက္ခတော ဒိဋ္ဌံ နာမ ဟောတီတိ အာဟ "သယံ ပညာစက္ခုနာ ဒိဋ္ဌန္တိ"။ သယံ ဝိဘာဝိတန္တိ တေဟိ ဘိက္ခူဟိ တဿ အတ္ထဿ ပစ္စတ္တံ ဝိဘူတဘာဝံ အာပါဒိတံ။** (မဋီ၊၂၊၂၂၇။)

ရဟန်းတို့ . . . သင်တို့သည် အတ္တပစ္စက္ခဉာဏ်ဟူသော သမ္မာဒိဋ္ဌိ ပညာစက္ခုဖြင့် ကိုယ်တိုင် သိသည်ကိုသာလျှင် ကိုယ်တိုင် မြင်သည်ကိုသာလျှင် ကိုယ်တိုင် ထင်ထင်ရှားရှား သိသည်ကိုသာလျှင် ဆိုကုန်ရာသည် မဟုတ်ကုန် လောဟု မေးတော်မူ၏။

မြတ်စွာဘုရား . . . မှန်ပါ၏ဟု ပြန်လည်လျှောက်ထားကြကုန်၏။

ရဟန်းတို့ . . . သာဓု = ကောင်းလှပေ၏။ ရဟန်းတို့ . . . ငါဘုရား သည် သင်ချစ်သားတို့ကိုယ်တိုင် သိမြင်နိုင်သော,


©shwehinthar.com

အခါမလင့် အကျိုး ပေးတတ်သော, လာလှည့်စမ်းပါ ရှုလှည့်စမ်းပါဟု ပြဆိုထိုက်သော, မိမိကိုယ် ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်သော, ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော ဤတရားဖြင့် သင်တို့ကို နိဗ္ဗာန်သို့ ရှေးရှုဆောင်ယူအပ်ခဲ့ပြီ (= ရောက်စေအပ်ခဲ့ပြီ)။ ရဟန်းတို့ . . . ဤတရားသည် ကိုယ်တိုင် ရှုမြင် ထိုက်သော တရားတည်း။ အခါမလင့် အကျိုးပေးတတ်သော တရားတည်း။ "လာလှည့်စမ်းပါ၊ ရှုလှည့်စမ်းပါ"ဟု ပြဆိုထိုက်သော တရားတည်း။ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတည်း။ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတည်း – ဟု ယင်းစကားကို ငါဘုရားရှင်သည် ဟောကြားထားတော်မူ၏။ ဤ ကိုယ်တိုင်မြင်သိ ထင်ထင် ရှားရှား သိသည့်အဖြစ်ကို အစွဲပြု၍ ဤစကားကို ငါဘုရားရှင်သည် ဟော ကြားထားတော်မူပေ၏။ (မ၊၁၊၃၃၂။)

တစ်ဖန် ဆက်လက်၍ ဒုတိယအရိယသာဝကသုတ္တန်ကို တင်ပြအပ်ပါသည်။

**ဒုတိယအရိယသာဝကသုတ္တန်** (သံ၊၁၊၃၀၆-၃၀၈။)

ရဟန်းတို့ . . . အာဂမသုတဟူသော 'သင်သိ', အဓိဂမသုတဟူသော 'ကျင့်သိ' –ဤအသိနှစ်မျိုးဖြင့် အကြားအမြင် ဗဟုသုတ ရှိသော, အရိယာ ဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝက၏ သန္တာန်၌ ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်မလာပေ။

" အသို့ပါနည်း? အဘယ်တရားသည် ထင်ရှားရှိလတ်သော် အဘယ်တရားသည် ဖြစ်ပေါ်လာသနည်း? အဘယ်တရား၏ ထင်ရှားဖြစ်ခြင်းကြောင့် အဘယ်တရားသည် ဖြစ်ပေါ်လာသနည်း? အဘယ်တရားသည် ထင်ရှား ရှိလတ်သော် သင်္ခါရတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်သနည်း၊ အဘယ် တရားသည် ထင်ရှားရှိလတ်သော် ဝိညာဏ်သည် ထင်ရှားဖြစ်ပေါ်လာ သနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် နာမ်ရုပ်သည် ထင်ရှား ဖြစ်ပေါ်လာသနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် သဠာယတန သည် ထင်ရှားဖြစ်ပေါ်လာသနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် ဖဿသည် ထင်ရှားဖြစ်ပေါ်လာသနည်း၊ အဘယ်တရားသည် ထင်ရှား ရှိလတ်သော် ဝေဒနာသည် ထင်ရှားဖြစ်ပေါ်လာသနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် တဏှာသည် ထင်ရှား ဖြစ်ပေါ်လာသနည်း၊ အဘယ် တရားသည် ထင်ရှားရှိလတ်သော် ဥပါဒါန်သည် ထင်ရှားဖြစ်ပေါ်လာသနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် ဘဝသည် ထင်ရှားဖြစ်ပေါ်လာ သနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် ဇာတိသည် ထင်ရှား ဖြစ်ပေါ်လာသနည်း၊ အဘယ်တရားသည် ထင်ရှားရှိလတ်သော် ဇရာမရဏ သည် ထင်ရှားဖြစ်ပေါ်လာသနည်း" – ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်မလာပေ။

**အထ ခေါ ဘိက္ခဝေ သုတဝတော အရိယသာဝကဿ အပရပ္ပစ္စယာ ဉာဏမေဝေတ္ထ ဟောတိ – 'ကိမှိ သတိ ကိံ ဟောတိ၊ ကိမဿုပ္ပါဒါ ကိံ ဥပ္ပဇ္ဇတိ။ အဝိဇ္ဇာယ သတိ သင်္ခါရာ ဟောန္တိ၊ သင်္ခါရေသု သတိ ဝိညာဏံ ဟောတိ ။ ပ ။ ဇာတိယာ သတိ ဇရာမရဏံ ဟောတီ'တိ။ သော ဧဝံ ပဇာနာတိ – "ဧဝမယံ လောကော သမုဒယတီ"တိ။** (သံ၊၁၊၃၀၇။)

**အထ ခေါ ဘိက္ခဝေ သုတဝတော အရိယသာဝကဿ အပရပ္ပစ္စယာ ဉာဏမေဝေတ္ထ ဟောတိ – 'ကိမှိ အသတိ ကိံ န ဟောတိ၊ ကိမဿ နိရောဓာ ကိံ နိရုဇ္ဈတိ။ အဝိဇ္ဇာယ အသတိ သင်္ခါရာ န ဟောန္တိ၊ သင်္ခါရေသု အသတိ ဝိညာဏံ န ဟောတိ ။ ပ ။ ဇာတိယာ အသတိ ဇရာမရဏံ န ဟောတီ'တိ။ သော ဧဝံ ပဇာနာတိ – "ဧဝမယံ လောကော နိရုဇ္ဈတီ"တိ။**

**ယတော ခေါ ဘိက္ခဝေ အရိယသာဝကော ဧဝံ လောကဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိပိ၊ ဒဿနသမ္ပန္နော ဣတိပိ၊ အာဂတော ဣမံ သဒ္ဓမ္မံ ဣတိပိ၊ ပဿတိ ဣမံ သဒ္ဓမ္မံ ဣတိပိ၊ သေက္ခေန ဉာဏေန သမန္နာဂတော ဣတိပိ၊ သေက္ခာယ ဝိဇ္ဇာယ သမန္နာဂတော ဣတိပိ၊ ဓမ္မသောတံ သမာပန္နော ဣတိပိ၊ အရိယော နိဗ္ဗေဓိကပညော ဣတိပိ၊ အမတဒွါရံ အာဟစ္စ တိဋ္ဌတိ ဣတိပီ"တိ။** (သံ၊၁၊၃၀၇-၃၀၈။)

**အပရပ္ပစ္စယာတိ န ပရပ္ပစ္စယေန၊ အညဿ အပတ္တိယာယေတွာ အတ္တပစ္စက္ခဉာဏမေဝဿ ဧတ္ထ ဟောတီတိ။**


©shwehinthar.com

(သံ၊၄၊၂၃၂။)

**န ပရပ္ပစ္စယေနာတိ ပရဿ အသဒ္ဓါယ ဟနေန၊** (သံ၊ဋ္ဌ၊၂၊၃၈။)

ရဟန်းတို့ . . . တကယ်စင်စစ်အားဖြင့်သော်ကား အာဂမသုတဟူသော 'သင်သိ', အဓိဂမသုတဟူသော 'ကျင့်သိ' – ဤအသိ နှစ်မျိုးဖြင့် အကြားအမြင် ဗဟုဿုတ ရှိသော, အရိယာ ဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝက၏ သန္တာန်၌ – မိမိမှ တစ်ပါးသော အားထားယုံကြည်အပ်သူ မရှိမူ၍ ဤအရာ၌ ကြောင်း-ကျိုး-ဆက်နွယ်မှု အနုလောမ-ပဋိစ္စသမုပ္ပါဒ် သဘောတရားကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်တတ်သော **အပရပ္ပစ္စယဉာဏ် - အတ္တပစ္စက္ခဉာဏ်**သည်သာလျှင် ဖြစ်ပေါ်လာ၏။

ဤအကြောင်းတရားသည် ထင်ရှားရှိလတ်သော် ဤအကျိုးတရားသည် ထင်ရှားဖြစ်ပေါ်လာ၏။ ဤအကြောင်းတရား၏ ထင်ရှားဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ထင်ရှားဖြစ်ပေါ်လာ၏။ အဝိဇ္ဇာသည် ထင်ရှားရှိလတ်သော် သင်္ခါရတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ သင်္ခါရတို့သည် ထင်ရှားရှိကုန်လတ်သော် ဝိညာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ဝိညာဏ် သည် ထင်ရှားရှိလတ်သော် နာမ်ရုပ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ နာမ်ရုပ် သည် ထင်ရှားရှိလတ်သော် သဠာယတနသည် ထင်ရှားဖြစ်ပေါ်လာ၏။ သဠာယတနသည် ထင်ရှားရှိလတ်သော် ဖဿသည် ထင်ရှား ဖြစ်ပေါ်လာ၏။ ဖဿသည် ထင်ရှားရှိလတ်သော် ဝေဒနာသည် ထင်ရှား ဖြစ်ပေါ်လာ၏။ ဝေဒနာသည် ထင်ရှားရှိလတ်သော် တဏှာသည် ထင်ရှားဖြစ်ပေါ်လာ၏။ တဏှာသည် ထင်ရှားရှိလတ်သော် ဥပါဒါန်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ဥပါဒါန်သည် ထင်ရှားရှိလတ်သော် ဘဝသည် ထင်ရှားဖြစ်ပေါ်လာ၏။ ဘဝသည် ထင်ရှားရှိလတ်သော် ဇာတိသည် ထင်ရှားဖြစ်ပေါ်လာ၏။ ဇာတိသည် ထင်ရှားရှိလတ်သော် ဇရာမရဏသည် ထင်ရှားဖြစ်ပေါ်လာ၏ ဟု ဤသို့သော အသိဉာဏ်သည်သာလျှင် ဖြစ်၏။ ထိုအရိယာဖြစ်တော် မူသော ငါဘုရားရှင်၏ တပည့်သာဝကသည် ဤသင်္ခါရလောကသည် ဤသို့ ဖြစ်ပေါ်လာ၏ – ဟု **အပရပ္ပစ္စယဉာဏ် - အတ္တပစ္စက္ခဉာဏ်**ဖြင့် ကိုယ်တိုင် မျက်မှောက် ဆိုက်ရောက်လျက် ကွဲကွဲပြားပြား သိ၏။

ရဟန်းတို့ . . . အာဂမသုတဟူသော 'သင်သိ', အဓိဂမသုတဟူသော 'ကျင့်သိ'- ဤအသိနှစ်မျိုးဖြင့် အကြားအမြင် ဗဟုဿုတ ရှိသော, အရိယာ ဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝက၏သန္တာန်၌ ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်မလာပေ။ အသို့နည်း? "အဘယ်တရားသည် ထင်ရှားမရှိလတ်သော် အဘယ်တရားသည် ထင်ရှားမဖြစ်-ပေါ်လာသနည်း? အဘယ်တရား၏ အနုပ္ပါဒနိရောဓသဘော (= နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်း)ဖြင့် ချုပ်ငြိမ်း-သွားခြင်းကြောင့် အဘယ်တရားသည် ချုပ်လေ သနည်း?"

"အဘယ်တရားသည် ထင်ရှားမရှိလတ်သော် သင်္ခါရတို့သည် ထင်ရှား ဖြစ်ပေါ်မလာကြကုန်သနည်း? အဘယ်တရားသည် ထင်ရှားမရှိလတ်သော် ဝိညာဏ်သည် ထင်ရှားဖြစ်ပေါ်မလာသနည်း? ။ ပ ။ အဘယ်တရားသည် ထင်ရှားမရှိလတ်သော် ဇရာမရဏသည် ထင်ရှားဖြစ်ပေါ်မလာသနည်း?" ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်မလာပေ။

ရဟန်းတို့ . . . တကယ်စင်စစ်အားဖြင့်သော်ကား အာဂမသုတ ဟူသော 'သင်သိ', အဓိဂမသုတဟူသော 'ကျင့်သိ'- ဤအသိနှစ်မျိုးဖြင့် အကြားအမြင် ဗဟုဿုတရှိသော, အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝက၏သန္တာန်၌ မိမိမှ တစ်ပါးသော အားထားယုံကြည်အပ်သူ မရှိမူ၍ ဤအရာ၌ ကြောင်း-ကျိုး-ဆက်နွယ်မှု၏ ပြတ်စဲ ချုပ်ငြိမ်းမှု (= ပဋိလောမပဋိစ္စသမုပ္ပါဒ်သဘောတရားကို ကိုယ်တိုင်မျက်မှောက် ထွင်း ဖောက် သိမြင်တတ်သော **အပရပ္ပစ္စယဉာဏ် - အတ္တပစ္စက္ခဉာဏ်**သည် သာလျှင် ဖြစ်ပေါ်လာ၏။

ဤတရားသည် ထင်ရှား မရှိလတ်သော် ဤအကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်မလာ၊ ဤအကြောင်းတရား၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် နောင်တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းခြင်း ဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်၏။ – အဝိဇ္ဇာသည် ထင်ရှား မရှိလတ်သော် သင်္ခါရတို့သည် ထင်ရှား ဖြစ်ပေါ်မလာ ကြကုန်၊ သင်္ခါရတို့သည် ထင်ရှား မရှိကုန်လတ်သော် ဝိညာဏ်သည် ထင်ရှား ဖြစ်ပေါ်မလာ။ ပ ။ ဇာတိသည် ထင်ရှား မရှိလတ်သော်


©shwehinthar.com

ဇရာ+မရဏသည် ထင်ရှား ဖြစ်ပေါ်မလာဟု ဤသို့သော အသိဉာဏ်သည်သာလျှင် ဖြစ်၏။ ထို အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝကသည် "ဤ သင်္ခါရလောကသည် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟူသော အနုပ္ပါဒ-နိရောဓသဘောအားဖြင့် ဤသို့ ချုပ်ငြိမ်း၏"ဟု ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တတ်သော **အပရပ္ပစ္စယဉာဏ် - အတ္တပစ္စက္ခဉာဏ်**ဖြင့် ကွဲကွဲပြားပြား သိ၏။

ရဟန်းတို့ . . . အကြင်အခါ၌ အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝကသည် ဤသို့လျှင် သင်္ခါရလောက၏ ဖြစ်စဉ်ကိုလည်းကောင်း, ချုပ်စဉ်ကိုလည်းကောင်း မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း **အပရပ္ပစ္စယ ဉာဏ် - အတ္တပစ္စက္ခဉာဏ်**ဖြင့် ကွဲကွဲပြားပြား သိ၏။ ရဟန်းတို့ . . . ထိုအခါ အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ ဤတပည့်သာဝကကို မှန်ကန်သော သမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံသူဟူ၍လည်းကောင်း, မှန်ကန်သော **ဒဿန** ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, ဤ**သဒ္ဓမ္မ**အမည်ရသည့် သူတော်ကောင်းတရားသို့ ဆိုက်ရောက်လာသူဟူ၍လည်းကောင်း, **သဒ္ဓမ္မ** အမည်ရသည့် ဤသူတော်ကောင်းတရားကို မြင်သူဟူ၍လည်းကောင်း, ကျင့်ဆဲဖြစ်သည့် **သေက္ခ**ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, ကျင့်ဆဲဖြစ်သည့် သေက္ခဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, **ဓမ္မသောတ** အမည်ရ-သည့် တရားအယဉ်သို့ ကောင်းစွာ ဆိုက်ရောက်လာသူ ဟူ၍လည်းကောင်း, ကိလေသာထု အစိုင်အခဲကို ဖောက်ခွဲဖျက်ဆီးနိုင်သော ဖြူစင်မြင့်မြတ်သော (ဝိပဿနာပညာ မဂ်ပညာဟူသော) **နိဗ္ဗေဓိကပညာ**နှင့် ပြည့်စုံသူ-ဟူ၍လည်းကောင်း, အမြိုက်နိဗ္ဗာန်တံခါးဝသို့ ဆိုက်ရောက်၍ တည်နေသူဟူ၍လည်းကောင်း ဆိုအပ်၏။ (သံ၊၁၊၃၀၆-၃၀၈။)

နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ သမ္မာဒိဋ္ဌိကို ဘုရားရှင်က ဟောကြား ထားတော်မူအပ်သည်၏ အဖြစ်ကြောင့် လောကီယဝိပဿနာသမ္မာဒိဋ္ဌိနှင့် လောကုတ္တရာမဂ္ဂသမ္မာဒိဋ္ဌိ နှစ်မျိုးလုံးကို ရောနှောလျက် သမ္မာဒိဋ္ဌိဟု ဘုရား ရှင်သည် ဟောကြားထားတော်မူပေသည်။ (သံ၊ဋ္ဌ၊၂၊၃၂။ သံ၊ဋီ၊၂၊၃၈။)

ထို့ကြောင့် ဤသုတ္တန်၌ သေက္ခအရ –

**သေက္ခောတိ** ပုထုဇ္ဇနကလျာဏကေန သဒ္ဓိံ သတ္တ အရိယာ။ တိဿော သိက္ခာ သိက္ခန္တီတိ သေက္ခာ။ (အဘိ၊ဋ္ဌ၊၂၊၃၁၅။) ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာအဖွင့်နှင့် အညီ ကလျာဏပုထုဇဉ်နှင့် တကွ အောက်အရိယာ ပုဂ္ဂိုလ်ခုနစ်ဦးတို့ကို သီလ သမာဓိ ပညာဟူသည့် သိက္ခာသုံးရပ် အကျင့်မြတ် ကို ကျင့်နေဆဲ ဖြစ်ကြသောကြောင့် သေက္ခပုဂ္ဂိုလ်တို့ဟူ၍ ခေါ်ဆိုအပ်ရကား ဤသေက္ခပုဂ္ဂိုလ်စာရင်းတွင် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် ပြည့်စုံသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်လည်း ပါဝင်သည်ဟု မှတ်သားပါလေ။

ဤသုတ္တန်တွင် ဘုရားရှင်ကိုယ်တော်တိုင်က ကလျာဏပုထုဇဉ်နှင့် တကွသော သေက္ခအရိယာသူတော်ကောင်းတို့သည် ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိဟူသော **အပရပ္ပစ္စယဉာဏ်** (= အတ္တပစ္စက္ခဉာဏ်)ဖြင့် **လောကသမုဒယ**ခေါ်ဆိုသည့် သင်္ခါရလောက၏ ဖြစ်စဉ်ကိုလည်းကောင်း, **လောက-နိရောဓ**ခေါ်ဆိုသည့် သင်္ခါရလောက၏ ချုပ်စဉ်ကိုလည်းကောင်း ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်ပါကြောင်းကို ဝန်ခံဟောကြားထားတော် မူပေသည်။ အလားတူပင် သာဝကတို့သည်လည်း လောကသမုဒယနှင့် လောကနိရောဓအကြောင်းကို မိမိတို့ သာဝကအချင်းချင်း ဆွေးနွေးခြင်းဖြင့် တစ်ပါးနှင့် တစ်ပါး ဝန်ခံဟောပြောချက်များလည်း ပိဋကတ်တော်၌ ထင်ရှား ရှိသည်သာ ဖြစ်ပေသည်။ ဤတွင် ကောသမ္ဗီသုတ္တန်မှ ကောက်နုတ်ချက် အချို့ကို ဆက်လက်၍ တင်ပြအပ်ပါသည်။

**ကောသမ္ဗီသုတ္တန်ကောက်နုတ်ချက်**

တစ်ချိန်ဝယ် အရှင်မုသိလ, အရှင်ပဝိဋ္ဌ, အရှင်နာရဒ, အရှင်အာနန္ဒာ မထေရ်မြတ်ကြီးတို့သည် ကောသမ္ဗီပြည် ယောသိတာရုံကျောင်းတိုက်၌ သီတင်းသုံးစံနေတော်မူဆဲ ဖြစ်ကြ၏။ ထိုအခါ အရှင်ပဝိဋ္ဌက အရှင်မုသိလကို စတင်၍ မေးခွန်းများ မေးတော်မူ၏။ အရှင်မုသိလကလည်း ဖြေကြားတော် မူ၏။ ယင်း အမေး-အဖြေတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။


©shwehinthar.com

**အညတြေဝ အာဝုသော မုသိလ သဒ္ဓါယ အညတြ ရုစိယာ အညတြ အနုဿဝါ အညတြ အာကာရပရိဝိတက္ကာ အညတြ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ အတ္တာယသမွတော မုသိလဿ ပစ္စတ္တမေဝ ဉာဏံ 'ဇာတိပစ္စယာ ဇရာမရဏ'န္တိ။**

**အညတြေဝ အာဝုသော ပဝိဋ္ဌ သဒ္ဓါယ အညတြ ရုစိယာ အညတြ အနုဿဝါ အညတြ အာကာရပရိဝိတက္ကာ အညတြ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ အဟမေတံ ဇာနာမိ အဟမေတံ ပဿာမိ 'ဇာတိပစ္စယာ ဇရာမရဏ'န္တိ။**

(သံ၊၁၊၃၃၆။)

**ထေရော ပန ပဉ္စပိ တောနိ ကာရဏာနိ ပဋိက္ခိပိတွာ ပစ္စက္ခဉာဏေန ပဋိဝိဒ္ဓဘာဝံ ပုစ္ဆန္တော အညတြေဝ အာဝုသော မုသိလ သဒ္ဓါယာတိအာဒိမာဟ။** (သံ၊ဋ္ဌ၊၂၊၁၁၃။)

**အမေး** — ငါ့ရှင် မုသိလ . . .

၁။ သဒ္ဓါ = သူတစ်ပါးကို ကိုးစားယုံကြည်မှု,

၂။ ရုစိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် မိမိ၏ အလိုအကြိုက်,

၃။ အနုဿဝ = သူတစ်ပါးထံမှ တစ်ဆင့် ကြားနာရမှု,

၄။ အာကာရပရိဝိတက္က = အခြင်းအရာ အာကာရကို ကြံစည်တွေးခေါ်မှု,

၅။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် အယူအဆကို ရှေ့သွားပြုလျက် စူးစူးစိုက်စိုက် ကြံစည်၍ နှစ်သက်မှု —

ဤငါးမျိုးမှ တစ်ပါး အရှင်မုသိလအား ဇာတိအကြောင်းခံကြောင့် ဇရာမရဏဖြစ်၏ဟူ၍ သိသော ပစ္စက္ခဉာဏ်သည် ရှိပါသလောဟု မေးမြန်း လျှောက်ထား၏။

အဖြေ — ငါ့ရှင် ပဝိဋ္ဌ . . .

၁။ သဒ္ဓါ = သူတစ်ပါးကို ကိုးစားယုံကြည်မှု,

၂။ ရုစိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် မိမိ၏ အလိုအကြိုက်,

၃။ **အနုဿဝ** = သူတစ်ပါးထံမှ တစ်ဆင့်ကြားနာရမှု,

၄။ **အာကာရပရိဝိတက္က** = အခြင်းအရာ အာကာရကို ကြံစည်တွေးခေါ်မှု,

၅။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် အယူအဆကို ရှေ့သွားပြုလျက် စူးစူးစိုက်စိုက် ကြံစည်၍ နှစ်သက်မှု —

ဤငါးမျိုးမှ တစ်ပါးသော ပစ္စက္ခဉာဏ်ဖြင့် ဇာတိအကြောင်းခံကြောင့် ဇရာမရဏဖြစ်၏ဟူသော ဤအကြောင်းကို တပည့်တော် သိပါ၏ တပည့်တော် မြင်ပါ၏ဟု ပြန်လည်လျှောက်ထားတော်မူ၏။ (သံ၊၁၊၃၃၆-၃၃၇။)

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံသို့တိုင်အောင် လောကသမုဒယအမည်ရသည့် သင်္ခါရလောက၏ ဖြစ်စဉ်ဟူသော ဇရာမရဏမှ သင်္ခါရ အဝိဇ္ဇာသို့တိုင်အောင်သော ပြောင်းပြန်လှန်၍ ရှုသော ပဋိစ္စသမုပ္ပါဒ် ရှုကွက်တစ်ခုလုံးကို မေးသူကလည်း အလားတူပင် မေးတော်မူ၏။ ဖြေသူကလည်း အလား တူပင် ဖြေဆိုတော်မူ၏။ တစ်ဖန် လောကနိရောဓ အမည်ရသည့် သင်္ခါရလောက၏ ချုပ်စဉ်ကိုလည်း ဆက်လက်မေးမြန်းတော်မူပြန်၏။

**အညတြေဝ အာဝုသော မုသိလ သဒ္ဓါယ အညတြ ရုစိယာ အညတြ အနုဿဝါ အညတြ အာကာရပရိဝိတက္ကာ အညတြ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ အတ္တာယသမွတော မုသိလဿ ပစ္စတ္တမေဝ ဉာဏံ 'ဇာတိနိရောဓာ ဇရာမရဏနိရောဓော'တိ။**

**အညတြေဝ အာဝုသော ပဝိဋ္ဌ သဒ္ဓါယ အညတြ ရုစိယာ အညတြ အနုဿဝါ အညတြ အာကာရပရိဝိတက္ကာ အညတြ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ အဟမေတံ ဇာနာမိ အဟမေတံ ပဿာမိ 'ဇာတိနိရောဓာ ဇရာမရဏနိရောဓော'တိ။** (သံ၊၁၊၃၃၇။)


©shwehinthar.com

အမေး – ငါ့ရှင် မုသိလ . . .

၁။ သဒ္ဓါ = သူတစ်ပါးကို ကိုးစားယုံကြည်မှု,

၂။ ရုစိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် မိမိ၏ အလိုအကြိုက်,

၃။ **အနုဿဝ** = သူတစ်ပါးထံမှ တစ်ဆင့် ကြားနာရမှု,

၄။ **အာကာရပရိဝိတက္က** = အခြင်းအရာ အာကာရကို ကြံစည်တွေးခေါ်မှု,

၅။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် အယူအဆကို ရှေ့သွားပြုလျက် စူးစူးစိုက်စိုက် ကြံစည်၍ နှစ်သက်မှု –

ဤငါးမျိုးမှ တစ်ပါး အရှင်မုသိလအား "ဇာတိ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့် ဇရာမရဏ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းသည် ထင်ရှား ဖြစ်၏"ဟူ၍ သိသော ပစ္စက္ခဉာဏ်သည် ရှိပါသလောဟု မေးမြန်းတော်မူ၏။

အဖြေ – ငါ့ရှင် ပဝိဋ္ဌ . . .

၁။ သဒ္ဓါ = သူတစ်ပါးကို ကိုးစားယုံကြည်မှု,

၂။ ရုစိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် မိမိ၏ အလိုအကြိုက်,

၃။ **အနုဿဝ** = သူတစ်ပါးထံမှ တစ်ဆင့် ကြားနာရမှု,

၄။ **အာကာရပရိဝိတက္က** = အခြင်းအရာ အာကာရကို ကြံစည်တွေးခေါ်မှု,

၅။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ = အတွေးအခေါ်မျှဖြင့် ရရှိလာသည့် အယူအဆကို ရှေ့သွားပြုလျက် စူးစူးစိုက်စိုက် ကြံစည်၍ နှစ်သက်မှု –

ဤငါးမျိုးမှ တစ်ပါးသော ပစ္စက္ခဉာဏ်ဖြင့် "ဇာတိ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့် ဇရာမရဏ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းသည် ထင်ရှား ဖြစ်၏"ဟူသော ဤအကြောင်းကို တပည့်တော် သိပါ၏၊ တပည့်တော် မြင်ပါ၏ဟု ပြန်လည်လျှောက်ထား၏။ (သံ၊၁၊၃၃၇။)

**အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော** = အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်ပုံသို့တိုင်အောင် ပုံစံတူပင် မေးမြန်းတော်မူ၏။ ပုံစံတူပင် အဖြေပေးတော် မူ၏။ ဤတွင် အဋ္ဌကထာ ဋီကာတို့၏ ရှင်းလင်းချက်များကို ဆက်လက်၍ တင်ပြအပ်ပါသည်။

၁။ သဒ္ဓါ – အချို့သော ပုဂ္ဂိုလ်သည် သူတစ်ပါး၏ စကားကို ယုံကြည်၍ ဤသူသည် အကြင်စကားကို ပြောဆို၏။ ထိုစကားသည် အမှန်သာ ဖြစ်၏ဟု စွဲယူ၏။ ဤပုဂ္ဂိုလ်မျိုးကား သူတစ်ပါးကိုသာ ကိုးစားယုံကြည်သော သူတစ်ပါး အသိဖြင့်သာ သိနေသော သူတစ်ပါး၏ ပါးစပ်တွင်သာ လမ်းဆုံးနေသော ပုဂ္ဂိုလ်မျိုးတည်း။

၂။ ရုစိ – အခြားပုဂ္ဂိုလ်တစ်ဦးကား ထိုင်လျက် အကြောင်းအရာတစ်ခုကို မိမိကိုယ်တိုင် တွေးခေါ်၏။ ထိုပုဂ္ဂိုလ်သည် – "ဤအကြောင်းအရာသည် ဤအတိုင်းပင် ဖြစ်လိမ့်မည်၊ အခြားတစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်တန်ရာ"ဟု မိမိ အလိုအကြိုက်အတိုင်း စဉ်းစားတွေးခေါ်လျက် ထိုအကြောင်းအရာကို နှစ်သက်၏။ သူတစ်ပါးတို့အား ကိုးစားယုံ-ကြည်မှု မရှိဘဲ မိမိကိုယ်တိုင်ပင်လျှင် မိမိအလိုအကြိုက်အတိုင်း တွေးခေါ်ထားသည့် အတိုင်း နှစ်သက်လျက် ထိုအကြောင်းအရာကို အမှန်ဟု စွဲယူ၏။

၃။ အနုဿဝ – တစ်ယောက်သော ပုဂ္ဂိုလ်ကား "ဤအကြောင်းအရာသည် အဘယ်သို့ ဖြစ်ပေါ်လာသလဲ? ဤအကြောင်းအရာသည် အဘယ်ကြောင့် ထင်ရှားဖြစ်ပေါ်လာသလဲ? ဤအကြောင်းအရာသည် ဤကဲ့သို့ ဖြစ်ပေါ်


©shwehinthar.com

လာ၏။ ဤအကြောင်းအရာသည် ဤအကြောင်းကြောင့် ထင်ရှားဖြစ်ပေါ် လာ၏ — ဤသို့ စသည်ဖြင့် အဆင့်ဆင့် ကြားထားဖူး၏။ ကြာမြင့်စွာသော အချိန်ကာလမှ စ၍ ဤသို့ အဆင့်ဆင့် ကြားထားသော စကားသည် ရှိ၏။ ဤစကားသည် အမှန်သာ ဖြစ်၏။ ဤအကြောင်းအရာသည် အမှန်သာ ဖြစ်၏"ဟု သူတစ်ပါးထံမှ တစ်ဆင့် ကြားနာရမှုဖြင့် အကြောင်းတရား တစ်ခုကို အမှန်ဟု စွဲယူ၏။ သူတစ်ပါး၏ ပါးစပ်တွင်သာ လမ်းဆုံးနေသော ပုဂ္ဂိုလ် တစ်မျိုးပင် ဖြစ်၏။

၄။ အာကာရပရိဝိတက္က — အခြားတစ်ယောက်သော ပုဂ္ဂိုလ်ကား "ဤ အကြောင်းတရားသည် ဤသို့ကား ဖြစ်လေရာ၏"ဟု စဉ်းစားတွေးခေါ် နေစဉ် မိမိကြံစည်စိတ်ကူး တွေးခေါ်လိုက်သော အကြောင်းအရာတစ်ခုသည် တွေးခေါ်ထားသည့် ဝတ္ထုအတိုင်း စိတ်ဝယ် ထင်လာ၏။ ထိုပုဂ္ဂိုလ်သည် "ဤ ထင်လာသော အကြောင်းအရာသည် ရှိ၏"ဟု မိမိကိုယ်တိုင် ကြံစည် စိတ်ကူးထားသော အခြင်းအရာအားဖြင့် ထိုအကြောင်းအရာကို အမှန်ဟု စွဲယူ၏။ တကယ်လက်တွေ့ မကျင့်ဘဲ အတွေးအခေါ်သက်သက်ဖြင့် လမ်းဆုံး နေသူသာ ဖြစ်၏။

၅။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ — အခြားတစ်ယောက်သော ပုဂ္ဂိုလ်ကား အကြောင်း အရာတစ်ခုကို စဉ်းစားတွေးခေါ်စဉ် "ဤအကြောင်းအရာသည် ဤသို့ ကြံစည်တွေးခေါ်ထားသည့်အတိုင်း တစ်စုံတစ်ခုသော အကျိုးသည်ကား ရှိသည်သာတည်း။ အခြားတစ်မျိုးသော အကျိုး မရှိဟူသော အခြင်းအရာအားဖြင့် မဖြစ်"ဟု စွဲစွဲမြဲမြဲ သက်ဝင်နှလုံးသွင်း၏။ ယင်းသို့ စွဲစွဲမြဲမြဲ သက်ဝင် နှလုံးသွင်းသော သူအား တစ်မျိုးသော အဘိနိဝေသ ခေါ်သည့် စွဲစွဲမြဲမြဲ သက်ဝင်ဆုံးဖြတ်ထားအပ်သော အယူအဆတစ်မျိုးသည် ဖြစ်ပေါ်လာ၏။ ယင်းအယူအဆဖြင့် ထိုအကြောင်းအရာကို စူးစူးစိုက်စိုက် မျက်မှောက်ပြုနေ သကဲ့သို့ စဉ်းစားတွေးခေါ်နေသော ထိုပုဂ္ဂိုလ်၏ ထိုအတွေးအခေါ်အပေါ်၌ နှစ်သက်ကျေနပ် လက်ခံမှုသည် ဖြစ်ပေါ်လာ၏။ ထိုပုဂ္ဂိုလ်သည် — "ဤ အကြောင်းအရာသည် ရှိသည်သာတည်း"ဟု အတွေးအခေါ်မှုဖြင့် ရရှိ လာသည့် အယူအဆကို ရှေ့သွားပြုလျက် စူးစူးစိုက်စိုက် ကြံစည်၍ ထိုအကြောင်းအရာကို နှစ်သက်ကျေနပ် လက်ခံထား၏။ ဤကား ဒိဋ္ဌိနိဇ္ဈာနက္ခန္တိတည်း။ (သံ၊၂၊၁၁၃။ သံ၊ဋ္ဌ၊၂၊၁၂၂-တို့၌ ကြည့်ပါ။)

အမေးရှင်ကလည်း လောကသမုဒယ ခေါ်သည့် သင်္ခါရလောက၏ ဖြစ်စဉ် (= အနုလောမပဋိစ္စသမုပ္ပါဒ်သဘောတရား)ကိုလည်းကောင်း, လောကနိရောဓ ခေါ်သည့် သင်္ခါရလောက၏ ချုပ်စဉ် ( = ပဋိလောမပဋိစ္စသမုပ္ပါဒ်သဘောတရား)ကိုလည်းကောင်း အထက်ပါ သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တိဟူသော ဤအကြောင်း ငါးမျိုးတို့ကို ပယ်ရှားလျက် ပစ္စက္ခဉာဏ်ဖြင့် သိပါသလား မြင်ပါသလားဟု မေးမြန်း လျှောက်ထားခဲ့၏။

အဖြေရှင်ကလည်း ဤငါးမျိုးသော အကြောင်းအရာတို့မှ အခြားတစ်ပါးသော ပစ္စက္ခဉာဏ်ဖြင့်သာလျှင် သင်္ခါရလောက၏ ဖြစ်စဉ်နှင့် ချုပ်စဉ်ကို သိပါကြောင်း မြင်ပါကြောင်းကို ပြန်လည်တင်ပြလျှောက်ထားခဲ့၏။ ထို အရှင်မုသိလ အရှင်မြတ်ကြီးကိုယ်တိုင်က **ပစ္စက္ခဉာဏ်ဖြင့် သိပါ၏ မြင်ပါ၏** ဟု ဝန်ခံဖြေကြားထားသော အဖြေတွင် ပါဝင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်တို့၌ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စာမျက်နှာ (၅၀) စသည်၌ ဟောကြား ထားတော်မူသော **ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ . .** ဤသို့ စသော ဒေသနာတော်များနှင့် အညီ —

၁။ အဝိဇ္ဇာ, သင်္ခါရဟူသော အတိတ်အဓွန့်ကာလ တရားစု,

၂။ ဝိညာဏ်မှသည် ကမ္မဘဝသို့ တိုင်အောင်သော ပစ္စုပ္ပန်အဓွန့်ကာလ တရားစု,

၃။ ဇာတိ, ဇရာမရဏဟူသော အနာဂတ်အဓွန့်ကာလ တရားစု —

ဤအဓွန့်ကာလတရား (၃)မျိုးလုံး ပါဝင်နေကြပေသည်။

**ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နည်း အတိတ်အကြောင်းတရား ငါးပါး**

**ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။** (ပဋိသံ၊၅၀။)


©shwehinthar.com

**တတ္ထ ပုရိမကမ္မဘဝသ္မိန္တိ ပုရိမေ ကမ္မဘဝေ၊ အတီတဇာတိယံ ကမ္မဘဝေ ကရိယမာနေတိ အတ္ထော။** (အဘိ၊ဌ၊၂၊၁၈၂။ ဝိသုဒ္ဓိ၊၂၊၂၁၄။)

အတိတ်ဘဝ၌ ကမ္မဘဝအမည်ရသော ကံကို ပြုစုပျိုးထောင်ခဲ့စဉ်က

၁။ သစ္စာလေးပါး အမှန်တရားကို မသိမှုသဘော, ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဖြဟ္မာ စသည်ဖြင့် အသိမှားမှုသဘောကား အဝိဇ္ဇာတည်း။

၂။ လူ့ဘဝ = လူ့ခန္ဓာ, နတ်ဘဝ = နတ်ခန္ဓာ စသည့် ခန္ဓာငါးပါးတို့ကို ဖြစ်ပေါ်လာအောင် ပြုလုပ်ကြောင်း ကုသိုလ်တရား အကုသိုလ်တရား တို့ကား **သင်္ခါရ**တို့တည်း။

၃။ လူ့ဘဝ, နတ်ဘဝ စသည့် ထိုထိုဘဝ ထိုထိုကာမဝတ္ထုကို တွယ်တာ တပ်မက်တတ်သောသဘောကား တဏှာတည်း။

၄။ ထိုထိုဘဝ ထိုထိုကာမဝတ္ထုအပေါ်၌ စိတ်ကပ်ရောက်စွဲနေခြင်းသဘော ကား ဥပါဒါန်တည်း။

၅။ ထိုထို ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာသည် ဘဝ မည်၏။ [ကမ္မဘဝတည်း = ကံတည်း။ ဝိပဿနာရှုရာ၌ စေတနာကို ပဓာနထားပါ။ ကြောင်း-ကျိုးဆက်စပ်ပုံကို ရှုရာ၌ ကမ္မသတ္တိ (= ကံ)ကို ပဓာနထားပါ။ ]

ဤသို့လျှင် ရှေးဘဝ၌ ဖြစ်သော ကမ္မဘဝ (ကံ)သည် ထင်ရှားရှိလတ်သော် ပြီးကုန်သော (ထင်ရှားဖြစ်ပေါ်လာကြကုန်သော) ဤတရား ငါးပါး တို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေခန္ဓာငါးပါး၏ အကြောင်းတရားတို့သည် ဖြစ်ကြကုန်၏။ (ပဋိသံ၊၅၀။)

ဤအကြောင်းတရား ငါးပါးတို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကား ကိလေသဝဋ်တည်း။ သင်္ခါရနှင့် ကံတို့ကား ကမ္မဝဋ်တည်း။ အတိတ် အကြောင်းတရား ငါးပါးတို့တည်း။ ယင်း အတိတ်အကြောင်းတရား ငါးပါး ကြောင့် အောက်ပါ ပစ္စုပ္ပန်အကျိုးတရား ငါးပါးတို့သည် ဖြစ်ပေါ်လာကုန်၏။ယင်းအကျိုးတရားတို့ကား ဝိပါကဝဋ်တရားတို့တည်း။

**ပစ္စုပ္ပန်အကျိုးတရား ငါးပါး**

**ဣဓ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဋ္ဌော ဖဿော၊ ဝေဒယိတံ ဝေဒနာ၊ ဣမေ ပဉ္စ ဓမ္မာ ဣဓုပပတ္တိဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။** (ပဋိသံ၊၅၀။)

ဤပစ္စုပ္ပန်ဘဝဝယ် —

၁။ အတိတ်ဖြစ်သော ဘဝတစ်ပါးကို ပစ္စုပ္ပန်ဘဝနှင့် တစ်ဖန် စပ်ခြင်းသဘော စပ်တတ်သောသဘောဟု ဆိုအပ်သော ပဋိသန္ဓေစိတ်သည် တစ်နည်း - ဝိပါက်စိတ်သည် **ဝိညာဏ်**တည်း။

၂။ အမိဝမ်းသို့ သက်ဝင်သကဲ့သို့ ဖြစ်ခြင်းသဘောသည် နာမ်ရုပ်တည်း။

၃။ စက္ခုစသော ပသာဒသည် သဠာယတနတည်း။

၄။ အာရုံကို တွေ့ခြင်းသဘော (= တွေ့ထိတတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော)သည် ဖဿ တည်း။

၅။ အာရုံကို ခံစားခြင်းသဘော, ခံစားတတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောသည် ဝေဒနာတည်း။

ဤသို့လျှင် ဤပစ္စုပ္ပန်ဘဝ၌ ဥပပတ္တိဘဝဟူသော ဇာတိသည် ထင်ရှား ရှိလတ်သော် ဖြစ်ပေါ်လာကုန်သော ပြီးစီးကုန်သော ဤတရားငါးပါးတို့သည် ရှေးဘဝ၌ ပြုစုပျိုးထောင်ခဲ့သော ကံ၏ ကျေးဇူးပြုသည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာကုန်၏။ (ပဋိသံ၊၅၀။)

**ပစ္စုပ္ပန်အကြောင်းတရား ငါးပါး**

**ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊**


©shwehinthar.com

**စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။** (ပဋိသံ၊၅၀။)

ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်သည်၏ အဖြစ်ကြောင့် -

၁။ သစ္စာလေးပါး အမှန်တရားကို မသိမှုသဘော, ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အသိမှားမှုသဘောကား **အဝိဇ္ဇာ**တည်း။

၂။ လူ့ဘဝ = လူ့ခန္ဓာ, နတ်ဘဝ = နတ်ခန္ဓာ စသည့် ခန္ဓာငါးပါးတို့ကို ဖြစ်ပေါ်လာအောင် ပြုလုပ်ကြောင်း ကုသိုလ်တရား အကုသိုလ်တရား တို့ကား **သင်္ခါရ**တို့တည်း။

၃။ လူ့ဘဝ, နတ်ဘဝ စသည့် ထိုထိုဘဝ ထိုထိုကာမဝတ္ထုတို့ကို တွယ်တာ တပ်မက်တတ်သော သဘောကား **တဏှာ**တည်း။

၄။ ထိုထိုဘဝ ထိုထိုကာမဝတ္ထုအပေါ်၌ စိတ်ကပ်ရောက် စွဲနေခြင်း သဘောကား ဥပါဒါန်တည်း။

၅။ ထိုထိုကုသိုလ်စေတနာ သို့မဟုတ် ထိုထိုအကုသိုလ်စေတနာသည် ဘဝတည်း။ (ကမ္မဘဝတည်း = ကံတည်း။)

ဤသို့လျှင် ဤတရား ငါးမျိုးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ကမ္မဘဝသည် ရှိလတ်သော် နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတရားတို့သည် ဖြစ်ကုန်၏။ (ပဋိသံ၊၅၀။)

[မှတ်ချက်။ ။ ဤပစ္စုပ္ပန်ဘဝ၌ မရင့်ကျက်သေးသော အာယတန ရှိသော သူငယ်၏ စိတ်ဖြစ်ခြင်းသည် ဘဝင်အကျများသည်ဖြစ်၍ များသော အားဖြင့် ဘဝတစ်ခုကို ဖြစ်စေတတ်သော စွမ်းအားရှိသော ဘဝန္တရဇနကကံကို အားထုတ်ခြင်းငှာ မစွမ်းနိုင်ခဲ့ရကား - ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ကျက်သည်၏ အဖြစ်ကြောင့်ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။ (မဟာဋီ၊၂၃၃၉။)]

**အနာဂတ်အကျိုးတရား ငါးပါး**

**အာယတိံ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဿော ဖဿော၊ ဝေဒယိတံ ဝေဒနာ၊ ဣမေ ပဉ္စ ဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။** (ပဋိသံ၊၅၁။)

၁။ ပစ္စုပ္ပန်ဖြစ်သော ဘဝတစ်ပါးကို အနာဂတ်ဘဝနှင့် တစ်ဖန် စပ်ခြင်းသဘော စပ်တတ်သောသဘောဟု ဆိုအပ်သော ပဋိသန္ဓေစိတ်သည် တစ်နည်း - ဝိပါက်စိတ်သည် ဝိညာဏ်တည်း။

၂။ အမိဝမ်းသို့ သက်ဝင်သကဲ့သို့ ဖြစ်ခြင်းသဘောသည် နာမ်ရုပ်တည်း။

၃။ စက္ခုစသော ပသာဒသည် သဠာယတနတည်း။

၄။ အာရုံကို တွေ့ခြင်းသဘော, တွေ့ထိတတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောသည် ဖဿတည်း။

၅။ အာရုံကို ခံစားခြင်းသဘော, ခံစားတတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောသည် **ဝေဒနာ**တည်း။

ဤတရား ငါးမျိုးတို့သည် နောင်အနာဂတ်ကာလ၌ ဥပပတ္တိဘဝဟူသော ဇာတိသည် ထင်ရှားရှိလတ်သော် ဤပစ္စုပ္ပန်ဘဝ၌ ပြုစုပျိုးထောင်ထားအပ်သော ကံ၏ ကျေးဇူးပြုပေးသည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာကြရကုန်၏။ (ပဋိသံ၊၅၁။)

**တစ်စိတ်တစ်ဒေသအားဖြင့် သိအောင် ကြိုးစားပါ**

**ဝိပဿကေန ပန ကမ္မန္တရဉ္စ ဝိပါကန္တရဉ္စ ဧကဒေသတော ဇာနိတဗ္ဗံ။**

(ဝိသုဒ္ဓိ၊၂၊၂၃၇။)

**ဧကဒေသတော ဇာနိတဗ္ဗံ အနဝသေသတော ဇာနိတုံ န သက္ကာ အဝိသယတ္တာ၊ သဗ္ဗေန သဗ္ဗံ အဇာနနေ ပစ္စယပရိဂ္ဂဟော န ပရိပူရတိ။**


©shwehinthar.com

(မဟာဋီ၊၂၊၃၈၀။)

ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်ဘဝ၌ အကျိုးပေးသော ကံ, ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌ အကျိုးပေးတော့မည့် ကံ, အပရာပရိယဝေဒနီယကံ = တတိယဘဝမှ စ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးလတ္တံ့သော ကံ စသည်ဖြင့် ကံတို့ကား အမျိုးမျိုး ရှိကြ၏။

ယင်းကံတို့တွင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ကံတို့၏ အားရှိသည်၏အဖြစ် အားမရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကံတို့၏ ထူးထွေကွဲပြားမှု ကမ္မန္တရကိုလည်းကောင်း, အကျိုးဝိပါက်တရားတို့၏ ယုတ်ညံ့သည်၏အဖြစ် မြင့်မြတ်သည်၏အဖြစ် မည်းညစ်သည်၏အဖြစ် ဖြူစင်သည်၏အဖြစ်စသော ဝိပါက်တရားတို့၏ ထူးထွေကွဲပြားမှု ဝိပါကန္တရကိုလည်းကောင်း **ဧကဒေသ - တစ်စိတ်တစ်ဒေသ**အားဖြင့် သိသင့် သိထိုက်ပေသည်။ ယင်းကမ္မန္တရ ဝိပါကန္တရတို့ကို အကြွင်းအကျန် မရှိ ကုန်စင်အောင် သိဖို့ရန်ကား သာဝကတို့သည် မစွမ်းနိုင် ကုန်။ သာဝကတို့၏ အရာ မဟုတ်သောကြောင့် (= သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အရာဖြစ်သောကြောင့်) ဖြစ်၏။ သို့သော် ထို ကမ္မန္တရ, ဝိပါကန္တရကို (= ထို ကံ, ကံ၏အကျိုးတရားကို) အချင်းခပ်သိမ်း လုံးလုံး မသိခဲ့သော်တမူကား အကြောင်းတရားတို့ကို သိမ်းဆည်းတတ် ပိုင်းခြား ယူတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်သည် မပြီးစီး မပြည့်စုံနိုင်။

(ဝိသုဒ္ဓိ၊၂၊၂၃၇။ မဟာဋီ၊၂၊၃၈၀။)

ယောဂါဝစရပုဂ္ဂိုလ်သည် ဤကဲ့သို့ ကံ, ကံ၏အကျိုးတရားကို သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် သိအောင် မြင်အောင် သိမ်းဆည်းရှုပွားရသည့် ဤပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်းဝယ် အထက်တွင် တင်ပြထားသော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် ဒေသနာနည်းအရ အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ခြံရံလျက် အားပေးထောက်ပံ့လျက် ပြုစုပျိုးထောင်ထားအပ်သော သင်္ခါရ, ကံတို့ကြောင့် ဤပစ္စုပ္ပန်ဘဝဝယ် ပဋိသန္ဓေ, ဝိညာဏ်, နာမ်ရုပ် စသည့် အကျိုး ဝိပါကဝဋ် တရားတို့ ထင်ရှားဖြစ်ပေါ်လာပုံကိုလည်းကောင်း, ယခုဤပစ္စုပ္ပန်ဘဝတွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏ အားပေးထောက်ပံ့မှုဖြင့် ပြုစုပျိုးထောင် ထားအပ်သော သင်္ခါရ, ကံတို့ကြောင့် နောင်အနာဂတ်တွင် ဇာတိ, ဇရာမရဏ အမည်ရသည့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုး ဝိပါကဝဋ်တရားတို့၏ ထင်ရှားဖြစ်ပေါ်လာပုံကိုလည်းကောင်း သိအောင် မြင်အောင် သိမ်းဆည်းရှုပွားရာ၌ ဆရာ့အပြောနှင့်သာ လွမ်းနေရမည်လောဟု မေးရန် ရှိ၏။

အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

**ဉာဏသမင်္ဂီပုဂ္ဂလော စက္ခုမာ ဝိယ စက္ခုနာ ရူပါနိ ဉာဏေန ဝိဝဋ္ဋေ ဓမ္မေ ပဿတိ။** (သံ၊ဋ္ဌ၊၂၊၄၉။)

**ဇာနတောတိ ဝါ ဝတွာ န ဇာနနံ အနုဿဝါကာရပရိဝိတက္ကမတ္တဝသေန ဣစ္ဆာမိပေ့တံ၊ အထ ခေါ ရူပါနိ ဝိယ စက္ခုဝိညာဏေန ရူပါဒီနိ တေသဉ္စ သမုဒယာဒိကေ ပစ္စက္ခေ ကတွာ ဒဿနန္တိ ဝိဘာဝေတုံ "ပဿတော"တိ ဝုတ္တန္တိ ဧဝံ ဝါ ဧတ္ထ အတ္ထော။** (သံ၊ဋီ၊၂၊၆၃။)

ဆရာ့အပြောနှင့်သာ လွမ်းနေရသည့်, ဆရာထံမှ တစ်ဆင့်ကြားနာရ၍ ဆရာသင်ပေးလို့ သိရသည့် 'သင်သိ' (= အနုဿဝသိ)မျိုးကိုလည်း ဤအရာ၌ အလိုမရှိအပ်။ "ဤသို့ကား ဖြစ်လေရာ၏၊ ဤသို့ကား ဖြစ်လေရာ၏"ဟု အခြင်း-အရာအာကာရကို ထက်ဝန်းကျင် ကြံဆတွေးခေါ်၍ သိရှိလာသော အတွေးအခေါ်သိမျှကိုလည်း ဤနေရာ၌ အလိုမရှိအပ်။

စင်စစ် အလိုရှိအပ်သည်မှာ — မျက်စိအမြင်ရှိသော သူသည် ရူပါရုံတို့ကို စက္ခုဝိညာဏ်ဖြင့် မြင်သကဲ့သို့ ပစ္စယပရိဂ္ဂဟဉာဏ်စသော ဝိပဿနာဉာဏ် အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းပစ္စယပရိဂ္ဂဟဉာဏ်စသော ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ဉာဏ်အရောင်အလင်းဖြင့် တွေ့ထိမိ၍ ဟင်းလင်းပွင့်နေသော ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုလည်းကောင်း, ယင်းဥပါဒါနက္ခန္ဓာတို့၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောဟူသော သမုဒယသဘောကိုလည်းကောင်း, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘော ဟူသော အတ္ထင်္ဂမသဘောကိုလည်းကောင်း သမ္မာဒိဋ္ဌိဉာဏ်တည်းဟူသော ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကိုသာလျှင် ဤအရာ၌


©shwehinthar.com

"ဒဿန = ပဿန = သိခြင်း မြင်ခြင်း"ဟု အလိုရှိအပ်ပေ၏။

(သံ၊ဋ္ဌ၊၂၄၉။ သံ၊ဋီ၊၂၆၃။)

**အဘိညာဏ် နှင့် ဝိပဿနာ**

၁။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ဖြင့် အတိတ်ကို ရှု၍ ရသည်ဟူသော စကားရပ်,

၂။ ဒိဗ္ဗစက္ခုအဘိညာဏ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော အနာဂတံသဉာဏ်ဖြင့်လည်း အနာဂတ်ကို ရှု၍ရသည်ဟူသော စကားရပ် —

ဤစကားရပ် အကြောင်းတရား အချက်အလက်နှင့် ပတ်သက်၍ အလွယ်တကူ လက်ခံနိုင်ငြားသော်လည်း ဝိပဿနာဉာဏ်ဖြင့်လည်း အတိတ် အနာဂတ် (ဥပါဒါနက္ခန္ဓာ)တို့ကို ရှု၍ ရရှိနိုင်သည်ဟူသော အဆိုအမိန့်နှင့် ပတ်သက်၍ကား သိပ်ပြီး အားရပါးရ လက်မခံလိုကြပေ။ ဝိပဿနာဉာဏ် ဖြင့်လည်း အတိတ် အနာဂတ် ဥပါဒါနက္ခန္ဓာတို့ကို ရှု၍ ရရှိနိုင်သည်ဟူသော အဆိုအမိန့်နှင့် ပတ်သက်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဟောကြားထားတော်မူသော ပါဠိတော်နှင့် ယင်းပါဠိတော်၏ အဋ္ဌကထာ အဖွင့်တို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

**ယေ ဟိ ကေစိ ဘိက္ခဝေ သမဏာ ဝါ ဗြာဟ္မဏာ ဝါ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရမာနာ အနုဿရန္တိ၊ သဗ္ဗေတေ ပဉ္စုပါဒါနက္ခန္ဓေ အနုဿရန္တိ ဧတေသံ ဝါ အညတရံ။** (သံ၊၂၇၁။ ခဇ္ဇနီယသုတ္တန်။)

**ပုဗ္ဗေနိဝါသန္တိ ဣဒံ န အဘိညာဝသေန အနုဿရဏံ သန္ဓာယ ဝုတ္တံ၊ ဝိပဿနာဝသေန ပန ပုဗ္ဗေနိဝါသံ အနုဿရန္တေ သမဏဗြာဟ္မဏေ သန္ဓာယေတံ ဝုတ္တံ။ တေနေဝါဟ — "သဗ္ဗေတေ ပဉ္စုပါဒါနက္ခန္ဓေ အနုဿရန္တိ ဧတေသံ ဝါ အညတရ"န္တိ။ အဘိညာဝသေန ဟိ သမနုဿရန္တဿ ခန္ဓာပိ ဥပါဒါနက္ခန္ဓာပိ ခန္ဓပဋိဗဒ္ဓါပိ ပဏ္ဏတ္တိပိ အာရမ္မဏံ ဟောတိယေဝ။ ရူပံယေဝ အနုဿရတီတိ ဧဝံ့ အနုဿရန္တော န အညံ ကိဉ္စိ သတ္တံ ဝါ ပုဂ္ဂလံ ဝါ အနုဿရတိ၊ အတီတေ ပန နိရုဒ္ဓံ ရူပက္ခန္ဓမေဝ အနုဿရတိ။ ဝေဒနာဒီသုပိ ဧသေဝ နယော။** (သံ၊ဋ္ဌ၊၂၊၂၆၆။)

**ဝိပဿနာဝသေနာတိ တေရဟိ ရူပဝေဒနာဒယော အနုဿရိတွာ "ပုဗ္ဗေပါဟံ ဧဝံဝေဒနော အဟောသိ"န္တိ အတီတာနံ ရူပဝေဒနာဒီနံ ပစ္စုပ္ပန္နေဟိ ဝိသေသာဘာဝဒဿနာ ဝိပဿနာ၊ တဿာ ဝိပဿနာယ ဝသေန။**

(သံ၊ဋီ၊၂၊၂၃၅။)

ရဟန်းတို့ . . . အချို့သော သမဏတို့သည်လည်းကောင်း, အချို့သော ဗြာဟ္မဏတို့သည်လည်းကောင်း တစ်ပါးမက များပြားလှစွာသော ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့ကြ ကုန်သည်ရှိသော် ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြကုန်၏။ ထိုအလုံးစုံကုန်သော, ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြကုန် သော သမဏ ဗြာဟ္မဏတို့သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုသော်လည်းကောင်း, ထိုဥပါဒါနက္ခန္ဓာငါးပါးတို့တွင် တစ်ပါးပါးကိုသော်လည်းကောင်း ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြကုန်၏။

(သံ၊၂၇၁။ ခဇ္ဇနီယသုတ္တန်။)

ဤပါဠိတော်ဝယ် **'ပုဗ္ဗေနိဝါသံ'**ဟူသော ဤစကားရပ်ကို ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၏ အစွမ်းဖြင့် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့ခြင်းကို ရည်ရွယ်တော်မူ၍ ဘုရားရှင် သည် ဟောကြားထားတော်မူအပ်သည်ကား မဟုတ်၊ အဟုတ်သော်ကား -ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် အတိတ်၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့ကြကုန်သော သမဏ ဗြာဟ္မဏတို့ကို ရည်ရွယ်တော်မူ၍ ဤ**ပုဗ္ဗေနိဝါသံ**ဟူသော စကားရပ်ကို ဘုရားရှင်သည် ဟောကြားထားတော်မူအပ်ပေသည်။ ထိုကြောင့်ပင်လျှင် —

**"သဗ္ဗေတေ ပဉ္စုပါဒါနက္ခန္ဓေ အနုဿရန္တိ ဧတေသံ ဝါ အညတရံ"**

"ထိုအလုံးစုံကုန်သော, ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြ ကုန်သော သမဏ ဗြာဟ္မဏတို့သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုသော်လည်း ကောင်း, ထိုဥပါဒါနက္ခန္ဓာငါးပါးတို့တွင် တစ်ပါးပါးကိုသော်လည်းကောင်း ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြကုန်၏"ဟု ဘုရားရှင်သည် ဟောကြားတော်မူအပ်ပေသည်။ အကြောင်းကား ဤသို့တည်း။


©shwehinthar.com

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၏ အစွမ်းဖြင့် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့သော သမဏ ဗြာဟ္မဏအား –

၁။ လောကုတ္တရာတရားများ ပါဝင်သည့် ခန္ဓာငါးပါးတို့သည်လည်းကောင်း,

၂။ လောကုတ္တရာတရားများ မပါဝင်သည့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် လည်းကောင်း,

၃။ ခန္ဓာနှင့် ဆက်စပ်နေသည့် အမျိုးအနွယ်, ရုပ်အဆင်း, အစာအာဟာရ, သုခ ဒုက္ခ စသည်တို့သည်လည်းကောင်း,

၄။ အမည်နာမ ပညတ်အမျိုးမျိုးသည်လည်းကောင်း –

ဤ (၄)မျိုးသော အခြင်းအရာသည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်၏ အာရုံဖြစ်သည်သာတည်း။ ယခုမူ ဘုရားရှင်ကား ဤ (၄)မျိုးသော အခြင်းအရာကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြောင်းကို ဟောကြားတော်မမူဘဲ ရှေး၌ နေခဲ့ဖူးသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုသော်လည်းကောင်း၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့တွင် တစ်ပါးပါး-ကိုသော်လည်းကောင်း ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြောင်းကိုသာ ဟောကြားထားတော်မူသဖြင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဖြင့် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အစဉ်လျှောက်၍ အောက်မေ့မှုကို မဆိုလိုဘဲ ဝိပဿနာဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့မှုကိုသာ ရည်ရွယ်တော်မူ ကြောင်းကို သိရှိနိုင်ပေသည်။ ထိုသို့ ဝိပဿနာဉာဏ်ဖြင့် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အစဉ်လျှောက်၍ အောက်မေ့ရာ၌ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တကို အစဉ်လျှောက်၍ အောက်မေ့သည်ကား မဟုတ်။ ပရမတ္ထဓမ္မသဘာဝတို့ကိုသာလျှင် ဝိပ-ဿနာဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့ခြင်းကို ဟောကြားထားတော်မူအပ်သည်၏ အဖြစ်ကြောင့် အတိတ်၌ ချုပ်ခဲ့ပြီးသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကိုသာ ဝိပဿနာဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်-သည် ဟူလိုသည်။

(သံ၊၂၊၇၁။ သံ၊ဋ္ဌ၊၂၊၂၆၆။)

**ဥပါဒါနက္ခန္ဓာ ငါးပါး၌ အကျုံးဝင်ပါသလား**

ဝိပဿနာဉာဏ်က အတိတ်ဥပါဒါနက္ခန္ဓာ အနာဂတ်ဥပါဒါနက္ခန္ဓာတို့ကို ရှု၍ ရနိုင်သည်ဟု ဆိုလျှင် အတိတ်အကြောင်းတရားများအဖြစ် သတ်မှတ်ထားသော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည်လည်းကောင်း, ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ပစ္စုပ္ပန် အကျိုး တရားတို့သည်လည်းကောင်း, အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော ပစ္စုပ္ပန်အကြောင်းတရားတို့သည်လည်းကောင်း, ဇာတိ ဇရာမရဏ အမည် ရသည့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော အနာဂတ် အကျိုးတရားတို့သည်လည်းကောင်း ဥပါဒါနက္ခန္ဓာငါးပါး၌ အကျုံးဝင်ပါ သလားဟု မေးရန် ရှိ၏။ အကျုံးဝင်ပါသည်ဟုပင် ဖြေဆိုရာ၏။

ကိလေသဝဋ်အဖြစ် သတ်မှတ်ထားသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် တစ်လုံးချင်း ဖြစ်နိုင်သည့် စွမ်းအားကား မရှိကြပေ။ ပရမတ်တရားတို့၏ ဓမ္မတာအတိုင်း သမ္ပယုတ်တရားတို့နှင့် ယှဉ်တွဲ၍သာ အမြဲတမ်း ဖြစ်ရိုး ဓမ္မတာ ရှိကြ၏။ ယင်းသမ္ပယုတ်တရားစုတို့တွင် –

၁။ ဝေဒနာကား ဝေဒနာက္ခန္ဓာ,

၂။ သညာကား သညာက္ခန္ဓာ,

၃။ စေတနာဦးဆောင်သည့် ကျန်စေတသိက်တို့ကား သင်္ခါရက္ခန္ဓာ,

၄။ အသိစိတ် ဝိညာဏ်ကား ဝိညာဏက္ခန္ဓာတည်း။

ယေဘုယျအားဖြင့် ယင်းနာမ်ခန္ဓာလေးပါးတို့သည် ဟဒယဝတ္ထုရုပ်ကို မှီတွယ်၍ ဖြစ်ကြရ၏။ တစ်ဖန် ဟဒယဝတ္ထုသည်လည်း တစ်လုံးချင်း ဖြစ်နိုင်သည့် စွမ်းအားကား မရှိ၊ သသမ္ဘာရဟဒယ အမည်ရသည့် ဘူတရုပ် ဥပါဒါရုပ်တို့နှင့် အတူတကွသာ ဖြစ်နိုင်၏။ ထိုကြောင့် –


©shwehinthar.com

၅။ ဟဒယဝတ္ထုနှင့်တကွ သသမ္ဘာရဟဒယ အမည်ရသည့် ဘူတရုပ် ဥပါဒါ ရုပ်တို့က ရူပက္ခန္ဓာတည်း။

အားလုံး ပေါင်းသော် ခန္ဓာ ငါးပါးတည်း။ အကြောင်းခန္ဓာ ငါးပါးတို့ ဖြစ်ကြ၏။ သင်္ခါရ ကံတို့ကိုလည်း နည်းတူပင် သဘောပေါက်ပါ။ သို့အတွက် အတိတ်အကြောင်းတရားငါးပါးဟူသည် အတိတ်ဘဝတွင် အကျုံးဝင်သော အတိတ်ဥပါဒါနက္ခန္ဓာတို့၏ အစိတ်အပိုင်း ဥပါဒါနက္ခန္ဓာတို့ပင် ဖြစ်ကြ၏။ အလားတူပင် ပစ္စုပ္ပန်အကြောင်းတရားငါးပါးဟူသည်မှာလည်း ပစ္စုပ္ပန် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အစိတ်အပိုင်း ဥပါဒါနက္ခန္ဓာတို့သာ ဖြစ်ကြ၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုးတရား ငါးပါး, အနာဂတ်အကျိုးတရား ငါးပါးတို့ကိုလည်း နည်းတူပင် သဘော ပေါက်ပါ။ ထိုကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့တွင် အကြောင်းခန္ဓာ အကျိုးခန္ဓာတို့ အားလုံး ပါဝင်ကြသည်ကို သဘောပေါက်ပါလေ။

**ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း အနွယဉာဏ်**

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ။**

(သံ၊၂၊၁၂၀။)

ဤသို့စသော ဒေသနာတော်များနှင့် အညီ သတ္တဝါတစ်ဦး၏ အတိတ် သံသရာခရီးသည်ကား ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့သော်လည်း သံသရာ၏ ရှေ့အစွန်းကို မသိနိုင်လောက်အောင် ရှည်လျားလှ၏။ ယင်းသို့ ရှည်လျားလှသော သံသရာတစ်ခွင်၌ ဖြစ်ပျက်ခဲ့ကြကုန်သော ရုပ်နာမ် တို့ကိုလည်းကောင်း, အကြောင်းတရား အကျိုးတရားတို့ကိုလည်းကောင်း သာဝကတစ်ဦးအနေဖြင့် ကုန်စင်အောင်ကား မရှုနိုင်၊ မသိမ်းဆည်းနိုင်၊ ဉာဏ်ဖြင့် ပိုင်းခြား၍ကား မယူနိုင်။

**ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ၊** (ခု၊၁၊၂၂။ ဓမ္မပဒ။)

သစ္စာလေးပါးတည်းဟူသော သူတော်ကောင်းတရားကို မသိကြကုန်သော ပုထုဇန်ငမိုက်သားတို့အဖို့လည်း အနာဂတ်သံသရာခရီးသည် ရှည်လျား လှသည်သာဖြစ်၏။ ယင်းအနာဂတ်သံသရာခရီးတစ်လျှောက်၌ ဖြစ်ပေါ် လတ္တံ့ ဖြစ်ကြကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကိုလည်းကောင်း, အကြောင်းတရား အကျိုးတရားတို့ကိုလည်းကောင်း သာဝကတစ်ဦးအနေဖြင့် အကြွင်းအကျန်မရှိ ကုန်စင်အောင်ကား မရှုနိုင်၊ မသိမ်းဆည်းနိုင်၊ ဉာဏ်ဖြင့် ပိုင်းခြား၍ကား မယူနိုင်။

တစ်ဖန် အဒ္ဓါပစ္စုပ္ပန်အမည်ရသည့် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင် သော ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ပေါ်သွားကြကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကိုလည်းကောင်း, အကြောင်းတရား အကျိုးတရားတို့ကို လည်းကောင်း သာဝကတစ်ဦးအနေဖြင့် အကြွင်းအကျန်မရှိ ကုန်စင်အောင် ကား မရှုနိုင်၊ မသိမ်းဆည်းနိုင်၊ ဉာဏ်ဖြင့် ပိုင်းခြား၍ကား မယူနိုင်၊ သာဝကတို့သည် **ဧကဒေသ - အချို့အဝက် တစ်စိတ်တစ်ဒေသ**မျှကိုသာ ရှုပွားနိုင် သိမ်းဆည်းနိုင် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောကြောင့် ဖြစ်၏။

ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင် ဘဝတစ်လျှောက်အတွင်း ဖြစ် ပေါ်ပြီး ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့ ရုပ်ကလာပ်တို့ကား သတ္တဝါတစ်ဦး၏ သန္တာန်ဝယ် အလွန့်အလွန် များပြားလှကုန်၏။ ဘဝတစ်လျှောက်လုံး၌ ဖြစ်ပေါ်ပြီး ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်လတ္တံ့ ရုပ်တို့ကို ထားလိုက်ဘိဦး၊ ဤခန္ဓာ ကိုယ်ဝယ် ရုပ်သန္တတိအစဉ်တစ်ခု အခိုက်ဝယ် ဥပါဒ်အနေအားဖြင့်သော် လည်းကောင်း, ဌီအနေအားဖြင့်သော်လည်းကောင်း, ဘင်အနေအားဖြင့်သော် လည်းကောင်း တည်ရှိခွင့် ရှိကြကုန်သော ရုပ်တရားတို့ကို အလုံးအရပ်အား ဖြင့် အလယ်အလတ်ဖြစ်သော လူသားတစ်ဦး၏ ခန္ဓာကိုယ်၌ ရသင့်သော အလယ်အလတ် ပမာဏအားဖြင့် ပညာဖြင့် ကြံဆ၍ ယူအပ်သည်ရှိသော် ပရမာဏုမြူခန့် အလွန်သေးငယ်သော ရုပ်ကလာပ်မှုန့်ပေါင်း **ဒေါဏမတ္တာ - တစ်စိတ်သားခန့်** ရှိမည်ဟု ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊၃၆၀။)၌ ဖွင့်ဆို ထား၏။ ယင်းရုပ်ကလာပ်တိုင်း၌ ဓာတ်ကြီးလေးပါးတို့ကား ရှိကြသည် ချည်း ပင် ဖြစ်၏။ သို့သော် ယင်းရုပ်ကလာပ်တိုင်း ရုပ်ကလာပ်တိုင်း၌ တည်ရှိသော ဓာတ်ကြီးလေးပါးတိုင်းကိုကား သာဝကတို့သည် ကုန်စင်အောင် မရှုနိုင်။ ရုပ်ကလာပ် အချို့အဝက်၌ တည်ရှိကြသော ဓာတ်ကြီးလေးပါး အချို့အဝက် မျှကိုသာ ရှုနိုင်ကြ၏။


©shwehinthar.com

ရှုလိုက်နိုင်သော ပထဝီဓာတ်လည်း အချို့အဝက်မျှသာ ရှိလေရာ၏။ အာပေါဓာတ်စသည်တို့၌လည်း နည်းတူပင် မှတ်ပါ။ ဥပါဒါရုပ် တို့၌လည်း နည်းတူပင် မှတ်ပါ။

အလားတူပင် ဘဝတစ်ခု အတွင်းဝယ် ဖြစ်ပေါ်သွားကြသော စက္ခုဝိညာဏ်ပေါင်း (= စက္ခုဝိညာဏဝီထိပေါင်း)လည်း များစွာပင် ရှိလေရာ၏။ ၎င်းတို့တွင် သာဝကတစ်ဦးအနေဖြင့် ရှုလိုက်နိုင်သော စက္ခုဝိညာဏ်ပေါင်း (= စက္ခုဝိညာဏဝီထိပေါင်း)လည်း များစွာပင် ရှိလေရာ၏။ မရှုလိုက်နိုင်သော စက္ခုဝိညာဏ်ပေါင်း (= စက္ခုဝိညာဏဝီထိပေါင်း)လည်း များစွာပင် ရှိလေရာ၏၊ သောတဝိညာဏ် (= သောတဝိညာဏဝီထိ)စသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

"အဒ္ဓါပစ္စုပ္ပန်" အမည်ရသော ပစ္စုပ္ပန်ရုပ်နာမ်တို့ကို သိမ်းဆည်းရာ ဝိပဿနာရှုရာ၌ အချို့အဝက်မျှကိုသာ သိမ်းဆည်းနိုင် ဝိပဿနာ ရှုနိုင်သကဲ့သို့ အချို့အဝက်သော ရုပ်နာမ်တို့ကို မသိမ်းဆည်းနိုင် ဝိပဿနာ မရှုနိုင်သကဲ့သို့ အလားတူပင် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အတိတ် အနာဂတ်တရားတို့ကို သိမ်းဆည်းရာ ဝိပဿနာရှုရာ၌လည်း သိမ်းဆည်း လိုက်နိုင်သော ဝိပဿနာရှုပွားလိုက်နိုင်သော ရုပ်တရား နာမ်တရားတို့ကား အချို့အဝက် အနည်းငယ်မျှသာ ဖြစ်ကြ၏။ မသိမ်းဆည်းလိုက်နိုင်သော ဝိပဿနာ မရှုပွားလိုက်နိုင်သော ရုပ်နာမ်တို့ကသာ သာ၍ သာ၍ များလှပေသည်။

အလားတူပင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရာ ဝိပဿနာရှုရာ၌လည်း သိမ်းဆည်းလိုက်နိုင် ဝိပဿနာ ရှုပွားလိုက်နိုင်သော အကြောင်းတရား အကျိုးတရားတို့ကား အချို့အဝက် အနည်းငယ်သာ ရှိ၍ မသိမ်းဆည်းလိုက်နိုင် ဝိပဿနာ မရှုလိုက်နိုင်သော အကြောင်းတရား အကျိုးတရားတို့ကား အလွန့်အလွန် သာ၍သာ၍ များလှသည်သာ ဖြစ်ပေသည်။ သာဝကတို့သည် ကံ, ကံ၏အကျိုးတရားကို တစ်စိတ်တစ်ဒေသ အချို့-အဝက်မျှလောက်ကိုသာ သိရှိနိုင်သောကြောင့် ဖြစ်၏။

ဘုရားရှင်၌ ဝိပါက်တော် (၁၂)ပါး ရှိ၏။ ဝိပါက်တော် တစ်ပါးတစ်ပါး၌ ယင်းဝိပါက်တော်ကို ဖြစ်စေတတ်သော ကံမှာ သီးသန့် တစ်ခုစီ ဖြစ်၏။ အလားတူပင် သာဝကတစ်ဦးသည်လည်း ဘဝတစ်ခုဝယ် ဣဋ္ဌာရုံအမျိုးမျိုး အနိဋ္ဌာရုံအမျိုးမျိုးနှင့် တွေ့ကြုံရသည်မှာ ဓမ္မတာပင် ဖြစ်၏။ ဣဋ္ဌာရုံအမျိုးမျိုးနှင့် တွေ့ကြုံရသည်မှာ အတိတ်ကုသိုလ်ကံအမျိုးမျိုးကြောင့် ဖြစ်၏။ အနိဋ္ဌာရုံအမျိုးမျိုးနှင့် တွေ့ကြုံရသည်မှာလည်း အတိတ်အကုသိုလ်ကံ အမျိုးမျိုးကြောင့်ပင် ဖြစ်၏။ ယင်းကဲ့သို့သော အမျိုးမျိုးသော ကံ, ကံ၏ အကျိုးတရားကို သာဝကတစ်ဦးသည် အကြွင်းအကျန်မရှိ ကုန်စင်အောင် ကား မသိမ်းဆည်းနိုင် ဝိပဿနာမရှုနိုင်။ သာဝကတို့၏ အရာ မဟုတ်သော ကြောင့် ဖြစ်၏။ သိမ်းဆည်းလိုက်နိုင် ဝိပဿနာရှုပွားလိုက်နိုင်သော ကံ, ကံ၏အကျိုးတရားမှာ အနည်းငယ်သာ ဖြစ်၏။ မသိမ်းဆည်းလိုက်နိုင် ဝိပဿနာ မရှုပွားလိုက်နိုင်သော ကံ, ကံ၏ အကျိုးတရားမှာ အလွန့်အလွန် သာ၍သာ၍ များလှ-သည်သာ ဖြစ်ပေသည်။

ယင်းရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားတို့ကို သင်္ခါရတရားဟု ခေါ်ဆို၏။ ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်းလိုက်နိုင်သော ဝိပဿနာရှုပွားလိုက်နိုင်သော သင်္ခါရတရားတို့ကို **ဒိဋ္ဌ**တရားဟုလည်းကောင်း, ဝိပဿနာဉာဏ်ဖြင့် မသိမ်းဆည်းလိုက်နိုင် ဝိပဿနာ မရှုပွားလိုက်နိုင်သော ဝိပဿနာ မရှုပွားလိုက်မိသော သင်္ခါရတရားတို့ကို **အဒိဋ္ဌ**တရားဟုလည်းကောင်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၂၈၀. . . )တွင် ခေါ်ဝေါ်သုံးစွဲထား၏။

**ပစ္စက္ခတော ဒိဋ္ဌသ အာရမ္မဏဿ . . .** (ဝိသုဒ္ဓိ၊၂၊၂၈၀။)

ဝိပဿနာသမ္မာဒိဋ္ဌိတည်းဟူသော ပစ္စက္ခဉာဏ်ဖြင့် ရှုမြင်လိုက်သော သင်္ခါရအာရုံ . . .

ဤသို့စသည်ဖြင့် ဖွင့်ဆိုထားတော်မူ၏။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ဆရာတော်ကလည်း ယင်း ဒိဋ္ဌတရားကို **သမ္မုတိ ဒိဋ္ဌ - သမ္မုတိ ဥပဋ္ဌိတ** သင်္ခါရတရားဟုလည်းကောင်း, အဒိဋ္ဌတရားကို **သမ္မုတိ အဒိဋ္ဌ - သမ္မုတိ အနုပဋ္ဌိတ** သင်္ခါရတရားဟုလည်းကောင်း ဖွင့်ဆိုထားတော်မူ၏။ (မဟာဋီ၊၂၊၄၄၂။)

သမ္မုတိ ဒိဋ္ဌ (= သမ္မုတိ ဥပဋ္ဌိတ) သင်္ခါရတရားဟူသည် ဝိပဿနာဉာဏ်ဖြင့် လက်ငင်းထင်ထင် ရှုမြင်လိုက်မိသော


©shwehinthar.com

ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် သင်္ခါရတရားစုတည်း။ သမ္မတိ အဒိဋ္ဌ (= သမ္မတိ အနုပဋ္ဌိတ) သင်္ခါရတရား ဟူသည် ပစ္စက္ခဉာဏ်တည်းဟူသော ဝိပဿနာဉာဏ်ဖြင့် လက်ငင်းထင်ထင် မရှုမြင်လိုက်မိသော မရှုမြင်လိုက်နိုင်သော, ဝိပဿနာ-ဉာဏ်၌ ပစ္စက္ခအားဖြင့် မထင်လာသော ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် သင်္ခါရတရားစုတည်း။ ယင်း သမ္မတိ အဒိဋ္ဌ (= သမ္မတိ အနုပဋ္ဌိတ) သင်္ခါရတရားတို့ကို အန္ဝယ ဉာဏ်ဖြင့် ရှုရ၏။ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသည့် ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းတွင် အန္ဝယဉာဏ်ဖြင့် သိမ်းဆည်းရှုပွားပုံကို ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထားတော်မူ၏။

**သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ ပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိ။** (ဝိသုဒ္ဓိ၊၂၊၂၃၄-၂၃၅။)

**ပဝတ္တိံ ဒိသွာတိ ဧတရဟိ ပဝတ္တိံ ဒိသွာ။ ဧဝဉ္စ ဣမိနာ န ကေဝလံ သပ္ပစ္စယတာမတ္တမေဝ ပစ္စာမဋ္ဌံ၊ အထ ခေါ ယာဒိသေဟိ ပစ္စယေဟိ ဧတရဟိ ပဝတ္တတိ၊ တာဒိသေဟိ အဝိဇ္ဇာဒိပစ္စယေဟေဝ အတီတေပိ ပဝတ္တိတ္ထာတိ ပစ္စယသဒိသတာပိ ပစ္စာမဋ္ဌာတိ ဒဋ္ဌဗ္ဗံ။** (မဟာဋီ၊၂၊၃၇၃။)

ထိုယောဂါဝစရရဟန်းတော်သည် ဤသို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော အကြောင်းတရားကြောင့် ယခုမျက်မှောက်၌ နာမ်ရုပ်၏ ဖြစ်ခြင်းကို သမ္မာဒိဋ္ဌိဉာဏ်တည်းဟူသော ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်ပြီးသောအခါ —

"ဤနာမ်ရုပ်သည် ယခုမျက်မှောက်၌ အဝိဇ္ဇာစသော အကြောင်းတရား ကြောင့် ထင်ရှားဖြစ်ပေါ်လာရသကဲ့သို့ အလားတူပင် အတိတ်ဖြစ်သော အခွန့်ကာလ၌လည်း ဤနာမ်ရုပ်သည် အဝိဇ္ဇာစသော အကြောင်းတရား ကြောင့် ဖြစ်ခဲ့လေပြီ။ နောင်အနာဂတ် အခွန့်ကာလ၌လည်း အဝိဇ္ဇာစသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်-ရပေလတ္တံ့."ဟု ဤသို့လျှင် အန္ဝယ ဉာဏ်ဖြင့် အဖန်တလဲလဲ ရှု၏။ (ဝိသုဒ္ဓိ၊၂၊၂၃၄။ မဟာဋီ၊၂၊၃၇၃။)

ဤအန္ဝယဉာဏ်ကား ဝိပဿနာဉာဏ်၏ နောက်သို့ အစဉ်လိုက်သော အန္ဝယဉာဏ်တည်း။ အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရား ဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုး-တရားဖြစ်ပုံဟူသော ကြောင်း-ကျိုး-ဆက်နွယ်မှုသဘောတရားကို ပစ္စက္ခဉာဏ်ဖြင့် ရှုမြင်ပြီးသော အခါမှ မရှုလိုက်မိ မရှုလိုက်နိုင်သော အတိတ် အနာဂတ်တို့၌လည်း နည်းကို ဆောင်၍ အန္ဝယဉာဏ်ဖြင့် ရှုပွားသုံးသပ်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စယပရိဂ္ဂဟဉာဏ် (= အကြောင်း တရားကြောင့် အကျိုးတရား ဖြစ်ပုံကို သိမ်းဆည်းတတ် ပိုင်းခြားယူတတ် သော ဉာဏ်)ကို ရရှိပြီးသောအခါ အထက်ပါအတိုင်း အန္ဝယဉာဏ်ဖြင့်လည်း အဒိဋ္ဌ-ဖြစ်သော အတိတ် အနာဂတ်တရားတို့၌ အကြောင်းတရား အကျိုး တရားတို့ကို သိမ်းဆည်းပါလေ။

### နာနာက္ခဏိကကမ္မ၏ စွမ်းအင်

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ ခန္ဓာငါးပါး စသည့် ဝိပါကဝဋ်တရားတို့၏ အကြောင်းရင်း ဖြစ်ကြကုန်သော အတိတ်အကြောင်းတရား ငါးပါးတို့တွင် ကမ္မဘဝ (ကံ)လည်း တစ်ခုအပါအဝင် ဖြစ်၏။ ယင်းကံမှာ **နာနာက္ခဏိကကမ္မပစ္စယ**သတ္တိဖြင့် ဝိပါက်ခန္ဓာတို့အား ကျေးဇူးပြုပေးနိုင်သော ကံအကြောင်းတရားပင် ဖြစ်သည်။ အကျိုးဝိပါက်တရားတို့နှင့် အကြောင်း ကံတရားတို့မှာ ဖြစ်ပေါ်ခဲ့သော အချိန်ကာလ မတူညီခဲ့ကြသဖြင့် နာနာက္ခဏိကကမ္မ-ပစ္စယ (= အကျိုးတရား၏ ဖြစ်ရာခဏမှ မတူကွဲပြားသော ခဏ၌ ဖြစ်သော ကံပစ္စည်းအကြောင်းတရား) ဟု ဆိုသည်။ ယင်းကံအကြောင်း တရားမှာ မည်သည့်ကာလက ဖြစ်ခဲ့ပါသနည်းဟု မေးရန် ရှိ၏။ အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

**ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိကကမ္မပစ္စယေနာတိ အတ္ထော။ ကုသလာကုသလဥှိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ၊ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ။ ယသ္မိံ ပန ခဏေ တံ ကတံ၊ တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ နိရုဒ္ဓါပိ ပုရိမသိဒ္ဓါဒိကိရိယာ**

**ဝိယ ကာလန္တရေ ပစ္စဲမသိပ္ပါဒိကိရိယာယ၊ တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ၊**

(အဘိ႒၊၃၊၃၇၄။ ပဋ္ဌာနအဋ္ဌကထာ။)

**- ကမ္မပစ္စည်းဟူသည်** တစ်ကမ္ဘာမက များပြားလှစွာကုန်သော ကမ္ဘာပေါင်း ကုဋေတို့၏သော်လည်း အထက်၌ ပြုစုပျိုးထောင်အပ်ခဲ့ပြီးသော မိမိ၏ အကျိုးကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးတတ်သော အကြောင်းပစ္စည်းတရားတည်းဟု ဆိုလို၏။

အကြောင်းပြချက် — ကုသိုလ်ကံ အကုသိုလ်ကံသည် မိမိ၏ ဥပါဒ်-ဌီ-ဘင်အနေအားဖြင့် ဖြစ်ပေါ်နေဆဲ ခဏ၌ အကျိုးဝိပါက်ကို ပေးနိုင်သည့် စွမ်းအား မရှိသေးပေ။ ကုသိုလ်ကံ အကုသိုလ်ကံသည် မိမိ၏ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ဖြစ်ပေါ်နေဆဲ ခဏ၌ အကယ်၍ အကျိုးပေးငြားအံ့။ လူသားတစ်ဦးသည် နတ်ပြည်သို့ ကပ်ရောက်ကြောင်းဖြစ်သော အကြင်ကုသိုလ်ကံကို ပြုစုပျိုးထောင်၏၊ ထိုကုသိုလ်ကံ၏ အာနုဘော်ကြောင့် ထိုကံကို ပြုစုပျိုးထောင်ဆဲ ခဏ၌ပင် နတ်သားသည် ဖြစ်လေရာ၏။ သို့သော် ဖြစ်ကား မဖြစ်ခဲ့ပေ။ အလျော်အားဖြင့် ဆိုရမူ — အကြင်ခဏ၌ ထိုကံကို ပြုစုပျိုးထောင်ပြီး ဖြစ်၏။ ထိုကံကို ပြုစုပျိုးထောင်ဆဲ ခဏမှ အခြားတစ်ပါးသော ခဏ၌ ယင်းကံသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိပါသော်လည်း သက်သက် ကံကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် —

၁။ ထိုကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်အံ့၊ မျက်မှောက်ထင်ထင် ရှုမြင်အပ် သော ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း,

၂။ ထိုကံသည် ဥပပဇ္ဇဝေဒနီယကံ ဖြစ်အံ့၊ ကပ်၍ ဖြစ်ရာ ဒုတိယဘဝ၌ သော်လည်းကောင်း,

၃။ ထိုကံသည် အပရာပရိယဝေဒနီယကံ ဖြစ်အံ့ — ဒိဋ္ဌဓမ္မဘဝ, ဥပပဇ္ဇ ဘဝမှ အခြားသော တတိယဘဝမှ စ၍ အဆက်ဆက် ရောက်ထိုက်သော ဘဝ၌သော်လည်းကောင်း,

ကုသိုလ်ကံ ဖြစ်အံ့ —

၁။ ဂတိသမ္ပတ္တိ = လားရာဂတိ၏ ပြည့်စုံခြင်း = သုဂတိဘုံ ဖြစ်ခြင်း,

၂။ ဥပဓိသမ္ပတ္တိ = ရုပ်ဥပဓိကောင်းနှင့် ပြည့်စုံခြင်း = အင်္ဂါမချို့တဲ့ခြင်း,

၃။ ကာလသမ္ပတ္တိ = အချိန်ကာလကောင်းနှင့် ပြည့်စုံခြင်း,

၄။ ပယောဂသမ္ပတ္တိ = လုံ့လပယောဂကောင်းနှင့် ပြည့်စုံခြင်း,

အကုသိုလ်ကံဖြစ်အံ့ —

၁။ ဂတိဝိပတ္တိ = ဂတိပျက်စီးခြင်း = ဒုဂ္ဂတိဘဝနှင့် ပြည့်စုံခြင်း,

၂။ ဥပဓိဝိပတ္တိ = ရုပ်ဥပဓိ ချို့တဲ့ပျက်စီးခြင်း,

၃။ ကာလဝိပတ္တိ = ကာလ ပျက်စီးနေခြင်း,

၄။ ပယောဂဝိပတ္တိ = လုံ့လပယောဂ ချို့တဲ့ပျက်စီးခြင်း —

တည်းဟူသော အကြောင်းတရားတို့နှင့် ပေါင်းဆုံခြင်းသည် ထင်ရှား ရှိလတ်သော် အကျိုးဝိပါက်ကို ဖြစ်စေနိုင်၏။ (အဘိ႒၊၂၊၄၂၁-လည်း ကြည့်ပါ။)

အဘယ်ကဲ့သို့နည်း ဟူမူ — ရှေးရှေး သင်ယူအပ်သော အတတ် သင်ယူမှုသည် နောက်နောက် အတတ်သင်ယူမှုအား အခြေခံအကြောင်း အထောက်အပံ့အဖြစ် ကျေးဇူးပြုရာ၌ ကာလချင်း မတူဘဲ ကာလတစ်ပါးသို့ ဆိုက်ရောက်မှ ကာလတစ်ပါး၌ ကျေးဇူးပြုသကဲ့သို့ (= လေ့ကျင့်ပါများက ကျွမ်းကျင်မှု များပြားလာသကဲ့သို့) ကံဟူသော စေတနာသည်လည်း ကံကို ပြုစုပျိုးထောင်ရာ ခဏ၌ အကျိုးတရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးမပြုဘဲ နောက်နောက်ခဏသို့ ရောက်ရှိပါမှသာလျှင် ကျေးဇူးပြု၏။ ထို့ကြောင့် နာနာက္ခဏိက = အကျိုးပေးရာခဏမှ အသီး-အသီး ဖြစ်သော (ကွဲပြားသော) ခဏ၌ ဖြစ်သော စေတနာဟု ခေါ်ဆိုရသည်။

(အဘိ႒၊၃၊၃၇၄။ ပဋ္ဌာနအဋ္ဌကထာ။)

ပစ္စုပ္ပန်ကံ အနာဂတ်ကံတို့၌လည်း နည်းတူ သဘောပေါက်ပါ။


©shwehinthar.com

**ဝိပဿနာဉာဏ်၏ နောက်သို့ အစဉ်လိုက်သော အန္ဝယဉာဏ်**

အထက်တွင် တင်ပြခဲ့သည့်အတိုင်း သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးတန်တို့သို့ တင်ကာ ဝိပဿနာရှုပွားသုံးသပ်လိုက်သောအခါ ယောဂါဝစရ ပုဂ္ဂိုလ်က ယင်းသင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှု ဥဒယ-ဝယ သဘောကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှုနိုင်လာ၏။ ထိုအခါ ယင်းသို့ ခဏပစ္စုပ္ပန်သို့ ဉာဏ်အမြင် ဆိုက်သည့်တိုင်အောင် ဝိပဿနာဉာဏ်ဖြင့် လက်ငင်း ရှုမြင် လိုက်နိုင်သော သင်္ခါရတရားတို့ကား **သမ္မုတိ ဒိဋ္ဌ** သင်္ခါရတရားတို့တည်း။ ယင်းသို့ ဝိပဿနာဉာဏ်ဖြင့် လက်ငင်း မရှုမြင်လိုက်နိုင်သော အတိတ် အနာဂတ်တရားတို့ကား **သမ္မုတိ အဒိဋ္ဌ** သင်္ခါရတရား-တို့တည်း။

(ဝိသုဒ္ဓိ၊၂၊၂၈၀။ မဟာဋီ၊၂၊၄၄၂။)

ယောဂါဝစရပုဂ္ဂိုလ်သည် သမ္မုတိ ဒိဋ္ဌ သင်္ခါရတရားတို့၏ ဖြစ်မှု-ပျက်မှု (= ဥဒယ-ဝယ)သဘောကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဟူသော **ပစ္စက္ခဉာဏ်** ဖြင့် ဝိပဿနာရှုပြီးသောအခါ သမ္မုတိ အဒိဋ္ဌ သင်္ခါရဟူသည့် အတိတ် အနာဂတ်တရားတို့ကိုလည်း အန္ဝယဉာဏ်ဖြင့် ဆက်လက်၍ ဝိပဿနာရှုရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဤသို့ ညွှန်ကြားထားတော်မူ၏။

**ဧဝံ ဧကေကဿ ခန္ဓဿ ဥဒယဗ္ဗယဒဿနေ ဒသ ဒသ ကတွာ ပညာသ လက္ခဏာနိ ဝုတ္တာနိ၊ တေသံ ဝသေန ဧဝမ္ပိ ရူပဿ ဥဒယော ဧဝမ္ပိ ရူပဿ ဝယော၊ ဧဝမ္ပိ ရူပံ ဥဒေတိ၊ ဧဝမ္ပိ ရူပံ ဝေတီတိ ပစ္စယတော စေဝ ခဏတော စ ဝိတ္ထာရေန မနသိကာရံ ကရောတိ။**

**တဿေဝံ မနသိကရောတော "ဣတိ ကိရိမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ"တိ ဉာဏံ ဝိသဒတရံ ဟောတိ။ တဿေဝံ ပစ္စယတော စေဝ ခဏတော စ ဒွေဓာ ဥဒယဗ္ဗယံ ပဿတော သစ္စပဋိစ္စသမုပ္ပါဒနယလက္ခဏ-ဘေဒါ ပါကဋာ ဟောန္တိ။** (ဝိသုဒ္ဓိ၊၂၊၂၆၇။)

**ဧဝံ မနသိ ကရောတော န ယာဝ ဥဒယဗ္ဗယဉာဏံ ဥပ္ပဇ္ဇတိ၊ တာဝ ဥဒယဗ္ဗယာ သုဋ္ဌု ပါကဋာ န ဟောန္တီတိ ကတွာ ဝုတ္တံ "ဣတိ ကိရိမေ ဓမ္မာ၊ ပ ။ ပဋိဝေန္တီ"တိ၊ နယဒဿနဝသေန ဝါ ဧဝံ ဝုတ္တံ။ ပဌမဉှိ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ အထ အတီတာနာဂတေ နယံ နေတိ။** (မဟာဋီ၊၂၊၄၂၃။)

အထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

ရူပက္ခန္ဓာ၌ ဥဒယဉာဏ် (၅) ပါး

၁။ **အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊**

၂။ **တဏှာသမုဒယာ ရူပသမုဒယော၊**

၃။ **ကမ္မသမုဒယာ ရူပသမုဒယော၊**

၄။ **အာဟာရသမုဒယာ ရူပသမုဒယော၊**

၅။ **နိဗ္ဗတ္တိလက္ခဏံ . . .** (ပဋိသံ၊၅၃-၅၄။ ဝိသုဒ္ဓိ၊၂၊၂၆၆။)

၁။ အဝိဇ္ဇာဖြစ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ဖြစ်၏။

၂။ တဏှာဖြစ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ဖြစ်၏။

၃။ ကံဖြစ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ဖြစ်၏။

၄။ အာဟာရဖြစ်ခြင်းကြောင့် (အာဟာရဇ)ရုပ် ဖြစ်၏။

၅။ ရုပ်၏ ဖြစ်ခြင်းသဘော . . .

ရူပက္ခန္ဓာ၌ ဝယဉာဏ် (၅) ပါး

၁။ **အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊**

၂။ **တဏှာနိရောဓာ ရူပနိရောဓော၊**

၃။ **ကမ္မနိရောဓာ ရူပနိရောဓော၊**

၄။ **အာဟာရနိရောဓာ ရူပနိရောဓော၊**

၅။ **ဝိပရိဏာမလက္ခဏံ . . .** (ပဋိသံ၊၅၃-၅၄။ ဝိသုဒ္ဓိ၊၂၊၂၆၆။)

၁။ အဝိဇ္ဇာချုပ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ချုပ်၏။

၂။ တဏှာချုပ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ချုပ်၏။

၃။ ကံချုပ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ချုပ်၏။

၄။ အာဟာရချုပ်ခြင်းကြောင့် (အာဟာရဇ)ရုပ် ချုပ်၏။

၅။ ရုပ်၏ ချုပ်ခြင်းသဘော (= ပျက်ခြင်းသဘော) . . .

ဤသို့လျှင် ခန္ဓာတစ်ပါးတစ်ပါး၌ ဥဒယဉာဏ် (၅)ပါး, ဝယဉာဏ် (၅)ပါး နှစ်ရပ် ပေါင်းသော် ဥဒယဗ္ဗယဉာဏ် (၁၀)ပါး ဖြစ်၏။ ခန္ဓာငါးပါးလုံး၌ကား ဥဒယဗ္ဗယဉာဏ် အပါး (၅၀) ဖြစ်၏။ (ဝိသုဒ္ဓိ၊၂၊၂၆၆ . . .)

ဤဆိုအပ်ပြီးသောနည်းဖြင့် တစ်ခုတစ်ခုသော ခန္ဓာ၏ ဥဒယသဘော ဝယသဘောကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ရှုမြင်သဖြင့် ခန္ဓာ တစ်ပါး တစ်ပါး၌ ဆယ်ပါး ဆယ်ပါးတို့ကို ပြု၍ အကြင် (၅၀)သော လက္ခဏာတို့ကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူအပ်ကုန်၏။ ထို (၅၀)သော လက္ခဏာတို့၏ အစွမ်းဖြင့် အထက်တွင် ဖော်ပြထားသော ဥဒယဗ္ဗယအကျယ် ရှုပွားနည်းအတိုင်း —

"ဤအကြောင်းကြောင့်လည်း ရုပ်သည် ဖြစ်၏။ ဤအကြောင်းကြောင့်လည်း ရုပ်သည် ချုပ်၏။ ဤသို့လည်း ရုပ်သည် ဖြစ်၏။ ဤသို့လည်း ရုပ်သည် ချုပ်၏ (= ပျက်၏)"ဟု ပစ္စယတော ဥဒယဗ္ဗယဒဿန (= အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ, အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံ သဘောကို ဉာဏ်ဖြင့် မြင်အောင် ရှုခြင်း), **ခဏတော ဥဒယဗ္ဗယဒဿန** (= ယင်း ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့၏ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏပစ္စုပ္ပန်သဘောအားဖြင့် ဖြစ်မှု-ပျက်မှုကို မြင် အောင် ရှုခြင်း)ဟူသော နှစ်မျိုးသော ဥဒယဗ္ဗယ-သဘောကို အကျယ်အားဖြင့် နှလုံးသွင်း ရှုပွား၏။ ဤသို့ ရှုပွားနေသော ထိုယောဂါဝစရပုဂ္ဂိုလ်အား —

> "ဤသို့လျှင် ဤတရားတို့သည် ရှေးက မရှိမူ၍ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာကြကုန်သတတ်၊ ဖြစ်ပြီး၍လည်း ချုပ်ပျက်ပျောက်ကင်း၍ သွားကြကုန်သတတ်". . ဟု

ဤသို့လျှင် ဥဒယဗ္ဗယာနုပဿနာဉာဏ်သည် အထူးသဖြင့် သန့်ရှင်း စင်ကြယ်လာ၏။ ဤသို့ ပစ္စယတော ဥဒယဗ္ဗယဒဿန, ခဏတော ဥဒယဗ္ဗယဒဿနဟူသော နှစ်မျိုးသော အခြင်းအရာအားဖြင့် ခန္ဓာငါးပါးတို့၏ ဥဒယဗ္ဗယကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ရှုနေသော ယောဂါဝစရ ပုဂ္ဂိုလ်၏ အသိဉာဏ်၌ —

၁။ သစ္စာလေးပါး,

၂။ ပဋိစ္စသမုပ္ပါဒတရား, ပဋိစ္စသမုပ္ပန္နတရား,

၃။ ဧကတ္တနည်းစသော နည်းလေးပါး,

၄။ အနိစ္စလက္ခဏာစသော လက္ခဏာငါးပါး —

ဤသဘောတရားတို့သည် ထင်ရှားလာကုန်၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

**ပြည်ဆရာတော်ဘုရားကြီး၏ မှတ်ချက်**

ဤသို့ နှလုံးသွင်းသော ထိုယောဂီအား အကြင်ရွေ့လောက် ဥဒယဗ္ဗယ ဉာဏ် မဖြစ်သေး၊ ထိုရွေ့လောက်


©shwehinthar.com

ဥဒယဗ္ဗယတို့သည် လွန်စွာ ထင်သည် မဖြစ်ကုန်ရကား ဝိုးဝါးသာမျှ အနုမာန ဆ၍ အလျော်ရမ်းလိုက်ရသည်ကို အကြောင်းပြု၍ — “ဣတိ ကိရိမေ ဓမ္မာ။ ပ ။ ပဋိဝေန္တီ” ဟု ပစ္စက္ခ မဟုတ် အနုမာနပြ ကိရ-သဒ္ဒါနှင့် ယှဉ်၍ ဆိုသတည်း။ တစ်နည်း — နယဒဿန အားဖြင့် ဤသို့ ဆိုသတည်း။ ရှေးဦးစွာ ပစ္စုပ္ပန္နဓမ္မတို့၏ ဥဒယဗ္ဗယကို ပစ္စက္ခဖြင့် ပြီး၍ ထိုနောင်မှ အတိတ်အနာဂတ်တို့၌ ဝင်းနည်းဟု နည်းကို ဆောင်သည် ဖြစ်ဘိသော်။ (ပြည် ဝိသုဒ္ဓိမဂ်နိဿယ၊ပဉ္စမတွဲ၊၁၆၅။)

ဤအထက်ပါ ပြည်ဆရာတော်ဘုရားကြီး၏ မှတ်ချက်မှာ အထက်တွင် ရေးသားတင်ပြထားသော မဟာဋီကာ ဒုတိယတွဲ (မဟာဋီ၊၂၄၂။)၌ လာရှိ သော စကားရပ်ကို ဘာသာပြန်ဆိုထားတော်မူခြင်း ဖြစ်၏။

ယင်းစကားရပ်တွင် “အကြင်ရွှေ့လောက် ဥဒယဗ္ဗယဉာဏ် မဖြစ်သေး၊ ထိုရွှေ့လောက် ဥဒယဗ္ဗယတို့သည် လွန်စွာ ထင်သည် မဖြစ်ကုန်ရကား ဝိုးဝါးသာမျှ အနုမာန ဆ၍ အလျော်ရမ်းလိုက်ရသည်”ဟူသော စကားရပ်ဖြင့် ပစ္စက္ခဉာဏ်ဖြင့် သင်္ခါရတို့၏ ဥဒယဗ္ဗယကို မြင်ပြီးသောအခါ၌ကား အနုမာန ဉာဏ်ဖြင့် မျက်ရမ်းဆ၍ ယင်းသင်္ခါရတို့ကို ထပ်မံ၍ ရှုဖွယ် မလိုဟု စကားကျ၏။ ထို့ကြောင့် ဤနည်းကို အားရတော် မမူလှသဖြင့် မဟာဋီကာ ဆရာတော်က ဒုတိယတစ်နည်း ထပ်မံ ဖွင့်ဆိုတော်မူပြန်၏။ ယင်းဒုတိယနည်း အဖွင့်ကို ပြည်ဆရာတော်ဘုရားကြီးက —

“တစ်နည်း — နယဒဿနအားဖြင့် ဤသို့ ဆိုသတည်း။ ရှေးဦးစွာ ပစ္စုပ္ပန္နဓမ္မတို့၏ ဥဒယဗ္ဗယကို ပစ္စက္ခဖြင့် ပြီး၍ ထိုနောင်မှ အတိတ်အနာဂတ် တို့၌ ဝင်းနည်းဟု နည်းကို ဆောင်သည် ဖြစ်ဘိသော်။”

ဤသို့ အဓိပ္ပါယ် ရှင်းလင်းဖွင့်ဆိုထားတော်မူ၏။ ဤရှင်းလင်းဖွင့်ဆိုချက်နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ —

၁။ **ပစ္စယတော ဥဒယဒဿနဉာဏ်**ဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် ထင်ရှားရှိခြင်း ကြောင့် ပစ္စုပ္ပန်ခန္ဓာငါးပါးတို့၏ ထင်ရှားဖြစ်ပေါ်လာရပုံကိုလည်းကောင်း,

၂။ **ပစ္စယတော ဝယဒဿနဉာဏ်**ဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော အကြောင်းတရားတို့၏ အရဟတ္တမဂ်အခိုက်၌ အရဟတ္တမဂ် ကြောင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ခြင်းဟူသော အနုပ္ပါဒ နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ခန္ဓာငါးပါးတို့၏လည်း နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓသဘောကို လည်းကောင်း,

၃။ **ခဏတော ဥဒယဗ္ဗယဒဿနဉာဏ်**ဖြင့် ယင်းအကျိုးခန္ဓာငါးပါးတို့၏ (တစ်နည်း - အကြောင်းခန္ဓာ အကျိုးခန္ဓာ နှစ်ရပ်လုံးတို့၏) ဖြစ်မှု+ပျက်မှု = ဥဒယ+ဗ္ဗယ = နိဗ္ဗတ္တိလက္ခဏာ+ဝိပရိဏာမလက္ခဏာကိုလည်းကောင်း,

ပစ္စယတော ဥဒယဒဿနဉာဏ်+ပစ္စယတော ဝယဒဿနဉာဏ် ဟူသော ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ်နှင့် ခဏတော ဥဒယဗ္ဗယဒဿနဉာဏ်ဟူသော နှစ်မျိုးသော ဥဒယဗ္ဗယာနုပဿနာဉာဏ် (= ပစ္စက္ခဉာဏ်)ဖြင့် သင်္ခါရတရားတို့ကို ဝိပဿနာ ရှုထားပြီး ဖြစ်ရမည်။ ထိုသို့ ပစ္စက္ခဉာဏ်ဖြင့် ရှုမြင်ပြီးသောအခါမှ မရှုလိုက်နိုင်သော အတိတ် အနာဂတ် တရားတို့၌ **အန္ဝယဉာဏ်**ဖြင့် ဝင်းနည်းဟု နည်းကို ဆောင်၍ ရှုရမည် ဖြစ်ပေသည်။ ယင်းအန္ဝယဉာဏ်ကား ဝိပဿနာဉာဏ်၏ နောက်သို့ အစဉ် လိုက်သော အန္ဝယဉာဏ်ပင်တည်း။ အလားတူပင် ဘင်္ဂါနုပဿနာဉာဏ်ပိုင်း၌လည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အန္ဝယဉာဏ်ဖြင့် ရှုပွားပုံများကို ဖွင့်ဆိုထားတော် မူပေသည်။ (ဝိသုဒ္ဓိ၊၂၊၂၇၉။)

### အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်၏နောက်သို့အစဉ်လိုက်သောအန္ဝယဉာဏ်

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဉာဏဝတ္ထုသုတ္တန်တွင် ဘုရားရှင်သည် (၄၄)မျိုးသော ဉာဏဝတ္ထု အမည်ရှိသော သမ္ပတ္တိတို့၏ တည်နေကြောင်း ဉာဏ်တို့ကို ဟောကြားထားတော်မူ၏။ ဇရာမရဏမှသည် သင်္ခါရသို့တိုင်အောင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် (၁၁)မျိုးတို့၌ အင်္ဂါရပ် တစ်မျိုးတစ်မျိုးလျှင် (၄)မျိုးစီ (၄)မျိုးစီသော ဉာဏ်တို့ကို ဟောကြားထားတော်မူ၏။ အားလုံး ပေါင်းသော် (၁၁ ×၄ = ၄၄)မျိုးသော ဉာဏဝတ္ထုတို့တည်း။ ဤတွင် ပုံစံအချို့ကို ကောက်နုတ်၍ တင်ပြအပ်ပါသည်။


©shwehinthar.com

၁။ ဇရာမရဏေ ဉာဏံ = ဇရာမရဏ၌ သိသော ဉာဏ်,

၂။ ဇရာမရဏသမုဒယေ ဉာဏံ = ဇရာမရဏဖြစ်ကြောင်း သမုဒယ၌ သိသော ဉာဏ်,

၃။ ဇရာမရဏနိရောဓေ ဉာဏံ = ဇရာမရဏချုပ်ရာ နိရောဓသစ္စာ၌ သိသော ဉာဏ်,

၄။ ဇရာမရဏနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ = ဇရာမရဏချုပ်ရာ နိရောဓ (= နိဗ္ဗာန်)သို့ ရောက်ကြောင်း ကျင့်စဉ်၌ သိသော ဉာဏ်။ပ ။

၁။ သင်္ခါရေသု ဉာဏံ = သင်္ခါရတို့၌ သိသော ဉာဏ်,

၂။ သင်္ခါရသမုဒယေ ဉာဏံ = သင်္ခါရတို့၏ ဖြစ်ကြောင်း သမုဒယ၌ သိသော ဉာဏ်,

၃။ သင်္ခါရနိရောဓေ ဉာဏံ = သင်္ခါရတို့၏ ချုပ်ရာ နိရောဓသစ္စာ၌ သိသော ဉာဏ်,

၄။ သင်္ခါရနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ = သင်္ခါရတို့၏ ချုပ်ရာ နိရောဓ (= နိဗ္ဗာန်)သို့ ရောက်ကြောင်း ကျင့်စဉ်၌ သိသော ဉာဏ်

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် တစ်ခုတစ်ခု၌ သစ္စာလေးပါးစီ ဖြစ်သဖြင့် အားလုံးပေါင်းသော် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် (၁၁)ပါးတို့၌ (၄၄)မျိုးသော ဉာဏဝတ္ထုတို့ ဖြစ်ကြ၏။

၁။ ဇရာမရဏဟူသည် ဇရာမရဏသဘောရှိသော ခန္ဓာတို့ကိုပင် ဆိုလိုသည်။ ဇရာမရဏ၌ သိသောဉာဏ်ဟူသည် ဇရာမရဏသဘောရှိသော ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၌ သိသော ဉာဏ်တည်း။

၂။ ဇရာမရဏဖြစ်ကြောင်း သမုဒယကား ဇာတိတည်း။ ဇာတိဟူသည် ဇာတိသဘော ရှိသော ခန္ဓာတို့၏ ဘဝတစ်ခု၌ စ၍ ဖြစ်မှု သို့မဟုတ် ဥပါဒ်မှုသဘောတည်း။ ယင်းဇာတိကို သိသော ဉာဏ်ကား, တစ်နည်း ဇာတိကြောင့် ဇရာမရဏဖြစ်ပုံကို သိသော ဉာဏ်ကား ဇရာမရဏ ဖြစ်ကြောင်း သမုဒယကို သိသော ဉာဏ်တည်း။

၃။ ဇရာမရဏနိရောဓ တရားကား နိဗ္ဗာန်တည်း။ ယင်းနိဗ္ဗာန် (= နိရောဓသစ္စာ)ကို သိသော ဉာဏ်ကား ဇရာမရဏနိရောဓ၌ သိသော ဉာဏ် တည်း။

၄။ ဇရာမရဏနိရောဓဂါမိနိ ပဋိပဒါ-ဟူသည် အရိယမဂ်နှင့် ယှဉ်သော အရိယမဂ္ဂင် (၈)ပါးတည်း။ ယင်းမဂ္ဂင် (၈)ပါးကို သိသော ဉာဏ်ကား ဇရာမရဏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်၌ သိသော ဉာဏ်ပင်တည်း။

ဇာတိ၏ သမုဒယကား ကမ္မဘဝ, ကမ္မဘဝ၏ သမုဒယကား ဥပါဒါန, ဥပါဒါန၏ သမုဒယကား တဏှာ, တဏှာ၏ သမုဒယကား ဝေဒနာ, ဝေဒနာ၏ သမုဒယကား ဖဿ, ဖဿ၏ သမုဒယကား သဠာယတန, သဠာယတန၏ သမုဒယကား နာမရူပ, နာမရူပ၏ သမုဒယကား ဝိညာဏ, ဝိညာဏ၏ သမုဒယကား သင်္ခါရ, သင်္ခါရ၏ သမုဒယကား အဝိဇ္ဇာတည်း။ ဤမျှသာ ထူး၏။ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် တစ်မျိုးတစ်မျိုး၌ (၄)မျိုးစီ ဖြစ်ရကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် (၁၁)ရပ်တို့၌ (၄၄)မျိုးသော ဉာဏဝတ္ထု တို့တည်း။ (အကျယ်ကို သံ၊၁၊၂၈၈-၂၈၉-၂၉၀ တို့၌ ကြည့်ပါ။ )

တစ်ဖန် ဘုရားရှင်က ယင်းသုတ္တန်တွင် အန္ဒယဉာဏ် ဖြစ်ပုံ အပိုင်းကို ဤသို့ ဆက်လက်ဟောကြားထားတော်မူ၏။

**ယတော ခေါ ဘိက္ခဝေ အရိယသာဝကော ဧဝံ ဇရာမရဏံ ပဇာနာတိ၊ ဧဝံ ဇရာမရဏသမုဒယံ ပဇာနာတိ၊ ဧဝံ ဇရာမရဏနိရောဓံ ပဇာနာတိ၊ ဧဝံ ဇရာမရဏနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ။ ဣဒမဿ ဓမ္မေ ဉာဏံ။ သော ဣမိနာ ဓမ္မေန ဒိဋ္ဌေန ဝိဒိတေန အကာလိကေန ပတ္တေန ပရိယောဂါဠှေန အတီတာနာဂတေ နယံ နေတိ။** (သံ၊၁၊၂၈၉။ )

**ယေ ခေါ ကေစိ အတီတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဇရာမရဏံ အဗ္ဘညံသု၊ ဇရာမရဏသမုဒယံ အဗ္ဘညံသု၊ ဇရာမရဏနိရောဓံ အဗ္ဘညံသု၊ ဇရာမရဏနိရောဓဂါမိနိံ ပဋိပဒံ အဗ္ဘညံသု**

**တတ္ထ စ န စတုသစ္စဓမ္မေန ဝါ မဂ္ဂဉာဏဓမ္မေန ဝါ သက္ကာ အတီတာနာဂတေ နယံ နေတုံ၊ စတုသစ္စေ ပန မဂ္ဂဉာဏေန ပဋိဝိဒ္ဓေ ပရတော ပစ္စဝေက္ခဏဉာဏံ နာမ ဟောတိ၊ တေန နယံ နေတီတိ ဝေဒိတဗ္ဗာ။**

(သံ၊ဋ္ဌ၊၂၊၆၂။)

= ရဟန်းတို့ . . . အကြင်အရိယသာဝကသည် ဤသို့လျှင် . .


©shwehinthar.com

၁။ ဇရာမရဏကို သိ၏။

၂။ ဇရာမရဏ၏ ဖြစ်ကြောင်း သမုဒယကို သိ၏။

၃။ ဇရာမရဏ၏ ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်တရားတော်မြတ်ကို သိ၏။

၄။ ဇရာမရဏ၏ ချုပ်ရာ နိရောဓ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ် မဂ္ဂသစ္စာကို သိ၏။

ဤသည်ကား ထိုအရိယသာဝက၏ ဓမ္မဉာဏ် (= စတုသစ္စဓမ္မ၌ သိသော အရိယမဂ်ဉာဏ်)တည်း။ ထိုအရိယသာဝကသည် ဓမ္မစက္ခုဟူသော အရိယ မဂ်ဉာဏ်စက္ခုဖြင့် (အသမ္မောဟပဋိဝေဓသဘောအားဖြင့်) ပစ္စက္ခအားဖြင့် မြင်အပ်သော, အရိယမဂ်ပညာဖြင့် သိအပ်သော, အခါမလင့် အကျိုးပေးသော (= မိမိအရိယမဂ်၏ အခြားမဲ့၌ အရိယဖိုလ်ဟူသော အကျိုးကို အခါမလင့် အကျိုးပေးသော), သစ္စာလေးပါးတို့သို့ ဆိုက်ရောက်၍ တည်နေ-သောကြောင့် စတုသစ္စဓမ္မသို့ ရောက်အပ် ရအပ်သော, စတုသစ္စဓမ္မ၌ အရိယမဂ်ဉာဏ်ဖြင့် သက်ဝင်၍ တည်နေသော ဤစတုသစ္စဓမ္မဖြင့်, တစ်နည်း စတုသစ္စဓမ္မကို ထိုးထွင်း၍ သိသော မဂ္ဂဉာဏဓမ္မဖြင့် အတိတ်အနာဂတ်၌ နည်းကို ဆောင်၏။ တစ်နည်း — အတိတ် အနာဂတ် သစ္စာလေးပါးတရား တို့သို့ သိကြောင်း ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ကို ပို့ဆောင်၏။

(သံ၊၁၊၂၈၉။)

**ယေ ခေါ ကေစိ အတီတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဇရာမရဏံ အဗ္ဘညံသု၊ ဇရာမရဏသမုဒယံ အဗ္ဘညံသု၊ ဇရာမရဏနိရောဓံ အဗ္ဘညံသု၊ ဇရာမရဏနိရောဓဂါမိနိံ ပဋိပဒံ အဗ္ဘညံသု၊ သဗ္ဗေ တေ ဧဝမေဝ အဗ္ဘညံသု၊ သေယျထာပါဟံ ဧတရဟိ။**

**ယေပိ ဟိ ကေစိ အနာဂတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဇရာမရဏံ အဘိဇာနိဿန္တိ၊ ဇရာမရဏသမုဒယံ အဘိဇာနိဿန္တိ၊ ဇရာမရဏနိရောဓံ အဘိဇာနိဿန္တိ၊ ဇရာမရဏနိရောဓဂါမိနိံ ပဋိပဒံ အဘိဇာနိဿန္တိ၊ သဗ္ဗေ တေ ဧဝမေဝ အဘိဇာနိဿန္တိ၊ သေယျထာပါဟံ ဧတရဟီတိ။ ဣဒမဿ အန္ဝယေ ဉာဏံ။**

**ယတော ခေါ ဘိက္ခဝေ အရိယသာဝကဿ ဣမာနိ ဒွေ ဉာဏာနိ ပရိသုဒ္ဓါနိ ဟောန္တိ ပရိယောဒါတာနိ ဓမ္မေ ဉာဏဉ္စ အန္ဝယေ ဉာဏဉ္စ။ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော "ဒိဋ္ဌိသမ္ပန္နော" ဣတိပိ၊ "ဒဿနသမ္ပန္နော" ဣတိပိ၊ "အာဂတော ဣမံ သဒ္ဓမ္မံ" ဣတိပိ၊ "ပဿတိ ဣမံ သဒ္ဓမ္မံ" ဣတိပိ၊ "သေက္ခေန ဉာဏေန သမန္နာဂတော" ဣတိပိ၊ "သေက္ခာယ ဝိဇ္ဇာယ သမန္နာဂတော" ဣတိပိ၊ "ဓမ္မသောတံ သမာပန္နော" ဣတိပိ၊ "အရိယော နိဗ္ဗေဓိကပညော" ဣတိပိ၊ "အမတဒွါရံ အာဟစ္စ တိဋ္ဌတိ" ဣတိပီတိ။**

(သံ၊၁၊၂၈၉။)

= လွန်လေပြီးသော အတိတ်ကာလ၌ အကြင် သမဏ ဗြာဟ္မဏတို့သည် ဇရာမရဏကို သိကုန်၏၊ ဇရာမရဏသမုဒယကို သိကုန်၏၊ ဇရာမရဏ နိရောဓကို သိကုန်၏၊ ဇရာမရဏ နိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို သိကုန်၏။ ထိုသမဏ ဗြာဟ္မဏ အားလုံးတို့သည် ယခုအခါ၌ ငါသိသကဲ့သို့ ဤအတူသာလျှင် သိကုန်၏။

နောင်အနာဂတ်ကာလ၌ အကြင် သမဏ ဗြာဟ္မဏတို့သည် ဇရာမရဏကို သိကုန်လတ္တံ့၊ ဇရာမရဏသမုဒယကို သိကုန်လတ္တံ့၊ ဇရာမရဏ နိရောဓကို သိကုန်လတ္တံ့၊ ဇရာမရဏနိရောဓသို့ ရောက်ကြောင်းကျင့်စဉ်ကို သိကုန်လတ္တံ့။ ထို သမဏ ဗြာဟ္မဏ အားလုံးတို့သည် ယခုအခါ၌ ငါသိသကဲ့ သို့ ဤအတူသာလျှင် သိကြကုန်လတ္တံ့ဟု အတိတ် အနာဂတ်တို့၌ နည်းကို ဆောင်၏။ ဤသည်ကား ထိုအရိယသာဝက၏ မဂ်ဉာဏ်သို့ အစဉ်လိုက် ခြင်း၌ ဖြစ်သော **အန္ဝယဉာဏ်**တည်း။

ရဟန်းတို့ . . . အကြင်အခါ၌ အရိယသာဝကအား သစ္စာလေးပါးတရား၌ အသမ္မောဟပဋိဝေဓသဘောအားဖြင့် သိသော အရိယမဂ်ဉာဏ်ဟူသော ဓမ္မဉာဏ်လည်းကောင်း, အရိယမဂ်ဉာဏ်သို့ အစဉ်လိုက်ခြင်း၌ သိသော ပစ္စဝေက္ခဏာဉာဏ်ဟူသော အန္ဝယဉာဏ်လည်းကောင်း ဤနှစ်ပါး ကုန်သော ဉာဏ်တို့သည် စင်ကြယ်ကုန်၏၊ ဖြူစင်ကုန်၏။ ရဟန်းတို့ . . . ထိုအခါ ဤအရိယသာဝကကို မှန်ကန်သော အယူဝါဒနှင့် ပြည့်စုံသူဟူ၍ လည်းကောင်း,


©shwehinthar.com

မှန်ကန်သော ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, ဤသူတော်ကောင်းတရားသို့ ဆိုက်ရောက်လာသူဟူ၍လည်းကောင်း, ဤသူတော်ကောင်းတရားကို မြင်သူဟူ၍လည်းကောင်း, ကျင့်ဆဲ သေက္ခဉာဏ် အမြင်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, ကျင့်ဆဲ သေက္ခ ဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, တရားအယဉ်သို့ ကောင်းစွာ ဆိုက်ရောက် လာသူဟူ၍လည်းကောင်း, ကိလေသာထု အစိုင်အခဲကို ဖောက်ခွဲသော အရိယပညာရှိသူဟူ၍လည်းကောင်း, အမြိုက်နိဗ္ဗာန် တံခါးဝသို့ ရောက်ရှိ၍ တည်နေသူဟူ၍လည်းကောင်း ဆိုအပ်၏။ (သံ၊၁၊၂၈၉။)

ဤအနွယဉာဏ်ကား အရိယမဂ်ဉာဏ်၏ နောက်သို့, တစ်နည်း — အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်၏ နောက်သို့ အစဉ်လိုက်သော ပစ္စဝေက္ခဏဉာဏ်ဟူသော အနွယဉာဏ်တည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် သစ္စာလေးပါး ကို ထိုးထွင်းသိမြင်ပြီးသောအခါ ဤရှုကွက်ကို ရှုနိုင်ပေသည်။

ဝိဘင်းပါဠိတော်၌ လာရှိသော အနွယဉာဏ်

**တတ္ထ ကတမံ ဓမ္မေ ဉာဏံ? စတူသု မဂ္ဂေသု စတူသု ဖလေသု ပညာ ဓမ္မေ ဉာဏံ။**

**သော ဣမိနာ ဓမ္မေန ဉာတေန ဒိဋ္ဌေန ပတ္တေန ဝိဒိတေန ပရိယောဂါဠ္ဟေန အတီတာနာဂတေ နယံ နေတိ။**

**ယေ ဟိ ကေစိ အတီတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဒုက္ခံ အဗ္ဘညံသု၊ ဒုက္ခသမုဒယံ အဗ္ဘညံသု၊ ဒုက္ခနိရောဓံ အဗ္ဘညံသု၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ အဗ္ဘညံသု၊ ဣမညေဝ တေ ဒုက္ခံ အဗ္ဘညံသု၊ ဣမညေဝ တေ ဒုက္ခသမုဒယံ အဗ္ဘညံသု၊ ဣမညေဝ တေ ဒုက္ခနိရောဓံ အဗ္ဘညံသု၊ ဣမညေဝ တေ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ အဗ္ဘညံသု။**

**ယေ ဟိ ကေစိ အနာဂတမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ဒုက္ခံ အဘိဇာနိဿန္တိ၊ ဒုက္ခသမုဒယံ အဘိဇာနိဿန္တိ၊ ဒုက္ခနိရောဓံ အဘိဇာနိဿန္တိ၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ အဘိဇာနိဿန္တိ၊ ဣမညေဝ တေ ဒုက္ခံ အဘိဇာနိဿန္တိ၊ ဣမညေဝ တေ ဒုက္ခသမုဒယံ အဘိဇာနိဿန္တိ၊ ဣမညေဝ တေ ဒုက္ခနိရောဓံ အဘိဇာနိဿန္တိ၊ ဣမညေဝ တေ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ အဘိဇာနိဿန္တီ"တိ ယာ တတ္ထ ပညာ ပဇာနနာ။ ပ ။ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ၊ ဣဒံ ဝုစ္စတိ "အနွယေ ဉာဏံ"။** (အဘိ၊၂၃၄၁-၃၄၂။)

= ထိုဉာဏ်တို့တွင် ဓမ္မဉာဏ်ဟူသည် အဘယ်နည်း? အရိယမဂ်လေးပါး တို့၌ အရိယဖိုလ်လေးပါးတို့၌ ပညာသည် ဓမ္မဉာဏ်တည်း။ ထိုအရိယ သာဝကသည် ဓမ္မစက္ခုဟူသော အရိယမဂ်ဉာဏ်စက္ခုဖြင့် အသမ္မောဟပဋိဝေဓသဘောအားဖြင့် ပစ္စက္ခအားဖြင့် သိအပ်သော မြင်အပ်သော, သစ္စာ လေးပါးတို့သို့ ဆိုက်ရောက်၍ တည်နေသောကြောင့် စတုသစ္စဓမ္မသို့ ရောက်အပ် ရအပ်သော, စတုသစ္စဓမ္မ၌ အရိယမဂ်ဉာဏ်ဖြင့် ထင်ထင်ရှားရှား သိ၍ တည်နေသော, ဤစတုသစ္စဓမ္မ (= စတုသစ္စဓမ္မကို ထိုးထွင်း၍ သိသော မဂ္ဂဉာဏဓမ္မ)ဖြင့် အတိတ် အနာဂတ်၌ နည်းကို ဆောင်၏ (= အတိတ် အနာဂတ် သစ္စာလေးပါးတရားတို့သို့ သိကြောင်းဖြစ်သော ပစ္စဝေက္ခဏ ဉာဏ်ကို ပို့ဆောင်၏)။

လွန်လေပြီးသော အတိတ်ကာလ၌ အကြင်သမဏဗြာဟ္မဏတို့သည် ဒုက္ခကို ထိုးထွင်းသိခဲ့ကြကုန်၏။ ဒုက္ခသမုဒယကို ထိုးထွင်းသိခဲ့ကြကုန်၏။ ဒုက္ခနိရောဓကို ထိုးထွင်းသိခဲ့ကြကုန်၏။ ဒုက္ခနိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို ထိုးထွင်းသိခဲ့ကြကုန်၏။ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် တဏှာမှ တစ်ပါးသော ဤတေဘူမကဓမ္မကိုသာလျှင် ဒုက္ခဟု ထိုးထွင်း သိခဲ့ကြကုန်၏။ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် ဤတဏှာကိုသာလျှင် ဒုက္ခသမုဒယဟု ထိုးထွင်းသိခဲ့ကြကုန်၏။ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် ဤအသခ်တခတ် အငြိမ်းဓာတ်နိဗ္ဗာန်တရားတော်မြတ်ကိုသာလျှင် ဒုက္ခနိရောဓဟု ထိုးထွင်းသိခဲ့ကြကုန်၏။ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် ဤမဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကိုသာလျှင် ဒုက္ခနိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ဟု ထိုးထွင်းသိခဲ့ကြကုန်၏။

နောင်အနာဂတ်ကာလ၌ အကြင်သမဏဗြာဟ္မဏတို့သည် ဒုက္ခကို ထိုးထွင်းသိကြကုန်လတ္တံ့၊ ဒုက္ခသမုဒယကို ထိုးထွင်းသိကြကုန်လတ္တံ့၊ ဒုက္ခနိရောဓကို ထိုးထွင်းသိကြကုန်လတ္တံ့၊ ဒုက္ခနိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို ထိုးထွင်းသိကြကုန်လတ္တံ့။ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် တဏှာမှ တစ်ပါးသော ဤတေဘူမကဓမ္မကိုသာလျှင်


©shwehinthar.com

ဒုက္ခဟု ထိုးထွင်း သိကြကုန်လတ္တံ့၊ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် ဤတဏှာကိုသာလျှင် ဒုက္ခသမုဒယဟု ထိုးထွင်းသိကြကုန်လတ္တံ့၊ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် ဤအသခ်တဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တရားမြတ်ကို- သာလျှင် ဒုက္ခနိရောဓဟု ထိုးထွင်းသိကြကုန်လတ္တံ့၊ ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ဤမဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကိုသာလျှင် ဒုက္ခနိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ဟု ထိုးထွင်းသိကြကုန်လတ္တံ့။ ဤသို့လျှင် ထိုအရာ၌ **ပညာ ပဇာနနာ ။ ပ ။ အမောဟ ဓမ္မဝိစယ သမ္မာဒိဋ္ဌိ** ဟူသော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ဤဉာဏ်ကို **အန္ဓယဉာဏ်**ဟူ၍ ဆိုအပ်၏။ (အဘိ၊၂၊၃၄၁-၃၄၂။)

**ယဒေတံ ဣမိနာ စတုသစ္စဂေါစရံ မဂ္ဂဉာဏံ အဓိဂတံ၊ တေန ဉာဏေန ကာရဏဘူတေန အတီတာနာဂတေ ပစ္စဝေက္ခဏဉာဏသင်္ခါတံ နယံ နေတိ။**

(အဘိ၊ဋ္ဌ၊၂၊၃၉၈။)

အရိယမဂ်တရားသည် အာရမ္မဏပဋိဝေဓသဘောအားဖြင့် နိရောဓသစ္စာ (= နိဗ္ဗာန်တရားတော်မြတ်ကြီး)ကို အာရုံတိုက်ရိုက် မျက်မှောက်ပြုလျက် ထိုးထွင်းသိ၏။ ကျန်သစ္စာသုံးပါးတို့ကို သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားတတ်သည့် မောဟကို ပယ်သတ်သောအားဖြင့် အသမ္မောဟပဋိဝေဓသဘောအားဖြင့် ထိုးထွင်းသိ၏။ ထိုကြောင့် အရိယမဂ်ဉာဏ်သည် အာရုံမျက်မှောက်ပြုသောအားဖြင့် နိရောဓသစ္စာကို, ကိစ္စသိဒ္ဓိအားဖြင့် (= သိမှုကိစ္စ ပြီးသောအားဖြင့်) ကျန်သစ္စာသုံးပါးတို့ကို သိသဖြင့် သစ္စာလေးပါး လုံးကို မဂ်ဉာဏ်ကသာလျှင် သိ၏။ အရိယဖိုလ်ဉာဏ်သည်ကား နိရောဓ သစ္စာ တစ်ခုကိုသာလျှင် အာရုံမျက်မှောက်ပြုခြင်း အာရမ္မဏပဋိဝေဓသဘော အားဖြင့် သိ၏။ ယင်းကဲ့သို့ သိမှုကိုပင် ရည်ရွယ်တော်မူ၍ အရိယမဂ်ဉာဏ် လေးပါး အရိယဖိုလ်ဉာဏ်လေးပါးတို့၌ တည်သော ဉာဏ်ကို ဓမ္မဉာဏ်ဟု ဆိုသည်။ (အဘိ၊ဋ္ဌ၊၂၊၃၉၈။)

ဤယောဂါဝစရပုဂ္ဂိုလ်သည်ကား သစ္စာလေးပါးလျှင် ကျက်စားရာ အာရုံရှိသော ယင်းအရိယမဂ်ဉာဏ်ကို ရရှိ၏။ ထိုအရိယမဂ်ဉာဏ်ကြောင့် အတိတ် အနာဂတ်၌ နည်းကို ဆောင်၍ ရှုတတ်သော **ပစ္စဝေက္ခဏဉာဏ်**ဟု ခေါ်ဆိုသော **အန္ဓယဉာဏ်**သည် ဖြစ်ပေါ်လာ၏။ ယင်းအန္ဓယဉာဏ်ဖြင့် အတိတ် အနာဂတ်၌ နည်းကို ဆောင်၍ ရှု၏။ (အဘိ၊ဋ္ဌ၊၂၊၃၉၈။ )

ဤအန္ဓယဉာဏ်ကား အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ နောက်သို့ အစဉ်လိုက်၍ ဖြစ်သော ပစ္စဝေက္ခဏဉာဏ်တစ်မျိုးသာ ဖြစ်သည်။ ယင်း အန္ဓယဉာဏ်သည် အရိယမဂ္ဂသမ္မာဒိဋ္ဌိအမည်ရသည့် စတုသစ္စသမ္မာ- ဒိဋ္ဌိတည်းဟူသော အတ္တပစ္စက္ခဉာဏ်တွင် အကျုံးမဝင်သော အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်၏ နောက်သို့ အစဉ်လိုက်သော ပစ္စဝေက္ခဏဉာဏ်သာတည်း။

ဤသို့လျှင် အန္ဓယဉာဏ်သည် ဝိပဿနာဉာဏ်၏ နောက်သို့ အစဉ်လိုက်သော အန္ဓယဉာဏ်, လောကုတ္တရာ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်၏ နောက်သို့ အစဉ်လိုက်သော အန္ဓယဉာဏ်ဟု နှစ်မျိုးနှစ်စား ရှိပေသည်။ ယင်း အန္ဓယဉာဏ်ကား ဝိပဿနာဉာဏ်နှင့်သော်လည်းကောင်း, အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်သော်လည်းကောင်း စိတ္တက္ခဏတစ်ခု၏ အတွင်း၌သော်လည်းကောင်း, ဇောဝီထိတစ်ခုအတွင်း၌သော်လည်းကောင်း အတူ ယှဉ်တွဲဖြစ်သည့် တရားမျိုးကား မဟုတ်ပေ။ ဝိပဿနာဇောဝီထိပေါင်း များစွာ ခြားလျက် ဖြစ်ပေါ်လာသော ပစ္စဝေက္ခဏဉာဏ် တစ်မျိုးသာ ဖြစ်ပေသည်။

ယောဂါဝစရပုဂ္ဂိုလ်သည်ကား အထက်တွင် တင်ပြထားသော **ဉာဏဝတ္ထုသုတ္တန်** (သံ၊၁၊၂၈၈-၂၉၀။)၌ ဘုရားရှင် ဟောကြားထားတော်မူသည့် အတိုင်း — **ဓမ္မဉာဏ် အန္ဓယဉာဏ်**ဟူသော နှစ်မျိုးသော ဉာဏ်အမြင်နှင့် ပြည့်စုံအောင် ကြိုးစားရမည် ဖြစ်ပေသည်။ ယင်းသို့ ပြည့်စုံပါမှသာလျှင် မှန်ကန်သော အယူဝါဒနှင့် ပြည့်စုံသူဟူ၍လည်းကောင်း, မှန်ကန်သော ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, သူတော်ကောင်းတရားသို့ ဆိုက်ရောက်- လာသူဟူ၍လည်းကောင်း, သူတော်ကောင်းတရားကို မြင်သူ ဟူ၍လည်းကောင်း, ကျင့်ဆဲ သေက္ခဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍ လည်းကောင်း, ကျင့်ဆဲ သေက္ခဝိဇ္ဇာဉာဏ်နှင့် ပြည့်စုံသူဟူ၍လည်းကောင်း, တရားအယဉ်သို့ ကောင်းစွာ ဆိုက်ရောက်လာသူဟူ၍လည်းကောင်း, ကိလေ သာထု အစိုင်အခဲကို ဖောက်ခွဲသော အရိယာပညာရှိသူ-


©shwehinthar.com

ဟူ၍လည်းကောင်း, အမြိုက်နိဗ္ဗာန် တံခါးဝသို့ ရောက်ရှိ၍ တည်နေသူဟူ၍လည်းကောင်း ခေါ်ဆိုနိုင်မည် ဖြစ်ပေသည်။

ထို ဓမ္မဉာဏ် အန္ဝယဉာဏ် နှစ်မျိုးတို့တွင် ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ ဓမ္မဉာဏ်နှင့် ပြည့်စုံအောင် ကြိုးပမ်းရမည် ဖြစ်ပေသည်။ ထို ဓမ္မဉာဏ်မှာ သစ္စာလေးပါးကို ထိုးထွင်းသိသည့် စတုသစ္စဓမ္မဉာဏ်ဖြစ်သဖြင့် ထိုဓမ္မဉာဏ် ရရှိရေးအတွက် သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာတရားနှင့် သမုဒယသစ္စာတရားတို့ကို ထိုးထွင်းသိသည့် နာမရူပပရိစ္ဆေဒ-ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိအောင် ရှေးဦးစွာ ကြိုးပမ်းရမည် ဖြစ်ပေသည်။ ဒုက္ခသစ္စာတရားတို့ကို ထိုးထွင်းသိအောင် ကျင့်ရမည့် ကျင့်စဉ်ပိုင်းကို ရုပ်ကမ္မဋ္ဌာန်းပိုင်း နာမ်ကမ္မဋ္ဌာန်းပိုင်းတို့တွင် ရေးသားတင်ပြခဲ့ပြီး ဖြစ်၏။ ယခုတစ်ဖန် သမုဒယသစ္စာကို ထိုးထွင်းသိသည့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိအောင် ကျင့်ရမည့် ကျင့်စဉ် အမြွက်ကို ရေးသားတင်ပြပေအံ့။

**ဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေနှင့် ကံ**

ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလ ပတ်လုံးလည်းကောင်း, ထိုထက်အလွန်လည်းကောင်း ပါရမီအလီလီတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့၏။ များစွာကုန်သော ကံတို့ကို ပြုစုပျိုးထောင်တော် မူခဲ့၏။ ထိုကံအမျိုးမျိုးတို့တွင် နောက်ဆုံးဘဝဝယ် ဘုရားအလောင်းတော်၏ ပဋိသန္ဓေခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ကို ဖြစ်ပေါ်စေတတ်သော သမုဒယ သစ္စာအမည်ရသည့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကို အခြေတည်ကာ ပြုစု ပျိုးထောင်ထားအပ်သော "သင်္ခါရ, ကံ"မှာ မည်သည့် "သင်္ခါရ, ကံ" ဖြစ်လေ သနည်းဟု မေးရန် ရှိ၏။ အဋ္ဌသာလိနီအဋ္ဌကထာက အောက်ပါအတိုင်း ရှင်းလင်း ဖွင့်ဆိုထားတော်မူ၏။

တတ္ထ သဗ္ဗေပိ သဗ္ဗညုဗောဓိသတ္တာ ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏေ ပဌမေန သောမနဿသဟဂတတိဟေတုကအသင်္ခါရိကမဟာဝိပါကစိတ္တေန ပဋိသန္ဓိံ ဂဏှန္တိ။ တံ ပန မေတ္တာပုဗ္ဗဘာဂစိတ္တဿ ဝိပါကံ ဟောတိ။ (အဘိ၊ဋ္ဌ၊၁၊၃၀၇။)

= ထို မဟာဝိပါက်စိတ် (၈)မျိုးတို့တွင် အလုံးစုံကုန်သော သဗ္ဗညု ဘုရားအလောင်းတော်တို့သည်လည်း နောက်ဆုံးဘဝဝယ် ပဋိသန္ဓေယူသော အခါ၌ **သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက ပထမ မဟာဝိပါက်စိတ်** ဖြင့် ပဋိသန္ဓေယူတော်မူကြကုန်၏။ ထိုပဋိသန္ဓေဝိပါက်တရားသည်ကား မေတ္တာပုဗ္ဗဘာဂစိတ် (= မေတ္တာဈာန်၏ ရှေး၌ ဖြစ်သော ကာမာဝစရ ဥပစာရသမာဓိ ဇောစိတ်)၏ အကျိုးဝိပါက်ပင် ဖြစ်သည်။ (အဘိ၊ဋ္ဌ၊၁၊၃၀၇။)

ဤအဋ္ဌကထာအဖွင့်အရ အလောင်းတော်၏ နောက်ဆုံးဘဝ ပဋိသန္ဓေ ခန္ဓာငါးပါး အစရှိသည့် အချို့သော ဝိပါကဝဋ်တရားတို့ကို ဖြစ်စေသော ကံမှာ မေတ္တာဈာန်၏ ရှေး၌ ရှိသော ကာမာဝစရသမာဓိဇော ကံတရားတို့ ဖြစ်ကြ၏။ မေတ္တာဈာန်တို့ကား ဗြဟ္မာ့ပြည်၌သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်ကြ၏။ လူ့ပြည်၌ ပဋိသန္ဓေအကျိုးကို မပေးနိုင်ကြပေ။ ယင်းကာမာဝစရသမာဓိဇော တို့ကသာ လူ့ပြည်၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်ကြသည်။

အလားတူပင် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည်လည်း အတိတ်သံသရာ တစ်လျှောက်ဝယ် များစွာကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြုစု ပျိုးထောင်ခဲ့သည်သာ ဖြစ်၏။ ထိုကံတို့တွင် တစ်မျိုးမျိုးသော ကံကသာလျှင် ပဋိသန္ဓေအကျိုးကို ဖြစ်စေသည်။ မည်သည့်ကံမျိုး ဖြစ်သည်ကို ယောဂါဝစရ ပုဂ္ဂိုလ်က သမုဒယသစ္စာကို သိသည့် သမ္မာဒိဋ္ဌိအမည်ရသော ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အောင် ကြိုးပမ်းရမည် ဖြစ်ပေသည်။ ထိုသို့ ကြိုးပမ်းရာ၌ အာဟာရသုတ္တန် ဒေသနာတော်နည်းအရ အကြောင်းတရားတို့ကို သိမ်းဆည်းပုံကို အတိုချုပ်ကာ တင်ပြပေအံ့။

**အာဟာရသုတ္တန် မြန်မာပြန်** (သံ၊၁၊၂၅၃-၂၅၄။)

တပည့်တော် အာနန္ဒာသည် ဘုရားရှင်ထံမှ ဤသို့ နာယူမှတ်သား ဆောင်ထားလိုက်ရပါသည်အရှင်ဘုရား။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်း တိုက်တော်၌ သီတင်းသုံးနေတော်မူ၏။ (ထိုအခါ ဘုရားရှင်သည် ရဟန်း တို့အား ဤသို့ မိန့်ကြားတော်မူ၏။)

 ©shwehinthar.com

"ရဟန်းတို့ . . . ဖြစ်ပြီးသာ ဖြစ်၍ နောင်မဖြစ်ရမည့် (ဘူတ အမည်ရသည့်) ရဟန္တာသတ္တဝါတို့အားလည်းကောင်း, နောင်ဖြစ်ရမည့် ဘဝသစ်ကို ရှာမှီးဆဲ ဖြစ်ကြကုန်သော (သမ္ဘဝေသီ အမည်ရသည့်) ပုထုဇန် သေက္ခ သတ္တဝါ-တို့အားလည်းကောင်း ထိုထိုသတ္တဝါ၏ သန္တာန်ဝယ် ဖြစ်ဆဲတရားတို့၏ ရှေး နောက် အစဉ်မပြတ် အကြောင်း-အကျိုး ဆက်စပ်သည်၏ အစွမ်းဖြင့် မပြတ်မစဲ တည်တံ့နေခြင်းငှာ, မဖြစ်ပေါ်လာသေးသော တရားတို့၏ ဖြစ်ပေါ်လာရန် ချီးမြှောက်ခြင်းငှာ ဆောင်ထားတတ်ကုန်သော အာဟာရတရားတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ

၁။ ကြမ်းတမ်းသည်မူလည်း ဖြစ်စေ, နူးညံ့သည်မူလည်း ဖြစ်စေ အလုတ် အလွေး ပြု၍ မျိုအပ်သော **ကဗဠီကာရာဟာရ,**

၂။ နှစ်ခုမြောက် တွေ့ထိမှု = **ဖဿာဟာရ,**

၃။ သုံးခုမြောက် စိတ်ကို လှုံ့ဆော်မှု = မနောသဉ္စေတနာဟာရ,

၄။ လေးခုမြောက် သိမှု = **ဝိညာဏာဟာရ** —

ဤလေးပါးတို့တည်း။

ရဟန်းတို့ . . . ဤလေးပါးကုန်သော အာဟာရတို့သည် အဘယ်တရား လျှင် အကြောင်းရင်းနိဒါန်း ရှိကြကုန်သနည်း? ကြွင်းသော အကြောင်းနှင့် ပေါင်းမိလတ်သော် အဘယ်တရားလျှင် ဖြစ်ကြောင်း သမုဒယရှိကုန်-သနည်း? အဘယ်တရားလျှင် ဖြစ်ကြောင်း ဇာတိ (= ဇာစ်မြစ်) ရှိကုန်သနည်း? အဘယ် တရားလျှင် အမွန်အစ ရှိကုန်သနည်း?

ဤလေးပါးကုန်သော အာဟာရတို့သည် တပ်မက်မှု (= တဏှာ)လျှင် အကြောင်းရင်း နိဒါန်းရှိကုန်၏။ ကြွင်းသော အကြောင်းနှင့် ပေါင်းမိလတ် သော် တပ်မက်မှု (= တဏှာ)လျှင် ဖြစ်ကြောင်း သမုဒယ ရှိကုန်၏။ တပ်မက်မှု (= တဏှာ)လျှင် ဖြစ်ကြောင်း ဇာတိ (= ဇာစ်မြစ်) ရှိကုန်၏။ တပ်မက်မှု (=တဏှာ)လျှင် အမွန်အစ ရှိကုန်၏။

ရဟန်းတို့ . . . ဤ တပ်မက်မှု (= တဏှာ)သည် အဘယ်တရားလျှင် အကြောင်းရင်း နိဒါန်း ရှိပေသနည်း? ။ ပ ။ တပ်မက်မှု (= တဏှာ)သည် ခံစားမှု (= ဝေဒနာ)လျှင် အကြောင်းရင်း နိဒါန်းရှိ၏ ။ ပ ။

ရဟန်းတို့ . . .

ဤ ခံစားမှု = ဝေဒနာသည် ။ ပ ။ တွေ့ထိမှု = ဖဿလျှင် ။ ပ ။

တွေ့ထိမှု = ဖဿသည် ။ ပ ။ သဠာယတနလျှင် ။ ပ ။

သဠာယတနသည် ။ ပ ။ သိမှု = ဝိညာဏ်လျှင် ။ ပ ။

သိမှု = ဝိညာဏ်သည် ။ ပ ။ သင်္ခါရလျှင် ။ ပ ။

သင်္ခါရသည် ။ ပ ။ အဝိဇ္ဇာလျှင် ။ ပ ။

ရဟန်းတို့ . . . ဤသို့လျှင် သစ္စာလေးပါးကို မသိမှု (= အဝိဇ္ဇာ) အကြောင်းခံကြောင့် ဘဝသစ် ဖြစ်ပေါ်လာအောင် ပြုစီရင်မှု (= သင်္ခါရ)တို့သည် ဖြစ်ကုန်၏။ ပြုစီရင်မှု (= သင်္ခါရ)အကြောင်းခံကြောင့် သိမှု (= ဝိညာဏ်) သည် ဖြစ်၏။ ပ ။ ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဝဋ်ဆင်းရဲ ဒုက္ခအစုအပုံသည် ဖြစ်ပွားလာ၏။

သစ္စာလေးပါးကို မသိမှု (= အဝိဇ္ဇာ)၏သာလျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဘဝသစ်ကို ပြုစီရင်မှု (= သင်္ခါရ)သည် ချုပ်၏။ ဘဝသစ်ကို ပြုစီရင်မှု (= သင်္ခါရ)၏ ချုပ်ခြင်းကြောင့် သိမှု (= ဝိညာဏ်)သည် ချုပ်၏။ ပ ။ ဤသို့လျှင် အလုံးစုံသော ဝဋ်ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။ (သံ၊၁၊၂၅၃-၂၅၄။)

ဤအာဟာရသုတ္တန်နှင့် ဆက်စပ်၍ အဋ္ဌကထာ ဋီကာတို့က နည်းအမျိုးမျိုးဖြင့် ရှင်းလင်းဖွင့်ဆိုတော်မူကြ၏။ ဤတွင် နည်းတစ်နည်းမျှကိုသာ အကျဉ်းချုပ်ကာ တင်ပြအပ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ် တတိယနည်းအဖွင့်**


©shwehinthar.com

**ယာ မဇ္ဈတော ပဌာယ ယာဝ အာဒိ ပဝတ္တာ၊ သာ အာဟာရနိဒါနဝဝတ္ထာပနာနုသာရေန ယာဝ အတီတံ အဒ္ဓါနံ အတိဟရိတွာ ပုန အတီတဒ္ဓတော ပဘုတိ ဟေတုဖလပဋိပါဋိဒဿနတ္ထံ။**

(အဘိ၊ဋ္ဌ၊၂၊၁၂၅။ ဝိသုဒ္ဓိ၊၂၊၁၅၆။)

= အလယ်ဖြစ်သော အာဟာရလေးပါးမှ (တစ်နည်း တဏှာမှ) အစပြု၍ အစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် ဖြစ်ပေါ်လာသော (= ဟောကြားတော် မူအပ်သော) အာဟာရသုတ္တန် ဒေသနာတော်ကို အာဟာရလေးမျိုးတို့၏ အကြောင်းရင်း နိဒါန်းကို အသီးအသီး ပိုင်းခြား၍ ကျွတ်ထိုက်သသူ သာဝကတို့၏ အသိဉာဏ်၌ တည်စေခြင်း တည်အောင်ထားတော်မူခြင်းကို အစဉ်လိုက်သဖြင့် အတိတ်ဖြစ်သော အခွန့်ကာလသို့တိုင်အောင် (= အတိတ် အခွန့်ကာလက ဖြစ်ခဲ့သော) အဝိဇ္ဇာ သင်္ခါရသို့တိုင်အောင် အာဟာရသုတ္တန် ဒေသနာတော်ကို ရွေးရှုဆောင်ယူတော်မူပြီးလျှင် တစ်ဖန် အတိတ် အခွန့်ကာလတရားဖြစ်သော အဝိဇ္ဇာမှ စ၍ အကြောင်းတရားနှင့် အကျိုးတရား တို့၏ ကြောင်း-ကျိုး-ဆက်နွယ်မှု အစဉ်ကို ကောင်းစွာပြခြင်း အကျိုးငှာ ဖြစ်စေအပ် ဟောကြားတော်မူအပ်လေသည်။

(အဘိ၊ဋ္ဌ၊၂၊၁၂၅။ ဝိသုဒ္ဓိ၊၂၊၁၅၆။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်ကို ဋီကာဆရာတော်တို့က နည်း အမျိုးမျိုးဖြင့် အဓိပ္ပါယ်ကို ရှင်းလင်းတင်ပြကြ၏။ ဤ၌ နည်းတစ်နည်းကိုသာ တင်ပြအပ်ပါသည်။

အာဟာရတဏှာဒယော ပစ္စုပ္ပန္နဒ္ဓါ၊ သင်္ခါရာဝိဇ္ဇာ အတီတဒ္ဓါတိ က္ကမိနာ အဓိပ္ပါယေနာဟ "**ယာဝ အတီတံ အဒ္ဓါနံ အတိဟရိတွာ**"တိ။

(မူလဋီ၊၂၊၈၆။ မဟာဋီ၊၂၊၂၄၄-၂၄၅။)

ကာမုပါဒါနဘူတာ တဏှာ မနောသဥ္စေတနာဟာရသင်္ခါတဿ ဘဝဿ, တံသမ္ပယုတ္တာနံ, တန္နိမိတ္တာနဥ္စ သေသာဟာရာနံ ဝိသေသပစ္စယော ဟောတီတိ အာဟ "**အာဟာရတဏှာဒယော ပစ္စုပ္ပန္နဒ္ဓါ**"တိ။ **အာဒိ**–သဒ္ဒေန ယာဝ ဝိညာဏံ ဂဟေတဗ္ဗံ။ (အနုဋီ၊၂၊၉၃။)

အာဟာရသုတ္တန်တွင် စတ္တာရော အာဟာရာ (= အာဟာရလေးပါး) တို့တွင် ပါဝင်သော အာဟာရအရ ယခုပစ္စုပ္ပန်ဘဝ၌ နောင်အနာဂတ်ဘဝအတွက် ရည်မှန်းတောင့်တ၍ ပြုစုပျိုးထောင်နေသော ကမ္မဝဋ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော ကမ္မဘဝဟူသော မနောသဥ္စေတနာဟာရကို ကောက်ယူပါ။ ဖဿာဟာရ-အရ ယင်းမနောသဥ္စေတနာနှင့် ယှဉ်သော ဖဿကို, ဝိညာဏာဟာရ-အရ ယင်းမနောသဥ္စေတနာနှင့် ယှဉ်သော ဝိညာဏ်ကို ကောက်ယူပါ။ ကဗဠီကာရာဟာရ-အရ ပစ္စုပ္ပန် ကဗဠီကာရာဟာရ အမည်ရသော ဩဇာကို ထိုက်သလို ကောက်ယူပါ။ ယင်းမနောသဥ္စေတနာဟာရ, ဖဿာဟာရ, ဝိညာဏာဟာရတို့ကား ပစ္စုပ္ပန်၌ ပြုစု ပျိုးထောင်နေသော ကုသိုလ်တရားစု အကုသိုလ်တရားစုတို့တည်း။ သင်္ခါရနှင့် ကမ္မဘဝ (= ကံ)တို့တည်း။ ကမ္မဝဋ်တည်း။

ယင်းမနောသဥ္စေတနာဟာရသည် လူ့ဘဝ နတ်ဘဝ စသည့် ဘဝထိုထိုကို သို့မဟုတ် ဥပါဒါနက္ခန္ဓာငါးပါးကို တပ်မက်စွဲလမ်းသော ကာမုပါဒါန် အမည်ရသော တဏှာအရင့်စားကြောင့် ဖြစ်၏။

ယင်းကာမုပါဒါန်သည် တပ်မက်မှု (= တဏှာ)ကြောင့် ဖြစ်၏။

ယင်းတဏှာသည် ခံစားမှု (= ဝေဒနာ)ကြောင့် ဖြစ်၏။

ယင်းဝေဒနာသည် တွေ့ထိမှု (= ဖဿ)ကြောင့် ဖြစ်၏။

ယင်းဖဿသည် သဠာယတနကြောင့် ဖြစ်၏။

ယင်းသဠာယတနသည် နာမ်ရုပ်ကြောင့် ဖြစ်၏။

ယင်းနာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်၏။

ယင်းဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်၏။

ယင်းသင်္ခါရသည် အဝိဇ္ဇာကြောင့် ဖြစ်၏။


©shwehinthar.com

ဤသို့လျှင် အဝိဇ္ဇာဟူသော အတိတ်အခွန့်ကာလသို့တိုင်အောင် ကြောင်း-ကျိုး-ဆက်နွယ်မှု အစဉ်ကို ပြတော်မူလိုသည်ဖြစ်၍ ဤ အာဟာရ သုတ္တန် ဒေသနာတော်ကို ဘုရားရှင်သည် ဟောကြားထားတော်မူသည်ဟု ဆိုလိုပေသည်။

ဤနည်း၌ — မနောသဥ္စေတနာဟာရ (= ကမ္မဘဝ)၊ ကာမုပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ် — ဤ (၈)မျိုးတို့ကား ပစ္စုပ္ပန်အခွန့်ကာလတရားစုတို့တည်း။ သင်္ခါရနှင့် အဝိဇ္ဇာတို့ကား အတိတ်ဘဝ အတိတ်ကာလက ဖြစ်ခဲ့သော အတိတ်အခွန့်ကာလတရားစုတို့တည်း။

ယင်းစကားရပ်ကို ခိုင်မြဲစေရန် ဋီကာဆရာတော်များက **မောဠိယဖဂ္ဂုန သုတ္တန်**ကို ကိုးကား၍ အောက်ပါအတိုင်း ထပ်မံ ဖော်ပြကြပြန်သည်။

အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိအာဟာရကာ ဝါ စတ္တာရော အာဟာရာ–

'အာဟာရေတီ'တိ အဟံ န ဝဒါမိ။ 'အာဟာရေတီ'တိ စာဟံ ဝဒေယျံ၊ တတြဿ ကလ္လော ပဉှော 'ကော နု ခေါ ဘန္တေ အာဟာရေတီ'တိ။ ဧဝံ စာဟံ န ဝဒါမိ။ ဧဝံ ပန အဝဒန္တံ မံ ယော ဧဝံ ပုစ္ဆေယျ 'ကိဿ နု ခေါ ဘန္တေ ဝိညာဏာဟာရော'တိ။ ဧသ ကလ္လော ပဉှော။ တတြ ကလ္လံ ဝေယျာကရဏံ၊ 'ဝိညာဏာဟာရော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ . . .'တိ (သံ၊၁၊၂၅၄-၂၅၅။) –

ဝစနတော တံသမ္ပယုတ္တတ္တာ ဖဿစေတနာနံ တပ္ပဝတ္တိဟေတုတ္တာ စ ကဗဠီကာရာဟာရဿ။ တေန ဟိ ဥပတ္ထမ္ဘိတရူပကာယဿ, တဇ္ဇ ကုစ္ဆိန္တဿ ကမ္မဝိညာဏာယူဟနံ ဟောတိ။ ဘောဇနဉ္စိ သဒ္ဓါဒီနံ ရာဂါဒီနဉ္စ ဥပနိဿယော ဟောတီ ဝုတ္တန္တိ။ တသ္မာ "တေ ကမ္မဝဋ္ဋသင်္ဂဟိတာ အာဟာရာ ပစ္စုပ္ပန္နော အဒ္ဓါ"တိ ကမသိ ပရိယာယေ ပုရိမောယေဝတ္ထော ယုတ္တော။ အတီတဒ္ဓတော ပဘုတိ "ကတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ"တိအာဒိနာ အတီတေ တတော ပရဉ္စ ဟေတုဖလပဋိပါဋိံ ပစ္စက္ခာနံ အာဟာရာနံ နိဒါနဒဿနဝသေန အာရောဟိတွာ နိဝတ္တနေန ဝိနာ အဗုဇ္ဈန္တာနံ တံသန္ဒဿနတ္ထံ သာ အယံ ဒေသနာ ပဝတ္တာတိ အတ္ထော။ (မူလဋီ၊၂၈၆-၈၇။ မဟာဋီ၊၂၊၂၄၅။)

= တစ်ချိန် ဘုရားရှင်သည် ရဟန်းတော်တို့အား အာဟာရလေးမျိုးတို့ကို တစ်ခုစီ တစ်ခုစီ အသီးအသီး ဟောပြတော်မူ၏။ ထိုအခါ မောဠိယဖဂ္ဂုန အမည်ရှိသော ရဟန်းတော်သည် မြတ်စွာဘုရားအား — "အရှင်ဘုရား . . . အဘယ်သူသည် သိမှုဟူသော ဆောင်တတ်သော သဘော (= ဝိညာဏာဟာရ)ကို ဆောင်ပါသနည်း"— ဟု လျှောက်ထား၏။ (ပရမတ္ထသစ္စာနယ်၌ ဆောင်တတ်သူ ပုဂ္ဂိုလ် သတ္တဝါမည်သည် မရှိ၊ သမ္မုတိသစ္စာနယ်၌သာ ရှိသည်ကို သတိပြုပါ။)

ထိုအခါ ဘုရားရှင်က ဤသို့ မိန့်တော်မူ၏။

"အမေးသည် မသင့်လျော်ချေ၊ 'ဆောင်၏'ဟူ၍ ငါဘုရားသည် မဟော၊ 'ဆောင်၏'ဟု အကယ်၍ ငါဘုရားဟောခဲ့မူ ထိုအရာ၌ 'အရှင်ဘုရား . . . အဘယ်သူသည် ဆောင်ပါသနည်း'ဟူသော အမေးသည် သင့်လျော်သည် ဖြစ်လေရာ၏။ ဤသို့ကား ငါဘုရားသည် မဟော၊ ဤသို့ မဟောသော ငါဘုရားကို အကြင်သူသည် 'သိမှုဟူသော ဆောင်တတ်သောသဘော (=ဝိညာဏာဟာရ)သည် အဘယ်တရား၏ အကြောင်းတရား ဖြစ်ပါသနည်း' ဟု ဤသို့ မေးခဲ့မူ ထိုသူ၏ ဤအမေးကား သင့်လျော်၏။ 'ဝိညာဏာဟာရသည် နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ကြောင်းတရား ဖြစ်၏။ ထို ဝိညာဏာဟာရသည် ဖြစ်သည်ရှိသော် တည်ရာ အာယတန (၆)ပါးသည် ဖြစ်၏။ တည်ရာ အာယတန အကြောင်းခံကြောင့် တွေ့ထိမှု (ဖဿ)သည် ဖြစ်၏'ဟု ထိုအမေး၌ ဤအဖြေသည် သင့်လျော်၏"ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ (သံ၊၁၊၂၅၄။)

ဤသို့လျှင် မောဠိယဖဂ္ဂုနသုတ္တန်၌ ဘုရားရှင်သည် ဟောတော်မူခြင်း ကြောင့် ကမ္မဝဋ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော ကမ္မဝိညာဏ် အမည်ရသော ကုသိုလ်ဝိညာဏ် သို့မဟုတ် အကုသိုလ်ဝိညာဏ်ဟူသော ဝိညာဏာဟာရနှင့် ယှဉ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ကဗဠီကာရာဟာရ၏ ထိုဝိညာဏာဟာရ ဖဿာဟာရ မနောသဥ္စေတနာဟာရတို့၏ ဖြစ်ခြင်း၏ မှီရာ အကြောင်းတရား၏ အဖြစ်ကြောင့်လည်းကောင်း နောင်အနာဂတ် ကာလ၌ တစ်ဖန်


©shwehinthar.com

ဘဝသစ်၏ ဖြစ်ပေါ်လာခြင်းကို ဆောင်တတ်ကုန်သော အာဟာရတို့သည် လေးမျိုးတို့ပင်တည်း။

မှန်ပေသည် — ထိုကဗဠီကာရာဟာရသည် အားပေးထောက်ပံ့အပ် သော ရူပကာယရှိသော ပုဂ္ဂိုလ်၏လည်းကောင်း, ကဗဠီကာရာဟာရကို အလိုရှိသော ပုဂ္ဂိုလ်၏လည်းကောင်း ကမ္မဝိညာဏ် အမည်ရသော ကုသိုလ်ဝိညာဏ် သို့မဟုတ် အကုသိုလ်ဝိညာဏ်ကို ဖြစ်ပေါ်လာအောင် အားထုတ် ခြင်းသည် ဖြစ်နိုင်၏။

မှန်ပေသည် — ကဗဠီကာရာဟာရဟူသော ဘောဇဉ်သည် ထို ဘောဇဉ် ကို မိမိက စွန့်လွှတ် လှူဒါန်း ပေးကမ်းခြင်း စသည်ကို ပြုလုပ်သောအခါ သဒ္ဓါတရားစသော ကုသိုလ်တရားတို့၏ အားကြီးသော မှီရာ အကြောင်း တရား ဖြစ်၏။ ပေးကမ်း လှူဒါန်းနေသော ဘောဇဉ်က သဒ္ဓါတရားစသော ကုသိုလ်တရားတို့ ဖြစ်ပေါ်လာရန် အားကြီးသော မှီရာ ဥပနိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေး၏။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံးတို့၌ ရုပ်တရား နာမ်တရားတို့ကိုလည်းကောင်း, ဗဟိဒ္ဓသက်မဲ့လောက၌ တည်ရှိသော ရုပ်တရားတို့ကိုလည်းကောင်း ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းတတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းလှူဖွယ်ဝတ္ထုဖြစ်သော ဆွမ်းဘောဇဉ်၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့ကို ဉာဏ်ဖြင့် မြင်အောင် စိုက်၍ ရှုလိုက်ပါက ရုပ်ကလာပ်အမှုန်များကိုသာ တဖြည်းဖြည်း တွေ့ရှိလာ မည် ဖြစ်သည်။ ယင်းရုပ်ကလာပ်တို့ကား ယင်းရုပ်ကလာပ် အသီးအသီး၏ အတွင်း၌ ပါဝင်တည်ရှိသော တေဇောဓာတ် (= ဥတု)ကြောင့် ဖြစ်ပေါ်လာ ရသော ဥတုဇဩဇဋ္ဌမကရုပ်တရားတို့သာတည်း။ ယင်းဥတုဇဩဇဋ္ဌမက ရုပ်တို့ကို ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းလျက် ဉာဏ်ဖြင့် ပိုင်းခြားယူလျက် ယင်းပရမတ်ရုပ်တရားတို့ကို လက္ခဏာယာဉ်သုံးချက် တင်၍ ဝိပဿနာရှုခဲ့သော် ထိုဝိပဿနာဉာဏ် ပြဓာန်းသော ဝိပဿနာကုသိုလ်တရားတို့အား ထိုကဗဠီကာရာဟာရ အမည်ရသော ဘောဇဉ်ဟူသော ဥတုဇဩဇဋ္ဌမကရုပ်တို့က အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ဖြစ်ပေါ် လာအောင် ကျေးဇူးပြုပေး၏။

တစ်ဖန် ထိုဘောဇဉ်ကို ရသတဏှာဓာတ်ဖြင့် မက်မက်မောမော စားသုံး ခဲ့သော် ရာဂစသော ကိလေသာတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုဘောဇဉ်မျိုး ကို ငါမို့ လှူနိုင်တာဟု ဂုဏ်ယူဝင့်ကြွားခဲ့လျှင်လည်း မာန ကိလေသာဆိုးသည် ဝင်ရောက်လာပေ၏၊ သူတော်ကောင်းဓာတ်ခံ အားပျော့သူတို့၏ သန္တာန်၌ သူတစ်ပါးတို့၏ မွန်မြတ်သော ခဲဖွယ်-ဘောဇဉ်တို့ကို အာရုံပြု၍ ကိုယ့်ထက် သာ မနာလို ငြူစူစောင်းမြောင်းခြင်း ဣဿာတရားသည်လည်း တိုးပွား လာတတ်၏။ မွန်မြတ်သော မိမိ၏ ဘောဇဉ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံမှုကို သည်းမခံနိုင်ခြင်း မစ္ဆရိယတရားသည်လည်း ထင်ရှားဖြစ်ပွားလာတတ်၏။ ထိုအခါ ယင်းဘောဇဉ် (= ကဗဠီကာရာဟာရ)က ရာဂစသည်အား ဖြစ်ပေါ် လာအောင် အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ ဘောဇဉ်ဟူသော ကဗဠီကာရာဟာရက သဒ္ဓါစသည့် ကုသိုလ်တရားတို့အား လည်းကောင်း, ရာဂစသည့် အကုသိုလ်တရားတို့အားလည်းကောင်း ဤသို့ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို ဘုရားရှင်သည် ပဋ္ဌာန်းဒေသနာတော် ပဉှာဝါရ၌ ဟောကြားထားတော်မူ၏။ (ပဋ္ဌာန၊၁၊၁၅၁-၁၅၂။)

ထိုသို့ ဘဝသစ်၌ ဖြစ်စေတတ်ကုန်သော, ဘဝသစ်၌ ဖြစ်ခြင်းကို ဆောင်တတ်ကုန်သော လေးပါးကုန်သော အာဟာရတို့ကို အာဟာရအရ ကောက်ယူအပ်သည်၏ အဖြစ်ကြောင့် ကမ္မဝဋ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ် ကုန်သော အာဟာရလေးပါးတို့သည် ပစ္စုပ္ပန်၌ ဖြစ်ကုန်သော ပစ္စုပ္ပန်အခွန့်ကာလတရားတို့မည်ရကား ဤမောဠိယဖဂ္ဂုနသုတ္တန်နည်း၌ အထက်တွင် တင်ပြခဲ့သော "ကမ္မဝဋ် (= ကမ္မဘဝ) အမည်ရသော အာဟာရလေးပါးမှ စ၍ ဝိညာဏ်တိုင်အောင်သော တရားစုတို့ကား ပစ္စုပ္ပန်အခွန့်ကာလတရားစု တို့တည်း"ဟူသော ဤပထမနည်း အယူအဆ အနက်သဘောတရားသည် သာလျှင် သင့်မြတ်ပေသည်။

ဤနည်း၌ ဘုရားရှင်သည် ပစ္စုပ္ပန်အာဟာရလေးပါးမှ စ၍ အတိတ် အဝိဇ္ဇာသို့တိုင်အောင် (= အလယ်မှ အစသို့ တိုင်အောင်) ပဋိလောမနည်းအားဖြင့် ပြောင်းပြန်လှန်၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူပြီးနောက် တစ်ဖန် အတိတ်အခွန့်ကာလတရား ဖြစ်သော အဝိဇ္ဇာမှ စ၍ ဇရာမရဏသို့တိုင်အောင် —

**ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ** = ရဟန်းတို့ . . . ဤသို့လျှင် အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကုန်၏ — ဤသို့ စသည်ဖြင့် အနုလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အဝိဇ္ဇာမှသည် ဇရာမရဏသို့တိုင်အောင် ကုန်ဆုံးအောင် ဟောပြတော်မူလေသည်။ တစ်ဖန် —


©shwehinthar.com

အဝိဇ္ဇာယ တွေ၀ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော = အဝိဇ္ဇာ၏ပင်လျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် သင်္ခါရ၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏ — ဤသို့ စသည်ဖြင့် အဝိဇ္ဇာမှသည် ဇရာမရဏသို့တိုင်အောင် သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကိုလည်း ကုန်ဆုံးအောင် ဟောပြတော်မူလေသည်။ အတိတ် ပစ္စုပ္ပန် အနာဂတ် တိုးလျှိုပေါက် အနုလုံ ပဋိလုံ ဟောတော် မူခြင်း ဖြစ်၏။

အတိတ်အခွန့်ကာလမှ အစပြု၍ — ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ = ရဟန်းတို့ . . . ဤသို့လျှင် အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကုန်၏ — ဤသို့ စသည်ဖြင့် အတိတ် အခွန့်-ကာလ၌လည်းကောင်း, ထိုအတိတ်အခွန့်ကာလမှ နောက်၌ ဆက်လက် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်အခွန့်ကာလ, အနာဂတ်အခွန့်ကာလ၌လည်း ကောင်း — **သင်္ခါရပစ္စယာ ဝိညာဏံ။ ပ ။ ဇာတိပစ္စယာ ဇရာမရဏံ သောက- ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ** = သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ် ဖြစ်၏။ ပ ။ ဇာတိ အကြောင်းခံကြောင့် ဇရာမရဏသည် လည်းကောင်း, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့သည် လည်းကောင်း ထင်ရှား ဖြစ်ပေါ်လာကြကုန်၏ — စသည်ဖြင့် အကြောင်း တရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး-ဆက်နွယ်လျက် အဆက်မပြတ် ဖြစ်နေသည့် ဖြစ်စဉ်ကို ဟောပြတော်မူလိုသော ဘုရားရှင်သည် — ရှေးဦးစွာ မျက်မှောက် ပစ္စုပ္ပန်အခွန့်-ကာလတရား ဖြစ်ကြကုန်သော အာဟာရလေးပါး တို့၏ အကြောင်းရင်းနိဒါန်းဖြစ်သည့် တဏှာကို ထင်ရှား ပြသသည်၏ အစွမ်းဖြင့် အတိတ်အခွန့်ကာလတရား ဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် တက်ရောက် ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူပြီးသည်မှ နောက်၌ ထိုအတိတ်အခွန့်ကာလတရားဖြစ်သည့် အဝိဇ္ဇာမှ အနာဂတ် အခွန့်ကာလ-တရားဖြစ်သည့် ဇာတိ ဇရာမရဏသို့တိုင်အောင် သံသရာစက် ရဟတ်၏ လည်ပတ်စဉ်ဟူသော အနုလောမပဋိစ္စသမုပ္ပါဒ်-ဒေသနာတော်, သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံဟူသော ပဋိလောမပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တို့ကို တစ်ဖန် ပြန်၍ နစ်ခြင်း (= တစ်ဖန်ပြန်၍ ဟောပြတော်မူခြင်း) နှင့် ကင်း၍ သစ္စာလေးပါးတရား (= ပဋိစ္စသမုပ္ပါဒ်တရားတော်) တို့ကို မသိနိုင် ကုန်သော ဝေနေယျတို့အား ထိုအကြောင်းတရားနှင့် အကျိုးတရားတို့၏ ဖြစ်ပုံအစဉ် ချုပ်ငြိမ်းပုံအစဉ်ကို ထင်ရှားပြတော်မူခြင်း အကျိုးငှာ ဤ **အာဟာရသုတ္တန်ဒေသနာတော်**သည် ဖြစ်ပေါ်လာ၏ဟု ဆိုလိုသည်။

(မူလဋီ၊ ၂၈၆-၈၇။ မဟာဋီ၊ ၂၂၄၄-၂၄၅။ အနုဋီ၊ ၂၉၃-၉၄။)

## အလယ်မှ အစသို့ ရှုကွက်

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်များနှင့် အညီ အလယ်မှ အစသို့ ပြောင်းပြန်လှန်၍ ပဋိလောမအားဖြင့် ဟောကြားထားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သိမ်းဆည်းရှုပွားလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် — ရှေးဦးစွာ မိမိ၏ အနာဂတ်ဘဝ တစ်ခုအတွက် ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်နေကျဖြစ်သော ဝဋ္ဋနိဿိတကုသိုလ် တစ်ခုခုကို အာရုံယူ၍ စတင်ရှုနိုင်ပါသည်။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်သည် အနာဂတ်ဘဝ၌ ရဟန်းဖြစ်ရန် ရည်ရွယ်တောင့်တ၍ သံဃာတော်တို့အား ဆွမ်း သင်္ကန်းများကို လှူဒါန်း ပူဇော်ခြင်း ကုသိုလ်သင်္ခါရကို အကြိမ်များစွာ ပြုစုပျိုးထောင်ခဲ့ဖူးသည် ဖြစ်ငြား အံ့။ ယင်းကောင်းမှုကုသိုလ်တို့တွင် ဝမ်းအမြောက်ဆုံး ကောင်းမှုကုသိုလ်ကို ရွေးချယ်ပါ။ ထိုကောင်းမှုကုသိုလ်ပြုစဉ် ကမ္မဝဋ္ဋ အာဟာရလေးပါးတို့ကို စတင်ရှာဖွေရန် ဖြစ်သည်။

ထို ဝဋ္ဋနိဿိတ ဖြစ်သော ကုသိုလ်သင်္ခါရ စေတနာအုပ်စုသည် . . ဝမ်းမြောက်ဝမ်းသာနှင့် လှူဒါန်းခဲ့၍ သောမနဿဝေဒနာနှင့်လည်း အတူ တကွ ဖြစ်ငြားအံ့၊ ကံ-ကံ၏အကျိုးကို တတ်သိနားလည်သည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှု ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်လည်း ပြဓာန်းလျက် ရှိငြားအံ့၊ ဇောအသီးအသီး၌ နာမ်တရား (၃၄)လုံးစီ အသီးအသီး ရှိမည် ဖြစ်၏။ နောင်အနာဂတ် ဇာတိကို သို့မဟုတ် ဥပပတ္တိဘဝကို ဖြစ်စေတတ်သည့် စွမ်းအားရှိသည့် ကမ္မဝဋ္ဋတရားများ ဖြစ်ခြင်းကြောင့် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားများသာ ဖြစ်ကြသည်။ ယေဘုယျအားဖြင့် မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်, ဇော (၇)ကြိမ် ဖြစ်တတ်၏။ လှူဖွယ်ဝတ္ထု, အလှူခံ ပုဂ္ဂိုလ်, မိမိမျှော်လင့်ထားသည့် ရဟန်းဘဝ စသည်တို့၌ တည်ရှိကြသော ကာမရုပ်နာမ်ပရမတ်တို့ကို အာရုံယူနိုင်ခဲ့သော် ယင်းဇောများ၏ နောင်၌ တဒါရုံ ကျနိုင်၏၊



©shwehinthar.com

ပညတ်ကို အာရုံယူခဲ့သော် တဒါရုံကား မကျနိုင်။ မဟာဝိပါက် တဒါရုံများနှင့် အဟိတ် တဒါရုံများတွင် တစ်မျိုးမျိုးသည် ထိုက်သလို ကျခွင့် ရှိ၏။ ယင်းကုသိုလ်သင်္ခါရ နာမ်တရားစုတို့တွင် —

၁။ ဖဿကား **ဖဿာဟာရ**တည်း။

၂။ စေတနာကား **မနောသဉ္စေတနာဟာရ**တည်း။

၃။ အသိစိတ်ကား **ဝိညာဏာဟာရ**တည်း။ (ကမ္မဝိညာဏ်တည်း။)

၄။ နှလုံးအိမ်အတွင်း၌ တည်ရှိကြသော (၅၄)မျိုးကုန်သော ရုပ်တို့တွင် ပါဝင်တည်ရှိကြသော ဩဇာတို့ကား, တစ်နည်းဆိုရသော် ခန္ဓာကိုယ်၌ တည်ရှိကြသော စတုသမုဋ္ဌာနိကဩဇာတို့ကား **ကဗဠီကာရာဟာရ** တည်း။

ဤအာဟာရလေးပါးတို့ကို စတင်၍ သိမ်းဆည်းပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို သိမ်းဆည်းတတ် ဉာဏ်ဖြင့် ပိုင်းခြားယူတတ်သဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိပြီးပါမှ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ကူးပြောင်းလာသော ယောဂါဝစရပုဂ္ဂိုလ်အဖို့ ဤအာဟာရလေးပါး အမည်ရသည့် ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းဖို့ရန်မှာ မခက်ခဲလှ-တော့ပြီ ဖြစ်၏။

အကယ်၍ အခက်အခဲ ရှိနေပါက, သဘောမပေါက်သေး ဖြစ်နေပါက, သိမ်းဆည်း၍ မရနိုင် ဖြစ်နေပါက မိမိ ရရှိထားပြီးသည့် သမာဓိများကို တစ်ဖန် ပြန်၍ အဆင့်ဆင့် ထူထောင်ပါ။ စတုတ္ထဈာန်သမာဓိကြောင့် လင်းရောင်ခြည်စွမ်းအင်များ အထူးအားကောင်းလာသောအခါ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို တစ်ဖန် ပြန်၍ သိမ်းဆည်းပါ။

ယင်းသို့ ရုပ်နာမ် ပရမတ်တရားတို့ကို သိမ်းဆည်းနေသည့် သမ္မာဒိဋ္ဌိဉာဏ်သည် စွမ်းအားထက်မြက် စူးရှလာသောအခါ ဆွမ်း သင်္ကန်းများကို လှူဒါန်းနေသည့် အချိန်က ဖြစ်ပေါ်ခဲ့သော ရုပ်နာမ်တို့ကို, အထူးသဖြင့် လှူဒါန်းနေသော စိတ်အစဉ်, ဆုတောင်းပန်ထွာနေသော စိတ်အစဉ်တို့ကို သိမ်းဆည်းပါ၊ ဉာဏ်ဖြင့် ပိုင်းခြားယူပါ။

အကယ်၍ ထို အလှူဒါနပွဲမှာ လွန်ခဲ့သော ရက်အနည်းငယ်က, သို့မဟုတ် လအနည်းငယ်က ကျင်းပခဲ့သည်ဖြစ်၍ အနည်းငယ် ဝေးကွာနေ သဖြင့် ယင်းအာဟာရလေးပါး ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းရာ၌ အခက်အခဲ ရှိနေသေးပါက ယောဂါဝစရပုဂ္ဂိုလ်သည် တရားမထိုင်မီ စေတီတော်၌ဖြစ်စေ, ရုပ်ပွား ဆင်းတုတော် တစ်ဆူထံ၌ ဖြစ်စေ ဆီမီးလှူ၍ ရဟန်းဘဝကို ဆုတောင်းကြည့်ပါ။ ဝမ်းမြောက်ဝမ်းသာ စိတ်ပါလက်ပါ ဆုတောင်းကြည့်ပါ။ သို့မဟုတ် အသစ်စက်စက် ကောင်းမှုကုသိုလ် တစ်ခုကို ထပ်ပြုကြည့်ပါ။ ပုံစံတူ ဆုတောင်းကြည့်ပါ။ ထိုအလှူပွဲ၌ —

၁။ ရဟန်းဟု အသိမှားမှုသဘောကား **အဝိဇ္ဇာ**တည်း။

၂။ ယင်းရဟန်းဘဝကို တွယ်တာတပ်မက်မှုသဘောကား **တဏှာ**တည်း။

၃။ ယင်းရဟန်းဘဝကို စိတ်ကပ်ရောက်စွဲနေမှုသဘောကား **ဥပါဒါန်** တည်း။ (ကိလေသဝဋ် သုံးပါးတည်း။)

**ပရမတ္ထတော အဝိဇ္ဇမာနေသု ဣတ္ထိပုရိသာဒီသု ဇဝတိ၊ ဝိဇ္ဇမာနေသုပိ ခန္ဓာဒီသု န ဇဝတီတိ အဝိဇ္ဇာ။** (အဘိ၊ဋ္ဌ၊၂၊၁၂၇။ ဝိသုဒ္ဓိ၊၂၊၁၅၇-၁၅၈။)

ပရမတ္ထအားဖြင့် ထင်ရှားရှိကြသည့် ရုပ်တရား နာမ်တရား ခန္ဓာငါးပါး တို့ကို မသိဘဲ ပရမတ္ထအားဖြင့် ထင်ရှားမရှိကြသည့် ယောက်ျား မိန်းမ လူ နတ် ဗြဟ္မာစသည်တို့ဖြင့် အသိမှားမှု သဘောကား အဝိဇ္ဇာတည်း။ ရဟန်းဟု အသိမှားမှုသဘောလည်း အဝိဇ္ဇာပင်တည်း။ ရဟန်းသည် တကယ်ထင်ရှား ရှိ၏ဟု စွဲလမ်းယုံကြည်မှုကား သက္ကာယဒိဋ္ဌိတည်း။ ဤကိလေသဝဋ်အုပ်စု သည်ကား ယေဘုယျအားဖြင့် ပုထုဇန်များအတွက် လောဘဒိဋ္ဌိအုပ်စုတည်း။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်, ဇော (၇)ကြိမ် ဖြစ်တတ်၏။ မိမိတောင့်တနေသည့် ရဟန်းဘဝ၌ တည်ရှိသော ကာမ-ရုပ်နာမ်ကို အာရုံပြုနိုင်သော်ကား တဒါရုံ ကျခွင့် ရှိ၏။ ကုသလဝိပါက် တဒါရုံများ ထိုက်သလို ဖြစ်နိုင်၏။ ဇောသည် သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်သော် ဇောစိတ္တက္ခဏတိုင်း၌ နာမ်တရား အလုံး (၂၀)စီ အသီးအသီး ရှိ၏။ တစ်ဖန် ကမ္မဝဋ် နှစ်ပါးမှာ အောက်ပါအတိုင်း ဖြစ်၏။


©shwehinthar.com

၄။ စေတီတော်၌ သို့မဟုတ် ရုပ်ပွားဆင်းတုတော်၌ ဆီမီးပူဇော်လှူဒါန်း နေသော ထိုဝဋ္ဋနိဿိတကုသိုလ် စေတနာအုပ်စုကား သင်္ခါရတည်း။ သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်၍ ဉာဏ်ယှဉ်သော် ဇော အသီးအသီး၌ နာမ်တရား (၃၄)လုံးစီ အသီးအသီး ရှိကြမည် ဖြစ်သည်။ စေတီတော် ရုပ်ပွားတော် ဆီမီး စသည်တို့၏ ရူပါရုံအရောင်ကို အာရုံ ယူနိုင်ခဲ့သော် တဒါရုံကျခွင့် ရှိ၏။ တဒါရုံကျခဲ့သော် မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်, ဇော (၇)ကြိမ်, တဒါရုံ (၂) ကြိမ် - ဟူသော မနောဒွါရဝီထိ နာမ်တရားစုတည်း။

၅။ ယင်းအဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ခြံရံထားသော ကုသိုလ်သင်္ခါရတရားစု တို့ကား အနိစ္စတရားစုတို့သာ ဖြစ်ခြင်းကြောင့် ဖြစ်ပြီးလျှင် ပျက်သွား ကြ၏၊ ပျက်သွားသောအခါ နောင်တစ်ချိန်ဝယ် မိမိ မျှော်လင့်တောင့်တ နေသည့် ရဟန်းဘဝတည်းဟူသော ခန္ဓာငါးပါးကို ဖြစ်စေနိုင်သည့် စွမ်းအင် ကမ္မသတ္တိကို ရုပ်နာမ်သန္တာန်အစဉ်၌ မြှုပ်နှံပြီးမှသာလျှင် ချုပ်ပျက်သွား၏။ ယင်း စွမ်းအင်သတ္တိကား ကံတရားပင်တည်း။ နာနာက္ခဏိကကမ္မပစ္စည်းတရားတည်း။

အားလုံးပေါင်းသော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော အကြောင်းတရားငါးပါး စုံညီသွား၏။ နောင်အနာဂတ်အတွက် ရည်မျှော်၍ ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်လိုက်သော ပစ္စုပ္ပန်အကြောင်းတရားငါးပါးတည်း။ ကိလေသဝဋ်နှင့် ကမ္မဝဋ်တည်း။ ယင်းကမ္မဝဋ် အမည်ရသော ဇော အသီးအသီး၌ တစ်နည်းဆိုရသော် သင်္ခါရနှင့် ကမ္မဘဝ အမည်ရသော နာမ်တရားစုတို့၌ —

၁။ ဖဿကား **ဖဿာဟာရ**တည်း။

၂။ စေတနာကား **မနောသဉ္စေတနာဟာရ**တည်း။

၃။ အသိစိတ်ကား **ဝိညာဏာဟာရ**တည်း။

၄။ ရုပ်အာဟာရဟူသော ဩဇာရုပ်တို့ကား ကဗဠီကာရာဟာရတည်း။

ဤအာဟာရလေးပါးတို့ကို စတင်၍ သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ အထက်ပါ ကမ္မဝဋ်တွင် အကျုံးဝင်သော ဖဿ, စေတနာ, ဝိညာဏ် တို့ကား ကျန်စေတသိက်များ မပါဘဲ မိမိတို့ချည်းသက်သက် ဖြစ်နိုင်သည့် စွမ်းအား မရှိကြပေ။ ကျန်စေတသိက်များနှင့် ယှဉ်တွဲရမှသာလျှင် ဖြစ်နိုင်သည့် စွမ်းအား ရှိကြ၏။ သို့အတွက် ယင်းတရားသုံးပါး ဦးဆောင်သည့် သမ္ပယုတ် တရားအားလုံးကိုပါ ရောနှော၍ သိမ်းဆည်းပါ။ တစ်နည်းဆိုရသော် ယင်း မနောဒွါရဝီထိ တစ်ဝီထိလုံးအတွင်း၌ ပါဝင်တည်ရှိကြသော နာမ်တရားတို့ကို နာမ်တုံးနာမ်ခဲတည်းဟူသော နာမ်ဃနအသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ နောင် အနာဂတ်ဇာတိ သို့မဟုတ် ဥပပတ္တိဘဝကို ဖြစ်စေတတ်သည့် ကမ္မဝဋ် တရားများ ဖြစ်ခြင်းကြောင့် မနောဒွါရိကဇောဝီထိ စိတ်အစဉ်များသာ ဖြစ်ကြသည်။

ယင်းနာမ်တရားစုတို့၏ မှီရာ ဝတ္ထုရုပ်များ ဖြစ်ကြသော ဟဒယဝတ္ထုနှင့် တကွ (၅၄)မျိုးကုန်သော ရုပ်တရားတို့ကိုလည်း ယင်းရုပ်တရားတို့တွင် အကျုံးဝင်သော ကဗဠီကာရာဟာရ အမည်ရသော စတုသမုဋ္ဌာနိကဩဇာကို အဦးမူ၍ ရုပ်တုံးရုပ်ခဲ ရုပ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းပါ။ ဒွါရ (၆)ပါးနှင့် (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့ကိုပါ ရောနှော၍ သိမ်းဆည်းလိုပါက သိမ်းဆည်းပါ။

**ဖြစ်တတ်သော သဘာဝ**

အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးတို့၌ ရုပ်နာမ်တို့ကို ပရမတ်သို့ဆိုက်အောင် သိမ်းဆည်းနေသော ယင်းနာမရူပပရိစ္ဆေဒဉာဏ်ကြောင့်လည်း လင်းရောင် ခြည်များ ထွက်ပေါ်နေသည်သာ ဖြစ်သည်။ ထိုသို့ လင်းရောင်-ခြည် အားကောင်းနေသော အချိန်တွင် သူတော်ကောင်းတစ်ဦးသည် ယခုကဲ့သို့ အာဟာရလေးပါး အမည်ရသည့် ကမ္မဝဋ်တရားတို့ကို, တစ်နည်း - ကမ္မဝဋ် နာမ်ရုပ်တို့ကို လှမ်း၍ သိမ်းဆည်းလိုက်ရာ၌ (မနသိကာရအပေါ်တွင် အခြေစိုက်လျက်) ဆွမ်း သင်္ကန်း လှူနေသည့် ပုံကို, သို့မဟုတ် ဆီမီး လှူနေ သည့်ပုံကို အချို့ယောဂီတို့သည် ဉာဏ်ရောင်ထဲ၌ တွေ့မြင်နေတတ်၏။ ထိုအခါတွင် ထိုပုံ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်၍ ရှုပါ။


©shwehinthar.com

ဗဟိဒ္ဓ၌ ရုပ်နာမ်တို့ကို သိမ်းဆည်းတတ်သော သူတော်ကောင်းအဖို့ကား မခက်ခဲတော့ပြီ။ ထိုပုံ၌ တည်ရှိသော ရုပ်နာမ်ကိုလည်း ဗဟိဒ္ဓ၌ ရုပ်နာမ်ကို သိမ်းဆည်းသည့် ပုံစံအတိုင်းပင် ဓာတ်ကြီးလေးပါးက စ၍ သိမ်းဆည်းပါ။ ရုပ်ကလာပ်များကို တွေ့မြင်သောအခါ ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ အထူးသဖြင့် နှလုံး၌ တည်ရှိကြသော (၅၄)မျိုးကုန်သော ရုပ်တရားတို့ကို, ထိုတွင်လည်း ဟဒယဝတ္ထုကို ဦးစားပေး၍ သိမ်းဆည်းပါ။

ထိုသို့ ဟဒယဝတ္ထုရုပ်ကို သိမ်းဆည်းနိုင်ခဲ့သော် ယင်းဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေသော အိမ်ရှင်ဘဝင်မနောအကြည်ဓာတ်ကိုလည်း လွယ်လွယ် ကူကူပင် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်မည် ဖြစ်ပေသည်။ ထိုအခါ ယင်း ဘဝင်မနောအကြည်ဓာတ်ကို ရှေ့တိုးနောက်ဆုတ်သဘောဖြင့် ကြိမ်ဖန်များစွာ သိမ်းဆည်းခဲ့သော် ယင်းဘဝင်မနောအကြည်ဓာတ်တို့၏ အကြားအကြားတွင် ဖြစ်ပေါ်သွားကြသော ဝီထိစိတ်အစဉ်များကိုလည်း လွယ်လွယ်ကူကူ သိမ်းဆည်းနိုင်တော့မည် ဖြစ်ပေသည်။ ထိုဝီထိစိတ်အစဉ်တို့တွင် ယောဂါဝစရ ပုဂ္ဂိုလ်ကိုယ်တိုင် ဆုတောင်းခဲ့သော အထက်တွင် ဖော်ပြခဲ့သော ကိလေသဝဋ် ကမ္မဝဋ် နာမ်တရားစုတို့ကို ရှာဖွေကြည့်ပါ။

**အကြိမ်ကြိမ် ဆန်းစစ်ကြည့်ပါ**

ယောဂါဝစရပုဂ္ဂိုလ်သည် ကောင်းမှုပြုစဉ်၌ ဖြစ်ပေါ်သွားကြသော နာမ်တရားစုတို့ကို ကောင်းမှုပြုစဉ်၌ သတိပြု၍ မှတ်သားထားသင့်၏။ ယခုကဲ့သို့ တစ်ဖန်ပြန်၍ ယင်းကမ္မဝဋ် နာမ်တရားတို့ကို သိမ်းဆည်းရာ၌ သိမ်းဆည်းနိုင်သောအခါ ရှေးယခင် ကောင်းမှုပြုစဉ်က ဆုတောင်းခဲ့သည့် နာမ်တရားများ, တကယ်ဖြစ်ခဲ့သည့် ကုသိုလ်နာမ်တရားများ ဟုတ်မဟုတ်ကို သေချာစွာ ဆန်းစစ်ကြည့်ပါ။ တူသည်ဟု ဆုံးဖြတ်ချက်ချနိုင်လျှင်ကား အောင်မြင်မှုလမ်းစကို ရရှိပြီ ဖြစ်သည်။

ယင်းကမ္မဝဋ်တွင် အကျုံးဝင်သော အာဟာရလေးပါးတို့ကို သိမ်းဆည်းနိုင်သောအခါ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပဋိလောမနည်းအားဖြင့် ပြောင်းပြန်လှန်၍ အတိတ်ဘဝ အတိတ်အဓွန့်တရားဖြစ်သည့် အဝိဇ္ဇာသို့ တိုင်အောင် ဆက်လက် သိမ်းဆည်းရမည် ဖြစ်ပေသည်။

အကယ်၍ ကောင်းမှုပြုစဉ်က စိတ်အစဉ်များနှင့် မိမိ ပြန်လည်၍ သိမ်းဆည်းနိုင်သော စိတ်အစဉ်များသည် မတူညီကြဟု သတိပြုမိလျှင် သမာဓိကို ထူထောင်၍ နည်းတူ ထပ်မံကြိုးစားရမည် ဖြစ်ပေသည်။

အကယ်၍ ကောင်းမှုပြုစဉ်က စိတ်အစဉ်များကို တိတိကျကျ မှန်မှန် ကန်ကန် တကယ်ဖြစ်ခဲ့သည့်အတိုင်း သိမ်းဆည်းမိပါက ဉာဏ်ဖြင့် ပိုင်းခြား ယူနိုင်ပါက ကိလေသဝဋ်ကို ကမ္မဝဋ်၌ပင် ထည့်သွင်းရေတွက်ရသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၂၃၇။)၌ ဖော်ပြထားသော နည်းအရ အနာဂတ် ဝိပါကဝဋ်၏ အကြောင်းရင်းဖြစ်သော ပစ္စုပ္ပန်ကမ္မဝဋ်၌ အကျုံးဝင်သော အာဟာရလေးပါးကို သိမ်းဆည်းမိပြီ ဖြစ်ပေသည်။

**အတိတ်ဘက်သို့ ဉာဏ်ကို ရှေးရှု စေလွှတ်ပါ**

**နန္ဒီ** — ထိုသို့ ကမ္မဝဋ် အာဟာရလေးပါးတို့ကို သိမ်းဆည်းနိုင်ပါက ယင်းကမ္မဝဋ် ကုသိုလ်သင်္ခါရအုပ်စု၏ စွဲမှီရာ အကြောင်းခံဖြစ်သော ကိလေသ ဝဋ် နာမ်တရားစုတို့ကို ဆက်လက် သိမ်းဆည်းပါ။ အဝိဇ္ဇာ, တဏှာ, ကာမုပါဒါန် ဦးဆောင်သည့် မနောဒွါရိကဇောဝီထိစိတ်အစဉ်များပင်တည်း။ ရဟန်းဘဝကို လိုလားတောင့်တသော ကိလေသဝဋ် စိတ်အစဉ်မျိုးကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် လောဘဒိဋ္ဌိအုပ်စု မနောဒွါရိကဇောဝီထိ စိတ်အစဉ်များတည်း။

**ဝေဒနာ** — တစ်ဖန် ယင်းနန္ဒီတရား (= တဏှာတရား = ကိလေသဝဋ်) ၏ စွဲမှီရာ အကြောင်းရင်းဖြစ်သော ဝေဒနာကို ဆက်လက်၍ သိမ်းဆည်းပါ။ သုတ္တန်နည်းအရ ဝေဒနာမှာ ဝိပါက်ဝေဒနာသာ ဖြစ်၏။ ပဉ္စဒွါရဝီထိ၌ ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့နှင့် ယှဉ်သော ဝေဒနာ, မနောဒွါရ၌ တဒါရုံနှင့် ယှဉ်သော ဝေဒနာတည်း။

(အဘိဋ္ဌ၊၂၊၁၇၀။ ဝိသုဒ္ဓိ၊၂၊၂၀၁-၂၀၂။ မဟာဋီ၊၂၊၃၂၃။)

ပဉ္စဒွါရဝီထိတို့၌ ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ဝေဒနာတို့မှာ ရှေးက ပဉ္စဒွါရာဝဇ္ဇန်း မပါဘဲ, နောက်က ဝုဋ္ဌောလည်း မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ မဟာကုသိုလ်ဝီထိ အတိမဟန္တာရုံဝီထိ ဖြစ်က ဇောမပါဘဲလည်း ဖြစ်နိုင်သည့်


©shwehinthar.com

စွမ်းအား မရှိပေ။ တစ်ဖန် ပဉ္စဒွါရဝီထိတို့၌ တဒါရုံမှာလည်း ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌော, ဇောတို့ မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ တစ်ဖန် မနောဒွါရဝီထိ၌ တဒါရုံမှာလည်း မနောဒွါရာဝဇ္ဇန်းနှင့် ဇောတို့ မပါဘဲ ဖြစ်နိုင် သည့် စွမ်းအား မရှိပေ။ တစ်ဖန် ဝေဒနာသည်လည်း ယှဉ်ဖက်သမ္ပယုတ် တရားတို့ မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။

သို့အတွက် ဝိပါက်ဝေဒနာကို အဦးမူသဖြင့် ယင်းဝိပါက်ဝေဒနာနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း, ဝီထိစဉ် တစ်ခု၏ အတွင်း၌ ဖြစ်သွားကြသော နာမ်တရားတို့ကို ရောနှော၍ သိမ်းဆည်းပါကလည်း အပြစ် မဖြစ်နိုင်ပါ။ အကြောင်း-အကျိုးကို သိမ်းဆည်းရာ၌သာ အတိတ်ကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးဖြစ်ပုံ အပိုင်းဝယ် ဝိပါက်ဝေဒနာနှင့်သာ အကြောင်း-အကျိုး စပ်ကာ သိမ်းဆည်းပါ။

ဥပမာ — ရဟန်းဘဝကို ဆုမတောင်းမီ ထိုရဟန်းဘဝအာရုံကို နှစ်ခြိုက် ပျော်မွေ့နေသော ခံစားမှုမျိုးတည်း။ ရဟန်းဘဝအာရုံမှာ အတိဣဋ္ဌာရုံ ဖြစ်သဖြင့် — အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏတဒါရမ္မဏာနိ — ဟူသော အဘိဓမ္မတ္ထသင်္ဂဟနှင့် အညီ ဝေဒနာမှာ သောမနဿဝေဒနာပင် ဖြစ်သည်။ ဝိပါက်ဝေဒနာတို့၌ သောမနဿဝေဒနာ ဖြစ်သကဲ့သို့ ယင်းဝိပါက်ဝေဒနာတို့နှင့် ဝီထိစိတ်အစဉ်တစ်ခု အတွင်းဝယ် ကျရောက် ဖြစ်ပွားသွားကြကုန်သော ဇောတို့၌လည်း သောမနဿဝေဒနာပင် ဖြစ်သည်။ ယင်းဇောတို့မှာ ယောနိသောမနသိ-ကာရ ဖြစ်က ကုသိုလ်ဇော, အယောနိသောမနသိကာရ ဖြစ်က အကုသိုလ်ဇော ထိုက်သလို စောနိုင်၏။ ဤ၌ ယောနိသောမနသိကာရ (= နည်းမှန်လမ်းမှန် နှလုံးသွင်းမှု)ဟူသည်မှာ ဘုရားရှင်၏ တရားစစ် တရားမှန်များကို ရဟန်းဘဝဝယ် သင်ယူနိုင်သည့် အခွင့်အလမ်း, ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်သည့် အခွင့်အလမ်း, သူတစ်ပါး-တို့အား တစ်ဆင့် ဓမ္မဒါန အလှူကြီး ပေးလှူနိုင်မည့် ကုသိုလ် အခွင့်အလမ်းကြီးများ ပွင့်လန်းလျက် ရှိပုံကို အာရုံယူ၍ ဖြစ်ပေါ်နေသော နှလုံးသွင်းမှုမျိုးတည်း။ အနာဂတ် ရဟန်းဘဝကို လှမ်း၍ အာရုံယူနေသဖြင့် မနောဒွါရိက-ဇောဝီထိများသာ ဖြစ်ကြ၏။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ ယင်းတဒါရုံ ဝိပါက်ဝေဒနာကို အဦးမူ၍ ယင်း မနောဒွါရဝီထိ တစ်ဝီထိလုံးအတွင်း၌ တည်ရှိသော နာမ်တရား အားလုံးကိုပင် သိမ်းဆည်းပါ။ ရုပ်နာမ်ကို သိမ်းဆည်းပါ။ ရုပ်နာမ်ကို ပိုင်းခြားမှတ်သားပါ။

အကယ်၍ ပစ္စုပ္ပန်ရူပါရုံစသည့် အာရုံ (၆)ပါးကို အာရုံပြု၍ ဤကဲ့သို့သော ရူပါရုံစသည့် အာရုံမျိုးကို နောင်အနာဂတ် သမ္ပတ္တိဘဝ၌ (ရဟန်းဘဝ၌) ရလိုကြောင်း ဆုတောင်းပန်ထွာ၍ ကုသိုလ်သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်သည် ဖြစ်အံ့၊ ဤဝေဒနာပိုင်းတွင် ပဉ္စဒွါရဝီထိ၌ ပါဝင်သော ဝိပါက်ဝေဒနာ, မနောဒွါရဝီထိ၌ ပါဝင်သော ဝိပါက်ဝေဒနာ အားလုံး ထိုက်သလို ဖြစ်နိုင်၏။ ထိုအခါတွင် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဝိပါက်ဝိညာဏ်တို့နှင့် ယှဉ်သော ဝိပါက်-ဝေဒနာကို အဦးမူ၍ ယင်း ပဉ္စဒွါရဝီထိ မနောဒွါရဝီထိများ၏ အတွင်း၌ ပါဝင်သော နာမ်တရားတို့ကို လည်းကောင်း, မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း သိမ်းဆည်းပါ။ မိမိတို့၏ ဆုတောင်းပန်ထွာမှုအပေါ် အခြေတည်၍ ဝိပါက်ဝေဒနာတို့၏ ထူးထွေ ကွဲပြားမှုကို သဘောပေါက်လေရာသည်။

**ဖဿ** — တစ်ဖန် ယင်းဝေဒနာတရား၏, တစ်နည်းဆိုသော် ယင်း ဝေဒနာ ဦးဆောင်သည့် နာမ်တရားစု၏ အကြောင်းရင်းဖြစ်သော ဖဿကို သိမ်းဆည်းပါ။ ဥပမာ - ရဟန်းဘဝကို ဆုတောင်းရာဝယ် ဆုမတောင်းခင် ဆုမတောင်းမီ ရှေးဦးစွာ ထိုရဟန်းဘဝကို လှမ်း၍ အာရုံယူမည် ဖြစ်သည်။ ယင်းသို့ လှမ်း၍ အာရုံယူရာ၌ ထိုရဟန်းဘဝအာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်သော ထိုရဟန်းဘဝ အာရုံနှင့် မိမိ၏ အသိစိတ်ကို ဆက်သွယ်ပေးနေသော ဖဿသည် ဖြစ်၏။ ယင်းဖဿကို သိမ်းဆည်းပါ။ ယင်း ဖဿနှင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကိုလည်းကောင်း, ယင်းဖဿနှင့် ဝီထိစဉ်တစ်ခု၏ အတွင်း၌ ပါဝင်တည်ရှိကြသော နာမ်တရားစုတို့ကိုလည်းကောင်း, မှီရာဝတ္ထုရုပ်တို့ကို-လည်းကောင်း ဆက်လက်၍ သိမ်းဆည်းပါ။

အကယ်၍ ပစ္စုပ္ပန်ရူပါရုံ စသည့် အာရုံ (၆)ပါးတို့ကို ထိုက်သလို အာရုံပြု၍ ယင်းကဲ့သို့သော အာရုံမျိုးကို နောင်အနာဂတ် သမ္ပတ္တိဘဝ၌ ရလိုကြောင်း ဆုတောင်းပန်ထွာခဲ့သည် ဖြစ်အံ့၊ ထိုပစ္စုပ္ပန်အာရုံ (၆)ပါးတို့နှင့် အသိစိတ်ကို ဆက်သွယ်ပေးနေသည့် ယင်းအာရုံကို တွေ့ထိသော အခြင်း အရာအားဖြင့် ဖြစ်သော ဖဿကို စတင်၍ သိမ်းဆည်းပါ။ ထိုနောင် ယင်း ဖဿနှင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကိုလည်းကောင်း, ယင်းဖဿ ပါဝင် သော ဝီထိစိတ်အစဉ်တစ်ခု


©shwehinthar.com

အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့ကို လည်းကောင်း, မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း ဆက်လက်၍ သိမ်း-ဆည်းပါ။ [စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ (သံ၊၁၊၃၀၀။) . . . စသော ဒေသနာတော်များနှင့် အညီတည်း။]

သဠာယတန — ရဟန်းဘဝကို သို့မဟုတ် မိမိလိုလားတောင့်တသည့် အာရုံအမျိုးမျိုးတို့နှင့် ပြည့်စုံသည့် သမ္ပတ္တိဘဝကို ဆုတောင်းပန်ထွာမှု မပြုမီ, ပြုဆဲ, ပြုပြီးအချိန်တို့၌ ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် သဠာယတန အမည်ရသော ရုပ်တရား နာမ်တရားတို့သည် ဥပါဒ်-ဌီ-ဘင် အနေအထားဖြင့် ရုပ်သန္တတိအစဉ်အားဖြင့် ရှေးနှင့် နောက် ဆက်စပ်လျက် အထပ်ထပ် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဖြစ်ကြ၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တွင် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနဟူသော အတွင်း အာယတန (၆)ပါးကို ပဓာနထား၍ ဟောကြားထားတော်မူ၏။ အတွင်း အာယတနတို့သည် ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနဟူသော အပြင်အာယတနတို့ မပါဘဲ အတွင်း အာယတနချည်းသက်သက် မဖြစ်နိုင်သဖြင့် အတွင်းအာယတနတို့ကို သိမ်းဆည်းပါက ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော ရုပ်ဃန နာမ်ဃန ပြိုရေး, ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးအတွက် အပြင်အာယတနတို့ကိုပါ ရောနှော ၍ သိမ်းဆည်းရမည် ဖြစ်သည်။

ပုံစံတစ်ခုအနေဖြင့် စက္ခာယတနကို ပရမတ်သို့ဆိုက်အောင် သိမ်းဆည်း လိုသည် ဆိုပါစို့။ စက္ခာယတန အမည်ရသော စက္ခုပသာဒသည် မိမိ တစ်ခုတည်း စက္ခာယတနချည်းသက်သက် မဖြစ်နိုင်၊ စက္ခုဒသကကလာပ် အနေဖြင့်သာ အုပ်စုအလိုက် ဖြစ်နိုင်သည့် စွမ်းအား ရှိ၏။ ယင်းစက္ခုဒသက ကလာပ်အတွင်း၌ တည်ရှိသော စက္ခာယတနကို ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းလိုပါက စက္ခုဒသကကလာပ်အတွင်း၌ ပါဝင် တည်ရှိကြသော (၁၀)မျိုးသော ရုပ်တရားတို့ကို ရုပ်တုံးရုပ်ခဲဟူသော ရုပ်ဃန ပြိုအောင် တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ဉာဏ်ဖြင့် ပိုင်းခြားယူပါ၊ သိမ်းဆည်းပါ။ သို့မှသာလျှင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်မည်။ ယင်း (၁၀)မျိုးသော ရုပ်တရားတို့တွင် —

၁။ စက္ခုပသာဒကား စက္ခာယတန (အတွင်းအာယတန),

၂။ ဝဏ္ဏကား ရူပါယတန (အပြင်အာယတန),

၃။ ဂန္ဓကား ဂန္ဓာယတန (အပြင်အာယတန),

၄။ ရသကား ရသာယတန (အပြင်အာယတန),

၅။ ပထဝီ တေဇော ဝါယောတို့ကား ဖောဋ္ဌဗ္ဗာယတန (အပြင်အာယတန),

၆။ အာပေါ, ဩဇာ, ဇီဝိတတို့ကား ဓမ္မာယတန (အပြင်အာယတန)

အားလုံးပေါင်းသော် အာယတန (၆)ပါး ဖြစ်သည်။ စက္ခာယတနသည် အထက်ပါ အပြင်အာယတနများနှင့် ပေါင်းစပ်မိမှသာလျှင် ဖြစ်နိုင်စွမ်း ရှိ၏။ မိမိချည်းကား ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ သို့အတွက် အတွင်း အာယတနကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားလိုလျှင် အပြင်အာယတနကိုပါ ရောနှော၍ သိမ်းဆည်းရှုပွားရ၏။ သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့၌လည်း နည်းတူပင် သဘော ပေါက်ပါ။ တစ်ဖန် မနာယတနအမည်ရသော အသိစိတ်ဟူသမျှသည် ဓမ္မာယတနအမည်ရသော စေတသိက်များ မပါဘဲ, ပဉ္စဝေါကာရ (= ခန္ဓာ ငါးပါး ရှိသော) သတ္တဝါတို့အဖို့ မှီရာဝတ္ထုရုပ်ဟူသော အာယတနများ မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိ။ မနာယတနကို ဃနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းရှုပွားလိုပါက ယင်းမနာယတနနှင့် စိတ္တက္ခဏတစ်ခုအတွင်းဝယ် အတူယှဉ်တွဲဖြစ်လေ့ရှိသော အပြင်အာယတန ဖြစ်သည့် စေတသိက် ဓမ္မာယတနများကိုပါ ရောနှော၍ သိမ်းဆည်း ရှုပွား ရ၏။ ဆိုင်ရာဆိုင်ရာ မှီရာဝတ္ထုရုပ်တရားတို့ကိုလည်း သိမ်းဆည်း ရှုပွားရ၏။

သို့အတွက် အတွင်းအာယတနကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါက အပြင်အာယတနများလည်း


©shwehinthar.com

ထိုက်သလို အကျုံးဝင်လာ သဖြင့် အတွင်းအာယတန (၆)ပါးတို့ကို သိမ်းဆည်းလျှင် အပြင်အာယတန (၆)ပါးတို့ကိုလည်း သိမ်းဆည်းပြီးပင် ဖြစ်တော့၏။ သို့အတွက် အထက်တွင် ဖော်ပြထားသော ဖဿနှင့် ဝေဒနာတို့ မဖြစ်မီ အချိန်က ရှိခဲ့ ဖြစ်ခဲ့သော ရုပ်နာမ်တို့ကို သိမ်းဆည်းလျှင် သဠာယတနကို သိမ်းဆည်းနေသည်ပင် ဖြစ်ပေတော့သည်။

ယင်းသဠာယတန၏ နယ်ကား ပဋိသန္ဓေနာမ်ရုပ်, ပဋိသန္ဓေဝိညာဏ်သို့ တိုင်အောင် ကျယ်ပြန့်လျက် ရှိ၏။ အလားတူပင် သဠာယတန၏ အကြောင်း ခံ ဖြစ်သော နာမ်ရုပ်, ယင်းနာမ်ရုပ်၏ အကြောင်းခံ ဖြစ်သော ဝိညာဏ်တို့မှာ လည်း ပဋိသန္ဓေနာမ်ရုပ်, ပဋိသန္ဓေဝိညာဏ်သို့တိုင်အောင်ပင် ကျယ်ပြန့် လျက် ရှိ၏။

**ယေ တာဝ အာစရိယာ မဟာဝိဟာရဝါသိနော၀ ယထာ ဝိညာဏံ၊ ဇဝံ နာမရူပံ, သဠာယတနံ, ဖဿံ, ဝေဒနဥ္စ ပစ္စယံ, ပစ္စယုပ္ပန္နဥ္စ သသန္တတိပရိယာပန္နံ ဒိပေန္တာ ဝိပါကမေ၀ ဣစ္ဆန္တိ၊** (မဟာဋီ၊၂၊၃၂၃။)

မဟာဝိဟာရဝါသီဆရာတော်တို့၏ အလိုအတိုင်း ပြောဆိုရမူ — ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကိုလည်းကောင်း, မိမိရုပ်နာမ်သန္တာန်အစဉ်၌ အကျုံးဝင်သော အကြောင်းတရား, အကျိုးတရား ကိုလည်းကောင်း ထင်ရှား ပြကုန်သည်ရှိသော် ဝိပါက်တရားကိုသာလျှင် အလိုရှိကြကုန်၏။ (မဟာဋီ၊၂၊၃၂၃။)

သို့အတွက် အထက်ဖော်ပြပါ ဝေဒနာတို့ကိုလည်းကောင်း, ဖဿတို့ကိုလည်းကောင်း သိမ်းဆည်းပြီးသောအခါ ယင်းဖဿ၏ အကြောင်းခံ ဖြစ်သော သဠာယတနတို့ကိုလည်းကောင်း, ယင်းသဠာယတန၏ အကြောင်း ခံ နာမ်ရုပ်တို့ကိုလည်းကောင်း, ယင်းနာမ်ရုပ်၏ အကြောင်းခံ ဝိညာဏ်ကို လည်းကောင်း သိမ်းဆည်းလိုသော ယောဂါ-ဝစရပုဂ္ဂိုလ်သည် ယင်းဖဿ မဖြစ်မီ အချိန်က စ၍ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေသို့တိုင်အောင် ဉာဏ်ကို စေလွှတ်လျက် ရုပ်နာမ်တို့ကို တစ်စတစ်စ ရှေးသို့ တိုး၍တိုး၍ သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ ဝီထိစဉ်တစ်ခုအတွင်း၌ ကျရောက်-လျက်ရှိကြသော ဝိပါကဝဋ်တရားများကိုသာမက ကိလေသဝဋ် ကမ္မဝဋ် ဖြစ်ကြသည့် ဇော နာမ်တရားတို့ကိုပါ ရောနှော၍ သိမ်းဆည်းသွားပါကလည်း အပြစ် မဖြစ်ပါ။ အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရား ဖြစ်ပုံကို ရှုသည့် အပိုင်း၌သာ ဝိပါက်တရားတို့ကို ဦးစားပေး၍ အကြောင်း-အကျိုးတို့ကို သိမ်းဆည်းပါ။

ဥပမာ - စက္ခုဒွါရဝီထိ ဆိုကြပါစို့။ ယင်းစက္ခုဒွါရဝီထိ၏ အတွင်း၌ ပါဝင်တည်ရှိကြသော **စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ**ဟူသော မနာယတနတွင် အကျုံးဝင်သော ဝိပါက်နာမ်တရားစုတို့ကို သိမ်းဆည်း လိုသော် စက္ခုဝိညာဏ်စိတ်၏ ရှေ့တွင် ကပ်လျက်ရှိသော ပဥ္စဒွါရာဝဇ္ဇန်း ဟူသော အာဝဇ္ဇန်းစိတ် မပါဘဲ စက္ခုဒွါရဝီထိစိတ်တို့သည် မဖြစ်ပေါ်လာနိုင် ကြသဖြင့် ပဥ္စဒွါရာဝဇ္ဇန်းကသာ စ၍ သိမ်းဆည်းရ၏။ ဝိပါက်တရားများကို သန္တတိဃနစသည့် နာမ်ဃန အတုံးအခဲ ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းရင်းပင် ပဥ္စဒွါရာဝဇ္ဇန်းကိုပါ သိမ်းဆည်းပြီး ဖြစ်သွား ၏။ တစ်ဖန် တဒါရုံဝိပါက်ကို သိမ်းဆည်းလိုပါက ဇောမပါဘဲ တဒါရုံမှာလည်း ဖြစ်ရိုးဓမ္မတာ မရှိ၊ ဖြစ်နိုင်သည့် ဓမ္မတာ မရှိ၊ ဇောယူထားသည့် အာရုံကိုသာ တဒါရုံက ဆက်ခံသောကြောင့် ဖြစ်၏။ ထိုကြောင့် တဒါရုံကို သိမ်းဆည်းရင်း ဇောကိုလည်း သိမ်းဆည်းမိပြီး ဖြစ်သွား၏။

တစ်ဖန် ဇောမှာလည်း ပဥ္စဒွါရဝီထိ၌ ဝုဋ္ဌော မပါဘဲ, မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်း မပါဘဲ ဖြစ်ရိုးဓမ္မတာ မရှိသဖြင့် တဒါရုံဝိပါက်ကို သိမ်းဆည်း မှုသည် ပဥ္စဒွါရဝီထိ၌ ဝုဋ္ဌောနှင့် ဇောကိုပါ, မနောဒွါရဝီထိ၌ မနောဒွါရာ ဝဇ္ဇန်းနှင့် ဇောကိုပါ သိမ်းဆည်းခြင်းလုပ်ငန်းကို ပူးတွဲဆောင်ရွက်ပြီး ဖြစ်သွား၏။

ယင်းဇောတို့မှာ ဝုဋ္ဌောနှင့် မနောဒွါရာဝဇ္ဇန်းတို့၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ယောနိသောမနသိကာရ ဖြစ်လျှင် ကုသိုလ်ဇော, အယောနိသော မနသိကာရ ဖြစ်လျှင် အကုသိုလ်ဇောများ ထိုက်သလို ဖြစ်ကြ၏။ အကုသိုလ် ဇောတို့ကား ကိလေသဝဋ်တရားတို့လည်း ဖြစ်နိုင်ကြ၏၊ ကမ္မဝဋ်တရား တို့လည်း ဖြစ်နိုင်ကြ၏။ ကုသိုလ်ဇောတို့ကား ကမ္မဝဋ် တရားစုတို့တည်း။ သို့အတွက် ဝိပါကဝဋ်တရားတို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းခဲ့သော် ကိလေသဝဋ် ကမ္မဝဋ်တရားတို့သည်လည်း "တစ်နွယ်ငင် တစ်စင်ပါ"ဟူသော အဝိနာဘာဝနည်းအရ ပါဝင်၍ သွားကြ၏။ ယင်း ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တရားစုတို့မှာ ပဥ္စဝေါကာရဘုံ၌ မှီရာ ဝတ္ထုရုပ်တို့ကိုသာ ထိုက်သလို မှီ၍ ဖြစ်ကြရသဖြင့် နာမ်တရားတို့ကို ပုံစံမှန် သိလိုပါက သိမ်းဆည်းလိုပါက မှီရာဝတ္ထုရုပ်တို့ကိုလည်း ပူးတွဲလျက် သိမ်းဆည်းရပြန်၏။ ယင်းမှီရာဝတ္ထုရုပ်တို့မှာလည်း ဝိပါကဝဋ်တရားစုတို့ ပင်တည်း။ မကောင်းစကောင်းသော အဝိနာဘာဝနည်းအရ ဆိုရသော်


©shwehinthar.com

စတုသမုဋ္ဌာနိကရုပ်တရားစုတို့ပင်တည်း။ သို့အတွက် ဝိပါကဝဋ်အမည်ရသော သဠာယတန, နာမ်ရုပ်, ဝိညာဏ်တို့ကို ယနအသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလျှင် ကိလေသဝဋ် ကမ္မဝဋ်တို့လည်း ပါဝင်နိုင်၍ ရောနှော၍ သိမ်းဆည်းလျှင်လည်း အပြစ်မဖြစ်နိုင်ကြောင်းကို ရေးသားတင်ပြရခြင်း ဖြစ်သည်ဟု မှတ်ပါ။

**ယောဂီတို့၌ တွေ့ကြုံတတ်သည့် သဘာဝတစ်ရပ်**

ထိုသို့ သိမ်းဆည်းရာ၌ ရုပ်နာမ်ပရမတ် အာရုံပေါ်သို့သာ စိတ်ကျလျက် ရုပ်နာမ်သက်သက်ကိုပင် ပဋိသန္ဓေမတိုင်မီ ဘဝတစ်လျှောက်၌ တကယ် ဖြစ်ခဲ့သည့်အတိုင်း သိမ်းဆည်းမိလျှင် ပို၍ ကောင်းသည်သာ ဖြစ်ပါသည်။ သို့သော် ထိုသို့ အတိတ်ဘက်သို့ ဉာဏ်ကို စေလွှတ်လျက် ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ ကြိုးကြားကြိုးကြား ရံခါရံခါ ကောင်းမှုပြု-ခဲ့သည့် ရုပ်ပုံလွှာ များနှင့် မကောင်းမှုပြုခဲ့သည့် ရုပ်ပုံလွှာများလည်း ပေါ်လာတတ်၏။ ယင်းသို့ ရုပ်ပုံလွှာများ ပေါ်လာခြင်းမှာ သတ္တဝါတို့၏ စိတ်ဓာတ်သည် သူကောင် ငါကောင်စသည့် အကောင်အထည် အတုံးအခဲတို့အပေါ်၌ သံသရာ တစ်လျှောက်ဝယ် ကျက်စားမှု များခဲ့သဖြင့် ရုပ်နာမ်ပရမတ်တို့ကို သိမ်းဆည်း ရာက ပညတ်အတုံးအခဲပေါ်သို့ တစ်ခါတစ်ရံ စိတ်ကျရောက်သွားခြင်း (နှလုံးသွင်းမိခြင်း)ကြောင့် ဖြစ်၏။

**ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပာပုဏာတိ၊ ခယဝယဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ။** (ဝိသုဒ္ဓိ၊၂၊၂၇၇။)

**နိမိတ္တန္တိ သင်္ခါရနိမိတ္တံ၊ ယံ သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊ တံ သင်္ခါရနိမိတ္တံ။**

(မဟာဋီ၊၂၊၄၃၉။)

**နိမိတ္တခမ္မေသူတိ သမူဟာဒိဃနဝသေန စ သကိစ္စပရိစ္ဆေဒတာယ စ သပရိဂ္ဂဟေသု ခန္ဓေသု။** (မူလဋီ၊၁၊၁၁၃။)

နိမိတ္တခမ္မာ သင်္ခါရာ တေဟိ သနိမိတ္တာ သဝိဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တီတိ တေသံ အဘာဝိတဘာဝနဿ ဘာဝိတဘာဝနဿ စ ဥပဋ္ဌဟနာကာရံ ဒဿေန္တော **“သမူဟာဒီ”**တိအာဒိမာဟ။ (အနုဋီ၊၁၊၁၂၁။)

= ဝိပဿနာဉာဏ်သည် ထက်မြက်သည်ဖြစ်၍ ဖြစ်ပေါ်လာလတ်သော် ထက်မြက်သည်၏ အဖြစ်ကို ရွက်ဆောင်သည်ရှိသော် သင်္ခါရတရားတို့သည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဖြစ်ခြင်း ပျက်ခြင်း (= ဥဒယဗ္ဗယ)၏ အစွမ်းဖြင့် လျှင်လျှင်မြန်မြန် ထင်လာလတ်ကုန်သော် [ ယင်းသင်္ခါရတို့၏ အဖြစ်ကို နှလုံးမသွင်းတော့ဘဲ အပျက်ကိုသာလျှင် တစ်ဖက်သတ် နှလုံး သွင်းခြင်းကြောင့် (မဟာဋီ၊၂၊၄၃၉။) ] —

၁။ **ဥပ္ပါဒ** = ဖြစ်ခြင်း ဥပါဒ်ဟူသော အခြင်းအရာထူးသို့လည်းကောင်း,

၂။ **ဌိတိ** = တည်ခြင်း ဌီဟူသော ဇရာသို့လည်းကောင်း,

၃။ **ပဝတ္တ** = ဥပါဒိန္နကပဝတ္တတရားသို့လည်းကောင်း (= အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံသို့လည်းကောင်း),

၄။ **နိမိတ္တ** = သင်္ခါရတရားတို့၏ အထည်ကိုယ် လုံးလုံးလျောင်းလျောင်း သဏ္ဌာန်စသည် ထင်ခြင်းမျှသို့လည်းကောင်း —

ဝိပဿနာဉာဏ်သည် မရောက်ရှိတော့ပေ။ ဝိပဿနာဉာဏ်သည် လိုက်မမီတော့ပေ။

၁။ **ခယ** = ကုန်ခြင်းသဘော,

၂။ **ဝယ** = ပျက်ခြင်းသဘော,

၃။ ဘေဒ = ပြိုခြင်းသဘော,

၄။ **နိရောဓ** = ခဏမစဲ တသဲသဲ ချုပ်ခြင်းသဘော,

ဤ **ခယ-ဝယ-ဘေဒ-နိရောဓ**ဟု ဆိုအပ်သော **ခဏိကနိရောဓ** (=ခဏ အားဖြင့် ချုပ်ပျက်ခြင်း) သဘောတရား၌သာလျှင် သတိသည် ကောင်းစွာ တည်နေ၏။ (ဝိသုဒ္ဓိ၊၂၊၂၇၇။)


©shwehinthar.com

သင်္ခါရနိမိတ် — အထည်ကိုယ် လုံးလုံးလျောင်းလျောင်း သဏ္ဌာန်စသည်ကဲ့သို့ ထင်လာသော — သန္တတိဃန (= ရုပ်နာမ်သန္တတိအစဉ်အတန်း အတုံးအခဲ), **သမူဟဃန** (= ရုပ်နာမ်အပေါင်းအစု အတုံးအခဲ), **ကိစ္စဃန** (= ရုပ်နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ), **အာရမ္မဏဃန** (= သင်္ခါရတို့ကို အာရုံ ယူတတ်သော ဝိပဿနာ ရှုနေသော နာမ်တရားတို့၏ အတုံးအခဲ) ဟူသည့် ဃနအတုံးအခဲ မပြိုသေးသော သင်္ခါရတရားတို့၏ အစုအပုံ အတုံးအခဲကို သင်္ခါရနိမိတ်ဟု ခေါ်ဆို၏။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို မစီးဖြန်းရသေး သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌-လည်းကောင်း, ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းဖူးသော်လည်း ဘင်္ဂဉာဏ်သို့တိုင်အောင် မဆိုက်ရောက် သေးသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း သင်္ခါရနိမိတ်တို့သည် အတုံး လိုက် အခဲလိုက် ရံခါ ထင်လာတတ်သေး၏။

**ခယာနုပဿနံ ဘာဝေန္တော ဃနသညံ ပဇဟတိ။** (ဝိသုဒ္ဓိ၊၂၊၂၆၄။)

**ဘင်္ဂါနုပဿနတော ပဋ္ဌာယ တဿာ ပါရိပူရိတိ ဃနသညာယ ပဟာနံ ဟောတိ၊ တတော ပုဗ္ဗေ အပရိပုဏ္ဏတာယ တံ န ဟောတိ။**

(မဟာဋီ၊၂၊၄၁၇။)

ဤအဋ္ဌကထာ ဋီကာအဖွင့်တို့နှင့် အညီ ဘင်္ဂဉာဏ်ပိုင်းသို့ ရောက်ရှိပါမှ ခယာနုပဿနာဉာဏ် (= ဘင်္ဂါနုပဿနာဉာဏ်)သည် ပြီးပြည့်စုံလာ၏။ ထိုကြောင့် ယင်းဉာဏ်က ဃနသညာကို ပယ်စွန့်နိုင်၏။

သာဝကတို့သည် ဧကဒေသ (= အချို့အဝက်သော) သင်္ခါရတို့ကိုသာ သိမ်းဆည်း ရှုပွားနိုင်သဖြင့် ပရမတ်သို့ ဆိုက်အောင် သိမ်းဆည်းလိုက်နိုင်သော ရုပ်ကလာပ်တို့လည်း ရှိရာ၏။ ပရမတ်သို့ ဆိုက်အောင် မသိမ်းဆည်း လိုက်နိုင်သော ရုပ်ကလာပ်တို့လည်း ရှိရာ၏။ ရံခါ မသိမ်းဆည်းလိုက်နိုင်သော ရုပ်ကလာပ်တို့၏ အစုအပုံ အတုံးအခဲကြီးများကို ဘင်္ဂဉာဏ်သို့ မဆိုက်မီ တွေ့နေရတတ်သေးသည်။ ဘင်္ဂဉာဏ်သို့ ဆိုက်ရောက်သွားသော အခါ၌ကား ယင်းရုပ်ကလာပ်အတုံးအခဲများကို ယောဂါဝစရပုဂ္ဂိုလ်က မတွေ့မြင်တော့ဘဲ ပရမတ္ထဓာတ်သားသက်သက် အာရုံပေါ်သို့ ဝိပဿနာဉာဏ်သည် ကျရောက် သွားပေသည်။

ဘင်္ဂဉာဏ်သို့ မဆိုက်ရောက်မီ၌ကား ယောဂါဝစရပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်းဟူသည့် မနသိကာရအပေါ်၌ အခြေစိုက်၍ ယင်းသင်္ခါရ အတုံးအခဲကြီးများသည် အထည်ကိုယ် လုံးလုံးလျောင်းလျောင်းပုံသဏ္ဌာန် စသည်ဖြင့် ထင်လာတတ်ပေသည်။ ဝိပဿနာဘာဝနာဉာဏ်က ပြည့်ပြည့် စုံစုံ မဖြစ်ပေါ်လာသေးသည့်အတွက် ရုပ်တုံး ရုပ်ခဲ နာမ်တုံး နာမ်ခဲဟူသည့် အတုံးအခဲတို့အပေါ်၌ မှတ်သားတတ် နှလုံးသွင်းတတ်သော ဃနသညာကို (= ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ အမှတ်သညာ)ကို မပယ်စွန့်နိုင်သေးသော ကြောင့် ဖြစ်၏။ (မဟာဋီ၊၂၊၄၁၇။)

ယခုကဲ့သို့ အကြောင်းတရားတို့ကို သိမ်းဆည်းနေသည့် ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်း၌လည်း အလားတူပင် ယောဂါဝစရပုဂ္ဂိုလ်၏ မနသိကာရ နှလုံး သွင်းမှုအပေါ်၌ အခြေတည်၍ အထည်ကိုယ် လုံးလုံးလျောင်းလျောင်း ပုံသဏ္ဌာန်ကဲ့သို့ သင်္ခါရနိမိတ်တို့သည် ထင်လာတတ်ပေသည်။

သို့သော် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဟူသည့် ဃနအတုံးအခဲ မပြိုသေးသည့် ယင်းပညတ်ပုံရိပ်တို့ကား အာကာသကသိုဏ်းပညတ် စသည်တို့ကဲ့သို့ ပရမတ္ထဓာတ်သားကို ထုတ်ယူ၍ မရရှိနိုင်သည့် ပညတ်ပုံရိပ်တို့ကား မဟုတ်ကြပေ။ ယောဂါဝစရပုဂ္ဂိုလ်က ယင်းပညတ်ပုံရိပ် အတုံးအခဲတို့၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့ကို နေရာတကျ စတင် သိမ်းဆည်းတတ်ပါက ပရမတ္ထဓာတ်သား အနှစ်တို့ကို ယင်းပညတ်ပုံရိပ် အတုံးအခဲတို့မှ ထုတ်ယူ၍ ရရှိနိုင်ပေသည်။ ဆိုလိုသည်မှာ ယင်းပုံရိပ်တို့၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့ကို စတင်သိမ်းဆည်းနိုင်ပါက ရုပ်ကလာပ် များကို တွေ့ရှိနိုင်သည်၊ ယင်းရုပ်ကလာပ်တို့၌ တည်ရှိသော ရုပ်တရားတို့ကို ဆက်လက် သိမ်းဆည်းနိုင်သည်၊ ယင်းရုပ်တရားတို့ကို မှီ၍ ယင်းရုပ်တရား တို့ကို အာရုံယူ၍ သို့မဟုတ် ပညတ်အမျိုးမျိုးတို့ကို အာရုံယူ၍ ဖြစ်ပေါ် လာကြကုန်သော နာမ်တရားတို့ကို သိမ်းဆည်းနိုင်သည် — ဤသို့ စသည်ကို ဆိုလိုပေသည်။

ပညတ်နယ်မှာ အလေ့အကျက်များခဲ့သော စိတ်ဓာတ်၏ စွမ်းအင်ကြောင့် ယင်းစိတ်တို့တွင် ပါဝင်သော မနသိကာရက ပညတ်အတုံးအခဲတို့ကို အာရုံယူမိသောကြောင့် “ဤသို့ တွေ့လေမလား? ဤပုံ တွေ့လေမလား?” ဤသို့စသော အတွေးအခေါ်များကြောင့် (= အမှတ်သညာများကြောင့် = နှလုံးသွင်းမှုများကြောင့်) ပညတ်အတုံးအခဲများ


©shwehinthar.com

ပညတ်ပုံရိပ်များ ပေါ်လာ ကြခြင်း ဖြစ်ရာ ပရမတ်ကို တစ်ဖန်ပြန်၍ အာရုံယူနိုင်ပါက ပရမတ်သို့ တစ်ဖန်ပြန်၍ ဆိုက်ရောက်နိုင်သည်သာ ဖြစ်ပေသည်။ ပညတ်မှ ပရမတ် ဟူသည့် ဓာတ်အနှစ်ကို ထုတ်ယူခြင်းပင် ဖြစ်သည်။

**ကလလရေကြည်အခိုက် ရုပ်နာမ်**

ထိုသို့ အတိတ်ရုပ်နာမ်တို့ကို တဖြည်းဖြည်း နောက်ကြောင်းပြန်၍ သိမ်းဆည်းရာ၌ ယောဂီအများစုတို့၌ အမှတ်တရ ကောင်းမှုပြုခဲ့သည့် ပုံများ, အမှတ်တရ မကောင်းမှုပြုခဲ့သည့် ပုံများလည်း ရံခါ ပေါ်လာတတ်၏။ ဝမ်းသာနေသည့် ရုပ်ပုံလွှာများ, ဝမ်းနည်းနေသည့် ရုပ်ပုံလွှာများကိုလည်း ရံခါ တွေ့မြင်နေတတ်၏။ ဝမ်းသာနေသည့် စိတ်အစဉ်များကို တစ်ဖန် ပြန်၍ ရှုနိုင်သောအခါ ယခုတစ်ဖန် ပြန်၍ ဝမ်းသာမှုကို ခံစားနေရတတ်၏၊ ဝမ်းနည်းနေသည့် စိတ်အစဉ်များကို တစ်ဖန် ပြန်၍ ရှုနိုင်သောအခါ၌ ယခုတစ်ဖန် ပြန်၍ ဝမ်းနည်းနေတတ်၏။ အတိတ်၏ အရိပ်များ ပစ္စုပ္ပန်၌ ရောင်ပြန်ဟပ်နေခြင်း ဖြစ်၏။

ယခု ပစ္စုပ္ပန်တွင် ဝမ်းသာဖွယ်အာရုံနှင့် တွေ့ကြုံပါက ဝမ်းသာမှု ဖြစ်တတ်သကဲ့သို့ ဝမ်းနည်းဖွယ်ရာ အာရုံနှင့် တွေ့ကြုံရပြန်ကလည်း ဝမ်းနည်းနေတတ်သကဲ့သို့ အလားတူပင် အတိတ်၏ ဝမ်းသာဖွယ်အာရုံကို အာရုံပြု၍ ဝမ်းသာခြင်း, အတိတ်၏ ဝမ်းနည်းဖွယ်အာရုံကို အာရုံပြု၍ ဝမ်းနည်းခြင်းပင် ဖြစ်၏။ ထိုအခါ အတိတ်ကို အတိတ်မှာပင် ထားခဲ့၍ ရုပ် နာမ်တို့ကိုပင် ဆက်လက် သိမ်းဆည်းနိုင်အောင် ကြိုးစားပါ။

ထိုသို့ ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ ယောဂီအများစုတို့သည် ကြီးရာမှ ငယ်ငယ်ဆင်းသွားသည့် မိမိ၏ ရုပ်ပုံလွှာများကို အထူးသတိပြုမိတတ်ကြ၏။ ကလေးဘဝက မကျေနပ်ချက်တွေ တစ်ပုံကြီးဖြင့် ခြေဆောင့်နေပုံတို့ကိုလည်း တွေ့မြင်နေတတ်၏။ ဝမ်းသာမှု တစ်ပုံကြီးဖြင့် မြူးထူးနေပုံကိုလည်း တွေ့မြင် နေတတ်၏။ ထိုအခါတွင် ထိုပုံများ၌ တည်ရှိသော ဓာတ်ကြီးလေးပါးမှ စ၍ ရုပ်နာမ်တို့ကိုပင် ဆက်လက်၍ သိမ်းဆည်းပါ။

တဖြည်းဖြည်း ကလေးဘဝမှ အမိဝမ်းတွင်းသို့, အမိဝမ်းတွင်းမှ ကလလရေကြည်သို့ တိုင်အောင် ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ အချို့ ယောဂီများ၌ကား ကလလရေကြည်ကို စတင် သတိပြုမိရာ၌ ကလလ ရေကြည်တုံးမှာ ကြီးနေသည်ကို တွေ့ရတတ်၏။ ကလလရေကြည် တည်စခိုက်သို့ ဉာဏ်အမြင် မဆိုက်ရောက်သေးခြင်းပင် ဖြစ်၏။ ဤတွင် ကလလရေကြည်အကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြပေအံ့။

**ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။** (သံ၊၁၊၂၀၈။)

**ကလလံ သမ္ဘဝနွတီတိ အတ္တဘာဝေါ ဘူတုပါဒါရူပသင်္ခါတော သန္တာနဝသေန ပဝတ္တမာနော ကလလံ နာမာတိ ကထီယတိ။** (သံ၊ဋီ၊၁၊၃၀၆-၃၀၇။)

၁။ **ကလလရေကြည်** – ကလလရေကြည်ဟူသည် ပဋိသန္ဓေတည်စမှ စ၍ (၇)ရက်အတွင်း၌ ဖြစ်သော ဘူတရုပ် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်သော သန္တာန် အစဉ်၏ အစွမ်းဖြင့် ဖြစ်ပေါ်နေသော ခန္ဓာကိုယ် အတ္တဘော ဟူသော ရုပ်အစဉ်၏ ဝေါဟာရ ဖြစ်၏။ ထိုကလလရေကြည်၏ ပမာဏသည် ဟိမဝန္တာ၌ ရှိသော ပင်ကိုသဘာဝအားဖြင့် အလွန်နူးညံ့- သိမ်မွေ့သော အမွေး ရှိသော တောဆိတ်၏ အမွေးတစ်မျှင်ကို ဆီကြည်၌ နှစ်၍ ပြန်ထုတ်သော အခါ အမွေးမှ လျှောကျ၍ အဖျား၌ စုနေသော ဆီကြည်ပေါက် ပမာဏ ရှိ၏။ (အဘိ၊ဋ္ဌ၊၂၊၂၀၀။ မူလဋီ၊၂၊၁၇။ အနုဋီ၊၂၊၂၃။)

၂။ သံယုတ္တဘာဏကပုဂ္ဂိုလ်တို့ အလိုအားဖြင့် ဝမ်းမှ ခွဲယူအပ်သော ဆိတ်ငယ်၏ အမွေး (၃)ချောင်းကို ကျစ်၍ ဆီကြည်၌ နှစ်ပြီး ပြန်ထုတ်သောအခါ အဖျား၌ တည်သော ဆီကြည်ပေါက်ပမာဏ ရှိ၏။

(သံ၊ဋ္ဌ၊၁၊၂၇၄။ သံ၊ဋီ၊၁၊၃၀၆။)

ယင်းကဲ့သို့ သန္တာန်အစဉ်၏ အစွမ်းဖြင့် အဆက်မပြတ် အထပ်ထပ် ဖြစ်နေသော ရေကြည်အတုံးအခဲကို အတုံးလိုက် အခဲလိုက် ဃနမပြိုမီ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်က တွေ့မြင်လိုက်သောအခါ ယင်း ရေကြည် အတုံးအခဲမှာ ခပ်ကြီးကြီး အတုံးအခဲ ဖြစ်နေခြင်း ဖြစ်သည်။ ယောဂါဝစရ ပုဂ္ဂိုလ်၏ ပစ္စယပရိဂ္ဂဟဉာဏ်မှာလည်း အားသစ်စသာ ဖြစ်နေသေးသဖြင့် မရင့်ကျက်သေးသောကြောင့်လည်းကောင်း, ရံခါ ပညတ်အတုံးအခဲကို နှလုံးသွင်းမိခြင်းကြောင့်လည်းကောင်း ကလလရေကြည်ကို အတုံးလိုက် အခဲလိုက် တွေ့မြင်နေခြင်း ဖြစ်၏။ ယင်းအတုံးအခဲတွင် ကာယဒသက-


©shwehinthar.com

ကလာပ်ပေါင်းလည်း များစွာ ပါဝင်လျက် ရှိ၏။ ဃနမပြိုသေးသော ယင်း ကာယဒသကကလာပ်တို့၏ အပေါင်းအစု အတုံးအခဲကား –အာဒါသတလံ ဝိယ ဝိပ္ပသန္နတ္တာ ပသာဒရူပံ။ (ဝိသုဒ္ဓိ၊၂၈၁။) ဟူသော အဋ္ဌကထာနှင့် အညီ မှန်ပြင်ကဲ့သို့ ကြည်လင်နေသော အတုံးအခဲ ဖြစ်၏။

ထိုအကြည်အတုံးအခဲ၌ ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်ရှု၍ ရုပ်ကလာပ်အမှုန်များကိုသာ တွေ့မြင်သောအခါ ရုပ်နာမ်တို့ကို ဆက်လက် သိမ်းဆည်းပါ။ ကလလရေကြည် တည်စခိုက် ခေါင်ဆုံး အချိန်သို့ ရောက်အောင် တဖြည်းဖြည်း ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ ပဋိသန္ဓေကလလရေကြည် တည်စခိုက်၌ ဟဒယဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၃)မျိုး, ရုပ်အမျိုးအစား (၃၀) ရှိ၏။ ယင်းရုပ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ၊ သိမ်းဆည်းပါ။ တစ်ဖန် ယင်းရုပ်တရားတို့တွင် ပါဝင်သော ဟဒယဝတ္ထုကို ဆက်လက်၍ အကြိမ်ကြိမ် သိမ်းဆည်းပါ။ ထိုအခါတွင် ယင်းဟဒယဝတ္ထုကို မှီ၍ ဖြစ်နေကြသော ပဋိသန္ဓေနာမ်တရားတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ တိဟိတ် လူသားများအတွက် ကွက်၍ဆိုရမူ ယင်းနာမ်တရားတို့မှာ အောက်ပါ အတိုင်း ဖြစ်ကြ၏။

၁။ တိဟိတ် သောမနဿပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၄)လုံး,

၂။ တိဟိတ် ဥပေက္ခာပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၃)လုံး

ဤသို့ အသီးအသီး ဖြစ်၏။ ရုပ်ကလာပ် အမျိုးအစား (၃)မျိုး, ရုပ်အမျိုးအစား (၃၀)ကား ရုပ်တရား၊ ပဋိသန္ဓေစိတ်စေတသိက်တို့ကား နာမ်တရားတည်း။ ခန္ဓာနည်းအရ ခန္ဓာငါးပါးတည်း။ ယင်းခန္ဓာငါးပါး (= ရုပ်နာမ်နှစ်ပါး)သည် ဝိပါကဝဋ်တွင် အကျုံးဝင်သော အာဟာရလေးပါးတည်း။ ယင်းခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး (= ဝိပါကဝဋ် အာဟာရလေးပါး)သည် မည်သည့်အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရပါသနည်းဟု သိလိုသော စိတ်ဓာတ်ဖြင့် ရှေး အတိတ်ဘဝဘက်သို့ ဉာဏ်ကို စေလွှတ်၍ ဉာဏ်အလင်းရောင်ဖြင့် ထိုးစိုက်၍ ရှုကြည့်ပါ။

ထိုသို့ ရှုခဲ့သော် သေခါနီးပုံကိုသော်လည်းကောင်း, အကျိုးပေးတော့မည့် ကံ၏ စွမ်းအင်သတ္တိကြောင့် သေခါနီးကာလ မရဏာသန္နအခါဝယ် ထင်လာ သော မရဏာသန္နဇော၏ အာရုံဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကိုသော်လည်းကောင်း ဉာဏ်အလင်းရောင်အောက်တွင် တွေ့ရှိတတ်ပေသည်။

အကယ်၍ သေခါနီးပုံကို တွေ့မြင်ခဲ့သော် ထိုပုံ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို သိမ်းဆည်းကာ ယင်းဓာတ်လေးပါးကိုပင် အာရုံယူကာ သမာဓိကို ထူထောင်ပါ။ ထိုနောင် ရုပ်ကလာပ်များကို တွေ့မြင်သောအခါ ရုပ်တရားများကို ဆက်လက်သိမ်းဆည်းပါ။ အထူးသဖြင့် နှလုံးအိမ်၌ တည်ရှိကြသော (၅၄)မျိုးသော ရုပ်တရားတို့ကို, ထိုတွင်လည်း ဟဒယဝတ္ထု ရုပ်ကို ဦးစားပေးကာ သိမ်းဆည်းပါ။ တစ်ဖန် ယင်းသို့ ဟဒယဝတ္ထုရုပ်ကို သိမ်းဆည်းနိုင်ခဲ့သော် ယင်းဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေသော ဘဝင် မနောအကြည်ဓာတ်ကိုလည်းကောင်း, ယင်းဘဝင်တို့၏ အကြားအကြား၌ ဖြစ်သွားကြကုန်သော ဝီထိစိတ်အစဉ် နာမ်တရားစုတို့ကိုလည်းကောင်း သိမ်းဆည်းနိုင်မည် ဖြစ်ပေသည်။ ထိုသို့ ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ သေခါနီးမရဏာသန္နဇော စောသည့် ဝီထိစိတ်အစဉ်ကို ဦးစားပေးကာ သိမ်းဆည်းပါ။ ယင်းမရဏာသန္နဇောကား အတိတ်ဘဝဝယ် နောက်ဆုံး ဖြစ်သွားသော ဇောဝီထိစိတ်အစဉ် ဖြစ်၏။ ယင်း မရဏာသန္နဇောကို သိမ်းဆည်းမိပါက ယင်းမရဏာသန္နဇော၏ အာရုံ ဖြစ်သည့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကို တွေ့ရှိမည် ဖြစ်ပေသည်။

ယင်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အာရုံ သုံးမျိုးတို့တွင် ထင်လာသော တစ်မျိုးမျိုးသော အာရုံသည်ကား အကျိုးပေးတော့မည့် ကံ၏ စွမ်းအင်သတ္တိကြောင့် ထင်လာသော အာရုံဖြစ်သဖြင့် အကျိုးပေးနေသည့် ကံကို ရှာဖွေရန်အတွက် အဓိက အရေးကြီးသော သော့ချက်တစ်ခုပင် ဖြစ်ပေသည်။

**ကံအာရုံ ထင်ပုံ**

**တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ ၊ ပ ၊ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။** (အဘိဓမ္မတ္ထသင်္ဂဟ။)


©shwehinthar.com

အတိတ် သေခါနီး မရဏာသန္နဇော စောသည့် အချိန်ဝယ် သို့မဟုတ် စောတော့မည့် အချိန်ပိုင်းကစ၍ ယင်းအတိတ်ဘဝတစ်လျှောက်၌ ဖြစ်စေ, အတိတ်သံသရာတစ်လျှောက်၌ဖြစ်စေ သတ္တဝါတစ်ဦး ပြုစုပျိုးထောင်ခဲ့သည့် ကံများစွာ ရှိသည်တို့တွင် ဘဝတစ်ပါးဟု ခေါ်ဆိုအပ်သော လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအကျိုးကိုပေးတော့မည့် ကံသည် စုတေခါနီးဝယ် အခြားအခြားသော ကံများထက် ပေါ်လွင် ထင်ရှားလျက် မျက်နှာချင်းဆိုင် ဖြစ်နေ၏၊ မျက်နှာပြုနေ၏၊ ရှေးရှု မျက်နှာမူနေ၏။ ဒွါရခြောက်ပါးတို့တွင် ထိုက်သလို ထင်နေ၏။ အထူးသဖြင့် အာရုံခြောက်ပါးလုံးသည် မနောဒွါရ၌ ထင်မြဲဓမ္မတာ ဖြစ်သဖြင့် မနောဒွါရ၌လည်း ထင်နေ၏။

**ကမ္မံ ပန အတီတမေဝ၊ တဥ္စ မနောဒွါရဂ္ဂဟိတံ** — ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနှင့် အညီ ကံ-အာရုံကား မနောဒွါရ၌သာ ထင်နိုင်၏။ ထို မနောဒွါရ၌ ထင်လာသော မနောဒွါရဖြင့် ယူအပ်သော ယင်းကံအာရုံသည် မရဏာသန္နဇော မစောမီ သေခါနီး၌ ကပ်၍ ဖြစ်စေ, ဘဝတစ်လျှောက် ခပ်ဝေးဝေးက ဖြစ်စေ, အတိတ်သံသရာတစ်လျှောက်က ဖြစ်စေ ပြုခဲ့သော ကံသာလျှင် ဖြစ်၏။ ထိုကံအာရုံထင်မှုသည် —

၁။ ပုဗ္ဗေကတသညာဖြင့် ထင်သည်လည်း ရှိ၏။

၂။ သမ္ပတိကတသညာဖြင့် ထင်သည်လည်း ရှိ၏။

၁။ **ပုဗ္ဗေကတသညာ —** ရှေးတုန်းက ပြုအပ်ဖူး၏ဟူသော အမှတ် သညာသည် ပုဗ္ဗေကတသညာတည်း။ ထင်ပုံမှာ — ဒါနမှု, သီလမှု, ဘာဝနာမှု တစ်ခုခုကို ပြုခဲ့စဉ်က ဝမ်းမြောက်ဝမ်းသာ ကုသိုလ်စေတနာ ဖြစ်ခဲ့အံ့၊ ထိုကုသိုလ်စေတနာကို ပြန်၍ အမှတ်ရခြင်း ထိုကုသိုလ်စေတနာကို ပြန်၍ အာရုံပြုနိုင်ခြင်းတည်း။

၂။ **သမ္ပတိကတသညာ** — ယခုပြုအပ်၏ဟူသော အမှတ်သညာသည် သမ္ပတိကတသညာတည်း။ ယင်း သမ္ပတိကတသညာဖြင့် ထင်လာပုံကို အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ ဤသို့ ဖော်ပြထား၏။

**တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပ္ပတ္တံ ဟောတိ။** (အဘိဓမ္မတ္ထသင်္ဂဟ၊ ဝီထိမုတ်ပိုင်း။)

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအကျိုးကို တိုက်ရိုက် ဖြစ်စေတတ်သော စွမ်းအားရှိသော ဇနကဖြစ်သော ထိုကံသည် သေခါနီးကာလ၌ အသစ်တစ်ဖန် ထပ်မံ ပြုလုပ်ရသည်၏ အစွမ်းဖြင့် (= အသစ်တစ်ဖန် ထပ်မံ ပြုလုပ်ရသကဲ့သို့ ဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့်) ဘဝင်မနောဒွါရ၌ ဆိုက်ရောက်လာ၏၊ ရှေးရှု ကျရောက်လာ၏၊ ထင်လာ၏။ ထိုသို့ ထင်လာရာ၌ အပါယ်ဒုဂ္ဂတိသို့ သွားရမည့်သူအတွက် မကောင်းသည့် ကံများကို အသစ်တစ်ဖန် ပြုနေရသည်၏ အစွမ်းဖြင့် ထင်လာ၍, သုဂတိသို့ သွားရမည့် သူအတွက် ကောင်းသည့် ကုသိုလ်ကံများကို အသစ်တစ်ဖန် ပြုနေရသည်၏ အစွမ်းဖြင့် ပြုနေရသကဲ့သို့ ထင်လာ၏။ လူ့ပြည်လူ့လောကသို့ လားရမည့် သူအတွက်ကား ကောင်းသည့် ကုသိုလ်ကံများသာ ထင်လာနိုင်ရကား ကုသိုလ်ကံထင်ပုံကို ပုံစံတစ်ခုဖြင့် ဖော်ပြအပ်ပါသည်။ ယင်းပုံစံမှာ အတိတ်အကြောင်းတရားများကို ရှာဖွေနည်းလည်း ဖြစ်ပါသည်။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် လက်ရှိပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် ပဋိသန္ဓေဝိညာဏ်နှင့် တကွသော ပဋိသန္ဓေနာမ်ရုပ်တို့ကို သိမ်းဆည်းပြီးသော အခါ အတိတ်ဘဝသေခါနီးမရဏာသန္နအခိုက်၌ ဖြစ်ခဲ့သော ဟဒယ-ဝတ္ထုကို လည်းကောင်း, ဘဝင်မနောအကြည်ဓာတ် (= မနောဒွါရ)ကိုလည်းကောင်း ဆက်လက်၍ သိမ်းဆည်းလိုက်သောအခါ ကံ-အာရုံ ထင်နေပုံကို ဤသို့ တွေ့ရှိနေပေသည်။

ထိုယောဂီသည် သေချာအောင် ထိုဘဝင်မနောအကြည်ဓာတ်ကို မသေမီ ခပ်လှမ်းလှမ်းဘက်သို့လည်းကောင်း သေခါနီးဘက်သို့လည်းကောင်း ရှေ့တိုးနောက်ဆုတ် ပြုလုပ်၍ ယင်းဘဝင်မနောအကြည်ဓာတ်၌ ထင်နေ သော ကံ-အာရုံကို သိမ်းဆည်းကြည့်လိုက်သောအခါ —

"မဏ္ဍပ်တစ်ခု အတွင်းဝယ် သံဃာတော်တို့အား သင်္ကန်း ထီး ဖိနပ် ပရိက္ခရာတို့ကို အသစ်တစ်ဖန် လှူဒါန်းနေသကဲ့သို့သော ကံအာရုံ ထင်နေ သည်ကို တွေ့ရှိ၏။ ဝမ်းမြောက်ဝမ်းသာဖြင့် လှူဒါန်း ပူဇော်နေသည့်, ကံ-ကံ၏အကျိုးကို တတ်သိနားလည်သည့် ကမ္မဿကတာသမ္မာဒိဋ္ဌိလည်း ယှဉ်နေသည့် ကုသိုလ်ကံအာရုံ ဖြစ်ခြင်းကြောင့် ထို တကယ်လှူဒါန်းနေသည့် အချိန်အခါက ဖြစ်ခဲ့သော သင်္ခါရတို့ကို ဆက်လက် ရှုကြည့်ရာ စိတ် စေတသိက် (၃၄)လုံး

ရှိနေသည်ကို တွေ့ရှိ၏။ ယင်း နာမ်တရားစုတို့ကား ဘဝသစ်ကို ဖြစ်ပေါ်လာအောင် ပြုပြင်စီမံပေးနေသည့် စွမ်းအားရှိသော သင်္ခါရတရားစုတို့ပင်တည်း။ ယင်း သင်္ခါရတရားတို့ကား အနိစ္စတရားတို့သာ ဖြစ်ခြင်းကြောင့် ဖြစ်ပြီးက ပျက်သွားကြ၏။ သို့သော် နောင်တစ်ချိန်ဝယ် ဘဝသစ်ဟူသည့် ခန္ဓာငါးပါး (= ရုပ်နာမ်တရား)တို့ကို ဖြစ်စေနိုင်သည့် စွမ်းအင်ကမ္မသတ္တိကို ရုပ်နာမ်အစဉ်တွင် မြှုပ်နှံပြီးမှ ချုပ်ပျက်သွားကြ၏။ ယင်းစွမ်းအင်သတ္တိကား ကံပင်တည်း။ နာနာက္ခဏိကကမ္မပစ္စယသတ္တိတည်း။ ဤသင်္ခါရနှင့် ကံတို့ကား ကမ္မဝဋ်တရားစုတို့တည်း။

ထိုယောဂီပုဂ္ဂိုလ်က ယင်းကမ္မဝဋ်တရားစုတို့ကို အားပေးထောက်ပံ့တတ်သော ကိလေသဝဋ်တရားတို့ကို ဆက်လက်ရှာဖွေလိုက်သောအခါ တကယ်လှူဒါန်းခဲ့သည့် အချိန်အခါက ဖြစ်ပေါ်သွားခဲ့ကြသော ရုပ်နာမ်တို့ကို ဆက်လက်သိမ်းဆည်းကြည့်ရာ ကိလေသဝဋ်ကို ဤသို့ ရှာဖွေတွေ့ရှိပြန်၏။ ထိုအလှူဒါနပွဲ ကျင်းပစဉ်တွင် မဏ္ဍပ်အတွင်း အနီးကပ်တစ်နေရာတွင် ဣန္ဒြေသိက္ခာရှိစွာဖြင့် ထိုင်၍ သီတင်းသုံးနေသော ကြည်ညိုဖွယ်ရာဂုဏ်ကို ဆောင်နိုင်သော သီလရှင်တစ်ပါးကို ထိုအလှူရှင်က သတိပြုမိ၏။ ထိုအခါ ထိုအလှူရှင်က ထိုကဲ့သို့ ဣန္ဒြေသိက္ခာရှိသည့် အမျိုးကောင်းသမီးတစ်ဦး ဖြစ်ရန် ဆုတောင်းပန်ထွာခဲ့၏။ ကိလေသဝဋ် သုံးပါးကို ရှာဖွေတွေ့ရှိပြန်၏။ အားလုံးပေါင်းသော် အတိတ်အကြောင်းတရား ငါးပါး ဖြစ်၏။

**အတိတ်အကြောင်းတရား ငါးပါး**

၁။ ဣန္ဒြေသိက္ခာရှိသည့် အမျိုးသမီးဟု အသိမှားမှု သဘောကား အဝိဇ္ဇာ,

၂။ ယင်းအမျိုးသမီးဘဝကို တွယ်တာတပ်မက်မှု သဘောကား တဏှာ,

၃။ ယင်းအမျိုးသမီးဘဝသို့ စိတ်ကပ်ရောက်စွဲနေမှု သဘောကား ဥပါဒါန်,

၄။ သင်္ကန်း ထီး ဖိနပ် လှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရ,

၅။ ယင်းသင်္ခါရတို့ ချုပ်ပျက်သွားသည့်အခါ ကျန်ရစ်ခဲ့သည့် ဘဝသစ် (= ခန္ဓာငါးပါး)ကို ဖြစ်စေနိုင်သည့် စွမ်းအင် ကမ္မသတ္တိကား ကံ —

အားလုံးပေါင်းသော် အတိတ်အကြောင်းတရား ငါးပါးတည်း။

ယင်း နာနာက္ခဏိကကမ္မပစ္စယစွမ်းအင်သတ္တိကြောင့် ပဋိသန္ဓေအခိုက် ကမ္မဇရုပ်များ ဖြစ်မဖြစ်ကိုလည်းကောင်း, နာမ်ခန္ဓာလေးပါးတို့ ဖြစ်မဖြစ်ကို လည်းကောင်း အကြိမ်ကြိမ် ဆန်းစစ်ကြည့်လိုက်သောအခါ ဖြစ်နေသည်ကို ရှာဖွေတွေ့ရှိပြန်ပေသည်။ ထိုအခါတွင် အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက်သိမ်းဆည်းရပေသည်။

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏။
အဝိဇ္ဇာက အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ်က အကျိုးတရား။

၂။ တဏှာ ။ ပ ။

၃။ ဥပါဒါန် ။ ပ ။

၄။ သင်္ခါရ ။ ပ ။

၅။ ကံ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏။
ကံက အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ်က အကျိုးတရား။

ဤသို့ စသည်ဖြင့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရ၏။ သိမ်းဆည်းပုံ နည်းစနစ်များကို ဆရာသမားများနှင့်သာ ချဉ်းကပ် လေ့လာပါ။

အလားတူပင် ရုပ်တရား နာမ်တရားတို့ကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းပုံကိုလည်းကောင်း, ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့ကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းပုံကိုလည်းကောင်း ဆရာသမားများနှင့်သာ ချဉ်းကပ်လေ့လာပါ။

✧✧✧


©shwehinthar.com

### မန်လည်ဆရာတော်ဘုရားကြီး၏ ဆုံးမလင်္ကာ

■ ဖြင်ညီးများစွာ၊ သတ္တဝါနှင့်
ကမ္ဘာဖြစ်ဟန်၊ ဗြဟ္မာဘန်ဟု
ဘောက်ပြန်ချွတ်ယွင်း၊ မမှတ်လျှင်းနှင့်
ခပင်းလောက၊ လူထိုမျှကား
ပြုက အသစ်၊ ဖြစ်က အဟောင်း
ကျိုးနှင့်ကြောင်းတည်း
ဆိုး, ကောင်းဟူထ၊ ဤနှစ်ဝကို
ကမ္မသကာ၊ မှတ်တို့ရာ၏။
သည်သာမှန်ဘိ၊ ယွင်းမရှိဘူး
မိမိကမ္မ၊ ကိလေသဖြင့်
သုခလိုငြား၊ ဒုက္ခပွား၏
ရှေ့ကားသုခ၊ နောက်ဒုက္ခနှင့်
စိတ်ကလိုရေး၊ အအေးတောင့်တ၊ အပူခလျက်
ပူကအေးမြဲ၊ မှန်မလွဲရှင့်
ဆင်းရဲရှေးယို၊ နောက်ပြီချမ်းသာ၊ ဖြစ်မြဲစွာတည့်
ဓမ္မတာအပြီး၊ လူ့ထုံးတီးကို
ဘုန်းမီးတောက်ပ၊ ချစ်မဝသည်
သားလှရွှေချည်၊ မောင်မှတ်တည်လော့။

(မဃဒေဝစာပိုဒ်၊ ၂၂၆။)

## အခန်း (၇)
## ဝိပဿနာပိုင်း

ယောဂါဝစရပုဂ္ဂိုလ်သည် **နာမရူပပရိစ္ဆေဒဉာဏ်**ဖြင့် သိမ်းဆည်းထားပြီးသော ရုပ်တရား နာမ်တရားတို့ကိုလည်း လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်နည်းအားဖြင့် သိမ်းဆည်းရ၏။ **ပစ္စယပရိဂ္ဂဟဉာဏ်**ဖြင့် သိမ်းဆည်းထားပြီးသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကိုလည်း လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်နည်းအားဖြင့် သိမ်းဆည်းရ၏။ (သိမ်းဆည်းပုံနည်းစနစ်များကို ဆရာသမားများနှင့် ချဉ်းကပ်လေ့လာပါ။) ထိုသို့ သိမ်းဆည်းပြီးသောအခါ မဟာသတိပဋ္ဌာနသုတ္တန် (မ၊၁၊၇၀-၇၁ . . .) ဒေသနာတော်တွင် ဘုရားရှင် ညွှန်ကြားထားတော်မူသည့်အတိုင်း —

၁။ အဇ္ဈတ္တ၌လည်း ရူပကာယ နာမကာယဟူသော ရုပ်တရားအပေါင်း နာမ်တရားအပေါင်းကို,

၂။ ဗဟိဒ္ဓ၌လည်း ရူပကာယ နာမကာယဟူသော ရုပ်တရားအပေါင်း နာမ်တရားအပေါင်းကို,

၃။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌လည်း ရူပကာယ နာမကာယဟူသော ရုပ်တရားအပေါင်း နာမ်တရားအပေါင်းကို – -

ဆက်လက်သိမ်းဆည်းရ၏။ ထိုအခါ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ (မ၊၁၊၇၀-၇၁ . . .) စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ္တန်တွင် ဘုရားရှင် ညွှန်ကြားထားတော်မူသည့်အတိုင်း . . ဝိပဿနာသို့ ကူးလိုက ကူးနိုင်ပြီ ဖြစ်ပေသည်။ ဝိပဿနာသို့ စတင်ကူးရာ၌ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အောက်ပါအတိုင်း ညွှန်ကြားထားတော်မူ၏။

**တံ သမ္မာဒေတုကာမေန** ကလာပသမ္မသနသ**ခ်ီါတာယ** နယဝိပဿနာယ **တာဝ ယောဂေါ ကရဏီယော။** (ဝိသုဒ္ဓိ၊၂၊၂၄၀။)


©shwehinthar.com

= ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်အမြင်ကို ပြည့်စုံစေလိုသော ယောဂါ ဝစရပုဂ္ဂိုလ်သည် **ကလာပသမ္မသန**ဟု ခေါ်ဆိုအပ်သော **နယဝိပဿနာ၌** ရှေးဦးစွာ အစဉ်သဖြင့် အားထုတ်ခြင်းကို ပြုသင့်ပေသည်။ (ဝိသုဒ္ဓိ၊၂၂၄၁။)

**အတီတာဒိဝသေန အနေကဘေဒဘိန္နေ ဓမ္မေ ကလာပတော သင်္ခိပိတွာ သမ္မသနံ** ကလာပသမ္မသနံ၊ **အယံ ကိရ ဇမ္ဗုဒီပဝါသီနံ အဘိလာပေါ။ "ယံ ကိဉ္စိ ရူပ"န္တိအာဒိနာ နယေန ဟိ ဓမ္မာနံ ဝိပဿနာ** နယဝိပဿနာ၊ **အယံ ကိရ တမ္ဗပဏ္ဏိဒီပဝါသီနံ အဘိလာပေါ။** (မဟာဋီ၊၂၃၈၆။)

= အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကဟူသော (၁၁)မျိုးသော အခြင်းအရာတို့ဖြင့် ကွဲပြားကုန်သော ရုပ်တရား နာမ်တရားတို့ကို ကလာပ (= အပေါင်းအစု)အားဖြင့် ခြုံငုံ၍ အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာယာဉ် သုံးချက် တင်၍ ရှုပွားသုံးသပ်ခြင်းသည် **ကလာပသမ္မသန** မည်၏။ ဤကလာပသမ္မသနဟူသော ဝေါဟာရကား ဇမ္ဗူဒိပ်ကျွန်း၌ သီတင်းသုံးတော်မူကြကုန်သော မထေရ်မြတ်ကြီးတို့၏ အသုံးပြုသော ဝေါဟာရ ဖြစ်သည်။

ယင်း အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိကြကုန်သော အလုံးစုံသော ရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်) တရားကို —

**နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ** — ဟု
ငါ့ဟာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏အတ္တ မဟုတ် — ဟု
အနိစ္စဟု ဒုက္ခဟု အနတ္တဟု —

ဤသို့ ဝိပဿနာရှုခြင်းသည် **နယဝိပဿနာ** မည်၏။ ဤ နယဝိပဿနာ ဟူသော အမည်သည် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြကုန်သော မထေရ်မြတ်ကြီးတို့၏ အသုံးပြုသော ဝေါဟာရ ဖြစ်သည်။ (မဟာဋီ၊၂၃၈၆။)

နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သိမ်းဆည်းထားအပ်ပြီးသော ရုပ်တရား နာမ်တရားတို့ကို —

၁။ ရုပ်တရားကို တစ်ပုံ, တစ်ဖန် နာမ်တရားကို

၂။ ဝေဒနာ တစ်ပုံ,

၃။ သညာ တစ်ပုံ,

၄။ သင်္ခါရ တစ်ပုံ,

၅။ ဝိညာဏ် တစ်ပုံ —

ဤသို့ ငါးပုံ ပုံ၍ ဝိပဿနာရှုပွားခြင်းကို ခန္ဓာငါးပါးနည်းဟု ခေါ်ဆို၏။ ယင်းရုပ်နာမ်တို့ကိုပင် (၁၂)ပုံ ပုံ၍ ဝိပဿနာရှုခြင်းကို အာယတန (၁၂)ပါး နည်းဟုလည်းကောင်း, (၁၈)ပုံ ပုံ၍ ဝိပဿနာရှုပွားခြင်းကို ဓာတ် (၁၈)ပါး နည်းဟုလည်းကောင်း ဤသို့ စသည်ဖြင့် ခေါ်ဝေါ်ပေသည်။

၁။ အကျဉ်းရှုပွားနည်းကို နှစ်ခြိုက်သော ပုဂ္ဂိုလ်,

၂။ အကျယ်ရှုပွားနည်းကို နှစ်ခြိုက်သော ပုဂ္ဂိုလ်,

၃။ မကျဉ်းမကျယ် ရှုပွားနည်းကို နှစ်ခြိုက်သော ပုဂ္ဂိုလ် —

ဤသို့စသည့် ကျွတ်ထိုက်သသူ ဝေနေယျတို့၏ အလိုအဇ္ဈာသယဓာတ်ကို လိုက်၍ ဘုရားရှင်က နည်းအမျိုးမျိုးဖြင့် ဝိပဿနာရှုကွက်ကို ညွှန်ကြားတော်မူခြင်း ဖြစ်ပေသည်။ ထိုနည်းအမျိုးမျိုးတို့တွင် ခန္ဓာငါးပါး ရှုကွက်ကို ဦးစားပေးကာ ဤကျမ်းစာတွင် ဖော်ပြပေအံ့။

**သစ္စက အမေး – ဘုရားရှင် အဖြေ**

တစ်ချိန်တွင် နာမည်ကျော် သစ္စကပရိဗိုဇ်ကြီးက မြတ်စွာဘုရားအား အောက်ပါအတိုင်း


©shwehinthar.com

မေးမြန်းလျှောက်ထားတော်မူ၏၊ ဘုရားရှင်ကလည်း အောက်ပါအတိုင်း အဖြေပေးတော်မူ၏။

**ကိတ္တာဝတာ စ နု ခေါ ဘောတော ဂေါတမဿ သာဝကော သာသနကရော ဟောတိ ဩဝါဒပတိကရော၊ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟရတီတိ။**

**ဣဓ အဂ္ဂိဝေဿန မမ သာဝကော ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ။ ယာ ကာစိ ဝေဒနာ ။ပ။ ယာ ကာစိ သညာ ။ ပ ။ ယေ ကေစိ သင်္ခါရာ ။ ပ ။ ယံ ကိဉ္စိ ဝိညာဏံ ။ ပ ။**

**ဧတ္တာဝတာ ခေါ အဂ္ဂိဝေဿန မမ သာဝကော သာသနကရော ဟောတိ ဩဝါဒပတိကရော၊ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟရတီတိ။**

(မ၊၁၊၂၉၇။ စူဠသစ္စကသုတ္တန်။)

သမ္မပ္ပညာယ ပဿတီတိ **သဟ ဝိပဿနာယ မဂ္ဂပညာယ သုဋ္ဌု ပဿတိ။** (သံ၊ဋ္ဌ၊၂၊၁၉၇။)

သမ္မ ။ ပ ။ ပဿတီတိ **ပုဗ္ဗဘာဂေ ဝိပဿနာဉာဏေန သမ္မသနဝသေန, မဂ္ဂက္ခဏေ အဘိသမယဝသေန သုဋ္ဌု အတ္တပစ္စက္ခေန ဉာဏေန ပဿတိ။**

(သံ၊ဋီ၊၂၊၁၈၁။)

**သစ္စက အမေး** — အဘယ်မျှသော အတိုင်းအရှည်ဖြင့် အရှင်ဂေါတမ၏ တပည့်သာဝကသည် အဆုံးအမကို လိုက်နာသူ, ဩွာဒ်ကြားချက်ကို လိုက်နာသူ ဖြစ်ပါသနည်း? ယုံမှားခြင်းကို လွန်မြောက်လျက်, သို့လောသို့လော တွေးတော-ခြင်း ကင်းလျက်, ရဲရင့်ခြင်း (= ရဲရင့်သော အသိဉာဏ်) သို့ ဆိုက်ရောက်လျက်, သူတစ်ပါးကို ကိုးစားယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ နေထိုင်နိုင်ပါသနည်း? . . . . ဤသို့ မေးလျှောက်၏။

**ဘုရားရှင် အဖြေ** — အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ဒါယကာတော် ပရိဗိုဇ် . . . ဤသာသနာတော်၌ ငါဘုရားရှင်၏ တပည့်သာဝကသည် —

၁။ ကိုယ်တွင်း (= အဇ္ဈတ္တ)၌ ဖြစ်သည် ဖြစ်စေ,
၂။ အပ (= ဗဟိဒ္ဓ)၌ ဖြစ်သည် ဖြစ်စေ,
၃။ ရုန့်ရင်းသည် ဖြစ်စေ,
၄။ သိမ်မွေ့သည် ဖြစ်စေ,
၅။ ယုတ်သည် ဖြစ်စေ,
၆။ မြတ်သည် ဖြစ်စေ,
၇။ အဝေး၌ (တည်သည်) ဖြစ်စေ,
၈။ အနီး၌ (တည်သည်) ဖြစ်စေ,
၉။ ၁၀။ ၁၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်အားလုံးကို —

"ဤရုပ်သည် ငါပိုင် မဟုတ်၊
ဤရုပ်သည် ငါ မဟုတ်၊
ဤရုပ်သည် ငါ့ကိုယ် (= အတ္တ) မဟုတ်" — ဟု

ဤသို့လျှင် ဤရုပ်ကို အမှန်အတိုင်း (ဝိပဿနာပညာ မဂ်ပညာဟူသော) ကောင်းသော ပညာဖြင့် ရှုမြင်၏။

ခံစားခြင်း = ဝေဒနာအားလုံးကို ။ ပ ။
မှတ်သားခြင်း = သညာအားလုံးကို ။ ပ ။
ပြုပြင်စီရင်မှု = သင်္ခါရအားလုံးတို့ကို ။ ပ ။
အထူးသိမှု = ဝိညာဏ်အားလုံးကို ။ ပ ။ ရှုမြင်၏။


©shwehinthar.com

အင်္ဂဝေဿနအနွယ်၌ ဖြစ်သော ဒါယကာတော် ပရိဗိုဇ် . . . ဤမျှသော အတိုင်းအရှည်ဖြင့် ငါဘုရားရှင်၏ တပည့်သာဝကသည် အဆုံးအမကို လိုက်နာသူ, ညွှန်ကြားချက်ကို လိုက်နာသူ ဖြစ်၏၊ ယုံမှားခြင်းကို လွန်မြောက်-လျက်, သို့လောသို့လော တွေးတောခြင်း ကင်းလျက်, ရဲရင့်ခြင်း (= ရဲရင့်သော ဉာဏ်)သို့ ရောက်လျက်, သူတစ်ပါးကို ကိုးစားယုံကြည်ရန် မလိုတော့သည် ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ နေထိုင်နိုင်ပါ၏ဟု မိန့်တော်မူ၏။

(မ၁၊၂၉၇။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊၃၀၅။ စူဠသစ္စကသုတ္တန်။)

**မှတ်ချက်။** ။ အထက်ပါ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်မှာ . . အောက်ပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာအဖွင့်နှင့် အညီပင် ဖြစ်ပေသည်။

**အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စတော ဝဝတ္ထပေတီတိအာဒိနာ နယေန အတီတတ္တိကသေဝ စ ဝသေန သမ္မသနသ ဝုတ္တတ္တာ အဇ္ဈတ္တာဒိဘေဒံ အနာမသိတွာပိ အတီတတ္တိကဿေဝ ဝသေန ပရိစ္ဆိန္ဒိတွာပိ အနိစ္စာဒိတော သမ္မသနံ ကာတဗ္ဗမေဝ။** (ပဋိသံ၊ဋ္ဌ၁၊၂၃၃။)

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို (ဝေဒနာကို, သညာကို, သင်္ခါရတို့ကို, ဝိညာဏ်ကို) အနိစ္စဟု ပိုင်းခြားမှတ်သား၏ဟူသည့် ဤသို့ စသော နည်းဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော အတီတတိက်၏ အစွမ်းဖြင့်-သာလျှင် လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွား သုံးသပ်ခြင်း သမ္မသနလုပ်ငန်းရပ်ကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် သမ္မသနဉာဏ်ခန်း (ပဋိသံ၊၅၁။) ၌ ဟောကြားထားတော်မူသောကြောင့် အဇ္ဈတ္တ ဗဟိဒ္ဓစသည့် ကွဲပြားမှုကို ခွဲခြားပြီး မသုံးသပ်တော့ဘဲ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော အတီတတိက်၏ အစွမ်းဖြင့်သာလျှင် ဉာဏ်ဖြင့် ပိုင်းခြားယူပြီးနောက် အနိစ္စစသောအားဖြင့် ဝိပဿနာရှုပွားသုံးသပ်ခြင်းအမှုကို ပြုသင့်သည်သာလျှင်တည်း။ (ပဋိသံ၊ဋ္ဌ၁၊၂၃၃။)

**ဒုတိယအကြိမ် သစ္စက အမေး — ဘုရားရှင် အဖြေ**

**ယသ္မာ ပနေတ္ထ ပဿတီတိ ဝုတ္တတ္တာ သေက္ခဘူမိ ဒဿိတာ၊ တသ္မာ ဥတ္တရိ အသေက္ခဘူမိံ ပုစ္ဆန္တော ဒုတိယံ ပဉှံ ပုစ္ဆိ၊ တမ္ပိဿ ဘဂဝါ ဗျာကာသိ။**

(မဋ္ဌ၊၂၊၁၈၂။)

ဤအထက်ပါ ဘုရားရှင်၏ အဖြေမှာ –"ပဿတိ = ရှုမြင်၏"ဟု ဖြေကြားထားတော်မူသည့်အတွက် သောတာပန် သကဒါဂါမ် အနာဂါမ်ဟူသော သေက္ခဘုံကို ညွှန်ပြလျက် ရှိ၏ (= သောတာပန် သကဒါဂါမ် အနာဂါမ် ဖြစ်ရေးအတွက် ကျင့်ရမည့် ကျင့်စဉ်ကို ညွှန်ပြလျက် ရှိ၏။) ထိုကြောင့် အထက် အသေက္ခဘုံကို (= အရဟတ္တမဂ် အရဟတ္တဖိုလ်ကို) မေးလျှောက်လို၍ ဒုတိယပြဿနာကို သစ္စကက ဆက်လက်၍ မေးမြန်း လျှောက်ထားပြန်၏၊ ဘုရားရှင်ကလည်း အဖြေပေးတော်မူ၏၊ ယင်း ဒုတိယ အမေး-အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

**ကိတ္တာဝတာ ပန ဘော ဂေါတမ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တောတိ။**

**ဣဓ အဂ္ဂိဝေဿန ဘိက္ခု ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အနုပါဒါ ဝိမုတ္တော ဟောတိ။ ယာ ကာစိ ဝေဒနာ ။ ပ ။ ယာ ကာစိ သညာ ။ ပ ။ ယေ ကေစိ သင်္ခါရာ ။ ပ ။ ယံ ကိဉ္စိ ဝိညာဏံ ။ ပ ။**

**ဧတ္တာဝတာ ခေါ အဂ္ဂိဝေဿန ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော။** (မ၁၊၂၉၈။)

**သစ္စက အမေး** — အရှင်ဂေါတမ . . . အဘယ်မျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသော, မဂ်အကျင့်ကို ကျင့်သုံး ပြီးသော, ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသော, ဝန်ကို ချထားပြီးသော, မိမိ (အရဟတ္တဖိုလ်) အကျိုးစီးပွားသို့ ဆိုက်ရောက်ပြီးသော, ဘဝကို နှောင်ဖွဲ့ခြင်း (= သံယောဇဉ်) ကုန်ခန်းပြီးသော, ကောင်းစွာသိ၍


©shwehinthar.com

လွတ်မြောက်ပြီးသော ရဟန္တာ ဖြစ်ပါသနည်းဟု မေးမြန်းလျှောက်ထား၏။

**ဘုရားရှင် အဖြေ** – အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ဒါယကာတော် ပရိဗိုဇ် . . . ဤသာသနာတော်၌ ရဟန်းသည် –

၁။ ကိုယ်တွင်း (= အဇ္ဈတ္တ)၌ ဖြစ်သည်ဖြစ်စေ,
၂။ အပ (= ဗဟိဒ္ဓ)၌ ဖြစ်သည်ဖြစ်စေ,
၃။ ရုန့်ရင်းသည် ဖြစ်စေ,
၄။ သိမ်မွေ့သည် ဖြစ်စေ,
၅။ ယုတ်သည် ဖြစ်စေ,
၆။ မြတ်သည် ဖြစ်စေ,
၇။ အဝေး၌ (တည်သည်) ဖြစ်စေ,
၈။ အနီး၌ (တည်သည်) ဖြစ်စေ,
၉။ ၁၀။ ၁၁။ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ရုပ်အားလုံးကို –

"ဤရုပ်သည် ငါပိုင် မဟုတ်၊
ဤရုပ်သည် ငါ မဟုတ်၊
ဤရုပ်သည် ငါ့ကိုယ် (= အတ္တ) မဟုတ်" – ဟု

ဤသို့လျှင် ဤရုပ်ကို အမှန်အတိုင်း (ဝိပဿနာပညာ မဂ်ပညာဟူသော) ကောင်းသော ပညာဖြင့် ရှုမြင်၍ မစွဲလမ်းဘဲ လွတ်မြောက်၏။

ခံစားခြင်း = ဝေဒနာအားလုံးကို ॥ ပ ॥
မှတ်သားခြင်း = သညာအားလုံးကို ॥ ပ ॥
ပြုပြင်စီရင်မှု = သင်္ခါရအားလုံးတို့ကို ॥ ပ ॥
အထူးသိမှု = ဝိညာဏ်အားလုံးကို ॥ ပ ॥

အဂ္ဂိဝေဿနအနွယ်၌ ဖြစ်သော ဒါယကာတော် ပရိဗိုဇ် . . . ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသော, မဂ်အကျင့်ကို ကျင့်သုံးပြီးသော, ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသော, ဝန်ကို ချထားပြီးသော, မိမိ (= အရဟတ္တဖိုလ်) အကျိုးစီးပွားသို့ ရောက်ပြီးသော, ဘဝကို နှောင်ဖွဲ့ခြင်း (= သံယောဇဉ်) ကုန်ခန်းပြီးသော, ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာ ဖြစ်၏ဟု မိန့်ကြားတော်မူ၏။

(မ၊၁၊၂၉၈။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်၊၃၀၅-၃၀၆။)

ဤဒေသနာတော်တွင် ဘုရားရှင်၏ ညွှန်ကြားထားတော်မူသည့် ရှုကွက်နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် သေက္ခဘုံသို့ ရောက်ရှိရေး အတွက်လည်းကောင်း, အသေက္ခဘုံသို့ ရောက်ရှိရေးအတွက်လည်းကောင်း တစ်နည်း- ဆိုရသော် – သောတာပန် သကဒါဂါမ် အနာဂါမ်ဟူသော သေက္ခအရိယာသူတော်ကောင်း ဖြစ်ရေးအတွက်လည်းကောင်း, အသေက္ခ (= ရဟန္တာ) သူတော်ကောင်း ဖြစ်ရေးအတွက်လည်းကောင်း အဇ္ဈတ္တဖြစ်သည် ဖြစ်စေ, ဗဟိဒ္ဓဖြစ်သည် ဖြစ်စေ, ဩဠာရိက = ရုန့်ရင်းသည် ဖြစ်စေ, သုခုမ = သိမ်မွေ့သည် ဖြစ်စေ, ဟီန = ယုတ်သည် ဖြစ်စေ, ပဏီတ = မြတ်သည် ဖြစ်စေ, ဒူရ = အဝေး၌ တည်သည်ဖြစ်စေ, သန္တိက = အနီး၌ တည်သည် ဖြစ်စေ – အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သည့် ရုပ်အားလုံးကို, ဝေဒနာ အားလုံးကို, သညာအားလုံးကို, သင်္ခါရအားလုံးကို, ဝိညာဏ်အားလုံးကို –

**"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**ဟု
အနိစ္စဟု ဒုက္ခဟု အနတ္တဟု
ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။

**နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿာမိတိ အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿာမိ။**


©shwehinthar.com

(မ၁၄၄၊၂၃၂။ ဆန္နောဝါဒသုတ္တန်။)

နေတံ မမ = ငါ့ဟာ မဟုတ်,

နေသောဟမသ္မိ = ငါ မဟုတ်,

န မေသော အတ္တာ = ငါ၏ အတ္တ မဟုတ် - ဟု

ဝိပဿနာရှုခြင်းနှင့် 'အနိစ္စဟု ဒုက္ခဟု အနတ္တဟု' ဝိပဿနာရှုခြင်းတို့မှာ သဘောအဓိပ္ပါယ် တူညီလျက်ပင် ရှိပေသည်။

ယင်း ဉပါဒါနက္ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ဖြစ်ပြီးလျှင် ပျက်သွားသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟု ဝိပဿနာရှု၏။ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရမှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ဒုက္ခဟု ဝိပဿနာရှု၏။ ယင်း သင်္ခါရတရား တို့၌ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် 'အတ္တ' မရှိမှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ 'အနတ္တ'ဟု ဝိပဿနာရှု၏။

ယင်းသို့ ရှုဖန်များလာသောအခါ ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်တို့က အနိစ္စာနုပဿနာဉာဏ်အား –'ငါ-ငါ'ဟု ထောင်လွှား တက်ကြွနေသည့် မာနစွဲကို ပယ်ခွာနိုင်သည့် စွမ်းအင်များ တိုးပွားလာအောင် ပြည့်ဝလာအောင် အားကြီးသော မှီရာ ဉပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပေးလိုက်သောအခါ ယင်းအနိစ္စာနုပဿနာဉာဏ်သည် စွမ်းအင်တိုးပွားလာသော ပြည့်ဝလာသော အနုပဿနာဉာဏ် ဖြစ်လာ၏၊ ထက်မြက် စူးရှလာ၏။ ယင်း စွမ်းအင်တိုးပွား ပြည့်ဝ ထက်မြက်စူးရှလာသော အနိစ္စာနုပဿနာဉာဏ်က "ငါ-ငါ"ဟု ထောင်လွှားတက်ကြွသည့် မာနစွဲကို ဖြိုခွဲ ဖျက်ဆီးနိုင်၏။ ထိုကြောင့် 'အနိစ္စ'ဟု ဝိပဿနာရှုခြင်းသည် **'နေသောဟမသ္မိ** = ငါ မဟုတ်'ဟု ဝိပဿနာရှုခြင်းနှင့် တူ၏။

အလားတူပင် အနိစ္စာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် နှစ်ပါးတို့က ဒုက္ခာနုပဿနာဉာဏ်အား သင်္ခါရတရားတို့အပေါ်၌ "ငါ့ဟာ-ငါ့ဟာ" ဟု စွဲနေသည့် တဏှာစွဲကို ပယ်ခွာနိုင်သည့် စွမ်းအင်များ ပြည့်ဝလာအောင် အားကြီးသော မှီရာ ဉပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသောကြောင့် ဒုက္ခာနုပဿနာဉာဏ်သည် စွမ်းအင်တိုးပွားလာသော ပြည့်ဝလာသော အနုပဿနာဉာဏ် ဖြစ်လာ၏၊ ထက်မြက် စူးရှလာ၏။ ယင်းသို့ စွမ်းအင် တိုးပွားပြည့်ဝ ထက်မြက်စူးရှလာသော ဒုက္ခာနုပဿနာဉာဏ်က "ငါ့ဟာ-ငါ့ဟာ"ဟု သင်္ခါရတရားတို့အပေါ်၌ စွဲလမ်းနေသည့် တဏှာစွဲကို ဖြိုခွဲ ဖျက်ဆီးနိုင်၏။ ထိုကြောင့် ဤသင်္ခါရတရားသည် **'နေတံ မမ** = ငါ့ဟာ မဟုတ်'ဟု ဝိပဿနာရှုခြင်းနှင့် 'ဒုက္ခ'ဟု ဝိပဿနာရှုခြင်းသည် တူညီလျက် ရှိ၏။

အလားတူပင် အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် နှစ်ပါး တို့က အနတ္တာနုပဿနာဉာဏ်အား ဒိဋ္ဌိကို ပယ်ခွာနိုင်သည့် စွမ်းအင်များ ပြည့်ဝလာအောင် အားကြီးသော မှီရာ ဉပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၍-ပေးသောကြောင့် အနတ္တာနုပဿနာဉာဏ်သည် စွမ်းအင်တိုးပွားလာ သော ပြည့်ဝလာသော အနုပဿနာဉာဏ် ဖြစ်လာ၏၊ ထက်မြက်စူးရှလာ၏။

ယင်းသို့ စွမ်းအင် တိုးပွား ပြည့်ဝ ထက်မြက် စူးရှလာသော အနတ္တာနုပဿနာဉာဏ်က "ငါ၏ အတ္တ"ဟု သင်္ခါရတရားတို့အပေါ်၌ စွဲနေသော အတ္တဒိဋ္ဌိစွဲကို ဖြိုခွဲဖျက်ဆီးနိုင်၏။ ထိုကြောင့် 'န မေသော အတ္တာ = ငါ၏ အတ္တမဟုတ်'ဟု ဝိပဿနာရှုခြင်းနှင့် သင်္ခါရတရားတို့ကို 'အနတ္တ'ဟု ဝိပဿနာရှုခြင်းသည် တူညီလျက်ပင် ရှိပေသည်။

(မ၁၄၄၊၂၃၂။ မဟာဋီ၊၂၄၁၁-၄၁၆။)

ဤအထက်ပါ စူဠသစ္စကသုတ္တန်၌ ဘုရားရှင်၏ ညွှန်ကြားချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း သမ္မသနဉာဏ် ဉဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်များ အဆင့်ဆင့် ရင့်ကျက်လာရေးအတွက် –

၁။ ရံခါ ရုပ်တရားကို,

၂။ ရံခါ နာမ်တရားကို,

၃။ ရံခါ အဇ္ဈတ္တခန္ဓာငါးပါးကို,

၄။ ရံခါ ဗဟိဒ္ဓခန္ဓာငါးပါးကို,


©shwehinthar.com

၅။ ရံခါ အတိတ်ခန္ဓာငါးပါးကို,
၆။ ရံခါ အနာဂတ်ခန္ဓာငါးပါးကို,
၇။ ရံခါ ပစ္စုပ္ပန်ခန္ဓာငါးပါးကို,
၈။ ရံခါ အကြောင်းခန္ဓာကို,
၉။ ရံခါ အကျိုးခန္ဓာကို တစ်လှည့်စီ လှည့်လည်၍

၁၀။ ရံခါ အနိစ္စလက္ခဏာကို,
၁၁။ ရံခါ ဒုက္ခလက္ခဏာကို,
၁၂။ ရံခါ အနတ္တလက္ခဏာကို တစ်လှည့်စီ တင်၍
တွင်တွင်ကြီးသာ ဝိပဿနာ ရှုပါလေ။

**အဋ္ဌကထာကြီးများ၏ ဖြတ်ထုံးများ**

**ဣဓေကစ္စော အာဒိတောဝ အဇ္ဈတ္တံ ပဉ္စသု ခန္ဓေသု အဘိနိဝိသတိ၊ အဘိနိဝိသိတွာ တေ အနိစ္စာဒိတော ပဿတိ။ ယသ္မာ ပန န သုဒ္ဓအဇ္ဈတ္တဒဿနမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ ဟောတိ၊ ဗဟိဒ္ဓါပိ ဒဋ္ဌဗ္ဗမေဝ။ တသ္မာ ပရဿ ခန္ဓေပိ အနုပါဒိန္နသင်္ခါရေပိ "အနိစ္စံ ဒုက္ခမနတ္တာ"တိ ပဿတိ။ သော ကာလေန အဇ္ဈတ္တံ သမ္မသတိ၊ ကာလေန ဗဟိဒ္ဓါတိ။** (အဘိ၊ဋ္ဌ၊၁၊၂၇၀။)

**အပရော အာဒိတောဝ ရူပေ အဘိနိဝိသတိ၊ အဘိနိဝိသိတွာ ဘူတရူပဉ္စ ဥပါဒါရူပဉ္စ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။ ယသ္မာ ပန န သုဒ္ဓရူပဒဿနမတ္တေနေဝ ဝုဋ္ဌာနံ ဟောတိ၊ အရူပမ္ပိ ဒဋ္ဌဗ္ဗမေဝ။ တသ္မာ တံ ရူပံ အာရမ္မဏံ ကတွာ ဥပ္ပန္နံ ဝေဒနံ, သညံ, သင်္ခါရေ, ဝိညာဏဉ္စ "ဣဒံ အရူပ"န္တိ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။ သော ကာလေန ရူပံ သမ္မသတိ ကာလေန အရူပံ။** (အဘိ၊ဋ္ဌ၊၁၊၂၇၁။)

**အဘိနိဝေသောတိ စ ဝိပဿနာယ ပုဗ္ဗဘာဂေ ကတ္တဗ္ဗနာမရူပပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။** (မဟာဋီ၊၂၊၄၇၀။)

**နာမရူပပရိစ္ဆေဒေါတိ သဟ ပစ္စယေန နာမရူပဿ ပရိစ္ဆိန္ဒနံ အဝဗောဓော။** (ဒီ၊ဋီ၊၂၊၈၄။)

= ဤသာသနာတော်၌ ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးသည် ရှေးဦးအစ ဝိပဿနာကို စတင် အားထုတ်ခါစ၌ပင်လျှင် အဇ္ဈတ္တခန္ဓာငါးပါးတို့၌ စတင် နှလုံးသွင်း ရှုပွား၏။ စတင် နှလုံးသွင်းပြီး၍ ထိုအဇ္ဈတ္တခန္ဓာငါးပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ သို့သော် အဇ္ဈတ္တခန္ဓာငါးပါး သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်ကား အရိယမဂ်ဉာဏ်၏ ထမြောက် ဖြစ်ပေါ်လာခြင်းသည် (= ဝုဋ္ဌာနဂါမိနီဝိပဿနာသည်) ဖြစ်ပေါ်မလာနိုင်။ ဗဟိဒ္ဓခန္ဓာငါးပါးကိုလည်း ဝိပဿနာရှုပွားသုံးသပ်ရမည်သာ ဖြစ်သည်။ ထို့ကြောင့် သူတစ်ပါး၏ ခန္ဓာငါးပါးတို့ကိုလည်းကောင်း, သက်မဲ့ အနုပါဒိန္နသင်္ခါရတရား (= ဥတုဇရုပ်တရား)တို့ကိုလည်းကောင်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရံခါ အဇ္ဈတ္တခန္ဓာငါးပါးကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏၊ ရံခါ ဗဟိဒ္ဓခန္ဓာငါးပါးကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ (အဘိ၊ဋ္ဌ၊၁၊၂၇၀။)

အခြားတစ်ယောက်သော ယောဂါဝစရပုဂ္ဂိုလ်သည် ခန္ဓာငါးပါး (=ရုပ်တရား + နာမ်တရား) တို့တွင် ရှေးဦးစွာ ဝိပဿနာကို စတင်ကာ အားထုတ်ခါစ၌ပင်လျှင် ရုပ်တရား၌ နှလုံးသွင်း ရှုပွား၏။ ရုပ်တရားကို စတင်နှလုံးသွင်းသည့်အခါ (ရုပ်ကလာပ်တစ်ခုတစ်ခု၏ အတွင်း၌) ဘူတရုပ် (= ဓာတ်ကြီးလေးပါး)ကိုလည်းကောင်း, ယင်းဘူတရုပ် ဓာတ်ကြီးလေးပါးကို မှီတွယ် ဖြစ်ပေါ်နေသည့် ဥပါဒါရုပ်ကိုလည်းကောင်း ဉာဏ်ဖြင့် ပိုင်းခြားကာ ယူ၍ ယင်းဘူတရုပ် ဥပါဒါရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ သို့သော် ရုပ်တရားသက်သက်ကို ဝိပဿနာ ရှုရုံသက်သက်မျှဖြင့်ကား အရိယမဂ်ဉာဏ်၏ ထမြောက် ဖြစ်ပေါ်လာခြင်းသည် (= ဝုဋ္ဌာနဂါမိနီဝိပဿနာသည်) ဖြစ်ပေါ်မလာနိုင်။ နာမ်တရားကိုလည်း ဝိပဿနာရှုပွားသုံးသပ်ရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုရုပ်တရားကို အာရုံယူ၍ ဖြစ်ပေါ်လာသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို "ဤကား နာမ်တရား"ဟု

ဉာဏ်ဖြင့် ပိုင်းခြားယူကာ ယင်းနာမ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ ထို ယောဂါဝစရပုဂ္ဂိုလ်သည် ရုံခါ ရုပ်တရားကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏၊ ရုံခါ နာမ်တရားကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။

(အဘိ၊ဋ္ဌ၊၁၊၂၇၁။)

**အဘိနိဝေသ = နှလုံးသွင်းရှုပွားမှု** – ဟူသည် ဝိပဿနာ၏ ရှေးအဖို့၌ ကြိုတင်၍ ပြုသင့်ပြုထိုက်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ရုပ်နာမ်ကို ပိုင်းပိုင်းခြားခြား သိမှု (= ရုပ်နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူမှု)ကိုလည်းကောင်း, ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ယင်းရုပ်နာမ်တို့၏ အကြောင်းတရားတို့ကို ပိုင်းပိုင်းခြားခြား သိမှု (= ဉာဏ်ဖြင့် ပိုင်းခြားယူမှု)ကိုလည်းကောင်း ဆိုလိုပေသည်။

(မဟာဋီ၊၂၊၄၇၀။ ဒီ၊ဋီ၊၂၊၈၄။)

ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသည်

**ယာ စ** မုဥ္စိတုကမျတာ **ယာ စ** ပဋိသင်္ခါနုပဿနာ **ယာ စ** သင်္ခါရုပေက္ခာ၊ **ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။** (ပဋိသံ၊၂၅၉။)

= အကြင် **မုဥ္စိတုကမျတာဉာဏ်**သည်လည်းကောင်း, အကြင် **ပဋိသင်္ခါနုပဿနာဉာဏ်**သည်လည်းကောင်း, အကြင် **သင်္ခါရုပေက္ခာဉာဏ်**သည် လည်းကောင်း ရှိ၏။ ဤသုံးမျိုးကုန်သော ဓမ္မဉာဏ်တို့သည် တူသော အနက်သဘော ရှိကုန်၏၊ သဒ္ဒါမျှသာလျှင် ထူး၏။ (ပဋိသံ၊၂၅၉။)

ဤသို့လျှင် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဤဝုဋ္ဌာနဂါမိနီဝိပဿနာကို **မုဥ္စိတုကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ်, သင်္ခါရုပေက္ခာဉာဏ်**ဟူသော အမည်သုံးမျိုးတို့ဖြင့် ဟောကြားထားတော်မူ၏။ (ဝိသုဒ္ဓိ၊၂၊၃၁၀။)

အနုလောမံ ဂေါတြဘုဿ၊ **အနုလောမံ** ဝေါဒါနဿ။ ဂေါတြဘု **မဂ္ဂဿ**၊ ဝေါဒါနံ **မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။** (ပဋ္ဌာန၊၁၊၁၃၈။)

= **အနုလုံ**သည် **ဂေါတြဘု**အား, အနုလုံသည် **ဝေါဒါန်**အား, **ဂေါတြဘု**သည် သောတာပတ္တိမဂ်အား, **ဝေါဒါန်**သည် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်အား (ရှေးရှေး ကုသိုလ်ခန္ဓာတို့က နောက်နောက် ကုသိုလ်ခန္ဓာ တို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးခြင်းဟူသော) အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေး၏။ (ပဋ္ဌာန၊၁၊၁၃၈။)

ဤသို့လျှင် ပဋ္ဌာန်းဒေသနာတော်၌ ဤဝုဋ္ဌာနဂါမိနီဝိပဿနာကို **အနုလုံ ဂေါတြဘု ဝေါဒါန်** ဟူသော အမည်သုံးမျိုးတို့ဖြင့် ဟောကြားထားတော်မူ၏။

(ဝိသုဒ္ဓိ၊၂၊၃၁၀။)

ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အခြားအမည်များကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၃၀၉။) စသည်တွင် ကြည့်ရှုပါလေ။

ထိုကဲ့သို့သော ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ဆိုက်ရောက်ရေးအတွက် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ --

၁။ ရုပ်တရားသက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်,

၂။ နာမ်တရားသက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်,

၃။ အဇ္ဈတ္တ ခန္ဓာငါးပါး (= ရုပ်တရား+နာမ်တရား)သက်သက်ကို ဝိပဿနာ ရှုရုံမျှဖြင့်,

၄။ ဗဟိဒ္ဓ ခန္ဓာငါးပါး (= ရုပ်တရား+နာမ်တရား)သက်သက်ကို ဝိပဿနာ ရှုရုံမျှဖြင့် –

သင်္ခါရအာရုံမှ ထမြောက်ကာ အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ် သော နိဗ္ဗာန်အာရုံသို့ တစ်ဟုန်တည်း ပြေးသွားသော ဝုဋ္ဌာနဂါမိနီဝိပဿနာ သည် ဖြစ်ပေါ်မလာနိုင်၊ ထိုကြောင့် ပစ္စုပ္ပန်၌ –

၁။ ရုံခါ ရုပ်တရားကို,

၂။ ရုံခါ နာမ်တရားကို,

 ©shwehinthar.com

၃။ ရုံခါ အဇ္ဈတ္တခန္ဓာငါးပါးကို,
၄။ ရုံခါ ဗဟိဒ္ဓခန္ဓာငါးပါးကို
၅။ ရုံခါ အနိစ္စလက္ခဏာ,
၆။ ရုံခါ ဒုက္ခလက္ခဏာ,
၇။ ရုံခါ အနတ္တလက္ခဏာ တင်၍

တွင်တွင်ကြီး ဝိပဿနာရှုရမည်။ အလားတူပင် အတိတ် အနာဂတ်တို့၌ လည်း ဝိပဿနာရှုရမည်။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တည်းဟူသော အကြောင်း ခန္ဓာ အကျိုးခန္ဓာတို့ကိုလည်း ပုံစံတူပင် ဝိပဿနာရှုရမည်။ ဤသို့ မှတ်သား ပါလေ။

**ဥဒယဗ္ဗယအကျယ်ရှုပွားနည်း**

ထိုသို့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ ဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိကြသော ခန္ဓာငါးပါး ရုပ်နာမ်တရား တို့ကို လက္ခဏာရေးသုံးတန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုရာ၌ ယင်း ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဉာဏ်အမြင် သန့်ရှင်းအောင် ရှုပွားသုံးသပ်ပါလေ။ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဉာဏ် အမြင် သန့်ရှင်းပါက ဥဒယဗ္ဗယ အကျယ်ရှုပွားနည်းသို့ တစ်ဆင့်ကူးကာ ဝိပဿနာရှုရ-မည် ဖြစ်ပေသည်။

**အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။** (ပဋိသံ၊၅၂ . . . )

ဤသို့ စသည်ဖြင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ –

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးခန္ဓာငါးပါးတို့၏ ထင်ရှားဖြစ်ပုံကိုလည်းကောင်း, အကျိုးခန္ဓာတို့၏ ဖြစ်မှု ဥပါဒ်ကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရန် ညွှန်ကြားထားတော်မူ၏။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစသော အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် အကျိုးခန္ဓာတို့၏ ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားကာ နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်း ဖြင့် ချုပ်ငြိမ်းပုံကိုလည်းကောင်း, အကျိုးခန္ဓာတို့၏ ပျက်ခြင်း ခဏဘင်ကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရန်လည်း ညွှန်ကြားထားတော်မူ၏။ (ပဋိသံ၊၅၂ . . . ။ မဟာဋီ၊၂၊၄၂၁။)

ဤညွှန်ကြားချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည်

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊
၂။ တဏှာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊
၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊
၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊
၅။ ကံ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊
* ကမ္မဇရုပ်၏ ဖြစ်ခြင်းသဘော

ဤသို့ စသည်ဖြင့်လည်းကောင်း,

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏၊
၂။ တဏှာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏၊
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏၊
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏၊
၅။ ကံ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏၊


©shwehinthar.com

⁕ ကမ္မဇရုပ်၏ ချုပ်ခြင်းသဘော
ဤသို့ စသည်ဖြင့်လည်းကောင်း
ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်၏။ တစ်ဖန် —

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏၊
အဝိဇ္ဇာ ဖြစ်-ပျက် = အနိစ္စ
ကမ္မဇရုပ် ဖြစ်-ပျက် = အနိစ္စ

ဤသို့ စသည်ဖြင့်လည်း ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။ (ယင်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့မှာ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းက မိမိ သိမ်းဆည်းထားခဲ့ပြီးသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ပင် ဖြစ်ကြသည်ကို သတိပြုပါလေ။)

**အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ချုပ်မည့်အချိန်**

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ အဂ္ဂမဂ္ဂဉာဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ ပစ္စယာဘာဝေ အဘာဝတော။** (မဟာဋီ၊၂၄၂၁။)

**အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏** — ဟူသည် အမြတ်ဆုံး အရိယမဂ် ဖြစ်သည့် အရဟတ္တမဂ်ဉာဏ်ကြောင့် အဝိဇ္ဇာ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်း ခြင်းကြောင့် (ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်၌ ဖြစ်ခွင့်ရှိသော) အနာဂတ် ရုပ်တရား၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းသည် ဖြစ်ပေါ်လာ၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရားများ၏ ထင်ရှားမဖြစ်ခြင်း ထင်ရှားမရှိခြင်းကြောင့် အကျိုးရုပ်တရား၏လည်း ထင်ရှား မဖြစ်နိုင်ခြင်း ထင်ရှားမရှိနိုင်ခြင်းကြောင့်တည်း။ (မဟာဋီ၊၂၄၂၁။)

အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် အမြစ်ပြတ် ချုပ်ငြိမ်းသွားကြ၏။ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွား ကြ၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသာအစိုဓာတ် အစေးဓာတ် ရှိပါမှ အကျိုးပေးနိုင်သည့် စွမ်းအားရှိကြသော သင်္ခါရ ကံတို့သည်လည်း ကိလေသာအပေါင်းအဖော်ကို မရရှိကြသည့်အတွက် အကျိုးပေးနိုင်စွမ်း မရှိကြတော့ဘဲ စွမ်းအင်များ ကုန်ခန်းသွားကြ၏။ ယင်းသို့ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ ချုပ်ငြိမ်းသွားခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် အရဟတ္တမဂ်ကို မရရှိပါက ဖြစ်နိုင်ခွင့်ရှိသော ဥပါဒါနက္ခန္ဓာ-တို့သည်လည်း အကြောင်းတရားများ မရှိတော့ခြင်းကြောင့် ဖြစ်နိုင်ခွင့် မရှိကြတော့ဘဲ ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားကာ အမြစ်ပြတ် ချုပ်ငြိမ်း သွားကြ၏။ နောင်ထပ်တစ်ဖန် ဖြစ်ခွင့် လုံးဝ မရှိကြတော့ပေ။

ယောဂါဝစရပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်ပိုင်းသို့ ရောက်ရှိသောအခါ ယင်းကဲ့သို့သော ချုပ်ငြိမ်းမှုကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဟူသော ဝိပဿနာ ဉာဏ်ဖြင့် မြင်အောင် ရှုရမည် ဖြစ်ပေသည်။

ထိုတွင် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကို ရှုမြင်တတ်သော ဉာဏ်ကား ပစ္စယတော ဥဒယဒဿနဉာဏ်တည်း။ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ငြိမ်းပုံကို ရှုမြင်တတ်သော ဉာဏ်ကား ပစ္စယတော ဝယဒဿနဉာဏ်တည်း။ ဤဉာဏ် နှစ်မျိုးကို ပေါင်းစပ်သော် ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ် ဖြစ်၏။ အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ကို ရှုသော ဉာဏ်တည်း။

တစ်ဖန် အကျိုးခန္ဓာတို့၏ ဖြစ်မှုကို ရှုမြင်သော ဉာဏ်ကား ခဏတော ဥဒယဒဿနဉာဏ်တည်း။ ပျက်မှုကို ရှုမြင်တတ်သော ဉာဏ်ကား ခဏတော ဝယဒဿနဉာဏ်တည်း။ ဤဉာဏ်နှစ်မျိုးကို ပေါင်းစပ်သော် ခဏတော ဥဒယဗ္ဗယဒဿနဉာဏ်တည်း = ခဏအားဖြင့် ဖြစ်-ပျက်ကို ရှုသော ဉာဏ်တည်း။

ယောဂါဝစရပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်ပိုင်းသို့ ရောက်ရှိသောအခါ ဤပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ်နှင့် ခဏတော ဥဒယဗ္ဗယဒဿန ဉာဏ် အမြင်နှစ်မျိုးကို သန့်ရှင်းအောင် ရင့်ကျက်အောင် ကြိုးစားအားထုတ်ရ မည်


©shwehinthar.com

ဖြစ်ပေသည်။ (အားထုတ်ပုံစနစ် အသေးစိတ်ကို ဆရာသမားများနှင့် ချဉ်းကပ်လေ့လာပါ။)

ဤသို့လျှင် ပစ္စယတော ဥဒယဗ္ဗယဒဿန, ခဏတော ဥဒယဗ္ဗယဒဿနဟူသော နှစ်မျိုးသော ဥဒယဗ္ဗယသဘောတို့ကို နှလုံးသွင်း ရှုပွားသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ "ဤရုပ်တရား နာမ်တရားတို့သည် ရှေးက မရှိမူ၍ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာကုန်သတတ်၊ ဖြစ်ကုန်ပြီး၍လည်း ရုတ်ခြည်း ချုပ်ပျက် ပျောက်ကင်းကုန်သတတ်"ဟု ထိုးထွင်းသိသော ဝိပဿနာဉာဏ်သည် အထူးသဖြင့် သာလွန်၍ သန့်ရှင်းစင်ကြယ်လာ၏။ ဤသို့ အကြောင်းတရားအားဖြင့်လည်းကောင်း, ခဏအားဖြင့်လည်းကောင်း နှစ်မျိုး နှစ်စားအားဖြင့် ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယသဘောကို ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ဝိပဿနာအခိုက် ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း သိရသည့် သစ္စာလေးပါးတရားတို့သည် ထင်ရှားလာကုန်၏။

**သစ္စာလေးပါး ထင်ရှားပုံ**

**ပစ္စယတော ဥဒယဒဿနေန သမုဒယသစ္စံ ပါကဋံ ဟောတိ ဇနကာဝဗောဓတော၊ ခဏတော ဥဒယဒဿနေန ဒုက္ခသစ္စံ ပါကဋံ ဟောတိ ဇာတိဒုက္ခာဝဗောဓတော။** ပစ္စယတော ဝယဒဿနေန နိရောဓသစ္စံ **ပါကဋံ ဟောတိ ပစ္စယာနုပ္ပါဒေန ပစ္စယဝတံ အနုပ္ပါဒါဝဗောဓတော၊ ခဏတော ဝယဒဿနေန** ဒုက္ခသစ္စမေဝ **ပါကဋံ ဟောတိ မရဏဒုက္ခာဝဗောဓတော။ ယဉ္စဿ ဥဒယဗ္ဗယဒဿနံ၊ မဂ္ဂေါဝါယံ လောကိကောတိ** မဂ္ဂသစ္စံ **ပါကဋံ ဟောတိ တတြ သမ္မောဟဝိဃာတတော။** (ဝိသုဒ္ဓိ၊၂၊၂၆၇-၂၆၈။)

"ပစ္စယာနုပ္ပါဒေနာ"**တိ ဧတေန ပစ္စယာနံ အနုပ္ပါဒနိရောဓော ဣဓ ပစ္စယနိရောဓောတိ ဒဿေတိ။** (မဟာဋီ၊၂၊၂၄၂။ )

**ပစ္စယတော ဥဒယဒဿန** = အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံသက်သက်ကို ရှုမြင်သဖြင့် ခန္ဓာငါးပါး (= ဒုက္ခသစ္စာတရား)တို့ကို တိုက်ရိုက် ဖြစ်စေတတ်သော ဇနကအကြောင်းတရားကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **သမုဒယသစ္စာ**သည် ထင်ရှားလာ၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

**ခဏတော ဥဒယဒဿန** = ခဏအားဖြင့် ခန္ဓာတို့၏ ဖြစ်မှု နိဗ္ဗတ္တိလက္ခဏာကို ရှုမြင်သဖြင့် ခန္ဓာငါးပါးတို့၏ ဖြစ်မှု ဇာတိဒုက္ခကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်း ကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **ဒုက္ခသစ္စာ**သည် ထင်ရှားလာ ၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

**ပစ္စယတော ဝယဒဿန** = အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် (မဟာဋီ၊၂၊၄၁။) အကျိုးတရားတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို ရှုမြင်သဖြင့် **နိရောဓသစ္စာ**သည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် အကြောင်းတရား ထင်ရှားရှိကြကုန်သော အကျိုးတရားတို့၏လည်း အနုပ္ပါဒ နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းကြောင့်တည်း။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

**ခဏတော ဝယဒဿန** = ခန္ဓာတို့၏ ဘင်ကာလ၌ ဖောက်ပြန်ပျက်စီးခြင်း ဝိပရိဏာမလက္ခဏာ ဟူသော အပျက်သက်သက်ကို ရှုမြင်သဖြင့် ခန္ဓာတို့၏ မရဏဒုက္ခဟု ခေါ်ဆိုအပ်သော သံသရာဝဋ်ဆင်းရဲဒုက္ခကြီးကို ဝိပဿနာ-သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **ဒုက္ခသစ္စာ**တရား သည်ပင်လျှင် ထင်ရှားလာ၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

**သမုဒ္ဒေါ မယာ ဒိဋ္ဌော** = 'ငါသည် သမုဒ္ဒရာကို မြင်၏'ဟူရာ၌ 'သမုဒ္ဒ'-သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒ္ဒရာတစ်စင်းလုံး၏ အမည်ဖြစ်ငြားသော် လည်း သမုဒ္ဒရာတစ်စင်းလုံး၏ 'သမုဒ္ဒ'ဟူသော အမည်ကို အစိတ်ဖြစ်-

 ©shwehinthar.com

သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစ်စိတ်တစ်ဒေသ၌ တင်စား၍ အစိတ် ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစ်စိတ်တစ်ဒေသကိုပင် ဧကဒေသူပစာရအားဖြင့် 'သမုဒ္ဒရာ'ဟု ခေါ်ဝေါ်သကဲ့သို့လည်းကောင်း, 'ငါသည် သမုဒ္ဒရာကို မြင်၏'ဟု ဆိုသကဲ့သို့လည်းကောင်း,

**ပဗ္ဗတော မယာ ဒိဋ္ဌော** = 'ငါသည် တောင်ကို မြင်၏'ဟူရာ၌ 'ပဗ္ဗတ = တောင်'သဒ္ဒါသည် အပေါင်းဖြစ်သော တောင်တစ်ခုလုံး၏ အမည် ဖြစ်ငြားသော်လည်း တောင်တစ်တောင်လုံး၏ 'ပဗ္ဗတ'ဟူသော အမည်ကို အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော တောင်တစ်စိတ်တစ်ဒေသ၌ တင်စား၍ အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော တောင်တစ်စိတ်တစ်ဒေသကိုပင် ဧကဒေသူပစာရအားဖြင့် 'ပဗ္ဗတ = တောင်'ဟု ခေါ်ဝေါ်သကဲ့သို့ လည်းကောင်း, 'ငါသည် တောင်ကို မြင်၏'ဟု ဆိုသကဲ့သို့လည်းကောင်း,

တစ်စိတ်တစ်ဒေသအားဖြင့် သမုဒ္ဒရာကို မြင်သူအား အပေါင်းဖြစ်သော သမုဒ္ဒရာသည် ထင်ရှားသကဲ့သို့, တစ်စိတ်တစ်ဒေသအားဖြင့် တောင်ကို မြင်သူအား အပေါင်းဖြစ်သော တောင်သည် ထင်ရှားသကဲ့သို့, အလားတူပင် ခန္ဓာတို့၏ တစ်စိတ်တစ်ဒေသ၏ ဖြစ်မှု (= ဇာတိ) ဒုက္ခ, ပျက်မှု (= မရဏ) ဒုက္ခကို ဝိပဿနာဉာဏ်ဖြင့် သိမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း အပေါင်းဖြစ်သော ဒုက္ခသစ္စာကို ထင်ထင်ရှားရှား သိသည်ပင် မည်ပေသည်။

(မဟာဋီ၊၂၄၂၃-၄၂၄။)

ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော **'ပစ္စယတော ဥဒယဗ္ဗယဒဿန** = အကြောင်းတရားအားဖြင့် သင်္ခါရတရားတို့၏ ဖြစ်ပျက်ကို ရှုမြင်ခြင်း'နှင့် **'ခဏတော ဥဒယဗ္ဗယဒဿန** = ခဏအားဖြင့် သင်္ခါရတရား တို့၏ ဖြစ်ပျက်ကို ရှုမြင်ခြင်း'ဟူသော ဤနှစ်မျိုးသော သင်္ခါရတရားတို့၏ ဥဒယဗ္ဗယ သဘာဝမှန်ကို မတွေမဝေ သိတတ်သော အသမ္မောဟပြခန်း သော —

၁။ သမ္မာဒိဋ္ဌိ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝအမှန်ကို ထိုးထွင်းသိမြင်ခြင်း,

၂။ သမ္မာသင်္ကပ္ပ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝ အာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရှေးရှုတင်ပေးခြင်း,

၃။ သမ္မာဝါယာမ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝ မှန်ကို သိအောင် ကြိုးစားအားထုတ်ခြင်း,

၄။ သမ္မာသတိ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝ အာရုံကို အမှတ်ရခြင်း, ယင်းအာရုံ၌ စိတ် ခိုင်မြဲခြင်း,

၅။ သမ္မာသမာဓိ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝ အာရုံ၌ စိတ်၏ ကောင်းစွာ တည်ကြည်နေခြင်းဟူသော —

ဤမဂ္ဂင်တရားကိုယ် ငါးပါးသည် လောကီမဂ္ဂင်တရား ဖြစ်ရကား ထို ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **မဂ္ဂသစ္စာ**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်း ဟူမူ — သင်္ခါရတရားတို့၏ ထိုနှစ်မျိုးသော ဥဒယဗ္ဗယ၌ ဟုတ်တိုင်းမှန်စွာ မသိမမြင်တတ်သော တွေဝေနေသော သမ္မောဟတရားကို ထိုလောကီမဂ္ဂင်တရားတို့က တဒင်္ဂအားဖြင့် ပယ်သတ်သည်၏ အဖြစ်ကြောင့် တည်း။ (ဝိသုဒ္ဓိ၊၂၊၂၆၇-၂၆၈။ မဟာဋီ၊၂၄၂၃-၄၂၄။)

ဝိပဿနာဉာဏ် ဖြစ်နေခိုက် ယင်းလောကီမဂ္ဂင်တရားကိုယ် ငါးပါး ထင်ရှားဖြစ်ပေါ်လာသောအခါ ယင်းမဂ္ဂင်တရားတို့သည် ယင်းသမ္မောဟတရားကို ပယ်သတ်လျက်သာလျှင် ထင်ထင်ရှားရှား ဖြစ်ပေါ်လာကြကုန်၏ ဟူပေ။ (မဟာဋီ၊၂၄၂၄။)

ဤအထက်ပါ အရပ်ရပ်သော ညွှန်ကြားချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ အရဟတ္တမဂ်ရမည့် အချိန်တွင် ယင်း အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကိုလည်းကောင်း, ယင်းအကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးခန္ဓာတို့၏ ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားကာ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကိုလည်းကောင်း ဤဥဒယဗ္ဗယဉာဏ်ပိုင်းတွင် ပစ္စယတော


©shwehinthar.com

ဝယဒဿနဉာဏ်ဖြင့် မြင်အောင် ရှုရမည်ဟု မှတ်သားပါလေ။

**ဘင်္ဂါနုပဿနာပိုင်း . . စသည်**

ဤသို့လျှင် သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယသဘာဝ၌ ဉာဏ်အမြင် သန့်ရှင်းလာသောအခါ, ဥပက္ကိလေသတို့မှလည်း လွတ်မြောက် သွားသောအခါ ယင်းသင်္ခါရတရားတို့၏ ဖြစ်မှုကို နှလုံးမသွင်းတော့ဘဲ အပျက်-ကိုသာ တစ်ဖက်သတ် နှလုံးသွင်းခဲ့သော် ဝိပဿနာဉာဏ်များ ရင့်ကျက်လာသောအခါ ဝိပဿနာဉာဏ်သည် ထက်မြက်သည်ဖြစ်၍ ဖြစ် ပေါ်လာလတ်သော်, ထက်မြက်သည်၏ အဖြစ်ကို ရှက်ဆောင်သည်ရှိသော်, သင်္ခါရတရားတို့-သည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဥဒယဗ္ဗယ၏ အစွမ်းဖြင့် လျင်လျင်မြန်မြန် ထင်လာလတ်ကုန်သော် —

၁။ **ဥပ္ပါဒ** = ဖြစ်ခြင်း (= ဥပါဒ်)ဟူသော အခြင်းအရာထူးသို့လည်းကောင်း,
၂။ ဌိတိ = တည်ခြင်း (= ဌီ)ဟူသော ဇရာသို့လည်းကောင်း,
၃။ ပဝတ္တ = ဥပါဒ်နွကပဝတ္တတရားသို့လည်းကောင်း,
၄။ နိမိတ္တ = သင်္ခါရတရားတို့၏ အထည်ကိုယ် လုံးလုံးလျောင်းလျောင်း သဏ္ဌာန်စသည် ထင်ခြင်းမျှသို့လည်းကောင်း

ဝိပဿနာဉာဏ်သည် (ယင်းလေးမျိုးသော သဘောတရားတို့ကို နှလုံး မသွင်းသောကြောင့်) မရောက်ရှိတော့ပေ၊ ဝိပဿနာဉာဏ်သည် လိုက်မမီတော့ပေ။

၁။ ခယ = ကုန်ခြင်းသဘော,
၂။ ဝယ = ပျက်ခြင်းသဘော,
၃။ ဘေဒ = ပြိုခြင်းသဘော,
၄။ နိရောဓ = ခဏမစဲ တသဲသဲ ချုပ်ခြင်းသဘော

ဤ ခယ ဝယ ဘေဒ နိရောဓဟု ဆိုအပ်သော ခဏိကနိရောဓ (=ခဏ အားဖြင့် ချုပ်ပျက်ခြင်း) သဘောတရား၌သာလျှင် သတိသည် ကောင်းစွာ တည်နေ၏။

"သင်္ခါရ၌ အတွင်းဝင်သော တရားအပေါင်းသည်. . ဤသို့ ဖြစ်၍ စက်ဆုပ်ဖွယ်လိလိ ချုပ်ဘိ၏တကား"ဟု ဤသို့ ရှုသော ထိုယောဂါဝစရ ပုဂ္ဂိုလ်အား ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းကိုသာလျှင် နှလုံးသွင်းရာ ဤအရာ၌ ပျက်ခြင်းဘင်ကိုသာလျှင် အဖန်တလဲလဲ ရှုခြင်းကြောင့် ဘင်္ဂါနုပဿနာ အမည်ရသော ဝိပဿနာဉာဏ်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ၊၂၊၇၇။)

သင်္ခါရတရားတို့သည် ဥဒယဗ္ဗယ၏ အစွမ်းဖြင့် လျင်လျင်မြန်မြန် ထင်လာလတ်ကုန်သော် ယင်းသင်္ခါရတရားတို့၏ ဖြစ်မှု (= ဥဒယ)ကို ရှုမြင်ခြင်း ဟူသည်မှာလည်း "ဖြစ်ခြင်းသဘော ရှိသော တရားသည် ပျက်စီး၏"ဟု ပျက်မှု (= ဝယ)ကို ရှုမြင်နိုင်ဖို့ရန် အလို့ငှာသာလျှင် ဖြစ်၏။ အဘယ်ကြောင့် အပျက်ကို ရှုရသနည်း ဟူမူ — ထို အပျက်ကို ရှုမြင်သော ဉာဏ်၏ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းဟူသော နိဗ္ဗိဒါဉာဏ်ကို ရှက်ဆောင်တတ် ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့် ရှုခြင်း ဖြစ်၏။ ထိုကြောင့် သင်္ခါရတရား တို့၏ အပျက်သက်သက်၌သာလျှင် ထိုယောဂါဝစရပုဂ္ဂိုလ်၏ နှလုံးသွင်း (= အာဘောဂ) ကို ကောင်းစွာ ဆောင်တတ်သော နှလုံးသွင်း ရှုပွားမှု (= မနသိကာရ) သည် ဖြစ်ပေါ်နေ၏။ ထိုကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် ဥပ္ပါဒ ဌိတိ ပဝတ္တ နိမိတ္တတို့သို့ မရောက်ခြင်း, ဥပ္ပါဒ ဌိတိ ပဝတ္တ နိမိတ္တတို့ကို ဉာဏ်က လိုက်မမီခြင်း ဖြစ်၏။ (မဟာဋီ၊၂၊၄၃၉။)

**ဥပ္ပါဒန္တိ နိဗ္ဗတ္တိဝိကာရံ။** (မဟာဋီ၊၂၊၄၃၉။)

ဤ၌ ဥပ္ပါဒ (= ဥပါဒ်)ဟူသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်း (= ဥပါဒ်) ဟူသော အခြင်းအရာ အထူးတည်း။ သင်္ခါရတရားတို့၏ ဖြစ်မှုကို နှလုံး မသွင်းဘဲ အပျက်သက်သက်ကိုသာ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ထက်မြက် လာသော-အခါ အဖြစ်ကို မမြင်ခြင်း ဖြစ်သည်။ (မဟာဋီ၊၂၊၄၃၉။)

**ဌိတိန္တိ ဌိတိပ္ပတ္တံ၊ ဇရန္တိ အတ္ထော။** (မဟာဋီ၊၂၊၄၃၉။)

သင်္ခါရတရားတို့၏ ဥပါဒ်ပြီးနောက် ဘင်သို့ မရောက်မီ အခိုက်အတန့်မျှ တည်ခြင်းသဘောကို ဌီဟု ခေါ်ဆို၏၊ ဇရာဟု ဆိုလိုသည်။ သင်္ခါရတရားတို့၏ ယင်း 'ဌီ'သဘောကိုလည်း ယောဂါဝစရပုဂ္ဂိုလ်သည် နှလုံးမသွင်းတော့သဖြင့် သင်္ခါရတရားတို့၏ အပျက်သက်သက်ကို အမြင်သန်သည့် ဝိပဿနာဉာဏ်သည် ထက်မြက်လာသောအခါ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်း ဌီသဘောကိုလည်း မမြင်တော့ပေ။

**ပဝတ္တန္တိ ဥပါဒိန္နကပ္ပဝတ္တံ။** (မဟာဋီ၊၂၊၄၃၉။)

**အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ** ဥပါဒိန္နာ၊ **အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာတိ** ဥပါဒါနိယာ၊ **ဥပါဒါနဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ၊ ဥပါဒိန္နာ စ တေ ဥပါဒါနိယာ စာတိ** ဥပါဒိန္နုပါဒါနိယာ၊ **သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ။**

(အဘိ၊ဋ္ဌ၊၁၊၈၅။)

တဏှာဒိဋ္ဌိတို့သည် အာရုံပြုသောအားဖြင့် ကပ်ရောက်အပ်သော ကံက "ဤတရားတို့သည် ငါ၏ အကျိုးတရားများ ဖြစ်ကြသည်"ဟု စွဲယူအပ်သော တရားများသည် **ဥပါဒိန္န**မည်၏။ တဏှာဒိဋ္ဌိတို့သည် လောကီတရားတို့ကိုသာလျှင် အာရုံပြုနိုင်ကြရကား ယင်းသို့ အာရုံပြုအပ်သော ကံဟူသည် လောကီ ကုသိုလ်ကံ အကုသိုလ်ကံသာတည်း။ ထို့ကြောင့် ဥပါဒိန္န-အရ လောကီ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးဖြစ်သော လောကီဝိပါက်စိတ် +စေတသိက် (= နာမ်တရားစု)နှင့် ကမ္မဇရုပ်များကို ကောက်ယူရ၏။ ယင်း လောကီဝိပါက်နာမ်တရားစုနှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်းသဘောကို **ဝိပါက ပဝတ္တ**ဟု ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပဋိသံ၊ဋ္ဌ၊၂၊၁၆၆။)တွင် ခေါ်ဝေါ်သုံးစွဲထား၏။

ယင်းဝိပါက်နာမ်တရားစုနှင့် ကမ္မဇရုပ်တို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏ သုံးပါးအပေါင်း၌ အကျုံးဝင်သည့် ဖြစ်မှု (= ဥပါဒ်)သဘောကား အထက်တွင် ဖော်ပြထားသော အမှတ်(၁) ဖြစ်သည့် **ဥပ္ပါဒ**အရတွင် ပါဝင်ပြီး ဖြစ်၏။ ဤဥပါဒိန္နကပဝတ္တဟူသည် ယင်း ဝိပါက်နာမ်တရားစုနှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း (= ဥပါဒ်)မျှကို ရည်ရွယ်သည်ကား မဟုတ်ပေ။ တဏှာ ဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံကြောင့် ဝိပါက်ရုပ်နာမ်တို့၏ ဖြစ်မှုဟူသော ကြောင်း-ကျိုး-ဆက်နွယ်လျက် ဖြစ်မှုကို ရည်ညွှန်းထားခြင်း ဖြစ်သည်။ ယောဂါဝစရပုဂ္ဂိုလ်သည် ရှေး ဥဒယဗ္ဗယ အကျယ်ရှုပွားနည်း၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အကြောင်းတရားများကြောင့် ဆိုင်ရာဆိုင်ရာ ဝိပါကဝဋ် အကျိုးတရားတို့၏ ဖြစ်မှုကို ဝိပဿနာဉာဏ်ဖြင့် ရှုခဲ့၏၊ ပစ္စယတော ဥဒယဒဿနပင်တည်း။

ဤဘင်္ဂဉာဏ်ပိုင်း၌ကား ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၏ ဖြစ်မှုကို နှလုံးမသွင်းတော့ဘဲ အပျက်သက်သက်ကိုသာ နှလုံးသွင်းရှုပွားခြင်းကြောင့် ဝိပဿနာဉာဏ်၏ ထက်မြက်စူးရှ သန့်ရှင်းခြင်းသို့ ရောက်ရှိလာသောအခါ သင်္ခါရတရားတို့၏အဖြစ်ကို မမြင်တော့ဘဲ အပျက်သက်သက်ကို သာ မြင်လာ၏။ ထိုသို့ မြင်လာသောအခါ အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်မှုကိုလည်း နှလုံးမသွင်းတော့သဖြင့် အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်မှုကိုလည်း မမြင်တော့ဘဲ အကြောင်းအကျိုး နှစ်ရပ်လုံးတို့၏ အပျက်သက်သက်ကိုသာ မြင်နေရကား အကြောင်းတရား ထင်ရှားရှိခြင်း ဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်မှု (= ဥပါဒိန္နကပဝတ္တ)ကိုလည်း မမြင်တော့ဘဲ ဝိပဿနာဉာဏ်သည် ယင်းဥပါဒိန္နကပဝတ္တ သို့လည်း မသက်ရောက်တော့ဟု ဆိုလိုသည်။

**နိမိတ္တန္တိ သင်္ခါရနိမိတ္တံ၊ ယံ သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊ တံ သင်္ခါရနိမိတ္တံ။**

(မဟာဋီ၊၂၊၄၃၉။)

ဤ၌ သင်္ခါရနိမိတ်ဟူသည် သင်္ခါရတရားတို့၏

၁။ သမူဟဃန = အပေါင်းအစု အတုံးအခဲ,

၂။ ကိစ္စဃန = လုပ်ငန်းကိစ္စ အတုံးအခဲ,

၃။ အာရမ္မဏဃန = အာရုံယူမှု အတုံးအခဲ —

ဟူသော ရုပ်ဃန နာမ်ဃနတို့၏ အစွမ်းဖြင့်လည်းကောင်း, မိမိ မိမိကိစ္စလျှင် အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း အထည်ဒြပ် ရှိကုန်သကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာခြင်းတည်း။



©shwehinthar.com

(မဟာဋီ၊၂၊၄၃၉။)

သင်္ခါရတရားတို့၏ အပျက်ကိုသာ ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဘင်္ဂါနုပဿနာဉာဏ်သည် ထက်မြက်စူးရှလာသော် သန့်ရှင်းစင်ကြယ်လာ သော် ရုပ်တရားတို့၏ သမူဟဃန ကိစ္စဃန, နာမ်တရားတို့၏ သမူဟဃန ကိစ္စဃန အာရမ္မဏဃနဟူသော ရုပ်ဃန နာမ်ဃန (= ရုပ်တုံးရုပ်ခဲ နာမ်တုံး နာမ်ခဲ)များသည် ပြိုကွဲသွားပြီ ဖြစ်၏။ (သန္တတိဃန = ရုပ်နာမ်အစဉ်အတန်း အတုံးအခဲကား ရှေးမဆွကပင် ဥဒယဗ္ဗယဉာဏ်ပိုင်းကတည်းက ပြိုခဲ့ပြီး ဖြစ်၏။) ရှေ့ပိုင်းဉာဏ်များ ဖြစ်ကြသော သင်္ခါရပရိစ္ဆေဒဉာဏ်ပိုင်း (= နာမရူပ ပရိစ္ဆေဒဉာဏ်ပိုင်းမှစ၍ ဥဒယဗ္ဗယဉာဏ်သို့တိုင်အောင်သော ဝိပဿနာဉာဏ်တို့)၏ အတွင်း၌ကား ရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ဃန အသီးအသီး ပြို၍, မရှုလိုက်မိ မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ဃနအသီးအသီး မပြိုဘဲ ရှိတတ်၏။ ယင်း မရှုလိုက်မိသော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ရုပ်ကလာပ် နာမ်ကလာပ်အတိုင်း တွေ့နေတတ်သေး၏။ ရှုလိုက်မိ ရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ဃန အသီးအသီး ပြို၍ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်သွား၏။ အကြောင်းမူ သာဝကပါရမီဉာဏ်အရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ရုပ်ကလာပ် နာမ်ကလာပ်တို့ကို ကုန်စင်အောင် မရှုနိုင်ဘဲ အချို့အဝက် တစ်စိတ်တစ်ဒေသလောက်ကိုသာ ရှုနိုင်သောကြောင့် ဖြစ်၏။ သို့သော် ဤဘင်္ဂါနုပဿနာဉာဏ်သည် ရင့်သန်လာသောအခါ၌ကား ယောဂါဝစရပုဂ္ဂိုလ်သည် ရုပ်ကလာပ် နာမ်ကလာပ်စသော သဏ္ဌာန်ဒြပ်ဟူသမျှကို မတွေ့ရတော့ပေ။ ရုပ်သဘောတရားသက်သက် နာမ်သဘောတရားသက်သက်ကိုသာ တွေ့နေ၏။ ဃန အသီးအသီး ပြိုနေ၏။ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော သင်္ခါရနိမိတ်များသည် ပျောက်ကွယ်သွားကြ၏။ ဘင်္ဂါနုပဿနာဉာဏ်သည် ယင်း သင်္ခါရနိမိတ်သို့လည်း မရောက်ရှိတော့ပေ။ ဤကား ဘင်္ဂါနုပဿနာဉာဏ်၏ မှတ်ကျောက်တည်း။ ရုပ်ကလာပ်များ နာမ်ကလာပ်များကို တွေ့နေသေးပါက ဘင်ဉာဏ်သို့ မဆိုက်သေးဟု မှတ်ပါ။

**ခယ – ဝယ – ဘေဒ – နိရောဓ**

ယင်းသို့ **ဥပ္ပါဒ-ဌိတိ-ပဝတ္တ-နိမိတ္တ**တို့ကို ဉာဏ်က ပိုင်းခြား မယူခြင်း ကြောင့် ယင်း ဥပ္ပါဒ-ဌိတိ-ပဝတ္တ-နိမိတ္တတို့သို့ ဉာဏ်က မသက်ရောက် မဆိုက်ရောက်တော့လျှင် အဘယ်သို့ကား ဉာဏ်သည် ဆိုက်ရောက်နေပါသနည်း ဟူမူ —

**ခယ-ဝယ-ဘေဒ-နိရောဓေယေဝ သတိ သန္တိဋ္ဌတိ၊** (ဝိသုဒ္ဓိ၊၂၊၂၇၇။)

**သတိ သန္တိဋ္ဌတီတိ သတိသီသေန ဉာဏမာဟ၊** (မဟာဋီ၊၂၊၄၃၉။)

သတိ ဦးဆောင်သည့် ဝိပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ ခယ **=** ကုန်ခြင်း, **ဝယ =** ပျက်ခြင်း, ဘေဒ = ပြိုခြင်းဟု ခေါ်ဆိုအပ်သော **ခဏိကနိရောဓ** (= ခဏအားဖြင့် ချုပ်ပျက်မှုသဘောတရား)၌သာလျှင် ကောင်းစွာ တည်နေပေသည်။ (ဝိသုဒ္ဓိ၊၂၊၂၇၇။ မဟာဋီ၊၂၊၄၃၉။)

**နိရောဓ**သဒ္ဒါသည် ဥပ္ပါဒနိရောဓ အနုပ္ပါဒနိရောဓ နှစ်မျိုးကို ဟော၏။ နောင်တစ်ဖန် ဖြစ်မှုရှိသော ချုပ်ခြင်းကား ဥပ္ပါဒနိရောဓတည်း။ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်း, ဖြစ်မှုမရှိသော ချုပ်ခြင်းကား အနုပ္ပါဒနိရောဓတည်း။ ထိုအနုပ္ပါဒနိရောဓ၌လည်း 'နိရောဓ'သဒ္ဒါ၏ အနက်သည် ထင်ရကား ဤ၌ ဥပ္ပါဒနိရောဓဟု သိစေလိုသဖြင့် 'ဘေဒ'သဒ္ဒါဖြင့် အထူးပြုကာ ဖွင့်ဆိုထားပေသည်။

**ဘေဒ**သဒ္ဒါသည်လည်း အထူးဝိသေသကို ဟောသော ဘေဒသဒ္ဒါသည်လည်း ရှိရကား ဤ၌ ဘေဒသဒ္ဒါသည် အထူးဝိသေသအနက်ကို မဟော၊ ပြိုပျက်ခြင်း ကုန်ခန်းခြင်း ခယအနက်ကို ဟောသည်ဟု သိစေလို၍ 'ခယ'သဒ္ဒါဖြင့် အထူးပြုကာ ဖွင့်ဆိုထားပေသည်။ ထိုကြောင့် ဤ၌ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏။

**ခယ-ဝယ-ဘေဒသင်္ခါတေ ခဏိကနိရောဓေတိ အတ္ထော၊**

(မဟာဋီ၊၂၊၄၃၉။)

ယောဂါဝစရပုဂ္ဂိုလ်၏ ဘင်္ဂါနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း ပြိုခြင်းဟု ဆိုအပ်သော ခဏိကနိရောဓ (= ခဏအားဖြင့် ချုပ်ပျက်မှု)၌သာလျှင် ကောင်းစွာ တည်နေ၏။ အလားတူပင် ယင်း ဘင်္ဂါ-နုပဿနာဉာဏ်နှင့် ယှဉ်လျက် ရှိသော သတိသည်လည်း သင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း ပြိုခြင်းဟု ဆိုအပ်သော


©shwehinthar.com

ခဏိကနိရောဓ (= ခဏအားဖြင့် ချုပ်ပျက်မှု)သဘောတရား၌သာလျှင် ကောင်းစွာ တည်နေပေ၏ဟု ဆိုလို၏။
(မဟာဋီ၊၂၊၄၃၉။)

**ဥပ္ပါဒနိရောဓ – အနုပ္ပါဒနိရောဓ**

ဝိပဿနာအရာ၌ ချုပ်မှုကား နှစ်မျိုး ရှိနေ၏။

၁။ ဥပ္ပါဒနိရောဓ = နောင်တစ်ဖန် ဖြစ်ခွင့် ရှိသော ချုပ်နည်း,

၂။ အနုပ္ပါဒနိရောဓ = နောင်တစ်ဖန် ဖြစ်ခွင့် မရှိသော ချုပ်နည်း –

ဤသို့လျှင် ချုပ်မှု နှစ်မျိုး ရှိနေ၏။ ဝိပဿနာဉာဏ်တို့၏ အဆုံး၌ ဖြစ်ပေါ်လာမည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန် တရားတော်မြတ်ကြီးသည်ကား အစ္စန္တနိရောဓတည်း (=စင်စစ် ဒုက္ခ သမုဒယတို့၏ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိရောဓသစ္စာတရားတည်း။) (ဝိသုဒ္ဓိ၊၁၊၂၈၂။) ယင်းအစ္စန္တနိရောဓကို ဤ၌ မဆိုလိုပါ။ ဥပ္ပါဒနိရောဓနှင့် အနုပ္ပါဒနိရောဓအကြောင်းကိုသာ တင်ပြလိုပါသည်။

သံသရာတစ်လျှောက် ပရိနိဗ္ဗာနစုတိသို့ တိုင်အောင်သော သင်္ခါရတရား တို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြိုနေသည့် (= ခယ ဝယ ဘေဒဟု ခေါ်ဆိုအပ်သော) ခဏိကနိရောဓ (= ခဏမစဲ တသဲသဲ ချုပ်ပျက်မှု)သဘောကား ဥပ္ပါဒနိရောဓ-တည်း။ အကြောင်းတရားများ မကုန်ဆုံးသေးသမျှ ကာလပတ်လုံး ဤနည်းနှင်နှင် ချုပ်ပျက်နေကြမည်သာ ဖြစ်၏။ ရုပ်နာမ်ကို ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနေသည့် အကြောင်းတရားများ မကုန်ဆုံးသေးသမျှ ကာလပတ်လုံး အလားတူ ရုပ်နာမ်များ ထပ်မံ ဖြစ်ခွင့် ရှိနေသေးသော ချုပ်ခြင်းပင် ဖြစ်၏။

အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သော အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် ဖြစ်ခွင့်ရှိနေသော ရုပ်နာမ်ခန္ဓာမှန်သမျှတို့သည်လည်း နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားကြ၏။ အနုပ္ပါဒနိရောဓပင်တည်း။ (မဟာဋီ၊၂၊၄၂၁။) အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ငြိမ်းပုံကို မြင်အောင် ရှုရသည့် ပစ္စယတော ဝယဒဿနဉာဏ်ဟူသော ဥဒယဗ္ဗယ ဉာဏ်ပိုင်းနှင့် ဆိုင်၏။ ဥပ္ပါဒနိရောဓကား ဝိပဿနာပိုင်းအားလုံးနှင့် ဆိုင်၏။ပစ္စယတော ဝယဒဿနဉာဏ်ဟူသော ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် အနုပ္ပါဒနိရောဓကို မြင်အောင် ရှုရ၏။ ဝိပဿနာဉာဏ်အားလုံးတို့ဖြင့် ဥပ္ပါဒနိရောဓကို မြင်အောင် ရှုရ၏။

**ဉာတ နှင့် ဉာဏ**

ယောဂါဝစရပုဂ္ဂိုလ်သည် ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်ကုန် သော ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်သဘောတရားတည်းဟူသော သင်္ခါရတရားတို့ကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ဆင်ခြင်ရှုပွားသုံးသပ်လိုက်သော အခါ ယင်းသင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း (= ခယ ဝယ) သဘောကို သာလျှင် သိမြင်နေ၏။ ထိုသို့ သိမြင်သော ဝိပဿနာဉာဏ် ပြဓာန်းသော ဝိပဿနာဇောဝီထိစိတ်အစဉ် နာမ်တရားစုကိုလည်း ယင်း နာမ်တရားစု၏ အပျက်ကို မြင်အောင် ကြည့်၍ တစ်ဖန်ပြန်၍ ဝိပဿနာရှုအပ်ပေသည်။ ထိုကြောင့် ရှေးရှေးအဋ္ဌကထာဆရာတော်တို့က အောက်-ပါအတိုင်း မိန့်ဆို တော်မူကြသည်။

**ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ။** (ဝိသုဒ္ဓိ၊၂၊၂၇၈။)

ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန်သော ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကား ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း သိရ မည့် ဉာတတရားတို့တည်း။ ယင်းဉာတတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ထိုးထွင်းသိနေသော ဝိပဿနာဉာဏ် ပြဓာန်းသော ဝိပဿနာမနောဒွါရိကဇောဝီထိ နာမ်တရားစုတို့ကား ဉာဏတရားတည်း။ [** စိတ္တက္ခဏံ စေတ္ထ သသမ္ပယုတ္တစိတ္တံ အဓိပ္ပေတံ။** (ပဋိသံ၊ဋ္ဌ၊၁၊၂၃၉။)] ဤဘင်္ဂါ-နုပဿနာဉာဏ်မှ စ၍ အထက်ပိုင်း ဝိပဿနာဉာဏ်အားလုံးတို့၌ ယင်း ဉာတ-ဉာဏ တရားနှစ်မျိုးလုံးကိုပင် လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါလေ။


©shwehinthar.com

ယင်းဉာဏတရားတို့၏ အပျက်ကို အာရုံယူ၍ . . အနိစ္စဟု ရှုပါ။ (ဒုက္ခဟု ရှုပါ။ အနတ္တဟု ရှုပါ။)

၁။ အနိစ္စဟု ရှုသော ယင်းဝိပဿနာဉာဏ်ကို (= ဝိပဿနာဉာဏ် ပြဓာန်းသော မနောဒွါရိကဇောဝီထိနာမ်တရားစုကို) ယင်းတို့၏ အပျက်ကိုပင် အာရုံယူ၍ . .

(က) အနိစ္စဟုလည်းကောင်း,
(ခ) ဒုက္ခဟုလည်းကောင်း,
(ဂ) အနတ္တဟုလည်းကောင်း,

၂။ ဒုက္ခဟု ရှုသော ဝိပဿနာဉာဏ်ကို ယင်း၏ အပျက်ကို အာရုံယူ၍. .

(က) အနိစ္စဟုလည်းကောင်း,
(ခ) ဒုက္ခဟုလည်းကောင်း,
(ဂ) အနတ္တဟုလည်းကောင်း,

၃။ အနတ္တဟု ရှုသော ဝိပဿနာဉာဏ်ကို ယင်း၏ အပျက်ကို အာရုံယူ၍

(က) အနိစ္စဟုလည်းကောင်း,
(ခ) ဒုက္ခဟုလည်းကောင်း,
(ဂ) အနတ္တဟုလည်းကောင်း

ဤသို့ အသီးအသီး ခွဲ၍ ရှုပါ။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးလုံး၌ ခန္ဓာငါးပါးနည်း, ရုပ်နာမ်နှစ်ပါးနည်း စသည်တို့ဖြင့် နည်းမှီ၍ ရှုပါလေ။

**အန္ဝယဉာဏ်ဖြင့် မှန်းဆရှုပုံ**

**အထဝါ သော ဧဝံ ဝိရဇ္ဇန္တော ယထာ ဒိဋ္ဌံ သင်္ခါရဂတံ၊ တထာ အဒိဋ္ဌမ္ပိ အန္ဝယဉာဏဝသေန နိရောဓေတိ၊ နော သမုဒေတိ၊ နိရောဓတောဝ မနသိကရောတိ။ နိရောဓမေဝဿ ပဿတိ၊ နော သမုဒယန္တိ အတ္ထော။**

(ဝိသုဒ္ဓိ၊၂၊၂၇၉။)

ဧဝံ ဝိရဇ္ဇန္တောတိ **ဧဝံ ဘင်္ဂါနုပဿနာနုသာရေန ဝိရဇ္ဇန္တော။ ယထာ ဒိဋ္ဌံ သမ္ပတိ ဥပဋ္ဌိတံ သင်္ခါရဂတံ နိရောဓေတိ နိရောဓံ မနသိ ကရောတိ၊ အဒိဋ္ဌမ္ပိ အတီတာနာဂတံ အန္ဝယဉာဏဝသေန ယထာ ဣဒံ တေရဟိ၊ ဧဝံ ဣတရေပီတိ အနုမိနန္တော နိရောဓေတိ မနသိကတဿာပိ နိရောဓံ (မနသိ) ကရောတိ။** နော သမုဒေတီတိ **ဧတ္ထာပိ ဧသေဝ နယော။ နော သမုဒယံ မနသိ ကရောတီတိ အတ္ထော။** (မဟာဋီ၊၂၊၄၄၂၊)

= တစ်နည်း — ဤဘင်္ဂါနုပဿနာဉာဏ်သို့ အစဉ်လျှောက်သဖြင့် သင်္ခါရတရားတို့အပေါ်၌ (ခပ်ကြာကြာ ခွဲထားနိုင်သောအားဖြင့်) တပ်မက်ခြင်း ရာဂကင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် မျက်မှောက်သိမြင်အပ်သော ဉာဏ်ဝ၌ ရှေးရှုထင်လာသော (အတိတ် အနာဂတ် ပစ္စုပ္ပန်) သင်္ခါရတရားအပေါင်းကို ချုပ်ခြင်းကို နှလုံးသွင်းသကဲ့သို့ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် မတွေ့မမြင်အပ်သေးသော မရှုရသေးသော အတိတ် အနာဂတ် သင်္ခါရတရား အပေါင်းကိုလည်း အလျော်ဆ၍ ယူတတ်သော **အန္ဝယဉာဏ်**၏ အစွမ်းဖြင့်, ယခုမျက်မှောက် လက်ငင်း ပစ္စက္ခဉာဏ်ဖြင့် မြင်အပ်သော ဤသင်္ခါရတရားကဲ့သို့ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် မမြင်အပ်သေးသော မရှုရသေးသော အတိတ် အနာဂတ် သင်္ခါရတရားသည်လည်း "ဤသို့ ချုပ်ခြင်းသဘော ရှိသည်သာတည်း"ဟု ဤသို့ နှိုင်းရှည့်လျက် ချုပ်ခြင်း နိရောဓသဘောကို နှလုံးသွင်း၏။ ဖြစ်ခြင်း သမုဒယကို နှလုံးမသွင်း၊ ချုပ်သောအားဖြင့်သာလျှင် (= အချုပ်ကိုသာလျှင်) နှလုံးသွင်း၏၊ ထိုသင်္ခါရတရားအပေါင်း၏ ချုပ်ခြင်း နိရောဓကိုသာလျှင် ရှု၏၊ ဖြစ်ခြင်း သမုဒယကို မရှု။ ဤကား ဆိုလိုရင်း အနက်သဘောတရားတည်း။ (ဝိသုဒ္ဓိ၊၂၊၂၇၉။ မဟာဋီ၊၂၊၄၄၂။)

ဤညွှန်ကြားချက်များနှင့် အညီ ဝိပဿနာဉာဏ်ဖြင့် မရှုလိုက်မိ မရှုလိုက်နိုင်သော အတိတ် အနာဂတ် သင်္ခါရတရားအပေါင်းကိုလည်း အန္ဝယဉာဏ်ဖြင့် လှမ်းမြော်၍ ထိုနည်းလည်းကောင်း အနိစ္စ (ဒုက္ခ အနတ္တ)ဟု ရှုပွားပါလေ။

(အနမတဂ္ဂဒေသနာတော်များနှင့် အညီ အတိတ်သံသရာခရီးကား အလွန်ရှည်လျားလှသဖြင့်

သာဝကတစ်ဦးအနေဖြင့် ဝိပဿနာရှုလိုက်နိုင် သော အတိတ်သင်္ခါရတရားစုကား အနည်းငယ်သာဖြစ်၍ မရှုလိုက်နိုင်သော အတိတ်သင်္ခါရတရားစုကသာ သာလွန်၍ များလှ၏။ အလားတူပင် . . အနာဂတ်သင်္ခါရတရားစု၌လည်း သဘောပေါက်ပါ။)

ဤသို့လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ကြိမ်ဖန်များစွာ ဝိပဿနာရှုပွားလတ်သော် ရင့်ကျက် လာသော ဘင်္ဂါနုပဿနာဉာဏ်၏ နောက်ဝယ် ယင်းသင်္ခါရတရားတို့၏ အပျက်ကိုပင် အာရုံယူကာ လက္ခဏာယာဉ် တင်လျက် ရှုပွားသုံးသပ်တတ် သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ယင်းသင်္ခါရတရားတို့အပေါ်၌ ကြောက်မက်ဖွယ်အားဖြင့် ထင်လာသော **ဘယတုပဋ္ဌာနဉာဏ်,** ယင်းသင်္ခါရတရားတို့၏ အနိစ္စ ဝိပရိဏာမ (= ဖောက်ပြန်ပျက်စီးမှု) စသော အပြစ် အာဒီနဝကို ရှုမြင်တတ်သော **အာဒီနဝါနုပဿနာဉာဏ်,** ယင်းသင်္ခါရတရား တို့အပေါ်၌ ငြီးငွေ့ရွံ့ရှာစက်ဆုပ်သော အခြင်းအရာအားဖြင့် ရှုမြင်တတ်သော **နိဗ္ဗိဒါနုပဿနာဉာဏ်,** ယင်းသင်္ခါရတရားတို့၏ အပြစ် အာဒီနဝကို ရှုမြင် ရသဖြင့် ယင်းသင်္ခါရတရားတို့အပေါ်၌ တွယ်တာမှု အာလယကင်းကာ ယင်း သင်္ခါရတရားတို့မှ လွတ်မြောက်လိုသော အခြင်းအရာအားဖြင့် ဖြစ်သော **မုဥ္စိတုကမျတာဉာဏ်,** ယင်းသင်္ခါရတရားအပေါင်းမှ လွတ်မြောက်လိုသည်ဖြစ်၍ ယင်းသင်္ခါရတရားတို့ကို တစ်ဖန် လက္ခဏာယာဉ်တင်ကာ ရှုပွား သုံးသပ်တတ်သော **ပဋိသင်္ခါနုပဿနာဉာဏ်,** ယင်းသင်္ခါရတရားတို့အပေါ်၌ ကြောင့်ကြမှု တောင့်တမှု မရှိတော့ဘဲ အညီအမျှ လျစ်လျူရှုတတ်သော **သင်္ခါရုပေက္ခာဉာဏ်**တို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာတတ်ကုန်၏။

အထူးသဖြင့် ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ ဆိုက်ရောက်လာသော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းသင်္ခါရတရားတို့၏ အပျက်ကို အာရုံယူကာ လက္ခဏာယာဉ်တင်လျက် ဝိပဿနာရှုပွားသုံးသပ်နေရာဝယ် ယင်းသင်္ခါရ တရားတို့၌ ‘ကြောက်ရွံ့ခြင်း = ဘယ’, ‘နှစ်သက်ခြင်း = နန္ဒီ’ဟူသော အစွန်း နှစ်ဖက်မှ လွတ်ကာ သင်္ခါရတို့၏ အပျက်အာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် အလွန် ငြိမ်ဝပ်စွာ ကပ်၍ တည်နေတတ်ပေ၏။ ထိုအခါမျိုး၌ သမထယာနိက ပုဂ္ဂိုလ် ဖြစ်ပါမူ ဈာန်နာမ်တရားတို့ကို ဦးစားပေးကာ, ယင်းဈာန်နာမ်တရား တို့တွင်လည်း မိမိ နှစ်ခြိုက်ရာ ဈာန်ကို ဦးစားပေးကာ, လက္ခဏာရေးသုံးတန် တွင်လည်း အနတ္တလက္ခဏာယာဉ်ကို ဦးစားပေးကာ ဝိပဿနာရှုပွားသုံးသပ် သင့်ပေသည်။ ဤတွင် ယုဂနဒ္ဓသုတ္တန်ကို ဆက်လက်တင်ပြအပ်ပါသည်။

## ယုဂနဒ္ဓသုတ္တန်

**ဧဝံ မေ သုတံ။ ဧကံ သမယံ အာယသ္မာ အာနန္ဒော ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။ တတြ ခေါ အာယသ္မာ အာနန္ဒော ဘိက္ခူ အာမန္တေသိ “အာဝုသော ဘိက္ခဝေ”တိ။ “အာဝုသော”တိ ခေါ တေ ဘိက္ခူ အာယသ္မတော အာနန္ဒဿ ပစ္စဿောသုံ။ အာယသ္မာ အာနန္ဒော ဧတဒဝေါစ —**

**ယော ဟိ ကောစိ အာဝုသော ဘိက္ခု ဝါ ဘိက္ခုနီ ဝါ မမ သန္တိကေ အရဟတ္တပ္ပတ္တိံ ဗျာကရောတိ၊ သဗ္ဗော သော စတူဟိ မဂ္ဂေဟိ ဧတေသံ ဝါ အညတရေန။ ကတမေဟိ စတူဟိ။**

၁။ **ဣဓ အာဝုသော ဘိက္ခု သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ၊ တဿ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။**

၂။ **ပုန စပရံ အာဝုသော ဘိက္ခု ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊ တဿ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ၊ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။**

၃။ **ပုန စပရံ အာဝုသော ဘိက္ခု သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ၊ တဿ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။**


©shwehinthar.com

**၄။ ပုန စပရံ အာဝုသော ဘိက္ခုနော ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတံ မာနသံ ဟောတိ၊ သော အာဝုသော သမယော ယံ တံ စိတ္တံ အဇ္ဈတ္တမေဝ သန္တိဋ္ဌတိ သန္နိသီဒတိ ဧကောဒိ ဟောတိ သမာဓိယတိ၊ တဿ မဂ္ဂေါ သဥ္စာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ၊ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။**

**ယော ဟိ ကောစိ အာဝုသော ဘိက္ခု ဝါ ဘိက္ခုနီ ဝါ မမ သန္တိကေ အရဟတ္တပ္ပတ္တိံ ဗျာကရောတိ၊ သဗ္ဗော သော ဣမေဟိ စတူဟိ မဂ္ဂေဟိ ဧတေသံ ဝါ အညတရေနာတိ။** (အံ၊၁၊၄၇၅-၄၇၆။)

## ဘာသာပြန် နှင့် အဓိပ္ပါယ်ရှင်းလင်းချက်

တပည့်တော်သည် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတစ်ပါး၌ အရှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်၌ သီတင်းသုံး စံနေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် သီတင်းသုံးဖော် ရဟန်းတော်တို့ကို "ငါ့ရှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏။ သီတင်းသုံးဖော် ရဟန်းတို့က "အရှင်ဘုရား"ဟု အရှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားကြကုန်၏။ အရှင်အာနန္ဒာမထေရ်မြတ်သည် ဤတရားစကားတော်ကို မိန့်ကြားတော် မူ၏။

ငါ့ရှင်တို့ . . . ရဟန်းယောက်ျားဖြစ်စေ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို တပည့်တော်၏ အထံ၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခြင်းကို ပြောကြား လျှောက်ထား၏၊ ထိုရဟန်းယောက်ျား ရဟန်းမိန်းမအားလုံးသည် မဂ်လေးပါး တို့ဖြင့်လည်းကောင်း, ထိုမဂ်လေးပါးတို့တွင် တစ်ပါးပါးဖြင့်လည်းကောင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြောင်းကို ပြောကြား လျှောက်ထား၏။ အဘယ်လေးပါးတို့နည်းဟူမူ –

### အမှတ် (၁) ပုဂ္ဂိုလ်

၁။ ငါ့ရှင်တို့ . . . ဤသာသနာတော်၌ ရဟန်းတော်သည် သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများ၏၊ သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများသော ထိုရဟန်းတော်အား မဂ်သည် (= သောတာပတ္တိမဂ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။ တစ်နည်း – အရိယမဂ်၏ ရှေးအဖို့၌ ဖြည့်ကျင့်အပ်သော ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဟူသော လောကီယဝိပဿနာမဂ်သည်) ထင်ရှားဖြစ်ပေါ်လာ၏။ ထိုရဟန်းတော်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုရဟန်းတော်အား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ (= ပယ်ပြီး ဖြစ်ကုန်၏)၊ အနုသယတို့သည် ကင်းပျောက်ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။ (အံ၊၁၊၄၇၅။)

**သမထပုဗ္ဗင်္ဂမန္တိ သမထံ ပုရေစာရိကံ ကတွာ။** မဂ္ဂေါ သဉ္စာယတီ**တိ ပဌမော လောကုတ္တရမဂ္ဂေါ နိဗ္ဗတ္တတိ။ သော တံ** မဂ္ဂ**န္တိ ဧကစိတ္တက္ခဏိကမဂ္ဂဿ အာသေဝနာဒီနိ နာမ နတ္ထိ၊ ဒုတိယမဂ္ဂါဒယော ပန ဥပ္ပါဒေန္တော တမေဝ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတီတိ ဝုစ္စတိ။** (အံ၊ဋ္ဌ၊၂၊၃၄၆။)

သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီ**တိ ဣဒံ သမထယာနိကဿ ဝသေန ဝုတ္တံ။ သော ဟိ ပဌမံ ဥပစာရသမာဓိံ ဝါ အပ္ပနာသမာဓိံ ဝါ ဥပ္ပါဒေတိ၊ အယံ သမထော။ သော တဉ္စ တံသမ္ပယုတ္တေ စ ဓမ္မေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ၊ ဣတိ ပဌမံ သမထော၊ ပစ္ဆာ ဝိပဿနာ။ တေန ဝုစ္စတိ "သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီ"တိ ။ ပ ။** ပဌမော လောကုတ္တရမဂ္ဂေါ နိဗ္ဗတ္တတီ**တိ သောတာပတ္တိမဂ္ဂံ သန္ဓာယ ဝဒတိ၊ လောကိယမဂ္ဂဝသေနေဝ ဝါ ဣမိဿာ ပါဠိယာ အတ္ထော ဝေဒိတဗ္ဗော။ ကထံ?** မဂ္ဂေါ သဉ္စာယတိ၊ **ပုဗ္ဗဘာဂိယော လောကိယမဂ္ဂေါ ဥပ္ပဇ္ဇတိ။** အာသေဝတိ **နိဗ္ဗိဒါနုပဿနာဝသေန။** ဘာဝေတိ **မုစ္စိတုကမျတာဝသေန။** ဗဟုလီကရောတိ **ပဋိသင်္ခါနုပဿနာဝသေန။** အာသေဝတိ **ဝါ ဘယတုပဋ္ဌာနာဒိဉာဏဝသေန။** ဘာဝေတိ **မုစ္စိတုကမျတာဒိဉာဏဝသေန။** ဗဟုလီကရောတိ **ဝုဋ္ဌာနဂါမိနိဝိပဿနာဝသေန။** (အံ၊ဋီ၊၂၊၃၄၄။ မဋ္ဌ၊၁၊၁၁၂။)

**သမထလျှင်ရှေ့သွားရှိသော ဝိပဿနာကို ပွားများ၏** –ဟူသော ဤ စကားကို သမထယာနိကပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောကြားတော်မူခြင်း ဖြစ်၏။ မှန်ပေသည် – ထိုသမထယာနိကပုဂ္ဂိုလ်သည် ရှေ့ဦးစွာ ဥပစာရသမာဓိကိုလည်းကောင်း,


©shwehinthar.com

အပ္ပနာဈာန်သမာဓိကိုလည်းကောင်း ဖြစ်ပေါ်စေ၏။ ဤသမာဓိကား သမထတည်း။ ထိုသမထယာနိကပုဂ္ဂိုလ်သည် ထိုဥပစာရသမာဓိ သို့မဟုတ် အပ္ပနာဈာန်သမာဓိကိုလည်းကောင်း, ထိုသမာဓိနှင့် ယှဉ်သော သမ္ပယုတ်တရားစုကိုလည်းကောင်း အနိစ္စစသည်တို့ဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှု၏။ ဤသို့ ရှုခြင်းသည်ကား ဝိပဿနာတည်း။ ထို့ကြောင့် "သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ဖြစ်စေ၏"ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။ (အံ၊ဌ၊၂၊၃၄၆။ အံ၊ဋီ၊၂၊၃၄၄။) [ဤနည်းကား ယေဘုယျအားဖြင့် သမထယာနိကပုဂ္ဂိုလ်တို့သည် နာမ်တရားကို အဦးမူသဖြင့်, ထိုနာမ်တရားတို့တွင်လည်း ဈာန်နာမ်တရား (= ဈာန်သမ္ပယုတ်တရား) တို့ကို အဦးမူသဖြင့် ဝိပဿနာနှလုံးသွင်းခြင်းကို ပြုလုပ်ကြကုန်၏ဟု နှလုံး ပိုက်၍ ဖွင့်ဆိုခြင်း ဖြစ်သည်။ (မ၊ဋီ၊၁၊၂၀၄။)]

**မဂ္ဂေါ သဉ္ဇာယတိ - မဂ်သည် ထင်ရှားဖြစ်၏** - ဟူရာ၌ ပထမ လောကုတ္တရာမဂ် (= သောတာပတ္တိမဂ်)၏ ထင်ရှားဖြစ်ခြင်းတည်း။ ထို သောတာပတ္တိမဂ်ကား စိတ္တက္ခဏတစ်ချက်သာ ဖြစ်ရိုးဓမ္မတာ ရှိသဖြင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဖြစ်ခြင်းမည်သည် မရှိရကား ပွားများ၍ မရနိုင်၊ အာသေဝနပစ္စည်း စသည်ဖြင့် ကျေးဇူးပြုခြင်းမည်သည် မရှိပေ။ သို့သော် ဒုတိယမဂ် (= သကဒါဂါမိမဂ်)အစရှိသည့် အရိယမဂ်တို့ကို ဖြစ်စေ နိုင်ခဲ့သော် (= ဖြစ်ပေါ်လာအောင် ဝိပဿနာကို ဆက်လက်ပွားများနိုင်ခဲ့သော်) ထိုသောတာပတ္တိမဂ်ကိုပင်လျှင် မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏ဟု ခေါ်ဆိုနိုင်ပေသည်။ (အံ၊ဌ၊၂၊၃၄၆။)

တစ်နည်း — အရိယမဂ်၏ ရှေ့အဖို့၌ ဖြည့်ကျင့်အပ်သော ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်ဟူသော လောကိယမဂ် (= ဝိပဿနာမဂ်)၏ အစွမ်းဖြင့်သာလျှင် ဤပါဠိတော်၏ အနက်အဓိပ္ပါယ်ကို သိရှိပါလေ။ အဘယ်သို့ သိရှိရမည်နည်းဟူမူ **မဂ္ဂေါ သဉ္ဇာယတိ - မဂ်သည် ထင်ရှားဖြစ်ပေါ်လာ၏** — ဟူသည် အရိယမဂ်၏ ရှေ့အဖို့၌ဖြစ်သော လောကိယဝိပဿနာမဂ်သည် ဖြစ်ပေါ်လာ၏။ ဤသို့ ဆိုလို၏။ (အံ၊ဋီ၊၂၊၃၄၄။)

ဤကဲ့သို့ အဓိပ္ပါယ် ယူဆခဲ့သော် —

**အာသေဝတိ - မှီဝဲ၏** — ဟူသည် နိဗ္ဗိဒါနုပဿနာဉာဏ်၏ အစွမ်းဖြင့် မှီဝဲ၏။ **ဘာဝေတိ - ပွားများ၏** — ဟူသည် မုဉ္စိတုကမျတာဉာဏ်၏ အစွမ်းဖြင့် ပွားများ၏။ **ဗဟုလီကရောတိ - ကြိမ်ဖန်များစွာ အလေ့အလာ ပြု၏** -– ဟူသည် ပဋိသင်္ခါနုပဿနာဉာဏ်၏ အစွမ်းဖြင့် ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ (= နိဗ္ဗိဒါနုပဿနာဉာဏ်သို့ ဆိုက်အောင် ဝိပဿနာကို ပွားများခဲ့သော် လောကိယဝိပဿနာမဂ်ကို မှီဝဲသည်မည်၏။ မုဉ္စိတုကမျတာဉာဏ်သို့ ဆိုက်အောင် ဝိပဿနာကို ပွားများခဲ့သော် လောကိယဝိပဿနာမဂ်ကို ပွားများသည်မည်၏။ ပဋိသင်္ခါနုပဿနာဉာဏ်သို့ ဆိုက်အောင် ဝိပဿနာကို ပွားများခဲ့သည်ရှိသော် လောကိယဝိပဿနာမဂ်ကို ကြိမ်ဖန် များစွာ အလေ့အလာပြုသည်မည်၏။) (အံ၊ဋီ၊၂၊၃၄၄။)

တစ်နည်း — ဝိပဿနာကို ပွားများရာဝယ် ဘယတုပဋ္ဌာနဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါနုပဿနာဉာဏ်တို့သို့ ဆိုက်ခဲ့သော် လောကိယဝိပဿနာမဂ်ကို မှီဝဲသည်မည်၏။ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာဉာဏ် သင်္ခါရုပေက္ခာဉာဏ်တို့သို့ ဆိုက်ရောက်ခဲ့သော် ယင်းလောကိယမဂ်ကို ပွားများသည်မည်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ဆိုက်ရောက်ခဲ့သော် ယင်း လောကိယဝိပဿနာမဂ်ကို ကြိမ်ဖန်များစွာ အလေ့အလာပြုသည်မည်၏။

(အံ၊ဋီ၊၂၊၃၄၄။)

ဤကား အမှတ်(၁)ပုဂ္ဂိုလ် ဖြစ်သည်။ အမှတ်(၂)ပုဂ္ဂိုလ်၏ အကြောင်း ကို ဆက်လက် ဖတ်ရှုကြည့်ပါ။

**အမှတ် (၂) ပုဂ္ဂိုလ်**

၂။ ငါ့ရှင်တို့ . . . နောက်တစ်မျိုးကား — ရဟန်းတော်သည် ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွားများ၏၊ ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွားများသော ထိုရဟန်းတော်အား မဂ်သည် (= သောတာပတ္တိမဂ် သည် သို့မဟုတ် လောကိယဝိပဿနာမဂ်သည်) ထင်ရှား ဖြစ်ပေါ်လာ၏။ ထိုရဟန်းတော်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာ ပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ (= ပယ်ပြီး ဖြစ်ကုန်၏)၊ အနုသယတို့သည် ကင်းပျောက်ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။

(အံ၊၁၊၄၇၅။)


©shwehinthar.com

ဝိပဿနာပုဗ္ဗင်္ဂမန္တိ ဝိပဿနံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတွာ သမထံ ဘာဝေတိ၊ ပကတိယာ ဝိပဿနာလာဘီ ဝိပဿနာယ ဌတွာ သမာဓိံ ဥပ္ပါဒေတီတိ အတ္ထော။ (အံ၊ဋ၊၂၊၃၄၆။)

ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီတိ **ဣဒံ ပန ဝိပဿနာယာနိကဿ ဝသေန ဝုတ္တံ။ သော တံ ဝုတ္တပ္ပကာရံ သမထံ အသမ္ပာဒေတွာ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ။** (အံ၊ဋီ၊၂၊၃၄၄။)

အမှတ်(၁)ပုဂ္ဂိုလ်ကား သမထယာနိကပုဂ္ဂိုလ် ဖြစ်၏။ ဤအမှတ်(၂) ပုဂ္ဂိုလ်ကား သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် ဖြစ်၏။ ထိုသုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် ထိုဆိုခဲ့ပြီးသည့် ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော နှစ်မျိုး ပြားသော သမထကို မဖြစ်စေမူ၍ မပြည့်စုံစေမူ၍ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ စသည်တို့ဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှု၏။ ဤသို့လျှင် ဝိပဿနာကို ရှေ့သွားပြု၍ ထိုနောင် သမထကို ပွားများ၏။ ပကတိအားဖြင့် ဝိပဿနာဉာဏ်ကို ရလေ့ရှိသော ပုဂ္ဂိုလ်သည် ဝိပဿနာ၌ ရပ်တည်၍ သမာဓိကို ဖြစ်စေ၏ဟု ဆိုလို၏။ ထိုကဲ့သို့သော ရဟန်းတော်၏ သန္တာန်၌လည်း အရိယမဂ်တရားသည် ထင်ရှားဖြစ်ပေါ်လာနိုင်သည်သာ ဖြစ်ပေသည်။

(အံ၊ဋ၊၂၊၃၄၆။ အံ၊ဋီ၊၂၊၃၄၄။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာ အဖွင့်တို့ကို ကြည့်၍ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် သမာဓိကို လုံးဝ မထူထောင်ဟူ၍ အယူအဆ မမှားစေလိုပါ။ ဈာန်၏ အနီးအနား၌ ဖြစ်လေ့ရှိသော ဥပစာရသမာဓိအစစ်နှင့် အပ္ပနာဈာန်သမာဓိကိုသာ ရရှိအောင် မထူထောင်ခြင်း ဖြစ်သည်။ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်တို့ လိုက်နာပြုကျင့်အပ်သော ဓာတ်ကမ္မဋ္ဌာန်းလမ်းမှ သဒိသူပစာရအားဖြင့် ဥပစာရသမာဓိ, မုချအားဖြင့် ခဏိကသမာဓိအမည် ရသော သမာဓိကိုကား သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် ထူထောင်ရ သည်သာ ဖြစ်၏။ အောက်ပါ အဋ္ဌကထာ ဋီကာ အဖွင့်တို့ကို ဖတ်ရှုကြည့်ပါ။

**ဣဓ ပနေကစ္စော ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတွာဝ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ။ တဿ ဝိပဿနာပါရိပူရိယာ တတ္ထ ဇာတာနံ ဓမ္မာနံ ဝေါဿဂ္ဂါရမ္မဏတော ဥပ္ပဇ္ဇတိ စိတ္တဿ ဧကဂ္ဂတာ၊ အယံ သမထော။ ဣတိ ပဌမံ ဝိပဿနာ၊ ပစ္ဆာ သမထော။ တေန ဝုစ္စတိ "ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီ"တိ။** (မ၊ဋ၊၁၊၁၁၃။)

သမထံ အနုပ္ပါဒေတွာဝါတိ **အဝဓာရဏေန ဥပစာရသမာဓိံ နိဝတ္တေတိ၊ န ခဏိကသမာဓိံ။ န ဟိ ခဏိကသမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ။** ဝိပဿနာ ပါရိပူရိယာတိ **ဝိပဿနာယ ပရိပုဏ္ဏတာယ ဝုဋ္ဌာနဂါမိနိဘာဝပ္ပတ္တိယာ။**

(မ၊ဋီ၊၁၊၂၀၄။)

ဤသာသနာတော်၌ အချို့သော သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပြီးသော ဥပစာရသမာဓိ အပ္ပနာသမာဓိဟု နှစ်မျိုးပြားသော သမထကို မဖြစ်စေမူ၍သာလျှင် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စစသည်တို့ဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ဤကား ဝိပဿနာတည်း။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဝိပဿနာဉာဏ်များ၏ ပြည့်စုံ လာခြင်းကြောင့် သင်္ခါရအာရုံမှ ထမြောက်၍ သင်္ခါရတို့မှ လွတ်ရာ နိဗ္ဗာန်သို့ တစ်ဟုန်တည်း ပြေးသွားသော ဝုဋ္ဌာနဂါမိနိဝိပဿနာသည် ဖြစ်ပေါ်လာ၏။ ယင်း ဝုဋ္ဌာနဂါမိနိဝိပဿနာတွင် အရိယမဂ်တရားလည်း ပါဝင်၏။ ထိုအရိယ မဂ်ခဏ၌ ဖြစ်ပေါ်သွားကြကုန်သော သမ္မာဒိဋ္ဌိ အစရှိကုန်သော အရိယမဂ္ဂဓမ္မတို့သည် နိဗ္ဗာန်ကို အာရုံပြုလျက် ရှိကြ၏။ ထိုအရိယမဂ္ဂဓမ္မတို့တွင် သမ္မာသမာဓိခေါ် စိတ္တေကဂ္ဂတာလည်း ပါဝင်၏။ ယင်းစိတ္တေကဂ္ဂတာသမာဓိ သည်လည်း နိဗ္ဗာန်ကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ဤ၌ စိတ္တေကဂ္ဂတာ ဟူသည် နိဗ္ဗာန်ဟူသည့် အာရုံတစ်ခုတည်းပေါ်သို့ စိတ် ကျရောက်နေခြင်း သဘောတည်း။ ဤမဂ္ဂသမာဓိကား သမထတည်း။ ထိုကြောင့် ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွားများ၏ဟု မိန့်ဆိုခြင်းဖြစ်သည်။

(မ၊ဋ၊၁၊၁၁၃။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်၌ "သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် သမထကို မဖြစ်စေမူ၍သာလျှင်"ဟု ကန့်ကွက်ခြင်း အနက်သဘော ရှိသော **"သာလျှင်"**ဟူသော စကားဖြင့် အဋ္ဌကထာ၌ သုံးစွဲထား၏။ ထို 'သာလျှင်' ဟူသော စကားဖြင့် ဈာန်၏ အနီးအပါး၌ ဖြစ်လေ့ရှိသော ဥပစာရ သမာဓိအစစ်ကိုသာ နစ်စေ၏ (= ကန့်ကွက်၏)၊ ခဏိကသမာဓိကို မနစ်စေပါ (= မကန့်ကွက်ပါ)။ သဒိသူပစာရအားဖြင့် ဥပစာရသမာဓိအမည်ရသော မုချ အားဖြင့် ခဏိကသမာဓိ အမည်ရသော (ဓာတ်ကမ္မဋ္ဌာန်းလမ်းစဉ်မှ ထူထောင် ထားအပ်သော) ခဏိကသမာဓိကိုကား မနစ်စေပါ။

အကြောင်းမူ ခဏိက သမာဓိနှင့် ကင်း၍ ဝိပဿနာဉာဏ်၏ မဖြစ်နိုင်သောကြောင့်ပင်တည်း။

(မဋီ၊၁၊၂၀၄။)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၂၂၂။)တွင် ညွှန်ကြားထားသော ယေဘုယျ စည်းကမ်း သတ်မှတ်ချက်အရ — သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် ရုပ်ကမ္မဋ္ဌာန်းမှစ၍ နှလုံးသွင်းရမည် ဖြစ်ရာ (မဟာဋီ၊၂၊၄၇၀။) ဓာတ်ကြီးလေးပါး ကို အာရုံယူ၍ စတင်ကာ သမာဓိကို ထူထောင်ရမည်ဖြစ်၏။ ရုပ်တုံးရုပ်ခဲတည်းဟူသော ရုပ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ရုပ်ကလာပ်တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို ရှုမြင်နိုင်ပါက သိမ်းဆည်းနိုင်ပါက သဒိသူပစာရအားဖြင့် ဥပစာရသမာဓိ အမည်ရသော မုချအားဖြင့် ခဏိကသမာဓိဟု ခေါ်ဆိုအပ်သော ခဏိကသမာဓိသို့ ဆိုက်ရောက်ပြီ ဖြစ်၏။ (ဝိသုဒ္ဓိ၊၁၊၃၄၇။ မဟာဋီ၊၁၊၄၃၆။) ထိုခဏိကသမာဓိကိုကား မတားမြစ်ပါ၊ ထိုကဲ့သို့သော ခဏိကသမာဓိသို့ ဆိုက်အောင် ကား သမာဓိကို ထူထောင်ရမည်သာဖြစ်သည်ဟု ဆိုလိုပါသည်။

အောက်ပါ အမှတ်(၃)ပုဂ္ဂိုလ်ကား ယုဂနဒ္ဓနည်းကို ပွားများအားထုတ်သူ ရဟန်းတော်ပင် ဖြစ်၏။ ထမ်းပိုးတစ်ခု၌ နွားနှစ်ကောင်ကို ယှဉ်စုံကထားသကဲ့သို့ သမထနှင့် ဝိပဿနာကို ယှဉ်တွဲ၍ အားထုတ်သော ယောဂါဝစရ ရဟန်းတော်ပင် ဖြစ်၏။

**အမှတ် (၃) ပုဂ္ဂိုလ်**

၃။ ငါ့ရှင်တို့ . . . နောက်တစ်မျိုးကား ရဟန်းတော်သည် သမထနှင့် ဝိပဿနာကို အစုံဖွဲ့၍ ပွားများ၏၊ သမထနှင့် ဝိပဿနာကို အစုံဖွဲ့၍ ပွားများသော ထိုရဟန်းတော်အား မဂ်သည် (= သောတာပတ္တိမဂ်သည် သို့မဟုတ် လောကီယဝိပဿနာမဂ်သည်) ထင်ရှားဖြစ်ပေါ်လာ၏။ ထိုရဟန်း သည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုရဟန်းတော်အား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ (= ပယ်ပြီး ဖြစ်ကုန်၏)၊ အနုသယတို့သည် ကင်းပျောက်ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။

(အံ၊၁၊၄၇၅။)

**ယုဂနဒ္ဓံ ဘာဝေတီတိ ယုဂနဒ္ဓံ ကတွာ ဘာဝေတိ။ တတ္ထ တေနေဝ စိတ္တေန သမာပတ္တိံ သမာပဇ္ဇိတွာ တေနေဝ သင်္ခါရေ သမ္မသိတုံ န သက္ကာ၊အယံ ပန ယာဝတာ သမာပတ္တိယော သမာပဇ္ဇတိ၊ တာဝတာ သင်္ခါရေ သမ္မသတိ။ ယာဝတာ သင်္ခါရေ သမ္မသတိ၊ တာဝတာ သမာပတ္တိယော သမာပဇ္ဇတိ။ ကထံ? ပဌမဇ္ဈာနံ သမာပဇ္ဇတိ၊ တတော ဝုဋ္ဌာယ သင်္ခါရေ သမ္မသတိ၊ သင်္ခါရေ သမ္မသိတွာ ဒုတိယဇ္ဈာနံ သမာပဇ္ဇတိ၊ တတော ဝုဋ္ဌာယ ပုန သင်္ခါရေ သမ္မသတိ၊ သင်္ခါရေ သမ္မသိတွာ တတိယဇ္ဈာနံ၊ ပ ။ နေဝသညာနာသညာယတနသမာပတ္တိံ သမာပဇ္ဇတိ၊ တတော ဝုဋ္ဌာယ သင်္ခါရေ သမ္မသတိ၊ ဧဝမယံ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ နာမ။**

(အံ၊ဋ္ဌ၊၂၊၃၄၆။)

**ယုဂနဒ္ဓနည်းကို ပွားများ၏** — ဟူသည် သမထနှင့် ဝိပဿနာကို အစုံဖွဲ့၍ (= ယှဉ်စုံဖွဲ့၍) ပွားများ၏။ ထိုသို့ ပွားရာ၌ ထိုစိတ်ဖြင့်ပင်လျှင် ဈာန်သမာပတ်ကို ဝင်စား၍ ထိုစိတ်ဖြင့်ပင်လျှင် သင်္ခါရတရားတို့ကို လက္ခဏာ ယာဉ်ကို တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းငှာ မတတ်ကောင်းပေ။ ဤ ယောဂါဝစရရဟန်းတော်သည်ကား အကြင်မျှလောက်သော ဈာန်သမာပတ်တို့ကို ဝင်စား၏၊ ထိုမျှလောက်သော ဈာန်သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ အကြင်မျှလောက်သော ဈာန် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏၊ ထိုမျှလောက်သော ဈာန်သမာပတ်တို့ကို ဝင်စား၏။ အဘယ်သို့ ပွားများ အားထုတ်သနည်းဟူမူ —

ပထမဈာန်ကို ဝင်စား၏။ ထိုပထမဈာန်မှ ထ၍ သင်္ခါရတရားတို့ကို (=ပထမဈာန် နာမ်တရား = ပထမဈာန်သင်္ခါရတရားတို့ကို) လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ ယင်းပထမဈာန် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်ပြီးနောက် ဒုတိယဈာန်ကို ဝင်စား၏၊ ထိုဒုတိယဈာန်မှ ထ၍ ထိုဒုတိယဈာန်သင်္ခါရတရား (= ဒုတိယဈာန် နာမ်တရား)တို့ကို တစ်ဖန် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွား-သုံးသပ်ပြန်၏။ ယင်းဒုတိယဈာန် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်ပြီးနောက် တတိယဈာန်သမာပတ်ကို ။ပ။ နေဝသညာနာသညာယတနဈာန်သမာပတ်ကို ဝင်စားပြန်၏။ ထိုနေဝသညာ-


©shwehinthar.com

နာသညာယတနဈာန်မှ ထ၍ နေဝသညာနာသညာယတနဈာန်သင်္ခါရတရား (= ဈာန်နာမ်တရားစု)တို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်၏။ ဤသို့ ဝိပဿနာဘာဝနာကို ပွားများသည်ရှိသော် ဤယောဂါ-ဝစရ ရဟန်းတော်သည် သမထ ဝိပဿနာကို အစုံဖွဲ့၍ (= ယှဉ်စုံ က၍) ယုဂနဒ္ဓနည်းကို ပွားများသည်မည်၏။ (အံ၊၄၊၂၃၄၆။)

ဤယုဂနဒ္ဓနည်းမှာ အများ နားလည်နေသော ယုဂနဒ္ဓနည်းနှင့် တူညီမှု မရှိသည်ကိုကား ယောဂါဝစရပုဂ္ဂိုလ်အနေဖြင့် သတိပြုသင့်ပေသည်။ ဈာန်သမာပတ်ကို ဝင်စား၍ ဝိပဿနာရှုနိုင်သော သူတော်ကောင်းတို့၏ အရာသာ ဖြစ်ချေသည်။ ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ ရောက်ရှိလာသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဤအချိန်တွင် သမထယာနိကပုဂ္ဂိုလ် ဖြစ်ပါမူ ဤယုဂနဒ္ဓနည်းကို ဦးစားပေး၍ ဝိပဿနာရှုပွားရန် အထူးသင့်လျော်လှပေသည်။ တစ်ဖန် အမှတ်(၄)ပုဂ္ဂိုလ်ကို ဆက်လက်၍ ဖတ်ရှုကြည့်ပါ။

**အမှတ် (၄) ပုဂ္ဂိုလ်**

၄။ ငါ့ရှင်တို့ . . . နောက်တစ်မျိုးကား ရဟန်းတော်အား တရားတို့၌ ပျံ့လွင့်ခြင်း "ဓမ္မုဒ္ဓစ္စ"သည် အထူးသဖြင့် ယူထားအပ်သော စိတ်သည် ဖြစ်ပေါ် နေ၏။ ငါ့ရှင်တို့ . . . အကြင်အခါ၌ ထိုဝိပဿနာစိတ်သည် ဂေါစရဇ္ဈတ္တ အမည်ရသည့် နိဗ္ဗာန်အာရုံ၌သာလျှင် ကောင်းစွာ တည်နေ၏၊ ကောင်းစွာ နစ်နေ၏၊ ကောင်းစွာ တည်ကြည်နေ၏၊ စိတ်ကို ကောင်းစွာ ထားနိုင်၏။ ထိုအခါ ထိုရဟန်းအား မဂ်သည် (= သောတာပတ္တိမဂ်သည် သို့မဟုတ် လောကိယဝိပဿနာမဂ်သည်) ထင်ရှားဖြစ်ပေါ်လာ၏။ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ (= ပယ်ပြီး ဖြစ်ကုန်၏)၊ အနုသယ တို့သည် ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။

ငါ့ရှင်တို့ . . . ရဟန်းယောကျာ်းဖြစ်စေ, ရဟန်းမိန်းမဖြစ်စေ မည်သူမဆို တပည့်တော်၏ အထံ၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏၊ ထိုရဟန်းယောကျာ်း ထိုရဟန်းမိန်းမအားလုံးသည် ဤမဂ် လေးပါးတို့ဖြင့်လည်းကောင်း, တစ်ပါးပါးဖြင့်လည်းကောင်း အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏ဟု မိန့်ဆိုတော်မူ၏။ (အံ၊၁၊၄၇၅-၄၇၆။)

**ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတန္တိ သမထဝိပဿနာဓမ္မေသု ဒသဝိပဿနုပက္ကိလေသသင်္ခါတေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတံ၊ သုဂ္ဂဟိတန္တိ အတ္ထော။** (အံ၊ဋ္ဌ၊၂၊၃၄၆။)

**ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသန္တိ ဩဘာသာဒိသု အရိယဓမ္မောတိ ပဝတ္တံ ဥဒ္ဓစ္စံ ဝိက္ခေပေါ ဓမ္မုဒ္ဓစ္စံ၊ တေန ဓမ္မုဒ္ဓစ္စေန ဝိပဿနာဝီထိတော ဥဂ္ဂမနေန ဝိရူပံ ဂဟိတံ ပဝတ္တိယမာနံ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ။** (အံ၊ဋီ၊၂၊၃၄၄။)

သမထ ဝိပဿနာ ဘာဝနာတို့ကို ပွားများအားထုတ်ရာ၌ အရောင်အလင်း (= ဩဘာသ) စသော ဥပက္ကိလေသတရားတို့ ထင်ရှား ဖြစ်ပေါ်လာ သောအခါ ယင်းဩဘာသစသည်ကိုပင် အရိယဓမ္မဟု စွဲယူလျက် ဖြစ်ပေါ်-လာသော စိတ်ကား မူလရှုပွားနေသည့် ကမ္မဋ္ဌာန်းအာရုံမှ ပျံ့လွင့်သွားသော ဓမ္မုဒ္ဓစ္စပင်တည်း။ ယင်းဓမ္မုဒ္ဓစ္စဖြင့် ကောင်းစွာ ယူထားအပ်သော စိတ်ကား ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသ အမည်ရသော စိတ်ပင်တည်း။ သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) နှလုံးသွင်း၏။ ယင်းသို့ နှလုံးသွင်းနေရာက ဩဘာသစသည်တို့ ဖြစ်ပေါ်လာသော် ယင်းဩဘာသစသည်ကိုပင် အရိယဓမ္မဟု နှလုံးသွင်းမိသဖြင့် ဝိပဿနာလမ်းကြောင်းမှ တိမ်းစောင်းသွားသော စိတ် ဖြစ်၏။ ထိုစိတ် ဖြစ်ပေါ်နေသောအခါ သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) ဟုတ်တိုင်းမှန်စွာ မသိတော့ပေ။ သို့သော် သပ္ပါယ (၇)ပါး စသည်တို့ကို ရရှိသောအခါ၌ကား ယင်းဥပက္ကိလေသတရားတို့ကို ကျော်လွှား လွန်မြောက်၍ ဝိပဿနာလမ်းကြောင်းပေါ်သို့ တစ်ဖန်ပြန်၍ ရောက်ရှိသွား ပြန်၏။ ဆက်လက်၍ ကြိုးပမ်းရာ ဝိပဿနာလမ်းကြောင်းကို လွှမ်းမိုးလျက် ဂေါစရဇ္ဈတ္တအမည်ရသော ထိုနိဗ္ဗာန်အာရုံ၌သာလျှင် ကောင်းစွာ တည်နေပေ သည်။ (အံ၊ဋ္ဌ၊၂၊၃၄၆-၃၄၇။)

**ဒိသာကာက – ကျီး**

**တံ ပနေတံ သစေ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သင်္ခါရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ၊ နော စေ နိဗ္ဗာနံ သန္တတော ပဿတိ၊ ပုနပ္ပုနံ သင်္ခါရာရမ္မဏမေဝ ဟုတွာ ပဝတ္တတိ သာမုဒ္ဒိကာနံ ဒိသာကာကော ဝိယ။**


©shwehinthar.com

(ဝိသုဒ္ဓိ၊၂၊၂၉၄-၂၉၅။)

= ထိုသင်္ခါရုပေက္ခာဉာဏ်သည် ပူပန်ခပ်သိမ်းမှ ငြိမ်းအေးရာဖြစ်သော အမတဓာတ် မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်း (= သင်္ခါရပ္ပဝတ္တ)ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်သွား၏။

(ဝိသုဒ္ဓိ၊၂၊၂၉၄-၂၉၅။)

သင်္ခါရတရားတို့၏ အပျက်ကို အာရုံယူ၍ လက္ခဏာယာဉ်ကို တင်ကာ ရှုနေသော သင်္ခါရုပေက္ခာဉာဏ်သည် ထက်မြက်စူးရှခြင်း, သန့်ရှင်းခြင်း, ရဲရင့်ခြင်းဟူသော အင်္ဂါရပ်များ စုံညီခြင်းသို့ ရောက်ရှိလာသဖြင့် သင်္ခါရတရားတို့၌ လျစ်လျူရှုခြင်းသည် ပြီးစီးလတ်သော် ထိုသင်္ခါရုပေက္ခာဉာဏ်သည် အကြိမ်များစွာ ဖြစ်၍ ရင့်ကျက်ခြင်းသို့ ရောက်ရှိလာ၏။ ယင်းသို့ ရင့်ကျက်ခြင်းသို့ ရောက်ရှိလာသဖြင့် အရိယမဂ်ဉာဏ်အား လျော်သော အနုလောမဉာဏ်၏ အကြောင်းတရား၏အဖြစ်သို့ ရောက်ရှိ၍ နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် မြင်သည်မည်၏။ ထိုသို့ ဖြစ်သော ဉာဏ်သည်လည်း အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်းဟူသော သင်္ခါရပ္ပဝတ္တကို စွန့်လွှတ်၍ နိဗ္ဗာန်သို့ ပြေးသွား သက်ဝင်သည် မည်ပေသည်။ ဤအပိုင်းတွင် ဤအထက်ပါ သင်္ခါရုပေက္ခာဉာဏ်ကို အနုလောမဉာဏ် ဂေါတြဘုဉာဏ်တို့နှင့် တကွ တစ်ခုတည်းအဖြစ် သို့ ဆောင်၍ ဧကတ္တနည်း၏ အစွမ်းဖြင့် သင်္ခါရုပေက္ခာဉာဏ်ဟူ၍ပင် ဆိုထားသည် မှတ်ပါ။ (မဟာဋီ၊၂၊၄၅၉-၄၆၀။)

နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ ထိုရှေ့လောက် နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် မမြင်သေးသမျှ ကာလပတ်လုံး သင်္ခါရုပေက္ခာဉာဏ်သည်လည်း မရင့်ကျက်သေးပေ။ ထိုသို့ မရင့်ကျက်သေး ပါက သင်္ခါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် မမြင်နိုင် သေးပေ။ ထိုသို့ မမြင်နိုင်သေးငြားအံ့ — ယင်းသင်္ခါရုပေက္ခာဉာဏ်သည် အဖန်တလဲလဲ သင်္ခါရတရားလျှင်အာရုံရှိသည်သာလျှင်ဖြစ်၍ ဖြစ်ပေါ်နေ၏။ သင်္ခါရတရားတို့၏ အပျက်ကိုလည်းကောင်း, ရှုသည့် ဝိပဿနာဉာဏ်၏ (= သင်္ခါရုပေက္ခာဉာဏ်၏) အပျက်ကိုလည်းကောင်း ဝိပဿနာ ရှုနေ၏။ သမုဒ္ဒရာကို ကူးသန်းသွားလာကုန်သော သင်္ဘောသားတို့၏ အရပ်မျက်နှာကို သိသော ဒိသာကာကကျီးကဲ့သို့ မှတ်ပါ။ (ဝိသုဒ္ဓိ၊၂၊၂၉၄-၂၉၅။)

ရှေးယခင် ခေတ်ဟောင်းက သမုဒ္ဒရာကို ကူးကုန်သော သင်္ဘောသားတို့သည် လှေသင်္ဘောသို့ တက်စီးကြကုန်သည်ရှိသော် အရပ်မျက်နှာကို ကြည့်သော ဒိသာကာကမည်သည့် ကျီးကို ယူဆောင်၍ သွားတတ်ကြကုန်၏။ ထိုသင်္ဘောသားတို့သည် လှေသင်္ဘောသည် လေပြင်းမုန်တိုင်းဒဏ်ကြောင့် သွားနေကျ လမ်းကြောင်းမှ တိမ်းစောင်း၍ လမ်းလွဲသို့ ရောက်ရှိသွားသော အခါ ဆိပ်ကမ်းများ မထင်မရှား ဖြစ်လာတတ်၏၊ ထိုအခါ၌ ဒိသာကာက ကျီးကို လွှတ်လိုက်ကြကုန်၏။ ထိုကျီးသည် လင်းယင်တိုင်ဖျားမှ ကောင်းကင်သို့ ပျံတက်၍ အရှေ့ အနောက် တောင် မြောက်ဟူသော တူရူအရပ်, အထောင့်အရပ်ဟူသော အလုံးစုံသော အရပ်မျက်နှာတို့သို့ လှည့်လည်၍ ပျံသန်းကြည့်လေ၏။ ထိုထိုအရပ်သို့ တစ်ခုပြီးတစ်ခု အစဉ်သဖြင့် ပျံသန်း ကြည့်လေရာ ကမ်းကို အကယ်၍ မြင်ငြားအံ့၊ ထိုမြင်ရာ ကမ်းဘက်သို့သာလျှင် ပျံသန်းသွားလေ၏၊ အကယ်၍ ကမ်းကို မမြင်ငြားအံ့၊ လှေသင်္ဘော သို့ပင် အဖန်တလဲလဲ ပြန်လာ၍ လင်းယဉ်တိုင်ထိပ်၌သာလျှင် နားနေ၏။

ဤဥပမာအတူပင်လျှင် သင်္ခါရုပေက္ခာဉာဏ်သည် ပူပန်ခပ်သိမ်းမှ ငြိမ်းအေးရာဖြစ်သော အမတဓာတ် မသေရာအမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီး ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်းဟူသော သင်္ခါရပ္ပဝတ္တကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ သင်္ခါရတရားလျှင် အဖန်တလဲလဲ အာရုံရှိသည်ဖြစ်၍ ဖြစ်ပေါ်နေ၏။

(ဝိသုဒ္ဓိ၊၂၊၂၉၅။)

ထိုသင်္ခါရုပေက္ခာဉာဏ်သည် မန်းဖျား (= စကောဖျား)၌ လိမ့်အပ် ဆင့်အပ်သော မုန့်ညက်ကဲ့သို့လည်းကောင်း, ဝါဖန်လေးငယ်ဖြင့် ခတ်အပ်သော အစေ့ထုတ်ထားပြီးသော ဝါဂွမ်းကဲ့သို့လည်းကောင်း အထူးထူး အပြားပြား အားဖြင့် သင်္ခါရတရားတို့ကို သိမ်းဆည်း၍ ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ကြောက်ခြင်း (= ဘယ)နှင့် နှစ်သက်ခြင်း (= နန္ဒီ)ဟူသော အစွန်းနှစ်ဖက်ကို ပယ်၍ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တစသော အခြင်းအရာအားဖြင့် စိစစ်ခြင်း၏

အထွတ်အထိပ်သို့ ရောက်ရှိနေသည်၏ အဖြစ်ကြောင့် သင်္ခါရတရား တို့၌ အလယ်အလတ် လျစ်လျူရှုသကဲ့သို့ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တစသော အခြင်းအရာအားဖြင့် စိစစ်ခြင်း၌လည်း လျစ်လျူရှုသည်ဖြစ်၍ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာဟု သုံးမျိုးသော အနုပဿနာ၏ အစွမ်းဖြင့် တည်နေပေ၏။

ယင်းသင်္ခါရုပေက္ခာဉာဏ်ကိုပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်နိုင်လောက် အောင် ရင့်ကျက်သထက် ရင့်ကျက်အောင် ဆက်လက်ကြိုးပမ်းလိုက်ခဲ့သော် ဣန္ဒြေတို့ ရင့်ကျက်စုံညီသောနေ့ ညီမျှသောနေ့ ညီမျှသောအချိန်တွင် အငြိမ်း ကြီး ငြိမ်း အအေးကြီး အေးရာ ဖြစ်သည့် မဟာအသင်္ခတဓာတ် မသေရာ အမြိုက်နိဗ္ဗာနဓာတ်သို့ အာရုံမျက်မှောက် ထွင်းဖောက်သိမြင်ရမည်သာ ဖြစ်ပေသတည်း။

ရှင်သေမင်း မမြင်နိုင်သူ

**သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။**
**အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။**
**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။**

(ခု၊၁၊၄၄၈။ စူဠနိ၊၁၈၀။)

**မောဃရာဇ** = ဒါယကာတော် မောဃရာဇရသေ့ . . .။

သဒါ = နေ့ရော ညဉ့်ပါ ဘယ်ခါမလပ် ခပ်သိမ်းသော အခါကာလ၌။

**သတော** = သတိပဋ္ဌာန် လေးပါး မပြတ်ပွားလျက် ထင်လင်းသော သတိနှင့် ပြည့်စုံသည်ဖြစ်၍။

အတ္တာနုဒိဋ္ဌိံ = အတ္တဟူ၍ အစဉ်ပြေးသွားသော နှစ်ဆယ်သော တည်ရာ ဝတ္ထု ရှိသော သက္ကာယဒိဋ္ဌိတရားကို။

**ဦဟစ္စ** = နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် နုတ်ပစ် ပယ်ခွာ၍။

**သုညတော** = နိစ္စ သုခ အတ္တ သုဘစသော အနှစ်သာရမှ ဆိတ်သုဉ်းသော သုညသဘောအားဖြင့်။

**လောကံ** = ဒုက္ခသစ္စာ သမုဒယသစ္စာ ဟူသည့် ရုပ်နာမ်ဓမ္မ သင်္ခါရ လောကကို။

**အဝေက္ခဿု** = ဝိပဿနာဉာဏ်ပညာစက္ခုဖြင့် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် လျက် အဖန်ဖန် အထပ်ထပ် ရှုပွား သုံးသပ်ပါလေလော့။

**ဧဝံ** = ဤသို့ ရှုပွား သုံးသပ်နိုင်ခဲ့သည်ရှိသော်။

**မစ္စုတရော** = သုံးဆယ့်တစ်နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်းကို ကျော်လွှား လွန်မြောက်၍ သွားနိုင်သည်။

**သိယာ** = ဖြစ်လေရာ၏။

ဧဝံ = ဤသို့လျှင် နိစ္စ သုခ အတ္တ ဓုဝ သဿတ အဝိပရိဏာမဓမ္မ စသော အနှစ်သာရမှ ဆိတ်သုဉ်းသော အခြင်းအရာ အားဖြင့်။

**လောကံ** = ဒုက္ခသစ္စာ သမုဒယသစ္စာ ဟူသည့် ရုပ်နာမ်ဓမ္မ သင်္ခါရ လောကကို။

**အဝေက္ခန္တံ** = ဝိပဿနာဉာဏ်ပညာစက္ခုဖြင့် စေ့စေ့ငုငု မြော်ရှု ဆင်ခြင် လျက် ရှိသော သူကို။

**မစ္စုရာဇာ** = သုံးဆယ့်တစ်နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်းသည်။

**န ပဿတိ** = ဘယ်တော့မှ မမြင်နိုင်ပါပေသတည်း . .။

(ခု၊၁၊၄၄၈။ စူဠနိ၊၁၈၀။ ဝိသုဒ္ဓိ၊၂၊၂၉၃။)

ဤတွင် နာထသုတ္တန်၌ လာရှိသော နာထတရား (၁၀)ပါးနှင့် ပြည့်စုံအောင် အားထုတ်ပုံ (= သနာထဝိဟာရီပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ပုံ) နည်းစနစ် များ ပြီးဆုံးပြီ ဖြစ်ပါသည်။ ယင်း နာထတရား (၁၀)ပါးတို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်နိုင်သည့် သနာထဝိဟာရီပုဂ္ဂိုလ်ကို “လောကကို သုညဆိုက်အောင် ရှုမြင်နိုင်သည့်အတွက်” ရှင်သေမင်းကား မမြင်နိုင်တော့ပြီ ဖြစ်၏။ ယောဂါဝစရပုဂ္ဂိုလ်အပေါင်းတို့သည် မသေရာ အမြိုက်နိဗ္ဗာန်သို့


©shwehinthar.com

ဆိုက်ရောက်ကာ ရှင်သေမင်း မမြင်နိုင်သူများဖြစ်အောင် အထက်တွင် တင်ပြခဲ့သော အရပ်ရပ် သော နာထတရား (၁၀)ပါးတို့ကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်သည့် . .

**"သနာထဝိဟာရီ** သူတော်စင်ဘဝ" သို့ ရောက်အောင် ,

ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေသောဝ် . . .။

လောကကို သုညဆိုက်အောင် ရှုမြင်နိုင်ကြပါစေသောဝ် . . .။

■ **ဖားအောက်တောရဆရာတော်**

**၁၃၆၅ – ခု၊ တပေါင်းလဆန်း ၁၁–ရက်၊ တနင်္လာနေ့**

✧✧✧


©shwehinthar.com